[ "ပရိက္ခိပိတွာတိ ပဒဿ၊ ပရိက္ခိပိတွာ-ဟူသောပုဒ်၏"ဟု အတ္ထော-၏ သမ္ဗန်ထည့်၍ ယောဇနာ။ ။ဋ္ဌ၊ ၁၊ ၁၇၆။ ဋ္ဌသျှ၊ ၂၊ ၁၃၁။ ဋ္ဌသျှသစ်၊ ၃၊ ၃၃။]

---

၇။ ။[ သျှအတိုင်း ယောဇနာ။ ဋ္ဌ၊ ၁၊ ၂၄၉။ ဋ္ဌသျှ၊ ၂၊ ၃၄၇။ ဋ္ဌသျှသစ်၊ ၂၊ ၂၉၀။ ]

---

၈။ ။[ ဋ္ဌ၊ ၂၊ ၁၇။ ဋ္ဌသျှ၊ ၃၊ ၁၇၅။ ဋ္ဌသျှသစ်၊ ၄၊ ၄၈။]

---

၉။ ။[ ဋ္ဌ၊ ၂၊ ၇၃။ ဋ္ဌသျှ၊ ၃၊ ၃၄၉။ ဋ္ဌသျှသစ်၊ ၄၊ ၂၁၉။ ၁၃၁၇-ခုနှစ်က လည်းမေးခဲ့ပြီ။ ]

---

၁၀။ ။[ ဋ္ဌ၊ ၂၊ ၁၉၈၊ ဋ္ဌသျှ၊ ၄၊ ၂၆၈။ ဋ္ဌသျှသစ်၊ ၄၊ ၅၇၁။]

---

http://www.dhammadownload.com



## ၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၂)မေးခွန်း

(က) အသဒ္ဓမ္မန္တိ အသတံ နီစဇနာနံ ဓမ္မံ။

(ခ) တေဟိ သေဝိတဗ္ဗန္တိ အတ္ထော။

(ဂ) ဂါမဓမ္မန္တိ ဂါမာနံ ဓမ္မံ၊ ဂါမဝါသိကမနုဿာနံ ဓမ္မန္တိ ဝုတ္တံ ဟောတိ။

(ဃ) ဝသလဓမ္မန္တိ ပါပဓမ္မေ ဝသန္တိ ပဂ္ဃရန္တိ ဝသလာ၊ တေသံ ဝသလာနံ ဟီနပုရိသာနံ ဓမ္မံ။

(င) ဝသလံ ဝါ ကိလေသပဂ္ဃရဏကံ ဓမ္မံ။

၁။ ။(က)(ခ)အမှတ်ပြပါကျ သံဝဏ္ဏနာတို့ကိုရှု၍ သံဝဏ္ဏေတဗ္ဗပုဒ်ကို အနက်ယောဇနာပါ။

၂။ ။(ဂ)အမှတ်ပြပါကျကို အနုသန္ဓေတက် တက်ပါ။ (အဓိပ္ပါယ်မလို)

၃။ ။(ဃ)(င)အမှတ်ပြပါကျတို့ကို ရှေ့နောက်ထောက်ဆ ဝါကျခွဲလျက် (ဃ) အမှတ်ပြပါကျ၌ပါသော ဝသလာနံ-ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၄။ ။(က)အမှတ်ပြပါကျ အဖွင့်အားလျော်စွာ သံဝဏ္ဏေတဗ္ဗပုဒ်ကို ဝိဂ္ဂဟပြု ဉာသ်ကောက်ပါ။

၅။ ။(ဃ)အမှတ်ပြပါကျ ဝသလ၌ ဓာတု, ဓာတွတ္ထ, ပစ္စယ,ပစ္စယတ္ထ တို့ကိုဖြေလျက်(က) အမှတ်ပြပါကျပါဓမ္မ-ပုဒ်၏ အတ္ထကလည်း ဖြေပါ။

၆။ ။(ခ)အမှတ်ပြပါကျကို အကြောင်းပြ သံဝဏ္ဏနာအမည်ပေးလျက် (င)အမှတ်ပြပါကျကို အဋ္ဌကထာဘောဂ ဖော်ပြပါ။

၇။ ။(က)အမှတ်ပြပါကျ၌ အသတံ, အသန္တ-နှစ်မျိုးတို့တွင် သင့်ရာကို အကြောင်း အထောက်ထားပြ၍ ဖြေပါ။

၈။ ။(ဂ)အမှတ်ပြပါကျပါ ဂါမာနံ ဓမ္မံ-၌ ဖြစ်သင့်သော နယူပစာရကို ဖြေပါ။

၉။ ။အောက်ပါ မြန်မာစကားရပ်တို့ကို စဏ္ဍိယပါဠိ စီကုံးပါ။

ထိုမကောင်းမှုကံ၏ ထိုအကျိုးကို ပြခြင်းငှါ သားကို သနားကုန်သော အမိ အဘတို့သည် ပြုမိသော အပြစ်ရှိသော သားကိုကဲ့သို့ သနားခြင်းနှင့်တကွဖြစ်သော စိတ်ဖြင့် သုဒိန်ကို ကဲ့ရဲ့တော်မူလိုသည်ဖြစ်၍ ဝရံ တေ မောဃပုရိသ ဤသို့အစရှိသော စကားကို မိန့်တော်မူ၏။

http://www.dhammadownload.com



၁၀။ ။(ဃ)အမှတ်ပြဝါကျ၏အရကို ရှု၍ ခန္ဓာတရဏဟာရ နေတ္တိနည်းဖြေပါ။

---

## ၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍပါဠိ၊ အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။သံဝဏ္ဏနာကို ရှု၍ သံဝဏ္ဏေတဗ္ဗပုဒ် အနက်

အသဒ္ဓမ္မံ၊ သူတော်မဟုတ် သူယုတ်တို့၏ အကျင့်သို့ ။ ဝါ၊ သူတော်မဟုတ် သူယုတ်တို့သည် ကျင့်အပ်သော အကျင့်သို့။ [ ဋ္ဌ၊ ၁၊ ၁၈၆။ ဋ္ဌသျ၊ ၂၊ ၁၆၄။ ဋ္ဌသျသစ်၊ ၃၊ ၇၅။ ]

---

၂။ ။(ဂ)အမှတ်ပြဝါကျ အနုသန္ဓေတကျ

ဤသို့ (က)(ခ)အမှတ်ပြဝါကျတို့ဖြင့် အသဒ္ဓမ္မံ-ဟူသော သံဝဏ္ဏေ တဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုပြပြီး၍ ယခုအခါ၌ ဂါမဓမ္မံ-ဟူသော သံဝဏ္ဏေ တဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြ ဝါကျကို မိန့်။

---

၃။ ။ရှေ့နောက်ထောက်ဆ၍ ဝါကျအမည်

(ဃ)အမှတ်ပြဝါကျသည် ရှေ့ဝါကျကို ထောက်က ပက္ခန္တရဝါကျ၊ နောက်ဝါ ကျကို ထောက်က ပက္ခဝါကျ။

(င)အမှတ်ပြဝါကျသည် ရှေ့ဝါကျကို ထောက်က ပက္ခန္တရဝါကျ၊ နောက် ဝါကျကို ထောက်က ပက္ခဝါကျ။

ဝသလာနံ-စာစပ်

ဝသလာနံ-ကား "ကုန်သော"ဟူ၍ အနက်ပေးသောကြောင့် တေသံ ဟီနပုရိ သာနံ-၌ တုလျာဓိကရဏဝိသေသန၊ တေသံ ဟီနပုရိသာနံ-ကား တုလျာဓိကရဏ ဝိသေသျ။

---

၄။ ။ဝိဂ္ဂဟနှင့် ဥာသ်ကောက်

အသတံ ဓမ္မော အသဒ္ဓမ္မော။ အသတံ၊ သူတော်မဟုတ် သူယုတ်တို့၏။ ဓမ္မော၊ အကျင့်တည်း။ အသဒ္ဓမ္မော၊ သူတော်မဟုတ် သူယုတ်တို့၏ အကျင့်။

အသတံ ဓမ္မော-ကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ အသဒ္ဓမ္မော-ကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၊ အသန္တပုဒ်၊ ဓမ္မပုဒ်။ ဤအသဒ္ဓဓမ္မာ-ဟူသော ဆဋ္ဌီတပ္ပုရိသ် သမာသ်ပုဒ်၌ အသန္တ ဓမ္မ-ဟူသော သမာသ်ပုဒ်၏ အရကား သူတော်မဟုတ် သူယုတ် တို့သည် မုချအားဖြင့် ရ၏။ သူတော်မဟုတ် သူယုတ်တို့၏ အကျင့်နှင့် သာမိ သံအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဥာနုပစာအားဖြင့် ရ၏။ အသဒ္ဓမ္မော- ဟူသော သမာသ် ပုဒ်လုံး၏အရကား ထိုမုချဥာနုပစာတို့ဖြင့် မှတ်အပ်သော သူတော်မဟုတ် သူယုတ်တို့၏အကျင့် ရ၏ ။

http://www.dhammadownload.com



[ "အသန္တဓမ္မော"ဟု ဖြစ်သင့်။ ။"န သန္တာ အသန္တာ၊ အသတံ ဓမ္မော အသန္တဓမ္မော" ဟုဖြစ်သင့်သော်လည်း သန္တ–သဒ္ဒသြ သော ဘော ဗော စန္ဒေ–သုတ်၌ စ–သဒ္ဒါဖြင့် သန္တကို သ–ပြု၊ ဒွေဘော်လာ၍ "အသဒ္ဓမ္မော"ဟု ဖြစ်နေသည်။ ၁၃၁၉–ခုနှစ်ကလည်း မေးခဲ့ပြီ။ ]

---

၅။ ။ဓာတွာဒိဝိဘာဂ

ဝသလာနံ–၌ ဝသ–ဓာတ်၊ ပဌရဏာတ္ထ၊ အလ–ပစ္စည်း၊ ဟေတုကတ္တု–သာဓနတ္တ။

[ ဂဏ္ဌိသစ်၌ ဓေ–ကျနေ့ဟန်ရှိ။ ။ သျှ၊ သျှသစ်တို့က "ယိုစေတတ်"ဟု ဟေတုကတ္တုသာဓနအနက်ပေးသော်လည်း ဂဏ္ဌိသစ် (၂၊ ၄၄၄) ကား "ယိုတတ်"ဟု သုဒ္ဓကတ္တုသာဓနအနက်ပေးထားသည်။ ပုံနှိပ်ရာ၌ ဓေ ကျမှား နေရော့သလော"ဟု စဉ်းစားစရာပင်။ "ယိုစေတတ်–ဟူသော အနက်မှာ သဒ္ဒတ္ထ မဟုတ်၊ အဓိပ္ပါယတ္ထသာ၊ ဃရ–သေစနေ–ဓာတ်ကျမ်းနှင့်အညီ သွင်းလောင်းတတ်–ဟူသော အနက်သာ သဒ္ဒတ္ထ" ဟုလည်း ဆိုကြသည်။ ဤအလို အလ–ပစ္စည်း သုဒ္ဓကတ္တုသာဓနတ္တ၌ ဖြစ်သည်။ ]

ဓမ္မ–ပုဒ်၏အတ္ထ

(က)အမှတ်ပါ ဓမ္မ–ပုဒ်၏ အတ္ထကား အာဓာရတ္ထ။

---

၆။ ။ (ခ)အမှတ်ပြဝါကျ၌ သံဝဏ္ဏနာ

(ခ)အမှတ်ပြဝါကျဖြင့် "အသဒ္ဓမ္မ"ဟူသည် "သူတော်မဟုတ် သူယုတ်တို့သည် မှီဝဲအပ်သော အကျင့်ကိုပင်ဆိုသည်"ဟု အဓိပ္ပာယ်ရအနက်ကို ဖွင့်သောကြောင့် (ခ)အမှတ်ပြဝါကျသည် ဘာဝတ္ထသံဝဏ္ဏနာမည်၏။

မှတ်ချက်။ ။"အသန္တေဟိ သေဝိတဗ္ဗံ ဓမ္မံ အသဒ္ဓမ္မံ"ဟူ၍လည်း ပြုလိုရကား "တေဟိ–စသည်ကို မိန့်"ဟု ဂဏ္ဌိ (၃၇၇)၌ ဆိုသည်။ ဤအလို မဇ္ဈေ လောပီတတိယာတပ္ပုရိသ်ပြုရမည်၏အဖြစ်ကို ဖွင့်သောကြောင့် အဘိဓာနတ္ထ သံဝဏ္ဏနာ၊ (တစ်နည်း) သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာတည်း။

[ ဘာဝတ္ထသံဝဏ္ဏနာသာ။ ။ ဝိဂြိုဟ်တစ်နည်း တစ်ဖုံ တစ်မျိုးကို ပြလိုရာ၌ ဝသလ်ဝါ–စသည်ကဲ့သို့ နယန္တရဇောတက ဝါ, အထဝါ, အပိစ–စသည် တို့ဖြင့် ဖြစ်စေ၊ ပစ္စနိကဓမ္မေ ဈာပေတီတိ ဈာနံ၊ ဣမိနာ ယောဂိနော ဈာယန္တီတိပိ ဈာနံ (ဋ၊ ၁၊ ၁၁၆) စသည်ကဲ့သို့ သမုစ္စယဇောတက ပိ, စ–စသည်တို့ဖြင့် ဖြစ်စေ၊ ကျမ်းဆရာ ရေးရိုးရေးလေ့ရှိသောကြောင့်လည်းကောင်း, ဂူဠတ္ထကို ဖော်ပြသောနေရာမျိုး၌ ကျမ်းဆရာ အတ္တောထားလေ့ရှိ၍ အတ္တော–ပါသောဝါကျသည် ဝိတ္ထာရဝါကျသာ ဖြစ်သင့်သည်။ နယန္တရပက္ခန္တရ မဖြစ်သင့်သောကြောင့်လည်းကောင်း ဂဏ္ဌိ အာဘော် မကောင်း။ ထို့ပြင်–

အဓိပ္ပာယော၊ အတ္တော–ရှိက၊ ဂူဠတ်ဖော်ပြ၊ စကားကျ။

(ရွှေရေးဆောင်နိယံ။ ၃၄၁။)

http://www.dhammadownload.com



ယင်းနိဿယ၏အဖြေ၌ "အဓိပ္ပါယော"ဟူ၍လည်းကောင်း "အတ္ထော"ဟူ၍ လည်းကောင်း ပုဒ်ဝါကျအဆုံးတွင် ထားရှိသောအရာတို့၌ စကားကျစကားရောက် အတ္ထာပန္နနည်းအားဖြင့် မြုပ်နက် လျှို့ဝှက်ဖုံးကွယ်သော ဝုဋ္ဌတ္ထကို ဖော်ပြသော စကားတည်း"ဟု အဓိပ္ပာယ်ဖော်၍ အတ္ထော–၏ ဥဒါဟရဏ်ကို ဤတေဟိ သေဝိ– တဗ္ဗတ္တိ အတ္ထော–ကိုပင် ထုတ်ထားသည်ကိုလည်းထောက်။ "အဘိဓာနတ္ထသံဝဏ္ဏနာ မဟုတ်၊ ဘာဝတ္ထသံဝဏ္ဏနာသာ"ဟု သန္နိဋ္ဌာန်ကျ မှတ်ရာသတည်း။]

(င)အမှတ်ပြဝါကျ၌ အာဘောဂ

ဝါ–ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် တစ်နည်းတစ်ဖုံအားဖြင့် အရကောက်ရမည် တစ်နည်းတစ်ဖုံအားဖြင့် ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

ကိလေသပဋ္ဌရဏာက်–ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် ဝသလဓမ္မ–၌ ဝသလ ၏အရ ကိလေသာတို့ကို ယိုစေတတ်သော အကျင့်ကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

ဝသလံ ဓမ္မံ–ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် ဝသလဓမ္မံ–ဟူသော သံဝဏ္ဏေ– တဗ္ဗပုဒ်၏ ကမ္မဓာရယ် သမာသ်ပုဒ်၏အဖြစ်၊ ယင်းကမ္မဓာရယ် သမာသ်ပုဒ်၏ တုလျ အနက်ဟော၏ အဖြစ်ကို အဋ္ဌကအထာဆရာ သိစေပါသည်။

(တစ်နည်း) ဝသလံ ဓမ္မံ–ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် ဝသလဓမ္မံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဝသလော စ သော ဓမ္မော စာတိ ဝသလဓမ္မော"ဟု [ ဝိဂြိုဟ်ပုဒ် ချရာ ၂–မျိုးတို့တွင် ပဒါဝတ္တိကန္တအားဖြင့် "ဝသလဓမ္မော"ဟု ချသည်။"တံဝသလ– ဓမ္မံ"ဟုဝိဘတ္တျန္တခံ။ ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ [ သံဝဏ္ဏနာဒုကနည်းအားဖြင့် တစ်နည်း ဖော်သည်၊ နေရာတိုင်း၌ နည်းတူသိ။ ]

[ ဝိဘတ်တူဖွင့်က ကမ္မဓာရယ်ကြံ။ ။ ဝိဘတ်တူဖွင့်က ကမ္မဓာရယ် သမာသ် ကြံရသည်။ ဝိဘတ်တွဲဖွင့်က တပ္ပုရိသ်သမာသ် ကြံရသည်။ ဤ၌ ဝသလံ– နှင့် ဓမ္မံ–ကို ဝိဘတ်တူဖွင့်သောကြောင့် ကမ္မဓာရယ်ပြုသည်။

ကျက်။ ။ဝိဘတ်တူချင်း၊ ဖွင့်တုံလျှင်း၊ မှတ်သွင်း ကမ္မဓာရယာ။
ဝိဘတ်မတူ၊ ဖွင့်တုံမူ၊ မှတ်ယူ တပ္ပုရိသ်သာ။(နိယံသစ်)]

---

၇။ ။ပါဋ္ဌ်အဆုံးအဖြတ်

အသန္တ–ပုဒ်၊ နံ–ဝိဘတ်၊ န္တ–သဒ္ဒါကို သေသေသု န္တုဝ–သုတ်ဖြင့် န္တု ပစ္စည်းကို ကဲ့သို့ငဲ့၊ နံမှ တံ ဝါ–သုတ်ဖြင့် နံ–ဝိဘတ်ကြောင့် န္တု–ပစ္စည်းကို ဝိဘတ်နှင့်တကွ တံ–ပြု၍ "အသတံ"ဟု ပြီးသည်။ သို့သော် နံမှ တံ ဝါ–သုတ်၌ ဝိကပ်အနက်ရှိသော ဝါ–သဒ္ဒါ ပါရှိသည်အလျောက် နံမှ တံ ဝါ–သုတ်၏ အစီအရင်သည် အနိစ္စဝိဓိဖြစ်၍ ဂုဏဝတံ, ဂုဏဝန္တာနံ–ကဲ့သို့ "အသတံ, အသန္တံ" ဟု ရုပ် ၂–မျိုး နေနိုင်သောကြောင့်လည်းကောင်း, အသတံ–နှင့် အသန္တံ–သည် အနက်တူဖြစ်သောကြောင့်လည်းကောင်း အသတံ, အသန္တံ–၂–ပါဋ္ဌ်လုံး သင့်ပါသည်။

http://www.dhammadownload.com



အထောက်အထားမှာ-နံမှိ တံ ဝါ။ ။ သဗ္ဗသော၀ ဣ-ပစ္စယာသ သဝိဘတ္တိဿ တံ-အာဒေသော ဟောတိ ဝါ နံမှိ ဝိဘတ္တိမှိ၊ ဂုဏ၀တံဂုဏ၀န္တာနံ။ (ကစ္စည်း။ ၁၂၈။) ဖြစ်ပါသည်။

[ အကြောင်းနှင့် အထောက်အထားမတူ။ ။ ဤမေးခွန်း လုံးထွေးသည်၊ အကြောင်း-ဟူသော စကားနောက် ကော်မာ မပါ၊ အကြောင်း-ဟူသော စကားနှင့် အထောက်အထား-ဟူသော စကားကို "အတူ"ဟု ယူဆမေးထားသည်။ အမှန် အားဖြင့် အကြောင်း-ဆိုသည်မှာ ယုတ္တိဋ္ဌ အထောက်အထား-ဆိုသည်မှာ အာဂမဒဋ္ဌ (သာဓက) ဖြစ်၍ အကြောင်းနှင့် အထောက်အထားသည် မတူကြ။ ယုတ္တိသည်လည်း "သဒ္ဒယုတ္တိ၊ အတ္ထယုတ္တိ" ဟု ၂-မျိုးရှိပြန်သည်၊ ရှေ့အကြောင်းမှာ သဒ္ဒယုတ္တိ ဖြစ်သည်။ ယင်းသဒ္ဒယုတ္တိ၌ ဆိုလိုရင်းမှာ "နံမှိ တံ ဝါ-သုတ်၏ အစီအရင်သည် အနိစ္စဝိဓိဖြစ်၍ 'အသတံ၊ အသန္တံ' ဟု ရုပ် ၂-မျိုး နေနိုင်သောကြောင့်လည်းကောင်း" ဟုသာ ဖြစ်သည်။ နောက်အကြောင်းမှာ အတ္ထယုတ္တိဖြစ်သည်။

ပုစ္ဆကအနေဖြင့် ဤမျှအာဘော်ထားမည် မဟုတ်ပေ၊ "အကြောင်းနှင့် အထောက်အထား အတူတူ"ဟု ယူဆပြီး ပေါ့ပေါ့မေးခြင်းသာ ဖြစ်ပေမည်။ သို့သော် အကြောင်းအထောက်အထား-ဟူသော စကားအရ အကြောင်း ၂-မျိုးလုံးမဟုတ် တောင် တစ်မျိုးမျိုးနှင့်အထောက်အထားပါပြမှ ပြည့်စုံသည်။ "သဒ္ဒယုတ္တိပြ၍"ဟု ဖြစ်စေ၊ သို့မဟုတ် "အတ္ထယုတ္တိပြ၍"ဟု ဖြစ်စေ၊ သို့မဟုတ် "အထောက်အထားပြ ၍" ဟုဖြစ်စေ တိတိကျကျ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း မေးသင့်သည်။ ထွေးလုံးရစ်ပတ် မမေးသင့်။]

---

၈။ ။ နည်း၊ ဥပစာ

ဂါမာနံ ဓမ္မံ-၌ ဂါမ-ဟူသော နည်းသည် ရွာနှင့် ရွာနေလူကို အပြားမဲ့ ဆိုအပ်သောကြောင့် အဘေဒနည်း မည်၏။

ဂါမာနံ ဓမ္မံ-၌ ဂါမ-သဒ္ဒါသည် ရွာနှင့် ရွာနေလူပြားသော်လည်း မပြား သကဲ့သို့ ခေါ်ဝေါ်ခြင်းကြောင့် အဘေဒူပစာ မည်၏။

(တစ်နည်း) ဂါမာနံ ဓမ္မံ-၌ ဂါမ-ဟူသော နည်းသည် ရွာတည်းဟူသော မကင်းရာကို ဆိုသဖြင့် ရွာနေလူတည်းဟူသော မကင်းတတ်သည်ကို ရသောကြောင့် နာနန္တရိကနည်း မည်၏။

ဂါမာနံ ဓမ္မံ-၌ ဂါမ-သဒ္ဒါသည် ဌာနဖြစ်သော ရွာဒြပ်၏ ဂါမ-ဟူသောအမည်ကို ဌာနီဖြစ်သော ရွာနေလူဒြပ်၌တင်စား၍ ဌာနီဖြစ်သော ရွာနေလူဒြပ်ကို "ဂါမ"ဟု ခေါ်ဝေါ်ခြင်းကြောင့် ဌာနူပစာမည်၏။

[ ၂-မျိုးလုံးအသင့်။ ။ သာရတ္ထ (၂၊ ၃၂) က "အဘေဒူပစာ"ဟု ဆိုသည်။ နိဿယသစ် (၃။ ၇၅) ဂဏ္ဌိသစ် (၂၊ ၄၄၄။)တို့က "ဌာနူပစာ"ဟု ဆိုကြ သည်။ ဂဏ္ဌိ (၃၇၇)ကား ၂-မျိုးလုံးပင် ဆိုသည်။ ၂-မျိုးလုံး အသင့်ပင်။ သင့်ခြင်း၏ အကြောင်းနှင့် ဘေဒူပစာ၊ အဘေဒူပစာ အထူးကို ပထမအုပ် ၁၃၁၉-ခုနှစ် ပါရာဇိကထာ အဖြေ၌ ရှု။ ၁၃၁၆-ခုနှစ်၊ ၁၃၁၉-ခုနှစ်များကလည်း မေးခဲ့ပြီ။ ဂါမဓမ္မော-၌ မေးသည်နှင့်

http://www.dhammadownload.com



ဂါမာနံ ဓမ္မံ-၌ မေးသည်သာ ထူးသည်။ အဖြေမှာ အတူတူပင်။ အတိ အကျအားဖြင့် "ဂါမ-၌ ရသည်"ဟု မှတ်။]

---

၉။ ။[ဋ္ဌ၊ ၁၊ ၁၈၅။]

---

၁၀။ ။ ခန္ဓောတရဏဟာရ နေတ္တိနည်း

(က)အမှတ်ပြဝါကျ (မေထုန်အကျင့်) ၏ အရပြစ်သော မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိသမုဋ္ဌာပိကစေတနာ ပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညက္ခန္ဓာမည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ဝိသသည် သင်္ခါရက္ခန္ဓာမည်၏၊ လောဘမူစိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ဤသို့ ခန္ဓာအားဖြင့် သွင်းခြင်းသည် ခန္ဓောတရဏဟာရ မည်၏-ဟူလို။

[ ထောက်ဖွယ်။ ။ မေထုန်အကျင့်၏အရ ယင်းစေတနာကို ပဓာန အားဖြင့် ကောက်ရာ၌ အထောက်ကို ပထမအုပ် ၁၃၁၉-ခုနှစ်၊ ပါရာဇိကဏ် မေးခွန်းအဖြေဝယ် ဂါမဓမ္မ-၏အရကိုကောက်၍ လက္ခဏာ ယောတရဏဟာရနေတ္တိနည်း ထုတ်ရာ၌ ဖော်ပြ ခဲ့ပြီ။]

---

## ၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ်(၁)မေးခွန်း

၁။ ။သုတံ မေတံ ဘော ဂေါတမ န သမဏော ဂေါတမော ဗြာဟ္မဏေ ဇိဏ္ဏေ ဝုဍ္ဎေ မဟလ္လကေ အဒ္ဓဂတေ ဝယောအနုပ္ပတ္တေ အဘိဝါဒေတိ ဝါ ပစ္စုဋ္ဌေတိ ဝါ အာသနေန ဝါ နိမန္တေတီ"တိ၊ တယိဒံ ဘော ဂေါတမ တထေဝ-၌ ဗြာဟ္မဏေ ကို သကော်တတ္ထ, သဒ္ဒတ္ထ ထင်စေလျက် အနက်ယောဇနာပါ။

၂။ ။အထ ခေါ သုဒိန္နော ကလန္ဒပုတ္တော "န မံ မာတာပိတရော- အနုဇာနန္တိ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယာ" တိတတ္ထေဝ အနန္တရဟိတာယ- ဘူမိယာ နိပဇ္ဇိ "ဣဓေဝ မေ မရဏံ ဘဝိဿတိ ပဗ္ဗဇ္ဇာဝါ" တိ-၌ တတ္ထေဝ- ကို တ-အစွဲ ထင်စေလျက် ပစ္ဆိမအာကာရဝါကျကိုသာ အနက်အားဖြင့် ငုံပြီး အနက် ယောဇနာပါ။

၃။ ။"ကိဿ တွံ အာဝုသော ဗန္ဓော နိယျာသီ"တိ။ တေသံ ဘန္တေ ဒါရုနံ ကိစ္စာတိ။ ဂစ္ဆာဝုသော အဟံပိ အာဂစ္ဆာမီတိ။ ယျောသိ ဘန္တေ ပုရာဟံ ဟညာမိတိ-၌ ရှေ့ဝါကျဝယ် အပြည့်ခံဝါကျ၏ ဋ္ဌာနာနုရူပယောဂ ယှဉ်စေပြီး ဟညာမိ-၌ ပဋိသေဓ, အနာဂတ် ထင်စေလျက် အနက်ယောဇနာပါ။

http://www.dhammadownload.com



၄။ ။ ဣစ္ဆာမဟာ ဘိက္ခဝေ အဒ္ဓမာသံ ပဋိသလ္လီယိတုံ၊ နမှိ (နမ့်)ကေနစိ ဥပသင်္ကမိတဗ္ဗော အညတြ ဧကေန ပိဏ္ဍပါတနီဟာရကေန-၌ ပဋိသလ္လီယိတုံ-ကို သင်္ကေတတ္ထ, သဒ္ဒတ္ထ ထင်စေလျက် အနက်ယောဇနာပါ။

အောက်ပါ အဋ္ဌကထာပါဌ်တို့ကို အနက်ယောဇနာပါ။

၅။ ။ တတ္ထ သိယာ ယဒိ တာဝ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ၊ "နဠေရုပုစိမန္ဒမူလေ" တိ န ဝတ္တဗ္ဗံ၊ အထ တတ္ထ ဝိဟရတိ "ဝေရဉ္ဇာယ"န္တိ န ဝတ္တဗ္ဗံ။

၆။ ။ ဣတ္ထိ ကာယ နာမ ဣတ္ထိပရိဘောဂါနံ ယေဝ နာနစုဏ္ဏာဒီနံ အတ္ထာယ လဒ္ဓံ ခနံ ကိတ္တကံ ဘဝေယျ၊ တသ္မာပိ တာဝ ပရိမာဏံ ပဿ။

၇။ ။ ရဇကတ္ထရဏံ ဂန္တွာတိ ရဇကတိတ္ထံ ဂန္တွာ။ တဉှိ ယသ္မာ တတ္ထ ရဇကာ ဝတ္ထာနိ အတ္ထရန္တိ၊ တသ္မာ ရဇကတ္ထရဏန္တိ ဝုစ္စတိ။

၈။ ။ ယေန ဝဂ္ဂုမုဒါနဒီတိ ဝဂ္ဂုမုဒါ လောကဿ ပုညသမ္မတာ နဒီ။ သောပိ ကိရ တံ ပါပံ တတ္ထ ပဝါဟေဿာမိတိ သညာယ ဂတော၊ နဒီယာ အာနု ဘာဝေန အပ္ပမတ္တကမ္ပိ ပါပံ ပဟီနံ နာမ နတ္ထိ။

၉။ ။ ပီဌိန္ဒြိယာတိ ပဥ္စဟိ ပသာဒေဟိ အဘိနိဝိဋ္ဌောကာသဿ ပရိ ပုဏ္ဏတ္တာ မနုဉ္ဉာနံ ဣန္ဒြိယာနံ အမိလာတဘာဝေန ပီဌိန္ဒြိယာ။

၁၀။ ။ တတ္ထ ကိဉ္စာပိ နိဒ္ဒိ သြဏ္ဏမဏ္ဍာနံ အဗျာကတော ဘဝင်္ဂဝါရော ပဝတ္တတိ၊ သတိသမ္ပဇညဝါရော ဂဠတိ။ တထာပိ သယနကာလေ မနသိကာရော ကာတဗ္ဗော။

---

၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ ဗြာဟ္မဏေ-၌ သင်္ကေတတ္ထ, သဒ္ဒတ္ထ ထင်စေလျက်အနက်

[ ဗြာဟ္မဏေ၊ ပုဏ္ဏားတို့ကို (သင်္ကေတတ္ထ)။ ဝါ၊ ဗေဒင်ကို သရဇ္ဈာယ် တတ်သော သူတို့ကို (သဒ္ဒတ္ထ)။ ကြွင်း သျှအတိုင်း ယောဇနာ။ ။ပါ၊ ၁၊ ပါသျှ၊ ၁၂။ ၁၉၇၄ (၁၃၃၆)ခုနှစ်ကလည်း မေးခဲ့ပြီ။

ဤမေးခွန်းအရဆိုလျှင် ဗြာဟ္မဏေ-ကိုသာ ယောဇနာရပေမည်။ ဝါကျ အားလုံးကို မယောဇနာရ။ ပုစ္ဆကာ၏အာဘော်မှာ ဝါကျအားလုံးကို ယောဇနာစေလိုပေ မည်။ ယောဇနာစေလိုသော်လည်း (၌)နှင့် (ကို) အသုံးလွဲနေ၍ ယောဇနာစေလိုသည်

အဆင့်သို့ မရောက်ဘဲ ရှိရလေသည်။ ဝါကျအားလုံးကို ယောဇနာစေလိုက "သုတံ ။ပ။ တထေဝ-ကို ဗြာဟ္မဏေ-၌ သင်္ကေတတ္ထ, သဒ္ဒတ္ထ ထင်စေလျက် အနက် ယောဇနာပါ"ဟု မေးရမည်။ ဖြေသူက ဗြာဟ္မဏေ-ကိုသာ ယောဇနာက အမှတ်လျော့ပေမည်။ ပုစ္ဆာ၏အဓိပ္ပာယ်က ဘယ်ရောက်နေသည်ကိုမှ သိခဲလှသည်။ ထုတ်သူက ထုတ်စေကာမူ စိစစ်သူက အချိုးမကျသည်များကို မြင်သင့်သည်။ မြင်စွမ်းနိုင်သည့်အရည်အချင်း ရှိသင့်သည်။]

---

၂။ ။ အနက်အားဖြင့် အာကာရငုံပြီး အနက်

တဝ္ဆေဝ၊ထိုခွင့်မပြုကြကုန်ရာဖြစ်သော အရပ်၌ပင်လျှင်။ အနန္တရဟိတာယ၊ လူနှင့်မြေအား ခြားတတ်သော အခင်းမရှိသော။ ဘူမိယာ၊ မြေ၌။ ဣဓေဝ၊ ဤ လျောင်းရာအရပ်၌သာလျှင်။ မေ၊ ငါ့အား။ မရဏံ၊ သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ပဗ္ဗဇ္ဇာဝ၊ ရဟန်းပြုအံ့သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ (စိန္တေတွာ၊ စဉ်းစားဆုံးဖြတ်၍။) နိပဇ္ဇိ၊ လျောင်းပြီ။

မှတ်ချက်။ ။ တဝ္ဆေဝါတိ ယတ္ထ နံ ဋ္ဌိတံ မာတာပိတရော နာနုဇာနိံသု၊ တဝ္ဆေဝ ဌာနေ။ (ဋ္ဌ၊ ၁၊ ၁၇၂)။ ။သျှဉ်ကား "ထိုမိခင်ဘခင်တို့အား ခွင့်လွှတ်ကြောင်းကို တောင်းရာအရပ်၌သာလျှင်" ဟု ယောဇနာသည်။ ။နိပဇ္ဇိ- ၏ အာကာရ မဖြစ်သင့်သောကြောင့် စိန္တေတွာ-ကို ထည့်သည်။

[ ရှောင်ရှားသင့်။ ။"တဝ္ဆေဝ-ကို တ-အစွဲ ထင်စေလျက် ပစ္ဆိမ အာကာရ ဝါကျကိုသာ အနက်အားဖြင့် ငုံပြီး အနက်ယောဇနာပါ"ဟု မေးသည့် အမေးအရ ဆိုလျှင် တဝ္ဆေဝ-စသည့် နောက်စကားရပ်များကိုသာ ယောဇနာရမည့် အဓိပ္ပာယ်ရှိသည်။ ယင်းသို့ တဝ္ဆေဝ-စသော နောက်စကားရပ်များကိုသာ ယောဇနာစေလိုလျှင်လည်း တဝ္ဆေဝ-၏ရှေ့စကားရပ်များကို ထည့်မေးစရာမလို။ ထည့်ကား ထည့်ထားလေသည်။ထည့်ထားသည်ကိုထောက်လျှင် ထိုရှေ့စကားရပ် များကိုပါ ယောဇနာ စေလိုသည့်သဘော ရှိပြန်သည်၊ ထိုသို့ ယောဇနာ စေလိုလျှင်လည်း (၌) အစား (ကို) သုံးရမည်၊ (ကို) သုံးလျှင်လည်း "အာကာရ ဝါကျကိုသာ" ဟုနောက်၌ (ကို) ရှိနေပြန်၍ စကားထပ်ကာ စကားနှစ်ရပ် ဆန့်ကျင် နေပြန်သည်။ ဤမေးခွန်း ဘယ်လိုမျှ တည့်အောင်ယူလို့မရသည်အထိ အချိုးမကျဘဲ ရှိသည်။ "တဝ္ဆေဝ-ကို"ဟု သုံးရာ၌လည်း "တဝ္ဆေဝ ၌"ဟု သုံးမှ ရက္ခေသာခါ- ကဲ့သို့ အပေါင်းအစိပ် အာဓာရ အာဓာရီဖြစ်၍ မှန်သည်။ မေးခွန်း အခြေအနေမည်သို့ပင်ရှိစေ ဤအဖြေ၌ကား တဝ္ဆေဝ-ကို။ပ။ ယောဇနာပါ ဟူသော နောက်စကားရပ်ကိုသာ ကြည့်၍ ယင်းစကားအရ တဝ္ဆေဝ-စသော နောက် စကားရပ်ကိုသာ ယောဇနာသည်။ စာသင်သားများကို ဆင်းရဲစေရာ, နစ်နာစေရာ ရောက်သဖြင့် ဤအမေးမျိုးကို သတိကြီးစွာထား ရှောင်ရှားသင့်သည်။]

---

၃။ ။ယောဂယှဉ်စေပြီး ပုရေ ဟညာမိ-၌ ပဋိသေဓ, အနာဂတ် ထင်စေလျက် အနက်

[သျှအတိုင်း ရည်သည်။ သျှအတိုင်း ယောဇနာ။ ပုရေ ဟညာမိ-ကို "ရှေ့သို့

http://www.dhammadownload.com



သတ်အပ်လတ္တံ့."ဟု အနာဂတ်ယောဇနာရာ၌ "ရှေး၌(မကြာမီ) သတ်အပ်လတ္တံ့."ဟု ယောဇနာလျှင် ပိုကောင်းသည်။ ပုရာဟံ-ကို ပါဠိသျှက "ပုရေ+အဟံ"ဟု အဋ္ဌ ကထာက "ပုရာ+အဟံ"ဟု ပုဒ်ဖြတ်သည်။ အနက်မှာ အတူပင်။ (ပါ၊ ၅၃။ ပါဠိသျှ၊ ၁၂၃။) ၁၃၂၆-ခုနှစ်ကလည်း မေးခဲ့ပြီ။ "ပုရေ ဟညာမိ-၌ ပဋိသေဓ, အနာဂတ် ထင်စေလျက်"ဟု ပုရေ-နှင့် သို့မဟုတ် ပုရာ-နှင့် တွဲမေးသင့်သည်။ ဟညာမိ-သက်သက်မေးသည်မှာ မကောင်း။ ဤမေးခွန်း၌လည်း ၂-နေရာလုံးမှာ (၌) သုံးထားသည်။ ရှေ့နေရာမှာ (ကို) သုံးရမည်။]

---

၄။ ။ပဋိသလ္လီယိတုံ-၌ သင်္ကေတတ္ထ, သဒ္ဒတ္ထ, (အဓိပ္ပာယတ္ထ) ထင်စေလျက် အနက်

[ဟပဋိသလ္လီယိတုံ၊ ကိန်းတော်မူခြင်းငှါ (သင်္ကေတတ္ထ)။ ဝါ၊ နေ့စဉ် နေ့စဉ် (သမာပတ်၌ စိတ်ကို) ငြိကပ်စေခြင်းငှါ (သဒ္ဒတ္ထ)။ ကြွင်းသျှအတိုင်း ယောဇနာ။ (ပါ၊ ၈၆။ ပါဠိသျှ၊ ၁၅၉။) ဤမေးခွန်း၌လည်း (ကို) နေရာမှာ(၌), (၌) နေရာမှာ (ကို) သုံးထားသည်။

ပဋိသလ္လီယိတုန္တိ ယထာဝုတ္တကာလံ ပဋိ ပဋိ ဒိဝသေ ဒိဝသေ သမာပတ္တိယံ ဓမ္မစိန္တာယံ (တရားသဘောကို စဉ်းစားတော်မူခြင်းအားဖြင့်) စိတ္တံ နိလီယိတုံ။ (သာရတ္ထ၂၊ ၁၇၈။) အဓိပ္ပာယတ္ထောဂတ သဒ္ဒတ္ထဖွင့်။ ဤ၌ လီဓာတ်သည် သိလေသန (ငြိကပ်ခြင်း) အနက်ဟောသည်။

ဣစ္ဆာမဟံ ဘိက္ခဝေ အဒ္ဓမာသံ ပဋိသလ္လီယိတုန္တိ အဟံ ဘိက္ခဝေ ဧကံ အဒ္ဓမာသံ ပဋိသလ္လီယိတုံ နိလီယိတုံ ဧကောဝ ဟုတွာ ဝိဟရိတုံ ဣစ္ဆာမီတိ အတ္ထော။ (ဋ္ဌ၊ ၂၊ ၄။) ဤ၌ ပဋိသလ္လီယိတုံ-ကို "နိလီယိတုံ"ဟု သင်္ကေတတ္ထ ဖွင့်သည်။ "ဧကော ဟုတွာ ဝိဟရိတုံ"ဟု အဓိပ္ပာယတ္ထ ဖွင့်သည်။ ထို့ကြောင့် အဓိပ္ပာယတ္ထ ယောဇနာလိုလျှင် "ကိုယ်တော်အထည်းတည်းသာလျှင်ဖြစ်၍ နေတော်မူခြင်းငှါ"ဟု ယောဇနာ။]

---

၅။ ။ [ ဋ္ဌ၊ ၁၊ ၈၂။ ဋ္ဌသျှ၊ ၁၊ ၂၇၂။ ဋ္ဌသျှသစ်၊ ၂၊ ၂၉။]

---

၆။ ။[ ဋ္ဌ၊ ၁၊ ၁၇၇။ ဋ္ဌသျှ၊ ၂၊ ၁၃၂။ ဋ္ဌသျှသစ်၊ ၃၊ ၃၅။]

---

၇။ ။[ ဋ္ဌ၊ ၁၊ ၂၅၈။ ဋ္ဌသျှ၊ ၂၊ ၃၇၆။ ဋ္ဌသျှသစ်၊ ၃၊ ၃၂၂။]

---

၈။ ။[ ဋ္ဌ၊ ၂၊ ၆။ ဋ္ဌသျှ၊ ၃၊ ၁၃၉။ ဋ္ဌသျှသစ်၊ ၄၊ ၁၈။]

---

၉။ ။[ ဋ္ဌ၊ ၂၊ ၇၄။ ဋ္ဌသျှ၊ ၃၊ ၃၅၂။ ဋ္ဌသျှသစ်၊ ၄၊ ၂၁၇။]

---

http://www.dhammadownload.com



၁၀။ ။[ ဋ္ဌ၊ ၂၊ ၁၀၅။ ဋ္ဌသျ၊ ၄၊ ၄၄။ ဋ္ဌသျသစ်၊ ၄၊ ၃၀၅။]

---

## ၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၂)မေးခွန်း

---

(က) တိဏာကုဋိယော ကရိတ္វာတိ တိဏစ္ဆဒနာ သဒ္ဒါရဗန္ဓာကုဋိယော ကတွာ၊

(ခ) ဝသံ ဥပဂစ္ဆန္တေန ဟိ နာလကပဋိပဒံ ပဋိပန္နေနာပိ ပဥ္စန္နံ ဆဒနာနံအညတရေန ဆန္နေယေဝ သဒ္ဒါရဗန္ဓေ သေနာသနေ ဥပဂန္တဗ္ဗံ။

(ဂ) ဝုတ္တဥ္စေတံ န ဘိက္ခဝေ အသေနာသနိကေန ဝသံ ဥပဂန္တဗ္ဗံ ယော ဥပဂစ္ဆေယျ အာပတ္တိ ဒုက္ကဋဿာတိ။

၁။ ။ (ခ)အမှတ်ပြဝါကျကို ဓေ-ပုဒ် လိုက်သင့်သမျှ လိုက်စေ၍ အနက် ယောဇနာပါ။

၂။ ။ (ခ)အမှတ်ပြဝါကျကို သာဘောဂစောဒနာတက်ပြပါ (အဓိပ္ပါယ် မလို)

၃။ ။ (ခ)(ဂ)အမှတ်ပြဝါကျတို့ကို အကြောင်းပြလျက် အမည်ခွဲပြီးလျှင် (ခ) အမှတ်ပြဝါကျ၌ ဝသံ-ပုဒ်ကို စပ်သင့်သမျှ စုံလင်စွာ စာစပ်ပါ။

၄။ ။ (ခ)အမှတ်ပြဝါကျ၌ သေနာသန-ပုဒ်ကို အပေါင်းဝိဂ္ဂဟဆို၍ ဉာသ်ကောက်ပါ။

၅။ ။ (က)အမှတ်ပြဝါကျ၌ သဒ္ဒါရဗန္ဓာ-ပုဒ်၏ အစိတ်နာမ်ပုဒ်တို့ကို လိင်္ဂ, ဓာတု, ဓာတွတ္ထ, ပစ္စယ, ပစ္စယတ္ထအားဖြင့် ဆုံးဖြတ်ပါ။

၆။ ။ (က)အမှတ်ပြဝါကျ၌ သံဝဏ္ဏနာအာဘော်ကို ကျနစွာဖော်ပြ၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ။ (က)အမှတ်ပြဝါကျ၌ "သဒ္ဒါရဗဒ္ဓေ, သဒ္ဒါရဗန္ဓေ"ဟု ပါဠ် နှစ်မျိုး ရှိရာ သင့်သောပါဠ်ကို ယုတ္တိပြ၍ ဖြေဆိုပါ။

http://www.dhammadownload.com



၈။ ။ (က)အမှတ်ပြပါ တိဏကုဋ္ဋိယော–ပုဒ်၌ သံဝဏ္ဏနာကို ရှုစ် နည်း၊ ဥပစာ ထုတ်ပြပါ။

၉။ ။ အောက်ပါ မြန်မာဘာသာကို ပါဠိစုဏ္ဏိယ ရေးသားပြေဆိုပါ။

ရဟာန်းတို့ မြေကိုတူးခြင်း၊ ရွှံ့ညွှန်နယ်ခြင်း၊ မီးတိုက်ခြင်းတို့၌ များစွာသော ငယ်ကုန် အလွန်ငယ်ကုန်သောသတ္တဝါတို့ကို ဖျက်ဆီးညှင်းဆဲသော ထိုအချည်း အနှီးသောယောကျ်ားအား ထိုသတ္တဝါတို့၌ မေတ္တာရှာန် ကရုဏာရှာန်တို့၏ရှေးအဖို့ မျှလည်းဖြစ်သော အစဉ်စောင့်ရှောက်ခြင်း၊ စိတ်တုန်လှုပ်ခြင်း၊ မညှင်းဆဲခြင်းသည် မဖြစ်ရာလေဘိသနည်း။

၁၀။ ။ (ဂ)အမှတ်ပြဝါကျ၌ ယော ဥပဂစ္ဆေယျ အာပတ္တိ ဒုက္ကဋဿ– ကို ပရိဝတ္တနဟာရနေတ္တိနည်း ဖွင့်ပြပါ။

---

## ၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ ဓဝ–ပုဒ် လိုက်သင့်သမျှ လိုက်စေ၍ အနက်

ဟိ–သစ္စံ၊ မှန်၏။ ဝါ–၊ ဟိ–ယသ္မာ၊ အကြောင်းကြောင့်။ ဝသံ၊ မိုးလတို့ပတ်လုံး နေခြင်းသို့။ ဥပဂစ္ဆန္တေန၊ ကပ်သော။ (ဘိက္ခုနာ၊ ရဟာန်းသည်။) နာလကပဋိပဒံ၊ နာလကမထေရ်အား ဟောတော်မူအပ်သော မောနေယျအကျင့်ကို။ ပဋိပန္နေနာပိ၊ ကျင့်သော်လည်း။ ပဉ္စန္နံ၊ "မြက်, သစ်ရွက်, အုန်, ကျောက်, အင်္ဂတေ"ဟု ဆိုအပ်ကုန် သော ငါးပါးကုန်သော။ ဆဒနာနံ၊ အမိုးတို့တွင်။ အညတရေန၊ တစ်ပါး ပါးသော။ (ဆန္နေန၊ အမိုးဖြင့်။) ဆန္နေယေဝ၊ မိုးအပ်သည်သာလျှင်ဖြစ်သော။ သဒ္ဒါရဗန္ဓေ (ဓဝ)၊ တံခါး၏ ဖွဲ့ရာ တံခါးပေါင်ရှိသည်သာလျှင်ဖြစ်သော။ သေနာသနေ၊ ကျောင်း၌။ ဥပဂန္တဗ္ဗံ၊ ကပ်အပ်၏။ ဝါ၊ ကပ်ရာ၏။ (တသ္မာ ဥပဂန္တဗ္ဗတ္တာ၊ ထိုသို့ ကပ်အပ်, ကပ်ရာသည်၏ အဖြစ်ကြောင့်။ တိဏကုဋ္ဋိယော၊ မြက်ဖြင့် မိုးအပ်ကုန်သော ကုဋိတို့ကို။ ဝါ၊ မြက်အမိုးရှိကုန်သော ကုဋိတို့ကို။ ကတွာ၊ ပြုကြကုန်၍။ ဝသံ၊ မိုးလတို့ပတ်လုံး နေခြင်းသို့။ ဥပဂစ္ဆိံသု၊ ကပ်ကြကုန်ပြီ။ [ယသ္မာ–၏အဖက်–တသ္မာ–ထည့်၍ ပြန်သတ်။ (ဋ္ဌ၊ ၁၊ ၂၄၈။ ဋ္ဌသျှ၊ ၂၊ ၃၄၃။ ဋ္ဌသျှသစ်၊ ၃၊ ၂၈၆။)]

---

၂။ ။ (ခ)အမှတ်ပြဝါကျ သာဘောဂ (ဋ္ဌပနာတိက) စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် သဒ္ဒါရဗန္ဓ–ပုဒ် အပိုထည့်၍ ဖွင့်ဆိုတော်မူ၏။ (ဋ္ဌပနာ)။ သံဝဏ္ဏေတဗ္ဗအားလျော်စွာ တိဏကုဋ္ဋိယော ပုဒ်၏ မဇ္ဈေလောပီတပ္ပုရိသ်သမာသ်၏ အဖြစ်ကို သိစေနိုင်သည်၊ တိဏစ္ဆဒနာ ကုဋိယော

http://www.dhammadownload.com



ကတ္တာ–လောက်သာ ဆိုသင့်သည်မဟုတ်ပါလော(အာဘောဂ)။ "သဒ္ဒါရဗန္ဓာ"ဟု အပိုထည့်၍ဖွင့်ဆိုသော ဆရာစကားသည် အဘယ်သို့သော ဒဋ္ဌိကရဏယုတ္တိဝစနဖြင့် သင့်နိုင်ပါအံ့နည်း(စောဒနာ)။ [ သာဘောဂပုစ္ဆာနှင့် သာဘောဂစောဒနာ အတူတူ ဖြစ်ကြောင်းကို ပထမအုပ် ၁၃၁၅–ခုနှစ် ပါရာဇိကဏ် အဖြေ၌ ဖော်ပြခဲ့ပြီး ဖြစ်၏။] ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာ တော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

မှတ်ချက်။ ။ ဤအတက်ကား (ခ)အမှတ်ပြဝါကျကို "ဒဋ္ဌိဝါကျ"ဟု ယူသော ဂဏ္ဌိ (၄၆၈) အလို ဖြစ်သည်။

[ ဒဋ္ဌိကူရပုံ။ ။ ဆဒနာ–ဖြင့် တိဏကုဋိယော–ပုဒ်၏ မဇ္ဈေလောပီ တပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်ကို ပြသည်။ စောဒကက "သံဝဏ္ဏေတဗ္ဗအားလျော်စွာ မဇ္ဈေလောပီ တပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်ကို သိစေနိုင်သည့် တိဏစ္ဆဒနာ ကုဋိယော ကတ္တာ–လောက်သာ ဖွင့်သင့်၏။ သဒ္ဒါရဗန္ဓာ–ပုဒ် အပိုထည့်မဖွင့်သင့်"ဟု ယူဆသည်။ သဒ္ဒါရဗန္ဓာ–ပုဒ် အပိုထည့်ဖွင့်သည်ကို စောဒက,က မနှစ်မြို့နိုင်။ ယင်းသို့ မနှစ်မြို့နိုင်ရာ သောကြောင့် ကျမ်းဆရာဤဒဋ္ဌိကရဏကျကို ရေးရသည်။ ဒဋ္ဌိမှန်သမျှ အဖြေထုး၍ ရေးရသည်။ အဖြေထုး၍ရေးရသောကြောင့် သာမညအာဘော်ထားရသည်။]

(တစ်နည်း) အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ထိုရဟန်းတို့သည် မြက်ဖြင့် မိုးအပ်ကုန်သော ကုဋီတို့ကို (ဝါ) မြက်အမိုးရှိကုန်သော ကုဋီတို့ကို ပြုကြကုန်၍ ဝါကပ်ကြကုန်၏"ဟု ဆိုတော်မူ၏(ဥပနာ)။ ထိုရဟန်းတို့သည် အလိုနည်းခြင်း အစရှိကုန်သော ဂုဏ်တို့ဖြင့် ပြည့်စုံကြ၍ မြတ်သောအကျင့်ကို ကျင့်ကြသောကြောင့် အမိုးဖြင့် မမိုးအပ်ဘဲလည်း (ဝါ) အမိုးမရှိဘဲလည်း ဝါကပ်နိုင်ရာသည် မဟုတ်ပါလော(အာဘောဂ)။ [ ပရိဟာရဝါကျရှိ ပိ၊ စ– အစွန်းအစကို ကြည့်တက်ရသည်။] အဘယ်ကြောင့် မြက်ဖြင့် မိုးအပ်ကုန်သော ကုဋီတို့ကို (ဝါ) မြက်အမိုးရှိကုန်သော ကုဋီတို့ကို ပြုကြကုန်၍ ဝါကပ်ကြ ကုန်သနည်း(စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

မှတ်ချက်။ ။ ဤအတက်ကား "ကုဋိယော ကတ္တာ ဝဿူပဂမနေ ပယောဇနံ ဝသံ ဥပဂစ္ဆန္တေနဟိတိ အာဒိမာဟ"ဟု ဆိုသော ယောဇနာ (၁၄၉) အလို ဖြစ်သည်။ [ ကာရဏ မကောင်း၊ ယုတ္တိ မရှိ၊ ယောဇနာ ဆို၍ အဆိုနှင့်လိုက်အောင် တက်ခြင်းသာ ဖြစ်သည်။]

---

၃။ ။(ခ)(ဂ)အမှတ်ပြဝါကျတို့၏ အကြောင်းနှင့်တကွ အမည်

(ခ) အမှတ်ပြ ဝါကျသည် (ဂ) အမှတ်ပြဝါကျကို ယုတ္တိအားဖြင့် မြဲမြဲ ခိုင်ခံ့အောင် ပြုသောကြောင့် ယုတ္တိဒဋ္ဌိကရဏဝါကျ။ (ဂဏ္ဌိ။)

(တစ်နည်း) (ခ) အမှတ်ပြဝါကျသည် အကျိုး၏အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ။ (ယောဇနာ။ သျှ၊ သျှသစ်။)

http://www.dhammadownload.com



(ဂ)အမှတ်ပြဝါကျသည် (ခ)အမှတ်ပြဝါကျကို အာဝုံအားဖြင့် မြဲမြဲခိုင်ခံနိုင်အောင် ပြသောကြောင့် အာဂမဒဠှီကရဏဝါကျ။

မှတ်ချက်။ ။ သာစကဝါကျ၊ ဉပကကာရဏဝါကျ အမည်များလည်း ရနိုင်ပါသည်။ [အာဂမဒဠှီကရဏဝါကျ ရက သာစကဝါကျ ဉပကကာရဏဝါကျ အမည်များလည်းရနိုင်ကြောင်းကို ပထမအုပ် ၁၃၁၆–ခုနှစ် ပါရာဇိကဏ် (၂၊ ၃) နံပါတ် အဖြေများ၌ ရှု။]

ဝသံ–ပုဒ်စာစပ်။ ။ဝသံ–ကား "သို့" ဟူ၍ အနက်ပေးသောကြောင့် ဉပဂစ္ဆန္တေန–၌ "ဉပ–ပုဗ္ဗ, ဂမု–ဓာတ်၊ အန္တ–ပစ္စည်း"ဟု ဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဉပဂစ္ဆန္တေန–ကား ကံ၏ကြိယာ၊ (ဝါ) ထိုကံကို မဟောသော ကိတ်ကြိယာဝါစကတည်း။

ဝသံ–ကား "သို့" ဟူ၍ အနက်ပေးထားသောကြောင့် ဉပဂန္တဗ္ဗံ–၌ "ဉပ ပုဗ္ဗ, ဂမု–ဓာတ်၊ တဗ္ဗ–ပစ္စည်း"ဟု ဆိုအပ်သော ကိတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံ၊ ဉပဂန္တဗ္ဗံ–ကား ကံ၏ကြိယာ၊ (ဝါ)ထိုကံကို ဟောသော ကိတ်ကြိယာဝါစကတည်း။

မှတ်ချက်။ ။ ဝသံ–ကို ဉပဂစ္ဆန္တေန–၌စပ်ခိုက် ပုလ္လိင်၊ ဒုတိယာကေဝုစ်၊ ဉပဂန္တဗ္ဗံ–၌ စပ်ခိုက် နပုလ္လိင်၊ ပထမာ ကေဝုစ်၊ ဉပဂန္တဗ္ဗံ–၌ စပ်ခိုက် လိင်ပြန်သည်။

[ဝသံပုဒ် ဆန်းပုံ။ ။ ဒေဝေါ ဝဿတိ ဧတ္ထာတိ ဝဿော၊ အာဝသနံ အာဝါသော၊ ဝဿေ အာဝါသော ဝဿော။ "မိုးလတို့ပတ်လုံး နေခြင်းကို" ဟုပေး။ "ဝဿာဝါသံ"ဟု ဆိုလိုလျက် အာဝါသ ဟူသော နောက်ပုဒ်ကျေ၍ "ဝသံ"ဟု နေသည်။ ဝသံ–ကို "ဝဿာဝါသံ"ဟု သာရတ္ထ (၂၊ ၁၁၄) ဖွင့်သည်ကို ထောက်။

(ပါရာဇိကကဏ္ဍ၊ ၄၊ ၁၊ ၁၄၂။)ရှိ ဝေရဉ္ဇာယံ ဝဿာဝါသံ–၌ ဝဿာဝါသံ–ကို "တယော မာသေ ဝါသံ"ဟု ဖွင့်ထားသည်ကိုလည်းကောင်း ဝဿာဝါသံကို (သျှသစ်၊ ၂၊ ၄၆၅။)က "မိုးလတို့ပတ်လုံးနေခြင်းကို"ဟု ပေးထားသည်နှင့် "ဝဿေ အာဝါသော ဝဿာဝါသော"ဟု ဝိဂြိုဟ်ပြထားသည်ကိုလည်းကောင်း ထောက်၍ သာရတ္ထ၏အာဘော်ကို သိ။ သတ္တမိတပ္ပုရိသ် ကြံ၍ "မိုးလတို့၌ နေခြင်းကို"ဟုလည်း ပေးကြသည်။ ကောင်းလှမည်မထင်။

ဤမျှသော စကားရပ်ဖြင့် ဝသံ–ပုဒ် ပုဒ်ပြီးပုံနှင့်ပုလ္လိင်ဖြစ်သည်မှာ ထင်ရှားပြီ၊ ပုလ္လိင်ဖြစ်သောကြောင့် ဉပဂန္တဗ္ဗံ–၌စပ်ခိုက် အာဝါသံ ပုညကမ္မိနန္တိ အာဝသန္တိ ဧတ္ထ ပုညကမ္မိနော ဧနာတိ အာဝါသော၊ အာဝါသောတိ ဝတ္တဗ္ဗေ အာဝါသန္တိ လိင်္ဂဘေဒံ ကတွာ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ဗုဒ္ဓဝံသ (၄၊ ၈၈။)၌ ကဲ့သို့ နပုလ္လိင် ပြန်နေသည်။ နပုလ္လိင်ပြန်နေသောကြောင့် စိတ္တံ–ကဲ့သို့ ပထမာဝိဘတ်၊ ဝုတ္တကံ။]

---

၄။ ။ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

သေနဋ္ဌ တံ အာသနဋ္ဌာတိ သေနာသနံ။ တံ၊ ထိုကျောင်းတည်းဟူသော အရပ်သည်။ သေနဋ္ဌ၊ အိပ်ရာလည်း။ ဟောတိ၊ ဖြစ်၏။ အာသနဋ္ဌ၊ နေရာလည်း။ ဟောတိ၊ ဖြစ်၏။ (တစ်နည်း) သေနဋ္ဌ၊ အိပ်ရာလည်း ဟုတ်၏။ အာသနဋ္ဌ၊

http://www.dhammadownload.com



နေရာလည်းဟုတ်၏။ ဣတိတသ္မာ။ ထိုနှစ်ပါးသော သတ္တိကြောင့်။ သေနာသနံ၊ သေနာသနမည်၏။

သေနဉ္စ တံ အာသနဉ္စာတိ-ကား ဝိသေသနော‌ဘယကမ္မဓာရယ်သမာသ် ဝိဂြိုဟ်၊ သေနာသနံ-ကား ဝိသေသနောဘယကမ္မဓာရယ် သမာသ်ပုဒ်၊ သေန-ပုဒ်၊ အာသန-ပုဒ်။ ဤသေနာသနံ-ဟူသော ဝိသေသနောဘယကမ္မဓာရယ်သမာသ်ပုဒ်၌ သေနံ-ဟူသော ရှေ့ပုဒ်၏အရကား အိပ်ရာ-ဟူသောဂုဏ်သည် မုချအားဖြင့် ရ၏။ အာသနံ-ဟူသော နောက်ပုဒ်၏အရကား နေရာဟူသောဂုဏ်သည် မုချအားဖြင့် ရ၏။ ထိုဂုဏ်နှစ်ပါးတို့၏ ကျောင်းတည်းဟူသောအရပ်နှင့် ဂုဏ်,ဂုဏီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ သမာသ်ပုဒ်လုံး၏ အရကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော အိပ်ရာနေရာဖြစ်သော ကျောင်းတည်းဟူသော အရပ်ရ၏။

မှတ်ချက်။ ။ ဆရာတော်ဦးဖုမ် ဗျာသပဏာမအကောက် (ဥာသ်ကောက်) အနဃောတ္တမော စသော ဒကို့ဏေယျောစာတိ အနဃောတ္တမဒကို့ဏေယျော-ဟူသော ဝိသေသနောဘယကမ္မဓာရယ်သမာသ်၌ ကောက်သည်ကို နည်းမှီးကောက်သည်။

ဤ၌ သေနာသန-ပုဒ်သည် ကျောင်းဟောဖြစ်၍ ခဉ္စော စ သော ခုဇ္ဇော စာတိ ခဉ္စခုဇ္ဇော (ခွင်လည်းခွင်, ကုန်းလည်းကုန်းသောသူ)ကဲ့သို့ ဝိသေသနောဘယကမ္မဓာရယ်သမာသ်တည်း။ ဂုဏဝါစက အပဋ္ဌာန ပုဒ်နှစ်ပါးတွဲစပ်သော သမာသ်မျိုးကို "ဝိသေသနောဘယ"ဟု ဆိုသည်။ ယင်း ဝိသေသနပုဒ်သည်လည်း ပဋ္ဌာနံ ပဟာယ အပဋ္ဌာနဿာဘာဝေါ-ဟူသော ပရိဘာသာအရ ပဋ္ဌာနပုဒ်နှင့်ကင်းသော အပဋ္ဌာနပုဒ် မည်သည်မရှိသောကြောင့် ကျေလေသောပဋ္ဌာနပုဒ်ကို ဟောကြရသည်။

[ သေနာသန-ပုဒ် ကမ္မဓာရယ် အထောက်။ ။ သေတိ ဧတ္ထာတိ သေနံ၊ ဝိဟာရော။ အာသတိ နိသီဒတိ ဧတ္ထာတိ အာသနံ၊ ဝိဟာရော။ သေနဉ္စ တံ အာသနဉ္စာတိ သေနာသနံ၊ ဝိဟာရော။ (ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ သာသက် သိက္ခာပုဒ်။ ၂၀၃။)

သေနာသန-ပုဒ် ဒွန် အထောက်။ ။ သေတိ စေဝ အာသတိ စ ဧတ္ထာတိ သေနာသနံ။ မဉ္စပီဌာဒီနမေတံ အဓိဝစနံ။(သီလက္ခန္ဓဝဂ္ဂ၊ ဋ္ဌ၊ ၁၈၇။) ဧတ္ထာတိ ဣမိနာ သေန-သဒ္ဒဿ, အာသန-သဒ္ဒဿ စ အဓိကရဏတ္ထဘာဝံ ဒဿေတိ။ စ-သဒ္ဒေန စ တဒုဘယပဒဿ စတ္ထသမာသဘာဝံ(ဒွန်သမာသ်အဖြစ်ကို)(ဒဿေတိ)။ (သီဋီသစ်၊ ၂၊ ၁၁၉။)

သေနာသနန္တိ သေနဉ္စ အာသနဉ္စ။ ။ ယတ္ထ ယတ္ထ ဟိ သေတိ ဝိဟာရေ ဝါ အမုယောဂါဒိမှိ ဝါ၊ တံ သေနံ၊ ယတ္ထ ယတ္ထ အာသတိ နိသီဒတိ၊ တံအာသနံ။ တံ ဧကတော ကတွာ သေနာသနန္တိ ဝုစ္စတိ။ (ဝိသုဒ္ဓိမဂ္ဂ၊ ၁၊ ၃၂။)

သေနာသနံ ပဋိသာမေတွာ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၇၄) ၌ သေနာသန ပုဒ်ကို "အိပ်ရာနေရာကို"ဟု ပေး၍ "သေတိ ဧတ္ထာတိ၊ အာသတိ ဧတ္ထာတိ၊ သေနဉ္စအာသနဉ္စ"ဟု (သျှသစ်၊ ၃၊ ၂၂။) ၌ ဒွန်သမာသ်တွဲသည်ကိုလည်း ထောက်။

"ကျောင်းကို" ဟု ပေးရာ၌ ကမ္မဓာရယ် "အိပ်ရာနေရာကို"ဟု ပေးရာ၌ ဒွန် "ကျောင်း, အိပ်ရာနေရာကို" ဟု ပေးရာ၌ ယင်းသေနာသန-နှစ်ပုဒ်ကို "သေနာသနဉ္စ သေနာသနဉ္စ သေနာသနံ" ဟု ဧကသိသ်ပြု။]

http://www.dhammadownload.com



၅။ ။ ဓာတွာဒိဝိဘာဂ

ဒွါရ-ကား နပုလ္လိင်၊ ဒွိ-သဒ္ဒူပပဒ, အရ-ဓာတ်၊ ဂတျတ္ထ၊ ဏ-ပစ္စည်း၊ အဓိကရဏတ္ထ။ (ဓာန်ဋီ၊ နီတိ ဓာတု၊ မဏိမဥ္ဇူ။) ကရဏတ္ထ။ (မဏိမဥ္ဇူ)

(တစ်နည်း) ဒု-ပုဗ္ဗ, ဝါရ-ဓာတ်၊ နိဝါရဏတ္ထ၊ ဏ-ပစ္စည်း၊ အပါဒါနတ္ထ။ (ဓာန်၊ ဋီ။)

(တစ်နည်း) ဒွရ-ဓာတ်၊ သံဝရဏတ္ထ၊ ဏ-ပစ္စည်း၊ ကရဏတ္ထ (နီတိ ဓာတု)

မှတ်ချက်။ ။ ပါဠိယံ တု "ဒွါရံ ဒွါရာ" တိ စ လ္လတ္တိနပုံသကဝသေန ဒွါရ-သဒ္ဒေါ ဝုတ္တော-ဟူသော နီတိဓာတု (သဒ္ဒနီတိဓာတုမာလာ) အလို ဒွါရ-သဒ္ဒါ လ္လတ္တိလိင်၊ နပုလ္လိင်။

[ ထောက်ဖွယ်။ ။ ဒွေ အရန္တျတြာတိ ဒွါရံ၊ ဒုဋ္ဌေ ဝါရယန္တျသ္မာတိ ရက္ခကာတိ ဒွါရံ၊ ဥ-လောပေါ။ (ဓာန်၊ ဋီ၊ ၂၁၉။)

ဒွရ-သံဝရဏေ၊ သံဝရဏံ ရက္ခကာ။ ဒွရန္တိ သံဝရန္တိ ရက္ခန္တိ ဧတေနာတိ ဒွါရံ၊ အထဝါ ဒွေ ကဝါဋ္ဌာ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတ္ထာတိပိ ဒွါရန္တိ။ ဂေဟဒွါရမ္ပိ ကာယဒွါရာဒိနိပိ ဥပါယောပိ ဒွါရန္တိ ဝုစ္စတိ။ ပါဠိယံ တု "ဒွါရံ ဒွါရာ"တိစ လ္လတ္တိပုမ နပုံသကဝသေန ဒွါရ-သဒ္ဒေါ ဝုတ္တော။ (နီတိ ဓာတု၊ ၁၅၀)

နိက္ခမန္တာ ပဝိသန္တာစာတိ ဒွေ ဇနာ အရန္တိ ဂစ္ဆန္တိ ဧတ္ထ, ဧတေဟီတိ ဝါ ဒွါရာနိ၊ နိက္ခမနပ္ပဝိသနသခါတာနိ ဝါ ဒွေ ကိစ္စာနိ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတ္ထ, ဧတေဟီတိဝါ ဒွါရာနိ၊ ပကတိဒွါရာနိ။ (မဏိမဥ္ဇူ ၁၊ ၃၉၁။)]

ဗန္ဓ-ကား နပုလ္လိင်၊ ဗန္ဓ-ဓာတ်၊ ဗန္ဓနတ္ထ၊ အ-ပစ္စည်း၊ အဓိကရဏတ္ထ ဖြစ်ပါသည်။

[ ထောက်ဖွယ်။ ။ ဗန္ဓ ဗန္ဓနေ။ (နီတိ၊ ဓာတု၊ ၁၀၉။) ဒွါရဿ ဗန္ဓံ ဒွါရဗန္ဓံ၊ (ယောဇနာ။ ၁၄၉။ သျှသစ်၊ ၃၊ ၂၈၆)၌ ဗန္ဓံ-ကို ထောက်၍ နပုလ္လိင်၊ ဒွါရဗန္ဓ-ပုဒ်နှင့် တံခါးပေါင်ဟော အနက်တူ ဒွါရဗန္ဓန-ပုဒ်ကို "ဒွါရံ ဗန္ဓတိ ပိဒဟာတိ ဧတ္ထာတိ ဒွါရဗန္ဓနံ"ဟု ဓာန်၊ ဋီ(၂၁၈) ပြုသည်ကို ထောက်၍ အဓိကရဏတ္ထ၊ "ဒွါရံ"ဟု ဒုတိယာ ဝိဘတ်နှင့် ဓာန်၊ ဋီ ဆိုသည်မှာ ဝိဂြိုဟ်တုအားဖြင့်သာ၊ ဝိဂြိုဟ်စစ်အားဖြင့်ကား "ဒွါရဿ ဗန္ဓနံ ဒွါရဗန္ဓနံ" ဟု ဆင်ခြတပ္ပုရိသ် ဆိုရမည်သာ။]

[ ဆဋ္ဌန္တ၊ ရှေ့ပါဋ်ပြကာ၊ နောက်ပဒမှာ၊ ကရဏာဓိကရဏာ ပြုစရ၊ နယကျမ်းနှင့်အညီ-ဟူသော သမ္ဗန္ဓစိန္တာဂဏ္ဌိသစ် (၆၂) နယပ္ပဒေသအရ ရှေ့ပါဋ်ကို ယောဇနာဆရာ "ဒွါရဿ"ဟု ဆဋ္ဌန္တပြသဖြင့် နောက်ပုဒ် ကရဏ, အဓိကရဏ ပြုရသည်ကို သိရသောကြောင့် ဤ၌ အ-ပစ္စည်းကရဏတ္ထလည်း သင့်သည်ပင်။

ဗန္ဓ-၌ အ-ပစ္စည်း ကံဟော မဟုတ်။ ။ အဂ္ဂဠဋ္ဌပနာယာတိ သက ဝါဋ္ဌက ဒွါရဗန္ဓဋ္ဌပနာယ။ (ပါစိတျာဒိ၊ ဋ္ဌ၊ ၄၉။) ဒွါရဗန္ဓေန အဂ္ဂဠဿ အဓိနာဘာဝတော "အဂ္ဂဠဋ္ဌပနာယာ"တိ ဝုတ္တောပိ အဂ္ဂဠေန သဟဒွါရ ဗန္ဓဋ္ဌပနာယာတိ အတ္ထော ဂဟေတဗ္ဗော။ (ပါစိတျာဒိယောဇနာ။ ၁၃၅။) "အဂ္ဂဠ-သဒ္ဒေန တံ သမ္ဗန္ဓတော ဒွါရဖလကသဟိ တံ ဒွါရဗန္ဓနံ အဓိပ္ပေတံ။ (ကင်္ခါဋီကာသစ်။ ၃၇၀။)

http://www.dhammadownload.com



ဤအဖွင့်အရ ပါစိတ် ဘူတဂါမဝဂ် မဟလ္လကသိက္ခာပုဒ်၌ရှိသော အဂ္ဂဠ သဒ္ဒါသည် တံခါးရွက်ကိုသာ ဟောသော်လည်း တံခါးပေါင်နှင့်တံခါးရွက် မကင်း ကောင်းသောကြောင့် အဝိနာဘာဝနည်းအားဖြင့် တံခါးပေါင်ကိုပါ အဂ္ဂဠ–သဒ္ဒါဖြင့် ယူအပ်သကဲ့သို့ ထို့အတူ ဤသဒ္ဒါရ ဗန္ဓေ–၌ ဒွါရဗန္ဓ–သဒ္ဒါသည် တံခါးပေါင်ကိုသာ ဟောသော်လည်း တံခါးပေါင်နှင့်တံခါးရွက် မကင်းသောကြောင့် နာန္တရီကနည်းအား ဖြင့် တံခါးရွက်ကိုပါ ဒွါရဗန္ဓ–သဒ္ဒါဖြင့် ယူအပ်၏။

ဤသို့ယူမှ တေန ခေါ ပန သမယေန ဘိက္ခူ အသေနာသနိကာ ဝသံ ဥပဂစ္ဆန္တိ။ သီတေနပိ ကိလမန္တိ။ ဥဏှေနပိ ကိလမန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ န ဘိက္ခဝေ အသေနာသနိကေန ဝသံ ဥပဂန္တဗ္ဗံ ယော ဥပဂစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ (ပါစိတျာဒိ၊ ဌ၊ ၂၁၂)၌ သီတေနပိ ကိလမန္တိ၊ ဥဏှေနပိ ကိလမန္တိ ဟူသောနိဒါန်းနှင့် လျော်မည်။ ဤနိဒါန်းကို ထောက်၍ သီတဥဏှကို ပယ်သောကျောင်းကိုသာ ဤ၌ အလိုရှိအပ်သောကြောင့် တံခါးရွက်ပါပါသည်မှာ ထင်ရှားပါ၏ ဟူလို။ ထို့ကြောင့်–

အတ္ထပကရဏာ လိင်္ဂါ၊ ဩစိတျာ ကာလဒေသတော။

သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ န သဒ္ဒါယေဝ ကေဝလံ (ဓာလိနီ၊ ၉၃) ပရိ ဘာသာနှင့် လိုက်လျောညီထွေ အဂ္ဂဠဋ္ဌပနာယကို "တံခါးရွက်နှင့်တကွ တံခါးပေါင်ကို မြဲမြံစွာ ထားခြင်းငှါ"ဟု ပေးသကဲ့သို့ ဤသဒ္ဒါရဗန္ဓေ–ကိုလည်း တံခါး၏ဖွဲ့ရာ တံခါးပေါင်နှင့်တကွ တံခါးရွက်ရှိသော" ဟု ပေးနိုင်သည်။

အချို့က ဒွါရဗန္ဓ–သဒ္ဒါကို တံခါးပေါင်ဟောယူက တံခါးပေါင်သာ ပါပြီး တံခါးရွက်မပါ၍ ယခင်နိဒါန်းနှင့်မလျော်သောကြောင့် တံခါးရွက်ရအောင် ဗန္ဓကို "ဗန္ဓီယတေတိ ဗန္ဓံ"ဟု ကမ္မသာဓနကြံ၍ ဒွါရ–နှင့် "ဒွါရဉ္စ တံ ဗန္ဓဉ္စာတိ ဒွါရဗန္ဓံ"ဟု ဝိသေသနပရနိပါတကမ္မဓာရယ်တွဲသည်။ ထို့နောက်မှ ဗဟုဗ္ဗီဟိတွဲသည်။ "ဖွဲ့အပ် သော တံခါးရွက်ရှိသော"ဟု ပေးလိုသည်။ မကောင်းပါ။ ဘာကြောင့်နည်း။ အထက်ပါ ပါဠိတော်၏အဖွင့်–အသေနာသနိကေနာတိ ယဿ ပဉ္စန္နံ ဆဒနာနံ အညတရေန ဆန္နံ ယောဇိတဒွါရဗန္ဓနံ သေနာသနံ နတ္ထိ၊ တေန န ဥပဂန္တဗ္ဗံ– ဟူသော အဋ္ဌကထာ (ပါစိတျာဒိ၊ ဌ၊ ၃၅၄)၌ သဒ္ဒါရဗန္ဓ–ပုဒ်နှင့် အလားတူ ယောဇိတဒွါရဗန္ဓန–ပုဒ်ကို ထည့်ဖွင့်သည်ကို ထောက်၍ ဒွါရဗန္ဓ–သဒ္ဒါ တံခါးပေါင်ကို ဟောသည်မှာ ထင်ရှားသောကြောင့်တည်း။

ဤစကားစဉ်အရ ဒွါရဗန္ဓ–သဒ္ဒါ အဘိဓာန်လာ တံခါးပေါင်ဟော ဒွါရ ဗန္ဓန–သဒ္ဒါနှင့်အနက်တူ ပရိယာယ်ပုဒ်ဖြစ်ကြောင်း၊ ဗန္ဓ–၌ အ–ပစ္စည်း ကံဟော မဟုတ်ကြောင်းကို မှတ်သားရာသတည်း။]

http://www.dhammadownload.com



၆။ ။ (က)အမှတ်ပြဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

တိဏ္ဏစ္ဆဒနာ ကုဋိယော-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် တိဏကုဋိယော ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ တတိယာတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်, ယင်း တတိယာတပ္ပုရိသ်သမာသ်ပုဒ်၏ ကရိဏ်းအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္တသံဝဏ္ဏနာ။ (တစ်နည်း) တိဏကုဋိယော ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "တိဏေန ဆဒနာ ကုဋိယော တိဏကုဋိယော"ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေ ပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ ဆဒန-ဟူသော အလယ်ပုဒ် ကျေနေသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ ဤကား "မဇ္ဈေလောပီတတိယာတပ္ပုရိသ်ပြု"ဟု ယူသော ဂဏ္ဌိနှင့် တိဏစ္ဆဒနာ-ကို "မြက်ဖြင့်မိုးသော"ဟုပေးသော သျှအလို ဖြစ်သည်။ ဤနည်းသည် တတိယန္တဖြစ်သော အညတရေန-ဟူသော အဋ္ဌကထာနှင့် ပဏာရ သည်။ သာရတ္ထဆရာကား မဇ္ဈေလောပီသမာသ်သာမန်သာဆိုသည်။

(တစ်နည်း) တိဏစ္ဆဒနာ ကုဋိယော-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် တိဏစ္ဆ-ဒနာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ သတ္တမီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏အဖြစ်, ယင်း သတ္တမီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ အာဓာရ(ဩကာသ)အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္တသံဝဏ္ဏနာ။ (တစ်နည်း) တိဏစ္ဆ-ဒနာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "တိဏံ ဆဒနံ ဧတာသုတိ တိဏစ္ဆဒနာ"ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါ သည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

တိဏကုဋိယော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ကမ္မဓာရယ်သမာသ်ပုဒ်၏ အဖြစ်, ယင်းကမ္မဓာရယ်သမာသ်ပုဒ်၏ တုလျအနက်ဟော၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္တသံဝဏ္ဏနာ။ (တစ်နည်း) တိဏ- ကုဋိယော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "တိဏစ္ဆဒနာ ကုဋိယော တိဏ ကုဋိယော"ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ တိဏစ္ဆဒနာ-ဟူသော ရှေ့ပုဒ်၌ ဆဒနာ- ဟူသော နောက်ပုဒ်ကျေနေသည်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထ သံဝဏ္ဏနာ။

မှတ်ချက်။ ။ ဤကား တိဏစ္ဆဒနာ-ကို "မြက်မိုးရှိသော"ဟု ပေး၍ "တိဏံ ဆဒနံ ဧတာသု ကုဋီသုတိ တိဏစ္ဆဒနာ"ဟု ဝိဂြိုဟ်ပြုသော သျှသစ်အလိုဖြစ် သည်။ ဥပေက္ခာသတိပါရိသုဒ္ဓိံ ပုရိမပဒေ ဥတ္တရပဒလောပေနေတံ သမာသပဒန္တိ အာဟ ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိန္တိ-ဟူသော သာရတ္ထ (၁၊ ၃၇၉)ကိုလည်း အတုယူသည်။ [ ပဌမအုပ် ၁၃၃၁-ခုနှစ် ပါရာဇိကဏ်အဖြေ၌ ရှု။ ]

[ ကျက်။ ။ သံဝဏ္ဏနာ၊ ဖွင့်ဆိုရာ၌၊ ပါဠိရင်းမှာ၊ ရှိတာမပြ၊ အနတ္ထ၊ သေသတုလျကြ၊ မရှိတာပြ၊ တဒ္ဓိတ၊ လောပသမာသ်ကြ။ အဓိပ္ပါယ် ကို ပဌမအုပ် ၁၃၁၇-ခုနှစ် ပါရာဇိကဏ်အဖြေ၌ရှု။ ]

http://www.dhammadownload.com



ဒွါရဗန္ဓာ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တိဏကုဋိယော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အရ အမိုးသာမဟုတ်, တံခါး၏ဖွဲ့ရာတံခါးပေါင်လည်း ပါရှိသည့်ကျောင်းကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။ အပေါင်းဖြစ်သော မြက်မိုးကုဋိ၏ တိဏကုဋိယော-ဟူသော အမည်ကို အစိတ်ဖြစ်သော မြက်အမိုးလည်းရှိ, တံခါးပေါင်လည်းရှိသော ကုဋိ၌ တင်စား၍ အစိတ်ဖြစ်သော မြက်အမိုးလည်းရှိ တံခါးပေါင်လည်းရှိသော ကုဋိကို "တိဏကုဋိယော" ဟု ဆိုသည်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

[သာရတ္ထဖွင့်ပုံ။ ။ တိဏစ္ဆဒနာ ကုဋိယော မဇ္ဈေပဒလောပီသမာသံ ကတွာ, ကေဒေသေဝါ သမုဒါယဝေါဟာရဝသေန "တိဏကုဋိယော"တိ ဝုတ္တာ။ "ဝသံ ဥပဂစ္ဆိံသု"တိ ဝစနတော ဝဿူဂမနာရဟာ သဒွါရဗန္ဓာဝ ဝေဒိတဗ္ဗာတိ အာဟ "တိဏစ္ဆဒနာ သဒွါရဗန္ဓာ ကုဋိယော"တိ။ (သာရတ္ထ၊ ၂၊ ၁၁၄။)]

ဤ၌ တိဏစ္ဆဒနာ ကုဋိယော မဇ္ဈေလောပီသမာသံ ကတွာ-ဖြင့် ဆဒနံ-ကို ဖောင်းဖွင့်သည်။ ဧကဒေသေ ဝါ-စသောကျန်စကားရပ်ဖြင့် သဒွါရဗန္ဓာ-ကို ဖောင်းဖွင့်သည်။ သဒွါရဗန္ဓာ-ကို ဖောင်းဖွင့်ရာတွင် ဧကဒေသေ။ပ။ ဝုတ္တာ-ကို ကြည့်၍ ဘာဝတ္ထ,ဝသံ။ပ။ ကုဋိယောတိ-ဟူသောနောက်အဖွင့်ကို ကြည့်၍သရုပ်ကြားအဘိဓေယျတ္ထဖော်သည်။ သရုပ်ကြားအဘိဓေယျတ္ထ၏အဖြစ်ကို သိစေလျှင်လည်း သမုဒါယူပစာအားဖြင့် ဆိုထားသည်၏အဖြစ်ကိုလည်း သွယ်ဝိုက်၍ သိစေပြန်သောကြောင့် ဧကဒေသေ ဝါ။ပ။ ဝုတ္တာ-ဖွင့်သည်နှင့် မထူးလှချေ။ ရိုးရိုးတိုက်ရိုက်ဖွင့်သည်နှင့် သွယ်ဝိုက်၍ အာဘော်သွားဖွင့်သည်သာ ထူးသည်။

ကတွာ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကရိတွာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ကတွာ-၏ ပရိယာယ်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပရိယာယ်အဘိဓေယျတ္ထသံဝဏ္ဏနာ။ [ အဘိဓေယျတ္ထ ၃-စားရှိသည်ကို ပထမအုပ် ၁၃၁၅-ခုနှစ် ပါရာဇိကဏ်အဖြေ၌ ဖော်ပြခဲ့ပြီ။]

---

၇။ ။ ပါဌ်အဆုံးအဖြတ်

ဗဓ-ဓာတ်, တ-ပစ္စည်းဖြင့် ဗဒ္ဓ, ဗန္ဓ-ဓာတ်, အပစ္စည်းဖြင့် ဗန္ဓပြီးသည်။ ဗဓ-ဓာတ်, ဗန္ဓ-ဓာတ် ၂-မျိုးလုံး ဗန္ဓနအနက်ကို ဟောနိုင်၍ ဗဒ္ဓ-နှင့် ဗန္ဓသည် အနက်တူပရိယာယ်ဖြစ်သောကြောင့် သဒွါရဗဒ္ဓ, သဒွါရဗန္ဓ-ပါဌ် ၂-မျိုးလုံး သင့်ပါသည်။ [မြန်မာမူ၌ ဗန္ဓ, သီဟိုဠ်မူ၌ ဗဒ္ဓ-ရှိသည်ဖြစ်၍ မြန်မာမူနှင့် သီဟိုဠ်မူ ကွဲမှုပင်တည်း]

[ထောက်ဖွယ်။ ။ ပရိယာယ်ဖြစ်သည်ကို ဗဓ-ဗန္ဓနေ၊ ဗဒ္ဓေါ၊ မိဂေါ။ ဗဒ္ဓေါ တိဗာဓိယတေ ဗန္ဓီယတေ သောတိ ဗဒ္ဓေါ။ (နီတိ၊ ဓာတု။၃၂၀။) ဗန္ဓဗန္ဓနေ။ ဗန္ဓနံ။ ဗန္ဓော။ (နီတိ၊ ဓာတု။ ၁၀၉။) တို့ကိုထောက်။]

---

၈။ ။ နည်း, ဥပစာ

တိဏကုဋိယော-ဟူသော နည်းသည် တံခါးအဖွဲ့မရှိသော မြက်မိုးကုဋိ, တံခါးအဖွဲ့ရှိသော မြက်မိုးကုဋိတို့နှင့်ဆက်ဆံသော်လည်း ဤအရာဝယ် တံခါးအဖွဲ့

http://www.dhammadownload.com



မရှိသော မြက်မိုးကုဋိ၌ မထင်၊ တံခါးအဖွဲ့ရှိသော မြက်မိုးကုဋိ၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် ရုဠ္ဌီနည်းမည်၏။

တိဏကုဋိ-သဒ္ဒါသည် အပေါင်းဖြစ်သော မြက်မိုးကုဋိအားလုံး၏ တိဏကုဋိ-ဟူသော အမည်ကို အစိတ်ဖြစ်သော တံခါးအဖွဲ့ရှိသော မြက်မိုးကုဋိ၌ တင်စား၍ အစိတ်ဖြစ်သော တံခါးအဖွဲ့ရှိသော မြက်မိုးကုဋိကို "တိဏကုဋိ"ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသျူပစာ-သမုဒါယူပစာမည်၏။

မှတ်ချက်။ ။ သဒ္ဒါရဇန္တာ-ပုဒ် အပိုထည့်ဖွင့်ခြင်းကြောင့် တိဏကုဋိ-၏အရ မြက်မိုးကုဋိမှန်သမျှကိုမရဘဲ တံခါးအဖွဲ့ပါ ပါရှိသော မြက်မိုးကုဋိကိုသာ ရတော့၍ ဧကဒေသျူပစာ-သမုဒါယူပစာ ဖြစ်ရသည်။

[ အဝိနာဘာဝနည်း, ဖလူပစာ။ ။ ကရိတ္ဝာ, ကတ္ဝာ-ကို ထောက်က အကျိုးဖြစ်သော မြက်မိုးကုဋိ၏ တိဏကုဋိ-ဟူသော အမည်ကို အကြောင်းဖြစ်သော မဆောက်ရသေးသော မြက်, ဝါး, သစ်သားစသော ဒြပ်၌တင်စား၍ အကြောင်းဖြစ်သော မဆောက်ရသေးသော မြက်, ဝါး, သစ်သား စသောဒြပ်ကို "တိဏကုဋိ"ဟု ခေါ်ဝေါ်ခြင်းကြောင့် ဖလူပစာမည်၏။ ဖလူပစာရကလည်း ဖွားဖက်တော် အဝိနာဘာဝနည်း ရတော့သည်သာ။ ဆောက်ပြီးမှ တိဏကုဋိ အမည်ရသည်၊ တိဏကုဋိ ဖြစ်ပြီးကလည်းဆောက်စရာမလို၊ မြက် ဝါး သစ်သား စသောဒြပ်ကိုသာ ဆောက်လုပ်ရသည်ဖြစ်၍ ဩဒနော ပစ္စတေ-ကဲ့သို့ မှတ်။ "သံဝဏ္ဏနာရှု၍"ဟု မေးသောကြောင့် သံဝဏ္ဏနာဖြစ်သော ကတ္ဝာ-၏ ပရိယာယ်သံဝဏ္ဏေတဗ္ဗ၌ ကရိတ္ဝာ-ပါပြီးဖြစ်၍ ဤအဖြေ၌ ဤနယူပစာမလို။]

---

၉။ ။ [ ဌ၊ ၁၊ ၂၅၀။]

---

၁၀။ ။ ပရိဝတ္တနဟာရနေတ္တိနည်း

ယော ဥပပဇ္ဇေယျ အာပတ္တိ ဒုက္ကဋဿ-ဟူသော ပါဠိတော်၌ ဥပပဇ္ဇေယျ-၏အရ (ကျောင်းမရှိဘဲ) ဝါကပ်ခြင်း အကျိုးကာယဝိညတ် ဝစီဝိညတ်ကို ဆိုသဖြင့် ထိုအကျိုးကာယဝိညတ်ဝစီဝိညတ်ကို ဖြစ်စေတတ်သော အကြောင်းဖြစ်သော ဝီတိက္ကမစေတနာ ပြဓာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူအပ်၏။ ထိုအကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ထို၏ပဋိပက္ခဖြစ်သော လဇ္ဇိဘာဝ, သဒ္ဓိယ, သုသိလျ, အာစာရိသုပ္ပဋိပတ္တိ စသောကုသိုလ်တို့သည်လည်းကောင်း, ထိုကုသိုလ်လျှင် အကြောင်းရှိကုန်သော ဘောဂသမ္ပတ္တိ, ဘဝသမ္ပတ္တိ စသော ပစ္စုပ္ပန်သံသရာ အကျိုးတို့သည်လည်းကောင်း ပပျောက်ကုန်၏။ ထိုအကုသိုလ်စိတ္တုပ္ပါဒ်လျှင် အကြောင်းရှိကုန်သော ဒုက္ကဋ်အာပတ်သို့ ရောက်ခြင်း, အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေးစသော ပစ္စုပ္ပန်သံသရာဘေးတို့သည် စည်ပင်ပြန့်ပွားများကုန်၏။ ဤသို့ သုတ္တာဂတဓမ္မတို့ကို ပဋိပက္ခအားဖြင့် ပယ်ခြင်းသည် ပရိဝတ္တနဟာရမည်၏- ဟူလိုသော်။

---

## ၁၉၇၇ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ အာသဝါနံ ခယ ဉာဏာယ စိတ္တံ အဘိနိန္နာမေသိ–ကို သမာဟိတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ အာနေဉ္ဇပ္ပတ္တေ–တို့၌ သဒ္ဒတ္ထ ထင်စေလျက် အနက်ယောဇနာပါ။

၂။ ။ တေန ခေါ ပန သမယေန အညတရာ ဣတ္ထီ ပဝုတ္ထပတိကာ ဇာရေန ဂဗ္ဘိနီ ဟောတိ။ သာ ကုလူပကံ ဘိက္ခုံ ဧတဒဝေါစ “ဣင်္ဃာယျ ဂဗ္ဘပါတနံ ဇာနာဟီ” တိ–ကို အနက်အားဖြင့် အာကာရဝါကျ သွင်း,ထုတ်နည်း နှစ်မျိုးဖြင့် အနက်ယောဇနာပါ။

၃။ ။ သရသိ တွံ ဒဗ္ဗ ဧဝရူပံ ကတ္တာ ယထာယံ ဘိက္ခုနီ အာဟာတိ။ ယထာ မံ ဘန္တေ ဘဂဝါ ဇာနာတီတိ–ဟူသော ပါဠိတော်ကို ကတ္တားနှစ်ခု ထည့်စွက်၍ အနက်ယောဇနာပါ။

၄။ ။ သစေ မေ တွံ အာဝုသော ဒါတုကာမောသိ၊ ဣတော ဧကံသာဋကံ ဒေဟီတိ။ အမှာကံ ခေါ ဘန္တေ ကုလပုတ္တာနံ ကိသ္မိံ ဝိယ ဧကေသာဋကံ ဂန္တုံ၊ အာဂမေဟိ ဘန္တေ ယာဝ ဃရံ ဂစ္ဆာမိ–ဟူသော ပါဠိတော်ကို ဣတော–အစွဲ ထင်စေလျက် အနက်ယောဇနာပါ။

အောက်ပါ အဋ္ဌကထာပါဌ်တို့ကို အနက်ယောဇနာပါ။

၅။ ။ အင်္ကုသကေ လဂ္ဂေတွာ ဌပိတဘဏ္ဍံ ပန ဘေသဇ္ဇဃဋော ဝါ ဘေသဇ္ဇတ္ထဝိကာ ဝါ သစေ ဘိတ္တိံ ဝါ ဘူမိံ ဝါ အဖုသိတွာ ဌပိတံ၊ လဂ္ဂနကံ ဃံသန္တဿ နီဟရတော အင်္ကုသကောဋိတော နိက္ခန္တမတ္တေ ပါရာဇိကံ။

၆။ ။ အပရော တံ မညမာနော အညံ အပရော အညံ တဿေဝ သဟာယံ မညမာနော တံ, အပရော အညံ တဿေဝ သဟာယံ မညမာနော အညံ တဿ သဟာယမေဝ ဇီဝိတာ ဝေါရောပေသိ။

၇။ ။ သမန္တာ ပရိယာဂါရောတိ သမန္တာ ပနဿ မဏ္ဍလမာဠပရိက္ခေပေါ ဟောတိ။ သော ကိရ မဇ္ဈေ စတုရဿံ ဂဗ္ဘံ ကတွာ ဗဟိ မဏ္ဍလမာဠပရိက္ခေပေန ကတော၊ ယထာ သက္ကာ ဟောတိ အန္တောယေဝ အာဝိဉ္ဆန္တေဟိ ဝိစရိတုံ။

http://www.dhammadownload.com



၈။ ။ တိဏကဋ္ဌပဏ္ဏသဋ္ဌန္တိ တတ္ထ တတ္ထ ပတိတံ တိဏကဋ္ဌပဏ္ဏံ။ အထဝါ တိဏဥ္စ နိဿာရကံ လဟုကံ ကဋ္ဌဥ္စ တိဏကဋ္ဌံ။

၉။ ။ မနာပါနိ တေ ဘိက္ခု ပံသုကူလာနီတိ ဘိက္ခု တဝ ဣမာနိ ပံသုကူလာနိ မနာပါနိ၊ အတ္တနော ရုစိယာ ခန္တိယာ ဂဟိတာနီတိ အတ္ထော။

၁၀။ ။ မစ္စု နာမ မက္ခိကာမစ္စူတိ မစ္စုကရိဟိ နာမ မစ္စုမက္ခိကာဟိ ခုဒ္ဒကမက္ခိကာဟိ ဘမရမက္ခိကာဟိ စ ကတံ မစ္စု။

---

## ၁၉၇၇ (၁၃၃၉)၊ ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ်(၁)အဖြေ

---

၁။ ။ သမာဟိတော အနင်္ဂဏော ဝိဂတူပက္ကိလေသော အာနေဉ္ဇပ္ပတ္တော တို့၌ သဒ္ဒတ္ထ ထင်စေလျက် အနက်

သမာဟိတော၊ ကောင်းစွာ ထားအပ်သည်ရှိသော် (သံ-ရှေ့၊ အာ-ရှေ့ ရှိသော ဓာ-ဓာတ် ထပနတ္ထ)။ အနင်္ဂဏော၊ "ရာဂဒေါသ"ဟု ဆိုအပ်ကုန်သော အညစ်အကြေးတို့ မရှိသော (အင်္ဂဏ-သဒ္ဒါ မလတ္ထ)။ ဝိဂတူပက္ကိလေသော၊ ကင်းကုန်ပြီးသော ကပ်၍ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ရာဂဒေါသတို့ရှိသော။ ဝါ၊ ကင်းကုန်ပြီးသော "ရာဂဒေါသ"ဟု ဆိုအပ်ကုန်သော ညစ်ညူးကြောင်းတို့ရှိသော (ကိလိသဓာတ်၊ ဗာဓနတ္ထ၊ ဥပတာပနတ္ထ၊ မလိနတ္ထ)။ အာနေဉ္ဇပ္ပတ္တော၊ မတုန်မလှုပ်တတ်သော စိတ်၏အဖြစ်သို့ရောက်သော။ ဝါ၊ တုန်လှုပ်ခြင်းမရှိသော စိတ်၏အဖြစ်သို့ ရောက်သော (ဣဉ္ဇ-ဓာတ် ကမ္ပနတ္ထ)။ ကြွင်းသျှအတိုင်း ယောဇနာ။ [ ပါ၊ ၆။ ပါသျှ၊ ၃၁။ ]

---

၂။ ။ အနက်အားဖြင့် အာကာရဝါကျသွင်း၍ အနက်

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အညတရာ၊ အမှတ်မရှိသော။ ပဝတ္တပတိကာ၊ အရပ်တစ်ပါးသို့သွား၍ ကင်းသော လင်ရှိသော။ ဣတ္ထီ၊ မိန်းမသည်။ ဓာရေန၊ သယောက်လင်ကြောင့်။ ဂဗ္ဘိနီ၊ ကိုယ်ဝန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုမိန်းမသည်။ ကုလူပကံ၊ ဆရာဖြစ်သော။ ဘိက္ခုံ၊ ရဟန်းကို။ အယျ၊ အရှင်ဘုရား။ ဣဃံ၊ တိုက်တွန်းပါ၏။ ဂဗ္ဘပါတနံ၊ ကိုယ်ဝန်ကျစေတတ်သော ဆေးကို။ ဓာနာဟိ၊ သိပါလော့။ ဣတိ၊ ဤသို့။ ဓတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။

အနက်အားဖြင့် အာကာရဝါကျ ထုတ်၍ အနက်

တေန ခေါ ပန သမယေန၊ ၌။ အညတရာ၊ သော။ ပဝုတ္ထပတိကာ၊ သော။ ဣတ္ထီ သည်။ ဓာရေန၊ ကြောင့်။ ဂဗ္ဘိနီ၊ သည်။ ဟောတိ၊ ၏။ သာ၊ သည်။ ကုလူပကံ၊ သော။

http://www.dhammadownload.com



ဘိက္ခုံ၊ ကို၊ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ လျှောက်ပြီ။ (ကိံ၊ အဘယ်သို့။ အဝေါစ၊ လျှောက်ပြီးသနည်း။) အယျ၊ အရှင်ဘုရား။ ဣဓ၊ ဤ၌။ ဂဗ္ဘပါတနံ၊ ကို။ ဓာနာဟိ၊ လော့။ ဣတိ၊ သို့။ (အဝေါစ၊ လျှောက်ပြီးသတည်း။) [ ပါ၊ ၁၀၇။ ပါသျှ၊ ၁၈၄။ ]

[ အာကာရထုတ်၍ အနက်ယောဇနာနည်း။ ။ အာကာရတ္ထ ဣတိနောက်၌ ရှိမှု ပုစ္ဆာဝါစက ကိံ-သဒ္ဒါကို ရှေ့မှာစွက်၍ အနက်ယောဇနာခြင်းကို "အာကာရဝါကျ ထုတ်၍ ယောဇနာခြင်း"ဟု ဆိုသည်။ အာကာရရင်, ထုတ်၍ ယောဇနာနည်း (အကျယ်)နှင့် အမျိုးအစားကို ပထမအုပ် ၁၃၁၈-ခုနှစ် ပါရာဇိကဏ် အဖြေ၌ ရှု။

ကျက်။ ။ ဣတိ-သဒ္ဒါ၊ အာကာရတ္ထ၊ နောက်၌ပြမူ၊ ဝါစကပုစ္ဆာ၊ ကိံ-သဒ္ဒါကို၊ ရှေ့မှာစွက်၍၊ အနက်သမ္ဗန်မြ။ (ဘုရားကြီး နိယံ၊ ၁၄၂။)

"ဤသို့"ဟု အနက်ပေးသော်လည်း အာကာရသာ။ ။"၄င်း-ယေးမူ သရုပ်ယူ ဟူ၍-အာကာရ။ ဓရံ ဣတိ၊ ရှိသည့်ဖိမှာ၊ သို့-ယေးရမှတ်ပါနိဒဿန"ဟု စာစပ်နိယံ ဆိုသော်လည်း "ဟူ၍-ပေးမှသာ အာကာရ၊ သို့-ပေးတိုင်းလည်း နိဒဿန"ဟု မမှတ်နှင့်။ ဤ၌ အာကာရတ္ထ ဣတိ-ကို "ဤသို့"ဟု အနက်ပေးသော်လည်း "အာကာ ရသာ"ဟု မှတ်။

အာကာရတ္ထ ဣတိ-ကို "ဤသို့"ဟု အနက်ပြန်ဆိုကြသည်မှာ ရှေးနိဿယ ဆရာတော်ကြီးများ၏ သဘောတထွာ ဓမ္မတာတည်း။ မှန်၏-ဣတိ-သဒ္ဒါ။ ပ။ အနက်သမ္ဗန်မြ-နိယံကို ရေးသားသော ဘုရားကြီးဆရာတော်ပင် ပါရာဇိကဏ် ပါဠိတော် နိဿယ (၁၁)၌ "ဣတိ-သဒ္ဒါ။ပ။ အနက်သမ္ဗန်မြ-ဟူသည်နှင့်အညီ နောက် နသမ္ဘနမေဝါတိ-၌ အာကာရတ္ထ။ ဣတိ-သဒ္ဒါကို မြင်သောကြောင့် ဤ၌ ကိံ သဒ္ဒါကို ထည့်၍ အနက်သမ္ဗန်ရသည်"ဟု မှာ၍ ၄င်းဣတိ-ကို "ဤသို့"ဟု အနက်ပြန်ထား လေသည်။ "အဘယ်သို့ အဘယ်ပုံ ဆိုသနည်း။ ဤသို့ ဤပုံ ဆိုသည်"ဟု အဓိပ္ပါယ် အားဖြင့် အာကာရသဘောသက်ဝင်၍ အာကာရကို "ဤသို့" ဟု မြန်မာပြန်ကြသည် ဟူလို။]

---

၃။ ။ ကတ္တား ၂-ခုထည့်စွက်၍ အနက်

[ "ဣတိ၊ ဤသို့။ ဘဂဝါ၊ သည်။ ပဋိပုစ္ဆိ၊ မေးတော်မူပြီ။ ဣတိ၊ ဤသို့။ ဒဗ္ဗော၊ ဒဗ္ဗသည်။ အဝေါစ၊ လျှောက်ပြီ"ဟု ဣတိ-သဒ္ဒါ ၂-ခု နှောင် အစဉ်အတိုင်း ဘဂဝါ-နှင့် ဒဗ္ဗော ၂-ပုဒ် ထည့်ယောဇနာ။ (ပါ၊ ၂၄၈။ ပါသျှ၊ ၂၉၁။]

---

၄။ ။ [ သျှအတိုင်း ယောဇနာ။ ။ ပါ၊ ၃၁၂။ ပါသျှ၊ ၃၄၈။]

---

၅။ ။[ ဋ္ဌ၊ ၁၊ ၂၈၄။ ဋ္ဌသျှ၊ ၂၊ ၄၅၂။ ဋ္ဌသျှသစ်၊ ၃၊ ၃၉၉။]

---

၆။ ။[ ဋ္ဌ၊ ၂၊ ၇၀။ ဋ္ဌသျှ၊ ၃၊ ၃၄၁။ ဋ္ဌသျှသစ်၊ ၄၊ ၂၀၆။]

---

http://www.dhammadownload.com



၇။ ။[ ဋ္ဌ၊ ၂၊ ၁၁၉။ ဋ္ဌသျ၊ ၄၊ ၄၆။ ဋ္ဌသျသစ်၊ ၄၊ ၅၆၆။ ၁၃၂၉-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၈။ ။[ ဋ္ဌ၊ ၂၊ ၁၉၇။ ဋ္ဌသျ၊ ၄၊ ၂၆၁။ ဋ္ဌသျသစ်၊ ၄၊ ၅၆၆။]

---

၉။ ။[ ဋ္ဌ၊ ၂၊ ၂၆၅။ ဋ္ဌသျ၊ ၄၊ ၄၅၂။ ဋ္ဌသျသစ်၊ ၄၊ ၇၄၂။]

---

၁၀။ ။[ ဋ္ဌ၊ ၂၊ ၂၉၃။ ဋ္ဌသျ၊ ၄၊ ၅၂၈။ ဋ္ဌသျသစ်၊ ၄၊ ၈၁၀။]

---

## ၁၉၇၇ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ အဂ္ဂဟေတွာ ဝိမုစ္စိံသု၊
(ခ) တေသံ ဟိ စိတ္တာနိ ယေဟိ အာသဝေဟိ ဝိမုစ္စိံသု၊
(ဂ) န တေ တာနိ ဂဟေတွာ ဝိမုစ္စိံသု၊
(ဃ) အနုပ္ပါဒနိရောဓေန ပန နိရုဇ္ဈမာနာ အဂ္ဂဟေတွာ ဝိမုစ္စိံသု။

၁။ ။(ခ)အမှတ်ပြဝါကျ သံဝဏ္ဏနာအားလျော်စွာ (က)အမှတ်ပြဝါကျပါ သံဝဏ္ဏေတဗ္ဗတို့ကို အနက်ယောဇနာပါ။

၂။ ။(ဃ)အမှတ်ပြဝါကျကို သာဘောဂပုဏ္ဏတက်တက်ပါ။(အဓိပ္ပာယ် မလို)

၃။ ။ ပြဆိုအပ်ပြီးသော ဝါကျတို့ကို ရှေ့နောက်ထောက်ဆ ဝါကျအမည်ပေးလျက် (က)အမှတ်ပြဝါကျ၌ပါသော စိတ္တာနိ-ပုဒ်ကို (ခ)(ဂ)အမှတ်ပြဝါကျတို့အလို ဝိမုစ္စိံသု-၌ စာစပ်ပြပါ။

၄။ ။ အနုပ္ပါဒနိရောဓေန-ပုဒ်ကို အပေါင်းဝစနတ္ထသာပြ၍ ဉာသ်နည်းအရ ကောက်ပြပါ။

၅။ ။ ဝိမုစ္စိံ သု-ပုဒ်၌ ဓာတု, ဝိဘတ္တိတို့ဖြင့် ဝေဘန်လျက် (ခ)အမှတ်ပြ ဝါကျကို ရှု၍ အာသဝေဟိ-ပုဒ်, စိတ္တာနိ-ပုဒ်တို့၌ ဝိဘတ္တိ,ဝိဘတျတ္ထ၊ (ဂ)အမှတ် ပြဝါကျကို ရှု၍ စိတ္တာနိ-ပုဒ်ကို ဝိဘတ္တိ, ဝိဘတျတ္ထတို့ဖြင့် ဝေဘန်ပါ။

http://www.dhammadownload.com



၆။ ။ (က) အမှတ်ပြပါကျကို အဋ္ဌကထာဘောဂ ဖော်လျက် သံဝဏ္ဏနာ အမည်ကိုလည်း ပေးပါ။

၇။ ။ (ဃ) အမှတ်ပြပါကျ၌ နိရုဒ္ဓမာနာ-ဟူ၍လည်းကောင်း၊ နိရုဒ္ဓမာနေ ဟူ၍လည်းကောင်း နှစ်မျိုးရှိခဲ့ရာ သင့်ရာကိုအကြောင်းပြ၍ ဆုံးဖြတ်ပါ။

၈။ ။ အာသဝေဟိ ဝိမုစ္စိံသု-ဝယ် အာသဝေဟိ-၌ ဖြစ်သင့်သော နည်းဥပစာတို့ကို အကြောင်းနှင့်တကွ ဖြေပါ။

၉။ ။ ဖော်ပြပါ မြန်မာဘာသာစကားရပ်တို့ကို စုဏ္ဏိယပါဠိစီကုံးပါ။
အလုံးစုံလည်းဖြစ်ကုန်သော ထိုသာဝကတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၍ နေရောင်ထိသော ပွင့်သော ကြာတောကဲ့သို့ ပွင့်သောစိတ်ရှိကုန်သည် ဖြစ်ကုန်၏။

၁၀။ ။စိတ္တာနိ-ပုဒ်၏အရကို ကောက်လျက် ဩရယျောရုယျအားဖြင့် ပဒဌာနဟာရနေတ္တိနည်း ဖြေပါ။

---

## ၁၉၇၇ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ သံဝဏ္ဏနာအားလျော်စွာ သံဝဏ္ဏေတဗ္ဗပုဒ်၌ အနက်
အာသဝေဟိ၊ အာသဝတို့သည်။ အနုပါဒါယ၊ အာရုံပြုခြင်း၏အစွမ်းဖြင့် မယူကုန်မူ၍။ စိတ္တာနိ၊ အရဟတ္တဖိုလ်စိတ်တို့ကို။ ဝိမုစ္စိံသု၊ လွတ်အပ်ကုန်ပြီ။ (ဋ္ဌ၊ ၁၊ ၁၅၆။ ဋ္ဌသျှ၊ ၂၊ ၆၆။ ဋ္ဌသျှသစ်၊ ၂၊ ၅၄၁။)

[ အဋ္ဌကထာအလိုကျ ဖွင့်ပြသော ဋီကာတို့အာဘော်။ ။ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ ဧတ္ထ အာသဝေဟီတိ ကတ္တုအတ္ထေ ကရဏနိဒ္ဒေသော။ စိတ္တာနီတိ ပစ္စတ္တဗဟုဝစနံ။ ဝိမုစ္စိံသူတိ ကမ္မသာဓနံ။ တသ္မာ အာသဝေဟိ ကတ္တုဘူတေဟိ အနုပါဒါယ အာရမ္မဏကရဏဝသေန အဂ္ဂဟေတွာ စိတ္တာနိ ဝိမုစ္စိတာနီတိ ဧဝမေတ္ထ အတ္ထော ဂဟေတဗ္ဗောတိ အာဟ "တေသံ ဟိ စိတ္တာနိ"တိ အာဒိ။ (သာရတ္ထ၊ ၁၊ ၄၄၇။)

အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ ဧတ္ထ အာသဝေဟီတိ ကတ္တု အတ္ထေ ကရဏဝစနံ။ စိတ္တာနီတိ ပစ္စတ္တဗဟုဝစနံ။ ဝိမုစ္စိံသူတိ ကမ္မသာဓနံ။ တသ္မာ အာသဝေဟိ ကတ္တုဘူတေဟိ အနုပါဒါယ အာရမ္မဏကရဏဝသေန အဂ္ဂဟေတွာ

http://www.dhammadownload.com



စိတ္တာနိ ဝိမောစိတာနိတိ စဝမေတ္ထ အတ္ထော ဂဟေတဗ္ဗောတိ အာဟ "တေသံဟိ စိတ္တာနီ"တိ အာဟ။ (ဝိမတိ၊ ၁၊ ၉၄။)

ယောဇနာခဲ့ပြီးသည်ကား အာသဝတို့ကို "တေ"ဟု ကတ္တားအဖြစ်ဖြင့် ဆိုထားသော အဋ္ဌကထာဆရာ အလိုကျ အာသဝေဟိ-ကို ကတ္တားလုပ်၍ ကံဟော ဝါကျအနေအားဖြင့် ဖွင့်ပြကြသော ဤဋီကာဆရာတို့အလိုတည်း။

ပါဠိတော်အလိုကျ ဖွင့်ပြသော ဝိမတိဋီကာ အာဘော်။ ။ ပါရာဇိကဏ် ပါဠိတော်(၆)၌ ကာမာသဝါပိ စိတ္တံ ဝိမုစ္စိ-စသည်ဖြင့်လည်းကောင်း, ယင်းပါဠိတော် ၏အဖွင့် အဋ္ဌကထာ (၁၊ ၁၃၇)၌ ကာမာသဝါပိ စိတ္တံ ဝိမုစ္စိ-စသည်ဖြင့်လည်းကောင်း အာသဝတို့ကို ဝိမုစ္စနကြိယာ၏ အပါဒါန်, စိတ္တံ-ကို ကတ္တားအဖြစ်ဖြင့် တိုက်ရိုက်ပြ သောကြောင့် အာသဝတို့ကို ကတ္တားအဖြစ်ဖြင့် အဋ္ဌကထာဖွင့်ပုံကို အားရကျေနပ်မှု မရှိသဖြင့် "အထဝါ အာသဝေဟီတိ နိဿက္ကဝစနံ၊ ဝိမုစ္စိံသူတိ ကတ္တုသာဓနံ၊ တသ္မာ ကိဉ္စိ သခံတဓမ္မံ တဏှာဒိဋ္ဌိဝသေန အနုပါဒိယိတွာ စိတ္တာနိ ဝိမုတ္တာဝတ္တာနိ အဟေသုန္တိ အတ္ထော ဂဟေတဗ္ဗော"ဟု ဝိမတိဆရာ အဋ္ဌကထာနည်းမှ တစ်မျိုးဖွင့်ပြလေသည်။

ဤအလို "အာသဝေဟိ၊ အာသဝတို့မှ။ အနုပါဒါယ၊ တစ်စုံတစ်ခုသော သခံတတရားကို တဏှာဒိဋ္ဌိ၏အစွမ်းဖြင့် မယူကုန်မူ၍။ စိတ္တာနိ၊ အရဟတ္တဖိုလ် စိတ်တို့သည်။ ဝိမုစ္စိံသု၊ လွတ်ကုန်ပြီ"ဟု ပေး။ ဤအနက်ကား ဋီကာနည်းသာဖြစ်၍ အဋ္ဌကထာအဖွင့် အားလျော်စွာ ယောဇနာခိုင်းသော ဤမေးခွန်း၏ အဖြေနှင့်မဆိုင်]

---

၂။ ။ (ဃ)အမှတ်ပြဝါကျ သာဘောဂပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ) အမှတ်ပြဝါကျဖြင့် ထိုအာသဝ တို့သည် ထိုအရဟတ္တဖိုလ်စိတ်တို့ကို အာရုံပြုခြင်း၏အစွမ်းဖြင့် ယူကုန်၍ လွတ်စေကုန် သည် မဟုတ်ကုန်"ဟု ဆိုတော်မူ၏(ဌပနာ)။ နှောင်တစ်ဖန်မဖြစ်ခြင်း ဟူသော ချုပ်ခြင်းဖြင့် ချုပ်ကုန်သည်ဖြစ်၍ လွတ်စေခြင်းသည် မဖြစ်ကုန်ရာသည် မဟုတ်ပါလော (အာဘောဂ)။ အဘယ်သို့ လွတ်စေပါကုန်သနည်း(ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကိုဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)အမှတ်ပြဝါကျကို မိန့်။

မှတ်ချက်။ ။ ဤတက်နည်းကား ဗျတိရေကာ၊ အန္ဝယာဟု၊ ဓောဒနာ နှစ်ချက်၊ ပြိုင်လျက်ရှိကာ၊ န-ကိုထုတ်, သွင်း၊ အချင်းချင်း၊ ဖြစ်လျှင်း အာဘော်ပေ ဟူသော သမ္ဗန္ဓစိန္တာဂဏ္ဌိသစ် (၅၆၈) နယပဒေသအရ န-သွင်း၍ အာဘော်ထား တက်သည့်နည်းဖြစ်သည်။ ဂဏ္ဌိသစ် (၃၇၆)အလို "ရုံခါအာသဝဝိပ္ပယုတ်ဖြစ်၍ လွတ်စေခြင်းမျိုး ဖြစ်ကုန်ရာသည် မဟုတ်ပါလော"ဟုလည်း အာဘော်ထားနိုင်သည်။

[ အန္ဝယဝါကျ အာဘော်ထားနည်း။ ။အန္ဝယဝါကျမှ ဗျတိရေကဝါကျ သို့ တက်လျှင် ဗျတိရေကဝါကျကို န-စသော ပဋိသေဓ ထုတ်၍ အာဘော်ထားအပ် ၏။ ဗျတိရေကဝါကျမှ အန္ဝယဝါကျသို့ တက်လျှင် အန္ဝယဝါကျကို ပဋိသေဓသွင်း၍ အာဘော်ထားအပ်၏။ ပထမအုပ် ၁၃၂၉-ခုနှစ် ပါရာဇိကဏ်အဖြေ၌ ဗျတိရေက ဝါကျသို့ တက်ရာ၌လည်း ဖော်ပြခဲ့ပြီးဖြစ်၏။

http://www.dhammadownload.com



ဋီကာတို့ အလိုကျ (ခ)(ဂ)(ဃ)အမှတ်ပြဝါကျတို့အနက်

ယေဟိ အာသဝေဟီတိ စတ္တာပိ ကတ္တုအတ္ထေ ဝေ ကရဏနိဒ္ဒေသော။ ဝိမုစ္စိံသူတိ ကမ္မသာဓနံ။ န် တေ တာနိ ဂဟေတွာ ဝိမုစ္စိံသူတိ တေ အာသဝါ တာနိ စိတ္တာနိ အာရမ္မဏဝသေန န ဂဟေတွာ ဝိမုစ္စိံသု ဝိမောစေသုံ။ ဧတ္ထ ဟိ စိတ္တာနီတိ ဥပယောဂဗဟုဝစနံ၊ ဝိမုစ္စိံသူတိ ကတ္တုသာဓနံ။ အနုပ္ပါဒနိရောဓေန နိရုဇ္ဈမာနာတိ အာယတိံ အနုပ္ပတ္တိ သင်္ခါတေန နိရောဓေန နိရုဇ္ဈမာနာ အာသဝါ။ အဂ္ဂဟေတွာ ဝိမုစ္စိံသူတိ အာရမ္မဏကရဏဝသေန အဂ္ဂဟေတွာ စိတ္တာနိ ဝိမောစေသုံ။ (သာရတ္ထ၊ ၁၊ ၄၄၈။)

ယေဟိ အာသဝေဟီတိ စတ္တာပိ ကတ္တုအတ္ထေ ဝေ ကရဏဝစနံ။ ဝိမုစ္စိံသူတိ ကမ္မသာဓနံ။ တေဟိ အာသဝါ။ တာနီတိ စိတ္တာနိ၊ ဥပယောဂ ဗဟုဝစနမ္ပေတံ။ ဝိမုစ္စိံသူတိ ကတ္တုသာဓနံ၊ ဝိမောစေသုန္တိ အတ္ထော။ အဂ္ဂဟေတွာ ဝိမုစ္စိံသူတိ အာရမ္မဏ ဝသေန တာနိ စိတ္တာနိ အဂ္ဂဟေတွာ အာသဝါ တေဟိ စိတ္တေဟိ မုတ္တာဝဏ္ဏော အဟေသုန္တိ အတ္ထော။ (ဝိမတိ၊ ၁၊ ၉၄။)

ဤ၌ ဝိမုစ္စိံသု-ကို "ဝိမောစေသုံ"ဟု ဋီကာဆရာ ဖွင့်ခြင်းမှာ ဝိမုစ္စိံသု ကြိယာ၏ ကာရိတာန္တောဂတ, ကာရိတလောပ၏အဖြစ်ကို ဖွင့်ခြင်းဖြစ်သည်။ (ခ)အမှတ်ပြ ဝါကျရှိ ဝိမုစ္စိံသု-သည် ကမ္မရုပ်၊ (ဂ)(ဃ)အမှတ်ပြဝါကျများရှိ ဝိမုစ္စိံသု-ကား ကတ္တုရုပ်တည်း။

မုစ-ဓာတ်သည် ဒိဝါဒိဂိုဏ်းနှင့် ယှဉ်သောအခါ လွတ်ခြင်းအနက်ကို ဟော၏။ အကမ္မကဓာတ် ဖြစ်၏။ "ဝိမုစ္စိံသု"ဟု ရုပ်ဖြစ်၏။ ကာရိတ်ပစ္စည်းနှင့် ယှဉ်သောအခါ "ဝိမောစေသုံ၊ လွတ်စေကြကုန်ပြီ"ဟု ဧကကမ္မကဓာတ် ဖြစ်၏။ မုစ-ဓာတ်သည် ရုဓာဒိဂိုဏ်းနှင့် ယှဉ်သောအခါ လွတ်ခြင်းအနက်ကို ဟော၏။ ဧကကမ္မကဓာတ် ဖြစ်၏။ "ဝိမုဉ္စိံသု"ဟု ရုပ်ဖြစ်၏။ ကာရိတ်ပစ္စည်းနှင့် ယှဉ်သောအခါ "ဝိမုဉ္စာပေသုံ၊ လွတ်စေကြကုန်ပြီ"ဟု ဒွိကမ္မကဓာတ် ဖြစ်၏။ ဝိမုစ္စိံသု-ကား ကတ္တုရုပ်, ကမ္မရုပ် ၂-မျိုးနှင့်ဆိုင်သည်။ ဒိဝါဒိဂိုဏ်းဖြစ်က ကတ္တုရုပ်, ရုဓာဒိဂိုဏ်းဖြစ်က ကမ္မရုပ် ဖြစ်၏။

ဤဋီကာများ ဖွင့်ချက်နှင့်အညီ (ခ)(ဂ)(ဃ)အမှတ်ပြဝါကျတို့ကို အောက်ပါ အတိုင်း အနက်ပေးပါ။ အနက်ပေးတတ်မှ ဤအတက်ရော နောက်နံပါတ် အဖြေများပါ အလွယ်တကူ သဘောကျပါလိမ့်မည်။

ဟိ၊ ရှဲ့ဦးအံ့။ တေသံ သဟာသ ဘိက္ခူနံ၊ ထိုတစ်ထောင်ကုန်သော ရဟန်းတို့ ၏။ စိတ္တာနိ၊ အရဟတ္တဖိုလ်စိတ်တို့ကို။ ယေဟိ အာသဝေဟိ၊ အကြင်အာသဝတို့သည် ဝိမုစ္စိံသု၊ လွတ်အပ်ကုန်ပြီ။ တေအာသဝါ။ ထိုအာသဝတို့သည်။ တာနိ စိတ္တာနိ၊ တို့ကို။ ဂဟေတွာ၊ အာရုံပြုခြင်း၏အစွမ်းဖြင့် ယူကုန်၍။ ဝိမုစ္စိံသု၊ လွတ်စေကုန်သည်။ န၊မဟုတ်ကုန်။ ပန၊ အဟုတ်ကား။ ဝါ၊ အန္ဓယကား။ အနုပ္ပါဒနိရောဓေန၊နောင်တစ်ဖန် မဖြစ်ခြင်းဟူသော ချုပ်ခြင်းဖြင့်။ နိရုဇ္ဈမာနာ၊ ချုပ်ကုန်လျက်။ အဂ္ဂဟေတွာ၊ အာရုံပြုခြင်း၏အစွမ်းဖြင့် မယူကုန်မူ၍။ ဝိမုစ္စိံသု၊ လွတ်စေကုန်ပြီ။]

http://www.dhammadownload.com



၃။ ။ ရှေ့နောက်ထောက်ဆ ဝါကျအမည်

(က)အမှတ်ပြဝါကျသည် ရှေ့ဝါကျကို ထောက်က ပက္ခန္တရဝါကျ၊ နောက်ဝါကျများကို ထောက်က သခေပဝါကျ။

(ခ)(ဂ)(ဃ)အမှတ်ပြဝါကျများသည် ရှေ့ဝါကျကို ထောက်က ဝိတ္ထာရဝါကျ၊ တေန ဝုတ္တံ-စသော နောက်ဝါကျကို ထောက်က လဒ္ဓဂုဏိယဝါကျ၊ နိဂမနိယ ဝါကျ, ထိုတွင်...

(ခ)အမှတ်ပြဝါကျသည် နောက်ဝါကျကို ထောက်က အနိယမဝါကျ။

(ဂ)အမှတ်ပြဝါကျသည် ရှေ့ဝါကျကို ထောက်က နိယမဝါကျ၊ နောက်ဝါကျကို ထောက်က ဗျတိရေကဝါကျ။

(ဃ)အမှတ်ပြဝါကျသည် ရှေ့ဝါကျကို ထောက်က အန္ဒယဝါကျ။

မှတ်ချက်။ ။ ဤကား ဟိ-ကို ဝိတ္ထာရပေးသော သျှသစ်အလို အမည်ပေးခြင်း ဖြစ်သည်။ ဟိ-ကို ဒဠှီ ပေးသော သျှအလို "(က)အမှတ်ပြဝါကျသည် နောက်ဝါကျများကို ထောက်က ဒဠှီယဝါကျ။ (ခ)(ဂ)(ဃ)အမှတ်ပြဝါကျများသည် ရှေ့ဝါကျကိုထောက်ကဒဠှီကရဏဝါကျ"ဟုလည်း အမည်ပေးရာ၏အကြွင်းတည်း။ [နောက်ဝါကျ ဝိတ္ထာရဝါကျဖြစ်က ရှေ့ဝါကျ သခေပဝါကျဖြစ်သည်မှာ အထူးပြောစရာ မလိုသောကြောင့် ရှေ့နောက်ထောက်ဆခွဲခြင်းမှာပညာသားမပါ။အလုပ်ရှုပ်ရုံသာ။]

စိတ္တာနိ-ပုဒ် (ခ)အမှတ်ပြဝါကျအလို စာစပ်

စိတ္တာနိ-ကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဝိမုစ္စိသု-၌ "ဝိ-ပုဗ္ဗ, မုစ-ဓာတ်၊ ကံဟော ယ-ပစ္စည်း၊ ဥ၊-ဝိဘတ်"ဟု ဆိုအပ်သော အာချာတ်ကြိယာ ဝါစကသည် ဟောအပ်သော ဝုတ္တကံ၊ ဝိမုစ္စိသု-ကား ကံ၏ကြိယာ၊ (ဝါ)ထိုကံကို ဟောသော အာချာတ်ကြိယာဝါစကတည်း။

(ဂ)အမှတ်ပြဝါကျအလို စာစပ်

စိတ္တာနိ-ကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဝိမုစ္စိသု-၌ "ဝိ-ပုဗ္ဗ, မုစ-ဓာတ်၊ ဒိဝါဒိ,ယ-ပစ္စည်း၊ ဥ၊-ဝိဘတ်"ဟု ဆိုအပ်သော အာချာတ်ကြိယာ ဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဝိမုစ္စိသု-ကား ကံ၏ ကြိယာ၊ (ဝါ) ထိုကံကို မဟောသော အာချာတ်ကြိယာဝါစကတည်း။

---

၄။ ။ ဝိဂ္ဂဟနှင့် ဥဒသ်ကောက်

အနုပ္ပါဒသင်္ခါတော နိရောဓော အနုပ္ပါဒနိရောဓော။ အနုပ္ပါဒသင်္ခါတော၊ "တစ်ဖန်မဖြစ်ခြင်း"ဟု ဆိုအပ်သော။ နိရောဓော၊ ချုပ်ခြင်းတည်း။ အနုပ္ပါဒနိရောဓော၊ တစ်ဖန်မဖြစ်ခြင်း"ဟု ဆိုအပ်သောချုပ်ခြင်း။

အနုပ္ပါဒသင်္ခါတော နိရောဓော-ကား ကမ္မဓာရယ်သမာသ်ဝိဂ္ဂြိုဟ်၊ အနုပ္ပါဒနိရောဓော-ကား ကမ္မဓာရယ်သမာသ်ပုဒ်။ အနုပ္ပါဒ-ပုဒ်၊ နိရောဓ-ပုဒ်။ ဤအနုပ္ပါဒနိရောဓော-ဟူသော ကမ္မဓာရယ်သမာသ်ပုဒ်၌ အနုပ္ပါဒေါ-ဟူသော ဝိသေသနပုဒ်၏ အရကား "တစ်ဖန်မဖြစ်ခြင်း"ဟု ဆိုအပ်သောဂုဏ်သည် မုချအားဖြင့်ရ၏ တဖန် မဖြစ်ခြင်းဟု ဆိုအပ်သော ဂုဏ်၏ချုပ်ခြင်းနှင့် "ဂုဏ်" ဂုဏအဖြစ်ဖြင့်စပ်ခြင်း"ဟု

http://www.dhammadownload.com



ဆိုအပ်သော သမ္ဗန္ဓသည် ဌာန္ဓပစာအားဖြင့်ရ၏။ အနုပ္ပါဒေါ-ဟူသော သမာသ်ပုဒ်၏ အရကား ထိုမူရျဌာန္ဓပစာတို့ဖြင့် မှတ်အပ်သော တစ်ဖန်မဖြစ်ခြင်း"ဟု ဆိုအပ်သော ချုပ်ခြင်းရ၏။

မှတ်ချက်။ ။ ဤဝိဂြိုဟ်ကား "အနုပ္ပတ္တိသင်္ခါတေန နိရောဓေန"ဟု ဆိုသော သာရတ္ထအလိုကျဖြစ်သည်။ သျှသစ်၌ကား "တစ်ဖန်မဖြစ်ခြင်းဖြင့် ချုပ်ခြင်းဖြင့်"ဟု အနက်ပေး၍ "အနုပ္ပါဒေန နိရောဓော အနုပ္ပါဒနိရောဓော"ဟု တတိယာ တပ္ပုရိသ်သမာသ်ပြုသည်။

[ သမ္ဘာဝနာကမ္မဓာရယ်။ ။ဟုတ္တ, သင်္ခါတ၊ ဘူတ-တစ်ထွေ၊ ဧဝ, ဣတိ၊ သဒ္ဒါရှိကာ၊ မှတ်သိကမ္မဓာရယာ၊ ကိုးပါးမှာ၊ သမ္ဘာဝနာပေနှင့်အညီ အဒ္ဒါန မဂ္ဂပ္ပဋိပန္နော ဟောတီတိ အဒ္ဒါနသင်္ခါတံ မဂ္ဂံ ပဋိပန္နော ဟောတိ (သီလက္ခန္ဓဝဂ္ဂ ဋ္ဌ၊ ၃၆)၌ကဲ့သို့ "သမ္ဘာဝနာကမ္မဓာရယ်သမာသ်"ဟု ယူဆသည်။

ဝိသေသနပုဗ္ဗပဒကမ္မဓာရယ်လည်း သင့်။ သမာနဝိဘတ္တိ၊ ဖွင့်လျက်ရှိ၊ မှတ်သိ ကမ္မဓာရယာ-နှင့်အညီ ဝိဘတ်တူ ဖွင့်သောကြောင့်လည်းကောင်း၊ သင်္ခါတ သဒ္ဒါရှိလေရာ၊ သရုပ်သာ ထွက်လေ-နှင့်အညီ အနုပ္ပတ္တိသည် နိရောဓ-၏အရကောက် သရုပ်ကြားဖြစ်၍ အရတူသောကြောင့်လည်းကောင်း၊ "တပ္ပုရိသ်သမာသ် မဟုတ်။ ကမ္မဓာရယ်သမာသ်"ဟုသာ ယူဆသည်။ သျှ၌လည်း "တစ်ဖန် မဖြစ်သော ချုပ်ခြင်း ဖြင့်"ဟု အနက်ပေးသည်။ ကမ္မဓာရယ်ကိုးမျိုးတို့တွင် ဝိသေသနပုဗ္ဗပဒကမ္မဓာရယ် ဖြစ်သည်။ ဤဆရာတို့အလို "အနုပ္ပါဒေါနိရောဓော အနုပ္ပါဒနိရောဓော" ဟုလည်းကောင်း, "အနုပ္ပါဒေါ စ သော နိရောဓော စာတိ အနုပ္ပါဒနိရောဓော"ဟုလည်းကောင်း ဝိဂြိုဟ်ပြုနိုင်သည်။]

---

၅။ ။ ဓာတွာဒိဝိဘာဂ

ဝိမုစ္စိံသု-ပုဒ်၌ ဝိ-ပုဗ္ဗ, မုစ-ဓာတ်၊ ဥံသု-ဝိဘတ်။

ယံ တံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အည် ပေတ္တိကံ အည် ပိတာမဟံ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ယံ ပေတ္တိကံ၊ အကြင်အဘ၏ ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တံ ဓနံ-တဝ ဓနံ၊ ထိုဥစ္စာသည်လည်း။ အည်အည်ယေဝ၊ တစ်ပါးသာတည်း။ ယံ ပိတာမဟံ၊ အကြင် အဘိုးတို့၏ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တံ ဓနံ-တဝ ဓနံ၊ ထိုဥစ္စာသည်လည်း။ [ ကျေသော စ၂-လုံးကိုတံ-၂-ပုဒ်နှင့်ယှဉ်ပေး ] အည် အည်ယေဝ၊ တစ်ပါးသာတည်း"ဟု အနိယမ, နိယမထည့်၍ အနက်ယောဇနာ ရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

http://www.dhammadownload.com



၇။ ။ ပါဠိ အဆုံးအဖြတ်

ဝါ–ကိုထောက်၍ပိ–သဒ္ဒါ မပါသော ပေတာမဟတ္တိ–ပါဠိသာ သင့်ပါသည်။

[ အဖြေ ၃–မျိုးထွက်နိုင်။ ။ (၁)သမုစ္စယဇောတက ပိ–သဒ္ဒါ ပါရှိက နယန္တရဇောတက ဝါ–သဒ္ဒါမလို၊ နယန္တရဇောတက ဝါ–သဒ္ဒါပါရှိက သမုစ္စယဇောတက ပိ–သဒ္ဒါမလို၊ ဤ၌ နယန္တရဇောတက ဝါ–သဒ္ဒါ ပါရှိပြီးဖြစ်၍ သမုစ္စယဇောတက ပိ–သဒ္ဒါ မလိုသောကြောင့် ပေတာမဟတ္တိ–ပါဠိသာ သင့်ပါသည်။

(၂) အဓ္ဓဒဂ္ဂေ ဏ္ဍစ္စေဝ ဝါ ပါဌော။(ပါရာဇိကကဏ္ဍ၊ဋ္ဌ ၁၊ ၁၄၂။) အဓ္ဓဒဂ္ဂေတိ ဝါ ပါဌော။(သီလက္ခန္ဓဝဂ္ဂ၊ဋ္ဌ၊၂၁၁။)ဘိသနက တသ္မိံတ္တိယေဝ ဝါ ပါဌော။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၅၇။)ဤသာဓကများကိုထောက်၍ ပေတာမဟတ္တိ ပါဠိသာ သင့်ပါသည်။

(၃) ဝါ–ကို ထောက်၍ ပိ–သဒ္ဒါ မပါသော ပေတာမဟတ္တိ–ပါဠိသာ သင့်ပါသည်။

"ယုတ္တိသာဓကေ ပုဒ်ထောက်ပြ၍"ဟု မေးသည့်အရဆိုလျှင် ကော်မာများ မပါစေကာမူ စကားလုံးအစိပ္ပါယ်မတူသဖြင့် ယုတ္တိ–ဟူသောစကားလုံးအရ ယုတ္တိပြ၍ တစ်မျိုး၊သာဓကဟူသော စကားလုံးအရသာဓကပြ၍ တစ်မျိုး၊ ပုဒ်ထောက်ဟူသော စကားလုံးအရ ပုဒ်ထောက်ပြ၍တစ်မျိုး ဖော်ပြပါအတိုင်း အဖြေ ၃–မျိုးထွက်နိုင်ပေသည်။ အဖြေ ၃–မျိုး ဖြေရပေမည်။ သို့သော် ပုစ္ဆကဆရာကား အာဘော်ထားမည်မဟုတ်ပါ။ အထက်အဖြေအတိုင်း ဝါ–ကို ထောက်ပြ၍ ဖြေစေလိုသည့် အာဘော်သာ ထားပါလိမ့်မည်။ ဝေါဟာရကို မစိစစ်ဘဲ "အစိပ္ပါယ်တူ"ဟု အမှတ်တမဲ့ ယူဆကာ စကားလုံးကြွယ်ဝမှုကို ဦးစားပေးပြီး "ယုတ္တိသာဓကေ ပုဒ်ထောက်ပြ၍"ဟု မေးခြင်းဖြစ်ပေလိမ့်မည်။ မေးခွန်း ထုတ်ရာ၌ စကားလုံးကြွယ်ဝဖို့ မလို၊ ရှင်းလင်းပြတ်သားဖို့သာ လိုသည်။

အချုပ်မှတ်ဖွယ်။ ။ အနဘာဝံ ဂတာတိပိ ပါဌော။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၀၄။) သေတဋ္ဋိကာတိပိ ပါဌော။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၄၄။) အပဟာတကာဋကောတိပိ ပါဌော။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၆၂။) တို့ကို ထောက်၍ သမုစ္စယဇောတက ပိ–သဒ္ဒါ ပါရှိက နယန္တရဇောတက ဝါ–သဒ္ဒါ မလိုသည်ကို သိရသည်။ အဓ္ဓဒဂ္ဂေ ဏ္ဍစ္စေဝ ဝါ ပါဌော။(ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၄၂။) အဓ္ဓဒဂ္ဂေတိ ဝါ ပါဌော။ (သီလက္ခန္ဓဝဂ္ဂ၊ ဋ္ဌ၊ ၂၁၁။) ဘိသနက တသ္မိံတ္တိယေဝ ဝါ ပါဌော။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၅၇။)တို့ကို ထောက်၍ နယန္တရဇောတက ဝါ သဒ္ဒါ ပါရှိက သမုစ္စယဇောတက ပိ–သဒ္ဒါ မလိုသည်ကို သိရသည်။ ဤ၌ နယန္တရဇောတက ဝါ သဒ္ဒါ ပါရှိပြီးဖြစ်၍ သမုစ္စယဇောတက ပိ–သဒ္ဒါ မလိုသောကြောင့် ပေတာ မဟတ္တိ ပါဠိသာ သင့်သည်။ ဤသို့ မေးခွန်းကို လျစ်လျူရှု၍ အချုပ်မှတ်ရာ၏။ ]

---

၈။ ။ နည်း, ဥပစာ

ပိတာမဟာနဋ္ဌ သန္တက်–ဝယ် ပိတာမဟာနံ–ဟူသော နည်းသည် အဘ၏ အဘ(ပိတာမဟ) တည်းဟူသောပြဓာန်းသည်ကို ဆိုသဖြင့် အဘ၏အမိ (ပိတာ မဟီ) တည်းဟူသော မပြဓာန်းသည်ကိုလည်း ရသောကြောင့် ပဓာနနည်းမည်၏။

မှတ်ချက်။ ။ပဓာနနည်းရက ဥပလက္ခဏနည်းနိဒဿနနည်းများလည်း ရသည်ပင်။

http://www.dhammadownload.com



[ ပဓာနနည်း ယူပုံ။ ။ ပိတာမဟ–သဒ္ဒါသည် ပိတု–ပုဒ်နောင် ပိတုအနက်၌ အာမဟ–ပစ္စည်းသက်၍ ပြီးသော တဒ္ဓိတ်ပုဒ်တည်း။ ပိတု–သဒ္ဒါသည် အဘရင်းကိုသာ ဟောသည်မဟုတ်၊ အဘရင်း၏ အဘစသည်ကိုလည်း ဟောသည်ဖြစ်၍ ပိတာမဟ–သဒ္ဒါလည်း အဘရင်း၏အဘ (အဘိုး)ကိုသာ ဟောသည်မဟုတ်၊ အဘရင်း၏အဘ၏အဘ (အဘေး) စသည်ကိုပါ ဟောသည်။ ထို့ကြောင့် "ပိတာ မဟာနံ"ဟု ဗဟုဝုစ်ဖြင့် ဆိုသည်။ ပိတာမဟာသဒ္ဒေါ န ကေဝလံ ဇနကပိတုရမေဝ ဝဒတိ၊ အထခေါ ဇနက ပိတုပိတာဒယော။ (ဓာန်၊ ဋီ။ ၂၄၇–၈။ သုစိ။ ၃၅၄။)

ပိတုနော ပိတာ ပိတာမဟော၊ (တဿ)ပိတုနော ပိတာ ပိတာမဟော၊ (တဿ) ပိတုနော ပိတာ ပိတာမဟော၊ (တဿ) ပိတုနော ပိတာ ပိတာမဟော၊ (တဿ) ပိတုနော ပိတာ ပိတာမဟော၊ (တဿ) ပိတုနော ပိတာ ပိတာမဟော၊ (တဿ)ပိတုနော ပိတာ ပိတာမဟော၊ ဤသို့ပြု၍ ပိတာမဟ–၇–ပုဒ်ကို "ပိတာမဟောစ ပိတာမဟောစ ပိတာမဟောစ ပိတာမဟောစ ပိတာမဟောစ ပိတာမဟောစ ပိတာမဟောစ ပိတာမဟာ"ဟု ဧကသေသ်ပြု။ တတော (ပိတာမဟတော) ဥဒ္ဓံ သဗ္ဗေပိ ပုဗ္ဗပုရိသာ ပိတာမဟဂ္ဂဟဏေနေဝ ဂဟိတာ။ ဧဝံ ယာဝ သတ္တမော ပုရိသော တာဝ။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၂၊ ၂၄၀။ သီလက္ခန္ဓဝဂ္ဂ၊ ဋ္ဌ၊ ၂၅၀။) ဤအခိုက်၌ အဘ၏အဘ ယင်းအဘ၏အဘစသော ယောကျ်ား ၇–ယောက်ကိုသာ ရသေးသည်၊ အဘ၏အမိစသော မိန်းမ ၇–ယောက်ကို မရသေး။ ဤအခိုက်ဝယ် ပိတာမဟာနံ–၌ ဧကသေသနည်းရသည်။ သို့သော် ထိုနည်းများသည် ဗဟုဝစနန္တပုဒ်မှန်သမျှ၌ ရသည် ချည်း ဖြစ်၍ ထိုနည်းကို မေးလိုရင်း မဟုတ်။

မေးလိုရင်းမှာ ပဓာနနည်းဖြစ်သည်။ ပိတာမဟ–ဟူသော အမည်သည် အဘ၏အဘအမည်တည်း၊ ထိုသို့ ယောကျ်ားဘက်ကသာ "ပိတာမဟ"ဟု နာမည် တပ်ခြင်းသည် ပဓာနနည်းအားဖြင့် တပ်ခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့် နည်း အဘ၏အမိစသည်နှင့် အမိဘက်က အမိ၏အဘ အမိ၏အမိစသော ဆွေမျိုး အားလုံး ၇–ဆက်အထိ ယူရမည်ဖြစ်သောကြောင့်တည်း။ ဒေသနာမုခမေဝ စေတံ။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၂၊ ၂၄၀။) ဒေသနာမုခမေဝ စေတန္တိပိတာမဟယုဂါတိ ပိတာမဟဂ္ဂဟဏံ ဒေသနာမုခံ ပိတာမဟီ မာတာမဟီ အာဒီနမ္ပိ အဓိပ္ပေတတ္တာ။ (သာရတ္ထ၊ ၂၊ ၃၉၅။)

ဤအည် ပေတ္တိကံ အည် ပိတာမဟံ–၏ အဖွင့်၌ကား "ဣဒံ တေ တာတ သုဒိန္န မာတု မတ္တိကံ၊ ဣတ္ထိကာယ ဣတ္ထိဓနံ"ဟု ပါဠိတော်၌ အမိဘက်က ဆိုပြီးသောကြောင့် အဘဘက်သာ လိုသည်။ ဤပိတာမဟာနံ–၌ ပိတာမဟ–၏အရ အဘ၏အဘ ယင်းအဘ၏အဘစသော ယောကျ်ား ၇–ယောက်သာ ရသေး၍ အဘ၏အမိ ယင်းအမိ၏ အမိစသော မိန်းမ ၇–ယောက်ကို မရသေး၍ ယင်းမိန်းမ ၇–ယောက်ကိုရအောင် ပဓာနနည်းယူရသတည်း။ ပိတာမဟ–၏အရ အဘဘက်က ယောကျ်ားရော မိန်းမပါ ၇–ဆက် အကုန်ယူရမည်–ဟူလို။ "သေယျတ္ထိကော"ဟု ပုလ္လိင်ဖြင့် ဆိုထားသကဲ့သို့ "ပိတာမဟော"ဟု ပုလ္လိင်ဖြင့် ဆိုထားသည်ကို သတိပြုပါ။ ပိတာမဟာနံ–ကို "အဘ၏အဘ အဘ၏အမိတို့၏ ဝါ၊ ဘိုး, ဘွားတို့၏"ဟု ဥပစာဆိုက်အောင်ပေး။

http://www.dhammadownload.com



တတော ဥဒ္ဓံ့ပိ ပိတာမဟတော ဥပရိ တဒဝသေသာ ပုဗ္ဗကာ ဆ ပုရိသာတိ အတ္ထော။ ပုရိသဂ္ဂဟဏဉ္စေတ္ထ ဥက္ကဋ္ဌနိဒ္ဒေသေန ကတန္တိ ဒဋ္ဌဗ္ဗံ။ (သီ၊ ဋီ၊ ၃၁၄။ သီဋီသစ်၊ ၂၊ ၂၈၄။)တို့၌ ဆိုသော ဥက္ကဋ္ဌနည်းမှာ နည်းစစ်၌လာသော ဥက္ကဋ္ဌနည်း မဟုတ်၊ အမြတ်ကိုဆိုသဖြင့် မမြတ်သည်ကိုလည်းရသော ဥက္ကဋ္ဌနည်းဖြစ်သည် နည်းစစ် အလိုအားဖြင့် ပဓာနနည်းဖြစ်သည်။ နန္ဒိတ္ထိယာပိ သောတဗ္ဗံ၊ အထ ကသ္မာ သေယျတ္ထိ ကောတိ အာဟာတိ ယေဘုယျဝသေနဝါ ပဓာနနယေနဝါ။ (နျာသပဏ္ဏာမ)ကို ထောက်။

ဥပစာယူ၍ဖွင့်သော အဋ္ဌကထာနည်းမှ တစ်ပါး ဋီကာတို့၌ မိမိတို့အလိုကျ "ပိတာစ မာတာစ ပိတရော၊ ပိတူနံ ပိတရော ပိတာမဟော"ဟု ရှေးဦးစွာ ဝိရူပေကသေ သပြုကာ မုချကြံ၍လည်း ဖွင့်ကြသေးသည်။ ရှုလေတော့။]

ဗီဇကမ္ပိ ဒေဟိ-ဝယ် ဗီဇက-သဒ္ဒါသည် အတူဖြစ်သောမျိုးစေ့၏ ဗီဇက ဟူသော အမည်ကို အတူရှိသော သား၌ တင်စား၍ အတူရှိသောသားကို "ဗီဇက"ဟု ခေါ်ဝေါ်ခြင်းကြောင့် သဒိသူပစာမည်၏။

[ ထောက်ဖွယ်။ ။ ကုလရက္ခပတိဋ္ဌာပနေ ဗီဇသဒိသတ္တာ ကုလဝံသပ္ပ တိဋ္ဌာပကော ပုတ္တော ဣဓ ဗီဇကောတိ အဓိပ္ပေတော။ (သာရတ္ထ၊ ၂၊ ၁၀။)]

---

၉။ ။[ ဋ္ဌ၊ ၁၊ ၁၇၈။]

---

၁၀။ ။ အာယတနော့တရဏဟာရနေတ္တိနည်း

ဝေဒိတဗ္ဗံ-၌ ဝိဒ-ဓာတ်၏အရကို ညာဏ်ပြဓာန်းသော မဟာကုသိုလ်, မဟာ ကြိယာညာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ယူ၍ ထိုညာဏ်ပြဓာန်းသော မဟာကုသိုလ်, မဟာကြိယာညာဏသမ္ပယုတ်စိတ္တုပ္ပါဒ်တို့တွင် မဟာကုသိုလ်, မဟာကြိယာညာဏ သမ္ပယုတ်စိတ် ၈-ခုသည် မနာယတနမည်၏။ စေတသိက်အဋ္ဌတိံသသည် ဓမ္မာယ တနမည်၏။ ဤသို့ အာယတနအားဖြင့်သွင်းခြင်းသည် အာယတနော့တရဏဟာရ မည်၏-ဟုလိုသော်။

---

## ၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ သာဓု သာဓု အာနန္ဒ၊ တုမှေဟိ အာနန္ဒ သပ္ပုရိသေဟိ ဝိဇိတံ။ ပစ္ဆိမာ ဇနတာ သာလိမံသောဒနံ အတိမညိဿတိ-ကို ဝိဇိတံ-၏ ကရိုဏ်း, ကံပုဒ် တို့ကို ထည့်လျက် အနက်ယောဇနာပေးပါ။

၂။ ။ ပါပကံ နာမ ဓိဝိတံ အမှာနံ ဓိဝိတံ ဥပါဒါယ ဒလိဒ္ဒါနံ ဓိဝိတံ ပါပကံ လာမကံ၊ သ ဓနာနံ ဓိဝိတံ ဥပါဒါယ အဓနာနံ ဓိဝိတံ ပါပကံ၊ ဒေဝါနံ ဓိဝိတံ ဥပါဒါယ မနုဿာနံ ဓိဝိတံ ပါပကံ-ကို အနုရူပဌာနတို့၌ အနိယမ, နိယမတို့ကို ထည့်လျက် အနက်ယောဇနာပေးပါ။

http://www.dhammadownload.com



၃။ ။ သေယျထာပိ နာမ မဟာဝါတော ဝါယန္တော တိဏကဋ္ဌပဏ္ဏသဋ္ဌံ ကေတော ဥဿာရေယျ၊ သေယျထာ ဝါ ပန နဒီပဗ္ဗတေယျာ သခ်ံသေဝါလပဏ္ဏကံ ကေတော ဥဿာရေယျ၊ ဧဝမေဝ တုမှေ နာနာနာမာ နာနာဂေါတ္တာ နာနာဇစ္စာ နာနာကုလာ ပဗ္ဗဇိတာ ကေတော ဥဿာရိတာ-ကို ဥဿရိတာ-၏ ကဏ္ဍားပုဒ်ကို ထည့်၍ သဒ္ဒတ္ထ၊ အဓိပ္ပါယတ္ထတို့ကို ထင်စေလျက် အနက်ယောဇနာပါ။

၄။ ။ ယံ အာဝါသံ ပဋ္ဌမံ ဥပဂစ္ဆတိ၊ သစေ တတ္ထ ဟောတိ သံဃဿ ဝိဟာရစီဝရံ ဝါ ဥတ္တရတ္ထရဏံ ဝါ ဘူမတ္ထရဏံ ဝါ ဘိသိဗ္ဗိဝ ဝါ တံ ဂဟေတွာ ပါရုပိတုံ "လဘိတွာ ဩဒဟိဿာမိ" တိ-ကို အာကာရကြိယာတို့၏ ကံပုဒ်တို့ကိုထည့်၍ ပဓာနကြိယာနှင့်တကွ အနက်ယောဇနာပါ။

၅။ ။ "နနု မံ ဘဂဝါ ရာဇာ ဝိယ သကကာဝစနဏ္ဍုဿရိယာနုပ္ပဒါနေန အတ္တနော ကုလဝံသပ္ပတိဋ္ဌာပကံ ပုတ္တံ "သဒ္ဓမ္မဝံသပ္ပတိဋ္ဌာပကော မေ အယံ ဘဝိဿတိ" တိ မန္တွာ ဣမိနာ အသာဓာရဏေန အနုဂ္ဂဟေန အနုဂ္ဂဟေဿတိ"တိ စိန္တ ယန္တော ဓမ္မဝိနယ သင်္ဂါယနတ္ထံ ဘိက္ခူနံ ဥဿာဟံ ဇနေသိ-ကို အပြင်အာကာရ ကြီးကိုသာ အနက်အားဖြင့် အပြင်ထုတ်လျက် ဥပမာ, ဥပမေယျ ကွဲအောင် အနက် ယောဇနာပါ။

၆။ ။ အဟံ ဗြာဟ္မဏ အပ္ပဋိဟတေန သဗ္ဗညုတဉာဏစက္ခုနာ ဩလော ကေန္တောပိ တံ ပုဂ္ဂလံ တေသ္မိ သဒေဝကာဒိဘေဒေ လောကေ န ပဿာမိ၊ ယမဟံ အဘိဝါဒေယျံ ဝါပစ္စုဋ္ဌေယျံ ဝါ အာသနေန ဝါ နိမန္တေယျံ-ကို ပါဠာနုသာရီအနက် ယောဇနာပါ။

၇။ ။ နတ္ထိ လောကေ ရဟော နာမ ပါပကမ္မံ ပကုဗ္ဗတော၊ သဗ္ဗပဌမံ ဟိ ပါပံ ကရောန္တော အတ္တနာ ဇာနာတိ၊ အထဿ အာရက္ခဒေဝတာ ပရစိတ္တဝိဒူ သမဏဗြာဟ္မဏာ အညာ စ ဒေဝတာ ဇာနန္တိ-ကို ဝါကျအပြန်အလှန် အနက် ယောဇနာပါ။

၈။ ။ ဝိနိဝတ္တိတ္ထုမ္ဗိ တိဏဇ္ဈာပကော ဝိယဍ္ဍာနာ အစာဝေတုကာမောဝ ကေဝလံ ဘိန္ဒတိ၊ ဘိန္ဒိတွာ ပန တေလာဒီနိ နိက္ခမန္တိ၊ ယံ ဝါ ပနေတ္ထ ပက္ခိတ္တံ၊ တံ ကော ဗန္ဓမေဝ တိဋ္ဌတိ-ကို ပါဠာနုသာရီ အနက်ယောဇနာပါ။

၉။ ။ ယောပိ ဗဒ္ဓသူကရဿ ဃာသဋ္ဌ ပါနီယဋ္ဌ ဒတွာ ဗလံ ဂါဟာပေတွာ ဥက္ကုဋ္ဌိံ ကရောတိ "ဥတြဿော ပလာယိဿတိ" တိ၊ သော စေ ပလာယတိ၊ ပါရာဇိကံ ကို အနက်အားဖြင့် အာကာရကို အတွင်းသွင်းလျက် အနက်ယောဇနာပါ။

http://www.dhammadownload.com



၁၀။ ။ အသုဘသညာ ပရိစိတေန ဘိက္ခဝေ ဘိက္ခုနော စေတသာ ဗဟုလံ ဝိဟရတော မေထုနဓမ္မသမာပတ္တိယာ စိတ္တံ ပတိလီယတိ ပတိကုဋတိ ပတိဝတ္တတိ န သမ္ပသာရိယတိ ဥပေက္ခာ ဝါ ပါဋိကုလျတာ ဝါ သဏ္ဌာတိ–ကို ပါဌာနုသာရီ အနက်ယောဇနာပါ။

---

## ၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ ကရိုဏ်း,ကံထည့်လျက် အနက်

[ ဗြဟ္မာယ သဠသုတကဝတ္ထိတာယစ၊ ဤကောင်းစွာပေါ်သော အသက်မွေးခြင်း ရှိကုန်သည်တို့၏ အဖြစ်ဖြင့်လည်းကောင်း။ ဗြာမိမှာ သလ္လေခေနစ၊ ဤကိလေ သာတို့ကို ခေါင်းပါးစေတတ်သော အကျင့်ဖြင့်လည်းကောင်း။ ဒုဠိက္ခဥ္စ၊ ဆွမ်းမရှိခြင်း ကိုလည်း။ ဝိဒိတံ၊ အောင်အပ်ပြီ။ လောဘောစ၊ အာမိသ၌ လျှပ်ပေါ်သောသူ၏ အဖြစ်"ဟု ဆိုအပ်သော လောဘကိုလည်း။ ဝိဒိတံ–ဝိဒိတော၊ အောင်အပ်ပြီ။ ဗြဟ္မစာရိယ ရောစ၊ ယုတ်မာသော အလို၏ ဖြစ်ခြင်းကိုလည်း။ ဝိဒိတံ–ဝိဒိတော၊ အောင်အပ်ပြီ။ ဤသို့ ဝိဒိတံ–၏ ကရိုဏ်းပုဒ်, ကံပုဒ်တို့ကို ထည့်၍ ယောဇနာ။] ပါ၊ ၇။ ပါသျ၊ ၃၈။ ဋ္ဌ၊ ၁၊ ၁၄၉။လည်း ကြည့်။ ။ ၁၃၂၀–ခုနှစ်ကလည်း မေးခဲ့ပြီ။

---

၂။ ။ အနိယမ, နိယမ ထည့်လျက် အနက်

ပါပကံ၊ ယုတ်မာစွာသော။ ဓိဝိတံ နာမ၊ အသက်ရှင်ခြင်းမည်သည်ကား အမှာနံ၊ ကြွယ်ဝကုန်သော သူတို့၏ (ယံ ဓိဝိတံ၊ အကြင်အသက်ရှင်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ) တံ ဓိဝိတံ၊ ထိုအသက်ရှင်ခြင်းကို။ ဥပါဒါယ၊ ထောက်၍။ ဒလိဒ္ဒါနံ၊ သူဆင်းရဲတို့၏။ ဓိဝိတံ၊ အသက်ရှင်ခြင်းသည်။ ပါပကံ လာမကံ၊ ယုတ်မာ၏။ သဓနာနံ၊ ဥစ္စာရှိကုန်သော သူတို့၏ (ယံ ဓိဝိတံ၊ သည်။ အတ္ထိ၊ ၏။)တံ ဓိဝိတံ၊ ကို။ ဥပါဒါယ၊ ၍၊ အဓနာနံ၊ ဥစ္စာမရှိကုန်သော သူတို့၏။ ဓိဝိတံ၊ သည်။ ပါပကံ၊ ၏။ ဒေဝါနံ၊ တို့၏။ (ယံ ဓိဝိတံ၊ သည်။ အတ္ထိ၊ ၏။) တံ ဓိဝိတံ၊ ကို။ ဥပါဒါယ၊ ၍။ မနုဿာနံ၊ လူတို့၏။ ဓိဝိတံ၊ သည်။ ပါပကံ၊ ၏။ (ပါ၊ ၉၃။ ပါသျ၊ ၁၇၃)

---

၃။ ။ ဥဿာရိတာ၌ ကတ္တားထည့်၍ သဒ္ဒတ္ထအဓိပ္ပါယတ္ထ ထင်စေလျက် အနက်

[ ဥဿာရိတာ–၏ကတ္တားကို ကေတာ ဥဿာရိတာတိ ကေဋ္ဌာနေ တောနာပိ (တောနာပိ) သမ္ဗန္ဓိတာ ရာသီကတာတိ ဒသေတိ။ (ဋ္ဌ၊ ၂၊ ၁၉၇။)ကို ထောက်၍ "ကေနာပိ"ဟု ထည့်၊ အဋ္ဌကထာ မှုကွဲရှိသည်အလို "တေနာပိ"ဟု ထည့်။ ကေနာပိ–ကို ကေနာပီတိ ဝါတသဒိသေန နဒီသဒိသေနစ ကေနာပိ ။ (သာရတ္ထ၊ ၂၊ ၁၆၃။)အလို "လေနှင့်တူသူ, တောင်ကျမြစ်ရေနှင့်တူသူ တစ်စုံတစ်ယောက်သည်

http://www.dhammadownload.com



လည်း"ဟု ယောဇနာ။ ကေနာပိတိ ဝါတာဒိသဒိသေန ဥပဇ္ဈာယာ-ဒိနာ။ (ဝိမတိ၊ ၁၊ ၂၉၇။)အလို "လေစသည်နှင့်တူသူ ဥပဇ္ဈာယ်စသည်သည်လည်း"ဟု ယောဇနာ တေနာပိ-ကို "တေနာပိ (အယျပုတ္တေန)၊ ထိုအရှင်သားတော်သည်လည်း"ဟု ယောဇနာ။

သရဂတိယံ၊ ဥဿရတိ ဥဿာရဏာ။ (နီတိ၊ ဓာတု၊ ၁၄၆။)ကို ထောက်၍ ဥဿာရိတာ-၌ သရ-ဓာတ်၏ ဂတိအနက်ဟော၏ အဖြစ်ကို သိအပ်၏။ ထလံ ဥဿာရိတာတိ ထလံ ဥက္ခိပိတွာ သာရိတာ ပါပိတာ နာဂါပီတိ သမ္ဗန္ဓော။ (ပါစိတျာ ဒီ-ယောဇနာ၊ ၂၉၁။)ကို မှီး၍ ဥဿာရိတာ-ကို "မြှောက်ပင့်၍ (တစ်ခုသော အရပ်သို့) ရောက်စေအပ်ကုန်ပြီ"ဟု သဒ္ဒတ္ထယောဇနာ။ "ကေတော ဥဿာရိတာ- တိ ကေဠာနေ ကေနာပိ သမ္ပိဏ္ဍိတာ ရာသိကတာ"ဟု (အဋ္ဌကထာ၊ ၂၊ ၁၉၇။) ဖွင့်သည်မှာ အဓိပ္ပာယ်ဖွင့်တည်း။ ထို့ကြောင့် "အစုကို ပြုအပ်ကုန်ပြီ" ဟု အဓိပ္ပာယတ္ထယောဇနာ။ ဥဿာရိတာ-ကို သဒ္ဒတ္ထယောဇနာခိုက်၌ ကေတော-ကို "တစ်ပေါင်းတည်း"ဟု ယောဇနာ။ အဓိပ္ပာယတ္ထယောဇနာခိုက်၌ "တစ်ခုသော အရပ်၌ (တစ်နေရာ၌)"ဟု ယောဇနာ။ "ကေတော၊ တပေါင်းတည်း။ ဝါ၊ တစ်ခုသော အရပ်၌"ဟု ယောဇနာရမည် ဟူလို။ ကေဠာနေ-ဖြင့် ကေတော-ကို ဘာဝတ္ထအားဖြင့် ဖွင့်သည်။ ကေနာပိ-ဖြင့် ဥဿာရိတာ-၏ ကတ္တားကိုဖွင့်သည်။ ရာသိကတာ-ဖြင့် "ပိဋိရာသိကရေ"ဟု ဓာတွတ္ထသင်္ဂဟ ဓာတ်နက်ကြားသည့်အတိုင်း သမ္ပိဏ္ဍိတာ-၌ ပိဋိ-ဓာတ်၏အနက်ကို ထပ်ဆင့်ဖွင့်သည်။ ဝေါဟာရတ္ထယောဇနာလိုမူ "ဖယ်ရှားအပ်ကုန်ပြီ"ဟု ယောဇနာ။

စကားကျန်သည်။ ။ ဥဿာရိတာ၏ ကတ္တားပုဒ်ထည့်၍ ၄င်းဥဿာရိတာ-ကိုပင် သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ ယောဇနာလျက် ဝါကျအားလုံးကို သာမန်ယောဇနာရန် ရည်ရွယ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် "ဥဿာရိတာ-၏ ကတ္တားပုဒ်ကို ထည့်၍ ဥဿာရိတာ-၌ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထထင်စေလျက် အနက်ယောဇနာပါ"ဟု ဥဿရိတာ-၌ ဟူသော စကားပါမှ ပြည့်စုံသည်။ ယင်းစကားမပါက ဝါကျအားလုံးကို သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ ယောဇနာခိုင်းသည့် အဓိပ္ပာယ်ရောက်သည်။ "ဥဿာရိတာ-၌ ကတ္တားပုဒ်ကို ထည့်၍ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ ထင်စေလျက်"ဟု (၏)အစား (၌) သုံးလျှင် တော်သေးသည်။]

---

၄။ ။ အာကာရကြိယာတို့၏ ကံပုဒ်များထည့်၍ အနက်

[ "စီဝရံ၊ ကို။ လဘိတွာ၊ ရသည်ရှိသော်။ တံ၊ ထိုကျောင်းအား လှူအပ်သော သင်္ကန်းစသည်ကို။ ဩဒဟိဿာမိ၊ ပြန်ထားလေအံ့။ ဣတိ၊ ဤသို့ နလုံးပြု၍"ဟု အာကာရ ကြိယာ (အာကာရဝါကျရှိ လဘိတွာ၊ ဩဒဟိဿာမိ-ဟူသော ကြိယာ တို့၏ ကံပုဒ်တို့ကိုထည့်။ "ပါရုပိတုံ၊ရုံစိမ့်သောငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏" ဟု အနုဇာနာမိဟူသော ပဓာနကြိယာနှင့်တကွ ယောဇနာ။ ကြွင်း သျှ အတိုင်း။ ပါ၊ ၃၁၄။ ပါသျှ၊ ၃၅၁]

---

၅။ ။ အာကာရ အံနက်အားဖြင့် အပြင်ထုတ်လျက် အနက်

(အာယသ္မာ မဟာကဿပေါ၊ အရှင်မဟာကဿပသည်။ စိဏ္ဏေသိ၊ ကြံစည်ပြီး ကိံ၊ အဘယ်သို့။ စိဏ္ဏေသိ၊ ကြံစည်ပြီးသနည်း။) ရာဇာ၊ ပြည့်ရှင်မင်းသည်။ (အသာဓာ

http://www.dhammadownload.com



ရဏေန၊ တစ်ပါးကုန်သော သူတို့နှင့် မဆက်ဆံသော။) သကကာဝစဏ္ဍာလကြာသရိယာနုပ္ပ ဒါနေန၊ မိမိ၏ဥစ္စာဖြစ်သော ချွပ်ဝတ်တန်ဆာ, အစိုးရသည်၏ အဖြစ်ကို ပေးခြင်းဖြင့်။ အတ္တနော၊ မိမိ၏။ ကုလဝံသပ္ပတိဋ္ဌာပကံ၊ အမျိုးအနွယ်ကို တည်စေတတ်သော။ ပုတ္တံ၊ သားကို။ (အယံ-ပုတ္တော၊ ဤသားသည်။ မေ၊ ငါ၏။ ကုလဝံသပ္ပတိဋ္ဌာပကော၊ အမျိုးအနွယ်ကို တည်စေတတ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ မန္တွာ၊ သိ၍။) အနုဂ္ဂဟေတိ ဝိယ၊ ချီးမြှောက်သကဲ့သို့။ (ဧဝံ၊ ဤအတူ) ဘဂဝါ၊ မြတ်စွာဘုရားသည်။ မံ၊ ငါ့ကို။ အယံကဿပေါ၊ ဤကဿပသည်။ မေ၊ ငါဘုရား ၏။ သဒ္ဓမ္မဝံသပ္ပတိဋ္ဌာပကော၊ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ အနွယ်ကို တည်စေတတ်သည်။ ဘဝိဿတိ၊ ဖြစ်လိမ့်လတ္တံ့။ ဣတိ၊ ဤသို့။ မန္တွာ၊ သိတော်မူ၍။ အသာဓာရဏေန၊ တစ်ပါးကုန်သော သာဝကတို့နှင့် မဆက်ဆံသော။ ဣမိနာ အနုဂ္ဂဟေန၊ ဤပံသုကူဒုကုဋ်သင်္ကန်းတော်၌ ကိုယ်တော်နှင့်ဆက်ဆံသော သုံး ဆောင်တော်မူခြင်း ဥတ္တရိမနုဿဓမ္မ၌ ကိုယ်တော်နှင့် အတူအမျှ ထားတော်မူခြင်း"ဟု ဆိုအပ်သော ချီးမြှောက်တော်မူခြင်းဖြင့်။ အနုဂ္ဂဟေသိ နနု၊ ချီးမြှောက်တော်မူဖူးပြီး မဟုတ်တုံလော။ ဣတိ၊ ဤသို့။ (စိန္တေသိ၊ ကြံစည်ပြီးသတည်း။ ဣတိ၊ ဤသို့။) စိန္တယန္တော၊ ကြံစည်သည်။ (ဟုတွာ စ၊ ဖြစ်၍လည်းကောင်း။) ဓမ္မဝိနယသင်္ဂါယနတ္ထံ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာတင်ခြင်းငှါ။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဥဿာဟံ၊ အားထုတ်ခြင်းကို။ ဇနေသိ၊ ဖြစ်စေတော်မူပြီ။ (ဋ္ဌ၊ ၁။ ၅။ ဋ္ဌသျ၊ ၁။ ၁၆။ ဋ္ဌ သျှသစ်၊ ၁။ ၆၀။)

---

၆။ ။[ဋ္ဌ၊ ၁။ ၁၀၂။ ဋ္ဌသျ၊ ၁။ ၃၆၂။ ဋ္ဌသျှသစ်၊ ၂။ ၁၉၇။]

---

၇။ ။ ဝါကျ အပြန်အလှန် အနက်

လောကေ၊ သတ္တလောက၌။ ပါပကမ္မံ၊ ယုတ်မာသော အမှုကို။ ပကုဗ္ဗတော၊ ပြုသောပုဂ္ဂိုလ်အား။ ရဟော နာမ၊ ဆိတ်ကွယ်ရာအရပ်မည်သည်။ နတ္ထိ၊ မရှိ။ (ကသ္မာ၊ အဘယ်ကြောင့်။ လောကေ၊ ၌။ ပါပကမ္မံ၊ ကို။ ပကုဗ္ဗတော၊ အား။ ရဟောနာမ၊ သည်။ နတ္ထိ၊ မရှိသနည်း။) ဟိ-ယသ္မာ၊ အကြင်ကြောင့်။ သဗ္ဗပဌမံ၊ အလုံးစုံကုန်သော ပုဂ္ဂိုလ်တို့မှ ရှေးဦးစွာ။ ပါပံ၊ ယုတ်မာသော။ (ကမ္မံ၊ အမှုကို။) ကရောန္တော၊ ပြုသော ပုဂ္ဂိုလ်သည်။ အတ္တနာ၊ ကိုယ်တိုင်၊ ဇာနာတိ၊ သိ၏။ အထပစ္ဆာ၊ ထိုသို့ကိုယ်တိုင် သိပြီးသည်မှ နောက်၌။ အဿ-ပုဂ္ဂလဿ၊ ထိုယုတ်မာသောအမှုကို ပြုသောပုဂ္ဂိုလ်၏။ အာရက္ခဒေဝတာ (စ)၊ ထိုသူ့ကို စောင့်ရှောက်ခြင်းငှါ တည်ကုန်သော နတ်တို့သည်လည်းကောင်း။ ဝါ၊ ကိုယ်စောင့်နတ်တို့သည်လည်းကောင်း။ ပရစိတ္တဝိဒူ၊ သူတစ်ပါးတို့၏ စိတ်ကို သိကုန်သော။ သမဏဗြာဟ္မဏာ (စ)၊ ရဟန်း, အရိယာပုဂ္ဂိုလ်တို့သည်လည်းကောင်း။ အညာ၊ အခြားကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ ဇာနန္တိ၊ သိကုန်၏။ (တသ္မာ၊ ထို့ကြောင့်။ လောကေ၊ ၌။ ပါပကမ္မံ၊ ကို။ ပကုဗ္ဗတော၊ အား။ ရဟော နာမ၊ သည်။ နတ္ထိ၊ မရှိသတည်း။)

http://www.dhammadownload.com



[ (တစ်နည်း) လောကေ၊ ၌။ ပါပကမ္မံ၊ ကို။ ပကုဗ္ဗတော၊ အား။ ရဟော နာမ၊ သည်။ နတ္ထိ၊ မရှိ။ (တံ ဝစနံ၊ ဆိုအပ်ပြီးသော ထိုငါ့စကားသည်။ ဣမိနာဝစနေန၊ ဤဆိုအပ်လတ္တံ့သော ဒုဋ္ဌိကရဏယုတ္တိဝစနဖြင့်။ဟိ-သစ္စံ၊မှန်၏။(တနည်း)ဟိ ယုတ္တံ၊သင့်မြတ်၏။ကသ္မာ၊ အဘယ်ကြောင့်။ တံ ဝစနံ၊ သည်။ ဣမိနာ ဝစနေန၊ ဖြင့်။ ဟိ-သစ္စံ၊ နည်း။ (တစ်နည်း) ဟိ-ယုတ္တံ၊ နည်း။) ဟိ-ယသ္မာ၊ အကြင်ကြောင့်။ သဗ္ဗပဌမံ၊ စွာ။ ပါပံ၊ သော။ (ကမ္မံ၊ ကို။) ကရောန္တော၊ သည်။ အတ္တနာ၊တိုင်။ ဇာနာတိ၊ ၏။ အထပစ္ဆာ၊ ၌။ အသ-ပုဂ္ဂလဿ၊ ၏။ အာရက္ခဒေဝတာ (စ)၊ ကောင်း။ ပရစိတ္တဝိဒူ၊ ကုန်သော။ သမဏဗြာဟ္မဏာ (စ)၊ ကောင်း။ အညာ၊ ကုန်သော။ ဒေဝါစ၊ ကောင်း။ ဇာနန္တိ၊ ကုန်၏။ (တသ္မာ၊ ထို့ကြောင့်။ တံ ဝစနံ၊ သည်။ ဣမိနာ ဝစနေန၊ ဖြင့်။ ဟိ-သစ္စံ၊ မှန်သတည်း။ (တစ်နည်း) ဟိ-ယုတ္တံ၊ သင့်မြတ်သတည်း:)။ ။ (ဋ္ဌ၊ ၁၊ ၂၀၃။ ဋ္ဌသျ၊ ၂၊ ၂၁၅။ ဋ္ဌသျသစ်၊ ၃၊ ၁၃၇။)]

မှတ်ချက်။ ။ သဗ္ဗပဌမံ-စသော နောက်ဝါကျကို ကာရဏဝါကျယူ၍ ရှေ့နည်း ယောဇနာသည်။ ယုတ္တိဒဠှီကရဏဝါကျ ယူ၍နောက်နည်း ယောဇနာ သည်။ [ ဝါကျအပြန်အလှန် အနက်ယောဇနာနည်းများကို ပထမအုပ် ၁၃၁၉-ခုနှစ် ပါရာဇိကဏ်အဖြေ၌ နည်းရလောက်အောင် ဖော်ပြထားသည်။ ယင်း၌ ရှု။]

---

၈။ ။ [ ဋ္ဌ၊ ၁၊ ၂၀၀။ ဋ္ဌသျ၊ ၂၊ ၄၄၁။ ဋ္ဌသျသစ်၊ ၃၊ ၃၈၉။ ။ ၁၃၂၅-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၉။ ။ [ သျှအတိုင်း ယောဇနာ။ ။ ဋ္ဌ၊ ၁၊ ၃၃၇။ ဋ္ဌသျ၊ ၂၊ ၆၀၇။ ဋ္ဌသျသစ်၊ ၃၊ ၅၄၁။]

---

၁၀။ ။ [ဋ္ဌ၊ ၂၊ ၄၊ ဋ္ဌသျ၊ ၃၊ ၁၃၁။ ဋ္ဌသျသစ်၊ ၄၊ ၉။]

---

## ၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ့ ယသ္မာ နတ္ထိ လောကေ ရဟောနာမ ပါပကမ္မံ ပကုဗ္ဗတော။

(ခ) သဗ္ဗပဌမံ ဟိသ တံ ပါပံ အတ္တနာ ဇာနာတိ တတော အာရက္ခ ဒေဝတာ။ အထညာပိ ပရစိတ္တဝိဒူနိယော ဒေဝတာ။

(ဂ) တသ္မာဿ ပရစိတ္တဝိဒူ သကလဝနသဏ္ဍနိဒ္ဓသိတာ ဘုမ္မာ ဒေဝါ တံ အဇ္ဈာ စာရံ ဒိသွာ သဒ္ဒံ အနုဿာဝေသုံ။

(ဃ) ယထာ အညေပိ ဒေဝါ သုဏန္တိ၊ တထာ နိစ္ဆာရေသုံ။

http://www.dhammadownload.com



၁။ ။ သံဝဏ္ဏနာတို့ကို ရှု၍ သံဝဏ္ဏေတဗ္ဗတို့ကိုသာ ထည့်သင့်သော ပုဒ်များထည့်လျက် အနက်ယောဇနာပါ။

၂။ ။ ဘုမ္မာ ဒေဝါ–အစရှိသော (က)အမှတ်ပြဝါကျကို သံဝဏ္ဏနာတို့ကို ရှု၍ အဓိပ္ပာယ်နှင့်တကွ သာဘောဂပုစ္ဆာ တက်ပြပါ။

၃။ ။ ပြဆိုအပ်ပြီးသော ဝါကျတို့ကို အကြောင်းပြနှင့်တကွ ဝါကျအမည် ပေးပြီး တသ္မာသ–အစရှိသော (ဂ)အမှတ်ပြဝါကျပါ အဿ–ကို စပ်သင့်ရာ၌ စာစပ်ပါ။

၄။ ။ သဗ္ဗပဌမံ–အစရှိသော(ခ)အမှတ်ပြဝါကျပါ အာရက္ခ ဒေဝတာ–ပုဒ်ကို အစိတ်, အပေါင်း ဝစနတ္ထပြလျက် အပေါင်းဝစနတ္ထကိုသာ ဉာသ်နည်းအရကောက်ပြပါ။

၅။ ။ (က)အမှတ်ပြဝါကျပါ ပကုပ္ပတော–ပုဒ် (ခ)အမှတ်ပြဝါကျပါ အတ္တနာ–ပုဒ်, အညာ–ပုဒ် (ဂ)အမှတ်ပြဝါကျပါ အဿ–ပုဒ်, ပရိစိတ္တဝိဒူ–ပုဒ်, (ဃ)အမှတ်ပြဝါကျပါ အညေ–ပုဒ်တို့၌ ဝိဘတ်တို့ကို ဖြေလျက် (ဂ)အမှတ်ပြ ဝါကျပါ ဒိသွာ–ပုဒ်တို့၌ ဓာတု, ဓာတွတ္ထ, ပစ္စယ, ပစ္စယတ္ထတို့ကိုလည်း ဖြေပါ။

၆။ ။ ယထာ–အစရှိသော (ဃ)အမှတ်ပြဝါကျကို အဋ္ဌကထာဘောဂ ဖော်ပြလျက် တသ္မာသ–အစရှိသော (ဂ)အမှတ်ပြဝါကျကို အကြောင်းပြ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ ။ (က)အမှတ်ပြဝါကျ၌ "ပကုပ္ပတော, ပကြုပ္ပတော"ဟူ၍ လည်းကောင်း, (ခ)အမှတ်ပြဝါကျ၌ "ပဌမံ, ပထမံ"ဟူ၍ လည်းကောင်း နှစ်မျိုးစီ ရှိနေခဲ့သော် သင့်, မသင့်ကို အထောက်အထားပြ၍ ဝိနိစ္ဆယချခဲ့ပါ။

၈။ ။ ယထာ–အစရှိသော (ဃ)အမှတ်ပြဝါကျပါ ဒေဝါ သုထန္တိ–ဝယ် ဒေဝါ၌ ဖြစ်သင့်သော နယ, တသ္မာသ–အစရှိသော (ဂ)အမှတ်ပြဝါကျပါ တံ အဖွာစရံ–၌ ဖြစ်သင့်သော ဥပစာတို့ကို အကြောင်းနှင့်တကွ ဖြေပါ။

၉။ ။ ဖော်ပြပါ မြန်မာစကားရပ်တို့ကို စုဏ္ဏိယပါဠိဗန္ဓစီကုံးပါ။
အမိအဘတို့သည်လည်း စည်းဝေးကုန်သည်(ဝါ)ပေါင်းဖော်ကုန်သည်ဖြစ်ကုန်အံ့၊ အမိသည်လည်း ဥတုလာ၍ စဲသည်ဖြစ်အံ့၊ ထိုမိဘနှစ်ပါးတို့၏ သားအဖြစ်သို့ လားထိုက်သော သတ္တဝါသည်လည်း နိမိတ်ထင်သည်ဖြစ်အံ့၊ ဤသို့ သုံးပါးကုန်သော အကြောင်းတို့၏ စည်းဝေးခြင်းကြောင့် ပဋိသန္ဓေ၏ (ဝါ) သတ္တဝါ၏ဖြစ်ခြင်းသည်ဖြစ်၏။

၁၀။ ။ တသ္မာသ–အစရှိသော (ဂ)အမှတ်ပြဝါကျပါ အဖွာစရံ–၏ အရကို ကောက်ယူလျက် ဒေသနာဟာရနေတ္တိနည်း ထုတ်ဆောင်ခဲ့ပါ။

http://www.dhammadownload.com



## ၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍပါဠိ၊ အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။ သံဝဏ္ဏနာတို့ကို ရှု၍ သံဝဏ္ဏေတဗ္ဗပုဒ်အနက်

ဘုမ္မာ၊ မြေ၌တည်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ (အဿ၊ ထိုအရှင်သုဒိန်၏။ တံ အဇ္ဈာစာရံ၊ ထိုလွန်ကျူး၍ ကျင့်ခြင်းကို။ ဒိသွာ၊ မြင်ကြကုန်၍။) သဒ္ဒံ၊ အသံကို။ အနုဿာဝေသုံ၊ တစ်ဆင့်စကား ကြားစေကြကုန်ပြီ။ ။ (ဋ္ဌ၊ ၁၊ ၁၈၁။ ဋ္ဌသျှ၊ ၁၊ ၁၄၅။ ဋ္ဌသျှသစ်၊ ၃၊ ၅၁။)

---

၂။ ။ (က)အမှတ်ပြဝါကျ သာဘောဂ (ဋ္ဌပနာတိက) ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ အရှင်ဥပါလိမထေရ်သည် ပါဠိတော်၌ "ဘုမ္မာဒေဝါ သဒ္ဒမနုဿာဝေသုံ-မြေ၌ တည်ကုန်သော နတ်တို့သည် အသံကို တစ်ဆင့်အားဖြင့် ကြားစေကြကုန်ပြီ"ဟု မိန့်တော်မူ၏(ဋ္ဌပနာ)။ အဘယ်ကြောင့် မြေ၌ တည်ကုန်သော နတ်တို့သည် အသံကို တစ်ဆင့်အားဖြင့် ကြားစေကြကုန်ပြီးသနည်း(ပုစ္ဆာ)။ ဆိတ်ကွယ်ရာ၌ပြုသော အမှုဖြစ်သည်မဟုတ်ပါလော (အာဘောဂ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (က)အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ ။ ယုတ်မာသောအမှုကို ပြုသောသူအား ဆိတ်ကွယ်ရာ အရပ် မည်သည်မရှိသောကြောင့် မြေ၌တည်ကုန်သော နတ်တို့သည် အသံကို တစ်ဆင့်အားဖြင့် ကြားစေကြကုန်ပြီးသတည်း-ဟူလို။

[ဖြေစရာမရှိသော မေးခွန်း ။ ။ "သံဝဏ္ဏနာတို့ကို ရှု၍"ဟု မေးသဖြင့် သံဝဏ္ဏေတဗ္ဗကို ဋ္ဌပနာထားကာ သံဝဏ္ဏနာကို ကြည့်၍ တက်ရတော့မည်။ (က)အမှတ်ပြ ဝါကျကိုသာ အတက်ခိုင်းသဖြင့် ယင်း (က)အမှတ်ပြဝါကျ သံဝဏ္ဏနာကိုသာ ကြည့်တတ်ရ တော့မည်။ ယင်း (က)အမှတ်ပြဝါကျသံဝဏ္ဏနာလည်း (ဂ)အမှတ်ပြဝါကျ နိယမ၏ အနိယမမျှသာ ဖြစ်၍ သံဝဏ္ဏေတဗ္ဗကို မည်သို့မျှ မသိစေနိုင်။ မသိစေနိုင်သောကြောင့် ရှုစရာ သံဝဏ္ဏနာ (က)အမှတ်ပြဝါကျမှာ ဘာမျှမရှိ မရှိသောကြောင့်သံဝဏ္ဏနာ တို့ကိုရှု၍ (က)အမှတ်ပြဝါကျကို အတက်ခိုင်းသည့် ဤမေးခွန်းမှာ မမေးသင့်သည့် မေးခွန်း၊ ဖြေစရာမရှိသည့် မေးခွန်းသာဖြစ်သည်။

အတက်မှာ သံဝဏ္ဏနာတို့ကို ရှု၍ စကားလုံးလည်း မသုံးသင့်ပါ။ သံဝဏ္ဏနာ (အဖြေ)ကို ကြည့်ရှုတက်စေလိုလျှင် မေးမထင်ရှား၊ ဖြေထင်ရှား။စုဒ်ကားလီနုန္တရာ-ဆိုသည့်အတိုင်း လီနုန္တရစောဒနာ အတက်ခိုင်းရပါမည်။

(ဂ)အမှတ်ပြဝါကျရှိ တဿာ-ပါမှ အကြောင်း၏အဖြစ်ကို သိစေနိုင်၍ ယင်း တဿာကို (က)အမှတ်ပြဝါကျ၌ ဆွဲသွင်း၍ "အိုးရွဲနှင့် စလောင်း"ဟူ၏သို့ ဖြစ်အောင်သာ တက်လိုက် ရတော့သည်။]

---

၃။ ။ ဝါကျတို့၏ အကြောင်းနှင့်တကွ အမည်

(က)(ခ)(ဂ)(ဃ)အမှတ်ပြ ၄-ဝါကျပေါင်းသည် သာဓေန ဂဗ္ဘဂဏ္ဍိ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အဖွင့် သံဝဏ္ဏနာမှတစ်ပါး "ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာ

http://www.dhammadownload.com



ဝေသုံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာ”ဟု ဆိုအပ်သော အဖို့ တစ်ပါးကို ပြသောကြောင့် ပကတ္တိရဝါကျ။ ထိုတွင်–

(ခ)အမှတ်ပြဝါကျသည် (က)အမှတ်ပြဝါကျကို ယုတ္တိအားဖြင့် မြဲမြံခိုင်ခံ့အောင် ပြသောကြောင့် ယုတ္တိဒဠှီကရဏဝါကျ (ယောဇနာ၊ ဌသျှသစ်တို့အလို ဖြစ်သည်။) (တစ်နည်း) (က)အမှတ်ပြ အကျိုး၏အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ (သျှသစ်အလို ဖြစ်သည်။)

မှတ်ချက်။ ။ ဤနေရာ၌ သျှသစ်ဆရာ ကာရဏသာ ယောဇနာသော်လည်း ဤနေရာနှင့်တူသော (အဋ္ဌကထာ၊ ၁၊ ၂၀၃။ ကို သျှသစ်၊ ၃၊ ၁၇၂။) ဆရာ ယောဇနာရာ၌ကား ဒဠှီကရဏ, ကာရဏ ၂–ချက်ပင် ယောဇနာသည်။

(ဂ)အမှတ်ပြဝါကျသည် (က)အမှတ်ပြဝါကျ အနိယမ၏ နိယမကို ပြသောကြောင့် နိယမဝါကျ။ [ ဤနိယမဝါကျကို ထောက်က (က)အမှတ်ပြဝါကျကို (ဂ)အမှတ်ပြ နိယမဝါကျ၏ အနိယမကို ပြသောကြောင့် “အနိယမဝါကျ”ဟု မှတ်] (တစ်နည်း) တသ္မာ–မှတစ်ပါးသော (ဂ)အမှတ်ပြဝါကျသည် (ဂ)အမှတ်ပြဝါကျပါ တသ္မာ–နှင့် တကွသော (က)အမှတ်ပြ အကြောင်း၏အကျိုးကိုပြသောကြောင့် ဖလဝါကျ။ ဤဖလဝါကျကိုထောက်က (ဂ)အမှတ်ပြဝါကျပါ တသ္မာ–နှင့် တကွသော (က)အမှတ်ပြဝါကျကို တသ္မာ–မပါသော (ဂ)အမှတ်ပြ အကျိုး၏ အကြောင်းကို ပြသောကြောင့် “ကာရဏဝါကျ”ဟု မှတ်။ အနိယမ, နိယမကို ငဲ့၍ တသ္မာ ၏ ရှေ့မှာပိုက်သည်။ ကာရဏ, ဖလကို ငဲ့က တသ္မာ–နောင်ပိုက်ရမည်ကို သတိပြု]

(ဃ)အမှတ်ပြဝါကျသည် (ဂ)အမှတ်ပြဝါကျကို ( ဂ–အမှတ်ပြဝါကျရှိ သဒ္ဒ အနုသာသဝေသုံ–ကို) ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။

မှတ်ချက်။ ။ “ဝါကျာရမ္ဘဝါကျ”ဟုလည်း ဆိုကြသည်။

[အကြောင်းပြ တသ္မာ–နှင့် လဒ္ဓဂုဏ်ပြ တသ္မာ–အထူး။ ။ဟိတ်တွင်၍သာ သုံးသပ်အပ် စွဲအပ်သော တသ္မာ–ကို “အကြောင်းပြတသ္မာ”ဟု မှတ်အပ်၏။ ဟိတ်၏ ဖိုလ်ကို သုံးသပ်အပ် စွဲအပ်သော တသ္မာ–ကို “လဒ္ဓဂုဏ တသ္မာ”ဟု မှတ်အပ်၏။

ကျက်။ ။ ဟိတ်တွင် ရှေ့သာ၊ သုံးသပ်ရာ၊ တသ္မာ–အကြောင်းပြ။
ဟိတ်၏ဖိုလ်မှာ၊ သုံးသပ်ရာ၊ တသ္မာ–ဂုဏ်လဒ္ဓ။
(သမ္ဗန္ဓစိန္တာဂဏ္ဌိသစ်၊ ၈၂။)

ဤမေးခွန်းပါ တသ္မာ–ကား “ယသ္မာ၊ ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုသို့ မရှိသည်၏ အဖြစ်ကြောင့်”ဟု ဟိတ်ကို စွဲသောကြောင့် အကြောင်းပြ တသ္မာ မည်၏

လဒ္ဓဂုဏ်ပြ တသ္မာ–ဥဒါဟရဏ်

(က) ဥတ္တရပဒေပိ ပန ယထာ “ဣမေဝ ဘိက္ခဝေ ပဌမော သမဏော ဣဓ ဒုတိယော သမဏော” တိ ဧတ္ထ ဧဝကာရော အာနေတွာ ဝုစ္စတိ၊ ဧဝံ ဝတ္တဗ္ဗော။

(ခ) န ဟိ သက္ကာ ဣတော အညေဟိပိ နိဝရဏသခါတေဟိ အကုသ လေဟိ ဓမ္မေဟိ အဝိဝိစ္စ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရိတုံ။

(ဂ) တသ္မာ “ဝိဝိစ္စေဝ ကာမေဟိ, ဝိဝိစ္စေဝ အကုသလေဟိ ဓမ္မေဟီ”တိ ဧဝံ ပဒဒွယေပိ ဧသ ဒဋ္ဌဗ္ဗော။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၁၃။)

http://www.dhammadownload.com



ဟိ-ယသ္မာ၊ အကြင်ကြောင့်။ န သက္ကာ၊ မတတ်ကောင်း။ တသ္မာ၊ ထိုသို့ မတတ်ကောင်းသည်၏ အဖြစ်ကြောင့်။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ (ယသ္မာ-၏ အဖက် တသ္မာ-ထည့်။) တသ္မာ၊ ထိုသို့ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ ဒဠှဗ္ဗော၊ ၏။

ဤ၌ (ခ)အမှတ်ပြဝါကျသည် ဟိတ်တည်း။ (က)အမှတ်ပြဝါကျအား ယင်း ဟိတ်၏ ဖိုလ်တည်း။ (ဂ)အမှတ်ပြဝါကျ တသ္မာ-သည် (က)အမှတ်ပြဝါကျ ဟိတ်ဖိုလ်ကို စွဲသောကြောင့် လဒ္ဒဂုဏ်ပြ တသ္မာ-မည်၏။

ထည့်ပေးသည့် ဟိ-ယသ္မာ-၏ အဖက် တသ္မာ-ကား အကြောင်းပြ တသ္မာ တည်း။ "အကြောင်းပြ တသ္မာ-သည် ယ-ကို ငံ့သည်။ လဒ္ဒဂုဏ်ပြ တသ္မာ-ကား ယ-ကို အလျှင်းမငံ့"ဟု မှတ်။ အကျယ်ကို ဝါကျသံသယဝိသောဓနီ၌ ရှု။]

အဿ-ပုဒ် စာစပ်

အဿ-ကား "၏"ဟူ၍ အနက်ပေးသောကြောင့် တံ အဗ္ဗာစာရံ-၌ သမ္ဗန်၊ တံ အဗ္ဗာစာရံ-ကား သမ္ဗန္ဓီ။

[ ထောက်ဖွယ်။ ။ အဿ တံ အဗ္ဗာစာရန္တိ သမ္ဗန္ဓော။ သာရတ္ထ။]

---

၄။ ။ ဝစနတ္ထနှင့် ဥာသ်ကောက်

အစိတ်ဝစနတ္ထ။ ။ အာရက္ခဏံ အာရက္ခော။ တိဋ္ဌန္တီတိ ဌိတာ၊ ဒိဗ္ဗန္တိ ပဉ္စကာမဂုဏာဒီဟိ ကီဠန္တီတိ ဒေဝါ။ ဒေဝါ ဧဝ ဒေဝတာ (ဓာန်၊ ဋီ၊ ၁၁။)

အပေါင်းဝစနတ္ထ။ ။ အာရက္ခာယ ဌိတာ ဒေဝတာ အာရက္ခဒေဝတာ။

အာရက္ခာယ၊ စောင့်ရှောက်ခြင်းငှါ။ ဌိတာ၊ တည်ကုန်သော။ ဒေဝတာ၊ နတ်တို့တည်း။ အာရက္ခဒေဝတာ၊ စောင့်ရှောက်ခြင်းငှါတည်ကုန်သော နတ်တို့။

အာရက္ခာယ ဌိတာ ဒေဝတာ-ကား မဇ္ဈေလောပီစတုတ္ထီတပ္ပုရိသ်သမာသ် ဝိဂြိုဟ်၊ အာရက္ခာဒေဝတာ-ကား မဇ္ဈေလောပီစတုတ္ထီတပ္ပုရိသ်သမာသ်ပုဒ်။ အာရက္ခ ပုဒ်၊ ဒေဝတာ-ပုဒ်။ ဤအာရက္ခဒေဝတာ-ဟူသော မဇ္ဈေလောပီစတုတ္ထီတပ္ပုရိသ် သမာသ်ပုဒ်၌ အာရက္ခ-ဟူသော ရှေ့ပုဒ်၏အရကား စောင့်ရှောက်ခြင်း အကျိုးသည် မုချအားဖြင့်ရ၏။ ထိုစောင့်ရှောက်ခြင်းအကျိုး၏ တည်ကုန်သော နတ်တို့နှင့် အကျိုး အကြောင်း၏အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဥာနုပစာအားဖြင့်ရ၏။ အာရက္ခဒေဝတာ-ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမုချဥာနုပစာတို့ဖြင့် မှတ်အပ်သော စောင့်ရှောက်ခြင်းငှါ တည်ကုန်သော နတ်တို့ရ၏။

[ထောက်ဖွယ်။ ။ အာရက္ခောတိ အဇ္ဈော စ ဗဟိ စ ရတ္တိဉ္စ ဒိဝါ စ အာရက္ခ ဏံ။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၇၇။) အာရက္ခဒေဝတာတိ တဿ အာရက္ခတ္ထာယ ဌိတာ ဒေဝတာ။ (သာရတ္ထ၊ ၂။ ၁၄။)

ဒေဝါ-ပုဒ်၏ ဝစနတ္ထများ။ ။ ဒိဗ္ဗန္တိ ကီဠန္တိ ပဉ္စဟိ ကာမဂုဏေဟိ, ပဋိ ပက္ခေ ဝါ ဝိဇေတုံ ဣစ္ဆန္တိ , ဝေါဟရန္တိ စ လောကဿ ယုတ္တာ ယုတ္တံ, ဇောတန္တိ ပရမာယ သရီရဇုတိယာ, ထောမိယန္တိ တဗ္ဗာဝတ္ထိကေဟိ, ကာမိယန္တိ ဒဋ္ဌုံ သောတုဥ္စ သောဘာဝိသေသ ယောဂေန, ဂစ္ဆန္တိ စ ယထိစ္ဆိတဋ္ဌာနံ အပ္ပဋိဃာတဂမနေန, သက္ကောန္တိ စ အာနုဘာဝသမ္ပတ္တိ ယာ တံတံကိစ္စံ နိပ္ဖါဒေတုန္တိ ဒေဝါ။ စတုမဟာရာဇိကာဒယော။ (နီတိဓာတု။ ၂၂၀)]

http://www.dhammadownload.com



၅။ ॥ ဝိဘတ္တာဒိဝိဘာဂ

ပကုဗ္ဗတော-ပုဒ်၌ စတုတ္ထီ သ-ဝိဘတ်။

အတ္တနာ-ပုဒ်၌ တတိယာ နာ-ဝိဘတ်။

အညာ-ပုဒ်၌ ပထမာ ယော-ဝိဘတ်။

အဿ-ပုဒ်၌ ဆဋ္ဌီ သ-ဝိဘတ်။

ပရစိတ္တဝိဒူ-ပုဒ်၌ ပထမာ ယော-ဝိဘတ်။

အညေ-ပုဒ်၌ ပထမာ ယော-ဝိဘတ်။

ဒိသွာ-ပုဒ်၌ ဒိသ-ဓာတု၊ ပေက္ခဏတ္ထ၊ တွာပစ္စယ၊ ကတ္တုရွ။

[ အတ္တနာ-၌ ထောက်ဖွယ်။ ॥ အတ္တနာ ဓာနာတီတိ သယမေဝ ဓာနာတိ။ ပစ္စတ္တေ စေတံ ကရဏဝစနံ၊ အတ္တာ ဓာနာတီတိ ဝုတ္တံ ဟောတိ။ (သာရတ္ထ၊ ၂၊ ၅၀။)]

---

၆။ ॥ အာဘောဂနှင့် သံဝဏ္ဏနာ

(ဃ)အမှတ်ပြဝါကျဖြင့် (ဂ)အမှတ်ပြဝါကျရှိ သဒ္ဒံ အနုဿာဝေသုံ-၌ "အသံကို ကြားစေကြကုန်ပြီ"ဟူသည် "သွား၍ ပြောကြသည်မဟုတ်၊ မကြားမရျင်း အသံကို ကြီးစွာ ဖန်ဆင်း၍ ကြွေးကြော်ကြခြင်းပင်တည်း"ဟု အဋ္ဌကထာဆရာ သိစေပါသည်။

[ ထောက်ဖွယ်။ ॥ တထာ နိစ္ဆာရေသုန္တိ တထာ မဟန္တံ သဒ္ဒံ ကတွာ နိစ္ဆာရေဆုံ၊ (သာရတ္ထ၊ ၂၊ ၁၄။) (ဂဏ္ဌိသစ် ၁၊ ၄၃၁။) လည်းရှု။]

(ဂ)အမှတ်ပြဝါကျရှိ တသ္မာ-ဟူသော သံဝဏ္ဏနာသည် "သတ္တလောက၌ ယုတ်မာသော အမှုကို ပြုသောသူအား ဆိတ်ကွယ်ရာအရပ်မည်သည် မရှိသောကြောင့် ထိုအရှင်သုဒိန်၏ ထိုလွန်ကျူး၍ ကျင့်ခြင်းကို မြေ၌ တည်ကုန်သော နတ်တို့ မြင်ကြ ကုန်၏"ဟု အဓိပ္ပာယ်ရ အနက်ကိုဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာမည်၏။

အဿ တံ အဇ္ဈာစာရံ ဒိသွာ-ဟူသော သံဝဏ္ဏနာသည် "ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဘုမ္မာ၊ မြေ၌တည်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ အဿ၊ ထိုအရှင်သုဒိန်၏။ တံ အဇ္ဈာစာရံ၊ ထိုလွန်ကျူး၍ ကျင့်ခြင်းကို။ ဒိသွာ၊ မြင်ကြကုန်၍။ သဒ္ဒံ၊ အသံကို။ အနုဿာဝေသုံ၊ တစ်ဆင့်အားဖြင့် ကြားစေကုန်ပြီဟု အဿတံ အဇ္ဈာစာရံ ဒိသွာ-ပုဒ်များကိုထည့်၍ အနက်ယောဇနာရမည်"ဟု အဓိပ္ပာယ်ရ အနက်ကိုဖွင့်သောကြောင့် ဘာဝတ္ထ သံဝဏ္ဏနာမည်၏။ (တစ်နည်း) "မြေ၌တည်ကုန်သော နတ်တို့သည် အရှင်သုဒိန်၏ ထိုလွန်ကျူး၍ ကျင့်ခြင်းကို မြင်၍ တစ်ဆင့်အားဖြင့် ကြားစေကြကုန်ပြီ"ဟု အဓိပ္ပာယ်ရအနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာမည်၏။

ပရစိတ္တဝိဒူ သကလဝနသဏ္ဍနိဿိတာ-ဟူသော သံဝဏ္ဏနာသည် "ဘုမ္မာ ဒေဝါ"ဟူသည် "သူတစ်ပါးတို့၏ စိတ်ကို သိကုန်သော အလုံးစုံသော တောအုပ်၌ မှီကုန်သော နတ်တို့ပင်တည်း"ဟု သရုပ်ကြားအနက်ကိုဖွင့်သောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာမည်၏။

http://www.dhammadownload.com



သဒ္ဒံ အနုသာဝေသုံ-ဟူသော သံဝဏ္ဏနာသည် "သဒ္ဒ-ဟူသော အနုသာဝေသုံ- ဟူသော နှစ်ပုဒ်ကို စပ်သောအားဖြင့် ထားသတည်း"ဟု သန္ဓိဖြစ်သော လိင်ပုဒ်ကို ဖွင့်သောကြောင့် သန္ဓိလိင်္ဂပဒသံဝဏ္ဏနာမည်၏။

---

၇။ ။ ပါဠ်အဆုံးအဖြတ်

ကရဿာကာရော စ။ ကရ-ဣစ္စေတဿ ဓာတုဿ အ-ကာရော ဥတ္တံ မာပဇ္ဇတေ ဝါ၊ ကုဗ္ဗတိ, ကရောတိ ဝါ၊ ကွစိဓာတုတိအာဒိနာ ကုဿကြုစ၊ ကြုဗ္ဗတိ။ (ရူ၊ ၅၂၂။)

ကု ကြု စေဿ ဝတ္တံ သဗ္ဗတ္ထ။ ပါဝစနနယေန ကရ-ဣစ္စေတဿ ဓာတုဿ ကု-အာဒေသော, ကြု-အာဒေသော စ ဟောတိ၊ ဩ-ကာရပစ္စယဿ စ ဝကာရတ္တံ သဗ္ဗတ္ထ ဝိဘတ္တိပစ္စယေသု။ ကုဗ္ဗတိ။ ကြုဗ္ဗတိ။ (နီတိ၊ သုတ္တ၊ ၁၀၂၆)

ဤ ရူပသိဒ္ဓိ, သဒ္ဒနီတိ, သုတ္တမာလာတို့ကို ထောက်၍ ပကုဗ္ဗတော၊ ပကြုဗ္ဗတော-ပါဠ် ၂-မျိုးလုံး သင့်ပါသည်။

[ရူပသိဒ္ဓိဆရာ ရှုပ်ပြီးပုံ။ ။ "ယဝကာရာစ" တိ အပဒန္တဿ ပရ ဥ-ကာရဿ ဝ-ကာရော၊ "ကွစိဓာတု" တိအာဒိနာ ဓာတု -ရ-ကာရဿ ဝ-ကာရဿ လောပေါ၊ ဝ-ကာရဿ ဒွိတ္တေ တဿ "ဗွော ဝဿာ"တိ ဗ-ကာရဒွယံ။]

ပုထဿ ထုပု ပဌ၁။ ပဌမော။ (နီတိ၊ သုတ္တ၊ ၁၃၀၉။)

ပုထဿ ပုထုပထာမော ဝါ။ ပထမေ ဓာတော ပထမော။ ဝါ ပဌမော။ (ကစ္စည်း၊ ၆၆၆။)

ပဌ ဝိယတ္တိယံ ဝါစာယံ၊ အမော။ ပထ သချာနေ ဝါ၊ အမော။ ဝဏ္ဏဝိကာရော ပဌမံ၊ ပထမန္တိပိ။ (ဓာန်၊ ဋီ၊ ၇၁၅။)

ဤသဒ္ဒနီတိသုတ္တမာလာ, ကစ္စည်း, အဘိဓာန်ဋီကာတို့ကို ထောက်၍ ပဌမံ, ပထမံ-ပါဠ် ၂-မျိုးလုံး သင့်ပါသည်။

---

၈။ ။ နည်း, ဥပစာ

ဒေဝါ သုဏန္တိ-ဝယ် ဒေဝါ-ဟူသော နည်းသည် ဆိုလတ္တံ့သော ပဗ္ဗတဋ္ဌက စတုမဟာရာဇ်နတ်, တာဝတိံသာနတ်စသည်တို့မှ အကြွင်းဖြစ်သော အာကာသဋ္ဌ စတုမာရာဇ်နတ်တို့ကို ယူရသောကြောင့် ပါရိသေသနည်း မည်၏။

[စတုမဟာရာဇ်နတ် ၂-မျိုး။ ။ ပါဠိတော်၌ ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စတုမဟာရာဇိကာ အနုသာဝေသုံ။ပ။ တာဝတိံသာ ဒေဝါ စသည်ဖြင့် လည်းကောင်း, အဋ္ဌကထာ၌"ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ အာကာသဋ္ဌဒေဝတာ အဿောသုံ၊ အာကာသဋ္ဌာနံ စတုမဟာရာဇိကာ"ဟုလည်းကောင်း ပဗ္ဗတဋ္ဌကစတုမဟာရာဇ် နတ်, တာဝတိံသာနတ်စသည်တို့ကို ဆိုလတ္တံ့ဖြစ်သည်။

http://www.dhammadownload.com



ပါဠိတော်၌ အာကာသဋ္ဌနတ်တို့ကို အသီးသီးမဆိုသော်လည်း အာကာသဋ္ဌနတ်များကြားပြီးမှ ပဗ္ဗတဋ္ဌကနတ်များ ကြားသည်။ ပဗ္ဗတဋ္ဌကနတ်များ ကြားပြီးမှ တာဝတိံသာ နတ်စသည်တို့ တစ်ဆင့်ပြီးတစ်ဆင့် အစဉ်အတိုင်းကြားသည်။ ယင်းသို့ တစ်ဆင့်ပြီး တစ်ဆင့် ကြားသိသည့် အစဉ်အားဖြင့် အာကာသဋ္ဌနတ်တို့ကို အဋ္ဌကထာ ဆရာ သီးခြားခွဲဆိုသည်။

အာကာသဋ္ဌာနံ စတုမဟာရာဇိကာ-ဟူသော အဋ္ဌကထာ၌ စတုမဟာရာဇိကာ-၏ အရကို (အာကာသဋ္ဌနတ်တို့ကို စတုမဟာရာဇ်နတ်၌ အကျုံးဝင်သော်လည်း အဋ္ဌကထာဆရာ သီးခြားဆိုခြင်းကြောင့်) မြင်းမိုရ်တောင်ခါးပန်းအလယ်၌ တည်သော ပဗ္ဗတဋ္ဌကစတုမဟာရာဇ်နတ်တို့ကိုသာ ယူရမည်။ "အာကာသဋ္ဌစတုမဟာရာဇ်နတ်, ပဗ္ဗတဋ္ဌကစတုမဟာရာဇ်နတ်"ဟု စတုမဟာရာဇ်နတ် ၂-မျိုး ခွဲဆိုသည်ကို သတိပြုပါ။

တံ အဇ္ဈာစာရံ-၌ အဇ္ဈာစာရ-သဒ္ဒါသည် အကျိုးဖြစ်သော လွန်ကျူး၍ ကျင့်ခြင်း (ရဟန်းတို့ စောင့်စည်းအပ်သော သီလတည်းဟူသော အပိုင်းအခြားကို လွန်၍ မဂ်ဖြင့် မဂ်ကို ကျင့်ခြင်း) ကြိယာ၏ အဇ္ဈာစာရ-ဟူသော အမည်ကို အကြောင်းဖြစ်သော လွန်ကျူး၍ ကျင့်ခြင်း (ရဟန်းတို့ စောင့်စည်းအပ်သော သီလတည်းဟူသော အပိုင်းအခြားကိုလွန်၍ မဂ်ဖြင့် မဂ်ကို ကျင့်ခြင်း၊ ကြိယာကို ဖြစ်စေတတ်သော စေတနာ၌ တင်စား၍ အကြောင်းဖြစ်သော လွန်ကြူး၍ကျင့်ခြင်း (ရဟန်းတို့ စောင့်စည်းအပ်သော သီလတည်းဟူသော အပိုင်းအခြားကိုလွန်၍ မဂ်ဖြင့် မဂ်ကို ကျင့်ခြင်း) ကြိယာကို ဖြစ်စေတတ်သော စေတနာကို"အဇ္ဈာစာရ"ဟု ဆိုခြင်းကြောင့် ဖလူပစာမည်၏။]

[ ဖလူပစာအားဖြင့် စေတနာကို "ကံ"ဟု ခေါ်သကဲ့သို့။ ။ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကရောတိ ကာယေန ဝါစာယ မနသာ။ (ဓမ္မသင်္ဂဏီ အဋ္ဌကထာ၊ ၁၃၀။)

ဤ၌ ကမ္မံ-ကို "ကိရိယံ"ဟု မူလဋီကာ ဖွင့်သည်ကို ထောက်၍ "ကရဏံ ကမ္မံ"ဟု ဘာဝသာဓနပြု။ ကမ္မ၏အရ ပြုခြင်းကြိယာကို ရသော်လည်း အကျိုးဖြစ်သော ပြုခြင်းကြိယာ၏ ကမ္မ-ဟူသော အမည်ကို အကြောင်းဖြစ်သော စေတနာ၌ တင်စား၍ ဖလူပစာအားဖြင့် အကြောင်းဖြစ်သော စေတနာကို "ကမ္မ"ဟု ခေါ်သကဲ့သို့ မှတ်။

ယသ္မာ စ စေတနာယ စေတယိတွာ ကာယဝါစာဟိ စောပနကရိယံ မနသာ စ အဘိဇ္ဈာဒိကိရိယံ ကရောတိ၊ တသ္မာ တဿာ ကိရိယာယ ကာရိကံ စေတနံ အဟံ ကမ္မံ ဝဒါမီတိ အတ္ထော။ (မူလဋီ၊ ၁၊ ၇၇။)

ဥပမာယမိဓေကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ ဇာနန္တိ။ (အင်္ဂုတ္တရ၊ ၃၊ ၁၂၊ ၄၃၄။) ဥပမာယမိဓေကစ္စေ၊ အတ္ထံဇာနန္တိ၊ ပဏ္ဍိတာ။ (မဇ္ဈိမဋ္ဌ၊ ၁၊ ၁၀၆) ပရိဘာသာအရ ဤဥပမာကို ပြသတည်း။]

၉။ ။ [ဋ္ဌ၊ ၁၊ ၁၈၁။]

http://www.dhammadownload.com



၁၀။ ။ ဒေသနာဟာရနေတ္တိနည်း

အဖ္ဗာစာရ်-၏ အရကို မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိသမုဋ္ဌာပိကာစေတနာ (မဂ်ဖြင့် မဂ်ကို ကျင့်ခြင်းကို ဖြစ်စေတတ်သောစေတနာ) တံသမ္ပယုတ္တဓမ္မတို့ကို ယူ၍ ထိုမဂ္ဂေန မဂ္ဂပ္ပဋိပတ္တိသမုဋ္ဌာပိကစေတနာ, တံသမ္ပယုတ္တဓမ္မတို့တွင် သာယာအပ်သော သုခသောမနဿဝေဒနာ, မယားဟောင်းဟူသော လူ့ဌာရုံသည် အဿာဒမည်၏။ ထိုကို သာယာတတ်သော တဏှာဝိပလ္လာသသည်လည်း အဿာဒမည်၏။ သာယာအပ်, သာယာတတ်သော တရားသည်ပင်, သင်္ခါရဒုက္ခဖြစ်၍ အာဒီနဝမည်၏။ အရှင်သုဒိန်သည် အလိုရှိအပ်သော ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော အရိယမဂ်, ထွက်မြောက်တတ်သော နိဗ္ဗာန်သည် နိဿရဏမည်၏။ ဗိုလ်စိတ္တုပ္ပါဒ်သည်လည်းကောင်း, ထိုစေတနာကြောင့်ရအပ်သော ဝိပ္ပဋိသာရဖြစ်ခြင်း, အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး စသော အကျိုးသည်လည်းကောင်း ဖလမည်၏။ ထိုဖလကို ရခြင်း၏ အကြောင်းဖြစ်သော အရိယာမဂ်၏ ရှေးအဖို့ဖြစ်သော ပဋိပဒါသည်လည်းကောင်း, မယားဟောင်းတည်း ဟူသော အာရုံ ယောနိသောမနသိကာရ စသည်သည်လည်းကောင်း ဥပါယမည်၏၊ "ဝိပ္ပဋိသာရဖြစ်ခြင်း, အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေးစသည်မှ ကြောက်ကုန်သော သူတို့သည် အရှင်သုဒိန်ကဲ့သို့ လွန်ကျူး၍ မကျင့်ကြလေနှင့်"ဟု မဆိုသော်လည်း ဆိုသကဲ့သို့ဖြစ်ခြင်းသည် အာဏတ္တိမည်၏။ ဤသို့ ဒေသနာဟာရမည်သော သံဝဏ္ဏနာ ဝိဿသသည် အဿာဒစသည်ကို ဖွင့်ပြတတ်၏။ ထိုအဿာဒစသည်တို့တွင် အာဒီန ဝေါ ဖလဉ္စ ဒုက္ခံ-ဟူသော ပါဠိနှင့်အညီ အာဒီနဝသည်လည်းကောင်း, ဖလသည် လည်းကောင်း ဒုက္ခသစ္စာမည်၏။ အဿဒေါ သမုဒယော-ဟူသော ပါဠိနှင့်အညီ အဿာဒသည် သမုဒယသစ္စာမည်၏။ နိဿရဏံ နိရောဓော-ဟူသော ပါဠိနှင့်အညီ နိဿရဏသည် နိရောဓသစ္စာမည်၏။ ဥပါယော အာဏတ္တိ စ မဂ္ဂေါ-ဟူသော ပါဠိနှင့်အညီ ဥပါယသည်လည်းကောင်း, အာဏတ္တိသည်လည်းကောင်း မဂ္ဂသစ္စာမည်၏။ ဤသို့ အဖ္ဗာစာရ်-ဟူသော ဒေသနာတော်သည် သစ္စာလေးပါးကို ဟောကြားတတ်၏။ ဤသို့လျှင် အဿာဒစသည်ကို ဖွင့်ပြလျက် သစ္စာလေးပါးကို ဟောခြင်းသည် ဒေသနာ ဟာရမည်၏-ဟုလိုသော်။

[ အဖ္ဗာစာရ၏အရ ကောက်ပုံ။ ။အဖ္ဗာစာရော ရာဂဝသေန အဘိဘာဝိတ္တာ သညမဝေလံ (ရဟန်းတို့ စောင့်စည်းအပ်သော သီလတည်းဟူသော အပိုင်းအခြား စည်းကမ်းကို) အာစာရော။ (ဋ္ဌ၊ ၂၊ ၁၂၁။) အစာရောတိ အာစရဏံ, ဟတ္ထဂ္ဂဟာဏာဒိကြိယာ။ (သာရတ္ထ၊ ၂၊ ၃၁၇။) သံဃာဒိသိသ် ကာယသံသဂ္ဂ သိက္ခာပုဒ်အဖွင့်။

ဤပဌမပါရာဇိကသိက္ခာပုဒ်၌ကား "အာစာရ-ကျင့်ခြင်း"ဟူသည် မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိကြိယာတည်း။ ယော နိမိတ္တေန နိမိတ္တံ အင်္ဂဇာတေန အင်္ဂဇာတံ အန္တမသော တိလဖလမတ္တမ္ပိ ပဝေသေတိ၊ ဧသော ပဋိသေဝတိနာမ။(ပါရာဇိကကဏ္ဍ၊၃၄ကိုထောက်။)

http://www.dhammadownload.com



မှန်၏-ဤပထမပါရာဇိကသိက္ခာပုဒ်၌ အဓ္ဈာစာရ-သဒ္ဒါသည် မေထုန် ဓမ္မ ပဋိသေဝေယျ၊ မေထုန် ဓမ္မ အဘိဝိညာပေတိ-သဒ္ဒါတို့၏ ပရိယာယ်သာတည်း။

အတ္ထတော ပန အသဒ္ဓမ္မသေဝနာဓိပ္ပါယေန ကာယဒွါရပ္ပဝတ္တာ မဂ္ဂေနမဂ္ဂပ္ပဋိပတ္တိသမုဋ္ဌာပိကစေတနာ အဗြဟ္မစရိယံ။ (သာရတ္ထ၊ ၃၊ ၂၅၂။)ကိုလည်း ထောက်။

ဤသို့ အဇ္ဈာစာရ-၏အရ သီလတည်းဟူသော အပိုင်းအခြားကို လွန်၍ မင်္ဂဖြင့် မင်္ဂကိုကျူးမြဲခြင်းကြိယာကိုရသော်လည်း ကမ္မ၏အရ ပြုခြင်းကြိယာကို ရသော်လည်း ဖလူပစာအားဖြင့် စေတနာကို ကောက်ရသကဲ့သို့ ဖလူပစာအားဖြင့် ထိုကြိယာကို ဖြစ်စေတတ်သော ထိုကြိယာဖြစ်ခြင်း၏ အကြောင်းဖြစ်သော စေတနာကို ကောက်အပ်၏။ ယင်းသို့ စေတနာသာမည မကောက်ဘဲ မဂ္ဂေန မဂ္ဂပ္ပဋိ ပတ္တိသမုဋ္ဌာပိကစေတနာကို ကောက်သည်ကို ယခင်သာရတ္ထ (၃၊ ၂၅၂။)ကိုပင် ထောက်။]

---

## ၁၉၈၂ (၁၃၄၃) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ နိရဗ္ဗုဒေါ ဟိ သာရိပုတ္တ ဘိက္ခုသံဃော နိရာဒီနဝေါ အပဂတကာဠ ဠကော သုဒ္ဓေါ သာရေ ပတိဋ္ဌိတော-ကို တုလျတ်၊ လိင်္ဂတ်နည်းအားဖြင့် အနက် ယောဇနာပါ။

၂။ ။ ဒိသွာန ဒါရုဂဏ္ဍေ ဂဏ္ဌိကံ တေဒဝေါစ "ကိဿ တွံ အာဝုသော ဓန္ဓော နိယျာသီ"တိ။ တေသံ ဘဒ္ဒေ ဒါရူနံ ကိစ္စာတိ-ကို အာကာရ အတွင်းသွင်းလျက် ထည့်သင့်သော ပုဒ်တို့ကို ထည့်၍ အနက်ယောဇနာပါ။

၃။ ။ တမေနံ (အဋ္ဌိကသင်္ခလိကံ) ဂိဇ္ဈာပိ ကာကာပိ ကုလလာပိ အနုပတိတွာ အနုပတိတွာ ဖါသုဠန္တရိကာဟိ ဝိတုဒေန္တိ၊ သာ သုဒံ အဋ္ဋဿရံ ကရောတိ-ကို ပါဌာနုသာရီ အနက်ယောဇနာပါ။

၄။ ။ အစ္ဆရိယော ဘန္တေ အာဂမေဟိ၊ အစ္ဆ နေဂမဿ သမယော နေဂမေနစ ကတိကာ ကတာ ဟောတိ "ယော ပဌ္ဌာ အာဂစ္ဆတိ ပညာသံ ဗဒ္ဓေါ"တိ-ကို အာကာရ ဗဟိကရဏနည်းအားဖြင့် အနက်ယောဇနာပါ။

၅။ ။ ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖာနိ န ဝိကိရိယန္တိ န ဝိဒ္ဓံသိယန္တိ၊ ဧဝမေဝေတန သင်္ဂဟိတာ အတ္ထာ-ကို ကတ္တားထည့်၍ လိုက်သင့်သော ပုဒ်များ အလိုက်ခံပြီး အနက်ယောဇနာပါ။

http://www.dhammadownload.com



၆။ ။ တတ္ထ ကိဉ္စာပိ ဒုတိယဇ္ဈာနေ သဗ္ဗေပိ ပဌမဇ္ဈာနင်္ဂမ္မာ န သန္တိ၊ အညေယေဝ ဟိ ပဌမဇ္ဈာနေ ဖဿာဒယော၊အညေ ဣဓ-ကို တတ္ထ-အစွဲ,အည အပါဒါန်တို့ကို ထင်စေလျက် ဝါကျအပြန်အလှန် အနက်ယောဇနာပါ။

၇။ ။သွာတံနာယာတိ ယံ မေ တုမှေသု သက္ကာရံ ကရောတော သွေ ဘဝိဿတိ ပုညဉ္စေဝ ပီတိပါမောဇ္ဇဉ္စ၊တဒတ္ထာယကို ပါဌာနုသာရီ အနက် ယောဇနာပါ။

၈။ ။ တတ္ထ ဝဏ္ဏပဋ္ဌာနေ အာဂတံ နာမသဟဿံ ဥပါလိဂါထာသု နာ-မသတံ အညာနိစ ဂုဏတော လဒ္ဓမာနာနိ နာမာနိ "ဗုဒ္ဓဝေဝစနာနိ"တိ ဝေဒိတဗ္ဗာနိ ကို နိယမာနိယမ ထည့်စွက်၍ အနက်ယောဇနာပါ။

၉။ ။ယဒိ ပန ကဝါဋံ နတ္ထိ လဒ္ဓကပ္ပမေဝ၊ဥပရိ သယန္တေန နိဿေဏိံ အာရောပေတွာ နိပဇ္ဇိတဗ္ဗံ၊သစေ နိဿေဏိမတ္ထကေ ထကနကံ ဟောတိ၊ ထကေတွာပိ နိပဇ္ဇိတဗ္ဗံ-ကို ပါဌာနုသာရီ အနက်ယောဇနာပါ။

၁၀။ ။ ဘိသံ ဝါ မုဏ္ဍာလံ ဝါ ယေန ဝတ္ထုံ ပူရတိ တံ ဥပ္ပါဋေန္တဿ ပါရာ-ဇိကံ၊ကဒ္ဒမေ ဖုဋ္ဌောကာသဝသေန စေတ္ထ ဌာနံ ပရိစ္ဆိန္ဒိတဗ္ဗံ-ကို သဗ္ဗနာမ်ပုဒ်တို့၏ အစွဲမှန်စေလျက် အနက်ယောဇနာပါ။

---

## ၁၉၈၂ (၁၃၄၃) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍပါဠိ. အဋ္ဌကထာ အမှတ် (၁) အဖြေ

၁။ ။ တုလျတ်, လိဂ်တ် အနက်

ဟိ-တဒိမိနာသဒ္ဒါ ထိုစကားသည် ဤစကားဖြင့် မှန်၏။ သာရိပုတ္တ၊ သာရိပုတ္တာရာ။ ဘိက္ခုသံဃော၊ ရဟန်းတို့၏ အပေါင်းသည်။ နိရဗ္ဗုဒေါ၊ ခိုးသူအမြုပ် ဒုဿီလမှကင်း၏။ ဝါ၊ ကင်းသော ခိုးသူအမြုပ် ဒုဿီလရှိ၏။ နိရာဒီနဝေါ၊ ဒုဿီလ အညစ်အပြစ်မှ ကင်း၏။ ဝါ၊ ကင်းသော ဒုဿီလအညစ် အပြစ်ရှိ၏။ အပဂတကာဠကော၊ ဒုဿီလ ဟူသော မည်းညစ်ခြင်းမှ ကင်း၏။ ဝါ၊ကင်းသော ဒုဿီလဟူသော မည်းညစ်ခြင်းရှိ၏။ သုဒ္ဓေါ၊ စင်ကြယ်၏။ ဝါ၊ စင်ကြယ်သောသီလ ရှိ၏။ သာရေ၊ သီလစသော အမြတ်၌။ ဝါ၊ သီလစသော အနှစ်၌။ ဌိတော၊ တည်၏။ (သျှအနက်။) (ပါ။ ၁၁။ ပါသျှ။ ၄၆။)

[ "တုလျတ်, လိဂ်တ်အနက်ပေးနည်း"ဟူသည်။ ကြိယာမသတ်၊ ကတ္တာချင်းချင်း၊ စပ်တုံလျှင်းက၊ တုလျတ်,လိဂ်တ်၊ ဆို၍စပ် - နှင့်အညီ ကြိယာမသတ်ဘဲ ကတ္တားအချင်းချင်းစပ်သည့်အခါ တုလျတ်, လိဂ်တ် စပ်ရသည်။

http://www.dhammadownload.com



ယင်းသို့ ကြိယာမသတ်ဘဲကတ္တားအချင်းချင်းစပ်သည့်အခါ တုလျတ်,လိင်္ဂတ် စပ်ရသည်ကိုအစွဲပြု၍ ကြိယာမသတ်ဘဲနောက်ကတ္တားကို "၏"ဟုပေး၍ ကတ္တားအချင်းချင်း စပ်ပေးသည့်နည်းကို"တုလျတ်, လိင်္ဂတ် အနက်ပေးနည်း"ဟု ခေါ်သည်။

ဤ၌ ကြိယာမသတ်ဘဲ နိရုဒ္ဓေါ-စသော နောက်ကတ္တား လေးပုဒ်ကို "၏"ဟု ပေးသဖြင့် ဘိက္ခုသံဃော-ဟူသော ရှေ့ကတ္တားကို ယင်းနိရုဒ္ဓေါ-စသော နောက်ကတ္တားလေးပုဒ်၌ တုလျတ်, လိင်္ဂတ်စပ်ရသည်။ ယင်းသို့ တုလျတ်, လိင်္ဂတ် စပ်ရသောကြောင့် ဖော်ပြပါ အနက်ပေးခြင်းကို "တုလျတ်, လိင်္ဂတ် အနက်ပေးခြင်း"ဟု မှတ်ရသည်။

တုလျတ်, လိင်္ဂတ်-ရက ပကတိ, ဝိကတိ-ရ။ ။ တုလျတ်, လိင်္ဂတ် ဖြစ်က ပကတိ, ဝိကတိ-လည်း ဖြစ်သည်ချည်းသာ ဖြစ်သောကြောင့် တုလျတ်, လိင်္ဂတ် အနက်ပေးနည်းရက ပကတိ, ဝိကတိ အနက်ပေးနည်းလည်း ရသည်သာ ဖြစ်၏။

ဤ၌ ဘိက္ခုသံဃော၊ သည်။ နိရုဒ္ဓေါ၊ သည်။ပ။ သုဒ္ဓေါ၊ သည်။ (ဟောတိ၊ ၏။) ဤသို့ ကြိယာထည့်ပေးမှု ယင်းသို့ ကြိယာထည့်ပေးသောအခါ ဘိက္ခုသံဃော ဟူသော ရှေ့ကတ္တားကို ဟောတိ-၌ ပကတိကတ္တား စပ်ရသည်။ နိရုဒ္ဓေါ-စသော နောက်လေးပုဒ်ကို ဟောတိ-၌ ဝိကတိကတ္တား စပ်ရသည်။ ယင်းသို့ ပကတိကတ္တား ဝိကတိကတ္တား,စပ်ရသည်ကို အစွဲပြု၍ ကြိယာထည့်၍ ပကတိကတ္တား, ဝိကတိကတ္တားစပ်၍ အနက်ပေးသည့်နည်းကို "ပကတိ, ဝိကတိ အနက်ပေးနည်း"ဟု ခေါ်သည်။

ပကတိ, ဝိကတိ-ရက နိယမ, အနိယမ-ရ။ ။ ပကတိ, ဝိကတိ အနက်ပေးနည်းရက နိယမ, အနိယမ အနက်ပေးနည်းလည်း ရသည်သာဖြစ်၏။

ဤ၌ (ယော ဘိက္ခုသံဃော၊ အကြင်ရဟန်းတို့၏ အပေါင်းသည်။ အတ္ထိ၊ ရှိ၏။) သော ဘိက္ခုသံဃော၊ ကို။ နိရုဒ္ဓေါ၊ "ခိုးသူအမြုပ် ဒုဿီလမှ ကင်း၏"ဟူ၍။ ဝါ၊ "ကင်းသော ခိုးသူအမြုပ် ဒုဿီလ ရှိ၏"ဟူ၍။ ။ပ။သုဒ္ဓေါ၊"စင်ကြယ်၏"ဟူ၍။ ဝါ၊ "စင်ကြယ်သော သီလရှိ၏"ဟူ၍။ (ဝေဒိတဗ္ဗော၊ သိအပ်၏။) ဤသို့ ထည့်သင့်ရာ ကြိယာနှင့်တကွ နိယမ တ-သဒ္ဒါ, အနိယမ ယ-သဒ္ဒါတို့ကို ထည့်ပေးသည့်နည်းကို "နိယမ, အနိယမ အနက်ပေးနည်း"ဟု ခေါ်သည်။ ဝိကတိ ကတ္တားလေးပုဒ်နောင် ဣတိ-သဒ္ဒါကျေသည်။ (သမ္ဗန္ဓစိန္တာဂဏ္ဌိ။ ၃၇၁-ကို မှီးသည်)

ယတ္ထ ယတ္ထ တုလျတ္ထ, လိင်္ဂါ၊ တတ္ထ တတ္ထ ပကတိ ဝိကတိယော စေဝ နိယမာ နိယမာ စ-ဟူသော ပရိဘာသာအရ တုလျတ်, လိင်္ဂတ် အနက်ပေးနည်း ရသည့်နေရာ မှန်သမျှ၌ ပကတိ, ဝိကတိ အနက်ပေးနည်း ရသည်၊ နိယမ, အနိယမ အနက်ပေးနည်းများလည်း ရသည်ကိုသိအပ်၏။

ဤပါဠိတော်၌ ဝိကတိကတ္တားလေးပုဒ်ဖြစ်၍ ရှုပ်ထွေးရာရှိနေပါသည်။ ထို့ကြောင့် ဘိက္ခုသံဃော နိရုဒ္ဓေါ(တုလျတ်, လိင်္ဂတ်)ဘိက္ခုသံဃော နိရုဒ္ဓေါ ဟောတိ (ပကတိ, ဝိကတိ)၊ ယော ဘိက္ခုသံဃော အတ္ထိ၊ သော ဘိက္ခုသံဃော နိရုဒ္ဓေါ ဝေဒိတဗ္ဗော (နိယမ, အနိယမ)။ ဤသို့ ဝိကတိကတ္တားသုံးပုဒ်ကို ချန်၍တစ်ပုဒ်သာမှတ်မိအောင် မှတ်ပါ။တစ်နေရာသဘောကျက အခြားနေရာများ၌လည်း သဘောကျပါလိမ့်မည်။

http://www.dhammadownload.com



ကျက်။ ။ တုလျှော်, လိင်္ဂတ်၊ သတ်မှတ်တစိ၊ ပကတိ-နှင့်၊ ဝိကတိ ရရာ၊ နိယမာ, နိယမ၊ နက်လည်းရ၊ ယောဇနာအရာ။ (သမ္ဗန္ဓစိန္တာဂဏ္ဌိသစ်၊ ၃၇၂။)]

---

၂။ ။ အနက်အားဖြင့် အာကာရ သွင်းလျက် အနက်

[ သျှအတိုင်း ယောဇနာ။ သျှ၌ တေဒဝေါစ-၌ တေ-ကို အနက်မပေး၊ တေ ကျန်နေသည်။ ယင်းတေ-ကို "ဣတိ တေ ဝစနံ၊ အဝေါစ"ဟု ယောဇနာ။ "ကိံသု တွံ အာဝုသော ဗန္ဓော နိယျာသီ"တိ။ တေသံ ဘန္တေ ဒါရုနံ ကိစ္စာတိ-ဝါကျကား ၁၃၂၆, ၁၃၃၇ (၁၉၇၆) ခုနှစ်များက မေးခဲ့ပြီ။ ။ ပါ၊ ၅၃။ ပါသျှ၊ ၁၂၃။]

---

၃။ ။ [ ပါ၊ ၁၄၄။ ပါသျှ၊ ၂၁၆။]

---

၄။ ။ အာကာရဗဟိကရဏနည်းအားဖြင့် အနက်

ဘန္တေ၊ အရှင်။ အဇ္ဇ၊ ယနေ့။ နော၊ တပည့်တော်တို့အား (တစ်နည်း) အဇ္ဇဏှော၊ ယနေ့တစ်နေ့။ ဝါ၊ ယနေ့တစ်ရက်။ (အမှာကံ၊ တပည့်တော်တို့အား။) အာဂမေဟိ၊ သည်းခံဦးလော့။ ဝါ၊ ဆိုင်ငံ့ဦးလော့။ နေဂမဿ၊ နိဂုံးသူအပေါင်း၏။ သမယော၊ စည်းဝေးသောအခါသည်။ (ဟောတိ၊ ဖြစ်၏။) နေဂမေနစ၊ နိဂုံးသူအပေါင်းသည်လည်း။ ကတိကာ၊ ကတိကဝတ်ကို။ ကတာ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ (ကိံ၊ အဘယ်သို့၊ ကတာ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်သနည်း) ယော၊ အကြင်သူသည်။ ပစ္ဆာ၊ နောက်မှ။ အာဂစ္ဆတိ၊ လာ၏။ (တဿ၊ ထိုသူအား။) ပဉ္စာသံဗဒ္ဓေါ၊ ငါးဆယ်သော အသပြာဒဏ်ကို ဖွဲ့ရှိအပ်သည်။ (ဟောတိ၊ ဖြစ်၏) ဣတိ၊ ဤသို့။ (ကတာ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်သတည်း။) ။ [အာကာရ အပြင်နေသည်ဖြစ်၍ အရှိအတိုင်း ကိံ-ထည့်ပေးရုံပင်။ ပါ၊ ၃၂၄။ ပါသျှ၊ ၃၆၀။]

[ အဇ္ဇဏှော-ပုဒ်ပြီးပုံ ၂-မျိုး။ ။ အဇ္ဇဏှော-၌ "အဇ္ဇနော"ဟု ဆိုလိုလျက် ဟ-လာ၍ န-ကို ဏ-ပြုပြီး "အဇ္ဇဏှော"ဟု ဆိုသည်။ "အဇ္ဇဏှော"တိ "အဇ္ဇနော" တိ ဝတ္တဗ္ဗေ ဟကာရာဂမံ, နကာရဿစ ဏကာရံ ကတွာ ဝုတ္တောတိ အာဟ "အဇ္ဇ ဧကဒိဝသံ အမှာက"န္တိ။ (ဝိမတိ၊ ၁၊ ၂၃၈။) အဇ္ဇဏှော ဘန္တေ အာဂမေဟီတိ ဘန္တေ အဇ္ဇ ဧကဒိဝသံ အမှာကံ တိဋ္ဌတု။ (ဋ္ဌ၊ ၂၊ ၂၅၂။)၌ အဇ္ဇ ဧကဒိဝသံ-ဖြင့် အဇ္ဇ-ကိုဖွင့်သည်။ အမှာကံ-ဖြင့် နော-ကိုဖွင့်သည်။ ဤဝိမတိအဆို အရ ရှေ့နည်းပေးသည်။

မောဂ္ဂလာန်အလို အဇ္ဇ-ပုဒ်, အဟ-ပုဒ်၊ "အဇ္ဇောစ သော အဟောစာတိ အဇ္ဇဏှော"ဟု ဝိဂ္ဂဟပြု၊ အဟ-ကို ဏှ-ပြု၍ ပြီးသည်။ ပုဗ္ဗာပရဇ္ဇသာယမဇ္ဈေ ဟာဟဿ ဏှော။ ပုဗ္ဗာဒိဟုတ္တရပဒဿ အဟဿ ဏှာဒေသော ဟောတိ။ ပုဗ္ဗဏှော အပရဏှော အဇ္ဇဏှော သာယဏှော မဇ္ဈဏှော၊ (မောဂ်၊ ၃၊ ၁၁၀။) ဤအလို ဧကဒိဝသံ ဖြင့် ဏှ (အဟ) ကို ဖွင့်သည်။ အမှာကံ-ဖြင့် အာဂမေဟိ-၏ သမ္ပဒါန်ပုဒ်ကို "အမှာကံ" ဟု ထည့်ရမည်၏အဖြစ်ကိုပြသည်။ ဤမောဂ္ဂလာန်အဆိုအရ နောက်နည်းပေးသည်။

http://www.dhammadownload.com



ဤ ၂-နည်းကို ရည်၍ "ပါဠိယံ အဇ္ဈောတိ အဇ္ဈ ကေဒိဝသန္တိအတ္ထော၊ "အဇ္ဈနော"တိ ဝါ၊ အတ္ထော ဂယောတဗ္ဗော၊ နော အမှာကံ။ (သာရတ္ထ၊ ၃၊ ၇၇။)ဟု ဆိုသည်။ "အဇ္ဈဇ္ဈော"ဟုလည်း ပါဠိအချို့ရှိသည်။ ။ ပညာသံ ဗဒ္ဓေါ-၌ "ပညာသ ဗန္ဓော, ပညာသံ ဗန္ဓော,"ဟု အဋ္ဌကထာ၌ ရှိသည်။ ပါဠိကလည်း ပညာသံ ဗန္ဓော ပါဠ်ကို ပေးသည်။]

---

၅။ ။ [သျှအတိုင်း ယောဇနာ။ ။ ဋ္ဌ၊ ၁၊ ၁၅။ ဋ္ဌသျှ၊ ၁၊ ၅၁။ ဋ္ဌသျှသစ်၊ ၁၊ ၁၅၅။]

---

၆။ ။ ဝါကျ အပြန်အလှန် အနက်

တတ္ထ-တသ္မိံ ဒုတိယဗ္ဗာန နိဒ္ဒေသေ၊ ထိုဒုတိယဈာန်ကို အကျယ်အားဖြင့် ပြရာ၌။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ပဌမဇ္ဈာနေ၊ ၌။ ဖဿာဒယော၊ ဖဿအစရှိကုန်သော။ (ဓမ္မာ၊ တရားတို့သည်။) အဉ္ဉေယေဝ၊ ဒုတိယဈာန်၌ ဖြစ်ကုန်သော ဖဿအစ ရှိကုန်သော တရားတို့မှ တစ်ပါးတို့သည်သာလျှင်တည်း။ ဣဓ ဣမသ္မိံ ဈာနေ၊ ၌။ (ဖဿာဒယော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ အညေ(ယေဝ)။ ပဌမဈာန်၌ ဖြစ်ကုန် သော ဖဿ အစရှိကုန်သော တရားတို့မှ တစ်ပါးတို့သည်သာလျှင်တည်း။ (တသ္မာ၊ ကြောင့်) ဒုတိယဇ္ဈာနေ၊ ၌။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပဌမဇ္ဈာနဓမ္မာ၊ ပဌမဈာန်၌ ဖြစ်ကုန်သောတရားတို့သည်။ ကိဉ္စာပိ နသန္တိ၊ အကယ်၍ကား မရှိ၏ ရှင့်။ (သျှသစ် အနက်။) [ဋ္ဌ၊ ၁၊ ၁၁၇။ ဋ္ဌသျှ၊ ၁၊ ၄၀၉။ ဋ္ဌသျှသစ်၊ ၂၊ ၂၉၇။' ဤ ယောဇနာနည်းကိုလည်း "ဖလဝါကျ, ကာရဏဝါကျ အပြန်အလှန် အနက် ယောဇနာနည်းပင်"ဟု မှတ်ပါ။ ဆက်ဦးအံ့ -

[ ဖလ, ကာရဏဝါကျ အပြန်အလှန် ယောဇနာနည်း ၂-မျိုး။ ။ ဤသို့ ယောဇနာခြင်းလည်း ဝါကျအပြန်အလှန် ယောဇနာခြင်းပင်မည်၏။ အချို့ ဆရာတို့ကမူ ယောတုပိဋ္ဌိ၊ ဖြစ်လေဘိက၊ ရှေးရှိုဖိုလ်မှာ၊ ကသ္မာ, ကေန၊ ပုစ္ဆာပြလျက်၊ ဟိတ်နှင့်ယှဉ်ခါ၊ ပြီးဆုံးပါ၊ ဖိုလ်မှာလည်၍ သတ်-အရ ဖလ, ကာရဏ ဖြစ်သင့်သော ဝါကျတို့၌ ဖလဝါကျကို ရှေးဦးစွာ ယောဇနာပြီးလျှင် ကသ္မာ, ကေန-စသည့် ပုစ္ဆာထုတ်လျက် ကာရဏဝါကျကို ယသ္မာ, တသ္မာ-ထည့် စွက်ကာ ဖလဝါကျသို့ ပြန်လှန်စပ် ပြန်လှန်သပ်၍ ယောဇနာသည့်နည်းကိုသာ "ဖလ, ကာရဏ ဝါကျအပြန်အလှန် အနက်ယောဇနာနည်းဖြစ်သည်"ဟု ယူဆပြီး ယခုလို ယောဇနာ သည့် နည်းကိုမူကား "ဟိတ်အတွင်းသွင်း၍ အနက်ယောဇနာသည့် နည်းဖြစ်သည်" ဟု ဆိုကြ၏။

မဟုတ်ပါ။ အမှန်မှာ တည်ရှိသော ဝါကျအစဉ်အတိုင်း မဟုတ်ဘဲ ရှေ့ နောက်ပြန်လှန်၍ ရှေ့ဝါကျကို နောက်, နောက်ဝါကျကို ရှေ့ထား၍ အနက်ယောဇနာ ခြင်းလည်း ဝါကျအပြန်အလှန်ပင်ဖြစ်သောကြောင့် ကသ္မာ, ကေန-စသည့်ဖြင့် ပုစ္ဆာ မထုတ်ဘဲ ဖလဖြစ်သော ရှေ့ဝါကျကို နောက်, ကာရဏဖြစ်သော နောက်ဝါကျကို ရှေ့ထား၍ ယောဇနာခြင်းသည်လည်း ဝါကျအပြန်အလှန် အနက်ယောဇနာခြင်းပင်

http://www.dhammadownload.com



ဖြစ်ပါ၏။ သို့ဖြစ်၍ ဤယောဇနာနည်းကို "ဖလ,ကာရဏ ဝါကျအပြန်အလှန် ယောဇနာနည်း"ဟု ဆိုလျှင်လည်းမမှားပါ "ဟိတ်အတွင်းသွင်း၍ အနက်ယောဇနာနည်း"ဟု ဆိုလျှင်လည်း အမှန်ပင်ဖြစ်ပါ၏။

သို့သော် နိဿယဆရာတို့ အချို့အနည်းငယ်နေရာ၌သာ ဤနည်းဖြင့် ယောဇနာလေ့ရှိကြသည်။ ဤနည်းဖြင့် ယောဇနာမှု လွန်စွာမှ နည်းကြလေသည်။ လွန်စွာမှ နည်းသောကြောင့်ပင် လွန်စွာမှ အသိနည်းရခြင်းဖြစ်သည်။ ဖလ,ကာရဏ ဝါကျတိုင်း၌ ဤနည်းဖြင့်လည်း ယောဇနာနိုင်၏။ ဖလ,ကာရဏဝါကျတိုင်း၌ ၂ မျိုးယောဇနာနိုင်၏။ နေရာတိုင်း၌ နည်းတူသိရာ၏။ သုဝုတ္တာ စေတ္ထ အတ္ထာ ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ။ (ဋ္ဌ၊ ၁၊ ၁၈။)စသော ဟိတ်ပါဠိဖြင့် ရေးသော ဖလ,ကာရဏဝါကျတို့၌လည်း ယသ္မာ, တသ္မာဖြင့်ရေးသော ဤဖလ ကာရဏဝါကျ တို့နည်းတူ သိရာ၏။ ဤစကားစဉ်အရ အချုပ်အားဖြင့် ဖလ,ကာရဏ ဝါကျ အပြန်အလှန်အနက်ယောဇနာနည်း ၂-မျိုးရှိသည်ကို သိရာ၏။

နည်း ၂ မျိုး အထူး။ ။ကသ္မာ-စသည်ဖြင့် ပုစ္ဆာထုတ်၍ ယောဇနာသည့်နည်းသည် ဝါကျအပြန်အလှန် အနက်ယောဇနာနည်းသာမည်၏။ ဟိတ်အတွင်းသွင်း၍ အနက်ယောဇနာနည်း မမည်။ "ဟိတ်အတွင်းသွင်း၍ အနက်ယောဇနာနည်း"ဟု မဆိုနိုင် ကသ္မာ စသည်ဖြင့် ပုစ္ဆာမထုတ်ဘဲ ယောဇနာသည့်နည်းသည် ဖလ, ကာရဏဝါကျအပြန်အလှန် အနက်ယောဇနာနည်းလည်းမည်၏။ ဟိတ်အတွင်းသွင်း၍ အနက်ယောဇနာနည်းလည်း မည်၏။ ၂-မျိုးလုံး ဆိုနိုင်၏။ ဤသို့နည်း ၂-မျိုး ထူးခြားလေသည်။

ပုစ္ဆာမထုတ်ဘဲ ဖလ, ကာရဏဝါကျအပြန်အလှန် ယောဇနာနည်းနှင့် ဟိတ်အတွင်းသွင်း၍ အနက်ယောဇနာနည်းမှာ အတူတူသာ။ ကသ္မာ-စသည်ဖြင့် ပုစ္ဆာမထုတ်ဘဲ ယောဇနာသည့် ဖလ, ကာရဏဝါကျအပြန်အလှန် အနက်ယောဇနာ နည်းမှာ ဟိတ်အတွင်းသွင်း၍ အနက်ယောဇနာခြင်းပင် ဖြစ်သောကြောင့် ဟိတ်အတွင်း သွင်း၍ အနက်ယောဇနာနည်းလည်း ရှိသင့်သည်သာ။ ဤကသ္မာ-စသည်ဖြင့် ပုစ္ဆာမထုတ်ဘဲ ယောဇနာသည့် ဖလ,ကာရဏဝါကျအပြန်အလှန်အနက် ယောဇနာနည်းသည်ပင် ဟိတ်အတွင်းသွင်း၍ အနက်ယောဇနာနည်းမည်သောကြောင့် ဤဖလ, ကာရဏ ဝါကျအပြန်အလှန်ယောဇနာနည်းနှင့် ဟိတ်အတွင်းသွင်း ၍ အနက်ယောဇနာနည်းမှာ ထမင်းနဲ့နှင့် ယာဂုကဲ့သို့ အတူတူသာ ကြိုက်ရာ ပြောနိုင်, သုံးနိုင်သည်။]

---

၇။ ။ [ဋ္ဌ၊ ၁၊ ၁၆၆။ ဋ္ဌသျ၊ ၂၊ ၉၇။ ဋ္ဌသျသစ်၊ ၂၊ ၅၆၉။ ။ ၁၃၁၉-ခုနှစ်ကလည်းမေးခဲ့ပြီး။]

---

၈။ ။နိယမာနိယမ ထည့်၍ အနက်

တတ္ထ-တသ္မိံ ဗုဒ္ဓဝေစနာတိပဒေ၊ ၌။ (ဝေဒိတဗ္ဗာနိ-၌ စပ်။) ဝဏ္ဏပဋ္ဌာနေ၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ပြတတ်သော ဝဏ္ဏ-ပဋ္ဌာန်းကျမ်း၌။ အာဂတံ၊ လာသော။ (ယံ) နာမသဟဿံ(စ)၊ အကြင်အမည်တို့၏ အထောင်သည်လည်းကောင်း။ ဥပါလိဂါထာသု၊ ဥပါလိအမည်ရှိသော သူကြွယ်သည်၊ ဓီရဿ ဝိဂတ မောဟဿ

http://www.dhammadownload.com



အစရှိသည်ဖြင့် ဆိုအပ်ကုန်သော ဂါထာတို့၌။ အာဂတံ၊ သော။ (ယံ) နာမသတံ(စ)၊ အကြင်အမည်တို့၏ အရာသည်လည်းကောင်း။ အညာနိ၊ အမည်တို့၏ အထောင်, အမည်တို့၏အရာမှ တစ်ပါးကုန်သော။ (ယာနိ) နာမာနိစ၊ အကြင်အမည်တို့သည် လည်းကောင်း။ (အတ္ထိ၊ ရှိကုန်၏။ တာနိနာမာနိ၊ ထိုအမည်တို့၏ အထောင်, ထို အမည်တို့၏အရာ, ထိုအမည်တို့၏အထောင် ထိုအမည်တို့၏ အရာမှ တစ်ပါး ကုန်သော အမည်တို့ကို။) ဗုဒ္ဓဝေဝစနာနီတိ၊ "မြတ်စွာဘုရား၏ ပရိယာယ် ဖြစ်ကုန်သော အမည်တို့." ဟူ၍၊ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ [ဋ္ဌ၊ ၁၊ ၂၁၆။ ဋ္ဌသျ၊ ၂၊ ၂၅၃။ ဋ္ဌသျသစ်၊ ၃၊ ၁၈၁။]

---

၉။ ။ [ဋ္ဌ၊ ၁၊ ၂၄၅။ ဋ္ဌသျ၊ ၂၊ ၃၃၃။ ဋ္ဌသျသစ်၊ ၂၊ ၂၇၄။]

---

၁၀။ ။ [သျသစ်အတိုင်း ယောဇနာ။ ဋ္ဌ၊ ၁၊ ၂၈၇။ ဋ္ဌသျ၊ ၂၊ ၄၆၀၊ ဋ္ဌသျသစ်၊ ၃၊ ၄၀၇။]

---

## ၁၉၈၂ (၁၃၄၃) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) သဒေဝကန္တိ သဟ ဒေဝေဟိ သဒေဝကံ။
(ခ) ဇဝံ သဟ မာရေန သမာရကံ။
(ဂ) သဟ ဗြဟ္မုနာ သဗြဟ္မကံ။
(ဃ) သဟ သမဏဗြာဟ္မဏေဟိ သဿမဏဗြာဟ္မဏီ။
(င) ပဇာတတ္တာ ပဇာ၊ တံ ပဇံ။
(စ) သဟ ဒေဝမနုဿေဟိ သဒေဝမနုဿံ။
(ဆ) တတ္ထ သဒေဝကာဝစနေန ပဉ္စ ကာမာဝစရ (ဒေဝဂဟဏံ, ဒေဝဂ္ဂဟဏံ) ဝေဒိတဗ္ဗံ။
(ဇ) သမာရကာဝစနေန ဆဋ္ဌကာမာဝစရ (ဒေဝဂဟဏံ, ဒေဝဂ္ဂဟဏံ)။

၁။ ။ (ဆ)(ဇ)အမှတ်ပြ၀ါကျတို့ကို ဖြစ်သင့်သော ကရိယာပါဌ်ထည့်၍ အနက် ယောဇနာခဲ့ပါ။

၂။ ။ (ဆ)အမှတ်ပြ၀ါကျကို ဒေါသာရောပနစာဒနာ တက်ပြခဲ့ပါ။ (အဓိပ္ပါယ် ပြန်ရန် မလို။)

၃။ ။ (င)(စ)(ဆ)အမှတ်ပြ၀ါကျတို့ကို အကြောင်းပြ၍ အမည်ပေးခဲ့ပါ။

၄။ ။ (စ)အမှတ်ပြ၀ါကျ၌ မနုဿ–ကို သမာသ်, တဒ္ဓိတ်, ကိတ် ဝိဂ္ဂဟပြ၍ ကိတ်ဝိဂ္ဂဟကိုသာ ညသ်နည်းအရ ကောက်ပြပါ။

http://www.dhammadownload.com



၅။ ။ (ခ)အမှတ်ပြဝါကျ မာရ, (င)အမှတ်ပြဝါကျ ပဓာ–တို့ကို ဓာတု, ပစ္စယ, လိင်္ဂ, ဂဏ ခွဲဝေပြခဲ့ပါ။

၆။ ။ (က)အမှတ်ပြဝါကျကို အန္တယာသဘော, ဇာတိရေကာသဘောအားဖြင့် အာဘော် ဖော်ပြ၍ သံဝဏ္ဏနာအမည်တို့ကိုလည်း ပေးခဲ့ပါ။

၇။ ။ (ဆ)(ဓ)အမှတ်ပြဝါကျတို့၌ ပါဌ်နှစ်မျိုးပြထားရာတွင် သင့်ရာ ပါဌ်ကိုသာ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၈။ ။ (ဆ)အမှတ်ပြဝါကျကို ရှု၍ (က)အမှတ်ပြဝါကျပါ သံဝဏ္ဏောတဗ္ဗပုဒ်၌ ရနိုင်သော နည်း, ဥပစာတို့ကို ဖော်ပြခဲ့ပါ။

၉။ ။ အောက်ပါမြန်မာစကားရပ်တို့ကို စုဏ္ဏိယပါဠိ စီကုံးခဲ့ပါ။

ဘဂဝါဟူသော ဤအမည်သည် အကြောင်းမှလာသော နာမ်မည်၏ မယ်တော် မာယာ, သုဒ္ဓေါဒနမင်းကြီး, ရှစ်သောင်းကုန်သော ဆွေတော်မျိုးတော်, သိကြား, သန္တုသိတ အစရှိကုန်သော နတ်အထူးတို့ ပြုအပ်သော နာမ်မဟုတ်၊ ဘုန်းတော်ကြီးကုန်သော ဘုရားရှင်တို့၏ ဗောဓိပင်ရင်းဝယ် သဗ္ဗညုတဉာဏ်ကို ရသည်နှင့်တကွ မျက်မှောက်၌ ပြီးသော နာမပညတ်တော်တည်း။

၁၀။ ။ (ဓ)အမှတ်ပြဝါကျကို ထောက်၍ (ခ)အမှတ်ပြဝါကျပါ မာရေန–၌ ဖြစ်သင့်ရာကို ကိုယ်ထည်ပြ၍ လက္ခဏာဟာရနေတ္တိနည်း ထုတ်ပြခဲ့ပါ။

---

## ၁၉၈၂ (၁၃၄၃) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ ကရိုဏ်းပါဌ်ထည့်၍ (ဆ)(ဓ)အမှတ်ပြဝါကျတို့အနက်

တတ္ထ–တေသု ဝစနေသု၊ ထိုသဒေဝကံ–အစရှိကုန်သော ငါးပါးကုန်သော သဒ္ဒါတို့တွင်။ သဒေဝကဝစနေန၊ သဒေသဝက–သဒ္ဒါဖြင့်။ ဝါ၊ သဒေဝက–သဒ္ဒါ၌ ဝိသေသနအဖြစ်ဖြင့် တည်သော ဒေဝ–သဒ္ဒါဖြင့်။ (ပါရိသေသဉာယေန၊ ပါရိသေသ နည်းဖြင့်။) ပဉ္စကာမာဝစရဒေဝဂ္ဂဟဏံ၊ ငါးထပ်ကုန်သော အောက်ကာမာဝစရ နတ်ပြည်၌ ဖြစ်ကုန်သော နတ်တို့ကို ယူခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ သမာရက ဝစနေန၊ သမာရက–သဒ္ဒါဖြင့်။ ဝါ၊ သမာရက–သဒ္ဒါ၌ ဝိသေသအဖြစ်ဖြင့် တည်သော မာရ–သဒ္ဒါဖြင့်။ (ပစ္စာသတ္တိဉာယေန၊ ပစ္စာသတ္တိနည်းဖြင့်။) ဆဋ္ဌကာမာဝစရ ဒေဝဂ္ဂဟဏံ၊ ခြောက်ထပ်တို့၏ ပြည့်ကြောင်းဖြစ်သော "ဝသဝတ္တိနတ်ပြည်"ဟု ဆိုအပ်သော ကာမာဝစရ နတ်ပြည်၌ ဖြစ်ကုန်သော နတ်တို့ကို ယူခြင်းကို။ (ဝေဒိတဗ္ဗံ၊

http://www.dhammadownload.com



သိအပ်၏။) [ဋ္ဌ၊ ၁၊ ၉၇။ ဋ္ဌသျ၊ ၁၊ ၃၄၃၊ ဋ္ဌသျသစ်၊ ၂၊ ၁၅၆။ သီလက္ခန် နိဿယသစ်၊ ၁၃၃-လည်း ကြည့်။]

[ထောက်ဖွယ်။ ။ သဒေဝကဝစနေန ပဉ္စကာမာဝစရ ဒေဝဂ္ဂဟဏံပါရိသေသညာယေနာတိ ဆေဒိတဗ္ဗံ ဣတရေသံ ပဒန္တရေဟိ သင်္ဂဟိတတ္တာ။ သမာရကာ ဝစနေန ဆဋ္ဌကာမာဝစရဒေဝဂ္ဂဟဏံ ပစ္စာသတ္တိညာယေနာတိ ဒဋ္ဌဗ္ဗံ။ (သာရတ္ထာ၊ ၁၊ ၃၂၁။)]

---

၂။ ။ (ခ)အမှတ်ပြဝါကျ ဒေါသာရောပနစောဒနာတက်(စောဒနာတက်)

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် သဒေဝကံ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဝစနတ္ထ(အဘိဓာနတ္ထ)ကို ပြဆိုတော်မူ၏(ဥပနာ)။ ဝစနီယတ္ထ (သရုပ်ကြားအဘိဓေယျတ္ထ)ကား အဘယ်ပါနည်း (စောဒနာ)။ ဝစနီယတ္ထ (သရုပ်ကြားအဘိဓေယျတ္ထ)ကို မပြဆိုက ဆရာ၌ စကားမပြန့်နံ့သော အဗျာပိတဒေါသရောက်ရာ၏။ (ဒေါသ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာ တော်မူလိုသော အဋ္ဌကထာဆရာသည် (ဆ)အမှတ်ပြဝါကျကိုမိန့်။

[ထောက်ဖွယ်။ ။ ဓဝံ ဝစနတ္ထတော အတ္ထံ ဒဿေတွာ ဝစနီယတ္ထတော ဒဿေတုံ တတ္ထာတိအာဒိဝုတ္တံ။ (သီ၊ ဋီ၊ သစ်၊ ၂၊ ၆၅။) ဤဝါကျ သာမည ဖလသုတ်၌လည်း ရှိသည်။

အမေးလိုက်၍ အတက်ထုးပုံ

"(ဓ)အမှတ်ပြဝါကျ စသည်ကို ငဲ့၍ (ဆ)အမှတ်ပြဝါကျကို တက်ပါ"ဟု မေးလျှင်-

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)(ခ)(ဂ)(ဃ)(င)(စ)အမှတ်ပြဝါကျတို့ဖြင့် သဒေဝကံ-စသော သံဝဏ္ဏေတဗ္ဗပုဒ်တို့၏ ဝစနတ္ထ (အဘိဓာနတ္ထ)ကို ပြဆိုတော်မူ၏ (ဥပနာ)။ ဝစနီယတ္ထ (သရုပ်ကြားအဘိဓေယျတ္ထ)ကား အဘယ်ပါနည်း (စောဒနာ)။ ဝစနီယတ္ထ (သရုပ်ကြားအဘိဓေယျတ္ထ)ကို မပြဆိုက ဆရာ၌ စကားမပြန့်နံ့သော အဗျာပိတဒေါသရောက်ရာ၏။ (ဒေါသ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဆ)အမှတ်ပြဝါကျကိုမိန့်။

ဤသို့တက်။ အမေးပေါ်မှာ မူတည်သည် တက်သည့်ဝါကျ ကွာသလို ဥပနာ ထားသည့်ဝါကျလည်း ကွာသွားလေသည်။ ဤမေးခွန်းအရ ယခုလိုတက်သော်လည်း "မှားသည်"ဟုတော့ မဆိုနိုင်။ သို့သော် (ဓ)စသည်ကို ငဲ့တက်မှ ယခုလိုတက်လို့ ရသည်ဖြစ်၍ "(ဓ)စသည်ကို ငဲ့တက်သည်"ဟုတော့ မှတ်ပါ။]

---

၃။ ။ (င)(စ)(ဆ)အမှတ်ပြဝါကျတို့၏အကြောင်းနှင့်တကွ အမည်။

(င)အမှတ်ပြဝါကျသည် သဿမဏဗြာဟ္မဏိံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဝစနတ္ထ(အဘိဓာနတ္ထ) မှတစ်ပါး ပဇံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ "ဝစနတ္ထ (အဘိ ဓာနတ္ထ)"ဟု ဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။

(စ)အမှတ်ပြဝါကျသည် ပဇံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဝစနတ္ထ (အဘိ ဓာနတ္ထ) မှတစ်ပါး သဒေဝမနုဿံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ "ဝစနတ္ထ (အဘိဓာနတ္ထ)ဟုဆိုအပ်သော အဖို့တစ်ပါးကိုပြသောကြောင့် ပက္ခန္တရဝါကျ။

http://www.dhammadownload.com



(ဆ)အမှတ်ပြဝါကျသည် သဖေဝက်-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဝစနတ္ထ (အဘိဓာနတ္ထ) မှတစ်ပါး ဝစနီယတ္ထ (သရုပ်ကြား အဘိဓေယျတ္ထ)ဟု ဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။

[ တတ္ထ-ချီလျက်တက်တိုင်း ဝိတ္ထာရ မဟုတ်။ ။"နောက်ဝါကျ၌၊ တတ္ထ-ချီလျက်၊ စကားတက်မူ၊ မှတ်ယူ ဝိတ္ထာရ"ဟု နိယံဆိုသော်လည်း ဤ တတ္ထ-ချီလျက် တက်သော ဝါကျကား ဝိတ္ထာရဝါကျ မဟုတ်။ ဘာကြောင့်နည်း? "ဝိတ္ထာရမှာ၊ ကြောင်း,ခြင်း,သာ၊ ပါကဋ္ဌိမှာ၊ ဥပမာ"ဆိုသည့် အတိုင်း ချဲ့ခြင်း ဝိတ္ထာရသည် အကြောင်းရချဲ့ဝိတ္ထာရ, အခြင်းအရာချဲ့ဝိတ္ထာရ, သရုပ်ချဲ့ ဝိတ္ထာရအားဖြင့် ၃-မျိုးရှိ၏။ (အကျယ်ကို ဝါကျသံသယဝိသောဓနီ ၌ရှု) ယင်းချဲ့ခြင်းသုံးမျိုးတို့တွင် မည်သည့်ချဲ့ခြင်းဖြင့်မျှ ချဲ့သည့် သဘောလက္ခဏာ မရှိ။ သံခိပ်ဝါကျ၊ ပဓာနထုံး၊ အဓိပ္ပာယ်ဆုံးက၊ ထိုဝါကျ၊ ဝိတ္ထာရရှည်းသာ-ဟူသောနိယံ, ထင်ရှား, ချဲ့, မြဲ ဝါကျသုံးအင်၊ ရှေ့စကားနှင့်ထပ်တူပင်-ဟူသော နိယံတို့အဆိုအရ ရှေ့စကားနှင့် လိုရင်းအဓိပ္ပာယ် (ဆိုလိုရင်း) ထပ်တူဖြစ်ရမည်။ ဤ၌ ဝစနတ္ထနှင့်ဝစနီယတ္ထ ကွဲပြား သဖြင့် ရှေ့ဝါကျနှင့် လိုရင်းအဓိပ္ပာယ်ထပ်တူလည်း မဟုတ်၍ ဝိတ္ထာရသဘောလက္ခဏာ မထင်။ ထိုသို့ ဝိတ္ထာရ-သဘောလက္ခဏာ မထင်သောကြောင့်တည်း။]

---

၄။ ။ ဝိဂ္ဂဟနှင့် ဉာသ်ကောက်

သမာသ်ဝိဂ္ဂဟ။ ။ မနော ဥဿော ဉဿန္နော ဧတဿာတိ မနုဿော တဒ္ဓိတ် ဝိဂ္ဂဟ။ ။ မနုနော အပစ္စံ မနုဿော။ (နီတိ-သုတ္တ၊ ၇၅၃။ သူစိ၊ ၄၁၅။) ကိတ်ဝိဂ္ဂဟ။ ကုသလာကုသလေ ဓမ္မေ မနတိ ဇာနာတီတိ မနုဿော။ ကာရဏာ ကာရဏံ မနတိ ဇာနာတီတိ ဝါ မနုဿော။ အတ္တာနတ္ထံ မနတိ ဇာနာတီတိ ဝါ မနုဿော။ (ကစ္စည်း၊ ၆၇၃။) ဟိတာဟိတံ မနတိ ဇာနာတီတိ မနုဿော။ (နီတိ၊ သုတ္တ၊ ၇၅၃။ သူစိ၊ ၄၁၅။)

ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကုသလာကုသလေ၊ ကုသိုလ်, အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ မနတိ ဇာနာတိ၊ သိတတ်၏။ ဣတိ-တသ္မာ၊ ထိုသို့ကုသိုသ်, အကုသိုလ်တရားတို့ကို သိတတ်သောသတ္တိကြောင့်။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ မနုဿော။ မနုဿမည်၏။

ကုသလာကုသလေ ဓမ္မေ မနတိ ဇာနာတီတိ-ကား ကတ္တုသာဓနကိတ် ဝိဂ္ဂြိုဟ်။ မနုဿော-ကား ကတ္တုသာဓနကိတ်ပုဒ်။ မန-ဓာတ်၊ ဥဿ-ပစ္စည်း။ မန ဓာတ်၏အရကား ကုသိုလ်, အကုသိုလ် တရားတို့ကို သိသော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ယောနိသောမနသိကာရ အစရှိသော ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဖလူပစာအားဖြင့်ရ၏။ နောက်နောက်သော စိတ္တုပ္ပါဒ်သည် ကာရဏူ ပစာအားဖြင့်ရ၏။ ဥဿပစ္စည်း၏အရကား ထိုမုချ, ဖလူ, ကာရဏူပစာတို့ဖြင့် မှတ်အပ်သော "လူ"ဟု ခေါ်ဝေါ်ပညတ်သမှတ်အပ်သော သတ္တသန္တာန ပညတ်ဒြပ် ရ၏။ [၁၃၂၃-ခုနှစ်က လည်း မေးခဲ့ပြီ။]

http://www.dhammadownload.com



မှတ်ချက်။ ။ နောက်ဝိဂ္ဂဟများ၌လည်း အကောက်မထုးပါ။ "ကုသိုလ်, အကုသိုလ်တို့ကို" နေရာတွင် "အကြောင်းဟုတ်, မဟုတ်ကို"ဟုလည်းကောင်း, "အကျိုးရှိ, မရှိကို"ဟုလည်းကောင်း, အစီးအပွားဖြစ်, မဖြစ်ကို"ဟုလည်းကောင်း, ဝိဂြိုဟ်အားလျော်စွာ ပြောင်းလဲရုံလောက်သာ ထုးပါသည်။

---

၅။ ။ ဓာတွာဒိဝိဘာဂ

မာရ-၌ မရ, ဓာတု၊ ဏ-ပစ္စယ၊ ပုလ္လိင်၊ ပုရိသာဒိဂဏ။

ပဓာ-၌ ပ,ပုဗ္ဗ ဓနီ,ဓာတု (ဓေ-လည်းသင့်)၊ ကွိပစ္စယ၊ ဣတ္ထိလိင်။ ကညာဒိဂဏ။

[ ထောက်ဖွယ်။ ။ ကုသလေဓမ္မေ မာရေတီတိ မာရော။ (ဓာန်၊ ၆၃၀၊ ၄၃။)မရ-ပါထာစာဂေ၊ထော။(သူစီ၊ ၄၂၆)ပကာရေန ဓာတတ္တာ ပဓာ။ (ဓာန်၊ ၆၃၀၊ ၉၃။) ပ-ပုဗ္ဗော ဓနီ-ပါတုဘာဝေ၊ ကွိ။ (သူစီ၊ ၃၁၉)]

---

၆။ ။ (က)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

သဟ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သဒေဝကံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ သ-၏ သမာန-စသောသဒ္ဒါ၏ ကာရိယ မဟုတ်, သဟ-သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ နိပါတလိင်္ဂပဒသံဝဏ္ဏနာ။

သဟ ဒေဝေဟိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သဒေဝကံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ သတ္တမီဗဟုဗ္ဗီဟိသမာသ်ပုဒ်စသည် မဟုတ်, ပထမာ ဗဟုဗ္ဗီ ဟိသမာသ်ပုဒ်၏ အဖြစ်, ယင်းပထမာဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ အာဓာရစသော အနက်ဟော မဟုတ်, ကတ္တားအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း:) သဒေဝကံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို သံဝိဇ္ဇတိ ဒေဝါ စေတသ္မိန္တိ သဒေဝကံ-စသည်ဖြင့် သတ္တမီ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ စသည်မပြုရ။ "သဟ ဒေဝေဟိ ယော ဝတ္တတီတိ သဒေသကော"ဟု ပထမာဗဟုဗ္ဗီဟိ-သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဟပဒါဝတ္တိကန္တအားဖြင့် "သဒေ ဝကော"ဟု ပထမန္တနှင့် ထားသည်။ ဝါကျာဝတ္ထိကန္တအားဖြင့် "တံ သဒေဝကံ"ဟု ဝိဘတ္တျန္တံ။' အဘိဓာနတ္ထသံဝဏ္ဏနာ။

---

၇။ ။ ပါဌ်အဆုံးအဖြတ်

ဂဟ-ဓာတ်၏အစဗျည်းသည် ဒွေဘော်လာရာ ဌာနဖြစ်သောကြောင့် ဒွေဘော်နှင့်ရှိသော ဒေဝဂ္ဂဟဏံ-ပါဌ်သာ သင့်ပါသည်။

[ ထောက်ဖွယ်။ ။ ပ ပတိ ပဋိ ကမု ကုသ ကုဓ ကီ ဂဟ ဇုတ ဉာ သိ သု သု သမ္ဘု သရ သသာဒီနမာဒိဗျဥ္စနာနံ ဒွေဘာဝံ။ (ရူ၊ ၄၀။)

ကျက်။ ။ယ, ပတိ, နှင့်၊ ပဋိ, ကမု၊ ကုသ, ကုဓ၊ ကီ, ဂဟ, ဟု၊ ဇုတ, ဉာ, သိ၊ သု, သု၊ (ဒီဃနှင့် သူ, မဟုတ်), သမ္ဘု၊ သရ, သသ၊ သောဋသတို့ အစဗျည်းမှာ၊ ဒွေဘော်လာ။ (ဘုရားကြီးနိယံ။ ၁၄၉။)]

---

http://www.dhammadownload.com



၈။ ။ နည်း၊ ဥပစာ

သဒေဝကံ-ဟူသောနည်းသည် (တစ်နည်း) သဒေဝကံ-၌ ဒေဝ-ဟူသောနည်းသည် ဆိုလတ္တံ့သော ဝသဝတ္တီနတ်၊ ဗြဟ္မာ၊ သမဏ၊ ဗြာဟ္မဏ၊ လူမင်းတို့မှ အကြွင်းဖြစ်သော အောက်နတ်ပြည်ငါးထပ်ရှိ နတ်များကို ယူရသောကြောင့် ပါရိသေသနည်းမည်၏။

[ ထောက်ဖွယ်။ ။ သဒေဝကာဝစနေန ပဉ္စကာမာဝစရဒေဝဂ္ဂဟဏံ ပါရိသေသဉာယေနာတိ ဝေဒိတဗ္ဗံ။ ဣတရေသံ ပဒန္တရေဟိ သင်္ဂဟိတတ္တာ (သာရတ္ထ၊ ၁၊ ၃၂၁။) ပဉ္စကာမာဝစရဒေဝဂ္ဂဟဏံ ပါရိသေသဉာယေန ဣတရေသံ ပဒန္တရေဟိ ဝိသုံ ဂဟိတတ္တာ။ (သီ၊ ဋီ၊ သစ်၊ ၂၊ ၆၅။)တို့ကို ထောက်၍ ပါရိသေသနည်း ရသည်ကို သိပါ။

ပါရိသေသနည်း ယူရပုံ။ သဒေဝကာဒိဝစနေန ဥပပတ္တိဒေဝါနံ သဿမဏဗြာဟ္မဏိံဝစနေန ဝိသုဒ္ဓိဒေဝါနဉ္စ ဂဟိတတ္တာ အာဟ သဒေဝမနုဿဝစနေန သမ္မုတိဒေဝ အဝသေသမနုဿဂ္ဂဟဏန္တိ။ တတ္ထသမ္မုတိဒေဝါတိ ရာဇာနော။ (သာရတ္ထ။ သီ၊ ဋီ၊ သစ်။) ဒေဝေါ ဝိသုဒ္ဓိဒေဝါဒေါ။ (ဓာန်၊ ၈၄၂။) ဝိသုဒ္ဓိဒေဝေါ သမ္မုတိဒေဝေါဥပပတ္တိဒေဝေါစာတိ ဝိသုဒ္ဓိဒေဝါဒိ။ (ဓာန်၊ ဋီ၊ ၈၄၂။) ယင်းတို့ကို ထောက်၍ ဒေဝ-သဒ္ဒါ "ဥပပတ္တိနတ်"ဟု ဆိုအပ်သော နတ်ဗြဟ္မာ "ဝိသုဒ္ဓိနတ်"ဟု ဆိုအပ်သော သမဏ၊ ဗြာဟ္မဏ၊ သမ္မုတိနတ်"ဟု ဆိုအပ်သော လူမင်းတို့ကို ဟောသည်ကို သိအပ်၏။

ယင်းသို့ဟောနိုင်သော်လည်း သမာရကံ၊ သဗြာဟ္မကံ၊ သဿမဏဗြာဟ္မဏိံ၊ သဒေဝမနုဿံ-သဒ္ဒါတို့ဖြင့် "ဥပ္ပတ္တိနတ်"ဟု ဆိုအပ်သော ဝသဝတ္တီနတ်၊ ဗြဟ္မာ၊ "ဝိသုဒ္ဓိနတ်"ဟု ဆိုအပ်သော သမဏ၊ ဗြာဟ္မဏ၊ "သမ္မုတိနတ်"ဟု ဆိုအပ်သော လူမင်းတို့ကို ဆိုလတ္တံ့ ယူလတ္တံ့ဖြစ်သောကြောင့် အကြွင်းဖြစ်သော အောက်နတ်ပြည် ငါးထပ်ရှိ နတ်တို့ကိုသာ ယူရတော့သည်။

နည်းလေးဆယ်၌ ဆိုပုံ ။ ။ နည်းလေးဆယ်၌ကား "သဒေဝကံ-ဟူသော နည်းသည် ဆိုလတ္တံ့သော ဝသဝတ္တီနတ်ပြည်မှ အကြွင်းဖြစ်သော နတ်ပြည်ငါးထပ်ကို ယူရသောကြောင့် ပါရိသေသနည်းမည်၏"ဟု ဆိုအပ်၏။

ဒေဝ-၌သာ နည်းရသည်။ ။ အမှန်အားဖြင့် ဤပါရိသေသနည်းသည် သဒေဝကံ-ပုဒ်လုံး၌ရသည် မဟုတ်ပေ။ သဒေဝကံ-၌ ဝိသေသနၡ အဖြစ်ဖြင့် တည်ရှိသော အစိတ်ဖြစ်သော ဒေဝ-၌သာရသည်။ သို့သော်လည်း သဒေဝက ဟူသော အပေါင်း၏အမည်ကို အစိတ်ဖြစ်သော ဒေဝ-သဒ္ဒါ၌ တင်စား၍ အစိတ်ဖြစ်သော ဒေဝ-သဒ္ဒါကို သမုဒါယူပစာအားဖြင့် "သဒေဝက"ဟု ဆိုသည်။

ဘာကြောင့် ခုလိုကြံရသနည်းဟူမူ ဒေဝ-၏ အရကသာ ယင်းနတ်ပြည် ငါးထပ်ရှိ နတ်များကိုရသည်၊ သဒေဝက၏ အရမှာ ယင်းနတ်ပြည်ငါးထပ်ရှိ နတ် များကိုမရ။ ဝိသေသျဖြစ်သော ဣမံ လောကံ-၏အရဖြစ်သော ဩကာသလောက နတ်ဘုံငါးနကိုသာ ရသောကြောင့်တည်း။

ထို့ကြောင့် အတိအကျအားဖြင့်ဆိုလျှင် "သဒေဝကံ-ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်ဝယ် ဒေဝ-၌ ရနိုင်သော နည်းဥပစာကို ဖော်ပြပါ"ဟု မေးရပေမည်။ (ဆ)အမှတ်ပြ

http://www.dhammadownload.com



ဝါကျရှိ သဒေဝကာစနေန-ကို "သဒေဝက-သဒ္ဒါဖြင့်။ ဝါ၊ သဒေဝကံ-၌ တည်သော ဒေဝ-သဒ္ဒါဖြင့်"ဟု ဥပစာဆိုက်အောင် ဝါ-ပေါက်ပေး။ သဒေဝကံ-ဟူသော ပါဠိတော်ကိုလည်း "သဒေဝကံ၊ အောက်နတ်ပြည်ငါးထပ်၌ ဖြစ်ကုန်သော နတ်တို့နှင့်တကွလည်း ဖြစ်သော"ဟု ပေး။ ဣမံ လောကံ (ဤဩကာသလောကကိုလည်းကောင်း)၌ စပ်။

ဒေဝ-၏အရ နတ်ကိုယူ။ ။ သဒေဝကံ-၌ "ဒေဝေဟိ"ဟု ဖွင့်သော ဒေဝ၏အရ နတ်ကိုယူရမည်။ တီဟိ ပဒေဟိ ဩကာသလောကော-ဟူသော အဋ္ဌကထာကို ကြည့်၍ နတ်ပြည်ကို ယူတတ်ကြသည်။ နတ်ပြည်ယူ၍ "သဒေဝကံ၊ အောက်နတ်ပြည်ငါးထပ်တို့နှင့် တကွလည်းဖြစ်သော"ဟု ပေးတတ်ကြသည်။ ယင်း တီဟိ ပဒေဟိ ဩကာသလောကော-ဟူသောစကားကို သဒေဝက-စသော သုံးပုဒ်သည် ဟောအပ်သော ပြဋ္ဌာန်းသော အညပုဒ်အနက်ဖြစ်သော လောက၏ အစွမ်းဖြင့် ဆိုသည်။ သပုတ္တော အာဂတော-စသည်၌ သမဝါယအနက်ရှိသော သဟ-သဒ္ဒါ၏ သာမတ္ထိယအားဖြင့် သိအပ်သောကြောင့် သားစသည်ကိုပါ ယူရသကဲ့ သို့ ဤ၌လည်း ဩကာသလောက၏ ဝိသေသနဖြစ်သော ဒေဝ,မာရ-စသော သတ္တလောကကိုလည်း ယူရမည်ဖြစ်သောကြောင့် ဒေဝ-၏အရ သတ္တလောက ဖြစ်သောနတ်ကို ယူရမည်။ "အောက်နတ်ပြည်ငါးထပ်ရှိနတ်"ဟု ဆိုအပ်သော သတ္တလောကနှင့်တကွလည်းဖြစ်သော ဤအောက်နတ်ပြည်ငါးထပ်"ဟု ဆိုအပ်သော ဩကာသလောကကိုလည်း သိတော်မူ၍" ဟု သဒေဝကံ-ပုဒ်နှင့်စပ်၍ အဓိပ္ပါယ်ကို မှတ်ပါ။ သဘောကျခဲ့သည်။

[ သီလက္ခန်အဋ္ဌကထာ (၁၅၇)၌ကား "တီဟိ ပဒေဟိ ဩကာသလောကေန သဒ္ဓိံ သတ္တလောကောဟု သတ္တလောကပါ ပါလျက်ရှိသောကြောင့် ဒေဝ-၏ အရ သတ္တလောကဖြစ်သော နတ်ကို ယူရမည်မှာ ထင်ရှားသောကြောင့် ပို၍ ရှင်းလေသည်။ ]

သဒေဝက-သဒ္ဒါသည် (တစ်နည်း) သဒေဝက-၌ ဒေဝ-သဒ္ဒါသည် အပေါင်းဖြစ်သော နတ်ပြည်ခြောက်ထပ်ရှိ နတ်, ဗြဟ္မာ, သမဏ, ဗြာဟ္မဏ, လူမင်းတို့၏ သဒေဝက-ဟူသောအမည်ကို (တစ်နည်း) ဒေဝ-ဟူသောအမည်ကို အစိတ်ဖြစ်သော အောက်နတ်ပြည်ငါးထပ်ရှိ နတ်များ၌ တင်စား၍ အစိတ်ဖြစ်သော အောက်နတ်ပြည်ငါးထပ်ရှိ နတ်များကို "သဒေဝက"ဟု (တစ်နည်း) "ဒေဝ"ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသျူပစာ-သမုဒါယူပစာမည်၏။ [ လည်နေတတ်သည်။ လည်ပြီး "မှားသည်"ဟု ထင်တတ်သည်။ သဘောပေါက်အောင် ကြိုးစားပါ၊ သဘောပေါက်ပါလိမ့်မည်။ ဂမ္ဘီရမိဒံ ဌာနံ သုဋ္ဌု၊ ဂမ္ဘီရညာဏေဟိ စိန္တိတဗ္ဗံ။ ]

---

၉။ ။ [ ၄. ၁. ၉၅ ]

---

၁၀။ ။ လက္ခဏာဟာရနေတ္တိနည်း

မာရေန-၌ မာရ်နတ်ကိုကိုယ်ထည်ပြု၍ မာရေန-၏အရကို မာရ်နတ်ကို ယူသောကြောင့် ထိုနှင့်အနီးစွာသော လက္ခဏာတူသောကြောင့်လည်းကောင်း, ထိုနှင့် တကွဖြစ်လေ့ရှိသောကြောင့်လည်းကောင်း,ထိုနှင့် သူတစ်ပါးတို့ ဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာတို့ကို မိမိအလိုသို့ လိုက်စေခြင်းကိစ္စတူသောကြောင့်လည်းကောင်း,

http://www.dhammadownload.com



ထိုနှင့်ယင်းဘုံ၌ ဖြစ်စေတတ်သော ကုသိုလ်ကံတည်းဟူသော အကြောင်းတူသော ကြောင့်လည်းကောင်း, ထိုနှင့် ယင်းနတ်ဘုံ၌ ဖြစ်ရခြင်းတည်းဟူသော အကျိုးတူသော ကြောင့်လည်းကောင်း, ထိုနှင့် သူတစ်ပါးတို့ ဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာ တည်းဟူသော အာရုံတူသောကြောင့်လည်းကောင်း, ထိုနှင့် ဝသဝတ္တိနတ်ဇာတ် တူသောကြောင့်လည်းကောင်း, ထိုနှင့် ပဏီတစသောဂုဏ်တူသော ကြောင့်လည်းကောင်း, ထိုနှင့် ထိုထိုအမှုအရာ ကြံယာတူသောကြောင့်လည်းကောင်း, ထိုနှင့် ဝသဝတ္တိနတ်ဒြပ် တူသောကြောင့်လည်းကောင်း, ထိုနှင့် ဝသဝတ္တိနတ်အမည် တူသောကြောင့်လည်းကောင်း ကြွင်းသော ဝသဝတ္တိနတ်များကိုလည်း ယူအပ်၏။ ဤသို့ သုတ်၌ မလာသောတရား တို့ကို ကေလက္ခဏာစသောအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာဟာရ မည်၏-ဟုလိုသော်။

[ထောက်ဖွယ်။ မာရသဒ္ဒေန တေန သဟ စရိယာ သဗ္ဗေ ဝသဝတ္တိဒေဝါစ ဂဟိတာတိ အာဟ "ဆဋ္ဌကာမာဝစရဂ္ဂဟဏ"န္တိ။ (ဝိမတိ၊ ၁၊ ၆၂)ကို ထောက်။

ပရနိမ္မိတေသု ဘောဂေသု အတ္တနော ဝသံ ဝတ္တေန္တီတိ ပရနိမ္မိတဝသဝတ္တိ နော-ဟူသော အဘိဓမ္မတ္ထဝိဘာဝနီခေါ် ဋီကာကျော်ကို ထောက်၍ ကိစ္စနှင့် အာရုံကို ဆိုသည်။]

---

၁၉၈၃ (၁၃၄၄) ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

အောက်ပါ ပါဠိတော်တို့ကို အနက်မှန်အောင် ယောဇနာခဲ့ပါ။

၁။ ။ ယာ တာ ဣတ္ထိယော ဆန္ဒိကာ ဓုတ္တိကာ အဟိရိကာယော တာ အာယသ္မတာ ဥဒါယိနာ သဒ္ဓိံ ဥဟသန္တိပိ ဥလ္လပန္တိပိ ဥဇ္ဇဂ္ဃန္တိပိ ဥပ္ပဏ္ဍေန္တိပိ။

၂။ ။ အမှာကံ ခေါ ဘန္တေ ကုလပုတ္တာနံ ကိသ္မိံ ဝိယ ကောသာဋကံ ဂန္တုံ၊ အာဂမေဟိ ဘန္တေ ယာဝ ဃရံ ဂစ္ဆာမိ။

၃။ ။ အမှာကံ ပန သကိံ ကတာနိ သန္ထတာနိ ပဉ္စပိ ဆပိ ဝဿာနိ ဟောန္တိ၊ ယေသံ နော ဒါရကာ ဥဟဒန္တိပိ ဥမ္မိဟန္တိပိ ဥန္ဒူရေဟိပိ ခဇ္ဇန္တိ။

၄။ ။ တေနဟိ ဗြာဟ္မဏ ပေက္ခဿုတိ အဝါပုရဏံ အာဒါယ ဃဋိကံ ဥဂ္ဃါဋေတွာ ကဝါဋံ ပဏာမေတွာ ဝိဟာရံ ပါဝိသိ-၌ ကတ္တားထည့်ကာ အနက်ယောဇနာပါ။

၅။ ။ တေန ဟာယသ္မတာ သဟာပိ ဝိနာပိ န သက္ကာ ဓမ္မသီဂီတိ ကာတုံ ဟူသောဝါကျကို ကာတုံ၏ကတ္တားထည့်၍ အနက်ပေးခဲ့ပါ။

http://www.dhammadownload.com



၆။ ။တဒေတံ ဝိနဋ္ဌေသု စေတိယေသု ဒေဝတာနုဘာဝေန ကဏ္ဍက သမာကိဏ္ဏသာခေဟိ နာနာဂစ္ဆေဟိ ပရိဂုတံ တိဋ္ဌတိ မာ နံ ကောစိ ဥစ္ဆိန္ဒာ သုစိမလ ကစဝရေဟိ ပဒူသေတီတိ-၌ သဗ္ဗနာမ်အစွဲ တိကျစေလျက် အနက်ယောဇနာခဲ့ပါ။

၇။ ။တံ (ပါတိမောက္ခသံဝရသီလံ)ဟိ သုရိယော ဝိယ ပဇ္ဇောတာနံ သိနေရု ဝိယ ပဗ္ဗတာနံ သဗ္ဗလောကိယသီလာနံ အဓိကဉ္စေဝ ဥတ္တမဉ္စ-ဟူသော ဝါကျကို ဥပမာန အန္ဓောကရဏနည်းဖြင့် အနက်ပေးပါ။

၈။ ။ဗလဝိတ္တိယာ ဝါ ဂါဠှံ အာလိင်္ဂိတွာ ဂဟိတော ဒဟရဘိက္ခု ပလာယိ တုကာမောပိ သဠု ဂဟိတတ္တာ နိစ္စလော ဟောတိ-ဟူသော ဝါကျကို ကိဉ္စာပိ-ဝါကျနှင့် ဂဟိတတ္တာ-၏ သမ္ဗန်ထည့်၍ အနက်ပေးခဲ့ပါ။

၉။ ။သမဏောန နာမ ဤဒိသေသု ကမ္မေသု အဗျာဝဋေန အဗျာပါရေန ဘဝိတဗ္ဗံ၊ ဧဝံ ဘဝန္တော ဟိ သမဏော. သုသမဏော အဿာတိ-ဟူသော ဝါကျကို ကာရဏ,ဖလ အပြန်အလှန်အားဖြင့် အနက်ပေးခဲ့ပါ။

၁၀။ ။အယံ ဟိ ကယဝိက္ကယော ဌပေတွာ ပဉ္စသဟဓမ္မိကေ အဝသေသေဟိ ဂိဟိပဗ္ဗဇိတေဟိ အန္တမသော မာတာပိတူဟိပိ သဒ္ဓိံ န ဝဋ္ဋတိ-ဟူသော ဝါကျကို အဝသေသ၏ အပါဒါန်ထည့်စွက်၍ အနက်ပေးခဲ့ပါ။

---

၁၉၈၃ (၁၃၄၄) ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။[ပါ၊ ၁၈၇။ ပါသျှ၊ ၂၄၂။ ။၁၃၂၄-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၂။ ။[ပါ၊ ၃၁၂။ ပါသျှ၊ ၃၄၈။ ၁၃၃၄-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၃။ ။[ ပါ၊ ၃၃၃။ ပါသျှ၊ ၃၆၉။]

---

၄။ ။[ "အာယသ္မာ ဥဒါယီ"ဟု ကတ္တားထည့်။ ဤမေးခွန်း အစဉ်မကျ၊ (၁)နံပါတ်မှာ ရှိသင့်သည်။ ပါ၊ ၁၇၂။ ပါသျှ၊ ၂၃၄။]

---

http://www.dhammadownload.com



၅။ ။[“ဘိက္ခူဟို”ဟု ကတ္တားထည့်ပေး။ ဋ္ဌ၊ ၁၊ ၆၊ ဋ္ဌသျ၊ ၁၊ ၁၉။ ဋ္ဌသျသစ်၊ ၁၊ ၇၅။]

---

၆။ ။[ တဒေတံ,နံ-သဗ္ဗနာမ်ပုဒ်တို့ဖြင့် ပရိဘောဂစေတိယဋ္ဌာန (ပရိဘောဂစေတီတို့၏ တည်ကုန်ရာအရပ်)ကို စွဲယောဒနာ။ ဋ္ဌ၊ ၁၊ ၆၅။ ဋ္ဌသျ၊ ၁၊ ၂၁၇။ ဋ္ဌသျသစ်၊ ၁၊ ၄၅၃။]

---

၇။ ။ဥပမာနအဇ္ဈောကရဏနည်းဖြင့် အနက်

ဟိ-သစ္စံ၊ မှန်၏။ သူရိယော၊ နေသည်။ ပဗ္ဗတာနံ၊ တောက်ပကုန်သော လ, နက္ခတ်တာရာတို့ထက်။ (အဓိကော) ဝိယ(စ)၊ လွန်သကဲ့သို့လည်းကောင်း။ (ဥဏ္ဏတော) ဝိယ(စ)၊ မြင့်သကဲ့သို့လည်းကောင်း၊ သိနေရု၊ မြင့်မိုရ်တောင်သည်။ ပဗ္ဗတာနံ၊ တောင်တို့ထက် (အဓိကော) ဝိယ(စ)၊ ကောင်း။ (ဥတ္တမော) ဝိယ(စ) ကောင်း။ တံ-ပါတိမောက္ခသံဝရသီလံ၊ ထိုပါတိမောက္ခသံဝရသီလသည်။ သဗ္ဗလောကိယသီလာနံ၊ အလုံးစုံကုန်သော လောကီဖြစ်ကုန်သော သီလတို့ထက်။ အဓိ ကဋ္ဌေဝ၊ လွန်လည်းလွန်၏။ ဥတ္တမဥ္စ၊ မြတ်လည်းမြတ်၏။ [ ဋ္ဌ၊ ၁၊ ၂၀၉။ ဋ္ဌသျ၊ ၂။ ၂၃၅။ ဋ္ဌသျသစ်၊ ၃၊ ၁၆၀။]

---

၈။ ။ကိဥ္စာပိ-ဝါကျနှင့် ဟိတ်၏သမ္ဗန်ထည့်၍ အနက်

ဗလဝိတ္တိယာ၊ အားကြီးသောမိန်းမသည်။ ဂါဠံ၊ အတင်းအကြပ်။ အာလိင်္ဂိတွာ၊ ဖက်၍၊ ဂဟိတော၊ ကိုင်အပ်သော၊ ဒဟရဘိက္ခု၊ ငယ်သောရဟန်းသည်။ ပလာယိတုကာမော၊ ပြေးခြင်းငှာ အလိုရှိသည်။ (ကိဥ္စာပိ-ဟောတိ၊ အကယ်၍ကား ဖြစ်၏ရှင့်။ ပန တထာပိ၊ ထိုသို့ပင် ဖြစ်ပါသော်လည်း။) သုဋ္ဌု၊ လွန်စွာ (ဒဟရ ဘိက္ခုဿ၊ ငယ်သောရဟန်း၏။ ဝါ၊ ငယ်သောရဟန်းကို။) ဂဟိတတ္တာ၊ ကိုင်အပ်သည်၏ အဖြစ်ကြောင့်၊ နိစ္စလော။ တုန်လှုပ်ခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။[ ဋ္ဌ၊ ၂၊ ၁၂၇။ ဋ္ဌသျ၊ ၄၊ ၇၀။ ဋ္ဌသျသစ်၊ ၄၊ ၃၆၅။]

---

၉။ ။ဝါကျအပြန်အလှန်အားဖြင့်အနက်

သမဏော နာမ၊ ရဟန်းမည်သည်။ ဤဒိသေသု၊ ဤအမှုကဲ့သို့ ရှုအပ်ကုန်သော။ ကမ္မေသု၊ အမှုတို့၌။ အဗျာဝဋော၊ အဗျာပါရေန၊ ကြောင့်ကြခြင်းမရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ (ကသ္မာ၊ အဘယ့်ကြောင့်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာသနည်း) ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဧဝံ၊ ဤသို့။ ဘဝန္တော၊ ဖြစ်သော။ သမဏော၊ ရဟန်းသည်။ သုသမဏော၊ ကောင်းသောရဟန်းသည်။ အဿ၊ ဖြစ်ရာ၏။ တ္တတိ-တသ္မာ၊ ထို့ကြောင့်။(ဘဝိတဗ္ဗံ၊ ဖြစ်ရာသတည်း။) [ ဋ္ဌ၊ ၂၊ ၁၃၉၊ ဋ္ဌသျ၊ ၄၊ ၁၀၂၊ ဋ္ဌသျသစ်၊ ၄၊ ၃၉၇။]

---

http://www.dhammadownload.com



၁၀။ ။["ပဥှိ၊ ငါးယောက်ကုန်သော။ သဟဓမ္မိကေဟိ၊သီတင်းသုံးဘော်တို့မှ။ အဝသေသေဟိ၊ ကြွင်းကုန်သော"ဟု ပဥှိ သဟဓမ္မိကေဟိ-ကို အဝသေသ-၏ အပါဒါန် ထည့်စွက်၍ပေး ။ ။ ဋ္ဌ၊ ၂၊ ၂၇၉။ ဋ္ဌသျှ၊ ၄၊ ၄၈၈။ ဋ္ဌသျှသစ်၊ ၄၊ ၇၇၄။]

---

## ၁၉၈၃ (၁၃၄၄) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) အက္ခဒဿာတိ ဓမ္မဝိနိစ္ဆနကာ။

(ခ) တေ ဓမ္မသဘာယံ နိသီဒိတွာ အပရာဓာနုရူပံ စောရာနံ ဟတ္ထပါဒစ္ဆေဇ္ဇာဒိ အနုသာသန္တိ။

(ဂ) ယေ ပန ဌာနန္တရပ္ပတ္တာ အမစ္စာ ဝါ ရာဇကုမာရာ ဝါ ကတာ ပရာဓာ ဟောန္တိ၊ တေ ရညော အာရောစေန္တိ။

(ဃ) ဂရုကံ ဌာနံ သယံ န ဝိနိစ္ဆိနန္တိ။

(င) မဟာမတ္တာတိ ဌာနန္တရပ္ပတ္တာ မဟာအမစ္စာ။

၁။ ။(ခ)အမှတ်ပြဝါကျကို အနိယတ်ထည့်၍လည်းကောင်း၊ (ဃ)အမှတ်ပြဝါကျကို နိယတ်၊ အနိယတ် ထည့်၍လည်းကောင်း အနက်ယောဇနာပါ။

၂။ ။(ဂ)အမှတ်ပြဝါကျကို သဘောဂါယုတ္တစောဒနာတက်ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို။)

၃။ ။(ခ)(ဂ)(ဃ)အမှတ်ပြဝါကျတို့ကို အကြောင်းပြ၍ ဝါကျအမည်ပေးခဲ့ပါ။

၄။ ။(က)အမှတ်ပြဝါကျပါ။ အက္ခဒဿ-ပုဒ်ကို အစိတ်၊အပေါင်း ဝဓနတ္ထပြ၍ အက္ခဟူသော အစိတ်၏ ဝစနတ္ထကိုသာ ဉာသ်နည်းအရ ကောက်ပြပါ။

၅။ ။ကုမာရ-ပုဒ်၏ ဓာတု၊ပစ္စယတို့ကို ရနိုင်သမျှ ဖော်ပြပါ။

၆။ ။(က)(ခ)အမှတ်ပြဝါကျတို့ကို အဋ္ဌကထာဘောဂ ဖော်ပြလျက် သံဝဏ္ဏနာအမည်တို့ကိုလည်း ပေးခဲ့ပါ။

၇။ ။(က)အမှတ်ပြဝါကျ၌ "အက္ခဒဿာ၊ အက္ခရဿာ"ဟု ပါဌ် နှစ်ထွေရှိနေ ခဲ့သော် သင့်ရာပါဌ်ကိုသာ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၈။ ။(ခ)အမှတ်ပြဝါကျ၌ နိသီဒိတွာ-ဝယ် နည်း၊ဓမ္မသဘာယံ-ဝယ် ဥပစာတို့ကို ဆိုရိုးကျ ထုတ်ဆောင်ပြခဲ့ပါ။

http://www.dhammadownload.com



၉။ ။အောက်ပါ မြန်မာစကားရပ်တို့ကို ရှာဖွေယပါဠိ စီကုံးခဲ့ပါ။

သမုဒ္ဒရာ အလယ်ကျွန်း၌ ရဟန်းတစ်ပါးသည် ကောင်းသော ပုံသဏ္ဍာန်ရှိသော အုန်းမှုတ်ကိုရ၍ ပွတ်စင်သို့တင်ပြီး ခရုသင်းခွက်နှင့်တူစွာ စိတ်မွေ့လျော်ဖွယ်ဖြစ်သော သောက်ရေခွက်ကို လုပ်၍ ထိုသမုဒ္ဒရာအလယ်ကျွန်း၌ပင်ထားခဲ့ပြီး စေတီယတောင်သို့ သွားလေပြီ။

၁၀။ ။(ခ)အမှတ်ပြဝါကျပါ အပရာဓနုရူပံ-၌-အပရာဓ-ကို အဘိဓေယျ ကောက်၍ ပရိဝတ္တနဟာရနေတ္တိနည်း ထုတ်ခဲ့ပါ။

---

## ၁၉၈၃ (၁၃၄၄) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍပါဠိ၊ အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။(ခ)အမှတ်ပြဝါကျ အနိယတ်ထည့်၍ အနက်

(ယေ ရာဇာနော၊ အကြင်မင်းတို့သည်။ ဓမ္မဝိနိစ္ဆနကာ၊ တရားကို ဆုံးဖြတ် တတ်ကုန်၏) တေ-ရာဇာနော၊ ထိုတရားကို ဆုံးဖြတ်တတ်ကုန်သော မင်းတို့သည်။ ဓမ္မသဘာယံ၊ တရားကို ဆုံးဖြတ်ရာဖြစ်သော သဘင်၌။ နိသီဒိတွာ၊ နေကြကုန်၍။ အပရာဓနုရူပံ၊ အပြစ်အားလျော်စွာ။ စောရာနံ၊ ခိုးသူတို့၏။ ဟတ္ထပါဒစ္ဆေဒ္ဒါဒိံ၊ လက်ခြေတို့ကို ဖြတ်ခြင်းအစရှိသည်တို့ကို။ (ကရောန္တာ၊ ပြုကြကုန်လျက်။) အနုသာ သန္တိ၊ ဆုံးမကြကုန်၏။

(ဃ)အမှတ်ပြဝါကျ နိယတ်၊ အနိယတ်ထည့်၍အနက်

ဂရုကံ၊ လေးသော။ (ယံ ဌာနံ၊ အကြင်အရာသည်။ အတ္ထိ၊ ရှိ၏။) တံ ဌာနံ၊ ထိုလေးသောအရာကို။ သယံ၊ ကိုယ်တိုင်။ န ဝိနိစ္ဆိနန္တိ၊ မဆုံးဖြတ်နိုင်ကြကုန်။ [ ဋ္ဌ၊ ၁၊ ၂၆၈၊ ဋ္ဌသျ၊ ၂၊ ၄၀၇၊ ဋ္ဌသျသစ်၊ ၃၊ ၃၅၅။ ]

---

၂။ ။အမှတ်ပြဝါကျ သာဘောဂါယုတ္တစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် တရားဆုံး ဖြတ်တတ်ကုန်သော မင်း(တရားသူကြီး)တို့ ဆုံးမအပ်သည့်ပုဂ္ဂိုလ်၊ ဆုံးမပုံ အခြင်း အရာ စသည်ကို ဆိုတော်မူ၏ (ဌပနာ)။ ထိုသို့ဆိုရာ၌ "အပရာဓနုရူပံ သဗ္ဗေသံ ဟတ္ထပါဒစ္ဆေဒ္ဒါဒိံ အနုသာသန္တိ"ဟု ဆိုသင့်သည် မဟုတ်ပါလော (အာဘောဂစောဒနာ)။ အဘယ့်ကြောင့် "အပရာဓနုရူပံ စောရာနံ ဟတ္ထပါဒစ္ဆေဒ္ဒါဒိံ အနုသာ သန္တိ"ဟု ဆိုအပ်ပါသနည်း(အယုတ္တစောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောနောတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကို မိန့်။

မှတ်ချက်။ ။ ဤအတက်ကား "အပရာဓနုရူပံ သဗ္ဗေသံ-မဆိုမူ၍ စောရာ နံ-သာ အဘယ့်ကြောင့် ဆိုအပ်လေသနည်းစောဒနာဖွယ်ရှိ၍ ယေ ပန ဌာနန္တ ရပ္ပတ္တာ- စသည်ကို မိန့်"ဟု တက်သော ဂဏ္ဌိ (၄၉၆) အလိုကျတက်သည့် အတက် ဖြစ်သည်။

http://www.dhammadownload.com



[သူ့အမြင်။ ။ စောရာနံ-ပါဠိကို စောဒက မနှစ်သက်။ အပြစ်ရှိသူမှန်သမျှ သူ့အလိုက အကုန်ဆုံးမသင့်သတဲ့၊ ပရိဟာရဆရာက ဝန်လေးသည့်အရာ (ရာထူးကြီးမျက်နှာကြီးတို့၏အမှု)ကို တရားဆုံးဖြတ်တတ်ကုန်သော မင်း(တရားသူကြီး)တို့ မဆုံးမ, နိုင်သောကြောင့် "သဗ္ဗေသံ"ဟု မဆိုဘဲ စောရာနံ"ဟု ဆိုသတဲ့။ ကောင်းပါ၏။ ငုတ်လှုပါ၏။]

(တစ်နည်း) အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် တရားဆုံးဖြတ်တတ်ကုန်သော မင်း(တရားသူကြီး)တို့သည် တရားဆုံးဖြတ်ရာ ဖြစ်သော သဘင် (တရားရုံး၌) နေကြကုန်၍ ခိုးသူတို့၏ လက်ခြေတို့ကို ဖြတ်ခြင်း အစရှိသည် တို့ကို ပြုကြကုန်လျက် ဆုံးမကြကုန်၏"ဟု ဆိုတော်မူ၏(ဋ္ဌပနာ)။ အရာအထူးသို့ ရောက်ကုန်သော အမတ်,မင်းသားတို့၏ အမှုများကိုလည်း ကိုယ်တိုင် ဆုံးဖြတ်ကြကုန် ရာသည် မဟုတ်ပါလော(အာဘောဂစောဒနာ) [နု-ကို ထုတ်၍သွင်းသည့် အာဘော်။] အဘယ်သို့ ပြုကြပါကုန်သနည်း (အယုတ္တစောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထို စောဒနာကို သောခနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကို မိန့်။ [အမတ်,မင်းသားတို့၏အမှုများကို ကိုယ်တိုင် မဆုံးဖြတ်ကြ၊ မင်းအားပြောဆို တင်ပြ အသိပေးကြကုန်၏-ဟူလို။]

မှတ်ချက်။ ။ဤအတက်ကား "ပန၊ မဆုံးဖြတ်နိုင်သည်ကို ဆိုဦးအံ့"ဟု ပေးသော သျှသစ်အလိုကျ တက်သည့် အတက်ဖြစ်သည်။

(ဃ)အမှတ်ပြဝါကျကိုပါ ရည်တက်သည်။ ။(ဃ)အမှတ်ပြဝါကျကိုပါ ရည်တက်သည့်အတက်ဖြစ်သည်။ (ဃ)အမှတ်ပြဝါကျ ကျမှ စကားတစ်ရပ် အပြီးသတ်သောကြောင့် (ဃ)အမှတ်ပြဝါကျကိုပါ ရည်တက်မှလည်း တက်၍ရသည်။ (ဃ) အမှတ်ပြဝါကျ ကျမှ စကားတစ်ရပ် အဓိပ္ပာယ်တစ်ခု ပြီးဆုံးသောကြောင့်။(ဂ)အမှတ်ပြဝါကျနှင့် (ဃ)အမှတ်ပြဝါကျခွဲ၍ ဝါကျ မပိုင်းသင့်။ ယင်းနှစ်ဝါကျ အကြား ပုဒ်မလည်း မရှိသင့်၊ ပုဒ်ထီးသာ ရှိသင့်သည်။ စာပါးဝ အောင်ကြည့်ပါ။ ကြံပါ။

"အာဘောဂါယုတ္တစောဒနာတက်ပါ"ဟု မေးသင့်။ ။ အယုတ္တအသုံးမှာ ဂန္ထာဘရဏအသုံး ဖြစ်သည်။ ဂန္ထာဘရဏအသုံး ဖြစ်၍ ဂန္ထာဘရဏအသုံးနှင့်သာ တွဲသင့် သည်။ ထို့ကြောင့် "အာဘောဂါယုတ္တစောဒနာတက်ပါ"ဟု မေးရမည်။ "အာဘောဂ စောဒနာနှင့် အယုတ္တစောဒနာနှစ်မျိုး ရောတက်ပါ"ဟု ဆိုလိုပေသည်။ သာဘောဂ အသုံးမှာ "သာဘောဂပုစ္ဆာ, သာဘောဂစောဒနာ"ဟု နောက်ဆရာတို့ သုံးသည့် အသုံးဖြစ်သည်။ အာဘောဂအသုံးမှာ ဂန္ထာဘရဏအသုံး ဖြစ်သည်။

စောဒနာ ၄-မျိုး။ ။(၁) အယုတ္တစောဒနာ (၂)အာဘောဂစောဒနာ, (၃) ဇာတိရေကစောဒနာ, (၄) အန္ဝယစောဒနာအားဖြင့် စောဒနာလေးမျိုး ဂန္ထာဘရဏ၌ လာသည်။

(၁) ကထံ-သို့မဟုတ် ကသ္မာ-သို့မဟုတ် ကိမတ္ထံ အစရှိသော သဒ္ဒါဖြင့် မှတ်အပ်သော (တစ်နည်း) ကထံ-သို့မဟုတ်-ကသ္မာ-သို့မဟုတ် ကိမတ္ထံ-အစရှိသော သဒ္ဒါအမှတ်အသားပါသော စောဒနာသည် အယုတ္တစောဒနာမည်၏။

http://www.dhammadownload.com



(၂) နန-အစရှိသောသဒ္ဒါဖြင့် မှတ်အပ်သော (တစ်နည်း)နနအစရှိသော သဒ္ဒါ အမှတ်အသားပါသော စောဒနာသည် အာဘောဂစောဒနာမည်၏။

(၃) ယဒိ-အစရှိသော သဒ္ဒါဖြင့် မှတ်အပ်သော (တစ်နည်း)ယဒိအစရှိသော သဒ္ဒါ အမှတ်အသားပါသော စောဒနာသည် ဗျတိရေကစောဒနာမည်၏။

(၄) တေန-သို့မဟုတ် တသ္မာ-သဒ္ဒါဖြင့် မှတ်အပ်သော (တစ်နည်း) တေန သို့မဟုတ် တသ္မာ-အမှတ်အသားပါသော စောဒနာသည် အန္ဝယစောဒနာမည်၏။

ပထမအုပ် ၁၃၁၇-၁၃၂၇ ခုနှစ် စသည်တို့၌ ရှေ့စောဒနာ ၃-မျိုးကို ဖော်ပြ ထားသည်။ ထို့ထက် အကျယ်ကို ဝါကျသံသယဝိသောဓနီ၌ ရှုပါ။ နည်းရ လောက်အောင် တစ်တစ်ခွခွ စည်းစနစ်ကျကျ ရေးသားထားသည်။]

---

၃။ ။ (ခ)(ဂ)(ဃ)အမှတ်ပြဝါကျတို့၏ အကြောင်းနှင့်တကွ အမည်

(ခ)အမှတ်ပြဝါကျသည် (က)အမှတ်ပြဝါကျကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။ (ဂ)(ဃ)အမှတ်ပြ နှစ်ဝါကျပေါင်းသည် (ခ)အမှတ်ပြဝါကျ၌ ("အပရာ ဓာနရူပံ သဗ္ဗေသံ ဟတ္ထပါဒစ္ဆေဒနာဒိ အနုသာသန္တိဟု အပြစ်ရှိသူမှန်သမျှ အကုန်ဆို သင့်လျက် မဆိုဘဲ အဘယ်ကြောင့် အပရာဓာနရူပံ စောရာနံ ဟတ္ထပါဒစ္ဆေဒနာဒိ အနုသာသန္တိဟု ဆိုအပ်ပါသနည်း")ဟု စောဒကတို့ စောဒနာဖွယ်ရှိ၍ ထိုစောဒကတို့ စောဒနာချက်ကို ပယ်ဖျက်ရန် ဆက်လက်၍ တစ်ဖန် အားထုတ်သောကြောင့် ဝါကျာရမ္ဘဝါကျ။ ထိုတွင်-

(ဃ)အမှတ်ပြဝါကျသည် (ဂ)အမှတ်ပြဝါကျ၌ ("အပြစ်ကို ကျူးလွန် ကြကုန်သော အမတ်, မင်းသားတို့ကို မင်းအား ပြောဆိုတင်ပြ အသိပေးကြပြီးနောက် ကိုယ်တိုင်ပင် ဆုံးဖြတ်ကြလေသလော")ဟု [ဤ"လော"ကား "ပုစ္ဆာလော၊ စောဒနာလော"သာ၊ "အာဘော်လော" မဟုတ်၊ "နန-လော"သာ "အာဘော်လော" ဖြစ်သည်ကို ပထမအုပ် ၁၃၁၇-ခုနှစ် ပါရာဇိကဏ်အဖြေ၌ ဖော်ပြခဲ့ပြီ။] စောဒကတို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာတို့ စောဒနာချက်ကို ပယ်ဖျက်ရန် ဆက်လက်၍ တစ်ဖန် အားထုတ်သောကြောင့် ဝါကျာရမ္ဘဝါကျ။

မှတ်ချက်။ ။ ဤခွဲခြင်းမှာ ဂဏ္ဌိဆရာ၏အလို ဖြစ်သည်။

(တစ်နည်း) (ခ)(ဂ)(ဃ)အမှတ်ပြ သုံးဝါကျပေါင်းသည် (က)အမှတ်ပြ ဝါကျကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ [ "အာကာရချဲ့."ဟု မှတ်။ ]ထိုတွင်-

(ခ)အမှတ်ပြဝါကျသည် အန္ဝယကို (က-အမှတ်ပြ တရားဆုံးဖြတ်တတ် ကုန်သော မင်းတို့-ဟူသော စကားရပ်ဝယ် တရားဆုံးဖြတ်-မှုသော စကားအား လျော်စွာဖြစ်သော စကားရပ်ကို) ပြသောကြောင့် အန္ဝယဝါကျ။

(ဂ)(ဃ)အမှတ်ပြနှစ်ဝါကျပေါင်းသည် ဗျတိရေကကို (က-အမှတ်ပြ တရားဆုံးဖြတ်တတ်ကုန်သော မင်းတို့-ဟူသော စကားရပ်ဝယ် တရားဆုံးဖြတ် ဟူသော စကားရပ်၏ ဆန့်ကျင်ဖက်ဖြစ်သော စကားရပ်ကို) ပြသောကြောင့် ဗျတိ ရေကဝါကျ။ [ (ဃ)အမှတ်ပြဝါကျ ကျမှ ဗျတိရေကဝါကျဆုံးသည်။အန္ဝယဝါကျ၊ ဗျတိရေကဝါကျတို့၏ သဘာဝနှင့် ဘေဒကို ဝါကျသံသယဝိသောဓနီ-၌ ရှု။]

http://www.dhammadownload.com



မှတ်ချက်။ ။ ဤခွဲခြင်းမှာ သျှသစ်ဆရာ၏ အလိုဖြစ်သည်။ (ဂ)(ဃ)အမှတ်ပြ နှစ်ဝါကျပေါင်းကို "ဗျတိရေကဝါကျ"ဟု ဆိုသဖြင့် (ခ)အမှတ်ပြ ဝါကျ အနွယဝါကျ၏ အံဖြစ်ပြီးသည်။ (ခ)(ဂ)(ဃ)အမှတ်ပြ သုံးဝါကျ အနွယဝါကျ၊ ဗျတိရေကဝါကျ၏အဖြစ်ပြီးသဖြင့် အနွယဗျတိရေက နှစ်ဝါကျပေါင်းသည် အာကာရဖြင့် ရဲ့သည့် ဝိတ္ထာရဝါကျအဖြစ် ပြီးတော့သည်သာ။

[ယုတ္တိဒဋ္ဌိလည်း ကောင်းပါ၏။ ။ (ခ)(ဂ)(ဃ)အမှတ်ပြ သုံးဝါကျ ပေါင်းကို "ယုတ္တိဒဋ္ဌိဝါကျ"ဟုလည်း ခွဲကြပါ၏။ ကောင်းပါ၏။

ထူးဆန်း၍ကား၊ နှစ်ဆုပြား၍၊ လှုပ်ရှားမခိုင်၊ ရှေ့နက်ယိုင်၊ မြဲခိုင် ဒဋ္ဌိခင်း (ရွှေရေးဆောင်နိယံ။ ၁၃)-နှင့်အညီ အက္ခဒဿာ-၏အရ တရားဆုံးဖြတ် တတ်ကုန်သော မင်း (တရားသူကြီး)တို့ကို ယူရမည်ဟူသော ရှေ့ဝါကျစကားရပ်သည် ထူးဆန်းနေ၍ စောဒကတို့အသိဉာဏ်၌ "သင့်လေသလော၊ မသင့်လေသလော (အာဘော်လောမဟုတ်)"ဟု နှစ်လုံးနှစ်ခွဖြစ်ကာ "မသင့်"ဟု ပယ်လိုလတ်သဖြင့် လှုပ်ရှားမခိုင် ယိမ်းယိုင်လုလတ်သော် ထိုလှုပ်ရှားမခိုင် ယိမ်းယိုင်နေသော ရှေ့ဝါကျ စကားကို ခိုင်မြဲစေရန် ဤယုတ္တိဒဋ္ဌိဝါကျကို ကျမ်းဆရာ ကူရသတဲ့။

သရုပ်ကြားအဘိဓေယျတ္ထနှောင် ကျမ်းဆရာ ဝါကျဆက်ရေးက ယေဘုယျ အားဖြင့် ဒဋ္ဌိရေးလေ့ရှိသည်နှင့်လည်း လျော်ပါ၏။

ဤအလို (ခ)(ဂ)(ဃ)အမှတ်ပြ သုံးဝါကျပေါင်းသည် (က)အမှတ်ပြဝါကျ ကို ယုတ္တိအားဖြင့် မြဲမြဲခိုင်ခံ့အောင် ပြုသောကြောင့် ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထိုတွင်-

(ခ)အမှတ်ပြဝါကျသည် (က)အမှတ်ပြဝါကျကို အနွယယုတ္တိအားဖြင့် (တစ်နည်း) သဘာဝယုတ္တိအားဖြင့် မြဲမြဲခိုင်ခံ့အောင် ပြုသောကြောင့် အနွယယုတ္တိဒဋ္ဌိ ကရဏဝါကျ (တစ်နည်း) သဘာဝယုတ္တိဒဋ္ဌိကရဏဝါကျ။

(ဂ)(ဃ)နှစ်ဝါကျပေါင်းသည် (က)အမှတ်ပြဝါကျကို ဗျတိရေကအားဖြင့် မြဲမြဲခိုင်ခံ့အောင် ပြုသောကြောင့် ဗျတိရေကယုတ္တိဒဋ္ဌိကရဏဝါကျ။

ဝါကျာရမ္ဘ ဆိုဆို၊ ဝိတ္ထာရ ပြောပြော ယုတ္တိဒဋ္ဌိ ယူယူ၊ ဗျတိရေက ခွဲခွဲ၊ (ဃ)အမှတ်ပြဝါကျ ကျမှ ဆုံးသည်ကို သတိပြု၍ မှတ်သားရာ၏။ (င)အမှတ်ပြဝါ ကျကား အပိုရှုပ်စေရန်သာ ပုစ္ဆကထည့်သည်။]

---

၄။ ။ ဝစနတ္ထနှင့် ဉာသ်ကောက်

အစိတ်ဝစနတ္ထ။ ။ အရန္တိ ယန္တိ ဧတ္ထာတိ အက္ခာ။

အပေါင်းဝစနတ္ထ။ ။အက္ခာယံ (နိသီဒိတွာ ဝိစာဝံ့) ပဿန္တီတိ အက္ခဒဿာ။

ဧတ္ထ-ဧတိဿံ ဓမ္မသဘာယံ၊ ဤတရားဆုံးဖြတ်ရာသဘင်၌။ အရန္တိ ယန္တိ၊ သွားကြကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့ သွားကြကုန်ရာဖြစ်သော သတ္တိကြောင့်။ သာ၊ ထိုတရားဆုံးဖြတ်ရာဖြစ်သော သဘင်သည်။ အက္ခာ၊ အက္ခာမည်၏။

အရန္တိ ယန္တိ ဧတ္ထာတိ-ကား အဓိကရဏသာဓနကိတ်ဝိဂြိုဟ်၊အက္ခာ-ကား အဓိကရဏသာဓနကိတ်ပုဒ်၊အရ-ဓာတ်၊ ခ-ပစ္စည်း။ အရ-ဓာတ်၏ အရ ကတ္တာပြု ကြိယာကား တရားဆုံးဖြတ်ရာဖြစ်သော သဘင်သို့ သွားသောအခြင်းအရာအားဖြင့်

http://www.dhammadownload.com



ဖြစ်သော ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်သည် မှုးချုပ်အားဖြင့်ရ၏။ အဓိကရ ဏတ္တကြိယာကား တရားဆုံးဖြတ်ရာဖြစ်သော သဘင်၏ ပကတူပနိဿယပစ္စယ သတ္တိသည် ဖလူပစာ အားဖြင့်ရ၏။ ခ–ပစ္စည်း၏အရကား ထိုမှုးချုပ်ဒွါနူပစာတို့ဖြင့် မှတ်အပ်သော တရားဆုံးဖြတ်ရာဖြစ်သော သဘင်ရ၏။

[ အစိတ်ဝိဂ္ဂဟပြုရာ၌ မှီးဖွယ်။ ။ မုခ အာဒယော ခန္ဓာ နိပစ္စန္တေ။ ။ပ။အရ ဂမနေ၊ အရ န္တိ ယန္တိ ဧတေနာတိ အက္ခော၊ သကဋ္ဌာဝယဝေါ, ပါသကောစ။ (မောဂ်၊ ၇၊ ၃၁။)ကို နည်းမှီး၍ အစိတ်ဝိဂ္ဂဟပြုသည်။

အက္ခာ–ပုဒ်တည်း။ ။အက္ခဒဿာ–၌ အက္ခ–သဒ္ဒါသည် ဓမ္မသဘာဝယဟော၊ အဘိဓေယျလိင်လိုက်၍ ပုလ္လိင်။ ပုလ္လိင်ဖြစ်သောကြောင့် အက္ခာပုဒ်တည်း။ အက္ခာ–ပုဒ်ဖြစ်သောကြောင့် "အက္ခာယံ"ဟု ဆိုသည်။ ဂဏ္ဌိ၌လည်း "အက္ခာယံ ဓမ္မသဘာဝယံ"ဟု ဆိုသည်။

ထိမမြဲအာ–ဖြစ်၍ ရဿရောက်။ ။ သမာသ်လယ်မှာ၊ ထိမြဲအာ၊ ရဿာ မပြုရ–ဟူသော နိယံ ဥပဒေအရ ထိမြဲအာ (နိယတပုလ္လိင်အာ) ဖြစ်မှ ရဿမပြုရ၊ ဤ၌ ထိမြဲအာ မဟုတ်, ထိမမြဲအာ (အနိယတပုလ္လိင်အာ) ဖြစ်၍ သမာသ်အလယ်၌ ရဿရောက်ကာ "အက္ခဒဿာ"ဟု နေသည်။]

---

၅။ ။ ဓာတွာဒိ ဝိဘာဂ

ကုမာရ–၌ ကုမာရ–ဓာတ်၊ အ–ပစ္စယ။ (တစ်နည်း) ကမ–ဓာတ်၊ (ကမု ဓာတ်လည်းသင့်၏) အာရ–ပစ္စယ။ (တစ်နည်း) ကု–သဒ္ဒူပပဒ မရ–ဓာတ်၊ ဏ–ပစ္စယ။ (တစ်နည်း) ကု–သဒ္ဒူပပဒ ရမု–ဓာတ်၊ ဏ–ပစ္စယ။

[ ထောက်ဖွယ်။ ။ ကုမာရ ကီဠာယံ။ (ဓာန်၊ ၎၊ ၂၅၁။) ကုမာရကီဠာယံ၊ ကုမာရယတိ တတ္ထ တတ္ထ ကီဠတီတိ ကုမာရော။ (နီတိ၊ ဓာတု၊ ၃၃၅။) ကမ ပ္ပဋ္ဌာယမိစ္စသ္မာ အာရော ဟောတိ, အဿုဥစ၊ ကာမိယတီတိ ကုမာရော။ (မောဂ်၊ ၇၊ ၁၆၅။) ကုံ ဘူမိံ မရတိ ဘိန္ဒတိ ဝိလေခတီတိ ကုမာရော၊ ကု သဒ္ဒူပပဒ မရ ဝိလေခဏေတိ ဓာတု၊ ဏော။ အထဝါ ကုယံ ဘူမိယံ ရမတီတိ ကုရာဇောတိ ဝတ္တဗ္ဗေ ဝဏ္ဏဝိပရိယာယနိရုတ္တိသခါတေန ဝဏ္ဏာဂမာဒိသုတ္တေန ရကာရမ–ကာရာနံ ပုဗ္ဗာပရပရိဝတ္တနံ ကတွာ ကုမာရောတိ ဝုစ္စတိ။ (နိရုတ္တိသာရမဉ္ဇူသာ။ သုစိ၊ ၁၃၇)]

---

၆။ ။ (က)(ခ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ ဓမ္မဝိနိစ္ဆနကာ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အက္ခဒဿာ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အရ တရားဆုံးဖြတ်တတ်ကုန်သော မင်းတို့ကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထ သံဝဏ္ဏနာ။

(ခ)အမှတ်ပြဝါကျရှိ ဓမ္မသဘာဝယံ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အက္ခဒဿာ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ အက္ခာ–သဒ္ဒါ၏ ဓမ္မသဘာဝအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ["ဓမ္မသဘာဝယအနက်ဟော"ဟု ယ–ထည့်ဆိုလျှင်လည်း။ သဘာ–သဒ္ဒါနှင့်၊ သဘာဝယသဒ္ဒါပရိယာယ်ဖြစ်၍ အတူတူပင်။] နာမလိင်္ဂတ္ထ သံဝဏ္ဏနာ။ သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာ။

http://www.dhammadownload.com



အနုသာသန္တိ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ဒသ-သဒ္ဒါ၏ ဝိနိစ္ဆယ အနုသာသန အနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ နာမလိင်္ဂတ္ထသံဝဏ္ဏနာ။ သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာ။ (ဂဏ္ဌိ။) (တစ်နည်း:) ဒသာ-၌ ဒိသ-ဓာတ်၏ အနုသာသနအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယဓာတွတ္ထသံဝဏ္ဏနာ။

ဓမ္မသဘာယံ အနုသာသန္တိ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် အက္ခဒဿာ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ကိတန္တသတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏ အဖြစ်, ယင်းကိတန္တသတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏ အာဓာရ အနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ ဏ-ပစ္စည်း၏ ကတ္တား အနက်ဟော၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယ ပစ္စယတ္ထသံဝဏ္ဏနာ။ [ကိတန္တသမာသ်ပုဒ်၌ သမာသ်ရော ကိတ်ပါ နှစ်မျိုးဖေါ်ရသည်။](တစ်နည်း:) အက္ခဒဿာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "အက္ခာယံ ပဿန္တီတိ အက္ခဒဿာ"ဟု ကိတန္တသတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

နိသီဒိတွာ အပရာဓာနုရူပံ ဓောရာနံ ဟတ္ထပါဒစ္ဆေဒနာဒိ (ကရောန္တာ) ဟူသော သံဝဏ္ဏနာပါဠိဖြင့် တရားဆုံးဖြတ်ရာဖြစ်သောသဘင် (တရားရုံး)၌ နေကြ၍ အပြစ်အားလျော်စွာ ခိုးသူတို့၏ လက်ခြေတို့ကို ဖြတ်ခြင်း အစရှိသည်တို့ကို ပြုကြကုန်လျက် ဆုံးမကြသည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

တေ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ထိုတရားဆုံးဖြတ်တတ်ကုန်သော မင်းတို့သည် ဆုံးမကြသည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

---

၇။ ။ ပါဌ်အဆုံးအဖြတ်

အက္ခဒဿ-သဒ္ဒါသည်သာ တရားဆုံးဖြတ်သူကို ဟောသောကြောင့် အက္ခဒဿာ-ပါဌ်သာ သင့်ပါသည်။

[ထောက်ဖွယ်။ ။ "အက္ခာယံ ဓမ္မသဘာယံ နိသီဒိတွာ ဝဏ္ဏာဝဏ္ဏံ ရဿန္တိ ဝိနိစ္ဆိနန္တီတိ အက္ခရဿာ"ဟု ဂဏ္ဌိ (၄၉၆)ဆိုသော်လည်း အက္ခဒဿာတိ ဧတ္ထ အက္ခသဒ္ဒေန ကိရ ဝိနိစ္ဆယသာလာ ဝုစ္စတိ။ တတ္ထ နိသီဒိတွာ ဝဏ္ဏာဝဏ္ဏံ ပဿန္တီတိ အက္ခဒဿာဝုစ္စန္တိ ဓမ္မဝိနိစ္ဆနကာ။ (သာရတ္ထ၊ ၂၊ ၁၃၁။) နျာသာဒီနံ ဝိဝါဒါနံ၊ အက္ခဒဿော ပဒ္ဋရိ။ (ဓာန်၊ ၃၄၁။) အက္ခေ ဝေါဟာရေ (ဝိဝါဒေ) ပဿတီတိ အက္ခဒဿာ၊ ထော။ (ဓာန်၊ ဋီ၊ ၃၄၁။)တို့ကိုထောက်၍ အက္ခဒဿာ-ပါဌ်သာ သင့်သည်။ အက္ခရဿာ-ပါဌ်ကား ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ (မည်သည့်နေရာတွင်မှ) ရှိပင်မရှိ။ ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဋိပတ္တိ သာ စ ဟောတိ ယထာဂမံ-ပရိဘာသာအရ ဓာတ်, ပစ္စည်းဖြင့် ဖြစ်စေအပ်သော သဒ္ဒါသည်ဆိုသော ပုဂ္ဂိုလ်၏ အလိုသာလျှင် အစဉ်ရှိ၏။ သို့သော် ထိုဆိုသော ပုဂ္ဂိုလ်၏ အလိုအစဉ်သည် ပါဠိတော် အားလျော်စွာ ဖြစ်ရသည်ကို သတိပြုရပေမည်။]

---

http://www.dhammadownload.com



၈။ ။ နည်း, ဥပစာ

နိသီဒိတွာ–ဟူသော နည်းသည် ထိုင်ခြင်း ကြိယာပုဒ်တည်းဟူသော အစိတ်ကို မှတ်၍ဆိုသဖြင့် ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း, လျောင်းခြင်း ကြိယာပုဒ် တည်းဟူသော အပေါင်းကိုလည်းရသောကြောင့် ဥပလက္ခဏနည်းမည်၏။

မှတ်ချက်။ ။ နိဒဿနနည်းလည်းရသည်ပင်။

[ဥပလက္ခဏနည်း ယူရပုံ။ ။ နိသီဒိတွာ–သဒ္ဒါသည် ထိုင်ခြင်းကြိယာ ကိုသာ ဟော၏။ သို့သော် တရားသူကြီးမင်းတို့သည် အမြဲထိုင်၍သာ ဆုံးမကြသည် မဟုတ်ကုန်၊ ရံခါ ရပ်၍, ရံခါ လမ်းလျှောက်၍, ရံခါလျောင်း၍လည်း ဆုံးမကြသည် သာ။ ထို့ကြောင့် ဥပလက္ခဏနည်းယူရသည်။ နိသီဒိတွာ–သဒ္ဒါသည် 'ထိုင်ကြ ကုန်၍'ဟု အနက်ထွက်သော်လည်း 'နေကြကုန်၍'ဟု ဥပစာ ဆိုက်အောင် အနက် ပေး။ နေခြင်းအနက်ကား ကြိယာပုဒ်လေးပါးလုံးနှင့် ဆက်ဆံသော အနက်ဖြစ်သည် ကို သတိပြု။ ကြဝပန (ဝိဟရတိတိ စတဲ) ဌာနဂမနနိသဇ္ဇသယနပ္ပ ဘေဒေသု ကြိယာ ပထေသု အညတရကြိယာ ပထသမာယောဂပရိဒီပနံ၊ တေန ဌိတောပိ ဂစ္ဆန္တောပိ နိသိန္နောပိ သယာနောပိ ဘဂဝါ ဝိဟရတိစ္စေဝ ဝေဒိတဗ္ဗော။ (ဋ္ဌ၊ ၁၊ ၈၀။)ကို ထောက်။]

ဓမ္မသဘာယံ–၌ ဓမ္မသဘာ–သဒ္ဒါသည် အနီးရှိသော တရားဆုံးဖြတ်ရာ ဖြစ်သောသဘင် (တရားရုံး)၏ ဓမ္မသဘာ–ဟူသော အမည်ကို အနီးဖြစ်သော တရား ဆုံးဖြတ်ရာဖြစ်သောသဘင်(တရားရုံး)၏ အနီးအနားအရပ်၌ တင်စား၍ အနီးဖြစ် သော တရားဆုံးဖြတ်ရာဖြစ်သော သဘင် (တရားရုံး)၏ အနီးအနားအရပ်ကို "ဓမ္မသဘာ" ဟု ခေါ်ဝေါ်ခြင်းကြောင့် သမီပူပစာမည်၏။

[သမီပူပစာ ယူရပုံ။ ။တရားသူကြီးမင်းတို့သည် တရားရုံး၌ပင် ဆုံးမကြသည် မဟုတ်ကုန်။ တရားရုံး၌ ဆုံးဖြတ်ရုံသာ ဆုံးဖြတ်ကြသည်။ တရားရုံး၌ ဆုံးဖြတ်ကြပြီးနောက် တရားရုံး၏အနီး သတ်မှတ်ထားသည့် နေရာ၌ လက်ခြေတို့ကို ဖြတ်ခြင်း အစရှိသည်တို့ကို ပြုကြကုန်လျက် ဆုံးမကြသည်။ ထို့ကြောင့် သမီပူပစာ ယူရသည်။ သဒ္ဒတ္ထမျူဿပုဒ်ကို သမီပူပစာ ကြံရသည်။ ဥပစာဆိုရိုး၌ ဌာနိနော နာမံ ဌာနမှိ ဥပစာရော ဝေါဟာရော ဌာနျူပစာရောကဲ့သို့ သမီပိနော နာမံ သမီပမှိ ဥပစာရော ဝေါဟာရော သမီပျူပစာရော"ဟု ပျူ–နှင့် ရှိသင့်သည်။]

---

၉။ ။ [ ဋ္ဌ၊ ၁၊ ၂၆၆။]

---

၁၀။ ။ ပရိဝတ္တနဟာရနေတ္တိနည်း

အပရာဓ–၏ အဘိဓေယျကား သာဝဇ္ဇဒုက္ခဝိပါကဋ္ဌဖြစ်သော ကိလေသာ အကုသိုလ်ဓမ္မတည်း၊ ထိုကိလေသာအကုသိုလ်ဓမ္မဖြင့် ထို၏ပဋိပက္ခဖြစ်သော သဒ္ဓိယ, သုသီလျ, အာစာရိ, သုပ္ပဋိပတ္တိစသော ကုသိုလ်တို့သည်လည်းကောင်း, ထိုကုသိုလ်လျှင် အကြောင်းရှိကုန်သော ဘောဂသမ္ပတ္တိ, ဘဝသမ္ပတ္တိစသော ပစ္စုပ္ပန်သံသရာ ကျိုးတို့ သည်လည်းကောင်း ပယောက်ကုန်၏။ ထိုကိလေသာအကုသိုလ်ဓမ္မလျှင် အကြောင်းရှိ ကုန်သော အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးစသော ပစ္စုပ္ပန်

http://www.dhammadownload.com



သံသရာဘေးတို့သည် စည်ပင်ပြန့်ပွားများကုန်၏။ ဤသို့ သုတ္တာ ဂတဓမ္မတို့ကို ပဋိပက္ခအားဖြင့် ပယ်ခြင်းသည် ပရိဝတ္တနဟာရမည်၏-ဟူလိုသော်။

[ ထောက်ဖွယ်။ အပရာဓေ နာမ သုပ္ပဋိပတ္တိယာ ဝိရုဒ္ဓနဟေတု-ဘူတော ကိလေသုပ္ပါဒေါတိ အာဟ "ယတ္တကော။ ပ။ ဒေါသော"တိ (ပါထိကဝဂ္ဂ၊ ဋီ၊ ၂-ကို ထောက်၍ အကုသိုလ်ကို ကောက်သည်။]

---

## ၁၉၈၄ (၁၃၄၅) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁။ ။သေယျထာပိ ဗြာဟ္မဏ ကုက္ကုဋိယာ အဏ္ဍာနိ အဋ္ဌ ဝါ ဒသ ဝါ ဒွါဒသ ဝါ၊ တာနဿ ကုက္ကုဋိယာ သမ္မာ အဓိသယိတာနိ သမ္မာ ပရိသေဒိတာနိ သမ္မာ ပရိဘာဝိတာနိ-ကို ရှေ့ဝါကျ၌ ကြိယာထည့်၍ အနက်ယောဇနာပါ။

၂။ ။ နယိဒံ သုကရံ အဂါရံ အဇ္ဈာဝသတာ ဧကန္တပရိပုဏ္ဏံ ဧကန္တပရိသုဒ္ဓံ သင်္ခလိခိတံ ဗြဟ္မစရိယံ စရိတုံ-ကို အဇ္ဈာဝသတာ-၌ သဒ္ဒတ္ထ ပေါ်လွင်စေလျက် အနက်ယောဇနာပါ။

၃။ ။ တေန ခေါ ပန သမယေန ဒိသာသု ဝဿံဝုဋ္ဌာ ဘိက္ခူ ကိသာ ဟောန္တိ လူခါ ဒုဗ္ဗဏ္ဏာ ဥပ္ပဏ္ဍုပ္ပဏ္ဍုကဇာတာ ဓမနိသန္ထတဂတ္တာ-ကို အနိယမ, နိယမ အနက်ယောဇနာခဲ့ပါ။

၄။ ။ ယာစကော အပ္ပိယော ဟောတိ၊ ယာစံ အဒဒမပ္ပိယော။ တသ္မာဟံ တံ န ယာစာမိ မာ မေ ဝိဒေဿနာ အဟု-ကို ပါဌာနုသာရီ အနက်ယောဇနာခဲ့ပါ။

၅။ ။ တဿ စ အဝိဇ္ဇာ နာဘိ, မူလတ္တာ၊ ဇရာမရဏံ နေမိ, ပရိယောသာနတ္တာ၊ သေသာ ဒသ ဓမ္မာ အရာ, အဝိဇ္ဇာမူလကတ္တာ ဇရာမရဏပရိယန္တတ္တာစ-ကို ဟိတ်၏သမ္ဗန်များ ခံလျက် အနက်ယောဇနာခဲ့ပါ။

၆။ ။ ပဏ္ဍိတာ ဟိ ပုရိသာ ဂရုဋ္ဌာနိယံ ဥပသင်္ကမိတွာ အာသနကုသလ တာယ ဧကမန္တံ နိသီဒန္တိ၊ အယဉ္စ တေသံ အညတရော၊ တသ္မာ ဧကမန္တံ နိသီဒိ-ကို ဧကမန္တံ-၌ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထပေါ်လွင်စေလျက် အနက်ယောဇနာခဲ့ပါ။

၇။ ။ ဓဝံ ကိရဿ ပရိဝိတက္ကော ဥပ္ပန္နော "ယမယံ ပရိသာ ကေဂ္ဂစိတ္တာ ဓမ္မံ သုဏာတိ၊ အဟောဝတာဟမ္ပိ တံ သုဏေယျ"န္တိ-ကို အနက်အားဖြင့် အာကာရ အတွင်းသွင်း၍ အနက်ယောဇနာခဲ့ပါ။

http://www.dhammadownload.com



၈။ ။ ယသ္မာ ပန အသံဝရံ ပဟာယ သံဝရေ ဌိတဿ အတ္တာ ကိလေသသလ္လေခနတာယ စေဝ နိဒ္ဒုန္နတာယ စ သံဝတ္တတိ၊ တသ္မာ သံဝရော "သလ္လေခါဝစုတောစာ"တိ ဝုစ္စတိ–ကို ဝါကျအပြန်အလှန် အနက်ယောဇနာခဲ့ပါ။

၉။ ။ ဝသံ ဥပဂစ္ဆန္တေန ဟိ နာလကပဋိပဒံ ပဋိပန္နေနာပိ ပဠန္တံ ဆဒနာနံ အညတရေန ဆန္နေယေဝ သဒ္ဒါရဝန္တေ သေနာသနေ ဥပဂန္တဗ္ဗံ–ကို ပဠန္တံ သရုပ်ဖော် ထုတ်လျက် အနက်ယောဇနာပါ။

၁၀။ ။ ဒါရကာ "အမှာကံ ပါသာဒေါ"တိ သညာနိတ္တွာ အဘိရုဟိံသု။ တတော ထေရော ဣဒ္ဓိ ပဋိသံဟရိ၊ ပါသာဒေါပိ သကဋ္ဌာနေယေဝ အဋ္ဌာသိ။ ဝေါဟာရဝသေန ပန ဝုတ္တံ "တေ ဒါရကေ ဣဒ္ဓိယာ အာနေတွာ ပါသာဒေ ဌပေသီ" တို့ကို ပါဌာနုသာရီ အနက်ယောဇနာခဲ့ပါ။

---

## ၁၉၈၄ (၁၃၄၅) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

၁။ ။ [သျှအတိုင်း ယောဇနာ။ ပါ၊ ၄၊ ပါသျှ၊ ၂၃။]

---

၂။ ။ အဇ္ဈာဝသတာ–၌ သဒ္ဒတ္ထ ပေါ်လွင်စေလျက် အနက်

[အဇ္ဈာဝသတာ–ကို အဂါရံ အဇ္ဈာဝသတာ အဂါရမဇ္ဈေ ဝသန္တေန"ဟု ဖွင့်သော အဋ္ဌကထာ (၁၊ ၁၇၀။) နှင့် သီလက္ခန်အဋ္ဌကထာ ရှေ့နည်းအလို "နေသော (မယာ၊ ငါသည်"။)ဟု သီလက္ခန်အဋ္ဌကထာ ဒုတိယနည်းအလို လွှမ်းမိုး၍ အပိုင်း အခြားအားဖြင့်နေသော (မယာ၊ ငါသည်။)ဟု သဒ္ဒတ္ထယောဇနာ။ ။ အကျယ်ကို ၁၉၈၃ (၁၃၄၄) ခုနှစ် သီလက္ခန်အဖြေ၌ ရှု။ ။ ပါသျှ–၌ကား "စိုးအုပ်၍နေသော ငါသည်"ဟု ယောဇနာသည်။ ။ ပါ။ ၁၃။ ပါသျှ၊ ၅၃။]

---

၃။ ။ အနိယမ, နိယမနည်းဖြင့် အနက်

[တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဒိသာသု၊ အရပ်လေးမျက်နှာရှစ် မျက်နှာတို့၌။ ဝသံဝုဋ္ဌာ၊ ဝါမှထကုန်သော။ (ယေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အတ္ထိ၊ ရှိကုန်၏။) တေ ဘိက္ခူ၊ ထိုဝါမှထကုန်သော ရဟန်းတို့သည်။ ကိသာ၊ မဝ သေးသိမ် ပိန်ကုန်သည်။ လူခါ၊ အသွေးအသားခေါင်းပါးကုန်သည်။ ဒုဗ္ဗဏ္ဏာ၊ အဆင်းရူပမလှကုန်သည်။ ဥပ္ပဏ္ဍုပ္ပဏ္ဍုကဇာတာ၊ အဖြူအနီရောလျက် ဖက်ရွက်ကဲ့သို့ ဖြော့တော့သောအဆင်း ဖြစ်ခြင်းရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ ပါ၊ ၁၁၄။ ပါသျှ၊ ၁၉၁။]

---

http://www.dhammadownload.com



၄။ ။ [ပါ၊ ၂၂၃။ ပါသျှ၊ ၂၇၃။]

---

၅။ ။[သုအတိုင်းယောဇနာ။ ။ ဋ္ဌ၊ ၁၊ ၈၅။ ဋ္ဌသျှ၊ ၁၊ ၂၁၇။ ဋ္ဌသျှသစ်၊ ၂၊ ၅၇။]

---

၆။ ။ ကေမန္တံ-၌ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ ပေါ်လွင်စေလျက်အနက်

[ကေမန္တံ၊ တစ်ခုသော အစုကို။ ကတွာ၊ ပြု၍။ (ကတွာ–ထည့်၊ အန္တသဒ္ဒါ ကောဋ္ဌာသအနက်ဟော။) (တစ်နည်း) ကေမန္တံ၊ တစ်ခုသော အစွန်အဖျားကို။ ကတွာ၊ ပြု၍။ (အန္တ–သဒ္ဒါ ကောဋိအနက်ဟော။) (သဒ္ဒတ္ထ။) (တစ်နည်း) ကေမန္တံ၊ သင့်တင့် လျောက်ပတ်စွာ။ (အဓိပ္ပာယတ္ထ။) ဤအနက်ကား ကေမန္တန္တိ ဘာဝနပုံသကနိဒ္ဒေ သော။ (ဋ္ဌ၊ ၁၊ ၁၀၁။)အဖွင့်အရ သဒ္ဒတ္ထ, အဓိပ္ပယတ္ထဖြစ်သည်။

ကေမန္တံ တစ်ခုသော အစု၌။ (အန္တ–သဒ္ဒါ ကောဋ္ဌာသအနက်ဟော။) ဝါ၊ တစ်ခုသော အစွန်အဖျား၌။ (အန္တ–သဒ္ဒါ ကောဋိအနက်ဟော။) ဝါ၊ သင့်တင့် လျောက်ပတ်သောအရပ်၌။ (အဓိပ္ပာယတ္ထ။) ဤအနက်ကား ဘုမ္မတ္ထေ ဝါ၊ ဧတံ ဥပယောဂဝစနံ။ (ဋ္ဌ၊ ၁၊ ၁၁၁။) အဖွင့်အရ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထဖြစ်သည်။ ။ ကြွင်း ယောဇနာလေ။ ။ (ဋ္ဌ၊ ၁၊ ၁၁၀။ ဋ္ဌသျှ၊ ၁၊ ၃၅၇။ ဋ္ဌသျှသစ်၊ ၂။ ၁၈၆။)

အားလုံးအဆိုကို ချုံယူ။ ။ ကေမန္တံ၊ တစ်ခုသော အရပ်အစုကို။ ကတွာ၊ ပြု၍။ (ကတွာ–ထည့်။) ဝါ၊ ကေမန္တံ၊ တစ်ခုသော အရပ်အစု၌။ (သဒ္ဒတ္ထ) (အန္တ–ကား ကောဋ္ဌာသတ္ထ။) ဝါ၊ သင့်တင့်လျောက်ပတ်စွာ။ ဝါ၊ သင့်တင့်လျောက် ပတ်သော အရပ်။ (အဓိပ္ပာယတ္ထ။) (ဂဏ္ဌိသစ်၊ ၂၊ ၉၂။).

ဂဏ္ဌိ (၂၀၆) ၌ ကေမန္တန္တိ ကေသွိံ အန္တေ ယုတ္တပဒေသေတိ အတ္ထော။ (ဝိမတိ၊ ၁၊ ၆၇။)ကို ထောက်ပြီး "တစ်ခုသော လျောက်ပတ်သင့်တင့်သော အရပ်၌"ဟု ပေး၍ "အန္တ–သဒ္ဒါ ယုတ္တတ္ထဟော"ဟု ဆို၏။

ဂဏ္ဌိသစ်က "ဝိမတိဖွင့်သည်မှာ အဓိပ္ပါယတ္ထသာ"ဟု ဆိုပြီး, ဂဏ္ဌိအဆိုကို မနှစ်သက်၍ "ဆရာတို့ကား အန္တ–သဒ္ဒါ ယုတ္တတ္ထ–ဟူ၏ဆင်ခြင်"ဟု မှာသည်။

ဂဏ္ဌိသစ်အလို "ကေမန္တံ အဋ္ဌာသီတိ အနုစ္ဆဝိကေ ကေသွိံ ပဒေသေ အဋ္ဌာသိ။ (သီလက္ခန္ဓဝဂ္ဂ၊ ဋ္ဌ၊ ၁၃၉။) ကေမန္တံ နိသီဒီတိ ကေသွိံ ဩကာသေ နိသီဒီတိ အတ္ထော။ (သီလက္ခန္ဓဝဂ္ဂ၊ ဋ္ဌ၊ ၂၄၈။)ဟု ဖွင့်ရာ၌လည်း အဓိပ္ပာယတ္ထဖွင့်သာ။

သျှသစ်၌ "ကေမန္တံ၊ သင့်တင့်လျောက်ပတ်စွာ။ ဝါ၊ ကေံ၊ တစ်ခုသော။ အန္တံ၊ အစွန်၌"ဟု အန္တ–သဒ္ဒါ ကောဋိအနက်ဟောယူ ပေးသည်။ ပါသျှ၌လည်း "ကေမန္တံ၊ သင့်မြတ်လျောက်ပတ်စွာ။ ဝါ၊ တစ်ခုသော အစွန်အဖျားနံပါးအရပ်၌"ဟု ကောဋိအနက်ဟောပင်ယူ၍ ပေးသည်။

"အရပ်အစုကို"ဟု ဂဏ္ဌိသစ်ပေးသည်မှာ အဓိပ္ပာယန္တောဂဓသဒ္ဒတ္ထသာ။ "အန္တ–သဒ္ဒါ ယုတ္တတ္ထ"ဟု ဂဏ္ဌိဆိုသည်မှာကား မကောင်းပါ။

ဖော်ပြပါ အဖြေမှာ ဤအဆိုအားလုံးကို ချုံပြီး၊ အချုပ်အားဖြင့် ယောဇနာခြင်း ဖြစ်သည်။]

---

http://www.dhammadownload.com



၇။ ။ [သျှအတိုင်း ယောဇနာ။ ။ ဋ္ဌ၊ ၁၊ ၁၆၉။ ဋ္ဌသျှ၊ ၂၊ ၁၀၇။ ဋ္ဌသျှသစ်၊ ၃၊ ၅။ ။ ၁၃၂၁-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၈။ ။ ဝါကျ အပြန်အလှန် အနက်

ပန၊ "သဟာရတာ, သုပေါသတာ, အပ္ပိစ္ဆ သန္တုဋ္ဌ"ဟူ၍ ဆိုအပ်သည့်မှ တစ်ပါး, "သလ္လေခ, ဓုတ"ဟူ၍ ဆိုအပ်သည်ကို ဆိုဦးအံ့။ သံဝရော၊ ကိုယ်နှုတ် နှလုံးကို စောင့်ခြင်းကို။ သလ္လေခေါတိစ၊ "သလ္လေခ"ဟူ၍လည်းကောင်း။ ဓုတောတိစ၊ "ဓုတ"ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ (ကသ္မာ၊ အဘယ်ကြောင့်။ သံဝရော၊ ကို။ သလ္လေခေါတိစ၊ ကောင်း။ ဓုတောတိစ၊ ကောင်း။ ဝုစ္စတိ၊ ဆိုအပ်သနည်း။) ယသ္မာ၊ အကြင်ကြောင့်။ အသံဝရံ၊ ကိုယ်နှုတ်နှလုံးကို မစောင့်ခြင်းကို။ ပဟာယ၊ ပယ်၍၊ သံဝရေ ၌။ ဌိတဿ၊ တည်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ အတ္တာ၊ ကိုယ်သည်။ ကိလေသသလ္လေခတာယစေဝ၊ ကိလေသာတို့ကို ခေါင်းပါးစေတတ်သော ကိုယ်၏ အဖြစ်ထုလည်းကောင်း။ နိဒ္ဓုနနတာယစ၊ ကိလေသာတို့ကို ခါထွက်တတ်သော ကိုယ်၏အဖြစ်ဌါလည်းကောင်း။ သံဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ (သံဝရော၊ ကို။ သလ္လေခေါတိစ၊ ကောင်း။ ဓုတောတိစ၊ ကောင်း။ ဝုစ္စတိ၊ ဆိုအပ်သတည်း။) (ဋ္ဌ၊ ၁၊ ၁၈၇။ ဋ္ဌသျှ၊ ၂၊ ၁၆၉။ ဋ္ဌသျှသစ်၊ ၃၊ ၈၀။)

[ကာရဏ, ဖလဝါကျ အပြန်အလှန်အနက်ယောဇနာနည်းလည်း ရှိသင့်သည်သာ။ ။ ၁၃၁၉-ခုနှစ် ပါရာဇိကဏ်အဖြေဝယ် ဝါကျအပြန်အလှန် အနက်ယောဇနာနည်းကို ပြဆိုရာ၌ စည်းမျဉ်းအဖြေနှင့် လိုက်လျောညီထွေ ဖလ, ကာရဏဝါကျတို့၌ ဝါကျအပြန်အလှန် အနက်ယောဇနာရကြောင်းကို သာ ဖော်ပြခဲ့သည်။ ယခုအနက်ယောဇနာသည့်အတိုင်း ကာရဏ, ဖလဝါကျ တို့၌လည်း ဝါကျအပြန် အလှန်ယောဇနာနိုင်သည်သာ။ ထို့ကြောင့် ကာရဏ, ဖလဝါကျ အပြန်အလှန် အနက်ယောဇနာနည်းလည်း ရှိသင့်သည်သာ, ရှိရမည်သာ။

ကာရဏ, ဖလဝါကျ အပြန်အလှန်အနက်ယောဇနာနည်းနှင့် ဟိတ်အပြင်ထုတ်၍ အနက်ယောဇနာနည်းမှာ အတူတူသာ။ ဤ ကာရဏ, ဖလဝါကျ အပြန်အလှန် အနက်ယောဇနာနည်းမှာ ဟိတ်အပြင်ထုတ်၍ အနက်ယောဇနာခြင်းပင်ဖြစ်သော ကြောင့် ဟိတ်အပြင်ထုပ်၍ အနက်ယောဇနာနည်းလည်း ရှိသင့်သည်သာ, ရှိရမည်သာ။ ကာရဏ, ဖလဝါကျ အပြန်အလှန်အနက် ယောဇနာနည်းသည်ပင် ဟိတ်အပြင်ထုတ်၍ အနက်ယောဇနာမည်သောကြောင့် ကာရဏ, ဖလဝါကျ အပြန်အလှန် အနက်ယောဇနာနည်းနှင့် ဟိတ်အပြင်ထုတ်၍ အနက်ယောဇနာနည်းမှာ အတူတူသာ။]

---

၉။ ။ ပဥ္စသရုပ် ဖော်ထုတ်လျက် အနက်

["ပဥ္စန္နံ၊ မြက်, သစ်ရွက်, အုတ်, ကျောက်, အင်္ဂတေ-ဟုဆိုအပ်ကုန်သော ငါးခုကုန်သော"ဟု ပဥ္စန္နံသရုပ် ဖော်ထုတ်ပေး။ ။ ဋ္ဌ၊ ၁၊ ၂၄၈။ ဋ္ဌသျှ၊ ၂၊ ၃၄၃။ ဋ္ဌသျှသစ်၊ ၃၊ ၂၈၆။]

---

http://www.dhammadownload.com



၁၀။ ။ [ဋ္ဌ၊ ၁၊ ၃၄၅။ ဋ္ဌသျ၊ ၂၊ ၆၂၈။ ဋ္ဌသျသစ်၊ ၃၊ ၅၆၀။]

## ၁၉၈၄ (၁၃၄၅) ခုနှစ် ဓမ္မာစရိယတန်း ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ဝဏ္ဏာဝါ အဟေသုန္တိ အညောယေဝ နေသံ အာဘိနဝေါ သရီရဝဏ္ဏော ဥပ္ပဇ္ဇိ၊ တေန ဝဏ္ဏေန ဝဏ္ဏဝန္တော အဟေသုံ။

(ခ) ပီဏိန္ဒြိယာတိ ပဋ္ဌဟိ ပသာဒေဟိ အာဘိနိဝိဋ္ဌောကာသဿ ပရိပုဏ္ဏတ္တာ မနစ္ဆဋ္ဌာနံ ဣန္ဒြိယာနံ အမိလာတဘာဝေန ပီဏိန္ဒြိယာ။

(ဂ) ပသန္နမုခဝဏ္ဏာတိ ကိဉ္စာပိ အဝိသေသေန ဝဏ္ဏဝန္တော၊ သရီရဝဏ္ဏာတော ပန နေသံ မုခဝဏ္ဏော အတိဝိယ ပသန္နော၊ အစ္ဆော အနာဝိလော ပရိသုဒ္ဓေါတိ အတ္ထော။

၁။ ။ အညောယေဝ–၌ အညအပါဒါန်ကို ထည့်စွက်၍ (က)အမှတ်ပြဝါကျအားလုံးကို အနက်ယောဇနာခဲ့ပါ။

၂။ ။ (ဂ)အမှတ်ပြဝါကျကို သာဘောဂဏေဒနာ တက်ပြပါ။

၃။ ။ (ဂ)အမှတ်ပြဝါကျကို (ခ)အမှတ်ပြဝါကျကို ထောက်သောအားဖြင့်လည်းကောင်း၊ အစိတ်အစိတ်အားဖြင့်လည်းကောင်း၊ အကြောင်းပြ၍ ဝါကျအမည်ပေးပြီးလျှင် (ခ)အမှတ်ပြဝါကျအဆုံးရှိ ပီဏိန္ဒြိယာ–ကို စာစပ်ပြပါ။

၄။ ။ (ခ)အမှတ်ပြဝါကျရှိ အမိလာတဘာဝေန–ပုဒ်ကို အစိတ်၊ အပေါင်း ဝိဂ္ဂဟပြု၍ အမိလာတ–ပုဒ်ကို ညှသ်ကောက်ပြပါ။

၅။ ။ (က)အမှတ်ပြဝါကျပါ ဝဏ္ဏာဝါ–၌ မည်သည့်ဝိဘတ်၏ ကာရိယဖြစ်သည်ကို သုတ်ထောက်ပြလျက် ဖြေဆိုပါ။

၆။ ။ အောက်ပါအဋ္ဌကထာပါဌ်တို့ကို အာဘောဝ်ဖော်၍ သံဝဏ္ဏနာအမည် ပေးခဲ့ပါ။

(က) ကာမာနံ ပဟာနံ အက္ခာတန္တိ ဝတ္ထုကာမာနံ ကိလေသကာမာနဉ္စ ပဟာနံ ဝုတ္တံ။

(ခ) ကာမပိပါသာနန္တိ ကာမေသု ပါတဗျတာနံ။

၇။ ။(ခ)အမှတ်ပြဝါကျ၌ "ပီဏိန္ဒြိယာ"ဟူ၍လည်းကောင်း "ပီဏိန္ဒြိယာ"ဟူ၍လည်းကောင်း ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။

http://www.dhammadownload.com



၈။ ။ပီဏိန္ဒြိယာ-ဝယ် ဣန္ဒြိယ-၌ ဖြစ်သင့်သော နည်း, ဥပစာကို အကြောင်းနှင့်တကွ ဖြေပါ။

၉။ ။ အောက်ပါ မြန်မာစကားရပ်တို့ကို စုဏ္ဏိယပါဠိဗန္ဓ စီကုံးပါ။

သည်သာမကသေး ထို့ထက်အလွန်ရှိသေး၏။ နွားမသို့ ကပ်တတ်သော နွားငယ်သည် နွားမမှ ဖယ်အပ်သည်ဖြစ်၍ မစောင့်ရှောက်အပ်သည်ရှိသော် တစ်ဖန်သာလျှင် နွားမသို့ ကပ်ရောက်သကဲ့သို့လည်း ထို့အတူ ဤတတိယ ဈာန်ချမ်းသာသည် ပီတိမှ ဖယ်အပ်သော်လည်း သတိသမ္ပဇဉ်တည်းဟူသော အစောင့်အရှောက်ဖြင့် မစောင့်ရှောက်အပ်သော် တစ်ဖန်သာလျှင် ပီတိသို့ ကပ်ရောက်ရာ၏။

၁၀။ ။ (ခ)အမှတ်ပြဝါကျပါ မနုဿဇာန်-၌ ဆဋ္ဌ-ဟူသော ပုဒ်၏အရကို ခန္ဓာယတနောတရဏဟာရနေတ္တိနည်း ထုတ်ဆောင်ပါ။

---

၁၉၈၄ (၁၃၄၅) ခုနှစ် ဓမ္မာစရိယတန်း

ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ [ "ပကတိသရီရဝဏ္ဏတော၊ ပြကတေ့သောကိုယ်အဆင်းမှ"ဟု အညှ ၏ အပါဒါန်ထည့် ယောဇနာ။ ။ဋ္ဌ၊ ၂၊ ၇၄။ ဋ္ဌသျ၊ ၃၊ ၃၅။ ဋ္ဌသျာသစ်၊ ၄၊ ၂၁၆။]

---

၂။ ။ (ဂ)အမှတ်ပြဝါကျသာဘောဂ (ဠ္ဌပနာတိက) စောဒနာတက်

အရှင်အဋ္ဌကထာဆရာ အရှင်ဥပါလိမထေရ်သည် ပါဠိတော်၌ ပသန္န မုခဝဏ္ဏ-ပုဒ်ကို မိန့်ဆိုတော်မူ၏(ဋ္ဌပနာ)။ ထိုရဟန်းတို့ "မျက်နှာ, ကိုယ်"ဟု အထူးမ, မ သာမညအားဖြင့် (ဝါ) တစ်ကိုယ်လုံး အဆင်းလှကြကုန်သည် မဟုတ်ပါ လော (ကိဥ္စပိ-ထုတ်၍ နနု-သွင်းသည့် ရိုးရာအာဘောဂ)(တစ်နည်း) ထိုရဟန်းတို့ "မျက်နှာ, ကိုယ်" ဟု အထူးမ, မ သာမညအားဖြင့် (ဝါ) တစ်ကိုယ်လုံး အဆင်းလှ ကြပုံကို ဝဏ္ဏဝါ-ပုဒ်ဖြင့် ပြပြီးသည်မဟုတ်ပါလော (ဆိုလိုသည့် အာဘောဂ)။ (တစ်နည်း) ဝဏ္ဏဝါ-၏ အရ၌ သာမညဖြစ်၍ မုခဝဏ္ဏပါဝင်ပြီး ဖြစ်သည်မဟုတ်ပါလော (ဂဏ္ဌိဆရာ၏အာဘောဂ)။ သို့ပါလျက် အဘယ်ကြောင့် ပသန္နမုခဝဏ္ဏ-ပုဒ်ကို မိန့်ဆိုတော်မူပါသနည်း(စောဒနာ)။ ဤသို့စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာ တော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပာယ်ကား။ ။ ထိုရဟန်းတို့ "မျက်နှာ, ကိုယ်"ဟု အထူးမှ,မ သာမည အားဖြင့် (ဝါ) တစ်ကိုယ်လုံး အဆင်းလှကြကုန်သော်လည်း (တစ်နည်း) ထိုရဟန်းတို့ "မျက်နှာ, ကိုယ်"ဟု အထူးမ,မ သာမညအားဖြင့် (ဝါ) တစ်ကိုယ်လုံး အဆင်းလှပုံကို ဝဏ္ဏဝါ-ပါဌ်ဖြင့် ပြပြီးသော်လည်း (တစ်နည်း) ဝဏ္ဏဝါ-၏အရ၌ သာမညဖြစ်၍ မုခဝဏ္ဏပါဝင်ပြီးဖြစ်သော်လည်း ထိုရဟန်းတို့၏ ကိုယ်အဆင်းထက် မျက်နှာအဆင်းက ပို၍ ကြည်လင်စင်ကြယ်သောကြောင့် ပသန္နမုခဝဏ္ဏ-ပုဒ်ကို မိန့်ဆိုတော်မူပါသတည်း-ဟူလို။

http://www.dhammadownload.com



[ကိဉ္စာပိ–ဝါကျ အာဘော်သွင်းနည်း။ ။ကိဉ္စာပိ–သဒ္ဒါရှိသောဝါကျ၌ အာဘော်သွင်းလိုလျှင် ကိဉ္စာပိ–သဒ္ဒါစပ်ရာ ပုဒ်တိုင်အောင်သော စကားရပ်ဖြင့် စောဒကာ၏ အာဘော်ကို နေယျတ္ထအားဖြင့် ပြသောကြောင့် ကိဉ္စာပိ–သဒ္ဒါကိုဖြုတ်၍ ကိဉ္စာပိ–နေရာ၌ နနု–သဒ္ဒါကို အစားထိုး၍ အာဘော်သွင်းရသည်။ ပန–သဒ္ဒါစပ်ရာ ပုဒ်တိုင်အောင်သော နောက်စကားရပ်သည် ပရိဟာရ ဆရာ၏အာဘော်(အကြောင်း)ကိုပြသော စကားရပ်ဖြစ်၍ ယင်းစကားရပ်အတိုင်း ဟိတ်ပြင်၍ အဓိပ္ပာယ်ပြန်ရသည်။ ဤကိဉ္စာပိ–ဝါကျ၌ စောဒကနှင့်ပရိဟာရ မပါ၊ ဖော်ပြခဲ့သည့်အတိုင်း ဆောင်၍ သိရာ၏။

အဝိသေသေန–၏ အဓိပ္ပာယ်။ ။ဤ၌ အဝိသေသေန–ပုဒ်၏ အဓိပ္ပာယ် ငုပ်သည်။ အဝိသေသေန–ဖြင့် "မျက်နှာ, ကိုယ်"ဟု အထူးမ,မ သာမည အားဖြင့်ဟူသည် "တစ်ကိုယ်လုံး"ဟု အဓိပ္ပာယ်အားဖြင့် ဆိုလိုသတည်း။ ထို့ကြောင့် "ထိုရဟန်းတို့ တစ်ကိုယ်လုံး အဆင်းလှကြကုန်သည် မဟုတ်ပါလော၊ ထိုရဟန်းတို့ တစ်ကိုယ်လုံး အဆင်းလှကြပုံကို ဝဏ္ဏဝါ–ပါဠိဖြင့် ပြပြီးသည် မဟုတ်ပါလော"ဟု အဓိပ္ပာယ်မှတ်ပါ။

ပရိဟာရက ဝဏ္ဏဝါပုဒ်ဖြင့် တစ်ကိုယ်လုံးအဆင်းလှပုံကို ပြပြီးသော်လည်း ကိုယ်အဆင်းထက် မျက်နှာအဆင်းက ပို၍ လှသောကြောင့် (ပိုလှသည်ကို ပြလိုသော ကြောင့်) ပသန္နမုခဝဏ္ဏ–ပုဒ်ကို ဆိုရသတဲ့၊ နက်လှပါ၏။]

ဝါကျတက်, တက်ပုံ

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် ပက္ခကို ဆိုတော်မူ၏(ဥပနာ)။ ပက္ခသည် ပက္ခန္တရနှင့် မကင်းကောင်းသည် မဟုတ်ပါလော (အာဘောဂ) ပက္ခန္တရကို အဘယ်သို့ သိအပ်ပါသနည်း(စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထို စောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပာယ်ကား။ ။ (ခ)အမှတ်ပြ ပက္ခ၏ ပက္ခန္တရသည် (ဂ)အမှတ်ပြ ဝါကျဖြစ်၏။ ဤသို့ ပက္ခန္တရကို သိအပ်၏–ဟူလို။

[ဤသို့ ဝါကျတက်လည်း တက်နိုင်သည်။ သို့သော် ကိဉ္စာပိ–ပါသော ဤဝါကျမျိုး၌ အာဘော်သွင်းနည်း စနစ်တကျ ရှိပြီးဖြစ်သောကြောင့် အဓိပ္ပါယ်တက်သာ ကောင်းသည်။ ဝါကျတက်များကို ပထမအုပ်၌ ဖော်ပြခဲ့သည်။ အကျယ်ကို ဝါကျသံသယဝိသောဓနီ၌ ရှုပါ။ ဝါကျတက်မှာ တစ်နေရာ တက်တတ်က တက် တတ်၍ မခက်သောကြောင့် နေရာတိုင်း၌ မဖော်ပြခြင်း ဖြစ်သည်။]

---

၃။ ။ (ဂ)အမှတ်ပြဝါကျ အကြောင်းနှင့်တကွ အမည်

(ဂ)အမှတ်ပြဝါကျသည် (ခ)အမှတ်ပြဝါကျကို ထောက်က ပီဏိန္ဒြိယာ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာမှတစ်ပါး ပသန္နမုခဝဏ္ဏာ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာ"ဟု ဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။

ထိုတွင် ပသန္နမုခဝဏ္ဏာတိ။ပ။ ပသန္နော–ဟူသော ရှေ့ဝါကျသည် အကျဉ်းအားဖြင့် ပြသောကြောင့် သင်္ခေပဝါကျ။ အဓ္ဓော။ပ။ အဓ္ဓော–ဟူသော နောက်ဝါကျသည် ရှေ့စကားရပ် (ရှေ့စကားရပ်၌ ပါသောအဓ္ဓော–ပုဒ်)ကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။ [ အဓ္ဓော– ပါသော ဝါကျကို ဝိတ္ထာရဝါကျအမည်ပေးရကြောင်းကို ပထမအုပ် ၁၃၂၁–ခုနှစ် ပါရာဇိကဏ်အဖြေ၌ နိယံနှင့်တကွ ဖော်ပြခဲ့ပြီ။]

http://www.dhammadownload.com



ရှေ့ဝါကျတွင် ကိဥ္စာပိ။ပ။ သန္တော-ဟူသော ရှေ့ဝါကျသည် စောဒကာ ဘောဂကို ပြသောကြောင့် (နေယျတ္ထအားဖြင့်ပြသည်။) စောဒကာဘောဂဝါကျ။ (တစ်နည်း) ချီးမွမ်း မြှောက်ပင့်သော သမ္ဘာဝနာကို ပြသောကြောင့် သမ္ဘာဝနာဝါကျ။ သရီရဝဏ္ဏတော။ပ။ ပသန္နော-ဟူသော နောက်ဝါကျသည် ပရိဟာရဘောဂကို ပြသောကြောင့် (နေယျတ္ထအားဖြင့် ပြသည်။) ပရိဟာရဘောဂဝါကျဖြစ်သည်။ (တစ်နည်း) ကဲ့ရဲ့ပြစ်တင်သောဂရဟာကို ပြသောကြောင့် ဂရဟာဝါကျ။

မှတ်ချက်။ ။ သမ္ဘာဝနာကို "အနုဂ္ဂဟ"ဟူ၍လည်း, ဂရဟာကို "အရုစိ" ဟူ၍လည်း သုံးကြသည်။ သမ္ဘာဝနာနှင့် အနုဂ္ဂဟ, ဂရဟာနှင့် အရုစိ အတူတူပင် ဖြစ်သောကြောင့် "အနုဂ္ဂဟဝါကျ, အရုစိဝါကျ"ဟုလည်း အမည်ပေးနိုင်သည်။

ပိဏ္ဍိတြိယာ-ပုဒ် စာစပ်

ပိဏ္ဍိတြိယာ-ကား "ကို"ဟူ၍ အနက်ပေးသောကြောင့် အဟောသုံ-၌ ဟူ ဓာတ် ဥ-ဝိဘတ်ဟု ဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ အဟောသုံ-ကား ကတ္တား၏ကြိယာ၊ ဝါ၊ ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစကတည်း။

မှတ်ချက်။ ။ (က)အမှတ်ပြုဝါကျမှ အဟောသုံ-ကို ဤဝါကျသို့လည်း လိုက်သမ္ဗန်ရမည်။ ပါဠိတော်၌ကား "ဝဏ္ဏာဝါ ဟောန္တိ ပိဏ္ဍိတြိယာ"ဟု ဟောန္တိ-ရှိသည်။ ပါဠိတော်အလို ဟောန္တိ-ထည့်၍ ဟောန္တိ-၌ စပ်ရပါမည်။

---

၄။ ။ ဝိဂ္ဂဟ နှင့် ဥာသ်ကောက်

အစိတ်ဝိဂ္ဂဟ။ ။မိလာယန္တီတိ မိလာတာနိ။ န မိလာတာနိ အမိလာတာနိ။

အပေါင်းဝိဂ္ဂဟ။ ။ အမိလာတာနံ ဘာဝေါ အမိလာတဘာဝေါ။

မိလာတာနိ၊ ညှိုးနွမ်းကုန်သည်။ န၊ မဟုတ်ကုန်။ အမိလာတာနိ၊ ညှိုးနွမ်းကုန်သည် မဟုတ်ကုန်။ ဝါ၊ မညှိုးနွမ်းကုန်။

န မိလာတာနိ-ကား န-နိပါတပုဗ္ဗပဒကမ္မဓာရယ်သမာသ်ဝိဂြိုဟ်၊ အမိလာ တာနိ-ကား ကမ္မဓာရယ်သမာသ်ပုဒ်။ န-ပုဒ်၊ မိလာတ-ပုဒ်။ ဤ အမိလာတ- ဟူသော န-နိပါတပုဗ္ဗပဒကမ္မဓာရယ်သမာသ်ပုဒ်၌ န-ဟူသော ရှေ့ပုဒ်၏ အရကား ဝိရုဒ္ဓဘော ဂုဏ်သည် မုချအားဖြင့်ရ၏။ (ပဋိသေဓဘောဂုဏ်လည်း ကောက်နိုင်သည်) ထိုဝိရုဒ္ဓ ဘောဂုဏ်၏ မနိဒြေလျှင် ခြောက်ပါးမြောက်ရှိကုန်သော ဣန္ဒြေတို့နှင့် ဂုဏ်ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဌာနူပစာအားဖြင့် ရ၏။ အမိလာတာနိ- ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော မနိဒြေလျှင် ခြောက်ပါးမြောက်ရှိကုန်သော ဣန္ဒြေတို့ ရ၏။

---

၅။ ။ ဝဏ္ဏာဝါ-၌ ဝိဘတ်၏ကာရိယ

ဝဏ္ဏာဝါ-၌ အာ-သည်, သဒ္ဒနီတိသုတ် ထောက်သော် ဣသ္သသန္တော, အာစ-သုတ်ကို ထောက်၍, မောဂ္ဂလာန်သုတ် ထောက်သော် ဣသ္သ စ ဋဝံသေ- သုတ်၌ ဣသ္သ စ ဋဝါ-ဟူသော ယောဂဝိဘာဂနှင့် အတောယောနံ ဋာဋေ- သုတ်ကို ထောက်၍ ပဌမာဗဟုဝုစ်ယော့ဝိဘတ်၏ ကာရိယဖြစ်ပါသည်။ [ပဌမာဗဟုဝုစ် ယော ဝိဘတ်၏ ကာရိယ ဖြစ်သည်ကို သိရပါသည်။]

http://www.dhammadownload.com



သဒ္ဒနီတိ သုတ္တမာလာ။ ။ ဿုဿ ဿော, အာစ။ ။ ဿု-ပစ္စယဿ သဗ္ဗဿေဝ သဝိဘတ္တိဿ ဿော ဣစ္စာဒေသော ဟောတိ, အာစ ယောမှိ ပဌမေ။ သတိမဿော တိဋ္ဌန္တိ။ သတိမာ တိဋ္ဌန္တိ။ (နီတိ၊ သုတ္တ၊ ၂၉၇။)

မောဂ္ဂလာန်, ပဉ္စိကာ။ ။ ဿာဿစ ဋ္ဌဝံသေ။ ။ အံသေသု ဿုပ္ပစ္စယဿ ဋ္ဌ ဟောတိ ဝါ ဿုဿစ။ပ။ ယောဂဝိဘာဂေနာညတြာပိ စက္ခုမာ အန္ဓိတာ ဟောန္တိ၊ ဝဂ္ဂုမုဒါတီရိယာ ပန ဘိက္ခူ ဝဏ္ဏဝါ ဟောန္တိ။ (မောဂ်၊ ၂၊ ၉၂)

ယောဂဝိဘာဂေနာတိ "ဿာဿစ 'ဋ္ဌဝါ"တိ ဧဝံ ယောဂဝိဘာဂေန။ အညတြာပီတိ အံသေ ပဌမာယောမှိ "ဿာဿ စ ဋ္ဌဝါ"တိ ဿာဿဝါ ဋ္ဌာ အာဒေသော။ "အတော ယောနံ ဋ္ဌာဋ္ဌေ" တိ (၂၊ ၄၁။) ယောဿ ဋ္ဌာ။ ပဉ္စိကာ။

"ဋ္ဌကာရာ သဗ္ဗဒေသတ္တာ"ဟု (၂၊ ၄၁။) သုတ်၏ ဝုတ္တိဖွင့်သောကြောင့် "ဋ္ဌာဋ္ဌေ-၌ အာ, ဧ-သည်သာ အာဒေသ"ဟု မှတ်။

ကစ္စည်း။ ။ ကစ္စည်း၌ ဤရုပ်အတွက် စီရင်သောသုတ် တိုက်ရိုက်မလာ။ "အာသိမှိ-သုတ်၌ အာ-ဟူသော ယောဂဝိဘာဂဖြင့် ပဌမာယောဝိဘတ်ကြောင့် ဝိဘတ်နှင့် တကွ ဿု-ကို အာပြု"ဟု ယူရန် ရှိတော့သည်။

ပုစ္ဆာ၌ "ဝဏ္ဏဝါ-၌ အာ-ကို မည်သည့်ဝိဘတ်၏ကာရိယဖြစ်သည်ကို"ဟု (အာ-ကို)ဟူသောစကားလုံး ပါသင့်သည်။ "သဒ္ဒနီတိသုတ်ထောက်ပြလျက်" စသည်ဖြင့် မေးလိုရာကျမ်းအမည်ပါ ထည့်သင့်သည်။

---

၆။ ။ အာဘောဂနှင့်သံဝဏ္ဏနာ။ ။ ဝတ္ထုကာမာနံ ကိလေသကာမာနဉ္စ (ဌ၊ ၁၊ ၁၈၃။)ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ကာမာနံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ကာမ-၏အရ ဝတ္ထုကာမ, ကိလေသကာမတို့ကို ယူရမည်၏ အဖြစ်ကို အဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

ဝုတ္တံ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် အက္ခာတံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ (ခါ ပကထနေ ဈာ စ-ဟူသော သဒ္ဒနီတိ ဓာတုမာလာနှင့် အညီ) အာ-ပုဗ္ဗ ခါ-ဓာတ်၏ ကထနအနက်ဟော၏ အဖြစ်ကို အဌကထာဆရာ သိစေပါသည်။ ဒုတိယဓာတွတ္ထ သံဝဏ္ဏနာ။ အာ-ဥပသာရပုဒ်၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်း အဌကထာ ဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။

ပါတဗျတာနံ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ကာမပိပါသာနံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ပိပါသ-၏အရ "သောက်ခြင်းငှာ အလိုရှိသော သူ၏အဖြစ်"ဟု ဆိုအပ်ကုန်သော တဏှာတို့ကို (တစ်နည်း) "သောက်လိုသုံးဆောင်လိုသောသူ၏ အဖြစ်"ဟု ဆိုအပ်ကုန်သော တဏှာတို့ကို ယူရမည်၏အဖြစ်ကို အဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

ကာမေသု ပါတဗျာနံ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ကာမပိပါသာနံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ သတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်၊ ယင်း သတ္တမီ တပ္ပုရိသ်သမာသ်ပုဒ်၏အာဓာရအနက်ဟော၏အဖြစ်ကို အဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ကာမပိပါသာနံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို

http://www.dhammadownload.com



"ကာမေသု ပိပါသာ ကာမပိပါသာ"ဟု သတ္တမိတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

---

၇။ ။ပါဠ်အဆုံးအဖြတ်

သက္ကတ၌သာ ပိဏ–ဓာတ်၊ ပိဏ–ပုဒ် ရှိသည်။ မဂဓ–၌ မရှိ၊ မဂဓ၌ ပိဏ–ဓာတ်၊ ပိဏ–ပုဒ်သာရှိသည်။ ဤအဋ္ဌကထာ၌လည်း မဂဓဖြစ်သည့် အားလျော်စွာ ပိဏ–ဓာတ် ပိဏ–ပုဒ်ဖြင့် ပြီးသော ပိဏိန္ဒြိယာ–ပါဠ်သာ ရှိသင့်သောကြောင့် ဒီဃနှင့် ရှိသော ပိဏိန္ဒြိယာ–ပါဠ်သာ သင့်ပါသည်။

[နေရာတကာ သက္ကတ မလိုက်သင့်။ ။ သဒ္ဒနီတိ ဓာတုမာလာ(၆၁)၌ "ပိဏ ပိဏနေ၊ ပိဏနံ ပရိပုဏ္ဏတာ။ ပိဏတိ၊ ပိဏော ဒိဝါ န ဘုဥ္စတိ ပိဏောရက္ခံ သဗာဟု"ဟု ဒီဃနှင့်လာသည်။

အချို့ဆရာတို့ကား သက္ကတ၌ "ပြိဏ တပ္ပနေ"ဟု ရဿနှင့်ရှိသော ပိဏ ဓာတ် ပိဏ–ပုဒ်ကို ယူ၍ ရဿနှင့်ရှိသော ပါဠ်လည်း သင့်ကြောင်းကို ဆုံးဖြတ်ကြကုန်၏။ သို့သော် ဓာတွတ္ထသင်္ဂဟပါဠ်နိဿယ (၂၂၆)၌ "ပိဏော၊ ပိဏ–ဓာတ်သည်။ တပ္ပနေ၊ ရောင့်ရဲစေခြင်း၌ ဖြစ်၏။ အဂ္ဂိပိဏတိ ယော ဒ္ဓိဇော၊ လောကီကျမ်း၌ ရှိသရနှင့် ရှိသည်ကို ပြသည်။ မဂဓ၌ ထိုကဲ့သို့နာမ်ပုဒ်မရှိ"ဟု မဂဓ၌ ရဿနှင့် ပိဏ–ပုဒ်မရှိကြောင်းကို ဆို၏။ ပိဏ–ပုဒ်ကို ပီဓာတ်၌ ပြ၏။ ဝိမတိ (၂၄၀)၌လည်း "ပိဏနံ"ဟု ဒီဃနှင့်ပင် ရှိ၏။ ကစ္စည်း အညပဒတ္ထေသုဗဟုဗ္ဗီဟိ–သုတ်၌လည်း "ပိဏောရက္ခံသဗာဟု၊ ပိဏဂဏ္ဍဝဒနထနူရုဇဃနာ"ဟု ဒီဃနှင့်ပင် ရှိ၏။

သက္ကတသန်သူများသည် သက္ကတလိုက်၍ ပြင်လေ့ရှိကြ၏။ မဂဓသန် သူများကမူ "နေရာတကာ သက္ကတလိုက်ရန် မလို၊ နေရာတကာ သက္ကတလိုက်ပြင်လျှင် မဂဓ၌ ပြင်စရာတွေ များစွာရှိ၏"ဟု ဆို၏။ ချဲ့ဦးအံ့–သက္ကတဗျာကရဏ်း ကျမ်းများ၌ "မုဒ္ဓဇ–သ (ရေဖ)၊ ရ–အက္ခရာ၊ ရိ–သရ၊ ဤ ၃–လုံးနောင် သရ, တဝဂ်, သ–ကျဉ်သော အ–ဝဂ် ခြားစေကာမူ ဏ–ကြီးပြန်"ဟု ဥပဒေ ၃–ချက်ရှိသည်။ ထိုဥပဒေ ၃–ချက်မှာ သက္ကတအတိုင်း မုဒ္ဓဇသ (ရေဖ), ရဝအက္ခရာ, ရိ–သရတို့နှင့် ဂြဟ–ဓာတ်စသည်ဖြင့် ရေးမှ သိသာထင်ရှားသည်။ မဂဓအတိုင်း ဂဟ–ဓာတ်စသည်ဖြင့် ရေးလျှင် မသိသာ မထင်ရှား။ သက္ကတသန်သည့်ဆရာကြီးများသည် ဤဥပဒေနှင့် မကိုက်ညီသော ကြောင့် ဉာဏ, ဝိညာဏ–ပုဒ်တို့ကိုပင် မနှစ်သက်ကြ။ မဂဓသန်သူ များကမူ မဂဓတစ်လမ်း, သက္ကတတစ်လမ်းဖြစ်၍ နေရာတကာ သက္ကတသို့ မလိုက်သင့်၊ သက္ကတဥပဒေသို့ လိုက်မရသည့်ပုဒ်များ မဂဓမှာ များစွာရှိလသည်။ ဉာ, ရှုဆရာတို့သည် ထိုပုဒ်မျိုးကို သက္ကတဥပဒေသို့ မလိုက်သင့်၍သာ မလိုက်ခြင်း ဖြစ်ရာ၏။ သက္ကတ မတတ်လျှင် စာရေးလို့မဖြစ်နိုင်အောင် သက္ကတကို အလေးထားသည့် သီဟိုဠ်သားများ ဖြစ်ကြသော အရှင်ဝိမလဗုဒ္ဓိ, အရှင်ဗုဒ္ဓပိယ–အမည်ရှိသော ဉာ, ရှု ဆရာကြီးများကား "သက္ကတမတတ်ကြ"ဟု ဆိုရဲကြမည် မထင်၊ "အကယ်၍ သက္ကတဥပဒေနှင့် ညီမှသာ အမှန်"ဟု ယူဆလျှင် ပိဋကတ်တော်တွင် ပြင်စရာ အများအပြားရှိနေ၏။ ဥပမာ နိဗ္ဗာန–ပုဒ်၌ နိ–ဥပသာရအတွက် ဏ–ကြီးပြန် ဥပဒေ သက္ကတ၌ ရှိလေသည်၊

http://www.dhammadownload.com



ဝိသေသန-ပုဒ်၌လည်း သက္ကတ၌ မုဒ္ဓဇ-သ(ရေဖ)နှင့်ရှိ၍ ဏ-ကြီးပြန်ဥပဒေ ရှိပြန် လေသည်၊ သို့ရာတွင် ပါဠိ၌ "နိဗ္ဗာဏ, ဝိသေသဏ"ဟု တစ်ပုဒ်တစ်လေမျှမရှိ၊ သက္ကတလိုက်သည့်ဆရာကြီးများလည်း မပြင်ခဲ့ကြ။ ခုလို ယုတ္တိပြကာ သက္ကတနှင့် မညီတိုင်း နေရာတကာ ပြင်ဆင်မှုကို မနှစ်သက်ကြ။

ယင်းသို့သက္ကတလိုက်၍ နေရာတကာမပြင်သင့်သောကြောင့် ဤပိဏိန္ဒြိယာပါဌ်၌လည်းသက္ကတလိုက်၍မဆုံးဖြတ်သင့်။သက္ကတလိုက်၍ ရသနှင့်ပါဌ်အမှန်မယူသင့်]

---

၈။ ။ နည်း, ဥပစာ

ပိဏိန္ဒြိယာ-ဝယ် ဣန္ဒြိယ-ဟူသော နည်းသည် စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ,ကာယပသာဒ, မန-တည်းဟူသော မကင်းတတ်သည်ကို ဆိုသဖြင့် ထိုစက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, မန-တို့၏ တည်ရာ အသားဆိုင်ဖြစ်သော မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, ဟဒယဝတ္ထုတည်းဟူသော မကင်းရာကိုလည်းရသောကြောင့် အဝိနာဘာဝနည်းမည်၏။

ပိဏိန္ဒြိယာ-ဝယ် ဣန္ဒြိယသဒ္ဒါသည် ဌာနီဖြစ်သော စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ,ကာယပသာဒ, မန-တို့၏ ဣန္ဒြိယဟူသော အမည်ကို ဌာနဖြစ်သော စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, မန-တို့၏ တည်ရာ အသားဆိုင်ဖြစ်သော မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, ဟဒယဝတ္ထုတို့၌ တင်စား၍ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, မန-တို့၏တည်ရာ အသားဆိုင်ဖြစ်သော မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, ဟဒယဝတ္ထုတို့ကို "ဣန္ဒြိယ"ဟု ခေါ်ဝေါ်ခြင်းကြောင့် ဌာနျူပစာမည်၏။

[ဌာနျူပစာ ယူရပုံ။ ။ စက္ခုစသော ပသာဒရုပ်တို့သည် ဥပါဒါရုပ်ဖြစ်သောကြောင့် မပြည့်ဖြိုးနိုင်၊ မဝဖြိုးနိုင်၊ မနကား နာမ်တရားဖြစ်၍ ပို၍ပင် မပြည့်ဖြိုးနိုင်၊ ယင်းတို့၏ မှီရာတည်ရာဖြစ်သော မျက်စိစသော အသားဆိုင်များသည်သာ ပြည့်ဖြိုးနိုင်, ဝဖြိုးနိုင်သောကြောင့် ဣန္ဒြိယ-၏အရ စက္ခုပသာဒစသော ဣန္ဒြေများကို ယူ၍ မဖြစ်၊ မဖြစ်သောကြောင့် ဣန္ဒြိယ-၌ ဥပစာ ယူရသည်။ ပိဏ သဒ္ဒါကြောင့် ဣန္ဒြိယ-၌ ဥပစာဖြစ်ရသည်။

ထောက်ဖွယ်။ ။ ယသ္မာ ဣန္ဒြိယာနံ ဥပါဒါရူပတ္တာ နိဿယဝသေနေဝ ပိဏနတ္ထိ အာဟ "အဘိနိဝိဋ္ဌောကာသဿ ပရိပုဏ္ဏတ္တာ"တိ။ ပဉ္စပ္ပသာဒါနံ ဝိယ ဟဒယရူပဿာပိ ပရိပုဏ္ဏတာ ဝုတ္တာယေဝါတိ အာဟ"မနစ္ဆဋ္ဌာနံ ဣန္ဒြိယာန"န္တိ။ (ဝိမတိ၊၁၊၂၄၀။) ဥပါဒါရူပံ ဘူတရူပမုခေနေဝ မဒ္ဒနံ ပိဏနဉ္စ ဟောတီတိ အာဟ "ပသာဒ" ဣစ္စာဒိ။ (ဝိမတိ၊၁၊၁၀၂။)]

---

http://www.dhammadownload.com



၉။ ။ [ဋ္ဌ၊ ၁၊ ၁၊ ၁၂၁။]

၁၀။ ။ ခန္ဓာယတနဓာတုရဏဟာရနေတ္တိနည်း

ဆဋ္ဌ-ပုဒ်၏ အရဖြစ်သော မန (စိတ်) သည် ဝိညာဏက္ခန္ဓာ, မနာယတန မည်၏။ ဤသို့ ခန္ဓာ, အာယတနအားဖြင့် သွင်းခြင်းသည် ခန္ဓာယတန ဓာတုရဏဟာရမည်၏-ဟူလိုသော်။

[ဆဋ္ဌ၏အရကောက်ပုံ။ ။ မနစ္ဆဋ္ဌာနံ-၌ ဆဋ္ဌ-ကို "ဆန္နံ ပူရဏော ဆဋ္ဌော"ဟုပြု၊မန-ရ။မန-ရသောကြောင့် မန-နှင့် ဆဋ္ဌ-ကို "မနော ဧဝ ဆဋ္ဌော မနစ္ဆဋ္ဌော"ဟု အဝဓာရဏကမ္မဓာရယ်သမာသ်တွဲ၊ မန-ပင် ရ။ ထို့နောက် "မနစ္ဆဋ္ဌော ဧတေသံ အတ္ထီတိ မနစ္ဆဋ္ဌာနာနိ"ဟု အဿတ္ထိတဒ္ဓိတ်ဆင့်။ ဣန္ဒြေရ။ သို့မဟုတ် ကမ္မဓာရယ်သမာသ်တွဲ၍ တဒ္ဓိတ်မဆင့်ဘဲ"မနော ဧဝ ဆဋ္ဌော ဧတေသန္တိ"ဟု ဗဟုဗ္ဗီဟိ သော်လည်း ပြု။ ဝိဂ္ဂဟဝါကျနက်အားဖြင့် "မနိန္ဒြေလျှင် ခြောက်ခုတို့၏ ပြည့်ကြောင်းရှိကုန်သော"ဟု ပေး။ ဤဝစနတ္ထများကြောင့် ဆဋ္ဌ-၏အရ မန-ရသည်ကို သဘောကျပါ။

ဗဟုဗ္ဗီဟိနှင့် အဿတ္ထိ အထူး။ ။ကမ္မဓာရယ် ရှေ့သွားရှိသော အဿတ္ထိ ပြုခြင်းနှင့် ဗဟုဗ္ဗီဟိ ပြုခြင်းတို့သည် လိုအပ်သောအနက် ပြီးသည်ချည်းဖြစ်သည်။ သို့သော် ကမ္မဓာရယပုဗ္ဗအဿတ္ထိ ပြုခြင်းသည် ကြာနေးခြင်း ဂရုသဘော ရှိ၏။ ဗဟုဗ္ဗီဟိ ပြုခြင်းသည် လျှင်မြန်ခြင်းလဟုသဘော ရှိ၏။

ဝါစ္စဓမ္မသည် လဟု, ဂရုအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဗဟုဗ္ဗီဟိဖြင့် ဝါစ္စဓမ္မကို ဆိုခြင်းသည် လဟုဖြစ်၏။ အတိသယစသော အနက်ကို ဗဟုဗ္ဗီဟိဖြင့် မသိအပ်၊ ရှိခြင်းဟူသော သမင်္ဂီသာမညကိုသာ သိအပ်၏။ ထို့ကြောင့် ဝါစ္စဓမ္မသည် လဟုဖြစ်၏။ ကမ္မဓာရယပုဗ္ဗက အဿတ္ထိဖြင့် အတိသယစသော အနက်ကိုလည်း သိအပ်၏။ ထို့ကြောင့် ဝါစ္စဓမ္မသည် ဂရုဖြစ်၏။

ထောက်ဖွယ်။ ။ ကမ္မဓာရယသမာသံ အဿတ္ထျတ္တေပိ ကတ္တုမိစ္ဆတိ၊ ပကြိယာ လဃုဝတ္တံ ဗဟုဗ္ဗီဟိယေဝ န္ယာယော။ကမ္မဓာရယမန္တတ္ထိ၊ဗဟုဗ္ဗီဟိ လဃုတရော။ဒုဝိဓော ဝါ ဝါစ္စဓမ္မော လဟု,ဂရုစ၊ တတြဗဟုဗ္ဗီဟိနာ လဟု၊ ကမ္မဓာရယမန္တတ္ထိယေန ဂရု။ကိဉ္စ ဗဟုဗ္ဗီဟိနာ အတိသယနာဒျတ္ထော န ဂမျာတေတိ အဝဿံ တပ္ပဋိပါဒနာယ ကမ္မဓာရယပုဗ္ဗကော မန္တတ္ထိယေဝ ဒဋ္ဌဗ္ဗော။(ဓာန်၊ ဋီ၊ ၁၄၆။)

အဿတ္ထိပစ္စည်းတို့၏ အတိသယ စသောအနက်ကို ဟောသည်ကို အောက်ပါမောဂ္ဂလာန်ဖြင့် သိအပ်၏။

ပဟူတေ စ ပသံသာယံ၊ နိန္ဒာယဉ္စာတိသာယနေ။

နိစ္စယောဂေစ သံသဂ္ဂေ၊ ဟောန္တိ မေ မန္တု အာဒယော။ (မောဂ်၊ ၄၊ ၇၈။)

ကျက်။ ။ ဝိဂ္ဂဟဝါကျ၊ ဝါစ္စဓမ္မာ၊ လဟုတ္တာ၊ မှတ်ပါ ဗဟုဗ္ဗိ။

ဤနည်းနှစ်ဖြာ၊ ဂရုမှာ၊ သညာ အဿတ္ထိ။

မေးခဲ့ပြီးဝါကျ။ ။ ပိဏ္ဍိန္ဒြိယာနိ-အဖွင့်ဝါကျကို ၁၉၇၆ (၁၃၃၇) ခုနှစ်ကလည်း ပထမနေ့တွင် မေးခဲ့ပြီ။]

http://www.dhammadownload.com



## ၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁။ ။ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "နိရဗ္ဗုဒေါ ဝတ ဘော ဘိက္ခုသံဃော နိရာဒီနဝေါ၊ သုဒိန္နေန ကလန္ဒပုတ္တေန အဗ္ဗုဒံ ဥပ္ပါဒိတံ၊ အာဒီနဝေါ ဥပ္ပါဒိတော" တိ-ကို အာကာရ အပြင်ထုတ်၍ အနက်ယောဇနာခဲ့ပါ။

၂။ ။အညထာ သန္တမတ္တာနံ၊ အညထာ ယော ပဝေဒယေ။ နိကစ္စ ကိတဝဿေဝ၊ ဘုတ္တံ ထေယျေန တဿတံ။ ဂါထာကို ထည့်သင့်သောပါဠိ ထည့်၍ အနက်ယောဇနာခဲ့ပါ။

၃။ ။ အာမသနာ၊ ပရာမသနာ၊ ဩမသနာ၊ ဥမ္မသနာ၊ ဩလင်္ဃနာ ဥလ္လင်္ဃနာ၊ အာကဍ္ဎနာ၊ ပတိကဍ္ဎနာ၊ အဘိနိဂ္ဂဏှနာ၊ အဘိနိပ္ပီဠနာ-ကို အနက်မှန်မှန် ယောဇနာခဲ့ပါ။

၄။ ။ အမှာကံ ပိ အလာဘာ၊ အမှာကံ ပိ ဒုလ္လဒ္ဓံ၊ ယေ မယံ အာဇီဝဿ ဟေတု ပုတ္တဒါရဿ ကာရဏာ ဗဟူ ခုဒ္ဒကေ ပါဏေ သင်္ဃာတံ အာပါဒေမာတိ-ကို နိယမာ, နိယမနည်းအားဖြင့် အနက်ယောဇနာခဲ့ပါ။

၅။ ။ဉာတကော နော နိသိန္နောတိ၊ ဗဟု အာဂစ္ဆတိ ဇနော။ပဋိစ္စ ကမ္မံ ဖုသတိ၊တသ္မိံ မေ သင်္ကတေ မနော-ဟူသော ဂါထာကို ထည့်သင့်သောပါဠိ ထည့်လျက် အနက်ယောဇနာခဲ့ပါ။

၆။ ။ အယဉ္စ ဝေရဉ္ဇော ဗြာဟ္မဏော မဟတာ ဥဿာဟေန ဘဂဝန္တံ ဝဿာဝါသံ ယာစိ၊ သော ကဿ ဘဂဝတော အတ္တိဘာဝမ္ပိ န ဇာနာတီတိ? ဝုစ္စတေ၊ မာရာဝဋ္ဋနာယ-ကို မာရာဝဋ္ဋနာယ-၌ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ ထင်စေလျက် အနက် ယောဇနာခဲ့ပါ။

၇။ ။ ကာရဏာဥ္စိ ယသ္မာ နိဒေတိ အတ္တနော ဖလံ, ဂဏှာထ နန္တိ ဒဿေန္တံ ဝိယ အပ္ပေတိ၊ ပကရောတိ စ နံ ကတ္တုံ အာရဘတိ၊ ကရောတိ ယေဝ ဝါ၊ တသ္မာ နိဒါနဉ္စေဝ ပကရဏဉ္စာတိ ဝုစ္စတိ-ကို ဝါကျအပြန်အလှန် အနက်ယောဇနာခဲ့ပါ။

၈။ ။ အထ ဒွါရဿ ဥဒုက္ခလံ ဝါ ဥတ္တရပါသကော ဝါ ဘိဇ္ဇော ဝါ ဟောတိ အဋ္ဋပိတော ဝါ၊ သံဝရိတုံ န သက္ကောတိ-ကို အနက်မှန်မှန် ယောဇနာခဲ့ပါ။

၉။ ။ ဂဏ္ဍိကပဋ္ဋကဉ္စ ပါသကပဋ္ဋကဉ္စ အဋ္ဌကောဏမ္ပိ သောဠသကောဏမ္ပိ ကရောန္တိ၊ တတ္ထ အဂ္ဃိယဂယမုဂ္ဂရာဒီနိ ဒဿေန္တိ၊ ကဏ္ဏဋ္ဌကဉ္စိနိ ဥက္ကိရန္တိ၊ သမ္ဗန္ဓ ဝဋ္ဋတိ-ကို အနက်ယောဇနာခဲ့ပါ။

၁၀။ ။ လက္ခဏာနုဗ္ဗုဿပိ ယဒါ လက္ခဏံ ဆလ္လိယာ ပရိယောနဒ္ဓံ ဟောတိ၊ တဒါ ဂဟေတုံ ဝဋ္ဋတိ-ကို အနက်ယောဇနာခဲ့ပါ။

http://www.dhammadownload.com



## ၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

၁။ ။ [သျှအတိုင်း ယောဇနာ။ ။ ပါ၊ ၂၁။ ပါသျှ၊ ၁၉၆။]

---

၂။ ။ [သျှအတိုင်း ယောဇနာ။ အဋ္ဌကထာ၌ ကျယ်စွာ ဖွင့်သည်။ သို့သော် သျှအတိုင်းသာ ရည်ရွယ်ပေမည်။ ။ ပါ၊ ၁၁၆။ ပါသျှ၊ ၉၆။ "ထည့်သင့်သော ပါဠ်ကို ထည့်၍"ဟု သို့မဟုတ် "ထည့်သင့်သောပါဠ်တို့ကို ထည့်၍"ဟု ဧကဝုစ်၊ ဗဟုဝုစ် တစ်တစ်ခွခွ မမေးခြင်းကြောင့် ၂-မျိုးလုံး ယူနိုင်နေသည်။ ဤအဖြေ၌ကား ဗဟုဝုစ်ယူ၍ ပါသျှအနက်ကို ညွှန်းသည်။ ဧကဝုစ်ယူလျှင် အဋ္ဌကထာဖွင့်သည့် အတိုင်း ထည့်သွင်းယောဇနာရပေမည်။ ပါသျှက ဥပမာနနှင့် ဥပမေယျနှင့်တူစွာ "သကဏာဓာတံ ဘုတ္တံ ဏ္ဍဝ"ဟု ထည့်သွင်းယောဇနာသော်လည်း "သကဏာဂ္ဂဟာဏံ ဏ္ဍဝ"ဟု ဖွင့်သော အဋ္ဌကထာအလိုမှု "သကဏာဂ္ဂဟာဏံ ဏ္ဍဝ"ဟု ထည့်သွင်း ယောဇနာရပေမည်။ အမေး မသေချာခြင်းသည် အာဘော်ဖမ်း လွဲမှားခြင်း၏ အကြောင်း၊ အာဘော်ဖမ်းလွဲမှားခြင်းသည် အမှတ်ဆုံးရှုံးနစ်နာခြင်း၏ အကြောင်း ဖြစ်၍ မကောင်း။]

---

၃။ ။ [ပါ၊ ၁၇၄။ ပါသျှ၊ ၂၃၇။ ]

---

၄။ ။ [သျှအတိုင်း ယောဇနာ။ ။ ပါ၊ ၃၂၈။ ပါသျှ၊ ၃၆၆။]

---

၅။ ။ [သျှသစ်၌ သာရတ္ထအဖွင့်အတိုင်း အကျယ်ကြီး ယောဇနာပါ၏။ ကျယ်လွန်းလှ၍ သျှသစ်အတိုင်း ယောဇနာစွမ်းမရှိစကာမူ သျှအတိုင်း လိုရင်းလောက် ထည့်ယောဇနာလျှင် ရနိုင်ပါ၏။ ဋ္ဌ၊ ၁၊ ၄၅။ ဋ္ဌသျှ၊ ၁၊ ၁၅၆။ ဋ္ဌသျှသစ်၊ ၁၊ ၃၅၅။]

---

၆။ ။မာရာဝဋ္ဋနာယ-၌ သဒ္ဒတ္ထ၊ အဓိပ္ပာယတ္ထ ထင်စေလျက်အနက်
[မာရာဝဋ္ဋနာယ၊ မာရ်နတ်သည် ပြုအပ်သောစိတ်၏ တုန့်လည်ခြင်းကြောင့် (သဒ္ဒတ္ထ)။ ဝါ၊ မာရ်နတ်သည် ပြုအပ်သော စိတ်၏ ပြင်းစွာတွေဝေခြင်းကြောင့် (အဓိပ္ပာယတ္ထ)။ သာရတ္ထကို ထောက်၍ ပေးသည့်ဂဏ္ဌိသစ် (၃၄၆) အနက်။

အဓိပ္ပာယတ္ထယောဇနာရာ၌ သာရတ္ထကို ထောက်၍ ဂဏ္ဌိသစ် ယောဇနာသော်လည်း သာရတ္ထနှင့် မညီလှသေးချေ၊ သာရတ္ထနှင့်ညီအောင် "မာရ်နတ်၏ အာနုဘော်ဖြင့် ကောင်းစွာဖြစ်သော စိတ်၏ ပြင်းစွာတွေဝေခြင်းကြောင့်"ဟု ယောဇနာ။

မာရာဝဋ္ဋနာယာတိ မာရေန ကတစိတ္တာ ဝဋ္ဋနာယ၊ မာရာနုဘာဝေန သဉ္ဇာတ စိတ္တသမ္မောဟနာတိ ဝုတ္တံ ဟောတိ။ တေနေဝါဟ "အာဝဋ္ဋေတွာ မောဟေတွာ" တိ အာဒိ။ (သာရတ္ထ၊ ၁၊ ၁၃၁။)

http://www.dhammadownload.com



"မာရ်နတ် လှည့်ပတ်ခြင်းကြောင့်"ဟု ယောနောသည့် အနက်မှာ "သကော် တတ္ထ"ဟု ယူ။ ။ ဋ္ဌ၊ ၁၊ ၁၄၇။ ဋ္ဌသျ၊ ၂၊ ၃၉။ ဋ္ဌသျသစ်၊ ၂၊ ၄၈၉။]

---

၇။ ။ ဝါကျ အပြန်အလှန် အနက်

ဟိ-ဝိတ္ထာရယိဿာမိ၊ ချဲ့ဦးအံ့။ ကာရဏံ၊ အကြောင်းကို။ နိဒါနဋ္ဌေဝ၊ "နိဒါန"ဟူ၍လည်းကောင်း။ ပကရဏဋ္ဌ၊ "ပကရဏ"ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ (ကသ္မာ၊ အဘယ်ကြောင့်။ ကာရဏံ၊ ကို။ နိဒါနဋ္ဌေဝ၊ ကောင်း။ ပကရဏဋ္ဌ၊ ကောင်း။ ဝုစ္စတိ၊ ဆိုအပ်သနည်း။) ယသ္မာ၊ အကြင်ကြောင့်။ နိဒေတိ- အတ္တနောဖလံ ဂဏှာထ နန္တိ ဒဿေန္တံ ဝိယ အပ္ပေတိ စ၊ မိမိ၏အကျိုးကို ထိုအကျိုးကို "ယူကုန်လော" ဟူ၍ ပြသကဲ့သို့လည်း ဖြစ်တတ်၏။ ပကရောတိ-နံ ကတ္တံ အာရဘာ တိစ၊ ထိုမိမိ၏ အကျိုးကိုပြခြင်းငှါ အားထုတ်လည်း အားထုတ်တတ်၏။ ဝါ၊ တစ်နည်းကား။ ပကရောတိ-ကရောတိယေဝ၊ ထိုမိမိ၏အကျိုးကို ပြုတတ်သည်သာ လျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ [ကာရဏံ၊ ကို။ နိဒါနဋ္ဌေ၊ ကောင်း။ ပကရဏဋ္ဌ၊ ကောင်း။ ဝုစ္စတိ၊ ဆိုအပ်သတည်း။ ။ဋ္ဌ၊ ၁၊ ၁၈၄။ ဋ္ဌသျ၊ ၂၊ ၁၅၈၊ ဋ္ဌသျသစ်၊ ၃၊ ၆၉။ ၁၉၇၈ (၁၃၃၉) ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၈။ ။ [ဋ္ဌ၊ ၁၊ ၂၄၄။ ဋ္ဌသျ၊ ၂၊ ၃၃၃။ ဋ္ဌသျသစ်၊ ၃၊ ၂၇၃။]

---

၉။ ။ [ဋ္ဌ၊ ၁၊ ၂၅၂။ ဋ္ဌသျ၊ ၂၊ ၃၅၅။ ဋ္ဌသျသစ်၊ ၃၊ ၃၃၀။]

---

၁၀။ ။ [ဋ္ဌ၊ ၁၊ ၂၉၉။ ဋ္ဌသျ၊ ၂၊ ၄၉၅။ ဋ္ဌသျသစ်၊ ၃၊ ၄၄၀။]

---

## ၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) မဂဓေမဟာမတ္တောတိ မဂဓရေဋ္ဌေ မဟာမတ္တော။
(ခ) မဟာတိယာ ဣဿရိယမတ္တာယ သမန္နာဂတော။
(ဂ) မဂဓရညော ဝါ မဟာမတ္တော။
(ဃ) မဟာအမစ္စောတိ ဝုတ္တံ ဟောတိ။

၁။ ။ (က)အမှတ်ပြဝါကျပါသံဝဏ္ဏေတဗ္ဗပုဒ်ကိုသံဝဏ္ဏနာရှု၍ အနက်ပေးပါ။

၂။ ။ (ခ)အမှတ်ပြဝါကျကို သာဘောဂပုစ္ဆာတက်ခဲ့ပါ။ (အဓိပ္ပာယ်ပြန်ရန်မလို။)

http://www.dhammadownload.com



၃။ ။ အကြောင်းပြ၍ အထက်ပါဝါကျတို့ကို အမည်ပေးခဲ့ပါ။

၄။ ။ (ခ)အမှတ်ပြဝါကျကို ရှု၍ (က)အမှတ်ပြဝါကျပါ မဟာမတ္တော-ကို ဝိဂ္ဂဟပြု၍ ညသ်နည်းအရ ကောက်ပြပါ။

၅။ ။ မဂဓ-၌ ဓာတ်, ပစ္စည်းနှင့် သံဝဏ္ဏနာနုရူပ လိင်, ဝုစ်တို့ကိုလည်း ရေးခဲ့ပါ။

၆။ ။ (က)(ခ)(ဂ)အမှတ်ပြဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်တို့ကိုလည်း ပေးခဲ့ပါ။

၇။ ။ (ခ)အမှတ်ပြဝါကျ၌ ဂ္ဂဿရိယမတ္တာယ-ဟူ၍ လည်းကောင်း, ဂ္ဂဿရိယပတ္တာယ-ဟူ၍လည်းကောင်း ပါဠ်နှစ်ထွေရှိရာတွင် သင့်ရာပါဠ်ကို အကြောင်းနှင့်တကွ ပြဆိုခဲ့ပါ။

၈။ ။ (ဂ)အမှတ်ပြဝါကျကိုရှု၍ (က)အမှတ်ပြဝါကျပါ မဂဓ-၌ ဖြစ်သင့်သော နည်း, ဥပစာတို့ကို ရေးခဲ့ပါ။

၉။ ။ အောက်ပါ မြန်မာစကားရပ်တို့ကို စုဏ္ဏိယပါဠိ စီကုံးခဲ့ပါ။

ဆန့်ကျင်ဘက်ကျောင်းဆိုသည်မှာ သူတစ်ပါးတို့၏ အပိုင်းအခြားဝယ် မင်းကျွမ်းဝင်ကုန်သောသူတို့ ဆောက်လုပ်အပ်သော ကျောင်းမျိုးကို ဆိုသည်။ အကြင်ပုဂ္ဂိုလ်တို့သည်၊ ထိုသို့သဘောရှိသောကျောင်းမျိုးကို ဆောက်လုပ်ကုန်အံ့၊ ထို ပုဂ္ဂိုလ်တို့ကို "ငါတို့၏ အပိုင်းအခြားဝယ် ကျောင်းမဆောက်ကြပါနှင့်"ဟု ပြောဆိုရမည်၊ မနာခံဘဲ နိုင်ထက်တမူဆောက်လုပ်ကုန်အံ့၊ ဗောဓိပင်နှင့် စေတီကိုချန်၍ ကျန်ကျောင်းအဆောက်အအုံတို့ကို ဖျက်ဆီးသင့် ဖျက်ဆီးထိုက်ကုန်၏။

၁၀။ ။ (က)အမှတ်ပြဝါကျ၌ မဂဓ-အရ ဥပစာရတ္ထအားဖြင့် ကိုယ်ပြု၍ ဒေသနာဟာရနေတ္တိ ထုတ်ခဲ့ပါ။

---

## ၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ သံဝဏ္ဏနာရှု၍ သံဝဏ္ဏေတဗ္ဗပုဒ် အနက်

မဂဓမဟာမတ္တော၊ မဂဓတိုင်း၌ ကြီးစွာသော အစိုးရသောသူ၏ ဖြစ်ကြောင်းရာထူးဟုဆိုအပ်သော အတိုင်းအရှည်ရှိသော။ (သာရတ္ထ။) ဝါ၊ မဂဓတိုင်း၌ ကြီးစွာ သော အစိုးရသော သူ၏ဖြစ်ကြောင်းရာထူးဟု ဆိုအပ်သော ပြည့်စုံခြင်းရှိသော။ (ဝဇိရ) (သံဝဏ္ဏနာရှေ့နည်းအလို။) ဝါ၊ မဂဓမင်း၏ ကြီးသော အမတ်ဖြစ်သော။ (နောက်အဖွင့်အလို။) (ပါဠိတော် ဗြာဟ္မဏော-၌ စပ်။) (ဋ္ဌ၊ ၁၊ ၂၅၅။ ဋ္ဌသျ၊ ၂၊ ၃၆၅။ ဋ္ဌသျသစ်၊ ၃၊ ၃၁၂။)

http://www.dhammadownload.com



မှတ်ချက်။ ။ မတ္တာ-သဒ္ဒါ သာရတ္ထအလို ပမာဏအနက်ဟော၊ ဝဇိရအလို သမိဒ္ဓိအနက်ဟော ဖြစ်သည်။

---

၂။ ။ (ခ)အမှတ်ပြဝါကျ သာဘောဂ (ဌပနာတိက) ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် မဂဓေသုဒ္ဒါ၏ မဂဓတိုင်းကို ဟောသည်၏အဖြစ်, (တစ်နည်း) မဂဓ-ပုဒ်၏အရ မဂဓတိုင်းကို ယူရမည်၏ အဖြစ်, မဂဓ-ပုဒ်နှင့် မဟာမတ္တ-ပုဒ်ကို "မဂဓေသု မဟာမတ္တော မဂဓမဟာမတ္တော"ဟု (တိုင်းဟောပုဒ်များ ဗဟုဝုစ်သာ။) သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို ဆိုတော်မူ၏(ဌပနာ)။ ယင်းမဂဓမဟာမတ္တော-ဝယ် မဟာမတ္တ-ပုဒ်ကို အဘယ်သမာသ်ဝစနတ္ထ ပြုရပါမည်နည်း။ မတ္တ-ပုဒ်၏အရ အဘယ်ကို ယူရပါမည်နည်း(ပုစ္ဆာ)။ မဟာမတ္တ-ပုဒ်ကို "မဟတီ မတ္တာ မဟာမတ္တာ"ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြုရသည် မဟုတ်ပါလော။ မတ္တ-ပုဒ်၏အရကို စည်းစိမ် ဥစ္စာစသည်ကို ယူရာသည်မဟုတ်ပါလော(အာဘောဂ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်၏။

လော ၂-မျိုး။ ။ လောသည် နနု-လော (နနု-၏အနက်ဖြစ်သော လော) ကိံလော (ကိံ-၏အနက်ဖြစ်သောလော) အားဖြင့် ၂-မျိုးရှိ၏။ ဟောတိ နနု-ဖြစ်သည် မဟုတ်ပါလော-စသည်၌ လောကား နနုလောတည်း။ ဟောတိ ကိံ ဖြစ်သလော-စသည်၌ လောကား ကိံလောတည်း။ ထိုတွင် နနု-သဒ္ဒါ, ကိံ-သဒ္ဒါတို့ သည် နနု ကစ္စိ နု ကိံ သမာ။ (ဓာန်။ ၁၁၃၉။) ကစ္စိ နု ကိန္နု နနု ကထံ ကိံ သု ကိံ ဣစ္စေတေ ပုစ္ဆနတ္ထေ။ (ရူ၊ နာ၊ ၁၃၄။)တို့အရ သာမညအားဖြင့် ပုစ္ဆာဓောတကချည်း ဖြစ်ကြသော်လည်း ဖော်ပြလတ္တံ့သော သဒ္ဒဝိဒူတို့၏ အဆိုအမိန့် များကို ထောက်၍ "နနု-လောသာ အာဘော်"ဟု ယူဆသည်။ (ယုတ္တိကို ၁၃၁၇-ခုနှစ် ပါရာဇိကဏ် အဖြေ၌ ဖေါ်ပြခဲ့ပြီ။)

နနုတိ လက္ခိတာ ဘောဂါ။ (ဂန္ထာဘရဏ၊ ၇၅။)

နနု-သဒ္ဒေါ ယော ပရာယ၊ ကြိယာယေဝ ယုဇ္ဇတေ။

တဂ္ဂလိတံ ဓောဒကသ္မ၊ အာဘောဂေါတွေဝ လက္ခယေ။ (သမ္ဗန္ဓစိန္တ ဂဏ္ဌိသစ်၊ နနု-ပဒဝိနိစ္ဆယတ္ထ။ ၂၁။)

နနု-နှင့်ပြ၊ ပုဒ်ရှိက၊ ဓောဒကအာဘော်။(တောင်တွင်းနိယံ။ ၁၉။)

နနု-တစ်၊ ရှိလမ္မကား၊ ပုဒ်ကားမမျှော်၊ အာဘော်ချည်းသာ၊ ရှိလေရာ၏။ (ရှင်တိပိဋကနာဂနိယံ။ ၁၇။)

နနု-နှင့်လာ၊ ဓောဒနာကားရှေ့အာဘော်နောက်၌တွေ့။ (တွင်းကြီးနိယံ၊ ၉၁။)

နနု-သဒ္ဒါ အာဘောဂတ္ထဓောတကနိပါတ်။ (ဘောဒစိန္တာအနုဒီပနီ။၅၆)

ယင်းသို့ နနု-လောသာ အာဘော်လော, ကိံ-လောကား ပုစ္ဆာလော ဖြစ်သောကြောင့် အာဘော်သွင်းရာ၌ ဖြစ်သလော-စသည်ဖြင့် ကိံ-လောနှင့် မသွင်းရ၊ ဖြစ်သည်မဟုတ်ပါလော-စသည်ဖြင့် နနု-လောနှင့် သွင်းရသည်။ နနု-လောနှင့်သွင်း

http://www.dhammadownload.com



ရာ၌လည်း ပရိကပ္ပအာဘော်ဖြစ်က ဖြစ်ရာသည် မဟုတ်ပါလော-စသည်ဖြင့် သတ္တမီဝိဘတ်၏အနက်ဖြစ်သော ရာ-နှင့် သွင်းရသည်။

---

၃။ ။ ဝါကျတို့၏ အကြောင်းနှင့်ထက္က အမည်

(က)(ခ)(ဂ)(ဃ)အမှတ်ပြ လေးဝါကျပေါင်းသည် ဝဿာကာရော ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာမှတစ်ပါး "မဟာမတ္တော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာ"ဟု ဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။ [(က) အမှတ်ပြဝါကျသည် ဝဿာကာရော-ဟူသော။ပ။ ပက္ခန္တရဝါကျ။ ဤသို့ (ခ)(ဂ)(ဃ)အမှတ်ပြဝါကျတို့ကို ဝိတ္ထာရစသော ဝါကျအမည်ထူးကို ပေးလတ္တံ့ဖြစ်သောကြောင့် (ခ)(ဂ)(ဃ)အမှတ်ပြဝါကျတို့ကို ချန်၍ (က)အမှတ်ပြဝါကျ တစ်ဝါကျတည်းကိုသာသော်လည်း ပက္ခန္တရအမည်ပေးပါ။ နေရာတိုင်း၌ ဤနည်းအတူသိ။]ထိုတွင်-

(ခ)အမှတ်ပြဝါကျသည် (က)အမှတ်ပြဝါကျကို (က-အမှတ်ပြဝါကျရှိ မဟာမတ္တော-ပုဒ်ကို)ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။ [မဟာမတ္တ-ပုဒ်၌ ဗျူပ္ပတ်အကြောင်း ငတ်ကျဉ်းနေ၍ (ခ)အမှတ်ပြဝါကျဖြင့် ကျမ်းဆရာချဲ့ပြရသည်။ ချဲ့သုံးချဲ့တွင် ဗျူပ္ပတ်အကြောင်းဖြင့် ချဲ့သည်။ "ကြီးစွာသော အစိုးရသူ၏ဖြစ်ကြောင်း ရာထူး"ဟု ဆိုအပ်သော အတိုင်းအရှည်ရှိသောကြောင့် (တစ်နည်း) "ကြီးစွာသော အစိုးရသောသူ၏ ဖြစ်ကြောင်း ရာထူး"ဟု ဆိုအပ်သော ပြည့်စုံခြင်း ရှိသောကြောင့် မဟာမတ္တမည်၏-ဟူလို။]

(ဂ)အမှတ်ပြဝါကျသည် မဂဓ-သဒ္ဒါ၏မဂဓတိုင်းဟောမှ တစ်ပါး မဂဓမင်းဟော, (တစ်နည်း) မဂဓ-ပုဒ်၏အရ မဂဓတိုင်းမှတစ်ပါး မဂဓမင်းကို ယူရမည်, မဂဓမဟာမတ္တော-ပုဒ်၏ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထမှ တစ်ပါး "ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထ"ဟု ဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။ [နယန္တရကို ပက္ခန္တရ ခွဲရသည်။]

(ဃ)အမှတ်ပြဝါကျသည် (ဂ)အမှတ်ပြဝါကျကို (ဂ-အမှတ်ပြဝါကျရှိ မဟာ မတ္တာ-ကို) ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။

[ဝုတ္တံ ဟောတိ-ပါသည့်ဝါကျ ဝိတ္ထာရ။ ။"ဝုတ္တံ ဟောတိ၊ သဘောရှိ၊ မှတ်ဘိ ပိဏ္ဍတ္ထ"-ဟူသော နိယံ၌"ပိဏ္ဍတ္ထ"ဟူသည် ဝိတ္ထာရသဘောပင်ဖြစ်၍ ဝုတ္တံ ဟောတိ-ပါသောဝါကျသည် ဝိတ္ထာရဝါကျပင် ဖြစ်သင့်သည်။ ထို့ပြင် ဝုတ္တံ ဟောတိ၊ သိဒ္ဓံ-ရှိက၊ နေယျတ်သိလှ၊ စကားကျ-ဟူသော ရှေးရေးဆောင် နိယံ (၃၄၃)နှင့်အညီ ဝုတ္တံ ဟောတိ-ပါသောဝါကျသည် ဆောင်၍သိအပ်သော အနက်သိဂှက်တိမ်မြုပ် နက်နဲခက်ခဲနေသောကြောင့် စကားကျစကားရောက်အားဖြင့် ဖော်ထုတ်ပြသော စကားဖြစ်သည်။"သိဂှက် တိမ်မြုပ်နက်နဲခက်ခဲနေသောကြောင့် စကားကျ စကားရောက်အားဖြင့် ဖော်ထုတ်ပြသောစကား"ဟူသည် ဝိတ္ထာရပင်တည်း။ (ဂ)အမှတ်ပြဝါကျ၌ "မဟာမတ္တ-ကြီးစွာသော အစိုးရသောသူ၏ဖြစ်ကြောင်း ရာထူးဟု ဆိုအပ်သော အတိုင်းအရှည်ရှိသူ (တစ်နည်း) "ကြီးစွာသော အစိုးရသောသူ၏ ဖြစ်ကြောင်းရာထူး"ဟု ဆိုအပ်သော "ပြည့်စုံခြင်းရှိသူ"ဟူသည် "မည်သူမည်ဝါ"ဟု

http://www.dhammadownload.com



မထင်ရှား သိဂုက် တိမ်မြုပ် နက်နဲ ခက်ခဲနေသောကြောင့် စကားကျ စကားရောက်အားဖြင့် "အမတ်ကြီးတည်း"ဟု ဆိုလိုပါသည်ဟု ဖော်ထုတ်ရသည်။ ထို့ကြောင့် ဝုတ္တံ ဟောတိ-ပါသောဝါကျကို ဝိတ္ထာရဝါကျယူသည်။

"ဝုတ္တံ ဟောတိ၊ သင်္ခေပေါ၊ မုတ်ဘိ ဝိဏှတ္တ"မှာ ဆိုသည့်အတိုင်းဝုတ္တံ ဟောတိ-ပါသော ဝါကျကို အဋ္ဌကထာသုံး ဋီကာသုံးအားဖြင့် ပိဏ္ဍတ္ထ (အပေါင်းအနက်)ကို ပြသောကြောင့် "ပိဏ္ဍတ္ထဝါကျ"ဟုလည်း အမည်ပေးနိုင်သည်။]

---

၄။ ။ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

မဟတီ မတ္တာ ဧတဿာတိ မဟာမတ္တော။ ။ မဟတီ၊ ကြီးစွာသော။ မတ္တာ၊ "အစိုးရသောသူ၏ ဖြစ်ကြောင်းရာထူး"ဟု အပ်သော အတိုင်းအရှည်သည်။ ဝါ၊ "အစိုးရသောသူ၏ဖြစ်ကြောင်းရာထူး"ဟု ဆိုအပ်သော ပြည့်စုံခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ-တသ္မာ၊ ထိုသို့ "အစိုးရသောသူ၏ ဖြစ်ကြောင်းရာထူး"ဟု ဆိုအပ်သော အတိုင်းအရှည် ရှိသည်၏အဖြစ်ကြောင့်။ ဝါ၊ ထိုသို့ "အစိုးရသောသူ၏ဖြစ်ကြောင်း ရာထူး"ဟု ဆိုအပ်သော ပြည့်စုံခြင်းရှိသည်၏ အဖြစ်ကြောင့်။ သော၊ ထိုဝဿကာရ ပုဏ္ဏားသည်။ မဟာမတ္တော၊ မဟာမတ္တမည်၏။

မဟတီ မတ္တာ ဧတဿာတိ-ကား စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်၊ မဟာမတ္တော-ကား စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်။ မဟတီ-ပုဒ်။ မတ္တာ-ပုဒ်၊ ဧတ-ပုဒ်။ ဤမဟာမတ္တော-ဟူသော စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်-၌ မဟာမတ္တ-ဟူသော သမာသ်ပုဒ်၏အရကား "ကြီးစွာသော အစိုးရသောသူ၏ ဖြစ်ကြောင်း ရာထူး"ဟု ဆိုအပ်သော အတိုင်းအရှည်သည် (တစ်နည်း) ကြီးစွာသော အစိုးရသောသူ၏ ဖြစ်ကြောင်းရာထူး"ဟု ဆိုအပ်သော ပြည့်စုံခြင်းသည် မုချအားဖြင့် ရ၏။ "ကြီးစွာသော အစိုးရသောသူ၏ ဖြစ်ကြောင်း ရာထူး" ဟု ဆိုအပ်သော အတိုင်းအရှည်၏ (တစ်နည်း) "ကြီးစွာသော အစိုးရသောသူ၏ ဖြစ်ကြောင်းရာထူး"ဟု ဆိုအပ်သော ပြည့်စုံခြင်း၏ ဝဿကာရပုဏ္ဏားနှင့် "ဂုဏ်, ဂုဏီအဖြစ်ဖြင့် စပ်ခြင်း"ဟု ဆိုအပ်သော သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ ဧတဿ-ဟူသော အညပုဒ်၏အရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော "ကြီးစွာသော အစိုးရသော သူ၏ ဖြစ်ကြောင်းရာထူး"ဟု ဆိုအပ်သော အတိုင်းအရှည်ရှိသော (တစ်နည်း) "ကြီးစွာသော အစိုးရသောသူ၏ဖြစ်ကြောင်း ရာထူး"ဟု ဆိုအပ်သော ပြည့်စုံခြင်းရှိသော ဝဿကာရပုဏ္ဏားသည် အပဓာနအားဖြင့် ရ၏။ ဝိသေသနပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်သော ကြောင့် ဆိုအပ်ခဲ့ပြီးသော "သမ္ဗန္ဓသကတ်"ဟု ဆိုအပ်သော ဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။

[ထောက်ဖွယ်။ ။ ကုလဘောဂဣဿရိယာ ဒီဟိ မဟတီ မတ္တာ ပမာဏံ ဧတဿာတိ မဟာမတ္တော။ တေနာဟ "မဟတိယာ ဣဿရိယမတ္တာယ, သမန္နာဂတော"တိ။ (သာရတ္ထ၊ ၂၊ ၁၂၂။)]

---

http://www.dhammadownload.com



၅။ ။ ဓာတွာဒိဝိဘာဂ

မဂဓ-၌ မဂ-သဒ္ဒူပပဒ ဓာဂု-ဓာတ်၊ ကွိ-ပစ္စည်း၊ (တစ်နည်း) မံသ သဒ္ဒူပပဒ ဂိဓ-ဓာတ်၊ အ-ပစ္စည်း၊ ပုလ္လိင်၊ ဗဟုဝုစ်။

[ထောက်ဖွယ်။ ။ မဂေန သဒ္ဓိံ ဓာဝန္တီတိ မဂဓာ။ ကွိ။ မံသေသု ဂိဇ္ဈန္တီတိ ဝါ မဂဓာ။ ဂိဓ အဘိကင်္ခါယံ၊ ကုရုအာဒယော ဇေဝိသတိ ဇနပဒန္တရာ ပုဗ္ဗဟုတ္တေ ပုလ္လိင်္ဂေ ဗဟုတ္တေစ သိယုံ။ (ဓာန်၊ ဋီ၊ ၁၈၄။) ဓာဂု ဂတိသုဒ္ဓိယံ။ (နီတိ၊ ဓာတု၊ ၁၇၁။) ရဋ္ဌ-သဒ္ဒါပါသောကြောင့် သံဝဏ္ဏနာ၌ "မဂဓရဋ္ဌေ"ဟု ဇေဝုစ်နှင့် နေသည်။]

---

၆။ ။ အာဘောဂနှင့် သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ မဂဓရဋ္ဌေ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မဂဓမဟာ မတ္တော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ မဂဓ-သဒ္ဒါ၏ မဂဓတိုင်းကို ဟောသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ နာမလိင်္ဂတ္ထသံဝဏ္ဏနာ။ သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာ။ (တစ်နည်း) မဂဓ-ပုဒ်၏အရ မဂဓတိုင်းကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

မဂဓရဋ္ဌေ မဟာမတ္တော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မဂဓမဟာမတ္တော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ သတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်၊ ယင်းသတ္တမီ တပ္ပုရိသ်သမာသ်ပုဒ်၏ အာဓာရအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါ သည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) မဂဓမဟာမတ္တော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "မဂဓေသု မဟာမတ္တော မဂဓမဟာမတ္တော"ဟု သတ္တမီတပ္ပုရိသ် သမာသ်ဝိဂ္ဂဟ ပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထ သံဝဏ္ဏနာ။ [တိုင်းဟောပုဒ်များ၌ ဗဟုဝုစ်ဖြစ်၍ "မဂဓေသု"ဟု ဗဟုဝုစ်ဖြင့် ဆိုသည်။ သံဝဏ္ဏနာ၌ကား မဂဓ-ပုဒ်ချည်းသက်သက်မဟုတ်၊ ရဋ္ဌ-သဒ္ဒါ ပါသောကြောင့် "မဂဓရဋ္ဌေ"ဟု ဇေဝုစ်နှင့် ရှိသည်။]

(ခ)အမှတ်ပြဝါကျရှိ မဟတိယာ မတ္တာယ သမန္နာဂတော-ဟူသော သံဝဏ္ဏနာ ပါဌ်ဖြင့် မဟာမတ္တော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ အဖြစ်၊ ယင်းစတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ သမ္ဗန္ဓအနက် ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) မဟာ မတ္တော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "မဟတီ မတ္တာ ဧတဿာတိ မဟာမတ္တော"ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝိဂ္ဂဟ ပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါ သည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

[သမန္နာဂတ - စသည်ဖြင့် ဖွင့်က ဗဟုဗ္ဗီဟိ၊ အဿတ္ထိကြံ။ ဤ၌ သမာသ်ပုဒ်ကို သမန္နာဂတ-သဒ္ဒါဖြင့် ဖွင့်ပြသောကြောင့် ဗဟုဗ္ဗီဟိသမာသ်ဝိဂ္ဂဟ ပြုသည်။ သမန္နာဂတ-စသော သဒ္ဒါတို့ဖြင့် တစ်ပုဒ်တည်းသော သံဝဏ္ဏေတဗ္ဗပုဒ်ကို (သံဝဏ္ဏေတဗ္ဗတဒ္ဓိတ်ပုဒ်ကို)ဖွင့်ပြလျှင် ယင်းသံဝဏ္ဏေတဗ္ဗပုဒ်ကို အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟကြံရသည်။ နှစ်ပုဒ်တွဲဖြစ်သော သံဝဏ္ဏေတဗ္ဗပုဒ်ကို (သံဝဏ္ဏေတဗ္ဗသမာသ် ပုဒ်ကို) ဖွင့်ပြလျှင် ယင်းသံဝဏ္ဏေတဗ္ဗပုဒ်ကို ဗဟုဗ္ဗီဟိသမာသ်ဝိဂ္ဂဟ ကြံရသည်။

http://www.dhammadownload.com



ကျက်။ ။ (၁)သံဝဏ္ဏောတဗ္ဗ၊ ပဒ်ဇကကို သမန္တာဂတာ၊ သမ္ပန္န-နှင့်၊ ထိုမှ တလီ၊ သမင်္ဂီထည့်၊ ပရိပုဏ္ဏာ၊ သံပုဏ္ဏက စသည်တို့နှင့်၊ ဖွင့်ပြ လေရာ၊ မှတ်ပါမယုတ်၊ ဖွင့်နည်းထုတ်၊ တဒ္ဓုတ် အဿတ္ထိ၊ ကြံနည်းသိ။ (၂)သံဝဏ္ဏောတဗ္ဗ၊ ဒွိပဒ၊ ကြံကြနည်းသိ၊ ဗဟုဗ္ဗိ(သံဝဏ္ဏနာနိယံ)]

ဏ္ဍသရိယ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မတ္တာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ် ၏အရ အစိုးရသောသူ၏ ဖြစ်ကြောင်းရာထူးကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

ဏ္ဍသရိယမတ္တာယ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မတ္တာ-သဒ္ဒါ၏ သမိဒ္ဓိ အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ နာမလိင်္ဂတ္ထသံဝဏ္ဏနာ။ သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာ။ [ဝဇိရ အဆိုကိုထောက်၍ ဖေါ်သော ဂဏ္ဌိ အလို။]

(ဂ)အမှတ်ပြဝါကျရှိ ဝါ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တစ်နည်းအားဖြင့် အနက်ဟောကို ပြသည်, တစ်နည်းအားဖြင့် အရကောက်သည်, တစ်နည်းအားဖြင့် ဝစနတ္ထပြုသည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

မဂဓရဉ္ဉော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မဂဓဟောမတ္တော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ မဂဓ-သဒ္ဒါ၏ မဂဓမင်းကို ဟောသည်၏အဖြစ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာ။ မဂဓ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏ အဖြစ်,ယင်းဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏ သမ္ဗန်အနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ သမာသ လိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) မဂဓ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "မဂဓဿရာဇာ မဂဓရာဇာ"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်း အဋ္ဌကထာ ဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ [သျှသစ်၌ "မဂဓေ ဏ္ဍသရောရာဇာ မဂဓရာဇာ"ဟု ပြုသည်။] "မဂဓရာဇာ"ဟု ဆိုလိုလျက် ရာဇ-ဟူသော နောက်ပုဒ် ကျေနေသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထ သံဝဏ္ဏနာ။ [သ-ဝိဘတ်ကြောင့် "မာဂဓရဉ္ဉော"ဟု သံဝဏ္ဏနာ၌ နေသည်။]

[သံဝဏ္ဏေတဗ္ဗ မရှိတာ ပြရာ၌ အာဘော်ကြံနည်း။ ။သံဝဏ္ဏေ တဗ္ဗ၌ မရှိသော (က-အမှတ်ပြနိယံကို-ရည်သည်။) သံဝဏ္ဏေတဗ္ဗဖြစ်သော မဂဓ ပုဒ်နှင့် ဝိဘတ်မခြားဘဲ သွင်းထားသော (ခ-အမှတ်ပြနိယံကို ရည်သည်။) ရာဇ ပုဒ်ကို လောပကြံခြင်းသည် အောက်ပါနိယံများနှင့်အညီ ကြံခြင်းဖြစ်သည်။

ကျက်။ ။ (၁)သံဝဏ္ဏနာ၊ ဖွင့်ဆိုရာ၌၊ ပါဌိရင်းမှာ၊ ရှိတာမပြ၊ အနတ္ထ၊ သေသတုလျ ကြံ။မရှိတာပြ တဒ္ဓိတ လောပ သမာသ် ကြံ။ (၂)ဝိဘတ်ခြားလျှင်း၊ ပုဒ်ကိုသွင်း။ ယင်း ပါဌသေသ။ ဝိဘတ်မခြား၊ ပုဒ်သွင်းငြား၊ ယင်းကား လောပသာ။]

(တစ်နည်း) မဂဓရဉ္ဉော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မဂဓမဟာမတ္တော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ မဂဓ-ပုဒ်၏အရ(ဌာနူပစာအားဖြင့်) မဂဓတိုင်း နေမင်းကိုယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား

http://www.dhammadownload.com



အဘိဓေယျတ္ထ သံဝဏ္ဏနာ။

[၂-နည်း ကြံရာ၌ ထောက်ဖွယ်။ ။ ယင်းသို့ နှစ်နည်းကြံသည်မှာ ဝဇ္ဇိရဋ္ဌဿ ဝါ ရာဇာနော ဝဇ္ဇီ။ ရဋ္ဌဿ ဝါ ပန တံ သမညာ တံ နိဝါသိရာဇကုမာရ ဝသေန ဝေဒိတဗ္ဗာ။ (ဓာန်၊ ဋီ။ ၁၈၄။)-ကို ထောက်၍ ကြံခြင်းဖြစ်သည်။

အဂါရဿ ဟိတန္တိ အဂါရဝါသော အဂါရံ ဥတ္တရပဒလောပေန-ဟူသော (သာရတ္ထ၊ ၂၊ ၃။) ကိုလည်း ဥတ္တရပဒလောပကြံရာ၍ ထောက်သည်။ ဂါမဓမ္မန္တိ ဂါမာနံ ဓမ္မံ၊ ဂါမဝါသိကမနုဿာနံ ဓမ္မန္တိ ဝုတ္တံ ဟောတိ။ (ဋ္ဌ၊ ၁၊ ၁၈၆။) ဂါမဓမ္မောတိ ဂါမဝါသီနံ သေဝနဓမ္မော (ဋ္ဌ၊ ၁၊ ၁၂၂။)တို့၌ "ဌာနဖြစ်သော ဂါမ-ဖြင့် ဌာနီဖြစ်သော ဂါမဝါသီတို့ကို ယူသည်"ဟု ပြခြင်းငှါ ဂါမဝါသိကမနုဿာနံ (ဂါမဝါသီနံ-)ကို မိန့်"ဟု တက်သော ဂဏ္ဌိသစ် (၂၊ ၄၄၄) အလားတူတက်သော သျှသစ် (၃၊ ၇၅)တို့ကိုလည်း နောက်နည်း ကြံရာ၌ မှီးသည်။

"အမှားပါ"ဟု ဖျက်ဆီး မပစ်အပ်။ အတ္တနောမတိယာ သဗ္ဗဝါဒါနံ ဒုဗ္ဗလတ္တာ ဝိစာရေတ္ဗာ ဂဟေတဗ္ဗာ။

အတ္တနောမတိ ကိဉ္စာပိ၊ ကထိတာ သဗ္ဗဒုဗ္ဗလာ။
တထာပိ နယမာဒါယ၊ ကထိတတ္တာ အဏောပိယာ။]

မဂ္ဂရေညော မဟာမဏ္ဍော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မဂ္ဂဓမဟာမဏ္ဍော ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏ အဖြစ်၊ ယင်းဆဋ္ဌီ တပ္ပုရိသ် သမာသ်ပုဒ်၏ သမ္ဗန်အနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) မဂ္ဂဓမဟာမဏ္ဍော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "မဂ္ဂဿမဟာမဏ္ဍော မဂ္ဂဓမဟာမဏ္ဍော"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

---

၇။ ။ ပါဌ် အဆုံးအဖြတ်

မဟာမဏ္ဍော-၌ မဏ္ဍာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာ ဖြစ်သောကြောင့် ဣဿရိယမဏ္ဍာယ-ဟူသော ပဉ္စမကွာရာနှင့် ရှိသောပါဌ်သာ သင့်ပါသည်။

[ထောက်ဖွယ်။ ။ ကုလဘောဂဣဿရိယာဒီဟိ မဟာတိ မဏ္ဍာ ပမာဏံ တေဿာတိ မဟာမဏ္ဍော။ တေနာဟ "မဟတိယာ ဣဿရိယ မဏ္ဍာယ သမန္နာဂတော" တိ။ (သာရတ္ထ၊ ၂၊ ၁၂၂။) ဣဿရိယမဏ္ဍာယာတိ သမိဒ္ဓိယံ မဏ္ဍာ သဒ္ဒေါတိ ဉပေတိ။ (ဝဇိရ၊ ၁၂၃။) ဣဿရိယမဏ္ဍာယာတိ ပမာဏဘူတဣဿရိယေန။ (ယောဇနာ၊ ၁၅၃။)တို့ကို ထောက်။

"ဣဿရိယပတ္တာယ"ဟု အချို့ပါဌ် ရှိ၏။ နိဿယ၌လည်း ၎င်းပါဌ်ကို "အစိုးရသည်၏အဖြစ်သို့ ရောက်သော"ဟု အနက်ပေး၏။ ဣဿရိယ မဏ္ဍာယာတိ သမိဒ္ဓိယံ မဏ္ဍာသဒ္ဒေါ-ကို ထောက်။ (ဂဏ္ဌိ၊ ၄၈၁။) ဤဂဏ္ဌိကို ကြည့်မေးသည့် အမေး ဖြစ်သည်။]

---

http://www.dhammadownload.com



၈။ ။ နည်း, ဥပစာ

မဂ္ဂ–ဟူသောနည်းသည် မဂ္ဂတိုင်းတည်းဟူသော မကင်းရာကို ဆိုသဖြင့် မဂ္ဂတိုင်းနေ မင်းတည်းဟူသော မကင်းတတ်သည်ကို ရသောကြောင့် နာနန္တရိကနည်း မည်၏။

မဂ္ဂ–သဒ္ဒါသည် ဌာနဖြစ်သော မဂ္ဂတိုင်း၏ မဂ္ဂ–ဟူသော အမည်ကို ဌာနီ ဖြစ်သော မဂ္ဂတိုင်းနေမင်း၌ပြ၍ တင်စား၍ ဌာနီဖြစ်သော မဂ္ဂတိုင်းနေမင်းကို "မဂ္ဂ"ဟု ခေါ်ဝေါ်ခြင်းကြောင့် ဌာနူပစာမည်၏။

---

၉။ ။ [ဋ္ဌ၊ ၁၊ ၂၅၄။]

---

၁၀။ ။ ဒေသနာဟာရနေတ္တိနည်း

မဂ္ဂ–၏အရ ဥပစာရတ္ထဖြစ်သော မဂ္ဂတိုင်းနေမင်း၏ လောကီခန္ဓာ ငါးပါးသည် ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခံ အရိယသစ္စံ–ဟူသော ပါဠ်နှင့်အညီ ဒုက္ခသစ္စာမည်၏။ တဿ မူလကာရဏဘာဝေန ပုရိမနိပ္ဖန္နာ တဏှာ သမုဒယသစ္စံ–ဟူသော ပါဠ်နှင့် အညီ ထိုခန္ဓာငါးပါး၏ အကြောင်းရင်း၏အဖြစ်ဖြင့် ရှေးဘဝ၌ ဖြစ်ပြီးသော တဏှာသည် သမုဒယသစ္စာ မည်၏။ ဥဘိန္နမပ္ပဝတ္တိ နိရောဓသစ္စံ–ဟူသော ပါဠ်နှင့်အညီ ဒုက္ခ သမုဒယ ၂–ပါးတို့၏ မဖြစ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ နိရောဓ ပဇာနနပဋိပဒါ မဂ္ဂသစ္စံ–ဟူသော ပါဠ်နှင့်အညီ နိဗ္ဗာန်ကို သိကြောင်းဖြစ်သော အကျင့် သည် မဂ္ဂသစ္စာမည်၏။ ဤသို့ သစ္စာ ၄–ပါးကို ဟောသတည်း။ ထို ၄–ပါးတို့တွင် သမုဒယသည် အဿာဒမည်၏။ ဒုက္ခသည် အာဒီနဝမည်၏။ နိရောဓ, မဂ္ဂ, ၂ ပါးသည် နိဿရဏမည်၏။ ဣဒါနိ ဖလပဉ္စကသည် ဖလမည်၏။ ဝါ၊ သုဏန္တ ပုဂ္ဂိုလ်၏ သုတမယဉာဏ် အတ္ထဝေဒ ဓမ္မဝေဒစသော ပစ္စုပ္ပန်အကျိုး, ဘဝသမ္ပတ္တိ စသော သံသရာအကျိုးသည် ဖလမည်၏။ အတီတေ ဟေတဝေါ ပဉ္စ, ဣဒါနိ ဟေတု ပဉ္စကသည် ဥပါယမည်၏။ ဝါ၊ ဆိုအပ်ခဲ့ပြီးသော ဖလကို ရခြင်း၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရ, သဒ္ဓမ္မဿဝန, စတုစက္က သမ္ပတ္တိ–စသော အကြောင်း သည် ဥပါယမည်၏။ "ခန္ဓာဟူသော လောကသည် အနိစ္စသည်ဖြင့် မပြတ် နှိပ်စက်၏။ ထို့ကြောင့် ခန္ဓာဟူသောလောက၌ ငြီးငွေ့သဖြင့် ဒါနမယစသည်ကို ပြုကြလေကုန်သော်"ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိမည်၏။ ဤသို့လျှင် မဂ္ဂ–ဟူသော ဒေသနာတော်သည် သစ္စာ ၄–ပါးကို ဟော၏။ ထိုသစ္စာ ၄–ပါးကို ဟောသော ဒေသနာတော်၌ အဿာဒစသည်ကို ဖွင့်ပြခြင်းသည် ဒေသနာဟာရမည်၏–ဟူလိုသော်။ [ဒေသနာဟာရ ထုတ်နည်း ၂–မျိုးရှိကြောင်းကို ပထမအုပ် ၁၃၂၄–ခုနှစ် ပါရာဇိကဏ်အဖြေ၌ ဖော်ပြခဲ့ပြီ။]

---

http://www.dhammadownload.com



## ၁၉၈၆ (၁၃၄၇) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁။ ။ အတ္ထိ ဘန္တေ ဒေဝဂဟာဒါရူနိ နဂရပဋိသင်္ခါရိကာနိ အာပဒတ္ထာယ, နိက္ခိတ္တာနိ၊ သစေ တာနိ ဒါရူနိ ရာဇာ ဒါပေတိ ဟရာပေထ ဘန္တေတိ။ ဒိန္နာနိ အာဝုသော ရညာတိ–ဟူသော ပါဠိတို့ကို ရာဇာ–၌ အဘိဓေယျတ္ထ ပေါ်လွင်စေ၍ ဟရာပေထ–၏ ကတ္တား, ဒိန္နာနိ–၏ကံပုဒ် ထည့်စွက်လျက် အနက်ယောဇနာခဲ့ပါ။

၂။ ။ ဝရံ တုမှေဟိ မောဃပုရိသာ တိက္ခေန ဂေါဝိကန္တနေန ကုစ္ဆိံ ပရိကန္တော၊ န တွေဝ ဥဒရဿ ကာရဏာ ဂိဟီနံ အညမညဿ ဥတ္တရိ=မနုဿဓမ္မဿ ဝဏ္ဏော ဘာသိတော–ဟူသော ပါဠိတော်ကို ဥတ္တရိမနုဿ ဓမ္မဿ–၌ ဥတ္တရိ–သဒ္ဒါ–ကို သေဋ္ဌအနက် ကြံ၍ အနက်ယောဇနာပြခဲ့ပါ။

၃။ ။န တံ ယာစေ ယဿ ပိယံ ဇိဂီသေ၊ ဝိဒေဿော ဟောတိ အတိယာစနာယ။
နာဂေါ မဏိံ ယာစိတော ဗြာဟ္မဏေန၊ အဒဿနညေဝ တဒဇ္ဈဂမာ
ဟူသော ဂါထာကို ယဿ–၌ "ယံ အဿ"ဟု ပုဒ်ဖြတ်ပြီး အစွဲမှန်ကန်စေလျက် အနက်ယောဇနာပြပါ။

၄။ ။အထခေါ အာယသ္မာ ပိလိန္ဒဝစ္ဆော အညတရံ တိဏဏ္ဍုပကံ ဂဟေတွာ တံ အာရာမိကိနိ ဧတဒဝေါစ "ဟန္ဒိမံ တိဏဏ္ဍုပကံ တဿာ ဒါရိကာယ သီသေ ပဋိမုဉ္စာ"တိ–ဟူသော ပါဠိတို့ကို အနက်အားဖြင့် အာကာရ ဗဟိကရဏနည်း အရ အနက်ယောဇနာပြပါ။

၅။ ။ သာရေ ပတိဋ္ဌိတောတိ သာရော ဝုစ္စတိ သီလသမာဓိပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနဂုဏော၊ တသ္မိံ သာရေ ပတိဋ္ဌိတတ္တာ သာရေပတိဋ္ဌိတောတို့ကို ရှေ့ဝါကျ၌ နိယမာနိယမနည်းဖြင့်လည်းကောင်း, နောက်ဝါကျ၌ တ္တပစ္စည်း၏သမ္ဗန် ထည့်စွက်၍လည်းကောင်း အနက်ယောဇနာပြပါ။

၆။ ။ ဘိက္ခုနိ သမ္ဗဟုလာ ဒေသနာဒိသု တေ လိစ္ဆဝိကုမာရကာ ခိဍ္ဍာပသုတာ အတ္တနော အနာစာရေန ဓံ အကံသု၊ တတော ပဋ္ဌာယစ လိစ္ဆဝီနံ ဝိနာသော ဓဝ ဥဒပါဒိ–တို့ကို ဟေတုဖလဝါကျအဖြစ် ကြံ၍ အနက်ယောဇနာပြပါ။

၇။ ။ နခစ္ဆေဒနံ ဝလိတကံယေဝ ကရောန္တိ၊ တသ္မာ တံဝဋ္ဋတိ၊ ဥတ္တရာရဏိံ ဝါ အရဏိဓနုကံ ဝါ ဥပရိပေလ္လနဒဏ္ဍကံ ဝါ မာလာကမ္မာဒိကံ ယံကိဉ္စိ ဝဏ္ဏမဋ္ဌံ နဝဋ္ဋတိ–တို့ကို ပါဌာနုသာရီနည်းဖြင့် အနက် ယောဇနာပြပါ။

၈။ ။ ကပ္ပိယေပိစ ဝတ္ထုသ္မိံ၊ စိတ္တဿ လဟုဝတ္တိနော။
ဝသေန သာမညဂုဏာ၊ စဝန္တီဓ ပုထုဇ္ဇနာ။ ဟူသော ဂါထာကို ဆိုလိုရင်း အဓိပ္ပာယ်ပေါ်အောင် အနက်ယောဇနာပြပါ။

http://www.dhammadownload.com



၉။ ။ အပိစ ခေါ ခတ္တိယမဟာသိယာ စက္ကဝတ္တိဂဗ္ဘောဝိယ ကာာသကေန သာလိယဝဂဗ္ဘော ဝိယစ အပ္ပမတ္တကေန ရက္ခိတဗ္ဗံ၊ ရက္ခိတံ ဟိဿ ဖလဒံ ဟောတိ-တို့ကို ရက္ခိတဗ္ဗံ-၏ ကံပုဒ် ထည့်စွက်၍ ဟိ-နိပါတ်အနက် ပေါ်လွင်စေလျက် အနက်ယောဇနာပြပါ။

၁၀။ ။ ဧကော တဿ ဥဒရံ အဘိရုဟိတွာ နိသီဒိ၊ သေသာပိ ပန္နရသ ဇနာ ပထဝိယံ အဇ္ဈောတ္ထရိတွာ အဒ္ဒုဟာလပါသာဏာဝိယ မိဂံ မာရေသုံတို့ကို ဥပမာန အဇ္ဈောကရဏနည်းဖြင့် အနက်ယောဇနာပြပါ။

---

၁၉၈၆ (၁၃၄၇) ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ ["ရာဇာ၊ မိမ္မိသာရမင်းသည်"ဟု အဘိဓေယျတ္ထပေါ်အောင် ယောဇနာ။ ဟာရာပေထ-၏ ကတ္တားကို "တုမှေ၊ အရှင်ဘုရားတို့သည်"ဟု ထည့်။ ဒိန္နာနိ-၏ကံကို "တာနိ ဒါရူနိ။ ထိုသစ်တော်တို့ကို"ဟု ထည့် ယောဇနာ။ ပါ၊ ၅၂။ ပါသျှ၊ ၁၀၂။ ၁၃၂၈-ခုနှစ်ကလည်းမေးခဲ့ပြီ။]

---

၂။ ။ ဥတ္တရိ-ကို သေဋ္ဌအနက် ကြံ၍ အနက်
["ဥတ္တရိမနုဿဓမ္မဿ၊ မြတ်ကုန်သော ဈာယီအရိယာလူတို့၏ ဈာန်မဂ်ဖိုလ်တရား၏"ဟု ယောဇနာ။
ဥတ္တရိမနုဿာနံ ဝါ သေဋ္ဌပုရိသာနံ ဈာယိနဉ္စ အရိယာနဉ္စ ဓမ္မဿ။ (ဋ္ဌ၊ ၂၊ ၇၃။)-ကို ထောက်။ ပါ၊ ၁၁၄။ ပါသျှ၊ ၁၉၃။]

---

၃။ ။[န တံ ယာစေတိ တံ န ယာစေယျ။ ကတရံ၊ ယဿ ပိယံ ဓိဂိသေတိ ယံ အဿ သတ္တဿ ပိယဣ္ဆိ ဓာနေယျ။(ဋ္ဌ၊ ၂၊ ၁၅၂။)ကို ထောက်၍ ယံ-ဝတ္ထုံ၊ အကြင်ပစ္စည်းဝတ္ထုကို။ အဿ-သတ္တဿ၊ ထိုဥစ္စာရှင်ဖြစ်သော သတ္တဝါသည်။ ပိယံ၊ "ချစ်အပ်၏"ဟူ၍။ ဓိဂိသေ ဓာနေယျ၊ သိရာ၏။ တံ၊ ထိုပစ္စည်းဝတ္ထုကို။ န ယာစေ၊ မတောင်းရာ။ ။ ကြွင်းသျှအတိုင်း ယောဇနာ။ ။ပါ၊ ၂၂၂။ ပါသျှ၊ ၂၇၀]

---

၄။ ။ အာကာရ ဗဟိကရဏနည်းအရ အနက်
အထခေါ၊ ထိုအခါ၌။ အယသ္မာ ပိလိန္ဒဝစ္ဆော၊ အရှင်ပိလိန္ဒဝစ္ဆသည်။ အညတရံ၊ အမှတ်မရှိသော။ တိဏဏ္ဍုပကံ၊ မြက်ကရွက်ခွေကို။ ဂဟေတွာ၊ ယူ၍။ တံ ဒါရိကံ၊ ထိုအရာမိကီနီ၊ ထိုအရာမ်စောင့်မကို။ စတံဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။ (ကိံ၊ အဘယ်သို့။ အဝေါစ၊ မိန့်တော်မူပြီးသနည်း။) ဟန္ဒ၊ ယခု။ ဣမံ တိဏဏ္ဍုပကံ၊ ကို။ တဿာ ဒါရိကာယ၊ ထိုသတို့သမီး၏။ သီသေ၊ ဦးခေါင်း၌။ ပဋိမုဉ္စ၊ စွပ်လော့၊ ဣတိ၊ ဤသို့။ (အဝေါစ၊ မိန့်တော်မူပြီးသတည်း။)[ပါ၊ ၃၆၁။ ပါသျှ၊ ၃၉၃။]

---

http://www.dhammadownload.com



၅။ ။ နိယမာ, နိယမနည်းဖြင့်အနက်

သာရေ ပတိဋ္ဌိတောတိ၊ "သာရေ ပတိဋ္ဌိတော" ဟူသည်ကား။ (ယေ သီလ, သမာဓိ,ပညာ,ဝိမုတ္တိ,ဝိမုတ္တိဉာဏဒဿနဂုဏာ၊ အကြင် သီလဂုဏ်,သမာဓိဂုဏ်, ပညာဂုဏ်,ဝိမုတ္တိဂုဏ်,ဝိမုတ္တိဉာဏဒဿနဂုဏ်တို့သည်။ အတ္ထိ၊ ရှိကုန်၏။) တေ သီလ,သမာဓိ,ပညာ,ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနဂုဏာ၊ တို့ကို။သာရော၊ "သာရ" ဟူ၍။ ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။ တသ္မိံသာရေ၊ ထိုသီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်,ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်" ဟုဆိုအပ်သော သာသနပြဟ္မစရိယ၏. အနှစ်၌။ (ဘိက္ခုသံဃဿ၊ ရဟန်းတို့၏ အပေါင်း၏။ဝါ၊ ရဟန်းတို့၏ အပေါင်းသည်။) ပတိဋ္ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။သာရေ၊ ၌။ ပတိဋ္ဌိတော၊တည်၏။[ဋ္ဌ၊ ၁၊ ၁၆၂။ ဋ္ဌသျ၊ ၂၊ ၈၅။ ဋ္ဌသျသစ်၊ ၂၊ ၅၇၅။]

[ အတ္ထိ ၃-မျိုး။ ။ ထည့်ပေးသော အတ္ထိ-ကား နိပါတ်အတ္ထိတည်း။ ချဲ့ဦးအံ့-အတ္ထိ-သည် အာချာတ်အတ္ထိ, နိပါတ်အတ္ထိ, နာမ်အတ္ထိအားဖြင့် ၃-မျိုးရှိသည်။ အတ္ထိ နာမ တာတာတိ ဧတ္ထ အတ္ထီတိ ဝိဇ္ဇမာနတ္ထေ။ နာမာတိ ပုစ္ဆနတ္ထေ မညနတ္ထေစ နိပါတော။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၇၅) "ပုတ္တာမတ္ထိဓနာမတ္ထီ"တိ ဧတ္ထ ပန အတ္ထိ၊ သဒ္ဒေါ နိပါတော။ တေနေသ ဧကဝစနဗဟုဝစနကော ဟောတိ။ (နီတိသုတ္တ။ ၉၈၉)စသည်၌ အတ္ထိ-ကား နိပါတ်အတ္ထိတည်း။

အတ္ထိယာ နဝ။ (နီတိ၊ သုတ္တ၊ ၅၃၆ ) စသည်၌ကား နာမ်အတ္ထိ-တည်း။ ဤနာမ်အတ္ထိ-ကား "အတ္ထိယာ၊ အတ္ထိပစ္စည်း၌" ဟုပေးရသော အနုကရဏသဒ္ဒါ (နိပါတ်အတ္ထိကို အတုရှုတ်ဆိုအပ်သောသဒ္ဒါ)တည်း။ "အနုကရဏသဒ္ဒါ"ဟူသည် ရှင်နာမ်ပုဒ်တည်း။

ဝိဇ္ဇမာနအနက်ဟော အတ္ထိ-ကား အာချာတ်အတ္ထိ, နိပါတ်အတ္ထိအားဖြင့် ၂-မျိုး ရှိသည်။ အာချာတ်အတ္ထိ-ကား ဧကဝုစ်သာ။ နိပါတ်အတ္ထိ-ကား ဧကဝုစ်, ဗဟုဝုစ် (သန္တိ-နှင့်အနက်တူ)၂-မျိုး ရှိသည်။ ထို့ကြောင့် ဧကဝုစ်အတ္ထိ-၌ အာချာတ်ပုဒ်, နိပါတ်ပုဒ်၂-မျိုးသင့်သည်။ ဗဟုဝုစ်အတ္ထိ-၌ နိပါတ်သာ။ ဤသို့ ခွဲမှတ်။]

---

၆။ ။ ဟောတု, ဖလဝါကျကြဲ၍အနက်

ဘိက္ခုနိသမ္ဘဝယောဇနာဒိသု၊ ဘိက္ခုနိသမ္ဘဝယောဇန-အစရှိကုန်သော။ (ဝတ္ထုသု၊ ဝတ္ထုတို့၌။ ယသ္မာ၊ အကြင်ကြောင့်။) တေ လိစ္ဆဝိကုမာရော၊ ထိုလိစ္ဆဝိမင်းသားတို့သည်။ ခိဍ္ဍာပသုတာ၊ မြူးတူးခြင်း၌ လေ့ကျက်ကုန်သည်။ (ဟုတွာ၊ ဖြစ်ကုန်၍။) အတ္တနော၊ မိမိ၏။ အနာစာရေန၊ မလျော်ကပ်သောကျင့်ခြင်းဖြင့်။ ဧဝံ၊ ဤသို့။အကံသု၊ ပြုကြကုန်ပြီ။ (တသ္မာ၊ ထိုသို့ပြုကြကုန်ခြင်းကြောင့်။) တတော၊ ထိုသို့ ပြုကြကုန်ပြီးရာ ဖြစ်သောအခါမှ။ ပဋ္ဌာယ စ၊ စ၍လည်း။ လိစ္ဆဝီနံ၊ လိစ္ဆဝိမင်းသား တို့အား။ ဝိနာသော ဧဝ၊ ပျက်စီးခြင်းသည်သာလျှင်။ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။[ ဋ္ဌ၊ ၁၊ ၂၄၆။ ဋ္ဌသျ၊ ၂၊ ၃၃၇။ ဋ္ဌသျသစ်၊ ၃၊ ၂၇၉။]

---

http://www.dhammadownload.com



၇။ ။[ ဋ္ဌ၊ ၁၊ ၂၅၃။ ဋ္ဌသျှ၊ ၂၊ ၃၆၁။ ဋ္ဌသျှသစ်၊ ၃၊ ၃၀၆။]

၈။ ။ ဆိုလိုရင်းအဓိပ္ပာယ် ပေါ်လွင်အောင်အနက်

စ၊ ဆက်၍ ဆိုဦးအံ့။ ဣစ-ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ ပုထုဇ္ဇနာ၊ ပုထုဇဉ်ဖြစ်ကုန်သော၊ (ဘိက္ခူ၊ ရဟန်းတို့သည် ကပ္ပိယေ၊ မပြောမဆိုဘဲ ယူခြင်းငှာအပ်သော။ ဝတ္ထုသ္မိံပိ၊ အမိအဘတို့၏ ဥစ္စာ၌သော်လည်း။ လဟုဝတ္တိနော၊ နိုးလိုသော စိတ်ဖြစ်ခြင်းဖြင့်လျှင်သော ဖြစ်ခြင်းရှိသော။ စိတ္တဿ၊ စိတ်၏။ ဝသေန၊ အလိုဖြင့်။ သမဏဂုဏာ၊ ရဟန်းတို့၏ဖြစ်ကြောင်း ဖြစ်ရာသီလတည်းဟူသော ဂုဏ်မှ။ စဝန္တိ၊ ရွေ့လျောကုန်၏။ ။[ ဋ္ဌ၊ ၁၊ ၃၄၆။ ဋ္ဌသျှ၊ ၂၊ ၆၃၀။ ဋ္ဌသျှသစ်၊ ၃၊ ၅၆၂။]

၉။ ။[ "တံနိမိတ္တံ၊ ထိုပရိဘာဂနိမိတ်ကို "ဟု ရက္ခိတဇွဲ၏ ကံပုဒ်ထည့်။ ဟိ-ကို သျှသစ်က "ဟိ-ယသ္မာ" ဟု, သျှက "ဟိ-သစ္စံ "ဟု ယောဇနာသည်။ ဋ္ဌ၊ ၂၊ ၃၀။ ဋ္ဌသျှ၊ ၃၊ ၂၂၀။ ဋ္ဌသျှသစ်၊ ၄၊ ၈၈။]

၁၀။ ။ ဥပမာန အဇ္ဈောကရဏနည်းဖြင့် အနက်

ဇဏော၊ တစ်ပါးသော။ (ဇနော၊ သတ္တရသဝဂ္ဂိ ရဟန်းသည်လည်း။) တဿ ဘိက္ခုနော၊ ထိုဆဗ္ဗဂ္ဂိရဟန်း၏။ ဥဒရံ၊ ဝမ်းသို့။ ဝါ၊ ဝမ်းကို။ အဘိရုဟိတွာ၊ တက်၍။ ဝါ၊ စီး၍။ နိသီဒိ၊ ထိုင်ပြီ။ အဒ္ဒုဟာလပါသာဏာ ၊ ဖိဒ္ဓိတင်အပ်ကုန်သော ကျောက်တို့ သည်။ မိဂံ၊ သားကို။ (မာရေန္တိ) ဝိယ၊ သတ်ကုန်သကဲ့သို့။ ဝါ၊ သေစေကုန်သကဲ့သို့။ (တထာ၊ ထိုအတူ။) သေဿ၊ တစ်ယောက်သော သတ္တရသဝဂ္ဂိ ရဟန်းမှ ကြွင်းကုန် သော။ ပန္နရသ၊ တစ်ကျိပ်ငါးယောက်ကုန်သော။ ဇာနာပိ၊ သတ္တရသဝဂ္ဂိ ရဟန်းတို့ သည်လည်း။ ပထဝိယံ၊ မြေ၌။ အဇ္ဈောတ္ထရိတွာ၊ ဖိကြကုန်၍။ မာရေသုံ၊ သတ်ကြကုန်ပြီ။ ဝါ၊ သေစေကြကုန်ပြီ။ [ "ဥပမာန အဇ္ဈောကရဏနည်း"ဟူသည် ဥပမာနအပြင်နေသော ဤနေရာမျိုး၌ ဝါကျအပြန်အလှန် နည်းပင်တည်း။ ။ ဋ္ဌ၊ ၂၊ ၆၉။ ဋ္ဌသျှ၊ ၃၊ ၃၃၈။ ဋ္ဌသျှသစ်၊ ၄၊ ၂၀၃။]

## ၁၉၈၆ (၁၃၄၇) ခုနှစ်ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ,အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ဝိပဿနာပါဒကံ အဋ္ဌသမာပတ္တိစိတ္တံ ပန "အဓိစိတ္တံ" န္တိဝုစ္စတိ။

(ခ) တဉ္စ အဓိသီလံ ဝိယ သီလာနံ သဗ္ဗလောကိယ စိတ္တာနံ အဓိကတ္တေ ဥတ္တမဥ္စ။

(ဂ) ဗုဒ္ဓုပ္ပါဒေယေဝစ ဟောတိ န ဝိနာ ဗုဒ္ဓုပ္ပါဒါ။

(ဃ) တတောပိစ မဂ္ဂဖလစိတ္တမေဝ အဓိစိတ္တံ။

http://www.dhammadownload.com



၁။ ။(က)အမှတ်ပြဝါကျကို အာကာရ အပြင်ထုတ်၍လည်းကောင်း (ခ)အမှတ်ပြဝါကျကို အဓိသီလ်-ပုဒ်, သီလာနံ-ပုဒ်တို့၏ အဘိဓေယျတ္ထထင်ရှားစေ၍လည်းကောင်း အနက်ယောဇနာပါ။

၂။ ။ (ဃ)အမှတ်ပြဝါကျကို ပုဗ္ဗာနုသန္ဓေအင်္ဂါ(၄)ပါး ပရာနုသန္ဓေအင်္ဂါ (၇)ပါးအားဖြင့် အနုသန္ဓေတက်ပါ။

၃။ ။ (ခ)(ဂ)(ဃ)အမှတ်ပြဝါကျတို့ကို အကြောင်းနှင့်တကွ ဝါကျအမည်ပေးပြီး (ခ)အမှတ်ပြဝါကျပါ တံ-ပုဒ်ကို တုလျတ်, လိင်္ဂတ်အားဖြင့် စာစပ်ပါ။

၄။ ။(ဃ)အမှတ်ပြဝါကျပါ မဂ္ဂဖလစိတ္တံ-ကို မဂ္ဂစိတ္တ-ပုဒ်ဖလ စိတ္တပုဒ်အားဖြင့် အစိတ်စိတ်ခွဲ၍ ဝစနတ္ထပြပြီး အပေါင်းဝစနတ္ထပြကာ အပေါင်းဝစနတ္ထကိုသာ ဉာသ်ကောက်ပါ။

၅။ ။ ဝိပဿနာ – ပါဒက, သမာပတ္တိ , အဓိက , ဖလတို့၌ အသီးသီး ဓာတု, ပစ္စယ ခွဲပြပါ။

၆။ ။ (က)အမှတ်ပြဝါကျကို အဋ္ဌကထာဘောဂ ဖော်လျက် (ဂ)(ဃ) အမှတ်ပြဝါကျတို့ကို အကြောင်းပြနှင့်တကွ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ။ (ဂ)အမှတ်ပြဝါကျ၌ "န ဝိနာ ဗုဒ္ဓုပ္ပါဒါ " ဟူ၍လည်းကောင်း, "န ဝိနာ ဗုဒ္ဓုပ္ပါဒေန "ဟူ၍လည်းကောင်း (၂) မျိုးရှိခဲ့သော် သင့်ရာကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ဖြေဆိုပါ။

၈။ ။ (က)အမှတ်ပြဝါကျ၌ ဖြစ်သင့်သောနည်း (ဃ)အမှတ်ပြဝါကျပါ မဂ္ဂဖလစိတ္တံ-၌ ဖြစ်သင့်သော ဥပစာကို အကြောင်းနှင့်တကွဖြေဆိုပါ။

၉။ ။ ဖော်ပြပါ မြန်မာစကားရပ်တို့ကို စုဏ္ဏိယပါဠိ စီပါ။

မြတ်စွာဘုရား မဖြစ်သည်ရှိသော် ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း, ကံသာလျှင်ဟူ၍ အယူရှိကုန်, တရားစောင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည်လည်းကောင်း, စကြာဝတေးမင်းကြီးတို့သည်လည်းကောင်း, ဘုရားအလောင်းတော်ကြီးတို့သည်လည်းကောင်း ဆောက်တည်စေကြကုန်၏။

၁၀။ ။ (ဃ)အမှတ်ပြဝါကျပါ တတော-၌ တ-သဗ္ဗနာမ်ပုဒ်၏အရကို ဒေသနာဟာရနေတ္တိနည်း ရေးဖြေပါ။

http://www.dhammadownload.com



## ၁၉၈၆ (၁၃၄၇) ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ပါဠိအားဖြင့် အာကာရအပြင်ထုတ်၍အနက်

ပန၊ စိတ္တမှတစ်ပါး အဓိစိတ္တကို ဆိုဦးအံ့။ ဝိပဿနာပါဒကံ၊ ဝိပဿနာ၏ အခြေဖြစ်သော။ အဋ္ဌသမာပတ္တိစိတ္တံ၊ ရှစ်ပါးသောသမာပတ်စိတ်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ (ကိံ၊ အဘယ်သို့။ ဝုစ္စတိ၊ ဆိုအပ်သနည်း။) အဓိစိတ္တန္တိ၊ အဓိစိတ္တ"ဟူ၍။ (ဝုစ္စတိ၊ ဆိုအပ်သတည်း။) အဓိစိတ္တံ၊ လွန်မြတ်သောစိတ်။

ဟိ သစ္စံ၊ မှန်၏။ တံ အဋ္ဌသမာပတ္တိစိတ္တံ၊ ထိုရှစ်ပါးသောသမာပတ်စိတ် သည်။ အဓိသီလံ၊ ပါတိမောက္ခသံဝရသီလ"ဟုဆိုအပ်သော အဓိသီလသည်။ သီလာနံ၊ အလုံးစုံကုန်သော လောကီဖြစ်ကုန်သော သီလတို့ထက်။ (အဓိကံ ဝိယ စေဝ၊ လွန်သကဲ့သို့လည်းကောင်း။ ဥတ္တမံဝိယစ၊ မြတ်သကဲ့သို့လည်းကောင်း။ သဗ္ဗလောကိယ စိတ္တာနံ၊ အလုံးစုံကုန်သော လောကီဖြစ်ကုန်သော စိတ်တို့ထက်၊ အဓိကဉ္စေဝ၊ လွန်လည်းလွန်၏။ ဥတ္တမဉ္စ၊ မြတ်လည်းမြတ်၏။ ။[ဋ္ဌ၊ ၁၊ ၂၀၉။ ဋ္ဌသျှ၊ ၂၊ ၂၃၆။ ဋ္ဌသျှသစ်၊ ၃၊ ၁၆၁။]

---

၂။ ။ (ဃ)အမှတ်ပြဝါကျ အနုသန္ဓေတက်

ဤသို့ (နိဒ္ဒေသန) (က)(ခ)(ဂ)အမှတ်ပြဝါကျတို့ဖြင့် (ကရိဏ်း) ပရိယာယ အားဖြင့် အဓိစိတ္တကို (ကံ) ပြပြီး၍ (ကြိယာဝိမသေသန) (ပုဗ္ဗာနုသန္ဓေ ယခုအခါ၌ (အာဓာရ) နိပ္ပရိယာယဖြစ်သော အဓိစိတ္တကို (ကံ) ပြခြင်းငှာ (သမ္ပဒါန်) ပြတော်မူ လိုသော (နာမဝိသေသန) အဋ္ဌကထာဆရာသည် (ကတ္တား) (ဃ)အမှတ်ပြဝါကျကို (ကံ) မိန့် (ကြိယာ) (ပရာနုသန္ဓေ)။

[ထောက်ဖွယ် ။ ။ လောကိယစိတ္တဿ အဓိစိတ္တတာ ပရိယာယေ နာတိ နိပ္ပရိယာယမေဝ တံ ဒဿေတုံ " တတောပိ စ မဂ္ဂဖလစိတ္တမေဝ အဓိစိတ္တ"န္တိ အာဟ။ (သာရတ္ထ၊ ၂၊ ၆၁။)

ပရာနုသန္ဓေ အင်္ဂါ ၆ ပါး , ၇ပါး ကွဲရပုံ။ ။ သီလက္ခန် မေးခွန်း ထုတ် စည်းမျဉ်းအဖြေ၌ ပရာနုသန္ဓေ၏အင်္ဂါကို အာဓာရ , ကံ , သမ္ပဒါန် , နာမဝိ သေသန , ကတ္တား, ကံ, ကြိယာ–အားဖြင့် (၇) ပါးဆိုသည်။ ကျွန်ုပ်တို့ကား ဧဝံ ("ဟိ သတိတိ သရဏာ"န္တိ အာဒိပါဠိဝဏ္ဏနံ) သရဏတ္တံ ဒဿေတွာ ဣဒါနိ သရဏ ဂမနတ္တံ ဒဿေန္တော (အဋ္ဌကထာစရိယော) "တပ္ပသာဒါ"တိ အာဒိ မာဟ။ (သီ၊ ဋီ၊ သစ်၊ ၂၊ ၁၇၇။)စသည်ကိုထောက်၍ သမ္ပဒါန်မထည့်ဘဲ ၆–ပါးယူသည်။

ယင်းသို့ ၆–ပါး, ၇–ပါး ကွဲပြားရခြင်းအကြောင်းမှာ ဒဿေန္တော–နှင့် ဒဿေတုကာမော– ကွဲပြားမှုကြောင့်ဖြစ်၏။ ဒဿေန္တော– ဖြင့်တက်ရာ၌ သမ္ပဒါန် မပါ၊ ဒဿေတုကာမော–ဖြင့် တက်ရာ၌ သမ္ပဒါန်ပါသည်။ သမ္ပဒါန် မပါမှု, ပါမှုသည် ထူးခြားကွဲပြားမှုတည်း။ အဋ္ဌကထာ, ဋီကာတို့၌ ၂–မျိုးလုံးပင် အသုံးပြုသည်ကို တွေ့ရသည်။ သို့သော် ဒဿေန္တော–ဖြင့် (ပကာသေန္တော–စသော အတ္ထ ပစ္စယန္တပုဒ်များသည်

http://www.dhammadownload.com



ဒသေဿတ္တောနှင့် အတူတူပင်။) တက်သည်ကများသည် ဒသေတုကာမော-ဖြင့်တက်သည်မှာ သာရတ္ထလောက်သာတွေ့ရသည်။ ထို့ကြောင့် အနည်း,အများတို့တွင် များရာသို့ လိုက်သင့်သောကြောင့်လည်းကောင်း,ပြလိုသော,ပြခြင်းငှာအလိုရှိသော စကားရပ်သည် အဓိပ္ပာယ်တူပြီး စကား ၁-ခွန်းနှင့်၂-ခွန်းသာကွာသည်ဖြစ်ရာ အဓိပ္ပာယ်တူ အတို,အရှည် စကား-၂-ရပ်တို့တွင် ယထာ ယထာဝါ ပန ဝုစ္စမာနေ အဓိပ္ပေကဝုတ္တာနုနုဋ္ဌ ယောဇတိ၊ ဂန္ထလဟုကာ စ၊တထာ တထေဝ ဝတ္တဗ္ဗံ ဉာသ်ပရိဘာသာအရ အချိန်မကုန် လူမပန်းကျမ်းပေါ့သည့်အတိုလမ်း လိုက်သင့်သောကြောင့်လည်းကောင်း သမ္ဗန္ဓကိုချန်ပြီး အင်္ဂါ ၆ပါးသာ ကျွန်ုပ်တို့ယူသည်၊၆ ပါးယူ၍-"နိ,က,ကံ,ကြိ၊လေးခုရှိ၊မှတ်ဘိ ပုဗ္ဗာန။ အာ,ကံ,ဝိ,ကံတ်၊ကံ,ကြိယတ်၊ခြောက်မှတ် ပရာန"ဟု စပ်ဆိုသည်။ဒသေဿတ္တော-ကို"ဒသေတီတိ ဒသေဿတ္တော"ဟုပြု၍"ပြလိုသော"ဟုပေး။ဒသေတုကာမောကို "ဒသေတုံ ကာမေတီတိ ဒသေတုကာမော"ဟုပြု၍"ပြခြင်းငှာ အလိုရှိသော"ဟုပေး။ဤဒါနိ ယံ တံအညံ ဝတ္ထုံ ဥပ္ပန္နံ တံဒသေတုံ၊"တေနခေါ ပန သမယေနာတိ" အာဒိမာဟ။(ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၉၂။)စသည်ဖြင့် တုံပစ္စည်းဖြင့်လည်း တက်ကြသည်။တုံပစ္စည်းဖြင့် တက်မူ အာစာရ, ကံ, သမ္ဗန္ဓ, ကံ, ကြိယာအားဖြင့် အင်္ဂါ ၅-ပါးသာ။

ဤဒါနိ ယံဝုတ္တံ "ဤမံ သိက္ခာပဒ" န္တိ၊ တံ ဒသေဿတ္တော "ယောပန ဘိက္ခု။ ပ။ အသံဝါသော "တိ။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၉၁။) ဤဒါနိ ပဋိပဇ္ဇိတဗ္ဗာကာရံ ဒသေဿတ္တော"တတြ တုမှေဟိ အာဘုတံ အာဘုတတော" တိ အာဒိ မာဟ။(သီလက္ခန္ဓ ဝဂ္ဂ၊ ဋ္ဌ၊ ၅၃။) ဤဒါနိ။ ပ။ပဒဘာဇနံ ဒသေဿတ္တော "ကတမံ တံ ရူပံ ဥပါဒါ" တိ အာဒိမာဟ။ (ဓမ္မသင်္ဂဏီ၊ ဋ္ဌ၊ ၃၄၄) ဤဒါနိ တံ ဒသေဿတ္တော အာဟ။ "ဝိနယံ သင်္ဂါယိတွာ" တိအာဒိ။ (သာရတ္ထ၊ ၁၊ ၆၁။) ဤဒါနိ အာယသ္မတော အာနန္ဒဿ အသေက္ခဘူမိ သမာပဇ္ဇနံ ဒသေဿတ္တော "တသ္မိဥ္စပနာ" တိအာဒိ မာဟ။ (သီ၊ ဋီ၊ သစ်၊ ၁၊ ၇၄) ဤဒါနိ တံ အဋ္ဌကထာပါဠိ ဒသေဿတ္တော "ပထမိကသိဏံ ဥဂ္ဂဏှာ္တော" တိ အာဒိမာဟ။ (ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ၁၊ ၁၄၂)။ ဤဒါနိ ဒေသနာယ သမုဋ္ဌာပနံ ဒသေဿတ္တော "တဿပညာယ တေဓသော "တိအာဟ။ (ဓမ္မသင်္ဂဏီမူလဋီကာ၊ ၈။) ဤကား "ဒသေဿတ္တောဖြင့် တက်သည်ကများသည် "ဟုဆိုရာ၌ သာဓကတည်း။

ဤဒါနိ သံဝဏ္ဏေတော အဝိဇ္ဇာဒယော ဓမ္မေ ဒ္ဒိပ္ပဟိ ဝဏ္ဏေဟိ သင်္ဂဟေတွာ ဒသေတုကာမော အာဟ "ဤမေ ပဥ္စမ္မာ အတီတေ ကမ္မဝဋ္ဋ"န္တိ။ (သာရတ္ထ၊ ၁၊ ၂၂၃။) ဤဒါနိ အဝဓာရဏေန နိဝတ္တိတမတ္တံ ဒသေတုကာမော အာဟ "ကိံ ပန အညထာပိ ဝဏ္ဏနာဏံ ယောဇတိ" တိ။ (သာရတ္ထ၊ ၂၊ ၁၂၂။) ဤကား "ဒသေတုကာမောဖြင့် တက်သည်မှာ သာရတ္ထလောက်သာတွေ့ရသည်" ဟု ဆိုရာ၌ သာဓကတည်း။]

၃။ ။ အကြောင်းနှင့်တကွ ဝါကျအမည်

(ခ)အမှတ်ပြဝါကျသည် (က)အမှတ်ပြဝါကျကို ယုတ္တိအားဖြင့် မြဲမြံခိုင်ခန့်အောင် ပြုသောကြောင့် ယုတ္တိဒဠှီကရဏဝါကျ။

(ဂ)အမှတ်ပြဝါကျသည် (ခ)အမှတ်ပြဝါကျ၌ ("ရှစ်ပါးသောသမာပတ်စိတ်သည် အလုံးစုံကုန်သော လောကီဖြစ်ကုန်သော စိတ်တို့ထက် လွန်မြတ်ခဲ့သော်

http://www.dhammadownload.com



ဘုရားပွင့်တော်မမူရာအခါ၌လည်း ဖြစ်လေသလော ဘုရားပွင့်တော်မူရာအခါကို ကြည့်၍ ဖြစ်လေသလော”ဟု စောဒကတို့ စောဒနာဖွယ်ရှိ၍ ထိုစောဒကတို့ စောဒနာချက်ကို ပယ်ဖျက်ရန် တစ်ဖန်ဆက်လက်၍ အားထုတ်သောကြောင့် ဝါကျာရမ္ဘဝါကျ။

(ဃ)အမှတ်ပြဝါကျသည် ပရိယာယဖြစ်သော အဓိစိတ္တမှတစ်ပါး နိပ္ပရိယာယဖြစ်သော အဓိစိတ္တကိုပြသောကြောင့် (တစ်နည်း) အဓိစိတ္တ၏အရ ဥပစာရတ္တမှတစ်ပါး မုချတ္ထကို ပြသောကြောင့် ပက္ခန္တရဝါကျ။

တံ-ပုဒ်တုလျတ်, လိင်္ဂတ် စာစပ်

တံ-ကား “သည်” ဟူ၍အနက်ပေးသောကြောင့် အဓိကဋ္ဌေဝ ဥတ္တမဥ-တို့၌တုလျတ်၊ အဓိကဋ္ဌေဝ ဥတ္တမဥကား လိင်္ဂတ်။ [“ကြိယာမသတ်၊ ကတ္တာချွင်းချွင်း၊ စပ်တဲ့လျှင်းက၊ တုလျတ်လိင်္ဂတ်၊ ဆို၍စပ်” ဟုဖော်ပြခဲ့ပြီ။]

---

၄။ ။ ဝစနတ္ထနှင့် ဥာသ်ကောက်

အစိတ်ဝစနတ္ထ။ ။မဂ္ဂေနသမ္ပယုတ္တံ စိတ္တံ မဂ္ဂစိတ္တံ။ ဖလဉ္စ တံ စိတ္တဉ္စာတိ ဖလစိတ္တံ။

အပေါင်းဝစနတ္ထ။ ။ မဂ္ဂစိတ္တဉ္စ ဖလစိတ္တဉ္စ မဂ္ဂဖလစိတ္တံ။ (သျှသစ်) မဂ္ဂစိတ္တဉ္စ၊ မဂ်နှင့်ယှဉ်သောစိတ်လည်း။ ဖလစိတ္တဉ္စ၊ ဖိုလ်စိတ်လည်း။ မဂ္ဂဖလစိတ္တံ၊ မဂ်နှင့်ယှဉ်သောစိတ် ဖိုလ်စိတ်။

မဂ္ဂစိတ္တဉ္စ ဖလစိတ္တဉ္စ-ကား ဒွန်သမာသ်ဝိဂြိုဟ်၊ မဂ္ဂဖလစိတ္တံ-ကား ဒွန်သမာသ်ပုဒ်။ မဂ္ဂစိတ္တ-ပုဒ်၊ ဖလစိတ္တ-ပုဒ်။ ဤမဂ္ဂဖလစိတ္တံ -ဟူသော ဒွန်သမာသ်ပုဒ်၌ မဂ္ဂစိတ္တ-ဟူသော ရှေ့ပုဒ်၏အရကား မဂ်နှင့်ယှဉ်သောစိတ်သည် မုချအားဖြင့်ရ၏။ ထိုမဂ်နှင့်ယှဉ်သောစိတ်၏ ဖိုလ်စိတ်နှင့်သိခြင်း အစရှိသော ကြိယာကို အကြောင်းပြုသဖြင့် အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။ မဂ္ဂဖလစိတ္တံ- ဟူသော သမာသ်ပုဒ်လုံး၏အရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော မဂ်နှင့်ယှဉ်သောစိတ် ဖိုလ်စိတ် နှစ်ပါးရ၏။ ဥပစာ သဒ္ဒါဖြစ်သောကြောင့် ဧကဒေသူပစာ, အဝယဝူပစာအားဖြင့် မဂ်နှင့်ယှဉ်သောစိတ် ဖိုလ်စိတ်နှင့် တံ သမ္ပယုတ္တဓမ္မရ၏။ [ဥပစာသဒ္ဒါမှန်က ဥပစာဆိုက် အောင် ကောက်ရသည်။]

[ဖလစိတ္တံ-ကား ကမ္မဓာရယ်သမာသ်ပုဒ်သာ။ ။ဖလနှင့်စိတ္တကို မဂ္ဂနှင့်စိတ္တကဲ့သို့ တပ္ပုရိသ်သမာသ် မတွဲဘဲ ကမ္မဓာရယ်သမာသ်တွဲသည်ကို သောတာပတ္တိယာ လဒ္ဓံ, သောတာပတ္တိသ ဝါ ဖလစိတ္တံဝိပါကဘူတံ စိတ္တံ သောတာပတ္တိဖလစိတ္တံ၌ ဖလစိတ္တံကို “ဝိပါကဘူတံစိတ္တံ”ဟု အဘိဓမ္မတ္ထဝိဘာဝိနီ အရတူဖွင့်သည်ကို ထောက်။ “အကျိုးဝိပါတ်ဖြစ်သောစိတ်”ဟုဆိုလိုသည်။

ရှေ့ပုဒ်၌ နောက်ပုဒ်ကျေ။ ။အပေါင်းဝစနတ္ထ၌ မဂ္ဂစိတ္တ-ဟူသော ရှေ့ပုဒ်၌ စိတ္တံ-ဟူသော နောက်ပုဒ်ကျေနေသည်။ ဥပေက္ခာစနိတာ သတိပါရိသုဒ္ဓိ စေတသာတိ ဥပေက္ခာသတိပါရိသုဒ္ဓိဝယ် ဥပေက္ခာစနိတာဟူသော ရှေ့ပုဒ်၌ ဇနိတာ ဟူသော နောက်ပုဒ်ကျေသကဲ့သို့တည်း။]

---

http://www.dhammadownload.com



၅။ ။ဓာတွာဒိဝိဘာဂ

ဝိပဿနာ-၌ ဝိပုဗ္ဗ, ဒိသ-ဓာတု၊ ယု-ပစ္စယ။

ပါဒက-၌ ပဒ-ဓာတု၊ ဏွု-ပစ္စယ။

သမာပတ္တိ-၌ သံပုဗ္ဗ, အာ-ပုဗ္ဗ, ပဒ-ဓာတု၊ တိ-ပစ္စယ။

အဓိက-၌ အဓိ-ပုဗ္ဗ, ဣ-ဓာတု၊ က-ပစ္စယ။ (ဓာန်၊ ဋီ၊ ၇၁၂။)

ဖလ-၌ ဖလ-ဓာတု၊ အ-ပစ္စယ။

---

၆။ ။ အာဘောဂနှင့် သံဝဏ္ဏနာ

(က)အမှတ်ပြပါဠိ သံဝဏ္ဏနာပါဌ်ဖြင့် အဓိစိတ္တံဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏အရကို ပရိယာယအားဖြင့် ဝိပဿနာ၏အခြေပြစ်သော ရှစ်ပါးသော သမာပတ်စိတ်ကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

(ဂ)အမှတ်ပြပါဠိ သံဝဏ္ဏနာပါဌ်ဖြင့်"ရှစ်ပါးသော သမာပတ်စိတ်သည် ဘုရားပွင့်တော်မူရာဖြစ်သောအခါ၌ ဖြစ်သည်။ဘုရားပွင့်တော်မူရာအခါကို ကြဉ်၍ ဖြစ်တော်မမူ"ဟုအဓိပ္ပာယ်ရအနက်ကို ဖွင့်သောကြောင့်။ဘာဝတ္ထသံဝဏ္ဏနာမည်၏။

(ဃ)အမှတ်ပြသံဝဏ္ဏနာသည် "အဓိစိတ္တ-ဟူသည် နိပ္ပရိယာယအားဖြင့် မဂ်နှင့်ယှဉ်သောစိတ်,ဖိုလ်စိတ်ပင်တည်း"ဟု သရုပ်ကြားအနက်ကိုဖွင့်သောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာမည်၏။ ["အကြောင်းနှင့်တကွ,သို့မဟုတ် အကြောင်းပြ၍ သံဝဏ္ဏနာအမည်ပေးပါ"ဟုမေးရာ၌ သံဝဏ္ဏနာကျမ်းလာဆိုရိုးကို ရည်မေးသည် ဖြစ်၍ ယင်းဆိုရိုးအတိုင်းဖော်။]

---

၇။ ။ပါဌ်အဆုံးအဖြတ်

ဝိနာ-နိပါတ်ပုဒ်နှင့်ယှဉ်ရာပုဒ်၌ ပဉ္စမီ,တတိယာဝိဘတ် ၂ မျိုးလုံး သက်နိုင်သောကြောင့် ဝိနာ-နိပါတ်ပုဒ်နှင့်ယှဉ်ရာ ဗုဒ္ဓုပ္ပါဒ-ပုဒ်၌ ပဉ္စမီဝိဘတ် သက်၍ "ဗုဒ္ဓုပ္ပါဒါ"ဟု ရှိသောပါဌ်၊တတိယာဝိဘတ်သက်၍"ဗုဒ္ဓုပ္ပါဒေန"ဟု ရှိသောပါဌ်၊ပါဌ် (၂)မျိုးလုံးပင် သင့်ပါသည်။

[ထောက်ဖွယ်။ ။အပိဂ္ဂဟာဓောန နိပါတပယောဂေပိ ပဉ္စမီဝိဘတ္တိ ဟောတိ ဒုတိယာ စ တတိယာ စ။ဝိနာ သဒ္ဓမ္မာ နတ္ထညော ကောစိ နာထော လောကေ ဝိဇ္ဇတိ၊ဝိနာ သဒ္ဓမ္မံ၊ဝိနာ သဒ္ဓမ္မေန ဝါ။ဝိနာ ဗုဒ္ဓသ္မာ၊ဝိနာ ဗုဒ္ဓံ၊ဝိနာ ဗုဒ္ဓေန ဝါ။ (ကစ္စည်း၊ ၂၇၂။)

ရိတေ ဝိနာ ယောဂေဒုတိယာ စ။ ။ရိတေ ဝိနာ ဣစ္စေတေဟိ နိပါတေဟိ ယောဂေ ပဉ္စမီ တတိယာ ဒုတိယာ ဟောတိ။ဝိနာ သဒ္ဓမ္မာ နတ္ထညော ကောစိ နာထော လောကေ ဝိဇ္ဇတိ၊ဝိနာ သဒ္ဓမ္မံ ဝိနာ သဒ္ဓမ္မေန ဝါ။ဝိနာ ဗုဒ္ဓသ္မာ၊ ဝိနာဗုဒ္ဓံ၊ ဝိနာ ဗုဒ္ဓေန ဝါ။ (နီတိ၊ သုတ္တ၊ ၅၆၆)။]

ကျက်။ ။ (၁) အညတြ, ဝိနာ၊ နိပါတာ၏ရှိရာမှန်လှ၊ ယင်းပဒဝယ်၊ ဒု, တ, ပဉ္စမီ သက်မြဲ။ (ဘုရားကြီးနိယံ။ ၁၀၀)။

(၂) ဝိနာ, အညတြ၊ စသည်သဒ္ဒါ၊ ယှဉ်လေရာ၊ ဒုတိယာ, တတိယာ, ပဉ္စမီသက်မြဲ။ (တောင်တွင်းနိယံ ၁၅၃)။

http://www.dhammadownload.com



ဗုဒ္ဓုပ္ပါဒံ ပါဠိလည်းသင့်။ ။ဤသာဓကများကိုထောက်၍ ပဥ္စမီ တတိယာ သာမဟုတ်၊ ဒုတိယာလည်း သက်နိုင်သောကြောင့် ဒုတိယာဝိဘတ် သက်၍ ဗုဒ္ဓုပ္ပါဒံ ပါဠိလည်း ရှိနိုင်သည်။ သင့်သည်။

ဝိနာ–၏အနက် ၂–မျိုးအလိုက်ပေး။ ။ ဗုဒ္ဓုပ္ပါဒါ၊ ဘုရားပွင့်တော်မူရာအခါမှ။ ဝါ၊နှင့်။ ဝိနာ၊ ကင်း၍။ (တစ်နည်း) ဗုဒ္ဓုပ္ပါဒါ၊ ကို။ ဝိနာ၊ ကြဉ်၍။ ဗုဒ္ဓုပ္ပါဒံ၊ မှ။ ဝိနာ၊ ကင်း၍ (တစ်နည်း) ဗုဒ္ဓုပ္ပါဒံ၊ ကို။ ဝိနာ၊ ကြဉ်၍။ ဗုဒ္ဓုပ္ပါဒေန၊ မှ။ ဝါ၊ နှင့်။ ဝိနာ၊ ကင်း၍။ ဤသို့ အနက်ပေးနိုင်သည်။

မှ, နှင့်ပေးခိုက် ဝိနာ–ကို ဝိယောဂအနက်ပေး။ ကို–ပေးခိုက် ဝဇ္ဇနအနက်ပေး။ ဝိနာ သဒ္ဒါ ဝိယောဂအနက်ဟောသည်ကို ဝိနာ ရိတေ ရဟိတာ ဣစ္စေတေ ဝိပ္ပယောဂေ။ (နီတိ၊ သုတ္တ၊ ၃၈၇။) ကိုထောက်။ ဝဇ္ဇနအနက်ဟောသည်ကို ဝဇ္ဇနေ တု ဝိနာ နာနာ၊ အန္တရေန ရိတေပုထု။ (ဓာန်၊ ၁၁၃၇။) ကိုထောက်။

---

၈။ ။ နည်း,, ဥပစာ

(က)အမှတ်ပြဝါကျ၌ အဓိစိတ္တံ–ဟူသော နည်းသည် မဂ်နှင့်ယှဉ်သော စိတ်, ဖိုလ်စိတ်တည်းဟူသော မကင်းတတ်သည်ကို ဆိုသဖြင့် ဝိပဿနာ၏ အခြေဖြစ် သော ရှစ်ပါးသော သမာပတ်စိတ်တည်းဟူသော မကင်းရာကို ရသောကြောင့် အဝိနာ ဘာဝနည်းမည်၏။

[ဖလူပစာ ယူရပုံ။ ။ ဝိပဿနာပါဒကအဋ္ဌသမာပတ္တိစိတ်သည် သူ့ထက်သာလွန်သော မဂ္ဂဖလစိတ်ရှိသောကြောင့် အဓိစိတ္တ (သာလွန်သောစိတ်) ဟူသော အမည်နှင့်တကယ်လိုက်လျောသည့်စိတ် မဟုတ်ချေ။ လောကီစိတ်များထက် သာလွန်သောကြောင့်သာ လောကီစိတ်များကိုထောက်၍ ပရိယာယ်အားဖြင့်သာ "အဓိစိတ္တ"ဟု ဆိုခြင်းဖြစ်သည်။ အဓိစိတ္တ (သာလွန်သောစိတ်) ဟူသောအမည်နှင့် တကယ် လိုက်လျောသည့်စိတ်မှာ မဂ္ဂဖလစိတ်သာ ဖြစ်သည်။ အဓိစိတ္တသဒ္ဒါသည် ဝိပဿနာပါဒကအဋ္ဌသမာပတ္တိစိတ်ကို မဟော၊ မဂ္ဂဖလစိတ်ကိုသာ ဟောသည်ဖြစ်၍ အဓိစိတ္တ၏ အရမှာ ဝိပဿနာပါဒကအဋ္ဌသမာပတ္တိစိတ်ကို မရ၊ မဂ္ဂဖလစိတ်သာရသည်။ ထို့ကြောင့် အဓိစိတ္တံ၌ ဖလူပစာယူရသည်။ အကျိုး၏အမည်ကို အကြောင်း၌ တင်စား၍ ဖလူပစာအားဖြင့် ဝိပဿနာပါဒကအဋ္ဌသမာပတ္တိစိတ်ကို အဓိစိတ္တ၏အရ ယူရတော့သည်။ ဝိပဿနာပါဒက အဋ္ဌသမာပတ္တိစိတ်သည် မဂ္ဂဖလစိတ် ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဝိပဿနာပါဒကအဋ္ဌသမာပတ္တိ စိတ်ကို "အကြောင်း"ဟု ဆိုသည်။

အဝိနာဘာဝနည်းယူရပုံ ။ ။အကျိုးဖြစ်သော မဂ်နှင့်ယှဉ်သောစိတ် ဖိုလ်စိတ်၏ အဓိစိတ္တဟူသောအမည်ကို အကြောင်းဖြစ်သော ဝိပဿနာ၏ အခြေဖြစ်သော ရှစ်ပါးသောသမာပတ်စိတ်၌ တင်စား၍ အကြောင်းဖြစ်သော ဝိပဿနာ၏ အခြေဖြစ်သော ရှစ်ပါးသောသမာပတ်စိတ်ကို "အဓိစိတ္တံ"ဟု ဆိုထားသောကြောင့် (က)အမှတ်ပြဝါကျ၌ ဖလူပစာရသည်။ ဖလူပစာရက ဖလူပစာနှင့်တွဲရသောနည်းမှာ အဝိနာဘာဝနည်းဖြစ်၍ အဝိနာဘာဝနည်း ယူရတော့သည်။ ကာရဏူ ဋ္ဌာနူနှင့် နာနန္တရိက နည်း,, ဂုဏူ ဖလူနှင့် အဝိနာဘာဝနည်းတွဲရသည်။

http://www.dhammadownload.com



ကျက်။ ။ နာနန္တရိက၊ ကာရဏာ၊ ဌာနဥပစာ။
ဂုဏာဖလူ၊ ဌာနျူ၊ နည်းမူအဝိနာ။ (နိယံသစ်)]

မဂ္ဂဖလစိတ္တ–သဒ္ဒါသည် အစိတ်ဖြစ်သော မဂ်နှင့်ယှဉ်သောစိတ် ဖိုလ်စိတ်၏ မဂ္ဂဖလစိတ္တဟူသောအမည်ကို အပေါင်းဖြစ်သော မဂ်နှင့်ယှဉ်သောစိတ် ဖိုလ်စိတ်, တံသမ္ပယုတ္တဓမ္မ (ထိုစိတ်နှင့်ယှဉ်သောစေတသိက်)၌ တင်စား၍ အပေါင်းဖြစ်သော မဂ်နှင့်ယှဉ်စိတ် ဖိုလ်စိတ် တံသမ္ပယုတ္တဓမ္မကို "မဂ္ဂဖလစိတ္တ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသူပစာ, အဝယဝူပစာမည်၏။

[ပဓာနနည်းဖြစ်ပုံ။ ။ စိတ်သည် သူတစ်ပါးတည်းဖြစ်သည် မဟုတ်၊ သမ္ပယုတ်တရားတို့နှင့်တကွ ဖြစ်သည်။ သို့သော်လည်း ပြဓာန်းသောကြောင့် စိတ်တစ်ပါးတည်းဆိုထားသည်။ စိတ်တစ်ပါးတည်းဆိုထားသည်ကို တွေ့ရာတိုင်း၌ နည်းတူသိပါ။

ထောက်ဖွယ်။ ။ "စိတ္တံ ဥပ္ပန္နံ ဟောတီတိ ဧတံ ဒေသနာသီသမေဝ၊ န ပန စိတ္တံ ဧကကမေဝ ဥပ္ပဇ္ဇတိ။ ကသ္မာ ယထာ "ရာဇာ အာဂတော"တိ ဝုတ္တေ န ပရိသံ ပဟာယ ဧကကောဝ အာဂတော၊ ရာဇပရိသာယ ပန သဒ္ဓိံ ယေဝ အာဂတောတိ ပညာယတိ၊ ဧဝမိဒမ္ပိ ပရောပဏ္ဏာသ ကုသလဓမ္မေဟိ သဒ္ဓိံ ယေဝ ဥပ္ပန္နန္တိ ဝေဒိတဗ္ဗံ၊ ပုဗ္ဗင်္ဂမဋ္ဌေန ပန "စိတ္တံ ဥပ္ပန္နံ ဟောတိ" ဣစ္စေဝ ဝုတ္တံ။ (ဓမ္မသင်္ဂဏီ၊ ဋ္ဌ၊ ၁၁၁။)

အကုသလာနံ ပန ဘူမိဝသေန ဘေဒါဘာဝတော "ဒွါဒသအကုသလစိတ္တုပ္ပါဒေါ" တိ အာဟ။ တတ္ထ ဥပ္ပဇ္ဇတီတိ ဥပ္ပါဒေါ၊ စိတ္တမေဝဥပ္ပါဒေါ စိတ္တုပ္ပါဒေါ။ ဒေသနာသီသမေဝ စေတံ၊ ယထာ ပန "ရာဇာ အာဂတော" တိ ဝုတ္တေ အမစ္စာဒီနမ္ပိ အာဂမနံ ဝုတ္တမေဝ ဟောတိ ဧဝံ "စိတ္တုပ္ပါဒေါ" တိ ဝုတ္တေ တေဟိ သမ္ပယုတ္တဓမ္မာပိ ဝုတ္တာဝ ဟောန္တီတိ သဗ္ဗတ္ထ စိတ္တုပ္ပါဒဂ္ဂဟဏေန သသမ္ပယုတ္တဓမ္မံ စိတ္တံ ဂဟိတန္တိ ဝေဒိတဗ္ဗံ။ (ဓမ္မသင်္ဂဏီ၊ ဋ္ဌ၊ ၄၃၈။)

ဧကဒေသူပစာ ယူရပုံ။ ။ မဂ္ဂဖလစိတ္တံ၌ ပဓာနနည်းရသဖြင့် ပဓာနနည်းရက ပဓာနနည်းနှင့်တွဲရသော ဥပစာမှာ ဧကဒေသူပစာ, အဝယယူပစာဖြစ်သောကြောင့် ဧကဒေသူပစာ, အဝယဝူပစာ ယူရတော့သည်။ ပဓာနနည်း, ဥပလက္ခဏနည်း, နိဒဿနနည်းများနှင့် ဧကဒေသူပစာ, အဝယဝူပစာတွဲရသည်။ အထင်ရရှိနည်းနှင့် ဧကဒေသျူပစာ, သမုဒါယူပစာ တွဲရသည်။

ကျက်။ ။ ဥ, ပ, နိဒသ်၊ ယင်းသုံးရပ်၊ မှတ်အပ် ဧကဒေသူပစာ၊
ဧကဒေသျူ၊ အထင်ဟူ၊ ရှင်ယူ များတတ်စွာ။]

---

၉။ ။[ ဋ္ဌ၊ ၁၊ ၂၀၉။]

---

၁၀။ ။ဒေသနာဟာရနေတ္တိနည်း

တတော–၌ တ–သဗ္ဗနာမ်ပုဒ်အရ ဝိပဿနာပါဒကအဋ္ဌသမာပတ္တိစိတ်, ထိုစိတ်နှင့်ယှဉ်သော စေတသိက်တို့တွင် သာယာအပ်သော သုခသောမနဿဝေဒနာ, ကသိုဏ်းစသော ဣဋ္ဌာရုံသည် အဿာဒမည်၏။ ထိုကို သာယာတတ်သော တဏှာ ဝိပလ္လာသသည်လည်း အဿာဒမည်၏။ သာယာအပ်, သာယာတတ်သော တရားသည်ပင် သင်္ခါရ

http://www.dhammadownload.com



ဒုက္ခဖြစ်၍ အာဒီနဝမည်၏။ ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော အရိယာမဂ်, ထွက်မြောက်တတ်သော နိဗ္ဗာန်သည် နိဿရဏမည်၏။ ဖိုလ်စိတ္တုပ္ပါဒ်သည်လည်းကောင်း, သုတမယဉာဏ် အတ္တဝေဒ, ဓမ္မဝေဒစသော ပစ္စုပ္ပန်အကျိုး, ရှုပဘုံ အရူပဘုံ၌ ဖြစ်ရခြင်းစသော သံသရာအကျိုးသည်လည်းကောင်း ဖလမည်၏။ ထိုဖလကိုရခြင်း၏ အကြောင်းဖြစ်သော အရိယာမဂ်၏ ရှေ့အဘို့၌ဖြစ်သော ပဋိပဒါသည်လည်းကောင်း, ရူပဈာန် အရူပဈာန်ရအောင် အားထုတ်ခြင်းသည်လည်းကောင်း ဥပါယမည်၏ "ရူပဘုံ အရူပဘုံသို့ ရောက်လိုကုန်သော ပုဂ္ဂိုလ်တို့သည် ရူပဈာန် အရူပဈာန်ကို ရအောင် အားထုတ်ကြလေ"ဟု မဆိုသော်လည်း ဆိုသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိမည်၏။ ဤသို့ ဒေသနာဟာရမည်သော သံဝဏ္ဏနာဝိသေသသည် အဿာဒစသည်ကို ဖွင့်ပြတတ်၏။ ထိုအဿာဒစသည်တို့တွင် အာဒီနဝေါ ဖလဉ္စ ဒုက္ခံဟူသော ပါဠိနှင့်အညီ အာဒီနဝသည်လည်းကောင်း, ဖလသည်လည်းကောင်း ဒုက္ခသစ္စာမည်၏။ အဿာဒေါ သမုဒယောဟူသော ပါဠိနှင့်အညီ အဿာဒသည် သမုဒယသစ္စာ မည်၏။ နိဿရဏံ နိရောဓောဟူသော ပါဠိနှင့်အညီ နိဿရဏသည် နိရောဓသစ္စာမည်၏။ ဥပါယော အာဏတ္တိစ မဂ္ဂေါဟူသော ပါဠိနှင့်အညီ ဥပါယသည်လည်းကောင်း၊ အာဏတ္တိသည်လည်းကောင်း မဂ္ဂသစ္စာမည်၏။ ဤသို့ တတောဟူသော ဒေသနာတော်သည် သစ္စာလေးပါးကို ဟောကြားတတ်၏။ ဤသို့လျှင် အဿာဒစသည်ကို ဖွင့်ပြလျက် သစ္စာလေးပါးကို ဟောခြင်းသည် ဒေသနာဟာရမည်၏–ဟူလိုသော်။

---

၁၉၈၇ (၁၃၄၈) ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၁)မေးခွန်း

---

၁။ ။ အပဂဗ္ဘော ဘဝံ ဂေါတမောတိ၊ အဒ္ဓါ ခွေသ ဗြာဟ္မဏ ပရိယာယော၊ ယေန မံ ပရိယာယေန သမ္မာ ဝဒမာနော ဝဒေယျ "အပဂဗ္ဘော သမဏော ဂေါတမော"တိ တို့ကို အာကာရဝါကျကို အနက်အားဖြင့် အတွင်းသွင်း၍ အတ္ထယောဇနာပါ။

၂။ ။ အနာပတ္တိ အသဉ္စိစ္စ အဇာနန္တဿ န မရဏာဓိပ္ပါယဿ ဥမ္မတ္တကဿ အာဒိကမ္မိကဿ–ကို နိယမာနိယမယောဇနာနည်းဖြင့် အနက်ယောဇနာပါ။

၃။ ။ ဓဝံ မာ သုခံ လဘတု အယျော ဥဒါယီ၊ ယထာ မေ ကုမာရိကာ ဒုဂ္ဂတာ ဒုက္ခိတာ န သုခံ လဘတိ ပိပါကာယ သဿုယာ ပါပကေန သသုရေန ပါပကေန သာမိကေန–ကို အနက်ယောဇနာပါ။

၄။ ။ ယံကိဉ္စိ သာဝဏေန ပတ္တဗ္ဗံ၊ သဗ္ဗံ တေန အနုပ္ပတ္တံ ဟောတိ၊ နတ္ထိ စဿကိဉ္စိ ဥတ္တရိ ကရဏီယံ၊ ကတဿ ဝါ ပတိစယော–ကို သဗ္ဗနာမ်ပုဒ်တို့၏အစွဲနှင့် ကတပုဒ်၏ အဘိဓေယျတ္ထကို ထင်ရှားစေလျက် အနက်သမ္ဗန်ပါ။

http://www.dhammadownload.com



၅။ ။ နော ပိ အဒါတုကမျတာတိ အဒါတုကာမတာပိ နော နတ္ထိ၊ ယထာ ပဟူတဝိတ္တူပကရဏာနံ မစ္ဆရီနံကို ပါဌသေသထည့်၍ အနက်သမ္ဗန်ပါ။

၆။ ။ဂေါနိသာဒိနိဝိဋ္ဌော နာမ ဝိထိသန္နိဝေသာဒိဝသေန အနိဝိသိတွာ ယထာ ဂါဝေါ တတ္ထ တတ္ထ ဒွေ တယော နိသီဒန္တိ၊ ဧဝံ တတ္ထ တတ္ထ ဒွေ တီဏိ ယရာနိ ကတွာ နိဝိဋ္ဌော-ကို နိဝိဋ္ဌော၌ အဘိဓေယျတ္ထ ပေါ်လွင်စေလျက် အနက်ယောနောပါ။

၇။ ။ ယဒိ ပန ကုမ္ဘိမုခဝဋ္ဋိယာ ပါသံ ကတွာ လောဟခါဏုံ ဝါ ခဒိရ သာရာဒိခါဏုံ ဝါ ပထဝိယံ အာကောဋေတွာ တတ္ထ သခ်လိကာယ ဗန္ဓိတွာ ဌပေန္တိ၊ ဧကိဿာ ဒိသာယ ဧကာယ သလိခ်ကာယ ဗုဒ္ဓါယ ဒွေ ဌာနာနိ လဗ္ဘန္တိ၊ ဒွိသု၊ တိသုဒ္ဓိ ဧကိဿာအစရှိသော ဝါကျကိုသာ ပေယျာလဖော်၍ အနက်ပေးပါ။

၈။ ။အောက်ဖော်ပြပါ ဂါထာကို အနက်ယောနောပါ။

ပမာဏံ ပုဗ္ဗဘာဂေါ၀၊ တသ္မိံ သတိ န ဟေဿတိ။
သေသဒွယန္တိ နတ္တေတ၊ မိတိဝါစာ တိဝဂ်ီကာ။

၉။ ။ ဣဒါနိ သုက္ကဝိဿဋ္ဌိတိ ဧတ္ထ ယဿ သုက္ကဿ ဝိဿဋ္ဌိ၊ တံ တာဝ သချာတော ဝဏ္ဏဘေဒတော စ ဒဿေတုံ သုက္ကန္တိ ဒသသုက္ကာနိတိ အာဒိမာဟ၏ ဒဿနကရိုဏ်းထည့်၍ အနက်သမ္ဗန်ပါ။

၁၀။ ။ဧဝံ ပဗ္ဗာဇနီယကမ္မကတေန ဘိက္ခုနာ ယသ္မိံ ဝိဟာရေ ဝသန္တေန ယသ္မိံ ဂါမေ ကုလဒူသကကမ္မံ ကတံ ဟောတိ။ တသ္မိံ ဝိဟာရေ ဝါ တသ္မိံ ဂါမေ ဝါ န ဝသိတဗ္ဗံ ကို ကတ္တားလွန်၏ စပ်ရာပုဒ်ကို ထည့်စွက်၍ အနက်သမ္ဗန်ပါ။

---

## ၁၉၈၇ (၁၃၄၈) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ်(၁) မေးခွန်းအဖြေ

---

၁။ ။ အာကာရဝါကျ အနက်အားဖြင့် အတွင်းသွင်း၍ အနက်

[သျှအတိုင်း ယောနော။ ။ ပါ၊ ၄။ ပါသျှ၊ ၂၂။ ။ ၁၃၂၆ ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၂။ ။ နိယမာနိယမနည်းဖြင့် အနက်

(ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အသဉ္စိစ္စ၊ စေတနာမရှိသည်ဖြစ်၍ ဓိဝိတာ၊ ဓိဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချ၏)` အသဉ္စိစ္စ၊ ၍။ (ဓိဝိတာ၊ မှ။ ဝေါရော

http://www.dhammadownload.com



ပေန္တဿ၊ ချသော။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။) အနာပတ္တိ၊ အာပတ်မသင့်။ (တစ်နည်း) ယော ဘိက္ခု၊ သည်။ အသဥ္စိစ္စ၊ ၍။ ဥပက္ကမတိ၊ လုံ့လပြု၏။ အသဥ္စိစ္စ၊ ၍။ (ဥပက္ကမန္တဿ၊ လုံ့လပြုသော ၊ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။) အနာပတ္တိ၊ အာပတ်မသင့်။ (ဋ္ဌ–အလို။)

(ယော ဘိက္ခု၊ သည်။ န ဇာနာတိ၊ "သေလိမ့်မည်"ဟု မသိ။) အဇာနန္တဿ၊ "သေလိမ့်မည်"ဟု မသိသော။ (တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ အာပတ်မသင့်)

(ယော ဘိက္ခု၊သည်။ န မရဏာဓိပ္ပါယော၊သေခြင်းကို အလိုမရှိ) န မရဏာ ဓိပ္ပါယဿ၊ သေခြင်းကို အလိုမရှိသော။ (တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ အာပတ်မသင့်။)

(ယော ဘိက္ခု၊ သည်။ ဥမ္မတ္တကော၊ သည်းခြေပျက်၍ရူး၏။) ဥမ္မတ္တကဿ၊ သည်းခြေပျက်၍ရူးသော။ (တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ အာပတ်မသင့်)

(ယော ဘိက္ခု၊ သည်။ အာဒိကမ္မိကော၊ အစအဦးမှု၌ ယှဉ်၏။ ဝါ၊ အစအဦးမှု ကိုပြု၏) အာဒိကမ္မိကဿ၊ အစအဦးမှု၌ယှဉ်သော၊ ဝါ၊ အစအဦးမှုကိုပြုသော (တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ အာပတ်မသင့်။)။ ။[ပါ၊ ၉၉။ ပါသျှ၊ ၁၈၇။ ၁၃၂၁–ခုနှစ်က မေးခဲ့ပြီ။]

မှတ်ချက်။ ။ တဿ ဘိက္ခုနော ပုဒ်တိုင်းပုဒ်တိုင်းကို "ထိုရဟန်းအား လည်းကောင်း"ဟု ယောဇနာ၍ ရှေးရှေးသော တဿ ဘိက္ခုနော ပုဒ်တိုင်းပုဒ်တိုင်း နောင် အနာပတ္တိပုဒ်ကို မယောဇနာဘဲ နောက်ဆုံး တဿ ဘိက္ခုနော ပုဒ်နောင်ကျမှ အနာပတ္တိပုဒ်ကို ယောဇနာသည့်နည်းဖြင့်လည်း ယောဇနာနိုင်သည်။ [၁၉၇၄–ခုနှစ် (၄) နံပါတ်ယောဇနာသည်နှင့် သဘောတူသည်။]

[နည်းမှီးဖွယ်။ ။ အာဒိကမ္မိကော နာမ ယော တသ္မိံ တသ္မိံ ကမ္မေ အာဒိ ဘူတော ။ပ။ တဿ အနာပတ္တိ (ဋ္ဌ၊ ၁၊ ၂၃၄။)ကို မှီးသည်။]

---

၃။ ။ [ပါ၊ ၂၀၀။ ပါသျှ၊ ၂၅၆။]

---

၄။ ။ ကတာ၏ အဘိဓေယျတ္ထ ထင်ရှားစေလျက် အနက်

["ကတာဿ၊ ပြုအပ်ပြီးသော ထိုတစ်ဆယ့်ခြောက်ပါး အပြားရှိသော မင်္ဂကိစ္စကိုပင်လျှင်" ဟု အဘိဓေယျတ္ထထင်စေလျက် ယောဇနာ။ ကတဿဝါ ပတိဇ ယောတိ တဿေဝ ကတဿ ကိစ္စဿ ပုန ဝဍ္ဍနမ္ပိ နတ္ထိ (ဋ္ဌ၊ ၂၊ ၁၆၂။) အကြွင်း သျှအတိုင်း ယောဇနာ။ ။ ပါ၊ ၂၄၃။ ပါသျှ၊ ၂၀၂ ။ ။ သရုပ်ကြားအဘိဓေယျတ္ထကို ရည်မေးဟန်ရှိသည်။ သို့သော် အဘိဓေယျတ္ထ ၃ပါးရှိ၍ မေးခွန်း သေရာမှုနည်းသည်။]

---

၅။ ။ သျှသစ်အတိုင်း သမ္ဗန်။ ။[ဋ္ဌ၊ ၁၊ ၁၆၆။ ဋ္ဌသျှ၊ ၂၊ ၉၅။ ဋ္ဌသျှ သစ်၊ ၂၊ ၅၉၄။]

http://www.dhammadownload.com



၆။ ။ နိဝိဋ္ဌော–၌ အဘိဓေယျလိင်္ဂပေါ်လွင်စေလျက် အနက်

["နိဝိဋ္ဌော၊နေကုန်ရာဖြစ်သော ရွာတည်း"ဟု ယောဇနာ။ ဋ္ဌ၊ ၁၊ ၂၅၉။ ဋ္ဌသျှ၊၂၊၃၇၇။ဋ္ဌသျှသစ်၊ ၃၊ ၃၂၄။ ။ဤမေးခွန်း၌လည်း အဘိဓေယျလိင်္ဂ ပေါ်လွင်စေလျက်ဟူသောစကားသည် သရုပ်ကြားအဘိဓေယျလိင်္ဂကိုရည်၍ မေးခြင်းဖြစ်သော်လည်း အဘိဓေယျလိင်္ဂ ၃–မျိုးလုံးနှင့်ဆက်ဆံသောကြောင့် မကောင်းလှ။ "နိဝိဋ္ဌော၏ အရကို ပေါ်လွင်စေလျက် "ဟု မေးလျှင်ကောင်းသည်။ သရုပ်ကြား အဘိဓေယျလိင်္ဂ, သဒ္ဒါယော အဘိဓေယျလိင်္ဂ, ပရိယာယ်အဘိဓေယျလိင်္ဂအားဖြင့် အဘိဓေယျလိင်္ဂ ၃–စားရှိသည်ကို ပထမအုပ် ၁၃၁၅–ခုနှစ်ပါရာဇိကဏ်အဖြေ၌ ဥဒါဟရုဏ်နှင့်တကွ ဖော်ပြခဲ့ပြီ။]

---

၇။ ။ [သျှသစ်အတိုင်း ပေး။ ။ ဋ္ဌ၊ ၁၊ ၂၇၄။ ဋ္ဌသျှ၊ ၂၊ ၄၂၃။ ဋ္ဌသျှ သစ်၊ ၃၊ ၃၇၁။]

---

၈။ ။[ဋ္ဌ၊ ၂၊ ၈၉။ ဋ္ဌသျှ၊ ၃၊ ၄၀၀။ ဋ္ဌသျှသစ်၊ ၄၊ ၂၆၄။]

---

၉။ ။ ဒသကနှ၏ ကရိုဏ်းထည့်၍အနက်

["သုတ္တန္တိ ဒသသုတ္တာနိတိအာဒိနာ၊ သုတ္တန္တိ ဒသသုတ္တာနိ ဤသို့ အစရှိသော။ ဝစနေန၊ သဒ္ဒါဖြင့် "ဟု ထည့်၍ သမ္ဗန်။ ။ဋ္ဌ၊ ၂၊ ၁၀၇။ ဋ္ဌသျှ၊ ၄၊ ၇။ ဋ္ဌသျှသစ်၊ ၄၊ ၃၀၉။

ဒသကန–၏ကရိုဏ်းထည့်နည်း။ ။ဒသေတုံ–၌ ဒသကန၏ ကရိုဏ်းကို ကျမ်းဆရာတို့ တိုက်ရိုက်မထားသည်က များသည်။ ကရိုဏ်းထည့်လိုမူ အာဟကြိယာ၏ အာကာရပုဒ်ရှိက ယင်းအာကာရကို, အာဟကြိယာ၏ ကံပုဒ်ရှိက ယင်းကံပုဒ်ကို ကရိုဏ်းပြင်၍ ထည့်ရသည်။

ဤ၌ သုတ္တန္တိ ဒသသုတ္တာနိတိ အာဒိသည် အာဟကြိယာ၏ကံပုဒ် ဖြစ်၏။ ၎င်းကံပုဒ်ကို "သုတ္တန္တိ ဒသသုတ္တာနိတိအာဒိနာ ဝစနေန"ဟု ဒသကနကရိုဏ်းပြင်၍ ထည့်ရသည်။ ဒသေန္တော အာဟ, ဒီပေတုံ အာဟ, ဒသေတုံ ဝုတ္တံ စသည်ရှိရာ၌ လည်း နည်းတူပင်။

ကျက်။ ။ အာကာရနှင့်၊ အာဟ–၏ကံ၊ ဤနှစ်တန်၊ အမှန် ဒသကန ကရိုဏ်းဖြစ်မြဲ။ (ဘုရားကြီးနိယံ။ ၁၉။)]

---

၁၀။ ။ ကတ္တားလွန်၏စပ်ရာပုဒ် ထည့်စွက်၍ အနက်

["ဝသန္တေန၊ နေသည်။ ဟုတွာ၊ ဖြစ်၍"ဟု ဝသန္တေနနောင် ဟုတွာထည့်ပေး။ ဋ္ဌ၊ ၂၊ ၂၀၀။ ဋ္ဌသျှ၊ ၄၊ ၂၉၉။ ဋ္ဌသျှသစ်၊ ၄၊ ၆၀၂။]

ကတ္တားလွန်၏ စပ်ရာပုဒ်ထည့်နည်း။ ။ဤ၌"ဘိက္ခုနာ,ဝသန္တေန"ဟု ကတ္တားနှစ်ခုပါသည်။ ကတံပုဒ်၏ငဲ့ရင်း ကတ္တားသည် ဘိက္ခုနာဖြစ်သည်။ငဲ့ရင်း ကတ္တားပါပြီးဖြစ်၍ ဝသန္တေနဟူသော ကတ္တားသည်လွန်သည်။ "ဘိက္ခုနာ"ဟု ငဲ့ရင်း ကတ္တား ရှိပြီးဖြစ်၍ ဝသန္တေန ဟူသောကတ္တားလွန်ကို ကတံဟူသော ကြိယာကအစပ်

http://www.dhammadownload.com



မခံနိုင်။ ထို့ကြောင့် ကြိယာဝိသေသန တွာပစ္စယန္တ ဟုတွာထည့်၍ စပ်ရသည်။ ဝသန္တေနဟူသော ကတ္တားလွန်၏စပ်ရာ ဟုတွာထည့်၍ ပေးရသည်။

သျှ, သျှသစ်တို့၌ကား ကြိယာဝိသေသန ဟုတွာပုဒ် မထည့်တော့ဘဲ "နေသဖြင့်, နေလျက်"ဟု တိုက်ရိုက်တစ်ခါတည်း ကြိယာဝိသေသန အနက်ပေးကြသည်။

ဘဂဝါ အာယာစနံ ပဋိက္ခိပန္တော "အလံ မောဂ္ဂလာနာ" တိအာဒိမာဟ ဟူသော (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၅၁။) ၌လည်း ပဋိက္ခိပန္တောနောင် ဟုတွာထည့်ပေး။ တတ္ထ တွံ အစလော ဟုတွာ၊ သမ္မောဓိ ပါပုဏိဿတိ- ဟူသော (အပဒါန၊ ၂၊ ၃၁၈။)၌ကား တိုက်ရိုက်ပင်ရှိသည်။

ကံလွန်၏စပ်ရာပုဒ် ထည့်နည်း။ ။ ကံလွန်၏စပ်ရာကို ကတွာ ထည့်ရသည်။ ပုဗ္ဗ မအော္ဒိတမသယံ သရေန ဝိယောဇယေ။ "တတ္ထသန္ဓိကတ္တုကာမော ပုဗ္ဗဗျဉ္ဇနံ အအော္ဒိတံ အသရံကတွာ"ဟုကတွာ- ထည့် ၍ ဝုတ္တိဖွင့်သည်ကို ထောက်။ သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ-ဟူ သော (ပဋ္ဌာန၊ ၄၊ ၁၃၄။)၌ကား တိုက်ရိုက်ပင်ရှိသည်။

ကျက်။ ။ ကတ္တားလွန်တို့၊ စပ်စေဖို့ရာ၊ ပုဒ်မပါ၊ ဟုတွာ စွက်လေမင်း။ ကမ္မလွန်တို့၊ စပ်စေဖို့ရာ၊ ပုဒ်မပါ၊ ကတွာ-စွက်လေမင်း။ (သမ္ဗန္ဓစိန္တာ ဂဏ္ဌိသစ်။ ၁၁၆။)

---

## ၁၉၈၇ (၁၃၄၈) ခုနှစ်ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍပါဠိ, အဋ္ဌကထာအမှတ် (၂) မေးခွန်း

(က) ဥတ္တရိမနုဿဓမ္မန္တိ ဥတ္တရိမနုဿာနံ ဈာယီနဉ္စေဝ အရိယာနဉ္စ ဓမ္မံ။
(ခ) ပဒဘာဇနေ ပန ယသ္မာ "ဥတ္တရိမနုဿဓမ္မော နာမ ဈာနံ ဝိမောက္ခံ သမာဓိ သမာပတ္တိ ဉာဏဒဿနံ ။ပ။ သုညာဂါရေ အဘိရတီ" တိ ဧဝံ ဈာနာဒယော အနေကဓမ္မာ ဝုတ္တာ၊ တသ္မာ တေသံ သဗ္ဗေသံ ဝိသေန အတ္တုပနာယိကဘာဝံ ဒဿေန္တော " တေဝါ ကုသလေဓမ္မေ အတ္တနိ ဥပနေတီ "တိ ဗဟုဝစနနိဒ္ဒေသံ အကာသိ။

၁။ ။ (ခ)အမှတ်ပြဝါကျကို သမ္ဗန္ဓာမ်အစွဲမလွဲစေဘဲ အကာသိ၏ ကတ္တားပုဒ် ထည့်စွက်လျက် အနက်သမ္ဗန်ပါ။

၂။ ။ (ခ)အမှတ်ပြဝါကျကို အယုတ္တစောဒနာတက်ခဲ့ပါ။ (ဒေါသတင်ရန်မလို)။

၃။ ။ (ခ)အမှတ်ပြဝါကျ၌ ပဒဘာဇနေ-ကိုလည်းကောင်း, ယသ္မာကို လည်းကောင်း ဈာနာဒယော- ကိုလည်းကောင်း သဒ္ဒါနည်းဖြင့် အသီးသီး စာစပ်ပြပါ။

၄။ ။ ဋီကာလာ ဝိ-အနက်နှစ်မျိုးတို့တွင် ဒုတိယအနက်ကို ယူ၍ဝိမောက္ခံ ကို ဝိဂ္ဂဟပြုကာ ဉာဉ်ကောက်ပြပါ။

http://www.dhammadownload.com



၅။ ။ ဈာန်,ဝိမောက္ခ,သမာဓိ, သုည,အာဂါရ-တို့၌ ဓာတု, ပစ္စယခွဲ ပြပါ။

၆။ ။ (က)အမှတ်ပြပါဠိ၌ အာဘောဂတို့ကို သံဝဏ္ဏနာအမည်တို့နှင့်တွဲစပ် ဖော်ပြပါ။

၇။ ။ အဂါရံ,အာဂါရံ ပါဠ်နှစ်ထွေတို့တွင် သင့်ရာပါဠ်ကို သဒ္ဒယုတ္တိပြလျက် ဆုံးဖြတ်ချက် ချမှတ်ပါ။

၈။ ။ (ခ)အမှတ်ပြပါဠိ၌ ကုသလေဓမ္မေ-ဝယ် ဖြစ်သင့်သော ဥပစာ, (က)အမှတ်ပြပါဠိ၌ ဥတ္တရိမနုဿဓမ္မ-ဝယ်ဖြစ်သင့်သောနည်းကို အကြောင်းနှင့်တကွ ဖြေဆိုပါ။

၉။ ။အောက်ဖော်ပြပါ မြန်မာစကားပြေကို ပါဠိစကားပြေစီကုံးပါ။
ရဲဦးအံ့ -ထိုအရိယာသာဝကသည် မဂ်ဖိုလ်နိဗ္ဗာန်ပယ်ပြီးကိလေသာ ကြွင်းကျန်ကိလေသာတို့ကို ဆင်ခြင်ခြင်းအားဖြင့် လွန်စွာဖြစ်သောဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ အရိယာတို့၏ဂုဏ်ဖြစ်သော မဂ်ဖိုလ်ကို ထိုးထွင်း၍သိခြင်း၌ ယုံမှားခြင်းမရှိ၊ ထို့ကြောင့် သောတာပန် စသူတို့၏ ငါကား သကဒါဂါမိတည်း၊ဤသို့စသည်၏ အစွမ်းဖြင့်ရရှိခြင်းသည် မဖြစ်။

၁၀။ ။(ခ)အမှတ်ပြပါဠိ၌ ဝိမောက္ခ- ပုဒ်၏အရကို လက္ခဏာဟာရနေတ္တိနည်းထုတ်ပါ။

---

## ၁၉၈၇ (၁၃၄၈) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂)အဖြေ

---

၁။ ။ ["တေသံ အနေကဓမ္မာနံ၊ ထိုတစ်ပါးမက များစွာကုန်သော တရားတို့ကို" ဟုတေသံ-ဖြင့် အနေကဓမ္မာနံ-ကိုစွဲ။ အကာသိ၏ကတ္တားပုဒ်ကို "ဘဂဝတာ"ဟုထည့်၍ သမ္ဗန်။ ဋ္ဌ၊ ၂၈၀။ဋ္ဌသျှ၊ ၃၊ ၃၇၃။ဋ္ဌသျှသစ်၊ ၄၊ ၂၃၉။]

---

၂။ ။ (မ)အမှတ်ပြပါဠိ အယုတ္တစောဒနာတက်
အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် ပဒဘာဇနီ၌ "တေဝါ ကုသလေ ဓမ္မေ အတ္တနိ ဥပနေတိ"ဟုဗဟုဝုစ်ဖြင့် ညွှန်ပြခြင်းကို ပြုတော်မူပြီ(ဋ္ဌပနာ)အဘယ်ကြောင့် ပဒဘာဇနီ၌ "တေဝါ ကုသလေ ဓမ္မေ အတ္တနိ ဥပနေတိ"ဟု ဗဟုဝုစ်ဖြင့် ညွှန်ပြခြင်းကို ပြုတော်မူပြီးပါသနည်း(အယုတ္တစောဒနာ) ။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောနာတော်မူလိုသော အဋ္ဌကထာဆရာသည်(ခ)အမှတ်ပြပါဠိကို မိန့်။
အဓိပ္ပာယ်ကား။ ။ပဒဘာဇနီ၌"ဥတ္တရိမနုဿဓမ္မာ နာမ ။ပ။ အဘိရတိ" ဟူ၍ ဈာန်အစရှိကုန်သော များစွာကုန်သောတရားတို့ကို ဟောတော်မူအပ်ကုန်သောကြောင့်ထိုအလုံးစုံကုန်သောဈာန်အစရှိကုန်သော များစွာကုန်သောတရားတို့၏

http://www.dhammadownload.com



အစွမ်းဖြင့် မိမိ၌ ရှာန်အစရှိကုန်သော များစွာကုန်သော တရားတို့ကို ဆောင်သည်၏ အဖြစ်ကို (တစ်နည်း) မိမိကို ရှာန်အစရှိကုန်သော များစွာကုန်သော တရားတို့၌ ဆောင်သည်၏ အဖြစ်ကို ပြတော်မူလိုသောကြောင့် " တေ ဝါကုသလေဓမ္မေ အတ္တနိ ဥပနေတိ"ဟု ဗဟုဝုစ်ဖြင့် ညွှန်ပြခြင်းကို ပြုတော်မူပြီးသတည်း–ဟူလို။

[ထောက်ဖွယ်။ ။ အထပဒဘာဇနေ ဗဟုဝစနနိဒ္ဒေသော ကသ္မာ ကတောတိ အာဟ "ပဒဘာဇနေ ပနာ" တိအာဒိ။ (သာရတ္ထ၊ ၂၊ ၂၈၃။)

သူ့အမြင်ကိုယ့်အမြင်။ ။စောဒကက သိက္ခာပုဒ်ပါဠိတော်၌ "ဥတ္တရိမနုဿဓမ္မံ"ဟု ဧကဝုစ်ဖြင့် မိန့်တော်မူပါလျက် ပဒဘာဇနီဖွင့်တော်မူသော အခါ "တေ ဝါ ကုသလေဓမ္မေ"ဟု ဖွင့်တော်မူသည်ကိုမကျေနပ်။ ပရိဟာရက "သိက္ခာပုဒ် ပါဠိတော်၌ ဧကဝုစ်ဖြင့် မိန့်တော်မူသော်လည်း ပဒဘာဇနီဖွင့်တော်မူသောအခါ ဥတ္တရိမနုဿဓမ္မ တွေက ရှာန, ဝိမောက္ခစသည်ဖြင့် များလှသောကြောင့် ထိုများလှသော ဥတ္တရိမနုဿ ဓမ္မတို့၏အစွမ်းဖြင့် ပြတော်မူလိုသည့်အတွက်ကြောင့် ညွှန်ပြတော်မူပါသည်"ဟု ဖြေသည်။ စောဒကနှင့်ပရိဟာရ အမြင်ချင်းမတူကြ။

အဖြေကို မျှော်၍ တက်ရသည်။ ။အဖြေကိုမျှော်၍ တက်ရသည် ဤ၌ ကျမ်းဆရာဖြေလိုရင်းမှာ ပဒဘာဇနေ ဗဟုဝစနနိဒ္ဒေသံ အကာသိတည်း။ ထို့ကြောင့် ထိုဖြေလိုရင်းကိုမျှော်၍ ဥပနာထားသည်။ ယသ္မာ ။ပ။ ဒဿေတ္ဝာ (ဟုတ္ဝာ)သည် ကျမ်းဆရာ၏ အကြောင်းပြစကားတည်း။ ကျမ်းဆရာက "ကြောင့်"ဟု အကြောင်းဖြင့် ဖြေသောကြောင့် (ပါဌသေသ ဟုတ္ဝာကို "ကြောင့်" ဟုပေး။) "အဘယ်ကြောင့် "ဟု အကြောင်းဖြင့် စောဒနာသည်။

ကျက်။ ။ ယတ္ထ ယတ္ထပဒေသွေဝ၊ ဒိဋ္ဌေ ဝိဿဇ္ဇနေ သတိ။
တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊ ပုစ္ဆာ တာဝ ဝိဘာဝိနာ။
(သဒ္ဒဝုတ္တိ။ ၁၁၅)
(၁) အဖြေရှုကာ၊ မေးပုစ္ဆာ၊ လျော်ရာ တင်ထုတ်ဆို။
(၂) အဖြေမြင်က၊ အတင်သိ၊ မိမိ၏ကျမ်းရိုးအနေတည်း။
(ပေါရာဏနိယံ)။

အယုတ္တစောဒနာ ၃–မျိုး အသုံးပြုနည်း။ ။ ကထံ–ဖြင့် မှတ်အပ်သော အယုတ္တစောဒနာ, ကသ္မာဖြင့်မှတ်အပ်သော အယုတ္တစောဒနာ, ကိမတ္ထံ–ဖြင့် မှတ်အပ်သော အယုတ္တစောဒနာအားဖြင့် အယုတ္တစောဒနာ ၃–မျိုးရှိသည်။ ထိုတွင် အကြောင်းဖြင့်ဖြေလျှင် ကသ္မာ–ဖြင့် မှတ်အပ်သော အယုတ္တစောဒနာဖြင့် စောဒနာ ရသည်။ ကသ္မာ–ဖြင့်မှတ်အပ်သော အယုတ္တစောဒနာကို အသုံးပြုရသည်။ အကျိုးဖြင့် ဖြေလျှင် ကိမတ္ထံ–ဖြင့်မှတ်အပ်သော အယုတ္တစောဒနာဖြင့် စောဒနာရသည်။ ထိုမှ ကြွင်းသော သရုပ်အာကာရ စသည်ဖြင့်ဖြေလျှင် ကထံ–ဖြင့် မှတ်အပ်သော အယုတ္တ စောဒနာဖြင့် စောဒနာရသည်။ ဤအယုတ္တစောဒနာဟူသော အသုံးမှာ ဂန္ထာဘရဏ သုံးဖြစ်သည်။ တကယ်တော့ အယုတ္တစောဒနာမှာ ဆန်းလှသည်မဟုတ်၊ နောက်ဆရာတို့ အသုံးအားဖြင့်ကား ပုစ္ဆာပင်တည်း။

http://www.dhammadownload.com



အယုတ္တစောဒနာတက်မှာ ဂဏ္ဌာဘရဏအလိုဖြစ်ပြီး ဒေါသတင်တက်သည်မှာ နောက်ဆရာတို့အလိုဖြစ်၍ တစ်ခြားစီသာဖြစ်သည်။ တစ်ခြားစီဖြစ်သောကြောင့် အယုတ္တစောဒနာတက်၍ ဒေါသရောယှက်ဖွယ်ရာလည်း မရှိပါ၊ "အယုတ္တစောဒနာ တက်၍ ဒေါသတင်ရမည်လား"ဟု သံသယဖြစ်ဖွယ်ရာလည်း မရှိပါ။ ထို့ကြောင့် ပုစ္ဆာ၌ "ဒေါသတင်ရန်မလို "ဟု ထည့်ဖွယ်ရာမလို။]

---

၃။ ။ ပဒဘာဇနေ, ယသ္မာ, ဈာနာဒယော–ပုဒ်တို့စာစပ်

ပဒဘာဇနေ–ကား"၌"ဟူ၍ အနက်ပေးသောကြောင့် ဒသေယန္တော, အကာသိ တို့၌ အာဓာရ၊ ဒသေယန္တော, အကာသိ–တို့ကား အာဓာရ၏ကြိယာ။

ယသ္မာ–ကား "ကြောင့်" ဟူ၍ အနက်ပေးသောကြောင့် ဝုတ္တာ–၌ဟိတ်၊ ဝုတ္တာ ကား ဟိတ်၏ဖိုလ်။

ဈာနာဒယော–ကား "ကုန်သော" ဟူ၍ အနက်ပေးသောကြောင့် အနေကဓမ္မာ– ၌ တုလျာဓိကရဏဝိသေသန၊ အနေကဓမ္မာ–ကား တုလျာဓိကရဏဝိသေသျ။

အပြင်နေ အပြင်မှာစပ်၊ အတွင်းနေ အတွင်းမှာစပ်။ ။ပဒဘာဇနေ ပုဒ်သည် ယသ္မာ, တသ္မာ–တို့၏ အပြင်မှာနေသောကြောင့် ယသ္မာ, တသ္မာတို့၏ အပြင်မှာသာ စပ်နိုင် သည်။ ယသ္မာ, တသ္မာတို့၏အတွင်းဝင် မစပ်နိုင်။ ယသ္မာ–သည် တသ္မာ–၏ အတွင်းမှာ နေသောကြောင့် တသ္မာ၏အတွင်းမှာသာ စပ်နိုင်သည်။ တသ္မာ–၏အပြင်မှာ မစပ်နိုင်။

ကျက်။ ။အပတွင်မို့၊ တွင်းဝင်လို့၊ ယှဉ်ဘို့မထိုက်ပါ။
အပမြင်ရာ၊ ပတွင်သာ၊ ယှဉ်ကာ စပ်ထိုက်ပါ။
အတွင်းဝင်က၊ တွင်းတွင်ပ၊ ယှဉ်ကြ စပ်လိုက်ပါ။
သုံးပုံကြမြောက်၊ပြည့်တန်ကျောက်၊ သံပေါက်သည် လိုက်စာ။ (သျှသစ် နိယံ၊ ၁၊ ၇၉။)

---

၄။ ။ ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

ဝိဝိဓေဟိ ကိလေသေဟိ မောက္ခော ဝိမောက္ခော။ဝိဝိဓေဟိ၊ထူးကုန်သော အပြားတို့ရှိကုန်သော။ဝါ၊အထူးထူးအပြားပြားကုန်သော။ကိလေသေဟိ၊ကိလေသာတို့မှ။ မောက္ခော၊လွတ်သည်တည်း။ဝိမောက္ခော၊ ထူးကုန်သော အပြားတို့ရှိကုန်သော။ ဝါ၊ အထူးထူးအပြားပြားကုန်သော ကိလေသာတို့မှ လွတ်သည်။

ဝိဝိဓေဟိ ကိလေသေဟိ မောက္ခော–ကား ပဥ္စမီတပ္ပုရိသ်သမာသ်ဝိဂ္ဂြဟ်၊ ဝိမောက္ခော–ကား ပဥ္စမီတပ္ပုရိသ်သမာသ်ပုဒ်။ဝိ–ပုဒ်၊မောက္ခ–ပုဒ်။ဤဝိမောက္ခောဟူသော ပဥ္စမီတပ္ပုရိသ်သမာသ်ပုဒ်၌ ဝိ–ဟူသော ရှေ့ပုဒ်၏အရကား ထူးကုန်သောအပြား တို့ရှိကုန်သော။(တစ်နည်း) အထူးထူးအပြားပြားကုန်သော ကိလေသာတို့သည် မုချအားဖြင့်ရ၏။ထိုထူးကုန်သော အပြားတို့ရှိကုန်သော(တစ်နည်း) ထိုအထူး ထူးအပြားပြားကုန်သော ကိလေသာတို့၏ လွတ်သော အရိယာမဂ်နှင့် အပါဒါန, အပါဒါနီ ပဟာတဗ္ဗ, ပဟာယက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့်

http://www.dhammadownload.com



ရ၏။ ဝိမောက္ခော–ဟူသော သမာသ်ပုဒ် လုံး၏အရကား ထိုမုချ,ဌာနူပစာတို့ဖြင့် မှတ်အပ်သော ထူးကုန်သော အပြားတို့ရှိ ကုန်သော, (တစ်နည်း) အထူးထူးအပြားပြား ကုန်သော ကိလေသာတို့မှ လွတ်သော အရိယာမဂ်ရ၏။

မှတ်ချက်။ ။ ဤဝိဂ္ဂဟကား သုဋ္ဌု မုတ္တော, ဝိဝိဓေဟိ ဝါ ကိလေသေဟိ မုတ္တောတိ ဝိမောက္ခော။ (ဋ္ဌ၊ ၂၊ ၈၅။)–နှင့် ယင်းအဋ္ဌကထာနောက်နည်းဖြင့် "မောက္ခတိ မုစ္စတီတိ မောက္ခော၊ ဝိဝိဓေဟိ ကိလေသေဟိ မောက္ခော ဝိမောက္ခော–ဟု ပြုရမည်ကိုပြ၏"ဟုဆိုသော သျှသစ်, ဂဏ္ဌိတို့အလိုကျ ဝိဂ္ဂဟဖြစ်သည်။

[အခြားနေရာ အခြားဆရာတို့ဝိဂ္ဂဟ။ ။ (သာရတ္ထ၊ ၁၊၂၉၅။)၌ကား "သဗ္ဗသော ပဋိပက္ခေဟိ ဝိမုစ္စတီတိ ဝိမောက္ခော"ဟု ကိတ်ဝိဂ္ဂဟပြုသည်။ (မဏိမဉ္ဇူ၊ ၂၊ ၅၆၄။)၌လည်း "ပဋိပက္ခတော ဝိမုစ္စတီတိ ဝိမောက္ခော"ဟု ကိတ်ဝိဂ္ဂဟပင် ပြုသည်။ "ဋီကာလာ ဝိ အနက်နှစ်မျိုးတို့တွင် ဒုတိယအနက်ကို ယူ၍"ဟု မေးသော မေးခွန်းသည် ဤအဋ္ဌကထာကို ရည်၍ မေးသောမေးခွန်းဖြစ်၍ ဝိဝိဓေဟိ ကိလေသေဟိ မောက္ခော ဝိမောက္ခော–ဝိဂ္ဂဟသာ ဤ၌ လိုသည်။

အမှန်မှာ ဋီကာလာ မဟုတ်။ ။ သာရတ္ထ က "ဝိမောက္ခောတိ ဧတ္ထ ဝိ သဒ္ဒေါ ဝိသေသတ္ထော, ဝိဝိဓတ္ထောတိ ဝါ ဒဿေန္တော အာဟ "သုဋ္ဌု မုတ္တော တိ အာဒိ"ဟု ဖွင့်ပြခြင်းမှာ အဋ္ဌကထာလာ ဝိ–အနက်နှစ်မျိုးကိုထပ်ဆင့်ဖွင့် ပြခြင်းသာ ဖြစ်သည်။ သူ့အလိုအားဖြင့် တစ်မျိုးတစ်ဖုံ ဖွင့်ပြခြင်း မဟုတ်၊ ထို့ကြောင့် ဋီကာလာ ဝိ–အနက်နှစ်မျိုးမဟုတ်၊ အဋ္ဌကထာလာ ဝိ–အနက်နှစ်မျိုးသာဖြစ်သည်။]

---

၅။ ။ဓာတွာဒိ ဝိဘာဂ

ဈာန်–၌ ဈေ – ဓာတု၊ယု–ပစ္စယ။(ဓာန်၊ ဋီ၊ ၁၇၁၊) (တစ်နည်း) ဈပ ဓာတု၊ယု–ပစ္စယ။(နီတိ၊ ဓာတု။ ၃၂၃။)

ဝိမောက္ခ–၌ ဝိ–ပုဗ္ဗ,မောက္ခ–ဓာတု၊ အ–ပစ္စယ။(တစ်နည်း) ဝိ–ပုဗ္ဗ, မုစ– ဓာတု၊ တ–ပစ္စယ(တဿခေါ)။(နီတိ၊ဓာတု။ ၂၁၊ ၂၂၃။ဓာန်၊ဋီ၊ ၆၉၆)

သမာဓိ–၌ သံ–ပုဗ္ဗ, အာ–ပုဗ္ဗ, ဒဟ–ဓာတု၊ ဏ္ဍ–ပစ္စယ။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၂၊ ၈၅)(တစ်နည်း)သံပုဗ္ဗ,အာ–ပုဗ္ဗ ဓာ–ဓာတု၊ ဏ္ဍ–ပစ္စယ။ (တစ်နည်း) အဓိ–ပုဗ္ဗ, သမု ဓာတု၊ အ–ပစ္စယ။ (နိရုတ္တိနည်းဖြင့် ရုပ်ပြီး) (ဓာန်၊ ဋီ၊ ၁၅၅။)

သုည–၌ သုန–ဓာတု၊ အ–ပစ္စယ။ (ဓာန်၊ ဋီ။ ၆၉၈။)

အဂါရ–၌အဂ–သဒ္ဒူပပဒ ရာ–ဓာတု၊ဏ–ပစ္စယ။(ဓာန်၊ဋီ၊၂၀၅၊ဓာတုပစ္စယဒီပနီ။၄၄)(တစ်နည်း)အဂ–ဓာတု၊အာရ–ပစ္စယ။(မောဂ်၊၇၊၁၆၄။)

---

၆။ ။ (က)အမှတ်ပြဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ။

ဈာယိနဒွေဝ အရိယာနဉ္စ–ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ဥတ္တရိမနုဿ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အရကို ဈာယီ, အရိယာတို့ကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

http://www.dhammadownload.com



ဥတ္တရိမနုဿာနံ ဓမ္မံ-ဟူသော သံဝဏ္ဏေနာပါဌ်ဖြင့် ဥတ္တရိမနုဿဓမ္မံ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်, ယင်းဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏ သမ္ဗန္ဓအနက်ဟောခြင်း၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဥတ္တရိမနုဿဓမ္မံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဥတ္တရိမနုဿာနံ ဓမ္မော ဥတ္တရိမနုဿဓမ္မော"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

---

၇။ ။ ပါဌ်အဆုံးအဖြတ်

အဂ-သဒ္ဒူပပဒ ရာ-ဓာတ်, ဏ- ပစ္စည်းသက်၍ "အဂါရံ" ဟူ၍လည်းကောင်း, အ-ကို အာ- ဒီဃပြု၍ "အာဂါရံ"ဟူ၍လည်းကောင်း ပြီးသောကြောင့် အဂါရံ,အာဂါရံ ပါဌ်နှစ်ထွေလုံး သင့်ပါသည်။

[ထောက်ဖွယ်။ ။န ဂစ္ဆန္တီတိ အဂါ၊ ထမ္ဘာဒယော။ တေ ရာတိ ဂဏှာတီတိ အဂါရံ။ရဿဿ ဒီဃတ္တေ အာဂါရံ။(ဓာန်၊ ဋီ၊ ၂၀၅) နီတိ၊ သုတ္တ၊ ပါဠိနယာဒိသင်္ဂဟ။ ။(နာ၊ ၄၁၉) ၌လည်း အဂါရံ, အာဂါရံ ၂-မျိုးလုံးပင်ပြသည်]

---

၈။ ။ နည်း, ဥပစာ

ကုသလေဓမ္မေ-ဝယ် ကုသလဓမ္မ-သဒ္ဒါသည် အစိတ်ဖြစ်သော ကုသိုလ်တရားတို့၏ ကုသလဓမ္မ-ဟူသော အမည်ကို အပေါင်းဖြစ်သော ကုသိုလ်တရား, ကဗျာကတတရားတို့၌ တင်စား၍ အပေါင်းဖြစ်သော ကုသိုလ်တရား, အဗျာကတတရားတို့ကို "ကုသလဓမ္မာ"ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသူပစာ, အဝယဝူပစာမည်၏။

[ထောက်ဖွယ်။ ။ကိဉ္စာပိ ဥတ္တရိမနုဿဓမ္မော အဗျာကတောပိ ဟောတိ၊ အာရောဂျွေန ပန ဗာဟိတိကသုတ္တေ ဝိယ "ကုသလဓမ္မောတိ"တိ ဝုတ္တံ။ (သာရတ္ထ၊ ၂၊ ၂၈၃။)]

ဥတ္တရိမနုဿဓမ္မော-ဟူသော နည်းသည် ပကတိလူတို့ထက်မြတ်ကုန်သော ဈာယီ, အရိယာလူတည်းဟူသော ဌာနဖြင့် ဈာန်မဂ်ဖိုလ်တရားတည်းဟူသော ဌာနီကိုမှတ်၍ ပကတိလူတို့ထက် မြတ်ကုန်သော ဈာယီ,အရိယာလူတို့၏ ဈာန်မဂ်ဖိုလ်တရားတည်းဟူသော အများကိုဆိုသဖြင့် ပကတိနတ်ဗြဟ္မာတို့ထက် မြတ်ကုန်သော နတ်ဗြဟ္မာတို့၏ ဈာန်မဂ်ဖိုလ်တရားတည်းဟူသော အနည်းကိုလည်း ရသောကြောင့် တဗ္ဗဟုလနည်းမည်၏။ (ကင်္ခါဋီကာသစ်)

(တစ်နည်း) ဥတ္တရိမနုဿဓမ္မော-ဟူသောနည်းသည် ပကတိလူတို့ထက် မြတ်ကုန်သော ဈာယီ, အရိယာလူတို့၏ ဈာန်မဂ်ဖိုလ်တရားတည်းဟူသော အနီးကို ဆိုသဖြင့် ပကတိနတ်ဗြဟ္မာတို့ထက် မြတ်ကုန်သောဈာယီ အရိယာနတ်ဗြဟ္မာတို့၏ ဈာန်မဂ်ဖိုလ် တရားတည်းဟူသော အဝေးကိုလည်း ရသောကြောင့် ပစ္စာသန္နနည်းမည်၏။ (ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ။)

[ထောက်ဖွယ်။ ။မနုဿဂ္ဂဟဏံ စေတ္ထ တေသု ဗဟုလံ ဝစနတ္ထတော။ (ကင်္ခါဋီသစ်၊ ၂၁၆။)။ဈာန်မဂ်ဖိုလ်ရသူတို့တွင် လူကများသောကြောင့်

http://www.dhammadownload.com



တမ္ဘဟုလနည်းအားဖြင့်"မနုသ"ဟုဆိုထားသည်။ နတ်ပြဟ္မာများ၏ရှာန်မင်္ဂဖိုလ်တရားလည်း ဥတ္တရိမနုဿဓမ္မပင် ဟူလို။

ဥတ္တရိမနုဿနံ သန္တကော ဓမ္မော ဥတ္တရိမနုဿဓမ္မော၊ဈာနမဂ္ဂ ဖလဓမ္မော။ ဣဓ မနုဿဂ္ဂဟဏံ ဒေဝဗြဟ္မာနမ္ပိ သန္တကော သမာနော ကာကော ဝါရယာ မဏ္ဍော တသ္မာဒိသု ဝိယ ပစ္စာသန္နာဒိနယေန ဝုတ္တံ။(ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၊၁၀၁)မနုဿဓမ္မ၌ရနိုင်သောနည်းများကိုလည်းတစ်နည်းအားဖြင့် ဖွင့်ပြသေးသည်။ယင်း၌ရှု။]

---

၉။ ။ [၄၊ ၂၊ ၈၀။]

---

၁၀။ ။ လက္ခဏာဟာရနေတ္တိနည်း

ဝိမောက္ခ– ပုဒ်၏အရ အရိယာမင်္ဂလေးပါးကိုယူသဖြင့် ထိုအရိယမင်္ဂလေးပါးနှင့်နိယျာနလက္ခဏာတူသောကြောင့်လည်းကောင်း,ထိုနှင့်တကွဖြစ်လေ့ရှိသောကြောင့်လည်းကောင်း,ထိုနှင့်ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း သမုဒယသစ္စာကို ပယ်ခြင်း နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်း ကိစ္စတူသောကြောင့်လည်းကောင်း, ထိုနှင့် အနိစ္စာနုပဿနာစသောအကြောင်း တူသောကြောင့်လည်းကောင်း, ထိုနှင့်ဖိုလ်တည်းဟူသောအကျိုးတူသောကြောင့်လည်းကောင်း, ထိုနှင့်နိဗ္ဗာန်တည်းဟူသော အာရုံတူသောကြောင့်လည်းကောင်း, ထိုနှင့် ကုသိုလ်ဇာတ်တူသောကြောင့်လည်းကောင်း, ထိုနှင့် ပဏီတဂုဏ်တူသောကြောင့်လည်းကောင်း, ထိုနှင့် ထူးကုန်သော အပြားတို့ရှိကုန်သော (တစ်နည်း) အထူးထူးအပြားပြားကုန်သော ကိလေသာတို့မှ လွတ်ခြင်း ကြိယာတူသောကြောင့်လည်းကောင်း, ထိုနှင့် မဂ္ဂဓမ္မဒြပ်တူသောကြောင့်လည်းကောင်း, ထိုနှင့် မင်္ဂဟူသောအမည် တူသောကြောင့်လည်းကောင်း မင်္ဂစိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။ ဤသို့သုတ်၌ မလာသောတရားတို့ကို ဧကလက္ခဏစသောအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာဟာရမည်၏–ဟူလိုသော်။

---

## ၁၉၈၈ (၁၃၅၀) ခုနှစ်ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ သစ္စံ ဘော ဂေါတမ နိမန္တိတတ္တ မယာ ဝဿံ ဝုတ္ထာ၊ အပိ စ ယော ဒေယျဓမ္မော၊ သော န ဒိန္နော။ တဉ္စ ခေါ နော အသန္တံ၊ နောပိအဒါတုကမျတာ–ကို အနက်သမ္ဗန်ခဲ့ပါ။

၂။ ။ ဒိသွာန ဒါရုဂဟေ ဂဏကဲ တေဒဝေါစ "ကိဿ တွံ အာဝုသော ဗန္ဓော နိယျာသိ" တိ " ဒေဝဿ ဘန္တေ ဒါရူနံ ကိစ္စာ" တိ–၌ အနက်သမ္ဗန်ခဲ့ပါ။

http://www.dhammadownload.com



၃။ ။ ဘိက္ခု စ နံ လူတ္တိယာ ကာယေန ကာယံ အာမသတိ ပရာမသတိ သြမသတိ ဥမ္မသတိ သြလင်္ဃေတိ ဥလ္လင်္ဃေတိ ပတိကမုတိ- ကိုဥပသာရတို့၏ ဓာတေတတ္ဗတ္တာ ထင်ရှားစေလျက် အနက်သမ္ဗန်ခဲ့ပါ။

၄။ ။ သုသု ယထာ သက္ခရဓောတပါထိ၊

တာသေသိ မံ သေလမာယာစမာနော။

တံ တေ န ဒဿံ အတိယာစကောသိ-ကို ဥပမာနန္တောဂမပြု၍ အနက်သမ္ဗန်ခဲ့ပါ။

၅။ ။ ကေစိ အဂ္ဂိ ပရိစရန္တိ၊ ကေစိ ပဥ္စာတပေန တာပေန္တိ၊ ကေစိ အာဒိစ္စံ အနုပရိဝတ္တန္တိ၊ ကေစိ ဓမ္မဥ္စ ဝိနယဥ္စ ဝေါ ဘိန္ဒိဿာမာတိ ပက္ကမိံသု- ကို ပဥ္စာတပေန-၌ ပဥ္စသရုပ်ဖော်လျက် အနက်သမ္ဗန်ခဲ့ပါ။

၆။ ။ မုဒုတ္တာ ဝေ စ ကမ္မနိယေ ကမ္မက္ခမေ၊ ကမ္မယောဂ္ဂေတိ ဝုတ္တံ ဟောတိ။ မုဒု ဟိ စိတ္တံ ကမ္မနိယံ ဟောတိ သုဝဏ္ဏမိဝ သုဝဏ္ဏံ-ဟူသော အဋ္ဌကထာပါဠ်ကို မုဒုတ္တာ-၏ သမ္ဗန်ထည့်၍လည်းကောင်း, သုဝဏ္ဏံ-၌ သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ ထင်စေလျက်လည်းကောင်း အနက်သမ္ဗန်ခဲ့ပါ။

၇။ ။ တတ္ထ သမ္ဗန္ဓန္တိ မဓုရံ၊ သာဓုရသန္တိ အတ္ထော။ ယထေဝ ဟိ "တတြဿ ရက္ခော သမ္ဗန္ဓဖလော စ ဥပပန္နဖလောစာ "တိ ဧတ္ထ မဓုရ- ဖလောတိ အတ္ထော။ ဧဝမိဓာပိ သမ္ဗန္ဓန္တိ မဓုရံ သာဓုရသန္တိ ဝေဒိတဗ္ဗံ- ကိုအနက် မှန်မှန် သမ္ဗန်ခဲ့ပါ။

၈။ , ။ အယံ ပန ဝိသေသော-ပတဂ်မုခမဏ္ဍူကာ နာမ ဟောန္တိ၊ တေသံ မုခသဏ္ဌာနံ မဟန္တံ၊ ဆဒ္ဒံ အပ္ပကံ တတ္ထ ပဝေသနံ နပ္ပဟောတိ- ကိုသဗ္ဗနာမ် ပုဒ်တို့၏အစွဲမှန်စေလျက် အနက်သမ္ဗန်ခဲ့ပါ။

၉။ ။ အထ ဥဒ္ဒိခါထုကာ န ဟောန္တိ၊ သမမေဝ ဗာဟံ ကတွာ မဇ္ဈေ ဝိဇ္ဈိတွာ အက္ခသီသာနိ ပဝေသိတာနိ ဟောန္တိ။ တံ ဟေဋ္ဌိမတလဿ သမန္တာ သဗ္ဗံ ပထဝိ ဖုသိတွာ တိဋ္ဌတိ-ကို အနက်သမ္ဗန်ခဲ့ပါ။

၁၀။ ။ ယာနေန ဝါ လူတ္တိယာ ဝါ ဂစ္ဆန္တေပိ ပါရာဇိကံ နာပဇ္ဇတိ၊ ပဒဂမနေနေဝ အာပဇ္ဇတိ။ တမ္ပိ ယေဟိ သဟာကတိကာ ကတာ။ တေဟိ သဒ္ဓိံ အပုဗ္ဗံ အစရိမံ ဂစ္ဆန္တော နာပဇ္ဇတိ-ကို အပုဗ္ဗံ အစရိမံ-၌ သဒ္ဒတ္ထ အဓိပ္ပါယတ္ထ ထင်စေလျက် အနက်သမ္ဗန်ခဲ့ပါ။

http://www.dhammadownload.com



## ၁၉၈၈ (၁၃၅၀) ခုနှစ်ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

၁။ ။ [ ပါ၊ ၁၂။ ပါသျှ၊ ၄၈။ ]

၂။ ။ [ ပါ၊ ၅၃။ ပါသျှ၊ ၁၂၃။ ။ ၁၃၂၆, ၁၃၃၇ ( ၁ ၉ ၇ ၆ ) ၁၃၄၃-ခုနှစ်များက မေးခဲ့ပြီ။ ]

၃။ ။ [ သျှအတိုင်းသမ္ဗန်။ ပါ၊ ၁၇၅။ ပါသျှ၊ ၂၃၀။ ]

၄။ ။ [ ပင်ကိုအရိုက ဥပမာနန္တောဂဓဖြစ်၍ အရှိအတိုင်း သျှသမ္ဗန် သည့်အတိုင်း သမ္ဗန်။ ။ဥပမာန အပြင်နေရာ၌ အတွင်းသွင်း သမ္ဗန်နိုင်းရသည်။ အတွင်းနေရာ၌ အပြင်ထုတ်သမ္ဗန်နိုင်းရသည်။ ။ပါ၊ ၂၂၁။ပါသျှ၊ ၂၆၉။၁၃၄၀ ခုနှစ်ကလည်း မေးခဲ့ပြီ။ ]

၅။ ။ ပဥ္စာတပေန-၌ ပဥ္စသရုပ်ဖော်လျက် အနက်
["ပဥ္စာတပေန၊ မိမိ၏ပတ်လည်ဝန်းကျင် လေးဘက်အရပ်တို့၌ မီး၏ အပူ, အထက်အရပ်၌ နေ၏အပူတို့၏ အစွမ်းဖြင့် ငါးခုသောအပူဖြင့်"ဟု ပဥ္စသရုပ်ဖော် လျက်သမ္ဗန်။ ။ဋ္ဌ၊၁၊၄၀။ဋ္ဌသျှ၊၁၊၁၄၃။ဋ္ဌသျှသစ်၊၁၊၃၃၀။ ]

၆။ ။ သုစန္တံ-၌ သဒ္ဒတ္တ, အဓိပ္ပါယတ္တ ထင်စေလျက် အနက်
["စိတ္တသေ၊စိတ်၏။ဝါ၊စိတ်သည် "ဟု မုဒ္ဒတ္တာ၏သမ္ဗန်ထည့်။သုစန္တံ၊ ကောင်းစွာ မိုက်ဝ၌မှတ်အပ်ပြီးသော (သဒ္ဒတ္တ)။ဝါ၊ကောင်းစွာ ဦးအပ်ပြီးသော (အဓိပ္ပါယတ္တ)။ (သျှသစ်) (တစ်နည်း)။သုစန္တံ၊ကောင်းစွာ ဖိုလ်ဝ၌မှတ်အပ်ပြီးသော (သဒ္ဒတ္တ)။ ဝါ၊ ကောင်းစွာ ကြဉ်အပ်ဦးအပ်ပြီးသော (အဓိပ္ပါယတ္တ)။(ဂဏ္ဌိသစ်) ကြွင်းသမ္ဗန်လေ။ ။ဋ္ဌ၊၁၊၁၂၇။ဋ္ဌသျှ၊၁၊၄၄၈။ဋ္ဌသျှသစ်၊၂၊၃၆၄။ ]

၇။ ။ [ဋ္ဌ။၁၊၁၅၀။ဋ္ဌသျှ၊ ၂၊၄၉။ဋ္ဌသျှသစ်၊ ၂၊၅၀၇]

၈။ ။["အယံ-ဝုစ္စမာနော၊ ဤဆိုအပ်လတ္တံ့သည်ကား"ဟု အယံ-ဖြင့် ဝုစ္စမာနော- ကိုစွဲ။ ကြွင်းသျှသစ်အတိုင်း စွဲသမ္ဗန်။ ။ဋ္ဌ၊ ၁၊ ၂၂၄။ ဋ္ဌသျှ၊ ၂၊ ၂၇၆။ ဋ္ဌသျှသစ်၊ ၃၊ ၂၀၇။]

http://www.dhammadownload.com



၉။ ။ [ဋ္ဌ၊ ၁၊ ၂၉၂။ ဋ္ဌသျှ၊ ၂၊ ၄၇၆။ ဋ္ဌသျှသစ်၊ ၃၊ ၄၂၀။]

---

၁၀။ ။ အပုဗ္ဗံ အစရိမံ-၌ သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ ထင်စေလျက် အနက်

[ အပုဗ္ဗံ၊ ရှေးမဟုတ်။ အစရိမံ၊ နောက်မဟုတ် (သဒ္ဒတ္ထ)။ (တစ်နည်း) အပုဗ္ဗံ အစရိမံ၊တစ်ပြိုင်နက် (အဓိပ္ပါယတ္ထ)။ ။ ဋ္ဌ၊ ၂၊ ၉၅။ ဋ္ဌသျှ၊ ၃၊ ၄၁၆။ ဋ္ဌသျှသစ်၊ ၄၊ ၂၇၀။

ထောက်ဖွယ်။ ။ အပုဗ္ဗံ အစရိမန္တိ အပုရေ အပစ္ဆာ ဧကက္ခဏေယေဝ (အံ၊ဋ္ဌ၊၃၊၁၄၉။) အပုဗ္ဗံ အစရိမန္တိ အပုရေ အပစ္ဆာ၊ ဧကပ္ပဟာရေနေဝါတိ အတ္ထော။ (အဘိ၊ ဋ္ဌ၊ ၃၊ ၃၇။)

ဝေါဟာရတ္ထ။ ။ "အပုဗ္ဗံ အစရိမံ၊ မရှေးမနောင်း။ ဝါ၊ ရှေ့ဆင့် နောက်ဆင့် "ဟု သျှသစ်ပေးသည်မှာ ဝေါဟာရတ္ထသာ။ ယင်းကိုကြည့်၍ နှစ်နက် အစဉ်အတိုင်း သဒ္ဒတ္ထ, အဓိပ္ပါယတ္ထယူ၍ မေးလျှင်တော့ မှားပြီသာ။]

---

## ၁၉၈၈ (၁၃၅၀) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) သာမိကံ ပရာဇေတီတိ ဝိနိစ္ဆယိကာနံ ဥက္ကောစံ ဒတွာ ကူဋသက္ခိံ ဩတာရေတွာ အာရာမသာမိကံ ဇိနာတီတိ အတ္ထော။

(ခ) အာပတ္တိ ပါရာဇိကဿာတိ န ကေဝလံ တဿေဝ၊သဗ္ဗေသမ္ပိ တဿ အတ္ထသာဓနေ ပဝတ္တာနံ ကူဋဝိနိစ္ဆယိကာနမ္ပိ ကူဋသက္ခီနမ္ပိ ပါရာဇိကံ။

(ဂ) တေ စ သာမိကဿ ဓုရနိက္ခေပဝသေနေဝ ပရာဇယော ဝေဒိတဗ္ဗော။

(ဃ) အနိက္ခိတ္တဓုရော ဟိ အပရာဇိတောဝ ဟောတိ။

၁။ ။တဿေဝ တဿ-တို့၌ ထည့်သင့်သောဝိသေသနပါဌ်ကို ထည့်၍ ကူဋဝိနိစ္ဆယိကာနမ္ပိ-၌ အဘိဓာနတ္ထ ထင်ရှားစေလျက် (ခ)အမှတ်ပြဝါကျကိုသာ အနက် ယောနေခဲ့ပါ။

၂။ ။တေ-၏အစွဲနှင့် ညီညွတ်အောင် မှန်ကန်စွာ ဋ္ဌပနာသွင်း၍ (ဂ) အမှတ်ပြဝါကျကို သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။(အဓိပ္ပါယ်ပြန်ရန် မလို)

၃။ ။ (ခ)(ဂ)(ဃ)အမှတ်ပြဝါကျတို့ကို ရှေ့နောက်ထောက်ဆ အကြောင်း ပြ၍ အသီးအသီး ဝါကျအမည်ပေးခဲ့ပါ။

၄။ ။ (ခ)အမှတ်ပြဝါကျပါ ကူဋဝိနိစ္ဆယိက-ကို အစိတ်, အပေါင်းဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟ၌သာ ဉာသ်နည်းအရ ကောက်ပြပါ။

http://www.dhammadownload.com



၅။ ။ကုဋ္ဌ, သက္ခ, နိက္ခိတ္တ, ဝိနိစ္ဆယ, ဥက္ကောစ–ပုဒ်တို့ကို ဓာတု, ပစ္စယ အားဖြင့် ခွဲခြားပေါ်ပြပါ။

၆။ ။(က)အမှတ်ပြဓါကျ သံဝဏ္ဏနာဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏ အာဘောဂကို ဖြစ်ထိုက်သော သံဝဏ္ဏနာအမည်နှင့် တွဲဖက်၍ ရှင်းလင်းစွာပေါ်ပြပါ။

၇။ ။(က)အမှတ်ပြဓါကျ၌ "ဥက္ကောစံ"ဟူ၍လည်းကောင်း, "ဥက္ကောဋံ" ဟူ၍လည်းကောင်း ပါဠိနှစ်ထွေရှိရာ သင့်မြတ်ရာပါဠ်ကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ဖြေဆိုပါ။

၈။ ။(ခ)အမှတ်ပြဓါကျပါ အာပတ္တိပါရာဇိကဿ–၌ ရသင့်သောနည်း, (က)အမှတ်ပြဓါကျပါ သာမိကံ–၌ ရသင့်သော ဥပစာတို့ကို အကြောင်းပြ ဖြေဆိုပါ။

၉။ ။အောက်ပါ မြန်မာစကားပြေဓါကျကို ပါဠိစကားပြေဓါကျ ပြောင်းလဲရေးသားပါ။
အကြင်အခါ အရာမ်ပိုင်ပုဂ္ဂိုလ်သည် "ဤရဟန်းဟာ ခက်ထန်ကြမ်းကြုတ်၏။ ငါ့အား အသက်အန္တရာယ်, အကျင့်မြတ်အန္တရာယ်ကိုသော်လည်း ပြုတန်ရာ၏။ ယခုအခါ ငါ့အား ဤအရာမ်ဖြင့် အလိုမရှိသင့်ပြီ"ဟု ကြံဆ၍ "အားထုတ်ခြင်း"ဟု ဆိုအပ်သော ဝန်ကို ချပြီးအံ့၊ ထိုအခါ တရားဆင်သော စောဒကရဟန်းသည် ပါရာဇိကအာပတ်သို့ ရောက်လေတော့၏။

၁၀။ ။(က)အမှတ်ပြဓါကျ သာမိကံ ပရာဇေတိ–၌ သာမိကံ–အရ ဥပါဒါ နက္ခန္တကိုကောက်ယူ၍ ပဒဋ္ဌာနဟာရနေတ္တိနည်း သင္ဂဟာယတန တိုင်ရုံမျှ ဝေဖန်ပြပါ။

---

## ၁၉၈၈ (၁၃၅၀) ခုနှစ် ဓမ္မာစရိယတန်း
## ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ (ခ)အမှတ်ပြဓါကျ အနက်
အာပတ္တိ ပါရာဇိကဿာတိ၊ အာပတ္တိ ပါရာဇိက–ဟူသည်ကား။ ကေဝလံ၊ အခြားများနှင့် မရောမယှက် သက်သက်။(အဘိယုဉ္ဇကဿ၊ တရားစွဲသော။) တဿေဝ–ဘိက္ခုနော၊ ထိုရဟန်းအားသာလျှင်(ပါရာဇိကံ၊ ပါရာဇိကအာပတ် သင့်သည်။) န (ဟောတိ)၊ ဖြစ်သည်မဟုတ်သေး။ သဥ္ဆိစ္စ၊ အရှင်ကို ရှုံးစေလိုသော စေတနာရှိသည်ဖြစ်၍။ (အဘိယုဉ္ဇကဿ၊သော။)တဿ–ဘိက္ခုနော၏။ အတ္ထ သာဓနေ၊ အကျိုး(ကိစ္စ)ကို ပြီးစေခြင်း၌။ ပဝတ္တာနံ၊ ဖြစ်ကုန်သော။ ဝါ၊ ပါဝင်ကုန်သော။ ကူဋဝိနိစ္ဆယိကာနမ္ပိ၊ စဉ်းလဲသော အဆုံးအဖြတ်၌ ယှဉ်ကုန်သော တရားသူကြီး ဝိနည်းဓိုရ်ရဟန်းတို့အားလည်းကောင်း။ ကူဋသက္ခီနမ္ပိ၊ စဉ်းလဲသော သက်သေရဟန်းတို့ အားလည်းကောင်း။သဗ္ဗေသံ၊အလုံးစုံကုန်သောရဟန်းတို့အား။ပါရာဇိကံ၊ပါရာဇိက အာပတ်သည်။ (ဟောတိ၏။) (ဋ္ဌ၊ ၁၊ ၂၉၅။ ဋ္ဌသျှ၊၂၄၈၆။ ဋ္ဌသျှသစ်၊၃၊၄၃၀။)

http://www.dhammadownload.com



[ဝိသေသနပါဌ် ထည့်ရာ၌ ထောက်ဖွယ်။ ။ န ကေဝလံ တသေ၀ အဘိယုဥ္ဇကဿ ပါရာဇိကံ၊သဥ္စိစ္စ တဿ အဘိယုဥ္ဇကဿ ပါရာဇိကံ။ (ယောဇနာ ၁၇၂။)ကို ထောက်၍ ဝိသေသနပါဌ်ကို "အဘိယုဥ္ဇကဿ"ဟု ထည့်သည်။

ဆက်လျက်ရှိသော ဓမ္မံ စရန္တော ပရဇ္ဇတီတိ သယံ ပရာဇယံ ပါပုဏာတိ ဟူသော အဋ္ဌကထာကို ဖွင့်သော သယံ ပရာဇယံ ပါပုဏာတီတိ ကူဋဋ္ဋကာရကော (ကောက်ကျစ်စဉ်းလဲသောအားဖြင့် တရားစွဲသောရဟန်းသည်) ပရာဇယံ ပါပု ဏာတိ။ (သာရတ္ထ၊ ၂၊ ၁၄၃။)ကိုလည်း ထောက်သည်။

သျှ၌လည်း "တသေ၀ အဘိယုဥ္ဇကဿ တဿ အဘိယုဥ္ဇကဿ"ဟု အဘိယုဥ္ဇက-ကိုပင်စွဲသည်။ ဂဏ္ဌိ (၅၁၆)၌လည်း "တသေ၀၊ ထိုတရားတွေ့သော ရဟန်းအား။ တဿ၊ထိုတရားတွေ့သော ရဟန်း၏"ဟု ပေးသည်။

သျှသစ်၌ကား "ဓမ္မံ၊ အဆုံးအဖြတ်ကို။ စရန္တဿ၊ ပြုသော"ဟု ဝိသေသနပုဒ် ထည့်သည်။ အဓိပ္ပါယ်မကောင်း၍ စဉ်းစားပါ။

အဘိဓာနတ္ထ အဘိဓေယျတ္ထ ထင်စေရာ၌ ထောက်ဖွယ်။ ။ ကူဋဝိနိစ္ဆယိကာနန္တိ ကူဋဝိနိစ္ဆယေ နိယုတ္တာနံ ဝိနယဓရာနံ-ဟူသော သာရတ္ထကို ထောက်၍ သာရတ္ထနှင့်အညီ အဘိဓာနတ္ထ အဘိဓေယျတ္ထထင်စေလျက် ကူဋဝိနိစ္ဆယိကာနံ-ကို ယောဇနာသည်။]

---

၂။ ။(ဂ)အမှတ်ပြဝါကျ သာဘောဂ (ဌပနာတိက) ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် သာမိကံ ပရာဇေတိ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ အဆုံးအဖြတ်၌ ယှဉ်ကုန်သော တရားသူကြီး ဝိနည်းမိုရ်ရဟန်းတို့အား တံစိုး,လက်ဆောင်ထိုး၍ စဉ်းလဲသောသက်သေကို သွင်း၍ နိုင်သည်၏အဖြစ်ကိုလည်းကောင်း, သာမိကံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အရကို အရာမ်၏အရှင်ကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း, "အရှင်ကို ရှုံးစေ"ဟူသည် "(တရားစွဲသူ) နိုင်ခြင်းပင်တည်း"ဟု လည်းကောင်း ပြဆိုတော်မူ၏(ဌပနာ)။ [အရှင်ဥပါလိမထေရ်သည် ပါဠိတော်၌ "သာမိကံ ပရာဇေတိ"ဟု ဆိုတော်မူ၏(ဌပနာ)။ ဤသို့ ဌပနာထားလျှင်လည်း ရနိုင်သည်သာ။]ယင်းသာမိကံ ပရာဇေတိ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ဝယ် ပရာဇေတိ-၌ ပရာရှေးရှိသော ဇိ-ဓာတ်၏အရ ရှုံးခြင်းကို အဘယ်၏အစွမ်းအားဖြင့် သိအပ်ပါသနည်း(ပုစ္ဆာ)။ ပိုင်ရှင်အရှုံး ဆုံးဖြတ်ချက်ချခြင်း၏ အစွမ်းအားဖြင့်လည်း သိအပ်သည် မဟုတ်ပါလော(အာဘောဂ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) အမှတ်ပြဝါကျကို မိန့်။

မှတ်ချက်။ ။ ဤဌပနာမှာ "ဧတ္ထ-ဧတသ္မိံသာမိကံ ပရာဇေတိ ဝစနေ"ဟု သျှသစ်စွဲသော အစွဲနှင့်အညီထားသည့် ဌပနာဖြစ်သည်။ ယောဇနာ၌ကား "ဧတ္ထာတိ ဓမ္မံ စရန္တောတိ ပဒေ"ဟု စွဲသည်၊ သျှ၌ကား "ဧတ္ထ အဘိယုဥ္ဇနဂဟဏေ"ဟု စွဲသည်။ကျွန်ုပ်တို့ကား ဧတ္ထ-ပါ(ဂ)အမှတ်ပြဝါကျရှိ ပရာဇယော-ပုဒ်ကို ထောက်၍ သျှသစ်၏ အလိုသို့ လိုက်သည်။

http://www.dhammadownload.com



[စ, ဓဝ–ရှိရာ၌ အာဘော်သွင်းနည်း။ ။အာဘော်သွင်းရာဝယ် သမုစ္စည်းဖြင့် ပြေရာ၌ ဓဝ(အဝဓာရဏ)နှင့် အာဘော်သွင်းရသည်။ဓဝ(အဝ ဓာရဏ)နှင့် ပြေရာ၌ စ(သမုစ္စည်း)ဖြင့် အာဘော်သွင်းရသည်။ ဤ၌ "ဓုရနိက္ခေ ပဝသေနေဝ"ဟု ဓဝ (အဝဓာရဏ)နှင့်ပြေသောကြောင့် "ပိုင်ရှင်အရှုံး ဆုံးဖြတ်ချက် ချခြင်း၏ အစွမ်း အားဖြင့်လည်း"ဟု စ(သမုစ္စည်း)ဖြင့် အာဘော်သွင်းသည်။

ကျက်။ ။သမုစ္စယ၊ အဖြေပြ၊ ဓဝ–အာဘော်ဆင်။
ဓဝ–နှင့်သာ၊ အဖြေလာ၊စ–မှာ အာဘော်ပင်။(နိယံသစ်။)]

---

၃။ ။ ရှေ့နောက်ထောက်ဆ အကြောင်းပြ၍ ဝါကျအမည်။ ။

(ခ)အမှတ်ပြဝါကျသည် (က)အမှတ်ပြဝါကျကို ထောက်သော် သာမိကံ ပရာဓေတိ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့် သံဝဏ္ဏနာမှတစ်ပါး "အာပတ္တိ ပါရာဇိကဿ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာ"ဟု ဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။ ဓမ္မံ စရန္တော ပရဇ္ဇတိ–စသည်ဖြင့် ရှိသော နောက်ဝါကျကို ထောက်သော် "အာပတ္တိ ပါရာဇိကဿ–ဟူသော သံဝဏ္ဏေ တဗ္ဗပုဒ်၏ အဖွင့် သံဝဏ္ဏနာ"ဟု ဆိုအပ်သော အဖို့ကို ပြသောကြောင့် ပက္ခဝါကျ။

(ဂ)အမှတ်ပြဝါကျသည် (က)အမှတ်ပြဝါကျကို ထောက်သော် ဧတ္ထ–ဖြင့် သာမိကံ ပရာဓေတိ–ကို စွဲသည်ကိုလည်း သတိပြုပါ။ ယင်း (က)အမှတ်ပြဝါကျ၌ (ယင်းဝါကျ သံဝဏ္ဏေတဗ္ဗရှိ ပရာဓေတိ–၌) စောဒကတို့ စောဒနာဖွယ်ရှိ၍ ထိုစောဒကတို့ စောဒနာချက်ကို ပယ်ဖျက်ရန် တစ်ဖန်ဆက်လက်၍ အားထုတ်သောကြောင့် ဝါကျာရမ္ဘဝါကျ။ (ဃ)အမှတ်ပြဝါကျကို ထောက်သော် ယုတ္တိအားဖြင့် မြဲမြံခိုင်ခန့် အောင် ပြုသောကြောင့် ယုတ္တိဒဠှီယဝါကျ။

(ဃ)အမှတ်ပြဝါကျသည် (ဂ)အမှတ်ပြဝါကျကို ထောက်သော် ယင်း(ဂ) အမှတ်ပြဝါကျကို ယုတ္တိအားဖြင့် မြဲမြံခိုင်ခန့်အောင်ပြုသောကြောင့် ယုတ္တိဒဠှီကရဏ ဝါကျ။ဓမ္မံ စရန္တော ပရဇ္ဇတိတိ–စသည်ဖြင့် ရှိသောနောက်ဝါကျကို ထောက်သော် "သာမိကံ ပရာဓေတိ–ဟူသောသံဝဏ္ဏေတဗ္ဗပုဒ်၏အဖွင့်"ဟု ဆိုအပ်သော အဖို့ကို ပြသောကြောင့် ပက္ခဝါကျ။

---

၄။ ။ ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

အစိတ်ဝိဂ္ဂဟ။ ။ ကုစ္ဆိတေန အာကာရေန အဋ္ဋတိတိ ကူဋော။ ကဋ္ဋိတဗ္ဗော ဆိန္ဒိတဗ္ဗော ဝါ ကူဋော။(ဝိနိစ္ဆယော–ဟူသော ဝိသေသျလိုက်၍ ပုလ္လိင်ချသည်) (ဓာန်၊ဋီ၊၁၇၇။ဓာတုပစ္စယဒီပနီ။၁၀၈။)ဝိနိစ္ဆိယတေနေန,ဝိနိစ္ဆယန့် ဝါ ဝိနိစ္ဆယော။ (ရူ၊ ၅၆၈။)ဝိနိစ္ဆယနံ ဝိနိစ္ဆယော၊ဝိနိဆေဒနံ ဝါ ဝိနိစ္ဆယော။(ဓာန်၊ဋီ၊၁၅၉။)ကူဋောစ သော ဝိနိစ္ဆယောစာတိ ကူဋဝိနိစ္ဆယော။

အပေါင်းဝိဂ္ဂဟ။ ။ ကူဋဝိနိစ္ဆယေ နိယုတ္တာ ကူဋဝိနိစ္ဆယိကာ၊ ကူဋဝိနိစ္ဆယေ၊ စဉ်းလဲသောအဆုံးအဖြတ်၌။နိယုတ္တာ၊ ယှဉ်ကုန်သော တရားသူကြီး ဝိနည်းဓိုရ်ရဟန်း တို့တည်း။ကူဋဝိနိစ္ဆယိကာ၊စဉ်းလဲသော အဆုံးအဖြတ်၌ ယှဉ်ကုန်သောတရားသူကြီး ဝိနည်းဓိုရ်ရဟန်းတို့။

http://www.dhammadownload.com



ကူဋဝိနိစ္ဆယေ နိယုတ္တာ–ကား နိယုတ္တတဒ္ဓိတ်ဝိဂြိုဟ်၊ကူဋဝိနိစ္ဆယိကာ–ကား နိယုတ္တတဒ္ဓိတ်ပုဒ်။ကူဋဝိနိစ္ဆယ–ပုဒ်၊ဏိက–ပစ္စည်း။ ဤကူဋဝိနိစ္ဆယိကာ–ဟူသော နိယုတ္တတဒ္ဓိတ်ပုဒ်၌ ကူဋဝိနိစ္ဆယ–ဟူသော တဒ္ဓိတ်ပုဒ်၏အရကား စဉ်းလဲသော အဆုံး အဖြတ်သည် မုချအားဖြင့်ရ၏။ထိုစဉ်းလဲသောအဆုံးအဖြတ်၏ယှဉ်သော တရား သူကြီး, ဝိနည်းမိုရ်ရဟန်းတို့နှင့် အာဓာရ အာဓာရီ ဝိနိစ္ဆိတဗ္ဗ ဝိနိစ္ဆယိကအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။ ဏိက–ပစ္စည်း၏အရကား "တဒ္ဓိတ်ပစ္စယ၊ ဟောနေကျ၊ မုချနောက်ပုဒ်နက်သာတည်း"ဟူသည်နှင့်အညီ ထိုမုချ ဌာနူပစာ တို့ဖြင့် မှတ်အပ်သော စဉ်းလဲသောအဆုံးအဖြတ်၌ ယှဉ်ကုန်သော တရားသူကြီး ဝိနည်း မိုရ်ရဟန်းတို့ ရ၏။

[ထောက်ဖွယ်။ ။ကူဋဝိနိစ္ဆယိကာနန္တိ ကူဋဝိနိစ္ဆယေ နိယုတ္တာနံ ဝိနယ ဓရာနံ။(သာရတ္ထ၊ ၂၊ ၁၄၃။)သျှသစ်၌ကား"ကူဋာစ တေ ဝိနိစ္ဆယိကာ စာတိ ကူဋဝိနိစ္ဆ ယိကာ"ဟု ပြုသည်။ "စဉ်းလဲကုန်သောအဆုံးအဖြတ်ကို ပြုတတ်ကုန်သော ရဟန်း တို့ သည်"ဟု ပေးသည်။]

---

၅။ ။ ဓာတွာဒိဝိဘာဂ

ကူဋ–၌ ကု–ပုဗ္ဗ,အဋ–ဓာတ်၊အ–ပစ္စယ။(တစ်နည်း) ကူဋ–ဓာတ်၊ အ ပစ္စယ။ (ဓာန်၊ ဋီ၊ ၁၇၇။)

သက္ကိ–၌ သက–ဓာတ်၊က္က–ပစ္စယ။(နီတိ၊ဓာတု။၂၆၂။ဓာတုပစ္စယဒီပနီ။ ၃၀၉။)

နိက္ခိတ္တ –၌ နိ–ပုဗ္ဗ,ခိပ–ဓာတ်၊တ–ပစ္စယ။(ဓာန်၊ ဋီ။ ၇၄၄။)

ဝိနိစ္ဆယ–၌ ဝိ–ပုဗ္ဗ,နိ–ပုဗ္ဗ,စယ–ဓာတ်၊အ–ပစ္စယ(စဿ ဒွိတ္တံ၊ ဆတ္တံ။) (တစ်နည်း) ဝိ–ပုဗ္ဗ, နိ–ပုဗ္ဗ, ဆိဒိ–ဓာတ်၊ အ–ပစ္စယ (ဣဿ တ္တံ၊ ဒဿ ယော။ အဿရူပဒွိတ္တံ။ (ဓာန်၊ ဋီ၊ ၁၅၉။)

ဥက္ကောစ–၌ ဥ–ပုဗ္ဗ, ကုစ–ဓာတ်၊ ဏ–ပစ္စယ။ (ဓာန်၊ ဋီ၊ ၃၅၆။)

---

၆။ ။ (က)အမှတ်ပြဲဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ။

ဝိနိစ္ဆယိကာနံ ဥက္ကောစံ ဒတွာ ကူဋသက္ခိံ ဩတာရေတွာ–ဟူသော သံဝဏ္ဏ နာပါဌ်ဖြင့် အဆုံးအဖြတ်၌ယှဉ်ကုန်သော တရားသူကြီး, ဝိနည်းမိုရ် ရဟန်းတို့အား တံစိုးလက်ဆောင်ထိုး၍ စဉ်းလဲသောသက်သေကို သွင်း၍ နိုင်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

အာရာမသာမိကံ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သာမိကံ–ဟူသော သံဝဏ္ဏေ တဗ္ဗပုဒ်၏အရကို အရာမ်၏အရှင်ကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

ဇိနာတိ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပရာဇေတိ–ဟူသော သံဝဏ္ဏေ တဗ္ဗပုဒ်၌ "(အရှင်ကို) ရှုံးစေခြင်း"ဟူသည် "(တရားစွဲသူ)နိုင်ခြင်းပင်တည်း"ဟု အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

http://www.dhammadownload.com



၇။ ။ ပါဠိအဆုံးအဖြတ်

တံစိုးလက်ဆောင်(လဉ္စ) အနက်ဟောပါဠိမှာ ဥ-ပုဗ္ဗ ကုစ-ဓာတ် ဏ-ပစ္စည်းဖြင့်"ဥက္ကောစ"ဟူ၍လည်းကောင်း,ဥ-ပုဗ္ဗ ကုဋ-ဓာတ် ဏ-ပစ္စည်းဖြင့်"ဥက္ကောဋ"ဟူ၍လည်းကောင်း ပြီးသောကြောင့် ဥက္ကောစံ ဥက္ကောဋံ ပါဠိ ၂-ထွေလုံး သင့်မြတ်ပါသည်။

[သဒ္ဒယုတ္တိပြရာ၌ မိုရာ။ ။ ဥက္ကောစံ ဥက္ကောဋန္တိစ ဒွေ ပရိယာယာ။ (ယောဇနာ။ ၁၇၂။) ဤပါဠိနှစ်ထွေ ပရိယာယ်ဖြစ်သည်ကို ဆိုသည့် ဤယောဇနာကို မှီ၍ အထက်ပါ သဒ္ဒယုတ္တိကို ပြခြင်းဖြစ်သည်။ ပရိယာယ်ဖြစ်သည်ကို ဆိုသောကြောင့် ပါဠိနှစ်ထွေလုံး "လဉ္စအနက်ဟောကြသည်"ဟု ယူသည်။

"ပရိယာယ်"ဟုဆိုသော ဤယောဇနာအလို "ကုစ သံပစ္စနကောတိလ္လ ပဋိက္ခမ ဝိလေခနေသု။(နီတိ၊ ဓာတု၊ ၃၀။)"ဟူ၍လည်းကောင်း,ကုဋ ကောဋိလ္လေ (နီတိ၊ဓာတု၊၅၄။)"ဟူ၍လည်းကောင်း လာရကား ဤ၌"ကုစ-ဓာတ်, ကုဋ ဓာတ် ဓာတ်နှစ်လုံး ကောဋိလ္လ (ကောက်ခြင်း) အနက်ချည်းဟောကြသည်"ဟု ကြံရန် ရှိတော့သည်။

လဉ္စအနက်ဟော ဥက္ကောဋ-ပါဠိကို မတွေ့။ ။ ပါဠိ,အဋ္ဌကထာ,ဋီကာ, သဒ္ဒါကျမ်းတို့၌ လဉ္စအနက်ဟော ဥက္ကောဋ-ပါဠိကို မတွေ့ရ။ဣမေသံ စတုန္နံ အဓိကရဏာနံ ကတိ ဥက္ကောဋာ။(ပရိဝါရ၊ ၂၆။)ဝိဝါဒါဓိကရဏံ ဥက္ကောဋေန္တော ဒွေ သမထေ ဥက္ကောဋေတိတိ သမ္မုခါဝိနယဉ္စ ယေဘုယျသိကဉ္စ ဒွေ ဥက္ကောဋေတိ ပဋိသေဓေတိ၊ပဋိက္ကောသတီတိ အံတ္ထော။(စူဠဝဂ္ဂါဒိ၊ ဋ္ဌ၊ ၁၉၄။)တို့၌ကား တားမြစ်ခြင်း အနက်ဟောသာ တွေ့ရသည်။

ဥက္ကောဋံ-ပါဠိ ပါဠိဟောင်း။ ။အချို့သော ပါရာဇိကဏ် အဋ္ဌကထာတို့၌ "ဥက္ကောဋံ"ဟု ရှိသည်။ဆဋ္ဌမူ၌ကား ဥက္ကောဋံ-ကို မူကွဲပြသည်။သျှ,သျှသစ်, ဂဏ္ဌိတို့၌ "ဥက္ကောဋံ"ဟုချည်း ရှိကြသည်။ဥက္ကောစံ ဒတွာတိ လဉ္စံ ဒတွာ။(သာရတ္ထ၊ ၂။ ၁၄၁။ )ဥက္ကောစန္တိ လဉ္စံ။(ဝိမတိ၊ ၁၊ ၁၈၂။) ဤသာရတ္ထ, ဝိမတိတို့၌ကား "ဥက္ကောစံ"ဟု ရှိကြသည်။ယင်းသို့ စ-နှင့်ရှိကြသော်လည်း"ဥက္ကောဋံ၊ တံစိုးလက်ဆောင်ကို" ဟု ပေး၍ "ဥက္ကောဋန္တိ လဉ္စံ"ဟု ဝိမတိကို ကိုးသော ဂဏ္ဌိ (၅၁၆)ကိုထောက်သော် ဆဋ္ဌသင်္ဂါယနာတင်ခေတ်ကြမှ တတောပါယန မုက္ကော ဓော။(ဓာန်၊ ၃၅၆။)ကုစသင်္ကော စနေ။ဏော၊ဝိဂတော ကောဓော ဥက္ကောစော။(ဓာန်၊ ဋီ၊ ၃၅၆။)တို့ကိုထောက်၍ စ-နှင့် ပြင်ကြဟန်တူသည်။မှန်၏-အဋ္ဌသင်္ဂါယနာ မတင်ခင်က ရိုက်သော ဇမ္ဗူ့မိတ်ဆွေရိုက် သာရတ္ထ ဝိမတိတို့၌ ဋ-နှင့် "ဥက္ကောဋံ"ဟု ချည်းရှိကြသည်။

ပုစ္ဆကအကြိုက်ပေါ် မှတည်။ ။ ယောဇနာကို ထောက်၍ ပရိယာယ်ဖြစ်သောကြောင့်"၂-ချက်သင့်"ဟု မှတ်။အဘိဓာန်, အဘိဓာန်ဋီကာတို့ကို ထောက်၍ ဥက္ကောစ သဒ္ဒါသည်သာ တံစိုးလက်ဆောင် (လဉ္စ) အနက်ကို ဟောသောကြောင့် "ဥက္ကောစ ပါဠိသာသင့်"ဟု မှတ်။ ။ ပုစ္ဆက အကြိုက်ပေါ် မူတည်သည်။]

http://www.dhammadownload.com



၈။ ။ နည်း, ဥပစာ

အာပတ္တိ ပါရာဇိကဿ-ဟူသောနည်းသည် တရားစွဲသောရဟန်း ပါရာဇိကအာပတ်သင့်ခြင်းတည်းဟူသော ပြဋ္ဌာန်းသည်ကိုဆိုသဖြင့် အရှင်ကို ရှုံးစေလိုသော စေတနာရှိသည်ဖြစ်၍ တရားစွဲသောရဟန်း၏အကျိုး(ကိစ္စ)ကို ပြီးစေခြင်း၌ ပါဝင်ကုန်သော စဉ်းလဲသော အဆုံးအဖြတ်၌ ယှဉ်ကုန်သော တရားသူကြီး ဝိနည်းဓိုရ်ရဟန်းများ စဉ်းလဲသော သက်သေရဟန်းများ ပါရာဇိကအာပတ်သင့်ခြင်း တည်းဟူသော မပြဋ္ဌာန်းသည်ကိုလည်းရသောကြောင့် ပဓာနနည်းမည်၏။

(တစ်နည်း) အာပတ္တိ ပါရာဇိကဿ-ဟူသော နည်းသည် တရားစွဲသော ရဟန်း ပါရာဇိကအာပတ်သင့်ခြင်းတည်းဟူသောအစိတ်ကို မှတ်၍ဆိုသဖြင့် တရားစွဲသောရဟန်း,အရှင်ကို ရှုံးစေလိုသော စေတနာရှိသည်ဖြစ်၍ တရားစွဲသော ရဟန်း၏ အကျိုး(ကိစ္စ)ကို ပြီးစေခြင်း၌ ပါဝင်ကုန်သော စဉ်းလဲသော အဆုံးအဖြတ်၌ ယှဉ်ကုန်သော တရားသူကြီး ဝိနည်းဓိုရ်ရဟန်းများ,စဉ်းလဲသော သက်သေရဟန်းများ ရဟန်းအားလုံး ပါရာဇိက အာပတ်သင့်ခြင်းတည်းဟူသောအပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်းမည်၏။

မှတ်ချက်။ ။ နိဒဿနနည်းလည်း ရသည်ပင်။

[အာပတ္တိ ပါရာဇိကဿ-၏ မုချတ္ထ။ ။ အာပတ္တိ ပါရာဇိကဿ ကို "အဿ-ဘိက္ခုနော၊ ထိုတရားစွဲသောရဟန်းအား။ ပါရာဇိကာ၊ပါရာဇိက အမည်ရှိသော။ အာပတ္တိ၊အာပတ်သည်။ဟောတိ၊ဖြစ်၏"ဟုပေး။ ပါရာဇိကဿ-ကို "ပါရာဇိကာ+အဿ"ဟု ပုဒ်ဖြတ်။ဟောတိ-ကား ပါဌသေသ။ "တရားစွဲသော ရဟန်း ပါရာဇိကအာပတ်သင့်သည်" ဟု မုချတ္ထအားဖြင့် မှတ်။ မုချတ္ထကို သိမှ ဥပစာရတ္ထကို ရှင်းရှင်းလင်းလင်း သိနိုင်သည်။]

သာမိက-သဒ္ဒါသည် အပေါင်းဖြစ်သောအရှင်မှန်သမျှ၏ သာမိက-ဟူသော အမည်ကို အစိတ်ဖြစ်သော အရာမ်၏အရှင်၌ တင်စား၍အစိတ်ဖြစ်သော အရာမ်၏ အရှင်ကို "သာမိက"ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသျူပစာ-သမုဒါယူပစာမည်၏။ [သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာဖြင့် ဖွင့်ပြရာတိုင်း၌ သံဝဏ္ဏေတဗ္ဗပုဒ်ဝယ် ဧကဒေသျူပစာ-သမုဒါယူပစာ အမြဲရသည်ကို သတိပြု။]

---

၉။ ။ [ ဋ္ဌ၊ ၁၊ ၂၉၅။]

---

၁၀။ ။ ပဒဋ္ဌာနဟာရနေတ္တိနည်း

သာမိက-၏အရဖြစ်သော ဥပါဒါနက္ခန္ဓာ၏ပဒဋ္ဌာန်းကား သာမညအားဖြင့် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,အာဟာရတည်း။ထိုခန္ဓာ ၅-ပါးကား ပုညာပုည ဝိပါက၏ ပဒဋ္ဌာန်တည်း။ထို ၃-ပါးတို့တွင် ပုည၏ပဒဋ္ဌာန်ကား ယောနိသော မနသိကာရတည်း။ထိုပုညကား ကုသလဝိပါက် ဣဋ္ဌာရုံ၏ ပဒဋ္ဌာန်တည်း။ အပုည၏ ပဒဋ္ဌာန်ကား အယောနိသောမနသိကာရတည်း။ ထိုအပုညကား အကုသလဝိပါက် အနိဋ္ဌာရုံ၏ ပဒဋ္ဌာန်တည်း။ ဝိပါက်၏ပဒဋ္ဌာန်ကား ပုညာပုညတည်း။ ထိုဝိပါက်ကား

http://www.dhammadownload.com



နာမ်ရုပ်၏ ပဒဋ္ဌာန်တည်း။ ထိုနာမ်ရုပ်ကား သဠာယတန၏ ပဒဋ္ဌာန်တည်း။ ဤသို့ စသည်ဖြင့် ဩရုယှောရုယှ အာရုယှာရုယှအားဖြင့် ပဒဋ္ဌာန်ကို စိစစ်ခြင်းသည် ပဒဋ္ဌာနဟာရမည်၏-ဟူလိုသော်။

ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ မေးခွန်းအဖြေ
ပြီး၏။

---

## သီလက္ခန္ဓဝဂ္ဂပါဠိ, အဋ္ဌကထာ
## မေးခွန်းအဖြေ

### ၁၉၇၄ (၁၃၃၆) ခုနှစ် ဓမ္မာစရိယတန်း
### သီလက္ခန္ဓဝဂ္ဂပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ တယိဒံ ဘိက္ခဝေ တထာဂတော ပဇာနာတိ "ဣမေဒိဋ္ဌိဋ္ဌာနာ ဧဝံ ဂဟိတာ ဧဝံ ပရာမဋ္ဌာ ဧဝံ ဂတိကာ ဘဝန္တိ ဧဝံ အဘိသမ္ပရာယာ" တိ-ကို အာကာရကို အတွင်းသွင်း၍ အနက်ယောဇနာပါ။

၂။ ။ကံ နုခွ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ပယိရုပါသေယျာမ၊ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျ-ကို သဗ္ဗနာမ်အစွဲ မလွဲစေဘဲ အနက်ယောဇနာပါ။

၃။ ။ယဒိ ဝါ တံ ဘဝန္တံ ဂေါတမံ တထာသန္တံယေဝ သဒ္ဒေါ အဗ္ဘုဂ္ဂတော၊ ယဒိ ဝါ နော တထာ၊ယဒိ ဝါ သော ဘဝံ ဂေါတမော တာဒိသော၊ယဒိ ဝါန တာဒိသော၊တထာ မယံ တံ ဘဝန္တံ ဂေါတမံ ဝေဒိဿာမ-ကို အနက်ယောဇနာပါ။

၄။ ။ သေယျထာပိ ဘော ဂေါတမ ဟတ္ထေန ဝါ ဟတ္ထံ ဓောဝေယျ၊ ပါဒေန ဝါ ပါဒံ ဓောဝေယျ၊ ဧဝမေဝ ခေါ ဘောဂေါတမ သီလပရိဓောတာ ပညာ၊ ပညာပရိဓောတံ သီလံ-ကို အနက် ယောဇနာပါ။

၅။ ။ သုတန္တိ ဝစနေန သုတဿ အသမ္မောသံ ဒီပေတိ။ ယဿ ဟိ သုတံ သမ္မုဋ္ဌံ ဟောတိ၊ န သော ကာလန္တရေန မယာ သုတန္တိ ပဋိဇာနာတိ-ကို ဝါကျအပြန်အလှန် ယောဇနာပါ။

၆။ ။ဂန္ဓာန သော သတ္တုပဒါနိ ဂေါတမော၊
ဒိသာ ဝိလောကေသိ သမာ သမန္တတော။
အဋ္ဌင်္ဂုပေတံ ဂိရမဗ္ဘုဒီရယိ၊
သီဟော ယထာ ပဗ္ဗတမုဒ္ဓနိဋ္ဌိတော-ဟူသော ဂါထာကို
အနက်ပေးပါ။

http://www.dhammadownload.com



၇။ ။ ဧတေန အာဗဒ္ဓါ အန္တောဇာလိကတာ စ ဟုတွာ ဥမ္မုဇ္ဇမာနာ ဥမ္မုဇ္ဇန္တိ န ဟောတ္ထ အသင်္ဂဟိတော ဒိဋ္ဌိဂတိကော နာမ အတ္ထိ-ကို သဗ္ဗနာမ်တို့၏အစွဲ မလွဲစေဘဲ ကတ္တားထည့်စွက် အနက်ပေးပါ။

၈။ ။ ဂဟာပတိဒါရကာ ပန ကဏ္ဍေဟိ သေဒံ မုဉ္စန္တေဟိ ပိဋ္ဌိယာ လောဏံ ပုမ္ဗမာနာယ ဘူမိံ ကသိတွာ တာဒိသဿ မာနဿ အဘာဝတော နိဟတမာနဒပ္ပါ ဟောန္တိ-ကို အနက်ယောဇနာပါ။

၉။ ။ အရာဇကေ ဌာနေ ရာဇာနံ ကာတုံ ယုတ္တာမိမံ ဗြာဟ္မဏံ။ ဇေဝမေသ သဿိရိကော။ ဣတိ နံ ပေါက္ခရသာဒိသတ္တာ ပေါက္ခရသာတိတိ သဉ္ဇာနန္တိ-ကို အနက်ယောဇနာပါ။

၁၀။ ။ ပုဗ္ဗော အံသေ အဿတိ ပုင်္ခသော၊တေန ပုင်္ခ သေန။အံသေန ဟိ ပါထေယျပုင်္ခ ဝဟန္တေနာပိတိ ဝုတ္တံ ဟောတိ-ကို သဗ္ဗနာမ်အစွဲ မလွဲစေဘဲ အနက်ပေးပါ။

---

## ၁၉၇၄ (၁၃၃၆) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ အနက်အားဖြင့် အာကာရ အတွင်းသွင်းလျက် အနက်

ဘိက္ခဝေ၊ရဟန်းတို့။တယိဒံ-တံ ဣဒံ စတုဗ္ဗိဓဒိဋ္ဌိဂတံ၊ထိုလေးပါး အပြား ရှိသော မိစ္ဆာအယူကိုလည်း။တထာဂတော၊ငါဘုရားသည်။ဣမေ ဒိဋ္ဌိဋ္ဌာနာ၊ဤမိစ္ဆာ အယူတို့ကို။ဧဝံ-ဣမိနာ ကာရဏေန၊ဤအကြောင်းဖြင့်။ဂဟိတာ၊ စွဲလမ်းအပ် ကုန် ၏။ဧဝံ-ဣမိနာ ကာရဏေန၊ဖြင့်။ပရာမဋ္ဌာ၊ဖေါက်ပြန်သောအားဖြင့် သုံးသပ်အပ်ကုန်၏။ဣမေ ဒိဋ္ဌိဋ္ဌာနာ၊တို့သည်။ဧဝံ ဂတိကာ၊ဤသို့သော အလားရှိ ကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏ ဧဝံ အဘိသံပရာယ၊ဤသို့ လားရာရှိကုန်သည်။ ဘဝန္တိ။ ဖြစ်ကုန်၏ ဣတိ၊ဤသို့။ပဇာနာတိ၊အပြားအားဖြင့်သိ၏။ (သျှအနက်။) [ဤအတူ အာကာရအတွင်းသွင်း၍ သျှသစ်အနက်လည်း ယောဇနာနိုင်သည်။ ပါ၊ ၁၆။ ပါသျှ၊၅၇။ပါသျှသစ်၊၉၃။]

[အာကာရ အတွင်းသွင်း (ငံ့)နည်း ၂-မျိုး။ ။ ဘိက္ခဝေ၊ တို့။ တယိဒံ တံ ဣဒံ စတုဗ္ဗိဓဒိဋ္ဌိဂတံ၊ကိုလည်း။တထာဂတော၊ သည်။ "ဣမေဒိဋ္ဌိဋ္ဌာနာ ဧဝံ .ဂဟိတာ ဧဝံ ပရာမဋ္ဌာ ဧဝံ ဂတိကာ ဘဝန္တိ ဧဝံ အဘိသမ္ပရာယာ"တိ၊ "ဣမေ။ပ။ အဘိသမ္ပရာယ"ဟူ၍။ ပဇာနာတိ၊ ၏။ ဣမေ ဒိဋ္ဌိဋ္ဌာနာ၊ တို့ကို။ ပ။ ဧဝံ အဘိ သမ္ပရာယာ၊ ကုန်သည်။ ဘဝန္တိ၊ ကုန်၏။

http://www.dhammadownload.com



သာမညမေးခွန်းဖြစ်သောကြောင့် အာကာရဝါကျပါဠိကို အာကာရဝန္တဝါကျ အတွင်းသို့ သွင်းရင်း ငုံရင်း တသယောတည်း တလက်စတည်း ယောဇနာခြင်းမပြုဘဲ ပါဠိအတိုင်း သွင်း၍ ငုံ၍ ယောဇနာသည့် ဤနည်းဖြင့်လည်း ယောဇနာနိုင်သည်။

(၁) အာကာရဝါကျပါဠိကို အာကာရဝန္တဝါကျအတွင်း သွင်းရင်း ငုံရင်း တသယောတည်း တစ်လက်စတည်း အနက်ယောဇနာခြင်းမပြုဘဲ ပါဠိသက်သက် သွင်းနည်း ငုံနည်း (သွင်းပြီး ငုံပြီးမှ အာကာရဝါကျ ပါဠိကို သီးသန့် ယောဇနာရသည့် နည်း)၊ (၂) အာကာရဝါကျပါဠိကို အာကာရဝါကျအတွင်း တသယောတည်း တစ်လက်စတည်း အနက်ယောဇနာခြင်းနှင့်တကွ သွင်းနည်း ငုံနည်း၊ ယင်းသို့ သွင်းနည်း ငုံနည်း ၂-မျိုးရှိကြောင်းကို ၁၃၁၈-ခုနှစ် ပါရာဇိကဏ်အဖြေ၌ ဖော်ပြခဲ့ပြီ။]

---

၂။ ။ [ သျှ။ သျှသစ်အတိုင်း ယောဇနာ။ ။ ပါ၊ ၄၄။ ပါသျှ၊ ၁၀၈။ ပါသျှသစ်၊ ၁၇၉။ ။ ၁၃၃၀-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၃။ ။ [ ပါ။ ၈၃။ ပါသျှ၊ ၂၉၄။ ပါသျှသစ်၊ ၃၀၇။]

---

၄။ ။ [ ပါ၊ ၁၁၆။ ပါသျှ၊ ၂၈၀။ ပါသျှသစ်၊ ၄၀၃။ ။ ၁၃၂၄-ခုနှစ် ကလည်း မေးခဲ့ပြီ။]

---

၅။ ။ ဝါကျအပြန်အလှန်အနက်

သုတတ္တိဝစနေန၊ သုတံ-ဟူသော သဒ္ဒါဖြင့်။ ။ သုတသဿ၊ကြားနာအပ်ပြီးသော တရား၏။အသမ္မောသံ၊မမေ့မလျော့ခြင်းကို။ဒီပေတိ၊ပြ၏။ (ကသ္မာ၊ အဘယ် ကြောင့်။ သုတတ္တိဝစနေန၊ဖြင့်။အသမ္မောသံ၊ကို။ ဒီပေတိ၊ ပြသနည်း။) ဟိ-ယသ္မာ။ အကြင်ကြောင့်။ ယဿပုဂ္ဂလ၊အကြင်ပုဂ္ဂိုလ်အား။ဝါ၊အကြင်ပုဂ္ဂိုလ်၏။ဝါ၊အကြင်ပုဂ္ဂိုလ်သည်။ သုတံ၊ ကြားနာအပ်ပြီးသော တရားသည်။ သမ္မုဋ္ဌ၊ မေ့လျော့ပျောက်ပျက်သည်။ ဟောတိ၊ ဖြစ်၏။ သော-ပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ကာလန္တ ရေန၊ကာလကြာသဖြင့်။ မယာ၊ ငါသည်။သုတံ၊ ကြားနာမှတ်လိုက်ရ၏။ ဣတိ၊ ဤသို့။ န ပဋိဇာနာတိ၊ ဝန်မခံနိုင်။ (တသ္မာ၊ ထိုကြောင့်။ သုတတ္တိဝစနေန၊ ဖြင့်။ သုတဿ၊ ၏။ အသမ္မောသံ၊ ကို။ ဒီပေတိ၊ ပြသတည်း။) (ဋ္ဌ၊ ၃၀။ ဋ္ဌသျှ၊ ၁၊ ၁၀၉။ ဋ္ဌသျှသစ်၊ ၁၊ ၂၂၁။)

[ဝါကျအပြန်အလှန်ယောဇနာနည်း တစ်မျိုး။ ။ ဟိ-ယသ္မာ၊ ကြောင့်။ ယဿ၊ အား။ ဝါ၊ ၏။ ပါ၊ သည်။ သုတံ၊ သည်။ သမ္မုဋ္ဌံ၊ သည်၊ ဟောတိ၊ ၏။ သော ပုဂ္ဂလော၊ သည်။ ကာလန္တရေန၊ သဖြင့်။ မယာ၊ သည်။ သုတံ၊ ၏။ ဣတိ၊ သို့။ န ပဋိဇာနာတိ၊ နိုင်။ တသ္မာ၊ ကြောင့်။ သုတတ္တိဝစနေန၊ ဖြင့်။ သုတဿ၊ ၏။ အသမ္မောသံ၊ ကို။ ဒီပေတိ၊ ၏။ ။ ဤသို့ ယောဇနာခြင်းလည်း အပြန်အလှန်ယောဇနာ နည်းပင်။ ။ ၁၃၄၃ (၁၉၈၂) ခုနှစ် ပါရာဇိကဏ် အမှတ်(၁) အဖြေ၌လည်း ဖော်ပြခဲ့ပြီ။]

---

http://www.dhammadownload.com



၆။ ။ [ ဋ္ဌ၊ ၆၁။ ဋ္ဌသျှ၊ ၁၊ ၂၁၁။ ဋ္ဌသျှသစ်၊ ၁၊ ၃၄၉။]

---

၇။ ။ ["သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ သမဏဗြာဟ္မဏာ၊ ထိုမိစ္ဆာအယူကို ပြတတ်ကုန်သော စကားတို့ကို ပြောဆိုတတ်ကုန်သော ရဟန်း၊ ပုဏ္ဏားတို့သည်"ဟု ကတ္တားထည့်ပေး။

ထောက်ဖွယ်။ ။ ယေဟိ ကေစိ ဘိက္ခဝေ သမဏာ ဝါ ဗြာဟ္မဏာပါ။ ပ။ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ၊ သဗ္ဗေ တေ။ ပ။ စတ္တပရိယာပန္နာ အဋ္ဌောစာလီကတာဝ ဥမ္မုစ္စန္တိ။ (ပါ၊ ၄၂။)ကို ထောက်။

"စေတေန–ဒေသနာစာလေန၊ ဤဒေသနာတည်းဟူသော ပိုက်ကွန်နှင့်။ စတ္တ တေသမ္ပိ–ဒေသနာစာလေ၊ ၌"ဟု ဖွဲ့။ ။အနက်ချည်းလည်း ဖွဲ့နိုင်သည်။ ။ ဋ္ဌ၊ ၁၁၇။ ဋ္ဌသျှ၊ ၁၊ ၃၈၉။ ဋ္ဌသျှသစ်၊ ၁၊ ၅၃၅။)]

---

၈။ ။ [ဋ္ဌ၊ ၁၆၂။ ဋ္ဌသျှ၊ ၂၊ ၁၁၂။ ဋ္ဌသျှသစ်၊ ၂၊ ၁၃၄။]

---

၉။ ။ [ဋ္ဌ၊ ၂၁၇။ ဋ္ဌသျှ၊ ၂၊ ၂၆၆။ ဋ္ဌသျှသစ်၊ ၂၊ ၃၃၁။]

---

၁၀။ ။[အဿ–ဖြင့် ကုလပုတ္တဿ–ကို ဖွဲ့။ ။ ဋ္ဌ၊ ၂၅၇။ဋ္ဌသျှ၊ ၂၊ ၃၇၆။ ဋ္ဌသျှသစ်၊ ၂၊ ၄၅၂။]

---

## ၁၉၇၄ (၁၃၃၆) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က)ယံဒိ စ ဝံ သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ၊ အထ ကသ္မာ န ဥစ္စိနိတောတိ။

(ခ)ပဋ္ဌပဝါဒဝိဝဇ္ဇနတော။

(ဂ)ထေရော ဟိ အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ။

(ဃ)တထာ ဟိ နံ သိရသ္မိံ ပလိတေသု ဇာတေသုပိ "နဝါယံ ကုမာရကော မတ္တမညာသီ"တိ ကုမာရကဝါဒေန ဩဝဒတိ။

(င)သကျကုလပ္ပသုတော စာယသ္မာ တထာဂတဿ ဘာတာ စူဠပိတု ပုတ္တော။

၁။ ။ (ခ)အမှတ်ပြပါကျကိုသာ ဟိတ်၏သမ္ဗန်များကို ခွဲ၍ ထည့်သင့်သော ပုဒ်များထည့်လျက် အပြည့်အစုံ အနက်သမ္ဗန်ပါ။

၂။ ။ (ဂ)အမှတ်ပြပါကျမှ (ဃ)အမှတ်ပြပါကျသို့ သာဘောဂါယုတ္တ စောဒနာတက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

http://www.dhammadownload.com



၃။ ။ (ဃ)အမှတ်ပြဝါကျ၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပြပြီးလျှင် (က)အမှတ်ပြဝါကျ၌ လက္ခဏာရုစိ ပိ-သဒ္ဒါ အဘယ်ကြောင့်ထားပါသနည်း၊ ဖြေဆိုပါ။

၄။ ။ ကုမာရကော-၌ ကုမာရ-ပုဒ်ကို ဝိဂြိုဟ်ဆို၍ ဝစနဆက္က အပြည့်အစုံ ထုတ်ပြပါ။

၅။ ။ (က)အမှတ်ပြဝါကျပါ ဗဟုကာရတ္တာ-ဟူသော ဟိတ်ပါဠ်ကိုသာ သမ္ဗန်ခံ၍ အနက်ပေးပြီးလျှင် စာစပ်ပြပါ။

၆။ ။ ဒေသနာတိ ပညတ္တိ-ဟူသော အဋ္ဌကထာ၌ သဒ္ဒါဝါဒီ, ပညတ္တိဝါဒီ အလိုနှစ်မျိုးတို့တွင် သင်ကြိုက်ရာဆရာ၏အလိုအားဖြင့် အာဘော်ကို ပြ၍ သံဝဏ္ဏနာ အမည်ကိုလည်းပေးခဲ့ပါ။

၇။ ။ကေစိ ဘိက္ခူ ဆန္ဒာဂမနံဝိယ မညမာနာ-၌ ဆန္ဒာဂမနံဝယ် ရသင့်သော ဝိပလ္လာသနည်းကို ဖော်ပြပါ။

၈။ ။ (င)အမှတ်ပြဝါကျ၌ တထာဂတဿ ဘာတာ-အရ ဇေဋ္ဌကဘာတာ ကနိဋ္ဌဘာတာ နှစ်ပါးရှိရာ အဘယ်ကိုယူရသည်ကို ဤဘာဏကဆရာတို့ အလိုကျ ပြဆိုဆုံးဖြတ်ပါ။

၉။ ။ အောက်ပါ စုဏ္ဏိယပါဠ်ကို ဝတ္တာဂါထာ စီကုံးပြပါ။
အာနန္ဒံ ဝိနာ ဓမ္မသင်္ဂီတိ န သက္ကာ ကာတုံ၊
ဘိက္ခူနံယေဝ နံ အနုမတိယာ ဂဟေဿာမိ။

၁၀။ ။ (ဃ)အမှတ်ပြဝါကျ၌ ဩဝဒတိ-ဝယ် ဓာတ်၏အရ တရားကိုယ် ကောက်၍ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ကို ထုတ်ပြပါ။

---

၁၉၇၄ (၁၃၃၆) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ (ခ)အမှတ်ပြဝါကျသမ္ဗန်များခံလျက်အပြည့်အစုံအနက်
(ဘဒ္ဒြမှ ကြည်သာရှင်ပြမှုကိန္နလှသည့်စောဒကဆရာ။တဿ အာယသ္မတော အာနန္ဒတ္ထေရဿ၊ထိုအရှင်အာနန္ဒာထေရ်၏။ ဝါ၊ထိုအရှင်အာနန္ဒာထေရ်သည်။ ဓမ္မသင်္ဂီတိယာ၊သုတ်အဘိဓမ္မာဝိနည်းကို ပေါင်းစုရွက်ကာ သင်္ဂါယနာတင်ခြင်းအား။ ဗဟုကာရတ္တာ၊ များသောကျေးဇူးရှိသည်၏အဖြစ်သည်။ သမာနေပိ၊ ဖြစ်သော်လည်း။ ထေရဿ၊ အရှင်မဟာကဿပမထေရ်၏) ပစ္စုပဝါဒဝိဝဇ္ဇနတော၊ တစ်ပါးသော

http://www.dhammadownload.com



ပုဂ္ဂိုလ်တို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ကြဉ်တော်မူလိုသည်၏အဖြစ်ကြောင့်။ (ထေရေန၊ အရှင်မဟာကဿပမထေရ်သည်။ သော အာယသ္မာ အာနန္ဒတ္ထေရော၊ ထိုအရှင်အာနန္ဒာ ထေရ်ကို။နု ဥစ္စိနိတော၊ရွေးကောက်တော်မမူအပ်။လ္လာတိ အယံ၊ ဤသည်ကား။ သောဓနာ၊ သောဓနာခြင်းတည်း။)(ဋ္ဌ၊၅။ဋ္ဌသျ၊၁၊ ၂၉။ဋ္ဌသျသစ်၊၁၊၅၉။)

---

၂။ ။ (ဃ)အမှတ်ပြဝါကျ အာဘောဂါယုတ္တစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ)အမှတ်ပြဝါကျဖြင့် "အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာ၌ အလွန်အကျွမ်းဝင်၏"ဟု ဆိုတော်မူ၏ (ဋ္ဌပနာ)။အရှင်ဥပါလိ,အရှင်အနုရုဒ္ဓါ စသောထေရ်တို့နှင့် သမဂ္ဂသီတင်းသုံးဘော်ချင်း အတူတူဖြစ်၍ အတူတူပင် အကျွမ်းဝင်ရာသည်မဟုတ်ပါလော (အာဘောဂစောဒနာ)။ အရှင်အာနန္ဒာထေရ်၌ အလွန်အကျွမ်းဝင်သည်၏အဖြစ်ကို အဘယ်ကြောင့် သိအပ်ပါသနည်း (ကသ္မာ–ဖြင့် မှတ်အပ်သော အယုတ္တစောဒနာ။)(ဉာပက ကာရဏရည်တက်သည်။)(တစ်နည်း)ဆရာ့စကားသည် အဘယ်သို့ သင့်ပါအံ့နည်း။(ကထံဖြင့်မှတ်အပ်သော အယုတ္တစောဒနာ)။(ယုတ္တိဒဋ္ဌိ ရည်တက်သည်) (တစ်နည်း) အဘယ်သို့ အကျွမ်းဝင်ပါသနည်း (ကထံ–ဖြင့်မှတ်အပ်သော အယုတ္တ စောဒနာ)။ (ဝိတ္ထာရ ရည်တက်သည်။) ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)အမှတ်ပြဝါကျကို မိန့်။

ဝါကျတက်။ ။ အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ)အမှတ်ပြဝါကျဖြင့် "အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာ၌ အလွန်အကျွမ်းဝင်၏"ဟု ဉာပျ,ဒဋ္ဌိယသခေပကို ဆိုတော်မူ၏(ဋ္ဌပနာ)။ဉာပျ,ဒဋ္ဌိယ,သခေပသည်ဉာပက, ဒဋ္ဌိကရဏ, ဝိတ္ထာရနှင့် မကင်းကောင်းသည်မဟုတ်ပါလော(အာဘောဂ စောဒနာ)။ ယင်းဉာပျ,ဒဋ္ဌိယ,သခေပ၏ဉာပက,ဒဋ္ဌိကရဏ,ဝိတ္ထာရကို အဘယ်သို့ သိအပ်ပါနည်း (ကထံ–ဖြင့် မှတ်အပ်သော အယုတ္တစောဒနာ)။ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)အမှတ်ပြဝါကျကို မိန့်။

[ထောက်ဖွယ်။ ။ ကေန ဝိညာယတီတိ အာဟ "တထာဟိ"တိ အာဒိ။ ဒဋ္ဌိကရဏံ ဝါ ဧတံ ဝစနံ။ "ဝုတ္တဥ္စိ, တထာဟိ ဣစ္စေတေ ဒဋ္ဌိကရဏတ္ထေ"တိ ဝဒန္တိ သဒ္ဒဝိဒူ။ (သီ၊ ဋီ၊ သစ်၊ ၁၊ ၅၉။)

ဝိတ္ထာရ ရည်တက်သည်မှာ ဟိ–ကို ဉာပကကာရဏ, ယုတ္တိဒဋ္ဌိ အပြင် ဝိတ္ထာရပါ ယောဇနာသော သျှသစ်နှင့် ပါရာဇိကဏ်သျှသစ်တို့အလို ဖြစ်သည်။ ချဲ့. ၃–ချဲ့.တွင် "အာကာရချဲ့."ဟု မှတ်။ ဤဝါကျ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၆)၌ လည်း ပါသည်။

တထာဟိ–သဒ္ဒါ ထားသည့်အရာ။ ။ ကျမ်းဆရာတို့သည် ယေဘုယျအားဖြင့် ဉာပကကာရဏအရာ၌ တထာဟိ–ကို ထားကြကုန်၏။ ရံခါအပွကအားဖြင့် ဝိတ္ထာရအရာ, ဒဋ္ဌိအရာတို့၌ ထိုက်သည်အားလျော်စွာ ထားကြကုန်၏။

ကျက်။ ။ တထာဟိ–မှာ၊ ဉာပကာ၊ ရံခါ ချဲ့. မြဲ စွဲ။ (ရွှေရေးဆောင် နိယံ။ ၄၀)။

http://www.dhammadownload.com



စောဒကအမြင်။ ။ စောဒက,က အရှင်အာနန္ဒာသာ အရှင်မဟာကဿပနှင့် အတူသွားလာနေထိုင်သည်မဟုတ်၊ အရှင်အာနန္ဒာသာ အရှင်မဟာကဿပ၏ သမဂ္ဂီတင်းသုံးဖော်ဖြစ်သည် မဟုတ်၊ အရှင်ဥပါလိ, အရှင်အနုရုဒ္ဓါစသော ထေရ်များလည်း အရှင်မဟာကဿပနှင့် အတူသွားလာ နေထိုင်သည့် သမဂ္ဂီတင်းသုံးဖော်များပင် ဖြစ်ကြသည်။ ထိုသို့ အတူတူသွားလာနေထိုင်သည့် သမဂ္ဂီတင်းသုံးဖော်ချင်း အတူတူဖြစ်သောကြောင့် အရှင်အာနန္ဒာအပေါ် ပိုမည်မဟုတ်၊ အရှင်ဥပါလိ, အရှင်အနုရုဒ္ဓါစသော ထေရ်တို့နှင့် တန်းတူ အကျုံးဝင်မည်သာ ဖြစ်သတဲ့။

သာ-နှင့် မသုံးသင့်။ ။ ဂန္ထာဘရဏလာ အာဘောဂစောဒနာနှင့်အယုတ္တစောဒနာကို ပေါင်းစပ်ထားသည့် စောဒနာဖြစ်သောကြောင့် "အာဘောဂါ ယုတ္တစောဒနာ" ဟု (အာ)နှင့်သုံးရမည်၊ "သာဘောဂါယုတ္တစောဒနာ"ဟု (သာ)နှင့်မသုံးရ။ ထို့ပြင် "စောဒနာ မေးရာ၌။ ပ။ တစ်ခုခုကိုသာ မေးရမည်"ဟူသော စည်းမျဉ်းနှင့်လည်း မကိုက်ညီ။ ပါရာဇိကထ်မေးခွန်း၌လည်း စောဒနာနှစ်မျိုး ရောမေးသည့် မေးခွန်း တွေ့ခဲ့ပြီ။]

---

၃။ ။စောဒကာဘောဂါဒိစတုက္က

(၁) နနု တဿ သိရသ္မိံ ပလိတာနိ ဇာတာနိ (စောဒကာ ဘောဂ)။

(၂) အထ ကသ္မာ နံ နဝါယံ ကုမာရကော မတ္တမညာတီတိ ကုမာရကဝါဒေန ဩဝဒတိ (စောဒနာ)။

(၃) နနု ထေရော အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ (ပရိဟာရာဘောဂ)။

(၄) တသ္မာ နံ နဝါယံ ကုမာရကော မတ္တမညာတီတိ ကုမာရကဝါဒေန ဩဝဒတိ (ပရိဟာရ)။

မှတ်ချက်။ ။ ထေရဿ အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထတ္တာ (ပရိဟာရာဘောဂ)။ နံ ကုမာရကဝါဒေန ဩဝဒေတိ (ပရိဟာရ)။ ဤသို့လည်း ပရိဟာရာဘောဂယ ပရိဟာရတို့ကို ထုတ်ကြသည်။ [မေးခွန်းထုတ် စည်းမျဉ်း အဖြေ၌လည်း ဤနည်းအရပင် ထုတ်သည်။]

[ပရိဟာရာဘောဂ, ပရိဟာရ ထုတ်နည်း ၂-မျိုး။ ။ ပရိဟာရာဘောဂ,ပရိဟာရထုတ်နည်းသည် ယခုဖော်ပြခဲ့သည့်အတိုင်း ၂-မျိုးရှိသည်။ ပရိဟာရာဘောဂ,ပရိဟာရ ထုတ်ရာတိုင်း၌ထုတ်ပုံကို ဤနည်းအတူ သိရာ၏။ ၂-မျိုးရှိသောကြောင့် ဖြေသောအခါ ဖော်ပြခဲ့သည့်အတိုင်းဖြေ၍ မှတ်ချက်ရေးရာ၏။ သို့မဟုတ် ၂-နည်းသော်လည်း ဖြေရာ၏။

ပရိဟာရာဘောဂထုတ်ရာ၌ ယူဆချက်။ ။ နှလုံးသွင်းကို "အာဘော်"ဟု ခေါ်သည်။ ထိုအာဘော်သည်ပင် အကြောင်းပြဖြစ်၍ "အာဘော်ဟူရာ၊ အကြောင်းသာ"ဟု ရှေးရေးဆောင်နိယံ (၆၅) စပ်ဆိုသည်။ "အာဘော်"ဟူသည် နှလုံးသွင်းပင် ဖြစ်သောကြောင့် အဓိပ္ပာယ်အားဖြင့် နနု-တပ်သည်ဖြစ်စေ, မတပ်သည်ဖြစ်စေ, ဟိတ်ပြင်သည် ဖြစ်စေ, မပြင်သည်ဖြစ်စေ နှလုံးသွင်းသည် အာဘော်ပင်တည်း။

http://www.dhammadownload.com



သို့သော် သဒ္ဒါအနေအထားအရမှာမူ သဒ္ဒါထုံးစံစည်းကမ်းအတိုင်း လုပ်ရမည်သာ။ အဋ္ဌကထာဆရာ, ဋီကာဆရာတို့ ကိဥ္စာပိ, ယဒိပိ–စသည်တို့ဖြင့် ချီ၍ အဖြေရေးရာ၌ ပရိဟာရ၏အနုဂ္ဂဟ,သို့မဟုတ် အရစိနှင့်ပရိဟာရ၊ ဤ ၂–မျိုးကိုသာ ကိဥ္စာပိ ပဥ္စသီလတော သရဏဂမနမေဝ ဇေဋ္ဌကံ၊ ယ္ကဒံ ပန သရဏ ဂမနေယေဝ ပတိဋ္ဌာယ ရက္ခိတသီလဝသေန မဟပ္ဖလန္တိ ဝုတ္တံ (၁၃၁၅–ခုနှစ်မေးခွန်း)–စသည်ဖြင့် တိုက်ရိုက်ရေးလေ့ရှိကြသည်။ စောဒကာဘောဂ, စောဒနာ, ပရိဟာရာ ဘောဂတို့ကိုမူ တိုက်ရိုက်ရေးလေ့မရှိကြ။ တိုက်ရိုက်ရေးလေ့မရှိသောကြောင့် နန တပ်ရန် မလိုသည့်အတွက် နန–မတပ်ခြင်း ဖြစ်လေသည်။နီတတ္ထအားဖြင့် စောဒကာ ဘောဂ,စောဒနာ, ပရိဟာရာဘောဂ, ပရိဟာရ ၄–ချက်ခွဲရေးမူ စောဒကာဘောဂ, ပရိဟာရာဘောဂ တို့၌ "နန–တပ်ရမည်သာဖြစ်သည်"ဟု ကျွန်ုပ်တို့ယူဆသည်။

"ပန–စပ်ရာ၊ပုဒ်တို့မှာ၊ကျမ်းဆရာ၏၊အဖြေလည်းရ၊ အာဘော်ပြ"ဟု ရွှေရေးဆောင်နိယံ (၇၁) စပ်ဆိုသည့်အတိုင်း ပန–စပ်ရာ ဆိုက်ရာကြိယာ ပုဒ်တိုင်အောင်သော စကားရပ်ဖြင့် ပရိဟာရကိုလည်းကောင်း, ပရိဟာရာဘောဂကိုလည်းကောင်း ပြသည်။ယင်းသို့ ပြရာ၌ ပရိဟာရကိုသာ နီတတ္ထအားဖြင့် ပြသည်။ ပရိဟာရာဘောဂကိုကား နေယျတ္ထအားဖြင့်သာ ပြသည်။ ထို့ကြောင့် ပရိဟာရစကားရပ်တွင် ပါဝင်သော အကြောင်းပြ (နလုံးသွင်း)စကားရပ်ကို သဒ္ဒါနည်းကျအောင် ပြင်, ထည့်သင့်သည်ကို ပြင်, ထည့်၍ သဒ္ဒါနည်းအရ နန–တပ်ကာ ပရိဟာရာဘောဂကို ပြုလုပ်ရသည်။ "ကိဥ္စာပိ–သဒ္ဒါ စသည်တို့၏ စပ်ရာ ဆိုက်ရာ ကြိယာပုဒ်တိုင်အောင်သော စကားရပ်ဖြင့် စောဒကာဘောဂကို ပြသည်"ဟု ဆိုသော်လည်း ယင်းစကားသည် ပရိဟာရ၏စကားဖြစ်၍ နီတတ္ထအားဖြင့်ကား ပရိဟာရ၏ အနုဂ္ဂဟ, သို့မဟုတ်,အရစိကိုသာပြသည်။စောဒကာဘောဂကို မပြ။ မပြသောကြောင့် ယင်းစကားရပ်ကို သဒ္ဒါနည်းအရ ပြင်, ထည့်သင့်သည်ကို ပြင်, ထည့်၍ နန–တပ်ကာ စောဒကာဘောဂ ပြုလုပ်ရသကဲ့သို့တည်း။ ("ပန တထာပိ၊ ဆိုက်ထည့်ကြိယာ၊ တိုင်အောင်မှာကား၊ဆရာပရိဟာရ၊ပြသည့်အာဘော်တည်း"ဟု ဘုရားကြီးနိယံ (၄၃)စပ်ဆိုသည်မှာ ပရိဟာရမှာ နီတတ္ထဖြစ်၍ ထင်ရှားသောကြောင့် ပရိဟာရကို မစပ်ဆိုဘဲ နေယျတ္ထကိုသာ စပ်ဆိုခြင်းဖြစ်သည်။ထို့ကြောင့် ပန–စပ်ရာ။ ပ။ အာဘော်ပြ–ဟူသော ရွှေရေးဆောင်နိယံနှင့် သဘောအားဖြင့် အတူတူပင်။)

"အဖြေမြင်က၊အတင်သိမိ၏၊ကျမ်းရိုးအနေတည်း။ ။ အဖြေ၌ ကာ၊ မေးပုစ္ဆာ၊ လျော်ရာ တင်ထုတ်ဆို"ဟု နိယံများလာသည့်အတိုင်း အဖြေကိုကြည့်၍ အဖြေနှင့် လိုက်လျောညီထွေ အမေးကိုထုတ်ရပြီ, "ပုစ္ဆာ, ဝိဿဇ်၊ နော ဖြစ်က၊ သဈာ, လိင်္ဂ, ဝိဘတ္တိ၊ တူမျှရသည်သာ"ဟု သမ္ဗန္ဓစိန္တာဂဏ္ဌိသစ် (၂၃၈) စပ်ဆိုသည့်အတိုင်း အမေးနှင့်အဖြေသည် ညီရမည်ဖြစ်သောကြောင့် ထေရဿ အာယသ္မတော အာနန္ဒ အတိဝိယ ဝိဿတ္ထတ္တာ,နံ နဝါယံ ကုမာရကော မတ္တမညတီတိ ကုမာရကာ ဝါဒေန သြဝဒတိ စကား ၂–ရပ်လုံးမှ အထ ကသ္မာ နံ နဝါယံ ကုမာရကော မတ္တမညတီတိ ကုမာရကဝါဒေန သြဝဒတိ–ဟူသော အမေး(စောဒနာ)၏ (အကြောင်းဖြင့် မေးသည့်အတိုင်း အကြောင်းဖြင့် ဖြေသည့်)အဖြေ (ပရိဟာရ)

http://www.dhammadownload.com



တစ်ခုသာဖြစ်သည်။ အာဘော်မပါသေး၊ အာဘော်ကိုဆောင်၍ သဒ္ဒါနည်းအရ လုပ်ယူ ရသည်-ဟူလို။ စောဒကာ ဘောဂါဒိစတုက္ကၶ် အခြားသိဖွယ်ရာများကို ၁၃၁၅-ခုနှစ် သီလက္ခန်အဖြေ၌ ရှုရာ၏။

အတ္တနောမတိယာ သဗ္ဗဒုဗ္ဗလတ္တာ ဝိစာရေတွာ ဂဟေတဗ္ဗာ။
အတ္တနောမတိ ကိဉ္စာပိ၊ ကထိတာ သဗ္ဗဒုဗ္ဗလာ။
ကထာပိ နယမာဒါယ၊ ကထိတတ္တာ အကောပိယာ။
ယံ ယုတ္တိံ အတ္ထိ၊ တံ ဂဟေတဗ္ဗံ။ ယံ ရုစ္စတိ၊ တံ ဂဟေတဗ္ဗံ။

(ဂ)အမှတ်ပြဝါကျပါ ထည့်မေးသင့်။ ။ (ဂ)(ဃ)အမှတ်ပြဝါကျတို့၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပါ"ဟု (ဂ)အမှတ်ပြဝါကျပါ ထည့်မေးသင့်သည်]

လက္ခဏာရုစိ ပိ-သဒ္ဒါ ထားရခြင်းအကြောင်း

ထေရေန ဥစ္စိနိတဗ္ဗော အဿ-ဟူသော သံဝဏ္ဏနာပြ အကျိုးကို မနှစ်သက်သောကြောင့် (က)အမှတ်ပြဝါကျ၌ လက္ခဏာရုစိ ပိ-သဒ္ဒါကို ထားရပါသည်။

မှတ်ချက်။ ။ "သေက္ခဖြစ်ခြင်းဟူသော အကြောင်းကို မနှစ်သက်သောကြောင့် ပိ-သဒ္ဒါကို ထားသည်"ဟုလည်း ဆိုကြ၏။ (စဉ်းစားပါ။)

ကိဉ္စာပိစသောသဒ္ဒါထားရခြင်းအကြောင်း ရှာဖွေနည်း။ ။ စောဒကပုဂ္ဂိုလ်တို့သည် သဒ္ဒါ, အနက်, အကြောင်း, အကျိုး ဤ ၄-မျိုးတွင် တစ်မျိုးမျိုး မနှစ်သက်သောကြောင့် ကိဉ္စာပိ-စသော သဒ္ဒါကို ထားလေ့ရှိကြသည်။ ထိုသို့ထားရာ၌ ကိဉ္စာပိ-စသော သဒ္ဒါ ပံ့သောပါဠ်၌ တိုင်ရုံသော စကားရပ်သည် စောဒက၏ အာဘော်ကို ပြသည်။ ထိုစောဒက၏ အာဘော်သည်ပင် ပရိဟာရဖြစ်သော ကျမ်းဆရာ၏ အနုဂ္ဂဟ, သို့မဟုတ် လက္ခဏာရုစိ လျော်သလိုဖြစ်သည်။ ထိုအနုဂ္ဂဟ, လက္ခဏာရုစိကို ပန, ပိ-စသည်ဖြင့် ပြသည်။ ကိဉ္စာပိ-စသောဝါကျ မရှိစေကာမူ နောက်ဝါကျရှိ ပန, ပိ-စသည်ကို မြင်ရသောအားဖြင့် ရှေ့ဝါကျ၌ ကိဉ္စာပိ-စသောသဒ္ဒါကို သိရသည်။ နောက်ဝါကျရှိ ပန, ပိ-စသည်ကို မြင်ရသောအားဖြင့် စောဒက၏အာဘော်ကို သိရသည်။

ဤ သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ-ဟူသော ဝါကျ၌ ပိ-ထိုင်သော သမာနောပိ တိုင်ရုံသော စကားရပ်သည် စောဒက၏ အာဘော်ကို ပြသည်။ "စောဒက၏အာဘော်ကို ပြသည်"ဟု ဆိုသော်လည်း တိုက်ရိုက်မပြသောကြောင့် ပြင်, ထည့်သည်များကို ပြင်, ထည့်၍ ယင်း ပိ-နေရာ၌ နနအစားထိုးမှ "နနု သေက္ခော ဟောတိ"ဟု စောဒကာဘောဂဖြစ်သည်။ ထိုစောဒကာ ဘောဂနောက် အရာအားလျော်စွာ ကသ္မာ-စသည်တက်၍ "ကသ္မာ ဥစ္စိနိတဗ္ဗော အဿ"ဟု စောဒနာရသည်။

ဥပနာကို "မနှစ်သက်ရာ၊ ဥပနာမှု"ဟု ဆိုသည့်အတိုင်း မနှစ်သက်ရာကို ဥပနာထားရသည်။ ထိုမနှစ်သက်ရာကိုလည်း "မနှစ်သက်ရာ၊ သိလိုပါ၊ ဆပါ အာဘောဂ"ဟု ဆိုသည့်အတိုင်း အာဘော်ကို ထောက်ဆ၍ သိရသည်။ ဤ၌ "နနု သေက္ခော ဟောတိ-သေက္ခဖြစ်သည် မဟုတ်ပါလော"ဟူသော အာဘော်ကို ထောက်ဆ၍ ထေရေန ဥစ္စိနိတဗ္ဗော အဿ-ဟူသောစကားကို "စောဒက မနှစ်သက်"ဟု

http://www.dhammadownload.com



သိရသည်။ ထို့ကြောင့် ထေရေန ဥစ္စိနိတဗ္ဗော အဿ–ကို ဋ္ဌပနာထားရသည်။ ထို့ပြင် ဋ္ဌပနာစကားနှင့် ပရိဟာရ၏ ပဓာနစကား တူရသည်ဖြစ်၍ ဋ္ဌပနာတိက (သာဓောဂ) စောဒနာတက်သော် ပရိဟာရ၏ ပဓာနစကားကို ဋ္ဌပနာထားရ သည်ကိုလည်း သိလေဦး။ ဤ၌ ထေရေန ဥစ္စိနိတဗ္ဗော အဿ–သည် ပရိဟာရ၏ ပဓာနစကားတည်း။

ဤစည်းကမ်းနှင့်အညီ ဋ္ဌပနာတိက(သာဓောဂ)စောဒနာတက်သော် အရှင်အဋ္ဌကထာဆရာ ဆရာသည် ထေရေန ဥစ္စိနိတဗ္ဗော အဿ–ဖြင့် "အရှင်မဟာကဿပထေရ်သည် ရွေးကောက်အပ်သည် ဖြစ်ရာပါ၏။ (ရွေးကောက်ရာပါ၏)"ဟု ဆိုတော်မူ၏ (ဋ္ဌပနာ)။အဘယ်ကြောင့် အရှင်မဟာကဿပထေရ်သည် ရွေးကောက်အပ်သည် ဖြစ်ရာပါသနည်း(စောဒနာ)။အရှင်အာနန္ဒာသည် သေက္ခဖြစ်သည် မဟုတ်ပါလော(အာဘောဂ) ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောတနောတော်မူလိုသော အဋ္ဌကထာဆရာသည် သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ–ဟူသော ဝါကျကို မိန့်၏။

ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ–သည် ပရိဟာရဖြစ်သော ကျမ်းဆရာ၏အဖြေကိုလည်း ပြသည်။ အာဘော်ကိုလည်း ပြသည်။ ထိုသို့ ပြရာ၌ အဖြေကိုသာ နိတတ္ထအားဖြင့် ပြ၍–အာဘော်ကို နေယျတ္ထအားဖြင့် ပြသောကြောင့် ပရိဟာရအာဘော်ကို "ဓမ္မသင်္ဂီတိယာ ဗဟုကာရော ဟောတိ"ဟု ပြင်သင့်, ထည့်သင့်သည် ကို ပြင်, ထည့်ပြီး နနု–တတ်၍ လုပ်ယူရသည်။

စောဒကာဘောဂါဒိစတုက္က ထုတ်သော်–အောက်ပါအတိုင်း ထုတ်အပ်၏။

(၁) နနု သေက္ခော ဟောတိ (စောဒကာဘောဂ)။

(၂) အထ ကသ္မာ ထေရေန ဥစ္စိနိတဗ္ဗော အဿ (စောဒနာ)။

(၃) နနု ဓမ္မသင်္ဂီတိယာ ဗဟုကာရော ဟောတိ (ပရိဟာရာဘောဂ)။

(၄) တသ္မာ ထေရေန ဥစ္စိနိတဗ္ဗော အဿ (ပရိဟာရ)။

"မနစ်သက်ရာ ဋ္ဌပနာမူ"ဟုဆိုသည့်အတိုင်း ဋ္ဌပနာသည် စောဒက မနစ်သက်ရာဖြစ်၍ ယင်းဋ္ဌပနာသည်["သဒ္ဒါဖြစ်လျှင် သဒ္ဒါကိုမနစ်သက်,အနက်ဖြစ်လျှင် အနက်ကိုမနစ်သက်, အကြောင်းဖြစ်လျှင် အကြောင်းကို မနစ်သက်, အကျိုးဖြစ်လျှင် အကျိုးကိုမနစ်သက်"ဟု မှတ်။ဟသဒ္ဒါ, အနက်, အကြောင်း, အကျိုးယူပုံကို ပထမအုပ် ၁၃၁၅–ခုနှစ်သီလက္ခန်နံပါတ် (၃) အဖြေ၌ ရှု။]"သဒ္ဒါကို မနစ်သက်လျှင် ကိဉ္စာပိ–စသော သဒ္ဒါကိုလည်း သဒ္ဒါကို မနစ်သက်သောကြောင့်ပင် ထားသည်"ဟု မှတ်။ဤ၌ ထေရေန ဥစ္စိနိတဗ္ဗော အဿ–သည် အကျိုးဖြစ်၍ "အကျိုးကို မနစ်သက် သောကြောင့် ပိ–သဒ္ဒါကို ထားသည်"ဟု မှတ်။

သတ္တလောကေ ဥပ္ပဇ္ဇမာနောပိ စ တထာဂတော န ဒေဝလောကေန ဖြပ္ပဇ္ဇ လောကေ မနုဿလောကေယေဝ ဥပ္ပဇ္ဇတိ။ (ဋ္ဌ၊ ၁၅၆။)–၌ လက္ခဏာရှုစိ ပိ–သဒ္ဒါ ကို သံဝဏ္ဏနာပြ "မနုဿလောကေယေဝ ဥပ္ပဇ္ဇတိ–ဟူသော အနက်ကို မနစ်သက် သောကြောင့်ထားသည်"ဟု ဆိုသော စည်းမျဉ်းအဖြေကိုလည်း ထောက်။ အားရ ကျေနပ်မှု မရှိလျှင် ဆိုင်ရာနိယံ အဖြေများကိုလည်း ရှု။ ကိဉ္စာပိဝါကျ စသည်ကို တွေ့ရလတ္တံ့။

http://www.dhammadownload.com



ကိစ္စာပိ-စသောသဒ္ဒါများ ထားရခြင်းအကြောင်းကို မေးရာ၌ ဟိုဟာလိုလို သည်ဟာလိုလိုဖြင့် လည်လည်နေတတ်သည်။ မလည်အောင် ယင်းကိစ္စာပိ-စသည် ပါရှိသော ဝါကျကို စနစ်တကျ ဌပနာ မှန်အောင်ထားပြီး တက်ကြည့်ပါ။ ထိုဌပနာ သည်ပင် မနစ်သက်ရာဖြစ်သည်ကို တွေ့ရှိရပါလိမ့်မည်။ ဤကား ကိစ္စာပိ-စသော သဒ္ဒါထားရခြင်း၏ အကြောင်းကို ရှာဖွေသည် နောက်ဆုံးတွေ့ရှိရသော သေချာ၍ လွယ်ကူသော နည်းစနစ်တည်း။

ယခုဖော်ပြခဲ့သည်မှာ သေက္ခောပိ သမာနော ဓမ္မသဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ-ဟူသော အတွင်းအစိတ်ဝါကျအတွက်သာ ဖြစ်သည်။ ယဒိ ဧဝံ သေက္ခောပိ သမာနော ဓမ္မသဂီတိယာ ဗဟုကာရတ္တာ ထေရေနဥစ္စိနိတဗ္ဗော အဿ၊ အထ ကသ္မာ နဥစ္စိနိတောတိ-ဟူသော ဝါကျကြီး တစ်ခုလုံးအတွက် မဟုတ် သည်ကို အထူးသတိပြုပါ။

ကျက်။ ။ (၁)မနှစ်သက်ရာ၊ သိလိုပါ၊ စပါ အာဘောဂ။
(၂)မနှစ်သက်ရာ၊ ဌပနာမှု၊ နနနောက်မှ၊ အထ ကသ္မာ၊ ကိန္တု-ဖြာ၊ လျော်စွာ မေးလေကြ။
(၃)သဒ္ဒါတစ်မျိုး၊ ကြောင်း, ကျိုး, အနက်၊ မနှစ်သက်၍၊ စုဒ်တက်လေရာ၊ ကိစ္စာပိ-ငုံ၊ ပါဌ်တိုင်ရုံ၊ တင်တုံ့ စောဒက၊ အာဘော်ပြ။
(ရွှေရေးဆောင်နိယံ။ ၆၂-၃-၄)]

---

၄။ ။ ဝိဂ္ဂဟ။ ။ ကာမိယတီတိ ကုမာရော။ (မောဂ်၊ ၇၊ ၁၆၅) ဝစနဆက္က

(၁) ကုမာရော-ဟူသော နိပ္ဖန္နသည် ဝစန။
(၂) ကာမိယတိ-ဟူသော ဝိဂြုဟ် ဝါကျသည် ဝစနတ္ထ။
(၃) အလိုရှိခြင်း ကြိယာသည် ဝစနဟေတု။
(၄) ဏုတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။
(၅) သူငယ်ဒြပ်သည် ဝစနီယ။
(၆) ဗာလော, ပေါတကော-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ။

မှတ်ချက်။ ။ ကုမာရယတိ တတ္ထ တတ္ထ ကီဠတီတိ ကုမာရော။ (နီတိ၊ ဓာတု၊ ၃၃၅။)ကဲ့ ဘူမိ မရတိ ဘိန္ဒတိ ဝိလေခတီတိ ကုမာရော။ ကုယံ ဘူမိယံ မရတီတိ ကုမာရော။ (နိရုတ္တိသာရမဉ္ဇူသာ။ သူစိ။ ၁၃၇။) (အကျယ်ကို ၁၃၄၄-ခုနှစ် ပါရာဇိကဏ် ၅-နံပါတ် အဖြေ၌ ရှု။) ဤသို့လည်း ဝိဂ္ဂဟပြုနိုင်သည်။

[ကျမ်းလေးဖယ်ရှား နည်းညွှန်ကြား။ ။ ဝစနဆက္က သို့မဟုတ် ဝစနာဒိ ဆက္က၌ သိဖွယ်များကို ပထမအုပ် ၁၃၁၅-ခုနှစ် သီလက္ခန် နံပါတ်(၄) အဖြေ၌ရှုပါ]

---

၅။ ။ ဟိတ်၏သမ္ဗန်။ ။ ဗဟုကာရတ္တာ-ဟူသော ဟိတ်၏ သမ္ဗန်ကို ယင်းဟိတ်၏ ဆိုက်ရာ ဥစ္စိနိတဗ္ဗော-၏ ဝိတ္ထက်ဖြစ်သော အာယသ္မာ အာနန္ဒတ္ထေရော-ကို "အာယသ္မတော အာနန္ဒတ္ထေရဿ"ဟု ပြင်၍ ခံရပါသည်။

http://www.dhammadownload.com



အနက်ပေး,စာစပ်။ ။ အာယသ္မတော အာနန္ဒတ္ထေရဿကား "၏"ဟူ၍ အနက်ပေးသောကြောင့် ဗဟုကာရတ္တာဝယ် တ္တ-ပစ္စည်း၌ သမ္ဗန်, သတ္တိမန္တ၊ တ္တ-ပစ္စည်း ကား သမ္ဗန္ဓိ, သတ္တိ။

အာယသ္မတော အာနန္ဒတ္ထေရဿ-ကား "သည်"ဟူ၍ အနက်ပေးသော ကြောင့် ဗဟုကာရတ္တာ-ဝယ် ဗဟုကာရ-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ ဗဟုကာရ-ဟူသော ဘာဝယောဂပုဒ်ကား ဝါစက,လိင်္ဂတ်။

[ကျွမ်းလေးဖယ်ရှား နည်းညွှန်ကြား။ ။ ဟိတ်သမ္ဗန်ခံနည်း အနက်ပေးနည်း, စာစပ်နည်းများကို ပထမအုပ် ၁၃၁၅-ခုနှစ် သီလက္ခန်နံပါတ် (၅) အဖြေ၌ ရှုပါ။]

---

၆။ ။ ဒေသနာတိ ပညတ္တိ-၌ အာဘောဂနှင့်သံဝဏ္ဏနာ

ပညတ္တိ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ဒေသနာ-ဟူသော သံဝဏ္ဏေ တဗ္ဗပုဒ်၏ အရ "ဝစီဘေဒဖြစ်သော တစ်လုံးတစ်လုံးသောအက္ခရာ"ဟု ဆိုအပ်သော ပရမတ္ထသဒ္ဒါ (ဧကေကက္ခရဝစီဘေဒပရမတ္ထသဒ္ဒါ)ကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ (သဒ္ဒဝါဒီဆရာ၏အလို။)

(တစ်နည်း) "စိတ်တော်ဖြင့် ပိုင်းခြားမှတ်သားအပ်သော အက္ခရာအစဉ်"ဟု ဆိုအပ်သော နာမပညတ် (မနသာ ဝဝတ္ထပိတ အက္ခရာ ဝဋ္ဋိဖြစ်သော နာမပညတ်)ကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ (ပညတ္တိဝါဒီ ဆရာ၏အလို) သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။ (သီ၊ဋီ၊သစ်၊၁၊၁၁၆။သာရတ္ထ၊၁၊၇၉။)

---

၇။ ။ ဆန္ဒာဂမနံ-ဝယ် ရသင့်သော ဝိပလ္လာသနည်း

ဆန္ဒာဂမနံ-ကို "ဆန္ဒ+အာဂမနံ"ဟု ပုဒ်ဖြတ်၊ယင်း ဆန္ဒ+အာဂမနံ-ဝယ် ဆန္ဒာ-၌"ဆန္ဒေန"ဟု ဆိုအပ်သော တတိယာနာဝိဘတ်ကို"ဆန္ဒာ"ဟု ပဥ္စမီ သ္မာ ဝိဘတ်အားဖြင့်ပြန်နေသောကြောင့် ဝိဘတ္တိဝိပလ္လာသနည်း ရသင့်ပါသည်။ ဋီကာအလို ဤ ၏ဝိပလ္လာသနည်း မရ။ ။ ဆန္ဒာဂမနံ ဝိယာတိ တွေဆန္ဒာ၊ အာဂမနံ ဝိယာတိ ပဒစ္ဆေဒေါ။ ဆန္ဒာတိ စ ဟေတုမှိ နိသက္ကဝစနံ၊ ဆန္ဒေ န အာဂမနံ ပဝတ္တနံ ဝိယာတိ အတ္ထော (သီ၊ဋီ၊သစ်၊၁၊၆၂။)အလို ပဥ္စမီ သ္မာ-ဝိဘတ်ဖြစ်၍ ဝိဘတ္တိဝိပလ္လာသနည်း မရ။ ဆန္ဒာဂမနံ-ဝယ် အခြားရနိုင်သည့် ဝိပလ္လာသနည်း မရှိ၍ ရနိုင်သည့် အလျော်ဆုံးဖြစ်သော ဝိပလ္လာသနည်းကို ကြံ၍ ဖြေခြင်းဖြစ်သည်။ ကောင်းလှသည်တော့မဟုတ်၊ မေးကွက် မကောင်း၊ မေးစရာ ရှားပုံရသည်။

---

၈။ ။ အဆုံးအဖြတ်

တထာဂတဿ ဘာတာ-၏အရ ဇေဋ္ဌကဘာတာ, ကနိဋ္ဌဘာတာ နှစ်ပါး တို့တွင် ကနိဋ္ဌဘာတာ (ညီငယ်)ကို ယူရပါသည်။ "ကနိဋ္ဌဘာတာ"ဟု ဆိုရာမှာလည်း ဘထွေးတော်အငယ်ဆုံး အမိတောဒနမင်း၏သား အဖြစ်အားဖြင့်သာ "ကနိဋ္ဌဘာတာ"ဟု ဆိုခြင်းဖြစ်ပါသည်။ အရွယ်အားဖြင့်ဆိုသည် မဟုတ်၊ အရွယ်အားဖြင့်ကား မငယ်ပါ။

http://www.dhammadownload.com



ဖွားဘက်တော်ဖြစ်သောကြောင့် အရွယ်တူပင် ဖြစ်ပါသည်။ ဤကား ဤဘာဏက (ဒီဃဘာဏက) ဆရာတို့အလို ဖြစ်ပါသည်။

[ထောက်ဖွယ်။ ။ဘာတာတိ စေတ္ထ ကနိဋ္ဌဘာတာ စူဠပိတုပုတ္တ-ဘာဝေန၊ န ပန ဝယသာ သဟဇာတဘာဝတော။ (သီ၊ ဋ္ဌိ၊ သစ်၊ ၁၊ ၆၁။) ကို ထောက်။]

မေးပုံ ရည်ရွယ်ရင်း မရောက်။ ။ ဤဋီကာသစ်စကားမှာ ဘာတာ၏ အရနှင့် ကနိဋ္ဌဘာတာဖြစ်ပုံကို ပြဆိုထားခြင်းဖြစ်သည်။ ဤဋီကာအဖွင့်ကို ရည်ရွယ်မေးသော်လည်း မေးခွန်းစကား ဤအဖွင့်ထိအောင် မရောက်။ မည်သည့် ဘာဏကတို့အလိုဖြစ်ဖြစ် ကနိဋ္ဌဘာတာကို ယူရသည်မှာ အတူတူပင် ဖြစ်၍ အဆုံးအဖြတ်မှာ အတူတူပင် ဖြစ်သည်။ ကနိဋ္ဌဘာတာဖြစ်ပုံသာ ဘာဏက ဆရာတို့အလို ကွဲပြားခြင်း ဖြစ်သည်။ ထို့ကြောင့် "တထာဂတဿ ဘာတာ-၏အရ ဇေဋ္ဌကဘာတာ, ကနိဋ္ဌဘာတာ နှစ်ပါးရှိရာ အဘယ်ကို ယူရသည်ကို ဆုံးဖြတ်၍ ယူရသော ဘာတာ၏ ဖြစ်ပုံကိုလည်း ဤဘာဏကဆရာတို့ အလိုကျ ရှင်းပြပါ"ဟု မေးသင့်သည်။

အရှင်အာနန္ဒာဖွားဘက်တော်တွင် ပါ, မပါ ဝါဒ ၂-မျိုး။ သဗ္ဗညုဗောဓိသတ္တေန ကိရ သဒ္ဓိံ ရာဟုလမာတာ အာနန္ဒတ္ထေရော ဆန္နော ကဏ္ဍကော နိဓိကုမ္ဘော မဟာဗောဓိ ကာဠုဒါယိတိ ဣမာနိ သတ္တ သဟဇာတာနိ။ (ဒီဃနိကာယ မဟာဝဂ္ဂ၊ ဋ္ဌ၊ ၂၊ ၁၈။) ဤဒီဃနိကာယ် မဟာဝါအဋ္ဌကထာအလို ဖွားဘက်တော် ၇-မျိုးတွင် အရှင်အာနန္ဒာ ပါသည်။ [အပဒါန၊ ဋ္ဌ၊ ၁၊ ၆၅။ (အပဒါန၊ ဋ္ဌ၊ ၂၊ ၅၅။ ဤ ၅၅-၌ ၈-မျိုး တွေ့ရသည် တစ်မျိုးပိုနေသည်။) ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၁၅၈၊ ၃၂၂၊ ၃၅၁။ ဇာတက၊ ဋ္ဌ၊ ၁၊ ၆၃-တို့၌လည်း အာနန္ဒာ ပါသည်။]

ဗောဓိသတ္တေန ဟိ သဒ္ဓိံ ဗောဓိရုက္ခော ရာဟုလမာတာ စတဿော နိဓိကုမ္ဘိယော အာရောဟနီယဟတ္ထိ ကဏ္ဍကော ဆန္နော ကာဠုဒါယီတိ ဣမေ သတ္တ ဧကဒိဝသေ ဇာတတ္တာ သဟဇာတာ နာမ အဟေသုံ။ (အင်္ဂုတ္တရ၊ ဋ္ဌ၊ ၁၊ ၂၃၄။) ဤအင်္ဂုတ္တရနိကာယ် အဋ္ဌကထာအလို အရှင်အာနန္ဒာ မပါ။ [ထေရဂါထာ၊ ဋ္ဌ၊ ၂။ ၁၆၄။ အပဒါန၊ ဋ္ဌ၊ ၂၊ ၂၅၇-တို့၌လည်း 'အရှင်အာနန္ဒာ မပါ။'

ဤအင်္ဂုတ္တရနိကာယ်အဋ္ဌကထာ (အင်္ဂုတ္တရဘာဏကဆရာတို့) အလို အရှင်အာနန္ဒာသည် ဖွားဘက်တော်မဟုတ်သောကြောင့် အရွယ်အားဖြင့်လည်းကောင်း, ဘထွေးတော်၏သား အဖြစ်အားဖြင့်လည်းကောင်း ကနိဋ္ဌဘာတာ (ညီငယ်)ပင် တည်း။ (သီ၊ ဋ္ဌိ၊ သစ်၊ ၁၊ ၆၂။)လည်း ရှု။)

---

၉။ ။ ဝတ္တဂါထာစိ

အာနန္ဒံ စ ဝိနာ ကာတုံ၊ န သက္ကာ ဓမ္မသင်္ဂီတိံ။

နံ ဂဟေဿာမိ ဘိက္ခူနံ၊ ယေဝါ အနုမတိယာ စ။

မှတ်ချက်။ ။ စ-၂-လုံးကား ဂါထာပူရဏမတ္တ၊ ဝါ, တိ-တို့၌ အာ, ဤ-တို့ကား ဆန္ဒာနုရက္ခဏဋ္ဌာနဒီဃ။

---

http://www.dhammadownload.com



၁၀။ ။ ဘာဝါလင်္ကာရ

(၁) သြဒတိ-ဝယ် အ၀-ပုဗ္ဗ ဝဒ-ဓာတ်၏အရ အရှင်မဟာကဿပ၏ သန္တာန်၌ဖြစ်သော ပီတိနှင့်တကွ အဒေါသ (မေတ္တာ)ပြဓာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို တရားကိုယ်ကောက်၍ ထိုပီတိနှင့်တကွ အဒေါသ ပြဓာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယီဘာဝယ ဓမ္မသိင်္ဂါရရသ။

(၂) အရှင်အာနန္ဒာသည် အာရမ္မဏဝိဘာဝ။

(၃) အရှင်အာနန္ဒာအပေါ် အရှင်မဟာကဿပ အကျွမ်းဝင်ခြင်း၊ အရှင် အာနန္ဒာ ရဟန်းငယ် ရှင်ငယ်တို့ကို ခေါ်၍ ဒက္ခိဏဂိရိဇနပုဒ်၌ ဒေသစာရီ လှည့်လည်ခြင်း၊ ရဟန်းငယ် ရှင်ငယ်တို့ တစ်နေ့တည်းမှာပင် လူထွက်ကြခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

(၄) အရှင်မဟာကဿပ၏ အဆုံးအမဖြင့် တည်၍ နောင်အခါ အလားတူ အမှုတို့မှ ရှောင်ကြဉ်ခြင်း၊ သာသနာတိုးတက်ကြီးပွားခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝ။

ဘာဝါလင်္ကာရထုတ်နည်း

ဘာဝ, ဝိဘာဝ, အနုဘာဝ။ ။ ဘာဝေါ ဟိ နာမ သရီရံ၊ ဝိဘာဝေါ နာမ ကာရဏံ၊ အနုဘာဝေါ နာမ အာနိသံသဖလံ-နှင့်အညီ-

(၁) ပရမတ္ထတရားတို့၏ ဖြစ်ခြင်းအထူးသည် ဘာဝမည်၏။ ထို့ကြောင့် ပရမတ္ထတရားတို့၏ ဖြစ်ခြင်းအထူးကို ဘာဝထုတ်ရသည်။

(၂) ဘာဝကို ဖြစ်စေတတ်သော အကြောင်းတရားများသည် ဝိဘာဝ မည်၏။ ထို့ကြောင့် ဘာဝကိုဖြစ်စေတတ်သော အကြောင်းတရားများကို ဝိဘာဝ ထုတ်ရသည်။

(၃) ဘာဝကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများသည် အနုဘာဝ မည်၏။ ထို့ကြောင့် ဘာဝကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများကို အနုဘာဝ ထုတ်ရသည်။

ဌာယီဘာဝ (၉)မျိုး။ ။ ဘာဝသည် ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝအားဖြင့် ၃-မျိုး ရှိ၏။ ထိုတွင် ဌာယီဘာဝသည် (၁)ရတိဌာယီဘာဝ, (၂)ဟာသ,(၃)သောက,(၄)ကောဓ,(၅)ဥဿာဟ,(၆)ဘယ,(၇)ဇိဂုစ္ဆ,(၈)ဝိမှယ, (၉)သမဌာယီဘာဝ အားဖြင့် ၉-မျိုးရှိ၏။ [ဘာဝစသော ဘာဝါလင်္ကာရထုတ်ရာ၌ ဗျဘိစာရီဘာဝ,သာတ္တိကာဘာဝတို့ကို ထုတ်ရိုး မပြုကြသောကြောင့် ဤ၌ ယင်းဘာဝ ၂-မျိုးကို မဖော်ပြတော့ပါ။]

ရသ(၉)မျိုး။ ။ ဌာယီဘာဝထုတ်သောအခါ ရသပါ ယှဉ်တွဲထုတ်ရသော ကြောင့် (၁)သိင်္ဂါရ ရသ, (၂)ဟာဿ, (၃)ကရုဏာ, (၄) ရုဒ္ဒ, (၅)ဝီရ (၆)ဘယာနက, (၇)ဗီဘစ္ဆ, (၈)အဗ္ဘုတ, (၉)သန္တရသအားဖြင့် ရသ(၉)မျိုးကိုလည်း ထည့်သွင်း သိအပ်၏။

http://www.dhammadownload.com



တရားကိုယ်နှင့် ယှဉ်တွဲပုံ

(၁) မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော အခြင်းအရာအားဖြင့်ဖြစ်သော ပီတိပြဓာန်းသော စိတ္တုပ္ပါဒ်သည် ရတိဋ္ဌာယီဘာဝ, သိင်္ဂါရရသ မည်၏။

ပီတိပြဓာန်းရာ၌ လောဘနှင့်တကွဖြစ်လျှင် လောဘပါ ပါဝင်ပြဓာန်းလျှင် (သပ္ပိတိကတဏှာ ပြဓာန်းလျှင်)ကာမရတိဋ္ဌာယီဘာဝ,ကာမသိင်္ဂါရ ရသမည်၏၊ သဒ္ဓါ, စေတနာ, အလောဘ–စသည်နှင့်တကွ ဖြစ်လျှင် သဒ္ဓါ, စေတနာ, အလောဘစသည်ပါ ပါဝင်ပြဓာန်းလျှင် ဓမ္မရတိ ဋ္ဌာယီဘာဝ,ဓမ္မသိင်္ဂါရရသ မည်၏။

ရတိဋ္ဌာယီဘာဝ,သိင်္ဂါရရသ ထုတ်ရာ၌ ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ် စသည်ဖြင့် ပီတိမပါဘဲလည်း ကောက်လေ့ ထုတ်လေ့ရှိကြသည်။ ပီတိ မပါစေကာမူ ပီတိကို မဖော်ပြစေကာမူ "ပီတိနှင့်တကွ"ဟု မှတ်ပါ။ သို့မှ ရတိ–ဟူသော အမည်နှင့် လျော်သည်။ ထို့ကြောင့် ပီတိနှင့်တကွ သဒ္ဓါပြဓာန်းသော စိတ္တုပ္ပါဒ်, သို့မဟုတ် သဒ္ဓါပီတိ ပြဓာန်းသောစိတ္တုပ္ပါဒ်စသည်ဖြင့် ပီတိပါ ဖော်ထည့်လျှင် ပိုကောင်းသည်။ ပထမအုပ်တွင် "ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်, ဝိရတိစေတနာ ပြဓာန်းသော စိတ္တုပ္ပါဒ်,သဒ္ဓါ,ပညာပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်, လောဘပြဓာန်းသောစိတ္တုပ္ပါဒ်"ဟု ဖော်ပြခဲ့ရာ၌ "ပီတိနှင့်တကွ"ဟု မှတ်ပါ။

(၂) ရွှင်လန်းဝမ်းမြောက်ပြုံးရယ်သော အခြင်းအရာအားဖြင့်ဖြစ်သော သောမနဿဝေဒနာပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဟာသဋ္ဌာယီ ဘာဝ,ဟဿရသ မည်၏။

(၃) စိုးရိမ်ကြောင့်ကြသော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါမနဿ ဝေဒနာ ပြဓာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် သောကဋ္ဌာယီဘာဝ, ကရုဏရသမည်၏။

(၄) ခက်ထန်ကြမ်းတမ်း အမျက်ထွက် (တက်ကြွ)သော အခြင်းအရာ အားဖြင့် ဖြစ်သော ဒေါသပြဓာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် ကောဓဋ္ဌာယီဘာဝ, ရုဒ္ဒရသမည်၏။

(၅) ရဲရင့်သော, အားထုတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယ ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရရသမည်၏။

ဝီရရသသည် စစ်တိုက်ခြင်း ယုဒ္ဓ,အလှူပေးခြင်းဒါန, သနားခြင်း ဒယာတို့ နှင့် ယှဉ်ခြင်းကြောင့် ယုဒ္ဓဝီရရသ,ဒါနဝီရသ,ဒယာဝီရရသအားဖြင့် ၃–မျိုးရှိ၏။ ထိုတွင် ရဲရင့်ခြင်းနှင့်တကွဖြစ်သော ဝီရိယသည် ဥဿာဟဋ္ဌာယီဘာဝ,ယုဒ္ဓဝီရရသ မည်၏။ ပေးလှူခြင်းနှင့်ကတွဖြစ်သော ဝီရိယသည် ဥဿာဟဋ္ဌာယီဘာဝ ဒါနဝီရရသ မည်၏။ သနားခြင်းနှင့်တကွဖြစ်သော ဝီရိယသည် ဥဿာဟဋ္ဌာယီဘာဝ, ဒယာဝီရ ရသမည်၏။

(၆) ကြောက်လန့် (ဆုတ်နစ်)သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသ ပြဓာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည်, ဘယဋ္ဌာယီဘာဝ, ဘယာနကရသမည်၏။

(၇) အကုသိုလ်အရာ၌ စက်ဆုတ်ရွံရှာသော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါသပြဓာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည်, ကုသိုလ်အရာ၌ ထိတ်လန့်ငြီး ငွေ့သော အခြင်းအရာအားဖြင့်ဖြစ်သော သံဝေဂပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဇိဂုစ္ဆဋ္ဌာယီဘာဝ,ဗီဘစ္ဆရသ မည်၏။

http://www.dhammadownload.com



(၈) အုံ့ဩသော အခြင်းအရာအားဖြင့်ဖြစ်သော ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဝိမုယဋ္ဌာယီဘာဝ, အဓ္ဘုတရသမည်၏။

(၉) ငြိမ်းအေးသော အခြင်းအရာအားဖြင့်ဖြစ်သော ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် သမဋ္ဌာယီဘာဝ, သန္တရသမည်၏။

ဝိဘာဝ(၂)မျိုး။ ။ ဘာဝကို ဖြစ်စေတတ်သော အကြောင်းတရားဖြစ်သော ဝိဘာဝသည် (၁) အာရမ္မဏဝိဘာဝ, (၂) ဥဒ္ဒီပနဝိဘာဝအားဖြင့် ၂-မျိုးရှိ၏။ ထိုတွင် ဇနကအကြောင်းသည်, တစ်နည်းအားဖြင့်ဆိုသော် အကြောင်းရင်းသည်, တစ်နည်းအားဖြင့် ဆိုသော် နီးသောအကြောင်းသည် အာရမ္မဏဝိဘာဝမည်၏။ ဥပတ္ထမ္ဘကအကြောင်းသည် တစ်နည်းအားဖြင့်ဆိုသော် အခြံအရံ အကြောင်းသည်, တစ်နည်းအားဖြင့် ဆိုသော် ဝေးသောအကြောင်းသည် ဥဒ္ဒီပနဝိဘာဝမည်၏။ ဥပမာအမ္ဘော ရုဟတိ-သရက်ပင် ပေါက်၏-၌ သရက်ပင်ပေါက်ခြင်းသည် ဌာယီဘာဝ၊ သရက်စေ့သည် အာရမ္မဏ ဝိဘာဝ၊ ရေမြေစသည်သည် ဥဒ္ဒီပနဝိဘာဝ၊ အသီးသီးခြင်း, စားရခြင်းသည် အနုဘာဝ။ [အနုဘာဝ၌ကား အပြားမရှိ။]

သဒ္ဒါနည်းအားဖြင့် ကြံနည်း ဖန်နည်း။ ။ သဒ္ဒါနည်းအားဖြင့် ပဓာနကြိယာပုဒ်၏အရကို ဌာယီဘာဝ ထုတ်ရသည်။ (ဝစီဘေဒပရမတ္ထသဒ္ဒါမှ တစ်ပါးသော) ကံပုဒ်၏အရကို တစ်ရံတစ်ခါ သမ္ပဒါန်ပုဒ်၏အရကို အာရမ္မဏဝိဘာဝ ထုတ်ရသည်။ ကရိုဏ်းပုဒ်, အပါဒါန်ပုဒ်, အာဓာရပုဒ်များ၏အရကို ဥဒ္ဒီပနဝိဘာဝ ထုတ်ရသည်။ ဉာပကဟိတ်ပုဒ်၏အရကို အနုဘာဝထုတ်ရသည်။ ထို့ကြောင့် သဒ္ဒါနည်းအားဖြင့်လည်း ကြည့်ရ, ကြံရ, ဖန်ရ, ချိန်ထိုးရသည်။

ကျက်။ ။ ကြိယာပုဒ်၊ အရထုတ်၊ မယုတ် ဘာဝသာ။
ကံ, သမ္ပဒါန်၊ ဤနှစ်တန်၊ မှတ်ရန် အာရမ္မဏာ။
ကရိုဏ်း, ပါဒါန်၊ အာဓာရန်၊ တတန် ဥဒ္ဒီပနာ။
ဟိတ်, ဉာပက၊ နုဘာဝ၊ မှတ်ကြ သောတုနာ။

ပဋ္ဌာန်းနည်းအားဖြင့် ကြံနည်း, ဖန်နည်း။ ။ ပဋ္ဌာန်းနည်းအားဖြင့် အာရမ္မဏူပနိဿယ,ပကတူပနိဿယ-စသော ပစ္စည်း(အကြောင်း)တရားများကြောင့် ထင်ရှားဖြစ်ပေါ်လာသော ကုသိုလ်, အကုသိုလ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန် (အကျိုး) တရားတို့ကို ဌာယီဘာဝ ထုတ်ရသည်။ ဌာယီဘာဝ၏ အာရမ္မဏပစ္စည်းတရား (အာရုံ)ကို အာရမ္မဏဝိဘာဝ ထုတ်ရသည်။ ဌာယီဘာဝ၏ ပကတူပနိဿယ ပစ္စည်းတရားကို ဥဒ္ဒီပနဝိဘာဝထုတ်ရသည်။ ဌာယီဘာဝ၏အရဖြစ်သော စိတ္တုပ္ပါဒ်၏ အနန္တရူပနိဿယ, ပကတူပနိဿယ, နာနက္ခဏိကကမ္မပစ္စယသတ္တိကြောင့် ဖြစ်ပေါ်လာသော ပစ္စယုပ္ပန် (အကျိုး)တရားများကို အနုဘာဝ ထုတ်ရသည်။ ထို့ကြောင့် ပဋ္ဌာန်းနည်းအားဖြင့်လည်း ကြည့်ရ, ကြံရ, ဖန်ရ, ချိန်ထိုးရသည်။

http://www.dhammadownload.com



## ၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ ဣတိဟမေ ဥဘော အာစရိယန္တေဝါသီ အညမညဿ ဥဇုဝိပစ္စနီက ဝါဒါ ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာ ဟောန္တိ ဘိက္ခုသံဃဉ္စာတိ-၌ ထည့်သင့် သောပါဠိတို့နှင့်တကွ အတ္ထယောဇနာပါ။

၂။ ။ ပုစ္ဆ မဟာရာဇ ယဒါကင်္ခသီတိ-ဟူသော ပါဠိတော်၌ ကံ, ကရိုထ်း, သမ္ပဒါန်စုံလင်စွာ ထည့်၍ အတ္ထယောဇနာနှစ်မျိုး ပေးပါ။

၃။ ။ အတ္ထိကဝတော ခေါပန တေ အမ္ဗဋ္ဌ ဣတ္တာဂမနံ အဟောသိ၊ ယာယေဝ ခေါ ပနတ္ထာယ အာဂစ္ဆေယျာထ၊ တမေဝ အတ္ထံ သာဓုကံ မနသိ ကရေ ယျာထ-၌ ကာရကအဝါစကပုဒ်ကို လိင်္ဂဝိပလ္လာသပြန်၍ တစ်ဝါကျလုံး အတ္ထယောဇနာပါ။

၄။ ။ အနုဿာသတု မံ ဘဝံ ယံ မမ အဿ ဒီဃရတ္တံ ဟိတာယ သုခါယ ၌ ကာရကာ, ဖလပြန်၍ အတ္ထယောဇနာပါ။

၅။ ။ ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ၊ ဒွေ သဟဿာနိ ဘိက္ခုတော။ စတုရာသီတိ သဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော-၌ ကတ္တားနှင့် နိယမထည့်၍ အတ္ထယောဇနာပါ။

၆။ ။ သရီရဂုဏာနံ ပန သမဘာဝေ သတိ ကိလေသာနံ ဥပက္ကမာနဥ္စ မုဒုတာယ အပ္ပသာဝဇ္ဇော၊ တိဗ္ဗတာယ မဟာသာဝဇ္ဇောတိ ဝေဒိတဗ္ဗော-၌ အတ္ထ ယောဇနာပါ။

၇။ ။ ပိတာ တေ အင်္ဂုလိံ မုခေ ဌပေသိ၊ ပိဋ္ဌကာ မုခေယော ဘိန္ဒိ။ အထ ခေါ ပိတာ တဝ သိနေဟေန တံ လောဟိတမိဿကံ ပုဗ္ဗံ အနုဋ္ဌုဘိတွာဝ အဇ္ဈောဟရိ-၌ အတ္ထယောဇနာပါ။

၈။ ။ ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။ အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။ ယင်းဂါထာ၌ အတ္ထယော်ဇနာပါ။

၉။ ။ တဿ ကိရ နဂရဿ ဝဏ္ဏံ ဥဏှာ ဌပေတွာ ဥဏှာသု ဓေမာနာသု အဂ္ဂဟေသုံ၊ တသ္မာတံ ဥက္ကဋ္ဌာတိ ဝုစ္စတိ-၌ ဟေတုပဒတ္တကို ငံ၍ အတ္ထယောဇနာပါ။

၁၀။ ။ တတ္ထမဟေသက္ခာ ဒေဝတာ အာရက္ခံ ဂဏှန္တိ၊ တံ နိဿာယ မနဿာနံ ဥပဒ္ဒဝေါန ဟောတိ၊ ပံသုပိသာစကာဒယော ဧဝ ဟိ မနသော ဝိဟေဌေန္တိ ၌ အတ္ထယောဇနာပါ။

---

http://www.dhammadownload.com



## ၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

၁။ ။[သျှအတိုင်း ယောဇနာစေလိုသည့် မေးခွန်းဖြစ်သည်။ သို့သော် သျှယောဇနာရာ၌ ဟုတွာ-ပါဌ်သာ ထည့်ပါဌ်ဖြစ်သည်။ ဘိက္ခုသံဃဥ-ပါဌ်၏နောက် ယောဇနာသည့် ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာ ဟောန္တိ-ပါဌ်တို့ကား လိုက်လာသည့် အရိုပါဌ်။ အပ္ပဋိဝိဒိတာ-ပါဌ်, အယံ သံခိယဓမ္မော ဥဒပါဒိ-ပါဌ်တို့ကား နောက်ပြန် စပ်အပ်, နောက်ပြန်သပ်အပ်သည့် အရိုပါဌ်များသာ ဖြစ်ကြသည်။ ထည့်ပါဌ်များ မဟုတ်ကြ။ လိုက်, လှမ်း, ပြန်, ထည့်၊ ပြင်ဆင်ဘိ၊ ငါးရှိ အစပ်မျိုး-ဆိုသည့်အတိုင်း အစပ် ၅-မျိုး ရှိသည်ကို သတိပြုရာ၏။ ။ ပါ၊ ၂။ပါသျှ၊ ၉(၇)၊ပါသျှသစ်၊ ၂၀]

---

၂။ ။[ကရိယာ်းပါ ထည့်သော သျှကို ရည်မေးသည်။ သျှအတိုင်း ၂-မျိုး ယောဇနာ။ ။၁၃၄၇ (၁၉၈၆) ခုနှစ် နံပါတ် (၄) အဖြေလည်း ရှု။ ။ ပါ၊ ၄၈။ ပါသျှ၊ ၁၁၇၊ ပါသျှသစ်၊ ၁၉၁။]

---

၃။ ။ [သျှကို ရည်မေးသည်။ သျှအတိုင်း ယောဇနာ။ ။ ပါ၊ ၈၅။ ပါသျှ၊ ၂၀၃။ ပါသျှသစ်၊ ၃၁၃။ ။ ၁၃၁၈-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၄။ ။ ကာရဏာ, ဖလ ပြန်၍ အနက်

ယံ-ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့် (ဘဝတော၊ အရှင်၏။ အနုသာသနံ၊ အဖန်ဖန်ဆုံးမခြင်းသည်။) မမ၊ အကျွန်ုပ်အား။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး။ ဟိတာယ၊ အစီးအပွားကို ပြုခြင်းငှာလည်းကောင်း။ သုခါယ၊ ချမ်းသာကို ပြုခြင်းငှါလည်းကောင်း။ အဿ၊ ဖြစ်ရာ၏။(တံ-တေန ကာရဏေန၊ ထိုအကြောင်းကြောင့်။)ဘဝံ၊ အရှင်သည်။ မံ၊ အကျွန်ုပ်ကို။ အနုသာသတု၊ အဖန်ဖန် ဆုံးမတော်မူပါလော့။ ။[ပါ၊ ၁၂၈။ပါသျှ၊ ၂၈၆။ပါသျှသစ်၊ ၄၂၄။]

---

၅။ ။ [အဟံ-နှင့် တေ ဓမ္မာ-ထည့်၍ ယောဇနာ။ ။ ဋ္ဌ၊ ၅။ ဋ္ဌသျှ၊ ၁၊ ၂၀။ ဋ္ဌသျှသစ်၊ ၁၊ ၅၈။]

---

၆။ ။ [ဋ္ဌ၊ ၆၈။ ဋ္ဌသျှ၊ ၁၊ ၂၃၁။ ဋ္ဌသျှသစ်၊ ၁၊ ၃၇၈။]

---

၇။ ။ [ဋ္ဌ၊ ၁၂၆။ ဋ္ဌသျှ၊ ၂၊ ၁၅။ ဋ္ဌသျှသစ်၊ ၂၊ ၁၈။]

---

၈။ ။ [ဋ္ဌ၊ ၂၀၃။ ဋ္ဌသျှ၊ ၂၊ ၂၂၀။ ဋ္ဌသျှသစ်၊ ၂၊ ၂၆၉။]

http://www.dhammadownload.com



၉။ ။ ဟောတုပဒတ္ထ ဝုံ၌ အနက်

[ဟိတ်အတွင်းနေသည့် ဝါကျဖြစ်၍ သူ့အရှိအတိုင်း ယောဇနာရုံပင်။ ဟိတ် အပြင်နေသည့် ဝါကျမျိုး၌သာ "ဝုံ၌"ဟု, သို့မဟုတ် "သွင်း၍"ဟု မေးရသည်။ ဤဝါကျမျိုး မမေးသင့်။ "ဟောတုပဒတ္ထ"ဟု သုံးသည့်စကားလုံးလည်း မကောင်း။ "ဣတိဟမေ။ပ။ဘိက္ခုသံဃဥ္စာတိ–၌ စသည်ဖြင့် ပုစ္ဆာတိုင်းဝယ် (၌)သုံးထားသည်။ (၌)မသုံးသင့်၊(ကို)သုံးသင့်သည်။ဒီနှစ်မေးခွန်း ၁၀–ပုစ္ဆာလုံး ဘယ်ပုစ္ဆာမှ အရှိုး မကျလှ၊ဟိုဟာအထည့်ခိုင်း ဒီဟာအထည့်ခိုင်းဖြင့် ဆန်းမေးသော်လည်း အဖြေ (နိဿယများ ယောဇနာပုံ အဋ္ဌကထာဖွင့်ပုံ)နှင့် အံဝင်ခွင်ကျမှု မရှိ။ဆန်းလည်း ဆန်းချင်သည်၊ဆန်းလည်း မဆန်းတတ်၊စာခက်တာထက် မမေးတတ်သည့်မေးခွန်း ကို ဖြေရတာက ပိုခက်သည်။ ။ဋ္ဌ၊ ၂၁၈။ဋ္ဌသျှ၊ ၂၊ ၂၆၈။ဋ္ဌသျှသစ်၊ ၂၊၃၃၃။]

---

၁၀။ ။[ ဋ္ဌ၊ ၂၅၆။ ဋ္ဌသျှ၊ ၂၊ ၃၇၄။ ဋ္ဌသျှသစ်၊ ၂၊ ၄၄၉။]

---

၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း

သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) အဂရှတိ အဘာရိကော၊

(ခ) ယော ဟိ အမ္ဗဋ္ဌ ဉာပေတုံ န သက္ကုဏေယျ၊တဿ တေန သဒ္ဓိံ ကထာသလ္လာပေါ ဂရု ဘဝေယျ။

(ဂ) ဘဂဝတော ပန တာဒိသာနံ မာဏဝါနံ သတေနာပိ သဟဿေနာပိ ပဉ္စ ပုစ္ဆဿ ဝိဿဇ္ဇနေ ဒန္ဓာယိတတ္တံ နတ္ထီတိ မညမာနာ "အဂရုခေါပနာ"တိ စိန္တယိံသု။

(ဃ) ဗြဟ္မမန္တေတိ အာနုဘာဝသမ္ပန္နတာယ သေဋ္ဌမန္တေ။

၁။ ။ (ဂ)အမှတ်ပြဝါကျကို တာဒိသာနံ, ပဉ္စ–တို့၌ သဒ္ဒတ္ထ,ဝေါဟာရတ္ထ ထင်စေ၍ စိန္တယိံသု–၏ကတ္တား ထည့်စွက်ကာ အနက်ယောဇနာပါ။

၂။ ။ (ဂ)အမှတ်ပြဝါကျကို ဋ္ဌပနာချက် မှန်စေ၍ သာဘောဂ,ဒေါသာရောပန စောဒနာတက်ပြကာ နတ္ထီတိ–၌ ဣတိ–ကိုလည်း သဒ္ဒါနည်း အနုသန္ဓေ ထွက်ပြခဲ့ပါ။

၃။ ။ (ဂ)အမှတ်ပြဝါကျပါ အရုစျတ္ထ ပန–သဒ္ဒါကို ရှု၍ ရထိုက်သော စောဒကာဘောဂါဒိစတုက္က ထုတ်ပြပြီး အရုစျတ္ထ ပန–သဒ္ဒါ ထားရခြင်း အကြောင်း ကိုလည်း ဖော်ခဲ့ပြပါ။

၄။ ။ဗြဟ္မမန္တေ–ကို အစိတ်အပေါင်း ဝစနတ္ထပြ၍ အပေါင်း၌ ဝစနာဒိဆက္က ထုတ်ပြပါ။

http://www.dhammadownload.com



၅။ ။ အာနုဘာဝသမ္ပန္နတာယ–၌ ဖြစ်သင့်သော ဟေတုသမ္ဗန်, ဘာဝသမ္ဗန် ပုဒ်တို့ကို ထုတ်ပြ၍ ဟေတုသမ္ဗန်ကိုလည်း ဖြစ်သင့်ရာ အနက်အားလျော်စွာ စာစပ်ပြပါ။

၆။ ။ (က)(ဃ)အမှတ်ပြ သံဝဏ္ဏနာတို့၌ ဖြစ်ထိုက်သော ဗျတိရေက, အန္ဝယ အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာများကိုလည်း ဖော်ပြပါ။

၇။ ။ (က)ပဥ–(ခ)ဓေန အဂမနီယံ အမ္ဗဋ္ဌ နာမ ဝိဇ္ဇံ အဒါသိ–၌ အမ္ဗဋ္ဌ ပုဒ်တို့၏ ပုဒ်ပြီးပုံနှင့် ၎င်း၌ ပါဝင်သော နိရုတ္တိနည်းကိုလည်း ဖော်ပြပါ။

၈။ ။ ဝိဇ္ဇာစရဏသမ္ပဒါယ စတ္တာရိ အပါယမုခါနိ ဘဝန္တိ–၌ အပါယမုခ ၄–ပါးကို သိသာရုံမျှ ထုတ်ပြ၍ တဿ ရာဇာ ပသေနဒိကောသလော သမ္မုခီဘာဝမ္ပိ န ဒဒါတိ–အရ ပေါက္ခရသာတိ ပုဏ္ဏားအား ပသေနဒိကောသလမင်း၏ မျက်မှောက် တွေ့ခွင့် မပေးခြင်း၏အကြောင်းကိုလည်း ဖော်ပြပါ။

၉။ ။ (ဂ)အမှတ်ပြဝါကျပါ ဣတိ–၏ နိဒဿေတဗ္ဗစကားကို ပဏ္ဍာ ဝတ္တဂါထာ သီကုံးခဲ့ပါ။

၁၀။ ။ အထခေါ အမ္ဗဋ္ဌော မာဏဝေါဘဂဝတာ အဝုသိတဝါဒေန ဝုစ္စမာနော ကုပိတော။ ပ။ ဘဂဝန္တံယေဝ ဥပဝဒမာနော ဓတံ (စဏ္ဍာဘော ဂေါတမ သကျ ဇာတီတိ အာဒိဝစနံ) အဝေါစ–၌ အဝေါစ၏ အန္တတ္ထတရားကို ကိုယ်ပြ၍ ဌာယီ ဘာဝ–စသော အလင်္ကာနည်း ထုတ်ပြပါ။

---

## ၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဂ္ဂေပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။တာဒိသာနံ၊ ပဉ္စ–တို့၌ သဒ္ဒတ္ထ, ဓေါဟာရတ္ထ ထင်ဆေလျက် အနက် ပန၊ စင်စစ်ကေန်အမှန်အားဖြင့်။ဘဂဝတော၊ မြတ်စွာဘုရားအား။ ဝါ၊ မြတ်စွာဘုရားကို။တာဒိသာနံ၊ ထိုကဲ့သို့ ရှုအပ်ကုန်သော (သဒ္ဒတ္ထ)။ ဝါ၊ ထိုသို့ သဘောရှိကုန်သော(သျ၊ အနက်)။ဝါ၊ထိုနှင့်အလားတူကုန်သော (ဓေါဟာ ရတ္ထ)။ မာဏဝါနံ၊လုလင်တို့၏ ။သတေနာပိ၊အရာသည်လည်းကောင်း။သဟဿေနာပိ၊ အထောင်သည်လည်းကောင်း။ပဉ္စ၊မေးအပ်မေးထိုက်သော အနက်ကို။ ဝါ၊ အလိုရှိအပ် အလိုရှိထိုက်သော အနက်ကို။ဝါ၊မေးခြင်းကို (သဒ္ဒတ္ထ)။ဝါ၊အမေးကို။ဝါ၊ပြဿနာကို (ဓေါဟာရတ္ထ)။ပုဋ္ဌဿ၊မေးအပ်သည်ရှိသော်။ (တစ်နည်း) ပုဋ္ဌဿ၊မေးအပ်သော။ ဘဂဝတော၊ မြတ်စွာဘုရားအား။ဝိဿဇ္ဇနေ၊ဖြေဆိုခြင်း၌။ဒန္ဓာယိ တတ္တံ၊ နှံ့နှေးလေးလံသည်၏ အဖြစ်သည်။နတ္ထိ၊မရှိ။ဣတိ၊ဤသို့။မညမာနာ၊ အောက်မေ့မှတ်ထင်ကြကုန်သည်။ (ဟုတွာ၊ ဖြစ်ကုန်၍။)(ဘိက္ခူ၊ လွှင်တည်းခေါင်၌ စကြံ ကြွနေကြသော ရဟန်းတို့သည်။) "အဂရု ခေါ်ပနာ"တိ၊ "အဂရုခေါ်ပန"ဟူ၍။ စိန္တယိံသု၊ကြံကြကုန်ပြီ။ ။(ဋ္ဌ၊ ၂၂၄။ ဋ္ဌသျ၊ ၂၊ ၂၉၀။ဋ္ဌသျသစ်၊ ၂။၃၆၁။)

[ထောက်ဖွယ်။ ။ တမိဝ နံ ပဿတီတိ တာဒိသော။ (ကစ္စည်း၊ ၆၄၁။ ရူ၊ ၅၈၈။ နီတိ၊ သုတ္တ၊ ၁၂၆၉။)

http://www.dhammadownload.com



ပဥှော တီသွနုယောဂေါ စ၊ပုစ္ဆာပျုထ။(ဓာန်၊ ၁၁၅။) တိကံပုစ္ဆာယံ။ ပုစ္ဆိတဗ္ဗောတိ ပဥှော၊ဉာတုမိစ္ဆိတော ဟိ အတ္ထော ပဥှောနာမ၊ ပုစ္ဆ-ပုစ္ဆနေ၊ စသဉ္ဇော၊ ဆသသဟော၊ဥသ အ၊ပဥ ပုစ္ဆနေ တိပိဓာတု။ယုစ ယောဂေ၊အနုယုဉ္ဇိတဗ္ဗော ပုစ္ဆိတဗ္ဗောတိ အနုယောဂေါ၊ ပုစ္ဆနံ, ပုစ္ဆိတဗ္ဗာတိ ဝါ ပုစ္ဆာ။ ဧတေနေဝနယေန ဒွိသုပိ(ပဥှော, အနုယောဂေါတိ ပဒေသုပိ) ဘာဝသာဓနမ္ပိ ကတ္တဗ္ဗမေဝ။ (ယင်းဋီကာ)

ပဥ ပုစ္ဆာယံ၊ ဘိက္ခု ဂရုံ ပဉ္စံ ပဥတိ။ (နီတိဓာတု၊ ၁၉၄။) ပဥလ္လက္ခဏာယံ၊ ပဥတိ၊ ပဥှော စ္စေတ္ထ ပဥှောတိ ဉာတုံ လ္လစ္ဆိတော အတ္ထော။ လ္လဒံ ပနေတ္ထ နိဗ္ဗစနံ ပဥိယတိ ဉာတုံ လ္လစ္ဆိယတိ သောတိ ပဥှော (နီတိ၊ ဓာတု၊ ၁၉၅။) ပဥှေတိ ဉာတုံ လ္လစ္ဆိတေ အတ္ထေ။(နေတ္တိ၊ ၄၊ ၂၇။)]

---

၂။ ။(ဂ)အမှတ်ပြဝါကျသာဘောဂ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ရဟန်းတို့သည် "အဂရု ခေါ ပန (ဝန်မလေးသည် သာလျှင်တည်း)"ဟူ၍ ကြိကြကုန်ပြီ (ဌပနာ)။အမ္ဗဋ္ဌကို သိစေခြင်းငှါ မစွမ်းနိုင်သော ပုဂ္ဂိုလ်အား အမ္ဗဋ္ဌနှင့်အတူ စကားပြောဆိုခြင်းသည်(စကားပြောဆိုဘို့ရန်)ဝန်လေးသည်ဖြစ်ရာသည်မဟုတ်ပါလော(ဝန်လေးရာသည် မဟုတ်ပါလော)(အာဘောဂ)။ သို့ပါလျက် အဘယ်ကြောင့် ရဟန်းတို့သည် "အဂရု ခေါ ပန"ဟူ၍ ကြိကြကုန် သနည်း(စောဒနာ)။ကြံသည်ကိုသာပြ၍ ကြံခြင်း၏အကြောင်းကို မပြက ဆရာ၌ စကားမပြန့်နံ့သော အဗျာပိတဒေါသ,စကားမပြည့်စုံသော အပရိပုဏ္ဏဒေါသ ရောက်ရာ၏(ဒေါသ)။ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောခနာတော်မူ လိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ ။ (ဂ)အမှတ်ပြဝါကျဖြင့် ရဟန်းတို့ "အဂရု ခေါပန"ဟု ကြံခြင်း၏အကြောင်းကို ပြသောကြောင့် သင်တင်တိုင်းသော အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ ငါ၌ မရောက်-ဟုလိုသော်။

[ကိဥ္စာပိ ဝါကျဖြစ်၍ ပဓာနစကားကို ဌပနာထား။ ။ ပန-သဒ္ဒါကို အရုဗျတ္တကြလျှင် (ခ)(ဂ)အမှတ်ပြ နှစ်ဝါကျသည် ကိဉ္စာပိဝါကျဖြစ်သွားသည်။ ကိဉ္စာပိဝါကျဖြစ်က ကိဉ္စာပိဝါကျ၌ ပရိဟာရ၏ ပဓာနစကားကို ဌပနာထား၍ တက်ရသောကြောင့်(ဘိက္ခူ) "အဂရု ခေါ ပနာ" တိ စိန္တယိံသု-ဟူသော ပရိဟာရ၏ ပဓာနစကားကို ဌပနာထားတက်သတည်း။ ဤဌပနာကို လိုချင်၍ "ဌပနာချက် မှန်စေ၍"ဟု မေးခြင်းဖြစ်သည်။ ပန-ကို အရုဗျတ္တ ယူမေးသော နံပါတ်(၃)ပုစ္ဆာကို မြင်သောအားဖြင့် ဤအတက်ကို ပုစ္ဆက ရည်သည်မှာ ထင်ရှားပါ၏။ ဤဝါကျကို အနွယဝါကျအနေဖြင့် တက်နိုင်သော်လည်း ဤအတက်သာ ပုစ္ဆက၏ အာဘော်ဖြစ်၍ အနွယဝါကျအနေဖြင့် တက်နည်းကို လျစ်လျူရှုရတော့အံ့။]

လ္လတိ-ကို သဒ္ဒါနည်း အနုသန္ဓေထွက်

ဤသို့ မညမာနာ-ဟူသော ပါဌ်ဖြင့် အာကာရဝန္တကို ပြပြီး၍ ယခုအခါ၌ ထိုအာကာရဝန္တ၏ အာကာရကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် လ္လတိ ဟူသော ပါဌ်ကို မိန့်။ (အနုသန္ဓေထွက်၌ အဓိပ္ပာယ်ပြန်ရန် မလို။)

---

http://www.dhammadownload.com



၃။ ။ စောဒကာဘောဂါဒိစတုက္က

(၁) နနု ယော အမ္ဗဋ္ဌ ဉာပေတုံ န သက္ကုဏေယျ၊ တဿ စောန သဒ္ဒိ ကထာသလ္လာပေါ ဂရု ဘဝေယျ (စောဒကာဘောဂ)။

(၂) အထကဿာ (ဘိက္ခု) "အဂရု ခေါ ပနာ"တိ စိန္တယိံသု (စောဒနာ)။

(၃) နနု ဘဂဝတော တာဒိသာနံ မဏ္ဍဝကာနံ သတေနာပိ သဟဿေနာပိ ပဉ္စ ပုဋ္ဌဿ ဝိဿဇ္ဇနေ ဒန္ဓာယိတတ္တံ နတ္ထီတိ မညမာနာ ယောန္တိ (ပရိဟာရဘောဂ)။

(၄) တသ္မာ (ဘိက္ခု) "အာဂရု ခေါ ပနာ" တိ စိန္တယိံသု (ပရိဟာရ)။

ပန-သဒ္ဒါ ထားရခြင်း၏အကြောင်း

အဂရု ခေါ ပန-ဟူသော သဒ္ဒါကို မနှစ်သက်သောကြောင့် အရုစျတ္တ ပန-သဒ္ဒါကို ထားရပါသည်။

[စောဒကာဘောဂ ကြံနည်း။ ။ ကိဥ္စာပိ-နှင့် ယဒိပိ, ကာမဥ္စ၊ရှေ့ဝါကျမှာ၊ ရှိလေရာ၊ နောက်မှ တထာပိ-ဟု၊ နိပါတော-နှင့်၊ အထခေါ, ပန ရှိနေကြဟူသော ဘုရားကြီးနိယံ (၃၂)အရ ရှေ့ဝါကျ၌ ကိဥ္စာပိသဒ္ဒါ, ယဒိပိသဒ္ဒါ, ကာမဥ္စသဒ္ဒါရှိမူ နောက်ဝါကျ၌ တထာပိ-သဒ္ဒါ, အထခေါသဒ္ဒါ, ပနသဒ္ဒါတို့ များသောအားဖြင့် ရှိကုန်၏။ မရှိ ထည့်သမွန်ရ၏။ ထို့အတူ ပန, တထာ၊ နောက်မှ တထေ၊ သစေ, ယဒိဟူ၍ရှိ၊ ကိဥ္စာပိ-ထုတ်လေ-ဟူသော တောင်တွင်းနိယံ(၃၅) အရ နောက်ဝါကျ၌ အနုဂ္ဂဟတ္ထ, သို့မဟုတ် အရုစျတ္တ တထာပိ, အထခေါ, ပန, ပိ, အပိ-သဒ္ဒါရှိမူ ရှေ့ဝါကျ ၌ ကိဥ္စာပိ, ယဒိပိ, ကာမဉ္စ-သဒ္ဒါတို့ များသော အားဖြင့် ရှိကုန်၏။ မရှိ ထည့်သမွန်ရသည်။ ဤ၌ ပန-ကို အရုစျတ္တယူလျှင် ရှေ့ဝါကျကို ကိဥ္စာပိ-စသော သဒ္ဒါများ ထည့်သမွန်ရသည်။ ကိဥ္စာပိ-စသော သဒ္ဒါ ထည့်သမွန် ရသည်ကို သိရသဖြင့် ယင်းထည့်သမွန်ရသည့် ဝါကျ နနု-တက်ကာ စောဒကာ ဘောဂဖြစ်သည်ကို သိရပြန်သည်။

ထို့ပြင် ပန, တထာ၊ အာဘော်သာ၊ စွဲပါ ဧကန္တ-ဟူသော ရွှေရေး ဆောင်နိယံ (၇၀)အရ အနုဂ္ဂဟတ္ထ, သို့မဟုတ် အရုစျတ္တပန-သဒ္ဒါ, တထာပိသဒ္ဒါ စသည်ရှိရာ၌ ယင်းပန-သဒ္ဒါစသည်တို့၏အနက်ကို စောဒက၏အာဘော်ကို ဧကန် စွဲရမည်။ ဤ၌ ပန-သဒ္ဒါကို အရုစျတ္တကြံက ယင်းပန-သဒ္ဒါဖြင့် ရှေ့ဝါကျကို စွဲရမည်ဖြစ်၍ ယင်းရှေ့ဝါကျ စောဒကာဘောဂဖြစ်သည်ကို သိရသည်။

ဤနည်း, ဤစနစ်များအရ (ခ)အမှတ်ပြရှေ့ဝါကျကို စောဒကာဘောဂ ထုတ်သတည်း။ ကိဥ္စာပိ-စသည် တိုက်ရိုက်မပါရာ၌ စောဒကာဘောဂကို ဤနည်း, ဤစနစ်အရ ထုတ်ရာ၏။

ဤစကားစဉ်အရ ပန-ကို အရုစျတ္တကြံလျှင် (ခ)(ဂ)အမှတ်ပြ နှစ်ဝါကျ ပေါင်းသည် ကိဥ္စာပိဝါကျစသည် ဖြစ်သွားသည်ကို မှတ်သားရာ၏။]

---

၄။ ။ အစိတ်ဝစနတ္ထ။ ။ တေဟိ တေဟိ ဂုဏဝိသေသေဟိ ဖြူဟိတာတိ ဖြဟ္မာနော။(နီတိ၊ ဓာတု၊ ၁၉၈။)မန္တီယန္တိ ဂုတ္တဘာသိယန္တီတိ မန္တာ။ (ဠိကာများ) မုနာတိ ဓာနာတိစမွဲ ဧတေဟီတိ မန္တာ။ (ဓာန်၊ ဋီ၊ ၁၀၉၈။)

http://www.dhammadownload.com



အပေါင်း၀စနတ္ထ॥ ॥ ဗြဟ္မာနော္မန္တာ ဗြဟ္မမန္တာ॥

၀စနာဒိဆက္က–

(၁) ဗြဟ္မမန္တာ–ဟူသော နိပ္ဖန္နသည် ၀စန॥

(၂) ဗြဟ္မာနော္မန္တာ–ဟူသော ၀ိဂ္ဂြဟ်၀ါကျသည် ၀စနတ္ထ॥

(၃) ဖြတ်သောဂုဏ်၏မန္တာန်နှင့် ဂုဏ်,ဂုဏေးအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် သည် ၀စနဟေတု॥

(၄) ၀စနဟေတုဓောတက မရ॥

(၅) ဖြတ်ကုန်သော မန္တာန်တို့သည် ၀စနီယ॥

(၆)॥ သေဋ္ဌ,ဝေဒါ–စသော ပရိယာယ်သဒ္ဒါများသည် ၀စနီယတ္ထ॥

[ထောက်ဖွယ်॥ ॥ ဣရုဝေဒါဒယော ဟိ ဂုတ္တဘာသိတဗ္ဗတာယ (ဂုတ္တ ဘာသိတဗ္ဗဋ္ဌေန)"မန္တာ"တိ ဝုစ္စန္တိ (သာရတ္ထ၊၁၊ ၂၁၃။သီဋီသစ်၊ ၂၊ ၂၀၈॥မန္တ ဂုတ္တဘာသနေ။နိတိ၊ဓာတု၊၃၀၈॥)တို့ကို ထောက်၍ မန္တာ–ကို ကမ္မသာဓနပြုသည်॥ သေဋ္ဌမန္တေတိ သေဋ္ဌဘူတေ ဝေဒမန္တေ (သီဋီသစ်၊ ၂၊ ၂၆၂။)ကို ထောက်၍ အပေါင်း၀စနတ္ထ၌ ကမ္မဓာရယ်ပြုသည်॥

၀စနဟေတုဓောတက မရသည့် ၀ိဂ္ဂဟ

သမ္ဗဝါကျေ ကြိယာသဒ္ဒေါ၊ ဣတိ–သဒ္ဒေါ စ ဟောတိတိ॥

ကြိယာ ဗျုပ္ပတ္တိနိမိတ္တံ၊ ဣတိ–သဒ္ဒေန ဒီပိတံ॥ (သဒ္ဒဝုတ္တိ၊ ၁၁၃॥)

သမ္ဗဝါကျေ သမ္ဗေသံ ဝိဂ္ဂဟာနံ ဝါကျေ ကြိယာသဒ္ဒေါစ ဣတိသဒ္ဒေါစ ဟောတိ၊ဣတိ တသ္မာ ဗျုပ္ပတ္တိနိမိတ္တံ ဝိသေသေန ပကာတိယာ ဥပ္ပတ္တိယာ ကာရဏာ ကြိယံဣတိ–သဒ္ဒေန ဒီပိတံ ပကာသိတန္တိ ယောဇနာ॥ဣဒ္ဓ ပန ဘာဝသာဓနေဝဖွိတံ ကိတန္တဝိဂ္ဂဟံ သန္ဓာယ ဝုတ္တံ॥နသမာသ တဒ္ဓိတဝိဂ္ဂဟေတိ (ယင်းဋီကာ॥)]

---

၅॥ ॥ဟေတုသမ္ဗန်॥ ॥ဟေတုသမ္ဗန်ကား သေဋ္ဌမန္တာနံ–ဖြစ်ပါသည်॥
ဘာဝသမ္ဗန်॥ ॥ဘာဝသမ္ဗန်ကား အာနုဘာဝသမ္ဗန္ဓာနံ–ဖြစ်ပါသည်॥

ဟေတုသမ္ဗန် ဓာစပ်॥ ॥ သေဋ္ဌမန္တာနံ–ကား "တို့၏"ဟူ၍ အနက် ပေးသောကြောင့် အာနုဘာဝသမ္ဗန္ဓတာယ–ဝယ် တာ–ပစ္စည်း၌ သမ္ဗန်, သတ္တိမန္တ၊ တာ–ပစ္စည်းကား သမ္ဗန္ဓီ, သတ္တိ॥

သေဋ္ဌမန္တာနံ–ကား "တို့သည်"ဟူ၍ အနက်ပေးသောကြောင့် အာနုဘာဝ သမ္ဗန္ဓတာယ–ဝယ် အာနုဘာဝသမ္ဗန္ဓ–ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ အာနုဘာဝသမ္ဗန္ဓ–ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်॥

---

၆॥ ॥ (က)(ဃ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ အဘာရိကော–ဝယ် ဘာရိကော–ဟူသော သံဝဏ္ဏ နာပါဠိဖြင့် အဂရု–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ဝယ် ဂရု–သဒ္ဒါ၏ "ဂရုတိသုမဟန္တေစ၊ ဒုဇ္ဇရာလဟုကေသုစ"ဟု အဘိဓာန်(၈၄၀)လာ ဂရု–သဒ္ဒါ၏အနက်တို့တွင် ဤ၌ မဟန္တ–အနက်,ဒုဇ္ဇရအနက်တို့ကို မဟော,အလဟုက(ဘာရိက)အနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်॥နာမလိင်္ဂတ္ထသံဝဏ္ဏနာ၊သဒ္ဒါဟောအဘိ ဓေယျတ္ထသံဝဏ္ဏနာ॥

http://www.dhammadownload.com



(ဃ)အမှတ်ပြဝါကျ(ဋ္ဌ၊ ၂၃၇။)ရှိ သေဋ္ဌမန္တေ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် "ပိတာမဟေ ဓိနေ သေဋ္ဌေ၊ဗြာဟ္မဏေ စ ပိတူသွပိ။ ဗြဟ္မာဝုဏ္ဏော"ဟု အဘိဓာန် (၈၁၂)လာ ပုလ္လိင် ဗြဟ္မာ-သဒ္ဒါ၏အနက်တို့တွင် ဤ၌ ပိတာမဟ, ဓိန, ဗြာဟ္မဏ, ပိတု-အနက်တို့ကို မဟော, သေဋ္ဌ အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။နာမလိင်္ဂတ္ထသံဝဏ္ဏနာ။သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာ။

အာနုဘာဝသမ္ပန္နတာယ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သေဋ္ဌမန္တေဝယ် "သေဋ္ဌ-မြတ်"ဟူရာ၌ ဗြဟ္မစရိယအကျင့်ကဲ့သို့ ပင်ကိုသဘောအားဖြင့် မြတ်သည်မဟုတ်, တန်ခိုးအာနုဘော်နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် မြတ်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

[ဘာရိက,ဘာရိယ။ ။ အဘာရိကော-ဝယ် ဘာရိက-၌ ဘရဓာတ် ကမ္မတ္ထ၌ ဏျ-ပစ္စည်း၊ဏ္ဏ-အာဂမ၊ယ-ကို က-ပြု။အလက္ခိကောတိ ဧတ္ထ န လက္ခေတိတိ အလက္ခိကော၊န ဓာနာတီတိ အတ္ထော။နံ လက္ခိတဗ္ဗောတိ ဝါ အလက္ခိကော၊န ပဿိတဗ္ဗောတိ အတ္ထော။(စူဠဝဂ္ဂ၊ဋ္ဌ၊၁၁၁။)ဧတ္ထ ဏျပစ္စ-ယော ကတ္တုကမ္မေသု ဟောတိ၊ယကာရဿ က-ကာရံ ကတွာ အလက္ခိကောတိ ဝုတ္တံ။ (ပါစိတျာဒိယောဇနာ။၅၁၈။)၌ အလက္ခိကော-ကဲ့သို့တည်း။

(အင်္ဂုတ္တရ၊ဋ္ဌ၊ ၂၊၁၆၂။)၌လည်း "ယတော ယတော ဂရု ဓုရန္တိ ယသ္မိံ ယသ္မိံ ဌာနေ ဓုရံ ဂရု ဘာရိကံ ဟောတိ"ဟုက-နှင့်ပင် ရှိသည်။ဤအဋ္ဌကထာ(၁၄၄) ၌ကား "သစေ တေ အဂရုတိ သစေ တုယှံ။ပ။ဘာရိယံ န ဟောတိ"ဟု ယ နှင့်ရှိသည်။(သီဋီသစ်၊ ၂၊ ၂၂၆)၌လည်း"ဂရုတိ ဘာရိယံ"ဟု ယ-နှင့်ပင်ရှိသည်။]

---

၇။ ။ ပုဒ်ပြီးပုံနှင့် ပါဝင်သော နိရုတ္တိနည်း

ပဥ-ကား ပုစ္ဆ-ဓာတ် အ-ပစ္စည်း "ပုစ္ဆ"ဟု ဆိုလိုလျက် စ-ကို ဥ-ပြု, ဆ-ကို ဟ-ပြု, ဥ-ကို အ-ပြု၍ "ပဥ"ဟု ပြီးပါသည်။ ၄င်း၌ ပါဝင်သော နိရုတ္တိနည်းကား ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြစ်ပါသည်။[အထောက်ကို နံပါတ်(၁) ပုစ္ဆာအဖြေ၌ ဖော်ပြခဲ့ပြီ။]

အမ္ဗဋ္ဌ-ကား "အဗ္ဘင်္ဂ ဌပေတီတိ အမ္ဗဋ္ဌာ"ဟု ဗ္ဘ-နှင့် ဝိဂြိုဟ်ဆိုသော ဋီကာများ(ဟောင်း,သစ်)အလို အဗ္ဘင်္ဂ-သဒ္ဒူပပဒ ဌပဓာတ်, အ-ပစ္စည်း။ "အဗ္ဘင်္ဂဋ္ဌပ"ဟု ဆိုလိုလျက် ဗ္ဘ-ကို မ္ဗ-ပြု၊ဂံ,ပ-တို့ကို ချေ။ဋ္ဌ-၌ အသဒိ သဒ္ဒေါ်သော ဋ-လာ၍"အမ္ဗဋ္ဌ"ဟု ပြီးပါသည်။ ၄င်း၌ပါဝင်သော နိရုတ္တိနည်းများကား ဝဏ္ဏဝိကာရ, ဝဏ္ဏလောပ, ဝဏ္ဏာဂမနိရုတ္တိနည်းများ ဖြစ်ကြပါသည်။

(တစ်နည်း) "အမ္ဗင်္ဂ ဌပေတီတိ အမ္ဗဋ္ဌာ"ဟု မ္ဗ-နှင့် ဝိဂြိုဟ်ဆိုသော ဋီကာအချို့မှ အလို အမ္ဗင်္ဂ-သဒ္ဒူပပဒ ဌပ-ဓာတ်, အ-ပစ္စည်း၊ "အမ္ဗင်္ဂဋ္ဌပ"ဟု ဆိုလိုလျက် ဂံ, ပ-တို့ကို ချေ၊ ဋ္ဌ-၌ အသဒိသဒ္ဒေါ်ဋလာ၍ "အမ္ဗဋ္ဌ"ဟု ပြီးပါသည်။ ၄င်း၌ ပါဝင်သော နိရုတ္တိနည်းများကား ဝဏ္ဏလောပ, ဝဏ္ဏာဂမနိရုတ္တိ နည်းများ ဖြစ်ကြပါသည်။

[ထောက်ဖွယ်။ ။ အမ္ဗဋ္ဌ နာမ ဝိဇ္ဇန္တိ သတ္တာနံ သရီရေ အဗ္ဘင်္ဂ (အချို့မှ၌ အမ္ဗင်္ဂ-ရှိ။) ဌပေတီတိ အမ္ဗဋ္ဌာတိ ဧဝံ လဒ္ဓနာမံ ဝိဇ္ဇံ။ (သီဋီ၊ ၃၀၄)

http://www.dhammadownload.com



အမ္ဗဋ္ဌံ နာမ ဝိဇ္ဇံတိ သတ္တာနံ သရီရေအင္ဂံ ဌပေတီတိ အမ္ဗဋ္ဌာ နိရုတ္တိနယေန။ (သီဋီသစ်၊ ၂၊ ၂၆၂။)

ယာ ဝိဇ္ဇာ၊ အကြင်မန္တာန်အတတ်သည် သတ္တာနံ၊ တို့၏။ သရီရေ၊ ၌၊ အဗ္ဗင်္ဂ၊ နယ်ဆီသုတ်အပ်သကဲ့သို့ဖြစ်သော မတုန်မလှုပ်သော ကိုယ်အင်္ဂါကို။ (တစ်နည်း) အမ္ဗင်္ဂ၊ သရက်ပင်ကဲ့သို့ မတုန်မလှုပ် နိုင်မှာသော ကိုယ်အင်္ဂါကို။ ဌပေတိ၊ ထားတတ်၏။ ဣတိ၊ ထိုကြောင့်။ သာဝိဇ္ဇာ၊ သည်။ အမ္ဗဋ္ဌာ၊ မည်၏။ ဤသို့အနက်ပေး။

အာကာရန္တနှင့် မေးသင့်။ ။ဝိဇ္ဇာ-၏ ဝိသေသနဖြစ်၍ ဣတ္ထိလိင်ဖြစ်သောကြောင့် "အမ္ဗဋ္ဌာ"ဟု အာကာရန္တနှင့် မေးသင့်သည်။ ဣတ္ထိလိင် အာကာရန္တပုဒ်ဖြစ်သောကြောင့် "အမှန်အားဖြင့် 'အဗ္ဗင်္ဂဌပါ၊ အမ္ဗင်္ဂဌပါ'ဟု ဆိုလိုလျက် 'အမ္ဗဋ္ဌာ'ဟု ပြီးနေသည်"ဟု မှတ်ပါ။]

---

၈။ ။အပါယမုခ ၄-ပါး

(၁) အလိုလိုကြွေသော သစ်သီးကို စားသော ရသေ့ရဟန်း၏ အဖြစ်။

(၂) သစ်ဖုသစ်မြစ်ကို စားသော ရသေ့ရဟန်း၏အဖြစ်။

(၃) မီးကို လုပ်ကျွေးသော ရသေ့ရဟန်း၏အဖြစ်။

(၄) ရေဖြင့် လုပ်ကျွေးပူဇော်၍ ခရီးဆုံ၌ နေသော ရသေ့ရဟန်း၏ အဖြစ်။ (ပါ၊ ၉၄။ ပါသျှ၊ ၂၃၂။)

မင်းသည် ပုဏ္ဏားအား တွေ့ခွင့် မပေးခြင်းအကြောင်း

(၁) ပေါက္ခရသာတိပုဏ္ဏားသည် ပသေနဒီကောသလမင်း မြတ်သောသူတို့အားသာထိုက်သော တန်ဆာကို ဝတ်ဆင်ထားသောအခါ မင်း၏အနီး လာရောက်ရပ်တည်၍ ဝတ်ဆင်အားသော တန်ဆာ၏အမည်ကို မေး၏။ မင်းက တန်ဆာ၏ အမည်ကို ပြောဆို၍ တန်ဆာ၏အမည်ကို ပုဏ္ဏား သိအပ်ပြီးသော် မပေးချင်သော်လည်း ပေးချင်လာပြီး မပေးဘဲ မနေနိုင်အောင် "မပေးနိုင်"ဟု မပြောနိုင်အောင် မျက်မှောက် (မျက်နှာချင်းဆိုင်) တွေ့လျှင် စိတ်ကိုပြောင်းလဲစေနိုင် သော သမ္မုခါဝဋ္ဋနီ (မျက်မှောက်၌ လှည့်ပတ်ကြောင်း) မည်သော ,အတတ်ဖြင့် တန်ဆာကို ယူလေ့ရှိသည်။ ဤလည်းအကြောင်းတစ်ချက်။

(၂) ပုဏ္ဏားမင်းနှင့် အလွန်ချစ်ကျွမ်းဝင်မှုကို သည်းမခံနိုင်ကြ၍ (အသားအလွန်ဖြူဖွေးသည့် ပုဏ္ဏားဖြစ်သည့်အလျောက်) "ပေါက္ခရသာတိပုဏ္ဏား၏ကိုယ်၌ ခရုသင်းကဲ့သို့ ဖြူဖွေးသော နူနာ ရှိပါ၏။ အရှင်မင်းကြီးတို့သည် ပုဏ္ဏားကို မြင်လျှင် မြင်ခြင်းပင် လည်ဖက်ကြ၊ ပွတ်သပ်ကြပါကုန်၏။ ဤနူနာ မည်သည်လည်း ကိုယ် ချင်းထိလျှင် ကူးစက်တတ်ပါ၏။ ခုလိုမလုပ်ကြပါနှင့်"ဟု အမတ်တို့ ကုန်းတိုက် သံတော်ဦးတင်ကြသည်။ ဤလည်းအကြောင်းတစ်ချက်။

ဤအကြောင်း ၂-ချက်ကြောင့် ပသေနဒီကောသလမင်းသည် ပေါက္ခရသာတိပုဏ္ဏားအား မျက်မှောက်တွေ့ခွင့်မပေးခြင်းဖြစ်သည်။ [အဋ္ဌကထာ အရှိအတိုင်း မြန်မာပြန်၍လည်း ဖြေနိုင်သည်။ ။ ပါ၊ ၈၅။ ဋ္ဌ၊ ၂၄၃။]

---

http://www.dhammadownload.com



၉။ ။ ပဏ္ဍာဝတ္တဂါထာစီ
တာဒိသာနံ ဝယဋ္ဌာနံ၊ သတေန ဝါ သဟဿ ဝါ။
ပဉ္စာပုဋ္ဌဿ ဗုဒ္ဓဿ၊ ဒန္တဘာဝေါ န ဥတ္တရေ။

မှတ်ချက်။ ။သဟဿ–၌ "သဟဿေန"ဟု ဆိုလိုလျက် နာ–ဝိဘတ် ကျေနေသည်။အစိန္တိယော ကမ္မဝိပါကေ တဿာတိ ဝိဘတ္တိလောပံ ကတွာ နိဒ္ဒေသော။ (ဝိမာန၊ဋ္ဌ၊၁၇၅။)၌ ကမ္မဝိပါက–ကဲ့သို့လည်းကောင်း၊သတ္တ တုဝံ ဝဿသတာ ဣတ်ဂတာ–၌"သတ္တာတိ ဝိဘတ္တိလောပေန နိဒ္ဒေသော"ဟု (ပေတ၊ဋ္ဌ၊၁၃၇။)ဖွင့်ရာ၌ သတ္တကဲ့သို့ လည်းကောင်းတည်း။

[ထောက်ဖွယ်။ ။ တရုဏော စ ဝယဋ္ဌော စ၊ ဒဟရော စ ယုဝါသုသု၊ မာဏဝေါ ဒါရကောစာထ။(ဓာန်။ ၂၅၂–၃။)ကို ထောက်၍ ဝယ–သဒ္ဒါ မာဏဝ သဒ္ဒါ၏ ပရိယာယ်ဖြစ်သည်ကို သိအပ်၏။ပဋ္ဌိဝါကျန္တု စောတ္တရံ။ (ဓာန်။ ၁၁၄)ကို ထောက်၍ ဥတ္တရ–သဒ္ဒါ ဝိဿဇ္ဇန–သဒ္ဒါ၏ပရိယာယ်ဖြစ်သည်ကို သိအပ်၏။

စကားကျန်။ ။ ဣတိ ၂–လုံးရှိ၍ ပုစ္ဆာ သေချာမှုမရှိ။ "ဣတိ–၏ နိဒဿေတဗ္ဗစကားကို အဓိပ္ပာယ်မပျက်စေဘဲ"ဟု အဓိပ္ပာယ်မပျက်စေဘဲ–ဟူသော စကားလုံး ပါသင့်သည်။]

---

၁၀။ ။ ဘာဝါလင်္ကာရ

(၁) အဝေါစ၏(၌)အန္တတ္ထ(ဓာတ်၏အရ)ဖြစ်သော မြတ်စွာဘုရားကို ကဲ့ရဲ့လို သည်ဖြစ်၍ စဏ္ဍာ ဘောဂေါတမ သကျဇာတိ–အစရှိသော စကားကိုဆိုသော အမ္ဗဋ္ဌ ၏သန္တာန်၌ဖြစ်သော ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဥဿဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(တစ်နည်း၊)မြတ်စွာဘုရားကို ကဲ့ရဲ့လိုသည်ဖြစ်၍ စဏ္ဍာ ဘောဂေါတမ သကျဇာတိ–အစရှိသောစကားကို ဆိုသော အမ္ဗဋ္ဌ၏သန္တာန်၌ဖြစ်သော ဉာဏ်ပီတိပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) စဏ္ဍာ ဘောဂေါတမ သကျဇာတိ–အစရှိသော မနသာ ဝဝတ္ထာပိတ ပည့တ္တိသဒ္ဒါသည် အာရမ္မဏဝိဘာဝ။

(၃) ဘုရားရှင်က အမ္ဗဋ္ဌလုလင်သည် ဆရာကောင်းတို့၏ ထံ၌ မသင်ကြား မဆည်းကပ်ဘူး–ဟူသောစကားကို မိန့်တော်မူခြင်း၊ ထိုသို့ မိန့်တော်မူသည်ဖြစ်၍ အမ္ဗဋ္ဌ အမျက်ထွက်ခြင်း၊ဘုရားရှင်ကို ကဲ့ရဲ့လိုခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

(၄) စဏ္ဍာ ဘောဂေါတမ သကျဇာတိ–အစရှိသော ဝစီဘေဒသဒ္ဒါသည် လည်းကောင်း၊ဘုရားရှင်က "အမ္ဗဋ္ဌ သင့်အား သာကီဝင်အမျိုးတို့သည် အဘယ်သို့ ပြစ်မှားကုန်သနည်း"ဟု ပြန်လည်မိန့်တော်မူခြင်းသည်လည်းကောင်း အနုဘာဝ။

[ဥဿာဟဋ္ဌာယီဘာဝ မကောင်းတဲ့။ ။ အများစုက ဥဿာဟဋ္ဌာယီ ဘာဝ၊ဝီရရသထုတ်ခြင်းကြောင့်သာ ဥဿာဟဋ္ဌာယီဘာဝ၊ဝီရရသကိုထုတ်သည်။ မန္တလေးမြို့ တောင်သမန်တိုက် ကျေးစူးရှင် ဆရာတော်ဦးကေသဝါဘိဝံသက ဥဿာဟဋ္ဌာယီဘာဝ၊ဝီရရသမကောင်းတဲ့။အဘယ်ကြောင့်နည်းဟုမူ ရဏ ဒါန ဒယာယောဂ မဟုတ်သော ကြောင်းတည်း။ "ရဏ ဒါန ဒယာယောဂ မဖြစ်က ဓမ္မရတိဋ္ဌာယီဘာဝထုတ်"ဟု မိန့်သည်။"ယေဘုယျ"ဟု မှတ်သင့်။ ။ ဓမ္မရတိ

http://www.dhammadownload.com



ဠာယီဘာဝထုတ်၍ရသော ဤနေရာမျိုး၌ ကောင်းပါ၏။ ဓမ္မရတိဠာယီဘာဝထုတ်၍ မရသော နေရာများလည်းရှိ၍ "ယေဘုယျ"ဟုသာ မှတ်သားသင့်၏။ ဥပမာ–၁၃၃၇ (၇၆) ခုနှစ် မေးခွန်း၌ ဝိပရိယာယန္တိ–ကြိယာ၏အရကို ယူ၍ ထုတ်ရာ၌ကဲ့သို့တည်း။ ယင်းကြိယာ၏အရကိုယူ၍ ထုတ်ရာ၌ ဓမ္မရတိဠာယီဘာဝထုတ်၍ မရ၊ ရဏ ဒါန ဒယာယောဂ မဟုတ်၍ ဥဿာဟဠာယီဘာဝထုတ်၍ မရလျှင်လည်း ဥဿာဟဠာယီ ဘာဝမှတစ်ပါး အခြားထုတ်စရာ သင့်လျော်သည့် ဠာယီဘာဝ မရှိ။

ပုစ္ဆက မစေ့စပ်လှ။ ။ "အထ ခေါ။ ပ။ အဝေါစ–ဝယ် အဝေါစ–၌ အန္တတ္ထတရားကို ကိုယ်ပြု၍"ဟု မေးသင့်သည်။ "အဝေါစ–၌ ဝစ–ဓာတ်၏အရကို ကိုယ်ပြု၍' ဟု ဆိုလိုသည်။ စေ့စပ်သေချာမှု နည်းစွ။]

---

## ၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ တသ္မာတိဟ တွံ အာနန္ဒ ဣမံ ဓမ္မပရိယာယံ အတ္ထဇာလန္တိပိ နံ ဓာရေဟိ–ကို နံပါတ်(၅)မေးခွန်း အဋ္ဌကထာပါဠ်နှင့်အညီ အနက်ယောဇနာပါ။

၂။ ။ အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ ဟောတိ အာရာစာရီ ဝိရတော မေထုနာ ဂါမဓမ္မာ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ–၌ သီလသ္မိံ–ကို ဝိဘတ္တိဝိပလ္လာသ ပြု၍ လည်းကောင်း၊ မပြုမူ၍လည်းကောင်း အနက်ယောဇနာပါ။

၃။ ။ အဝုသိတဝါယေဝခေါပန ဘော အယံအမ္ဗဋ္ဌော မာဏဝေါ ဝုသိတမာနီ ကိမညတြ အဝုသိတတ္တာတိ–၌ အဝုသိတ၊ ဝုသိတ–တို့ကို သဒ္ဒတ္ထ ထင်စေ၍ အနက်ယောဇနာပါ။

၄။ ။ အဒ္ဒါ စတဿာဟံ စိတ္တံ အာရာဓေယျံ ပဥ္ဟဿ ဝေယျာကရဏေနာတိ ၌ အဿ–ကို အစွဲမလွဲစေဘဲ နိဒ္ဒဿနဝဏ္ဏနာဝါကျကို ဆောင်၍ အနက်ယောဇနာပါ။

၅။ ။ အာနန္ဒ ယသ္မာ ဣမသ္မိံ ဓမ္မပရိယာယေ ဣဓတ္ထောပိ ပရတ္ထောပိ ဝိဘတ္တော၊ တသ္မာတိဟ တွံ ဣမံဓမ္မပရိယာယံ "အတ္ထဇာလ" န္တိပိ နံ ဓာရေဟိ–ကို ပါဠာနုသာရီနည်းဖြင့် အနက်ယောဇနာပါ။

၆။ ။နိဂ္ဂါထကတ္တာ ဟိ ဣဒံ ဝေယျာကရဏန္တိ ဝုတ္တံ–၌ ဝုတ္တံ–ကိုကတ္တား ပါဌ် ဆောင်လျက် ပုစ္ဆာဝါကျ ဝိဿဇ္ဇနာဝါကျ ထင်ရှားအောင် အနက်ယောဇနာပါ။

http://www.dhammadownload.com



၇။ ။ ကရဏ္ဍာတိ ဣဒမ္ပိ အဟိကဉ္စုကဿ နာမံ၊ န ဝိလီဝကရဏ္ဍကဿ အဟိကဉ္စုကော ဟိ အဟိနာ သဒ္ဓိံ သော၀ ဟောတိ–ကို ဝါကျအပြန်အလှန် အနက် ယောဇနာပါ။

၈။ ။ ယတ္ထ စ ဒိန္နမဟပ္ဖလမာဟု၊ စတူသု သုစိသု ပုရိသယုဂေသု။ အဋ္ဌ စ ပုဂ္ဂလဓမ္မဒသာ တေ၊ သံဃမိမံ သရဏတ္ထမုပေဟိ–၌ ယ–အစွဲ မလွဲစေဘဲ ဓမ္မဒသာ–ကို သဒ္ဒတ္ထ, အဘိဓေယျတ္ထ ပေါ်အောင် အနက် ယောဇနာပါ။

၉။ ။ တွံ အာစရိယေန အတ္တနော ကရဏီယေန ပေသိတော၊ န အမှာကံ ပရိဘာဝနတ္ထာယ။ တသ္မာ တမေဝ ကိစ္စံ မနသိ ကရောဟီတိ–၌ ဟေတုပဒတ္ထကို ငဲ့၍ အနက်ယောဇနာပါ။

၁၀။ ။ ဣဒံ ပန သုတွာ တေ ဗြာဟ္မဏာ "သဘာဝံ အာစရိယော အာဟ၊ အကာရဏာ၀ မယံ ဥဇ္ဈာယိမှာ"တိ တုဏှီ အဟေသုံ–၌ အာကာရကို အပြင့်ထုတ်၍ အနက် ယောဇနာပါ။

---

၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ အဋ္ဌကထာနှင့်အညီ အနက်

အာနန္ဒ၊ အာနန္ဒာ။ (ယသ္မာ၊ အကြင်ကြောင့်။) ဣမသ္မိံ ဓမ္မပရိယာယေ၊ ဤ တရားဒေသနာတော်၌။ ဣဓတ္ထောပိ၊ ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်သောအကျိုးကို လည်းကောင်း။ ပရတ္ထောပိ၊ တမလွန်ဘဝ၌ဖြစ်သော အကျိုးကိုလည်းကောင်း။ ဝိဘတ္တော၊ ဝေဖန်တော်မူအပ်ပြီ။) တသ္မာ၊ ထို့ကြောင့်။ ဣဟ–ဣမသ္မိံ သာသနေ၊ ဤသာသနာ တော်၌။ တွံ၊ သင်သည်။ ဣမံ ဓမ္မပရိယာယံ၊ ဤတရားဒေသနာတော်ကို။ အတ္ထ ဇာလန္တိပိ၊ "အတ္ထဇာလ"ဟူ၍လည်း။ ဝါ၊ "အကျိုးဟုဆိုအပ်သော ပိုက်ကွန်ရှိရာ ဖြစ်သောသုတ်"ဟူ၍လည်း။ ဓာရေဟိ၊ မှတ်လေလော့။ ။(ပါ၊ ၄၃။ ပါသျ၊ ၁၀၃။ ပါသျသစ်၊ ၁၆၃။)

["ပါဠိတော်အလို အာလုပ်ပုဒ်ကို ၁–ပုဒ်နှောင်ထားသည်"ဟု ဆိုသည်မှာ ယောဘုယျသာ။ ။အဋ္ဌကထာ၊ လပနာ၊ စဝွာ, ဆုံး, တပုဒ်၊ ပါဠိ ဖြစ်က၊ ပုဒ်တစ်မှ၊ ပစ်ချနေအာလုပ်။ (ပါရာဇိကဏ်အဋ္ဌကထာ နိဿယသစ်။၁၊၁၁၈။)အာလုပ်ပုဒ်ကို အဋ္ဌကထာအလို ဝါကျ၏အစမှာ ဖြစ်စေ,အဆုံးမှာဖြစ်စေ,တစ်ပုဒ်နှောင်မှာဖြစ်စေ ထားသည်။ပါဠိတော်အလို တစ်ပုဒ်နှောင်မှာ ထားသည်ဟူသော သတ်မှတ်ချက်မှာ ဤတသ္မာတိဟ တွံ အာနန္ဒ–ပါဠိတော်ကို ထောက်၍"ယောဘုယျသာ"ဟု သိအပ်၏]

---

http://www.dhammadownload.com



၂။ ။ သီလသို-ကို (၌) ဝိဘတ္တိဝိပလ္လာသပြု, မပြုမူ၍ အနက်

အဖြဟွစရိယံ။ မမြတ်သောအကျင့်ကို။ ပဟာယ၊ ပယ်၍။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကိုသာ ကျင့်တော်မူတတ်သည်။ ဟောတိ၊ ဖြစ်၏။ အာရာစာရီ၊ မမြတ်သောအကျင့်မှ ဝေးသောအကျင့်ရှိတော်မူသည်။ (ဟောတိ၊ ဖြစ်၏) ဂါမဓမ္မာ၊ ရွာသူတို့၏အကျင့်ဖြစ်သော။ မေထုနာ၊ မေထုန်မှ။ ဝိရတော၊ ကြဉ်တော်မူသည်။ (ဟောတိ၊ ဖြစ်၏) အဿဘိက္ခုနော၊ ထိုရဟန်း၏။ လ္လဒမ္ပိ-သီလံ၊ ဤအဗြဟ္မစရိယမှ ကြဉ်ခြင်းတည်းဟူသော သီလသည်လည်း။ သီလသို-သီလံ၊ သီလသည်။ ဟောတိ၊ ဖြစ်၏။ (ဝိဘတ္တိဝိပလ္လာသပြု၍အနက်။) (တစ်နည်း) အဿ-ဘိက္ခုနော၊ ထိုရဟန်း ၏။ လ္လဒမ္ပိ-သီလံ၊ ဤအဗြဟ္မစရိယမှ ကြဉ်ခြင်းတည်းဟူသော သီလသည်လည်း။ သီလသို၊ သီလအပေါင်း၌။ ဝါ၊ သီလအပေါင်းတွင်။ (ဧကံ၊ တစ်ခုသော။ သီလံ၊ သီလသည်။) ဟောတိ၊ ဖြစ်၏။ (ဝိဘတ္တိဝိပလ္လာသ မပြုမူ၍အနက်။) (ပါ၊ ၆၀။ ပါသျှ၊ ၁၅၁။ ပါသျှသစ်၊ ၂၃၉။)

[ထောက်ဖွယ်။ ။ ရှေ့နည်းကား ပစ္စတ္တဝစနတ္တေ ဝါ ဧတံ ဘုမ္မံ-ဟူသော အဋ္ဌကထာနှင့်အညီ တည်း။ နောက်နည်းကား လ္လဒမ္ပိဿဟောတိ သီလသို့န္တိ လ္လဒမ္ပိ အဿ ဘိက္ခုနော ပါဏာတိပါတာ ဝေရမဏိသီလသို ဧကံ သီလံ ဟောတီတိ အတ္ထော-ဟူသော အဋ္ဌကထာနှင့်အညီတည်း။ (ဋ္ဌ၊ ၁၆၄။)

ဝိဘတ္တိဝိပလ္လာသ မဟုတ်။ ။ ဝိဘတ္တိဝိပလ္လာသ-စကားကို သုံးသော်လည်း ဤအဋ္ဌကထာအလိုမှာ ဝိဘတ္တိဝိပလ္လာသ မဟုတ်။ မေးရာမှာလည်း "အဗြဟ္မ စရိယံ။ ပ။ သီလသို-ကို သီလသို-၌ ဝိဘတ္တိဝိပလ္လာသယူ၍လည်းကောင်း, မယူမူ၍ လည်းကောင်း အနက်ယောဇနာပါ"ဟု မေးသင့်သည်။]

---

၃။ ။ အဝုသိတ, ဝုသိတ-တို့၌ သဒ္ဒတ္ထ ထင်စေလျက် အနက်

ဘော၊ အိုအချင်းတို့။ (ပဿထ၊ ရှုကြကုန်လော့။) အမ္ဗဋ္ဌော၊ အမ္ဗဋ္ဌအမည်ရှိသော။ အယံ မာဏဝေါ၊ ဤလုလင်သည်။ ခေါ ပန၊ စင်စစ်။ (အာစရိယကုလေ၊ ဆရာ့အိမ်၌။) အဝုသိတဝါယေဝ၊ မနေဖူးပါဘဲလျက်သာလျှင်။ ဝုသိတမာနီ၊ "နေဖူး၏" ဟု အောက်မေ့ မှတ်ထင်၏ (အာစရိယကုလေ၊ ၌။) အဝုသိတတ္တာ အဝုသိတတ္တံ၊ မနေဖူးသည်၏ အဖြစ်ကို။ အညတြ-ထပေတွာ၊ ထား၍။ (ဧတဿ အမ္ဗဋ္ဌဿ၊ ၏။ ဧဝံ၊ ဤသို့။ ဖရုသဝစနသမုဒါစာရေ၊ ကြမ်းကြုတ်သော စကားကို ဆိုခြင်း၌။ ကာရဏံ၊ အကြောင်းသည်။) ကိံ (အတ္ထိ)၊ အဘယ်မှာ ရှိအံ့နည်း။ ဣတိ၊ ဤသို့။ (ဘဂဝါ၊ မြတ်စွာဘုရားသည်။အဝေါစ၊ မိန့်တော်မူပြီ) [ပါ၊၈၅။ပါသျှ၊ ၂၀၃၊ပါသျှသစ်၊၃၁၃။ဋ္ဌ၊၂၂၇။ ဂဏ္ဌိ၊ ၄၆၂။ တို့ကိုလည်း ရှု။]

[(၌) နှင့် (ကို) အသုံး သတိထား။ ။ (ကို) နေရာ (၌), (၌)နေရာ(ကို) သုံးထားသဖြင့် အဝုသိတ, ဝုသိတ-၂-ပုဒ်ကိုသာ ယောဇနာရမည့် အဓိပ္ပာယ် ရောက်နေသည်။ "အဝုသိတဝါယေဝ ။ပ။ အဝုသိတတ္တာတိ-ကို အဝုသိတ, ဝုသိတ တို့၌ သဒ္ဒတ္ထထင်စေ၍ အနက်ယောဇနာပါ"ဟု မေးသင့်သည်။ သို့မှ တစ်ဝါကျလုံး ယောဇနာရမည့် အဓိပ္ပာယ်ရောက်သည်။ ။ နံပါတ် ၄။ ၆။ ၈။ ၉။ ၁၀-တို့၌လည်း နည်းတူသုံးထားသည်။ မကောင်း။]

---

http://www.dhammadownload.com



၄။ ။ [ယံ ဝတ နော အယောသိ ဣဏ္ဍိတံ၊ ယံ အာကင်္ခိတံ၊ ယံ အဓိပ္ပေတံ၊ ယံ အဘိပတ္ထိတံ–ကို ထည့်ပေး။ သျှကို ရည်မေးသည်။ သျှပေးထားသည့်အတိုင်း ဤဝါကျပါ ပေးရုံပင်။ အဿ–အစွဲလည်း သျှအတိုင်းပင်။ ဤမေးခွန်း လွန်လွန်း သည်။ ကျက်စာမဟုတ်၍ ဤမျှများစွာ ထည့်နိုင်ဘို့ မလွယ်ပါ။ ။ ပါ၊ ၁၁၃။ ပါသျှ၊ ၂၇၄။ ပါသျှသစ်၊ ၃၉၄။]

---

၅။ ။ [ဋ္ဌ၊ ၁၁၈။ ဋ္ဌသျှ၊ ၁၊ ၃၉၁။ ဋ္ဌသျှသစ်၊ ၁၊ ၅၃၉။]

---

၆။ ။ [သျှသစ်အတိုင်း ယောဇနာ။ ။ ဋ္ဌ၊ ၁၁၉။ ဋ္ဌသျှ၊ ၃၉၄။ ဋ္ဌသျှသစ်၊ ၁၊ ၅၄၂။]

---

၇။ ။[သျှသစ်အတိုင်း ယောဇနာ။ ။ ဋ္ဌ၊ ၁၉၈။ ဋ္ဌသျှ၊ ၂၊ ၆။ ဋ္ဌသျှသစ်၊ ၂၊ ၂၄၉။ ။ ၁၃၃၀–ခုနှစ်ကလည်း မေးခဲ့ပြီ။)]

---

၈။ ။ ဓမ္မဒသာ–ကို သဒ္ဒတ္ထ,အဘိဓေယျတ္ထ ပေါ်အောင် အနက်

[ယတ္ထာတိ ယသ္မိံ သံဃေ–ဟူသော ဋီကာသစ်ကို ထောက်၍ ယတ္ထ– ဖြင့် သံဃေ–ကို စွဲ။

ဓမ္မဒသာတိ စတုသစ္စဓမ္မဿ နိဗ္ဗာနဓမ္မဿ စ ပစ္စက္ခတော ဒဿနတာ။ (ဝိမာန၊ ဋ္ဌ၊ ၂၁၅။) စတုသစ္စဓမ္မဿ နိဗ္ဗာနဓမ္မဿ စ ပစ္စက္ခတော ဒဿနေန, အရိယဓမ္မဿ ပစ္စက္ခဒဿာဝိတာယ ဝါ ဓမ္မဒသာ။ (သီဋီသစ်၊ ၁၇၅။)တို့ကို ထောက်၍ "ဓမ္မဒသာ၊ လေးပါးသော သစ္စာတရားကို မြင်တတ်ကုန်သော။ ဝါ၊ နိဗ္ဗာန်တရားကို မြင်တတ်ကုန်သော။ ဝါ၊ အရိယာတရားကို မြင်တတ်ကုန်သော"ဟု သဒ္ဒတ္ထ, အဘိဓေယျတ္ထပေါ်အောင် ယောဇနာ။ ကြွင်း ယောဇနာလေ။ ။ ဋ္ဌ၊ ၂၀၅။ ဋ္ဌသျှ၊ ၂၊ ၂၂၉။ ဋ္ဌသျှသစ်၊ ၂၊ ၂၇၉။

မေးသင့်ပုံ။ ။"ယတ္ထ။ပ။သရဏတ္ထမုပေဟိ–ကို ယ–အစွဲ မလွဲစေဘဲ ဓမ္မဒသာ–၌သဒ္ဒတ္ထ,အဘိဓေယျတ္ထပေါ်စေလျက် အနက်ယောဇနာပါ"ဟု မေးသင့်သည်]

---

၉။ ။ [ပင်ကိုယ်အရှိကပင် ဟိတ်ပုဒ်က အတွင်းမှာရှိသောကြောင့် သူ့အရှိအတိုင်း ယောဇနာရုံပင်။ ။ ဋ္ဌ၊ ၂၂၇။ဋ္ဌသျှ၊ ၂၊ ၂၉၇။ဋ္ဌသျှသစ်၊၂၊ ၃၇၀]

---

၁၀။ ။ အနက်အားဖြင့် အာကာရ အပြင်ထုတ်လျက် အနက်

ပန၊ ဆက်၍ဆိုဦးအံ့၊ ဣဒံ ဝစနံ။ ဤသောထာဒ္ဓလ္လာပုဏ္ဏားတို့၏ စကားကို။ သုတွာ၊ ကြားရကုန်၍ တေ ဗြာဟ္မဏာ၊ ထိုအတူပါလာသော ပုဏ္ဏားတို့သည်။ (စိန္တေတွာ၊ ကြံကြကုန်၍) တုဏှီ၊ ဆိတ်ဆိတ်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ (ကိံ၊ အဘာယ်သို့။ စိန္တေတွာ၊ ကြံကြကုန်၍။ တုဏှီ၊ ဆိတ်ဆိတ်။ အဟေသုံ၊ ဖြစ်ကြကုန်

http://www.dhammadownload.com



ပြီးသနည်း။) အာစရိယော၊ ဆရာသည်။ သဘာဝံ၊ သဘာဝကို။ အာဟ၊ ပြောဆိုပြီ။ မယံ၊ ငါတို့သည်။ အာကာရထာဝ၊ အကြောင်းမဲ့သာလျှင်။ ဥဇ္ဈာယိမှာ၊ ကဲ့ရဲ့မိကြပေကုန်ပြီ။ ဣတိ၊ ဤသို့။ (စိန္တေတွာ၊ ကြံကြကုန်၍။ တုဏှီ။ ဆိတ်ဆိတ်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီးသတည်း။) [ဣတိ–သည် တုဏှီဘာဝနာကာရ မဟုတ်၊ စိန္တနာကာရ ဖြစ်သောကြောင့် စိန္တေတွာ–ထည့်ရသည်။ ။ ဋ္ဌ၊ ၂၅၉။ ဋ္ဌသျ၊ ၂၊ ၃၈၁။ ဋ္ဌသျသစ်၊ ၂၊ ၄၅၇။]

---

ဝါ၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) ကုတ္တဝါလေဟီတိ သောဘာကရထတ္တံ ကပ္ပေတုံ ယုတ္တဋ္ဌာနေသု ကပ္ပိတဝါလေဟိ။

(ခ) စတ္တေ စ ဝဋ္ဌဝါနံယေဝ ဝါလာ။

(ဂ) ကမ္ပိတာ န ရထာနံ ဝဋ္ဌဝပယုတ္တတ္တာ ပန ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ။

၁။ ။ အထက်ပါ ဝါကျတို့ကို ယုတ္တဋ္ဌာနေသု–ကို တိကျပေါ်လွင်စေလျက် အနက်ယောဇနာပါ။

၂။ ။ (ဂ)အမှတ်ပြဝါကျကို ဗျတိရေကစောဒနာ တက်ပြပါ။ (အဓိပ္ပါယ် ပြန်ရန် မလို။)

၃။ ။ (ခ)(ဂ)အမှတ်ပြဝါကျတို့၌ စောဒကာသောဂါဒိစတုက္က အပြည့်အစုံ ထုတ်ပြပါ။

၄။ ။ ကုတ္တဝါလေဟိ–ကို ဝိဂ္ဂြုဟ်ဆို၍ ဝစနာဒိဆက္က ထုတ်ပြပါ။

၅။ ။ ဝဋ္ဌဝပယုတ္တတ္တာ–၌ ဘာဝသမ္ဗန်, တ္တသမ္ဗန်ထုတ်လျက် စာစပ်ပြီးလျှင် ဘာဝယောဂ၏ ဝါစ္စကိုလည်း ဖော်ပြပါ။

၆။ ။ (က)အမှတ်ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့်တကွ သံဝဏ္ဏနာ အမည်များကို ဖော်ပြပါ။

၇။ ။ ကုတ္တဝါလေဟိ, ကပ္ပိတဝါလေဟိ–တို့၌ ကုတ္တ, ကပ္ပိတ–ပုဒ်တို့ကို နိရုတ္တိနည်းဖြင့် ရုပ်စီရင်ပြပါ။

http://www.dhammadownload.com



၈။ ။ ကထံ အဋ္ဌဝိဓာ ဟိ တာပသာ-၌ ရသေ့ရှစ်ဦးတို့၏ သရုပ်ကို ရေတွက်၍ ပြပါ။

၉။ ။ (ခ)(ဂ)အမှတ်ပြ စုဏ္ဏိယဝါကျတို့ကို အဓိပ္ပာယ်မပျက်စေဘဲ ဝတ္တမျိုးလာ ဂါထာစီကုံး၍ ၎င်းဂါထာကို ဆန်းအမည်,ဂါထာအမည် မှည့်ခဲ့ပါ။

၁၀။ ။ (က)အမှတ်ပြဝါကျ၌ ကပ္ပိတဝါလေဟိ-ပုဒ်၏စပ်ရာ ဝိပရိယာယဿ ကို ကိုယ်ပြုလျက် ဘာဝ,ဝိဘာဝ,အနုဘာဝတို့ကို ထုတ်ပြပါ။

---

## ၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။ ယုတ္တဋ္ဌာနေသု-ကို တိကျစေလျက် အနက်

ကုတ္တဝါလေဟီတိ၊ ကုတ္တဝါလေဟိ-ဟူသည်ကား။သောဘာကရဏတ္ထံ၊ တင့်တယ်ခြင်းကို ပြုရခြင်းအကျိုးငှါ။ကပ္ပေတုံ၊ရိတ်ဖြတ်ခြင်းငှါ၊ယုတ္တဋ္ဌာနေသု၊ သင့်လျောက်ပတ်သော လည်,ဦးခေါင်း,မြီးဆံဖျားအရပ်တို့၌။ကပ္ပိတဝါလေဟိ၊ ရိတ်ဖြတ်အပ်ပြီးသော အမွေးရှိကုန်သော။ [ဝဠဝါရထေဟိ-မြင်းမတို့သည် က(ကပ်) အပ်သော ရထားတို့ဖြင့်-၌ စပ်။စ၊ဆက်၍ဆိုဦးအံ့။တတ္ထ၊ဤကုတ္တဝါလေဟိ ဝဠဝါရထေဟိ -ဟူသောပါဌ်၌။ဝဠဝါနံ ယေဝ၊မြင်းမတို့၏ သာလျှင်၊ဝါလာ၊ အမွေးတို့ကို။ ကပ္ပိတာ၊ရိတ်ဖြတ်အပ်ကုန်၏။ရထာနံ၊ရထားတို့၏။ (ဝါလာ၊ အမွေးတို့ကို။) န (ကပ္ပိတာ။)ရိတ်ဖြတ်အပ်ကုန်သည်မဟုတ်။ ပန၊ ထိုသို့ပင်ဖြစ်ပါ ကုန်သော်လည်း။ ဝဠဝပယုတ္တတ္တာ၊မြင်းမတို့ဖြင့် (ဝါ)မြင်းမတို့သည် က(ကပ်) အပ်ကုန်သည် ၏အဖြစ်ကြောင့်။ရထာပိ၊ရထားတို့ကိုလည်း။ကုတ္တဝါလာတိ၊ ကုတ္တဝါလ-တို့ဟူ၍။ ဝုတ္တာ၊ဆိုအပ်ကုန်ပြီ။ (ဋ္ဌ၊ ၂၄၅။ဋ္ဌသျ၊ ၂၊၃၄၀။ဋ္ဌသျသစ်၊ ၂၊၄၁၅။)]

[ထောက်ဖွယ်။ ။ ယုတ္တဋ္ဌာနေသုတိ ဂီဝါ သီသ ဝါလဓိသု။ (သီဋီသစ်၊ ၂၊ ၂၇၄။)ကို ထောက်၍ ယုတ္တဋ္ဌာနေသု-ကို ယောဇနာသည်။]

---

၂။ ။ ဝါကျအပိုင်း မမှန်၍ ပြန်ပိုင်း

ဤပုဏ္ဏာ၌ ဝါလာ-၏နောက်၌ နှစ်ချောင်းပိုဒ် ပိုဒ်၍ ကပ္ပိတာ-၏နောက်, ရထာနံ-၏နောက်၌ မပိုဒ်ဘဲ ရှိလေသည်။ဆဋ္ဌမူ၌ကား "တတ္ထ စ ဝဠဝါနံယေဝ ဝါလာ ကပ္ပိတာ၊န ရထာနံ၊ ဝဠဝပယုတ္တတ္တာ"ဟု ဝါလာ-၏ နောက်၌ မပိုင်းဘဲ ကပ္ပိတာ-၏ နောက်၌,ရထာနံ-၏နောက်၌ တစ်ချောင်းပိုဒ် ပိုဒ်လျက် ရှိလေသည်။

ကျမ်းဆရာတို့သည် အန္ဝယဝါကျ,ဗျတိရေကဝါကျ ရှေ့နောက်ယှဉ်လျက် ရေးရာ၌ အန္ဝယ(ရှေ့)ဝါကျ၌သာ စကားအပြည့်အစုံ ရေးပြီး, ဗျတိရေက (နောက်) ဝါကျ၌ အပြည့်အစုံမရေးဘဲ ထူးရာကိုသာရေး၍ (မထူးရာကို အန္ဝယ(ရှေ့) ဝါကျမှ

http://www.dhammadownload.com



လိုက်စေ၍) မထူးရာကို ရေးရိုးမရှိ။ ထို့ကြောင့် ဤ၌ ကပ္ပိတာ–ပုဒ်ကို ဓတ္တ စ ဝါဠ ဝါနံယေဝ ဝါလာ–ဟူသော အန္ဝယ(ရှေ့ဝါကျ၌ ပါဝင်ရမည် ဖြစ်သောကြောင့် ဝါလာ၏နောက်၌ မပိုဒ်ဘဲ ကပ္ပိတာ–၏နောက်၌ ပိုဒ်သည့် ဆင္ဒမူအတိုင်းသာ သင့်သည်။

အန္ဝယ (ရှေ့)ဝါကျ၏အဆုံး၌ တစ်ချောင်းပိုဒ်ရှိသကဲ့သို့ ဗျတိရေက (နောက်) ဝါကျ၏အဆုံး၌လည်း တစ်ချောင်းပိုဒ်ရှိရမည်သာ။ထို့ကြောင့် နရထာနံ ဟူသော ဗျတိရေက(နောက်)ဝါကျ၏အဆုံး၌ တစ်ချောင်းပိုဒ် ပိုဒ်သည့် ဆင္ဒမူ အတိုင်းသာ သင့်သည်။ ဤဝါကျကိုရေးပုံမှာ ကရဏ္ဍာတိ ဏ္ဍဒမ္ဗိ အပဟိကဥ္စုကာသ နာမံ၊ န ဝိလီဝကရဏ္ဍာသ။ (ဠ၊ ၁၉၇။)ဝါကျနှင့် အသွားတူသည်။

ထိုပြင် ကိဥ္စာပိ–ပါရှိသော ရှေ့ဝါကျသည် စောဒက၏အာဘော်ကို ပြသောစကား ရပ်ဖြစ်သည်။ [ဤ၌ ကိဥ္စာပိ–တိုက်ရိုက်မပါသော်လည်း ပန–ပါရှိသော နောက်ဝါကျကို ထောက်ဆ၍ "ကိဥ္စာပိ–ဝါကျ"ဟု မှတ်ပါ။]ပန–ပါရှိသော နောက်ဝါကျသည် ပရိဟာရ၏ အာဘော်ကိုပြသော စကားရပ်ဖြစ်သည်။စကားနှစ်ရပ်သည် အနက်အဓိပ္ပာယ် တစ်ခြား စီသာဖြစ်သောကြောင့် ကိဥ္စာပိ–ဝါကျ၏အဆုံး၌ တစ်ချောင်းပိုဒ် ပိုဒ်ရမည်သာ။ [ကာမဥ္စ, တထာပိ–ပါရှိသော ဝါကျများ၌လည်း နည်းတူသိပါ။] ထို့ကြောင့်လည်း န ရထာနံ–ဟူသော ဗျတိရေကဝါကျ၏အဆုံး၌ တစ်ချောင်းပိုဒ် ပိုဒ်ရမည်ကို သိရသည်။

ယင်းသို့ ကိဥ္စာပိ–ပါရှိသော ရှေ့ဝါကျစကားနှင့် ပန–ပါရှိသော နောက်ဝါကျ စကားရပ်သည် အနက်အဓိပ္ပာယ် တစ်ခြားစီသာ ဖြစ်သောကြောင့် ရှေ့ဝါကျစကား ရပ်မှ တစ်စိတ်တဒေသကိုယူပြီး နောက်ဝါကျစကားထဲ ထည့်သွင်းရောနှော၍ ဝါကျ မပိုင်းသင့်။ မပိုင်းသင့်သောကြောင့် ကပ္ပိတာ န ရထာနံ–ကို နောက်ဝါကျထဲ ထည့် မပိုင်းရ၊ ရှေ့ဝါကျထဲ ထည့်ပိုင်းရမည်၊ ရှေ့ဝါကျထဲ ထည့်ပိုင်းမှ မှန်သည်။ ရှေ့ဝါကျထဲ ထည့်ပိုင်းမှ ယုတ္တိရှိရှိ အဓိပ္ပာယ်ရှိရှိ စနစ်တကျ ရသည်။ ထို့ကြောင့်–

(ခ) ဓတ္တ စ ဝဠဝါနံယေဝ ဝါလာ ကပ္ပိတာ၊ န ရထာနံ၊

(ဂ) ဝဠဝပယုတ္တတ္တာ ပန ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ။

ဤသို့ (ခ)(ဂ)နှစ်ဝါကျကို ပြင်ပိုင်း၍ တက်ရာ၏။

(ဂ)အမှတ်ပြဝါကျ ဗျတိရေကစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် "ဤ ကုတ္တဝါလေဟိ ဝဠဝါရထေဟိ–ပါဌ်၌ မြင်းမတို့၏သာလျှင် အမွေးတို့ကို ရိတ်ဖြတ်အပ်ကုန်၏။ ရထားတို့၏အမွေးတို့ကို ရိတ်ဖြတ်အပ်ကုန်သည် မဟုတ်"ဟုဆိုတော်မူ၏(ဠပနာ)ဤ ကုတ္တဝါလေဟိ ဝဠဝါရထေဟိ–ပါဌ်၌ မြင်းမတို့၏သာလျှင် အမွေးတို့ကို ရိတ်ဖြတ် အပ်ကုန်၏။ရထားတို့၏အမွေးတို့ကို ရိတ်ဖြတ်အပ်ကုန်သည် မဟုတ်သည် အကယ်၍ ဖြစ်အံ့။ယင်းသို့ မြင်းမတို့၏သာလျှင် အမွေးတို့ကို ရိတ်ဖြတ်အပ်ကုန်၏။ ရထားတို့ အမွေး တို့ကို ရိတ်ဖြတ်အပ်ကုန်သည်မဟုတ်သည်ရှိသော် ရထားတို့ကိုလည်း "ကုတ္တဝါလ ဝံ့"ဟူ၍မဆိုအပ်ကုန်ရာ(ဗျတိရေကစောဒနာ)။ဤသို့စောဒနာဖွယ်ရှိ၍ ထို စောဒ နာကိုသောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကို မိန့်။

[ဗျတိရေကာယုတ္တာစောဒနာ တက်လိုလျှင်။ ။"ဗျတိရေကာ ယဒျာဒိနာ" ဟု ဂဏ္ဌာဘရဏ ဆိုသည့်အတိုင်း ယဒိ–စသည်ဖြင့် "ယဒိ ဟောတိ၊ စဝံ သတိ ရထာပိ

http://www.dhammadownload.com



ကုတ္တာဝါလာတိ န ဝုတ္တာ"ဟုပါဠိလို စောဒနာ။အကယ်၍ အယုတ္တစောဒနာ ထည့်လိုလျှင် "အဘယ်ကြောင့် ရထားတို့ကိုလည်း "ကုတ္တဝါလ-တို့" ဟူ၍ ဆိုအပ်ပါကုန်သနည်း ကသ္မာ ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ"ဟု အယုတ္တစောဒနာထည့်ပါ။

ဗျတိရေက, ဗျတိရေကာယုတ္တစောဒနာ ဥဒါဟရဏ်

ရုပ္ပနဋ္ဌေန္တ သီတာဒိဝိရောဓိပစ္စယသမဝါယေ ဝိသဒိသုပ္ပတ္တိယော၀။ ယဒိ ဧဝံ အရူပဓမ္မာနမ္ပိ ရူပဝေါဟာရော အာပဇ္ဇတီတိ။(အဘိဓမ္မတ္ထဝိဘာဝိနီ။၇၅။) (ဗျတိရေက စောဒနာဥဒါဟရဏ်။)

ယဒိ ဧဝံ သေနင်္ဂေပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ၊ အထ ကသ္မာ န ဥစ္စိနိတောတိ။(သီလက္ခန္ဓဝဂ္ဂ၊ ၄၊ ၅။) (ဗျတိရေကာယုတ္တစောဒနာဥဒါဟရဏ်။)

ပါဠ် အမျိုးမျိုးရှိကြ။ ။ သျှသစ်၌ ဗျတိရေကာယုတ္တစောဒနာတက်ပါ ထည့်သွင်း၍အနက် ပေးထားသည်။သို့သော် ပါဠ်ရှိပုံ မတူတတ်။"ဝဠဝါနံ ယေ၀ ဝါလာ။ကပ္ပိတာနံ ရထာနံ ဝဠဝပယုတ္တတ္တာ"ဟု ဟံသာဝတီမူ၌ရှိသည့်အတိုင်း ပေးထားသည်။သျှ,ဂဏ္ဍိ-တို့၌ရှိသော ပါဠ်များလည်း အမျိုးမျိုးကွဲပြားလျက်သာ ရှိသည်။ ဂန္ထဂရု ကြောက်ရွံ့မှုကြောင့် မစိစစ်တော့ပြီ။

ဤ ၂-ဝါကျကို ကျမ်းဆရာ ရေးရပုံ။ ။ ပါဠိတော်၌"ကုတ္တဝါလေဟိ ဝဠဝါရထေဟိ"ဟု ရှိ၍ ကုတ္တဝါလေဟိ-သည် ဝဠဝါရထေဟိ-၏ဝိသေသျ ဖြစ်သည့် အလျောက် ကုတ္တဝါလ-၏အရ ရထားများကို ရနေသည်။ထိုသို့ရနေသည်ကို စောဒက မနှစ်မြို့ကာ "အဘယ်ကြောင့် ရထားများကို "ကုတ္တဝါလ, တို့ဟူ၍ ဆိုအပ်ကုန်သနည်း"ဟု စောဒနာဖွယ်ရှိသောကြောင့် ဤ ဧတ္ထ-စသော (ခ)(ဂ)ဝါကျကို ကျမ်းဆရာရေးရသည်။

မြင်းမတို့၏ အမွေးတို့ကိုသာ ရိတ်ဖြတ်အပ်ကုန်၏။ ရထားတို့၏ အမွေး တို့ကို ရိတ်ဖြတ်အပ်ကုန်သည်မဟုတ်၊ (ရထားတို့မှာ ဖြတ်စရာ အမွေးပင် မရှိ၊) သို့သော်လည်း အမွေးဖြတ်အပ်ကုန်ပြီးသော မြင်းမတို့ဖြင့် (တစ်နည်း) မြင်းမတို့သည် ရထားတို့ကို က(ကပ်)အပ်သည်၏အဖြစ်ကြောင့် သဟာစရဏနည်း,ဌာနျူပစာ အားဖြင့် ရထားတို့ကိုလည်း"ကုတ္တဝါလာ"ဟု ဆိုထားသတဲ့။သဟာသစရဏ ဝသေနယ ဌာနီနာမေန ဝါ"ကုတ္တဝါလာ"တိ ဝုတ္တာ။ (သီဋီသစ်၊ ၂၊ ၂၇၄။)ကုတ္တဝါလေဟိ ကို ဝဠဝါ-၌စပ်လျှင်တော့ အဖြောင့်အတိုင်းဖြစ်၍ စောဒနာ ဖွယ်ရာမရှိ။]

---

၃။ ။ စောဒနာသောဂါဒိစတုက္က

(၁) နနု ဝဠဝါနံ ယေ၀ ဝါလာ ကပ္ပိတာ၊ န ရထာနံ (စောဒကာ သောဂ)။
(၂) အထ ကသ္မာ ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ (စောဒနာ)။
(၃) နနု ဝဠဝပယုတ္တာ ဟောန္တိ (ပရိဟာရာသောဂ)။
(၄) တသ္မာ ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ (ပရိဟာရ)။

---

၄။ ။ဝိဂ္ဂဟ။ ။ကုတ္တာ ဝါလာ ယာသန္တိ ကုတ္တဝါလာ။ ဝစနာဒိဆက္က

(၁) ကုတ္တဝါလာ-ဟူသော နိပ္ဖန္နသည် ဝစန။
(၂) ကုတ္တာ ဝါလာ ယာသံ-ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ။

http://www.dhammadownload.com



(၃) ရိတ်ဖြတ် (ပြုပြင်)အပ်ပြီးသော အမွေးတို့၏ မြင်းမတို့နှင့် ဂုဏ်, ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု။

(၄) ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။

(၅) မြင်းမဒြပ်သည် ဝစနီယ။

(၆) ကတ္တဗ္ဗလောမေဟိ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

နိပ္ဖန္နချနည်း ၂-မျိုး။ ။ နိပ္ဖန္နချနည်းသည် ပဒါဝတ္ထိကန္တ, ဝါကျာဝတ္ထိကန္တအားဖြင့် ၂-မျိုး ရှိ၏။ ထိုတွင် ဝါကျတွင်းရှိ ဝိဘတ်ဖြူကို မငဲ့မူ၍ ပထမာဝိဘတ်ဖြင့် ချခြင်းသည် ပဒါဝတ္ထိကန္တနိပ္ဖန္နချနည်း မည်၏။ ဝါကျတွင်းရှိ ဝိဘတ်ဖြူကို ငဲ့၍ ဝါကျတွင်းရှိ ဝိဘတ်ဖြူအတိုင်း ပထမာဝိဘတ်, ဒုတိယာဝိဘတ်။ ပ။ သတ္တမီဝိဘတ်တို့ဖြင့် ချခြင်းသည် ဝါကျာဝတ္ထိက န္တနိပ္ဖန္နချနည်း မည်၏။ ပဒါဝတ္ထိကန္တနိပ္ဖန္နချနည်း၌ ပထမာ ဧကဝုစ်, ဗဟုဝုစ်အားဖြင့် ၂-ပါး၊ ဝါကျာဝတ္ထိ ကန္တနိပ္ဖန္နချနည်း၌ ပထမာ ဧကဝုစ်ဟ ဗဟုဝုစ်။ ပ။ သတ္တမီ ဧကဝုစ်, ဗဟုဝုစ်။ ပ။ သတ္တမီ ဧကဝုစ်, ဗဟုဝုစ်အားဖြင့် ၁၄-ပါး ရှိ၏။ ယင်းသို့ ဝါကျာဝတ္ထိကန္တနိပ္ဖန္နချနည်းအားဖြင့်လည်း ချနိုင်သောကြောင့် "ကုတ္တာဝါလာ ယာသန္တိ ကုတ္တာဝါလေဟိ"ဟု ဝါကျာဝတ္ထိကန္တနိပ္ဖန္နချနည်းအားဖြင့် တတိယာဗဟုဝုစ်ဝိဘတ်နှင့်လည်း ချနိုင်သည်သာ။

ပဒဝါကျာဝတ္ထိကန္တ ဝသေန ဝိဂ္ဂဟော ဒွိဓာ။

ပဌမန္တေန ဝိဂ္ဂဟော၊ ပဒါဝတ္ထိကမီရိတော။

အတ္ထံ အတ္တာနုရူပေန၊ နိပ္ဖါဒေတိ ယထာ-တထာ။

ဝါကျာဝတ္ထိကန္တာချာနံ၊ နာမ ဝိညူဟိ ဘာသိတာ။ (ဇာလိနီ။ ၁၅၁-၂)

အဋ္ဌကထာလာ ဥဒါဟရဏ်။ ။ အဋ္ဌကထာ ဋီကာဆရာတို့သည် ၂ နည်းလုံးဖြင့်ပင်လျော်သလို ဖွင့်ပြလေ့ရှိကြသည်။ဓိဝကသကောမာရဘစ္စသ အမ္ဗဝနေတိ ဓိဝတိတိ ဓိဝကော။ကုမာရေန တတောတိ ကောမာရဘစ္စော။(ဋ္ဌ၊ ၁၂၂။)(ပဒါဝတ္ထိကန္တနည်း၊ ပထမာဧကဝုစ်။)သေိကဋ္ဌာယိဋ္ဌိတောတိ သေိကာ ဝိယ ဟုတွာ ဋ္ဌိတောတိ သေိကဋ္ဌာယိဋ္ဌိတော။ (ဋ္ဌ၊၉၇။)(ဝါကျာဝတ္ထိကန္တနည်း၊ပထမာ ဧကဝုစ်။)သဒေဝကန္တိ သဟ ဒေဝေဟိ သဒေဝကံ။(ဋ္ဌ။၁၅၇။)(ဝါကျာဝတ္ထိကန္တနည်း) ဒုတိယာ ဧကဝုစ်။)"သဟ ဒေဝေဟိ သဝေကေ"တ္တိ အာဒိနာ ယထာဝါကျံ ပဒနိဗ္ဗစနံ ဝုတ္တံ၊ယထာပဒံပန"သဒေဝကော"တိအာဒိနာ ဝတ္တဗ္ဗံ။(သိဋ္ဌီသစ်၊၂၊၆၄။)ကိုထောက်န ထေနေန။အ ထေနေန။(ဋ္ဌ၊ ၇၃။)(ဝါကျာဝတ္ထိကန္တနည်း၊တတိယာ ဧကဝုစ်) ဤအတူ စတုတ္ထီဝိဘတ်ဥဒါဟရဏ်စသည်နှင့် ဋီကာလာ ဥဒါဟရဏ်များကိုလည်း ထုတ်အပ်၏။

---

၅။ ။ ဘာဝသမ္ဗန်။ ။ဝဋ္ဋဝပယုတ္တတ္တာ-၌ ဘာဝသမ္ဗန်ကား ဝဋ္ဋဝပယုတ္တာနံ-ဖြစ်ပါသည်။

တ္တ-သမ္ဗန်။ ။ တ္တ-သမ္ဗန်ကား ရထာနံ-ဖြစ်ပါသည်။

တ္တ-သမ္ဗန်ပုဒ် စာစပ်။ ။ရထာနံ-ကား "တို့၏"ဟူ၍ အနက်ပေးသောကြောင့် ဝဋ္ဋဝပယုတ္တတ္တာ-ဝယ် တ္တ-ပစ္စည်း၌ သမ္ဗန်,သတ္တိမန္တ။ တ္တ-ပစ္စည်းကား သမ္ဗန္ဓိ, သတ္တိ။

http://www.dhammadownload.com



ရထာနံ-ကား "တို့ကို"ဟူ၍ အနက်ပေးသောကြောင့် ဝဋ္ဋဝပယုတ္တတ္တာ-ဝယ် ဝဋ္ဋဝပယုတ္တ-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ ဝဋ္ဋဝပယုတ္တ-ဟူသော ဘာဝယောဂပုဒ်ကား ဝါစက,လိင်္ဂတ်။

ဘာဝယောဂ၏ ဝါစ္စ။ ။ ဘာဝယောဂ၏ဝါစ္စကား ကမ္မတ္ထ ဖြစ်ပါသည်။ [ဝါစ္စနှင့် ပစ္စယတ္ထ-ကား သဘောတူသည်။]

---

၆။ ။ (က)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ ကပ္ပိတဝါလေဟိ-ဝယ် ကပ္ပိတ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကုတ္တဝါလေဟိ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ "ကုတ္တ-ပြု"ဟူသည် "ကပ္ပိတ-ရိတ်ဖြတ်ခြင်းပင်တည်း"ဟု အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထ သံဝဏ္ဏနာ။ [ကပ္ပိတ-သည် ဓာတွတ္ထပြ မဟုတ်။]

ကပ္ပေတုံ ယုတ္တဋ္ဌာနေသု-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကပ္ပိတ ဝါလေဟိ-၌ ရိတ်ဖြတ်ခြင်းသည် အရပ်အားလုံး၌ ရိတ်ဖြတ်သည်မဟုတ်၊ ရိတ်ဖြတ်ခြင်းငှာ သင့်လျော်ကပ်သော လည်, ဦးခေါင်း, မြီးဆံဖျားအရပ်တို့၌ ရိတ်ဖြတ်သည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

[ငဲ့၍ ဖွင့်ပြ၊ ဘာဝတ္ထ။ ။ ကပ္ပိတဝါလေဟိ-၌ ရိတ်ဖြတ်ခြင်းသည် "အဘယ်အရပ်တို့၌ ရိတ်ဖြတ်သနည်း"ဟု ကပ္ပိတဝါလေဟိ-ပုဒ်က ရိတ်ဖြတ်ရာ အရပ်ကိုငဲ့သောကြောင့်"ငဲ့၍ဖွင့်ပြ၊ ဘာဝတ္ထ၊ မှည့်ကြသံဝဏ္ဏနာ"ဟု ဆိုသည့်အတိုင်း ဘာဝတ္ထတည်း။ ကပ္ပေတုံ ယုတ္တဋ္ဌာနေသုကို ထွက်က ကပ္ပိတဝါလေဟိမှ ထွက်ရသည်ကို သတိပြုပါ။ ကပ္ပေတုံ-သံဝဏ္ဏနာ ဘာဝတ္ထပြသံဝဏ္ဏနာဖြစ်သည်ကို သိရသဖြင့် ဖော်ပြခဲ့သော ကပ္ပိတ-သံဝဏ္ဏနာလည်း ဘာဝတ္ထပြဖြစ်သည်ကို သိရပြန်သည်။]

သောဘာကရဏတ္ထံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကပ္ပိတဝါလေဟိ၌ ရိတ်ဖြတ်ခြင်းသည် တင့်တယ်ခြင်းကို ပြုရခြင်းအကျိုးငှါ ရိတ်ဖြတ်သည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ [သောဘာကရဏတ္ထံ-ပုဒ်ကို ထွက်က ကပ္ပိတဝါလေဟိ-ပုဒ်မှ ထွက်ရသည်ကို သတိပြုပါ။]ဘာဝတ္ထသံဝဏ္ဏနာ။ [ဤသံဝဏ္ဏနာလည်း ကပ္ပိတဝါလေဟိ-ပုဒ်က အကျိုးကိုငဲ့၍ဖွင့်ပြသောကြောင့် ဘာဝတ္ထပင်။]

---

၇။ ။ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

ကုတ္တ-၌ ကရ-ဓာတ်,က် အနုဗန်ရှိသော တ-ပစ္စည်း(တက်-ပစ္စည်း)၊ ဓာတွန် ရ-ကို ချေ,တ-ဒွေဘော်လာ၍"ကတ္တ"ဟုဆိုလိုလျက် က-၏အစိတ်အ-ကို ဥ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "ကုတ္တ"ဟု ပြီးပါသည်။ (မောဂ္ဂလာန်)

[ထောက်ဖွယ်။ ။ နေတ္တာဒယော တက်-ပရာ နိပစ္စန္တေ။ပ။ကရကရဏော၊ အဿု၊ကရဏံ ကုတ္တံ၊ကိရိယာ။(မောဂ်၊၇၊၈၄။]

(တစ်နည်း) ကရ-ဓာတ်, တ-ပစ္စည်း၊ တ-ဒွေးဘော်လာ၍ "ကရတ္တ"ဟု ဆိုလိုလျက် ကရ-ကို ကု-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "ကုတ္တ"ဟု ပြီးပါသည်။ (နိရုတ္တိဒီပနီ။)

http://www.dhammadownload.com



[ထောက်ဖွယ်။ ။ မဟာဝုတ္တိနာ တကာရေ ကရသ ကုတ္တံ။ (နိရုတ္တိဒီပနီ၊ ၈၀၁။)]

ပ္ပိတ–၌ ကမု–ဓာတ်, တ–ပစ္စည်း၊ ဣ–လာ၍ "ကပိတ"ဟု ဆိုလိုလျက် ပ–ဒွေဘော်လာခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "ကပ္ပိတ"ဟု ပြီးပါသည်။(သီဋီသစ်)

[ထောက်ဖွယ်။ ။ ကပ္ပေတုန္တိ ကတ္တရိကာယ ဆိန္ဒိတုံ။ ကပ္ပိတဝါလေဟီတိ ဧတ္ထာပိ ဧသေဝနယော။ "န ဘိက္ခဝေ မဿု ကပ္ပါပေတဗ္ဗ"န္တိ အာဒီသု ဝိယဟိ ကမု–သဒ္ဒေါ ဆေဒနေ ဝတ္တတိ။ (သီဋီသစ်၊ ၂၊ ၂၇၄။)ကို ထောက်။ နီတိ၊ ဓာတု (၃၂၃)၌ကား "ကပ္ပဝိတက္ကေ ဝိဓိမှိ ဆေဒနေစ။ ကပ္ပိတမဿုံ"ဟု ကပ္ပ–ဓာတ်ဖြင့် လာသည်။]

---

၈။ ။ ရသေ့ ၈–ဦး သရုပ်

(၁) သပုတ္တဘရိယတာပသ။

(၂) ဥဉ္ဆာစရိယတာပသ။

(၃) အနဂ္ဂိပက္ကိကတာပသ။

(၄) သမပါကတာပသ။

(၅) အသ္မမုဋ္ဌိကတာပသ။

(၆) ဒန္တဝက္ကလိက တာပသ။

(၇) ပဝတ္တဖလဘောဇနေတာပသ။

(၈) ပဏ္ဍုပလာသိကတာပသ။ (ဋ္ဌ၊ ၂၄၁။)

---

၉။ ။ ဂါထာစီ

အဿာခံ့ယေဝ ဝါလာ စ၊ ကပ္ပိတာ န ရထာနံ တု။
ရထာပိ အဿယုတ္တတ္တာ၊ ကုတ္တဝါလာတိ ဝတ္တဗ္ဗာ။

ဆန်းအမည်, ဂါထာအမည်။ ။ ဤဂါထာကား အနုဋ္ဌုဘာဆန်း, ဝတ္တဂါထာ ဖြစ်ပါသည်။

မှတ်ချက်။ ။ စ–နှင့် တု–ကို "စ–ဆက်၍ ဆိုဦးအံ့။ ရထာနံ တု၊ ရထားတို့၏ ကား"ဟု အနက်ပေးရပါမည်။

---

၁၀။ ။ ဘာဝါလင်္ကာရ

(၁) ဝိပရိယာယန္တိ–၏အရ ရှေးရသေ့တို့၏ သန္တာန်၌ ထိုမှဤမှ (ဟိုဟိုသည်သည်) လှည့်လည်သွားလာသော အခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယ ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဌာယိဘာဝယ ဝီရရသ။

(၂) လှည့်လည်သွားလာရာဖြစ်သော ထိုထိုဤဤ (ဟိုဟိုသည်သည်) အရပ်သည် အာရမ္မဏဝိဘာဝ။

(၃) ရိတ်ဖြတ်(ပြုပြင်)အပ်ပြီးသော အမွေးရှိကုန်သော မြင်းမတို့ က(ကပ်) အပ်ကုန်သော ရထားတို့သည်လည်းကောင်း, ရှည်ကုန်သော ထိုးဆွကြောင်း နှင်တံတို့ဖြင့် မြင်းယာဉ်တို့ကို ထိုးဆွခြင်းသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

http://www.dhammadownload.com



(၄) ထိုသို့ လှည့်လည်သွားလာခြင်းကြောင့် မြူးထူးရွှင်ပြ နွမ်းလျ ကြရခြင်းသည် အနုဘာဝ။

[ ပါဠိတော်။ ။ တေ ကုတ္တဝါလေဟိ ဝဠဝါရထေတိ (တို့ဖြင့် ဝိပရိယာယန္တိ–၌စပ်) ဒီဃာဟိ ပတောဒလဋ္ဌီဟိ ဝါဟနေ ဝိတုဒေန္တာ (ကုန်လျက်) ဝိပရိယာယန္တိ။ (ပါ၊ ၉၈၊)

ရဏာ, ဒါန, ဒယာယောဂ ဖြစ်မှ ဥဿဟာ–စကား ယောဘုယျ။ ။ ဤကြိယာ ဤနေရာမျိုး၌ ဓမ္မရတိဌာယီဘာဝ ထုတ်၍ မရသောကြောင့် ဤနေရာကို ထောက်၍ "ရဏာ, ဒါန, ဒယာယောဂ ဖြစ်မှ ဥဿာဟဌာယီ ဘာဝထုတ်၊ ရဏာ, ဒါန, ဒယာယောဂ မဖြစ်က ဓမ္မရတိဌာယီဘာဝထုတ်"ဟူသော စကား ယောဘုယျ ဖြစ်သည်ကို သိရသည်။]

---

၁၉၇၇ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ ဧဝံ မေ သုတံ–ဟူသော ပါဠိတော်ဝါကျ၌ ဧဝံ–သဒ္ဒါ၏ အာကာရ နိဒဿန အဝဓာရဏ အနက်, မေ–သဒ္ဒါ၏ မမ–ဟူသော အနက်, သုတံ–သဒ္ဒါ၏ ဘာဝသာဓနအနက်ကိုသာ ယူ၍ ထည့်သင့်သော အာလုပ်ပုဒ်, ကံပုဒ်တို့ကို ထည့် စွက်ပြီး အနက်ယောဇနာပါ။

၂။ ။ နစ္စဂီတဝါဒိတဝိသူကဒဿနာ ပဋိဝိရတော သမဏော ဂေါတမော ဟူသော ပါဠိတော်ကို (၅) နံပါတ်ပုစ္ဆာ အဋ္ဌကထာအဖွင့်နှင့်အညီ အနက်ယောဇနာပါ။

၃။ ။ သန္တိ ဘိက္ခဝေ အညေ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ ဒုရနုဗောဓာ သန္တာ ပဏီတာ အတက္ကာဝစရာ နိပုဏာ ပဏ္ဍိတဝေဒနီယာ၊ ယေ တထာဂတော သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ၊ ယေဟိ တထာဂတဿ ယထာဘုစ္စံ ဝဏ္ဏံ သမ္မာ ဝဒမာနာ ဝဒေယျုံ၊

၃။ ။ သံဃေ ဘိက္ခဝေ ဓမ္မေ သမဏဗြာဟ္မဏာ အဓိစ္စသမုပ္ပန္နိကာ အဓိစ္စသမုပ္ပန္နံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ ဒွီဟိ ဝတ္ထူဟိ–ဟူသော ပါဠိတော်ကို အနက်မှန်ကန်စွာ ယောဇနာပါ။

၄။ ။ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ ပဋိဝေဒေသိ "ကပ္ပိတာနိ ခေါ တေ ဒေဝ ဟတ္ထိယာနာနိ၊ ယဿဒါနိ ကာလံ မညသီ"တိ–ဟူသော ပါဠိတော်ကို အနက်ယောဇနာပါ။

၅။ ။ သာသနဿ အနနုလောမတ္တာ ဝိသူကံ ပဋ္ဋာဏိဘူတံ ဒဿနန္တိ ဝိသူက ဒဿနံ၊ အတ္တနာ နစ္စနနစ္စာပနာဒိဝသေန နစ္စာ စ ဂီတာ စ ဝါဒိတာ စ အန္တမသော မယူရ နစ္စာဒိဝသေနပိ ပဝတ္တာနံ နစ္စာဒီနံ ဝိသူကဘူတာ ဒဿနာစာတိ နစ္စဂီတဝါဒိတဝိသူကဒဿနာ–ကို အနက်ယောဇနာပါ။

http://www.dhammadownload.com



၆။ ။ ဣဓ ဝုတ္တံ ဟောတိ "ယံ တယာ အာထတ္တံ၊ တံ မယာ ကတံ၊ ဣဒါနိ တွံ ယဿ ဂမနဿ ဝါ အဂမနဿ ဝါ ကာလံ မညသိ၊ တဒေဝ အတ္တနော ရုစိယာ ကရောဟီ"တိ-ဝါကျတို့ကို အနက်ယောဇနာပါ။

၇။ ။ ရာဇာ တေသံ ဥပသမေ ပသီဒိတွာ ဝိဂတပက်ကာယ ဝိပ္ပသန္နရဟာ ဒမိဝ ဥပသန္တိန္ဒြိယံ ဘိက္ခုသံဃံ ပုနပ္ပုနံ အနုဝိလောကေတွာ ဥဒါနံ ဥဒါနေသိဟူသော ဝါကျကို ဥဒါနံ-၏အနက် သိသာထင်ရှားအောင် ထုတ်ဖော်၍ အနက် သမ္ဗန်ပါ။

၈။ ။ တတ္ထ ပုရဏော "ကရောတော န ကရီယတိ ပါပ"န္တိ ဝဒန္တော ကမ္မံ ပဋိဗာဟတိ။ အဇိတော "ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတီ"တိ ဝဒန္တော ဝိပါကံ ပဋိဗာဟတိ။ မက္ခလိ "နတ္ထိ ဟေတူ"တိ ဝဒန္တော ဥဘယံ ပဋိဗာလတိ-ဟူသော ဝါကျတို့ကို တတ္ထအစွဲ မှန်ကန်စွာ စွဲ၍ အနက်ယောဇနာပါ။

၉။ ။ မနသိ ကရောဟီတိ အာဝဇ္ဇ၊ သမန္နာဟရာတိ အတ္ထော၊ အဝိက္ခိတ္တစိတ္တော ဟုတွာ နိသာမေဟိ စိတ္တေ ကရောဟီတိ အဓိပ္ပါယောဟူသော ဝါကျတို့ကို အတ္ထော, အဓိပ္ပါယော-တို့၏ သမ္ဗန်ကို ခံ၍ အနက်ယောဇနာပါ။

၁၀။ ။ ကသ္မာ ဥပါသကောတိ ရတနတ္တယဿ ဥပါသနတော။ သောဟိ ဗုဒ္ဓံ ဥပါသတီတိ ဥပါသကော။ တထာ ဓမ္မံ သံဃံ-ဟူသော ဝါကျတို့ကို ပုစ္ဆာဝါကျ ဝိဿဇ္ဇနာဝါကျ ပေါ်လွင်အောင် ထည့်သင့်သောပုဒ်များကို ထည့်စွက် အလိုက်ခံ၍ စုံလင်စွာ အနက်ယောဇနာပါ။

---

၁၉၇၇ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ ဧဝံ-၏ အာကာရ နိဒဿန အဝဓာရဏအနက်,မေ-၏ မမ-အနက်,သုတံ-၏ ဘာဝသာဓနအနက်ကို ယူ၍ ဧဝံ မေ သုတံ အနက် (ဘန္တေ ကဿပ၊အရှင်မဟာကဿပ။ဣမဿ သုတ္တဿ၊ဤဗြဟ္မဇာလ သုတ်ကို (ဘာဝသာဓနအယူဉ် ဆင့်ကဲတည်း။)ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။)ဧဝံ-ဧကေန အာကာရေန၊ တစ်ခုသော အခြင်းအရာ အားဖြင့် (ဧဝံ-သဒ္ဒါ အာကာရအနက်)။ (တစ်နည်း။)ဧဝံ-ဣမိနာဝုစ္စမာနနယေန၊ ဤသို့ ဧကံ သမယံ ဘဂဝါ-အစရှိသည်ဖြင့် ဆိုလတ္တံ့သောနည်းဖြင့် (ဧဝံ-သဒ္ဒါ နိဒဿန အနက်)။ (တစ်နည်း) ဧဝံ၊ ဘုရားဟောတော်မူတိုင်းသာလျှင် (ဧဝံ-သဒ္ဒါ အဝဓာရဏအနက်)။ မေ-မမ၊ တပည့်တော်၏။ သုတံ-ဥပဓာရဏံ၊ ဆောင်လိုက်ရ ခြင်းသည်။(ဟောတိ၊ ဖြစ်၏)(ပါဿျ အနက်။)

မှတ်ချက်။ ။ နိဒဿနတ္ထ၌ "ဤသို့။ ဝါ၊ ဤ ဧကံ သမယံ ဘဂဝါ အစရှိသည်ဖြင့် ဆိုလတ္တံ့သောနည်းဖြင့်"ဟု ပေးလျှင် ပိုကောင်းသည်။

http://www.dhammadownload.com



(တစ်နည်း) (ဘန္တေ ကဿပ၊ အရှင်မဟာကဿပ။) ဣမဿ သုတ္တဿ၊ ဤဗြဟ္မဇာလသုတ်ကို။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်၌)။ မေ၊ တပည့်တော်၏။ ဧဝံ၊ ဤသို့ များစွာသော အခြင်းအရာတို့တွင် တစ်ပါးသော အခြင်းအရာအားဖြင့် (ဧဝံ–သဒ္ဒါ အာကာရအနက်)။ (တစ်နည်း) ဧဝံ၊ ဤသို့။ ဝါ၊ သည်နှယ်။ ဝါ၊ သည်လို။ ဝါ၊ သည်ပုံ။ ဝါ၊ သည်နည်း။ ဝါ၊ ဤသို့ မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း (ဧဝံ သဒ္ဒါ နိဒဿနအနက်)။ (တစ်နည်း) ဧဝံ၊ ဤသို့ အနက် သဒ္ဒါအားဖြင့် မယုတ်မလွန်မှု၍သာ (ဧဝံ–သဒ္ဒါ၊ အဝဓာရဏအနက်)။ သုတံ၊ ကြားနာရခြင်းသည်။ ဝါ၊ နာခံမှတ်သားရခြင်းသည်။ (အဟောသိ၊ ဖြစ်ပါပြီ။) (သျှသစ်အနက်။) [ပါ၊ ၁။ ပါသျှ၊ ၄။ ပါသျှသစ်၊ ၈။]

---

၂။ ။ အဋ္ဌကထာနှင့်အညီ အနက်

ဂေါတမော၊ ဂေါတမနွယ်ဖြစ်သော။ သမဏော၊ ရဟန်းသည်။ နစ္စဂီတဝါဒိတဝိသူကဒဿနာ၊ ကိုယ်တိုင် ကခြင်း, တစ်ပါးသူတို့ကို ကစေခြင်း, ကိုယ်တိုင် သီဆိုခြင်း, တစ်ပါးသူတို့ကို သီဆိုစေခြင်း, ကိုယ်တိုင်တီးမှုတ်ခြင်း, တစ်ပါးသူတို့ကို တီးမှုတ်စေခြင်း, ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်းတို့ကို (ကြည့်ရှုနားထောင်ခြင်း၌ စပ်) သာသနာတော်၏ ပြောင့်တံကျင်သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ။ ပဋိဝိရတော၊ ကြဉ်တော်မူ၏။ [မိမိက ခိုင်း၍ဖြစ်စေ, မိမိက မခိုင်းဘဲ တစ်ပါးသူတို့က ခိုင်း၍ဖြစ်စေ, တစ်စုံတစ်ယောက်က မခိုင်းဘဲ သူ့အလိုအလျောက်ဖြစ်စေ, ကဆို တီးမှုတ်မှု မှန်သမျှကို ဝိသူကဒဿနာ–၏ အရယူ။ ။ပါ၊ ၅။ ပါသျှ၊ ၂၃။ ပါသျှသစ်၊ ၄၅။)]

---

၃။ ။ [ပါ၊ ၂၆။ပါသျှ၊ ၈၂။ပါသျှသစ်၊၁၂၅။ ။၁၃၃၂–ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၄။ ။ [ ပါ၊ ၄၆။ ပါသျှ၊ ၁၁၃။ ပါသျှသစ်၊ ၁၈၇။]

---

၅။ ။ [ဋ္ဌ၊ ၇၅။ ဋ္ဌသျှ၊ ၁၊ ၂၅၄။ ဋ္ဌသျှသစ်၊ ၁၊ ၄၀၅။]

---

၆။ ။ [ဋ္ဌ၊ ၁၃၅။ ဋ္ဌသျှ၊ ၂၊ ၄၁။ ဋ္ဌသျှသစ်၊ ၂၊ ၄၈။]

---

၇။ ။ ဥဒါန်–၏အနက် ထင်ရှားစေလျက် အနက်

["ဥဒါန်၊ စိတ်နှလုံးမှာမဆန့် ပြင်ပသို့ လျှံ၍ ထွက်လာသော ပီတိကြောင့် ဖြစ်သော စကားကို"ဟု သမ္ဗန်။ အကြွင်းသမ္ဗန်လေ။

ထောက်ဖွယ်။ ။ ယံ ပီတိဝေဂံ ဟာဒယံ ဂဟေတုံ န သက္ကောတိ,အဓိကံ ဟုတွာ အန္တော အသဏ္ဌဟိတွာ ဗဟိ နိက္ခမတိ,တံ ဥဒါနန္တိ ဝုစ္စတိ(ဋ္ဌ၊ ၁၂၉။)

http://www.dhammadownload.com



"ဝမ်းမြောက်နှစ်သက် ရွှင်အားတက်လျက် စိတ်နှလုံးမှ လျှံ၍ထွက်သော အမြွက်စကားကို။ဝါ၊ပီတိအစွမ်း ကိုယ်လုံးပြွမ်းသည့်ဥဒါန်းစကားကို"ဟု သျှသစ်(၅၉)အတိုင်းသော်လည်း သမ္ဗန်။ ။ ဋ္ဌ၊၁၃၉။ဋ္ဌသျှ၊ ၂၅၂။ဋ္ဌသျှသစ်၊ ၂၅၉]

---

၈။ ။ တတ္ထ-အစွဲ မှန်စေလျက် အနက်

["တတ္ထ-တေသု ယထာဝုတ္တေသု တီသု မိစ္ဆာဝါဒီသု၊ ထိုအကြင်အကြင် ဆိုအပ်ကုန်ပြီးသော သုံးယောက်ကုန်သော မိစ္ဆာအယူရှိကုန်သော ပုရာဏ၊ အဇိတ, မက္ခလိတို့တွင်"ဟု စွဲ၍ ယောဇနာလေ။ ။ ဋ္ဌ၊၁၅၀။ဋ္ဌသျှ၊ ၂၈၂။ဋ္ဌသျှသစ်၊ ၂၊ ၉၀။

ထောက်ဖွယ်။ ။ တတ္ထာတိ တေသု ယထာဝုတ္တေသု တီသု မိစ္ဆာဝါဒီသု။ (သီဋီသစ်၊ ၂၊ ၄၇။)

တတ္ထ-သဒ္ဒါ စွဲနည်း။ ။ တတ္ထ-စသော သဒ္ဒါတို့ စွဲရာအနက်ကို မသိသော် နောက်စကားရပ်ရှိ လိုရင်းအချက်အစိတ်အစိတ်ကို ကြည့်ရှု၍ ယင်းလိုရင်း အချက် အစိတ်အစိတ်ကို တစ်ပေါင်းတည်း ပေါင်းရုံး ရောနှော၍ စွဲရသည်။ ဤ၌ ပုရာဏော, အဇိတော, မက္ခလိ-ဟူသော လိုရင်းအချက် အစိတ်အစိတ်ကို ကြည့်၍ ယင်းအစိတ်အစိတ်ကို ပေါင်းရော၍ "တတ္ထ-တေသု တီသု ပုရာဏ အဇိတ မက္ခလီသု၊ ထိုသုံးယောက်ကုန်သော ပုရာဏ, အဇိတ, မက္ခလိတို့တွင်"ဟု စွဲ။ ဋီကာအဖွင့် အတိုင်း မဟုတ်သော်လည်း မှန်သည်ပင်။

ကျက်။ ။ တသ္မိ, တတ္ထ။ တဿ-အစွဲ၊ စိတ်မရဲသော်၊ နောက်အစိတ်ကို မြော်၊ အပေါင်းရော်၍စွဲ။ (အရှင်တိပိဋက (ဟိစပန) နိယံ။ ၅၃။)]

---

၉။ ။ အတ္ထော, အဓိပ္ပာယော-တို့၏ သမ္ဗန်ခံ၍ အနက်

["မနသိ ကရောဟီတိ ပဒဿ၊ မနသိ ကရောဟိ-ဟူသော ပုဒ်၏။ အတ္ထော၊ အနက်တည်း"ဟု အတ္ထော-၏သမ္ဗန်ခံ။ "အတ္ထော၊ မနသိကရောဟိ-ဟူသောပုဒ်၏ အနက်တည်း"ဟု အနက်ချည်းလည်း ခံနိုင်သည်။

"မနသိ ကရောဟီတိ ပဒဿ၏။အဓိပ္ပာယော၊ အဓိပ္ပာယ်တည်း။ ဘဂဝတော၊မြတ်စွာဘုရား၏။အဓိပ္ပာယ်ယော၊အလိုတော်တည်း"ဟု အဓိပ္ပာယော-၏ သမ္ဗန်ခံ။ အနက်ချည်းလည်း ခံနိုင်သည်။ ။ ဋ္ဌ၊၁၅၅။ဋ္ဌသျှ၊ ၂၉၃။ဋ္ဌသျှသစ်၊ ၂၊ ၁၀၅။

အတ္ထော,အဓိပ္ပာယ်ယော-တို့၏သမ္ဗန်ခံနည်း။ ။ သံဝဏ္ဏနာ၌ အတ္ထောပါမူ ယင်းအတ္ထော၏သမ္ဗန်ကို သံဝဏ္ဏေတဗ္ဗဖြစ်သော ဝါစကသဒ္ဒါကို ခံရသည်။ သံဝဏ္ဏနာ၌ အဓိပ္ပာယော-ပါမူ ယင်းအဓိပ္ပါယော-၏ သမ္ဗန်ကို သံဝဏ္ဏေတဗ္ဗပုဒ်နှင့် ဘုရား, ကျမ်းပြုဆရာ, အပရေဆရာ, ကေစိဆရာ-စသော ပုဂ္ဂိုလ်၊ ထိုနှစ်မျိုးတွင် သင့်လျော်ရာကို ခံရသည်။နှစ်မျိုးလုံး သင့်လျော်လျှင် နှစ်မျိုးလုံးကို ခံရသည်။ အကျယ်ကို ကျွန်ုပ်ရေးသားဆဲ, ထွက်လတ္တံ့ဖြစ်သော ဘုရားကြီးနိယံ အောက်ပါနိယံပုဒ်တို့၏အဖြေ၌ ရှုပါ။

ကျက်။ ။(၁) သံဝဏ္ဏနာ၊ အတ္ထော-ပါမူ၊ သဒ္ဒါသံဝဏ္ဏေတဗ္ဗ၊ ဝါစကသည်၊ မုချသမ္ဗန် ခံမြဲတည်း။

http://www.dhammadownload.com



(၂) သံဝဏ္ဏေတဗ္ဗ၊ ပဒငင်း၊ တစ်ကြောင်းပုဂ္ဂိုလ်၊ ထိုနှစ်ပါးတွင်၊ လျော်ရာလျှင်၊ မြပင်အဓိပ္ပာယော သမ္ဗန်တည်း။ (ဘုရားကြီးနိယံ။ ၆၄-၅။)]

---

၁၀။ ။[သျှသစ်အတိုင်းယောခနော။ ဋ၊၂၀၉။ဋ္ဌသျှ၊ ၂၊ ၂၄၂။ဋ္ဌသျှသစ်၊ ၂၊ ၂၉၅]

---

၁၉၇၇ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း

သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) စဝံ ဒေသနံ ထောမေတွာ ဣမာယ ဒေသနာယ ရတနတ္တယေ ပသန္နစိတ္တော ပသန္နာကာရံ ကာရေန္တော သောဟတ္ထိ အာဒိမာဟ။

(ခ)ဘဂဝန္တံ သရဏံ ဂစ္ဆာမီတိ ဘဂဝါ မေ သရဏံ ပရာယနံ အဃဿ တာတာ, ဟိတဿ စ ဝိဓာတာတိ ဣမိနာ အဓိပ္ပာယေန ဘဂဝန္တံ ဂစ္ဆာမိ ဘဇာမိ သေဝါမိ ပယိရုပါသာမိ။

(ဂ) စဝံ ဝါ ဇာနာမိ ဗုဇ္ဈာမီတိ။

(ဃ) ယေသညှိ ဓာတူနံ ဂတိအတ္ထော၊ ဗုဒ္ဓိပိ တေသံ အတ္ထော။

(င)တသ္မာ ဂစ္ဆာမီတိ ဣမဿ ဇာနာမိ ဗုဇ္ဈမီတိ အယမ္ပိ အတ္ထော ဝုတ္တော။

၁။ ။ (ခ)အမှတ်ပြပါကျကို အနက်ပေးပါ။

၂။ ။ (င)အမှတ်ပြပါကျကို ဋ္ဌပနာ, ပုစ္ဆာ, အာဘော်တို့ဖြင့် တက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန်မလို။)

၃။ ။ (ဂ)(ဃ)အမှတ်ပြပါကျတို့၌ ဓာဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ ။ တာတာ-ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ထုတ်ပြပါ။

၅။ ။ (က)အမှတ်ပြပါကျပါ ပသန္နစိတ္တော-ကို ဟိတ်ပြင်ကာ ယင်းဟိတ်၏ဘာဝ သမ္ဗန်, တ္တသမ္ဗန်ထုတ်လျက် စာစပ်ပြီးလျှင် ဘာဝယောဂ၏ဝါစ္စကိုလည်းဖော်ပြပါ။

၆။ ။ ဓမ္မစက္ကန္တိ ဓမ္မေသု ဝါ စက္ကံ၊ ဓမ္မမယံ ဝါ စက္ကံ-၌ အဋ္ဌကထာ ဘောဂနှင့် သံဝဏ္ဏနာအမည်များကို ဖော်ပြပါ။

၇။ ။ ပယိရုပါသာမိ-ကို သန္ဓိရုပ် စိရင်၍ ပါဝင်သော နိရုတ္တိနည်း အမည်ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



၈။ ။ (၆) နံပါတ်ပါ အဋ္ဌကထာ၌ ဓမ္မ အရ, စက္ခု အရတို့ကို အသီးသီး ကောက်ပြပါ။

၉။ ။ ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မမသင်္ခတမပ္ပဋိကူလံ။
မဓုရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေဟိ–ဟူသော ဂါထာကို အနက်ယောဇနာ၍ ဆန်းစစ်ပြီးလျှင် ဂါထာအမည်,ဆန်းအမည်ကိုလည်း ဖော်ပြပါ။

၁၀။ ။ ပသန္နစိတ္တော–၌ သမာသတ္ထ–ကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ကို ထုတ်ပြပါ။

---

၁၉၇၇ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။ [ဋ္ဌ၊ ၂၀၄။ ဋ္ဌသျှ၊ ၂၊ ၂၂၅။ ဋ္ဌသျှသစ်၊ ၂၊ ၂၇၆။]

---

၂။ ။ (င)အမှတ်ပြဝါကျ ဋ္ဌပနာတိက(အာဘောဂ) ပုစ္ဆာတက်
အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဃ)အမှတ်ပြဝါကျဖြင့် အနိယမကို ဆိုတော်မူ၏(ဋ္ဌပနာ)။ နိယမကား အဘယ်ပါနည်း(ပုစ္ဆာ)။ အနိယမသည် နိယမနှင့် မကင်းကောင်းသည် မဟုတ်ပါလော(အာဘောဂ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (င)အမှတ်ပြဝါကျကို မိန့်။
[ ဝါကျပိုင်းရာ၌ သိဖွယ်။ ။ ဝါကျခွဲလျှင် (ဃ)အမှတ်ပြဝါကျ အနိယမဝါကျ၊(င)အမှတ်ပြဝါကျ နိယမဝါကျ၊ကာရဏဝါကျ ဖလဝါကျ ခွဲလိုလျှင် ဟိ–သည် ကာရဏတ္ထဖြစ်သော်လည်း တသ္မာ–ကို (ဃ)အမှတ်ပြဝါကျထဲ ထည့်ပိုင်းမှ ခွဲ၍ရသည်။အရှိအတိုင်း ခွဲ၍မရမရသောကြောင့် အရှိအတိုင်း တက်လျှင် ဖလဝါကျ အနေဖြင့် တက်၍မရ။ကာရဏဝါကျ ဖလဝါကျအနေဖြင့် ပိုင်းလျှင် တသ္မာ–ကို (ဃ)အမှတ်ပြဝါကျအနေဖြင့် ပိုင်းသောကြောင့် တသ္မာ–ကို (င)အမှတ်ပြဝါကျ၌ ဝါကျတက်သာ တက်၍ရသည်။အကျယ်ကို ဝါကျသံသယဝိသောဓနီ–၌ ရှုပါ ]

---

၃။ ။ စောဒကာဘောဂါဒိစတုက္က
(၁) နနု ဂမု–ဓာတု ဂတိအတ္ထော ဧဝ သိယာ [နောက်သမုစ္စယ၊ အဖြေပြ၊ ဧဝ–အာဘော်ဆင်–ဆိုသည့်အတိုင်း ဗုဒ္ဓိပိ–၌ ပိ–ကို ကြည့်၍ ဧဝ–နှင့် အာဘော်ဆင်သည်။ ] (စောဒကာဘောဂ)။
(၂) အထ ကသ္မာ ဧဝံ ဝါ ဓာနာမိ ဗုဇ္ဈာမီတိ ဝုတ္တော (စောဒနာ)။
(၃) နနု ယေသံ ဓာတူနံ ဂတိအတ္ထော (အတ္ထိ)၊ ဗုဒ္ဓိပိ တေသံ အတ္ထော (အတ္ထိ) (ပရိဟာရာဘောဂ)။

http://www.dhammadownload.com



(၄) တသ္မာ ဧဝံ ဝါ ဓာနာမိ ဗုဇ္ဈာမီတိ ဝုတ္တော (ပရိဟာရ)။

[(ဃ) (င)အမှတ်ပြနစ်ဝါကျ မေးလျှင် ပိုကောင်း။ ။ သျှသစ်၌ (ဃ)(င)အမှတ်ပြနစ်ဝါကျ၌ ထုတ်ထားသည်။ထုတ်ရိုးထုတ်စဉ် မေးရိုးမေးစဉ် အားဖြင့် (ဃ)(င)အမှတ်ပြနစ်ဝါကျ၌သာ ထုတ်ရိုးမေးရိုးရှိသောကြောင့် (ဃ)(င) အမှတ်ပြနစ်ဝါကျ၌အထုတ်ခိုင်းလျှင် ပိုကောင်းသည်(ဃ)(င) အမှတ်ပြနစ်ဝါကျ၌ ထုတ်လျှင် (၁)(၃)မှာ တူသည်။(၂)(၄)တို့ကို အောက်ပါအတိုင်း ထုတ်အပ်၏။

(၂) အထ ကသ္မာ ဇာနာမီတိ ဣမဿ ဓာနာမိ ဗုဇ္ဈာမီတိ အယမ္ပိ အတ္ထော ဝုတ္တော (စောဒနာ)။

(၃) တသ္မာ ဇာနာမီတိ ဣမဿ ဓာနာမိ ဗုဇ္ဈာမီတိ အယမ္ပိ အတ္ထော ဝုတ္တော (ပရိဟာရ)။]

---

၄။ ။ ဝိဂ္ဂဟ။ ။ တာယတိ အဝဿယံ ကရောတီတိ တာတာ။ (သီဋီ သစ်၊ ၂၊ ၁၇၀။)

ဝစနာဒိဆက္က

(၁) တာတာ–ဟူသော နိပ္ဖန္နသည် ဝစန။

(၂)တာယတိ အဝဿယံ ကရောတိ–ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

(၃) စောင့်ရှောက်ခြင်း မှီခိုအားထားရာကိုပြုခြင်း ကြိယာသကတ်သည် ဝစနဟေတု။

(၄) ဣတိ–သဒ္ဒါသည် ဝစနဟေတုဇောတက။

(၅) ဘုရားရှင် ဒြပ်သည် ဝစနီယ။

(၆) ပါလကော–စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

[အဝဿယံ ကရောတိ–ကား အဓိပ္ပာယ်ဖွင့်သာ။ ။ "တာ ပါလနေ" ဟု ဓာတ်ကျမ်းတို့၌ လာသည့်အတိုင်း ဤ၌ တာ–ဓာတ်ကား ပါလနတ္ထတည်း။ "အဝဿယံ ကရောတိ"ဟု ဋီကာဖွင့်သည်ကား အဓိပ္ပာယတ္ထသာတည်း။ ဤသို့ယူမှ အဃဿ တာတာ–၌ အဃဿ–ကို "အဃဿာတိ နိဿက္က သာမိဝစနံ ပါပတောတိ အတ္ထော"ဟု ဋီကာဆရာ ရှေးကဖွင့်ခဲ့သည်နှင့် လျော်သည်။ "မကောင်းမှုမှ စောင့်ရှောက်" ဟူသည် "မှီခိုအားထားရာကိုပြုခြင်းပင်တည်း"ဟု အဓိပ္ပာယတ္ထအားဖြင့် ဖွင့်သည်]

---

၅။ ။ ဘာဝသမ္ဗန်။ ။ ပသန္နစိတ္တော–ကို "ပသန္နစိတ္တတ္တာ"ဟု ဟိတ်ပြင်လျှင် ဘာဝသမ္ဗန်ကား ပသန္နစိတ္တဿ ဖြစ်ပါသည်။

တ္တ–သမ္ဗန်။ ။ တ္တ–သမ္ဗန်ကား ရှဉ်သော–ဖြစ်ပါသည်။

တ္တ–သမ္ဗန်စာစပ်။ ။ ရှဉ်သော–ကား "၏"ဟူ၍ အနက်ပေးသောကြောင့် ပသန္နစိတ္တတ္တာ–ဝယ် တ္တ–ပစ္စည်း၌ သမ္ဗန်, သတ္တိမတ္တ၊ တ္တ ပစ္စည်းကား သမ္ဗန္ဓိ,သတ္တိ။

ရှဉ်သော–ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ပသန္နစိတ္တတ္တာ–ဝယ် ပသန္နစိတ္တ–ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ ပသန္နစိတ္တ–ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

ဘာဝယောဂ၏ ဝါစ္စ။ ။ ဘာဝယောဂ၏ ဝါစ္စကား ကတ္တုတ္ထ (ကတ္တုုတ္ထ) ဖြစ်ပါသည်။

---

http://www.dhammadownload.com



၆။ ။ အာဘောဂနှင့်သံဝဏ္ဏနာ

ဓမ္မေသု စက္ခုံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဓမ္မစက္ခုံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ မဇ္ဈေလောပီ သတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်, ယင်းမဇ္ဈေလောပီ သတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏ အာစာရအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဓမ္မစက္ခုံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဓမ္မေသု ပဝတ္တံ စက္ခု ဓမ္မစက္ခု"ဟု မဇ္ဈေလောပီ သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ "ဓမ္မပဝတ္တစက္ခု"ဟု ဆိုလိုလျက် ပဝတ္တ-ဟူသော အလယ်ပုဒ်ကျေနေသည်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ဘာဝတ္ထသံဝဏ္ဏနာ။

(တစ်နည်း)ဓမ္မေသု စက္ခုံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဓမ္မစက္ခုံ-ဟူသော သံဝဏ္ဏေ တဗ္ဗပုဒ်၏ သတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်,ယင်းသတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏ အာစာရအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။(တစ်နည်း) ဓမ္မစက္ခုံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဓမ္မေသု စက္ခု ဓမ္မစက္ခု"ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

ဝါ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တစ်နည်းတစ်ဖုံအားဖြင့် ဝစနတ္ထပြုသည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ဓမ္မမယံ စက္ခုံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဓမ္မစက္ခုံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ မဇ္ဈေလောပီတတိယာတပ္ပုရိသ်ပုဒ်၏အဖြစ် ယင်းမဇ္ဈေလောပီတတိယာတပ္ပုရိသ်ပုဒ်၏ ဟိတ်အနက်ဟော၏အဖြစ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဓမ္မစက္ခုံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဓမ္မေန နိဗ္ဗတ္တံ စက္ခု ဓမ္မစက္ခု"ဟု မဇ္ဈေလောပီ တတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ "ဓမ္မနိဗ္ဗတ္တစက္ခု"ဟု ဆိုလိုလျက် နိဗ္ဗတ္တ-ဟူသော အလယ်ပုဒ် ကျေနေသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

(တစ်နည်း) ဓမ္မမယံ စက္ခုံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဓမ္မစက္ခုံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဝဓာရဏကမ္မဓာရယ်သမာသ်ပုဒ်၏အဖြစ်, ယင်းအဝဓာရဏကမ္မဓာရယ်သမာသ်ပုဒ်၏ တုလျအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဓမ္မစက္ခုံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို"ဓမ္မော ဧဝ စက္ခု ဓမ္မစက္ခု"ဟု အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

[ထောက်ဖွယ်။ ။ ဓမ္မေသု စက္ခုန္တိ စတုသစ္စဓမ္မေသု ပဝတ္တံ တေသံ ဒဿနဋ္ဌေန စက္ခုံ။ဓမ္မေသူတိ ဝါ ဟေဋ္ဌိမေသု တီသု မဂ္ဂဓမ္မေသု။စက္ခုန္တိ သောတာပတ္တိ မဂ္ဂသင်္ခါတံ ဧကံ စက္ခုံ။သမုဒါယေကဒေသဝသေန အာစာရတ္တသမာသောယံ၊ န တု နိဒ္ဓါရဏတ္ထသမာသော။

ဓမ္မမယန္တိ သမထဝိပဿနာဓမ္မေန နိဗ္ဗတ္တံ၊ ဣမိနာ ဓမ္မေန နိဗ္ဗတ္တံစက္ခု "ဓမ္မစက္ခု"န္တိ အတ္ထမာဟ။အပိစ ဓမ္မမယန္တိ သီလာဒိဝိဝိဓဓမ္မက္ခန္ဓော ယော မယ-သဒ္ဒဿ သကတ္ထေ ပဝတ္တနတော၊အနေန "ဓမ္မောယေဝ စက္ခု ဓမ္မက္ခု"န္တိ အတ္ထမာဟ။ (သီဋီသစ်၊ ၂၊ ၁၉၅။)

http://www.dhammadownload.com



ဋီကာသစ် ဖွင့်ရာ၌ သိဖွယ်။ ။ "ဓမ္မေသု စက္ခုံ"ဟု အဋ္ဌကထာ ဖွင့်ရာ၌ ဓမ္မ၏အရ အောက်မဂ်တရားသုံးပါးကို ယူ၍ ဋီကာသစ်ဆရာတစ်နည်း- ဆိုသည်။ စက္ခု-၏အရမှာ သောတာပတ္တိမဂ်ဖြစ်သောကြောင့် ရက္ခေ သာခါကဲ့သို့ အပေါင်း, အစိတ် အာဓာရ, အာဓာရိအားဖြင့် ဆိုခြင်းဖြစ်သည်။

"ဓမ္မမယံ စက္ခုံ"ဟု အဋ္ဌကထာဖွင့်ရာ၌ ဓမ္မ-၏အရ သမထဝိပဿနာ တရားကိုယူ၍ မယ-ပစ္စည်းကို နိဗ္ဗတ္တတ္ထကြံပြီး "မဗ္ဗေလောပိတတိယာတပ္ပုရိသ် သမာသ်ကို ပြသည်"ဟု ဋီကာသစ်ဆရာ ဆိုသည်။ဓမ္မ-၏အရ သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ(သီလ, သမာဓိ, ပညာ)ကိုယူ၍ မယ-ပစ္စည်းကို သွတ္ထကြံပြီး "အဝဓာရဏ ကမ္မဓာရယ်သမာသ်ကို ပြသည်"ဟု တစ်နည်း ဆိုသည်။ "သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓသာလျှင်ဖြစ်သော သောတာပတ္တိမဂ်"ဟု ဆိုလိုပေသည်။

ဋီကာသစ်၌ ဓမ္မေန နိဗ္ဗတ္တံ စက္ခု ဓမ္မစက္ခု-စသည်ဖြင့် စက္ခု-၌ နိဂ္ဂဟိတ် မပါဘဲ ဝိဂြိုဟ်ဆိုသည်။ နိဂ္ဂဟိတ်လာထားသော ပဋ္ဌမန္တပါဠ် အရှိအတိုင်း ဓမ္မေသု စက္ခုံ ဓမ္မစက္ခုံ စသည်ဖြင့်လည်း ဝိဂြိုဟ်ဆိုနိုင်သည်သာ။

ဋီကာနည်း။ ။ သီလက္ခန်ဋီကာ (ဟောင်း)၌ကား "ဓမ္မေသု စက္ခုန္တိ စတုသစ္စဓမ္မေသု တေသံ ဒဿနဋ္ဌေန စက္ခု"။(သီဋီ၊ ၂၈၅။)ဟု တစ်နည်းသာ ဖွင့်သည်။ဤဋီကာနည်းသည် ဋီကာသစ်ရှေ့နည်းနှင့်အရကောက် တူသည်။ ဝိဂြိုဟ် မတူ။ ဋီကာသစ်နောက်နည်းနှင့် ဝိဂြိုဟ်တူသည်။အရကောက် မတူ။

တစ်နည်းသာ ဖြေခဲ့။ ။ ၁၃၂၀-ခုနှစ်ကလည်း ဓမ္မေသု စက္ခုံ-၌ အာဘောဂနှင့် သံဝဏ္ဏနာကို မေးခဲ့ပြီ၊ ထိုအဖြေ၌ တစ်နည်းသာ အာဘော်ဖေါ်ခဲ့သည်။

ရှေ့ဝါကျ၌ ဝါ-မပါသည်က ကောင်း။ ။ အဋ္ဌကထာ၌ "ဓမ္မေသု ဝါ စက္ခုံ"ဟု ရှေ့ဝါကျ၌လည်း ဝါ-ပါလျက်ရှိသည်။သျှသစ်ကလည်း အရှိအတိုင်း အနက်ပေးသည်။သျှက ရှေ့ဝါကျ၌ ဝါ-ကိုမပေး။ရှေးက ရှေ့ဝါကျ၌ ဝါရှိဟန်မတူ၊ ဋီကာ ဆရာများလည်း "ဓမ္မေသု စက္ခုန္တိ စတုသစ္စဓမ္မေသု"ဟုသာ ဖွင့်သည်။ ကျမ်းဆရာတို့ နှစ်နည်းပြုရာဝယ် ရှေ့နည်းရှေ့ဝါကျ၌ ဝါ-ကို ထားရိုးလည်း မရှိကြ။ယင်းဝါ-ကို စက္ခုံ-နောင်ထိုင်၍ပေးရန်လည်း ပါဠိတော်၌ "ဓမ္မစက္ခုံ ဝါ ဥပ္ပဇ္ဇိဿတိ"ဟုစက္ခုံ-နောင် ဝါ-မရှိ၍ မလျော်၊ ထိုအကြောင်းများကြောင့် ရှေ့ဝါကျ၌ ဝါ-မပါ,မရှိသည်က ကောင်းသည်။]

---

၇။ ။ သန္ဓိရုပ်စီရင်ပုံ

ပယိရုပါသာမိ-ကို ပရိ+ဥပ+အာသာမိ"ဟု ပုဒ်ဖြတ်၊ ယဝမဒန တရလာ စာဂမာ-သုတ်ဖြင့် ဥသရကြောင့် ယ-လာ၊ ("ပရိယုပါသာမိ"ဟု ဆိုလိုလျက်) ဒေါဿေစ သုတ်၌ စ-သဒ္ဒါဖြင့် ရ-နှင့် ယ-ကို ရှေ့နောက်ပြန်၊ "ပယိရုပါသာမိ"ဟု ပြီး၏။

ပါဝင်သော နိရုတ္တိနည်း။ ။ ပါဝင်သော နိရုတ္တိနည်းကား ဝဏ္ဏဝိပရိယာယ နိရုတ္တိနည်း ဖြစ်ပါသည်။

[ထောက်ဖွယ်။ ။ "ဒေါဿေစာ"တိ သုတ္တေ စ-သဒ္ဒေန ပရိယာဒီနံ ရတာနာဒိဝဏ္ဏာသု ဝိပရိယယော ယဝါဒီဟိ၊ ယထာ-ပရိယုဒါဟာသိ ပယိရုဒါဟာသိ။ (ရူ၊ ၅၉။)

http://www.dhammadownload.com



ပရိယာဒိန့် ရယာဒိဝဏ္ဏသ ယရာဒီဟိ ဝိပရိယာယော၊ ပရိယုဒါဟာသိ၊ ပယိရုဒါဟာသိ၊ အရိယသ၊ အယိရသ။(နီတိ၊သုတ္တ၊၁၅၄။)

ပယိရုပါသတောတိ စ ဝဏ္ဏဝိပရိယာယနိဒ္ဒေသော သေ ယထာ "ပယိရုဒါဟာသီ"တိ။အယဉ္စိ ဗဟုလံ ဒိဋ္ဌပယောဂေါ၊ယဒိဒံ ပရိသဒ္ဒေ ယ-ကာရပရေ ဝဏ္ဏဝိပရိယာယော။တထာဟိ အက္ခရစိန္တကာ ဝဒန္တိ "ပရိယာဒိန့် ရယာဒိဝဏ္ဏသ သရာဒီဟိ ဝိပရိယာယောတိ။(သီဋီသစ်၊ ၂၊၁၄။)]

---

၈။ ။ ဓမ္မစကျွ-၌ ဓမ္မ-အရ, စက္ကု-အရ

ဓမ္မ-၏အရ သစ္စာ ၄-ပါး,(တစ်နည်း)အောက်မဂ် ၃-ပါး,(တစ်နည်း) သမထဝိပဿနာတရား,(တစ်နည်း) သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ ၃-ပါး ရပါသည်။

စက္ကု-၏အရ သောတာပတ္တိမဂ် ရပါသည်။ [ဓမ္မစကျွ၏အရ ၁၃၂၃-ခုနှစ်ကလည်း မေးခဲ့ပြီ။]

[ဝိဂ္ဂြဟ်နှင့် တွဲ၍လည်းကောက်။ ။ ဓမ္မ-၏အရ ၄ိကာသစ်ကို ထောက်၍ "ဓမ္မေသု ပဝတ္တံ စက္ခု ဓမ္မစက္ခု"ဟု ဝိဂ္ဂြဟ်ဆိုလျှင် သစ္စာ ၄-ပါးရသည်။ "ဓမ္မေသု စက္ခု ဓမ္မစက္ခု"ဟု ဝိဂ္ဂြဟ်ဆိုလျှင် အောက်မဂ်၃-ပါး ရသည်။ "ဓမ္မမယံ စက္ခု ဓမ္မစက္ခု"ဟု ဝိဂ္ဂြဟ်ဆိုလျှင် သမထဝိပဿနာ တရားရသည်။"ဓမ္မောယေဝ စက္ခု ဓမ္မစက္ခု"ဟု ဝိဂ္ဂြဟ်ဆိုလျှင် သီလက္ခန္ဓ,သမာဓိက္ခန္ဓ,ပညာက္ခန္ဓ ၃-ပါး ရသည်။ဤသို့ ဝိဂ္ဂြဟ်နှင့်တွဲ၍လည်း အရကောက်ကို သိပါ။ဝိဂ္ဂြဟ်လိုက်၍ အရထူးပုံကို လည်း သိပါ။]

---

၉။ ။ အနက် ဆန်းစစ်နှင့် ဂါထာအမည် ဆန်းအမည်

[ဂါထာအနက် ယောဇနာလေ။ ။ ဋ္ဌ၊ ၂၀၅။ ဋ္ဌသျ၊ ၂၊၂၂၈။ဋ္ဌသျသစ်၊၂၊ ၂၇၇]

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရာဂဝိ<br>၂၁၁<br>ဘ | ရာဂမ<br>၂၁၁<br>ဘ | နေဓမ<br>၂၁၁<br>ဘ | သော<br>၂<br>ဂရု | ကံ<br>၂<br>ဂရု | ဓမ္မမ<br>၂၁၁<br>ဘ | သခံတ<br>၂၁၁<br>ဘ | မပ္ပဋိ<br>၂၁၁<br>ဘ | ကူ<br>၂<br>ဂရု | လံ<br>၂<br>ဂရု |
| မဓုရမိ<br>၂၁၁<br>ဘ | မံပဂု<br>၂၁၁<br>ဘ | ဏံသုဝိ<br>၂၁၁<br>ဘ | ဘ<br>၂<br>ဂရု | တ္တံ<br>၂<br>ဂရု | ဓမ္မမိ<br>၂၁၁<br>ဘ | မံသရ<br>၂၁၁<br>ဘ | ဏာတ္ထမု<br>၂၁၁<br>ဘ | ယေ<br>၂<br>ဂရု | ဟိ<br>၂<br>ဂရု |

(၁) လေးပါဒတို့၌ ဘ-ဂိုဏ်း ၃-ခုရှိခြင်း၊(၂)ဂရု ၂-ခုရှိခြင်း၊(ဟိ-ကား ပါဒန္တဂရုတည်း။) ဤလက္ခဏာ၂ပါးနှင့်ပြည့်စုံသောကြောင့် ဒေါဒကဂါထာ ဖြစ်ပါသည်။

၄-ပါဒတို့၌ အက္ခရာ ၁၁လုံးစီရှိသောကြောင့်တုဋ္ဌုဘဆန်းဖြစ်ပါသည်။

http://www.dhammadownload.com



[ထောက်ဖွယ်။ ။ ယသ္မာစေသာ ဘ–ကာရတ္တာ ယေနစ ပဋိမဏ္ဍိတာ ဒေါဒကဂါထာ၊ တသ္မာ တတိယပါဒေ မဝုရသဒ္ဒေ မ–ကာရော အဓိကောပိ အရိယ စရိယာဒိပဒေဟိ ဝိယ အနေကက္ခရပဒေန ယုတ္တတ္တာ အနုပဝဇ္ဇောတိ ဒဋ္ဌဗ္ဗံ။ (သီဋီ သစ်၊ ၂၊ ၁၇၄။)

အက္ခရာ(၁)လုံး ပိုသော်လည်း တုဋ္ဌုဘာဆန်းသာ။ ။ တတိယပါဒ၌ မ–ဟူသော, ဝု–ဟူသော လဟုနှစ်လုံးကို ဂရုတစ်လုံးထား၍ ယူရသည်၊ ထို့ကြောင့် ၁၁–လုံးဖွဲ့ တုဋ္ဌုဘာဆန်းသာ။

ကွစာရိယာဒိ သံယောဂေ၊ အဓိကော ဒွေ လဟု ဂေါစ။

ဝိသမက္ခရပါဒံ တံ၊ ဂါထာတိပိ ဝဒန္တိ တံ။ (ဆန္ဒောပစ္စယ)]

---

၁၀။ ။ ဘာဝါလင်္ကာရ

(၁) ရတနာသုံးပါးအပေါင်း၌ ကြည်ညိုသော အဓာတသတ်မင်း၏ သန္တာန်၌ဖြစ်သော သဒ္ဓါပီတိပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ။

(၂) ရတနာသုံးပါးအပေါင်းသည် အာရမ္မဏဝိဘာဝ။

(၃) ရတနာသုံးပါး အပေါင်း၏ ဂုဏ်တော်တို့သည်လည်းကောင်း, ယောနိသောမနသိကာရသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ကြည်ညိုသော အမူအရာကို ပြခြင်းသည် အနုဘာဝ။

[ကံပုဒ်၏အရ အာရမ္မဏဝိဘာဝ ထုတ်ရသည်မှာ ယေဘုယျသာ။

ဤ၌ အာဓာရပုဒ်၏အရကို အာရမ္မဏဝိဘာဝ ထုတ်ရသောကြောင့် "(ဝစီဘေဒပရမတ္ထသဒ္ဒါမှတစ်ပါးသော) ကံပုဒ်၏အရကို အာရမ္မဏ ဝိဘာဝထုတ်ရသည်"ဟု ဆိုသောစကားမှာ "ယေဘုယျ"ဟုသာ မှတ်။ "ဌာယီဘာဝ၏ အာရမ္မဏ ပစ္စည်းတရား (အာရုံ)ကို အာရမ္မဏဝိဘာဝ ထုတ်ရသည်"ဟု သည်နှင့်တော့ ကိုက်သည်။]

---

၁၉၇၈ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း

သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ တတြ ဘိက္ခဝေ ယေ တေ သမဏဗြာဟ္မဏာ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ၊ တဒပိ ဖဿပစ္စယာ–၌ တတြ–နှင့် တ–သဒ္ဒါတို့၏ အဘိဓေယျတ္ထထင်ရှားအောင် အနက်ယောဇနာခဲ့ပါ။

၂။ ။ အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ ဟောတိ အာရာစာရီဝိရတော မေထုနာ ဂါမဓမ္မာ–၌ ဝိရတော–ကို သဒ္ဒတ္ထ, ဂါမဓမ္မာ–ကို အဓိပ္ပာယတ္ထ ထင်ရှားအောင် ယောဇနာခဲ့ပါ။

http://www.dhammadownload.com



၃။ ။ အထ ခေါ အမ္ဗဋ္ဌ ရာဇာ ဩက္ကာကော အမစ္စေ ပါရိသဇ္ဇေ အာမန္တေသိ "ကဟံ နု ခေါ ဘော ဧတရဟိ ကုမာရာ သမ္မန္တီ"တိ-၌ အာကာရဝါကျကို သဒ္ဒါအနက် အတွင်းသွင်း၍ ယောဇနာခဲ့ပါ။

၄။ ။ ပေါက္ခရသာတိဿ တဿိံ့ယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မ" န္တိ-၌ အခြင်းအရာ ပေါ်လွင်ထင်ရှားအောင် ယောဇနာခဲ့ပါ။

၅။ ။ အတ္ထာနံ့ သူစနတော၊ သုဝုတ္တတော သဝတောထသူဒနတော။ သုတ္တာဏာ သုတ္တသဘာ, ဂတော စ သုတ္တန္တိ အက္ခာတံ-၌ အက္ခာတံ-၏ ကတ္တားပါဠ် ကို ဆောင်၍ အနက်ယောဇနာခဲ့ပါ။

၆။ ။ တသ္မာ တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ တထာဂတောတိ ဝုစ္စတိ။ အဘိသမ္ဗုဒ္ဓတ္တော ဟေတ္တ ဂတသဒ္ဒေါ-ကို ဝါကျ အပြန်အလှန် အနက် ယောဇနာခဲ့ပါ။

၇။။ သော မမဿ ဝိဃာတောတိ ယံ တံ ပုနပ္ပုနံ ဝတွာပိ အသမ္ပါယနံ နာမ၊သော မမ ဝိဃာတော အဿ၊ဩဠ တာလု ဓိဝှါ ဂလသောသနဒုက္ခမေဝ အဿာတိ အတ္ထော-၌ အတ္ထော-၏ သမ္ဗန္ဓံစံ၍ အနက်ယောဇနာခဲ့ပါ။

၈။ ။ မုဒ္ဒါဘိသိတ္တောတိ ယထာဝိဓာနဝိဟိတေန ခတ္တိယာ ဘိသေကေန မုဒ္ဓနိ အဝသိတ္တော၏ ပစ္စယတ္ထ ထင်ရှားစေရန် ကတ္တားပုဒ် ကံပုဒ်များကို ဆောင်၍ ယောဇနာခဲ့ပါ။

၉။ ။ သောပိ အတ္တနော ကုလဝံသံ ဇာနာတီ။ တသ္မာ မမညေ၀ မညေတိ တက္ကယိတ္တ-၌ ဟိတ်ပါဠ်အနက်ကို ထင်ရှားအောင်စွဲ၍ တက္ကယိတ္တ-၏ ကတ္တားကိုလည်း ဆောင်လျက် အနက်ယောဇနာခဲ့ပါ။

၁၀။ ။ယဉ္စ သော ပုဗ္ဗေ အာစရိယေန သဒ္ဓိံ ရထံ အာရုဟိတွာ သာရထိ ဟုတွာ အဂမာသိ၊တမ္ပိဿ ဌာနံ အစ္ဆိန္ဒိတွာ ရထဿ ပုရတော ပဒသာယေဝဿ ဂမနံ အကာသိ-၌ သမ္ဗန္ဓာမ်,ပုဒ်အနက်များကို အစွဲမလွဲအောင် ယောဇနာခဲ့ပါ။

---

၁၉၇၈ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။[သျှ၊ သျှသစ်အတိုင်း ယောဇနာ။ ။ ပါ၊၃၈။ပါသျှ၊ ၉၇။ ပါသျှ သစ်၊ ၁၅၂။]

---

http://www.dhammadownload.com



၂။ ။ဝိရတော–၌ သဒ္ဒတ္တ, ဂါမဓမ္မာ–၌ အဓိပ္ပာယတ္တ ထင်စေလျက် အနက် [“ဝိရတော ကြဉ်တော်မူသည်”ဟု သဒ္ဒတ္တယောဇနာ။ “ဂါမဓမ္မာ၊ ရွာ၌ နေကုန်သော လူတို့၏ အကျင့်ဖြစ်သော”ဟု အဓိပ္ပာယတ္တ ယောဇနာ။ ဂါမဓမ္မန္တိ ဂါမာနံ ဓမ္မံ၊ ဂါမဝါသိကမနုဿာနံ ဓမ္မန္တိ ဝုတ္တံ ဟောတိ။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၁၈၆။)ကို ထောက်။ ၁၃၃၇ (၇၆) ခုနှစ်ကလည်း မေးခဲ့ပြီ။ ကြွင်း ယင်း၏ အဖြေအတိုင်း ယောဇနာ။ ။ ပါ။ ၆၀ (၄–၌လည်း ရှိသည်။) ပါ၊ သျ၊ ၂၀၊ ၁၅၁။ ပါသျှသစ်၊ ၃၈၊ ၂၃၉။]

---

၃။ ။ သဒ္ဒါ, အနက် အာကာရသွင်း၍ အနက်
အထခေါ၊ ထိုအခါ၌။ အမ္ဗဋ္ဌ၊ အမ္ဗဋ္ဌ။ ဩက္ကာဝကော၊ ဩက္ကာကအမည် ရှိသော။ ရာဇာ၊ မင်းသည်။ ပါရိသဇ္ဇေ၊ အမှုကြီးငယ်ကို စီရင်နိုင်ကုန်သော။ ဝါ၊ အလုပ်အကျွေး ဖြစ်ကုန်သော။ အမစ္စေ၊ အမတ်တို့ကို။ ဘော၊ အို အမတ်တို့။ တေရဟိ၊ ယခု။ ကုမာရာ၊ မင်းသားတို့သည်။ ကထံ၊ အဘယ်အရပ်၌။ သမ္မန္တိ နခေါ၊ နေကုန်သနည်း။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ ဆိုလေ၏။ ဝါ၊ သိစေ၏။ (သျှအနက်)[ဤအတူ အာကာရ အတွင်းသွင်း၍ သျှသစ်အနက်လည်း ပေးနိုင်သည်၊ အနက်ပေးသည့်အခါ သဒ္ဒါပါပါ၍“သဒ္ဒါ အနက်”ဟု နှစ်မျိုးလုံးသုံးသည်မှာ သဘာဝကျသည် ။ပါ၊၈၇။ပါသျှ၊၂၁၀။ပါသျှသစ်၊ ၃၁၈။]

---

၄။ ။[သျှအတိုင်း ယောဇနာ။ ။ပါ၊၁၀၂။ ပါသျှ၊၂၅၆။ ပါသျှသစ်၊ ၃၇၀။]

---

၅။ ။ အက္ခာတံ–၏ ကတ္တား ထည့်၍ အနက်
[ဝိနယတ္ထဝိဒူဟိ အယံ ဝိနယော ဝိနယောတိ အက္ခာတော။ (ပါရာဇိက ကဏ္ဍ ဋ္ဌ၊ ၁၊ ၁၅။ သီလက္ခန္ဓဝဂ္ဂ၊ ဋ္ဌ၊ ၁၇။) ဝိနယတ္ထဝိဒူဟိ ပဏ္ဍိတေဟိ အက္ခာတော ကထိတော။ (ပါရာဇိကဏ်ယောဇနာ၊ ၂၃။) ဤဝိနယ–သဒ္ဒါ၏ အနက်ကိုပြသော ဂါထာ၌ တိုက်ရိုက်ပါသော အက္ခာတော–၏ ကတ္တားကို ကြည့်၍ “သုတ္တတ္တဝိဒူဟိ၊ သုတ္တသဒ္ဒါ၏ အနက်ကို သိကုန်သော။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်”ဟု အက္ခာတံ ၏ ကတ္တားထည့်ပါ။ ပါရာဇိကဏ်အဋ္ဌကထာနိဿယသစ် (၁၊ ၁၅၂)လည်း ရှု။ ဋ္ဌ၊ ၁၈။ ဋ္ဌသျှ၊ ၁၊ ၆၆။ ဋ္ဌသျှသစ်၊ ၁၊ ၁၁၈။]

---

၆။ ။ ဝါကျ အပြန်အလှန်အနက်
[တထာနံ၊ မဖောက်မပြန် ဟုတ်မှန်ကုန်သော။ ဓမ္မာနံ၊ လေးပါးသော သစ္စာတရားတို့ကို။(ဘဂဝတော၊ မြတ်စွာဘုရား၏)။ တသ္မာ အဘိသမ္ဗုဒ္ဓတ္တာ၊ ထိုသို့ထိုးထွင်း၍ သိတော်မူပြီးသည်၏ အဖြစ်ကြောင့်။ (ဘဂဝါ၊ မြတ်စွာဘုရားကို) တထာဂတောတိ၊ “တထာဂတ”ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏ (ကသ္မာ၊ အဘယ်ကြောင့်။ ဘဂဝါ၊ ကို။ တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာတိ၊ “တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ” ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါသနည်း။) ဟိ–ယသ္မာ၊ အကြင်ကြောင့်။ စတ္တာတေသိုပဒေ၊

http://www.dhammadownload.com



ဤတထာဂတော–ဟူသောပုဒ်၌။ (နိဝိဋ္ဌော၊ တည်သော။)ဂတ–သဒ္ဒါ၊ဂတ သဒ္ဒါ သည်။ အဘိသမ္ဗုဒ္ဓတ္ထော၊အဘိသမ္ဗုဒ္ဓအနက်ရှိ၏။(တသ္မာ၊ထိုသို့ ဂတ–သဒ္ဒါ၏ အဘိသမ္ဗုဒ္ဓအနက်ရှိသည်၏အဖြစ်ကြောင့်။ဘဂဝါ၊ကို။တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာတိ၊ "တထာနံဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ"ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်ပါ သတည်း။)

မှတ်ချက်။ ။ ဤယောဇနာခြင်းမှာ ကာရကဝါကျကြီးသော သျှသစ်အလိုသို့ လိုက်၍ ကာရကဝါကျယူ၍ ယောဇနာခြင်းဖြစ်သည်။ (သျှသစ်၌ ကျယ်စွာ ယောဇနာ၏။ သျှသစ်အတိုင်းလည်း ယောဇနာနိုင်သည်။]

(တစ်နည်း) တထာနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့ကို။ (ဘဂဝတော၊ ၏) တသ္မာ–အဘိသမ္ဗုဒ္ဓတ္တာ၊ ကြောင့်။ (ဘဂဝါ၊ ကို။)တထာဂတောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။(တံ ဝစနံ၊ "တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ"ဟူ၍ ဆိုအပ်ပြီးသော ငါ့စကားသည်။ ဣမိနာ ဝစနေန၊ ဤဆိုအပ်လတ္တံ့သော ဒဠှီကရဏ ယုတ္တိဝစနဖြင့်။ ဟိသစ္စံ၊ မှန်၏။ (တစ်နည်း) ဟိ–ယုတ္တံ၊ သင့်မြတ်၏။ ကသ္မာ၊ အဘယ်ကြောင့်။ တံ ဝစနံ၊"တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ"ဟူ၍ ဆိုအပ်ပြီးသော ငါ့စကားသည်။ ဣမိနာဝစနေန၊ ဤဆိုအပ် လတ္တံ့သော ဒဠှီကရဏ ယုတ္တိဝစနဖြင့်။ ဟိ–သစ္စံ၊ မှန်သနည်း။ (တစ်နည်း) ဟိ–ယုတ္တံ၊ သင့်မြတ်သနည်း။)ဟိ–ယသ္မာ၊ အကြင်ကြောင့်။ ဧတ္ထ–ဧတသ္မိံ ပဒေ၊ ၌။ (နိဝိဋ္ဌော၊ သော။)ဂတသဒ္ဒေါ၊သည်။ အဘိသမ္ဗုတ္ထော၊ ၏(တသ္မာ၊ ကြောင့်။ တံ ဝစနံ၊သည်။ ဣမိနာ ဝစနေန၊ ဤဆိုအပ်လတ္တံ့သော ဒဠှီကရဏ ယုတ္တိဝစနဖြင့်။ ဟိ–သစ္စံ၊ မှန်သတည်း။ (တစ်နည်း)ဟိ–ယုတ္တံ။ သင့်မြတ်သတည်း)။ (ဋ္ဌ၊ ၆၄။ ဋ္ဌသျှ၊ ၁ ၊ ၂၁၇။ ဋ္ဌသျှသစ်၊ ၁ ၊ ၃၆၀)

မှတ်ချက်။ ။ဤယောဇနာခြင်းမှာ ယုတ္တိဒဠှီကရဏဝါကျ ကြီးသောသျှအလိုသို့ လိုက်၍ ယုတ္တိဒဠှီကရဏ ဝါကျယူ၍ ယောဇနာခြင်းဖြစ်သည်။

---

၇။ ။ အတ္ထော–၏ သမ္ဗန် ခံ၍ အနက်

["သော မမဿ ဝိဃာတောတိ ပဒဿ၊ သော မမဿ ဝိဃာတော–ဟူသော ပုဒ်၏။ အတ္ထော၊ အနက်တည်း"ဟု အတ္ထော–၏ သမ္ဗန်ခံ၍ ယောဇနာ။ ဋ္ဌ၊ ၁၀၈။ ဋ္ဌသျှ၊ ၁၊ ၃၅၈။ ဋ္ဌသျှသစ်၊ ၁၊ ၅၁၃။]

---

၈။ ။ ကတ္တားပုဒ်, ကံပုဒ်များကို ဆောင်၍ အနက်

[အဘိသိတ္တော–၏ ကတ္တားပုဒ်ကို "ခတ္တိယ ကညာ, ပုရောဟိတ, သေဋ္ဌိဟိ၊ မင်းသမီး, ပုရောဟိတ်ပုဏ္ဏား, သူဌေးတို့သည်"ဟု, ကံပုဒ်ကို "ရာဇာ၊ ကို"ဟု ဆောင်၍ ယောဇနာ။ ။ ဋ္ဌ၊ ၁၆၄။ ဋ္ဌသျှ၊ ၂၊ ၁၂၀။ ဋ္ဌသျှသစ်၊ ၂၊ ၁၄၂။ ။ သိဋီသစ်၊ ၂၊ ၇၉–လည်း ရှု။

အသုံးမပြည့်စုံ။ ။ "မုဒ္ဓါဘိသိတ္တောတိ ။ ပ။ အဝသိတ္တော–ကို အဝသိတ္တော ၏ ပစ္စယတ္ထ ထင်ရှားစေရန် ကတ္တားပုဒ်, ကံပုဒ်များဆောင်၍ ယောဇနာခဲ့ ပါ"ဟု မေးမှ ပြည့်စုံသည်။ ဤနှစ်မေးခွန်းများ၌လည်း (၌) အသုံး (ကို) အသုံး မမှန်ပုံရှေးမှီ သိလောက်ပြီ။]

http://www.dhammadownload.com



၉။ ။ ကတ္တားဆောင်၍ အနက်

သောပိ–အမ္ဗဋ္ဌော၊ထိုအမ္ဗဋ္ဌသည်လည်း။အတ္တနော၊မိမိ၏။ကုလဝံသ၊ အမျိုးအနွယ်ကို။ဇာနာတိ၊သိ၏။ တသ္မာ၊ ထိုသို့မိမိ၏အမျိုးအနွယ်ကို သိသည်၏ အဖြစ်ကြောင့်။မမဿေဝ မဿေတိ၊ "မမဿေဝ မဿေ" ဟူ၍။ (အမ္ဗဋ္ဌော၊ အမ္ဗဋ္ဌသည်) တက္ကယိတ္ထ၊ကြံအောက်မေ့ပြီ။ [ဋ္ဌ၊ ၂၂၉။ဋ္ဌသျ၊ ၂၊၃၀၁။ဋ္ဌသျသစ်၊ ၂၊၃၇၅။]

---

၁၀။ ။ [ယဋ္ဌ အဂမာသိ၊ တမ္ပိအဿ တထာဂမနသဓါတံ ဌာနံ အစ္ဆိန္နိတွာတိ ယောဇနာ (သီဋီသစ်၊ ၂၊ ၂၇၈။)ကိုထောက်၍ သျှသစ်အတိုင်း ယောဇနာ။ ဋ္ဌ၊ ၂၄၇။ဋ္ဌ၊သျ၊ ၂၊၃၄၆။ ဋ္ဌသျသစ်၊ ၂၊၄၂၁။]

---

၁၉၇၈ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း

သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) ကံ နု ခွမှာတိ ကံ နု ခေါ အဇ္ဇ။

(ခ) သမဏံ ဝါ ဗြာဟ္မဏံ ဝါတိ သမိတပါပတာယ သမဏံ။ ဗာဟိတပါပတာယ ဗြာဟ္မဏံ။

(ဂ) ယံ နော ပယိရုပါသတောတိ ဝစနဗျတ္တယော ဧသ။

(ဃ) ယံ အမှာကံ ပဥ္စုပ္ပန္နဝသေန ပယိရုပါသန္တာနံ မဝုရံ ဓမ္မံသုတွာ စိတ္တံ ပသီဒေယျာတိ အတ္ထော။

၁။ ။ အထက်ဖော်ပြပါပါဌ်တို့ကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။

၂။ ။ (ခ)အမှတ်ပြပါဌ်၌ သံဝဏ္ဏနာကို ရှု၍ သာဘောဂဇောဒနာ တက်ခဲ့ပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃။ ။ (ဂ)(ဃ)အမှတ်ပြပါဌ်တို့၌ ဇောဒကာဂါဒိဓတုက္က အပြည့်အစုံ ထုတ်ပြခဲ့ပါ။

၄။ ။ ဗာဟိတပါပ–ကို ဝိဂ္ဂြဟ်ဆို၍ ဝစနာဒိဆက္က ထုတ်ပြခဲ့ပါ။

၅။ ။ သမိတပါပတာယ–၌ ဘာဝသမ္ဗန်, တာသမ္ဗန် ထုတ်ပြလျက် စာစပ်ပြီးလျှင် ဘာဝသမ္ဗန်၏ ဝါစ္စကိုလည်း ဖော်ပြခဲ့ပါ။

၆။ ။ (က)(ခ)အမှတ်ပြပါဌ်တို့၌ ကျမ်းဆရာ၏ အာဘော်နှင့်တကွ သံဝဏ္ဏနာအမည်များကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



၇။ ။ ဒေါသိနာ, လက္ခညာ, ပယိရုပါသတော–ပုဒ်တို့ကို နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖြေခဲ့ပါ။

၈။ ။ သာသနပစ္စတ္တိကများက ဗုဒ္ဓ ဓမ္မ သံဃာတို့၏ ကျေးဇူးမဲ့ကို ပြောဆိုလျှင် သည်းခံ၍ နေရမည်လော၊ မည်ကဲ့သို့ ပြုကျင့်ရမည်နည်း၊ သိသာရုံ ဖြေခဲ့ပါ။

၉။ ။ အောက်ပါဂါထာကို ဆန်းစစ်ပြီးလျှင် ဆန်းအမည်, ဂါထာအမည် ကိုလည်း ဖော်ပြခဲ့ပါ။

မဟာတ္တာဓာတော ဂဝမ္ပတိ ယထာ၊
သမေဟိ ပါဒေဟိ ဖုသိ ဝသုန္ဓရံ။
သော ဝိက္ကမိ သတ္တပဒါနိ ဂေါတမော။
သေတဉ္စ ဆတ္တံ အနုဓာရယုံ မရူ။

၁၀။ ။ အထက်ဖော်ပြပါ ဂါထာ၌ သောဝိက္ကမိ–ကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ ထုတ်ခဲ့ပါ။

---

၁၉၇၈ (၁၃၃၉) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။ [ ဋ္ဌ။ ၁၂၉။ ဋ္ဌ၊ သျှ၊ ၂၊ ၂၅။ ဋ္ဌသျှသစ်၊ ၂၊ ၂၃။]

---

၂။ ။ (ခ)အမှတ်ပြဝါကျ သာဘောဂစောဒနာတက်

အရှင်အဋ္ဌကထာဆရာ အဓာတသတ်မင်းသည် သမဏံဝါ ဗြာဟ္မဏံဝါ–ကို အမြွက်ဆို၏(ဋ္ဌပနာ)။ ယင်း သမဏံဝါ ဗြာဟ္မဏံဝါ–၌ သမဏ, ဗြာဟ္မဏ၏အရ အဘယ်သမဏ, အဘယ်ဗြာဟ္မဏကို ယူရမည်နည်း(စောဒနာ)။ ပဗ္ဗဇ္ဇာမတ္တသဏ, ဇာတိမတ္တဗြာဟ္မဏကို ယူရာသည်မဟုတ်ပါလော။ (တစ်နည်း) သမဏအားလုံး, ဗြာဟ္မဏအားလုံးကို(သမဏမှန်သမျှ ဗြာဟ္မဏမှန်သမျှကို) ယူရာသည်မဟုတ် ပါလော(အာဘောဂ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောနောတော် မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်၏။

[ထောက်ဖွယ်။ ။ သမဏံ ဝါ ဗြာဟ္မဏံ ဝါတိဧတ္ထ ပရမတ္ထသမဏော, ပရမတ္ထဗြာဟ္မဏော စ အဓိပ္ပေတော၊ န (ပန) ပဗ္ဗဇ္ဇာမတ္တသမဏော,န (စ) ဇာတိမတ္တ ဗြာဟ္မဏော ဇာတိ အာဟ (ဝုတ္တံ) "သမိတပါပတာယ သမဏံ၊ ဗာဟိတပါပတာယ ဗြာဟ္မဏ"န္တိ။ (သီဋ္ဌီ၊ ၂၁၃။ သီဋ္ဌီသစ်၊ ၂၊ ၁၄)။

http://www.dhammadownload.com



သံဝဏ္ဏနာရှုတက်ရာ၌ သံဝဏ္ဏေတဗ္ဗ ဠပနာထား။ ။သံဝဏ္ဏနာ ကိုရှု၍ တက်ရာ၌ သံဝဏ္ဏေတဗ္ဗကို ဌပနာထားရသည်ကို သိရ၏။

အာဘော်သွင်းနည်း ၂ မျိုး။ ။သွင်းခဲ့သည့် အာဘော်နှစ်မျိုးတို့တွင် ရှေ့အာဘော်မှ သမဏဗြာဟ္မဏ၏အရ ပရမတ္ထသမဏ,ပရမတ္ထဗြာဟ္မဏကို ယူရမည်ကို ကျမ်းဆရာက ဖြေဆိုထားသောကြောင့် ယင်းအဖြေကိုရှောင်၍ ဖြေဆိုထားသောကြောင့် ယင်းအဖြေကိုရှောင်၍ အဖြေရှောင်ကွင်း၊လျော်ရာနင်း၊သွင်းလေအာဘောဂ–ဟူသောနည်းစနစ်အရ သွင်းသည့်အာဘော်ဖြစ်သည်။ နောက်နည်းမှာ သမဏ,ဗြာဟ္မဏ၏အရ ပရမတ္ထသမဏ,ပရမတ္ထဗြာဟ္မဏ–ဟူသော အစိတ်ယူရမည်ကို ကျမ်းဆရာဆိုထားသောကြောင့် အစိတ်မြင်အပေါင်းတင်၊အပေါင်းမြင်အစိတ်တင်ဟူသော နည်းစနစ်အရ အပေါင်းကိုသွင်းသည့် အာဘော်ဖြစ်သည်။

လျှဉ်းပါးသင့်ရာကိုသာ ဖွေရှာလျှဉ်းပါးရသည်။ ။စောဒကဟူသည် အားလုံးကို မမြင်တတ်၊ သို့ဖြစ်၍ ဟူဟူရာရာ အမြွက် (တစ်စိတ်တစ်ဒေသအနည်းငယ်မျှ)ကို ယူ၍ စောဒနာသည်။

လေသမတ္တမုပါဒါယ၊ ယံ၀ါ တံ၀ါ ပရမ္ဗုရာ။
စောဒကော ပန စောဒေတိ၊ သောဟိသမ္ဗံ န ပဿတိ။
(ဓာလိနီ၊ ၁၄၅။)

ယင်းသို့ အမြွက်မျှကို စောဒနာသော်လည်း လျှဉ်းပါးသင့်ရာ ရှိမှသာ ဖွေရှာ လျှဉ်းပါးမြဲ–ဟူသော သဒ္ဒဝိဒူတို့၏အဆိုအရ လျှဉ်းပါးသင့်ရာကိုသာ ရှာဖွေ၍ လျှဉ်းပါးရသည်။ သွင်းသင့်ရာအာဘော်ကိုသာ ရှာဖွေ၍ သွင်းရသည်။]

---

၃။ ။စောဒကာဘောဂါဒိစတုက္က

(၁) နနု ရာဇာ ယံ နော ပယိရုပါသတောတိ ကေ၀စနေန ဥဒါနေသိ (စောဒကာဘောဂ)။

(၂) အထ ကသ္မာ ယံအမှာကံ ပဥ္စပုစ္ဆန၀သေန ပယိရုပါသန္တာနံ မစုရံ ဓမ္မံ သုတွာ စိတ္တံ ပသီဒေယျာတိ အတ္ထော ၀ုတ္တော (စောဒနာ)။

(၃) နနု ယံ နော ပယိရုပါသတောတိ ၀စနဗျတ္တယော သေဟောတိ (ပရိဟာရာဘောဂ)။

(၄) တသ္မာ ယံ အမှာကံ ပဥ္စပုစ္ဆန၀သေန ပယိရုပါသန္တာနံ မစုရံ ဓမ္မံ သုတွာ စိတ္တံ ပသီဒေယျာတိ အတ္ထော ၀ုတ္တော (ပရိဟာရ)

မှတ်ချက်။ ။ "နနု ပါဠိယံ ယံ နော ပယိရုပါသတောတိ ကေ၀စနေန ၀ုတ္တော" ဟုလည်း အချို့ဆရာတို့ စောဒကာဘောဂထုတ်ကြသည်။

၀စနဝိပလ္လာသ ကြံပုံ ။ ဝိသေသနပုဒ်သည် ဝိသေသျပုဒ်နှင့် ၀စ်တူရသည်။ ဤ၌ ပယိရုပါသတောသည် နော–ဟူသော ဝိသေသျပုဒ်၏ ဝိသေသနပုဒ်ဖြစ်သော်လည်း ၀စ်မတူဘဲ ရှိသည်၊ ၀စ်မတူသောကြောင့် ပယိရုပါသတောကို "ဗဟု၀စ် နံ– ဝိဘတ်ကို ကေ၀စ် သ–ဝိဘတ်ပြန်နေသော ၀စနဗျတ္တယ (၀စနဝိပလ္လာသ)"ဟု ဆိုရ ကြံရသည်။ ယင်းသို့ ၀စနဗျတ္တယပုဒ် ဖြစ်သောကြောင့် "ပယိရုပါသတော ပယိရုပါသန္တာနံ၊ ဆည်းကပ်ကုန်သော။ နော၊ ငါတို့၏"ဟု အနက်ပေးရသည်။

http://www.dhammadownload.com



"ယံ နော ပယိရုပါသတောတိ ဝစနဗျတ္တယော သေ"ဟု ဆိုသော်လည်း လိုရင်းအတိအကျအားဖြင့်ကား ပယိရုပါသတောပုဒ်သာဖြစ်သည်။ "ပယိရုပါသတန္တိ" ဝတ္တဗ္ဗေ "ပယိရုပါသတော"တိ ဝုတ္တတ္တာ ဗဟုဝစနဝတ္တဗ္ဗေ ဧကဝစနဝသေန ဝစနဗျတ္တယော ဒဿိတောဟူသော သီဋီသစ်-ကိုထောက်။ ထို့ကြောင့် လိုရင်းအတိအကျအားဖြင့် အောက်ပါအတိုင်း စတုက္က ထုတ်ရာ၏။

လိုရင်းအတိအကျ စောဒကာဘောဂါဒိစတုက္က —

(၁) နနု ရာဇာ ပယိရုပါသတောတိ ဧကဝစနေန ဥဒါနေသိ (စောဒကာဘောဂ)။

(၂) အထ ကသ္မာ ပယိရုပါသန္တာနန္တိ အတ္ထော ဝုတ္တော (စောဒနာ)

(၃) နနု ပယိရုပါသတောတိ ဝစနဗျတ္တယော သေ ယောတိ (ပရိဟာရဘောဂ)

(၄) တသ္မာ ပယိရုပါသန္တာနန္တိ အတ္ထော ဝုတ္တော (ပရိဟာရ)။

တစ်ယောက်တည်းပင်ဖြစ်သော်လည်း ဗဟုဝုစ် သုံးနိုင်။ ။ နော-ကား ပဒတော ဒုတိယာ စတုတ္ထီ ဆဋ္ဌီသုဝေါနော-သုတ်ဖြင့် ဆဋ္ဌီနံ ဝိဘတ်နှင့်တကွပြု ထားသော နောတည်း။ မင်းသည်တစ်ယောက်တည်း ဖြစ်သော်လည်း မိမိကိုယ်ကို မိမိခေါ်ဝေါ်သုံးနှုန်းပြောဆိုသည်ဖြစ်သောကြောင့် "နော၊ တပည့်တော်တို့၏"ဟု ဗဟု ဝုစ်ဖြင့် သုံးနိုင်သည်။ မိမိကိုယ်၌လည်းကောင်း ဆရာမိဘစသော အလေးပြုအပ်သော ပုဂ္ဂိုလ်တို့၌လည်းကောင်း ဗဟုဝုစ်သုံးစွဲနိုင်ကြောင်းဖြင့် သဒ္ဒနိဿ (ဂါထာ၊ ၁၃၆)၌ သဗ္ဗေ အတ္တနိဂရုသုစေ စသည်ဖြင့်ဆိုသည်။ မယံ ဂစ္ဆာမ၊ တုမှေ စ ဂစ္ဆထ တပည့်တော်တို့ သွားကြပါကုန်၏။ အရှင်ဘုရားတို့လည်းကြွကြပါကုန်-ကို ဥဒါဟရဏ် ထုတ်သည်။ အကျယ်ကို ယင်း၌ ရှု။

---

၄။ ။ဝိဂ္ဂဟ

ဗာဟိတာနိ ပါပါနိ ဧတေန ပုဂ္ဂလေနာတိ ဗာဟိတပါပေါ။(ပါရာဇိကကဏ္ဍ၊ ဋ္ဌသျှသစ်)

ဝစနာဒိဆက္က

(၁) ဗာဟိတပေါပေါ ဟူသော နိပ္ဖန္နသည် ဝစန။

(၂) ဗာဟိတာနိ ပါပါနိ ဧတေန ပုဂ္ဂလေနဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

(၃) ပယ်အပ်ကုန်ပြီးသော မကောင်းမှုတို့၏ ရဟန်းနှင့် ဂုဏ်, ဂုဏ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု။

(၄) ဉတ္တိ-သဒ္ဒါသည် ဝစနဟေတုဇောတက။

(၅) ရဟန်းဒြပ်သည် ဝစနီယ။

(၆) ပဟာတဗ္ဗ ကိဗ္ဗိသောစသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ။

မှတ်ချက်။ ။ ဗာဟိတံ ပါပံ ယေနာတိ ဗာဟိတပါပေါဟု ပါရာဇိကဏ် ဂဏ္ဌိသစ် အဆိုအတိုင်းလည်း ဝိဂ္ဂဟပြုနိုင်သည်သာ။

http://www.dhammadownload.com



တတိယာဗဟုဗ္ဗိဟိပြုရပုံ။ ။ တုလျာဒိ၊ ဗဟုဗ္ဗိမှာ၊ ကံယောပါမူ၊ တတိယာ ပြုံ-ဟူသော ပရမ္မရာဘတစိနိုဓ္ဓယည္ဘူလင်္ခြေါ်ပဒေသအတိုင်း ဗာဟိတာနိ-ဟူသော သမာသ်ပုဒ်အစိတ်သည် ကံဟောသည်ကို သတိပြုပါ။ အကျယ်ကို ၁၃၂၂-ခုနှစ် ပါရာဇိကထ် နံပါတ်(၄) အဖြေ၌ ရှု။

ဝိဂ္ဂဟ ထောက်ဖွယ်။ ။ ဖေါ်ပြပါ ဝိဂ္ဂဟမှာ ဗာဟိတပါပေါတိ ဗြာဟ္မဏော ဟူသော (ပါရာဇိကကဏ္ဍ၊ ဋ၊ ၁၊ ၈၃။) ပါဠိ၌ ယင်းသျှသစ် (၂၊ ၄၅)ဆိုသော ဝိဂ္ဂဟဖြစ်သည်။

အရိယာ ပန ဗာဟိတပါပတ္တာ ဗြာဟ္မဏာတိ ဝုစ္စန္တိ-ဟူသော (ပါရာဇိကကဏ္ဍ၊ ဋ၊ ၁၊ ၈၃) ပါဠိ၌ "ဗာဟိတံ ပါပံ ယေဟိတိ ဗာဟိတပါပါ"ဟု ဂဏ္ဌိသစ်၊ (၁၊ ၃၆၅)ဆိုသည်။ "ဗာဟိတပါပါ ဧတေဟိ အရိယေဟိတိ ဗာဟိတပါပါ"ဟု ယင်းသျှသစ် (၂၊ ၄၄) ဆိုသည်။

ယင်းသို့ "ဗာဟိတာပါပါ"ဟု ပုလ္လိင်ဖြင့်ဆိုခြင်းမှာ ပါပဥက်ဗ္ဗိသံ ဝေရာဃံ စသည်ဖြင့် အဘိဓာန်လာရကား ပါပ-သဒ္ဒါ နပုလ္လိင်ဖြစ်သောကြောင့် မကောင်း။

ဒွိပ်ငဲ့၍ ဗဟုဝုစ်, ဓာတ်ငဲ့၍ ဧကဝုစ် သုံးနိုင်သောကြောင့် ဗာဟိတာနိ ပါပါနိ၊ ဗာဟိတံ ပါပံ-ပါဠိ ၂-မျိုးမှာကား သင့်သည်ချည်းပင်။

သို့သော် ဤပုစ္ဆာပါ ဗာဟိတပါပတာယ ဗြာဟ္မဏံ-ဝယ် ဗြာဟ္မဏံကို "ဗဟာတိ ပါပေ ဗဟိကရောတီတိ ဗြာဟ္မဏော"ဟု (သီဋီသစ်၊ ၂၊ ၁၄) ဝိဂြိုဟ်ဆိုရာ၌ ပါပေ-ဟူသော ဗဟုဝုစ်ကို ထောက်သော် ဗာဟိတာနိ ပါပါနိ-က ပိုကောင်းလေသည်။

ဤဗာဟိတပါပတာယ ဗြာဟ္မဏံ-ပါဠိ၌ပင် "ဗာဟိတံ ပါပံ ယေဟိတိ ဗာဟိတပါပါ"ဟု သီလက္ခန်ဂဏ္ဌိ (၃၁၅) ဆိုသည်မှာ ဝုစ်လွဲနေသည်။

---

၅။ ။ ဘာဝသမ္ဗန်။ ။ သမိတပါပတာယ-၌ ဘာဝသမ္ဗန်ကား သမိတပါပဿ ဖြစ်ပါသည်။

တာသမ္ဗန်။ ။ တာသမ္ဗန်ကား (ပရမတ္ထ) သမဏဿ-ဖြစ်ပါသည်။

တာသမ္ဗန် စာစပ်။ ။ (ပရမတ္ထ) သမဏဿ-ကား "၏"ဟူ၍ အနက် ပေးသောကြောင့် သမိတပါပတာယ-ဝယ် တာ-ပစ္စည်း၌ သမ္ဗန်, သတ္တိမန္တ၊ တာ ပစ္စည်းကား သမ္ဗန္ဓီ, သတ္တိ။

(ပရမတ္ထ) သမဏဿ-ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် သမိတ ပါပတာယ-ဝယ် သမိတပါပ-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ သမိတ ပါပ-ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

ဘာဝသမ္ဗန်၏ဝါစ္စ။ ။ ဘာဝသမ္ဗန်၏ဝါစ္စကား ကတ္တုတ္ထ ဖြစ်ပါသည်။ [ဗဟုဗ္ဗိဟိ၊ အဿတ္ထိ တူဘိကတ္တုနေ-ကို သတိပြုပါ။]

---

၆။ ။ (က)(ခ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ ကံ န ခေါ အဇ္ဇ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ကံနခွဇ္ဇ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ကံ န ခေါ အဇ္ဇ"ဟု ဆုံးဖြတ်ရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ။

http://www.dhammadownload.com



(ခ)အမှတ်ပြဝါကျရှိ သမိတပါပတာယ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သမဏ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အရ ပရမတ္ထသမဏကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

(တစ်နည်း) သမိတပါပတာယ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့်သမဏ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ သံ-ပုဗ္ဗ, သမု-ဓာတ်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယဓာတုပဒသံဝဏ္ဏနာ။ ယု-ပစ္စည်း၏ ဟေတုကတ္တား အနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။ (တစ်နည်း) သမဏ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဗဟုဗ္ဗီဟိ၊ အဿတ္ထိ၊ ဖွင့်၍ရှိ မှတ်ဘို ကတ္တုသာဓ်-နှင့် အညီ "သမေတီတိ သမဏော"ဟု ဟေတုကတ္တုသာဓနဝစနတ္ထပြု ရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ သမု ဓာတ်၏ကံကို "ပါပါနိ"ဟု ထည့်ရမည်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ ဖေါ်သည်မှာ (နံပါတ် (၂) အဖြေ၌ ဖေါ်ပြခဲ့သော) သီလက္ခန်ဋီကာဟောင်း, သစ်တို့၏ အလိုဖြစ်သည်။ နောက်နည်းမှာ သမိတပါပတ္တာဖြင့် "ပါပါနိ သမေတီတိ သမဏော-ကို ပြသည်"ဟု ဆိုသော ပါရာဇိကဏ်ဂဏ္ဌိသစ် (၁၊ ၃၆၅)၏ အလိုဖြစ်သည်။

ဗာဟိတပါပတာယ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဗြာဟ္မဏ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အရ ပရမတ္ထ ဗြာဟ္မဏကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

(တစ်နည်း) ဗာဟိတပါပတာယ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဗြာဟ္မဏ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ဗဟ-ဓာတ် (တစ်နည်း) ဗာဓ-ဓာတ်၏အဖြစ်ကို အဋ္ဌ ကထာဆရာ သိစေပါသည်။ ဒုတိယဓာတုပဒသံဝဏ္ဏနာ။ ယု-ပစ္စည်း၏ ကတ္တား အနက်ဟော၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထ သံဝဏ္ဏနာ။ (တစ်နည်း) ဗြာဟ္မဏ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဗဟတိ ပါပေ ဗဟိကရောတီတိ ဗြာဟ္မဏော"ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ သရုပ်ကြားဘိဓေယျတ္ထဖေါ်သည့် ရှေ့နည်းမှာ (ဖေါ်ပြခဲ့သည့်) သီလက္ခန်ဋီကာဟောင်း,သစ်တို့၏ အလိုဖြစ်သည်။ နောက်နည်းမှာ "ဗဟတိ ပါပေ ဗဟိကရောတီတိ ဗြာဟ္မဏော"ဟု ဝိဂြိုဟ်ဆိုသော ဋီကာသစ်။ (၂၊ ၁၄)နှင့် "ဗာဟိတပါပတ္တာ-ဖြင့် ဗာဓယိံသု ပါပါနီတိ ဗြာဟ္မဏာ-ကိုပြသည်"ဟု ဆိုသော ပါရာဇိကဏ် ဂဏ္ဌိသစ် (၁၊ ၃၆၅) သီလက္ခန်ဂဏ္ဌိသစ် (၃၁၅)တို့၏ အလိုဖြစ်သည်။

[အဘိဓေယျတ္ထသာ လိုရင်း။ ။ (ခ)အမှတ်ပြဝါကျ၌ ဋီကာဟောင်း, သစ်တို့ ဖွင့်ပြချက်မှာ သရုပ်ကြားအဘိဓေယျတ္ထသာဖြစ်၍ သရုပ်ကြားအဘိဓေယျတ္ထသာ ဤအဋ္ဌကထာ ဤ၌နေရာ၌ လိုရင်းဖြစ်သည်။ နောက်နည်းမှာ အခြားကျမ်းများ ဖွင့်ပြကြသည့် အလျောက်ရသင့်၍ ဖေါ်ပြခြင်းသာဖြစ်သည်။ သမာသ်ပုဒ်ယူ၍လည်း ဖေါ်ပြကြသေး၏]

http://www.dhammadownload.com



၇။ ။ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

ဒေါသိနာ–ကား ဒေါသသဒ္ဒူပပဒ ဣ–ဓာတ်, တ–ပစ္စည်း, ဣတ္ထိလိင်ဇောတက အာ–ပစ္စည်း၊ "ဒေါသိတာ"ဟု ဆိုလိုလျက် တ–ကို န–ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "ဒေါသိနာ"ဟု ပြီးပါသည်။ [၁၃၃၀–ခုနှစ်ကလည်းမေးခဲ့ပြီ။]

[ထောက်ဖွယ်။ ။ ဒေါသေဟိ ဣတာ ဂတာ အပဂတာတိ ဒေါသိနာ၊ တ–ကာရဿ န–ကာရံ ကတွာ ယထာ "ကိလေသေဟိဘော ဝိဝိတာဝိတိ ဝိနော"တိ။ (သီဋီ၊ ၂၁၂။ သီဋီသစ်၊ ၂၊ ၁၃။)]

လက္ခညာ–ကား လက္ခ–ဓာတ်, အနိယ–ပစ္စည်း, ဣတ္ထိလိင်ဇောတက အာပစ္စည်း၊ "လက္ခနိယာ"ဟု ဆိုလိုလျက် ဒန္တဇ န–ကို မုဒ္ဓဇ ဏ–ပြုခြင်း ဝဏ္ဏဝိကာရ, ဤ–ကို ချေခြင်း ဝဏ္ဏလောပ,(က–ကို ယ–ကပ်၍)ဏျ–ကို ဉ–ပြုခြင်း ဝဏ္ဏဝိကာရ, ဉ–ဒွေဘော်လာခြင်း ဝဏ္ဏာဂမ နိရုတ္တိနည်းတို့ဖြင့် "လက္ခညာ"ဟု ပြီးပါသည်။ (သီလက္ခန်ဋီကာသစ်၊ ရူပသိဒ္ဓိ။)

[ထောက်ဖွယ်။ ။ လက္ခီတဗ္ဗာတိ လက္ခဏီယာ၊ သာ ဧဝ လက္ခညာ၊ ယ–ဝတော ဏ–ကာရဿ ဉ–ကာရာဒေသဝသေန ယထာ ပေါက္ခရညော သုမာ ပိတာ။ (သီဋီသစ်၊ ၂၊ ၁၄။)

ပေါက္ခရိနိ–ဣတိဧ "တေသုဝုဒ္ဓိ"တိ အာဒိနာ ဣ–ကာရ န–ကာရာနံ အ ကာရ ဏ–ကာရာဒေသာ၊ ပေါက္ခရဏီ, ပေါက္ခရဏီ။ "တတော ယောနမောတု"တိ သုတ္တေ တုဂ္ဂဟဏေန ယောနမောကာရောစ၊ ဤ–ကာရဿ ယ–ကာရော၊ "ယဝတ" မိစ္စာဒိသုတ္တေ ကာရဂ္ဂဟဏေန ဏျ–ဿ ဉ–ကာရော၊ ဒွိတ္တံ၊ ပေါက္ခရညော ပေါက္ခရဏိယော ဣစ္စာဒိ။ (ဆိုင်ရာကိုသာ ယူ။) (ရူ၊ ၁၉၄။)]

(တစ်နည်း) "လက္ခနိယာ"ဟု ဆိုလိုလျက် ဤ–ကို ချေခြင်းဝဏ္ဏလောပ, (န–ကို ယ–ကပ်၍) နျ–သံယုဂ်ကို ည–သံယုဂ်ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းတို့ဖြင့် "လက္ခညာ"ဟု ပြီးပါသည်။ (သဒ္ဒနီတိ။)

[ထောက်ဖွယ်။ ။ နျော ည–ယုတံ ဏျော၁စ။ အာနိအာယော အညာ ယော၊ အာကိဥ္စည်၊ ဂေလည်၊ သာမည်။ (နီတိ၊ သုတ္တ၊ ၁၁၇။) န–ကို ဏ, ဏျ–ကို ည–ပြု၍လည်း ပြီးနိုင်သည်။]

(တစ်နည်း) "လက္ခနိယာ"ဟု ဆိုလိုလျက် ဒန္တဇ န–ကို မုဒ္ဓဇ ဏ–ပြုခြင်း ဝဏ္ဏဝိကာရ, ဤကို ချေခြင်း ဝဏ္ဏလောပ, ဏ–ကို ဉ–ပြုခြင်း ဝဏ္ဏဝိကာရ ယ–ကို ပုဗ္ဗရုပ် ဉ–ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းတို့ဖြင့် "လက္ခညာ"ဟု ပြီးပါသည်။ (မောဂ္ဂလာန်။) [၁၃၃၃–ခုနှစ်ကလည်း မေးခဲ့ပြီ။]

[ထောက်ဖွယ်။ ။ ပေါက္ခရညောတိ ပေါက္ခရဏီသဒ္ဒတော ယောမှိဣကာမိနာ ဤကာရလောပေ"တဝဂ္ဂဝရဏာနံ ယေ စဝဂ္ဂဗယညာ" တိ(၁၊၄၈)ဏ–ဿ ဉ–ကာရေ "ဝဂ္ဂလသေဟိ တေ"တိ(၁၊၄၉။)ယဿ စ ဉကာရော။(မောဂ္ဂလာန် ပဉ္စိကာ၊ ၁၁၆)]

ပရိယုပါသတော–ကို "ပရိ+ဥပါသတော"ဟု ပုဒ်ဖြတ်၊ ယ–လာ၍ "ပရိယုပါသတော"ဟု ဆိုလိုလျက် ရ–နှင့်ယ ရှေ့နောက်ပြန်ခြင်း ဝဏ္ဏဝိပရိယာယနိရုတ္တိနည်းဖြင့် "ပရိယုပါသတော"ဟု ပြီးပါသည်။ [အထောက်ကို ၁၃၃၇(၁၉၇၇)ခုနှစ် အဖြေ၌ ဖော်ပြခဲ့ပြီ။]

http://www.dhammadownload.com



[ဝိပလ္လာသနည်း မလို။ ။ "ဝိပလ္လာသဖြစ်ပုံကို ဖော်ပြပါ"ဟု မေးက "ပရိယုပါသန္တာနံဟု ဆိုအပ်သော ဗဟုဝုစ်ကို ဧကဝုစ်အားဖြင့် "ပရိယုပါသတော"ဟု ဝိပလ္လာသ ဖြစ်နေပါသည်"ဟု ဖြေပါ။ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို မေးရာ၌ ဝိပလ္လာသနည်းသည် နိရုတ္တိနည်းမဟုတ်သောကြောင့် ယင်းဝိပလ္လာသဖြစ်ပုံကို ထည့်ရန်မလို။ စည်းမျဉ်း၌လည်း "နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို မေးခြင်း, ဝိပလ္လာသ ဖြစ်ပုံကို မေးခြင်း"ဟု နှစ်မျိုးခွဲခြားလျက်သာ ရှိသည်။ ၁၃၂၅, ၁၃၄၀-ခုနှစ်များက မေးပုံမျိုးကဲ့သို့ ဝိပလ္လာသအမည်ကိုဖော်မေးမှ ဝိပလ္လာသနည်းကို ဖြေရသည်]

---

၈။ ။ရတနာသုံးပါး၏အပြစ်ကို ပြောလျှင် ဆိတ်ဆိတ်နေရမည်လော

သာသနပစ္စတ္ထိကများက ဗုဒ္ဓ, ဓမ္မ, သံဃတို့၏ ကျေးဇူးမဲ့ကို ပြောဆိုလျှင် သည်းခံ၍ မနေရပါ၊ ဒေါသမထွက်ဘဲ မဟုတ်မမှန်သော အပြစ်ကို မဟုတ်မမှန်သောအားဖြင့် (ဝါ) "မဟုတ်မမှန်ပါ"ဟူ၍ ဖြေရှင်းရမည်။

[ဖြေရှင်းပုံ။ ။ "ဤအကြောင်းကြောင့်လည်း ဤသင်တို့ ပြောဆိုအပ်သောစကားသည် မဟုတ်ပါ။ ဤ အကြောင်းကြောင့်လည်း ဤသင်တို့ ပြောဆိုအပ်သော စကားသည် မမှန်ပါ။ ဤ သင်တို့ ပြောဆိုအပ်သော အပြစ်သည် ငါတို့မှာ မရှိသည်သာ၊ ဤသင်တို့ ပြောဆိုအပ်သော အပြစ်သည် ငါတို့မှာ မထင်ရှားသည် သာ"ဟု ဖြေရှင်းရမည်။

ထောက်ဖွယ်။ ။ မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿ ဝါ အဝဏ္ဏံ ဘာသေယျုံ၊ သံဃဿ ဝါ အဝဏ္ဏံ ဘာသေယျုံ၊ "ဣတိပေတံ အဘူတံ။ ဣတိပေတံ အတစ္ဆံ၊ နတ္ထိစေတံ အမှေသု၊ န စ ပနေတံ အမှေသု သံဝိဇ္ဇတီ"တိ။ (ပါ၊ ၃။)]

[ဒေါသမထွက်ဘဲ ဖြေရှင်းရမည်။ ။ မနောပဒေါသံ အကတွာ အဝဏ္ဏော နိဗ္ဗေဌေတဗ္ဗော-ဟူသော အဋ္ဌကထာကို ထောက်၍ ဒေါသမထွက်ဘဲ ဖြေရှင်းရမည်။

"သည်းခံ၍ နေရမည်လော"ဟု မသုံးသင့်။ ။ "တုမှာကံ သတ္ထာန သဗ္ဗညူ၊ ဓမ္မော ဒုရက္ခာတော၊ သံဃော ဒုပ္ပဋိပန္နော"တိ အာဒီနိ သုတွာ န တုဏှီ ဘဝိတဗ္ဗံ၊ ဇဝံ ပန ဝတ္တဗ္ဗံ၊ "ဣတိပေ ဘူတံ။ ပ။သံဝိဇ္ဇတိ (ဋ္ဌ၊၅၃။)ကို ထောက်၍ "သည်းခံ၍ နေရမည်လော"ဟု မသုံးဘဲ "ဆိတ်ဆိတ်နေရမည်လော"ဟု သုံးသင့် သည်။]

---

http://www.dhammadownload.com



၉။ ။ ဆန်းစစ်ပုံနှင့် ဂါထာအမည်၊ ဆန်းအမည်

| | | | |
|---|---|---|---|
| မုဟုတ္တ<br>၁၂၁<br>ဓ | ဓာတောဝ<br>၂၂၁<br>တ | ဂဝမ္ပ<br>၁၂၁<br>ဓ | တိယထာ<br>၂၁၂<br>ရ |
| သမေဟိ<br>၁၂၁<br>ဓ | ပါဒေဟိ<br>၂၂၁<br>တ | ဖုသိဝ<br>၁၂၁<br>ဓ | သုန္ဒရံ<br>၂၁၂<br>တ |
| သောဝိတ္တ<br>၂၂၁<br>တ | မိသတ္တ<br>၂၂၁<br>တ | ပဒါနိ<br>၁၂၁<br>ဓ | ဂေါတမော<br>၂၁၂<br>ရ |
| သေတဥ္စ<br>၂၂၁<br>တ | ဆတ္တံအ<br>၂၂၁<br>တ | နဓာရ<br>၁၂၁<br>ဓ | ယံမရု<br>၂၁၂<br>ရ |

(၁) လေးပါဒတို့၌ ဓဂိုဏ်း၊ တဂိုဏ်းရှိခြင်း၊ (၂) ဓဂိုဏ်း ရ-ဂိုဏ်းရှိခြင်း၊ ဤဝံသဋ္ဌဂါထာ၏ လက္ခဏာနှစ်ပါးနှင့် ပြည့်စုံသော ပထမပါဒ, ဒုတိယပါဒ။ (၁) လေးပါဒတို့၌ တ-ဂိုဏ်းနှစ်ခုရှိခြင်း၊ (၂) ဓ-ဂိုဏ်း၊ ရ-ဂိုဏ်း ရှိခြင်း၊ ဤဣန္ဒဝံသ ဂါထာ၏ လက္ခဏာနှင့် ပြည့်စုံသော တတိယပါဒ, စတုတ္ထပါဒတို့ ရောယှက်သော ကြောင့် ဥပဇာတိ ဂါထာဖြစ်ပါသည်။

လေးပါဒတို့၌ အက္ခရာ ၁၂-လုံးစီ ရှိသောကြောင့် ဇဂတီဆန်း ဖြစ်ပါသည်။

၁၀။ ။ ဘာဝါလင်္ကာရ

(၁) သောဝိတ္တမိ-၏အရ ဖွားပြီးကာစ လူတို့သည် လက်မလွတ်ကာမျှ လျှင်ဖြစ်သော မြောက်အရပ်သို့ ရှေးရှုမျက်နှာတော်မူလျက် ခုနစ်ဖဝါး လှမ်းကြွတော်မူသော ငါတို့မြတ်စွာဘုရား၏ ဝီရိယပြဓာန်းသောစိတ္တပ္ပဒ်သည် ဥဿာဟဌာယီဘာဝ, ဝီရရသ။

(၂) မြောက်အရပ်သည် အာရမ္မဏဝိဘာဝ။

(၃) ဖြည့်ဆည်းပူးခဲ့သော ပါရမီကုသိုလ်တော်များသည် ဥဒ္ဒီပနဝိဘာဝ။

(၄) နတ်များ ထီးဖြူကို ဆောင်းခြင်းသည် အနုဘာဝ။ (ဋ္ဌ။ ဗိ၁။)

၁၉၇၉ (၁၃၄၀) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁။ ။ ကေဘတ္တိကော သမဏော ဂေါတမော ရတ္တူပရတော ဝိရတော ဝိကာလဘောဇနာ-ဟူသော ပါဠိတော်ကို အဋ္ဌကထာအဖွင့်နှင့်အညီ အနက် ယောဇနာပါ။

http://www.dhammadownload.com



၂။ ။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ-ဟူသော ပါဠိတော်ကို အနက်ယောဇနာပါ။

၃။ ။ အထ ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဘဂဝန္တံ အဘိဝါဒေတွာ ဘိက္ခုသံဃဿ အဉ္ဇလိံ ပဏာမေတွာ ဧကမန္တံ နိသီဒိ ဟူသော ပါဠိတော်ကို ကေမန္တသရုပ်ဖေါ်၍ အနက်ယောဇနာပါ။

၄။ ။ တံ ကိံ မညသိ မဟာရာဇ။ ယဒိ ဧဝံ သန္တေ ဟောတိ ဝါ သန္ဒိဋ္ဌိကံ သာမညဖလံ နော ဝါတိ။ အဒ္ဓါ ခေါ ဘန္တေ ဧဝံ သန္တေ ဟောတိ သန္ဒိဋ္ဌိကံ သာမညဖလန္တိ-ဟူသော ပါဠိတော်ကို ပုစ္ဆာဝိသဇ္ဇနာ ထင်ရှားအောင် ပါဌ်သေသ ထည့်စွက်၍ အနက်ယောဇနာပါ။

၅။ ။ ရတ္တိံယာ ဘောဇနံ ရတ္တိ၊ တတော ဥပရတောတိ ရတ္တူပရတော။ အတိက္ကန္တေ မဇ္ဈန္ဟိကေ ယာဝ သူရိယတ္ထင်္ဂမနာ ဘောဇနံ ဝိကာလ ဘောဇနံ နာမ ဟူသော အဋ္ဌကထာကို အနက်ယောဇနာပါ။

၆။ ။ ကုတ္တိကုမာရိက ပဋိဂ္ဂဟဏာတိ ဧတ္ထ ကုတ္တိတိ ပုရိသန္တရဂတာ၊ ကုတရာ ကုမာရိကာ နာမ၊ တာသံ ပဋိဂ္ဂဟဏမ္ပိ အာမသနမ္ပိ အကပ္ပိယမေဝ-ကို ဝေါဟာရအနက် ပေါ်လွင်အောင် ယောဇနာပါ။

၇။ ။ အဘိဇ္ဈ လောကေတိ ဧတ္ထ လုဇ္ဇနပလုဇ္ဇနဋ္ဌေန ပဉ္စုပါဒါနက္ခန္ဓာ လောကော၊ တသ္မာ ပဉ္စသု ဥပါဒါနက္ခန္ဓေသု ရာဂံ ပဟာယ ကာမစ္ဆန္ဒံ ဝိက္ခမ္ဘေတွာတိ အယမေတ္ထတ္ထော-ကို ဖဟေတု, ဖလဝါကျပေါ်လွင်အောင် အနက်သမ္ဗန်ပါ။

၈။ ။ ဗြာဟ္မဒေယျန္တိ သေဋ္ဌဒေယျံ။ ယထာ ဒိန္နံ န ပုန ဂဟေတဗ္ဗံ ဟောတိ နိဿဋ္ဌံ ပရိစ္စတ္တံ။ ဧဝံ ဒိန္နန္တိ အတ္ထော-၌ ဗြာဟ္မဒေယျံ-ဟူသော ပါဠိတော်ကိုသာ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ အနက်ထင်ရှားစွာ အဋ္ဌကထာနှင့်အညီ ယောဇနာပါ။

၉။ ။ ကသ္မာ ပန တာပသပဗ္ဗဇ္ဇာ သာသနဿ ဝိနာနာသမုခန္တိ ဝုတ္တာတိ။ ယသ္မာ ဂစ္ဆန္တံ ဂစ္ဆန္တံ သာသနံ တာပသပဗ္ဗဇ္ဇာဝသေန ဩသက္ကိဿတိ-၌ ဂစ္ဆန္တံ ဂစ္ဆန္တံ ကို သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ ထင်စေလျက် အနက်ယောဇနာပါ။

၁၀။ ။ ခိဍ္ဍာကာမရာဂေါတိ ဧတ္ထ ကာမံ ဘဂဝတော သဗ္ဗေပိ ကိလေသာ ခီဏာ။ ဗြာဟ္မဏော ပန တေ န ဇာနာတိ၊ အတ္တနော ဇာနနဋ္ဌာနေယေဝ ဂုဏံ ကထေတိ-၌ ပုဏ္ဏားအမည်ကို ဖေါ်၍ အနက်သမ္ဗန်ပါ။

http://www.dhammadownload.com



၁၉၇၉ (၁၃၄၁) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ အဋ္ဌကထာနှင့်အညီ အနက်

ဂေါတမော၊ ဂေါတမအနွယ်ဖြစ်သော။ သမဏော၊ ရဟန်းသည်။ ဧကဘတ္တိကော၊ တစ်ထပ်တည်းသောဆွမ်းရှိတော်မူ၏။ ရတ္တူပရတော၊ ညဉ့်၌ စားခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ဝိကာလဘောဇနော၊ နေ၏ အလည် လွန်ရာအခါ၌ စားခြင်းမှ။ ဝါ၊ နေလွဲသောအခါ၌ စားခြင်းမှ။ ဝိရတော၊ ရှောင်ကြဉ်တော်မူ၏။ [ပါ၊ ၅။ ပါသျှ၊ ၂၂။ ပါသျှသစ်၊ ၄၅။]

---

၂။ ။ [ပါ၊ ၁၂။ ပါသျှ၊ ၅၀။ ပါသျှသစ်၊ ၈၁။]

---

၃။ ။ ဧကမန္တသရုပ် ဖေါ်၍အနက်

["ဧကမန္တံ၊ မိမိတည်ခြင်းငှါ လျောက်ပတ်သော တစ်ခုသော အရပ်၌"ဟု သရုပ်ဖေါ်။ ။ အတ္တနော ဌာတုံ အနုစ္ဆဝိကေ ဧကသ္မိံ ပဒေသေ။ (ဋ္ဌ၊ ၁၃၉။)ကို ထောက်။ ။ ပါ၊ ၄၇။ ပါသျှ၊ ၁၁၇။ ပါသျှသစ်၊ ၁၉၁။]

---

၄။ ။ [သျှသစ်က ပုစ္ဆကအာဘော် ပိုကျသည်။ သျှသစ်အတိုင်း ယောနော။ ။ ပါ၊ ၅၇။ ပါသျှ၊ ၁၁၇။ ပါသျှသစ်၊ ၁၉၁။]

---

၅။ ။ [ဋ္ဌ၊ ၇၅။ ဋ္ဌသျှ၊ ၁၊ ၂၅၃။ ဋ္ဌသျှသစ်၊ ၁၊ ၄၀၅။]

---

၆။ ။ ဝေါဟာရတ္ထပေါ်လွင်အောင် အနက်

ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာတိ ဧတ္ထ၊ ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာ-ဟူသော ပါဠ်၌။ ပုရိသန္တရဂတာ၊ မိန်းမအိုသည်။ ဣတ္ထီတိ၊ ဣတ္ထိမည်၏။ ဣတရာ၊ ဤမိန်းမအိုမှတစ်ပါးသော မိန်းမပျိုသည်။ ကုမာရိကာနာမ၊ ကုမာရိကာမည်၏။ တာသံ ဣတ္ထိကုမာရိကာနံ၊ ထိုမိန်းမအို၊ မိန်းမပျိုတို့ကို၊ ပဋိဂ္ဂဟဏမ္ပိ၊ ခံယူခြင်းသည်လည်းကောင်း။ အာမသနမ္ပိ၊ ကိုင်တွယ်ခြင်းသည်လည်းကောင်း။ အကပ္ပိယမေဝ၊ မအပ်သည်သာ။

မှတ်ချက်။ ။ "ပုရိသန္တရဂတာ၊ အိမ်ထောင်ကျပြီးမိန်းမသည်။ ဣတ္ထီတိ၊ ၏။ ဣတရာ၊ ဤအိမ်ထောင်ကျပြီး မိန်းမမှတစ်ပါးသော အိမ်ထောင်မကျသေးသည့် မိန်းမသည်။ ကုမာရိကာ၊ ၏"ဟု ဝေါဟာရတ္ထ ယောနောကြ၏။ အိမ်ထောင်မကျသေးစေကာမူ (တရားဝင်ယောကျ်ား မရှိသေးစေကာမူ) ယောကျ်ားအထူးသွားလာဖူးသူ (ပုရိသန္တရဂတ) ဖြစ်နိုင်သောကြောင့် ယင်းအနက်ကို စဉ်းစားပါ။ ။[ဋ္ဌ၊ ၇၆။ ဋ္ဌသျှ၊ ၁၊ ၂၅၇။ ဋ္ဌသျှသစ်၊ ၁၊ ၄၀၈။]

---

http://www.dhammadownload.com



၇။ ။ ဟေတု, ဖလဝါကျ ပေါ်လွင်အောင် အနက်

[တသ္မာ–၏အဖက် ယသ္မာ–ထည့် သမ္ဗန်။ တသ္မာ–ကိုလည်း "ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၏သာလျှင် လောကမည်သည်၏ အဖြစ်ကြောင့်"ဟု သမ္ဗန်။ ။ တသ္မာတိ ပဉ္စုပါဒါနက္ခန္ဓာနမေဝ လောကဘာဝတော။ (သီဋီသစ်၊၂၊ ၁၂၅။)ဋ္ဌ၊၁၈၉။ ဋ္ဌသျ၊ ၂၊၁၈၂။ဋ္ဌသျသစ်၊ ၂။ ၂၂၂။]

---

၈။ ။ဗြဟ္မဒေယျံ–၌ သဒ္ဒတ္ထ,အဓိပ္ပာယတ္ထ(ဝေါဟာရတ္ထ)ထင်စေလျက် အနက်

ဗြဟ္မဒေယျံ၊ မြတ်သည်ဖြစ်၍ ပေးအပ်သော။ ဝါ၊ မြတ်သည်၏ အဖြစ်ဖြင့် ပေးအပ်သော (သဒ္ဒတ္ထ)။ ဝါ၊"လွတ်အပ်သည်ဖြစ်၍။ ဝါ၊ လွတ်အပ်သည်၏အဖြစ်ဖြင့် စွန့်ခြင်း"ဟု ဆိုအပ်သော တစ်ဖန်မယူအပ်သည်၏ အဖြစ်ဖြင့် ပေးအပ်သော။ ဝါ၊ "လွတ်လွတ်ကျွတ်ကျွတ်စွန့်သည်၏ အစွမ်းဖြင့် စွန့်ခြင်း"ဟု ဆိုအပ်သော တစ်ဖန်မယူ အပ်သည်၏ အဖြစ်ဖြင့်သာလျှင် ပေးအပ်သော (အဓိပ္ပာယတ္ထ။) [ဋ္ဌ၊ ၂၁၉။ ဋ္ဌသျ၊ ၂၊ ၂၀၇။ ဋ္ဌသျသစ်၊ ၂၊ ၃၃၆။ ။၁၃၁၆၊ ၁၃၁၉–ခုနှစ်များကလည်း ဤဝါကျမေးခဲ့ပြီ]

[ထောက်ဖွယ်။ ။ နိဿဋ္ဌပရိစ္စတ္တတာသင်္ခါတေန ပုန အဂ္ဂဟေတဗ္ဗ ဘာဝေနေဝ ဒိန္နတ္တာ ဣဓ ဗြဟ္မဒေယျံ နာမ၊ န တု ပုရိမနယေ ဝိယ ရာဓသေဋ္ဌေန ပရိဘုဉ္ဇိတဗ္ဗဘာဝေန ဒိန္နတ္တာတိ အာဟ "ယထာ"တိ အာဒိ၊နိဿဋ္ဌံ ဟုတွာ, နိဿဋ္ဌ ဘာဝေန ဝါ ပရိစ္စတ္တံ၊ နိဿဋ္ဌပရိစ္စတ္တံ၊ မုတ္တစာဂဝသေနစ ဓိတတ္ထိ အတ္ထော။ (သီ၊ ဋီ၊ သစ်၊ ၂၊ ၂၁၄။) ဗြဟ္မဒေယျံ–၌ နိဿဋ္ဌပရိစ္စတ္တံ–ကဲ့သို့ သေဋ္ဌံ ဟုတွာ, သေဋ္ဌဘာဝေန ဝါ ဒေယျံ သေဋ္ဌဒေယျံ–ဟူသော အနက်ကို ယူသည်။

ဝေါဟာရတ္ထ။ ။ ဝေါဟာရတ္ထ ယောဇနာလိုမူ "ဗြဟ္မဒေယျံ၊ အပိုင်ပေး အပ်သော"ဟု ယောဇနာ။ ဤပုစ္ဆာ မေးပုံမှာ ဗြဟ္မဒေယျံ–ပါဋ္ဌိတော်ကိုသာ ယောဇနာ ခိုင်းရာ ရောက်နေသည်။ အကယ်၍ ယင်းကိုသာ ယောဇနာစေလိုလျှင်လည်း ပါဋ္ဌိတော်ကို မေးရာ နံပါတ် (၁)(၂)(၃)(၄)တို့၌သာ မေးရမည်။ (၌) နှင့် (ကို) အသုံး လွဲနေဟန်တူသည်။]

---

၉။ ။ ဂစ္ဆန္တံ ဂစ္ဆန္တံ–၌ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ ထင်စေလျက်အနက်

ဂစ္ဆန္တံ ဂစ္ဆန္တံ၊ သွားသော သွားသော (သဒ္ဒတ္ထ)။ ဝါ၊ ရှည်သောကာလသို့ ရောက်သော ရှည်သောကာလသို့ ရောက်သော (အဓိပ္ပာယတ္ထ)။

မှတ်ချက်။ ။ ယေ ဂတျတ္ထာ တေ ဗုဒ္ဓျတ္ထာ၊ ပဝတ္တိပါပုဏတ္ထကာ။ ဓာတွတ္ထသင်္ဂဟ (၂၀)ကို ထောက်က နောက်အနက်လည်း အဓိပ္ပာယန္တောဂတ သဒ္ဒတ္ထ ဖြစ်နိုင်သည်သာ။[ဤမေးခွန်း၌လည်း(၌)(ကို) အသုံးလွဲနေသည်။]

---

၁၀။ ။["ဗြာဟ္မဏော၊သောဏဒဏ္ဍာပုဏ္ဏားသည်"ဟု ဖော်။ ။ ဋ္ဌ၊ ၂၅၅။ ဋ္ဌသျ၊ ၂၊ ၃၇၀။ ဋ္ဌသျသစ်၊ ၂၊ ၄၄၅။]

---

http://www.dhammadownload.com



၁၉၇၉ (၁၃၄၀) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) အတ္ထိတွေဝ သဿတိသမတ္တိ တွေ သဿတိတိနိစ္စဝိဇ္ဇာမာနတာယ ပထဝိံ မညတိ၊ တထာ သိနေရုပဗ္ဗတစန္ဒိမသူရိယေ။

(ခ) တတော တေဟိ သမံ အတ္တာနံမညမာနာအတ္ထိတွေဝသဿတိ သမတ္တိ ဝဒန္တိ။

(ဂ)လ္လဒါနိ သဿတော အတ္တာ စ လောကော စာတိ အာဒိကာယ ပဠိညာယ သာဓနတ္ထံ ဟေတုံ ဒဿေန္တော "တံ ကိဿဟေတု အဟဉ္ဟိအာတပ္ပ မန္ဝာယာ" တိ အာဒိမာဟ။

၁။ ။ (ဂ)အမှတ်ပြပါဝါကျ၌ ပုဗ္ဗာနုသန္ဓေနှင့် အာဟ-၏ ကတ္တားစွက်၍ အနက်ပေးပါ။

၂။ ။ (ဂ)အမှတ်ပြပါဝါကျကို စောဒနာတက်ပြပါ။

၃။ ။ (ဂ)အမှတ်ပြပါဝါကျကို ရှုလျက် စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

၄။ ။ သိနေရု-ပုဒ်ကို ဝစနတ္ထပြ၍ ဝစနာဒိဆက္က ထုတ်ပြပါ။

၅။ ။ ဝိဇ္ဇမာနတာယ-၏ သမ္ဗန်ခံလျက် စာစပ်ပြီးလျှင် ဘာဝသမ္ဗန်၏ ပစ္စယတ္ထကိုလည်း ညွှန်ပြပါ။

၆။ ။(က)(ခ)ဝါကျတို့၌ အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာတို့ကို ပြဆိုပါ။

၇။ ။သဿတိသမံ-၌ သဿတိ-ပုဒ်၏ ရုပ်ပြီးပုံနှင့် နိရုတ္တိနည်းကို ဖော်ပြ၍ သဿတိသမံ-၌ ဖြစ်သင့်သော ဝိပလ္လာသနည်းကိုလည်း ဖော်ပြပါ။

၈။ ။ ဗုဒ္ဓါနဥ္စ စတ္တာရိ ဌာနာနိ ပတ္တာ ဂစ္ဆိတံ မဟတ္တံ ဟောတိ၊ ဤအံ အနုပဝိသတိ-၌ စတ္တာရိသရုပ်ကို ထုတ်ဆိုပါ။

၉။ ။ (က)အမှတ်ပြပါဝါကျလာ သံဝဏ္ဏနာပါဌ်တို့ကို ဝတ္တမျိုးလာ ဂါထာစီကုံး၍ ဂါထာအမည်ပေးပါ။

၁၀။ ။ (က)အမှတ်ပြပါဝါကျ၌ မညတိ-ကြိယာကို ရှုလျက် ဌာယီဘာဝ စသော အလင်္ကာနယ ထုတ်ပြပါ။

---

http://www.dhammadownload.com



## ၁၉၇၉ (၁၃၄၀) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။(ဂ)အမှတ်ပြဝါကျ ပုဗ္ဗာနုသန္ဓေနှင့်ကတ္တားစွက်၍အနက် (ဓဝံ၊ဤသို့။ဝါ၊ဤဆိုအပ်ပြီးသော နည်းဖြင့်။အတ္တနော စ၊ အတ္တ၏ လည်းကောင်း။လောကဿ စ၊ လောက၏လည်းကောင်း။သဿတဘာဝံ၊ မြဲသည်၏ အဖြစ်ကို။ဒဿေတွာ၊ပြပြီး၍။)လ္လာဒါနိ၊ယခုအခါ၌။သဿတော အတ္တာ စ လောကော စာတိ အာဒိကာယ၊ သဿတော စ အတ္တာ စ လောကော စ–ဤသို့ အစရှိသော။ ပဋိညာယ၊ပဋိညာဉ်ကို။သာနေတုံ၊ပြီးစေရခြင်းအကျိုးငှါ။ဟေတုံ၊အကြောင်းကို။ ဒဿေန္တော၊ ပြလိုသည်။(ဟုတွာ၊ဖြစ်၍။)အယံ ဒိဋ္ဌိဂတိကော၊ ဤသဿတအယူရှိသော ပုဂ္ဂိုလ်သည်။ တံ ကိဿ ဟေတု အဟဉ္စိ အာတပ္ပမန္ဝာယာတိ အာဒိ၊ တံ ကိဿ ဟေတု အဟဉ္စိ အာတပ္ပမန္ဝာယ–ဤသို့ အစရှိသော ပါဌ်ကို။ အာဟ၊ ဆို၏။ [ဋ္ဌ၊ ၉၈။ ဋ္ဌသျ၊ ၁၊ ၃၂၄။ ဋ္ဌသျသစ်၊ ၁၊ ၄၈၁။]

[ကတ္တား ထောက်ဖွယ်။ ။ ဟေတုံ ဒဿေန္တောတိ ယေသံ "သဿတော" တိ အတ္တာနဥ္စ လောကဥ္စ ပညပေတိ၊ တေသံ ဟေတုံ ဒဿေန္တော အယံ ဒိဋ္ဌိဂတိကော အာဟာတိ သမ္ဗန္ဓော။ (သီဋီသစ်၊ ၁၊ ၃၉၇။)

လ္လာဒါနိ–ရှိက အာဟ–ပစ္စုပ္ပန်။ ။ လ္လာဒါနိ အာဟ၊ ရှိလတ်က၊ အာဟ ပစ္စုပ္ပန်။ လ္လာဒါနိ–နောက်၊ တိတ်ဟောရောက်၊ ဟောမြော်က် ပစ္စုပ္ပန် ဆိုသည့်အတိုင်း လ္လာဒါနိ–နောက် အာဟ–ရောက်ရှိက အာဟ–ကို "၏"ဟု ပစ္စုပ္ပန် ပေးရသည်။ ၁၃၂၇–ခုနှစ် ပါရာဇိကထ်အဖြေ ပြန်ရှု။]

---

၂။ ။(ဂ)အမှတ်ပြဝါကျ ဆောဒနာတက် (ဒေါသာရောပနစောဒနာတက်)

အရှင်အဋ္ဌကထာဆရာ ဤသဿတမိစ္ဆာ အယူရှိသောပုဂ္ဂိုလ်သည် တံ ကိဿ ဟေတု အဟဉ္စိ အာတပ္ပမန္ဝာယ–အစရှိသောစကားကို ဆို၏(ဠပနာ)။ ဤဆိုအပ်ပြီးသောနည်းဖြင့် အတ္တ၏လည်းကောင်း,လောက၏လည်းကောင်း မြဲသည်၏အဖြစ်ကို ပြပြီးသည်မဟုတ်ပါလော(အာဘောဂ)။ယင်းသို့ပြပြီးလျက် အဘယ်ကိုပြလိုသည်ဖြစ်၍(တစ်နည်း)အဘယ်ကြောင့် တံ ကိဿ ဟေတု အဟဉ္စိ အာတပ္ပမန္ဝာယ–အစရှိသောစကားကို ဆိုပါသနည်း(စောဒနာ)။အကယ်၍ ပြပြီးပါလျက် တစ်ဖန်(ထပ်၍) ဆိုသည်ရှိသော် ထိုသဿတမိစ္ဆာအယူရှိသော ပုဂ္ဂိုလ်အား ပုနရုတ္တိဒေါသ ရောက်ရာ၏(ဒေါသ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောနေ့ာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကို မိန့်၏။

အဓိပ္ပာယ်ကား။ ။ ဤဆိုအပ်ပြီးသော နည်းဖြင့် အတ္တ၏လည်းကောင်း လောက၏လည်းကောင်း မြဲသည်၏ အဖြစ်ကို ပြပြီးသော်လည်း ယခုအခါ၌ သဿတော အတ္တာ စ လောကော စ–ဤသို့အစရှိသော ပဋိညာဉ်ကို ပြီးစေရခြင်းအကျိုးငှါ အကြောင်းကို ပြလိုသည်ဖြစ်၍(တစ်နည်း) ပြလိုသည်ဖြစ်သောကြောင့် တံ ကိဿ ဟေတု အဟဉ္စိ အာတပ္ပမန္ဝာယ–အစရှိသောစကားကို ဆိုသောကြောင့် သင်ထင် တိုင်းသော ပုနရုတ္တိဒေါသ ထိုသဿတမိစ္ဆာအယူရှိသောပုဂ္ဂိုလ်၌ မရောက်–ဟူလို။

http://www.dhammadownload.com



မှတ်ချက်။ ။ ဤစောဒနာတက်၌ အချို့ဆရာတို့က အာဘော်မသွင်း၊ အချို့ဆရာတို့ကား အာဘော်သွင်းကြ၏။ ယင်းနှစ်ဝါဒတွင် အာဘော်သွင်းသည့် ဝါဒသို့ လိုက်၍ တက်သည်။

[အနုသန္ဓေဝါကျ အာဘော်သွင်းနည်း။ ။ အနုသန္ဓေဝါကျတက် သောအခါ ပုဗ္ဗာနုသန္ဓေကို နန–တက်၍ ဓံ–ဖြုတ်ပြီး,သို့မဟုတ် ဓံ–ကို မဖြုတ်ဘဲ ဓံ–ကို"ဤဆိုအပ်ပြီးသော နည်းဖြင့်"ဟု ကရိဏ်းပေး၍ ဒသေတွာ–စသော တွာ–ပစ္စယန္တပုဒ်ကို ဒသေတိ–စသည်ဖြင့် အာချာတ်ကြိယာ ပြင်၍ သွင်းရသည်။ မြန်မာလို တက်ရာ၌ ယင်းကို မြန်မာပြန်၍ တက်ရသည်။ ဥပနာထားပုံစသည်ဖြင့် အပြည့်အစုံအကျယ်ကို ၁၃၁၅–ခုနှစ် ပါရာဇိကဏ် နံပါတ်(၂)အဖြေ၌ ရှုပါ။]

ကျက်။ ။ စကားနှစ်ရပ်၊ သန္ဓေစပ်က၊ ရှေ့ဋ္ဌာနကို၊ စောဒက အာဘော်၊ ဟိတ်ခတ်လျော်၊ ရှေ့ကျော်တဝ၊ နောက်ဋ္ဌာနကျန်၊ အာဟ–ကံမှာ၊ စောဒနာ၊ သေသာကြွင်းလတ်၊ အဖြေမှတ်။ (တွင်းကြီး။ ဗြ၃၄။)

အနုသန္ဓေဝါကျနှင့် ဒေါသ။ ။ ["အနုသန္ဓေပြ၊ ယင်းဝါကျ၊ ပုနရုတ္တိတင်"ဟု အနုသန္ဓေဝါကျ၌ ပုနရုတ္တိဒေါသတင်ရန်ဆိုသော ဆရာတို့အလိုသို့ လိုက်၍ ပုနရုတ္တိဒေါသတင်သည်။ တွင်းကြီးနိယံ၌ကား (အထက်ပါနိယံနှင့် ဆက်လျက်) "ယင်းသည့်ဋ္ဌာန၊ ဒေါသအဗျာ၊ တင်လေရာ (ဗြ၅)"ဟု ဆို၏။

ခက်လှ တက်ထွက်မှာ။ ။ ဤမေးခွန်းသည် "သာဘောဂစောဒနာ, ဒေါသာရောပနစောဒနာ"ဟု စောဒနာ ၂–မျိုး ယူသောဝါဒသို့ မလိုက်ဘဲ "ဒေါသ မပါလျှင် ပုစ္ဆာ၊ဒေါသပါလျှင် စောဒနာ"ဟု စောဒနာတစ်မျိုးတည်း ယူသော ဝါဒသို့ လိုက်၍ မေးသောမေးခွန်းဖြစ်သည်။"နာနာစရိယ၊နာနာဝါဒ၊များပြား လှ၊ ခက်စွ တက်, ထွက်မှာ"ဟု ရှေးဆရာကြီးများစပ်ဆိုငြီးတွားခဲ့ကြသည့်အတိုင်း နာနာ စရိယ နာနာဝါဒ များပြား၍ ခက်လှသောကြောင့် ဖြေဆိုသူများ တွေဝေမှု မဖြစ် အောင် နာနာစရိယ နာနာဝါဒများကို နှံ့စပ်အောင်လေ့လာ၍ သာဘောဂ စောဒနာ, ဒေါသာရောပနစောဒနာ စသည်ဖြင့် မေးလိုရာ စောဒနာအမည်ကိုဖော်၍ အတိအကျ မေးသင့်သည်။ မှန်၏–စောဒနာသည် သာဘောဂစောဒနာ, ဒေါသာ ရောပနစောဒနာ ၂–မျိုးသာမက ဂဏ္ဌာဘရဏအလိုအားဖြင့် အယုတ္တစောဒနာ, အာ ဘောဂစောဒနာ, ဗျတိရေကစောဒနာ, အန္ဓယစောဒနာ, လီနတ္ထရ စောဒနာများလည်း ရှိသေးလေရာ စောဒနာတက်သည် များလှဘိတောင်း။

အာဘော်လိုရင်း မဟုတ်။ ။ ဤ "ဒေါသမပါလျှင် ပုစ္ဆာ၊ ဒေါသပါလျှင် စောဒနာ"ဟု ယူသောဆရာတို့၏ စောဒနာတက်၌ အချို့က အာဘော်ပါ သွင်းသည်။ အချို့က အာဘော်မသွင်း။ဤစောဒနာတက်၌ ဒေါသတင်ရန်သာ လိုရင်းဖြစ်သည်။ အာဘော်လိုရင်းမဟုတ်သောကြောင့် အာဘော်မပါလည်း "မပြည့် စုံ"ဟု မဆိုသာ၊ အာဘော်ပါ ပါလျှင်လည်း "အပို"ဟု မဆိုသင့်၊ "သူ့ဝါဒနှင့်သူ"ဟုသာ မှတ်။ ဝါဒကွဲလျက်ရှိသောကြောင့် မှတ်ချက်ရေးလျှင် ပိုကောင်းသည်။ [အာဘော်မသွင်းဘဲ မှတ်ချက်ရေးသည့်အဖြေကို ၁၃၄၁–ခုနှစ် ပုစ္ဆာအဖြေ၌ ရှု။ အနုသန္ဓေဝါကျ ၌ အာဘော်သွင်းသည့်နည်းစနစ်ရှိသောကြောင့် နည်းစနစ်ရစေရန် ဤအတက်၌ အာဘော်ပါသွင်းတက်သည်။]

http://www.dhammadownload.com



၃။ ॥ ဓောဒကာဘောဂါဒိစတုက္က

(၁) နနု ဇဝံ အတ္တနော စ လောကဿ စ သဿတဘာဝံ ဒဿေတိ (ဓောဒကာဘောဂ)။

(၂) အထ ကသ္မာ (ဒိဋ္ဌိဂတိကော) "တံ ကိဿ ဟေတု အဟာဥ္ဍ အာတပ္ပမန္ဝာယာ"တိ အာဒိ မာဟ (ဓောဒနာ)။

(၃) နနု ဣဒါနိ သဿတော အတ္တာ စ လောကော စာတိ အာဒိကာယ ပဋိညာယ သာဓနတ္ထံ ဟေတုံ ဒဿေန္တော ဟောတိ (ပရိဟာရဘောဂ)။

(၄) တသ္မာ (ဒိဋ္ဌိဂတိကော) "တံ ကိဿ ဟေတု အဟာဥ္ဍ အာတပ္ပမန္ဝာယာ"တိ အာဒိမာဟ (ပရိဟာရ)။

[အနုသန္ဓေဝါကျ၌ ဓောဒကာဘောဂါဒိစတုက္က ထုတ်နည်း။ ။(၁) အနုသန္ဓေဝါကျ၌ ပုဗ္ဗာနုသန္ဓေကို ဇဝံ-ဖြုတ်ပြီး, နနု-တက်ကာ ဒဿေတွာ စသော တွာ-ပစ္စယန္တပုဒ်ကို ဒဿေတိ-စသည်ဖြင့် အာချာတ်ကြိယာပြင်၍ ဓောဒကာ ဘောဂလုပ်ရသည်။ [ဇဝံ-ကို ရှေးဆရာများ ဖြုတ်ကြသော်လည်း မဖြုတ်ဘဲလည်း ထားနိုင်သည်သာ။ သို့သော် ဇဝံ-ကို "ဤသို့"ဟု မပေးရ။ "ဤဆိုအပ် ပြီးသော နည်းဖြင့်"ဟု ပေးရမည်။ "ကရိထားပါဌ်သဘောပင်, သို့မဟုတ် ကရိထားပါဌ် အစား, သို့မဟုတ် ကရိထားပါဌ်"ဟု မှတ်။ ဤဓောဒကာဘောဂသည် ရှေးဓောဒနာ တက် အာဘော်နှင့် ပါဋ္ဌိမြန်မာသာ ကွာသည်။ အတူတူပင် ဖြစ်သည်။]

(၂) ပရာနုသန္ဓေရှိ အာဟ-ကြိယာနှင့် ယင်း၏ကံပုဒ်ကို အဖြေကြည့်၍ အထ ကသ္မာ, အထ ကိမတ္ထံစသည်ဖြင့် တပ်ပြီး ဟကတ္တားပါလျှင် ကတ္တားပါ ထည့်၍ ဓောဒနာထုတ်ရသည်။

(၃) ပရာနုသန္ဓေရှိ ကြွင်းစကားရပ်သည် ပရိဟာရဆရာ၏အဖြေဖြစ်၍ ယင်းစကားရပ်ကို နနု-တပ်ကာ ပြင်, ထည့်သင့်သည်ကို ပြင်, ထည့်၍ ပရိဟာရာ ဘောဂ လုပ်ရသည်။

(၄) ဓောဒနာစကားကိုပင် အထ ကသ္မာ-စသည်ကို ဖြုတ်၍ တသ္မာ- တပ်ပြီး ပရိဟာရ လုပ်ရသည်။

နည်းရလျှင် မခက်ပါ။ ထို့ကြောင့် "စာချတန်းအတွက် အခက်မတွေ့လိုလျှင် နည်းရမည့် နည်းပြဓမ္မာစရိယကျမ်းကို လေ့လာပါ"ဟု စာချစာသင်အရှင်တို့ စပ်ဆိုတိုက်တွန်းခြင်းခံရသော ဤနည်းပြဓမ္မာစရိယကျမ်းကို မမေ့သင့်။]

---

၄။ ॥ ဝစနတ္ထ

သိနာတိ သုစိံ ကရောတီတိ သိနေရု။ (မောဂ်၊ ၇၊ ၁၇၈။)

ဝစနာဒိဆက္က

(၁) သိနေရု-ဟူသော နိပ္ဖန္နသည် ဝစန။

(၂) သိနာတိ သုစိံ ကရောတိ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

(၃) စင်ကြယ်ခြင်းကို ပြုခြင်းကြိယာသကတ်သည် ဝစနဟေတု။

(၄) ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။

http://www.dhammadownload.com



(၅) မြင့်မိုရ်တောင်ဖြစ်သည် ဝစနီယ။

(၆) မေရု–စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

မှတ်ချက်။ ။ "သိနာတိ သောစေတိ ဒဝေတိ သိနေရု"ဟု အဘိဓာန်ဋီကာ (၂၆)၌ လာသည့်အတိုင်းလည်း ဝစနတ္ထပြုနိုင်ပါသည်။

---

၅။ ။ ဝိဇ္ဇမာနတာယ–၏ သမ္ဗန်

ဝိဇ္ဇမာနတာယ–ဟူသော ဟိတ်၏ သမ္ဗန်ကား (မဟာ)ပထဝီယာ–ဖြစ်ပါသည်။ [ပုဏ္ဏာ၌ မဟာ–မပါသော်လည်း စာအုပ်၌"မဟာပထဝီယာ"ဟု မဟာ–ပါရှိသည်။]

တစပ်။ ။ (မဟာ) ပထဝီယာ–ကား "၏"ဟူ၍ အနက်ပေးသောကြောင့် ဝိဇ္ဇမာနတာယ–ဝယ် တာ–ပစ္စည်း၌ သမ္ဗန်, သတ္တိမ်္ဘ၊ တာ–ပစ္စည်းကား သမ္ဗန္ဓိ,သတ္တိ။

မဟာပထဝီယာ–ကား "သည်" ဟူ၍ အနက်ပေးသောကြောင့် ဝိဇ္ဇမာနတာယ–ဝယ် ဝိဇ္ဇမာန–ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ ဝိဇ္ဇမာန–ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

ဘာဝသမ္ဗန်၏ပစ္စယတ္ထ။ ။ ဘာဝသမ္ဗန်၏ ပစ္စယတ္ထကား ကတ္တုတ္ထဖြစ်ပါသည်။

မှတ်ချက်။ ။ မဟာပထဝီယာ–ကို သမ္ဗန်ခံသည်မှာ ဣဝ–ကို အနက်မဲ့ယူပြီး"မဟာပထဝိ၊မြေကြီးကို၊သဿတီတိ၊ "သဿတိ" ဟူ၍၊မညတိ၊၏"ဟု အနက်ပေးသည့် သျှသစ်အလိုကျ ဖြစ်ပါသည်။အကယ်၍ ဣဝ–ကို အနက်ရှိယူပြီး "အတ္တဥ္စ၊အတ္တကိုလည်းကောင်း။လောကဥ္စ၊လောကကိုလည်းကောင်း။ မဟာ ပထဝိံ၊ မြေကြီးကိုကဲ့သို့၊မညတိ၊၏။"ဟု အတ္တ,လောကကိုထည့်၍ အနက်ပေးလျှင် "အတ္တနောစ လောကဿစ"ဟု သမ္ဗန်ခံရပါမည်။

[ဣဝ–အရေးပါပုံ။ ။ ဣဝ–ကို အနက်မဲ့ယူလျှင် မဟာပထဝိယာ၊ မြေကြီး၏၊ဝါ၊မြေကြီးသည်။နိစ္စံ၊အမြဲ။ဝိဇ္ဇမာနတာယ၊ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ မဟာပထဝိံ၊ကို။သဿတီတိ၊ "သဿတိ"ဟူ၍။မညတိ၊မှတ်ထင်၏။တထာ၊ ထို့အတူ။သိနေရုပဗ္ဗတစန္ဒိမသူရိယေ၊မြေကြီး,မြင့်မိုရ်တောင်,လ,နေတို့ကို။ ပဿတီတိ၊ ဟူ၍။ဝါ၊ဟူ၍။မညတိ၊၏။ဤသို့ အနက်ပေးရသည်။သဿတိ–၏အရ မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့ကို ရသည်။

ဣဝ–ကို အနက်ရှိ ယူလျှင် အတ္တနောစ၊ အတ္တ၏လည်းကောင်း။ဝါ၊ အတ္တသည်လည်းကောင်း။လောကဿစ၊လောက၏လည်းကောင်း၊ဝါ၊လောကသည်လည်းကောင်း။နိစ္စံ၊အမြဲ၊ဝိဇ္ဇမာနတာယ၊ကြောင့်။(အတ္တဥ္စ၊ အတ္တကိုလည်းကောင်း။ လောကဥ္စ၊လောကကိုလည်းကောင်း။)မဟာပထဝိံ ဝ၊ မြေကြီးကိုကဲ့သို့။ မညတိ၊ ၏။ တထာ၊ ထို့အတူ။(အတ္တဥ္စ၊ကောင်း။လောကဥ္စ၊ကောင်း။)သိနေရုစန္ဒိမသူရိယေ ဣဝ (ဣဝ–လိုက်)ကိုကဲ့သို့။ မညတိ၊ ၏။ ဤသို့ အတ္တဥ္စ လောကဥ္စ–ကို ထည့်၍ အနက်ပေးရမည်။ သဿတိ–၏အရ အတ္တ, လောကကိုရသည်။ ဣဝလေး–အတွက်ကြောင့် အနက်, အရကောက် ထူးခြားသွားသည်။ အနက်, အရကောက် ထူးခြားသွားသည်နှင့်အမျှ သမ္ဗန်ခံ, အာဘော်, ဘာဝလက္ခဏာရတို့ပါ ထူးသွားလေသည်။

http://www.dhammadownload.com



ဣမံ–အနက်မဲ့။ ။ အဋ္ဌကထာ၌ "မဟာပထဝိံ ဝ"ဟု ဣမံ–နှင့် ရှိသည်။ သျှ, သျှသစ်, ဂဏ္ဌိတို့၌ မဟာပထဝိံပါဠ်ကိုသာ အနက်ပေးကြသည်။ ဣမံ–ကို မပေးကြ။ ဋီကာဆရာတို့သည်လည်း ဣမံ–အတွက် အထူးမဖွင့်ကြ။ ထို့ကြောင့် "မဟာပထဝိံ"ဟုသာ ရှေးကရှိတန်ရာ၏။ သို့မဟုတ် ဣမံ–ကို အနက်မဲ့သော်လည်း ယူကြတန်ရာ၏။ မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့ကို သဿတိ–၏အရ ဋီကာသစ် ဖွင့်သည်ကိုထောက်သော် ဣမံ–မပါမှ, သို့မဟုတ် ဣမံ–ကို အနက်မဲ့ယူမှ ယင်းတို့ကို ရသောကြောင့် ဣမံ–မပါမှ, သို့မဟုတ် ဣမံ–ကို အနက်မဲ့ ယူမှကောင်းသည်။

မှန်၏–ဋီကာသစ် (၁၊ ၃၉၇)၌ "သဗ္ဗဒါ သဏ္ဌိ ပဝတ္တနတ္ထိတိ သဿတိယော။ ပထဝီသိနေရုစန္ဒိမသူရိယာ။ သဿတီတိ သမံ သဒိသံတထာ၊ ဘာဝနပုံ သကာဝစနန္တေတံ၊ အတ္တာစ လောကောစာတိ ကတ္တု အဓိကာရော။ သဿတိ သမန္တိဝါ လိင်္ဂဗျတ္တယေန ကတ္တုနိဒ္ဒေသော၊ သဿတိသမော အတ္တာစ လောကောစ အတ္ထိဝေါတိ အတ္ထော"ဟု သဿတိ–၏အရ မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့ကို ဖွင့်သည်။ သဿတိသမ–၏ကတ္တား, သဿတိသမ–၏ ဝိသေသျ (သဿတိသမ–၏အရ) အတ္တ, လောကကို ဖွင့်သည်။

ထို့ပြင် (က)အမှတ်ပြဝါကျဖြင့် သဿတိ (မြေကြီး, မြင့်မိုရ်တောင်, လ, နေ–ကို အဋ္ဌကထာဖွင့်သည်။ (ခ)အမှတ်ပြဝါကျဖြင့် သဿတိသမ (အတ္တ,လောက)ကို အဋ္ဌကထာဖွင့်သည်ကို ထောက်၍လည်း သဿတိ–၏ အရ မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့ကို ယူသင့်သည်မှာ ထင်ရှားပါ၏။

အမြဲထင်ရှားရှိသောကြောင့် မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့ကို "သဿတိ မြဲ၏"ဟူ၍ မှတ်ထင်သည်။ မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့ကို "သဿတိ–မြဲ၏" ဟူ၍ မှတ်ထင်ခြင်းကြောင့် ထို "မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့နှင့် တူ၏"ဟူ၍ အတ္တကို မှတ်ထင်ကြသည်။ "မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့နှင့် တူ၏"ဟူ၍ အတ္တကို မှတ်ထင်ကြသောကြောင့် အတ္တကို "သဿတိ သမံ"ဟူ၍ ဆိုကြသည်။ ဤသို့ ၂–ဝါကျ အဓိပ္ပာယ်မှတ်ပါ။

ယင်းသို့ သဿတိ–၏အရ မြေကြီး,မြင့်မိုရ်တောင်,လ,နေတို့ကို ယူသင့်, ယူထိုက်,ယူရမည်ဖြစ်သောကြောင့် ဣမံ–ကို အနက်မဲ့ယူသောရှေ့နည်း အလိုကျသာ အဖြေရေးသားမည်။သျှသစ်ဆရာလည်း ရှေးနည်းအတိုင်းသာ ပေးထားသည်။]

---

၆။ ။ (က)(ခ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ နိစ္စံ–ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သဿတိ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ နိစ္စအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။နာမလိင်္ဂတ္ထသံဝဏ္ဏနာ,သဒ္ဒါပဟာအဘိဓေယျတ္ထသံဝဏ္ဏနာ။

မဟာပထဝိံ သိနေရုပဗ္ဗတစန္ဒိမသူရိယေ–ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သဿတိ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အရ မြေကြီး,မြင့်မိုရ်တောင်,လ,နေတို့ကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာသိစေပါသည်။သရုပ်ကြားအဘိဓေယျတ္ထ သံဝဏ္ဏနာ။

http://www.dhammadownload.com



သဿတိတိ နိစ္စံ ဝိဇ္ဇမာနတာယ မဟာပထဝိံ မညတိ၊တထာ သိနေရု ပဗ္ဗတစန္ဒိမသူရိယေ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အမြဲထင်ရှားရှိသည်၏အဖြစ်ကြောင့် မြေကြီး,မြင့်မိုရ်တောင်,လ,နေတို့ကို "သဿတိ"ဟူ၍ မှတ်ထင်သည်၏အဖြစ်ကို အဋ္ဌကထာဆရာသိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

(ခ)အမှတ်ပြဝါကျရှိ တေဟိသမံ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သဿတိ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ တတိယာတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်, ယင်း တတိယာတပ္ပုရိသ်သမာသ်ပုဒ်၏ သဟာဒိယောဂအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာသိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) သဿတိ သမံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "သဿတိတိ သမံ သဿတိသမံ"ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

တတော တေဟိ သမံ အတ္တာနံ မညမာနာ အတ္ထိတွေဝ သဿတိ သမန္တိ ဝဒန္တိ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့ကို "သဿတိ–မြဲ၏"ဟူ၍ မှတ်ထင်ခြင်းကြောင့် ထို "မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့,ကိုနှင့်တူ၏" ဟူ၍ အတ္တကို မှတ်ထင်ကြကုန်သည်ဖြစ်၍ (ဝါ)မှတ်ထင်ကြကုန်သောကြောင့် "အတ္ထိတွေဝ သဿတိသမံ"ဟူ၍ ဆိုကြသည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေ ပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ဤအာဘော်မှာ ဣဝ–ကို အနက်မဲ့ယူပြီး၊ "မဟာပထဝိံ၊ ကို။သဿတိတိ၊၍။မညတိ၊၏။" သိနေရုပဗ္ဗတစန္ဒိမသူရိယေ၊ တို့ကို။ သဿတိတိ၊ ၍။မညတိ၊၏ "ဟု အနက်ပေးသော သျှသစ်အလိုကျဖော်သည့် အာဘော်ဖြစ်သည်။ အကယ်၍ ဣဝ–ကို အနက်မဲ့ယူပြီး "အတ္တဥ္စ၊ကောင်း။လောကဥ္စ၊ကောင်း။ မဟာပထဝိံဝ၊ကိုကဲ့သို့။မညတိ၊၏။အတ္တဥ္စ၊ကောင်း။လောကဥ္စ၊ကောင်း။သိနေရု ပဗ္ဗတစန္ဒိမသူရိယေ ဣဝ၊တို့ကိုကဲ့သို့။မညတိ၊၏"ဟု အနက်ပေးလျှင် အာဘော်ပြင်၍ ဖော်ရပါမည်။

---

၇။ ။ သဿတိ–ပုဒ် ရုပ်ပြီးပုံ

သဿတိ–၌ သရ–ဓာတ်, တိ–ပစ္စည်း၊ ရ–ကို သ–ပြု, သ–ဒွေဘော်လာ၍ "သဿတိ"ဟု ပြီးပါသည်။

ပါဝင်သော နိရုတ္တိနည်း။ ။ ပါဝင်သော နိရုတ္တိနည်းကား ဝဏ္ဏဝိကာရ, ဝဏ္ဏာဂမနိရုတ္တိနည်းများ ဖြစ်ပါသည်။

[ထောက်ဖွယ်။ ။ သဗ္ဗဒါ သရန္တိ ပဝတ္တန္တီတိ သဿတိယော၊ ရ–ကာရဿ သ–ကာရံ, ဒွိဘာဝဥ္စ ကတွာ။ (သီဋီသစ်၊ ၁၊ ၃၉၇။)]

တစ်နည်း ရုပ်ပြီးပုံ။ ။ (တစ်နည်း) သဒါ–သဒ္ဒူပပဒ သရ–ဓာတ်, တိ–ပစ္စည်း၊ သဒါ–ကို သ–ပြု, ရ–ကို သ–ပြု၍ "သဿတိ"ဟု ပြီးပါသည်။

ပါဝင်သောနိရုတ္တိနည်း။ ။ ပါဝင်သော နိရုတ္တိနည်းကား ဝဏ္ဏဝိကာရ နိရုတ္တိနည်း ဖြစ်ပါသည်။

http://www.dhammadownload.com



[ထောက်ဖွယ်။ ။ သဒါ သရန္တိ ဂစ္ဆန္တီတိ သဿတိ ။ သရ ဂတိယံ၊ တိ။ သဒါ–သဒ္ဒဿ သော။ (သူစိ၊ ၅၅၀။)

အဘိဓာန်ဋီကာ(၁၈၉)–၌ "သဗ္ဗဒါ သရန္တိ ဂစ္ဆန္တီတိ သဿတိယော၊သရ ဂတိယံ၊သရ–သဒ္ဒဿ သော၊တိ"ဟု ရှိသည်။ပါဠိ၌ ချွတ်ယွင်းနေဟန်ရှိသည်]

သဿတိသမ–၌ ရသင့်သော ဝိပလ္လာသနည်း။ ။ သဿတိသမံ–၌ "သဿတိသမော"ဟု ဆိုအပ်သော ပုလ္လိင်ကို နပုလ္လိင်အားဖြင့် "သဿတိ သမံ"ဟု ပြန်နေသောကြောင့် လိင်္ဂဝိပလ္လာသနည်း ရသင့်ပါသည်။

[ထောက်ဖွယ်။ ။ သဿတိသမန္တိ ဝါ လိင်္ဂဗျတ္တယေန ကတ္တုနိဒ္ဒေသော။ သဿတိသမော အတ္တာ စ လောကော စ အတ္ထိ ဇဝါတိ အတ္ထော။(သီဋီသစ်၊၃၉၇)]

---

၈။ ။ စတ္တာရိ–၏ သရုပ်

ဗုဒ္ဓါနဥ္စ စတ္တာရိ ဌာနာနိ ပတ္တာ ဂဇ္ဇိတံ မဟန္တံ ဟောတိ၊ ဤဏာ အနုပဝိသတိ–၌ စတ္တာရိသရုပ်မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ဝိနယပညတ္တိ–ဝိနည်းကို ပညတ်ခြင်း။

(၂) ဘူမန္တရ–တရားတို့၏ဖြစ်ရာ အနိုက်အတံ့အထူး, အရပ်အထူး (ဘုံအထူး)။

(၃) ပစ္စယာကာရ–ဟေတု စသော ပစ္စည်းတို့၏ ကျေးဇူးပြုပုံ အချင်း အရာရှိသော ပဋိစ္စသမုပ္ပါဒ် (ပဋိစ္စသမုပ္ပါဒ်)။

(၄) သမယန္တရ–မိစ္ဆာအယူအမျိုးအမျိုး (တစ်နည်း) ဗုဒ္ဓအယူမှ တစ်ပါးသော မိစ္ဆာအယူ (မိစ္ဆာအယူ)။ [လက်သည်းကွင်းအတွင်း စာမှာ လိုရင်း အတိုကောက် ဖြစ်သည်။]

[ကြိုးဝါးရာဌာန ၄–ပါး။ ။ ဤ ၄–ပါးသို့ ရောက်လျှင် ဘုရားရှင်တို့ ကြုံးဝါးတော်မူသောကြောင့် ဤ ၄–ပါးကို "ဘုရားရှင်တို့ ကြုံးဝါးရာဌာန ၄–ပါး၊ ဘုရားရှင်တို့ ကြုံးဝါးခြင်း၏အကြောင်း ၄–ပါး"ဟု ခေါ်သည်။ (ဋ္ဌ၊ ၄၉။ သီဋီသစ်၊ ၁၊ ၃၈၆။)]

---

၉။ ။ ဂါထာစီနှင့် ဂါထာအမည်

နိစ္စံ ဝိဇ္ဇမာနတာယ၊ သဿတီတိ စ မညတိ။

ပထဝီ တထာ သိနေရု၊ ပဗ္ဗတစန္ဒသူရိယော။

ဤဂါထာသည် ဥဘယ ရ–ကာရ ဝိပုလဂါထာ ဖြစ်ပါသည်။

မှတ်ချက်။ ။ မဟာပထဝိံ–၌ ဣံ–ကို အနက်မဲ့ယူ၍လည်းကောင်း, သဿတိတိ–ကို "သဿတိ"ဟူ၍ လည်းကောင်း အနက်ပေးသော သျှသစ်အလိုကျ စီသည့် ဂါထာဖြစ်သည်။ စ–ကား ပါဒပူရဏမတ္တ။

---

၁၀။ ။ ဘာဝါလက်ာရ

(၁)မညတိ–ကြိယာ၏အရ "မြေကြီး,မြင့်မိုရ်တောင်,လ,နေတို့ကို မြဲ၏" ဟူ၍ မှတ်ထင်သော သဿတမိစ္ဆာ အယူရှိသောပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ပီတိနှင့်တကွ ဒိဋ္ဌိ (သပ္ပီတိကဒိဋ္ဌိ) ပြဆန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ။

http://www.dhammadownload.com



(၂) မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့သည် အာရမ္မဏဝိဘာဝ။

(၃) မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့၏ အမြဲထင်ရှားရှိခြင်းသည် ဥဒ္ဒိပနဝိဘာဝ။

(၄) အတ္တကို "မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့နှင့် "တူ၏"ဟူ၍ မှတ်ထင်ကြခြင်း, ထိုသို့မှတ်ထင်ကြကုန်သည်ဖြစ်၍ "အတ္ထိတွေဝ သဿတိသမံ"ဟူ၍ ပြောဆိုကြခြင်းသည် အနုဘာဝ။

မှတ်ချက်။ ။ ဤဘာဝါလင်္ကာရမှာ ဣဝ-ကို အနက်မဲ့ယူပြီး "မဟာပထဝီ၊ကို။သဿတိတိ၊ဟူ၍။မညတိ၊၏ ။သိနေရုပဗ္ဗတစန္ဒိမသူရိယေ၊တို့ကို။ သဿတိတိ၊ဟူ၍။မညတိ၊ ၏" ဟု အနက်ပေးသော သျှသစ်အလိုကျ ထုတ်သည့် ဘာဝါလင်္ကာရ ဖြစ်သည်။အကယ်၍ ဣဝ-ကို အနက်ရှိယူပြီး "အတ္တာဥ၊ ကောင်း၊ လောကဥ၊ကောင်း။မဟာပထဝီဝ၊ ကိုကဲ့သို့။မညတိ၊၏ အတ္တာဥ၊ကောင်း လောကဥ၊ ကောင်း။သိနေရုပဗ္ဗတစန္ဒိမသူရိယေ ဣဝ၊တို့ကိုကဲ့သို့။မညတိ၊၏"ဟု အတ္တလောကကို ထည့်၍ အနက်ပေးလျှင် အတ္တ,လောကကို အာရမ္မဏဝိဘာဝ ထုတ်ရပါမည်။ ဌာယီဘာဝ,ဥဒ္ဒိပနဝိဘာဝ,အနုဘာဝတို့ကိုလည်း ပြင်ထုတ်ရပါမည်။

[ထောက်ဖွယ်။ ။ ဉာဏဉ္စ အာရမ္မဏံ ယထာသဘာဝတော ဇာနာတိ၊ ဒိဋ္ဌိ ယထာသဘာဝံ ဝိဇဟိတွာ အယထာဝတော ဂဏှာတိ အယမေတေသံ ဝိသေသော။ အဘိဓမ္မတ္ထဝိဘာဝိနီ။(၅၁)ကို ထောက်၍ မညတိ-၏ အရံ ဒိဋ္ဌိကို ကောက်သည်]

---

## ၁၉၈၀ (၁၃၄၁) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ-၌ အတ္တမနာ-ကို သဒ္ဒတ္ထ,ဝေါဟာရတ္ထ ထင်စေ၍လည်းကောင်း,အဘိနန္ဒုန္တိ-၌ ဣတိ-သဒ္ဒါတစ်လုံး အကြေကြံ၍ တစ်လုံးကို အာကာရ, နိဒဿန,အဝဓာရဏဇောတကတ္ထ, တစ်လုံးကို ပရိသမာပနတ္ထ ထင်ရှားစေ၍လည်းကောင်း အနက်ယောဇနာပါ။

၂။ ။ တဿ ဧဝံ ဇာနတော ဧဝံ ပဿတော ကာမာသဝါပိ စိတ္တံ ဝိမုစ္စတိ-၌ ဖြစ်သင့်သော ဟိတ်ပါဌ်ကို ဆောင်၍ အနက်ယောဇနာပါ။

၃။ ။ ဧဝံ ဝုတ္တေရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဘဂဝန္တံ ဧတဒဝေါစ "အဘိက္ကန္တံ ဘန္တေ အဘိက္ကန္တံ ဘန္တေ"၌ အနိယမ, နိယမဝါကျ ထင်ရှားစေ၍ အဘိက္ကန္တံ-ပုဒ်ကို လိင်္ဂဝိပလ္လာသပြု၍ အနက်ယောဇနာပါ။

၄။ ။ အပိနုဿ ဣတ္ထိသံ အာဝဋ္ဋ ဝါ အဿ အနာဝဋ္ဋ ဝါတိ၊အနာဝဋ္ဋ ဟိဿ ဘော ဂေါတမ-၌ သမ္ဗန္ဓာမ်ပုဒ်များ၏အစွဲ မလွဲအောင် အနက်ယောဇနာပါ။

http://www.dhammadownload.com



၅။ ။ အပိစ ပုဗ္ဗေနိဝါသာဒီဟိ ဇာနတာ၊ ဒိဗ္ဗေန စက္ခုနာ ပဿတာ၊ တီဟိ ဝိဇ္ဇာဟိ ဆဟိ ဝါ ပန အဘိညာဟိ ဇာနတာ၊ သဗ္ဗတ္ထ အပ္ပဋိဟတေန သမန္တစက္ခုနာ ပဿတာ–၌ ပုဗ္ဗေနိဝါသာဒီဟိ–ဝယ် အာဒိ အရ, သဗ္ဗတ္ထ အရ, သမန္တစက္ခု အရ အဘိဓေယျတ္ထ ထင်ရှားအောင် အနက်ယောဇနာပါ။

၆။ ။ လုဒ္ဒေါ အတ္ထံ န ဇာနာတိ၊လုဒ္ဒေါ ဓမ္မံ န ပဿတိ။

အန္ဓတမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ–၌ "အနိယမ ဟူလတ်က နိယမအကြောင်းသာ"ဟူသော နိယံအရကြောင်း, ကျိုး ထင်ရှားအောင် အနက်ယောဇနာပါ။

၇။ ။ ယသ္မာ ပန တာယ ဣမေ ဥပ္ပန္နသညာယ တေသံ တတ္ထ စုတိ ပညာ ယတိ၊ တသ္မာ "သညုပ္ပါဒါ စ ပန တေ ဒေဝါ တမှာ ကာယာ ဝစန္တိ"တိ ဝုတ္တံ–၌ သဗ္ဗနာမ်ပုဒ်တို့၏အနက် မလွဲအောင် ယောဇနာပါ။

၈။ ။ ဣဓပန နေတ္တိသဒ္ဒိသတာယ ဘဝတဏှာ နေတ္တီတိ အဓိပ္ပေတာ။ သာ ဟိ မဟာဇနံ ဂီဝါယ ဗန္ဓိတွာ တံ တံ ဘဝံ နေတိ ဥပနေတီတိ ဘဝနေတ္တိ၌ ဟိတ်၏သမ္ဗန်ကို ခံ၍ ဟိ–သဒ္ဒါ၏ဇောတကတ္ထ ထင်ရှားအောင် အနက်ယောဇနာပါ။

၉။ ။ ကိမေတန္တိ စ ဝုတ္တေ န ကိဉ္စီတိ ဝဒတိ။ တေနဿ အမနာပါ နိဒ္ဒါ။ ဣတိ နိဒ္ဒါဝိနောဒနတ္ထံ နိသိန္နော–၌ ဖြစ်သင့်သော ပါဌ်သေသတို့ကို ထည့်စွက်၍ အနက်ယောဇနာပါ။

၁၀။ ။ အရိယာ ပန ဗာဟိတပါပတ္တာ ဗြာဟ္မဏာတိ ဝုစ္စန္တိ–၌ သမ္ဗန်နှင့် ကတ္တားပါဌ်ကို ဆောင်၍ အနက် ယောဇနာပါ။

---

## ၁၉၈၀ (၁၃၄၁) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ အတ္တမနာ–၌ သဒ္ဒတ္ထ, ဝေါဟာရတ္ထ (အဓိပ္ပာယတ္ထ) ထင်စေလျက် အနက်

တေ ဘိက္ခူ၊ ထိုတရားတော်ကို နာခံကြကုန်သော ရဟန်းတို့သည်(အတ္တမနာ၊မိမိစိတ်ရှိကြကုန်သည်(သဒ္ဒတ္ထ)။ဝါ၊နှစ်သက်ဝမ်းသာကြကုန်သည်။ (ဝေါဟာရတ္ထ)(ဟုတွာ၊ဖြစ်ကုန်၍။)ဘဂဝတော၊မြတ်စွာဘုရား၏။ဘာသိတံ၊ ဟောတော်မူအပ်သော တရားစကားကို။အဘိနန္ဒုံ၊ဝမ်းမြောက်နှစ်သက် ရွှင်အားတက်လျက် လက်ခံသိမ်းပိုက်ကြကုန်ပြီ။ဣတိ၊တစ်ခုသော အချင်းအရာဖြင့် (အာကာရတ္ထ)။ ဝါ၊ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် [ဣတိ၊ဤသို့၊ဝါ၊ဤဆိုအပ်ပြီးသော နည်းဖြင့်။

http://www.dhammadownload.com



ကောင်းသည်။] (နိဒဿနတ္ထ)။ ဝါ၊ ဘုရားဟောတော်မူတိုင်းသာလျှင် (အာဓာရ ထတ္ထ)။ သုတံ၊ ကြားနာမှတ်သားရပါပြီ။ ဝါ၊ ကြားနာမှတ်သားရခြင်းသည်၊ အဟောသိ၊ ဖြစ်ပါပြီ။ [ ဧဝံမေ သုတံ-၌ သုတံသို့ ပြန်လှည့်တတ်။] ဣတိ၊ ဗြဟ္မဇာလသုတ်အပြီးတည်း။ ဝါ၊ တရားပွဲအပြီးတည်း။ ။ [သျှသစ်ကို ကြည့်မေး သည်ဖြစ်၍ သျှသစ်အတိုင်းလည်း ယောဇနာနိုင်သည်။ ။ ပါ၊ ၄၃။ ပါသျှ၊ ၁၀၄။ ပါသျှသစ်၊ ၁၆၄။]

[ထောက်ဖွယ်။ ။ တေ ဘိက္ခူ အတ္တမနာ သကမနာ၊ ဗုဒ္ဓဂတာယ ပီတိယာ ဥဒဂ္ဂစိတ္တာ ဟုတွာတိ ဝုတ္တံဟောတိ။ (ဋ္ဌ၊ ၁၁၉။) သကမနာ-ကို ထောက်၍ သဒ္ဒတ္ထ ယောဇနာသည်။]

အဓိပ္ပာယတ္ထ။ ။ အဓိပ္ပာယတ္ထ ယောဇနာလိုလျှင် နောက်အဖွင့်ကို ထောက်၍ "မြတ်စွာဘုရား၌ဖြစ်သော ပီတိဖြင့် တက်ကြွသော စိတ်ရှိကုန်သည်"ဟု ယောဇနာ။ [၁၃၃၉ (၁၉၇၇)ခုနှစ်က ဧဝံ-ကို ၃-နည်း ယောဇနာခဲ့သည်။ ယင်းကို မှီး၍ ဣတိ-ကို ၃-နည်း ယောဇနာသည်။]

---

၂။ ။ ဟိတ်ပါဌ် ဆောင်၍ အနက်

ဧဝံ၊ ဤသို့။ဇာနတော၊သိထသော။ဧဝံ၊ဤသို့ ပဿတော၊မြင်ထသော။ တဿ ဘိက္ခုနော၊ထိုရဟန်း၏၊စိတ္တံ၊စိတ်သည်။ (ဧဝံ၊ဤသို့။ဇာနတော။ သိခြင်းကြောင့်။ဧဝံ၊ဤသို့။ပဿတော၊မြင်ခြင်းကြောင့်။)ကာမာသဝါပိ၊ ကာမာသဝမှလည်း။ဝိမုစ္စတိ၊လွတ်၏။[ပါ၊၇၉။ပါသျှ၊၁၈၂။ပါသျှသစ်၊ ၂၈၉]

[ထောက်ဖွယ်။ ။ တဿ ဧဝံ ဇာနတော ဧဝံ ပဿတော တိ တဿ ဘိက္ခုနော ဧဝံ ဇာနန္တဿ ဧဝံ ပဿန္တဿ။ (ဋ္ဌ၊ ၂၀၁။) အယံ အဋ္ဌကထာမုတ္တကော နယော-ဇာနတော ပဿတောတိ စ ဟေတု နိဒ္ဒေသော၊ ဇာနနဟေတု ပဿနဟေတု ကာမာသဝါပိ စိတ္တံ ဝိမုစ္စတီတိ အာဒိနာ ယောဇနာ။ (သီဋီသစ်၊ ၂၊ ၁၅၇။)

တစ်နည်းဖွင့်ခြင်းသာ။ ။ ဋီကာသစ် ဖွင့်သည်မှာ ဟိတ်ပါဌ် ထည့်ရန် မဟုတ်။ အဋ္ဌကကထာနည်းမှ တစ်နည်းဖွင့်ပြခြင်းသာ။ အဋ္ဌကထာအလို ဇာနသော, ပဿတော-တို့၌ ကတ္တားအနက်၌ အန္တ-ပစ္စည်း၊ တော-သည် ဆဋ္ဌီ သဝိဘတ်နှင့်တကွသော အန္တ-၏ ကာရိယတည်း။ တဿ-နှင့်အရတူ၍ တဿ ၌စပ်သည်။ ဋီကာအလို ဘာဝအနက်၌ အ-ပစ္စည်း၊ ဟိတ်အနက်၌ တော ပစ္စည်းတည်း။ ဝိမုစ္စတိ-၌ စပ်သည်။]

---

၃။ ။ အဘိဏ္ဍတ္တံ-ကို လိင်္ဂဝိပလ္လာသပြု၍ အနက်

ဧဝံ၊ဤသို့။(ဘဂဝတာ၊သည်။သာမညဖလေ၊ရဟန်း၏အကျိုးကို။) ဝုတ္တေ၊ ဟောတော်မူအပ်သည်ရှိသော်။မာဂဓော၊မာဂဓတိုင်းကို အစိုးရထသော။ဝေဒေဟိပုတ္တော၊ ဝေဒေဟိမိဖုရား၏ သားဖြစ်ထသော။ အဇာတသတ္တု၊ အဇာတသတ် အမည်ရှိသော။ ရာဇာ၊ မင်းသည်။ ဘဂဝန္တံ၊ ကို။ ဧတံ၀စနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။(ကိံ၊ အဘယ်သို့။ အဝေါစ။လျှောက်ပြီးသနည်း။) ဘန္တေ၊ မြတ်စွာဘုရား။

http://www.dhammadownload.com



(ဘဂဝတော၊မြတ်စွာဘုရား၏၊ယဒိဒံ-ယာ အယံ ဓမ္မဒေသနာ၊ အကြင်တရား ဒေသနာတော်သည်၊အတ္ထိ၊ရှိ၏၊သာ ဓမ္မဒေသနာ၊ ထိုတရားတော်ကို၊ ဝါ၊ သည်) အဘိက္ကန္တံ-အဘိက္ကန္တာ၊အလွန်နှစ်သက်အပ်ပါပေစွ၊ဝါ၊အလွန်ကောင်းပါပေစွ။ ဘန္တေ၊ မြတ်စွာဘုရား၊(ဘဂဝတော၊ ၏၊ ဓမ္မဒေသနံ၊ သို့၊ ဝါ၊ ကို၊ အာဂမ္မ၊ ရှေးရှုရောက် ၍၊ ဝါ၊စွဲ၍၊မမ၊အကျွန်ုပ်အား၊ဝါ၊၏၊ယဒိဒံ-ယော အယံ ပသာဒေါ၊ အကြင်ကြည်ညိုခြင်းသည်၊ အတ္ထိ၊ ရှိ၏၊ သောပသာဒေါ၊ ထိုကြည်ညိုခြင်းကို၊ ဝါ၊၏၊သည်၊)အဘိက္ကန္တံ-အဘိက္ကန္တော၊အလွန်နှစ်သက်အပ်ပါပေစွ၊ ဝါ၊ အလွန်ကောင်း ပါပေစွ၊(က္ကတိ၊ ဤသို့၊ အဝေါစ၊ လျှောက်ပြီးသတည်း၊) [ပါ၊၈၀၊ပါသျှ၊ ၁၈၅၊ပါသျှ၊ ၂၉၀၊ဋ္ဌ၊ ၂၀၄၊ဋ္ဌသျှသစ်၊ ၂၊ ၂၇၀-လည်းရှု။]

[ထောက်ဖွယ်။ ။ အဘိက္ကန္တံ ဘန္တေ ယဒိဒံ ဘဂဝတော ဒေသနာ၊ အဘိက္ကန္တံ ယဒိဒံ ဘဂဝတော ဓမ္မဒေသနံ အာဂမ္မ မမ ပသာဒေါတိ။ (ဋ္ဌ၊ ၂၀၄။) အဘိက္ကန္တံ ဝုတ္တာသ ဝါ အတ္ထမတ္တဒဿနံ ဧတံ၊ တသ္မာ အတ္ထဝသေန လိင်္ဂဝိဘတ္တိ ဝိပရိဏာမော ဝေဒိတဗ္ဗော။ (သီဋီသစ်၊ ၂၊ ၁၆၇။)

သောပေးရသည့်နေရာနှင့် ထသောပေးရသည့်နေရာ အထူး။ ။ ဝိသေသနပုဒ် အများရှိရာ၌ ရှေးရှေးဝိသေသနပုဒ်ကို "ထသော"ဟု သမ္ဗန်ရမည်။ ဝိသေသျပုဒ်၏ရှေ့၌ ကပ်လျက်ရှိသော နောက်ဆုံးဝိသေသန ပုဒ်နှင့် တစ်ပုဒ်တည်းရှိသော ဝိသေသနပုဒ်ကို "သော"ဟု သမ္ဗန်ရမည်။ (မောင်းထောင်နည်း)

ကျက်။ ။ ဝိသေသန၊ အနေကတွင်၊ ပုဗ္ဗပုဗ္ဗာ၊ ပုဒ်မှာ ထသော။
နှောစွက်ထည့်လော့ာက်၊ နောက်အဆုံးမ၊ ဆုံးပဒနှင့်။
ဧကကမှာ၊ သော-ချည်းသာ၊ မှန်စွာ သမ္ဗန်မြဲ။]

---

၄။ ။ [အပိနဿ, ဟိဿ-တို့၌ အဿ-ဖြင့် ခတ္တိယပုတ္တဿ-ကိုစွဲ။ အပိနဿာတိ အပိန အဿ ခတ္တိယပုတ္တဿ။ (ဋ္ဌ၊ ၂၃၈။)ကိုထောက်။ ။ ပါ၊ ၉၁။ ပါသျှ၊ ၂၂၃။ပါသျှသစ်၊၃၂၉။၁၃၂၈-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၅။ ။ သမန္တစက္ခု-အရ အဘိဓေယျတ္ထ ထင်ရှားအောင် အနက်

["ပုဗ္ဗေနိဝါသာဒီဟီတိ ပုဗ္ဗေနိဝါသာသဝက္ခယဉာဏေဟိ"ဟု (သီဋီ၊ ၁၊ ၅၃။ သီဋီသစ်၊ ၁၊ ၁၉၉။)တို့ ဖွင့်သည်ကို ထောက်၍ "ပုဗ္ဗေနိဝါသာဒီဟိ၊ ပုဗ္ဗေနိဝါသဉာဏ်, အာသဝက္ခယဉာဏ်တို့ဖြင့်"ဟုလည်းကောင်း, ရှေ့နည်း၌ "သဗ္ဗဉေယျဓမ္မ ပဿတာ"ဟု အဋ္ဌကထာရှိသည်ကိုထောက်၍ "သဗ္ဗတ္ထ၊ အလုံးစုံသောဉေယျ တရား၌"ဟုလည်းကောင်း, [သျှသစ်၌တစ်နည်း ယောဇနာသေးသည်။] "အနာဝရဏဉာဏ သင်္ခါတေန သမန္တစက္ခုနာ ပဿတာ"ဟု ဋီကာသစ် ဖွင့်သည်ကို ထောက်၍ "သမန္တစက္ခုနာ" သမန္တစက္ခုဟူသော အနာဝရဏဉာဏ်ဖြင့်ဟုလည်းကောင်း ယောဇနာ၊ကြွင်း ယောဇနာလေ။ ။ဋ္ဌ၊၄၄၊ဋ္ဌသျှ၊ ၁၊ ၁၅၆၊ဋ္ဌသျှသစ်၊ ၁၊ ၂၈၃။

သဗ္ဗညုတဉာဏ်နှင့် အနာဝရဏဉာဏ် အတူတူ။ ။ [သမန္တစက္ခုနာ-၏ အရကို သျှသစ်၌ "သမန္တစက္ခုနာ၊တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော ဉေယျခံကို

http://www.dhammadownload.com



ကေန်သိမြင်တတ်သော သဗ္ဗညုတဉာဏ်ဖြင့်"ဟု သဗ္ဗညုတဉာဏ်ကို ဆိုသည်။ ဋီကာသစ်နှင့်သျှသစ် အဆိုမတူသောကြောင့် "သဗ္ဗညုတဉာဏ်နှင့် အနာဝရဏဉာဏ်မတူ"ဟု ယူမှားတတ်သည်။ "အနာဝရဏဉာဏသင်္ခါတသ သဗ္ဗညုတဉာဏဿ"ဟုလည်းကောင်း, ကေမဝ ဟိ တံ ဉာဏံ၊ အနာဝသေသ သင်္ခတာသင်္ခတ သမ္မုတိဓမ္မ ဝိသယတာယ သဗ္ဗညုတညာဏံ၊ တတ္ထ စ အာဝရဏာ ဘာဝတော နိဿင်္ဂစာရမုပါဒါယ အနာဝရဏညာဏန္တိ ဝုတ္တံ"ဟုလည်းကောင်း သာရတ္ထ (၁၊ ၂၃၃)၌ ဖွင့်သောကြောင့် "အတူတူ"ဟု မှတ်သားအပ်၏။]

---

၆။ ။ ကြောင်း,ကျိုး ထင်ရှားအောင် အနက်

လုဒ္ဓေါ၊ လောဘကြီးသောသူသည်။ အတ္ထံ၊ အနက်ကို။ န ဇာနာတိ၊ မသိနိုင်။ လုဒ္ဓေါ၊ သည်။ ဓမ္မံ၊ ပါဠိကို။ န ပဿတိ၊ မမြင်နိုင်။ ယံ ယေနကာရဏေန၊ အကြင်အကြောင်းကြောင့်။ (ယဒါ၊ အကြင်အခါ၌။) လောဘော၊ လောဘသည်။ နရံ၊ သတ္တဝါကို။ သဟတေ၊ လွှမ်းမိုးနှိပ်စက်ဖျက်ဆီးခဲ့၏။ (တေန-ကာရဏေန၊ ထိုလွှမ်းမိုးနှိပ်စက်ဖျက်ဆီး ခြင်းဟူသော အကြောင်းကြောင့်။) တဒါ၊ ထိုလွှမ်းမိုးနှိပ် စက်ဖျက်ဆီးသော အခါ၌။ အန္ဓတမံ၊ အမိုက်တိုက်သည်။ ဟောတိ၊ ဖြစ်လေတော့၏။ [ဋ္ဌ၊၅၄။ဋ္ဌသျှ၊ ၁၊ ၁၈၆။ ဋ္ဌသျှသစ်၊ ၁၊ ၃၂၂။]

---

၇။ ။ [သျှ-၌ အနက်ကိုသာ ခွဲသည်။ သျှသစ်၌ ပါဠိ, အနက် ၂-မျိုးလုံးကို ခွဲသည်။ အနက်ချည်းလည်း ခွဲနိုင်သောကြောင့် ကြိုက်ရာယောဇနာလေ။ ဋ္ဌသျှ၊ ၁၊ ၃၆၁။ ဋ္ဌသျှသစ်၊ ၁၊ ၅၁၅။]

---

၈။ ။ ဟိတ်၏သမ္ဗန်ခံ၍ အနက်

[နေတ္တိသဒိသတာယ-၏သမ္ဗန်ကို "ဘဝတဏှာယ၊ ဘဝတဏှာ၏"ဟု ခံ။ ဟိ-ကို "ဝိတ္ထာရယိဿာမိ၊ ချဲ့ဦးအံ့"ဟု ယောဇနာ။ ဋ္ဌ၊ ၁၁၇။ ဋ္ဌသျှ၊ ၁၊ ၃၈၇။ ဋ္ဌသျှသစ်၊ ၁၊ ၅၃၆။ ၁၃၂၈-ခုနှစ်ကလည်း မေးခဲ့ပြီ။

ဝိတ္ထာရံသာ ကောင်းသည်။ ။["ဝိတ္ထာရမှာ၊ ကြောင်း, ခြင်းသာ၊ ပါကဋ္ဌိမှာ၊ ဥပမာ"ဟု ဆိုသည့်အတိုင်း အကြောင်းဖြင့် ဖြစ်စေ, အခြင်းအရာဖြင့်ဖြစ်စေ, သရုပ်ဖြင့် ဖြစ်စေ ချဲ့လျှင် ဝိတ္ထာရ၊ ဥပမာဖြင့် ချဲ့လျှင်တပ္ပါကဋ္ဌိကရဏ။ ဤသို့ ဝိတ္ထာရနှင့် တပ္ပါကဋ္ဌိကရဏ ချဲ့ပုံချင်းထူးသည်ကို ၁၃၁၆-ခုနှစ် ပါရာဇိကဏ် နံပါတ်(၃) အဖြေ၌ ဖော်ပြခဲ့ပြီ။ ဤ၌ ဥပမာဖြင့် ချဲ့သည်မဟုတ်။ သံခေပဝါကျရှိ "နေတ္တိ သဒိသကြိုးနှင့်တူ"ဟူသော စကား၌ တူသည်ကိုသာ ဆို၍ တူပုံမရပါ၊ ငုတ်ကျဦးနေ သောကြောင့် တူပုံအခြင်းအရာဖြင့် ချဲ့သည်။ ["အကြောင်းဖြင့် ချဲ့သည်"ဟု ဆိုလိုကလည်း ဆိုနိုင်ပါသည်။] ဥပမာဖြင့် ချဲ့သည် မဟုတ်။ [၁၃၂၄-ခုနှစ် ပါရာဇိကဏ် နံပါတ်(၃)အဖြေလည်းရှု။] ထို့ကြောင့် ဝိတ္ထာရသာကောင်းသည်။ "သာဟိတိ အာဒိ သဒိသတာ ဝိဘာဝနာ"ဟု (သီဋီသစ်၊ ၁၊ ၁၆၆) ဖွင့်သည်မှာလည်း ဤအဓိပ္ပါယ်ကိုရည်၍ ဖွင့်ခြင်းဖြစ်သည်။ "သျှသစ်က တပ္ပါကဋ္ဌိကရဏ, ဂဏ္ဌိ (၂၉၅) က ဒဋ္ဌိ"ဟု ဆိုသည်။]

http://www.dhammadownload.com



၉။ ။ [အမနာပါ–နှောင်, နိသိန္နော–နှောင် ဟောတိ–ထည့် ယောဇနာ။ ဋ္ဌ၊ ၁၂၈။ ဋ္ဌသျှ၊ ၂၊ ၂၁။ ဋ္ဌသျှသစ်၊ ၂၊ ၂၃။]

---

၁၀။ ။ သမ္ဗန္ဓနှင့်ကတ္တား ဆောင်၍ အနက်
["အရိယာနံ၊ အရိယာတို့၏။ဝါ၊တို့သည်"ဟု သမ္ဗန္ဓနှင့်(ဆဋ္ဌီ) ကတ္တားထည့် ယောဇနာ။ ။ ဋ္ဌ၊ ၂၁၇။ဋ္ဌသျှ၊ ၂၊ ၂၆၅။ဋ္ဌသျှသစ်၊ ၂၊၃၂၈။ ။ ဤနှစ်ပုဒ်မျာ များ၌လည်း (၌) (ကို)များ သုံးထားပုံ မကောင်းသည်ကို ရှေးနည်းမှီးသိပါ။]

---

၁၉၈၀ (၁၃၄၁) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) ဗြဟ္မစရိယန္တိ သေဋ္ဌဋ္ဌေန ဗြဟ္မဘူတံ စရိယံ။
(ခ) ဗြဟ္မဘူတာနံ ဝါ ဗုဒ္ဓါဒီနံ စရိယန္တိ ဝုတ္တံ ဟောတိ။
(ဂ) တံ ဓမ္မန္တိ တံ ဝုတ္တပ္ပကာရသမ္ပန္နံ ဓမ္မံ။
(ဃ) သုဏာတိ ဂဟပတိဝါတိ ကသ္မာ ပဌမံ ဂဟပတိံ နိဒ္ဒိသတိ။
(င) နိဟတမာနတ္တာ ဥဿန္နတ္တာ စ။

၁။ ။ အထက်ပါ ဝါကျတို့ကို စရိယံ–ပုဒ်၏ စပ်ရာပုဒ်ကို ထည့်၍ အနက်ယောဇနာပါ။

၂။ ။(ခ)အမှတ်ပြဝါကျကို စောဒနာတက်ခဲ့ပါ။(အဓိပ္ပာယ်ပြန်ရန် မလို)

၃။ ။(ဃ)(င)အမှတ်ပြဝါကျတို့၌ စောဒကာဘောဂါဒိစတုက္ကအပြည့်အစုံ ထုတ်ပြခဲ့ပါ။

၄။ ။ နိဟတမာန–ကို ဝိဂြိုဟ်ဆို၍ ဝစနာဒိဆက္ကု စုံလင်စွာ ထုတ်ပြခဲ့ပါ။

၅။ ။ ဥဿန္နတ္တာ–၌ ဘာဝသမ္ဗန်, တ္တ–သမ္ဗန် ထုတ်ပြ၍ စာစပ်ပြခဲ့ပါ။

၆။ ။ (က)(ခ)အမှတ်ပြဝါကျတို့၌ သံဝဏ္ဏနာများကို အာဘောဂနှင့်တကွ ဖြေဆိုခဲ့ပါ။

၇။ ။ သေဋ္ဌ–ပုဒ် သေဋ္ဌဋ္ဌ–ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို သဒ္ဒနယ ကျနအောင် ဖြေဆိုခဲ့ပါ။

၈။ ။ ဗြဟ္မစရိယံ ပကာသေတိ–၌ လူတာမိပ္ပေတ ဗြဟ္မစရိယ အရ တရားကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



၉။ ။အောက်ပါ ဂါထာကို ဆန်းစစ်၍ ဆန်းအမည်, ဂါထာအမည် ပေးခဲ့ပါ။
တဿာ အကလျာဏာစနံ၊ အာသီဝိသမိဝေါရဂံ။
အာရကာ ပရိဝဇ္ဇေယျ၊ ဘူတိကာမော ဝိစက္ခဏော။

၁၀။ ။အထက်ပါဂါထာ၌ ပရိဝဇ္ဇေယျ–ကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ ထုတ်ပြပါ။

---

၁၉၈၀ (၁၃၄၁) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ [ပကာသေတိ–ပုဒ် ထည့် ယောဇနာ။ ။ ဋ္ဌ၊ ၁၆၂။ ဋ္ဌသျ၊ ၂၊ ၁၁၁။ ဋ္ဌသျသစ်၊ ၂၊ ၁၃၃။]

---

၂။ ။(ခ)အမှတ်ပြဝါကျ ဓောဒနာတက် (ဒေါသာရောပနဓောဒနာတက်)

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ဗြဟ္မစရိယံ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဗြာဟ္မဘူတံ စရိယံ ဗြဟ္မစရိယံ"ဟု သမ္ဘာဝနာကမ္မဓာရယသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကို ဆိုတော်မူ၏(ဥပနာ)။ ယင်းသမာသ်ဝစနတ္ထမှတစ်ပါး အဘယ်သမာသ်ဝစနတ္ထ ပြုရပါသေးသနည်း။ ယင်းသမာသ်ဝစနတ္ထမှ တစ်ပါးသော သမာသ်ဝစနတ္ထပြုခိုက်၌ ဗြဟ္မ–၏အရ အဘယ်ကို ယူရပါမည်နည်း(ဓောဒနာ)။ ယင်းသမာသ် ဝစနတ္ထမှတစ်ပါး ပြုရသော သမာသ်ဝစနတ္ထနှင့် ယင်းသမာသ်ဝစနတ္ထမှ တစ်ပါးသော သမာသ်ဝစနတ္ထပြုခိုက်၌ ဗြဟ္မ–၏အရကို မပြဆိုက ဆရာ၌ စကားမပြန့်နှံ့သော အဗျာပိတဒေါသ ရောက်ရာ၏(ဒေါသ)။ ဤသို့ ဓောဒနာဖွယ်ရှိ၍ ထိုဓောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

မှတ်ချက်။ ။ ဤဓောဒနာတက်၌ အချို့ဆရာတို့က အာဘော်မသွင်းကြ၊ အချို့ဆရာတို့ကား အာဘော်ပါ သွင်းကြ၏။ ယင်းနှစ်ဝါကျတွင် အာဘော်မသွင်းသည့် ဝါဒသို့ လိုက်၍ တက်သည်။

[ဗဟုသုတကြွယ် အမှတ်အပြည့်ရ။ ။ စာချတန်း ဗဟုသုတကြွယ်သည့် ပုဂ္ဂိုလ်ကများသည် အဖြေမှန်ထုတ်သည့်အခါ မိမိက အာဘော်သွင်းသည့်ဝါဒသို့ လိုက်၍ အာဘော်သွင်းကာ အဖြေမှန်ထုတ်စေကာမူ အာဘော်မသွင်းသည့် ဝါဒလည်း ရှိသည်ကိုသိသည့်အလျောက်"အာဘော်မသွင်းလျှင်လည်း အမှတ်ပြည့်ပင်ပေးပါ"ဟု မှတ်ချက်ဖြင့် ဖေါ်ပြလေ့ရှိကြသည်။မိမိက အာဘော်မသွင်း သည့်ဝါဒသို့ လိုက်၍ အာဘော်မသွင်းဘဲ အဖြေမှန်ရေးလျှင်လည်း အာဘော်သွင်းသည့်ဝါဒရှိသည် ကို သိသည့်အလျောက်"အာဘော်သွင်းလျှင်လည်း အမှတ်ပြည့် ပင်ပေးပါ"ဟု မှတ်ချက်ရေးလေ့ ရှိကြလေသည်။စာစစ်ပုဂ္ဂိုလ်များသည် အဖြေမှန်ကိုကြည့်၍ စစ်သည်ဖြစ်ရာ အဖြေမှန်က မှတ်ချက်ပါမှုကြောင့် စာဖြေပုဂ္ဂိုလ်များ မည်သည့်ဝါဒဖြင့်

http://www.dhammadownload.com



ဖြေဖြေ အမှတ်မလျော့ဘဲ အမှတ်ပြည့် ရရှိကြလေသည်။ လိုလျှင် အမှတ်လျော့သလို ပိုလျှင်လည်း အမှတ်လျော့ရသည့် စည်းကမ်းရှိလေရာ မှတ်ချက်မရေးက လိုလျှင် လည်း အမှတ်လျော့ခံရ, ပိုလျှင်လည်း အမှတ်လျော့ခံရကြရလေသည်။

ပုစ္ဆက, က စာချတန်း ဗဟုသုတ မကြွယ်၍ မှတ်ချက် မရေးစေကာမူ စာစစ်က စာချတန်းဗဟုသုတကြွယ်လျှင် "အာဘော်သွင်းသည့်ဝါဒ, အာဘော် မသွင်းသည့်ဝါဒ"ဟု ဝါဒနှစ်မျိုးရှိသည်ကို သိသည့်အလျောက် အာဘော်သွင်းသည့် အဖြေရော မသွင်းသည့်အဖြေပါ အမှတ်ပြည့်ပေးလေသည်။ စာစစ်က ဗဟုသုတ ကြွယ်လျှင်လည်း အမှတ်ပြည့်ရနိုင်ကြလေသည်။ ခုလို ပုစ္ဆက, စာစစ်တို့ စာချတန်း ဗဟုသုတကြွယ်မှ အမှတ်ပြည့် ရနိုင်ကြလေသည်။

ပုစ္ဆာက, ကလည်း ဗဟုသုတ မကြွယ်၊ "ကိုယ့်ဟာမှ အမှန်"ဟုယူကာ မှတ်ချက်လည်း မရေး၊ စာစစ်ကလည်း "အမေမှာသည့် ဆန်တစ်ခွဲ၊ သုံးစိတ်နှင့် မလဲ"ဆိုသလို အဖြေမှန်နှင့် တိုက်စစ်၊ ခုလိုပုစ္ဆကရော စာစစ်ပါ ဗဟုသုတ မကြွယ်လျှင် စာဖြေပုဂ္ဂိုလ်များ အလွန်နစ်နာကြလေသည်။

ဗဟုသုတကြွယ်သူ ပုစ္ဆာထုတ်, အဖြေမှန်ထုတ်သည့် ပုစ္ဆာကို ဖြေရာ၌ တစ်ရာလျှင် ခြောက်ဆယ့်ငါး ခုနစ်ဆယ်ရလျှင် ဗဟုသုတမကြွယ်သူ ပုစ္ဆာထုတ်, အဖြေမှန်ထုတ်သည့် ပုစ္ဆာကို ဖြေရာ၌ အမှတ်လေးဆယ်လောက်သာ ရသည်။ အမှတ်နှစ်ဆယ် နှစ်ဆယ့်ငါး သုံးဆယ်ထိပင် ကွာလေသည်။ အနည်းဆုံး ဆယ်မှတ် တော့ ကွာလေသည်။ ထိုအတူ ဗဟုသုတကြွယ်ဝသူစစ်တာနှင့် ဗဟုသုတမကြွယ်သူ စစ်ရာမှာလည်း ထိုမျှပင် အမှတ်ရမှု, မရမှု ကွာလေသည်။ အမှတ်ပြည့်ရမှု, မရမှု၌ မိမိဗဟုသုတကြွယ်ဝမှုသည် ပထမ, ပုစ္ဆက, စာစစ်တို့ ဗဟုသုတကြွယ်ဝမှုသည် ဒုတိယ အချက်ဖြစ်၏။

ဤအတက်, အထွက် (၂) နံပါတ်အတွက်သာ မဟုတ်ချေ။ မည်သည့် နံပါတ်၌မဆို ဝါဒကွဲရှိသည့်နံပါတ်၌ ဤအတူသာ ဖြစ်လေသည်။ စာချတန်းစာများသည် အခြားအတန်းစာများကဲ့သို့ မဟုတ်ချေ။ လွန်စွာမှ ကျယ်ဝန်းလျက် နာနာစရိယ နာနာဝါဒ လွန်စွာမှ များသည့်စာများ ဖြစ်လေသည်။ ထို့ကြောင့် ဝါဒကွဲရှိရာ၌ ဝါဒကွဲအတွက်ကြောင့် စာဖြေများ မနစ်နာရလေအောင် "ဌပနာ, ပုစ္ဆာ, အာဘော်, ဒေါသတို့ဖြင့် တက်ခဲ့ပါ"စသည်ဖြင့်ဖေါ်မေးလျှင် အကောင်းဆုံးဖြစ်လေသည်။]

[စကားမပြန့်နှံ့သောအပြစ်။ ။ အထခေါ် အဗျာပိတောပိ ဒေါသောတိ ဒသေတိ။(ဝိဘင်္ဂအနုဋီ၊ ၁၁။)ကိုထောက်၍ အဗျာပိတဒေါသ-၏ အနက် အဓိပ္ပါယ်မှာ "စကားမပြန့်နှံ့သောအပြစ်"ဟု ဖြစ်သည်။စကားမပြန့်နှံ့သော အပြစ်ကို "အဗျာပိတဒေါသ"ဟု ဆိုသည်။ ထို့ကြောင့် ရှေ့ကမြန်မာလိုထည့်လိုလျှင် "စကား မပြန့်နှံ့သော အပြစ်-ဟူသော အဗျာပိတဒေါသ ရောက်ရာ၏"ဟု ထည့်သင့်သည်။ ရှေးဆရာတို့ကား "စကားမပြန့်နှံ့သော အဗျာပိတဒေါသ ရောက်ရာ၏" ဟု ထည့်ကြသည်။ နှံ့သော-က သော-ကို အဗျာပိတဒေါသ-ဝယ် အဗျာပိတ-၌ မစပ်ဘဲ ဒေါသ၌ ကပ်ကပ်သပ်သပ်စပ်လျှင် ရနိုင်သော်လည်း ငုတ်လွန်းလှသည်။ မြန်မာလိုကို ရှေ့က မထည့်ဘဲ "အဗျာပိတဒေါသ (စကားမပြန့်နှံ့သောအပြစ်)

http://www.dhammadownload.com



ရောက်ရာ၏"ဟုနောက်က လက်သည်းကွင်းဖြင့် ထည့်လျှင်လည်း ကောင်းသည်သာ။ သို့သော် ဤကျမ်း၌ အတ္တနောမတိကို အသုံးမပြုဘဲ ရှေးဆရာတို့အဆိုအတိုင်းပင် ဖော်ပြသည်။ ]

---

၃။ ။ စောဒကာဘောဂါဒိစတုက္က

(၁)နနု ကုလံ ခတ္တိယ ဗြာဟ္မဏ ဝေဿ သုဒ္ဒ ဘေဒေန စတုဗ္ဗိဓံ ဟောတိ (စောဒကာဘောဂ)။

(၂)အထကသ္မာ သုဏာဟိ ဂဟပတိပါတိ ပဉ္စမံ ဂဟပတိ· နိဒ္ဒိသတိ (စောဒနာ)။

(၃) နနု ဂဟပတိ နိဟတမာနတ္တာ ဥဿန္နတ္တာ စ ဟောတိ (ပရိဟာရာဘောဂ)။

(၄)တသ္မာ သုဏာဟိ ဂဟပတိဝါတိ ပဉ္စမံ ဂဟပတိ နိဒ္ဒိသတိ (ပရိဟာရ)။

[စောဒကာဘောဂထုတ်ရာ၌ နည်းမှီးဖွယ်။ ။ "ဣမေသု ပန စတူသု စိတ္တေသု ကာမာဝစရစိတ္တဿ ကုသလာကုသလဝိပါကကြိယဘေဒေန စတုဗ္ဗိဓဘာဝေပိ ပါပါဟေတုကဝဇ္ဇာနံ စက္ခုနသင္ဃယာ,စက္ခုဂုတိယာ ဝါ စိတ္တာနံ သောဘနနာမေန ဝေါဟာရကရဏတ္တံ ပါပါဟေတုကေဟေဝ ပဉ္စမံ "သောမနဿသဟဂတ"န္တာ ဒိနာ ဒဿေတိ"ဟု အကုသိုလ်စိတ်ကို အစဆုံးပြခြင်း၏အကြောင်းကို ဝိဘာဝိနီ ပြရာ၌ ကာမာဝစရစိတ္တဿ ကုသလာကုသလဝိပါကကြိယဘေဒေန စတုဗ္ဗိဓဘာဝေပိ–ကို နည်းမှီး၍ စောဒကာဘောဂကို ထုတ်သည်။ ဤဝိဘာဝိနီပါဌ်၌ စောဒကာဘောဂထုတ်လျှင် ပိ–ထိုင်ရာစကားရပ်သည် နေယျတ္ထအားဖြင့် စောဒကာဘောဂကို ပြသည်ဖြစ်၍ ပိ–ထိုင်ရာစကားရပ်ကို စောဒကာဘောဂ ထုတ်ရမည်ဖြစ်သောကြောင့် "နနုကာမာဝစရစိတ္တံ ကုသလာကုသလဝိပါကကြိယာဘေဒေန စတုဗ္ဗိဓံ ဟောတိ (ဘဝတိ)"ဟု စောဒကာဘောဂထုတ်ရမည်ကို သတိပြုပါ။

အစိတ်မြင်လျှင်း အပေါင်းသွင်း။ ။တကယ်တော့ ဤအာဘော် ဆန်းလှသည်မဟုတ်ချေ။အစိတ်မြင်လျှင် အပေါင်းကို,အပေါင်းမြင်လျှင် အစိတ်ကို အာဘော်သွင်းရသည့်နည်းစနစ်အတိုင်း မင်း,ပုဏ္ဏား,သူကြွယ်,သူဆင်းရဲ–ဟူသော အမျိုးလေးပါးရှိသည်အနက် အစိတ်(သူကြွယ်)ကို ဆိုထားသောကြောင့် အပေါင်းကို အာဘော်သွင်းခြင်းပင် ဖြစ်သည်။

ကျက်။ ။ အစိတ်မြင်လျှင်း၊အပေါင်းသွင်း၊အပေါင်းမြင်ရာ၊စိတ်ကိုသာ၊ သွင်းပါ အာဘောဂ။ (နိယံသစ်။)]

---

၄။ ။ ဝိဂ္ဂဟ

နိဟတော မာနော ဧတေန ဂဟပတိနာတိ နိဟတမာနော။

ဝစနာဒိဆက္က

(၁) နိဟတမာနော–ဟူသော နိပ္ဖန္နသည် ဝစန။

(၂) နိဟတော မာနော ဧတေန ဂဟပတိနာ–ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

(၃) နှိမ်ချပယ်ဖျောက်အပ်ပြီးသော မာန၏ အိမ်ရှင်(သူကြွယ်)နှင့် ဂုဏဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု။

http://www.dhammadownload.com



(၄) ဣတိ-သဒ္ဒါသည် ဝစနဟေတုဓောတက။
(၅) သုကြွယ်ဒြပ်သည် ဝစနီယ။
(၆) နိဟနိတဗ္ဗဥန္တိ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
[သတိပြု။ ။ တုလျာဒိ၊ဗဟုဗ္ဗိမှာ၊ကံဟောပါမူ၊တတိယာ ပြုမြဲ-ဥပဒေအရ သမာသ်ပုဒ်တစ်စိတ်ဖြစ်သော နိဟတ-ပုဒ် ကံဟောသည်ကို သတိပြုပါ။]

---

၅။ ။ ဘာဝသမ္ဗန္ဓ်

ဥဿန္နတ္တာ-၌ ဘာဝသမ္ဗန်ကား ဥဿန္နဿ ဖြစ်ပါသည်။

တ္တ-သမ္ဗန်။ ။ တ္တ-သမ္ဗန်ကား ဂဟပတိဿ-ဖြစ်ပါသည်။

တ္တ-သမ္ဗန်စာစပ်။ ။ဂဟပတိဿ-ကား "၏"ဟူ၍ အနက်ပေး သောကြောင့် ဥဿန္နတ္တာဝယ် တ္တ-ပစ္စည်း၌ သမ္ဗန်,သတ္တိမန္တ၊ တ္တ-ပစ္စည်းကား သမ္ဗန္ဓိ သတ္တိ။

ဂဟပတိဿကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဥဿန္နတ္တာဝယ် ဥဿန္န-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ ဥဿန္န-ဟူသော ဘာဝယောဂ ပုဒ်ကား ဝါစက, လိင်္ဂတ်။

---

၆။ ။ (က)(ခ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ သေဋ္ဌဿေန-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဗြဟ္မစရိယံ-၌ ဗြဟ္မ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ သေဋ္ဌအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ နာမလိင်္ဂတ္ထသံဝဏ္ဏနာ၊ သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာ။

ဗြဟ္မဘူတံ စရိယံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဗြဟ္မစရိယံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ သမ္ဘာဝနာကမ္မဓာရယ် သမာသ်ပုဒ်၏အဖြစ်, ယင်းသမ္ဘာဝနာ ကမ္မဓာရယ်သမာသ်ပုဒ်၏ တုလျအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဗြဟ္မစရိယံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဗြဟ္မဘူတံ စရိယံ ဗြဟ္မစရိယံ"ဟု သမ္ဘာဝနာကမ္မဓာရယ် သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ သျှဲ၌ "ဗြဟ္မံ စရိယံ ဗြဟ္မစရိယံ"ဟု ပြုသည်။
[ကျက်။ ။ ဟုတ္တာ, သခ်ါတ၊ ဘူတ-တထွေ၊ ဧဝ, ဣတိ၊ သဒ္ဒါရှိက၊ မှတ်ဘိ ကမ္မဓာရယာ၊ ကိုးပါးမှာ၊ သမ္ဘာဝနာပေ။]

(ခ)အမှတ်ပြဝါကျရှိ ဝါ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တစ်နည်းအားဖြင့် ဝစနတ္ထ ပြုသည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ဗြဟ္မဘူတာနံ (ဘူတာနံ) ဗုဒ္ဓါဒီနံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဗြဟ္မ-ဟူသော သံဝဏ္ဏတဗ္ဗပုဒ်၏အရ ဘုရားအစရှိသည်ကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

ဗြဟ္မဘူတာနံ (ဗြဟ္မာနံ) စရိယံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဗြဟ္မစရိယံ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်, ယင်းဆဋ္ဌီတပ္ပုရိ သမာသ်ပုဒ်၏ သမ္ဗန်အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

http://www.dhammadownload.com



သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဗြဟ္မစရိယံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို “ဗြဟ္မာနံစရိယံ ဗြာဟ္မစရိယံ”ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

သေဋ္ဌဋ္ဌေန ဗြဟ္မဘူတံ စရိယံ၊ ဗြာဟ္မဘူတာနံ ဝါ ဗုဒ္ဓါဒီနံ စရိယန္တိ ဝုတ္တံ ဟောတိ–ဟူသော အပေါင်းသံဝဏ္ဏနာပါဠ်ဖြင့် ဗြဟ္မစရိယံ–ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၌ “ဗြဟ္မစရိယ”ဟူသည် “မြတ်သည်၏အဖြစ်ဟူသော အနက်သဘောသတ္တိကြောင့် မြတ်သည်ဖြစ်၍ဖြစ်သော အကျင့်ဖြစ်သော သာသနာတော်ပင်။ (တစ်နည်း) မြတ်သည်ဖြစ်၍ဖြစ်သော ဘုရားအစရှိသည်တို့၏ အကျင့်ဖြစ်သော သာသနာတော် ပင်။ ဤသို့သော အနက်သဘောသည်, (တစ်နည်း) ဤသို့သော အနက်သဘောကို ဆိုအပ်သည်။ (တစ်နည်း) ဆိုလိုသည် ဖြစ်၏”ဟု အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ဘူတ–သဒ္ဒါ ၂–ခု ထူးပုံ။ ။ဗြဟ္မဘူတံ–၌ရှိသော ဘူတ–ဖြင့် သမ္ဘာဝနာ ကမ္မဓာရယ်သမာသ်ကိုပြသည်။ဗြဟ္မဘူတာနံ–၌ရှိသော ဘူတ–ဖြင့် ယင်းကိုမပြ၊ ဗြဟ္မ–၏အရ ဗုဒ္ဓါဒိ–ကို ယူရမည်၏အဖြစ်ကိုသာ ပြသည်။ ထို့ကြောင့် အတိအကျ အားဖြင့်မူ ဗြဟ္မဘူတာနံ–၌ရှိသော ဘူတာနံ–နှင့် ဗုဒ္ဓါဒီနံ–ဖြင့် အရကို ပြသည်။ ဗြဟ္မဘူတာနံ–၌ရှိသော ဗြဟ္မနံ–နှင့် စရိယံ–ဖြင့် ဆဋ္ဌီတပ္ပုရိသ်သမာသ်ကို ပြသည်။

---

၇။ ။ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

သေဋ္ဌ–၌ ပသတ္ထ–ပုဒ်၌ ဣဋ္ဌ–ပစ္စည်း၊ “ပသတ္ထိဋ္ဌ”ဟု ဆိုလိုလျက် ပသတ္ထ ကို သ–ပြုခြင်း, ဣ–ကို ဧ–ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် “သေဋ္ဌ”ဟု ပြီးပါသည်။ (ကစ္စည်း၊ သဒ္ဒနီတိ, မောဂ္ဂလာန်, အဘိဓာန်ဋီကာ။)

(တစ်နည်း) ဝုဍ္ဎ–ပုဒ်၊ ဣဋ္ဌ–ပစ္စည်း၊ “ဝုဍ္ဎိဋ္ဌ”ဟု ဆိုလိုလျက် ဝုဍ္ဎ–ကို သ ပြုခြင်း, ဣ–ကို ဧ–ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် “သေဋ္ဌ”ဟု ပြီးပါသည်။ (အဘိဓာနိဋီကာ။)

[ထောက်ဖွယ်။ ။ ပသတ္ထဿ သောစ။ (ကစ္စည်း၊ ၂၆၃။) ပသတ္ထဿ ဣယိဋ္ဌေသု။ (နီတိ၊ သုတ္တာ၊ ၅၁၂။) ဇာဋ္ဌန္တိက ပသတ္ထာနံ သာဓနေ ဒဿာ။ (မောဂ်၊ ၄၊ ၁၃၆။) ဣယိဋ္ဌေသု ပသတ္ထဿ ဝုဍ္ဎဿစ သော၊ သေယျော သေဋ္ဌောစ၊ ကွစာသဝဏ္ဏံ လုတ္တေတိ ဣသော။ (ဓာန်၊ ဋီ၊ ၆၉၅။)]

သေဋ္ဌဋ္ဌ–၌ သေဋ္ဌ–ပုဒ်၊ အတ္ထ–ပုဒ်၊ “သေဋ္ဌတ္ထ”ဟု ဆိုလိုလျက် တ္ထ–ကို ဋ္ဌ–ပြုခြင်း ဝဏ္ဏဂိကာရနိရုတ္တိနည်းဖြင့် “သေဋ္ဌဋ္ဌ”ဟု ပြီးပါသည်။

[ထောက်ဖွယ်။ ။ တထာနံ ဋ္ဌ–ယုဂံ။ အဋ္ဌကထာ၊ အတ္ထကထာဝါ။ ဒုက္ခဿ ပီဠနဋ္ဌော သင်္ခတဋ္ဌော။(နီတိ၊သုတ္တ။၁၀၇။)တထနရာနံ ဋ္ဌဋ္ဌဏလာ။ (မောဂ်၊၁၊၅၂။) အတ္ထာနံ ကထာ အဋ္ဌကထာ။ (ယင်းပဉ္စိကာ။) အတ္ထော ကထီယတိ ဧတာယာတိ အတ္ထကထာ၊ သာယေဝ အဋ္ဌကထာ။ တ္ထ–ကာရဿ ဋ္ဌ–ကာရံ ကတွာ “ဒုက္ခဿ ပီဠနဋ္ဌော”တိ အာဒီသု ဝိယ။ (သာရတ္ထ၊၁၊ ၂၀။)]

---

http://www.dhammadownload.com



၈။ ။ ဣစာဝိပွေတ ဗြဟ္မစရိယ-အရ တရား

ဗြဟ္မစရိယံ ပကာသေတိ-၌ ဣစာဝိပွေတ ဗြဟ္မစရိယ-အရ တရားကား သိက္ခတ္တယသင်္ဂဟိတသကလသာသန-သိက္ခာသုံးပါးအပေါင်းဖြင့် သိမ်းယူအပ်သော အလုံးစုံသော သာသနာ (ပရိယတ်, ပဋိပတ်, ပဋိဝေဓအားဖြင့် အလုံးစုံသော သာသနာ)ဖြစ်ပါသည်။

[ထောက်ဖွယ်။ ။ "တယိဒံ ဗြဟ္မစရိယံ ဣဒ္ဓဉ္စေဝ ဖီတဉ္စ ဝိတ္ထာရိကံ ဗာဟုဇညံ ပုထုဘူတံ ယာဝ ဒေဝမနုဿေဟိ သုပ္ပကာသိတ"န္တိ ပါသာဒိကသုတ္တေ သိက္ခတ္တယသင်္ဂဟိတံ သကလသာသနံ "ဗြဟ္မစရိယ"န္တိ ဝုတ္တံ။ ဣမသ္မိံပိ ဌာနေ ဣဓမေဝ "ဗြဟ္မစရိယ" န္တိ အဓိပ္ပေတံ။ (ဋ္ဌ၊ ၁၆၁။)'

၉။ ။ ဆန်းစစ်ပုံနှင့် ဂါထာအမည်, ဆန်းအမည်

| တ | သွာအက | လျာဏာစ | နံ | အာ | သီဝိသ | မိဂေါရ | ဂံ |
|---|---|---|---|---|---|---|---|
| ၂ | ၂၁၁ | ၂၁၁ ဘ | ၂ | ၂ | ၂၁၁ | ၁၂၁ ဇ | ၂ |
| အံ | ရကာပ | ရိဝဇ္ဇေ | ယျ | ဘူ | တိကာမော | ဝိစက္ခ | ဏာ |
| ၂ | ၁၂၁ | ၁၂၂ ယ | ၂ | ၂ | ၁၂၂ | ၁၂၁ ဇ | ၂ |

၄-ပါဒတို့၌ အက္ခရာ ၈-လုံးစီရှိသောကြောင့် အနုဋ္ဌုဘာဆန်း ဖြစ်ပါသည်။

(၁) ၄-ပါဒတို့၌ အစ-အက္ခရာတစ်လုံးနောင် သ-ဂိုဏ်း န-ဂိုဏ်းမရှိခြင်း၊ (၂)ဝိသမ ပထမပါဒ၌ အစအက္ခရာ ၄-လုံးနောင် ဘ-ဂိုဏ်းရှိခြင်း၊ (၃) ဝိသမ တတိယပါဒ၌ အစအက္ခရာ ၄-လုံးနောင် ယ-ဂိုဏ်းရှိခြင်း၊(၄)သမပါဒ၌ အစ အက္ခရာ ၄-လုံးနောင် ဇ-ဂိုဏ်းရှိခြင်း၊ဤလက္ခဏာ ၄-ပါးနှင့် ပြည့်စုံသောကြောင့် ပထမ ဘကာရဝိပုလာဂါထာ ဖြစ်ပါသည်။

၁၀။ ။ ဘာဝါလင်္ကာရ

(၁) ပရိဝဇ္ဇေယျ-၏အရ သူယုတ်မာကို ဝေးစွာ ရှောင်ကြဉ်သော ပစ္စုပ္ပန်, သံသရာ,နိဗ္ဗာန်အကျိုး ပွားတိုးခြင်းကို လိုလားသောပညာရှိ၏သန္တာန်၌ ထိတ်လန့် ငြီးငွေ့သော အခြင်းအရာအားဖြင့်ဖြစ်သော ဩတ္တပ္ပပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓိဂုစ္ဆဋ္ဌာယီဘာ ဝယ ဓိဘာစ္စရသ။ ["ပရိဝဇ္ဇေယျ-၏အရ"ဟုဆိုသော်လည်း"ဓာတ်-၏အရ"ဟုမှတ်။]

(၂) ကောင်းသော တရားမရှိသော သူယုတ်မာသည် အာရမ္မဏဝိဘာဝ။

(၃) ဘဝမှ မထနိုင် (သံသရာမှ မလွတ်မြောက်နိုင်) သည်အထိ အပြစ်ရရှိ နိုင်ခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

(၄)ဝေးစွာရှောင်ကြဉ်ခြင်းကြောင့်ပစ္စုပ္ပန်,သံသရာ,နိဗ္ဗာန်အကျိုး ပွားတိုး ခြင်းသည် အနုဘာဝ။

http://www.dhammadownload.com



(တစ်နည်း) ပရိဝဋ္ဋေယျ-၏အရ ပစ္စုပ္ပန်, သံသရာ, နိဗ္ဗာန်အကျိုး ပွားတိုးခြင်းကို လိုလားသော ပညာရှိ၏ သန္တာန်၌ သူ့ယုတ်မာကို ဝေးစွာရှောင် ကြဉ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရိယသ။ ။ အကြွင်းတူ၏။

---

## ၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁။ ။ အာဝါဟနံ ဝိဝါဟနံ သံဝရဏံ သံကိရဏံ ဝိကိရဏံ-၌ အာဝါဟန, ဝိဝါဟန ၂-ပုဒ်၏ အာကာရတ္တကို ပေါ်လွင်စေလျက် အနက်ယောဇနာပါ။

၂။ ။ အာဝိဘာဝံ တိရောဘာဝံ တိရောကုဋ္ဋံ တိရောပါကာရံ တိရောပဗ္ဗတံ အသဇ္ဇမာနော ဂစ္ဆတိ သေယျထာပိ အာကာသေ-၌ ကတ္တားများ ဖြည့်စွက်လျက်လည်းကောင်း, ပမာ, ပမေ ထင်ရှားစေလျက်လည်းကောင်း အနက်ယောဇနာပါ။

၃။ ။ ရာဇာ ဟောတိ စက္ကဝတ္တီ ဓမ္မိကော ဓမ္မရာဇာ စာတုရန္တော ဝိဇိတာဝီ ဇနပဒတ္ထာဝရိယပ္ပတ္တော သတ္တရတန သမန္နာဂတော-၌ ရာဇာ-ပုဒ်ကို သဂုဏဒဗ္ဗာ ပေက္ခ, ကေဝလဒဗ္ဗာပေက္ခ ကြံ၍ အနက်ယောဇနာပါ။

၄။ ။ အစိရဝတီ နဒီ ပူရာ ဥဒကဿ သမတိတ္တိကာ ကာကပေယျာ-၌ တုလျတ် လိင်္ဂတ်, ပကတိ, ဝိကတိ, အနိယမ, နိယမ အနက်ယောဇနာပါ။

၅။ ။ ပရိဗ္ဗာဇကော အတ္တနော ပရိသံ အဝလောကေသိ။ သာ ဟောတိ ကာဇဒဏ္ဍကေ ဩလမ္ဗေတွာ ဂဟိတော လုဂ္ဂဝိလုဂ္ဂပိဋ္ဌကတိ ဒဏ္ဍမောရပိဉ္ဆမတ္တိကာပတ္တ ပသိဗ္ဗကကုဏ္ဍိကာဒိ အနေကပရိက္ခာရ ဘာရ ဘရိတာ-၌ ပရိဗ္ဗာဇကေ သဒ္ဒါ၏ နာမည်,ဂုဏ်ထူးနှင့် သဗ္ဗနာမ်အစွဲ မလွဲအောင် အနက်ယောဇနာပါ။

၆။ ။ တသ္မိံ ကိရ ကုစ္ဆိဂတေ ဒေဝိယာ ဝေရူပေါ ဒေါဟဠော ဥပ္ပဇ္ဇိ "အဟောဝတာဟံ ရညော ဒက္ခိဏဗာဟုလောဟိတံ ပိဝေယျ" န္တိ-၌ ဟိတ်ပြင်သင့်သောပုဒ်ကို ဟိတ်ပြင်လျက် အနက်အားဖြင့် အာကာရအတွင်းသွင်း၍ ယောဇနာပါ။

၇။ ။ ကထံ ပနာဟံ ဘော တံ ဘဝန္တံ ဂေါတမံ ဇာနိဿာမိ၊ ယထာ သက္ကာ ဘော ဉာတုံ၊ တထာ မေ အာစိက္ခာဟီတိ အဇ္ဈော-၌ ယထာတထာ နိပါတပဒတို့ကိုရှု၍ ဆရာနည်းကျကျ အနက်ယောဇနာပါ။

http://www.dhammadownload.com



၈။ ။ ကသ္မာ အဝေါစ၊ ကိံ အသုဒ္ဓဘာဝံ န ဇာနာတီတိ၊ အာမ ဇာနာတိ။ ဇာနန္တောပိ ဘာဝပဋိစ္ဆန္နမေတံ ကာရဏံ၊တံ အနေန န ဒိဋ္ဌံ၊ အပဿန္တော မဟာသမဏော ကိံ ဝက္ခတီတိ မညမာနော မာနထဒ္ဓတာယ အဝေါစ-၌ ကတ္တာ၊ သမ္ပဒါန-စသည် ပါဌ်သေသ ဖြည့်စွက်၍ အနက်ယောဇနာပါ။

၉။ ။ ဗိမ္ဗိတိ သုဝဏ္ဏံ၊ တသ္မာ သာရသုဝဏ္ဏသဒိသဝဏ္ဏတာယ ဗိမ္ဗိသာ ရောတိ ဝုစ္စတိ-၌ သံဝဏ္ဏေတဗ္ဗ ဣတိ-သဒ္ဒါကို သဒ္ဒပဒတ္ထက, နာမတ္ထ, ဝုစ္စတိ-၏ ကတ္တား ဖြည့်စွက်၍ အနက်ယောဇနာပါ။

၁၀။ ။ဣဒါနိ တမတ္ထံ ယောဇေတွာ ဒဿေန္တော"ယေ ဣမေသံဘာဝတာ" တိ အာဒိမာဟ၊တတ္ထ အကုသလာ အကုသလသမ္ဘာတာတိ အကုသလာစေဝ အကုသလာတိစ သင်္ခါတာ ဉာတာ၊ကောဋ္ဌာသံ ဝါ ကတွာ ဌပိတာတိ အတ္ထော-၌ တ-သဒ္ဒါအစွဲများ မလွဲမှားစေဘဲ နည်းထုံးကျကျ အနက်ယောဇနာပါ။

---

၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။အာဝါဟန, ဝိဝါဟန-၌ အာကာရတ္ထ ပေါ်လွင်စေလျက်အနက် အာဝါဟနံ၊ "ဤသူငယ်အတွက် ဤမည်သောအမျိုးမှ ဤမည်သော နက္ခတ်ဖြင့် သူငယ်မကို ဆောင်ကြကုန်လော့"ဟု တစ်ပါးသော အိမ်မှ အမျိုးသမီးကို မိမိအိမ်သို့ ဆောင်ယူမှုကို ပြုခြင်းသည်လည်းကောင်း။ ဝိဝါဟနံ၊ "ဤသူငယ်မကို ဤမည်သော သူငယ်အား ဤမည်သော နက္ခတ်ဖြင့် ပေးလိုက်ကြကုန်လော့၊ ဤသို့ နက္ခတ်ဖြင့် ပေးလိုက်ရသည်ရှိသော် ထိုသူငယ်မ၏ ကြီးပွားခြင်းသည် ဖြစ်လိမ့်မည်"ဟု မိမိ၏ သမီးကို တစ်ပါးသော အိမ်သို့ ဆောင်ပို့မှုကို ပြုခြင်းလည်းကောင်း။ သံဝရဏံ၊ ကွာရှင်းပြီးသော လင်မယားတို့၏ ညီညွတ်မှု (ပြန်ပေါင်းမှု)ကို ပြုခြင်းသည်လည်းကောင်း။ ဝိဝရဏံ၊ လင်မယားတို့၏ ကွာရှင်းမှုကို ပြုခြင်းသည်လည်းကောင်း။ သံကိရဏံ၊ ဥစ္စာကို ပေါင်းစုစေခြင်းလည်းကောင်း။ ဝိကိရဏံ၊ဥစ္စာကို ယုဉ်စေခြင်းလည်းကောင်း။(ပါ၊၁၁။ပါသျှ၊၄၃။ပါသျှသစ်၊ ၇၄)

[ထောက်ဖွယ်။ ။ အာဝါဟနံ နာမ ဣမဿ ဒါရကဿ အသုက ကုလတော အသုကနက္ခတ္တေန ဒါရိကံ အာနေထာတိ အာဝါဟကရဏံ။ဝိဝါဟနန္တိ ဣမံ ဒါရိကံ အသုကဿ နာမ ဒါရကဿ အသုကနက္ခတ္တေန ဒေထ၊ဧဝမဿာ ဝုဍ္ဎိ ဘဝိဿတီတိ ဝိဝါဟကရဏံ။သံဝရဏန္တိ သမဂ္ဂကရဏံ၊ဝိဝရဏံ နာမ ဝိသံယောဂ ကရဏံ၊ သံကိရဏန္တိ ဓနပိဏ္ဍာပနံ၊ ဝိကိရဏန္တိ ဓနပယောဇာပနံ။ (ဋ္ဌ၊ ၉၀။)

မေးပုံ မကောင်း။ ။ (၌)နှင့်(ကို) အသုံးလွဲနေ၍ အာဝါဟန, ဝိဝါဟန ၂ ပုဒ်ကိုသာ အနက်ယောဇနာခိုင်းသလို ဖြစ်နေသည်။ "အာဝါဟနံ။ ပ။ ဝိကိရဏံ-ကို အာဝါဟန,ဝိဝါဟန-၂-ပုဒ်၌ အာကာရတ္ထ ပေါ်လွင်စေလျက်"ဟု မေးသင့်သည်]

---

http://www.dhammadownload.com



၂။ ။ ပမာ,ပမေ ထင်ရှားစေလျက် အနက်

(သော ဘိက္ခု၊ ထိုရဟန်းသည်။) အာဝိဘာဝံ၊ မျက်မှောက်၏အဖြစ်ကိုလည်းကောင်း။တိရောဘာဝံ၊မျက်ကွယ်၏အဖြစ်ကိုလည်းကောင်း။ (ကရောတိ၊ပြု၏။ သော ဘိက္ခု၊ထိုရဟန်းသည်။)အာကာသေ၊ကောင်းကင်၌။(အသဇ္ဇမာနော၊ မငြိကပ်ဘဲ။ ဂစ္ဆတိ)သေယျထာပိ၊သွားနိုင်သကဲ့သို့။တထာ၊ထို့အတူ။တိရောကုဋ္ဋံ၊ နံရံ၏တစ်ဖက်သို့လည်းကောင်း။တိရောပါကာရံ၊တံတိုင်း၏တစ်ဖက်သို့ လည်းကောင်း။အသဇ္ဇမာနော၊ မငြိကပ်သည်။(ဟုတွာ၊ ဖြစ်၍။)ဂစ္ဆတိ၊သွားနိုင်၏။[ပါ၊ ၇၄။ပါသျ၊၁၇၃။ပါသျသစ်၊ ၂၇၃။]

[ထောက်ဖွယ်။ ။ သော အနေကဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စာနုဘောတိ-ဟူသော ရှေ့ဝါကျမှ သော-ကို ထောက်၍ ကဏ္ဍာားထည့်။

အာဝိဘာဝံ တိရောဘာဝန္တိ ဧတ္ထ အာဝိဘာဝံ ကရောတိ တိရောဘာဝံ ကရောတီတိ အယမတ္ထော။(ဝိသုဒ္ဓိမဂ္ဂ၊၂၊၁၈။)ကို ထောက်၍ ကရောတိ-ကို ထည့်စပ်သည်။ယင်းဋီကာ (၂၊၂၃။)၌လည်း "အာဝိဘာဝန္တိပဒဿ ဟေဋ္ဌာ ဝုတ္တေန ဟောတိ-သဒ္ဒေန သမ္ဗန္ဓော န ယုဇ္ဇတိ ဥပယောဂဝစနေန ဝုတ္တတ္တာ၊တထာ ဝက္ခမာနေနစ ဂစ္ဆတိသဒ္ဒေန အတ္ထနော,ပရေသဉ္စ အာဝိဘာဝဿ ဣစ္ဆိတတ္တာ၊ နာမပဒဉ္စ ကြိယာပဒါပေက္ခန္တိ ကြိယာသာမညဝါစိနာ ကရောတိ-သဒ္ဒေန ယောဇေတွာ အာဟ "အာဝိဘာဝံ ကရောတီ"တိ။တိရောဘာဝန္တိ ဧတ္ထာပိ ဧသေဝနယော"ဟု ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ၊ဗဟုဓာပိ ဟုတွာ ဧကော ဟောတိ-ဟူသော ရှေ့ဝါကျရှိ ဟောတိ-နှင့်လည်းမစပ်နိုင်၊ တိရောကုဋ္ဋံ၊ ပ။ အသဇ္ဇမာနော ဂစ္ဆတိ ဟူသော နောက်ဝါကျရှိ ဂစ္ဆတိ-နှင့်လည်း မစပ်နိုင်ကြောင်းကို ဆို၏။]

---

၃။ ။ရာဇာ-ကို သဂုဏဒဗ္ဗာပေက္ခ,ကေဝလဒဗ္ဗာပေက္ခကြံ၍ အနက်

[ရာဇာ၊ လေးပါးကုန်သော အစ္ဆရိယဓမ္မ, လေးပါးကုန်သော သင်္ဂဟ ဝတ္ထုတို့ဖြင့် လူအပေါင်းကို နှစ်သက်စေတတ်သောမင်းသည် (သဂုဏဒဗ္ဗာပေက္ခ အနက်။) ဝါ၊မင်းသည် (ကေဝလဒဗ္ဗာပေက္ခအနက်။)ကြွင်း ယောဇနာလေ။ ဤမေး ခွန်း၌လည်း (၌)နှင့် (ကို) အသုံးလွဲနေ၍ ရာဇာ-ကိုသာ ယောဇနာရမည်လို ဖြစ်နေ သည်။ ( ပါ၊ ၈၃။ ပါသျ၊ ၁၉၆။ ပါသျသစ်၊ ၃၀၀။)

ထောက်ဖွယ်။ ။ စတူဟိ အစ္ဆရိယဓမ္မေဟိ, စတူဟိ သင်္ဂဟဝတ္ထူဟိစ လောကံ ရဉ္ဇနတော ရာဇာ။ (ယင်း၏အဖွင့် အဋ္ဌကထာ၊ ၂၂၂။)

(ဋ္ဌ၊ ၁၂၃)၌လည်း "ရာဇတိ အတ္တနော ဣဿရိယသမ္ပတ္တိယာ စတူဟိ သင်္ဂဟဝတ္ထူဟိ မဟာဇနံ ရဉ္ဇေတိ ဝဍ္ဎေတီတိ ရာဇာ"ဟု ဖွင့်လျက် ရှိသေးသည်၊

"သဂုဏဒဗ္ဗာပေက္ခ"ဟူသည်။ ။ "သဂုဏဒဗ္ဗာပေက္ခ"ဟူသည် ဝိသေသနနှင့်တကွ ဒြပ်ကို ငဲ့ခြင်းပင်တည်း။ ယင်းသို့ ဝိသေသနနှင့်တကွ ဒြပ်ကိုငဲ့၍ ပေးခြင်းကို "သဂုဏဒဗ္ဗာပေက္ခအနက်ပေးခြင်း"ဟု ဆိုသည်။ ဆိုလိုရင်းအားဖြင့် ဝစနတ္ထကိုငဲ့၍ အနက်ပေးခြင်းပင်တည်း။ ဝစနတ္ထကို ငဲ့၍ပေးသော အနက်သည် သဂုဏဒဗ္ဗာပေက္ခ အနက်မည်၏-ဟူလို။

http://www.dhammadownload.com



ဤစတုဟိ-အစရှိသော အဋ္ဌကထာပါဠိဖြင့် ရာဇာ-ကို "စတူဟိ အစ္ဆရိယဓမ္မေဟိ, စတူဟိ သင်္ဂဟဝတ္ထူဟိစ လောကံ ရဉ္ဇေတီတိ ရာဇာ"ဟု ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ပြသည်ဖြစ်၍ ယင်းဝစနတ္ထကို ငဲ့၍ ယောဇနာသည်။

"ကေဝလဒဗ္ဗာပေက္ခ"ဟူသည်။ ။ "ကေဝလဒဗ္ဗာပေက္ခ"ဟူသည် ဒြပ်ကိုသာ ငဲ့ခြင်းပင်တည်း။ယင်းသို့ ဝိသေသနကို မငဲ့ဘဲ ဒြပ်ကိုသာ ငဲ့၍ အနက်ပေးခြင်းကို "ကေဝလဒဗ္ဗာပေက္ခအနက်ပေးခြင်း"ဟု ဆိုသည်။ ဆိုလိုရင်းအားဖြင့် ဝစနတ္ထကို မငဲ့ဘဲ လိုရင်းဒြပ်ကိုသာ ငဲ့၍ အနက်ပေးခြင်းပင်တည်း။ ဝစနတ္ထကို မငဲ့ဘဲ ဒြပ်ကိုသာငဲ့၍ ပေးသောအနက်သည် ကေဝလဒဗ္ဗာပေက္ခအနက် မည်၏-ဟူလို။ ယင်းကေဝလဒဗ္ဗာပေက္ခကို "သင်္ကေတာပေက္ခ,နာမပေက္ခ"ဟုလည်း သုံးကြသည်]

---

၄။ ။တုလျတ်,လိင်္ဂတ်, ပကတိ, ဝိကတိ, အနိယမ,နိယမ အနက်

(၁)အစိရဝတီ၊အစိရဝတီအမည်ရှိသော။နဒီ၊မြစ်သည် ဥဒကဿ၊ရေဖြင့်။ ပူရာ၊ ပြည့်၏။သမတိတ္တိကာ၊ကမ်းနှင့်အမျှ ရေရှိ၏။ကာကပေယျာ၊ ကမ်း၌ရပ်၍ ကျီးသောက်ခြင်းငှါ တက်ကောင်းသော ရေရှိ၏။ (တုလျတ် လိင်္ဂတ်အနက်။)

(တစ်နည်း) အစိရဝတီ၊အစိရဝတီ အမည်ရှိသော။နဒီ၊ မြစ်သည်။ ဥဒကဿ၊ ရေဖြင့်။ပူရာ၊ပြည့်သည်။သမတိတ္တိကာ၊ကမ်းနှင့်အမျှ ရေရှိသည်။ ကာကပေယျာ၊ ကမ်း၌ရပ်၍ ကျီးသောက်ခြင်းငှါ တက်ကောင်းသော ရေရှိသည်။(အဿ၊ဖြစ်ရာ၏) (ပကတိ,ဝိကတိအနက်။)

(တစ်နည်း) အစိရဝတီ၊အစိရဝတီ အမည်ရှိသော။(ယာ နဒီ၊အကြင်မြစ်သည်။အတ္ထိ၊ရှိ၏။သာ) နဒီ၊ ထိုမြစ်ကို။ ဥဒကဿ၊ ရေဖြင့်။ ပူရာ "ပြည့်၏"ဟူ၍။ သမတိတ္တိကာ၊ "ကမ်းနှင့်အမျှ ရေရှိ၏"ဟူ၍ ကာကပေယျာ "ကမ်း၌ရပ်၍ ကျီးသောက်ခြင်းငှါ တတ်ကောင်းသော ရေရှိ၏"ဟူ၍။ (ဝေဒိတဗ္ဗာ၊ သိအပ်၏။) (အနိယမ, နိယမအနက်။) (ပါ၊ ၂၃၀။ ပါသျ၊ ၄၈၂။ ပါသျသစ်၊ ၆၆၂)

မှတ်ချက်။ ။ အနိယမ, နိယမ အနက်၌ "အစိရဝတီ၊ သော။ ယာ နဒီ၊ သည်၊ အတ္ထိ၊ ၏။ သာနဒီ၊ သည်။ ဥဒကဿ၊ ဖြင့်။ ပူရာ၊ သည်။ သမတိတ္တိကာ၊ သည်။ ကာကပေယျာသည်။ အဿ၊ ၏။"ဟုလည်း ယောဇနာနိုင်သည်။ [တုလျတ်, လိင်္ဂတ်, ပကတိ, ဝိကတိ, အနိယမ, နိယမ အနက်ယောဇနာနည်းများကို (၁၃၄၃) ခုနှစ် ပါရာဇိကဏ် အဖြေ၌ ရှု။]

---

၅။ ။ပရိဗ္ဗာဇကော-၏ နာမည်, ဂုဏ်ထူးနှင့် သဗ္ဗနာမ်အစွဲ မလွဲအောင် အနက်

["ပရိဗ္ဗာဇကော၊ သဥ္စယပရိဗိုဇ်၏အနီး၌ နေလေ့ရှိသော အဝတ်ဖြူကို ဝတ်သော (ဂုဏ်ထူး) သုပ္ပိယအမည်ရှိသော(နာမည်) ပရိဗိုဇ်သည်"ဟု အမည်, ဂုဏ်ထူး ဖေါ်ယောဇနာ။ သာ-ဖြင့် ပရိသာ-ကိုစွဲ။ ကြွင်း ယောဇနာလေ။ ။ (ဋ္ဌ၊ ၄၁။ ဋ္ဌသျ၊ ၁၊ ၁၄၉။ ဋ္ဌသျသစ်၊ ၁၊ ၂၇၄။)

ထောက်ဖွယ်။ ။ သုပ္ပိယောတိ တဿ နာမံ။ ပရိဗ္ဗာဇကောတိ သဥ္စယဿ အန္တေဝါသီ ဆန္နပရိဗ္ဗာဇကော။ (ဋ္ဌ၊ ၃၆။)]

---

http://www.dhammadownload.com



၆။ ။ အနက်အားဖြင့် အာကာရအတွင်းသွင်း၍ အနက်

ကိရ၊ ချဲ့ဦးအံ့။ တသ္မိံ၊ ထိုမင်းသည်။ ကုစ္ဆိဂတေ၊ ဝမ်းသို့ရောက်သည် ရှိသော်။ (တစ်နည်း) တသ္မိံ-တဿ၊ ထိုမင်း၏။ ကုစ္ဆိဂတေ-ကုစ္ဆိဂတတ္တာ၊ ဝမ်းသို့ ရောက်သည်၏အဖြစ်ကြောင့်။ ဒေဝိယာ၊ မိဖုရားအား။ (ဥပ္ပန္နတိ-၌ စပ်။) ဝါ၊ ၏။ (စဝရူပေါ-၌ စပ်။) အဟံ၊ ငါသည်။ ရညော၊ မင်း၏။ ဒက္ခိဏဗာဟု လောဟိတံ၊ လကျာလက်ရုံးသွေးကို။ ပိဝေယျံ၊ သောက်ရပါမူကား။ အဟောဝတ၊ သြော်-ကောင်း လေစွတကား။ ဣတိ၊ ဤသို့။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ဒေါဟဠော၊ ချင်ခြင်း သည်။ ဥပ္ပန္နတိ၊ ဖြစ်၏။ [ဋ္ဌ၊ ၁၂၃။ ဋ္ဌသျှ၊ ၂၊ ၇။ ဋ္ဌသျှသစ်၊ ၂၊ ၉။ ၁၃၁၉-ခုနှစ်ကလည်း မေးခဲ့ပြီ။]

[လက္ခဏပုဒ်ကို ရံခါဟိတ်ပေး။ ။လက္ခဏပုဒ်ကို ရံခါဟိတ်ပေးရသည်။ "ပုဗ္ဗသရေ၊ရှေ့သရသည်။လုတ္တေ၊ကြေပြီးသည်ရှိသော်။(တစ်နည်း)ပုဗ္ဗသရေ ပုဗ္ဗသရဿ၊ ရှေ့သရ၏။လုတ္တေ-လုတ္တတ္တာ၊ ကြေပြီးသည်၏အဖြစ်ကြောင့်"ဟု ပေးရသကဲ့သို့ မှတ်။ယင်းသို့ ဟိတ်ပေးရပုံကို (ဝိ ဋ္ဌ၊၁၊၂။) ရှိ ယသ္မိံ ဌိတေ-ကို "ယသ္မိံ-ဝိနယေ၊ သည်။ ဌိတေ၊သော်။ယဿ-ဝိနယဿ၊၏။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်"ဟု သျှသစ် (၁၊၃၂) "ယသ္မိံ-ဝိနယေ၊၏။ဌိတေ၊ကြောင့်"ဟု ဂဏ္ဌိ (၁၊၄၆။) ပေးသည်ကို လည်းကောင်း,ဝုတ္တေ သတိ-ကို "ဝုတ္တေ၊ဆိုခြင်းသည်။ သတိ၊ သော်။ (တစ်နည်း) ဝုတ္တေ-ဝုတ္တဿ၊၏။သတိ-သန္တတ္တာ၊ရှိသည်၏ အဖြစ်ကြောင့်"ဟု သမ္ဗန္ဓစိန္တာဂဏ္ဌိ (၂၀၃) ပေးသည်ကိုလည်းကောင်း အတုယူ။

ထောက်ဖွယ်။ ။ ယင်းသို့ လက္ခဏပုဒ်ကို ရံခါ ဟိတ်ရပုံကို သဗ္ဗာတာ ဓိမှာ ဂစ္ဆန္တိတိ သဗ္ဗာ တာ ဂါဝိယော ကုဋိလမေဝ ဂစ္ဆန္တိ။ ကသ္မာ၊ နေတ္တေ ဇိမှံ ဂတေ သတိ နေတ္တေ ကုဋိလံ ဂတေ သတိ နေတ္တဿ ကုဋိလံ ဂတတ္တာတိ အတ္ထော။ (နေတ္တိ၊ ဋ္ဌ၊ ၂၂၄။)ကို ထောက်။

ကျက်။ ။(၁)လက္ခဏမှာ၊ ရံတစ်ခါ၊ ဟေတွာဓိပ္ပါယ်ရောက်။(ပေါရာဏ)
(၂)လက္ခဏကြိယာ၊ ရှိသည်မှာ၊ ရံခါ ဟိတ်ပေးမြဲ။(ပေါရာဏ)
(၃)လက္ခဏပုဒ်၊ ထုတ်၍အရာ၊ ရှိသည်မှာ၊ များစွာ ဟိတ်လည်း၊ ဝင်သတည်း။ (ဘုရားကြီး၊ ၆၆။)]

---

၇။ ။ ယထာ, တထာ-တို့ကို ရှု၍ ဆရာနည်းကျကျ အနက်

သော၊ အရှင်ဆရာ။ အဟံ၊ အကျွန်ုပ်သည်။ ကထံ ပန၊အဘယ်သို့လျှင်။ ဂေါတမံ၊ဂေါတမအနွယ်ရှိသော။တံ ဘဝန္တံ၊ ထိုအရှင်ကို။ (တစ်နည်း) တံ ဘဝန္တံ ဂေါတမံ၊ထိုအရှင်ဂေါတမကို။ဇာနိဿာမိ၊သိပါအံ့နည်း။ယထာ၊အကြင်သို့သော အခြင်းအရာအားဖြင့်။ (အာစိက္ခိယ မာနေ၊ ပြောပြအပ်သည်ရှိသော်။) သော ဘဝံ ဂေါတမော၊သည်။ (သက္ကာ-၌ စပ်။) ဝါ၊ ကို။ (ဉာတုံ-၌ စပ်။) (မယာ၊ အကျွန်ုပ်သည်။) ဉာတုံ၊သိခြင်းငှါ၊သက္ကာ၊ စွမ်းနိုင်ပါ၏။ တထာ၊ ထိုအကျွန်ုပ်သိခြင်းငှါ စွမ်းနိုင်လောက်အောင်သော အခြင်းအရာအားဖြင့်။(တွံ၊ အရှင်ဆရာသည်) မေ၊အား။ အာစိက္ခာဟိ၊ပြောကြားပါလော့။ဣတိ-အယံ အတ္ထော၊ ကို။ (ဝေဒိတဗ္ဗော၊၏။) (ဋ္ဌ၊ ၂၂၁။ ဋ္ဌသျှ၊ ၂၊ ၂၇၈။ ဋ္ဌသျှသစ်၊ ၂၊ ၃၄၈။)

http://www.dhammadownload.com



[ဥပမာ မဟုတ်သော ယထာ, တထာ–အနက်ပေးနည်း။ ။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ ဇဝံ တထာ၊ ထို့အတူ–ကဲ့သို့ ဥပမာဇောတက မဟုတ်သော ယထာ တထာ–ရှိလျှင် တထာ–သဒ္ဒါ၏ စပ်ရာဖြစ်သော ကြိယာသည် လက္ခဏာ ဖြစ်၏။ ဤ၌ တထာ–ပုဒ်ကို အာစိက္ခာဟိ–ကြိယာ၌ စပ်ရသည်။ ၄င်း အာစိက္ခာဟိ–ကြိယာသည်။ "အာစိက္ခိယမာနေ"ဟု လက္ခဏကြိယာ ဖြစ်သည်။ ယင်းလက္ခဏပုဒ် ထည့်၍ အနက်ပေးရသည်–ဟူလို။

ကျက်။ ။(၁)ယထာ တထာ၊ ဥပမာ မဟုတ်၊ ယင်းသို့ ထုတ်မူ၊ တထာ စပ်ရာ၊ ကြိယာသည်၊ မှန်စွာ လက္ခဏ ဖြစ်မြဲ။ (ဘုရားကြီးနိယံ၊ ၉၇။)

(၂)ယထာ တထာ၊ တွေ့လေရာ၌၊ ပမာမဟုတ်၊ ကာရထုတ်သော်၊ နောက်ပုဒ်တထာ၊ ကြိယာ၊ မှန်စွာလက္ခဏ ဖြစ်မြဲ။ တိုက်ရိုက်လက္ခဏ၊ ရှိမူက နောက်မှ မလိုဘဲ။ (သျှသစ်၊ ၁၊ ၄၁။)]

---

၈။ ။ [မာနထဒ္ဓတာယ–၏ သမ္ဗန္ဓပဒကို "အမ္ဗဋ္ဌဿ"ဟု ဖြည့်စွက်၍ သျှသစ်အတိုင်း ယောဇနာ။ဋ္ဌ၊ ၂၃၀။ဋ္ဌသျှ၊ ၂၊၃၀၀။ဋ္ဌသျှသစ်၊ ၂၊၃၇၆။]

---

၉။ ။ ဣတိ–ကို သဒ္ဒပဒတ္ထက, နာမတ္ထ ကြံ၍ အနက်

ဗိမ္ဗိတိ၊ ဗိမ္ဗိ–ဟူသည်ကား။သုဝဏ္ဏ၊ရွှေတည်း။ (ဣတိ–သဒ္ဒပဒတ္ထက။) (တစ်နည်း) သုဝဏ္ဏ၊ရွှေသည်။ဗိမ္ဗိတိ၊ဗိမ္ဗိ မည်၏။(ဣတိ–နာမတ္ထ။) တသ္မာ သာရသုဝဏ္ဏသဒိသဝဏ္ဏတာယ၊ ထိုသို့ ကောင်းမြတ်သော ရွှေနှင့်တူသော အဆင်း ရှိသည်၏အဖြစ်ကြောင့်။သော ရာဇာ၊ ကို။ ဗိမ္ဗိသာရောတိ၊ "ဗိမ္ဗိသာရ"ဟူ၍။ (မနုဿေဟိ၊ လူတို့သည် (ကတ္တား။)ဝုစ္စတိ၊၏။[ဋ္ဌ၊ ၂၄၉။ဋ္ဌသျှ၊ ၂၊၃၅၃။ဋ္ဌသျှသစ်၊၂၊ ၄၂၈]

မှတ်ချက်။ ။ ဝုစ္စတိ–၏ ကတ္တားကို "အာယသ္မတာ အာနန္ဒတ္ထေရေန"ဟု လည်း ထည့်ကြသည်။ ကောင်းမည်မထင်။ ပါရာဇိကဏ် ယောဇနာ၌ "တသ္မာ ဇတံ အာပတ္တိရူပံ ပါရာဇိကံ ဣတိ ပဏ္ဍိတေန ဝုစ္စတီတိ သမ္ဗန္ဓော (၁၃၈)၊ တသ္မာ ဇတံ ဒုက္ကဋံ ဒုက္ကဋန္တိ ပဏ္ဍိတေန ဝုစ္စတီတိ ယောဇနာ။ တသ္မာ ဇတံ အစ္စယံ ထုလ္လစ္စယံ ဣတိ ပဏ္ဍိတေန ဝုစ္စတိ (၁၆၂)"ဟု ပဏ္ဍိတေန–ကို ထည့်လေ့ရှိပါ၏။ သို့သော် ထိုနေရာ၌ ကောင်းပါ၏။ ဤနေရာ၌ ကား "မှားသည်"ဟု မဆိုရဲသော်လည်း ပညာရှိ သူသာ "ဗိမ္ဗိသာရ"ဟု ဆိုအပ်သည် မဟုတ်၊ ပညာရှိ မရှိ လူအများ ဆိုအပ်သည်သာ ဖြစ်သောကြောင့် မကောင်းတတ်ပါ။

[ဟိတ်နှင့် အနက်တူသည့် တသ္မာ။ ။ တသ္မာ–နောင် ဟိတ်ဆောင်မူ တ–၏အနက်နှင့် ဟိတ်၏အနက် အနက်ဒြပ်တူ၏။ ဤ၌ တသ္မာ–နောင်ဟိတ်ဆောင် သောကြောင့် တသ္မာ–နှင့် သာရသုဝဏ္ဏသဒိသတာယ–သည် အနက်ဒြပ်တူ၏။

ကျက်။ ။တသ္မာ–နောင်၊ ဟိတ်ဆောင် နက်တူ၊ ရှေ့ဆောင်မူပြား၊ သီးခြား တသ္မာ၊ ရှိခဲ့ရာ၊ ယူပါ လဒ္ဓဂုဏ်။ (ရွှေရေးဆောင်နိယံ။ ၂၀၈)]

---

၁၀။ ။ [သျှသစ်အတိုင်း ယောဇနာ။ ။ တမတ္ထံ–ကိုလည်း ဋီကာသစ် ဖွင့်သည့်အတိုင်း ယောဇနာထားသည်။ဋ္ဌ၊ ၂၉၀။ဋ္ဌသျှ၊ ၂၊၄၅၁။ဋ္ဌသျှသစ်၊ ၂၊ ၅၃၃။

http://www.dhammadownload.com



(၌)နှင့်(ကို)အသုံးလွဲ။ ။ ဤနှစ်မေးခွန်းများ၌လည်း (ကို)ကို သုံးရမည့်နေရာ၌ (၌)သုံးထားသည်မှာ (၌)သုံးရမည့်နေရာ၌ (ကို)သုံးထားသည်မှာ မကောင်း]

၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က)ဖုသ္သ ဖုသ္သ ပဋိသံဝေဒေန္တီတိ ဖုသိတွာ ဖုသိတွာ ပဋိသံဝေဒေန္တိ။
(ခ) တွေ စ ကိဉ္စာပိ အာယတနာနံ ဖုသနကိစ္စံ ဝိယ ဝုတ္တံ။တထာပိန တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။
(ဂ)န ဟိ အာယတနာနိ ဖုသန္တိ ဖဿော၀ တံ တံ အာရမ္မဏံ ဖုသတိ အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ။
(ဃ)တသ္မာ သဗ္ဗေ တေ ဆဖဿာယတနသမ္ဘဝေန ဖဿေန ရူပါဒီနိ အာရမ္မဏာနိ ဖုသိတွာ (ဖုသိတွာ) တိ ဒိဋ္ဌိဝေဒနံ ပဋိသံဝေဒယန္တီတိ ဧဝမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။

၁။ ။(ခ)(ဂ)အမှတ်ပြပါကျတို့ကို အပြန်အလှန် ပြုလုပ်၍ အနက်ယောဇနာခဲ့ပါ။

၂။ ။(ဂ)အမှတ်ပြပါကျကို စာဒနာတက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန် မလိုပါ)

၃။ ။(ခ)(ဂ)အမှတ်ပြပါကျတို့၌ စာဒကာဘောဂါဒိစတုက္ကကို အပြည့်အစုံထုတ်ပြခဲ့ပါ။

၄။ ။(ခ)အမှတ်ပြပါကျလာ အာယတနံ-ပုဒ်ကို ဝိဂြိုဟ်ဆို၍ ဝစနာဒိဆက္ကစုံလင်အောင် ထုတ်ပြခဲ့ပါ။

၅။ ။ ဖုသနကိစ္စတာ-၌ ဘာဝသမ္ဗန်, တာ-သမ္ဗန်တို့ကို ထုတ်ပြလျက် စာစပ်ပြီးလျှင် ဘာဝယောဂ၏ ဝါစ္စကိုလည်း ဖော်ပြခဲ့ပါ။

၆။ ။(က)အမှတ်ပြပါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့်သံဝဏ္ဏနာအမည်ကို ဖော်ပြခဲ့ပါ။

၇။ ။ ဖုသ္သ ဖုသ္သ ပဋိသံဝေဒေန္တိ-၌ ဖုသ္သ ဖုသ္သ-ပုဒ်၏ နိရုတ္တိအရ ရုပ်ပြီးပုံကို သေချာကျနစွာ ရေးသားခဲ့ပါ။

၈။ ။ အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ-ဟူသော စကားအရ ဖဿေ ဥပနိက္ခိပန-၏ အဓိပ္ပာယ်ကို ကျနစွာ ရေးသားခဲ့ပါ။

http://www.dhammadownload.com



၉။ ။ အောက်ပါ မြန်မာစကားကို ပဏ္ဍာဝတ္တဂါထာ စီကုံးရေးသားခဲ့ပါ။

ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ဤသာသနာတော်၌ ဗြဟ္မစာရ အမည်ရသော ထိုသုတ္တန်၏ ပါဠိအနက်ကို လေးလေးစားစား သင်ယူပြီးလျှင် သင့်တင့်သော အကြောင်းအားဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

၁၀။ ။ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ–၌ ပဋိသံဝေဒေန္တိ–အရကို ကိုယ်ပြု၍ ရထိုက်သော ဘာဝ, ဝိဘာဝ, အနဘာဝကို စုံလင်စွာ ထုတ်ပြပါ။

---

## ၁၉၈၁ (၁၃၄၂) ခုနှစ် မဟာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ (ခ)(ဂ)အမှတ်ပြဝါကျ ဝါကျအပြန်အလှန်အနက်

စ၊ ဆက်၍ဆိုဦးအံ့။ဧတ္ထ–ဧတသ္မိံ ပါဌေ၊ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ ဟူသော ဤပါဌ်၌။အာယတနာနံ၊ အာယတနတို့၏။ဖုသနကိစ္စံ ဝိယ၊တွေ့ထိခြင်း ကိစ္စကဲ့သို့။ကိဉ္စာပိ ဝုတ္တံ၊အကယ်၍ကား ဟောတော်မူအပ်ပေပြီ။တထာပိ၊ထိုသို့ပင် ဟောတော်မူအပ်ပါသော်လည်း။တေသံ–အာယတနာနံ၊ထိုအာယတနတို့၏။ ဖုသနကိစ္စတာ၊တွေ့ထိခြင်းကိစ္စရှိသည်၏အဖြစ်ကို။န ဝေဒိတဗ္ဗာ၊ မသိအပ်။ (ကသ္မာ၊ အဘယ်ကြောင့်။တေသံ အာယတနာနံ၊တို့၏။ဖုသနကိစ္စတာ၊ကို။န ဝေဒိတဗ္ဗာ၊ နည်း။) ဟိ–ယသ္မာ၊အကြင်ကြောင့်။အာယတနာနိ၊တို့သည်။ န ဖုသန္တိ၊ မတွေ့ ထိနိုင်ကုန်။ဖဿော၀၊ဖဿသည်သာလျှင်။တံ တံ အာရမ္မဏံ၊ထိုထိုအာရုံကို။ ဖုသတိ၊ တွေ့ထိနိုင်၏။ပန၊တို့သို့ပင် ဖဿ–သည်သာလျှင် ထိုထိုအာရုံကို တွေ့ထိနိုင်ပါသော်လည်း။အာယတနာနိ၊တို့ကို။ဖဿေ၊၌။ဥပနိက္ခိပိတွာ၊အနီး၌ ထားတော်မူ၍။ဝါ၊ထည့်သွင်းတော်မူ၍။ဒဿိတာနိ၊ ပြအပ်ကုန်ပြီ။ (တသ္မာ၊ထို့ကြောင့်။ ဝါ၊ထိုထို အာယတနတို့၏ မတွေ့ထိနိုင် ကုန်သည်၏အဖြစ်,အာယတန တို့၏ ဖဿ၌ ထည့်သွင်း၍ ပြတော်မူအပ်ကုန်သည်၏အဖြစ်ကြောင့်။တေသံ အာယတနာနံ၊ တို့၏။ဖုသနကိစ္စတာ၊ကို။နဝေဒိတဗ္ဗာ၊မသိအပ်သတည်း။) [ဋ္ဌ၊၁၁၅။ဋ္ဌသျ၊၁၊၃၈၁။ ဋ္ဌသျသစ်၊၁၊၅၃၁။]

[ဘာသာဋီကာကို ကြည့်မေးသည့် မေးခွန်း။ ။ သျ၊ သျသစ်တို့က နဟိ။ပ။ဖုသတိ–၂–ဝါကျကိုသာ အကြောင်းဝါကျအဖြစ်ဖြင့် ယောဇနာကြသည်။ အာယတနာနိ။ပ။ဒဿိတာနိ–ဝါကျကို အကြောင်းဝါကျထဲ ထည့်သွင်း၍ မယောဇနာကြ။သီလက္ခန်ဘာသာဋီကာ၌ကား အကြောင်းဝါကျထဲ ထည့်သွင်း ယောဇနာ ထားသည်။ဘာသာဋီကာကို ကြည့်၍ အာယတနာနိ။ပ။ဒဿိတာနိ–ကို အကြောင်း ဝါကျထဲထည့်ကာ (ဂ)အမှတ်ဝါကျအဖြစ်ဖြင့် ဝါကျပိုင်းပြီး မေးသည့်မေးခွန်း ဖြင့်ဟန်ရှိသည်။၃–ဝါကျကို အကြောင်းဝါကျအနေဖြင့် ၁–ဝါကျထည်း ယူလိုသည့် အတွက်ကြောင့်လည်း ပုဒ်ထီးများကို တမင်မထည့်ခြင်းဖြစ်သည်။

အလားတူ ဝါကျ။ ။ (က) ဥတ္တရပဒေပိ ပန တထာ "ဏ္ကမေဝ ဘိက္ခဝေ ပဠမော သမဏော ဏ္ကမ ဒုတိယော သမဏော"တိ ဧတ္ထ ဧဝကာရော အာနေတွာ ဝုစ္စတိ ဧဝံ ဝတ္တဗ္ဗော။

http://www.dhammadownload.com



(ခ) န ဟိ သက္ကာ ဣတော အညေဟိပိ နီဝရဏသဒိသေဟိ အကုသလေဟိ ဓမ္မေဟိ အဝိဝိစ္စ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရိတုံ။

(ဂ) တသ္မာ "ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ"တိ ဧဝံ ပဒဒ္ဒယေပိ ဧသ ဒဋ္ဌဗ္ဗော။ (ပါရာဇိကကဏ္ဍ၊ ၁၊ ၁၁၃။ မဟာသင်္ဂီတ၊ ၁၊ ၂၀၉)

ဤဝါကျနှင့် ဝါကျချင်းတူသည်။ ဤဝါကျ၌ (က) ဖလ၊ (ခ) ကာရဏ၊ (ဂ) လဒ္ဒဂုဏဖြစ်သကဲ့သို့ ဤသီလက္ခန်ဝါကျ၌လည်း (ခ) ဖလ၊ (ဂ) ကာရဏ၊ (ဃ) လဒ္ဒဂုဏဖြစ်သည်။

အကြောင်းဝါကျထဲ ထည့်သည်မှာ မမှားပါ။ ။ အကြောင်းဟိ-မှန်၊ အရင်းပြ၊ နောက်ဖွားမှ လဒ္ဒဂုဏ်။ (ရွှေရေးဆောင်နိယံ။ ၂၁၀။)နှင့်အညီ အကြောင်းဟော ဟိ-ကို (ဟိ-၏အဖက် တသ္မာ-ထည့်၍) န တေသံ ဖုဿနကိစ္စတာ ဝေဒိတဗ္ဗာ-ဟူသောအရင်း (မူလဝါကျ)သို့ စပ်ရသောကြောင့်နောက် (က)အမှတ်ပြ တသ္မာ-ဝါကျသည် လဒ္ဒဂုဏဝါကျဖြစ်သည်။ ဤဥပဒေအရ နောက်တသ္မာ-ဝါကျ လဒ္ဒဂုဏဝါကျဖြစ်က လဒ္ဒဂုဏဝါကျ၏ရှေ့၌ရှိသော ဝါကျအားလုံး ကာရဏဝါကျထဲ ပါဝင်သင့်သောကြောင့် အာယတနာနိ။ပ။ ဒဿိတာနိ-ဝါကျကို အကြောင်းဝါကျထဲ ထည့်သည်မှာ မမှားပါ။]

---

၂။ ။(ဂ)အမှတ်ပြဝါကျ စောဒနာတက် (ဒေါသာရောပနစောဒနာတက်)

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် "ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ-ဟူသောပါဠိ၌ အာယတနတို့၏တွေ့ထိခြင်းကိစ္စကဲ့သို့ ဟောတော်မူအပ်ပါသော်လည်း ထိုအာယတနာတို့၏တွေ့ထိခြင်း ကိစ္စရှိသည်၏ အဖြစ်ကို မသိအပ်"ဟု ဆိုတော်မူ၏(ဋ္ဌပနာ)။အဘယ်ကြောင့် ထိုအာယတနတို့၏ တွေ့ထိခြင်းကိစ္စရှိသည်၏အဖြစ်ကို မသိအပ်ပါသနည်း(စောဒနာ)။ [ထိုအာယတနတို့၏ တွေ့ထိခြင်းကိစ္စရှိသည်၏အဖြစ်ကို မသိခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့လည်း စောဒနာနိုင်သည်။]ထိုအာယတနတို့၏ တွေ့ထိခြင်း ကိစ္စရှိသည်၏ အဖြစ်ကိုမသိခြင်း၏အကြောင်းကို မပြဆိုက ဆရာ၌ စကား မပြန့်နှံ့သော အဗျာပိတ ဒေါသ ရောက်ရာ၏(ဒေါသ)။ဤသို့ စောဒနာဖွယ်ရှိ၍ထိုစောဒနာကို သောနေ့ာတော်မူလိုသော အဋ္ဌကထာဆရာသည်(ဂ)အမှတ်ပြဝါကျကို မိန့်။

ဝါကျတက် တက်ပုံ။ ။အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် ဖလကို ဆိုတော်မူ၏(ဋ္ဌပနာ)။ဖလ၏ကာရဏကား အဘယ်ပါနည်း(စောဒနာ)။ကာရဏကိုမပြဆိုက ဆရာ၌ ကာရဏဖလ ဆန့်ကျင်သော ဝိရောဓိ ဒေါသရောက်ရာ၏(ဒေါသ)။ဤသို့။ပ။မိန့်။ [ဝါကျတက်ကိုလည်း ဗဟုသုတ ရရှိစေရန် ကြားညှပ်ပြလိုက်သည်။]

မှတ်ချက်။ ။"ကာရဏဝါကျကို အဓိပ္ပာယ်တက် တက်လျှင် အဗျာပိတ ဒေါသတင်တက်၊ဝါကျတက် တက်လျှင် ဖလ ကာရဏဆန့်ကျင်သော ဝိရောဓိ ဒေါသတင်တက်"ဟုမိန့်သော အာစရိယဝါဒအတိုင်း ဒေါသတင်သည်။ ဤစောဒနာတက် ၌ "အာဘော်သွင်းသည့်ဝါဒ, အာဘော်မသွင်းသည့်ဝါဒ"ဟု နှစ်မျိုးရှိရာ အာဘော်မသွင်းသည့်ဝါဒသို့ လိုက်၍ အာဘော်မသွင်းဘဲ တက်သည်။

http://www.dhammadownload.com



[ဒဋ္ဌိဝါကျ မဖြစ်သင့်။ ။ န ဟိ-တက်ရာ၊ ဟိ-နက်မှာ၊ ဟိတ်ပါဒဋ္ဌိစွဲ။ (ရွှေးရေးဆောင်နိယံ။ ၄၃။)အရ န ဟိ-တက်ရာ၌ ဟိ-၏အနက်မှာ ဟိတ်အနက် သင့်လျော်လျှင် ဟိတ်အနက်, ဒဠှိအနက် သင့်လျော်လျှင် ဒဠှိအနက်, နှစ်နက်သင့် လျှော်လျှင် နှစ်နက်ဖြစ်သည်။ ဤ၌ ဟိတ်အနက်ဖြစ်သည်။ ဤဝါကျကို သျှ, သျှသစ်တို့ကလည်း ကာရကဝါကျသာ ပေးကြသည်။]

---

၃။ ။(ခ)(ဂ)အမှတ်ပြ ၂-ဝါကျ၌ စောဒကာသောဂါဒိစတုက္က

(၁) နနု အာယတနာနံ ဖုသနကိစ္စံ ဝိယ ဝုတ္တံ (စောဒကာသောဂ)။

(၂) အထ ကသ္မာ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ (စောဒနာ)။

(၃) နနု န အာယတနာနိ ဖုသန္တိ ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ (ပရိဟာရာသောဂ)။

(၄) တသ္မာ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ (ပရိဟာရ)။

မှတ်ချက်။ ။ အာယတနာနိ။ ပ။ ဒဿိတာနိ ဝါကျကို အကြောင်းဝါကျ ထဲ ထည့်ကာ (ဂ)အမှတ်ပြဝါကျ အဖြစ်ဖြင့် မေးထားသည့် မေးခွန်းအရှိအတိုင်း ထုတ်ခြင်း ဖြစ်ပါသည်။ အာယတနာနိ။ ပ။ ဒဿိတာနိ-ဝါကျကို အကြောင်းဝါကျထဲ မထည့်ဘဲ "ဟိ-ယသ္မာ ဖုသတိ၊ တသ္မာ ဝေဒိတဗ္ဗာ"ဟု အနက်ပေးသည့် သျှ၊ သျှသစ်တို့အလို အာယတနာနိ။ ပ။ ဒဿိတာနိ-ဝါကျကို ပရိဟာရာသောဂ၌ ထည့်သွင်း၍ မထုတ်ရပါ။ [၁၃၂၆-ခုနှစ် အဖြေ၌ သျှ, သျှသစ်တို့အလိုကျ ပရိဟာရာသောဂ ထုတ်ခဲ့သည်။]

ထို့ပြင် သျှသစ်က အာယတနာနိ ပန-၌ ရှိသော ပန-ကို "အဟုတ်ကား"ဟု အနက်ပေးသည်။ သျှက "ပန-တထာပိ၊ ထိုသို့ ဖဿသာလျှင် အာရုံကို တွေ့ထိ တတ်သော်လည်း"ဟု ပေးသည်၊ ဤသျှ ပေးသည့်အလို အောက်ပါအတိုင်းလည်း စောဒကာသောဂါဒိစတုက္က ထုတ်နိုင်ပါသည်။

(ဂ)အမှတ်ပြ ၁-ဝါကျတည်း၌ စောဒကာသောဂါဒိစတုက္က

(၁) နနု အာယတနာနိ ဖုသန္တိ၊ ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ (စောဒကာသောဂ)။

(၂) အထ ကသ္မာ "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ"တိ ဝုတ္တံ (စောဒနာ)။

(၃) နနုအာယတနာနိ ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ (ပရိဟာရာသောဂ)။

(၄) တသ္မာ "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ"တိ ဝုတ္တံ (ပရိဟာရ)။

ဤသို့ ပန-ကို ကြည့်၍ ထုတ်ရာ၌ ယင်းသို့ ဖုသနကိစ္စမရှိဘဲလျက် "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ"ဟု ဟောလေသနည်း-စောဒနာကြောင့် အာယ တနာနိ။ ပ။ ဒဿိတာနိ-မိန့်သည်"ဟု ဂဏ္ဌိ (၂၉၁) အတက်ကို ကြည့်၍ စောဒနာနှင့် ပရိဟာရကို ထုတ်သည်။ အဓိပ္ပာယ်အားဖြင့်လည်း ပေါ်လွင်ထင်ရှားပါ၏။ ဤကား မှတ်ချက်။

http://www.dhammadownload.com



[မှတ်ချက်ရေးဘို့ မမေ့ပါနှင့်။ ။ ဤထုတ်ခြင်းမှာ(ဂ)အမှတ်ပြ ၁–ဝါကျ၌သာ ထုတ်ခြင်းဖြစ်သည်။ "(ခ)(ဂ)အမှတ်ပြဝါကျတို့၌ ဓာတုကာဘောဂါဒိစတုက္က အပြည့်အစုံထုတ်ပြပါ"ဟု ၂–ဝါကျ၌ မေးသောကြောင့် ဖြေခဲ့သည့်၂–ဝါကျ၌ ထုတ်ခြင်းသာ ပုစ္ဆာ၏အာဘော်ကျ ဖြစ်၏။သို့သော် ခုလိုမှတ်ချက်ရေးဘို့ မမေ့ပါနှင့်။]

---

၄။ ။ ဝိဂ္ဂဟ

တံ တံ ဒွါရာရမ္မဏာ စိတ္တစေတသိကာဓမ္မာ သေန သေန အနုဘဝနာဒိကိစ္စေန အာယတန္တိ ဥဋ္ဌဟန္တိ ဃဋေန္တိ ဝါယမန္တိစ္စေ ဝေတေသု စက္ခာဒိသူတိ အာယတနာနိ။ (အာ+ယတ+ယု) (သီဋီသစ်။)

ဝစနာဒိဆက္က

(၁) အာယတနာနိ–ဟူသော နိပ္ဖန္နသည် ဝစန။

(၂) တံ တံ ဒွါရာရမ္မဏာ စိတ္တစေတသိကာ ဓမ္မာ သေန သေန အနုဘဝနာဒိ ကိစ္စေန အာယတန္တိ ဥဋ္ဌဟန္တိ ဃဋေန္တိ ဝါယမန္တိ စ္စေ ဝေတေသု စက္ခာဒိသု–ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

(၃) စက္ခာယတန စသည်တို့၌ ထိုထိုဒွါရအာရုံရှိကုန်သော စိတ် စေတသိက်တို့၏ မိမိ မိမိ၏ ဥစ္စာဖြစ်သော အနုဘဝနစသောကိစ္စဖြင့် အားထုတ်ခြင်း ကြိယာ သကတ်သည် ဝစနဟေတု။

(၄) ဣတိ–သဒ္ဒါသည် ဝစနဟေတုဇောတက။

(၅) စက္ခာယတန စသော အာယတနဓမ္မဒြပ်သည် ဝစနီယ။

(၆) ကာရဏာနိ–စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

မှတ်ချက်။ ။ အာယဘူတေ စ ဓမ္မေ တောနိ တနောန္တိ ဝိတ္ထာရေန္တိ အာယတဉ္စ သံသာရဒုက္ခံ နယန္တိ ပဝတ္တေန္တီတိ အာယတနာနိ–စသည်ဖြင့်လည်း (သီဋီသစ်၊ ၁၊ ၄၆၂)၌ ဝိဂ္ဂဟပြုသေးသည်။ (အာယ+တန+အ၊ အာယတ+နီ+အ)

[ကျယ်ဝန်းလှ။ ။ အခြားဆိုနိုင်သည့် ဝိဂြိုဟ်များလည်း ရှိသေးသည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, သဒ္ဒနီတိဓာတုမာလာ, အဘိဓမ္မတ္ထဝိဘာဝိနီ, သုစိ စသည်တို့၌လည်း များစွာရှိသည်။ ကျယ်လွန်းလှသည်။ ကျယ်လွန်းလှ၍ ပုစ္ဆက, စာစစ်တို့ မသိသည့် ဝိဂြိုဟ်ကို ဆိုမိက အမှတ်လျော့နိုင်သည်။ လုံးဝမရဘဲလည်း ရှိနိုင်သည်။ စာဖြေသူကို နစ်နာစေနိုင်သည်။ နစ်နာစေခြင်းအကျိုးရှိနိုင်သည်။ ထို့ကြောင့် အဖြေကျယ်ဝန်းသည့် မေးခွန်းမျိုး မမေးသည်သာ ကောင်းသည်။ မေးလျှင်လည်း ဝိသေသနထည့်၍ ဘောင်ခတ်ပြီး မေးသင့်သည်။]

---

၅။ ။ဘာဝသမ္ဗန်

ဘာဝသမ္ဗန်ကား ဖုသနကိစ္စာနံ–ဖြစ်ပါသည်။တာ သမ္ဗန်။ ။တာ–သမ္ဗန်ကား တေသံ အာယတနာနံ–ဖြစ်ပါသည်။(တိုက်ရိုက်ပင်ပါရှိသည်)

တာ–သမ္ဗန်စာစပ်။ ။တေသံ အာယတနာနံ–ကား "တို့၏"ဟူ၍ အနက်ပေးသောကြောင့် ဖုသနကိစ္စတာ–ဝယ် တာ–ပစ္စည်း၌ သမ္ဗန်, သတ္တိမန္တ၊ တာ–ပစ္စည်းကား သမ္ဗန္တိ, သတ္တိ။

http://www.dhammadownload.com



ဖုသနကိစ္စာနံ-ကား "တို့သည်"ဟူ၍ အနက်ပေးသောကြောင့် ဖုသနကိစ္စတာ-ဝယ် ဖုသနကိစ္စ-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ ဖုသနကိစ္စ ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

ဘာဝယောဂ၏ဝါစ္စ။ ။ ဘာဝယောဂ၏ဝါစ္စကား ကတ္တုတ္တ ဖြစ်ပါသည်။ [၁၃၂၆-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၆။ ။ (က)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ ဖုသိတွာ ဖုသိတွာ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ဖုသ္သ ဖုသ္သ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ဝယ် ဖုသ္သ-သဒ္ဒါ ၂-ခုတို့၏ ဖုသ-ဓာတ် တို့ဖြစ် သည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယဓာတုပဒသံဝဏ္ဏနာ။ ဖုသ္သ-သဒ္ဒါ ၂-ခုတို့ဝယ် နောက် သ-၂ လုံးတို့၏ တွာ-ပစ္စည်း၏ကာရိယ သ-တို့၏ အဖြစ်ကိုလည်း (တစ်နည်း) သ္သ-သဒ္ဒါ ၂-ခုတို့၏ ဓာတွန် သ-နှင့်တကွသော တွာ-ပစ္စည်း၏ ကာရိယ, သ္သ-တို့၏အဖြစ်ကိုလည်း [၇-နံပါတ် နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကြည့်။] အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယပဒသံဝဏ္ဏနာ။ (၁၃၂၆-ခုနှစ်ကလည်း မေးခဲ့ပြီ။)

---

၇။ ။ နိရုတ္တိနည်းအရ ရုပ်ပြီးပုံ။

ဖုသ္သ-၌ ဖုသ-ဓာတ်, တ-ပစ္စည်း၊ တွာ-ပစ္စည်းကို ယ-ပြု၍ "ဖုသယ"ဟု ဆိုလိုလျက် ယ-ကို သ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "ဖုသ္သ"ဟု ပြီးပါသည်။ (ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ မောဂ္ဂလာန်၊ နိရုတ္တိဒီပနီ။)

(တစ်နည်း) (သ-ကို ယ-ကပ်၍) "ဖုသျ"ဟု ဆိုလိုလျက် သျ-ကို သ-ပြုခြင်း ဝဏ္ဏဝိကာရ, သ-ဒွေဘော်လာခြင်း ဝဏ္ဏာဂမနိရုတ္တိနည်းတို့ဖြင့် "ဖုသ္သ"ဟု ပြီးပါ သည်။ (ရူပသိဒ္ဓိ။)

(တစ်နည်း) "ဖုသျ"ဟု ဆိုလိုလျက် သျ-သံယုဂ်ကို သ္သ-သံယုဂ်ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "ဖုသ္သ" ဟု ပြီးပါသည်။ (သဒ္ဒနီတိ။)

ဖုသ္သ-ပြီးသည့်နောက် ဖုသ္သ-တစ်ပုဒ်ကို "ဖုသ္သ ဖုသ္သ"ဟု ဖုသ္သ ၂ ပုဒ်ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "ဖုသ္သ ဖုသ္သ"ဟု ပြီးပါသည်။

[ထောက်ဖွယ်။ ။ ဘဝ သေဝါယံ၊"တထာ ကတ္တာရိတာ" တိ ပုဗ္ဗ-ရူပတ္တံ၊ ဝိဘာ၀ူ။ ဒိသ အတိသဇ္ဇနေ၊ ဥဒ္ဒိဿ။ (ရူ၊ ၆၄၁။) ပုဗ္ဗရူပံ ယော့။ ဒိဿတေ။ (နီတိသုတ္တ၊ ၉၂၃။) သာသ အနုသိဋ္ဌိယံ သာသိယတိတိ သိဿော၊ "သာသဿ သိသ္သာ" တိ (၅၊ ၁၁၇။) သိသ်၊ "ဝဂ္ဂလသေဟိ တေ"တိ (၁၊ ၄၉။) ယဿသော၊ သိဿော။ (မောဂ်၊ ပဉ္စိကာ။ ၅၊ ၃၂။) ဗျဥ္ဇနန္တဓာတူသု ဝဂ္ဂလသေဟီ" တို (၄၃) သုတ္တေန စ-ဝဂ္ဂ, ပ-ဝဂ္ဂ, သ-ကာရေဟိ ယဿ ပုဗ္ဗရူပတ္တံ၊ ဖုဿ ဖုဿ ဣတိ ကရောတိ။ (နိရုတ္တိဒီပနီ။ ၇၆၃။) (ဥဒ္ဒိဿ-ကို ရူပသိဒ္ဓိ, ဒိဿတေ-ကို သဒ္ဒနီတိ, သိဿော-ကို မောဂ္ဂလာန် ပဉ္စိကာ,ဖုဿ-ကို နိရုတ္တိဒီပနီရုပ်စီရင်ရာ၌ ပုဗ္ဗရုပ် သ-ပြု၍ စီရင်သည်)ကို ထောက်၍ ပထမနည်းကို ဆိုသည်။

http://www.dhammadownload.com



လဘာ လာဘော၊ လဘိတဗ္ဗံ လဗ္ဘံ၊ "ယဝတံ တလန" ဣစ္စာဒိသုတ္တေ ကာရဂ္ဂဟဏေန ယဝကော ဘ-ကာရဿ ဘ-ကာရော၊ ဒွိတ္တံ၊ သာသအနုသိဋ္ဌိမှိ၊ သာသိတဗ္ဗော သိဿော၊ "ကွစိဓာတု"တိ အာဒိနာ အာကာရဿိကာရော။ (ရူ၊ ၅၅၃။) ကာရဂ္ဂဟဏံ ယဝတံ သကာရ က, စ, ဋ, ပဝဂ္ဂါနံ သ-ကာရ က, စ, ဋ, ပဝဂ္ဂါ ဒေသတ္တံ။ (ရူ၊ ၄၁။) အဝမည၊ ဈဿ-ဥ-ကာရော။ (ရူ၊ ၆၄၃။) (လဗ္ဘံ, သိဿော, အဝမည-တို့ကို ရူပသိဒ္ဓိ ရုပ်စီရင်ရာ၌ ဘျ, သျ, ဈျ-တို့ကို သ-ပြု, ဒွေဘော်လာ၍ စီရင်သည်)-ကို ထောက်၍ ဒုတိယနည်းကို ဆိုသည်။

သျော သော ယုဂံ။ ပေါရိသံ။ (နီတိ၊ သုတ္တ။ ၁၁၂။) (ပေါရိသံ-ကို သဒ္ဒနီတိ ရုပ်စီရင်ရာ၌ သျ-ကို သဿ-ပြု၍ စီရင်သည်)ကို ထောက်၍ တတိယ နည်းကို ဆိုသည်။

ဝိဇ္ဇာဘိက္ခညေသု ဒွေ။ ။ အဘိက္ခညံ ပေါနော ပုညံ ("အဘိက္ခည" ဟူသည် အဖန်ဖန် ဖြစ်ခြင်းတည်း။) ပစတိ ပစတိ၊ ဘုတွာ ဘုတွာ။ (မောဂ်၊ ၁၊ ၅၄။) (အဘိက္ခညဖြစ်သော ဘုတွာ-သဒ္ဒါကို ဝိဇ္ဇာဘိက္ခညေသု ဒွေ-ဟူသော ဉာသုတ်ဖြင့် "ဘုတွာ ဘုတွာ"ဟု ဒွိရုပ်ပြု၍ စီရင်သည်)ကို ထောက်၍ ဖုဿ ဖုဿ-ကို ဆိုသည်။

ဝိဇ္ဇာ, အာမေဍိတ်မဟုတ်။ ။အဘိက္ခညံတျာချန္တေသွဗျယသညက ကိတန္တေသု ဘဝတိ-အဘိက္ခညသည် တျာချန္တပုဒ်တို့၌လည်းကောင်း, အဗျယအမည်ရှိသော ကိတန္တပုဒ်တို့၌လည်းကောင်းဖြစ်၏။(သိဒ္ဓန္တ-ကောမုဒီ။) ဖုဿ-သည်၊ တွာ-ပစ္စယန္တ ပုဒ်ဖြစ်၍ ဝိဇ္ဇာလည်းမဟုတ်, အာမေဍိတ်လည်း မဟုတ်သည်ကိုသတိပြု။

မေးခဲ့ပြီ။ ။ ၁၃၂၆-ခုနှစ်ကလည်း မေးခဲ့ပြီ။ ဖုဿ ၁-ပုဒ်ကိုမေးသည်နှင့် ဖုဿ ၂-ပုဒ်ကို မေးသည်သာ ထူးသည်။ ပုစ္ဆာဟောင်းကို လေ့လာထားပါက ဉီနှစ်မေးခွန်းကို ဖြေရာ၌ အမှတ်(၅၀)လောက် လွယ်လင့်တကူ သေချာပေါက် ရနိုင်သောကြောင့် ပုစ္ဆာဟောင်း ကို လေ့လာရန် မမေ့သင့်။]

---

၈။ ။ ဖဿေ ဥပနိက္ခိပန-၏ အဓိပ္ပာယ်

"ဖဿေ ဥပနိက္ခိပန-အာယတနတို့ကို ဖဿ၌ ကပ်၍ ချထား (ဖဿ၌ ထည့်သွင်း)"ဟူသည် အာယတနတို့ကို တွေ့ထိခြင်းကိစ္စ မရှိကုန်သော်လည်း မဉ္စာ ဃောသန္တိ-စသည်တို့၌ကဲ့သို့ နိဿိတဖြစ်သော ဖဿ၏ တွေ့ထိခြင်းဟူသော ခေါ် အဝေါ် အသုံးအနှုန်းဖြင့် "ဆဟိ ဖဿာ ယတနေဟိ ဖုဿ ဖုဿ"ဟူ၍ တွေ့ထိခြင်း ကိစ္စရှိသည်ကို ပြု၍ ပြခြင်းပင်တည်း-ဟူလို။

[ထောက်ဖွယ်။ ။ "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿာ" တိ အဖုဿန ကိစ္စာနိပိ နိဿိတဝေါဟာရေန ဖုသနကိစ္စာနိ ကတွာ ဒဿနမေဝ ဖဿေ ဥပနိက္ခိပနံ နာမ ယထာ"မဉ္စာ ဃောသန္တီ"တိ၊ဥပနိက္ခိပိတွာတိ ဟိ ဖုသန ကိစ္စာ ရောပနဝသေန ဖဿသ္မိံ ပဝေသေတွာတိ အတ္ထော။(သီဋီသစ်၊၁၊၄၆၃။)

"ဖဿာယတနေဟိ ဖုဿ ဖုဿာ"တိ အဖုဿနကိစ္စာနိပိ အာယတနာနိ "မဉ္စာ ဃောသန္တီ"တိ အာဒီသု ဝိယ နိဿိတဝေါဟာရေန ဖုဿနကိစ္စာနိ ကတွာ ဒဿိတာနီတိ အာဟ "ဖဿေ ဥပနိက္ခိပိတွာ"တိ။ (သီဋီ၊ ၁၈၃။)

http://www.dhammadownload.com



ဥပမာန,ဥပမေယျ ဟပ်။ ။ ညောင်စောင်းပေါ်နေသော နိဿိတဖြစ်သော လူ၏ ကြွေးကြော်ခြင်းဟူသော အခေါ်အဝေါ် အသုံးအနှုန်းဖြင့် ညောင်စောင်းကို ကြွေးကြော်ခြင်းရှိသည်ကို ပြု၍ "မဉ္စာ ဃောသန္တိ"ဟု ဆိုထားသကဲ့သို့ ထို့အတူ နိဿိတဖြစ်သော ဖဿ၏ တွေ့ထိခြင်းဟူသော အခေါ်အဝေါ် အသုံးအနှုန်းဖြင့် အာယတနတို့ကို တွေ့ထိခြင်းပြု၍ "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ"ဟု ဆိုထားသည်။ ဤသို့ ဥပမာန,ဥပမေယျ ဟပ်။

ဌာနူပစာဖြစ်ပုံ။ ။စက္ခာဒီသု ဟိ ဖဿပဉ္စမကာ ဓမ္မာ သဉ္ဇာယန္တိ သမောသရန္တိ၊တာနိ စ တေသံ ကာရဏံ-ကိုထောက်၍ ဖဿတို့၏ဖြစ်ရာ,ဖဿတို့၏ ပေါင်းဆုံသက်ရောက်ရာ,ဖဿတို့၏အကြောင်းကို "ဖဿာယတန"ဟု ဆိုသည်။ ဖဿာယတန-၏အရ ဖဿကို မရ၊ဖဿတို့၏ဖြစ်ရာ,ဖဿတို့၏ ပေါင်းဆုံသက်ရောက်ရာ,ဖဿတို့၏အကြောင်း အာယတနတို့ကို ရသည်။ ဤသို့ ဖဿာယတန ပုဒ်၏အနက်အဓိပ္ပာယ်အရကို သဘောကျမှ ဌာနူပစာကို သဘောကျမည်။

ဖဿာယတနေဟိ-၌ ဖဿာယတန-သဒ္ဒါသည် ဌာနဖြစ်သော အာယတနတို့၏ ဖဿာယတန-ဟူသောအမည် ဌာနီဖြစ်သော ဖဿတို့၌ တင်စား၍ ဌာနီဖြစ်သော ဖဿတို့ကို "ဖဿယတန"ဟု ခေါ်ဝေါ်ခြင်းကြောင့် ဌာနူပစာမည်၏။ တေသံ ကာရဏံ-ကို ထောက်က ကာရဏူပစာလည်း ရသည်ပင်။ ဤသို့ သေသေ ချာချာ ဥပစာတင်ပါ။ လည်နေတတ်သည်။ "ဌာနူပစာအားဖြင့် "ဖဿယတနေဟိ"ဟု ဆိုထားသည်"ဟု အချုပ်မှတ်ပါ။

ဖဿာယတနေဟိ-အနက်။ ။ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ-ပါဠိတော်၌ ဖဿယတနေဟိ-ကို "ဖဿာယတနေဟိ၊ ဖဿတို့၏ ဖြစ်ရာ စက္ခုစသော အာယယနတို့ဖြင့်။ ဝါ၊ ဖဿတို့၏ ပေါင်းဆုံသက်ရောက်ရာ စက္ခု-စသော အာယတနတို့ဖြင့်။ ဝါ၊ ဖဿတို့၏အကြောင်း စက္ခုစသော အာယတန တို့ဖြင့်"ဟု ဥပစာရတ္ထပေး။

တသ္မာ ဆဖဿာယတနသမ္ဘဝေန ဖဿေန ဖုသိတွာ အတ္တော ဝေဒိတဗ္ဗော-ဟူသော အဋ္ဌကထာကို ထောက်၍ "ဖဿာယတနေဟိ၊ ဖဿတို့၏ဖြစ်ရာ စက္ခုစသော အာယတနတို့ကြောင့် ဖြစ်သော ဖဿတို့ဖြင့်။ ဝါ၊ ဖဿတို့၏ပေါင်းဆုံသက်ရောက်ရာ စက္ခု-စသော အာယတနာတို့ကြောင့်ဖြစ်သော ဖဿတို့ဖြင့်။ ဝါ၊ ဖဿတို့၏ အကြောင်း စက္ခုစသော အာယတနတို့ကြောင့်ဖြစ်သော ဖဿတို့ဖြင့် (ဖဿာယတနတို့ကြောင့်ဖြစ်သော ဖဿတို့ဖြင့်)"ဟု ဥပစာဆိုက်အောင် ဆိုလိုရင်းဆိုက်အောင် တစ်နည်းပေး။ (သဠာယတနပစ္စယာ ဖဿော-သဘောမျိုးပင်)]

---

၉။ ။ ပထျာဝတ္တဂါထာစီ
ဖြဟ္မဇာလသ္မ တဿိဓ၊ ဓမ္မံ အတ္ထဥ္စ ပဏ္ဍိတာ။
သက္ကစ္စံ ဥဂ္ဂဟေတွာန၊ ပဋိပဇ္ဇန္တု ယောနိသော။ (ဋ္ဌ၊ ၁၂၁။)

http://www.dhammadownload.com



၁၀။ ။ ဘာဝါလက်ာရ

(၁) ပဋိသံဝေဒေန္တိ-၏အရ ခြောက်ပါးသော ဖဿာယတနတို့ဖြင့် (ဌာနူပစာဖြစ်၍ ဖဿာယတန၏အရကို ဥပစာဆိုက်အောင် စက္ခုသမ္ဖဿ။ ပ။ မနောသမ္ဖဿ-ဟူသော ဖဿတို့ကို ယူပါ။) ရူပါရုံစသော အာရုံကို တွေ့ထိကြကုန်၍ တွေ့ထိကြကုန်၍ ခံစားကြကုန်သော "သမဏဗြာဟ္မဏ"ဟု သမုတ်အပ်သော မိစ္ဆာအယူရှိသူတို့၏ သန္တာန်၌ဖြစ်သော သပ္ပိတိကဝေဒနာပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ။

(၂) ရူပါရုံစသော အာရုံတို့သည် အာရမ္မဏဝိဘာဝ။

(၃) ခြောက်ပါးသော ဖဿာယတနတို့ဖြင့် (ဖဿတို့ကိုပင်ယူ။)ရူပါရုံစသော အာရုံတို့ကို တွေ့ထိခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

(၄) ထိုသို့ ခံစားခြင်းကြောင့် တဏှာစသည် ဖြစ်ကြရခြင်းသည် အနုဘာဝ။

ကံပုဒ်၏အရတိုင်း အာရမ္မဏဝိဘာဝ မထုတ်နိုင်။ ။(ဃ)အမှတ်ပြဝါကျရှိပဋိသံဝေဒယန္တိ-ဖြင့် ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ-၌ ပဋိသံဝေဒေန္တိ-ကို ဖွင့်သည်။တံ ဒိဋ္ဌိဝေဒနံဖြင့် ပဋိသံဝေဒေန္တိ-၏ကံကို ပြသည်။ဖုသိတွာ (ဖုသိတွာ)ဖြင့် ဖုဿ ဖုဿ-ကိုဖွင့်သည်။[ဖုဿ ဖုဿ-၂-ပုဒ်ကိုဖွင့်သောကြောင့် "ဖုသိတွာ ဖုသိတွာ" ဟု ၂-ပုဒ်ရှိသင့်သည်။ရူပါဒီနိ အာရမ္မဏာနိ-ဖြင့် ဖုဿ ဖုဿ-၏ကံကိုပြသည်]

ထိုသို့ ဖွင့်ပြသောကြောင့် အာရမ္မဏဝိဘာဝ ထုတ်ရာ၌ (သဒ္ဒါနည်းအားဖြင့် ကံပုဒ်၏အရကို အာရမ္မဏဝိဘာဝ) ထုတ်ရမည်ဖြစ်သောကြောင့် သဒ္ဒါနည်းကြည့်ထုတ်လျှင် တံ ဒိဋ္ဌိဝေဒနံ (ထိုဒိဋ္ဌိ၏ အကြောင်းဖြစ်သောဝေဒနာ)၏ အရဖြစ်သော ဝေဒနာကို အာရမ္မဏဝိဘာဝ ထုတ်ရလိမ့်မည်။

ပဋ္ဌာန်းနည်းအားဖြင့် ဌာယီဘာဝ၏ အာရမ္မဏပစ္စည်းတရား (အာရုံ)ကို အာရမ္မဏဝိဘာဝ ထုတ်ရမည်ဖြစ်သောကြောင့် ပဋ္ဌာန်းနည်းကြည့်ထုတ်လျှင် တံ ဒိဋ္ဌိဝေဒနံ-၏အရ တရားသည် ပဋိသံဝေဒေန္တိ-၏(ပဋိသံဝေဒေန္တိ-၌ ဝိဒ-ဓာတ်၏) အရ တရား၏အာရမ္မဏပစ္စည်းတရား ဖြစ်,မဖြစ်ကို ကြည့်ရလိမ့်မည်။ကံပုဒ်၏အရနှင့် ကြိယာပုဒ်၏အရသည် ဝေဒနာပြဓာန်းသော စိတ္တုပ္ပါဒ်ချည်းဖြစ်၍ တံ ဒိဋ္ဌိဝေဒနံ၏အရ တရားသည် ပဋိသံဝေဒေန္တိ-၏အရတရား၏ သဟဇာတပစ္စည်းတရားသာ ဖြစ်နိုင်သည်။အာရမ္မဏပစ္စည်းတရားကား မဖြစ်နိုင်။[ နိပ္ပတ္တိကံ၌ အာရုံမျိုးမရကြောင်းကိုလည်း ဖော်ပြပြီးဖြစ်၏ ။] ထို့ကြောင့် ပဋ္ဌာန်းနည်းအားဖြင့် ကြည့်လျှင် အာရမ္မဏဝိဘာဝ မထုတ်နိုင်။

သဒ္ဒါနည်းသည် ယေဘုယျအကြမ်းသဘောဖြစ်၍ ပဋ္ဌာန်းနည်းသာ ကိန်းသေပေါက် အနုသဘော ဖြစ်သောကြောင့် ရှေးဦးစွာ သဒ္ဒါနည်းအားဖြင့် အကြမ်းဖျင်းကြည့်ရမည်။ထို့နောက် ပဋ္ဌာန်းနည်းဖြင့် မှတ်ကျောက်တင်ကာ စိစစ်ရမည်။ပဋ္ဌာန်းနည်းဖြင့်လည်း ဖြစ်နိုင်မှ ထုတ်ရသည်။ဤ၌ တံ ဒိဋ္ဌိဝေဒနံ-၏အရသည် သဒ္ဒါနည်းအားဖြင့် အာရမ္မဏဝိဘာဝ ဖြစ်သော်လည်း ပဋ္ဌာန်းနည်းအားဖြင့် အာရမ္မဏဝိဘာဝ မဖြစ်နိုင်သောကြောင့် တံ ဒိဋ္ဌိဝေဒနံ-၏အရကို အာရမ္မဏဝိဘာဝ မထုတ်နိုင်။

ZOA

http://www.dhammadownload.com



မုန်၏-အာရမ္မဏရသံ ဝေဒယန္တိ အနုဘဝန္တီတိ ဝေဒနာ။ (ဓမ္မသင်္ဂဏီ၊ ဋ္ဌ၊ ၈၄။) အာရမ္မဏဥ္စိ စိတ္တဿ ပဌမာဘိနိပါတော ဟုတွာ ဖဿော အာရမ္မဏံ ဖုသမာနော ဥပ္ပဇ္ဇတိ၊ တသ္မာ ပဌမံ ဝုတ္တော။ ဖဿေန ပန ဖုသိတွာ ဝေဒနာယ အာရမ္မဏံ ဝေဒယတိ။ (ဓမ္မသင်္ဂဏီ၊ ဋ္ဌ၊ ၁၅၀။)တို့ကို ထောက်၍ အာရုံသာ ကံဖြစ်သင့်သည်။ အာရုံကို ရှေးဦးစွာ ဖဿဖြင့် တွေ့ထိ၍ ဝေဒနာဖြင့် ထိုအာရုံကိုပင် ခံစားသောကြောင့် ဖုသ ဖုသ-၏ကံဖြစ်သော အာရုံသာ အာရမ္မဏဝိဘာဝ ဖြစ်သင့်သည်။

ကေစိတ္တာသို့ဥ္စိ ဥပ္ပန္နဓမ္မာနံ "အယံ ပဌမံ ဥပ္ပန္နော အယံ ပစ္ဆာ"တိ ဝတ္တုံ န လဗ္ဘာ။ (ဓမ္မသင်္ဂဏီ၊ ဋ္ဌ၊ ၅၁။)ကို ထောက်၍ ဖဿ, ဝေဒနာ စသည်တို့ အာရုံ၌ တပြိုင်တည်းဖြစ်သည်ကို သတိပြုပါ။]

---

## ၁၉၈၂ (၁၃၄၃) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁။ ။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ အဓိစ္စသမုပ္ပန္နိကာ အဓိစ္စသမုပ္ပန္နံ အတ္တာနဥ္စ လောကဥ္စ ပညပေန္တိ ဒွီဟိ ဝတ္ထူဟိ-ဟူသော ပါဠိကို ဒွီဟိ ဝတ္ထူဟိ-သရုပ်ပေါ်လွင်စေလျက် အနက်ယောစနောပါ။

၂။ ။ သေယျထာပိ မဟာရာဇ ယထာ အာဏဏျံ၊ ယထာ အာရောဂျံ၊ ယထာ ဗန္ဓနာ မောက္ခံ၊ ယထာ ဘုဇိဿံ၊ ယထာ ခေမန္တဘူမိံ၊ ဧဝမေဝ ခေါ မဟာရာဇ ဘိက္ခု ဣမေ ပဥ္စနီဝရဏေ ပဟီနေ အတ္တနိ သမနုပဿတိ-ဟူသော ပါဠိကို လိုအပ်သော ပါဌသေသများ ဖြည့်စွက်လျက် ပြည့်စုံစွာ ယောစနောပါ။

၃။ ။ ဧဝံ သု တေ ဝေဠုကနုတပဿာဟိ နာရီဟိ ပရိစာရေန္တိ ပရိတောဇေန္တိ သေယျထာပိ တွံ တေရဟိ သာစရိယကောတိ-ဟူသော ပါဠိကို ဥပမာန, ဥပမေယျ နှစ်ပက္ခလုံး သဒ္ဒါရော အနက်ပါ ပြည့်စုံစွာ ယောစနောပါ။

၄။ ။ ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါမတိ-
ဟူသော ပါဠိကို ထင်ရှားပြည့်စုံအောင် ယောစနောပါ။

၅။ ။ သဗ္ဗမေတံ အနုပစိတကုသလသမ္ဘာရေဟိ ဒုပ္ပဇ္ဇေဟိ၊ သသာဒီဟိ ဝိယ မဟာသမုဒ္ဒေါ ဒုက္ခောဂါဠှံ အလဗ္ဘနေယျပတိဋ္ဌဥ္စ၊ တသ္မာ ဂမ္ဘီရံ-ဟူသော ပါဠိကို ဥပမာန,ဥပမေယျ ခွဲ၍ ပြည့်စုံအောင် အနက်သမ္ဗန်ပါ။

၆။ ။ အောက်ပါ ပါဠိများကို အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

တေ သဗ္ဗေပိ ဆန္ဒိတပတိတဥက္ကာပါ အဟေသုံ၊ ဘဂဝတော ဟိ ပရိနိဗ္ဗာနေ သဗ္ဗေပိ ဘိက္ခူ အတ္တနော အတ္တနော ပတ္တစီဝရမာဒါယ ဝိဟာရေစ ပရိဝေဏေစ ဆဍ္ဍေတွာ အဂမံသု။

http://www.dhammadownload.com



၇။ ။ မမ္မန္တေဒကောပိ ပယောဂေါ စိတ္တသဏှတာယ န ဖရုသာဝါစာ ဟောတိ၊ မာတာပိတရော ဟိ ကဒါစိ ပုတ္တကေ ဇဝံ ဝဒန္တိ စောရာဝေါ ခဏ္ဍာခဏ္ဍံ ကရောန္တူတိ၊ ဥပ္ပလပတ္တမ္ပိ စ နေသံ ဥပရိ ပတန္တံ န ဣစ္ဆန္တိ။

၈။ ။သော ဣမိနာစာတိ အာဒိနာ ကိံ ဒဿေတိ၊အညရဝါဿာ ပစ္စယ သမ္ပတ္တိံ ဒဿေတိ။ယဿ ဟိ ဣမေ စတ္တာရော ပစ္စယာ နတ္ထိ၊တဿ အရညဝါသော န ဣဇ္ဈတိ၊တိရစ္ဆာနဂတေဟိ ဝါ ဝနစရကေဟိ ဝါ သဒ္ဓိံ ဝတ္တဗ္ဗတံ အာပဇ္ဇတိ။

၉။ ။ တေသု စ အဋ္ဌပရိက္ခာရိကောဝ သန္တုဋ္ဌော၊ ဣတရေ အသန္တုဋ္ဌာ မဟိစ္ဆာ မဟာဘာရာတိ န ဝတ္တဗ္ဗာ၊ တေပိ ဟိ အပ္ပိစ္ဆာဝ သန္တုဋ္ဌာဝ သုဘရာဝ သလ္လဟုကဝုတ္တိနောဝ။ ဘဂဝါ ပန နယိမံ သုတ္တံ တေသံ ဝသေန ကထေသိ။

၁၀။ ။ ဝိညာဏန္တိ စရိမကဝိညာဏမ္ပိ အဘိသင်္ခါရဝိညာဏမ္ပိ၊ စရိမက ဝိညာဏဿာပိ ဟိ နိရောဓေန ဧတ္ထေတံ ဥပရုဇ္ဈတိ၊ ဝိဇ္ဈာတဒီပသိခါ ဝိယ အပဏ္ဏတ္တိကဘာဝံ ယာတိ။

---

## ၁၉၈၂ (၁၃၄၃) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

၁။ ။ ဒွိဟိ ဝတ္ထူဟိ–သရုပ် ပေါ်လွင်စေလျက် အနက်

[ "ဒွိဟိ၊ အသညသတ်တစ်ဘဝမျှကို အောက်မေ့နိုင်ခြင်း, ကြံဆခြင်း၏ အစွမ်းဖြင့် နှစ်ပါးကုန်သော။ ဝတ္ထူဟိ၊ အကြောင်းတို့ဖြင့်"ဟု ဒွိဟိ သရုပ်ပေါ်လွင် စေလျက် ယောဇနာ။ ။ ကြွင်း ယောဇနာလေ။ ။ ပါ၊ ၂၆။ ပါသျှ၊ ၈၂။ ပါသျှသစ်၊ ၁၂၅။ (၁၃၃၂, ၁၃၃၉ (၁၉၇၇)ခုနှစ်များကလည်း မေးခဲ့ပြီ။)]

---

၂။ ။ ပါဌသေသများ ဖြည့်စွက်လျက် ပြည့်စုံစွာ အနက်

မဟာရာဇ၊မင်းကြီး။သေယျထာပိ၊ဥပမာမည်သည်။ (အဏဏော၊ကြွေးမြီ မရှိသော။ပုရိသော၊ယောကျ်ားသည်။)အာဏဏျံ၊ကြွေးမြီမရှိသော သူ၏အဖြစ်ကို။ ဝါ၊ကြွေးမြီမရှိခြင်းကို။ (အတ္တနိ၊မိမိ၌။သမနုပဿတိ)ယထာ၊ကောင်းစွာ အဖန် တလဲလဲ ရှုသကဲ့သို့လည်းကောင်း။ (အရောဂေါ၊အနာမရှိသော။ ပုရိသော၊သည်)အာရောဂျံ၊ အနာမရှိသောသူ၏အဖြစ်ကို။ဝါ၊အနာမရှိခြင်းကို။ (အတ္တနိ၊၌။သမနုပဿတိ) ယထာ၊ ကောင်း။ (ဗန္ဓနာ၊အနှောင်ဖွဲ့မှ။ မုတ္တော၊လွတ်ပြီးသော။ပုရိသော၊သည်။ဗန္ဓနာ၊ မှ။ မောက္ခံ၊ လွတ်ခြင်းကို။ (အတ္တနိ၊၌။ သမနုပဿတိ) ယထာ၊ ကောင်း။ (ဘုဇိဿော၊ မိမိလက်အလား အများမဆိုင် မိမိကိုယ်တိုင်သာ စေပိုင်စေနိုင်သော။ဝါ၊ကျွန်မဟုတ်သော။ပုရိသော၊ သည်။) (ဘုဇိဿံ၊ နိုင်သည်ကို။ဝါ၊မဟုတ်သည်ကို။အတ္တနိ၊၌။သမနုပဿတိ)ယထာ၊ကောင်း။ (ခေမန္တဘူမိံ၊ ဘေးကင်းရာမြေအရပ်သို့။ပတ္တော၊ရောက်ပြီးသော။ပုရိသော၊သည်။) ခေမန္တဘူမိံ၊ ကို။

http://www.dhammadownload.com



(အတ္တာနိ၊ ၌။ သမနုပဿတိ) ယထာ၊ ကောင်း။ မဟာရာဇ၊ မင်းကြီး။ ဧဝမေဝ၊ ထို့အတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပဟီနေ၊ မဂ်ဖြင့် ပယ်အပ်ကုန်ပြီးသော။ ဣမေ ပဥ္စနီဝရဏေ၊ ဤငါးပါးကုန်သော နီဝရဏတို့ကို။ အတ္တာနိ၊ ၌။ သမနုပဿတိ၊ ၏။ [ပါ၊ ၆၉။ ပါဿျ၊ ၁၆၃။ ပါဿျသစ်၊ ၂၆၃။ ဤနှစ်မေးခွန်းများ "ဟူသောပါဠိကို"ဟု (ကို) သုံးထား၍ အချိုးကျသည်။]

[ပဒပူရဏနှင့် အတ္ထပူရဏ အထူး။ ။ "သဒ္ဒါကို မဖေါ်ပြဘဲ အနက်ရလျှင် အတ္ထပူရဏ, သဒ္ဒါရှိပါလျက် အနက်မရလျှင် ပဒပူရဏ"ဟု အထူးကို ဆရာတို့ ဆိုကြ၏။ ဤ သမနုပဿတိ ယထာ–တို့၌ "လည်းကောင်း"တို့ကား အတ္ထပူရဏတို့တည်း။

ကျက်။ ။သဒ္ဒါမပြ၊ အနက်ရ၊ အတ္ထပူရဏာ။
သဒ္ဒါရှိက၊ နက်မရ၊ ပဒပူရဏာ။

မန္တလေးမြို့ အနောက်ပြင် တောင်သမန်တိုက် ကျေးဇူးရှင်ဆရာတော် ဦးကေသဝါဘိဝံသ ၁၃၂၀–ခုနှစ် တော်သလင်းလဆန်း ၂–ရက်နေ့ ပါရာဇိကထိပ်ပို့ချ၍ စာလိုက်ခဲ့စဉ်က ရရှိခဲ့သည့် နိယံဖြစ်သည်။ ဆရာတော်ကား စာချရာ၌ အဋ္ဌကထာ တစ်အုပ်ကိုသာ ကိုင်ချသည်။ဆိုင်ရာ ဋီကာ,အနု,မဓု,ဂဏ္ဌိ, နိယံစသော စာအုပ်များကို မကိုင် (စာအုပ်မှတ်ခန်း၌လည်း မတေးဘဲ) အာဂုံ ကျက်ချသည့် ကြည်ညိုဖွယ်ရာ ဆရာတော်ပါပေတည်း။

ထောက်ဖွယ်။ ။ ပူရဏံ ဒုဝိဓံ အတ္ထပူရဏဥ္စ ပဒပူရဏဥ္စ။ တေသု အတ္ထပူရဏန္တိ ပဒန္တရေန ပကာသိတဿေဝတ္ထဿ ဇောတနဝသေန အဓိကဘာဝ ကရဏံ။တထာဟိ"ခတ္တိယော ဗြာဟ္မဏော ဝေဿာ သုဒ္ဒေါ"တိ ဝုတ္တောပိ "ခတ္တိယောစ ဗြာဟ္မဏောစ ဝေဿာစ သုဒ္ဒေါစာ"တိ အယမတ္ထော ဝုတ္တောယေဝ ဟောတိ။ ဧသနယော ယထာရဟံ နေတဗ္ဗော။ ပဒပူရဏန္တိ အသတိပိ အတ္ထဝိသေသာဘိဓာနေ ဝါစာသိလိဋ္ဌတာယ ပဒဿပူရဏံ။ (နီတိ၊ သုတ္တ၊ နှာ ၃၇၄။)]

---

၃။ ။ ဥပမာန, ဥပမေယျပြည့်စုံစွာ အနက်

ဧတရဟိ၊ ယခုအခါ၌။ သာစရိယကော၊ ဆရာနှင့်တကွဖြစ်သော။ တွံ၊ သင်သည်။ (တစ်နည်း) ဧတရဟိ၌။တွံ၊သည်။ သာစရိယကော ဆရာနှင့်တကွ။ ဝေဠုကာနတပဿာဟိ၊ ရစ်ပတ်ကြောင်းဖြစ်သော အဝတ်ပြား, အဝတ်စည်းတို့ဖြင့် ညွတ်စေအပ်ပြီးသော နံရိုးရှိကုန်သော။နာရိဟိ၊မိန်းမတို့ဖြင့်။ပရိစာရေသိ) သေယျထာပိ၊ ဣန္ဒေ့တို့ကို ထိမှ၍မှ (ဟိုဟိုသည်သည်) လှည့်လည်ကျက်စားစေကုန်သကဲ့သို့။ ဝါ၊ခံစားကုန်သကဲ့သို့။ဧဝံ၊ထို့အတူ။တေ–ဣသယော။ထိုရှေးရသေ့တို့သည်။ ဝေဠုကနတပဿာဟိ၊ကုန်သော။နာရိဟိ၊တို့ဖြင့်။ပရိစာရေန္တိ၊စေကုန်သလော၊ဝါ၊ ကုန်သလော။ဣတိ၊ဤသို့။(အဝေါစ၊ မိန့်တော်မူပြန်ပြီ။)(သု–ကား အနက်မဲ့။) [ပါ၊ ၉၈။ ပါဿျ၊ ၂၄၂။ ပါဿျသစ်၊ ၃၅၆။]

[ဥပမာန, ဥပမေယျ ရှိရာ၌ အနက်ပေးနည်း။ ။ ကျမ်းဆရာတို့သည် ဥပမာန, ဥပမေယျဝါကျများကို ရေးရာ၌ ပါဠ်ချင်းတူလျှင် ဥပမေယျဖက်၌သာ ထားရိုးရှိကြသည်။ ထိုဥပမေယျတဖက်၌သာ ယှဉ်သောပါဠ်ကို ဥပမာနဖက်၌လည်း

http://www.dhammadownload.com



ယှဉ်ပေးရသည်။မတူလျှင် နှစ်ဖက်အစုံ ထားကြစမြဲဖြစ်သည်။ ဤ၌ ပါဠ်ချင်းတူသဖြင့် ဝေဠကနတပသသာဟိ နာရီဟိ ပရိစာရေန္တိ-ပါဠ်များကို ဥပမေယျဖက်၌သာ ထားသည်။ ယင်းဥပမေယျဖက်၌ယှဉ်သော ပါဠ်များကို ဥပမာနဖက်၌လည်း ယှဉ်၍ ယောဇနာသည်။ ဤနည်းကိုမှီ၍ ဥပမာန,ဥပမေယျဝါကျတို့၌ ယောဇနာရာ၏။

ကျက်။ ။ (၁) ဥပမာန, ဥပမေယျ၊ ထုတ်လေကမူ၊ တူလျှင် ဥပမေယျ။ တစ်ဖက်မျှတွင်၊ ယှဉ်လေလျှင်၊ နှစ်ဖက်ရအောင် ယှဉ်စမြဲ။ မတူချင်က၊ နှစ်ဖက်အစုံထားစမြဲ။(ပါရာဇိကဏ် ဂဏ္ဌိသစ်၊ ၁၊ ၁၁၄။)

(၂)ပမာ, ပမေ၊ တူမျှလေ၊ မသွေ တစ်ဖက်သာ။မတူ လေက၊ နှစ်ထွေပြ၊ နေရ ကျန်းဂန်မှာ။ (ဝိ၊ ဋ္ဌ၊ ၁။ သျှသစ်၊ ၁၊ ၉၄။)

(၃)ပမာ, ပမေ၊ ပြအနေ၊ မသွေ ဤသို့ဘဲ။ဝိဘတ်တူ ရာ၊ အတူ သာ၊ ဝုစ်သာ အချို့ကွဲ။ ဤသို့ဝါကျ၊ တစ်ဖက်ပြ၊ နက်ရ အဖို့စွဲ။ (ဝိ ဋ္ဌ၊ ၁၊ သျှသစ်၊ ၄၊ ၂၁၀။)]

---

၄။ ။[သျှသစ်အတိုင်း ယောဇနာ။ ။ ပါ၊ ၂၁၃။ ပါသျှ၊ ၄၅၂။ ပါသျှသစ်၊ ၆၂၀။ ။ ၁၃၃၁-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၅။ ။ ဥပမာန, ဥပမေယျခွဲ၍ ပြည့်စုံအောင် အနက်

မဟာသမုဒ္ဒေါ၊မဟာသမုဒ္ဒရာသည်။ဝါ၊မဟာသမုဒ္ဒရာကို။ သသာဒီဟိ၊ ယုန်သားငယ်အစရှိကုန်သော။ (သတ္တေဟိ၊ သတ္တဝါတို့သည်။)(ဒုက္ခောဂါဠှော)ဝိယစ၊ ဆင်းရဲသဖြင့် သက်ဝင်အပ်သကဲ့သို့လည်းကောင်း။ဝါ၊ဆင်းရဲသော သက်ဝင်ခြင်း ရှိသကဲ့သို့လည်းကောင်း။ဝါ၊သက်ဝင်ခြင်းငှါ ခဲယဉ်းသကဲ့သို့လည်းကောင်း။ (အလဗ္ဘနေယျပတိဋ္ဌော)ဝိယစ၊မရအပ်သော ထောက်ရာတည်ရာရှိသကဲ့သို့လည်း ကောင်း။ ဝါ၊ ရအပ်သော ထောက်ရာတည်ရာ မရှိသကဲ့သို့ လည်းကောင်း။ ဝါ၊ ထောက်ရာတည်ရာကို မရသကဲ့သို့လည်းကောင်း။ (တထာ၊ ထို့အတူ။) ဧတံ သဗ္ဗမ္ပိ၊ဤအလုံးစုံသော ဓမ္မ အတ္တ ဒေသနာ ပဋိဝေဓသည်လည်း။ဝါ၊ ဤအလုံးစုံသော ဓမ္မ အတ္တ ဒေသနာ ပဋိဝေဓကိုလည်း။အနုပစိတကုသလသမ္ဘာရေဟိ၊ မဆည်းပူး အပ်သော ကုသိုလ်အဆောက်အဦးရှိကုန်သော။ ဝါ၊ ဆည်းပူးအပ်ပြီးသော ကုသိုလ် အဆောက်အဦး မရှိကုန်သော။ ဝါ၊ ကုသိုလ်အဆောက်အဦးကို မဆည်းပူးကုန်သော။ (ပုဂ္ဂလေဟိ၊ ပုဂ္ဂိုလ်တို့သည်။) ဒုက္ခော ဂါဠှော စ၊ ဆင်းရဲသဖြင့် သက်ဝင်အပ်သည် လည်းကောင်း။ ဝါ၊ ဆင်းရဲသော သက်ဝင်ခြင်း ရှိသည်လည်းကောင်း။ ဝါ၊ သက်ဝင် ခြင်းငှါ ခဲယဉ်းသည်လည်းကောင်း။ အလဗ္ဘနေယျပတိဋ္ဌော၊ မရအပ်သော ထောက်ရာ တည်ရာ ရှိသည်လည်းကောင်း။ ဝါ၊ ရအပ်သော ထောက်ရာတည်ရာ မရှိသည် လည်းကောင်း။ ဝါ၊ ထောက်ရာတည်ရာကို မရသည်လည်းကောင်း။ (ဟောတိ၊ ဖြစ်၏။) တသ္မာ၊ ထို့ကြောင့်။ ဂမ္ဘီရုံ၊နက်နဲ၏။[ဋ္ဌ၊၂၁။ဋ္ဌသျှ၊၁၊ ၈၀။ ဋ္ဌသျှသစ်၊ ၁၊ ၁၆၃။]

---

http://www.dhammadownload.com



၆။ ။ [ ဋ္ဌ၊ ၉။ ဋ္ဌသျှ၊ ၁၊ ၄၅။ ဋ္ဌသျှသစ်၊ ၁၊ ၈၃။]

---

၇။ ။ [ ဋ္ဌ၊ ၇၄။ ဋ္ဌသျှ၊ ၁၊ ၂၄၈။ ဋ္ဌသျှသစ်၊ ၁၊ ၃၉၉။]

---

၈။ ။ [ ဋ္ဌ၊ ၁၈၇။ ဋ္ဌသျှ၊ ၂၊ ၁၇၅။ ဋ္ဌသျှသစ်၊ ၂၊ ၂၁၄။]

---

၉။ ။ [ ဋ္ဌ၊ ၁၈၅။ ဋ္ဌသျှ၊ ၂၊ ၁၇၂။ ဋ္ဌသျှသစ်၊ ၂၊ ၂၁၁။]

---

၁၀။ ။ [ ဋ္ဌ၊ ၃၂၆။ ဋ္ဌသျှ၊ ၂၊ ၅၃၅။ ဋ္ဌသျှသစ်၊ ၂၊ ၆၂၇။][ နံပါတ်(၅)နှင့် (၆)၊ (၈)နှင့်(၉) ရှေ့နောက်ပြန်နေသည်။]

---

၁၉၈၂ (၁၃၄၃) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) နာဠပုတ္တာဝါဒေ စာတုယာမသံဝရသံဝုတောတိ စတုကောဋ္ဌာသေန သံဝရေန သံဝုတော။

(ခ) သဗ္ဗဝါရိဝါရိတောစာတိ ဝါရိတသဗ္ဗဥဒကော၊ ပဋိက္ခိတ္တသဗ္ဗသီတောဒကောတိ အတ္ထော။

(ဂ) သော ကိရ သီတောဒကေ သတ္တသညီ ဟောတိ၊ တသ္မာ န တံ ဝဠဉ္ဇေတိ။

(ဃ) စေတသာ ဝါဒေ ကိဥ္စိ သာသနာနုလောမမ္ပိ အတ္ထိ။

(င) အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယေဝ ဇာတာ။

၁။ ။ တသ္မာ-၌ တ-၏ အာမာသနတ္ထ ပေါ်လွင်စေလျက် (က) (ခ) (ဂ)အမှတ်ပြပါဠ်တို့ကို အနက်ပေးခဲ့ပါ။

၂။ ။ (ဂ)အမှတ်ပြပါဠ်ကို သာဘောဂစောဒနာ ကျမ်းတက်ပြပါ။

၃။ ။ (ဃ)(င)အမှတ်ပြပါဠ်တို့၌ စောဒကာဘောဂါဒိစတုက္ကပြည့်စုံစွာ ထုတ်ပြပါ။

၄။ ။ အသုဒ္ဓလဒ္ဓိ-ပုဒ်ကို အစိတ်, အပေါင်း ဝိဂ္ဂဟပြ၍ အပေါင်း၌ ဝစနာဒိဆက္က ထုတ်ပြပါ။

၅။ ။ အသုဒ္ဓလဒ္ဓိတာယ-၏ သမ္ဗန်ကို ထုတ်ပြ၍ စာစပ်ပြီးလျှင် ဘာဝ ယောဂ၏ ဝါစ္စကိုလည်း ညွှန်ပြပါ။

၆။ ။ (ခ)အမှတ်ပြပါဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘောဂကို ပြပြီးလျှင် သံဝဏ္ဏနာအမည် ပေးခဲ့ပါ။

၇။ ။ ဒေဝိ သုဝဏ္ဏသရကေ ဘတ္တံ ပက္ခိပိတွာ ဥဏ္ဏဂေ်န အာဒါယ ပဝိသိ-ဝါကျ၌ ဥဏ္ဏဂ်-ပုဒ်၏ ရုပ်ပြီးပုံနှင့်တကွ နိရုတ္တိနည်းကို ရေးပြပါ။

၈။ ။ (ဃ)(င)အမှတ်ပြပါဝါကျတို့၌ ကိဥ္စိ သာသနာနုလောမံ-ဟူသော စကားနှင့် အသုဒ္ဓလဒ္ဓိ-ဟုဆိုအပ်သော အဋ္ဌကထာစကားနှစ်ရပ် မဆန့်ကျင်အောင် ညှိနှိုင်းပြပါ။

၉။ ။ အောက်ပါ ဂါထာကို အကြောင်းပြနှင့်တကွ ဆန်းစစ်ပြီးလျှင် ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

ယောစ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

၁၀။ ။ အထက်ပါ ဂါထာ၀ယ် ဂတော-၌ ဓာတ်အရ တရားကိုယ်ကို ကောက်ပြပြီးလျှင် ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ အလင်္ကာရနယ ထုတ်ပြပါ။

---

၁၉၈၂ (၁၃၄၃) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။[နောက်၌ တသ္မာ-ရှိသောကြောင့် ကိရ-ကို "ကိရ-ယသ္မာ၊ အကြင်ကြောင့်"ဟု ပေး။ "တသ္မာ၊ ထိုသို့ ရေအေး၌ 'သတ္တဝါ'ဟု အမှတ်ရှိသည်၏ အဖြစ်ကြောင့်"ဟု သျှသစ်အတိုင်းခွဲပေး။ဋ္ဌ၊၁၅၁။ဋ္ဌသျှ၊ ၂၈၅။ဋ္ဌသျှသစ်၊ ၂၉၄။]

---

၂။ ။ (ဂ)အမှတ်ပြပါဝါကျ သာဘောဂစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် န တံ ဝဋ္ဋတိ-ဟူသော ဝါကျဖြင့် "နာဠပုတ္တသည် ရေအေး(ရေစိမ်း)ကို မသုံးဆောင်"ဟု ဆိုတော်မူ၏(ဋ္ဌပနာ)။ ရေအေးသည် အဝိညာဏကဖြစ်၍ ရေအေးကို သုံးဆောင်ရာသည် မဟုတ်ပါလော (အာဘောဂ)။အဘယ်ကြောင့် ရေအေးကို မသုံးဆောင်ပါသနည်း(စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြပါဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ ။ ရေအေးသည် အဝိညာဏကဖြစ်၍ နာဋ္ဌပုတ္တသည် ရေအေးကို သုံးဆောင်ရာပါသော်လည်း အကြင်ကြောင့် ထိုနာဋ္ဌပုတ္တသည် ရေအေး၌ "သတ္တဝါ"ဟု အမှတ်သညာရှိ၏။ ထို့ကြောင့် ရေအေးကို မသုံးဆောင်-ဟူလို။

http://www.dhammadownload.com



[ယသ္မာ, တသ္မာ–ပါရှိသော ကာရဏ, ဖလဝါကျ တက်ရာ၌ ဋ္ဌပနာထားနည်း

ဟိတ်, ဖိုလ်နှစ်ရပ်တို့တွင် ဖိုလ်သည် ပဓာနဖြစ်၏။ ထိုဟိတ်, ဖိုလ်တို့သည် ရှေ့,နောက် အမြဲမရှိ၊ရံခါ ဟိတ်က ရှေ့,ဖိုလ်က နောက်၊ရံခါ ဖိုလ်က ရှေ့, ဟိတ်က နောက်နေ၏။ထိုတွင် ယသ္မာ,တသ္မာ–ပါရှိသော ဟိတ်က ရှေ့, ဖိုလ်က နောက်ရှိသော ဝါကျကို တက်ရာ၌ ဖိုလ်သည် ပဓာနဖြစ်သည့်အလျောက် ဖိုလ်ကို အရကောက်၍ (ဖိုလ်ကို ဋ္ဌပနာထား၍)တက်အပ်၏။ဤ န တံ ဝဋ္ဋဋ္ဌေတိသည် ဖိုလ်ဖြစ်၍ ပဓာနဖြစ်သောကြောင့် ယင်းဖိုလ်ကို အရကောက်၍ (ယင်းဖိုလ်ကို ဋ္ဌပနာထား၍) တက်အပ်၏။

ကျက်။ ။ တသ္မာ–ကို၊ကြောင်းပြဆိုမှု၊ထို တသ္မာ၊နောက်၌သာ၊ လိုရာအရကောက်။ (ပေါရာဏနိယံ။)

ကြံ၍ဖန်၍ မရရာ၌ နောက်ဆုံး အာဘော်သွင်းနည်း

အာဘော်သွင်းလိုသော် ပရိဟာရစကားရပ်၌ ပိ,ဧဝ,န–စသော အစွန်းအစရှိလျှင် ယင်းအစွန်းအစကို ကြည့်၍ အာဘော်သွင်းရသည်။ အစွန်းအစမရှိလျှင် အဖြေရှောင်ကွင်း၊လျော်ရာနင်း၊သွင်းလေ၊ အာဘောဂနည်း, အစိတ်မြင် အပေါင်းတင်၊ အပေါင်းမြင် အစိတ်တင်–နည်းစနစ်များဖြင့် သွင်းရသည်။ ထိုအစွန်းအစ, နည်းစနစ်တို့ဖြင့် ဘယ်လိုမှ ကြံ၍ဖန်၍မရလျှင် "ဋ္ဌပနာနောက်၊ အပြန်ရောက်ကြ၊ ပြစ်ဒေါသ၊ ထုတ်ရ အာဘော်သာ"ဟူသည်နှင့်အညီ ဋ္ဌပနာနောက် အပြန်ကျရောက်သောအပြစ်ကို အာဘော်သွင်းရသည်။ ဤ၌ ရေအေးကို မသုံးဆောင်–ဟူသော ဋ္ဌပနာစကား၏ အပြန်ကျရောက်သောအပြစ်မှာ ရေအေးကို သုံးဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် "ရေအေးကို သုံးဆောင်ရာသည် မဟုတ်ပါလော"ဟု အာဘော်သွင်းသည်။ လိုရင်း အာဘော်မှာ ယင်းသာဖြစ်သည်။ သို့သော် ယင်းအာဘော်စကား ပြည့်စုံခိုင်မြဲစေရန် ရှေ့က သင့်လျော်သောအကြောင်းယုတ္တိကို ရှာ၍ထည့်ရသည်။ ထို့ကြောင့် "ရေအေးသည် သဝိညာဏကဖြစ်၍"ဟု ယုတ္တိအကြောင်းထည့်သည်။ ထိုအာဘော်သည် ပရိကပ္ပ စကားဖြစ်၍ "သုံးဆောင်ရာသည် မဟုတ်ပါလော၊ သွားရာသည် မဟုတ်ပါလော" စသည်ဖြင့် ရာ–ဟူသောဝေါဟာရ သုံးနှုန်းသည်။]

---

၃။ ။ စောဒကာဘောဂါဒိစတုက္က

(၁)နနု တေသ ဝါဓေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ(စောဒကာဘောဂ)။

(၂) အထ ကသ္မာ သဗ္ဗံ ဒိဋ္ဌိယော ဓာတာ (စောဒနာ)။

(၃) နနု အသုဒ္ဓလဒ္ဓိတာ ဟောတိ (ပရိဟာရာဘောဂ)။

(၄) တသ္မာ သဗ္ဗာ ဒိဋ္ဌိယော ဓာတာ (ပရိဟာရ)။

---

၄။ ။ အစိတ်ဝိဂ္ဂဟ

ဝိသေသန သုဒ္ဓုတီတိ သုဒ္ဓါ၊န သုဒ္ဓါ အသုဒ္ဓါ၊ [အဝိသုဒ္ဓဓေနဿ–၌ အဝိသုဒ္ဓ–ကို ဝိဂ္ဂဟပြုသော ညောင်ကန်မှ ဉာဏ်ကောက်ကို မှီးသည်။]လဘနံ ဓာနနံ လဒ္ဓိ။ (သူစိ။၄၆၅။) လဘိတဗ္ဗာတိ လဒ္ဓိ။ (ဓာတုပစ္စယဒီပနီ။ ၂၇၂။)

http://www.dhammadownload.com



အပေါင်းဝိဂ္ဂဟ။ ။အသုဒ္ဓါ လဒ္ဓိ ဧတဿ နာဋပုတ္တဿာတိ အသုဒ္ဓလဒ္ဓိ။

ဝစနာဒိဆက္က

(၁) အသုဒ္ဓလဒ္ဓိ-ဟူသော နိပ္ဖန္နသည် ဝစန။

(၂) အသုဒ္ဓါ လဒ္ဓိ ဧတဿ နာဋပုတ္တဿ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

(၃) မစင်ကြယ်သောအယူ၏ နာဋပုတ္တနှင့် ဂုဏ်, ဂုဏီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သကတ်သည် ဝစနဟေတု။

(၄) ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။

(၅) နာဋပုတ္တဒြပ်သည် ဝစနီယ။

(၆) အသုစိဒိဋ္ဌိ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

မှတ်ချက်။ ။ ဝိဂ္ဂဟ၌ အသုဒ္ဓါ-နှင့် လဒ္ဓိ-ကို "အသုဒ္ဓါ လဒ္ဓိ အသုဒ္ဓလဒ္ဓိ"ဟု ကမ္မဓာရယ်သမာသ် (အစိတ်) ဝိဂ္ဂဟပြု၍ နောက်မှ "အသုဒ္ဓလဒ္ဓိ ဧတဿ နာဋပုတ္တဿ အတ္ထီတိ အသုဒ္ဓလဒ္ဓိ" ဟု အဿတ္ထိ (အပေါင်း)ဝိဂ္ဂဟ ပြုလျှင်လည်း ရသည်သာ။ [ဗဟုဗ္ဗီဟိရလျှင် အဿတ္ထိလည်း ရကြောင်းကို ဆိုခဲ့ပြီ။]

---

၅။ ။ အသုဒ္ဓလဒ္ဓိတာယ-၏ သမ္ဗန်

အသုဒ္ဓလဒ္ဓိတာယ-၏ သမ္ဗန်ကား ဧတဿ နာဋပုတ္တဿ-ဖြစ်ပါသည်။

တစပ်။ ။ ဧတဿ နာဋပုတ္တဿ-ကား "၏" ဟူ၍ အနက်ပေးသော ကြောင့် အသုဒ္ဓလဒ္ဓိတာယ-ဝယ် တာ-ပစ္စည်း၌ သမ္ဗန်, သတ္တိမန္တ၊ တာ-ပစ္စည်းကား သမ္ဗန္ဓီ, သတ္တိ။

ဧတဿနာဋပုတ္တဿ-ကား "သည်" ဟူ၍ အနက်ပေးသောကြောင့် အသုဒ္ဓ လဒ္ဓိတာယ-ဝယ် အသုဒ္ဓလဒ္ဓိ-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ အသုဒ္ဓလဒ္ဓိ ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ,တုလျတ်၊အသုဒ္ဓလဒ္ဓိ ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

ဘာဝယောဂ၏ ဝါစ္စ။ ။ဘာဝယောဂ၏ ဝါစ္စကား ကတ္တုတ္တ ဖြစ်ပါသည်။

[နိယံဟူက ယေဘုယျ။ ။ဟိတ်ဆိုက်လေရာ၊ ကြိယာ၏၊ကံ,ကတ္တား ကို၊ ဟိတ်၏သမ္ဗန်ခံမြဲ။ (ဘုရားကြီးနိယံ။၁၆။)အရဆိုလျှင် အသုဒ္ဓ လဒ္ဓိတာယ ဟိတ်၏ စပ်ရာ ဓာတ်-၏ ပကတိကတ္တားဖြစ်သော သဗ္ဗာ(အလုံးစုံသောအယူ)ကို သမ္ဗန်ခံရလိမ့်မည်။ သို့သော် အသုဒ္ဓလဒ္ဓိ (မစင်ကြယ်သောအယူရှိ)၏အရ အယူ မဟုတ်၊ပုဂ္ဂိုလ်သာ ဖြစ်သောကြောင့် ယင်းသမ္ဗန်ကို မခံအပ်။ခံသော သမ္ဗန်ပုဒ်နှင့် ဘာဝယောဂပုဒ်တို့ အရတူမှမှန်သည်ကို သတိပြုပါ။ "နိယံဟူက၊ ယေဘုယျ၊ မုချမယူရာ"ဟုဆိုသည့်အတိုင်း နိယံစကား "ယေဘုယျ" ဟုသာ မှတ်ရာ၏။]

---

၆။ ။ (ခ)အမှတ်ပြဝါကျ အာသောဂနှင့်သံဝဏ္ဏနာ

(ခ)အမှတ်ပြဝါကျရှိ ဥဒကော-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သဗ္ဗဝါရိဝါရိတော ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ဝါရိ-သဒ္ဒါ၏ ဥဒကအနက်ဟော၏အဖြစ်ကို အဋ္ဌ ကထာဆရာ သိစေပါသည်။ နာမလိင်္ဂတ္ထသံဝဏ္ဏနာ၊ သဒ္ဒါဟောအဘိဓေယျတ္ထ သံဝဏ္ဏနာ။ ဝါရိတသဗ္ဗဥဒကော-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သဗ္ဗဝါရိဝါရိတော

http://www.dhammadownload.com



ဟူသော သံဝဏ္ဏောတဗ္ဗပုဒ်၏ စတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ပုဒ်၏အဖြစ်, ယင်းစတုဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ သမ္ဗဒါန်အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။(တစ်နည်း:)သဗ္ဗဝါရိဝါရိတော-ဟူသော သံဝဏ္ဏောတဗ္ဗပုဒ်ကို"ဝါရိတော သဗ္ဗဝါရိ ယဿာတိ သဗ္ဗဝါရိဝါရိတော"ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါ သည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။အဂျာဟိတော "(အဂ္ဂိ+အာဟိ-တော) ညီထွန်းအပ်သောမီး"၌ အာဟိတ-ဟူသော ဝိသေသနနောက်ကျသကဲ့သို့ ဝါရိတ-ဟူသောဝိသေသန နောက်ကျသည်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာသိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ပဋိက္ခိတ္တ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝါရိတ-ဟူသော သံဝဏ္ဏောတဗ္ဗပုဒ်၏ ပဋိက္ခိတ္တအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ နာမလိင်္ဂတ္ထသံဝဏ္ဏနာ၊ သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာ။

သီတောဒကော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဥဒက-၏အရ သီတောဒကကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ ဝါရိတော သဗ္ဗဝါရိ ယဿာယံ သဗ္ဗဝါရိဝါရိတော ယထာ "အဂျာဟိတော"တိ၊တေနာဟ "ဝါရိတသဗ္ဗဥဒကော"တိ။ (သီဋီသစ်၊ ၂၊ ၅၂)ကိုထောက်၍ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြုသည်။ တုလျာဓိဗဟုဗ္ဗီမှာ၊ကံဟောပါမူ၊ တတိယာပြမ်-ဟူသော ဥပဒေကိုထောက်က ဝါရိတ (တားမြစ်အပ်သော)-ဟူသော သမာသ်ပုဒ်တစ်စိတ်သည် ကံဟောဖြစ်၍ "ဝါရိတော သဗ္ဗဝါရိ အနေနာတိ သဗ္ဗဝါရိ ဝါရိတော"ဟု တတိယာဗဟုဗ္ဗီဟိသမာသ် ပြုရပါမည်။

---

၇။ ။ ဥစ္ဆင်္ဂ-ရုပ်ပြီးပုံနှင့်တကွ နိရုတ္တိနည်း

ဥစ္ဆင်္ဂ-၌ ဥ-ပုဗ္ဗ, သဇ-ဓာတ်, ဏ-ပစ္စည်း။ "ဥသဇ"ဟု ဆိုလိုလျက် သ-ကို ဆ-ပြုခြင်း ဝဏ္ဏဝိကာရ, အသဒိသဒွေဘော် စ-လာခြင်း, စ္ဆ-ထက်၌ နိဂ္ဂဟိတ်လာခြင်း ဝဏ္ဏာဂမ, နိဂ္ဂဟိတ်ကို ကဝဂ္ဂန္တ င-ပြုခြင်း, ဇ-ကို ဂ-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် "ဥစ္ဆင်္ဂ"ဟု ပြီးပါသည်။ (အဘိဓာန်ဋီကာ။)

[ထောက်ဖွယ်။ ။ ဥဿဇ္ဇတိ ဧတ္ထာတိ ဥစ္ဆင်္ဂေါ၊ သဇ သင်္ဂေ၊ သဿဆော။ ဒွိတ္တံ။ (ဓာန်၊ ဋီ၊ ၂၇၆။)-နှင့် နိဂ္ဂဟီတဉ္စ,ဝဂ္ဂန္တံဝါ ဝဂ္ဂေ,ကဂါစဇာနံသုတ်တို့ကို ထောက်။ သက သတ္တိယံ ဝါ၊ ဥ၊ နိဂ္ဂဟီတာဂမော၊ သက္ကံ။ (ဓာန်၊ ဋီ။ ၅၄၉။)ကို နည်းမှီး၍ နိဂ္ဂဟိတ်လာရပုံကို သိ။]

(တစ်နည်း:) ဥ-ပုဗ္ဗ သန္ဇ-ဓာတ်, ဏ-ပစ္စည်း၊ "ဥသန္ဇ"ဟု ဆိုလိုလျက် သ-ကို ဆ-ပြုခြင်း ဝဏ္ဏဝိကာရ, အသဒိသဒွေဘော် စ-လာခြင်းဝဏ္ဏာဂမ, န-ကို နိဂ္ဂဟိတ်ပြုခြင်း,နိဂ္ဂဟိတ်ကို ကဝဂ္ဂန္တ င-ပြုခြင်း, ဇ-ကို ဂ-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် "ဥစ္ဆင်္ဂ"ဟု ပြီးပါသည်။ (ရူပသိဒ္ဓိ။)

[မှိုင်မြမ်း ထောက်ထားဖွယ်။ ။ နောက်နည်း၌ ရန္ဇ ရာဂေ၊ ရန္ဇတီတိ အတ္ထေ ဏ-ပ္ပစ္စယော။ သံယောဂသ္မိံ အာဒိဘူတေ န-ကာရေ နိဂ္ဂဟီတ မာပဇ္ဇတေ။ နိဂ္ဂဟီတဿ ဝဂ္ဂန္တတ္တံ၊ ဈ၊ဇ-ကာရဿ ဂတ္တံ၊ရင်္ဂေါ၊ (ရူ၊၅၇၈။)သန္ဇ သင်္ဂေ၊ သဉ္ဇနံ သင်္ဂေါ၊နဿ နိဂ္ဂဟီတံ။ (ရူ၊၅၈၁။)-တို့ကို မှိုင်မြမ်းထောက်ထားသည်။

http://www.dhammadownload.com



န-နှင့်ရှိသော ရန္တ-ဓာတ်သာ ကောင်း။ ။သူစိ, ဂဏ္ဌိတို့၌ ဥ-နှင့်ရှိသော သဥ-ဓာတ် လာသည်။ နိတိ၊ဓာတု (၄၄၊ ၂၂၄)၌ "သဇ သင်္ဂေ၊သန္တသင်္ဂေ"ဟု သင်္ဂတ္ထ၌ သဇ-ဓာတ်,သန္တဓာတ်သာ လာသည်။ ရူ (၅၈)၌လည်း "သန္တ သင်္ဂေ"ဟု လာသည်။ ဥ-နှင့် မရှိကြ။ဓာတွတ္ထသင်္ဂဟ (၃၇၆)၌ကား "သဉ္ဇော သန္တော စ သင်္ဂမှိ"ဟု ဥ-နှင့် ပါရှိသည်။ ဝတ္ထိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဋိပတ္တိ-ဟူရကား" ဥ-ကို နိဂ္ဂဟိတ် မပြုနိုင်"ဟု မဆိုလိုပါ။သို့သော် နိတိ,ရူတို့ တညီတညွတ်တည်း ရှိသော ကြောင့်လည်းကောင်း,နိဂ္ဂဟိတသံယောဂါဒိနော-သုတ်ကို ထောက်၍ န-ကိုသာ နိဂ္ဂဟိတ် ပြုရိုးရှိသောကြောင့်လည်းကောင်း န-နှင့်ရှိသော ရန္တ-ဓာတ်သာ ကောင်းသည်]

---

၈။ ။ ကိဥ္စိ သာသသနာနုလောမ-နှင့် အသုဒ္ဓလဒ္ဓိ-ညှိပုံ

အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်း (သဗ္ဗာဝါရိ)သည် သာသနာ တော်အား လျော်သောကြောင့် ကိဥ္စိ သာသနာနုလောမစကားကို ဆိုသည်။ ထိုအလုံးစုံသော မကောင်းမှုကိုတားမြစ်ခြင်းသည် သာသနာတော်အားလျော်စေကာမူ "အတ္တ, အသက်,လိပ်ပြာ,ဝိညာဉ်ကောင်"ဟု ခေါ်သော ဇီဝသည်ရှိ၏။ ထိုဇီဝသည် လည်း အချို့ မြစ်၏။အချို့ မမြစ်။မကောင်းမှုကို တားမြစ်ရာ၌ ထိုဇီဝ,က တားမြစ် သည်-စသည်ဖြင့် မစင်ကြယ်သောအယူရှိသောကြောင့် အသုဒ္ဓလဒ္ဓိ-စကားကို ဆိုရသည်။ အသုဒ္ဓလဒ္ဓိ-စကားဖြင့် မစင်ကြယ်သောအယူ ရှိသည်ကိုသာ ဆိုသည်။ သာသနာတော်အား လျော်သည်ကို မပယ်ပါ။ ထို့ကြောင့် ကိဥ္စိသာသနာနုလောမ ဟူသော စကားနှင့် အသုဒ္ဓလဒ္ဓိ-ဟူသော စကားနှစ်ရပ် မဆန့်ကျင်ပါ။

[အသုဒ္ဓလဒ္ဓိတာယာတိ "အတ္ထိ ဇီဝေါ၊သော စ သိယာ နိဗ္ဗော၊သိယာ အနိဗ္ဗော"တိ ဧဝမာဒိလီနလဒ္ဓိတာယ။ (သီဋီ၊ ၂၃၀။သီဋီသစ်၊ ၂၊၅၂။)]

---

၉။ ။ဆန်းစစ်ပြီး, အကြောင်းနှင့်တကွ ဂါထာအမည်, ဆန်းအမည်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ယော<br>၂ | စဗ္ဗ<br>၁ ၂ ၂ | ဥဓမ္မ<br>၁ ၂ ၂<br>ယ | ဥ<br>၁ | သံ<br>၂ | ဃဥသ<br>၂ ၁ ၁ | ရထံဂ<br>၁ ၂ ၁<br>ဇ | တော<br>၂ |
| စ<br>၂ | တ္တာရိအရိ<br>၂ ၁ ၂ | ယသစ္စာ<br>၁ ၂ ၂<br>ယ | နိ<br>၁ | သ<br>၂ | မ္မပ္ပညာ<br>၂ ၂ ၂ | ယပသာ<br>၁ ၂ ၁<br>ဇ | တိ<br>၁ |

(၁) ၄-ပါဒတို့၌ အစအက္ခရာ ၁-လုံးနောင် သ-ဂိုဏ်း, န-ဂိုဏ်းမရှိခြင်း၊ (၂) ဝိသမပါဒတို့၌ အစအက္ခရာ ၄-လုံးနောင် ယ-ဂိုဏ်းရှိခြင်း (၃) သမပါဒတို့၌ အစက္ခရာ ၄-လုံးနောင် ဇ-ဂိုဏ်းရှိခြင်း၊ ဤလက္ခဏာ ၃-ပါးနှင့် ပြည့်စုံသောကြောင့် ပထျာဝတ္တဂါထာ ဖြစ်ပါသည်။

၄-ပါဒတို့၌ အက္ခရာ ၈-လုံးစီ ရှိသောကြောင့် အနုဋ္ဌုဘာဆန်းဖြစ်ပါသည်။

http://www.dhammadownload.com



မှတ်ချက်။ ။ ကွစာရိယာဒိသံယောဂေ၊ အဓိကော ဒွေလဟူ ဂေါစ ဟူသော ဆန္ဒောပဗ္ဗနှင့်အညီ အရိယ,စရိယ,ကိရိယ,ဝိရိယ-စသော သဒ္ဒါတို့ကို ဂါထာအရာ၌ ယေဘုယျအားဖြင့် လဟုအက္ခရာ ၂-လုံးကိုပေါင်း၍ ဂရု-၁လုံးတည်း ယူရသောကြောင့် တတိယပါဒရှိ အရိယ-၌ အရိ-ကို ဂရု ၁-လုံးတည်းယူသည်။

---

၁၀။ ။ ဘာဝါလင်္ကာရ

ဂတော-၌ စာတ်အရ တရားကိုယ်မှာ ရတနာ ၃-ပါးကို "ကိုးကွယ်ရာ"ဟူ၍ ဆည်းကပ်သော (တစ်နည်း) ရတနာ ၃-ပါးကို "ကိုးကွယ်ရာ"ဟူ၍ သိသော သူ၏ သန္တာန်၌ ရတနာ ၃-ပါးဟူသော လည်းလျောင်းရာရှိသည်၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့်ဖြစ်သော ပီတိနှင့်တကွ သဒ္ဓါ, သမ္မာဒိဋ္ဌိ (ပညာ)[ပုညကြိယာ ဝတ္ထုတို့တွင် ဒိဋ္ဌိဇုကမ္မ] ပြဓာန်းသော စိတ္တုပ္ပါဒ်တည်း။

(၁) ရတနာ ၃-ပါးကို "ကိုးကွယ်ရာ"ဟူ၍ ဆည်းကပ်သော (တစ်နည်း) ရတနာ ၃-ပါးကို "ကိုးကွယ်ရာ"ဟူ၍ သိသော သူ၏သန္တာန်၌ ရတနာ ၃-ပါး ဟူသော လည်းလျောင်းရာ ရှိသည်၏အဖြစ်ဟူသော အခြင်းအရာအားဖြင့်ဖြစ်သော ပီတိနှင့်တကွ သဒ္ဓါ, သမ္မာဒိဋ္ဌိ (ပညာ) [ပုညကြိယာဝတ္ထုတို့တွင် ဒိဋ္ဌိဇုကမ] ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိဂ်ါရရသ။

(၂) ရတနာ ၃-ပါးသည် အရမ္မဏဝိဘာဝ။

(၃) ရတနာသုံးပါး၏ ဘယ, သန္တာသ, ဒုက္ခ, ဒုဂ္ဂတိပရိကိလေသကို ဖျက်ဆီးတတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ။

(၄) လေးပါးကုန်သော အရိယသစ္စာတို့ကို မဖေါက်မပြန် ဟုတ်မှန်သော ပညာဖြင့် သိမြင်ခြင်းသည် အနုဘာဝ။

[ထောက်ဖွယ်။ ။ တပ္ပရာယဏာကာရပ္ပဝတ္တော စိတ္တုပ္ပါဒေါသရဏ ဂမနံ။ အတ္ထတော ဗုဒ္ဓါဒီသု ဝတ္ထုသု သဒ္ဓါပဋိလာဘော,သဒ္ဓါမူလိကာ သမ္မာဒိဋ္ဌိ၊ ဒသသုပုညကိရိယဝတ္ထုသု ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတိ။ (ဋ္ဌ၊၂၀၆။)ကို ထောက်၍ ဓာတ်၏ အရကို ကောက်သည်။ ဟိံသတီတိသရဏံ။သရဏဂတာနံ တေနေဝ သရဏဂမနေန ဘယံ သန္တာသံ ဒုက္ခံ ဒုဂ္ဂတိပရိကိလေသံ ဟနတိ ဝိနာသေတီတိ အတ္ထော။ရတနတ္တ ယဿေတံ အဓိဝစနံ။(ဋ္ဌ၊ ၂၀၅။)ကိုထောက်၍ ဥဒ္ဒီပနဝိဘာဝကို ထုတ်သည်။]

---

၁၉၈၃ (၁၃၄၄) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ သန္တိ ဘိက္ခဝေ ဓမ္မာ သမဏဗြာဟ္မဏာ အမရာဝိက္ခေပိကာ တတ္ထတတ္ထ ပဉှံ ပုဋ္ဌာ သမာနာ ဝါစာဝိက္ခေပံ အာပဇ္ဇန္တိ အမရာဝိက္ခေပံ စတူဟိ ဝတ္ထုဟိ-ကို အမရာဝိက္ခေပ-ပုဒ်၏ သဒ္ဒတ္ထ ပေါ်စေလျက် အနက်ပေးခဲ့ပါ။

http://www.dhammadownload.com



၂။ ။ ယေန မဏ္ဍလမာဠဿ ဒွါရံ၊ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဓိဝက် ကောဟာရာစွဲ တေဒဝေါစ 'ကာယ ပနု သမ္မိဿက ဘဂဝါ'တိ-ကို ယေန-၌ ကရဏတ္ထ သတ္တမျတ္ထ ကြံ၍ အာကာရ အပြင်ထုတ်လျက် အနက် ယောဇနာခဲ့ပါ။

၃။ ။ ယေ ကေစိ အတ္ထိကဝါဒံ ဝဒန္တိ၊ ဗာလေ စ ပဏ္ဍိတေ စ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇန္တိ၊ ဝိနဿန္တိ၊ န ဟောန္တိ ပရံ မရဏာ-ကို အတ္ထိကဝါဒံ-ပုဒ်၏ သမ္ဗန် ခံ၍ ဥစ္ဆိဇ္ဇန္တိ-ကြိယာ ရှုလျက် ပြင်ဆင်ဖြည့်စွက် အနက်ပေးခဲ့ပါ။

၄။ ။ ဗြာဟ္မဏော ပေါက္ခရသာတိ ဥက္ကဋ္ဌံ အဇ္ဈာဝသတိ သတ္တုဿဒံ သတိဏကဋ္ဌောဒကံ သဓညံ ရာဇဘောဂ္ဂံ ရညာ ပသေနဒိနာ ကောသလေန ဒိန္နံ ရာဇဒါယံ ဗြဟ္မဒေယျံ-ကို အဇ္ဈာဝသတိ-၌ အဓိ, အာ-ကို အနက်မဲ့, အနက်ရှိ နှစ်နည်းကြံလျက် အနက်ပေးခဲ့ပါ။

၅။ ။ တတိယကောဋ္ဌာသေ ပစ္စုဋ္ဌာယ နိသီဒိတွာ ပုရိမဗုဒ္ဓါနံ သန္တိကေ ဒါနသီလာဒိဝသေန ကတာဓိကာရပုဂ္ဂလဒဿနတ္ထံ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလော ကေတိ-ကို ဗုဒ္ဓစက္ခုနာလောကံ ဝေါလောကေတိ-ကို ဗုဒ္ဓစက္ခုနာ-၌ ဣစ္ဆာဝိပ္ပေတတ္ထ ဖေါ်လျက် အနက်ပေးခဲ့ပါ။

၆။ ။ ယာနသန္နိဓိမှိ ယာနံ နာမ ဝယှံ, ရထော, သကဋံ, သန္ဒမာနိကာ, သိဝိကာ, ပါဋင်္ကီတိ နေဝတံ ပဗ္ဗဇိတဿ ယာနံ။ ဥပါဟနံ ပန ပဗ္ဗဇိတဿ ယာနံ ယေဝ-ကို သရူပတ္ထဖော်လျက် အနက်ပေးခဲ့ပါ။

၇။ ။ (က) ဝေဒေဟီတိ ပန ပဏ္ဍိတာဓိဝစနမေတံ။ ယထာဟ "ဝေဒေဟိကာ ဂဟပတာနီ အယျော အာနန္ဒော ဝေဒေဟမုနီ"တိ။

(ခ) သုဒ္ဓဿ ဝေ သဒါ မဂ္ဂု၊ သုဒ္ဓဿုပေါသထော သဒါ"တိ အာဒီသု ဥပါဝါသော-တို့ကို အနက်မှန်စွာ ပေးခဲ့ပါ။

၈။ ။ ဘိက္ခူ နီလာဘိဇာတီတိ ဝဒတိ၊ တေ ကိရ စတူသု ပစ္စယေသု ကဏ္ဍကေ ပက္ခိပိတွာ ခါဒန္တိ။ ဘိက္ခူ ကဏ္ဍကဝုတ္တိကာတိ အယမ္ပိဿ ပါဠိယေဝ-ကို စပ်ာပုဒ်နှင့်တကွ အနက်ပေးခဲ့ပါ။

၉။ ။ အဋ္ဌပုရိသဘူမိယောတိ မန္ဒဘူမိ, ခိဍ္ဍာဘူမိ, ပဒဝီမံသဘူမိ, ဥဇုဂတဘူမိ, သေက္ခဘူမိ, သမဏဘူမိ, ဇိနဘူမိ ဣမာ အဋ္ဌပုရိသဘူမိ ယောတိ ဝဒတိ-ကို သရူပတ္ထ ပေါ်စေလျက် အနက်ပေးခဲ့ပါ။

၁၀။ ။ အတရမာနောတိ အတုရိတော၊သဏိကံ ပဒပ္ပမာဏဋ္ဌာနေ ပဒံ နိက္ခိပန္တော ဝတ္တံ ကတွာ သုသမ္မဋ္ဌံ မုတ္တာဒလသိန္ဒုဝါရသန္ထရ သဒိသံ ဝါလိကံ အဝိနာသေန္တောတိ အတ္ထော-ကို ဝတ္တံ-၌ ဣစ္ဆာဝိပ္ပေတတ္ထ ဖေါ်လျက် အနက်ပေးခဲ့ပါ။

http://www.dhammadownload.com



## ၁၉၈၃ (၁၃၄၄) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ အမရဝိက္ခေပိကာ–၌ သဒ္ဒတ္ထ ထင်စေလျက် အနက်

["အမရဝိက္ခေပိကာ၊ မပြီးမပြတ်သောမိမိ၏အယူ, စကားဖြင့် (တစ်ပါးသော သူတို့၏ အယူဝါဒကို) အထူးထူးအပြားပြား ပစ်ချခြင်း ရှိကုန်သော။ အမရဝိက္ခေပ်၊ မပြီးမပြတ်သော မိမိ၏အယူ, စကားဖြင့် (တစ်ပါးသော သူတို့၏ အယူဝါဒကို) အထူးထူးအပြားပြား ပစ်ချခြင်းသို့"ဟု သဒ္ဒတ္ထ ပေး။ ကြွင်းပေးလေ။ပါ၊ ၂၃။ ပါသျှ၊ ၇၅။ပါသျှသစ်၊၁၁၄။ ၁၃၂၃–ခုနှစ်ကလည်း မေးခဲ့ပြီ။

ထောက်ဖွယ်။ ။ နမရတီတိ အမရာ၊ဝိဝိဓော ခေပေါ ဝိက္ခေပေါ၊ အမရာယ ဒိဋ္ဌိယာ ဝါစာယစ ဝိက္ခေပေါတိ အမရဝိက္ခေပေါ၊သော ဧတေသံ အတ္ထီတိ အမရဝိက္ခေပိကာ။(ဋ္ဌ၊ ၁၀၆။)န မရတီတိ န ဥပစ္ဆိဇ္ဇတီ။ဝိဝိဓောတိ နာနပ္ပကာရော။ ခေပေါတိ သကဝါဒေန ပရဝါဒံ ခိပနံ။(သီဋ္ဌိသစ်၊၁၊၄၃၀။) အဋ္ဌကထာ၌ တစ်နည်း ဖွင့်သေးသည်။ဋီကာသစ်၌လည်း အခြားနည်းများ ဖွင့်သေးသည်။]

---

၂။ ။ ယေန–၌ ကရဏတ္ထ, သတ္တမျတ္ထ ကြံ၍ အာကာရ အပြင် ထုတ်လျက် အနက်

ယေန–ဒိသာဘာဂေန၊ အကြင်အရပ်မျက်နှာအဘို့ဖြင့်။မင်္ဂလ မာဠသာ၊ တန်ဆောင်းဝင်း၏။ ဒွါရ်၊တံခါးသို့။ (ဥပသင်္ကမိတဗ္ဗံ၊ သွားအပ်၏။ ဝါ၊ချဉ်းကပ်အပ်၏။) တေန–ဒိသာဘာဂေန၊ထိုအရပ်မျက်နှာအဘို့ဖြင့်။ (မင်္ဂလ မာဠသာ၊၏။ ဒွါရ်သို့။) ဥပသင်္ကမိ၊သွား၏။ ဝါ၊ချဉ်းကပ်၏။ (ကရဏတ္ထ။)(တစ်နည်း) ယေန ဌာနေန၊ အကြင်အရပ်၌။မင်္ဂလ မာဠသာ၊၏။ဒွါရ်၊သည်။ (အတ္ထိ၊ရှိ၏။) တေန–ဌာနေန။ထိုတန်ဆောင်းဝန်းရှိရာအရပ်၌။ ဝါ၊သို့။ဥပသင်္ကမိ၊သွား၏။ ဝါ၊ ချဉ်းကပ်၏။ (သတ္တမျတ္ထ။)ဥပသင်္ကမိတွာ၊သွားပြီး၍။ဝါ၊ချည်းကပ်ပြီး၍။ကောမာရဘစ္စ။ အဘယမင်းသားသည် မွေးမြူအပ်သော။ဇီဝက၊သမားတော်ဇီဝက ကို။အဝေါစ။ ပြောဆိုပြီ။ (ကိံ၊အဘယ်သို့။အဝေါစ၊ပြောဆိုသနည်း။)သမ္မဇီဝက၊ အရှယ်တူ ဇီဝက။ ဘဂဝါ၊သည်။ ကဟံ ပန၊အဘယ်ပါနည်း။ဟုတိ၊ဤသို့။ (အဝေါစ၊ ပြောဆိုပြီ။) [သျှသစ်တို့အတိုင်းလည်း ပေးနိုင်သည်သာ။ ပါ၊၄၇။ပါသျှ၊ ၁၁၅။ ပါသျှသစ်၊ ၃၈၈။၁၃၃၂–ခုနှစ်ကလည်း မေးခဲ့ပြီ။]

[ထောက်ဖွယ်။ ။ ယေန မင်္ဂလမာဠော တေနုပသင်္ကမီတိ။ယေနာတိ ယေန ဒိသာဘာဂေန,သော ဥပသင်္ကမိတဗ္ဗော။ဘုမ္မတ္ထေ ဝါ ဧတံ ကရဏဝစနံ၊ယသ္မိံ ပဒေသေ သော မင်္ဂလမာဠော၊တတ္ထ ဂတောတိ အယမေတ္ထ အတ္ထော။(ဋ္ဌ၊ ၄၉)

ဧတန္တိ ယေန တေနာတိ ဧတံ ပဒဒွယံ။တတ္ထာတိ ဟိ တသ္မိံ မင်္ဂလ မာဠေတိ အတ္ထော။ယေနာတိ ဝါ ဘုမ္မတ္ထေ ကရဏဝစနံ။တေနာတိ ပန ဥပယောဂတ္ထေ။ တသ္မာ တတ္ထာတိ တံ မင်္ဂလ မာဠန္တိ ဝဒန္တိ။ ဥပသင်္ကမီတိ စ ဥပသင်္ကမန္တောတိ အတ္ထော၊ ပစ္စုပ္ပန္နကာလဿ အဓိပ္ပေတတ္တာ ဥပသင်္ကမနဿ စ ဂမနံ (သွားခြင်း) ဥပဂမန(ချည်းကပ်ခြင်း)ဥဘတိ ဒွိဓာ အတ္ထော၊ဣဓ ပန ဂမနမေဝ။တေနာဟ "တတ္ထ

http://www.dhammadownload.com



ဂတော"တိ။အထဝါ ဂတောတိ ဥပဂတော။အနုပသင်္ကေါပိ ဟိ သဒ္ဒေါ သဥပသင်္ဂေါ ဝိယ အတ္ထန္တရံ ဝဒတိ။ (သီဋီသစ်၊၁၊ ၂၁၁။)]

---

၃။ ။ [သျှအတိုင်း ပေး။သျှကို ကြည့်မေးသည့်မေးခွန်း ဖြစ်သည်။ ပါ၊၅၂။ပါသျှ၊၁၃၃။ ပါသျှသစ်၊ ၂၀၇။]

---

၄။ ။ အဇ္ဈာဝသတိ-၌ အဓိ, အာ-ကို အနက်မဲ့, ရှိကြလျက်အနက် [ဥက္ကဋ္ဌံ၊ ဥက္ကဋ္ဌမြို့၌။အဇ္ဈာဝသတိ၊ နေ၏။ (အဓိ,အာ-အနက်မဲ့။) (တစ်နည်း) ဥက္ကဋ္ဌံ၊ဥက္ကဋ္ဌမြို့၌ (ဤအဋ္ဌကထာအလို။)ဝါ၊ဥက္ကဋ္ဌမြို့ကို (မောဂ္ဂလာန်နှင့် ဝိနည်းအဋ္ဌကထာအလို)။ အဇ္ဈာဝသတိ၊လွှမ်းမိုးအုပ်စိုး၍ ("သူတစ်ပါးနှင့် မဆက်ဆံသည်၏ အဖြစ်"ဟု ဆိုအပ်သော)အပိုင်းအခြားအားဖြင့် နေ၏။ (အဓိ,အာ-အနက်ရှိ။) ကြွင်းပေးလေ။ပါ၊၈၂။ပါသျှ၊၁၉၀။ပါသျှသစ်၊၃၀၁။

"ဥက္ကဋ္ဌံ-၌ ဝိဘတျတ္ထ ဤအဋ္ဌကထာဝါဒ။ ။ ဥက္ကဋ္ဌံ အဇ္ဈာဝသတီတိ ဥက္ကဋ္ဌနာမကေ ဝသတိ၊အဘိဘဝိတွာ ဝါ အာဝသတိ။ တဿ နဂရဿ သာမိကော ဟုတွာ ယာဝ မရိယာဒါယ တတ္ထ ဝသိတဗ္ဗံ၊ တာယ မရိယာဒါယ ဝသိ။ ဥပသဂ္ဂဝ သေန ပနေတ္ထ ဘုမ္မတ္ထေ ဥပယောဂဝစနံ ဝေဒိတဗ္ဗံ။ (ဋ္ဌ၊ ၂၁၈။)

"အဇ္ဈာဝသတီ"တိ စေတ္ထ အဓိ-သဒ္ဒေါ,အာ-သဒ္ဒေါစ ဥပသဂ္ဂမတ္တံ၊ တတော "ဥက္ကဋ္ဌ"န္တိ ဣဒံ အဇ္ဈာပုဗ္ဗဝသယောဂေ ဘုမ္မတ္ထေ ဥပယောဂ ဝစနံ၊အဓိ-သဒ္ဒေါ ဝါ ဣဿရိယတ္ထော,အာ-သဒ္ဒေါ မရိယာဒတ္ထော၊တတော "ဥက္ကဋ္ဌ" န္တိ ဣဒံ ကမ္မပ္ပ ဝစနီယယောဂေ ဘုမ္မတ္ထေ ဥပယောဂ ဝစနန္တိ ဒဿေတိ "ဥက္ကဋ္ဌနာမကေ"တိ အာဒိနာ၊ (သီဋီသစ်၊ ၂၊ ၂၁၁။)

ဤအဋ္ဌကထာ,ဋီကာတို့အလို အဓိ,အာ-တို့ အနက်မဲ့သည့်အခါ၌ ဖြစ်စေ, အနက်ရှိသည့်အခါ၌ဖြစ်စေ ဥက္ကဋ္ဌံ-ဝယ် သတ္တမျတ္ထချည်း၌သာ ဒုတိယာ သက်ရသည်။ တတိယာ သတ္တမီနဋ္ဌ-သုတ်ဖြင့် သက်၊ "ဥက္ကဋ္ဌ မြို့၌ နေ၏"ဟု "ဥက္ကဋ္ဌ-ကို ဝသ ဓာတ်၌သာ စပ်ရသည်"ဟု ယူသည်။

ရူပသိဒ္ဓိ, သဒ္ဒနီတိတို့ ဝါဒ။ ။ ရူပသိဒ္ဓိ, သဒ္ဒနီတိတို့၌လည်း "သတ္တမိယတ္ထေ ဥပါန္ဝဇ္ဈာဝသဿ (ဥပ+အနု+အဓိ+အာ-ရှေ့ရှိသော ဝသဓာတ်၏) ပယောဂေ ဒုတိယာ။အဂါရံ အဇ္ဈာဝသတိ။ (ရူ၊ ၂၉၀။ နီတိ၊ သုတ္တ၊ ၅၈၉။)"ဟု ဤအဋ္ဌကထာ နည်းတူပင် အဓိ,အာ-တို့၏ အနက်မဲ့သည့်အခါ၌ဖြစ်စေ, အနက်ရှိသည့်အခါ၌ဖြစ်စေ ဥက္ကဋ္ဌံ-ဝယ် သတ္တမျတ္ထ၌ ဒုတိယာသက်သည်ကို ဆိုကြကုန်၏။

မောဂ္ဂလာန်ဝါဒ။ ။ပထဝိံ အဓိသေဿတိ၊ဂါမမဓိတိဋ္ဌတိ။ရုက္ခမဇ္ဈာသတောတိ အဓိသီဋ္ဌာသာနံ ပယောဂေ အဓိကရဏေ ကမ္မဝစနိစ္ဆာ။တထာ ဥပန္ဝဇ္ဈာဝသဿာ ဘောဇနနိဝုတ္ထိဝစနဿ ဂါမမုပဝသတိ၊ပဗ္ဗတမဓိဝသတိ၊ဃရမာဝသတိ။(မောဂ်၊ ၂၂)

ပထဝိံ၊ကို။အဓိသေဿတိ၊လွှမ်းမိုး၍ အိပ်ရလတ္တံ့။ ဂါမံ၊ကို။အဓိတိဋ္ဌတိ၊ အုပ်စိုး၍ တည်၏။ ရုက္ခံ၊ကို။အဇ္ဈာသတော၊လွှမ်းမိုး၍ တည်နေ၏။ ဣတိ၊ဤ၌။ အဓိသီဋ္ဌာသာနံ၊အဓိ-ပုဗ္ဗ သီ သယေ,ဋ္ဌာဂတိနိဝတ္တိယံ,အာသ ဥပဝေသနေ ဟူသော ဓာတ်တို့၏။ပယောဂ၊၌ အဓိကရဏေ အာဓာရ၌။ကမ္မဝစနိစ္ဆာ၊ ကံကို ဆိုခြင်းသည်။

http://www.dhammadownload.com



ဟောတိ၊၏။ အာဘောဇနနိဝတ္တိဝစနသ၊အစာရှောင်ခြင်းကို မဟောသော။ ဥပါနှဖျာဝသသ၊ဥပ,အနု,အဓိ,အာ–ဟူသော ဥပသာရပုဒ် ရှေးရှိသော ဝသနိဝါသေ–ဟူသော ဓာတ်၏။ ပယောဂေ၌။တထာ၊ထို့အတူ၊ဒုတိယာ၊ဖြစ်၏။ ဂါမံ၊ကို။ဥပဝသတိ၊ကပ်နေ၏။ ဂါမံ၊ကို။အနုဝသတိ၊အလျော်နေ၏။ ပဗ္ဗတံ။သို့။ အဓိဝသတိ၊အုပ်စိုးနေ၏။ ဃရံ၊ကို။အာဝသတိ၊အုပ်စိုးနေ၏။

အဓိပုဗ္ဗ သိဋ္ဌာသာနမာဓာရေ ဒုတိယာဘိမတာ ပရေသံ၊သာပိဟ ကမ္မဝစနိစ္ဆာယေဝ သိဒ္ဓါတိ ဒသေတုံ ဝုတ္တံ "ပထဝိမိစ္စာဒိ"။ (ယင်းပဋိကာ။)

ပရေသံ၊တစ်ပါးသောဆရာ (ပါဏိနိ)တို့သည်။ အဓိပုဗ္ဗ သိဋ္ဌာသာန မာဓာရေ၊ အဓိ–ပုဗ္ဗ သိ,ဌာ,အာသ–ဟူသော ဓာတ်တို့၏အယှဉ် အာဓာရ၌။ဒုတိယာ၊ကို။ အဘိမတာ၊အလိုရှိအပ်၏။ သာပိ၊ထိုသည်လည်း။ ဣဓ၊ဤ၌။ကမ္မဝစနိစ္ဆာယေဝ၊ ကံကို ဆိုလိုသောအားဖြင့် ကံ၏အဖြစ်ဖြင့်သာ။သိဒ္ဓါ၊ပြီး၏။ ဣတိ–ဣမံ အတ္ထံ၊ ကို။ဒသေတုံ၊ငှါ။ပထဝိမိစ္စာဒိ၊ကို။ဝုတ္တံ၊၏။

ပါဏိနိ–၌ ဥပ,အနု,အဓိ,အာ–ပုဗ္ဗ ဝသ–ဓာတ်၏အာဓာရ၌ ဥပါနွ ဖျာဝသသစ–ဟူသောသုတ်ဖြင့် ကမ္မသညာပြု၍ ဒုတိယာကို စီရင်သည်။ ဤ ပါဏိနိရှိ ဥပါနွဖျာဝသသစ–ဟူသော သုတ်ကို ရည်၍ "ဥပသဂ္ဂဝသေန ပနေတ္ထ ဘုမ္မတ္ထေ ဥပယောဂဝစနံ ဝေဒိတဗ္ဗံ။တတ္ထ လက္ခဏံ သဒ္ဒသတ္ထတော ပရိယေသိတဗ္ဗံ"ဟု အဋ္ဌကထာ ဆိုခြင်းဖြစ်သည်။ ဤနေရာ၌ အဋ္ဌကထာဆရာ ပါဏိနိသို့ လိုက်သည်။

ပထဝိ–စသည်၌ ပါဏိနိဆရာတို့ အလိုအားဖြင့် အဓိ–စသော ဥပသာရ, နိပါတ်တို့ အနက်မဲ့သည့်အခါ၌ဖြစ်စေ,အနက်ရှိသည့်အခါ၌ဖြစ်စေ အာဓာရအနက်၌ ဒုတိယာ။မောဂ္ဂလာန်ဆရာအလိုအားဖြင့် ဥပသာရ,နိပါတ်တို့ အနက်ရှိသည့် အခါ၌ ကံအနက်၌ ဒုတိယာတည်း။ ထို့ကြောင့် မောဂ္ဂလာန်ဆရာအလိုအားဖြင့် အဓိ,အာ ဟူသော ကမ္မပ္ပ ဝစနီယပုဒ်တို့ကို အနက်ယူ၍ ဥက္ကဋ္ဌ–ကို ကံအနက်ပေး၍ ကမ္မတ္ထေ ဒုတိယာ–သုတ်ဖြင့် ကစ္စည်းဆရာ အလိုအားဖြင့် ကမ္မပ္ပဝစနိယ ယုတ္တေ သုတ်ဖြင့် ကံအနက်၌ ဒုတိယာ သက်ရသည်။ "ဥက္ကဋ္ဌမြို့ကို လွှမ်းအုပ်စိုး၍"ဟု ဥက္ကဋ္ဌ–ကို "အဓိ,အာ–တို့၌ စပ်သည်"ဟု ယူသည်။

ဝိနည်းအဋ္ဌကထာဝါဒ။ ။မဇ္ဈံ သဟသာ အဘိနိသီဒတိတိ မဇ္ဈံသဟသာ အဘိဘဝိတွာ အဇ္ဈောတ္ထရိတွာ နိသီဒတိ။ ဘုမ္မတ္ထေ ဝါ ဧတံ ဥပယောဂဝစနံ၊ မဇ္ဈေ နိသီဒတိတိ အတ္ထော။ အဘိတိ ဣဒံ ပဒသောဘာနတ္ထံ ဥပသဂ္ဂမတ္တမေဝ။ (ပါစိတျာဒိ၊ ၄၊ ၄၈။)

ဤဝိနည်းအဋ္ဌကထာအလိုမှာ ဥပသာရ,နိပါတ်တို့ အနက်ရှိမှု ကမ္မတ္ထ၌ ဒုတိယာ,အနက်မဲ့မှု သတ္တမျတ္ထ၌ ဒုတိယာဖြစ်သည်။ ထို့ကြောင့် ဤဝိနည်း အဋ္ဌ ကထာ အလိုအားဖြင့် ဥက္ကဋ္ဌ–ကို အဓိ, အာ–တို့ကို အနက်ရှိကြ၍ အဓိ, အာ–တို့၌ စပ်မှု ဥက္ကဋ္ဌ–ဝယ် ကမ္မတ္ထ၌ ဒုတိယာသက်၍ "ကို"ဟု အနက်ပေး။ အဓိ, အာ–ကို အနက်မဲ့ ကြ၍ ယင်းတို့၌ မစပ်ဘဲ ဓာတ်တွင်သာစပ်မှု သတ္တမျတ္ထ၌ ဒုတိယာ သက်၍ "၌"ဟု အနက်ပေး။

http://www.dhammadownload.com



အရှင်မဟာဗုဒ္ဓဃောသဆရာ တစ်ဦးတည်းပင်ဖြစ်သော်လည်း တစ်နေရာနှင့် တစ်နေရာ ဖွင့်ပုံချင်း မတူတာလည်း ရှိသည်ကို သိအပ်၏။

အချုပ်။ ။ အချုပ်အားဖြင့်မူ ဤအဋ္ဌကထာ,ရှ,နိတိတို့အလို အဝိ, အာ-တို့ကို အနက်မဲ့,အနက်ရှိ ၂-မျိုးလုံး ယူနိုင်သည်။အနက်မဲ့ယူသည့်အခါ၌ ဖြစ်စေ,အနက်ရှိ ယူသည့်အခါ၌ဖြစ်စေ ဥက္ကဋ္ဌ-ကို "၌"ဟု ပေးရမည်။ မောဂ္ဂလာန် အလို အဝိ,အာ-တို့ကို အနက်ရှိယူရမည်။အနက်ရှိယူ၍ ဥက္ကဋ္ဌ-ကို "ကို"ဟု ပေးရမည်။ ဝိနည်းအဋ္ဌကထာအလို အဝိ,အာ-တို့ကို အနက်မဲ့,အနက်ရှိ ၂-မျိုးလုံး ယူနိုင်သည်။ အနက်မဲ့ယူသည့်အခါ၌ ဥက္ကဋ္ဌ-ကို "၌"ဟု ပေးရမည်။ အနက်ရှိယူသည့် အခါ၌ "ကို"ဟု ပေးရမည်။

အဋ္ဌကထာ အလို ၂-မျိုး ပေါင်းက ချုံမိ။ ။ ဤသုတ်အဋ္ဌကထာ, ဝိနည်းအဋ္ဌကထာတို့၏အလို ၂-မျိုး ပေါင်း၍ အဋ္ဌကထာအလို (အရှင်မဟာဗုဒ္ဓဃောသလို) အနက်ပေးမှု- "ဥက္ကဋ္ဌ၊၌။အစ္ဆာဝသတိ၊နေ၏။ (တစ်နည်း)ဥက္ကဋ္ဌ၊၌။ဝါ၊ ကို။ အစ္ဆာဝသတိ၊လွှမ်းမိုး။ပ။နေ၏"ဟု ပေးရမည်။အဖြေရေးခဲ့သည့် အနက်အတိုင်းပင် ဖြစ်သည်။ အဋ္ဌကထာအလို၂-မျိုးကို ပေါင်းလိုက်လျှင် အားလုံး ချုံမိသည်။]

---

၅။ ။ ဗုဒ္ဓစက္ခုနာ-၌ ကြာဓာဝိပ္ပေတတ္ထ ဖော်လျက် အနက်

[ဗုဒ္ဓစက္ခုနာတိ အာသယာနုသယဉာဏေန္ဒြိယပရောပရိယတ္တဉာဏေဟိ ပဉ္စမဆဋ္ဌဗလဘူတေန ဗုဒ္ဓစက္ခုနာ။ (သီဋီသစ်၊၁၊ ၂၀၉။)ကို ထောက်၍ "ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်,အာသယာနုသယဉာဏ်"ဟု ဆိုအပ်သော မြတ်စွာဘုရား၏ မျက်လုံးတော်ဖြင့်"ဟု ပေး။ဋ္ဌ၊၄၈။ဋ္ဌသျှ၊၁၊၁၆၇။ဋ္ဌသျှသစ်၊၁၊ ၂၉၇။]

---

၆။ ။[ဋ္ဌ၊၈၀။ဋ္ဌသျှ၊၁၊၂၆၈။ဋ္ဌသျှသစ်၊၁၊၁၉၄။၁၃၂၁-ခုနှစ်ကလည်း မေးခဲ့ပြီ]

---

၇။ ။ [ဋ္ဌ၊၁၂၇။ဋ္ဌသျှ၊ ၂၊၁၇၊၁၈။ဋ္ဌသျှသစ်၊ ၂၊ ၂၀၊ ၂၁။]

---

၈။ ။[နိလာဘိဇာတိ,ကဏှာကဝုတ္တိကာ-တို့နောင် ဟောန္တိ,ပါဠိဝဃေဝ-နောင် ဟောတိ-ထည့်ပေး။ ဋ္ဌ၊၁၄၇။ဋ္ဌသျှ၊ ၂၊၇၄။ဋ္ဌသျှသစ်၊ ၂၊၈၃။]

---

၉။ ။ [ဋ္ဌ၊၁၄၇။ဋ္ဌသျှ၊ ၂၊၇၅။ဋ္ဌသျှသစ်၊ ၂၊၈၄။]

---

၁၀။ ။ ဝတ္တံ-၌ ကြာဓာဝိပ္ပေတတ္ထ ဖော်လျက် အနက်

[ဝတ္တန္တိ တေဟိ စရိတဗ္ဗံ အာစာရံ။(သီဋီ၊ ၂၉၈။)ဝတ္တန္တိ တေသံ သမာစိဏ္ဏံ။ (သီဋီသစ်၊ ၂၊ ၂၅၁။)တို့ကို ထောက်၍ "ဝတ္တံ၊မိမိတို့သည် ပြုကျင့်အပ်သော ကျင့်ဝတ်ကို။ ဝါ၊မိမိတို့၏ အလေ့အကျက်ဖြစ်သော ဝတ်ကြီး ဝတ်ငယ်ကို"ဟု ပေး။ ဋ္ဌ၊ ၂၂၅။ ဋ္ဌသျှ၊ ၂၊ ၂၉၀။ ဋ္ဌသျှသစ်၊ ၂၊ ၃၆၁။]

---

http://www.dhammadownload.com



## ၁၉၈၃ (၁၃၄၄) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က)ဝုသိတဝါနိတိ "အဟံ ဝုသိတဝါ သိက္ခိတော ဗဟုဿုတော"တိ
အတ္တာနံ မညတိ။
(ခ)တေဿ ဟိ ဇဝံ ဖရုသဝစနသမုဒါစာရေ ကာရဏံ ကိမညတြ
အဝုသိ တတ္တာတိ။
(ဂ)အာစရိယကုလေ အသံဝုဋ္ဌ အသိက္ခိတာ အပ္ပဿုတာယေဝ ဟိဇဝံ
ဝဒန္တိတိ။

၁။ ။ အထက်ဖော်ပြပါ ဝါကျတို့ကို အဓိပ္ပာယ် အဆက်အစပ်မှန်ကန်
အောင် အနက်ယောဇနာခဲ့ပါ။

၂။ ။ အထက်ပါ ဝါကျတို့တွင် (ဂ)အမှတ်ပြဝါကျကို စောဒနာကျမ်း
တက်ပြခဲ့ပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃။ ။ (က) ကုတ္တဝါလေဟိတိ သောဘာကရဏတ္ထံ ကပ္ပေတုံ
ယုတ္တဋ္ဌာ နေသု ကပ္ပိတဝါလေဟိ။
(ခ) ဇတ္တ စ ဝဋ္ဋဝါနံယေဝ ဝါလာ ကပ္ပိတာ၊ န ရထာနံ။
(ဂ) ဝဋ္ဋဝပယုတ္တတ္တာ ပန ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ။
ဖော်ပြပါ ဝါကျတို့တွင် (ခ)(ဂ)အမှတ်ပြဝါကျတို့ကို ဖြစ်သင့်သည် အားလျော်စွာ
အာဘောဂါဒိစတုက္က ခွဲဝေထုတ်ဆောင်ခဲ့ပါ။

၄။ ။ မေးခွန်းနံပါတ် ၁-(က)အမှတ်ပါ ဝုသိတဝါနိ-ပုဒ်ကို
အစိတ် အပေါင်း ဝိဂ္ဂဟပြ၍ အပေါင်းဝိဂ္ဂဟ၌ ဝစနာဒိဆက္က ခွဲပြပါ။

၅။ ။ မေးခွန်းနံပါတ် ၃-(ဂ)အမှတ်ပါ ဟိတ်ပါဌ်ကို သမ္ဗန်ပုဒ်ထည့်၍
ရသင့်တိုင်း အနက်ပေးပြီး စာစပ်ပြပါ။

၆။ ။ (က)အင်္ဂေသုတိ အင်္ဂါနာမ အင်္ဂပါသာဒိကတာယ ဇဝံ လဒ္ဓဝေါ
ဟာရာ ဇာနပဒိနော ရာဇကုမာရာ။
(ခ) တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရုဠှိသဒ္ဒေန အင်္ဂါတိ
ဝုစ္စတိ။
(ဂ)တသ္မိံ အင်္ဂေသု ဇနပဒေ။
ဖော်ပြပါဝါကျတို့တွင် (က)(ခ)အမှတ်ပြဝါကျတို့ကို သံဝဏ္ဏနာအမည်နှင့်တကွ
ကျမ်းဆရာ၏အာဘော်ကို ထုတ်ဖော်ညွှန်ပြခဲ့ပါ။

http://www.dhammadownload.com



၇။ ။ လဇ္ဇုကိကာတိ ဓေတ္တလေဇ္ဇုနံ အန္တရေ နိဝါသိနံ ခုဒ္ဒကသကုဏိကာ ဟူသောပါဠ်၌ လဇ္ဇုကိကာ–ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို သေချာစွာ ဖြေဆိုခဲ့ပါ။

၈။ ။ မေးခွန်းနံပါတ် ၆–(ခ)အမှတ်ပါ ရုဠီသဒ္ဒေန–ဟူသောပါဠ်ဖြင့် ပြအပ်သော အဓိပ္ပာယ်ကို နာနာဝါဒ သွင်း၍ ထင်လင်းစွာ ရေးခဲ့ပါ။

၉။ ။ ယထာ စ စိတ္တသဏ္ဍာတာယ ဖရုသာ ဝါစာ န ဟောတိ၊ ဧဝံ ဝစနသဏ္ဍာတာယ အဖရုသာဝါစာ န ဟောတိ–ဟူသော ဝုဏ္ဏိယပါဠ်ကို ပထျာ ဝတ္တဂါထာ ဖွဲ့စီခဲ့ပါ။

၁၀။ ။ တဿ တံ ဒိဿွာဝ သကလသရီရတော သေဒါ မုစ္စိံသု၊ အန္တောကုစ္ဆိ ဝိပရိဝတ္တမာနာ မဟာရဝံ ဝိရဝိ–ဟူသောပါဠ်ကို ဖြစ်သင့်သည် အားလျော်စွာ ဌာယီဘာဝ စသည်ထုတ်ဆောင်ခဲ့ပါ။

---

## ၁၉၈၃ (၁၃၄၄) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။ အနက်ယောဇနာ

(က) ဝုသိတမာနိတိ၊ကား။အဟံ၊ငါသည်။ဝုသိတဝါ၊အကျင့်ကို ကျင့်သုံးဖူးပြီ။ ဝါ၊ကျင့်သုံးအပ်ပြီးသောအကျင့် ရှိခဲ့၏။ သိက္ခိတာ၊အတတ်ပညာကို သင်ဘူးပြီ။ ဝါ၊သင်အပ်ပြီးသောအတတ်ပညာ ရှိခဲ့၏။ ဗဟုဿုတော၊များသော ကြားနာအပ်ပြီးသော အတတ်ပညာရှိခဲ့၏။ ဣတိ၊ဤသို့။အတ္တာနံ၊မိမိကိုယ်ကိုယ်။မညတိ၊အောက်မေ့မှတ်ထင်၏။

(ခ)ဟိ–သစ္စံ၊ မှန်၏။ တေဿ–အမ္ဗဋ္ဌဿ၊ဤအမ္ဗဋ္ဌအား။ ကိံ အညတြ အဝုသိတတ္တာတိ၊ကိံ အညတြ အဝုသိတတ္တာ–ဟူသော။ (ဣဒံ ကာရဏံ၊ဤအကြောင်းသည်။)ဓေဝံ၊ဤသို့။ ဖရုသဝစနသမုဒါစာရေ၊ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၌။ (ကာရဏံ၊အကြောင်းပေတည်း။)(တနည်း) (ကသ္မာ၊ အဘယ့်ကြောင့်။ အဝုသိတဝါ၊အကျင့်ကို မကျင့်သုံးဘူးသည်။ ဝါ၊ကျင့်သုံးအပ်ပြီးသော အကျင့်မရှိသည်။ သမာနာ၊ဖြစ်ပါလျက်။ အဟံ၊ငါသည်။ ဝုသိတဝါ၊အကျင့်ကို ကျင့်သုံးဘူပြီ။ ဝါ၊ကျင့်သုံးအပ်ပြီးသောအကျင့် ရှိခဲ့၏။ ဣတိ၊ဤသို့။အတ္တာနံ၊ မိမိကိုယ်ကို။မညတိ၊အောက်မေ့မှတ်ထင်၏။ဣတိ၊ဤသို့။ဝိညာယတိ၊သိအပ်သနည်း) ဟိ–ယသ္မာ၊အကြင်ကြောင့်။ တေဿ–အမ္ဗဋ္ဌဿ၊ဤအမ္ဗဋ္ဌအား။ အဝုသိတတ္တာ၊ အကျင့်ကို မကျင့်သုံးဘူးသည်၏အဖြစ်ကို။ ဝါ၊ကျင့်သုံးအပ်ပြီးသော အကျင့် မရှိသည်၏အဖြစ်ကို။ အညတြ၊ ထား၍။ဓေဝံ၊ဤသို့။ ဖရုသဝစနသမုဒါစာရေ ကျမ်းတမ်းသောစကားကို ပြောဆိုခြင်း၌။ (အညံ၊တပါးသော။ကာရဏံ၊ (ဂ)ဟိ–သစ္စံ၊ မှန်၏။ အာစရိယကုလေ၊ဆရာ့အိမ်၌။ အသံဝုဒ္ဓါ၊မကြီးပွားကုန်သော။ အသိက္ခိတာ၊

http://www.dhammadownload.com



အတတ်ပညာကို မသင်ဘူးကုန်သော။ ဝါ၊သင်အပ်ပြီးသော အတတ်ပညာ မရှိကုန်သော။အပ္ပဿုတော၀၊နည်းသော အကြားအမြင်ရှိသည်သာလျှင် ဖြစ်ကုန်သော။ (ပုဂ္ဂလာ၊တို့သည်။)ဇ၀ံ၊ဤသို့ ကြမ်းတမ်းသောစကားကို။ဝဒန္တိ၊ပြောဆိုတတ်ကြကုန်၏။ ဣတိ-အယံ အတ္ထော၊ကို။ (ဝေဒိတဗ္ဗော၊သိအပ်၏။) [တဿ အတ္ထော ဇဝံ ဝေဒိတဗ္ဗော"ဟု ဆိုခဲ့ပြီးသည်ကို ပြန်အုပ်။]။ [ဋ္ဌ၊ ၂၂၈။ဋ္ဌသျှ၊ ၂၊ ၂၉၅။ဋ္ဌသျှသစ်၊ ၂၊၃၇၁။]

[ထောက်ဖွယ်။ ။ တတြာယံ ယောဇနာ-"ကိမညတြ အဝုသိတတ္တာ"တိ ဣဒံ ကာရဏံ ဧတဿ အမ္ဗဋ္ဌဿ ဖရုသဝစနသမုဒါစာရေ ကာရဏန္တိ။ ဧဝမ္ပိ ယောဇေန္တိ-အဝုသိတတ္တာ အဝုသိတဘာဝံ အညတြ ဋ္ဌပေတွာ ဧတဿ ဇဝံ ဖရုသ ဝစနသမုဒါစာရေ ကာရဏံ ကိမညံ အတ္ထီတိ။ "အညတြာ"တိ နိပါတယောဂတော အဝုသိတတ္တာတိ ဥပယောဂတ္ထေ နိဿက္ကဝစနံ တဒေဝ ကာရဏံ သမတ္ထေတိ "အာစရိယကုလေ"တိ အာဒိနာ။ (သီဋ္ဌီသစ်၊ ၂၊ ၂၅၁။)

ဗဟုဿုတွဥ္စိ နာမ ယာဝဒေဝ ဥပသမတ္ထံ ဣစ္ဆိတဗ္ဗံ၊ တဒဘာဝတော အမ္ဗဋ္ဌော အပ္ပဿုတော အသိက္ခိတော "အဝုသိတော"တိ ဝိညာယတိ၊ တေနာဟ "ဧတဿ ဟိ"တိ အာဒိ။ (သီဋ္ဌီ၊ ၂၉၈။)

ဤဋီကာဟောင်းနှင့် ဋီကာသစ် နောက်နည်းကို ပေါင်း၍ (ခ)အမှတ်ပြဝါကျကို တနည်း အနက်ပေးသည်။ နောက်နည်း၌ ဤသို့ပေးမှ ဣတိ-ရှိသည်နှင့် လျော်သည်။

တဒေဝ ကာရဏံ သမတ္ထေတိ "အာစရိယကုလေ"တိ အာဒိနာ-ကို ထောက်၍ (ဂ)အမှတ်ပြဝါကျကို ဒဋ္ဌိ ဆိုသည်။]

---

၂။ ။(ဂ)အမှတ်ပြဝါကျ စောဒနာတက် (ဒေါသာရောပနစောဒနာတက်)

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် "အမ္ဗဋ္ဌအား ကိံ အညတြ အဝုသိတတ္တာ-ဟူသော အကြောင်းသည် ဤသို့ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၌ အကြောင်းပေတည်း"ဟု ဆိုတော်မူ၏(ဋ္ဌပနာ)။ ဆရာ့ စကားသည် အဘယ်သို့သော အသင့်ယုတ္တိဖြင့် သင့်နိုင်ပါအံ့နည်း(စောဒနာ)။ အသင့် ယုတ္တိကို မပြဆိုက ဆရာ၌ အသင့်ယုတ္တိနှင့် ဆန့်ကျင်သော ဉာယဝိရောဓိဒေါသ ရောက်ရာ၏(ဒေါသ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာ တော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကို မိန့်။

ဝါကျတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် ယုတ္တိဒဋ္ဌိယကို ဆိုတော်မူ၏ (ဋ္ဌပနာ)။ ယုတ္တိဒဋ္ဌိယ၏ ယုတ္တိဒဋ္ဌိကရဏကား အဘယ်ပါနည်း(စောဒနာ) ယုတ္တိဒဋ္ဌိကရဏကို မပြဆိုက ဆရာ၌ ဒဋ္ဌိယ,ဒဋ္ဌိကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ ရောက်ရာ၏(ဒေါသ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကို မိန့်။ [ဝါကျတက်ကား ဝါကျကွဲလျှင် လွယ်ပါ၏။ ဝါကျလွဲလျှင် တစ်ပုဒ်လုံး လွတ်မည်သာ။]

---

http://www.dhammadownload.com



၃။ ။ စောဒကာဘောဂါဒိစတုက္က

(၁) နနု ဝဋ္ဋဝါနံယေဝ ဝါလာ ကပ္ပိတာ န ရထာနံ (စောဒကာဘောဂ)

(၂) အထ ကသ္မာ ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ (စောဒနာ)။

(၃) နနု ဝဋ္ဋဝယုတ္တာ ဟောန္တိ (ပရိဟာရာဘောဂ)။

(၄) ကသ္မာ ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ (ပရိဟာရ)။

[၁၃၃၇ (၁၉၇၆) ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၄။ ။ အစိတ်ဝိဂ္ဂဟ။ ။ ဝုသိတ္တာတိ ဝုသိတော၊ (တစ်နည်း) ဝုသိယိတ္တာတိ ဝုသိတံ အဿ အတ္ထီတိ ဝုသိတော။

အပေါင်းဝိဂ္ဂဟ။ ။ ဝုသိတောတိ အတ္တာနံ မညတီတိ ဝုသိတမာနီ။ [တဿီလာဒိသု ဏီတွာဝီစ-သုတ်၌ စသဒ္ဒါဖြင့် အတ္တမာနအနက်၌ ဏီ-ပစ္စည်း]

ဝစနာဒိဆက္က

(၁) ဝုသိတမာနီ-ဟူသော နိပ္ဖန္နသည် ဝစန။

(၂) ဝုသိတောတိ အတ္တာနံ မညတိ-ဟူသော ဝိဂ္ဂြဟ်ဝါကျသည် ဝစနတ္ထ။

(၃) "အကျင့်ကို ကျင့်သုံးဖူးပြီ။ (တစ်နည်း)ကျင့်သုံးအပ်ပြီးသော အကျင့် ရှိခဲ့၏"ဟု မိမိကိုယ်ကို အောက်မေ့မှတ်ထင်ခြင်း ကြိယာသကတ်သည် ဝစနဟေတု။

(၄) ဏီတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။

(၅) အမ္ဗဋ္ဌလုလင်ဒြပ်သည် ဝစနီယ။

(၆) ဝုတ္တမာနီ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

[အစိတ်ဝိဂ္ဂဟ၌ မှီးဖွယ်။ ။ သတ္တ သေက္ခာ ပုထုဇ္ဇနကလျာဏာ စ ဗြဟ္မစရိယဝါသံ ဝသန္တိ နာမ။အယံ ပန ဝုတ္ထဝါသောတိ ဝုသိတဝါ။ (ပါထိကဝဂ္ဂ၊ ဋ္ဌ၊ ၄၇။) ဝုသိတဝါတိ ဝသိ ပရိဝသိ ဝုတ္ထော ပရိဝုတ္ထော၊သော ဝုတ္ထဝါသော စိတ္တော စရဏောတိ ဝုသိတဝါ။ (မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၄၄။)ဝုသိတံ (ကျင့်သုံးအပ်၏) တိ ဝုသိတံ၊အရိယမဂ္ဂေါ,အရိယဖလဉ္စ၊တံ ဧတဿ အတ္ထီတိ အတိသယဝစနိစ္ဆာ ဝသေန အရဟာ ဝုသိတဝါတိ ဝုတ္တော။ (ယင်းတို့၏ အဖွင့်ဋီကာများ။)(ပါထိကဝဂ္ဂ၊ ဋီ၊၃၉။မူလပဏ္ဏာသ၊ဋီ၊၁၊၉၅။)

အပေါင်းဝိဂ္ဂဟ၌ မှီးဖွယ်။ ။ တဿီလာဒိသု ဏီတွာဝီစ။ ။ စသဒ္ဒေန အတ္တမာနေပိ ဏီ၊ပဏ္ဍိတံ အတ္တာနံ မညတီတိ ပဏ္ဍိတမာနီ၊ဗာလော။ ဗဟုဿုတမာနီ ဣစ္စာဒိ။ (ရူ၊၅၉၀။) အညေသုစ ဏီ။ ။ပဏ္ဍိတံ အတ္တာနံ မညတီတိ ပဏ္ဍိတမာနီ၊ ဗဟုဿုတမာနီ။ (နိတိသုတ္တ၊၁၁၂၁။) ပဏ္ဍိတာတိ မညန္တီတိ ပဏ္ဍိတမာနိနော။ (ပါရာဇိကကဏ္ဍ၊ ဋ္ဌသျှသစ်၊ ၂၊ ၇၇။)

ဝစနီယတ္ထ။ ။ ဝုသိတန္တိ ဝုတ္ထံ ပရိဝုတ္ထံ။ (ပါရာဇိကကဏ္ဍ၊ဋ္ဌ၊၁၊ ၁၃၇)ကို ကြည့်၍ ဝစနီယတ္ထ ထုတ်သည်။]

---

၅။ ။ ဟိတ်ပါဌ်၏သမ္ဗန်။ ။ ဝဋ္ဋဝပယုတ္တတ္တာ-ဟူသော ဟိတ်ပါဌ်၏ သမ္ဗန်ကား ရထာနံ-ဖြစ်ပါသည်။

သမ္ဗန်ပုဒ် အနက်ပေး စာစပ်။ ။ ရထာနံ-ကား "တို့၏"ဟူ၍ အနက်ပေးသောကြောင့် ဝဋ္ဋဝပယုတ္တတ္တာ-ဝယ် တ္တ-ပစ္စည်း၌ သမ္ဗန်,သတ္တိမန္တ၊တ္တ-ပစ္စည်းကား သမ္ဗန္ဓီ, သတ္တိ။

ရထာနံ-ကား "တို့ကို"ဟူ၍ အနက်ပေးသောကြောင့် ဝဋ္ဋပယုတ္တတ္တာဝယ် ဝဋ္ဋပယုတ္တ-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ,တုလျတ်၊ဝဋ္ဋပယုတ္တ-ဟူသော ဘာဝယောဂပုဒ်ကား ဝါစက,လိင်္ဂတ်။ [၁၃၃၇ (၁၉၇၆) ခုနှစ်ကလည်း မေးခဲ့ပြီ]

---

၆။ ။ (က)(ခ)အမှတ်ပြပါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြပါကျရှိ အင်္ဂါနာမ စဝံ လဒ္ဓဝေါဟာရာ ရာဇကုမာရာ-ဟူသော (ဋ္ဌ၊ ၂၄၉။)သံဝဏ္ဏနာပါဌ်ဖြင့် အင်္ဂေသု-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ အင်္ဂ-၏အရ "အင်္ဂတို့"ဟူ၍ ရအပ်သော အမည်ရှိကုန်သောမင်းသားတို့ကို ယူရမည် ၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

အင်္ဂပါသာဒိကတာယ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် လက်ခြေစသော အင်္ဂါကြီးငယ်တို့၏ ကြည်ညိုခြင်းကို ဖြစ်စေတတ်ကုန်သည်တို့၏ အဖြစ်ကြောင့် "အင်္ဂတို့" ဟူ၍ ရအပ်သော အမည်ရှိသည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ဇနပဒိနော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ထိုမင်းသားတို့၏ နေခြင်းကို သာလျှင် စွဲ၍ ဇနပုဒ်၏ ဤသို့သောအမည် ဖြစ်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

(ခ)အမှတ်ပြပါကျရှိ တေသံ နိဝါသော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အင်္ဂေသု ဟူသောသံဝဏ္ဏေတဗ္ဗပုဒ်ဝယ် အင်္ဂ-၌ ဏ-ပစ္စည်း၏ နိဝါသအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသံဝဏ္ဏနာ။ (တစ်နည်း)အင်္ဂေသု-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ဝယ် အင်္ဂပုဒ်ကို "အင်္ဂါနံ နိဝါသော အင်္ဂါ"ဟု နိဝါသတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

ကောပိ ဇနပဒေါ-ဟူသောသံဝဏ္ဏနာပါဌ်ဖြင့် အင်္ဂေသု-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်သည် သဒ္ဒါအားဖြင့်သာ ဗဟုဝုစ်ဖြစ်သည်။အနက်အားဖြင့်ကား ဧကဝုစ်သာ ဖြစ်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေအပ်ပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ရုဠှီသဒ္ဒေန အင်္ဂါတိ ဝုစ္စတိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အတင်ရုဠှီအားဖြင့် (တစ်နည်း) အတင်ရုဠှီသဒ္ဒါ ဖြစ်သောကြောင့် "အင်္ဂတို့"ဟူ၍ ဗဟုဝုစ်ဖြင့် ဆိုအပ်ပါသည်၏အဖြစ်ကို အဋ္ဌကကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

(ဂ)အမှတ်ပြပါကျရှိ တသ္မိံ အင်္ဂေသု ဇနပဒေ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပဒါဝတ္ထိကန္တအားဖြင့် "အင်္ဂါ"ဟု ပထမာဝိဘတ်ဖြင့် ဖွင့်ပြသော်လည်း ဝါကျာဝတ္ထိကန္တအားဖြင့် "အင်္ဂေသု"ဟု သတ္တမီဝိဘတ်ဖြင့် နေရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

[ထောက်ဖွယ်။။"ကောသလာ နာမ ရာဇကုမာရာ"တိ ဝုတ္တေယေဝ သိဒ္ဓေပိ "ဇနပဒိနော"တိ ဝစနံ သန္တေသုပိ အညေသု တံ တံ နာမပညာတေသု တတ္ထ နိဝသန္တေသု ဇနပဒိဘာဝတော တေသမေဝ နိဝသနမုပဒါယ ဇနပဒဿာယံ သမညာတိ ဒဿနတ္ထံ။ "တေသံနိဝါသော"တိ ဣမိနာ"ကောသလာနံ နိဝါသာ ကောသလာ"တိ တဒ္ဓိတံ ဒဿေတိ။ကောပိ ဇနပဒေါ တိ ဣမိနာ ပန သဒ္ဒတော ယေဝေတံ ပုထုဝစနံ၊ အတ္ထတော ပနေသ ဧကော ဧဝါတိ ဝိဘာဝေတိ။ယဒိ ဧကော ဇနပဒေါ၊ကထံ

http://www.dhammadownload.com



တတ္ထ ဗဟုဝစနန္တိ အာဟ "ရုင်္ဂသဒ္ဒေနာ"တိ အာဒိ၊ရုင်္ဂသဒ္ဒတ္တာ ဗဟုဝစနမုပပန္နန္တိ ဝုတ္တံ ဟောတိ။(သီဋီသစ်၊ ၂၊ ၂၀၁။)ဤအင်္ဂေသု-ပုဒ်အဖွင့်မှာ (ဋ္ဌ၊ ၂၅၃။)ရှိ ကောသလေသု-ပုဒ်အဖွင့်နှင့် အတူတူပင်ဖြစ်သည်။ ထို့ကြောင့် ဤဋီကာပါဌ်ကို ဖော်ပြသည်။ဥပမာယမိဓေကေစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ(မဏိမဥ္ဇူပရိဘာသာ။]

---

၇။ ။ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

လင်္ဂုကိကာ-၌ လေဍ္ဍု-ပုဒ်,က-ပစ္စည်း၊လေဍ္ဍုက-ပုဒ်,ဏိကပစ္စည်း၊ ဣတ္ထိလိင်ဇောတက အာ-ပစ္စည်း၊ "လေဍ္ဍုကိကာ"ဟု ဆိုလိုလျက် ဧ-ကို ချေခြင်း, သံယုတ်၏အစိတ်ဖြစ်သော ရှေ့ဍု-ဗျည်းကိုချေခြင်း ဝဏ္ဏလောပ,တတိယက္ခရာ ဍု-ကို ပထမက္ခရာင္ဂ-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် လင်္ဂုကိကာ"ဟု ပြီးပါသည်။

လင်္ဂုကိကာ-ကို ကျမ်းဆရာဖွင့်ပုံ။ ။ လင်္ဂုကိကာတိ ခေတ္တလေဍ္ဍုနံ အန္တရေ နိပါသိနီ ခုဒ္ဒကသကုဏိကာ။ (ဋ္ဌ၊ ၂၂၉။)ဤ၌ ခေတ္တ-ဖြင့် လေဍ္ဍု (မြေဆိုင်ခဲ)၏ အရ လယ်ထွန်ခြင်း၏အစွမ်းဖြင့် ထစေအပ်သော ထွန်းချေးခဲကို ယူရမည်ကို ဖွင့်သည်။ လေဍ္ဍုနံ-ဖြင့် လင်္ဂုကကို ဖွင့်သည်။ ယင်းသို့ဖွင့်ရာ၌ လဍ္ဍု-ဖြင့် လင်္ဂု-၌ လေဍ္ဍု-ပုဒ်ရင်း၊ဧ-နှင့် ရှေ့ဍု-ကိုချေ၍ ကျန်ဍု-ကို ငွ-ပြု၍ ပြီးသည်၏အဖြစ်ကိုလည်း ဖွင့်သည်။ ပါဠိရင်းမှာ၊ရှိတာမပြ၊အနတ္ထသေသတုလျကြံ-နှင့်အညီ (လေဍ္ဍု+က-၌)က-ပစ္စည်းကို မပြသောကြောင့် က-ပစ္စည်း၏ သွတ္ထဖြစ်သည်ကိုလည်း ဖွင့်သည်။ အန္တရေနိဝါသိနီ-ဖြင့် မရှိတာပြ၊တဒ္ဓိတ၊လောပသမာသ်ကြံလေပါ-နှင့်အညီ (လင်္ဂုက+ဏိက)၌ ဏိက-ပစ္စည်း၏ အန္တရေနိ ဝါသအနက်ဟော၏အဖြစ်ကို ဖွင့်သည်။ ခုဒ္ဒကသကုဏိကာ-ဖြင့် လင်္ဂုကိကာ-၏အရကို ဖွင့်သည်။

ခေတ္တလေဍ္ဍုနန္တိ ခေတ္တေ ကသနဝသေန နင်္ဂလေန ဥဋ္ဌာပိတ လေဍ္ဍုနံ။ "လင်္ဂုကိကာ" ဣစ္စေဝ သညာ ခုဒ္ဒကသုဏိကာ။ (သီဋီ၊ ၂၉၉။) လေဍ္ဍုတ္တော မတ္တိကာခဏ္ဍော (ဓာန်၊ ၄၄၇)လေဍ္ဍုသယံတော။ (ဓာန်၊ဋီ။၄၄၇။) (မတ္တိကာခဏ္ဍော၊ မြေဆိုင်ခဲ (ထွန်ချည်းခဲ)ကို လေဍ္ဍုလေဋ္ဌု | (လေဍ္ဍု)ဟူ၍။ဥတ္တော၊၏"ဟု သျှသစ်က လေဍ္ဍု-ကို မှုကဲ့ပြသည်။)တို့ကိုထောက်၍ သွားရိုးသွားစဉ်အရဖော်သည့် အာဘော် ဖြစ်သည်။ အာဘော်ကို သဘောကျမှ နိရုတ္တိနည်းကို သဘောကျမည်ဖြစ်၏။

ဂဏ္ဌိ (၄၉၄)၌ "လင်္ဂုဝိယ အကတိတိ လင်္ဂုကိကာ-ပြု၍ ယေသော ငှက်. ရ၏"ဟု ပြလို၍ လင်္ဂုကိကာတိ-စသည် တက်-ဟူ၏။

လေဍ္ဍုကိကာ။ ။ ခေတ္တလေဍ္ဍုနန္တိ ခေတ္တေ ကသနဝသေန ဥဋ္ဌာပိ တမတ္တိကာခဏ္ဍာနံ။ လေဍ္ဍုကာနမန္တရေ နိဝါသိတတ္တာ "လေဍ္ဍုကိကာ" ဣစ္စေဝ သညာတာ "ခုဒ္ဒကသကုဏိကာ"တိ ဝုတ္တာ။ (သီဋီသစ်၊ ၂၊ ၂၅၃။) လေဍ္ဍု ဝိယ အကတိတိ လေဍ္ဍုကိကာ။ ထွာ။ (ဓာန်၊ ဋီ၊ ၆၃၉။) ဤဋီကာသစ်နှင့် အဘိဓာန် ဋီကာအလို "လေဍ္ဍုကိကာ"ဟု ရှိရမည်။

လင်္ဂုကိကာ။ ။ လာပေါ၊လင်္ဂုကိကာပုထ။ (ဓာန်၊သျှသစ်။၆၃၉။) လင်္ဂော ဗာလျဥတ္တိသု၊လင်္ဂုကိကာ။ (ဓာတွတ္ထသင်္ဂဟ၊ ၅၂၈။) ဋီကာဟောင်းနှင့် ဤကျမ်းများအလို "လင်္ဂုကိကာ"ဟု ရှိရမည်။ သုစိ (၄၆၅)၌ကား "လင်္ဂုဝိယ အကတိတိ လင်္ဂုကိကာ၊ထွာ။ဋီကာယံ လေဍ္ဍုကိကာ"ဟု ဆို၏။

http://www.dhammadownload.com



၂-မျိုးရှိ။ ။ ကျမ်းဂန်တို့၌ ၂-မျိုးလုံးပင် ရှိလေသည်။ သို့သော် မဇ္ဈိမပဏ္ဏာသ, ဇာတ်-စသည်တို့၌ လဋုကိကောပမသုတ္တ၊ လဋုကိကောပမဇာတက စသည်ဖြင့် "လဋုကိကာ"ဟုသာ ရှိကြသည်။ [သီဠိုသစ် (၂၊ ၂၅၃။) လောက်သာ "လေဋုကိကာ"ဟု ရှိသည်။ (ဂဗ္ဘိရဋ္ဌာနံ ပဏ္ဍိတေဟိ ဝိစာရိတံ။)]

---

၈။ ။ ရုဋ္ဌိသဒ္ဒေန-ပါဠ်ဖြင့် ပြအပ်သော အဓိပ္ပာယ်

ရုဋ္ဌိသဒ္ဒေန-ဟူသော ပါဠ်ဖြင့် အင်္ဂေသု-ဟူသော သဒ္ဒါသည် နိဿိတဋ္ဌာနီ ဖြစ်သော မင်းသားတို့၌ ယှဉ်အပ်သော ဗဟုဝစ်ဝိဘတ်ကို (တစ်နည်း) များသည်၏ အဖြစ်ကို နိဿယဋ္ဌာနဖြစ်သော ဇနပုဒ်၌ တင်စားသော သဒ္ဒါတည်း (တစ်နည်း) တင်စားသောအားဖြင့်ဖြစ်သော သဒ္ဒါတည်း-ဟူသောအဓိပ္ပာယ်ကိုပြသည်။ [ရုဋ္ဌိ စသာ သဒ္ဒေါ စာတိ ရုဋ္ဌိသဒ္ဒေါ၊ ရုဋ္ဌိယာ ပဝတ္တော သဒ္ဒေါ ဝါ ရုဋ္ဌိသဒ္ဒေါ။]

ကေစိဆရာတို့အလိုအားဖြင့် အင်္ဂေသု-ဟူသော သဒ္ဒါကို နိဿိတဋ္ဌာနီ ဖြစ်သော မင်းသားတို့၏ အင်္ဂ-ဟူသော အမည်ကို နိဿယဋ္ဌာနဖြစ်သော ဇနပုဒ်၌ တင်စားသော သဒ္ဒါတည်း။ (တစ်နည်း) တင်စားသောအားဖြင့် ဖြစ်သော သဒ္ဒါတည်း ဟူသောအဓိပ္ပာယ်ကို ပြသည်။

[ထောက်ဖွယ်။ ။ နိဿိတေသု ပယုတ္တဿ ပုထုဝစနဿ, ပုထုဘာဝဿ ဝါ နိဿယေ အဘိနိရောပနာ ရုဠှ ရုဋ္ဌိ။ ကေစိ ပန ကောသလာနာမာဘိနိရောပနမိစ္ဆန္တိ။ (သီဠိုသစ်၊ ၂၊ ၂၀၀။)]

---

၉။ ။ ပထျာဝတ္တ ဂါထာစီ

ယထာ စ ဖရုသာ ဝါစာ၊ န ဟောတိ စိတ္တသဏ္ဌိတာ။

ဧဝံ အဖရုသာ ဝါစာ၊ န ဟောတိ ဝစနသဏ္ဌိတာ။

မှတ်ချက်။ ။ အညာဏတာ အာပဇ္ဇတိ-၌ကဲ့သို့ စိတ္တသဏ္ဌိတာ, ဝစနသဏ္ဌိတာ-တို့၌ ယ-ကျေနေသည်။

[အညာဏတာ-၌ကဲ့သို့ ယ-ကျေ။ ။ ကထေတုကမျတာတိ ကထေတုကာမတာယ။ "အညာဏတာ အာပဇ္ဇတီ"တိ အာဒီသု ဝိယ ဟိ ဧတ္ထ ယကာရလောပေါ၊ ကရဏတ္ထေ ဝါ ပစ္စတ္တဝစနံ။ (သီဠိုသစ်၊ ၁၊ ၃၂၁။)]

သမာသ်အလယ် အရှိုသာ ဩ-ပြု။ ။"သမာသ်, တဒ္ဓိ၊ လယ် ဩ-ရှိ" ဟု မနောဂိုဏ်းလက္ခဏာ၌ လာသော်လည်း မနမတ္တေန မနုဿဋ္ဌာနံ။ (ရူ။ ၄၀။) "ဟန္ဒ ဒါနိ အပါယာမိ"တိ အာဒီသု ဝစသဂ္ဂတ္ထေ။ ဝစသဂ္ဂေါစ နာမ ဝါစာဝိဿဇ္ဇနံ။ (သီဠိုသစ်၊ ၂၊ ၁၉၄။)တို့ကို ထောက်၍ ယင်းစကား "ယေဘုယျ" ဟု မှတ်။ ထို့ကြောင့် "ဝစသဏ္ဌိတာ"ဟု မနောဂိုဏ်းဝင် ဝစ-၌ ဩ-မရောက်ဘဲ ရှိရသည်။

---

၁၀။ ။ ဘာဝါလင်္ကာရ

(၁) မီးအဆင်းရှိသော အလွန်တောက်ပသော ဝန်းကျင်ပတ်လည် အလျှံ တပြောင်ပြောင်တောက်သော မီးတောက်မီးလျှံနှင့်တကွဖြစ်သော သံတူကြီးကို ကိုင်၍

http://www.dhammadownload.com



မိမိအထက် ကောင်းကင်၌ ရပ်တည်သော ဘီလူးကိုမြင်သော အမွှေး၏သန္တာန်၌ ကြောက်ရွံ့ထိတ်လန့်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသပြစ်နှင့်သော စိတ္တုပ္ပါဒ်သည် ဘယဋ္ဌာယီဘာဝ, ဘယာနကရသ။

(၂) ဘီလူးသည် [ဘီလူးဆိုသော်လည်း သကြားပင်]အာရမ္မဏ ဝိဘာဝ။

(၃) မီးအဆင်းရှိသော အလွန်တောက်ပသော ဝန်းကျင်ပတ်လည် အလျှံ တပြောင်ပြောင်တောက်သော မီးတောက်မီးလျှံနှင့်တကွဖြစ်သော သံတူကြီးသည် လည်းကောင်း, ဘီလူး၏ ကြောက်မက်ဖွယ်ရာသော အသွင်သဏ္ဌာန်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဘီလူးကို မြင်သောကြောင့် တစ်ကိုယ်လုံးမှ ချွေးများထွက်ခြင်း, ဝမ်းတွင်း သည် ပြောင်းပြန်လည်သကဲ့သို့ဖြစ်၍ ကျယ်စွာသောအသံကို မြည်တမ်းခြင်း သည် အနုဘာဝ။ [မြတ်စွာဘုရားကိုသာ "စောင့်ရှောက်ရာ, ပုန်းအောင်းရာ, ကိုးကွယ်ရာ" ဟူ၍ ရှာမှီးလျက် အနီးကပ်၍ ကိုမေတ်-စသော စကားကို လျှောက်ခြင်းကိုလည်း ဆက်ပြီး အနုဘာဝထုတ်နိုင်သည်။]

[ဘယဋ္ဌာယီဘာဝ ထုတ်ရပုံ။ ။ တံ ခေါ ပန ဝဓိရပါဏိ ယက္ခံ့ပဿတိ အမ္ဗဋ္ဌော မာဏဝေါ။ အထခေါ အမ္ဗဋ္ဌော မာနဝေါ ဘီတော သံဝိဂ္ဂေါ လောမဟဋ္ဌ ဇာတော ဘဂဝန္တံ ယေဝ တာနံ လေနံ သရဏံ ဂဝေသီ ဥပနိသီဒိတွာ ဘဂဝန္တံ တေဒဝေါစ။ (ပါ၊ ၈၉။) ဤပါဠိတော်ကို ကြည့်၍ ဘယဋ္ဌာယီ ဘာဝ ထုတ်သည်။ တဿ တံ ဒိသွာဝ သကလသရီရတော သေဒါ မုစ္စိံသု၊ အန္တောကုစ္ဆိ ဝိပရိဝတ္တမာနာ မဟာရဝံ ဝိရဝိ။ (ဋ္ဌ၊ ၂၃၆။)၌ ယင်းပါဠိတော်ကို ထောက်၍ "တံ ဒိသွာဝ ဘီတော ဟုတွာ သကလ သရီရတော။ ပ။ ဝိရဝိ"ဟု အဓိပ္ပာယ်ယူအပ်၏]

---

၁၉၈၄ (၁၃၄၅) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ ဥက္ကောဋ္ဌနဝဉ္စနနိကတိသာစိယောဂါ ပဋိဝိရတော-ကို တုလျတ် ထည့်၍ အနက်မှန်မှန် သမွန်ခဲ့ပါ။

၂။ ။ အထ ခေါ ဘဂဝါ တထာရူပံ ဣဒ္ဓါဘိသင်္ခါရံ အဘိသင်္ခါသိ။ ယထာ အဒ္ဒသ ဗြာဟ္မဏော ပေါက္ခရသာတိ ဘဂဝတော ကောသောဟိတံ ဝတ္ထဂုယှံ-ကို ကျနစွာ အနက်ယောဇနာခဲ့ပါ။

၃။ ။ ယဒဂ္ဂေ အဟံ မဟာလိ ဘဂဝန္တံ ဥပနိဿာယ ဝိဟရာမိ၊ န စိရံ တိဏိဝဿာနိ-ကို ကောနေက ဝါကျ ကြံဆ၍ ဝိဘတ်ပုဒ်များ မှန်ကန်စေလျက် အနက်ပေးခဲ့ပါ။

http://www.dhammadownload.com



၄။ ။ ဣစ္စ ခေါ် ပန တေ ဝါသေဋ္ဌ တေဝိဇ္ဇာ ဗြာဟ္မဏာ အာသီဒိတွာ သံသီဒန္တိ။ တသ္မာ ဣဒံ တေဝိဇ္ဇာနံ ဗြာဟ္မဏာနံ တေဝိဇ္ဇာ ဣရိဏန္တိပိ ဝုစ္စတိ–ကို သဗ္ဗနာမ်အစွဲမလွဲစေမူ၍ တေဝိဇ္ဇာ ဣရိဏ–ကို သမာသပဒ ကြံဆလျက် အနက် ယောနေနာခဲ့ပါ။

၅။ ။ ယထာ နေ့ဝမယုံ န ဘဂဝတော ဂရဟာ ဥပ္ပဇ္ဇတိ၊ ရညောစ ရက္ခာ သုသံဝိဟိတာ ဟောတိ၊ တထာ ကရိဿာမိ–ဟူသော ဝါကျကို ယထာ, တထာ တို့၏ ပေးရိုးစဉ်လာ မပျက်အောင် အနက်ပေးခဲ့ပါ။

၆။ ။ ပကတိ ဟောသာ ရာဇကုလာနံ၊ယံ ဓာနန္တာပိ အဓာနန္တာ ဝိယပုစ္ဆန္တိ ဟူသောဝါကျကို သဗ္ဗနာမ်စွဲ မလွဲစေမူ၍ ဝါကျသွား မှန်ကန်စေလျက်အနက်ပေးခဲ့ပါ။

၇။ ။ ကိရိယမယစိတ္တာနဉ္စ အပဝတ္တံ သုတ္တံ နာမ၊ ပဝတ္တံ ဓာဂရိတံ နာမ ဟူသော ဝါကျကို ကိရိယမယစိတ္တာနံ–ပုဒ်၏ ဒီပကနည်းအဖြစ်ကို သတိရလျက် နိယမာ, နိယမနည်းဖြင့် အနက်ပေးခဲ့ပါ။

၈။ ။ န ဘဏ္ဍိက် ကရောန္တော မဟာရဇကော ဝိယ ဓောတဥ္စ အဓောတဥ္စ ကေတော ကရောမ–ဟူသော ဝါကျကို ဥပမာနပက္ခ၌ ကြိယာ, ဥပမေယျပက္ခ၌ ကတ္တားထည့်ပြီးလျှင် ဥပမာနန္တောကရဏနည်းဖြင့် အနက်ပေးခဲ့ပါ။

၉။ ။ ဘဂဝန္တဉ္စ ဥပဂတံ ဒိသွာ အာသနေန အနိမန္တေန္တော ဝါ အပစိတိံ အကရောန္တော ဝါ ဒုလ္လဘော။ ကသ္မာ ဥစ္စာကုလီနတာယ–၌ ပုစ္ဆာ ဝိဿဇ္ဇနာ ဝါကျတို့ကိုသာ သမ္ဗန်ထည့်၍ ပြည့်စုံစွာ အနက်ယောနေနာခဲ့ပါ။

၁၀။ ။ ဒုဗ္ဗလော ဟိ သစ်ဓမော သဲခံ ဓမန္တောပိ နသက္ကောတိ စတသော ဒိသာ သရေန ဝိညာပေတုံ–ဟူသောဝါကျကို နသက္ကောတိ–၌ ဖြစ်ထိုက်သော ဟိတ်ပုဒ်ကို ယင်း၏သမ္ဗန်နှင့်တကွ ဖော်ထုတ်၍ ဟေတွန္တောကရဏနည်းဖြင့် အနက်ပေးခဲ့ပါ။

---

၁၉၈၄ (၁၃၄၅) ခုနှစ် မေးစာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ တုလျတ် ထည့်၍ အနက်

["သမဏော ဂေါတမော၊ ရဟန်းဂေါတမသည်။ ဥစ္စာကုလာပဒ္ဓနုဝဇ္ဇန နိကတိ သာစိယောဂါ၊ မှ။ ပဋိဝိရတော၊ ၏"ဟု သမဏော ဂေါတမောကို ထည့်သမ္ဗန်။ ပဋိဝိရတော–ကို "၏"ဟုပေးလျှင် သမဏော ဂေါတမော–ကို ယင်းပဋိဝိရတော–၌

http://www.dhammadownload.com



တုလျှတ်၊ပဋိဝိရတော-ကား လိင်္ဂတ်အဖြစ်ဖြင့် စပ်ရသည်။ ထို့ကြောင့် သမဏော ဂေါတမော-ဟူသော ကတ္တားသည် တုလျှတ် မည်၏။ ဖေါ်ပြခဲ့ပြီးသော တုလျှတ် လိင်္ဂတ် အနက်ပေးပုံများကို ပြန်ကြည့်။ ။ ပါ။၅၊ပါသျ၊ ၂၅။ပါသျှသစ်၊၄၉]

---

၂။ ။ [သျှသစ်အတိုင်း ယောဇနာ။ ။ ပါ၊ ၉၉။ ပါသျှ၊ ၂၄၅။ ပါသျှသစ်၊ ၃၅၈။ ။ ၁၃၃၃-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၃။ ။ ဧကာနေကဝါကျ ကြံ၍ အနက်

မဟာလိ၊ မဟာလိ။ အဟံ၊ ငါသည်။ ယံ ဒိဝသံ၊ အကြင်နေ့ကို။ အဂ္ဂေ၊ လက်ဦးအစပထမကို။ (ကတွာ၊ ပြု၍။) ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဥပနိဿာယ၊ မှီ၍။ န စိရံ၊ မကြာမြင့်သောကာလပတ်လုံး။ တီဏိဝဿာနိ၊ သုံးနှစ်တို့ပတ်လုံး။ ဝိဟရာမိ၊ နေ၏။ (ဧကဝါကျ။)

(တစ်နည်း) မဟာလိ၊မဟာလိ၊အဟံ၊ငါသည်။ယံဒိဝသံ၊ကို။အဂ္ဂေ၊ ရှေ့အတိတ်အဖို့ကို။ (ကတွာ၊ ပြု၍။)ဘဂဝန္တံ၊ကို။ ဥပနိဿာယ၊မှီ၍။ ဝိဟရာမိ၊ ၏။ န စိရံ၊လုံး။ တီဏိဝဿာနိ၊လုံး။ (ဝိဟရာမိ၊ ၏။)(အနေကဝါကျ။) [ပါ၊ ၁၄၅။ပါသျ၊၃၁၆။ပါသျှသစ်၊၄၆၃။]

[ထောက်ဖွယ်။ ။ယဒဂ္ဂေတိ မူလဒိဝသတော ပဋ္ဌာယ ယံ ဒိဝသံ အဂ္ဂံ ပရကောဋိံ ကတွာ ဝိဟရာမိတိ အတ္ထော၊ယာဝ ဝိဟာသိန္တိ ဝုတ္တံ ဟောတိ။ဣဒါနိ တဿ ပရိမာဏံ ဒဿေန္တော "န စိရံ တီဏိဝဿာနီ"တိ အာဟ။အထဝါ ယဒဂ္ဂေတိ ယံ ဒိဝသံ အဂ္ဂံ ကတွာ န စိရံ တီဏိဝဿာနိ ဝိဟရာမိတိပိ အတ္ထော၊ယံ ဒိဝသံ အာဒိံ ကတွာနစိရံ ဝိဟာသိံ တီဏိယေဝ ဝဿာနီတိ ဝုတ္တံ ဟောတိ(ဋ္ဌ၊၂၇၈)]

---

၄။ ။ တေဝိဇ္ဇာဟူရိယာ-ကို သမာသပဒ ကြံဆလျက် အနက်

ဝါသေဋ္ဌ၊ ဝါသေဋ္ဌ။ ဣဓ-ဣမသ္မိံ ဗြဟ္မလောကမဂ္ဂေ၊ ဤဗြဟ္မာပြည်သို့ သွားရောက်ကြောင်းဖြစ်သော ခရီး၌။တေဝိဇ္ဇာ၊သုံးပါးသော ဗေဒင်ရှိကြကုန်သော။ တေ ဗြာဟ္မဏာ၊ထိုပုဏ္ဏားတို့သည်။ အာသီဒိတွာ၊အကြောင်းမဟုတ်သောတရားသို့ "အကြောင်း"ဟူ၍ ကပ်ရောက်ကြကုန်၍။သံသီဒန္တိ၊ နစ်မြုပ်ကြရရှာကုန်၏။ တသ္မာ၊ ထိုသို့ အကြောင်းမဟုတ်သော တရားသို့ "အကြောင်း"ဟူ၍ ကပ်ရောက်ကြကုန်သော ကြောင့်။ တေဝိဇ္ဇာနံ၊ သုံးပါးသော ဗေဒင်ရှိကြကုန်သော။ ဗြာဟ္မဏာနံ၊ ပုဏ္ဏားတို့၏။ (ဗြဟ္မသဟဗျတာယ၊ ဗြဟ္မာနှင့်တကွဖြစ်သည်၏အဖြစ်ကို။ မဂ္ဂဒီပကံ၊ အကြောင်းကို ပြတတ်သော။ တေဝိဇ္ဇကံ၊ သုံးပါးသောဗေဒင်တို့၏ အပေါင်းဖြစ်သော။) ဣဒံ ပါဝစနံ၊ ဤ "ပြဓာန်း၏"ဟူ၍ သမုတ်အပ်သော ဗေဒင်ကို။ တေဝိဇ္ဇာဟူရိယာန္တိပိ၊ "သုံးပါးသော ဗေဒင်တည်းဟူသော ရွာနှင့်မနီး တောမြိုင်ကြီး"ဟူ၍လည်း ဝုစ္စတိ၊ ဆိုအပ်၏။[ပါ၊ ၂၃၃။ ပါသျ၊ ၄၈၈။ ပါသျှသစ်၊ ၆၆၉။]

[ထောက်ဖွယ်။ ။ ဣဓ ဗြဟ္မလောကမဂ္ဂေ။ တသ္မာ ဣဒံ တေဝိဇ္ဇာနံ ဗြာဟ္မဏာနန္တိ တသ္မာ ဣဒံ ဗြဟ္မသဟဗျတာယ မဂ္ဂဒီပကံ တေဝိဇ္ဇကံ ပါဝစနံ

http://www.dhammadownload.com



တေဝိဇ္ဇာနံ ဗြာဟ္မဏာနံ။ တေဝိဇ္ဇာကုလရိဏန္တိ တေဝိဇ္ဇအရည်၊ တေဝိဇ္ဇာကုလရိဏန္တိ ဟိ အဂါမကံ မဟာအရည် ဝုစ္စတိ။ (ဋ၊၃၃၆။)]

---

၅။ ။ [သျှသစ်အတိုင်း ပေး။ ။ ယထာ, တထာ၊ ဥပမာ မဟုတ်၊ ယင်းသို့ထုပ်မှု၊ တထာ–စပ်ရာ၊ ကြိယာသည်၊ မှန်စွာ လက္ခဏာ၊ ဖြစ်မြဲ။ (ဘုရားကြီး နိယံ၊ ၉၇။)ကို ရည်၍ မေးခြင်းဖြစ်သည်။ ဋ၊၁၃၄။ဋသျှ၊ ၂၊၃၉။ဋသျှသစ်၊ ၂၊ ၄၇။]

---

၆။ ။[သျှသစ်အတိုင်း ပေး။ ဋ၊၁၃၈။ဋသျှ၊ ၂၊၅၁။ ဋသျှသစ်၊ ၂၊၅၈။]

---

၇။ ။ နိယမာ, နိယမနည်းဖြင့် အနက်

ဟိ–သစ္စံ၊ မှန်၏။ ကိရိယမယစိတ္တာနံ၊ "ကာယာဒိကိစ္စ"ဟု ဆိုအပ်သော ကိရိယာကို ဖြစ်စေတတ်ကုန်သော ဇောစိတ်တို့၏။ ဝါ၊ ဆဒွါရိကဝီထိစိတ်တို့၏။ ဝါ၊ "အာဝဇ္ဇန်းအွေး"ဟု ဆိုအပ်သော ကိရိယာသည် ပြုစီရင်အပ်သော ဇောစိတ်တို့၏။ ဝါ၊ ဆဒွါရိကဝီထိစိတ်တို့၏ (ယံ အပ္ပဝတ္တံ၊ အကြောင်းအိပ်ပျော်ဆဲခဏ၌ မဖြစ်ခြင်း သည်။ အတ္ထိ။ ရှိ၏။ တံ) အပ္ပဝတ္တံ၊ ထိုအိပ်ပျော်ဆဲ ခဏ၌ မဖြစ်ခြင်းသည်။ သုတ္တံ နာမ၊ သုတ္တမည်သည်။ (ဟောတိ၊ ၏။) (တစ်နည်း:) (တံ အပ္ပဝတ္တံ၊ ထိုအိပ်ပျော်ဆဲ ခဏ၌ မဖြစ်ခြင်းကို။ သုတ္တံနာမ၊ "သုတ္တမည်၏"ဟူ၍။ (ဝေဒိတဗ္ဗံ၊ သိအပ်၏။) ကိရိယာမယစိတ္တာနံ၊ တို့၏။ ဝါ၊ တို့၏ ဝါ၊ တို့၏။ ဝါ၊ တို့၏။ (ယံ ပဝတ္တံ၊ အကြောင်းဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ) ပဝတ္တံ၊ တို့ဖြစ်ခြင်းသည်။ ဇာဂရိတံ နာမ၊ ဇာဂရိတ မည်သည်။ (ဟောတိ၊ ၏။) (တနည်း:) (တံ ပဝတ္တံ၊ ထိုဖြစ်ခြင်းကို။ ဇာဂရိတံ နာမ "ဇာဂရိတမည်၏"ဟူ၍။ (ဝေဒိတဗ္ဗံ သိအပ်၏) [ဋ၊ ၁၈၁။ ဋသျှ၊ ၂၊ ၁၆၃။ ဋသျှသစ်၊ ၂၊ ၁၉၉။]

---

၈။ ။ ဥပမာနန္တောကရဏနည်းဖြင့် အနက်

ဘဏ္ဍိကာ၊ အဝတ်ထုပ်ကို။ ကရောန္တော၊ ပြုသော။ မဟာရဇကော၊ ခဝါသည်ကြီး သည်။ (ဓောတဥ္စ၊ ဖွပ်လျှော်အပ်ပြီးသော အဝတ်ကိုလည်းကောင်း။ ဝါ၊ဖွပ်လျှော်အပ်ပြီး သည်ဖြစ်၍ စင်ကြယ်သော အဝတ်ကိုလည်းကောင်း။ အဓောတဥ္စ၊မဖွပ်လျှော်အပ်သေး သောအဝတ်ကိုလည်းကောင်း။ ဝါ၊မဖွပ်လျှော်အပ်သေးသည်ဖြစ်၍ မစင်ကြယ်သော အဝတ်ကိုလည်းကောင်း။ ဧကတော၊တပေါင်းတည်း။ ကရောတိ ဝိယ၊ပြုသကဲ့သို့။ (တထာ၊ထို့အတူ။ မယံ၊ ငါတို့သည်။) ဓောတဥ္စ၊ ဖွပ်လျှော်အပ်ပြီးသော အဝတ်နှင့် တူသော ရိုးမွမ်းအပ်သောအကျင့်ကိုလည်းကောင်း၊ အဓောတဥ္စ၊ မဖွတ်လျှော်အပ်သေး သော အဝတ်နှင့်တူသော ကဲ့ရဲ့အပ်သော အကျင့်ကိုလည်းကောင်း၊ ဧကတော၊ တပေါင်းတည်း။ န ကရောမ၊ ပြုတော်မမူကြသည် မဟုတ်ကုန်။[ဋ၊ ၂၈၉။ဋသျှ၊ ၂၊ ၄၅၀။ ဋသျှသစ်၊ ၂၊ ၅၃၂။ ဥပမာနအတွင်းနေသော ဝါကျဖြစ်၍ အရှိအတိုင်း ပေးရုံပင်။]

---

http://www.dhammadownload.com



၉။ ။ (သျှသစ်အတိုင်း ယောဇနာ။ ။ ဋ္ဌ၊၃၀၃။ ဋ္ဌသျှ၊ ၂၊၄၈၃။ ဋ္ဌသျှသစ်၊ ၂၊၃၃၇။)

---

၁၀။ ။ ဟေတွန္တောကရဏနည်းဖြင့် အနက်

ဟိ၊ချဲ့၍ ဆိုဦးအံ့။ ဒုဗ္ဗလော၊အားနည်းသော။ သခ်ဓမော၊ခရုသင်းကို မှုတ်သူသည်။ (သခ်ဓမဿ၊ ခရုသင်းကို မှုတ်သူ၏။ ဝါ၊ခရုသင်းကို မှုတ်သူသည်။ ဒုဗ္ဗလတ္တာ၊အားနည်းသည်၏အဖြစ်ကြောင့်။) သခ်၊ခရုသင်းကို။ဓမန္တောပိ၊မှုတ်ပင် မှုတ်ပါသော်လည်း။ စတဿော၊လေးပါးကုန်သော။ ဒိသာ၊အရပ်မျက်နှာတို့ကို။ သရေန၊အသံဖြင့်။ ဝိညာပေတုံ၊သိစေခြင်းငှာ။န သက္ကောတိ၊မစွမ်းနိုင်။ (ဋ္ဌ၊၃၃၇။ ဋ္ဌသျှ၊ ၂၊၅၅၇။ ဋ္ဌသျှသစ်၊ ၂၊၆၅၀။)

["ဟေတုမန္တဝိသေသန"ဟူသည်။ ။ ဝိသေသနပုဒ်ကို ဟိတ်ပြင်သော် မိမိ အထူးပြုရာဖြစ်သော ဝိသေသျပုဒ်၏ စပ်ရာကြိယာ၌ ယင်းဟိတ်ဆိုက်မှု (ဝိသေသန သည် မိမိအထူးပြုရာဖြစ်သော ဝိသေသျ၏ စပ်ရာကြိယာ၏ ဟိတ် (အကြောင်း) ဖြစ်နိုင်မှု) ၄င်းဝိသေသနကို "ဟေတုမန္တဝိသေသန,ဟေတုဂဗ္ဘဝိသေသန,ဟေတု အန္တောနီတဝိသေသန-ဟိတ်အနက် အတွင်းငုပ်သော ဝိသေသန (ကြိယာ၏ အကြောင်း ဖြစ်နိုင်သော ဝိသေသန-ဟိတ်ပြင်၍ရနိုင်သော ဝိသေသန)"ဟု ဆရာတို့ဆိုကြ၏ ]

ဥဒါဟရုဏ်ကား-အာစရိယေန ပေသိတော သာမဏေရော ဂစ္ဆတိ-စသည် တည်း။ဤဥဒါဟရုဏ်၌ ပေသိတော-ဟူသောဝိသေသနကို "ပေသိတတ္တာ"ဟု ဟိတ်ပြင်သော် မိမိအထူးပြုရာဖြစ်သော သာမဏေရော-ဟူသော ဝိသေသျ၏ ဆိုက်ရာစပ်ရာ ဂစ္ဆတိ-ကြိယာ၌ ဆိုက်စပ်ရသည်။ (စေခိုင်းခြင်းကြောင့် သွားသည် ဖြစ်ရကား စေခိုင်းခြင်းသည် သွားခြင်းကြိယာ၏ အကြောင်းဖြစ်နိုင်၏သည်။ ကြိယာက ဟိတ်ကောင်းသော် ဟိတ်ပြင်၍ ရနိုင်သည်။) ထို့ကြောင့် ပေသိတော-ဟူသောဝိသေသျကို "ဟိတ်အတွင်းငုပ်သော ဝိသေသန"ဟု ဆိုအပ်၏။ ဟိတ်အတွင်းငုပ်သော ဝိသေသနဖြစ်သောကြောင့် "အာစရိယေန၊ ဆရာသည်။ ပေသိတော၊စေခိုင်းအပ်သော။ သာမဏေရော၊သာမဏေသည်။ ဂစ္ဆတိ၊သွား၏။ (တစ်နည်း) အာစရိယေန၊သည်။ သာမဏေရဿ၊သာမဏေ၏။ ဝါ၊သာမဏေကို။ ပေတိတတ္တာ၊စေခိုင်းအပ်သည်၏အဖြစ်ကြောင့်။ ဂစ္ဆတိ၊သွား၏"ဟု ပေးနိုင်သည်။

ဤပြယုဂ်၌ "သာမဏေသည် အဘယ်ကြောင့် ချက်သနည်း"ဟု အကျိုး ဖြစ်သော ဂစ္ဆတိ-ကြိယာ၏ အကြောင်းဟိတ်ကို တောင်းသည်ရှိသော် အခြားတစ်ပါးသော အကြောင်းဟိတ်ကို ရှာဖွယ်ရာမလို၊ ပေသိတော-ဟူသော ဝိသေသနကိုပင် "ပေသိတတ္တာ"ဟု ဟိတ်ပြင်၍ ဂစ္ဆတိ-ဝယ် ဂမု-ဓာတ်၌ စပ်၍ ပေးအပ်သော သဘော ရှိသောကြောင့် ပေသိတော-ဟူသော ဝိသေသနကို "ဟေတုမန္တဝိသေသန"ဟု ဆိုရသတည်း-ဟူလို။

"ဖြစ်ထိုက်သော ဟိတ်ပုဒ်ကို ယင်း၏သမ္ဗန်နှင့်တကွ ဖော်ထုတ်၍"ဟု မေးသည်မှာ ဤနည်းဤစနစ်ကို ရည်၍ မေးခြင်းဖြစ်သည်။ မေးခွန်းပါ ဝါကျ၌ အားနည်းသောကြောင့် အရပ်လေးမျက်နှာတို့ကို သိစေခြင်းငှါ မစွမ်းနိုင်ရကား ဒုဗ္ဗလော၊ သည်။န သက္ကောတိ၊၏ အကြောင်းဖြစ်လေသည်။ ဤသို့ အကြောင်းဖြစ်နိုင်သည့်ကို သဘောပေါက်ပါ။

http://www.dhammadownload.com



အဟေတုမန္တဝိသေသနလည်းရှိ။ ။ ဟေတုမန္တဝိသေသနရှိက အဟေတုမန္တဝိသေသနလည်း ရှိရမည်ဖြစ်သည်။ ထို့ကြောင့် အဟေတုမန္တဝိသေသနကိုလည်း သိအပ်၏။ မိမိအထူးပြုရာဖြစ်သော ဝိသေသျ၏ စပ်ရာကြိယာ၏ ဟိတ် မဖြစ်နိုင်, ဟိတ်ဖြစ်ကောင်းသော သဘောမရှိ၊ဝိသေသျကို အထူးပြုကာမတ္တသာ ဖြစ်သော ဝိသေသနသည် အဟေတုမန္တဝိသေသန, အဟေတုဂဗ္ဘဝိသေသန, အဟေတုအန္တောနီတ ဝိသေသနမည်၏။

ဥပါဟရုဏ်ကား တိဿော သာမဏေရော ဂစ္ဆတိ-စသည်တည်း။ ဤ၌ တိဿော-ဟူသော ဝိသေသနသည် ဂစ္ဆတိ-ကြိယာ၏ ဟိတ် မဖြစ်ကောင်း, သာမဏေရော-ဟူသော ဝိသေသျကို အမည်သညာအားဖြင့် အထူးပြုကာမျှသာ ဖြစ်သောကြောင့် တိဿော-ဟူသော ဝိသေသနကို "အဟေတုမန္တဝိသေသန, အဟေတုဂဗ္ဘဝိသေသန, အဟေတုအန္တောနီတဝိသေသန"ဟု ဆိုအပ်၏။

ယခု ဖော်ပြသည့် ဟေတုမန္တဝိသေသနအဓိပ္ပာယ်မှာ ရွှေးရေးဆောင် နိယံ အဖြေ (၂၅၂)အာဘော်ဖြစ်သည်။ ဤအဓိပ္ပာယ်သာ ကောင်းသည်။ ဤအဓိပ္ပာယ်ကိုသာ ဆရာအများ နှစ်သက်, လက်ခံကြသည်။ ဘုရားကြီးနိယံ အဖြေအာဘော်ကို မကြိုက် သော်လည်း အိုးရွဲနှင့်စလောင်းရွဲ-ဟူ၏သို့ အမေးလိုက်၍ ၁၃၁၇-ခုနှစ် သီလက္ခန် အဖြေ၌ ဖော်ပြခဲ့သည်။ ယံ ရုစ္စတိ၊ တံ ဂဟေတဗ္ဗံ။

ကျက်။ ။(၁)ဝိသေသျစပ်ရာ၊ ကြိယာ၌၊ ဟိတ်လည်းဆိုက်မူ၊
ဟေတုမန္တ၊ ဝိသေသန၊ ဆိုစကြ၏။ (ဘုရားကြီးနိယံ၊ ၈၂)
(၂) ဝိသေသန၊ ဟိတ်ပြင်လသော်၊ ဝိသေသျစပ်ရာ၊ ကြိယာ
၌ ယင်းဟိတ်ဆိုက်မူ၊ ဟေတုမန္တ၊ ဝိသေသန၊ ဆိုစကြ၏။
(ဘုရားကြီးနိယံ ၎င်း၍ အသိခက်သောကြောင့် အနည်းငယ် ပြင်ထည့်၍ စပ်ဆိုသည်။)'

ဝိသေသျကို သမ္ဗန်ခံ။ ။ ဟေတုမန္တဝိသေသနပုဒ်ကို ဟိတ်ပြင်လျှင် ဝိသေသနပုဒ်ကို သမ္ဗန်ခံအပ်၏။

ကျက်။ ။ဝိသေသန၊ ဟိတ်ပြင်လသော်၊ ဝိသေသျပဒ်၊ ဟိတ်
သမ္ဗန်ခံ။
[(အထက်ပါနိယံကို နည်းမှီးစပ်ဆိုသည်။)]

---

၁၉၈၄ (၁၃၄၅) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) ထေတောတိ ထိရော။
(ခ) ထိရကထောတိ အတ္ထော။
(ဂ) ကောဟိ ပုဂ္ဂလော ဟလိဒ္ဒိရာဂေါ ဝိယ ထုသရာသိမှိ နိခိတခါဏု ဝိယ အဿပိဋ္ဌေ ဌပိတကုမ္ဘဏ္ဍမိဝစ န ထိရကထော ဟောတိ။

http://www.dhammadownload.com



(ဃ) ကော ပါသာဒလေခါ ဝိယ ကူဋ္ဌာဂါရသော ဝိယ စ ထိရကထော ဟောတိ။

(င) အသီနာ သီသံ ဆိန္ဒန္တေပိ ဒွေ ကထာ န ကထေတိ၊ အယံ ဝုစ္စတိ ထေတော။

၁။ ။(ဂ)(ဃ)အမှတ်ပြပါကျတို့ကို "လိုက်,လှမ်း,ပြန်ထည့်ပြင်ဆင်ဘိ၊ ငါးရှိ အစပ်မျိုး" နိယံနှင့်အညီ အနက် ယောဇနာခဲ့ပါ။

၂။ ။ ထိရကထောတိ အတ္တော-ဟူသော (ခ)အမှတ်ပြပါကျကို သာဘော၀ ပုစ္ဆာ ကျမ်းတက်ခဲ့ပါ။

၃။ ။(င)အမှတ်ပြပါကျ၌ ဖြစ်ထိုက်သည်အားလျော်စွာ ဇောဒကာဘော၀ါဒိ စတုက္က ပြည့်စုံစွာ ထုတ်ပြခဲ့ပါ။

၄။ ။ (ဃ)အမှတ်ပြပါကျ၌ ကူဋ္ဌာဂါရသော-ပုဒ်ကို အစိတ်, အပေါင်း ဝိဂ္ဂဟပြုပြီးလျှင် ဝစနာဒိဆက္က ထုတ်ပြခဲ့ပါ။

၅။ ။ ထေနေတီတိ ထေနော။ န ထေနေ အထေနေ။ အထေနတ္တာယေ၀ သုစိဘူတေန-ပါဌ်၌ အထေနတ္တာယေ၀-ဟိတ်ပါဌ်မျှကိုသာ သမ္ဗန်ခံ၍ အနက်ပေးပြီး လျှင် စာစပ်ခဲ့ပါ။

၆။ ။ (က)(ခ)အမှတ်ပြပါကျတို့၌ အဋ္ဌကထာဆရာ၏ အာဘော်ကိုပြ၍ သံ၀ဏ္ဏနာ အမည်ပေးခဲ့ပါ။

၇။ ။ (ဂ)(ဃ)အမှတ်ပြပါကျတို့၌ ဟာလိဒ္ဒိ-ပုဒ်, ကူဋ္ဌာဂါရ-ပုဒ်တို့၏ နိရုတ္တိနည်း ရုပ်ပြီးပုံကို ဖြေဆိုခဲ့ပါ။

၈။ ။ "ဝိသူကံ ပဋ္စာဏီဘူတံ ဒဿနန္တိ ဝိသူကဒဿနံ"ဟူ၍ ဒဿနံကိုသာ ဆိုပါလျက် အဘယ်သို့သောနည်းအားဖြင့် နားထောင်ခြင်းအနက် ထည့်သွင်းဆိုအပ်ပါသနည်း။ "နစ္စာဒီနံ ဝိသူကဘူတာ ဒဿနာစာတိ နစ္စဂီတဝါဒိတဝိသူကဒဿနာ"ဟု ဆိုရကား အဝိသူက ဘူတဂီတသဝန အရာ၌ အပ်, မအပ် ဆုံးဖြတ်ပါ။

၉။ ။ သီလသည် ယောဂီပုဂ္ဂိုလ်၏ တန်ဆာနှင့်တူသော တရားတည်း။ သီလသည် ယောဂီပုဂ္ဂိုလ်၏ တန်ဆာဆင်ခြင်းနှင့်တူသော တရားတည်း။ သီလတို့ဖြင့် တန်ဆာဆင်အပ်သော ယောဂီပုဂ္ဂိုလ်သည် တန်ဆာဆင်သော ပုဂ္ဂိုလ်အပေါင်းတို့တွင် အမြတ်ဆုံးသို့ ရောက်ခဲ့ပေ၏-ဟူသော မြန်မာပါဠိဘာသာ ဂါထာဗန္ဓ စီကုံး၍ ဂါထာ အမည်ပေးခဲ့ပါ။

http://www.dhammadownload.com



၁၀။ ။ (၉) နံပါတ်ပုစ္ဆာ၌ တန်ဆာနှင့်တူသော သီလတရားကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ, ဗျာဘိစာရီဘာဝတို့ကို စုံလင်စွာ ထုတ်ပြခဲ့ပါ။

---

## ၁၉၈၄ (၁၃၄၅) ခုနှစ် မေ့ဘာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။"လိုက်, လှမ်း, ပြန်, ထည့် ပြင်ဆင်ဘိ၊ ငါးရှိ အစပ်မျိုးနှင့်အညီ အနက်

(ဂ) ဟိ၊ ရဲ့၍ ဆိုဦးအံ့။ ဟလိဒ္ဒိရာဂေါ၊နနွင်းဖြင့် ဆိုးအပ်သော အရောင်သည်။ (ထိရော၊ မြဲမြံတည်တံ့အရှည်ခံ့သည်။ န ဟောတိ) ဝိယစ၊မဖြစ်သကဲ့သို့လည်းကောင်း။ ထုသရာသိမှိ၊ဖွဲပုံစု၌။ နိခါတ ခါဏု၊မြုပ်စိုက်အပ်သော သစ်ငုတ်သည်။ (ထိရော၊ မြဲမြံတည်တံ့အရှည်ခံ့သည်။ န ဟောတိ)ဝိယစ၊မဖြစ်သကဲ့သို့လည်းကောင်း။ အသသပိဋ္ဌေ၊မြင်းကျောက်ကုန်း၌။ ထပိတကုမ္ဘဏ္ဍံ၊ထားအပ်သော ဖရုံသီးသည်။ (ထိရံ၊ မြဲမြံတည်တံ့အရှည်ခံ့သည်။ န ဟောတိ)ဣဝစ၊မဖြစ်သကဲ့သို့လည်းကောင်း။ (တထာ၊ ထို့အတူ။)ဧကော၊ အချို့သော။ (ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။)ထိရကထော၊ မြဲမြံတည်တံ့အရှည်ခံ့သော စကားရှိသည်။ န ဟောတိ။ မဖြစ်။

(ဃ) ပါသာဏလေခါ၊ကျောက်၌ ရေးအပ်သော အက္ခရာသည်။ (ထိရော၊ မြဲမြံတည်တံ့အရှည်ခံ့သည်။ ဟောတိ) ဝိယစ၊ ဖြစ်သကဲ့သို့လည်းကောင်း။ ဣန္ဒခိလော၊ တံခါးတိုင်သည်။ (ထိရော၊ မြဲမြံတည်တံ့အရှည်ခံ့သည်။ ဟောတိ) ဝိယစ၊ ဖြစ်သကဲ့သို့ လည်းကောင်း။ (တထာ၊ ထို့အတူ။) ဧကော၊ အချို့သော။ (ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်) ထိရကထော၊ မြဲမြံတည်တံ့အရှည်ခံ့သော စကားရှိသည်။ ဟောတိ၊ ဖြစ်၏။ [ဋ္ဌ၊ ၇၂။ ဋ္ဌသျှ၊ ၁၊ ၂၄၃။ ဋ္ဌသျှသစ်၊ ၁၊ ၃၉၂။]

---

၂။ ။ (ခ)အမှတ်ပြဝါကျ သာဘောဂ (ဌပနာတိက) ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ထေတဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ထိရ–သဒ္ဒါ၏ပရိယာယ်၏အဖြစ်ကို ပြဆို တော်မူ၏(ဌပနာ)။ ထိရဘာဝ (မြဲမြံတည်တံ့အရှည်ခံ့သည်၏အဖြစ် မြဲမြံတည်တံ့အရှည်ခံ့ခြင်း)ကို ကိုယ်၏အစွမ်းဖြင့် သိအပ်ရာသည် မဟုတ်ပါလော(အာဘောဂ)။အဘယ်၏အစွမ်းဖြင့် သိအပ်ပါသနည်း(ပုစ္ဆာ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်၏။

အဓိပ္ပာယ်ကား။ ။ထိရဘာဝ (မြဲမြံတည်တံ့အရှည်ခံ့သည်၏အဖြစ်–မြဲမြံတည်တံ့အရှည်ခံ့ခြင်း)ကို သာမညဆိုသော်လည်း သစ္စဝါဒိတာ၏အရာဖြစ်သော ကြောင့် အရာအားလျော်စွာ စကား၏အစွမ်းဖြင့် သိအပ်၏–ဟူလို။ ["စကား၏ အစွမ်းဖြင့် မြဲမြံခိုင်ခံ့တည်တံ့ခြင်း"ဟူသည် ဆိုလိုရင်းအဓိပ္ပာယ်အားဖြင့် "စကားမြဲမြံ တည်တံ့အရှည်ခံ့ခြင်း"ဟု မှတ်ပါ။]

[ထောက်ဖွယ်။ ။ ထေတ–သဒ္ဒေါ ထိရပရိယာယော၊ ထိရဘာဝေါစ သစ္စဝါဒိတာယ အဓိကတ္တာ ကထာဝသေန ဝေဒိတဗ္ဗောတိ အာဟ (သစ္စဝါဒိတာ

http://www.dhammadownload.com



ဓိကာရဋ္ဌာ ကထာဝသေန ဝေဒိတဗ္ဗောတိ အာဟ) "ထိရကထော"တိ။(သီဋ္ဌိ၊ ၁၊ ၁၁၉။ သီဋ္ဌိသစ်၊ ၁၊ ၃၃၇။)

"ထိရ"ဟူသည် ကိုယ်၏ မြဲမြဲစိုင်ခဲ့တည်တံ့သောကြောင့် ထော-ဟူသော စောဒနာကြောင့် ထိရကထောတိ အတ္ထော-ကို မိန့်။ (ဂဏ္ဌိ၊ ၂၀၄။)]

---

၃။ ။ စောဒကာဘောဂါဒိစတုက္က

(၁) နနု အသိနာ သီသံ ဆိန္နန္တော ဟောတိ (စောဒကာဘောဂ)။

(၂) အထ ကသ္မာ ခေကာ ဒွေ ကထာ န ကထေတိ (စောဒနာ)။

(၃) နနု ခေကာ ပါသာဏလေခါ ဝိယ ဣန္ဒခီလော ဝိယစ ထိရကထော ဟောတိ (ပရိဟာရာဘောဂ)။

(၄) တသ္မာ ခေကာ ဒွေ ကထာ န ကထေတိ (ပရိဟာရ)။

[(ဃ)အမှတ်ပြပါကျမ်း ထည့်မေးသင့်သည်။]

[လက္ခဏာရုစိ, နနု ရှိ "စောဒကာဘောဂ"ဟု သိ။ ။ လက္ခဏာရုစိ၊ နနု-ရှိက၊ထိုနှစ်ဝ၊စောဒကာဘောဂသိ။(ရွှေရေးဆောင်နိယံ။ ၁၁၇။) အရ လက္ခဏာရုစိ သဒ္ဒါ,နနု-သဒ္ဒါရှိက ထိုသဒ္ဒါနှစ်မျိုးကို (ထိုသဒ္ဒါနှစ်မျိုးရှိသော စကားရပ်ကို) "စောဒကာဘောဂ"ဟု သိအပ်၏။ ထို့ကြောင့် လက္ခဏာရုစိ သဒ္ဒါရှိသော အသိနာ သီသံ ဆိန္နန္တေပိ-ကို စောဒကာဘောဂ ထုတ်သည်။

နိယံ၌ ယေဘုယျအားဖြင့် "လက္ခဏာရုစိ"ဟု ဆိုခြင်းဖြစ်၍ ယင်းစကားဖြင့် လက္ခဏာနဂ္ဂဟသဒ္ဒါကိုပါ ယူအပ်၏။လက္ခဏာနောက်ပါ။ ပိ-သဒ္ဒါရှိ၊အရ စိ။ (တွင်းကြီးနိယံ။ ၁၂၁။)အရ လက္ခဏာပုဒ် နောက်ရှိသော ပိ-သဒ္ဒါမှန်က "အရုစိဝါစက"ဟု ယူသော ဆရာတို့အလို ဤသို့ ကြံဖွယ်မလို။]

---

၄။ ။ အစိတ်ဝိဂ္ဂဟ

ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒော။ ဣန္ဒတ္တံ အဓိပတိဘာဝံ ကရောတီတိ ဝါ ဣန္ဒော။ (ကစ္စည်း။၆၆၁)။ ဣန္ဒတိ ပရမိဿရိယေန ယုဇ္ဇတေတိ ဣန္ဒော။ (ဓာန်၊ဋီ၊ ၂၀။) ခီလတိ ဓနာနံ ဂမနံ ပဋိဃာတေတီတိ ခီလော။

အထေါင်းဝိဂ္ဂဟ

ဣန္ဒဿ သဏ္ဌာဿ ခီလော ကဏ္ဍကော ဣန္ဒခီလော။(ဓာန်၊ဋီ၊ ၂၀၄)

ဝစနာဒိဆက္က

(၁) ဣန္ဒခီလော-ဟူသော နိပ္ဖန္နသည် ဝစန။

(၂)ဣန္ဒဿ သဏ္ဌာဿ ခီလော ကဏ္ဍကော-ဟူသောဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

(၃) သိကြား၏ ဆူးနှင့် သာဓိ, သံ၏အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓသကတ်သည် ဝစနဟေတု။

(၄) ဝစနဟေတုဇောတက မရှ။

(၅) မုချအားဖြင့် သိကြား၏ဆူးဖြစ်သည်။ သဒိသူပစာအားဖြင့် တံခါးတိုင်ဖြစ်သည် ဝစနိယ။

http://www.dhammadownload.com



(၆) သက္ကကဏ္ဍက-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

[စကားကျန်။ ။ အစိတ်,အပေါင်း ဝိဂ္ဂဟပြုပြီးလျှင် ဝစနာဒိဆက္က ထုတ်ပြခဲ့ပါ-ဟူသော ပုစ္ဆာ၌ "အစိတ်,အပေါင်း ဝိဂ္ဂဟပြုပြီးလျှင် အပေါင်းဝိဂ္ဂဟ၌ ဝစနာဒိဆက္က ထုတ်ပြခဲ့ပါ"ဟု အပြည့်အစုံ ပါသင့်သည်။]

ဣန္ဒခိလ-သဒ္ဒါသဒိသူပစာ။ ။ "ဣန္ဒခိလော ဝိယာတိ ဣန္ဒခိလော"ဟု ဥပမာတဒ္ဓိတ်ဆင့်မှ တံခါးတိုင်ကို ရသည်ဖြစ်၍ ဥပမာတဒ္ဓိတ် ဆင့်သင့်သည်။ သို့သော် အဘိဓာန်ဋီကာ၌ ဥပမာတဒ္ဓိတ် မဆင့်။ "သဒိသူပစာအားဖြင့်ဆိုသည်"ဟုယူ။

ခိလ,ခိလ။ ။ ခိလတိ ဇနာန့် ဂမနံ ပဋိဃာတေတီတိ ခိလော၊ ခိလ ပဋိဃာတေ၊ အ။ (သုစိ၊ ၇၁။) ခိလ ကဋ္ဌိနတ္တေ၊ ခိလံ။ (ဓာတွတ္ထသင်္ဂဟ၊ ၈၄။ )တို့၌ ရသနှင့် ခိလ-ဓာတ် လာသည်။

ဇနာနံ ဂမနံ ခိလတိ ပဋိဃာတေတီတိ ခိလံ၊ ခိလ ပဋိဃာတေ၊ အ။ (ဓာတုပစ္စယဒီပနီ။ ၁၁၆။)ခိလယတိ ဓေန စိတ္တံ ထဒ္ဓဘာဝံ အာပဇ္ဇတီတိ ခိလံ။ စိတ္တဿ ထဒ္ဓဘာဝေါ။(သာရတ္ထ၊ ၂၊ ၃၄၇။)တို့၌ ဒီဃနှင့် ခီလ-ဓာတ်လာသည်။ ခီလ-ဓာတ်သာ ကောင်းသည်ထင်၍ ခီလ-ဓာတ်ဖြင့် ဝိဂ္ဂဟဆိုသည်။

---

၅။ ။ ဟိတ်သမ္ဗန်။ ။ အထေနတ္တာ-ဟူသော ဟိတ်ပါဌ်၏ သမ္ဗန်ကား သမဏဿ ဂေါတမဿ-ဖြစ်ပါသည်။[သမဏော ဂေါတမော ဒိန္နဒါယီ ဒိန္နပါဋိကင်္ခီ အထေနေန သုစိဘူတေန အတ္တနာ ဝိဟရတိ။ (ပါ၊ ၄။)ကို ထောက်။]

အနက်ပေးစာစပ်။ ။ သမဏဿ ဂေါတမဿ-ကား "၏"ဟူ၍ အနက်ပေးသောကြောင့် အထေနတ္တာ-ဝယ် တ္တပစ္စည်း၌ သမ္ဗန်,သတ္တိမန္တ၊ တ္တ-ပစ္စည်းကား သမ္ဗန္ဓိ,သတ္တိ။

သမဏဿ ဂေါတမဿ-ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် အထေနတ္တာ-ဝယ် အထေန-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ,တုလျတ်၊အထေန ဟူသော ဘာဝယောဂပုဒ်ကား,ဝါစက,လိင်္ဂတ်။ [ဠ၊ ၇၁။၁၃၂၂-ခုနှစ်ကလည်းမေးခဲ့ပြီ]

---

၆။ ။ (က)(ခ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ ထိရော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ထေတော ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ထိရ-သဒ္ဒါ၏ပရိယာယ်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပရိယာယ်အဘိဓေယျတ္ထသံဝဏ္ဏနာ။

(ခ)အမှတ်ပြဝါကျ ထိရကထောတိ အတ္ထော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ထိရဘာဝ (မြဲမြံတည်တံ့အရှည်ခံသည်၏အဖြစ်-မြဲမြံတည်တံ့အရှည်ခံခြင်းကို သာမညဆိုသော်လည်း သစ္စဝါဒီတာ၏အရာဖြစ်သောကြောင့် အရာအားလျော်စွာ စကား၏ အစွမ်းဖြင့် သိအပ်သည်အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထ သံဝဏ္ဏနာ။ [အထောက်ကို နံပါတ် (၂)ပြန်ကြည့်။]

---

http://www.dhammadownload.com



၇။ ။ နိရုတ္တိနည်း ရုပ်ပြီးပုံ

ဟလိဒ္ဒိ-၌ ဟရိတ-သဒ္ဒူပပဒ ရာ-ဓာတ်,အ-ပစ္စည်း, ဣတ္ထိလိင် ဇောတက ဤ-ပစ္စည်း။ "ဟရိတရီ"ဟု ဆိုလိုလျက် ရိ-၌ ရ-ကို လ-ပြုခြင်း,တ ကို ဒ-ပြုခြင်း, ရီ-၌ ရ-ကို ဒ-ပြုခြင်း,ဤ-ကို ဣ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိ နည်းဖြင့် "ဟလိဒ္ဒိ"ဟု ပြီးပါသည်။

[ထောက်ဖွယ်။။ဟရိတံ ပီတဝဏ္ဏံ ရာတိ ဂဏှာတီတိ ဟရိဒြာ။(ကပ္ပဒ္ဒုမ။)]

ဒီဃနှင့်ဟလိဒ္ဒီ-ပုဒ်။ ။ ဟလိဒ္ဒါ-သဒ္ဒါ,ဟလိဒ္ဒီ-သဒ္ဒါတို့သည် နနွင်းကို ဟောသည်။ ဣတ္ထိလိင်ပုဒ်များ ဖြစ်သည်။ ဟလိဒ္ဒါ စ စတုဒ္ဒသ။ (ဇာတက၊ ၂၊ ၂၈၄။) ဟလိဒ္ဒါတိ ဟလိဒ္ဒဝဏ္ဏာ စတုဒ္ဒသ။ (ဇာတက၊ ဋ္ဌ၊ ၇၊ ၁၈၀။)ဝယ် ဟလိဒ္ဒါ-သည် ဣတ္ထိလိင်ဇောတက အာ-ပစ္စည်းဖြင့်ပြီးသောပုဒ်ဖြစ်သကဲ့သို့ ဤ-ဟလိဒ္ဒီသဒ္ဒါသည် ဣတ္ထိလိင်ဇောတက ဤ-ပစ္စည်းဖြင့် ပြီးသောပုဒ် ဖြစ်သည်။ ဤ-ပစ္စည်းပြီးသောပုဒ်ဖြစ်သောကြောင့်"ဟလိဒ္ဒီ-ပုဒ်"ဟု မှတ်အပ်၏။ ဟလိဒ္ဒိရာဂေါ-၌ သမာသ်အလယ်ဖြစ်၍ ရဿ ရောက်သည်။

ကုဏ္ဍခိလ-၌ ကုဏ္ဍ-သဒ္ဒူပပဒ ခိပ-ဓာတ်,အ-ပစ္စည်း၊ "ကုဏ္ဍခိပ"ဟု ဆိုလိုလျက် ခိ-၌ ဣ-ကို ဤဒီဃ ပြုခြင်း,ပ-ကို လ-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် "ကုဏ္ဍခိလ"ဟု ပြီးပါသည်။

(တစ်နည်း) ကုဏ္ဍ-ပုဒ်, ဋ္ဌပိတ-ပုဒ်,ခိလ-ပုဒ်၊ "ကုဏ္ဍဋ္ဌပိတခိလ"ဟု ဆိုလိုလျက် ဋ္ဌပိတ-ပုဒ်ကို ချေခြင်း ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် "ကုဏ္ဍခိလ"ဟု ပြီးပါသည်။

မှတ်ချက်။ ။ ဤရုပ်ပြီးပုံမှာ အဘိဓာန်ဋီကာ တံခါးခုံဟော ကုဏ္ဍခိလ သဒ္ဒါ၌ ပြသည့် ရုပ်ပြီးပုံဖြစ်သည်။ ဤ၌ ကုဏ္ဍခိလ-သဒ္ဒါကား တံခါးခုံဟော မဟုတ်၊ (ကုဏ္ဍခိလော-နာမ ဂမ္ဘီရနေမော ဧသိကာထမ္ဘော။(သီဋီသစ်၊၁၊၃၃၇။)ကို ထောက်၍) ယထိန္ဒခိလော ပထဝိံသိတော သိယာ-၌ ကုဏ္ဍခိလ-ကဲ့သို့ တံခါးတိုင် ဟော ကုဏ္ဍခိလ-ဖြစ်သည်။တံခါးတိုင်ဟော ကုဏ္ဍခိလ-၌ ကုဏ္ဍ-ပုဒ် ခိလ-ပုဒ်ဖြစ်၍ နိရုတ္တိနည်း မရ။(ဝိဂ္ဂဟပြန်ကြည့်။)မရသောကြောင့် ရသည့် ကုဏ္ဍခိလ-ကို ဖော်ပြခြင်း ဖြစ်သည်။

[ထောက်ဖွယ် ။ ကုဏ္ဍော ဧဝ ပါဒံ ခိပတိ ဧတ္ထာတိ ကုဏ္ဍခိလော။ ခိပ၊ ပေရဏေ၊ ပဿ လော။ အထဝါ ကု-ဂမနံ ဒဒါတီတိ ကုဏ္ဍော၊ ဒွါရံ၊ တတ္ထ ဋ္ဌပိတော ခိလော ကဏ္ဍာကောတိ ကုဏ္ဍခိလော။ (ဓာန်၊ ဋီ၊ ၂၁၉။)

မမေးသင့်သည့် မေးခွန်းသာ။ ။ အဘိဓာန် (၁၀၄)၌ "ဧသိကာ ကုဏ္ဍခိလော စ"ဟု တံခါးတိုင်ဟော ကုဏ္ဍခိလ-သဒ္ဒါ လာသည်။ အဘိဓာန် (၂၁၉)၌ "နေကော ကုဏ္ဍခိလော စ" ဟု တံခါးခုံဟော ကုဏ္ဍခိလ-သဒ္ဒါလာသည်။ တံခါးခုံဟော ကုဏ္ဍခိလ-၌သာ နိရုတ္တိနည်း ရသည်။ တံခါးတိုင်ဟော ကုဏ္ဍခိလ၌ နိရုတ္တိနည်း မရ။ တံခါးတိုင်ဟော ကုဏ္ဍခိလ-၌ နိရုတ္တိနည်းဖြင့် ရုပ်ပြီးစရာ မရှိ။ ဖြေစရာမရှိ။ ထို့ကြောင့် ဤပုဒ်ကို ထည့်မေးခြင်းသည် မမေးသင့်သည်ကို ထည့်မေးခြင်းသာ ဖြစ်သည်။ တံခါးတိုင်ဟော အဖြစ် ဋီကာသစ် ဖွင့်သည်ကို မမြင်ဘဲ အမှတ်တမဲ့ မေးဟန်တူသည်။]

http://www.dhammadownload.com



၈။ ။ ဝိရုပေကသေသနည်းအားဖြင့် သဝနအနက် ထည့်သွင်းဆို
ဒဿနံ-ကိုသာ ဆိုပါသော်လည်း ဝိရုပေကသေသနည်းအားဖြင့် နားထောင်ခြင်းအနက် ထည့်သွင်းဆိုအပ်ပါသည်။

[ထောက်ဖွယ်။ ။ ဒဿနေန စေတ္ထ သဝနမ္ပိ သင်္ဂဟိတံ ဝိရုပေကသေသနယေန။ (သီဋီသစ်၊၁၊၃၄၇။) (ဋ၊ ၇၅။)]

အဝိသုကဘူတဂီတသဝန အရာ၌ အပ်။ ။ "ဝိသူကဘူတာ ဒဿနာ (ကြောင့်တံကျင်သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်ခြင်း-ဆန္ဒရာဂကို ဖြစ်စေသော ကြည့်ရှုနားထောင်ခြင်း)"ဟု ဆိုသောကြောင့် အဝိသူက-ဘူတဂီတသဝန အရာ၌ အပ်ပါသည်။

[ထောက်ဖွယ်။ ။ "ဝိသူကဘူတာ ဒဿနာစာ"တိ ဧတေန အဝိသူကဘူတဿ ပန-ဂီတဿ သဝနံ ကဒါစိ ဝဋ္ဋတီတိ ဒသေတိ၊ တထာဟိ ဝုတ္တံ ပရမတ္ထဇောတိကာယ ခုဒ္ဒကပါဌဋ္ဌကထာယ "ဓမ္မူပသံဟိတမ္ပိ စေတ္ထ ဂီတံ န ဝဋ္ဋတိ၊ ဂီတူပသံဟိတော ပန ဓမ္မော ဝဋ္ဋတီ"တိ (သီဋီသစ်၊၁၊၃၄၇။)]

---

၉။ ။ ဂါထာစီနှင့်ဂါထာအမည်

သီလံ ယောဂိဿ လင်္ကာရော၊ သီလံ ယောဂိဿ မဏ္ဍနံ။
သီလေဟိ လင်္ကတော ယောဂီ၊မဏ္ဍနေ အဂ္ဂတံ ဂတော။(ဋ၊ ၅၅)
ဤဂါထာသည် ပထျာဝတ္တဂါထာ ဖြစ်ပါသည်။

---

၁၀။ ။ ဘာဝါလင်္ကာရ

(၁) ယောဂီပုဂ္ဂိုလ်၏ တန်ဆာနှင့်တူသော သီလတရား (ဝိတိနှင့်တကွ ဝိရတီ,စေတနာပြဓာန်းသော စိတ္တုပ္ပါဒ်)သည် ဓမ္မရတိဥာယိဘာဝ, ဓမ္မသဂ်ဂါရုဿ။

(၂) ဓိဝိတိဖြေစေသော ဝိတိက္ကမိတဗ္ဗဝတ္တုသည် အာရမ္မဏဝိဘာဝ။

(၃) သီလ၏တန်ဆာနှင့်တူခြင်း (တန်ဆာသဖွယ်ဖြစ်ခြင်း),မြတ်သည်၏အဖြစ်သို့ ရောက်စေခြင်းဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ။

(၄) တန်ဆာဆင်ခြင်းကြောင့် မြတ်သည်၏အဖြစ်သို့ ရောက်ခြင်း, နတ်ရွာသုဂတိသို့ ရောက်ခြင်းစသော အကျိုးသည် အနုဘာဝ။

(၅) တည်ကြည်ခြင်း, ခန္ဓာဟူသောလောကမှ ငြီးငွေ့ခြင်း, ဟုတ် တိုင်းမှန်စွာ သိခြင်းသည် ဗျာဘိစာရိဘာဝ။

[ထောက်ဖွယ်။ ။ ပုရိမာနိ ဒွေ (သမ္ပတ္တဝိရတိ, သမာဒါနဝိရတိ) ဝိရတိယော ယံ ဝေါရောပနာဒိဝသေန ဝီတိက္ကမိတဗ္ဗံ ဓိဝိတိဖြိယာဒိဝတ္ထု၊ တံ အာရမ္မဏံ ကတွာ ပဝတ္တန္တိ။ (ဋ၊ ၂၇၂။)ကို ထောက်၍ အာရမ္မဏဝိဘာဝ ထုတ်သည်]

---

http://www.dhammadownload.com



## ၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ တတြ စေ တုမှေ အသ္သထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံ ယေဝဿ တေန အန္တရာယော-၌ တေန-ကို နှစ်နက်ကြ၍ ယောဇနာခဲ့ပါ။

၂။ ။ ဣမိနာ မေ ဘန္တေ ဥပသမေန ဥဒယာဘဒ္ဒေါ ကုမာရော သမန္နာဂတော ဟောတု၊ယေနေတရဟိ ဥပသမေန ဘိက္ခုသံဃော သမန္နာဂတော-၌ မေ-၏ သမ္ဗန္ဓပုဒ် ထည့်စွက်၍ အနက်ယောဇနာခဲ့ပါ။

၃။ ။ ဣမာယ စ အမ္ဗဋ္ဌ ဝိဇ္ဇာသမ္ပဒါယ စရဏသမ္ပဒါယ စ အညာ ဝိဇ္ဇာသမ္ပဒါ စ စရဏသမ္ပဒါ စ ဥတ္တရိတရာ ဝါ ပဏီတတရာ ဝါ နတ္ထိ-၌ အညာ ဥတ္တရိတရာ-နှစ်ပုဒ်တို့နှင့် လျော်စွာ စပ်၍ အနက်ရေးခဲ့ပါ။

၄။ ။ သမဏော ခလု ဘော ဂေါတမော ဖေဟိသွာဂတဝါဒီ သခိလော သမ္မောဒကော အဗ္ဘာကုဋိကော ဥတ္တာနမုခေါ ပုဗ္ဗဘာသီ-ဝါကျကို အနက်ယောဇနာခဲ့ပါ။

၅။ ။ တတိယံ "ရာဂါဒိပဋိပက္ခဘူတော နာမရူပပရိစ္ဆေဒေါ ဧတ္ထ ကထိတော"တိ နာမရူပပရိစ္ဆေဒကထာတိ ဝုစ္စတိ-ဝါကျ၌ တတိယံ-ပုဒ်ကို သဒ္ဒပဒတ္ထ က,အတ္ထပဒတ္ထက,အဘိဓေယျတ္ထပေါ်လွင်စေလျက် အနက်ရေးခဲ့ပါ။

၆။ ။ မေထုနာတိ ရာဂပရိယုဋ္ဌာနဝသေန သဒိသတ္တာ မေထုနကာတိ လဒ္ဓဝေါဟာရေဟိ ပဋိသေဝိတဗ္ဗတော မေထုနာတိ သင်္ချံ ဂတာ အသဒ္ဓမ္မာ-၌ သံဝဏ္ဏေတဗ္ဗကို အစပ်စုံစွာ ထည့်၍ အနက်ရေးခဲ့ပါ။

၇။ ။ ကေသကမ္ဗလော ဘိက္ခဝေ သီတေ သီတော ဥဏှေ ဥဏှော ဒုဗ္ဗဏ္ဏော ဒုဂ္ဂန္ဓော ဒုက္ခသမ္ဖဿော-ဟူသော သာဓကဝါကျ၌ ဒုဗ္ဗဏ္ဏော-ကို သဒ္ဒတ္ထ ဝေါဟာရတ္ထ ထင်ရှားစေလျက် အနက်ပေးခဲ့ပါ။

၈။ ။ ဗြဟ္မဒေယျန္တိ သေဋ္ဌဒေယျံ။ ယထာဒိန္နံ န ပုန ဂဟေတဗ္ဗံ ဟောတိ နိဿဋ္ဌံ ပရိစ္စတ္တံ။ ဧဝံ ဒိန္နန္တိအတ္ထော-၌ အတ္ထော-သမ္ဗန္ဓ်ခံ၍ အနက်ရေးခဲ့ပါ။

၉။ ။အပိစ ဓိဉ္ဇောတိ ပေါရာဏော၊စိရကာလပ္ပဝတ္တကုလန္ဝယောတိ ဝုတ္တံ ဟောတိ-ဝါကျကို ဣတိ-အစွဲ ကတ္တား,ကံ နှစ်ချက်ကြံ၍ အနက်ယောဇနာခဲ့ပါ။

၁၀။ ။ ဝိပ္ပဋိသာရော စ နာမ ဒါယကာနံ ပဋိဂ္ဂါဟကတောဝ ဥပ္ပဇ္ဇတိ၊ ဟန္ဒဿ ပဋ္ဌမမေဝ တံ ဝိပ္ပဋိသာရံ ဝိနောဒေမီတိ-ဝါကျကို အနက်မှန်မှန်သမ္ဗန်ခဲ့ပါ။

---

http://www.dhammadownload.com



## ၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

၁။ ။ တေန-ကို နှစ်နက်ကြံ၍ အနက်

“[တေန-ကောပေန ဝါ၊ ထိုအမျက်ထွက်ခြင်းဖြင့်သော်လည်းကောင်း။ ဝါ၊ထိုအမျက်ထွက်ခြင်းကြောင့်သော်လည်းကောင်း။ တေန-တာယ အနတ္တမနတာယ ဝါ၊ထိုမိမိစိတ် မရှိကုန်သည်၏အဖြစ်ဖြင့်သော်လည်းကောင်း။ ဝါ၊ထိုမိမိစိတ်မရှိကုန်သည်၏ အဖြစ်ကြောင့်သော်လည်းကောင်း”ဟု ယောဇနာ။ (ပါ၊၃။ပါသျှ၊ ၁၃။ပါသျှသစ်၊ ၂၇။)

ထောက်ဖွယ်။ ။ တုမှေယံ တေန ကောပေန,တာယ စ အနတ္တမနတာယ ပဋ္ဌမဇ္ဈာနာဒိနံ အန္တရာယော ဘဝေယျ။(ဋ္ဌ၊ ၅၂။) အတ္ထဝသာ လိင်္ဂဝိပရိ ယာယယောတိ ကတွာ “တာယ စ အနတ္တမနတာယာ”တိ ဝုတ္တံ။ (သီဋီသစ် ၁၊ ၂၂၂)]

---

၂။ ။ [မေ၏ သမ္ဗန္ဓိပုဒ်ကို ပုစ္ဆော-ထည့်၍ ယောဇနာ။ပါ၊၄၇။ ပါသျှ၊၁၁၆။ပါသျှသစ်၊၁၉၀။]

---

၃။ ။ အညာ,ဥတ္တရိတရာ-နှစ်ပုဒ်တို့နှင့် လျော်စွာ စပ်၍ အနက်

အမ္ဗဋ္ဌ၊အမ္ဗဋ္ဌ။ ဣမာယ ဝိဇ္ဇာသမ္ပဒါယ စ၊ ဤသုံးပါးသော ဝိဇ္ဇာရှစ်ပါးသော ဝိဇ္ဇာတို့နှင့် ပြည့်စုံခြင်းထက်လည်းကောင်း (ဥတ္တရိတရာ-၌ စပ်)။ဝါ၊ဤသုံးပါးသော ဝိဇ္ဇာရှစ်ပါးသော ဝိဇ္ဇာတို့နှင့် ပြည့်စုံခြင်းမှလည်းကောင်း (အညာ-၌ စပ်)။ ဣမာယ စရဏသမ္ပဒါယ စ၊ဤ တစ်ဆယ့်ငါးပါးသော စရဏတို့နှင့်ပြည့်စုံခြင်းထက်လည်းကောင်း၊ဝါ၊ဤတစ်ဆယ့်ငါးပါးသော စရဏတို့နှင့် ပြည့်စုံခြင်းမှလည်းကောင်း။ ဥတ္တရိတရာဝါ၊အထူးသဖြင့်အလွန်မြတ်သည်သော်လည်းဖြစ်သော။ ပဏီတတရာဝါ၊ အထူးသဖြင့် မြတ်သည်သော်လည်းဖြစ်သော။ အညာ၊တပါးသော။ ဝိဇ္ဇာသမ္ပဒါစ၊ ဝိဇ္ဇာနှင့်ပြည့်စုံခြင်းသည် လည်းကောင်း။ စရဏသမ္ပဒါယစ၊စရဏနှင့် ပြည့်စုံခြင်းသည် လည်းကောင်း။ နတ္ထိ၊မရှိ။ [ပါ၊၉၄။ပါသျှသစ်၊၃၄၆။]

---

၄။ ။ [ပါ၊၁၀၉။ပါသျှ၊ ၂၆၈။ပါသျှသစ်၊၃၈၆။၁၃၁၉,၁၃၂၃ ခုနှစ်များကလည်း မေးခဲ့ပြီ။]

---

၅။ ။ တတိယံ-၌ သဒ္ဒပဒတ္ထက,အတ္ထပဒတ္ထက,အဘိဓေယျတ္ထ ပေါ်စေလျက် အနက်

[“တတိယံ၊ တတိယဖြစ်သော (သဒ္ဒပဒတ္ထက-သဒ္ဒါ-ဟူသော (သဒ္ဒါသည်ပင်) ပုဒ်၏အနက်), ဝါ၊သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဝါ၊သုံးခုမြောက်ဖြစ်သော (အတ္ထပဒတ္ထက-အနက်ဟူသော ပုဒ်၏အနက်) အဘိဓမ္မပိဋကကို (အဘိဓေယျတ္ထ)”ဟု ပေး။ (ဋ္ဌ၊ ၂၀။ဋ္ဌသျှ၊၁၊၇၅။ဋ္ဌသျှသစ်၊၁၊၁၂၉။၁၃၃၂-ခုနှစ်ကလည်း မေးခဲ့ပြီ။)]

http://www.dhammadownload.com



တစ်ဝါကျလုံး မေးရမည်သာ။ ။"တတိယံ။ ပ။ ဝုစ္စတိ-ဝါကျ၌ တတိယံ-ပုဒ်ကို"ဟု မေးထားသဖြင့် တတိယံ-ပုဒ်ကိုသာ အနက်ပေးရမည်ကဲ့သို့ ဖြစ်နေသည်။ အမှန်မှာ မဟုတ်ပါ၊တစ်ဝါကျလုံးကို အနက်ပေးစေလိုပါသည်။ တစ်ဝါကျလုံးကို အနက်ပေးရပါမည်။ (ကို)သုံးရမည့် နေရာ၌ (၌)သုံးထားခြင်း, (၌)သုံးရမည့်နေရာ၌ (ကို)သုံးထားသဖြင့် အသုံးလွဲနေခြင်းသာဖြစ်ပါသည်။ မေးခွန်းတိုင်း၌ ဤနည်းအတူ သိပါ။ ဤနှစ်မေးခွန်းများ၌ (၌)သုံးထားသည်မှာ မကောင်း]

---

၆။ ။ သံဝဏ္ဏေတဗ္ဗကို အစပ်စုံစွာထည့်၍ အနက်

["မေထုနာတိ ဧတ္ထ၊ မေထုနာ-ဟူသော ဤပါဠိ၌။ အဏ္ဏော၊အနက်ကို။ ဓဝံ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။"ဟု ဧတ္ထ အဏ္ဏော ဓဝံ ဝေဒိတဗ္ဗော-ထည့်ပေး။ (၌၊၇၁။ဋ္ဌသျ၊၁၊ ၂၃၉။ဋ္ဌသျသစ်၊၁၊၃၈၈။) ဤဝါကျကို ၁၃၂၃-ခုနှစ်ကလည်း မေးခဲ့ပြီ။]

ရည်ရွယ်ရင်း မရောက်။ ။ ဧတ္ထ အဏ္ဏော ဓဝံ ဝေဒိတဗ္ဗော-ပုဒ်များကို ထည့်ပေးဖို့ ရည်ရွယ်၍ "သံဝဏ္ဏေတဗ္ဗကို အစပ်စုံစွာ ထည့်၍" ဟု မေးခြင်းဖြစ်သည်။သို့သော် မေထုနာ-သာ သံဝဏ္ဏေတဗ္ဗဖြစ်သည်။ ဣတိ-ကား သံဝဏ္ဏေတဗ္ဗမဟုတ်၊သံဝဏ္ဏေတဗ္ဗဇောတကသာ ဖြစ်သည်။ ထို့ကြောင့် ထိုအမေးသည် ရည်ရွယ်ရင်းသို့ မရောက်။ "မေထုနာတိ-ကို အစပ်စုံစွာထည့်၍"ဟု မေးမှ ရည်ရွယ်ရင်းသို့ ရောက်သည်။ ရှင်းသည်။

ရည်ရွယ်ချက်လည်း မကောင်း။ ။အပေါင်းတည်၍ အစိတ်ဖွင့်ပြရာ၌သာ ဧတ္ထ-စသည်ကိုထည့်၍ မေးရသည်။အစိတ်တည်၍ အစိတ်ဖွင့်ရာ၌ ဧတ္ထ-စသည် ထည့်ပေးရိုးမရှိ၊ ပေးရန်မလို ထို့ကြောင့် ထိုရည်ရွယ်ချက်ကလည်း မကောင်းပါ။

ဧတ္ထထည့်၍ အနက်ပေးသင့်။ ။အပေါင်းတည်ထ၊ စိတ်ဖွင့်ပြ၊ ဧတ္ထမရှိ၊ ထည့်လေမြဲ (ဘုရားကြီးနိယံ။ ၉၇။)ဥပဒေအတိုင်း အပေါင်းကို ဣတိသဒ္ဒါဖြင့်တည်၍ အစိတ်ကို ဖွင့်ပြလျှင်,သို့မဟုတ် အစိတ်အစိတ်ဖွင့်ပြလျှင် ဣတိသဒ္ဒါနောင် ဧတ္ထ-သဒ္ဒါ တိုက်ရိုက်ထည့်၍ ကျမ်းဆရာတို့ ဖွင့်ရိုးဖြစ်ကုန်၏။ မရှိလျှင် လည်း ထည့်ပေးကြရ၏။

အဋ္ဌပီတိ ပိ-သဒ္ဒေါ သမ္ပိဏ္ဍနတ္ထော။ (အဘိဓမ္မတ္ထဝိဘာဝိနီ၊ ၁၃။)၌ "အဋ္ဌပီတိ"ဟု အပေါင်းကိုတည်၍ အစိတ်ဖြစ်သောပိ-ကို ဖွင့်သောကြောင့် "အဋ္ဌပီတိ ဧတ္ထ၊ အဋ္ဌပိ-ဟူသော ဤပါဠိ၌။ နိဝိဋ္ဌော၊တည်သော။ ပိ-သဒ္ဒေါ၊ ပိ-သဒ္ဒါသည်"ဟု ဣတိ-နောင် ဧတ္ထ နိဝိဋ္ဌော-ပုဒ်များကို ထည့်ပေးရသည်။ အစပုဒ် အနေ,ပဓာနအနေဖြင့် ဧတ္ထ-ကိုသာ နိယံဆရာ စပ်ဆိုသည်ဖြစ်၍ နောက်ပုဒ်, အပဓာနပုဒ်ဖြစ်သော နိဝိဋ္ဌော,ဓဝံ-စသောပုဒ်များကိုလည်း အရာအားလျော်စွာ ထည့်ရမည်သာ။

မဟာတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ မဟတာတိ ဂုဏမဟတ္တေန မဟတာ။ သင်္ချာမဟတ္တေန ပိ မဟတာ။ဘိက္ခူနံ သံဃော ဘိက္ခု သံဃော။သဒ္ဓိန္တိ ဧကတော။ (၌၊၃၆။)၌ အပေါင်းကိုတည်၍ မဟတာပုဒ်,ဘိက္ခုသံဃေန-ပုဒ်,သဒ္ဓိံ-ပုဒ်များကို အစိတ်အစိတ်ဖွင့်သောကြောင့်"မဟတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ ဧတ္ထ၊မဟတာ

http://www.dhammadownload.com



ဘိက္ခုသံဃေန သဒ္ဓိံ-ဟူသော ဤပါဠိ၌။အတ္ထော၊ကို။ (အဝယဝတ္ထော၊အစိတ်အစိတ်ဖြစ်သော အနက်ကို။) ဝေံ၊ဖြင့်။ ဝေဒိတဗ္ဗော၊၏။"ဟု ဧတ္ထ အတ္ထော (အဝယဝတ္ထော)ဝေံ ဝေဒိတဗ္ဗော-ပုဒ်များကို ထည့်၍ အနက်ပေးရသည်။]

---

၇။ ။ ဒုဗ္ဗဏ္ဏော-ကိုသဒ္ဒတ္ထ,ဝေါဟာရတ္ထ ထင်ရှားစေလျက် အနက်

ဒုဗ္ဗဏ္ဏော၊ဖောက်ပြန်သော အဆင်းရှိသည် (သဒ္ဒတ္ထ)။ဝါ၊အဆင်း မလှသည်။ ဝါ၊အရုပ်ဆိုးသည် (ဝေါဟာရတ္ထ)။ကြွင်းပေးလေ။ (ဋ္ဌ၊၁၃၂။ဋ္ဌသျ၊ ၂။၃၁။ဋ္ဌသျသစ်၊ ၂။၃၄။)

ထောက်ဖွယ်။ ။ ဝိရူပတာယံ ဒုဗ္ဗဏ္ဏော ဒုမ္မုခေါတိ။ (ရှ၊ ၁၂၇။ နီတိ၊ သုတ္တ၊နာ၁၃၆၈။) [သျှသစ်၌ "မကောင်းသော အဆင်းရှိသည်"ဟု ဒု-ကို ဒုဋ္ဌအနက်ဟောယူ၍ ပေးသည်။ ဖြစ်နိုင်သည်သာ။]

တစ်ဝါကျလုံးကို ရည်။ ။ ထူးသည်ကို ပေါ်လွင်စေလျက် တစ်ဝါကျလုံးကို ရည်၍ "ဒုဗ္ဗဏ္ဏော-၌ သဒ္ဒတ္ထ,ဝေါဟာရတ္ထ ထင်ရှားစေလျက် အနက်"ဟု အတိုကောက်အားဖြင့် ခေါင်းစည်းတတ်ခြင်းဖြစ်သည်။ တစ်ဝါကျလုံးကို ရည်သည့် အတွက်ကြောင့်ပင် (၌)စကားလုံး သုံးထားခြင်းဖြစ်သည်။ "ဒုဗ္ဗဏ္ဏော-၌ သဒ္ဒတ္ထ, ဝေါဟာရတ္ထ ထင်ရှားစေလျက် (၇)အမှတ်ပြဝါကျ အနက်"ဟု ဆိုလိုပေသည်။ (၌)သုံး၍ ခေါင်းစည်းတတ်သော ဤနေရာမျိုးတိုင်း၌ ဤအတူ သိရာ၏။ ပုစ္ဆာ၌ (၌)နှင့် (ကို) အသုံးလွဲနေ၍ ဒုဗ္ဗဏ္ဏော-ကိုသာ ပေးရမည်ကဲ့သို့ ဖြစ်နေသည်။ (၌)(ကို) အသုံးလွဲနေသည်ကို ရှေးနည်းမှီးသိ။

---

၈။ ။ အတ္ထော-၏ သမ္ဗန်ခံ၍ အနက်

[သံဝဏ္ဏနာ၌ အတ္ထော-ပါမှ သံဝဏ္ဏေတဗ္ဗကို ယင်းအတ္ထော-၏ သမ္ဗန်ခံအပ်၏။ ဤ၌ ယထာ။ပ။အတ္ထော-သည်။ ဗြဟ္မဒေယျံ-ကို အဓိပ္ပာယ်ယတ္တအားဖြင့် ဖွင့်ပြသည်ဖြစ်သောကြောင့် သံဝဏ္ဏနာမည်၏။ဗြဟ္မဒေယျံ-သည် ဖွင့်အပ်ရာ အဖွင့်ခံရာ ဖြစ်သောကြောင့် သံဝဏ္ဏေတဗ္ဗ မည်၏။ထို့ကြောင့် သံဝဏ္ဏေတဗ္ဗဖြစ်သော ဗြဟ္မဒေယျံ-ကို "ဗြဟ္မဒေယျန္တိ ပဒဿ"ဟု သမ္ဗန် ခံအပ်၏။

ကျက်။ ။ သံဝဏ္ဏနာ၊ အတ္ထော-ပါမူ၊ သဒ္ဒါသံဝဏ္ဏေတဗ္ဗ၊ ဝါစကာသည်။ မှုချသမ္ဗန်ခံမြဲ။ (ဘုရားကြီးနိယံ။ ၆၄။)]

---

၉။ ။ ဣတိ-အစွဲ ကတ္တား, ကံ ၂-ချက် ကြံ၍ အနက်

["ဣတိ-ဣဒံ အတ္တဓာတံ၊ဤသို့သော ဥဇုကတ္တသည်။ဝါ၊ဤသို့သော ဥဇုကတ္တကို။ ဝုတ္တံ၊ဆိုအပ်သည်။ ဝါ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏"ဟု ကတ္တား, ကံ ၂-ချက်ပေး။ (ဋ္ဌ၊ ၂၅၂၊ဋ္ဌသျ၊ ၂။၃၆၃။ဋ္ဌသျသစ် ၂။၄၃၇။)]

---

၁၀။ ။ [ဋ္ဌ၊ ၂၆၈။ ဋ္ဌသျ၊ ၂၊ ၄၀၃။ ဋ္ဌသျသစ်၊ ၂၊ ၄၇၈။]

---

http://www.dhammadownload.com



## ၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က)ဝသီ ပိတာ ဘူတဘဗျာနန္တိ အဟမသ္မိ စိဏ္ဏဝသိတာယ ဝသီ။
(ခ) အဟံ ပိတာ ဘူတာနဉ္စ ဘဗျာနဉ္စာတိ မညတိ။
(ဂ)ဣမိနာ မယန္တိ အတ္တနော ကမ္မဝသေန စုတာပိ ဥပပန္နာပိ စကောဝလံ မညနာမတ္တေနေဝ "ဣမိနာ မယံ နိမ္မိတာ"တိ မညမာနာ ဝင်္ကစ္ဆိဒ္ဒေ ဝင်္ကအာဏိ ဝိယ ဩနမိတွာ တသေ္သဝ ပါဒမူလံ ဂစ္ဆန္တိ။
(ဃ) မဟေသက္ခတရောတိ ဣဿရိယပရိဝါရဝသေန မဟာယသတရော။

၁။ ။ အထက်ပါဝါကျတို့တွင် (ဂ)အမှတ်ပြဝါကျကို ကေဝလံ, မညနာ မတ္တေန-တို့၌ ဆိုလိုရင်းအနက် ပေါ်လွင်စေလျက် သဗ္ဗနာမ်ပုဒ်တို့၏ အစွဲ မလွဲအောင် အနက်ယောဇနာခဲ့ပါ။

၂။ ။ "အဖြေမြင်၊ အတင်သိ၊ မိ၏ကျမ်းရိုးအနေတည်း"ဟူသည်နှင့် အညီ ဋီကာ, အဘောဂ, ပုစ္ဆာတို့ဖြင့် အဋ္ဌကထာဆရာ၏ အာဘော်ကျအောင် (ခ)အမှတ်ပြဝါကျကို ကျမ်းတက်ပြပါ။

၃။ ။ (ဂ)အမှတ်ပြဝါကျကို ဖြစ်သင့်သလို ပိုင်းခြား၍ စောဒကာဘောဂါဒိ လေးဝါကျ ထုတ်ပြပါ။

၄။ ။(ဃ)အမှတ်ပြဝါကျပါ မဟေသက္ခတရော-ဝယ် မဟေသ- ပုဒ်ကို အစိတ်,အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်းဝစနတ္တ၌ ဝစနာဒိဆက္ကနယ ထုတ်ပြပါ။

၅။ ။ (က)အမှတ်ပြဝါကျပါ ဟိတ်ပါဌ်ကို ဟေတုသမ္ဗန်ပုဒ်ထည့်၍ အနက်ယောဇနာပြီးလျှင် ၎င်းဟေတုသမ္ဗန်ပုဒ်ကို သမ္ဗန်အနက်ပြန်၍လည်းကောင်း, ကတ္တား,ကံ နှစ်မျိုးတို့တွင် ဖြစ်သင့်ရာအနက်ပြန်၍လည်းကောင်း ဟိတ်ပါဌ်၌ အသီးသီး စာစပ်ပြပါ။

၆။ ။ (က)အမှတ်ပြဝါကျဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏ အာဘောဂနှင့်သံဝဏ္ဏနာအမည်များကို ရှင်းလင်းစွာ ဖော်ပြပါ။

၇။ ။ (က)အမှတ်ပြဝါကျပါ ဘဗျ,စိဏ္ဏ-ဟူသော ပုဒ်တို့၏ နိရုတ္တိနည်း ဖြင့် ရုပ်ပြီးပုံကို စိစစ်ဖော်ပြပါ။

http://www.dhammadownload.com



၈။ ။ ဤဗြဟ္မစာလသုတ် ဒေသနာတော်ကို "ဓမ္မဇာလ"ဟူ၍ လည်းကောင်း, "အနုတ္တရသင်္ဂါမဝိဇယ"ဟူ၍လည်းကောင်း ဆိုရပုံကို အဋ္ဌကထာအလိုကျ ရှင်းပြပါ။

၉။ ။ (ဂ)အမှတ်ပြဝါကျပါ စုဏ္ဏိယစကားရပ်ကို ဆိုလိုရင်းအဓိပ္ပာယ် မပျက်စေမူ၍ ဝတ္တမျိုးဂါထာ စီကုံးရေးသားပြီးလျှင် ၄င်းကို အကျဉ်းချုပ်စိစစ်လျက် ဂါထာအမည်, ဆန်းအမည်ပေးခဲ့ပါ။

၁၀။ ။ စိရပ္ပဝါသိံ ပုရိသံ။ပ။ အဘိနန္ဒန္တိ အာဂတံ–ဟူသော ဂါထာ၌ အဘိနန္ဒန္တိ အာဂတံ–ကို ပဓာနထား၍ ဘာဝ,ရသ,ဝိဘာဝ,အနုဘာဝ စုံလင်စွာ ထုတ်ပြပါ။

---

## ၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ကေဝလံ,မညနာမတ္တေန–တို့၌ ဆိုလိုရင်းပေါ်လွင်စေလျက် အနက်

ဣမိနာ မယန္တိ၊ "ဣမိနာ မယံ"ဟူသည်ကား။ အတ္တနော၊မိမိ၏။ ကမ္မဝသေန၊ကံ၏အစွမ်းဖြင့်။ စုတာ၊စုတေကုန်ကြသည်။ (သမာနာ) ပိစ၊ဖြစ်ကုန်သော် လည်းကောင်း။ ဥပပန္နာ၊ပဋိသန္ဓေနေကြကုန်သည်။ (သမနာ)ပိစ၊ဖြစ်ကုန်သော် လည်းကောင်း။ ကေဝလံ၊ကမ္မဿကတာဉာဏ်နှင့်မရောမယှက် သက်သက်။ မညနာ မတ္တေနဝ၊ မိစ္ဆာအယူဖြင့် မှတ်ထင်ခြင်းမျှဖြင့်သာလျှင်။ ဣမိနာ–ဗြဟ္မနာ၊ဤဗြဟ္မာ ကြီးသည်။ မယံ၊ငါတို့ကို။ နိမ္မိတာ၊ဖန်ဆင်းအပ်ကုန်ပြီ။ ဣတိ၊ဤသို့။ မညမာနာ၊ မှတ်ထင်ကြကုန်သည်။ (ဟုတွာ၊ ဖြစ်ကုန်၍။) ဝဏ္ဏဝန္တတရော၊ ကောက်သော အပေါက်၌။ ဟအဋ္ဌကထာ၌ "ဝဏ္ဏဝန္တနု"ဟု ရှိသည်။] ဝဏ်အာဏီ၊ ကောက်သော စို့သည်။ (ဩဏမတိ) ဝိယ၊ညွှတ်သကဲ့သို့။ (တထာ၊ ထို့အတူ။)ဩနမိတွာ၊ညွှတ်ကုန်၍။ တဿေဝ–ဗြဟ္မုနော၊ ထိုဗြဟ္မာ၏သာလျှင်။ပါဒမူလံ၊ခြေရင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။ [ ဋ္ဌ။၁၀၃။ဋ္ဌသျ။၁၊၃၄၂။ဋ္ဌသျသစ်၊၁၊၄၉၉။]

[ထောက်ဖွယ်။ ။ ကေဝလန္တိ ကမ္မဿကတာဉာဏေန အသမ္မိဿ သုဒ္ဓံ။ မညာနာမတ္တေနေဝါတိ ဒိဋ္ဌိမညနာမတ္တေနေဝ၊န အဓိမာနဝသေန။ (သီဋီသစ်၊ ၁၊ ၄၂၁။)]

---

၂။ ။ (ခ)အမှတ်ပြဝါကျ သာဘောဂ (ဋ္ဌပနာတိက) ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် ဘူတဘဗျာနံ–ပုဒ်ကို ဟော တော်မူ၏(ဋ္ဌပနာ)။ ယင်း ဘူတတဗျာနံ–၌ ဘူတ–ပုဒ်နှင့် ဘဗျ–ပုဒ်ကို အဘယ် သမာသ်ဝစနတ္တ ပြုရမည်နည်း။ ဘူတတဗျာနံ–ပုဒ်၏ ကတ္တားပုဒ်သည် အဘယ်ပုဒ် ဖြစ်သနည်း။ (ပါဠိတော်၌ "အဟမသ္မိ ဗြဟ္မာ မဟာဗြဟ္မာ အဘိဘူ။ပ။ ဝသီ ပိတာ ဘူတဘဗျာနံ"ဟု ရှိရာ)ဘူတဘဗျာနံ–ပုဒ်နောင် အဘယ်ပုဒ်များကို ထည့်၍

http://www.dhammadownload.com



ယောဇနာရမည်နည်း(ပုစ္ဆာ)။ ဘူတ-ပုဒ်နှင့် ဘဗျ-ပုဒ်ကို ကမ္မဓာရယ်သမာသ်ဝဇနတ္ထ ပြုရသည် မဟုတ်ပါလော။ ဘူတဘဗျာနံ-ပုဒ်၏ ကတ္တားပုဒ်သည် တွံ-ပုဒ်ဖြစ်ရသည် မဟုတ်ပါလော။ဘူတဘဗျာနံ-ပုဒ်နောင် ဇဝံ စိန္တေသိ-ပုဒ်များကို ထည့်၍ ယောဇနာ ရသည် မဟုတ်ပါလော(အာဘောဂ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလို သော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပာယ်ကား။ ။ ဘူတ-ပုဒ်နှင့် ဘဗျ-ပုဒ်ကို ကမ္မဓာရယ်သမာသ် ဝဇနတ္ထ မပြုရ၊ (စ-သမုစ္စယတ်၊ ဆင့်ကာထပ်၊ ဒွန်သမာသ် ကြဲလေပါနှင့်အညီ) "ဘူတာစ ဘဗျာစ ဘူတဘဗျာ"ဟု ဒွန်သမာသ် ဝဇနတ္ထပြုရမည်။ ဘူတဘဗျာနံပုဒ်၏ ကတ္တားပုဒ်သည် တွံ-မဟုတ်၊အဟံ-ဖြစ်သည်။ ဘူတဘဗျာနံ-ပုဒ်နောင် ဇဝံ စိန္တေသိ-ပုဒ်များကို ထည့်၍ မယောဇနာရ၊လ္လတိ မညတိ-ပုဒ်များကို ထည့်၍ ယောဇနာရမည်-ဟူလို။

---

၃။ ။ ဓောဒကာဘောဂါဒိစတုက္က

(၁)နနု အတ္တနော ကမ္မဝသေန စုတာ ဥပပန္နာ ဟောန္တိ(ဓောဒကာ ဘောဂ။)

(၂) အထ ကသ္မာ ဝင်္ကစ္ဆိဒ္ဒေ ဝင်္ကအာဏိ ဝိယ သြနမိတွာ တသောဝ ပါဒမူလံ ဂစ္ဆန္တိ (ဓောဒနာ)။

(၃)နနု ကေဝလံ မညနာမတ္တေနေဝ"လ္လမိနာ မယံ နိမ္မိတာ"တိ မညမာနာ ဟောန္တိ (ပရိဟာရာဘောဂ)။

(၄)တသ္မာ ဝင်္ကစ္ဆိဒ္ဒေ ဝင်္ကအာဏိ ဝိယ သြနမိတွာ တသောဝ ပါဒမူလံ ဂစ္ဆတိ (ပရိဟာရ)။

[ဝင်္ကစ္ဆိဒ္ဒေ။ ပ။ ဂစ္ဆန္တိ-၏ အဓိပ္ပာယ်။ ။ ကောက်သည့် အပေါက်၌ ကောက်သည့် သံချောင်းဝင်သကဲ့သို့ အစဆုံးဖြစ်သော ဗြဟ္မာကြီး၏ "နောက်ဖြစ်သော ဗြဟ္မာတို့ကို ငါ ဖန်ဆင်းသည်"ဟု မှားသောအယူ၌ နောက်ဖြစ်သော ဗြဟ္မာတို့၏ "ငါတို့ကို ဤဗြဟ္မာကြီး ဖန်ဆင်းသည်"ဟု မှားသောအယူ ဝင်သွားကာ မူလအစဖြစ် သော ဗြဟ္မာကြီး၏အယူဝါဒကို ထောက်ခံပြီး ထိုမူလအစဖြစ်သော ဗြဟ္မာကြီး၏ အသင်းအပင်း ဖြစ်ကြရလေကုန်၏။ပါဒမူလံ ဂစ္ဆန္တိ၊တံ ပက္ခကာ ဘဝန္တီတိ အတ္ထော။ (သီဋီသစ်။)]

---

၄။ ။ အစိတ်ဝိဂ္ဂဟ

မဟာတိ ဝုဍ္ဎိ ပါပုဏာတီတိ မဟန္တော။ (သူစိ၊၄၁၉။)မဟီယတိ ပူဇီယတီတိ မဟန္တော၊မဟာတိ ဝဓုတီတိ မဟန္တော။ ဓာတုပစ္စယ ဒီပနီ၊ ၂၄၉။) ဤသတိ အဘိဘဝတီတိ ဤသော။ (သီဋီသစ်။)

အပေါင်းဝိဂ္ဂဟ။ ။ မဟန္တော ဤသော မဟေသော။ (သီဋီသစ်)

ဝဇနာဒိဆက္က

(၁) မဟေသော-ဟူသော နိပ္ဖန္နသည် ဝဇန။

(၂) မဟန္တော ဤသော-ဟူသော ဝိဂ္ဂြဟ်ဝါကျသည် ဝဇနတ္ထ။

(၃) မြတ်သောဂုဏ်၏ အစိုးရသူအစဆုံးဖြစ်သော မဟာဗြဟ္မာ သတ္တဝါ ကြီးနှင့် ဂုဏ်ဂုဏီအားဖြင့် စပ်ခြင်း သမ္ဗန်သကတ်သည် ဝဇနဟေတု။

(၄) ဝဇနဟေတု ဓောတက မရ။

http://www.dhammadownload.com



(၅) အစဆုံးဖြစ်သော မဟာဗြဟ္မာသတ္တဝါဒြပ်သည် ဝစနီယတ္ထ။

(၆) မဟာဘိဘူ, မဟိဿရ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

မှတ်ချက်။ ။ သီလက္ခန်ဋီကာဟောင်း၌ "မဟာဤသော မဟေသော" ဟု ဝိဂ္ဂဟပြုသည်။

[ထောက်ဖွယ်။ ။ ဤသတိ အဘိဘဝတီတိ ဤသော၊ မဟန္တော ဤသော မဟေသော။ (သီဋီသစ်၊၁၊၄၂၁။) ဤသတီတိ ဤသော၊အဘိ ဘဝတီတိ အတ္ထော။ မဟာ ဤသော မဟေသော။ (သီဋီ၊၁၅၈။)]

---

၅။ ။ ဟေတုသမ္ဗန်

ဟေတုသမ္ဗန်ပုဒ်ကား မမ-ဖြစ်ပါသည်။ [စိတ္တဝသိတာယ-၏စပ်ရာ အသ္မိ-၏ ကတ္တားမှာ အဟံ-ဖြစ်သည်ကို သတိပြု။]

အနက်ဟောယောဇနာနှင့် စာစပ်။ ။ မမ-ကား "၏" ဟူ၍ အနက် ပေးသောကြောင့် စိတ္တဝသိတာယ-ဝယ် တာ-ပစ္စည်း၌ သမ္ဗန်,သတ္တိမန္တ၊တာ ပစ္စည်းကား သမ္ဗန္ဓိ,သတ္တိ။

မမ-ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် စိတ္တဝသိတာယဝယ် စိတ္တဝသီ-ဟူသော ဘာဝယောဂပုဒ်၌ ဝစ္စ,တုလျတ်၊စိတ္တဝသီ-ဟူသော ဘာဝ ယောဂပုဒ်ကား ဝါစက,လိင်္ဂတ်။

---

၆။ ။ (က)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ အဟံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝသီ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ကတ္တား အဟံ-ဖြစ်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

အသ္မိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝသီ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ပါဠိတော်ဝယ် ("အဟမသ္မိ မဟာဗြဟ္မာ အဘိဘူ။ ပ။ ဝသီ ပိတာ ဘူတ-ဘဗျာနံ"ဟုရှိရာ)အသ္မိ-၌ စပ်ရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေအပ်ပါသည်။ ဘာဝတ္ထ သံဝဏ္ဏနာ။

စိတ္တဝသိတာယ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝသီ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ် ၌ ဝသ-၏အရ အဝါးဝစွာ လေ့လာအပ်ပြီးသော ဝသီဘော်ကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။ "ဝသီဘော် ရှိသည် ဖြစ်၏"ဟု အောက်မေ့မှတ်ထင်ခြင်း၏အကြောင်း၏ အဖြစ်ကို လည်း (တစ်နည်း) ဝသီမည်ခြင်း၏ အကြောင်း၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

---

၇။ ။ နိရုတ္တိနည်းဖြင့် ပုဒ်ပြီးပုံ

ဘဗျ-၌ ဘူ-ဓာတ်,ဏျ-ပစ္စည်း၊ဉူ-ကို ဩ, ဩ-ကို အာဝ-ပြု၍ "ဘာဗျ"ဟု ဆိုလိုလျက် ဝ-ကို ဗ-ပြုခြင်း,အာ-ကို အ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "ဘဗျ"ဟု ပြီးပါသည်။

မှတ်ချက်။ ။ ဏ-ကာရာနုဗန္ဓော ပစ္စယော ကာရိတံ ဝိယ ဒဋ္ဌဗ္ဗောတိ ကာရိတဗျပဒေသော၊ "ကာရိတာနံ ဏော လောပ"န္တိ ဏ-လောပေါ၊ "အသံယော

http://www.dhammadownload.com



ဂန္တသယဝုဒ္ဓိကာရိတေ"တိ ဝုဒ္ဓိ၊ လ္လ-ကာရာဂမောဟကတ္တဗ္ဗံ ကာရိယံ။ (ရူ၊ ၅၅၃။) သာယာပေတိ သာယာပယတိ။ တ္တေ (တေ အာဝါယာ ကာရိတေတိ) ကောရသုံ အာယာဒေသော၊သယာပေတိ၊သယာပယတိ၊ "ကွစိဓာတု"တိ အာဒိနာ ထာပေ, ထာပယေသု အာယာဒေသသု ရဿတ္တံ။ (ရူ၊၅၄၃။)တို့ကို နည်းမှီးသည်။

[ထောက်ဖွယ်။ ။ ဘဝတ္တိ ဘဝိဿန္တိစာတိ ဘဗျာ၊ တဗ္ဗာနိယာ ဝိယ ဏျ-ပစ္စယသာ ကတ္တရိပိ ပဝတ္တနတော။ (သီဋီသစ်၊၁၊၄၂၀။)]

စိတ္တာ-၌ စရ-ဓာတ်,တ-ပစ္စည်း၊"စရတ"ဟု ဆိုလိုလျက် တ-ကို လ္လဋ္ဌာ-ပြုခြင်း၊ ဝဏ္ဏဝိကာရ,ရ-ကို ချေခြင်း ဝဏ္ဏလောပ နိရုတ္တိနည်းတို့ဖြင့် "စိတ္တာ"ဟု ပြီးပါသည်။

မှတ်ချက်။ ။ တရာဒီဟိ လ္လဋ္ဌော-သုတ်၌ အာဒိ-၏အရ ရ-ကာရန္တ ဓာတ်များကို ယူရမည်ဖြစ်၍ စရ-ဓာတ်သည် ယင်းအာဒိ၏အရတွင် ပါဝင်သည်။ ပါဝင်သောကြောင့် တရာဒီဟိ လ္လဋ္ဌော-သုတ်ဖြင့် စီရင်ရမည်ဖြစ်သောကြောင့် တ-ပစ္စည်းကို လ္လဋ္ဌာ-ပြုသည်။ ဘိဒါဒိတော လ္လန္န အနု ဤဏာဝါ သုတ်၏အရာ မဟုတ်သောကြောင့် တ-ပစ္စည်းကို လ္လန္န-မပြုရပါ။ (လ္လန္နပြု၍ န္န-ကို ဏ္ဍ-မပြုန်ရပါ)

[ထောက်ဖွယ်။ ။ စရ စရဏေ အစရိယိတ္တာတိ စိဏ္ဏော ဓမ္မော။ လ္လဋ္ဌာဒေသော။ (ရူ၊၆၃၀။) တရာဒီဟိ လ္လဋ္ဌော။ ကစ္စည်း။ (မောဂ်၊၅၊၁၅၃)၌ ကား စိ-ဓာတ်-ဟူ၏။]

---

၈။ ။ ဗြဟ္မဇာလသုတ်ကို "ဓမ္မဇာလ, အနုတ္တရသင်္ဂါမဝိဇယေ" ဟူ၍ ဆိုရပုံ

ဗြဟ္မဇာလသုတ် ဒေသနာတော်ကို များစွာကုန်သော ပါဠိတော်တရားတို့ကို ဟောအပ်ကုန်ရာ၏အဖြစ်ကြောင့် "ဓမ္မဇာလ(ပါဠိတရားတည်းဟူသော ပိုက်ကွန်ရှိရာ ဖြစ်သော ဒေသနာ)"ဟူ၍လည်းကောင်း,ဤဗြဟ္မဇာလသုတ်ဒေသနာတော်ကို ကြားနာရ၍ ဒေဝပုတ္တမာရ်,ခန္ဓမာရ်,မစ္စုမာရ်,ကိလေမာရ် (အဘိသင်္ခါရမာရ်)တို့ကို နှိမ်နင်းရိုးဖဲ့ခြင်းဌာ စွမ်းနိုင်၏ ထိုသို့ ငါးပါးကုန်သော မာရ်တို့ကို နှိမ်နင်းရိုးဖဲ့ခြင်းဌာ စွမ်းနိုင်ကြောင်း၏အဖြစ်ကြောင့် "အနုတ္တရသင်္ဂါမဝိဇယ (အတုမရှိမြတ်သော စစ်ပွဲကို အောင်နိုင်ကြောင်း ဒေသနာတော်)"ဟူ၍လည်းကောင်း ဆိုရပါသည်။

[ထောက်ဖွယ်။ ။ ယသ္မာ ပနေတ္ထ ဗဟူ တန္တိမ္မော ကထိတာ၊တသ္မာ "ဓမ္မဇာလ"န္တိပိ နံ ဓာရေဟိ။ ယသ္မာ ပန လ္လမံ ဓမ္မပရိယာယံ သုတွာ ဒေဝပုတ္တမာရမ္ပိ ခန္ဓမာရမ္ပိ မစ္စုမာရမ္ပိ ကိလေသမာရမ္ပိ (အဘိသင်္ခါရမာရမ္ပိ) သက္ကာမဒ္ဒိတုံ၊တသ္မာ "အနုတ္တရော သင်္ခါမဝိဇယော" တိပိ နံ ဓာရေဟီတိ။ (ဋ္ဌ၊၁၁၈။)]

---

၉။ ။ဂါထာစီနှင့် အကျဉ်းချုပ်စိစစ်လျက် ဂါထာအမည်,ဆန်းအမည်

အတ္တကမ္မဝသေနာပိ၊ ဥပပန္နာ ဓုတာပိစ။

နိမ္မိတာတိ မညမာနာ၊ ပါဒံ တသေယံ ဂစ္ဆရေ။

အတ္တကမ္မဝသေနာပိ၌ရှိသော အပိ-ကို ဥပပန္နာ-နောင် ထိုင်၍လည်းကောင်း, နိမ္မိတာ-၏ ကတ္တား, ကံတို့ကို ထည့်၍လည်းကောင်း အနက်ပေးရပါမည်။ ပါဒံ-၌ "ပါဒမူလံ"ဟု ဆိုလိုလျက် မူလ-ဟူသော နောက်ပုဒ်ကျေ၍ "ပါဒံ"ဟု နေဝါသည်။

http://www.dhammadownload.com



ဤဂါထာသည် တတိယပါဒ၌ အစ ၄-လုံး နောင် ရ-ဂိုဏ်းရှိခြင်း, ကြွင်းသော ပထမ, ဒုတိယ, စတုတ္ထပါဒတို့၌ ပထျာဝတ္တဂါထာ၏ လက္ခဏာအတိုင်းရှိသော ၈-လုံးတွဲ့ဖြစ်၍ တတိယ ရ-ကာရ ဝိပုလဂါထာ, အနုဋ္ဌုဘာဆန်း ဖြစ်ပါသည်။

---

၁၀။ ။ ဘာဝါလင်္ကာရ

(၁) အဘိနန္ဒန္တိ အာဂတံ-အရ ကြာမြင့်စွာ ကွေကွင်း၍ နေရခြင်းရှိသော, တစ်ရွာတစ်ကျေး ရပ်အဝေးမှ ချမ်းချမ်းသာသာ ပြန်ရောက်လာသော ယောကျ်ားကို "ရောက်လာပြီ"ဟူ၍ နှစ်သက် ဝမ်းမြောက်ပြုံးရွှင် ကြည်လင်လက်ခံ သိမ်းပိုက်သော ဆွေမျိုး, မိတ်ဆွေ, ကောင်းသောစိတ်နှလုံးရှိသူတို့၏ သန္တာန်၌ နှစ်သက်သော အခြင်း အရာအားဖြင့်ဖြစ်သော ပီတိပြဓာန်းသောစိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ, ကာမ သိင်္ဂါရရသ။

(တစ်နည်း) ထိုသူတို့၏ သန္တာန်၌ ဝမ်းမြောက်ပြုံးရွှင်သော အခြင်းအရာ အားဖြင့်ဖြစ်သော သောမနဿ ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဟာသဌာယီဘာဝ, ဟာသရသ။

(၂) ကြာမြင့်စွာ ကွေကွင်း၍ နေရခြင်းရှိသော, တစ်ရွာတစ်ကျေး ရပ်အဝေးမှ ချမ်းချမ်းသာသာ ပြန်ရောက်လာသော ယောကျ်ားသည် အာရမ္မဏ ဝိဘာဝ။

(၃) ကြာမြင့်စွာ ကွေကွင်း၍နေရခြင်း တစ်ရွာတစ်ကျေး အရပ်အဝေးမှ ချမ်းချမ်းသာသာ ပြန်ရောက်လာခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

(၄) ခရီးဦးကြိုဆိုခြင်း, နှုတ်ခွန်းဆက်ခြင်း, ကျွေးမွေးခြင်း စသည်သည် အနုဘာဝ။

---

၁၉၈၆ (၁၃၄၇) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော သမဏော ဂေါတမော ဒိန္နာဒါယီ ဒိန္နပါဋိကင်္ခီ အထေနေန သုစိဘူတေန အတ္တနာ ဝိဟရတီတိ-ကို အထေနေန သုစိဘူတေန အတ္တနာ-၌ နာ-ဝိဘတ်ကို ကရဏတ္ထ, ကမ္မတ္ထ နှစ်နည်းကြံ၍ အနက်ယောဇနာခဲ့ပါ။

၂။ ။ သေယျထိဒံ အာဝါဟနံ ဝိဝါဟနံ သံဝရဏံ ဝိဝရဏံ သံကိရဏံ-၌ ဣမ-သဒ္ဒါအစွဲ မလွဲစေမူ၍ အနက်ယောဇနာခဲ့ပါ။

၃။ ။ အယံ ဒေဝ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အမှာကံ အမ္ဗဝနေ ဝိဟရတိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ အဍ္ဎတေဠသေဟိ ဘိက္ခုသတေဟိ-၌ အဍ္ဎတေဠသေဟိ ဘိက္ခုသတေဟိ-၌ သဒ္ဒတ္ထ,အဓိပ္ပာယတ္ထ သွင်းလျက် အနက်ယောဇနာခဲ့ပါ။

http://www.dhammadownload.com



၄။ ။ ပုဋ္ဌ မဟာရာဇ ယဒါ ကခံသီတိ–ကို နှစ်နည်း ပုဒ်ဖြတ်၍ ပါဌသေသ စုံလင်စွာဖြင့် အနက်ယောဇနာခဲ့ပါ။

၅။ ။ အန္တရကထာတိ ကမ္မဋ္ဌာနမသိကာရဥဒ္ဒေသပရိပုစ္ဆာဒီနံ အန္တရာ အညာ ဧကာ ကထာ–ကို အန္တရာ–၌ အညတ္ထ, ဝေမဇ္ဈတ္ထ ကြံ၍ ပိ–သဒ္ဒါ၏ အရုဖျတ္တ ပေါ်လွင်စေလျက် အနက်ယောဇနာခဲ့ပါ။

၆။ ။ သူရာတိ ဧကန္တသူရာ ယေ သဇာလိကာပိ သစမ္မိကာပိ သမုဒ္ဒံ တရိတုံ သက္ကောန္တိ–ကို သူရာတိ–၌ ဣတိ–ကို နာမဝါစကကြံ၍ ပိ–သဒ္ဒါ၏ အရုဖျတ္တ ပေါ်လွင်စေလျက် အနက်ယောဇနာခဲ့ပါ။

၇။ ။ ဧကံ မံသခလန္တိ ဧကံ မံသရာသိံ။ ပုဥ္ဇန္တိ တဿေဝ ဝေဝစနံ။ တတောနိဒါနန္တိ ဧကမံသခလကရဏနိဒါနံ–ကို ဆိုက်စပ်ရာပုဒ်နှင့်တကွ အနက်ယောဇနာခဲ့ပါ။

၈။ ။ သဗ္ဗဝါရိဝါရိတောစာတိ ဝါရိတသဗ္ဗဥဒကော ပဋိက္ခိတ္တ သဗ္ဗသီတောဒကောတိ အတ္ထော။ သော ကိရ သီတောဒကေ သတ္တသညီ ဟောတိ၊ တသ္မာ န တံ ဝဠဥ္ဇေတိ–ကို တ–သဒ္ဒါအစွဲ, ကိရ–သဒ္ဒါ၏ ဇောတကတ္ထ မှန်စေလျက် အနက်ယောဇနာခဲ့ပါ။

၉။ ။ အထဿဗုဒ္ဓန္တရေ သုဝဏ္ဏစုဏ္ဏပိဥ္ဇရံ ဝိယ ရဇတဗိမ္ဗကံ ပဒုမရေဏု ပိဥ္ဇရံ သေတဝတ္ထံ ဒါရကံ အဒ္ဒသ။ သော မဟာပုညော ဧသ ဘဝိဿတိ–ကို တ, ဧတ–သဗ္ဗနာမ်အစွဲ မလွဲစေမူ၍ အနက်ယောဇနာခဲ့ပါ။

၁၀။ ။ ဒါရကော တိဏ္ဏံ ဝေဒါနံ ပါရံ ဂန္တွာ ပဏ္ဍိတော ဗျတ္တော ဇမ္ဗုဒီပေ အဂ္ဂဗြာဟ္မဏော အဟောသိ–ကို ပါရ–သဒ္ဒါ၌ ဥပစာရတ္ထ, မုချတ္ထ, ဇမ္ဗုဒီပ–၌ သဒ္ဒတ္ထ, ဝေါဟာရတ္ထ နှစ်နည်းစီကြံ၍ အနက်ယောဇနာခဲ့ပါ။

---

## ၁၉၈၆ (၁၃၄၇) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

၁။ ။ အထေနေန သုစိဘူတေန အတ္တနာ–၌ နာ–ဝိဘတ်ကို ကရဏတ္ထကမ္မတ္ထ နှစ်နည်းကြံ၍ အနက်

အထေနေန၊ မခိုးမဝှက်တတ်သော။ (အထေနေန၊ မခိုးမဝှက်တတ်သည်၏ အဖြစ်ကြောင့်။) သုစိဘူတေန၊ စင်ကြယ်သည်ဖြစ်၍ ဖြစ်သော။ အတ္တနာ၊ အတ္တဘော ဖြင့်။ (နာ–ဝိဘတ် ကရဏတ္ထ။) (တစ်နည်း) အတ္တနာ၊ အတ္တဘောကို။ အထေနေန၊ မခိုးမဝှက်တတ်သည်ကို။ (အထေနေန၊ မခိုးမဝှက်တတ်သည်၏ အဖြစ်ကြောင့်) သုစိဘူတေန၊ စင်ကြယ်သည်ဖြစ်၍ ဖြစ်သည်ကို။ (ကတွာ၊ ပြု၍။) (နာ–ဝိဘတ် ကမ္မတ္ထ။) ဝိဟရတိ၊ နေတော်မူ၏။ (သျှသစ်။)

http://www.dhammadownload.com



(တစ်နည်း) အထေနေန၊ မခိုးတတ်သော။ သုစိဘူတေန၊ စင်ကြယ်စွာဖြစ်၍ ဖြစ်သော။ အတ္တနာ၊ အတ္တဘောဖြင့်။ (တစ်နည်း) အထေနေန အထေနံ။ မခိုးတတ် သော။ သုစိဘူတေန-သုစိဘူတံ စင်ကြယ်စွာ ဖြစ်သော။ အတ္တနာ-အတ္တဘာဝံ၊ အတ္တဘောကို။ (ကတွာပြု၍) ဝိဟရတိ၊ ဣရိယာပုတ်လေးပါးကို ဆောင်၏ (သျှ) ဟကြွင်း ယောဇနာလေ။]

[ထောက်ဖွယ်။ ။ န ထေနေန အထေနေ။ အထေနတ္တာယေဝ သုစိဘူတေန။ အတ္တနာတိ အတ္တဘာဝေန၊ အထေနံ သုစိဘူတံ အတ္တာနံ ကတွာ ဝိဟရတီတိ ဝုတ္တံ ဟောတိ။ (ဋ၊ ၇၁။)]

---

၂။ ။ [ "ဣဒံ-သာ တိရစ္ဆာနဝိဇ္ဇာ"ဟု တိရစ္ဆာန ဝိဇ္ဇာ-ကိုစွဲ။ ပါ။ ၁၁။ ပါသျှ၊ ၄၃။ ပါသျှသစ်။ ၇၄။ (၁၃၄၂-ခုနှစ်ကလည်း မေးခဲ့ပြီ။)]

---

၃။ ။ အမုတေဠသေဟိ ဘိက္ခုသတေဟိ-၌ သဒ္ဒတ္ထ၊ အဓိပ္ပာယတ္ထ

အမုတေဠသေ(သ)ဟိ၊ အခွဲဖြင့် ၁၃-လီကုန်သော။ ဘိက္ခုသတေဟိ၊ ရဟန်းတို့၏ အရာတို့နှင့် (သဒ္ဒတ္ထ)။ (တစ်နည်း)အမုတေရသေ(သ)ဟိ ဘိက္ခုသတေဟိ၊ တစ်ထောင့်နှစ်ရာငါးဆယ်ကုန်သော ရဟန်းတို့နှင့် (အဓိပ္ပာယတ္ထ)။ [ကင်းပေးလေ။] [ပါ၊ ၄၆။ ပါသျှ၊ ၄၀၅။ ပါသျှသစ်၊ ၁၇၃။]

[ထောက်ဖွယ်။ ။ အမေ့န တေရသ အမုတေဠသ။ တာဒိသေဟိ ဘိက္ခုသသေဟိ။ အဍ္ဎပနေတ္တ သတသေဝ။ ယေန ဟိ ပယုတ္တော တမ္ဘာဝဝါစကော အမုသဒ္ဒေါ၊ သော စ ခေါ ပဏ္ဍာသသာဝ၊ တသ္မာ ပညာသသာယ ဥိနာနိ တေဠသဘိက္ခုသတာနိတိ အတ္ထံ ဝိညာပေတုံ "အမုသတေနာ"တိ အာဒိ ဝုတ္တံ။ (သီဋီသစ်၊ ၂၊ ၆။) ဘိက္ခူနံသတာနိ ဘိက္ခုသတာနိ။ (ဋ၊ ၃၇။)

"အခွဲဖြင့် ၁၃"ဟု ပေးသင့်။ ။ "အမုတေဠသေဟိ၊ အခွဲနှင့်တကွ ၁၃ လီကုန်သော"ဟု ပေးရိုးအနက်သည် "အခွဲနှင့်တကွ ၁၃၊ဝါ၊ ၁၃-ခွဲ"ဟု အဓိပ္ပာယ် ရသည်။ "အခွဲဖြင့် ၁၃"ဟု ဆိုမှ ၁၂-ခု ခွဲရသည်။ ဥပမာ-အခွဲနှင့်တကွ ၃"ဟု ဆိုရာ၌ ၃-ခွဲရသည်။ "အခွဲဖြင့် ၃"ဟု ဆိုရာ၌ ၂-ခွဲ ရသကဲ့သို့တည်း။

သျှအလို။ ။အမုတေဠသေဟိ၊ အခွဲဖြင့်မှတ်အပ်သော တစ်ဆဲ့သုံး အတိုင်း အရှည်ရှိကုန်သော။(တစ်နည်းကား)အခွဲနှင့်တကွ တစ်ဆဲ့သုံးအရေအတွက် ရှိကုန်သော။ ဘိက္ခုသတေဟိ၊ရဟန်းတစ်ရာတို့နှင့် (သဒ္ဒတ္ထ။) (တစ်နည်း) အမုတေဠ သေဟိ ဘိက္ခုသတေဟိ၊တစ်ထောင့်နှစ်ရာငါးကျိပ် အရေအတွက်ရှိကုန်သော ရဟန်း တို့နှင့် (အဓိပ္ပာယတ္ထ)။ ဤသို့ သျှ၌ ပေးသည်။ အကျယ်ကို ယင်း၌ရှု။]

---

၄။ ။ယဒါကခ်သိ-၌ နှစ်နည်းပုဒ်ဖြတ်၍ ပါဌသေသ စုံလင်စွာဖြင့် အနက်

မဟာရာဇ၊မင်းကြီး။ (တွံ၊သင်မင်းကြီးသည်။ မံ၊ငါဘုရားကို။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆိတုံ၊မေးလျှောက်ခြင်းငှါ။) ယဒိ အာကခ်သိ၊အကယ်၍ အလိုရှိခဲ့အံ့။ (စေ၊ဤသို့ အလိုရှိခဲ့သည်။ သတိ၊ရှိသော်။ တွံ၊သင်သည်။ မံ၊ငါဘုရားကို၊ပဉှံ၊ ပြဿနာကို။) ပုစ္ဆ၊မေးလျှောက်လော့။ ("ယဒိ+အာကခ်သိ"ဟု ပုဒ်ဖြတ်။)

http://www.dhammadownload.com



(တစ်နည်း) မဟာရာဇ၊မင်းကြီး။ (တွံ့သင်မင်းကြီးသည်။ မံ၊ငါဘုရားကို။) ယံ၊ပဉှ။ အကြင်ပြဿနာကို (ပုစ္ဆိတုံ၊ မေးလျှောက်ပခြင်းငှါ။) အာကင်္ခသိ၊အလိုရှိခဲ့၏။ (တပဉှ၊ထိုမေးလျှောက်ခြင်းငှါ အလိုရှိသောပြဿနာကို။ တွံ၊သင်မင်းကြီးသည်။ မံ၊ငါဘုရားကို။) ပုစ္ဆ၊မေးလျှောက်လော့။ ("ယံ+အာကင်္ခသိ"ဟု ပုဒ်ဖြတ်။) ဣတိ၊ ဤသို့။ (အဝေါစ၊မိန့်တော်မူပြီ။) [ပါ၊၄၈။ပါသျှ၊၁၁၇။ပါသျှသစ်၊၁၉၁။၁၃၃၇ (၁၉၇၅) ခုနှစ်ကလည်း မေးခဲ့ပြီ။]

[ထောက်ဖွယ်။ ။တဿတ္ထော-ပုစ္ဆ ယဒိ အာကင်္ခသိ၊န မေ ပဉှဝိဿဇ္ဇနေ ဘာရော အတ္ထိ။အထဝါ "ပုစ္ဆယံ အာကင်္ခသိ၊သဗ္ဗံ တေ ဝိဿဇ္ဇေဿာမီတိ။ (ဋ္ဌ၊၁၄၁။)]

---

၅။ ။အန္တရာ-၌ အညတ္ထ, ဝေမဇ္ဈတ္ထ ကြ၍ စပ်ပုဒ်နှင့်တကွ အနက်

အန္တရကထာတိ၊အန္တရကထာ-ဟူသည်ကား။ ကမ္မဋ္ဌာနမနသိကာရ ဥဒ္ဒေသပရိပုစ္ဆာဒီနံ၊ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း,ပါဠိကို သင်ယူခြင်း,အဋ္ဌကထာကို သင်ယူခြင်း,အစရှိသည်တို့မှ။အန္တရာ၊တစ်ပါးသော။ အညာ၊တစ်ပါးသော။ဧကာ၊ တပါးသော။ ကထာ၊စကားကို။ (ဝိပ္ပကထာ၊အပြားအားဖြင့် ပြုခြင်းမှ ကင်းသနည်း။ ဝါ၊ပြု၍ မပြီးသေးသနည်း။) (တစ်နည်း)ကမ္မဋ္ဌာနမနသိကာရဥဒ္ဒေသပရိ ပုစ္ဆာဒီနံ။ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း,ပါဠိကို သင်ယူခြင်း,အဋ္ဌကထာကိုသင်ယူခြင်း အစရှိသည်တို့၏။ အန္တရာ။ အကြား၌။ အညာ၊တစ်ပါးသော။ ဧကာ၊တစ်ပါးသော။ ကထာ၊စကားကို။ (ဝိပ္ပကထာ၊အပြားအားဖြင့် ပြုခြင်းမှ ကင်းသနည်း။ ဝါ၊ပြု၍ မပြီးသေးသနည်း။) (ဋ္ဌ၊၅၀။ဋ္ဌသျှ၊၁၊၁၇၁။ဋ္ဌသျှသစ်၊၁၊၃၀၂။)

[ထောက်ဖွယ်။ ။ အန္တရာ-သဒ္ဒဿ အညတ္ထံမာဟ "အညာ ဧကာ" တိ စ။ပရိယာယဝစနဥ္စေတံ ပဒဒွယံ။ယသ္မာ စ အညတ္ထေ အယံ အန္တရာသဒ္ဒေါ "ဘူမန္တရံ၊သမယန္တရ"န္တိ အာဒီသု ဝိယ၊တသ္မာ ကမ္မဋ္ဌာနမနသိကာရ ဥဒ္ဒေသ ပရိပုစ္ဆာဒီန"န္တိ နိဿက္ကတ္ထေ သာမိဝစနံ ဒဋ္ဌဗ္ဗံ။ဝေမဇ္ဈေ ဝါ အန္တရာ-သဒ္ဒေါ၊သာပန တေသံ ဝေမဇ္ဈဘူတတ္တာ အညာယေဝ,တေဟိ စ အသမ္ဗန္ဓတ္တာ ဝိသုံ ဧကာယေဝါတိ အဓိပ္ပာယံ ဒဿေတုံ "အညာ,ဧကာ"တိ စ ဝုတ္တံ။(သီဋီသစ်၊၁၊၂၁၃)]

---

၆။ ။[သျှသစ်အတိုင်း ယောဇနာ။ ဋ္ဌ၊၁၄၃။ဋ္ဌသျှ၊ ၂၊၆၃။ဋ္ဌသျှသစ်၊ ၂၊ ၆၉။]

---

၇။ ။[သျှသစ်အတိုင်း ယောဇနာ။ ဋ္ဌ၊၁၄၅။ဋ္ဌသျှ၊ ၂၊၆၈။ဋ္ဌသျှသစ်၊ ၂။၇၆။]

---

၈။ ။ ကိရ-သဒ္ဒါ၏ ဓောတကတ္ထ မှန်စေလျက် အနက်

[နောက်၌ တသ္မာ-ရှိသောကြောင့်။ ကိရ-ကို။ "ကိရ-ယသ္မာ၊ အကြင်ကြောင့်" ဟု ယောဇနာ။ သျှသစ်၌ "တပ္ပါကဋီကရဏတ္ထ"ဟူလည်း ဆိုသေးသည်။ ဥပမာဖြင့် ရှုခြင်း မဟုတ်၊ အကြောင်းဖြင့် ရှုခြင်းဖြစ်သောကြောင့် ကောင်းမည်မထင်။ သျှ၌ "န ဝဋ္ဋတီတိ ကိရ၊ မသုံးဆောင် သတတ်"ဟု ပေးသည်။ ဋ္ဌ၊ ၁၅၁။ ဋ္ဌသျှ၊ ၂၊ ၈၅။ ဋ္ဌသျှသစ်၊ ၂၊ ၉၄။]

---

http://www.dhammadownload.com



၉။ ။ [သျှ၊သျှသစ်တို့အတိုင်း ယောဇနာ။ဋ္ဌ၊ ၂၁၈။ဋ္ဌသျှ၊ ၂၊ ၂၆၇။ ဋ္ဌသျှသစ်၊ ၂၊၃၃၂။]

---

၁၀။ ။ ပါဠိ-၌ ဥပစာရတ္ထ မုချတ္ထ, ဓမ္မဒီပ-၌ သဒ္ဒတ္ထ ဝေါဟာရတ္ထ ကြံလျက် အနက်

[ပါဠိ၊တစ်ဖက်ကမ်းရောက် တတ်မြောက်ခြင်းသို့ (ဥပစာရတ္ထ)။ ဝါ၊ အပြီးအဆုံးသို့ (သဒ္ဒတ္ထ)။

ဓမ္မဒီပေါ၊သပြေပင်ဖြင့် မှတ်အပ်သော ကျွန်း။ ဝါ၊သပြေပင်ဖြင့် ထင်ရှားသော ကျွန်း(သဒ္ဒတ္ထ)။ ဝါ၊ဇမ္ဗူဒိပ်ကျွန်း။ ဝါ၊တောင်ကျွန်း။ ဝါ၊သပြေကျွန်း (ဝေါဟာရတ္ထ)။ ကြွင်းယောဇနာလေ။ (ဋ္ဌ၊ ၂၁၈။ဋ္ဌသျှ၊ ၂၊ ၂၆၇။ဋ္ဌသျှသစ်၊ ၂၊ ၃၃၂။)

ထောက်ဖွယ်။ ။ ပါရန္တိ ပရိယောသာနံ၊နိပ္ဖတ္တိ ဝါ ဝုစ္စတိ နဒီသမုဒ္ဒါဒီနံ ပရိယောသာနဘူတံ ပါရံ ဝိယာတိ ကတွာ။ (သီဋီသစ်၊ ၂၊ ၂၀၉။)

ဓမ္မုယာ လက္ခိတော ကပ္ပဋ္ဌာယိတာဒိပ္ပဘာဝေန ဝါ ကပ္ပဋ္ဌာနော (တပ္ပဓာနော)ဒီပေါတိ ဓမ္မဒီပေါ။ (ဓာန်၊ဋီ၊၁၈၃။)ဓမ္မဒီပေတိ ဓမ္မုယာ ပညာတော ပါကဋော ဒီပေါ ဓမ္မဒီပေါ။ (အင်္ဂုတ္တရဋ္ဌ၊၁၊၃၇၇။)]

---

၁၉၈၆ (၁၃၄၇) ခုနှစ် ဓမ္မစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က)ကေနစိဒေဝ ကာရဏီယေနာတိ တသ္မိံ ကိရ နဂရေ ဒွိဟိ ကရဏီယေဟိ ဗြာဟ္မဏာ သန္နိပတန္တိ ယညာနုဘဝန တ္ထံ ဝါ မန္တသဇ္ဈာယနတ္ထံ ဝါ။

(ခ) တဒါ စ တသ္မိံ နဂရေ ယညော နတ္ထိ၊ သောဏဒဏ္ဍဿ ပန သန္တိကေ မန္တသဇ္ဈာယနတ္ထံ ဧတေ သန္နိပတိတာ။

(ဂ)သံသုဒ္ဓဂဟဏီကောတိ သံသုဒ္ဓါ တေ မာတု ဂဟဏီ၊ကုစ္ဆိတိ အတ္ထော။

(ဃ)ဣဒ္ဓဥ ပန သီလပဥ္စက "အတ္တသိနေဟဥ္စ ဓိဝိတသိနေဟဥ္စ ပရိစ္စဇိတွာ ရက္ခိဿာမိ"တိ သမာဒိန္နတာယ ယညောတိ ဝုစ္စတိ။

(င) ဩဋ္ဌဒ္ဒေါတိ အဒ္ဒေါဋ္ဌတာယ ဧဝံ လဒ္ဓနာမော။

၁။ ။ (က)(ဂ)အမှတ်ပြဝါကျတို့ကို နဂရေ-နှင့် ဂဟဏီ-ပုဒ်တို့၌ သဒ္ဒတ္ထ ထင်စေလျက် အနက်ယောဇနာခဲ့ပါ။

၂။ ။ (ဂ)အမှတ်ပြဝါကျ ကုစ္ဆိတိ အတ္ထော-သို့ ဒေါသာရောပနစာဒနာ တက်ခဲ့ပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃။ ။ (ခ)အမှတ်ပြဝါကျ၌ ဖြစ်သင့်သည်အားလျော်စွာ စာဒကာဘောဂါဒိ စတုက္က ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com



၄။ ။ ကုဋိ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ခွဲပြခဲ့ပါ။

၅။ ။ (င)အမှတ်ပြဝါကျ အဋ္ဌေါဋ္ဌကာယ-၌ တာ-သမ္ဗန်ခံ၍ ဖြစ်သင့်သော အနက်အားလျော်စွာ စပ်ခဲ့ပါ။

၆။ ။ (င)အမှတ်ပြဝါကျ အဋ္ဌကထာဆရာ၏ အာဘောဂနှင့်သံဝဏ္ဏနာတို့ကို ယှဉ်တွဲ၍ ဖော်ပြခဲ့ပါ။

၇။ ။ကုဋိ-နှင့် မုဟုတ္တ-ပုဒ်တို့၌ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံတို့ကို ဖော်ပြခဲ့ပါ။

၈။ ။ ငါးပါးသီလကို "ဒါန"ဟု ဆိုသင့်, မဆိုသင့် အကြောင်းနှင့်တကွ ဆုံးဖြတ်ခဲ့ပါ။

၉။ ။ (ခ)အမှတ်ပြဝါကျ၌ ဆိုလိုရင်း အနက်အဓိပ္ပာယ်ကို မပျက်စေမူ၍ ဝတ္တမျိုးဂါထာ တစ်ဂါထာ ဖွဲ့စီခဲ့ပါ။

၁၀။ ။ (ဃ)အမှတ်ပြဝါကျ သမာဒိန္နကာယ-၌ ဓာတ်အရ ကိုယ်ပြု၍ ဘာဝ,ဝိဘာဝ,အနုဘာဝတို့ကို ထုတ်ပြခဲ့ပါ။

---

## ၁၉၈၆ (၁၃၄၇) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။ နဂရ-နှင့် ဂဟဏာဝိ-ပုဒ်တို့၌ သဒ္ဒတ္ထ ထင်စေလျက် အနက် [နဂရေ၊ပြဿာဒ် အစရှိသည်တို့ ရှိရာအရပ်၌။ ဝါ၊ပြည့်သောအိမ်ရှိရာ အရပ်၌။ ဝါ၊အတွင်း,အပ အသုံးအဆောင်ကို အလိုရှိကုန်သော လူတို့၏ နေရာကို ယူတတ်သောအရပ်၌။ (သဒ္ဒတ္ထ။)

ဂဟဏာဝိ၊ကိုယ်ဝန်ကို ယူတတ်သော ဝမ်းတိုက်(သားအိမ်)သည်။ ဝါ၊ ကိုယ်ဝန်ကို ဆောင်တတ်သော ဝမ်းတိုက်(သားအိမ်)သည်။ (သဒ္ဒတ္ထ)။ အကြွင်း ယောဇနာလေ။ (၄၊ ၂၅၀။ဋ္ဌသျ၊ ၂။၃၅၅။ဋ္ဌသျသစ်၊ ၂၊၄၃၀။)

ထောက်ဖွယ်။ ။ နဂါ ပါသာဒါဒယော အဿ သန္တီတိ နဂရံ ရော။ (နဂ+ရ) (ဓာန်ဋီ၊၁၉၈။)နံ သံပုဏ္ဏံ ဃရံ ဧတ္ထာတိ နဂရံ (န+ဃရ၊ဃ-ကို ဂ-ပြု) (ကေက္ခရကောသဋီကာ၊၆၃။) နဂရန္တိ ပတ္တေတ္တိ ဧတ္ထ ဥပဘောဂပရိဘောဂတ္တိကာ နောတိ နဂရံ။ (နဂရ+အ။)န ဂစ္ဆတီတိ ဝါ နဂံ၊ရာဇယုဝရာဇမဟာမတ္တာဒီနံ ဝသနဋ္ဌာနံ၊နဂံ ရာတိ အာဒဒါတီတိ နဂရံ။ ရာဇာဒီနံ ဝသနဋ္ဌာနသမူဟဘူတံ ပါကာရပရိခါဒီဟိ ပရိက္ခိတ္တံ ပရိစ္ဆိန္နဋ္ဌာနံ နဂရံ နာမာတိ အတ္ထော၊(နဂ+ရာ+အ) (အပ-ဒါန၊၄၊ ၂။၁၄၂။)

http://www.dhammadownload.com



ဂတ္တံ ဂဏှာတိ ဓာရေတီတိ ဂဟဏီ။ (တတိယာဝဋ္ဋသခါတော) ဂဗ္ဘာသယ သညိတော မာတုကုစ္ဆိပဒေသော။ (သီဋီ၊ ၃၁၄။ သီဋီသစ်၊ ၂၊ ၂၀၄။) ဂဟ ဥပါဒါနေ၊ အနီ၊ ဤမှီ၊ ဂဟဏီ၊ ဂတ္တံ ဂဏှာတိ၊ ဓာရေတီတိ ဝါ ဂဟဏီ။ ဂဗ္ဘာသယသညိတော မာတုကုစ္ဆိပ္ပဒေသော။ (ဓာန်၊ ဋီ။ ၂၇၁။)]

---

၂။ ။ ကုစ္ဆိတိ အတ္ထော–သို့ ဒေါသာရောပနစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် သံသုဒ္ဓါ တေ မာတု ဂဟဏီ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သံသုဒ္ဓဂဟဏိကော–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "သံသုဒ္ဓါ ဂဟဏီ ယဿာတိ သံသုဒ္ဓဟဏိကော"ဟု ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်, ဂဟဏီ–၌ "ဝမ်းတိုက်"ဟူသည် အခြားသူ၏ ဝမ်းတိုက် မဟုတ်, သင်၏ အမိ၏ ဝမ်းတိုက်၏အဖြစ်ကို ပြဆိုတော်မူ၏(ဌပနာ)။ ယင်းသံသုဒ္ဓဂဟဏိ ကော–၌ ဂဟဏီ–သဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း(စောဒနာ)။ ဂဟဏီ– သဒ္ဒါ၏ အနက်ကို မပြဆိုက ဆရာ၌ စကားမပြန့်နှံ့သော အဗျာပိတ ဒေါသ ရောက်ရာ၏ (ဒေါသ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌ ကထာဆရာသည် ကုစ္ဆိတိအတ္ထော–ဟူသော ဝါကျကို မိန့်။

ဝါကျတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် သံသုဒ္ဓဂဟဏိကောတိ သံသုဒ္ဓါ တေ မာတု ဂဟဏီ–ဟူသောဝါကျဖြင့် သင်္ခေပကို ဆိုတော်မူ၏(ဌပနာ)။ ဝိတ္ထာရကား အဘယ်ပါနည်း(စောဒနာ)။ ဝိတ္ထာရကိုမပြဆိုက ဆရာ၌ သင်္ခေပ, ဝိတ္ထာရ ဆန့်ကျင် သော ဝိရောဓိဒေါသရောက်ရာ၏(ဒေါသ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် ကုစ္ဆိတိ အတ္ထော–ဟူသော ဝါကျကို မိန့်။ [အတ္ထော–ပါသော ဝါကျ ဝိတ္ထာရဝါကျဖြစ်သည်ကို သတိပြုပါ။]

မှတ်ချက်။ ။"ဝိတ္ထာ, သံခိပ်၊ ဥဒ်, နိဒ်, နိဂမ၊ စုဏ္ဏိယ၊ ပုန ရုတ္တိတင်"ဟု ဆရာတို့ဆိုကြသော်လည်း ပုနရုတ္တိဒေါသ မကောင်း။ အဓိပ္ပာယ်တက် တက်ရာ၌ အဗျာပိတဒေါသ, ဝါကျတက် တက်ရာ၌ ဝိရောဓိဒေါသသာကောင်းသည်။ ထို့ကြောင့် အဓိပ္ပာယ်တက် တက်ရာ၌ အဗျာပိတဒေါသ, ဝါကျတက် တက်ရာ၌ ဝိရောဓိဒေါသ တင်၍ တက်ပါသည်။

---

၃။ ။ စောဒကာသောဝါဒီစတုက္က

(၁) နနု တဒါ တဿ နဂရေ ယသော နတ္ထိ (စောဒကာဘောဂ)။

(၂) အထ ကသ္မာ ဧတေ သန္တိ ပတိတာ (စောဒနာ)။

(၃)နနု သောဏဒဏ္ဍဿ ပန သန္တိကေ မန္တသဇ္ဈာယနံ အတ္ထိ (ပရိဟာရာ ဘောဂ)။

(၄) တသ္မာ ဧတေ သန္တိ ပတိတာ (ပရိဟာရ)။

---

http://www.dhammadownload.com



၄။ ။ဝစနတ္ထ။ ။ ကုသီယတိ အင်္ဂေါသီယတီတိ ကုစ္ဆိ၊ ဝစနာဒိဆက္က

(၁) ကုစ္ဆိ-ဟူသော နိပ္ဖန္နသည် ဝစန၊

(၂) ကုသီယတိ အင်္ဂေါသီယတီ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

(၃) ဆဲရေးခြင်းကြိယာသကတ်သည် ဝစနဟေတု။

(၄) ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။

(၅) ဝမ်းတိုက်ဒြပ်သည် ဝစနီယ။

(၆) ဂဟဏီ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

[ထောက်ဖွယ်။ ။ ကုသီယတိ အင်္ဂေါသီယတီတိ ကုစ္ဆိ၊ ဥဒရံ၊ (မောဂ်၊ ၇။ ၄၁။)]

---

၅။ ။ တာ-သမ္ဗန်

အဒ္ဓေါဠွတာယ-၌ တာ-သမ္ဗန်ကား လိစ္ဆဝိနော ဖြစ်ပါသည်။

တာ-သမ္ဗန် စာစပ်

လိစ္ဆဝိနောကား "၏" ဟူ၍ အနက်ပေးသောကြောင့် အဒ္ဓေါဠွတာယဝယ် တာ-ပစ္စည်း၌ သမ္ဗန်, သတ္တိမန္တ၊ တာ-ပစ္စည်းကား သမ္ဗန္ဓီ, သတ္တိ။

လိစ္ဆဝိနော-ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် အဒ္ဓေါဠွတာယ ဝယ် အဒ္ဓေါဠွ-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ အဒ္ဓေါဠွ-ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

[ဟေတုမန္တဝိသေသနယူ၍ဖွင့်။ ။ "ဩဠွဒ္ဓေါတိ အဒ္ဓေါဠွတာယ"ဟု အဋ္ဌကထာ (၃၇၆)ဖွင့်ပြသည်မှာ ဩဠွဒ္ဓေါ (ထက်ဝက်သော နှုတ်ခမ်းရှိသည်၏ အဖြစ်ကြောင့် ဩဠွဒ္ဓအမည်ရှိသော) ဝိလိစ္ဆဝိ (လိစ္ဆဝီမင်းသည်လည်း) ယေနာ ယသ္မာ နာဂိတော တေနုပသင်္ကမိ-ဟူသော ပါဠိတော် (၁၄၄)၌ ဩဠွဒ္ဓေါ-ဟူသော ဝိသေသနကို ဟေတုမန္တဝိသေသနအဖြစ် ယူ၍ ဖွင့်ခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းသို့ ဟေတုမန္တ ဝိသေသန ယူရပုံ, ဝိသေသျကို သမ္ဗန်ခံရပုံများကို ၁၃၄၅ (၁၉၈၄) ခုနှစ် သီလက္ခန် ပထမမေးခွန်း နံပါတ်(၁၀)အဖြေ ဟေတုမန္တဝိသေသန၌ ဖော်ပြခဲ့သည့်အတိုင်း သိရာ၏။]

---

၆။ ။ (ဂ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(ဂ)အမှတ်ပြဝါကျရှိ သံသုဒ္ဓါ ဂဟဏီ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သံသုဒ္ဓ ဂဟဏိကော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏အဖြစ်, ယင်းဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ သမ္ဗန်အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။(တစ်နည်း) သံသုဒ္ဓဂဟဏိကော ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "သံသုဒ္ဓါဂဟဏီ ယဿာတိ သံသုဒ္ဓဂဟဏိကော (သောဏဒဏ္ဍော)"ဟု ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

http://www.dhammadownload.com



တေ မာတု-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဂဟဏ-၌ "ဝမ်းတိုက်"ဟူသည် အခြားသူ၏ ဝမ်းတိုက် မဟုတ်, သင်၏ မိခင်၏ ဝမ်းတိုက်၏ အဖြစ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ကုစ္ဆိတိ အတ္ထော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဂဟဏ-သဒ္ဒါ၏ ကုစ္ဆိအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဂဟဏ-သဒ္ဒါ၏ ကုစ္ဆိ-သဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပရိယာယ်အဘိဓေယျတ္ထသံဝဏ္ဏနာ။

[ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်သာ။ ။ ရူ (၃၅၂) ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်၌ ပြသော ဆိန္နာ ဟတ္ထာ ယဿ ပုရိသဿ သောယံ ဆိန္န ဟတ္ထော၊ ပုရိသော-ကဲ့သို့ ဤ၌ သံသုဒ္ဓါ ဂဟဏီ ယဿာတိ သံသုဒ္ဓဂဟဏိကောလည်း ယဿ-ကို ဂဟဏီ-၌ "အကြင်သူ၏ ဝမ်းတိုက်"ဟု သာမိသံအဖြစ်ဖြင့် စပ်ရသောကြောင့် ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်သာ။

သဒ္ဒါဟော, ပရိယာယ်အဘိဓေယျတ္ထ ၂-မျိုးသင့်။ ။ သုတ်မဟာဝါ မဟာသုဒဿနသုတ် ပါဠိတော် (၁၄၅)၌လာသော သမဝေပါကိနိယာ ဂဟဏိယာ ပါဌ်ကို ယူ၍ ကုစ္ဆိတိ အတ္ထော-ဝါကျနောက်၌ ကပ်လျက် "သမဝေပါကိနိယာ ဂဟဏိယာတိ ဧတ္ထ ပန ကမ္မဇတေဇောဓာတု "ဂဟဏီ"တိ ဝုစ္စတိ"ဟု အဋ္ဌကထာ ဆရာ ဂဟဏီ-သဒ္ဒါနှင့်စပ်၍ အတ္ထုဒ္ဓါရအဖြစ်ဖြင့် ဖွင့်ပြသည်ကိုလည်းကောင်း, ဥဒရေတု တထာ ပါစာနလသ္မိံ ဂဟဏိတ္ထိယံ-ဟူသော ဓာန်, အနေကတ္ထဝဂ်, အတ္ထုဒ္ဓါရ(၉၇၃)ကိုလည်းကောင်း ထောက်က ကုစ္ဆိ-ဟူသော သံဝဏ္ဏနာသည် သဒ္ဒါ ဟော အဘိဓေယျတ္ထသံဝဏ္ဏနာတည်း။

ကုစ္ဆိ တု ဒွိသု ဂဟဏီ (ဏီ) တျူဒရံ-ဟူသော ဓာန်, နရဝဂ်, ပရိယာယ (၂၇၁)ကိုထောက်က ဂဟဏီ-နှင့် ကုစ္ဆိ-သည် ပရိယာယ်ဖြစ်၍ ပရိယာယ် အဘိဓေယျတ္ထတည်း။

သဒ္ဒါဟော, ပရိယာယ်အဘိဓေယျတ္ထ ၂-မျိုး အထူး။ ။ အနက် ထင်ရှားလျက် ထင်ရန် လျှင်းပါးရန် တစ်ပါးသောအနက်များ၍ အလိုမရှိအပ်သော အနက်ကို နစ်စေခြင်းငှါ မူလဋ္ဌိသမိပ် (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၈၁။)စသည်ကဲ့သို့ ဖွင့်ပြခြင်းသည် အဝိပ္ပေတတ္ထသံဝဏ္ဏနာမည်၏ သံဝဏ္ဏနာစစ် အလိုအားဖြင့် သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာမည်၏။

အနက်မထင်ရှား၍ ထင်ရှားစေခြင်းငှါ ပုစိမန္ဒောတိ နိမ္ဗရုက္ခော (ပါရာဇိကကဏ္ဍ၊ ဋ္ဌ၊ ၁၊ ၈၁။)စသည်ကဲ့သို့ ထင်ရှားသော အနက်ရှိသော ပရိယာယ်ပုဒ် တစ်ပါးဖြင့် ဖွင့်ပြခြင်းသည် ပရိယာယ်အဘိဓေယျတ္ထသံဝဏ္ဏနာမည်၏။

မူလ-၏အနက် ထင်ရှားသော်လည်း ထင်ရန် လျှင်းပါးရန် မူလနက္ခတ်, သစ်မြစ်, ဟိတ်, အရင်းအနှီး အဖိုးဥစ္စာ-ဟူသော တစ်ပါးသော အနက်များ၍ အလို မရှိအပ်သော ထိုအနက်များကို နစ်စေခြင်းငှါ "သမိပ်"ဟု ဖွင့်ရသည်။ ထို့ကြောင့် သမိပ်-ဟူသော သံဝဏ္ဏနာကို "အဝိပ္ပေတတ္ထသံဝဏ္ဏနာ, သဒ္ဒါဟော အဘိဓေယျတ္ထ သံဝဏ္ဏနာ"ဟု ဆိုအပ်၏။

http://www.dhammadownload.com



ပုစိမန္ဒ-သဒ္ဒါ၏အနက် မထင်ရှား၍ ထင်ရှားစေခြင်းငှါ ထင်ရှားသောအနက်ရှိသော (အနက်ထင်ရှားသော)နိမ္ဗရုက္ခော-ဟူသောပရိယာယ်ပုဒ် တစ်ပါးဖြင့် ဖွင့်ပြရသည်။ ထို့ကြောင့် နိမ္ဗရုက္ခော-ဟူသော သံဝဏ္ဏနာကို "ပရိယာယ်အဘိဓေယျတ္ထ သံဝဏ္ဏနာ"ဟု ဆိုအပ်၏။

ဤ၌ ဂဟဏီ-သဒ္ဒါ၏ ထင်ရန် လျှဉ်းပါးရန် ကမ္မဇတေဇောဓာတ် (ပါစနလ)ဟူသော အနက်တစ်ပါးရှိ၍ အလိုမရှိအပ်သော ထိုအနက်ကို နှစ်စေခြင်းငှါ ဖွင့်ပြရသောကြောင့်လည်းကောင်း,ဂဟဏီ-သဒ္ဒါ၏အနက် မထင်ရှား၍ ထင်ရှားစေခြင်းငှါ ထင်ရှားသောအနက်ရှိသော (အနက်ထင်ရှားသော) ပရိယာယ်ပုဒ် တစ်ပါးဖြင့် ဖွင့်ပြရသောကြောင့်လည်းကောင်း ကုစ္ဆိတိအတ္ထော-ဟူသော သံဝဏ္ဏနာကို "အဝိပ္ပေတတ္ထသံဝဏ္ဏနာလည်း မည်သော သဒ္ဒါဟော အဘိဓေယျတ္ထ သံဝဏ္ဏနာ,ပရိယာယ် အဘိဓေယျတ္ထသံဝဏ္ဏနာ"ဟု သံဝဏ္ဏနာ ၂-မျိုး ဆိုအပ်၏။

အဘိဓာန်၌ မှတ်ကျောက်တင်ကြည့်မှု-သဒ္ဒါဟော အဘိဓေယျတ္ထသည် အနေကတ္ထဝဂ်နှင့်ဆိုင်သည်။ မူလံ တေ သန္တိကေ မူလ၊မူလေ ဟေတုမှိ ပါဘတေ။ (ဓာန်၊အနေကတ္ထဝဂ်။၈၅၁။)ကို ထောက်။ ပရိယာယ်အဘိဓေယျတ္ထသည် ကျန်ဝဂ်များနှင့်ဆိုင်သည်။ နိမ္ဗော-ရိဋ္ဌော ပုစိမန္ဒော။(ဓာန်၊အရညာဒိဝဂ်။၅၇၁)ကို ထောက်။ ဤကုစ္ဆိတိ အတ္ထော-၌ အနေကတ္ထဝဂ်,အရညဝဂ် ၂-မျိုးနှင့် ဆိုင်သည်၊ ဆက်ဆံသည်။ အဘိဓာန်ရလျှင် ဤ ၂-မျိုး ကွဲသည်။

ထို သံဝဏ္ဏနာ ၂-မျိုးတွင် အဝိပ္ပေတတ္ထသံဝဏ္ဏနာလည်း မည်သော သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာဖြင့် ရောယှက်ခြင်း သင်္ကရဒေါသကို ပယ်သည်။ ပရိယာယ်အဘိဓေယျတ္ထသံဝဏ္ဏနာဖြင့် တွေဝေခြင်း မုယှဒေါသကိုပယ်သည်။

အရိဋ္ဌမေတိတိ အရိဋ္ဌမော၊ရာဓာ-စသည်ကား သရုပ်ကြား အဘိဓေယျတ္ထ သံဝဏ္ဏနာတည်း။ ဤသို့ အဘိဓေယျတ္ထ ၃-စားရှိသည်ကိုလည်း သိ။ ယင်း ၃-စားကို ၁၃၁၅-ခုနှစ် ပါရာဇိကဏ်အဖြေ၌ ဖော်ပြခဲ့ပြီ။]

ကျက်။ ။ ထင်ရန်တစ်ပါး၊ အနက်များထ၊ ဖွင့်တုံက၊ အဝိပ္ပေတသာ။
မထင်အနက်၊ ခဲခက်ရာဘိ၊ ဖွင့်ကာရျိ၊ ပရိယာယသာ။
ရှေ့သင်္ကရ။ နောက် မုယှ၊ ဒေါသ ပယ်ဖြစ်ခွါ။
[(သမ္ဗန္ဓစိန္တာဂဏ္ဌိသစ်။ ၆၊နှာ၁၂၆။)]

---

၇။ ။ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

ကုစ္ဆိ-၌ ကုသ-ဓာတ်, ဆိ-ပစ္စည်း၊"ကုသဆိ"ဟု ဆိုလိုလျက် သ-ကို စ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "ကုစ္ဆိ"ဟု ပြီးပါသည်။

[ထောက်ဖွယ်။ ။ကုသ အက္ကောသေ၊ဆိ၊သသ စော။(ဓာန်၊ဋီ၊၂၇၁)]

မုဟုတ္တ-၌ ဟုစ္ဆ-ဓာတ်, တ-ပစ္စည်း၊ "ဟုစ္ဆတ"ဟု ဆိုလိုလျက် ဓာတ်အစ၌ မု-လာခြင်း ဝဏ္ဏာဂမ,စ္ဆ-ကို ချေခြင်း ဝဏ္ဏလောပ တ-ဒွေးဘော်လာခြင်း ဝဏ္ဏာဂမ နိရုတ္တိနည်းတို့ဖြင့် "မုဟုတ္တ"ဟု ပြီးပါသည်။

http://www.dhammadownload.com



[ထောက်ဖွယ်။ ။ ဟုစ္ထ ကောဋ္ဌိလျော၊ကုဋ္ဌိလယတိ ရတ္တိဒိဝသေ သုဘာသုဘာ ဒသံနတောတိ မုဟုတ္တော၊တော။ ဓာတုယာကမ္မာဒိမှိ မုကာရာဂမော။ စ္ထလောပေါ စ။ (ဓာန်၊ဋီ၊၆၆။)]

---

၈။ ။ ငါးပါးသီလကို "ဒါန"ဟု ဆိုသင့်

အဘယဒါန၏အဖြစ် (ဘေးမဲ့ပေးတတ်သည်၏ အဖြစ်)ကြောင့်, (တစ်နည်း) အကြွင်းမရှိသော သတ္တဝါအပေါင်းကို စောင့်ရှောက်ကြောင်း၏အဖြစ်ကြောင့် ငါးပါးသီလကို "ဒါန"ဟု ဆိုသင့်ပါသည်။

[ထောက်ဖွယ်။ ။ အဘယဒါနဟာယ သီလဿ ဒါနဘာဝေါ၊ အနဝသေသံ ဝါ သတ္တနိကာယံ ဒယတိ တေန ရက္ခတီတိ ဒါနံ၊သီလံ။ (သီဋီ၊၃၃၄) သီလံပ္လဓ အဘယဒါနတာယ ဒါနံ၊အနဝသေသံ ဝါ သတ္တနိကာယံ ဒယတိ ရက္ခတီတိဒါနံ။(သီဋီသစ်၊ ၂၊၃၂၄။)(သီဋီသစ်။)၌ အဋ္ဌကထာ မုတ္တကနယလည်း ပါသည်။]

---

၉။ ။ ဝတ္တမျိုး ဂါထာစီ

တဒါ တသ္မိံ ပုရေ ယညော၊ န အတ္ထိ သောဏဒဏ္ဍဿ။

မူလေ သဗ္ဗာယနတ္တံ စ၊ မန္တေတော သန္ဓိပါတိသု။

မှတ်ချက်။ ။ဤဂါထာ ဝတ္တဂါထာ ဖြစ်သည်။ပုရ–သဒ္ဒါ နဂရသဒ္ဒါ၏ ပရိယာယ်၊ မူလ–သဒ္ဒါ သန္တိကတ္ထ၊စ–သဒ္ဒါ ပနသဒ္ဒတ္ထ၊မန္တေတော–ကို "မန္တံ+ ဧတော"ဟုပုဒ်ဖြတ်၊ ဆန္ဒာနုရက္ခဏဋ္ဌာနဖြစ်၍ သန္ဓိပါတိသု–၌ ပ–၏အစိတ် အ–အာ–ဒီဃ ရောက်သည်။

---

၁၀။ ။ ဘာဝါလင်္ကာရ

(၁) သမာဒိန္နတာယ–၌ ဓာတ်၏အရ "ငါသည် မိမိကိုယ်နှင့် အသက်ကို ချစ်ခြင်းကို စွန့်၍ စောင့်ရှောက်မည်"ဟု နှလုံးသွင်း၍ ငါးပါးသီလကို ကောင်းစွာယူ (ဆောက်တည်)သော သူ၏ သန္တာန်၌ ပီတိနှင့်တကွ ဝိရတိစေတနာပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိဂ်ီရရသ။

(၂) ဓိဝိတိန္ဒြေ–စသော ဝိတိက္ကမိတဗ္ဗဝတ္ထုသည် အာရမ္မဏဝိဘာဝ။

(၃) "ငါသည် မိမိကိုယ်နှင့်အသက်ကို ချစ်ခြင်းကိုစွန့်၍ စောင့်ရှောက်မည်"ဟု နှလုံးသွင်းခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

(၄) နတ်ရွာသုဂတိသို့ ရောက်ခြင်းစသော အကျိုးသည် အနုဘာဝ။

[ထောက်ဖွယ်။ ။ "အဇ္ဇတဂ္ဂေ ဇီဝိတဟေတုပိ ပါဏံ န ဟနာမိ"တိ ဝါ, "ပါဏာတိပါတာ ဝိရမာမိ"တိ ဝါ, "ဝေရမဏိံ သမာဒိယာမိ"တိ ဝါ ဧဝံ သိက္ခာပဒါနိ ဂဏှန္တဿ ပန ဝိရတိ သမာဒါန ဝိရတီတိ ဝေဒိတဗ္ဗာ။ တတ္ထ ဒွေဝိရတိယော (သမ္ပတ္တဝိရတိ, သမာဒါနဝိရတိ) ယံ ဝေါရောပနာဒိဝသေန ဝီတိက္ကမိတဗ္ဗံ ဇီဝိတိန္ဒြိယာဒိဝတ္ထု၊ တံ အာရမ္မဏံ ကတွာ ပဝတ္တန္တိ။(ဋ္ဌ၊ ၂၇၂။) ကို ထောက်၍ ဓမ္မရတိဋ္ဌာယီဘာဝနှင့်အာရမ္မဏဝိဘာဝကို ထုတ်သည်။]

---

http://www.dhammadownload.com



## ၁၉၈၇ (၁၃၄၈) ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂပါဠိ၊ အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ တဒပိ တေသံ ဘဝတံ သမဏဗြာဟ္မဏာနံ အဇာနတံ အပဿတံ ဝေဒယိတံ တဏှာဂတာနံ ပရိတဿိတဝိပ္ဖန္ဒိတမေဝ–ကို ဝိသေသန ဝိသေသျမှန်စွာ စပ်၍ အနက်ယောဇနာပါ။

၂။ ။ သော ယေန ယေနေဝ ပက္ကမတိ၊ သမာဒါယေဝ ပက္ကမတိ။ သေယျထာပိ မဟာရာဇ ပက္ခီ သကုဏော ယေန ယေနေဝ ဍေတိ–ကို သဗ္ဗနာမ်အစွဲ မှန်စွာ စွဲ၍ သမာဒါယ–၏ ကံပုဒ် ထည့်လျက် အနက်ယောဇနာပါ။

၃။ ။ယဒိ ဝါ တံ ဘဝန္တံ ဂေါတမံ တထာ သန္တံ ယေဝ သဒ္ဒေါ အဗ္ဘုဂ္ဂတော၊ ယဒိ ဝါ နော တထာ။ယဒိ ဝါ သော ဘဝံ ဂေါတမော တာဒိသော၊ယဒိ ဝါ န တာဒိသော–ကို ယဒျတ္ထ ထင်စေလျက် သဒ္ဒါကျမ်းများနှင့်အညီ အနက်ယောဇနာပါ

၄။ ။တေ အာရဗ္ဘ ယဇတံ ဘဝံ၊သဇ္ဇတံ ဘဝံ၊မောဒတံ ဘဝံ၊ စိတ္တံမေဝ ဘဝံ အန္တရံ ပသာဒေတု–ကို ပါဠိအနုသာရီနည်းအားဖြင့် မှန်ကန်စွာအနက် ယောဇနာပါ။

၅။ ။ သုတ္တေ သုပ္ပဋိပန္နော သမာဓိသမ္ပန္နံ နိဿာယ ဆ အဘိညာ ပါပုဏာတိ၊ တာသံယေဝစ တတ္ထ ပဘေဒဝစနတော–ကို ဝါကျပရိဝတ္တန နည်းအားဖြင့် အနက်ယောဇနာပါ။

၆။ ။ သမဏဿ ဂေါတမဿ ဓမ္မော ဒုရက္ခာတော ဒုပ္ပဋိဝေဒိတော အနိယျာနိကော အနုပသမသံဝတ္တနိကော–ကို ကြိယာ ကာရက ယထာရဟ စပ်ဟပ်၍ မှန်ကန်စွာ အနက်ယောဇနာပါ။

၇။။ ဒိဋ္ဌိဂတိကဿ ဒဿနံ နာမ န နိဗဒ္ဓံ၊ ထုသရာသိမှိ နိခါတခါဏုဝိယ စဥ္စလံ၊ ဥမ္မတ္တကပစ္ဆိယံ ပူဝခဏ္ဍဂူထဂေါမယာဒီနိ ဝိယ စေတ္ထ သုန္ဒရမ္ပိ အသုန္ဒရမ္ပိ ဟောတိယေဝ–ကို ဥပမာ ဥပမေယျ ကွဲပြားအောင် အနက်ယောဇနာပါ။

၈။ ။ တဏ္ဍ တေ အဟမက္ခိဿံ၊ ယထာပိ ကုသလော တထာ။ ရာဇာ စ ခေါ တံ ဇာနာတိ၊ ယဒိ ကာဟတိ ဝါ နဝါ–ကို ပါဠိသေသ စုံလင်စွာ ထည့်၍ ဆရာနည်းကျကျ ယောဇနာပါ။

၉။ ။ တွံ ပန သယာနော သယာနေနာစရိယေန သဒ္ဓိံ ကတေသိ၊ ကိံ တေ အာစရိယော ဂေါရူပံ၊ ဥဒါဟု တွံ–ကို ကံနှင့် ကြိယာ ယထာရဟ ထည့်စွက်၍ ယောဇနာပါ။

http://www.dhammadownload.com



၁၀။ ။ ဂရဟာယာတိပဋ္ဌသိခမုဏ္ဍကရဏာ ဂေါမယ သိဥ္စနံ ဂီဝါယ ကုဒဏ္ဍကဗန္ဓနန္တိဝေမာဒီနိ ကတွာ ဂရဟာပါပနေန-ကို စပ်ရာပုဒ်ထည့်စွက်၍ ယောဇနာပါ။

---

၁၉၈၇ (၁၃၄၈) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ ဝိသေသနဝိသေသျ မှန်စွာစပ်၍ အနက်

ဘဝတံ၊အရှင်ဖြစ်ကြကုန်သော။ အဇာနတံ၊ဟုတ်မှန်သော သဘောကို မသိတတ်ကြကုန်သော။ အပဿတံ၊ဟုတ်မှန်သောသဘောကို မမြင်တတ်ကြကုန်သော။ တေသံ သမဏဗြာဟ္မဏာနံ၊ထိုသမဏ,ဗြာဟ္မဏတို့၏။ တဒပိ-တံ အပိ ဝေဒယိတံ၊ထိုဝေဒနာသည်လည်း။ တဏှာဂတာနံ၊တဏှာဖြင့်ကပ်ရောက်တတ်ကုန်သော။ ဝါ၊တဏှာဖြင့် ဖြစ်တတ်ကုန်သော။(သမဏဗြာဟ္မဏာနံ၊တို့၏။ ဝေဒယိတံ၊ဝေဒနာပေတည်း။ တဒပိ-တံ အပိ ဝေဒယိတံ၊လည်း။) ပရိတဿိတ ဝိပ္ဖန္ဒိတမေဝ၊ "ဒိဋ္ဌိတဏှာ"ဟု ဆိုအပ်သော တောင့်တတုန်လှုပ်ခြင်းဖြင့် တုန်လှုပ်သည်သာ။ (ပါ၊၃၆။ပါသျ၊၉၆။ပါသျသစ်၊၁၄၇။)

[ထောက်ဖွယ်။ ။ တဒပိ တေသံ ဘဝန္တာနံ သမဏဗြာဟ္မဏာနံ ယထာဘူတံ ဓမ္မာနံ သဘာဝံ အဇာနန္တာနံ အပဿန္တာနံ ဝေဒယိတံ။(ဋ္ဌ၊၁၊၁၁၄) တဒပိ ဝေဒယိတံ တဏှာဂတာနံ ဝေဒယိတမေဝါတိ ဝိစ္ဆိန္ဒိတွာ တဒပိ ဝေဒယိတံ ပရိတဿိတဝိပ္ဖန္ဒိ တမေဝါတိ ပုန သမ္ဗန္ဓော ကာတဗ္ဗော။ (သိဋ္ဌိသစ်၊၁၊၄၅၉)]

---

၂။ ။ [သမာဒါယေဝ-၏ ကံပုဒ်ကို "အဋ္ဌပရိက္ခာရမတ္တံ၊ ရှစ်ပါးသော ပရိက္ခရာမျှကို"ဟုထည့်၍ သျှသစ်အတိုင်း ယောဇနာ။ ပါ၊ ၆၇။ ပါသျ၊ ၁၅၅။ ပါသျသစ်၊ ၂၅၇။

ထောက်ဖွယ်။ ။ သမာဒါယေဝ ပက္ကမတီတိ အဋ္ဌပရိက္ခာရမတ္တံ သဗ္ဗံ ဂဟေတွာဝ ကာယပဋိဗဒ္ဓံ ကတွာဝ ဂစ္ဆတိ။ (ဋ္ဌ၊ ၁၈၆။)]

---

၃။ ။ ယဒိ ဝါ တံ ဘဝန္တံ ဂေါတမံ။ ပ။ အဇ္ဈ ဂ္ဂတော-၌ သဒ္ဒါ ကျမ်းများနှင့် အညီ အနက်

တထာ၊ထိုသို့ ကျော်စောတိုင်းသော အခြင်းအရာအားဖြင့်။ သန္တံယေဝ၊ ထင်ရှားရှိသည်သာလျှင်ဖြစ်သော။ ဂေါတမံ၊ဂေါတမအနွယ်ရှိသော။ တံ ဘဝန္တံအဘိ၊ ထိုအရှင်၏။ ["တံ ဘဝန္တံ ဂေါတမံ အဘိ၊ထိုအရှင်ဂေါတမ၏"ဟုလည်း ယောဇနာ နိုင်သည်။] သဒ္ဒေါ၊ကျော်စောသံသည်။ဥဂ္ဂတော၊တက်ပြီး။(ဣတိ)ယဒိဝါ၊ ဤသို့သော်လည်းကောင်း။ တထာ၊ အားဖြင့်၊ နော (သန္တံယေဝ)၊ ထင်ရှားမရှိသည်သာ လျှင် ဖြစ်သော။ (ဂေါတမံ၊သော။ တံတဝန္တံ အဘိ၊၏။ သဒ္ဒေါ၊သည်။ ဥဂ္ဂတော၊ ပြီ။ ဣတိ) ယဒိဝါ၊ကောင်း။ ဂေါတမော၊သော။ သော ဘဝံ၊ထိုအရှင်သည်။

http://www.dhammadownload.com



[“သော ဘဝံ ဂေါတမော၊ထိုအရှင် ဂေါတမသည်”ဟုလည်း ယောဇနာနိုင်သည်၊ တာဒိသော၊ထိုကဲ့သို့ ရှုအပ်သော သဘောရှိသည်။ ဝါ၊ထိုကျော်စောသည့်အတိုင်း ရှုအပ်သော သဘောရှိသည်။ [ဟောတိ၊ဖြစ်၏။] ဣတိ ယဒိဝါ၊ကောင်း။ (ဂေါတမော၊သော။ သော ဘဝံ၊သည်။ ဝါ၊သည်။) တာဒိသော၊သည်။ ဝါ၊ သည်။ န(ဟောတိ)၊မဖြစ်။ (ဣတိ)ယဒိဝါ၊ကောင်း။[ပါ၊၈၃။ပါသျှ၊၁၅၉။ ပါသျှသစ်၊ ၃၀၃။ (၁၃၃၆–ခုနှစ်ကလည်း မေးခဲ့ပြီး။)]

[သဒ္ဒါကျမ်းများအဆိုနှင့် တူသော အဆို။ ။ ဒုတိယာ ဝိဘတ်သည် ကမ္မပ္ပဝစနီယယုတ္တေ–သုတ်ဖြင့် လက္ခဏိတ္ထမ္ဘူတာချာန–ဟူသော သမ္ဗန်အနက်၌ သက်ရသောကြောင့် ထိုလက္ခဏိတ္ထမ္ဘူတာချာန သမ္ဗန်အနက်ကို ဟော၏။ ကမ္မပ္ပဝစနီယ အမည်ရှိသော အဘိ–သဒ္ဒါသည် ထိုလက္ခဏိတ္ထမ္ဘူတာချာန–ဟူသော သမ္ဗန်အနက်ကို ထွန်းပြ၏။ ထိုလက္ခဏိတ္ထမ္ဘူတာချာနတ္ထဇောတက ကမ္မပ္ပဝစနီယအဘိ–သဒ္ဒါနှင့် ယှဉ်ခြင်း ကြောင့် တံ ဘဝန္တံ ဂေါတမံ တထာသန္တံ–ပုဒ်တို့၌ သမ္ဗန်အနက်ဖြစ်သော်လည်း သမ္ဗန်အနက်၌ ဆဋ္ဌီဝိဘတ် မသက်ရမူ၍ ဒုတိယာဝိဘတ်သာ သက်ရသတည်း။ ထို့ကြောင့် ထိုလက္ခဏိတ္ထမ္ဘူတာချာနတ္ထဇောတက အဘိ–သဒ္ဒါကို တံ ဘဝန္တံ–ပုဒ်နှင့် ယှဉ်စပ်၍ အနက်ပေးရမည်။

တံ ဘဝန္တန္တိ တဿ ဘောတော ဂေါတမဿ။တထာ သန္တံယေဝ ဝါတိ တထာ သတောယေဝ၊ဣစ္စာပိ လက္ခဏိတ္ထမ္ဘူတာချာနတ္ထဝသေနေဝ ဥပယောဂဝစနံ။(ဋ္ဌ၊ ၂၂၁။)

အဗ္ဘုဂ္ဂတောတိ ဧတ္ထ အဘိတိ ဥပသဂ္ဂေါ လက္ခဏိတ္ထမ္ဘူတာချာနတ္ထဇောတကော။ တေန ယောဂတော တံ ခေါပန ဘဂဝန္တန္တိ ဣဒံ သာမိအတ္ထေ ဥပယောဂဝစနံ၊ တေနာဟ တဿ ခေါ ပန ဘဂဝတောတိ အတ္ထော”တိ။ (အဂုတ္တရဋ္ဌ၊ ၂၊၁၅၂)

ယထာ “သာဓု ဒေဝဒတ္တော မာတရမဘိ”တိ ဧတ္ထ အဘိသဒ္ဒယောဂတော လက္ခဏိတ္ထမ္ဘူတာချာနေ ဥပယောဂဝစနံ ကတံ၊ ဧဝမိဓာပိ “တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ အဘိ [အဘိ–နှင့် ယှဉ်စပ်ဆိုသည်ကို သတိပြု။] ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ ဥဂ္ဂတော”တိ အဘိသဒ္ဒယောဂတော လက္ခဏိတ္ထမ္ဘူတာချာနေ ဥပယောဂဝစနန္တိ။ (သာရတ္ထ၊၁၊ ၂၁၄။သီဋီသစ်၊ ၂၊၁၉။) ဤအဆိုမှာ သဒ္ဒါကျမ်းများ အဆိုနှင့်တူသော အဆိုဖြစ်သည်။

[သဒ္ဒါကျမ်းများအဆိုနှင့် မတူသော အဆို။ ။ တံ ခေါ ပနဘဂဝန္တန္တိ လက္ခဏိတ္ထမ္ဘူတာချာနတ္ထေ ဥပယောဂဝစနံ၊တဿခေါပန ဘဂဝတောတိ အတ္ထော။ အဗ္ဘုဂ္ဂတောတိ သဒေဝကံ လောကံ အဇ္ဈောတ္ထရိတွာ ဥဂ္ဂတော။ (ဋ္ဌ၊၁၃၃။ အဂုတ္တရဋ္ဌ၊ ၂၊၁၆၆။)ဝယ် အဗ္ဘုဂ္ဂတော–၌ အဘိ–သဒ္ဒါသည် အဇ္ဈောတ္ထရဏကြိယာအနက်ကို ဟောသည်။ အဘိ–သဒ္ဒေါ အဘိဘဝနေ၊ အဘိဘဝနဉ္စေတ္ထ အဇ္ဈောတ္ထရဏမေဝါတိ ဝုတ္တံ “အဇ္ဈောတ္ထရိတွာ”တိ (သီဋီသစ်၊ ၂၊ ၂၀။)ကို ထောက်။ ထိုအဘိ–သဒ္ဒါသည် သက္ကတ သဒ္ဒါကျမ်း၌ ဆိုသကဲ့သို့ သမ္ဗန်ကို မထွန်းပြဘဲ ကြိယာကိုသာ ဟောသည်၊ ထို့ကြောင့် အဋ္ဌကထာအလိုအားဖြင့် အဘိ–ကို “ကမ္မပ္ပဝစနီယ”ဟု မဆိုလို၊ တံ ဘဝန္တံ–၌လည်း ကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့် ဒုတိယာဝိဘတ် သက်ရသည် မဟုတ်၊ဒုတိယာဝိဘတ် ကိုယ်တိုင်က လက္ခဏိတ္ထမ္ဘူတာချာန အနက်ကို ဟောသောကြောင့် ဒုတိယာဝိဘတ် သက်ရသည်။

http://www.dhammadownload.com



အဋ္ဌကထာအလို "တထာ၊ အားဖြင့်။ သန္တိယေဝ၊ သော။ ဂေါတမံ၊ သော။ တံ ဘဝန္တံ၊ ၏။ သဒ္ဒေါ၊ သည်။ အဗ္ဘုဂ္ဂတော၊ လွှမ်းမိုး၍တက်ပြီ"ဟု ပေး။ ဤသို့ အဋ္ဌကထာ၌ သဒ္ဒါကျမ်းနှင့် တိုက်ရိုက်မတူသော အဖွင့်ကို တစ်ရံတစ်ခါ တွေ့ရသည်။ တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော-ဝါကျနှင့် ဤယဒိ ဝါ တံ ဘဝန္တံ ဂေါတမံတထာ သန္တံယေဝ သဒ္ဒေါအဗ္ဘုဂ္ဂတော-ဝါကျသဘော တူသောကြောင့် တံ ခေါပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော-၏ အဖွင့်များကို ဖော်ပြသည်။ အကျယ်ကို ဖော်ပြပါ အဋ္ဌကထာ, ဋီကာတို့အပြင် (ဋ္ဌသျှသစ်၊ ၂၊ ၃၉။)နှင့် သဒ္ဒါကျမ်း, မောဂ် (၂၊ ၈-သုတ်) သျှ စသော သဒ္ဒါဆိုင်ရာကျမ်းများ၌ ရှုပါ။ ဝါဒတွေ များပြားကွဲလွဲချက် ရှိသည့်အရာ ဖြစ်သော်လည်း သိသာဓေဒ ဘယ, ဂန္ထဂရုဘယများကြောင့် မေးခွန်းအရ အဓိပ္ပာယ် ပေါ်ရုံ အကျဉ်းမျှသာ ဖော်ပြသည်။

ယဒိ-သဒ္ဒါ၏အနက်။ ။ ယဒိ-သဒ္ဒေါ စေတ္ထ သံသယတ္ထော ဒွိန္နမ္ပိ အတ္ထာနံ သံသယိတဗ္ဗတ္တာ။ ဝါ-သဒ္ဒေါ ဝိကပ္ပတ္ထော တေသု ဧကဿ ဝိကပ္ပေ တဗ္ဗတ္တာ။ သဒ္ဒဝိဒူ ပန ဧဝံ ဝဒန္တိ "လူမဿ ဝစနံ သစ္စံ ဝါ ယဒိ ဝါ မုသာ"တိ အာဒီသု ဝိယ ယဒိ-သဒ္ဒေါ, ဝါ-သဒ္ဒေါစ ဥဘောပိ ဝိကပ္ပတ္ထာယေဝ။ ယဒိ သဒ္ဒေါဟိ "ယံ ယဒေဝ ပရိသံ ဥပသင်္ကမတိ ယဒိ ခတ္တိယ ပရိသံ ယဒိ ဗြာဟ္မဏ ပရိသ"န္တိ အာဒီသု ဝါ-သဒ္ဒတ္ထော ဒိဿတိ။ (သီဋီသစ်၊ ၂၊ ၂၂၇။)

ဤသို့ ယဒိ-သဒ္ဒါ၏အနက် ၂-နက်ရှိရာ သဒ္ဒါဆရာတို့အလိုကျ ယဒိ ကို ဝါ-သဒ္ဒတ္ထ (ဝိကပ္ပတ္ထ)ယူ၍ ယောဇနာသည်။ သံသယတ္ထ (သင်္ကာဝတ္ထာနတ္ထ) ယူ၍ ယောဇနာလိုမူ "သဒ္ဒေါ၊သည်။ ယဒိ ဝါ ဥဂ္ဂတော၊အကယ်၍မူလည်း တက်လေသလော။ယဒိ ဝါ ဟောတိ၊အကယ်၍မူလည်း ဖြစ်လေသလော။ ယဒိ ဝါ န ဟောတိ၊အကယ်၍မူလည်း မဖြစ်လေသလော"ဟု ယောဇနာ။]

---

၄။ ။ [ပါ၊၁၃၁။ပါသျှ၊ ၂၉၆။ပါသျှသစ်၊၄၃၂။]

---

၅။ ။[သျှအတိုင်း ယောဇနာ။ ဋ္ဌ၊ ၂၂။ဋ္ဌသျှ၊၁၊၈၅။ဋ္ဌသျှသစ်၊၁၊၁၇၉။]

---

၆။ ။[သျှအတိုင်း ယောဇနာ။ဋ္ဌ၊၃၇။ဋ္ဌသျှ၊၁၊၁၃၅။ဋ္ဌသျှသစ်၊၁၊ ၂၆၁။]

---

၇။ ။[သျှသစ်အတိုင်း ယောဇနာ။ ဋ္ဌ၊ ၉၈။ ဋ္ဌသျှ၊ ၁၊ ၃၂၄။ ဋ္ဌသျှသစ်၊ ၁၊ ၄၈၁။]

---

၈။ ။ ပါဠိသေသ ထည့်စွက်၍ ဆရာနည်းကျကျ အနက်

ကုသလော၊ အလွန်ကျွမ်းကျင်လိမ္မာတော်မူသော မြတ်စွာဘုရားသည်။ (အက္ခာတိ) ယထာ၊ ဖြေဆိုတော်မူသကဲ့သို့။ တထာ၊ ထို့အတူ။ တဋ္ဌ၊ စင်စစ်။ တော၊ သင်အရှင်အား။ အဟံ၊ အကျွန်ုပ်သည်။ အက္ခိဿံ၊ ဖြေဆိုပါအံ့။ (ယထာ၊ အကြင်

http://www.dhammadownload.com



အခြင်းအရာဖြင့်။ အက္ခိယမာနေ။ ဖြေဆိုအပ်သည်ရှိသော်။)ရာဇာ၊ သင်တို့မင်းသည်။ တံ ပဉ္ဟံ၊ ထိုပြဿနာကို။ ဇာနာတိ၊သိနိုင်လောက်၏။(တထာ၊ ထိုသိနိုင်လောက်အောင်သောအခြင်းအရာအားဖြင့်။ အက္ခိဿံ၊ဖြေဆိုပါအံ့။ ရာဇာ၊ သင်တို့၏မင်းသည်။) ယဒိ ကာဟတိ ဝါ၊ ပြုသော်လည်း ပြုလတ္တံ့။ (ယဒိ)န (ကာဟတိ)ဝါ၊ မပြုသော်လည်း မပြုလတ္တံ့။ (ဧတံ၊ ဤပြုခြင်း,မပြုခြင်းသည်။ တဿေဝ၊ထိုသင်တို့၏ မင်း၏ သာလျှင်။ ဘာရော၊ဝန်သည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ မယှံ ပန၊ငါ့အားကား။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊မရှိ။) [ ဋ္ဌ၊၁၄၂။ဋ္ဌသျ၊ ၂၊၅၉။ဋ္ဌသျသစ်၊ ၂၊၆၆။]

[ထောက်ဖွယ်။ ။ ယထာပိ၊ ကုသလောတိ ယထာ အတိကုသလော သဗ္ဗညုဗုဒ္ဓေါ အာစိက္ခတိ၊တထာ ဧကံသေနေဝ အဟံ အက္ခိဿန္တိ အတ္ထော။ ရာဇာ စ ခေါ တတ္ထ အဟံ တံ ပဉ္ဟံ ယထာ တုမှာကံ ရာဇာ ဇာနိတုံ သက္ကောတိ၊တထာ ကထေဿာမိ။ တတော ဥတ္တရိ ရာဇာဧဝတံ ဇာနာတိ၊ယဒိ ကရိဿတိ ဝါ, န ဝါ၊ ကရိဿတိ၊ကရောန္တဿ ဝါ အကရောန္တဿ ဝါ တဿေဝေတံ ဘဝိဿတိ၊ မယှံ ပန ဒေါသော နတ္ထီတိ ဒီပေတိ။ (ဇာတက၊ဋ္ဌ၊၅၊၆၇။)

ဆရာနည်းကျကျ-၏ ရည်ရွယ်ချက်။ ။ယထာ,တထာ၊ဥပမာ မဟုတ်၊ ယင်းသို့ထုတ်မှု၊တထာ-စပ်ရာ၊ကြိယာသည်၊မှန်စွာ လက္ခဏ ဖြစ်မြဲ-နိယံ အဆို ဥပဒေကို ရည်ရွယ်၍ "ဆရာနည်းကျကျ"ဟု မေးခြင်းဖြစ်သည်။ လိုက်လာသည့်နောက် ယထာ တထာ-သည် ဥပမာ မဟုတ်။ယင်းနိယံ အဖြေကို ဖော်ပြခဲ့ပြီ။]

---

၉။ ။ ["ဣတိ-ဣဒံ ဝစနံ၊ ဤစကားကို။ အာဟ၊ မိန့်တော်မူပြီ"ဟု ထည့်ယောဇနာ။ "တွန္တိအာဟ"ဟု အဋ္ဌကထာ၌ တိုက်ရိုက်ရှိသည့် ဣတိ အာဟ-ကို တမင်ဖြုတ်မေးသည်မှာ မကောင်း။]

---

၁၀။ ။ ["သမ္မုဟာနိဿာမိ၊ပယ်နုတ်ရတော့အံ့"ဟုစပ်ရာ ပါဠိတော်ပုဒ် ထည့်ယောဇနာ။ဋ္ဌ၊ ၂၆၅။ဋ္ဌသျ၊ ၂၊၃၉၇။ဋ္ဌသျသစ်၊ ၂၊၄၇၀။]

---

၁၉၈၇ (၁၃၄၈) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က)သက္ယပုတ္တောတိ ဣဒံ ပန ဘဂဝတော ဥစ္စာကုလပရိဒီပနံ။

(ခ)သက္ယကုလာ ပဗ္ဗဇိတောတိ သဒ္ဓါပဗ္ဗဇိတဘာဝပရိဒီပနံ။

(ဂ)ကေနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခီဏံယေဝ တံ ကုလံ ပဟာယ သဒ္ဓါယ ပဗ္ဗဇိတောတိ ဝုတ္တံ ဟောတိ။

(ဃ)ဒဿနံ ဟောတီတိ ပသာဒသောမ္မာနိ အက္ခီနိ ဥမ္မီလေတွာ ဒဿန မတ္တမ္ပိ သာဓု ဟောတီတိ ဧဝံ အဇ္ဈာသယံ ကတွာ။

http://www.dhammadownload.com



၁။ ။(ဂ)အမှတ်ပြဝါကျ၌ ပါရိဇုညသရုပ် ပေါ်လွင်စေလျက်လည်းကောင်း၊ (ဃ)အမှတ်ပြဝါကျ သာဓု-ပုဒ်၌ အဓိပ္ပာယတ္ထ ထင်စေလျက်လည်းကောင်း အနက်ယောဇနာခဲ့ပါ။

၂။ ။(ဂ)အမှတ်ပြဝါကျသို့ သာဘောဂပုစ္ဆာတက်၍ အဓိပ္ပာယ်ပြန်ဆိုခဲ့ပါ။

၃။ ။(ခ)(ဂ)အမှတ်ပြဝါကျတို့၌ ဖြစ်သင့်သည်အားလျော်စွာ စောဒကာဘောဂါဒိစတုက္က ထုတ်ပြခဲ့ပါ။

၄။ ။အက္ခိ-ပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ခွဲပြခဲ့ပါ။

၅။ ။(ဂ)အမှတ်ပြဝါကျ၌ အနဘိဘူတော-ကို "အနဘိဘူတတ္တာ"ဟု ဟိတ်ပြင်လျှင် ဖြစ်သင့်သော သမ္ဗန်ခံ၍ အနက်အားလျော်စွာ စာစပ်လျက် ဘာဝယောဂ ပုဒ်၏ ပစ္စယတ္ထကိုလည်း ညွှန်ပြခဲ့ပါ။

၆။ ။(က)(ခ)အမှတ်ပြဝါကျတို့၌ အဋ္ဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ယှဉ်တွဲ၍ဖော်ပြခဲ့ပါ။

၇။ ။ အက္ခိ-နှင့် နိယဏ္ဍု-ပုဒ်တို့၌ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံတို့ကို ဖော်ပြခဲ့ပါ။

၈။ ။ ကပ္ပိသဘင် ကြည့်ရှုနားထောင်ခြင်းသည် ဒုစရိုက်အကျင့် မဟုတ် ပါဘဲလျက် အဘယ့်ကြောင့် အဋ္ဌကထာဆရာသည် "သာသနာတော်အား မလျော်"ဟု ဖွင့်ဆိုပါသနည်း၊ ဖြေဆိုခဲ့ပါ။

၉။ ။(ဂ)အမှတ်ပြဝါကျ၌ အဓိပ္ပာယ်မပျက်စေမူ၍ ဝတ္တမျိုး၊ တစ်ဂါထာ စီကုံးခဲ့ပါ။

၁၀။ ။ သာဓု ခေါ် ပန တထာရူပါနံ အရဟတံ ဒဿနံ ဟောတိ-၌ ဖြစ်သင့်သော ဘာဝ, ဝိဘာဝ, အနဘာဝ, ဗျာဘိစာရီဘာဝတို့ကို ထုတ်ပြခဲ့ပါ။

---

၁၉၈၇ (၁၃၄၈) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ ပါရိဇုညသရုပ် ပေါ်လွင်စေလျက်. အနက်

["ကေနစိ၊ ရောပါရိဇုည, ဗျာဓိပါရိဇုည, ဘောဂပါရိဇုည, ဉာတိပါရိဇုညတို့တွင် တစုံတခုသော။ ပါရိဇုညေန၊ ပါရိဇုညသည်။ ဝါ၊ ဟောင်းနွမ်းယိုယွင်းဆုတ်ယုတ်ပျက်စီးခြင်းသည်"ဟု ယောဇနာ။

http://www.dhammadownload.com



ဆုတ်ယုတ်ပျက်စီးခြင်း ၄-မျိုး။ ။ "ဉာတိပါရိဇုည,ဘောဂပါရိဇုညာ ဒိနာ ကေနစိ ပါရိဇုညေန"ဟု [သီဋီ၊ ၂၉၀။သီဋီသစ်၊ ၂၊ ၂၁၈။သာရတ္ထ၊၁၊ ၂၁၄]တို့၌ အာဒိဖြင့် လာသည်။

မဇ္ဈိမပဏ္ဏာသ ရဋ္ဌပါလသုတ်ပါဠိတော်(၂၅၄)၌ "စတ္တာရိမာနိ ဘော ရဋ္ဌပါလ ပါရိဇုညာနိ၊ယေဟိ ပါရိဇုညေဟိ သမန္နာဂတာ ဣဓေကစ္စေ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ ကတမာနိ စတ္တာရိ၊ဇရာ ပါရိဇုညံ ဗျာဓိပါရိဇုညံ ဘောဂပါရိဇုညံ ဉာတိပါရိဇုညံ"ဟု အစုံ လာသည်။ "ဇရာ,ဗျာဓိ၊ဘော,ဉာတိ၊ပါရိဇုညလေး"ဟု အတိုစပ်ဆို မှတ်သားရာ၏။

သရုပ် ၂-မျိုး။ ။ သရုပ်သည် အပြားဟူသော ဘေဒသရုပ်,တရားကိုယ်ဟူသော အတ္တသရုပ်အားဖြင့် သရုပ် ၂-မျိုးရှိရာ ဤ၌ ဘေဒသရုပ်ကို ရည်မေးသည်။]

သာဓု-ပုဒ် အဓိပ္ပာယတ္ထထင်စေလျက် အနက်

["သာဓု၊ ကောင်းကျိုးချမ်းသာကို ဆောင်တတ်သည်။ ဝါ၊မိမိ သူတပါး နှစ်ဦးသား၏စီးပွားချမ်းသာအပြားပြားကို ဆောင်တတ်သည်"ဟု ယောဇနာ။ ကြွင်း ယောဇနာလေ။(ဋီ၊ ၂၁၉၊ ၂၂၀။ဋီသျှ၊ ၂၊ ၂၇၂။ဋီသျှသစ်၊ ၂၊၃၃၉။ (ပါရာဇိကကဏ္ဍ၊ ဋီ၊ ၁၊ ၈၄၊ ၁၀၀။)၌လည်း ဤဝါကျ ပါရှိသည်။

ထောက်ဖွယ်။ ။ သာဓု ခေါ ပနာတိ သုန္ဒရံ ခေါ ပန၊ အတ္ထာဝဟံ သုခါဝဟန္တိ ဝုတ္တံ ဟောတိ။ (ဋီ၊ ၂၂၀။)]

---

၂။ ။ (ဂ)အမှတ်ပြဝါကျ သာဘောဂပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် "သကျကုလာ ပဗ္ဗဇိတော-ဟူသော သဒ္ဒါသည် သဒ္ဓါပဗ္ဗဇိတ၏ အဖြစ်ကို ပြကြောင်းဖြစ်သော သဒ္ဒါတည်း"ဟု ဆိုတော်မူ၏(ဋ္ဌပနာ)။သဒ္ဓါပဗ္ဗဇိတ၏အဖြစ်ကို အဘယ်သို့ ပြပါသနည်း(ပုစ္ဆာ)။ သကျကုလာ ပဗ္ဗဇိတော-ဟူသောသဒ္ဒါသည် ဥစ္စာကုလာပဗ္ဗဇိတဘာဝ အနက်ကိုသာ သိအပ်သည်၏အဖြစ်ကြောင့် ဥစ္စာကုလာ ပဗ္ဗဇိတအဖြစ်ကို ပြကြောင်း ဖြစ်သောသဒ္ဒါသာဖြစ်ရာ၏။ သဒ္ဓါပဗ္ဗဇိတဘာဝအနက်ကို မသိအပ်သည်၏အဖြစ်ကြောင့် သဒ္ဓါပဗ္ဗဇိတအဖြစ်ကို ပြကြောင်းဖြစ်သောသဒ္ဒါ မဖြစ်ရာသည် မဟုတ်ပါလော (အာဘောဂ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပာယ်ကား။ ။ သကျကုလာ ပဗ္ဗဇိတော-ဟူသော သဒ္ဒါသည် ဥစ္စာကုလာ ပဗ္ဗဇိတဘာဝအနက်ကိုသာ သိအပ်သည်၏အဖြစ်ကြောင့် ဥစ္စာကုလာ ပဗ္ဗဇိတအဖြစ်ကို ပြကြောင်းဖြစ်သော သဒ္ဒါသာ ဖြစ်ရာ၏ သဒ္ဓါပဗ္ဗဇိတဘာဝအနက်ကို မသိအပ်သည်၏အဖြစ်ကြောင့် သဒ္ဓါပဗ္ဗဇိတ အဖြစ်ကို ပြကြောင်းဖြစ်သောသဒ္ဒါ မဖြစ်ရာပါသော်လည်း တစ်စုံတစ်ခုသော ဆုတ်ယုတ်ပျက်စီးခြင်းသည် မနှိပ်စက်အပ်သည်ဖြစ်၍ မကုန်နိုင်သည်သာလျှင်ဖြစ်သော ထိုရှစ်သောင်းလေးထောင်သော သာကီဝင်မင်းမျိုးကို စွန့်၍ သဒ္ဓါသက်သက်ဖြင့် ရဟန်းပြုတော်မူသည်ဖြစ်၏။ ဤသို့ သဒ္ဓါပဗ္ဗဇိတ၏ အဖြစ်ကို သိအပ်၏-ဟူလို။ [အကြောင်းမထည့်ဘဲလည်း တက်နိုင်, အဓိပ္ပာယ်ပြန်နိုင် သည်သာ။]

http://www.dhammadownload.com



[ထောက်ဖွယ်။ ။ကထံ သဒ္ဒါ ပဗ္ဗဇိတဘာဝပရိဒီပနတ္ထံအာဟ "ကေနစိ"တိ အာဒိ။ (သီဋီသစ်၊ ၂၊ ၂၁၈။)ကို ထောက်၍ ပုစ္ဆာထုတ်သည်။

နနုစ"သကျကုလာ ပဗ္ဗဇိတောတိ ဣဒံ ဥစ္စာကုလာ ပဗ္ဗဇိတဘာဝ ပရိဒီပန မေဝ သိယာ တဒတ္ထသေဝ ဝိညာယမာနတ္တာ၊န သဒ္ဒါပဗ္ဗဇိတ ဘာဝပရိဒီပနံ တဒတ္ထဿ အဝိညာယမာနတ္တာတိ။(သီဋီသစ်၊၂၊၂၁၈။)ကိုထောက်၍အာဘော်သွင်းသည်။

"နခေါ ပနေဝံ ဒဋ္ဌဗ္ဗံ မဟန္တံ ဉာတိပရိဝဋ္ဋံ, မဟန္တဉ္စ ဘောဂက္ခန္ဓံ ပဟာယ သဒ္ဒါ ပဗ္ဗဇိတဘာဝဿ အတ္ထတော သိဒ္ဓတ္တာ"ဟု ဋီကာသစ်ဖြေသည်။ သို့သော် "ဣမံ ပရိဟာရံ ကေနစိ ပါရိဇုညေန ာတိ အာဒိနာ ဝိဘာဝေတီတိ ဒဋ္ဌဗ္ဗံ"ဟု ဆက်ဖွင့်၍ ဋီကာစကားနှင့် အဋ္ဌကထာစကား ဆိုလိုရင်းသဘောအဓိပ္ပာယ် အတူတူ ဖြစ်သောကြောင့် ကေနစိ ပါရိဇုညေန-အစရှိသော ဝါကျကို မြန်မာပြန်ဖြေသည်။ အဓိပ္ပာယ်ပြန်သည်။

ပါရာဇိကဏ် ဂဏ္ဌိဟောင်း (၁၆၁) ၌ကား "သကျကုလာ ပဗ္ဗဇိတောသာ ပါဠိ၌ရှိလျက် သဒ္ဒါပဗ္ဗဇိတအဖြစ်ကို ပြ၏-ဟူသော စကား အသို့ သင့်အံ့နည်း အမေးကြောင့် ကေနစိ။ ပ။ ဝုတ္တံ ဟောတိ-မိန့်"ဟု တက်သည်။ ဤအလို "သကျကုလာ ပဗ္ဗဇိတော-သာ ပါဠိ၌ရှိသည်မဟုတ်ပါလော"ဟုလည်း အာဘော်သွင်း နိုင်သည်။]

---

၃။ ။ စောဒကာဘောဂါဒိ စတုက္က

(၁) နနု "သကျကုလာ ပဗ္ဗဇိတော"တိ ဣဒံ ဥစ္စာကုလာ ပဗ္ဗဇိတဘာဝ-ပရိဒီပနမေဝ သိယာ တဒတ္ထဿေဝ ဝိညာယမာနတ္တာ၊ န သဒ္ဒါပဗ္ဗဇိတဘာဝပရိဒီပနံ တဒတ္ထဿ အဝိညာယမာနတ္တာ (စောဒကာဘောဂ)၊ [ဟိတ်ပါဠိ မထည့်လျှင်လည်း ပြည့်စုံသည်သာဖြစ်၍ ဟိတ်ပါဠိ မထည့်လျှင်လည်း ရသည်သာ။]

(၂) အထ ကသ္မာ သကျကုလာ ပဗ္ဗဇိတောတိ (ဣဒံ) သဒ္ဒါ ပဗ္ဗဇိတဘာဝ ပရိဒီပနတ္ထံ ဝုတ္တံ (စောဒနာ)။

(၃) နနု ကေနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခီဏံယေဝ တံ ကုလံ ပဟာယ သဒ္ဒါယ ပဗ္ဗဇိတော ဟောတိ (ပရိဟာရာဘောဂ)။

(၄) တသ္မာ သကျကုလာ ပဗ္ဗဇိတောတိ (ဣဒံ) သဒ္ဒါပဗ္ဗဇိတ ဘာဝဒီပနတ္ထံ ဝုတ္တံ (ပရိဟာရ)။

---

၄။ ။ဝိဂ္ဂဟ

ဣက္ခတိ အနေနာတိ အက္ခိ။ (မောဂ္ဂလာန်၊ ၇၊ ၈။)

ဝစနာဒိဆက္က။

(၁) အက္ခိ-ဟူသော နိပ္ဖန္နသည် ဝစန။

(၂) ဣက္ခတိ အနေန-ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

(၃) ကြည့်ရှုခြင်းကြိယာသကတ်သည် ဝစနဟေတု။

(၄) ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။

(၅) စက္ခု-စသော ပရိယာယ်သဒ္ဒါများသည် ဝစနိယတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ ။ ဤဝိဂ္ဂဟမှာ မောဂ္ဂလာန်အလိုဖြစ်သည်။ အဘိဓာန်ဋီကာ(၁၄၉) အလိုအားဖြင့် အသတိ ဝိသယေသု ဗျာယီ ဝိယ ဘဝတီတိ အက္ခိ၊ အထဝါ အက္ခတိ ဝိသယေသု ဗျာပီ ဘဝတီတိ အက္ခိ၊ အက္ခတိ ဝါ ပဿတိ စေတေနာတိ အက္ခိ-ဝိဂ္ဂဟများလည်း ပြုနိုင်သည်သာ။

---

၅။ ။ ဟိတ်၏သမ္ဗန်။ ။ အနဘိဘူတော-ကို "အနဘိဘူတတ္တာ"ဟု ဟိတ်ပြင်လျှင် ဖြစ်သင့်သောသမ္ဗန်မှာ သမဏဿ, ဂေါတမဿ-ဖြစ်ပါသည်။

အနက်အားလျော်စွာ စာစပ်

သမဏဿ, ဂေါသမဿ-ကား "(ရဟန်းဂေါတမ)၏"ဟူ၍ အနက်ပေးသောကြောင့် အနဘိဘူတတ္တာ-ဝယ် တ္တ-ပစ္စည်း၌ သမ္ဗန်,သတ္တိမန္တ၊တ္တ-ပစ္စည်းကား သမ္ဗန္ဓိ,သတ္တိ။

သမဏဿ, ဂေါတမဿ-ကား "ကို"ဟူ၍ အနက်ပေးသောကြောင့် အနဘိဘူတတ္တာ-ဝယ် အနဘိဘူတ-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ,တုလျတ် အနဘူတ-ဟူသော ဘာဝယောဂပုဒ်ကား ဝါစက,လိင်္ဂတ်။

ဘာဝယောဂပုဒ်၏ ပစ္စယတ္ထ။ ။ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကမ္မတ္ထ ဖြစ်ပါသည်။ [အနဘိဘူတ-ကို "မနှိပ်စက်အပ်"ဟု ကမ္မသာဓနတ္ထ ပေးသည်ကို သတိပြု။]

[ထောက်။ ။သမဏော ခလု ဂေါတမော သကျပုတ္တော သကျကုလ ပဗ္ဗဇိတော။ ပ။ကုက္ကုစ္စာနုဂ်လေ ဝိဟရတိ ကုက္ကုစ္စာနုဂ်လဝနသဏ္ဍေ။(ပါ၊၈၂။)ကို ထောက်၍သမ္ဗန်ခံ]

---

၆။ ။(က)(ခ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က) အမှတ်ပြ ဝါကျဖြင့် သကျပုတ္တော-ဟူသော သဒ္ဒါ၏ မြတ်စွာဘုရား၏ မြတ်သောအမျိုးရှိတော်မူသည်၏ အဖြစ်ကို ဟဥစ္စာကုလံ စေတဿ တိ ဥစ္စာကုလော-ပြ၊ ဘာဝပဋ္ဌာန။ (ပါရာဇိကဏ်ဂဏ္ဌိသစ်၊ ၁၊ ၃၆၈။)] ဖလူပစာအားဖြင့် ပြကြောင်းဖြစ်သော သဒ္ဒါ၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

(ခ)အမှတ်ပြဝါကျဖြင့် သကျကုလာ ပဗ္ဗဇိတော-ဟူသော သဒ္ဒါ၏ သဒ္ဒါပဗ္ဗဇိတ၏အဖြစ်ကို ဖလူပစာအားဖြင့် ပြသောပုဒ်အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ နာမလိင်္ဂတ္ထ, သဒ္ဒါပဟောအဘိဓေယျတ္ထသံဝဏ္ဏနာလည်း အမည်ပေးကြသည်။ [ယံ ယုတ္တံ အတ္ထံ၊ တံ ဂဟေတဗ္ဗံ။]

[ဖလူပစာအားဖြင့် ပြပုံ။ ။ သကျပုတ္တော-ဟူသော သဒ္ဒါဖြင့် သုဒ္ဓေါဒနမင်း၏ သမီးတော်ဖြစ်သောကြောင့် မြတ်စွာဘုရား၏ သာကီဝင်မင်းသား၏ အဖြစ်ကို မုချအားဖြင့် ပြသည်။ မြင့်မြတ်သော အမျိုးမဟုတ်လျှင် ခုလိုမရိုးမွမ်းသင့်သောကြောင့် မြင့်မြတ်သောအမျိုး၏အဖြစ်ကို (ဒီဃတိ-လာ၊ ဟ်ပါဋ္ဌိလာ၊ ဥပစာ မှတ်လေ-ဟူသော တောင်တွင်း ၉၁ အဆိုအတိုင်း) ဖလူပစာအားဖြင့်ပြသည်။ သာကီဝင်မင်းသား၏ အဖြစ်သည်အကျိုး၊ မြင့်မြတ်သော အမျိုး၏အဖြစ်ကား အကြောင်း၊ ယင်းအကျိုး၏ အမည်ကို ယင်းအကြောင်း၌ တင်စားသည်။

http://www.dhammadownload.com



သကျကုလာပဗ္ဗဇိတော–ဟူသောသဒ္ဒါဖြင့် မြတ်စွာဘုရား၏သာကီဝင်မင်းမျိုး၌ ဖြစ်တော်မူသောကြောင့် သာကီဝင်မျိုး ရဟန်းအဖြစ်ကို မုချအားဖြင့်ပြသည်။ ဘုရားရှင် ပဋိသန္ဓေနေတော်မူသောအခါ ယင်းအမျိုး၏အနည်းငယ်မျှ ဆုတ်ယုတ်သည် မရှိ၊စည်ပင်တိုးပွားသည်ဖြစ်ရကား သို့စဉ်အမျိုးကို ပယ်စွန့်တော်မူခြင်းသည် လွန်စွာ သဒ္ဒါတရားနှင့်ပြည့်စုံမှ ဖြစ်နိုင်သောကြောင့် သဒ္ဒါပဗ္ဗဇိတ၏အဖြစ်ကို ဖလူပစာအားဖြင့် ပြသည်။ သာကီဝင်မင်းမျိုး ရဟန်း၏အဖြစ်သည် အကျိုး၊သဒ္ဒါပဗ္ဗဇိတ၏အဖြစ်ကား အကြောင်း၊ယင်းအကျိုး၏အမည်ကို ယင်းအကြောင်း၌ တင်စားသည်။]

---

၇။ ။ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

အက္ခိ–၌ ဣက္ခ–ဓာတ်,ဣ–ပစ္စည်း၊ "ဣက္ခိ"ဟုဆိုလိုလျက် ဣ–ကို အ–ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "အက္ခိ"ဟု ပြီးပါသည်။(မောဂ္ဂလာန်အလို)

(တစ်နည်း) အသု–ဓာတ်, ခိ–ပစ္စည်း၊ "အသခိ"ဟုဆိုလိုလျက် သ–ကို က–ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် "အက္ခိ"ဟု ပြီးပါသည်။(အဘိဓာန်ဋီကာအလို)

[ထောက်ဖွယ်။ ။ ဣက္ခ စက္ခ ဒဿနေ၊ဣသေ အတ္တံ၊ဣက္ခတိ အနေနာတိ အက္ခိ။ (မောဂ်၊၇၊၈။) အသု ဗျာပနေ၊အသတိ ဝိသယေသု ဗျာပိ ဝိယ ဘဝတီတိ အက္ခိ (ခိ)၊သဿကော။ (ဓာန်၊ဋီ၊၁၄၉။သူစိ၊၄။)]

နိခဏ္ဍု–၌ နိပုဗ္ဗ,ခဒိ–ဓာတ်, ဉ–ပစ္စည်း၊ "နိခဉ္စု"ဟု ဆိုလိုလျက် (ဣ–အက္ခရာ၊အစဉ်ပါလတ်၊ယင်းသည် ဓာတ်မှာ၊ဗိန္ဒုလာ–ဆိုသည့်အတိုင်း) ခ–ထက်၌ နိဂ္ဂဟိတ်လာခြင်း ဝဏ္ဏာဂမ,နိဂ္ဂဟိတ်ကို ဏ–ပြုခြင်း,ခ–ကို ဃ–ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် "နိဃဏ္ဍု"ဟု ပြီးပါသည်။(သီလက္ခန်ဋီကာဟောင်း,ဋီကာသစ်)

[နိခဏ္ဍု နိခဏ္ဍု။ ။ တထာဂတာဒီနိ နာမာနိ နိဿေသတော ဃဋ္ဋေန္တိ ရာသိကရောန္တိ ဧတ္ထာတိ နိဃဏ္ဍု၊ဗိန္ဒာဂမော။ဝစနီယဝါစကဘာဝေန အတ္ထံ, သဒ္ဒဥ္စ နိခဏ္ဍုတိ ဘိန္ဒတိ ဝိဘဇန္တံ ဒဿေတီတိ ဝါ နိခဏ္ဍု၊သော ဧဝ ခဿ ဃ–ကာရံ ကတွာ နိဃဏ္ဍုတိ ဝုတ္တော။(ဓာန်၊ဋီ၊၁၁၁။)ဤသို့ ဓာန်ဋီ၌ ပဌမအက္ခရာ ဋ–နှင့် လာသည် (သီဋီ၊ ၂၉၁)၌ ဝစနီယဝါစကဘာဝေန အတ္ထံ,သဒ္ဒဥ္စ–နိခဍတိ ဘိန္ဒတိ ဝိဘဇ္ဇ ဒဿေတီတိ နိခဏ္ဍု၊သော ဧဝ ခ–ကာရဿ ဃ–ကာရံ ကတွာ "နိဃဏ္ဍု"တိ ဝုတ္တော"ဟု တတိယက္ခရာ ဍ–နှင့်လာသည်။သူစိ၌လည်း ယင်းကိုပင်ဖော်ပြသည်။

(သီဋီသစ်၊ ၂၊ ၂၂၁။)၌ကား "အာစရိယာ ပန ဧဝံ ဝဒန္တိ ဝစနီယဝါစကဘာဝေန အတ္ထံ,သဒ္ဒဥ္စ နိခဍတိ ဘိန္ဒတိ ဝိဘဇ္ဇဒဿေတီတိ နိခဏ္ဍု၊သော ဧဝ ခ–ကာရဿ ဃ–ကာရံ ကတွာ "နိဃဏ္ဍု"တိ ဝုတ္တောတိ"ဟု ဋီကာဟောင်း၌ တတိယက္ခရာ ဍ–နှင့်လာသည်ကို ဖော်ပြပြီး "အက္ခရာစိန္တကာ ပန ဧဝမိစ္ဆန္တိ "တတ္ထ တတ္ထာဂတာနိ နာမာနိ နိဿေသတော ဃဋ္ဋေန္တိ ရာသိကရောန္တိ ဧတ္ထာတိ နိဃဏ္ဍု နိဂ္ဂဟိတာဂမေနာတိ"ဟု ပဌမက္ခရာနှင့် ဖော်ပြသည်။

(နီတိ၊ ဓာတု။ ၂၉၈)၌ "ခဍိ ကဍိ ဆေဒနေ။ ခဏ္ဍေတိ"ဟု, (ဓာတွတ္ထသင်္ဂဟ။ ၇၆)–၌"ခဍိ စ ဆေဒနေ"ဟု,(ရူ။၆၇၃)၌"ခဍိဆေဒနတ္ထော၊ခဏ္ဍေ"ဟု တတိယက္ခရာနှင့်သာ လာသည်။ ဣ–ကာရန္တဓာတ်၌ ဒုတိယက္ခရာနှင့်မတွေ့ရ။ (ဓာန်၊ သျှသစ်။ ၁၁၁။)၌လည်း သီလက္ခန်ဋီကာဟောင်းကို ကိုး၍ တတိယက္ခရာနှင့် ရှိသော နိဃဏ္ဍုပါဌ်ကို ဖော်ပြသည်။

http://www.dhammadownload.com



ဤသို့ ပထမက္ခရာနှင့် "နိယဏ္ဍု"ဟု လည်းကောင်း, တတိယက္ခရာနှင့် "နိဃဏ္ဍု"ဟု လည်းကောင်း ပါဌ် ၂-မျိုး ရှိသည်။ ယင်းသို့ ၂-မျိုး ရှိသော်လည်း ဤကျမ်း၌ကား မေးခွန်းအရှိကို ဖြေရရေးရမည့် တာဝန်ရှိသည့်အလျောက် မေးခွန်းအရှိ အတိုင်း ဖော်ပြပါသတည်း။]

---

၈။ ။ ကပ္ပဲသဘင် ကြည့်ရှုနားထောင်ခြင်းကို သာသနာအား မလျော်ဟု ဆိုခြင်းအကြောင်း

ကပ္ပဲသဘင် ကြည့်ရှုနားထောင်ခြင်းသည် ဒုစရိုက်အကျင့်မဟုတ်စေကာမူ ကပ္ပဲသဘင် ကြည့်ရှုနားထောင်ခြင်းသည် ဆန္ဒရာဂနှင့်တကွ ဖြစ်ခြင်းကြောင့် သဗ္ဗပါပဿ အကရဏံ-အစရှိသော နည်းဖြင့် ဖြစ်သော ဘုရားရှင်သာသနာတော်ကို မလျော်စေ၊ ထို့ကြောင့် "သာသနာတော်အား မလျော်"ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုပါသည်။

[ထောက်ဖွယ်။ ။ သဒ်ေပတော "သဗ္ဗပါပဿ အကရဏံ"န္တိ အာဒိနယပ္ပဝတ္တံ ဘဂဝတော သာသနံ သဆန္ဒရာဂပ္ပဝတ္တိတော နစ္စာဒီနံ ဒဿနံ နာနုလောမေတီတိ အာဟ "သာသနဿ အနနုလောမတ္တာ"တိ။ (သီဋီ၊ ၁၂၃။ သီဋီသစ်၊ ၁၊ ၃၄၇။)]

---

၉။ ။ ဝတ္တာမျိုး ဂါထာစီ

ကေနစိ ပါရိဝုဍ္ဎေန၊ နာဘိဘူတော အခိဏ္ဍံဝ။

ပဟာယ တံ ကုလံ သဒ္ဓါ၊ ပဗ္ဗဇိတောတိ ဝုတ္တံ ဟိ။

ဤဂါထာသည် ဝတ္တာဂါထာဖြစ်ပါသည်။

မှတ်ချက်။ ။ အခိဏ္ဍံဝ-ကို "အခိဏ္ဍံ+ဧဝ"ဟု ပုဒ်ဖြတ်။ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတီတိ စတ္တ။ ပ။ အဘိညာတိ အဘိညာယ။ (ပါရာဇိကကဏ္ဍဋ္ဌ၊၁၊ ၉၈။)-၌ အဘိညာကဲ့သို့ သဒ္ဓါ-နောင် ယ-ကျေသည်။ ဟိ-ကို ဟိ-ဓာတ်, ဏ္ဍ-ပစ္စည်း၊ သို့မဟုတ် ဟိ-ဓာတ်၊ က္ဂိ-ပစ္စည်း ကြ၍ "ဟိ၊ ဖြစ်၏"ဟု အနက်ပေး အနက်မဲ့သော်လည်း ယူ။

---

၁၀။ ။ ဘာဝါလင်္ကာရ

(၁) သာဓု ခေါ ပန တထာရူပါနံ အရဟတံ ဒဿနံ ဟောတိ-၌ အရှင်ဂေါတမကဲ့သို့ ရှုအပ်သော၊သဘောရှိကုန်သော ရဟန္တာတို့ကို ကြည့်ရှုဖူးမြင်ရသောသူ၏သန္တာန်၌ ကြည်ညိုသောအခြင်းအရာအားဖြင့် ဖြစ်သော သဒ္ဓါ ပီတိပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယိဘာဝ,ဓမ္မသိင်္ဂါ ရရသ။

(၂) အရှင်ဂေါတမကဲ့သို့ ရှုအပ်သော သဘောရှိကုန်သော ရဟန္တာတို့သည် အာရမ္မဏဝိဘာဝ။

(၃) အရှင်ဂေါတမကဲ့သို့ ရှုအပ်သော သဘောရှိကုန်သော ရဟန္တာတို့၏ ဂုဏ်သည်လည်းကောင်း, ယောနိသောမနသိကာရသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) မျက်မှောက်၌ဖြစ်သော အကျိုး,တမလွန်၌ဖြစ်သော အကျိုး, မြတ်သော နိဗ္ဗာန်ဟူသော အကျိုးကိုဆောင်ခြင်းသည် အနုဘာဝ။

http://www.dhammadownload.com



(၅) တည်ကြည်ခြင်း, ခန္ဓာဟူသော လောကမှ ငြီးငွေ့ခြင်း, ဟုတ်တိုင်းမှန်စွာ သိခြင်းသည် ဖျာဘိစာရိဘာဝ။

[ထောက်ဖွယ်။ ။ ဒဿနံ–ကို "ပသာဒသောမ္မာနိ အက္ခိနိ နိမ္မိလေတွာ ဒဿနမတ္တမ္ပိ" ဟု အဋ္ဌကထာ ဖွင့်သည်။ ပသာဒသောမ္မာနိ–ကို "ပသန္နာနိ, သီတလာနိ စ၊ပသာဒဝသေန ဝါ သီတလာနိ၊အနေန ပသန္န မနတံ ဒဿေတိ" ဟု (သီဋီသစ် ၂၊ ၂၁၉။) ဖွင့်သည်။ ယင်းသို့ ဖွင့်သည်ကို ထောက်၍ ဓမ္မရတိဠာယီဘာဝ ထုတ်သည်။ ၁၉၇၇ (၁၃၃၉)ခုနှစ် အဖြေ၌ ဖော်ပြခဲ့သော ပသန္နစိတ္တော–နှင့် ဤပသန္နမနတံ သဘောတူသည်။

သာဓု ခေါ ပနာတိ သုန္ဒရံ ခေါ ပန၊အတ္တာဝဟံ သုခါဝဟန္တိ ဝုတ္တံ ဟောတိ။ (ဠ–၂၂ဝ။) အတ္တော စေတ္ထ ဒိဋ္ဌဓမ္မိကသမ္ပရာယိက ပရမတ္ထဝသေန တိဝိဓံ ဟိတံ၊ သုခမ္ပိ တထေဝ တိဝိဓံ သုခံ။ (သီဋီ၊ ၂၉ဝ။ သီဋီသစ်၊ ၂၊ ၂၁၉) ယင်းတို့ကို ထောက်၍ အနုဘာဝ ထုတ်သည်။]

---

၁၉၈၈ (၁၃၅ဝ) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

အောက်၌ ဖော်ပြပါ ပါဠိ, အဋ္ဌကထာပါဌ်တို့ကို ညွန်ကြားချက်နှင့်အညီ အနက်ယောဇနာပါ။

၁။ ။ လပကာစ နေမိတ္တိကာစ လာဘေန လာဘံ နိဇိဂိသိတာရောစ–ကို ပကတိကတ္တားနှင့်ပဓာနကြိယာထည့်စွက်၍ အနက်ယောဇနာပါ။

၂။ ။ တာနိ ယာဝ စဂ္ဂါ ယာဝစ မူလာ သီတေန ဝါရိနာ အဘိသန္နာနိ ပရိသန္နာနိ ပရိပူရာနိ ပရိပ္ဖုဋ္ဌာနိ–ကို သဗ္ဗနာမ်အစွဲ မလွဲစေဘဲ အနက်ယောဇနာပါ။

၃။ ။ သုတာသိတာ နော ဒုဋ္ဌာသိတာ၊ အတ္ထသဉ္ဟိတာ နော အနတ္ထသဉ္ဟိတာ၊ အနုမတာ မယာ–ကို သုဘာသိတာ–၏ကတ္တား,အတ္ထသဉ္ဟိတာ–၏တုလျတ် ထည့်စွက်လျက် အနက်ယောဇနာပါ။

၄။ ။ ဘဝံ ခေါ ပန ရာဇာ ဇဝံ သကဏ္ဍကေ ဇနပဒေ သဥပ္ပီဠေ ဗလိမုဒ္ဓရေယျ၊ အကိစ္စကာရိ အဿ တေန ရာဇာ–ကို ရာဇာ၏ နာမဝိသေသ ထင်ရှားစေကာ သဗ္ဗနာမ်အစွဲ မလွဲစေဘဲ အနက် ယောဇနာပါ။

၅။ ။ ယထာ တံ ဘဂဝတော ဂုဏဂဏာမတရသညုတာယ ပတိဋ္ဌိ–တပေမော စေဝ အခိဏာသဝေါစ အနေကေသုစ ဇာတိသတသဟဿေသု အညမညဿူပကာရသဉ္ဇနိတစိတ္တမဒ္ဒဝေါ–ကို နိယမဝါကျထည့်စွက်လျက် အနက် ယောဇနာပါ။

http://www.dhammadownload.com



၆။ ။ ကမ္မနာ ဝိနသန္တေ ပန ဗုဒ္ဓါပိ ပဋိဗာဟိတုံ န သက္ကောန္တီကို ဝိနသန္တေ-၏ လက္ခဏာဝတ္တကတ္တားပုဒ် ထည့်စွက်လျက် အနက်ယောဇနာပါ။

၇။ ။ ဝါမဟတ္ထေန ဓေါပမကေ ဂဟေတွာ ဒက္ခိဏဟတ္ထေန ခုရံ ဂဟေတွာ ပါဒတလာနိ ဖာလေတွာ လောဏတေလေန မက္ခေတွာ ခဒိရင်္ဂါရေဟိ ဝိတစ္စိတေဟိ ပစိံသု-ကို ပါဒတလာနိ-၏ သမ္ဗန်ထည့်စွက်လျက် အနက်ယောဇနာပါ။

၈။ ။ သုသမ္မဋ္ဌ စေတိယင်္ဂဏဗောဓိယင်္ဂဏံ၊ သုနိက္ခိတ္တာ သမ္မဇ္ဇနိယော၊ သူပဋ္ဌပိတံ,ပါနီယံ,ပရိဘောဇနီယံ။ ဤသုံးဝါကျကို ကတ္တားပုဒ်တစ်ပုဒ်စီ ထည့်၍ အနက်ယောဇနာပါ။

၉။ ။ အာဟာရံ ဂဟေတွာ ဘုဥ္ဇနကာလေ ကုစ္ဆိပရိဟာရိကော။ ပူဝံ ဝါ ဖလံ ဝါ ဝိဒ္ဓံသိတွာ ခါဒနကာလေ ကုစ္ဆိပရိဟာရိကော။ ဤနှစ်ဝါကျတို့ကို ပကတိ ကတ္တားနှင့်ပဓာနကြိယာ အသီးသီးထည့်စွက်၍ အနက်ယောဇနာပါ။

၁၀။ ။ "ဟန္ဒ နံ ဂဟေဿာမိ"တိ ဩတရိတွာ ဂဏှိ။ တံ တေန နာဠူတော ဆိန္နမတ္တံယေဝ ပုပ္ဖိတံ-ကို ဩတရိတွာ-၏ ကံပုဒ်, ဂဏှိ-၏ ကတ္တားပုဒ် ထည့်စွက်လျက် သဗ္ဗနာမ်အစွဲ မလွဲစေဘဲ အနက်ယောဇနာပါ။

---

## ၁၉၈၈ (၁၃၅၀) ခုနှစ် ဖြေဆိုလွှာစာရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ ပကတိကတ္တားနှင့် ပဓာနကြိယာ ထည့်စွက်၍ အနက်

[ပကတိကတ္တားကို ဇနော ဘောန္တော သမဏဗြာဟ္မဏာ-ထည့်။ ပဓာနကြိယာကို ဟောန္တိ-ထည့်၍ သျှသစ်အတိုင်း ယောဇနာ။ ပါဠိတော်မှာ ရှိပြီးသား ဖြစ်သည်။ တမင်ချန် ဖြတ်မေးသည်မှာ မကောင်း။ ပညာသားမပါ၍ ချီးမွမ်း ဖွယ်ရာလည်း မရှိ။ ပါ၊၈။ ပါသျှ၊၃၇။ ပါသျှသစ်၊၆၅။( ၁၃၁၉၊၁၃၂၄-ခုနှစ် များကလည်း မေးခဲ့ပြီ။)]

---

၂။ ။ [သျှသစ်အတိုင်း စွဲလျှင် ပိုကောင်းသည်။ သျှအတိုင်း စွဲလျှင်လည်း ရသည်သာ။ ပါ၊၇၁။ ပါသျှ၊၁၆၈။ ပါသျှသစ်၊ ၂၆၈။]

---

၃။ ။ ကတ္တားနှင့်တုလျတ် ထည့်စွက်လျက် အနက်

[သုဘာသိတာ-၏ ကတ္တားကို "သနင်္ကုမာရေန ဗြာဟ္မုနာ"ဟု ထည့်။ အတ္ထသဥှိတာ-၏ တုလျတ်ကို "သာ ဧသာ ဂါထာ"ဟု ထည့်ယောဇနာ။ ကတ္တားရော တုလျတ်ပါ ပါဠိတော်၌ပါရှိပြီး။ ပါ၊၉၂။ပါသျှ၊ ၂၂၆။ပါသျှသစ်၊၃၃၆။

http://www.dhammadownload.com



"တုလျတ်"ဟု ဆိုရပုံ။ ။ သာ ဒေသာ ဂါထာ-ကို "ထိုဂါထာသည်"ဟု ပေး၍ အတ္ထသဒ္ဒိတာ-၌ တုလျတ်,လိင်္ဂတ် စပ်ရသောကြောင့်သာ ဒေသာ ဂါထာ-ကို "တုလျတ်"ဟု ဆိုရသည်။ သို့သော် အတ္ထသဒ္ဒိတာ-ကို "အကျိုးစီးပွားနှင့်စပ်၏"ဟု (၏)ပေးမှသာ။ အကယ်၍ အတ္ထသဒ္ဒိတာ-ကို (သည်)ပေး၍ ဟောတိ-ထည့်စပ်ပေးလျှင် သာ ဒေသာ ဂါထာ-သည် တုလျတ် မဟုတ်၊ ပကတိ ကတ္တားဖြစ်သည်။ ထို့ကြောင့် ဤမေးခွန်းအာဘော်အရဆိုလျှင် ဟောတိ-မထည့်ဘဲ သျှသစ်အတိုင်းယောဇနာရမည်]

---

၄။ ။ ရာဇာ-၏ နာမဝိသေသန ထင်ရှားစေကာ အနက်

["မဟာဝိဇိတ-အမည်ရှိသော မင်း"ဟု ရာဇာ-၏ နာမဝိသေသန ထင်ရှားစေ။ ပါ၊၁၂၈။ ပါသျှ၊ ၂၈၇။ ပါသျှသစ်၊၄၂၄။]

---

၅။ ။ နိယမဝါကျ ထည့်စွက်လျက် အနက်

[သျှအတိုင်းယောဇနာ၊ သျှသစ်အတိုင်းယောဇနာလိုက နောက်နည်းအတိုင်းယောဇနာ။ သျှသစ်အတိုင်းယောဇနာနိုင်လျှင်တော့ ပိုကောင်းသည်။ သို့သော် သျှအတိုင်းလောက်သာ နိယမထိနိုင်ပေမည်။ (ဋ္ဌ၊ ၈။ ဋ္ဌသျှ၊ ၁၊ ၃၉။ ဋ္ဌသျှသစ်၊ ၁၊ ၇၅။)

တံ ယထာ-နှင့် ယထာ တံ ထူးခြားချက်။ ။ တံ-က ရှေ့,=ယထာ-က နောက် (တံ ယထာ)ရှိလျှင် တံ-အနက် ရှိသည်။ တံ-က နောက်,ယထာ-က ရှေ့ (ယထာ တံ)ရှိလျှင် တံ အနက်မရှိ။ ဤစည်းကမ်းဥပဒေကို ထောက်၍ ဤ၌ "တံ-အနက်မရှိဟု"သိ ။ (သီဋီသစ်၊၁၊၆၉။)၌လည်း "တတ္ထိ နိပါတမတ္တံ"ဟု ဖွင့်သည်။

ကျက်။ ။ တံ ယထာ-သား၊ ရှိလငြားမူ၊တံ-ကို အနက်ယူ။
ယထာ တံ-မူ၊ တံ-၏အနက်၊ ထူးမထွက်။
(ဘုရားကြီး နိယံ။ ၇၀။)]

---

၆။ ။ လက္ခဏာဝန္တကတ္တား ထည့်စွက်လျက် အနက်

["ဂဗ္ဘေ၊ ကိုယ်ဝန်သည်"ဟု လက္ခဏာဝန္တကတ္တားထည့်။ ဋ္ဌ၊၉၁။ ဋ္ဌသျှ၊ ၁၊၃၀၁။ ဋ္ဌသျှသစ်၊၁၊၄၅၂။]

---

၇။ ။ သမ္ဗန် ထည့်စွက်လျက် အနက်

"ရညောၢဗိမ္ဗိသာရမင်း၏"ဟု ပါဒတလာနိ-၏သမ္ဗန်ထည့်။ ။[ဋ္ဌ၊ ၁၂၆။ ဋ္ဌသျှ၊ ၂၊၁၃။ ဋ္ဌသျှသစ်၊ ၂၊၁၇]

---

၈။ ။ ["ဘိက္ခူဟိ၊ ရဟန်းတို့သည်"ဟု ကတ္တားပုဒ် တစ်ခုစီထည့်။ ကတ္တား ၃-ခု အတူတူပင်။ ဋ္ဌ၊၁၇၁။ ဋ္ဌသျှ၊ ၂၊၁၃၆။ ဋ္ဌသျှသစ်၊ ၂၊၁၆၅။]

---

http://www.dhammadownload.com



၉။ ။ ပကတိကတ္တားနှင့် ပဓာနကြိယာ ထည့်စွက်၍ အနက်

[ပကတိကတ္တားကို ရှေ့ဝါကျ၌ ပဌောပိ-ထည့်။ နောက်ဝါကျ၌ သူစိပိ ထည့်။ ပဓာနကြိယာကို ၂-ဝါကျလုံး ဟောတိ-ထည့်။ တိုက်ရိုက်ရှိပြီး။ ဋ္ဌ၊ ၁၈၅။ ဋ္ဌသျ၊ ၂၊ ၁၇၁။ ဋ္ဌသျသစ်၊ ၂၊ ၂၀၉။]

---

၁၀။ ။ ကံ, ကတ္တား ထည့်စွက်လျက် အနက်

["သရုံ၊ အိုင်သို့။ ဩတရိတွာ၊ သက်ဆင်း၍။ တာပသော၊ ရသေ့သည်။ ဂဏှိ၊ ယူပြီ"ဟု သရုံ-နှင့် တာပသော-ထည့်။ သဗ္ဗနာမ်အစွဲ အနက်ချည်းလည်း စွဲနိုင်သောကြောင့် သျှအတိုင်းလည်း ယောဇနာနိုင်သည်။ ဋ္ဌ၊ ၂၁၈။ ဋ္ဌသျ၊ ၂၊ ၂၆။ ဋ္ဌသျသစ်၊ ၂၊၃၃၂။]

---

၁၉၈၈ (၁၃၅၀) ခုနှစ် ဓမ္မာစရိယတန်း

သီလက္ခန္ဓဝဂ္ဂ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က)ရဇောပထောတိ ရာဂရဇာဒီနံ ဥဋ္ဌာနဋ္ဌာနန္တိ မဟာအဋ္ဌကထာယံ ဝုတ္တံ။

(ခ) အာဂမနပထောတိ ပိ ဝဒန္တိ။

(ဂ) အလဂ္ဂနဋ္ဌေန အဗ္ဘောကာသော ဝိယာတိ အဗ္ဘောကာသော။

(ဃ) ပဗ္ဗဇိတော ဟိ ကူဋာဂါရရတနပါသာဒဒေဝဝိမာနာဒီသု ပိဟိတဒွါရဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တောပိ နေဝ လဂ္ဂတိ န သဇ္ဇတိ န ဗဇ္ဈတိ။

(င) တေန ဝုတ္တံ "အဗ္ဘောကာသော ပဗ္ဗဇ္ဇာ"တိ။

၁။ ။ဖော်ပြပါဝါကျတို့တွင် (ဂ)(ဃ)အမှတ်ပြဝါကျတို့ကိုသာ အနက် ယောဇနာခဲ့ပါ။

၂။ ။(ဃ)အမှတ်ပြဝါကျကိုသာ သဘောဂဒေါ်သာရောပနစောဒနာ တက်ပြခဲ့ပါ။ (အဖြေမှာယ်ပြန်ရန် မလို။)

၃။ ။(ဃ)(င)အမှတ်ပြဝါကျတို့ကို ဖြစ်သင့်သည်အားလျော်စွာ အာဘောဂါဒိ စတုက္က ထုတ်ဆောင်ပြခဲ့ပါ။

၄။ ။ရဇောပထော-ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း၌ ဝစနာဒိဆက္က ခွဲပြခဲ့ပါ။

၅။ ။အလဂ္ဂနဋ္ဌေန-ဟူသော ဟိတ်ပါဋ်ကို "အလဂ္ဂနတ္တေန"ဟု ဘာဝ-တဒ္ဓိတ်ပုဒ် ပြင်လျှင် ဖြစ်သင့်ရာ သမ္ဗန်ပုဒ်ကို ဖော်ပြပြီး ရသင့်တိုင်း စာစပ်ပြခဲ့ပါ။

http://www.dhammadownload.com



၆။ ။(က)အမှတ်ပြပါကျ၌ သံဝဏ္ဏနာအမည်နှင့်တကွ အဋ္ဌကထာ ဆရာ၏အာဘောဂကို ဖော်ထုတ်ခဲ့ပါ။

၇။ ။(ဂ)အမှတ်ပါ ပိဟိတဒ္ဓါရဝါတပါနေသု-၌ နိရုတ္တိနည်းဖြင့် မည်သို့ ပိဟိတ-ပုဒ် ဖြစ်လာသည်ကို ရှင်းလင်းဖော်ပြပါ။

၈။ ။အိမ်ရာထောင်သူ လူ့အဖြစ်သည် အဘယ့်ကြောင့် ကျဉ်းမြောင်း၍ ရှင်, ရဟန်းအဖြစ်က အဘယ့်ကြောင့် လွင်ပြင်ကျယ်နှင့် တူသည်ကို ယုတ္တိပြ၍ ဖြေခဲ့ပါ။

၉။ ။ဗျာပန္နစိတ္တော ဟိတကာမေဟိ အာစရိယုပဇ္ဈာယေဟိ ဩဝဒိယမာနော ဩဝါဒံ နဂဏှာတိ၊ "အတိဝိယ မေ တုမှေ ဥပဒ္ဒဝေထာ" တိ အာဒီနိ ဝတွာ ဝိဗ္ဘမတိ ဟူသောပါဠိကို အဓိပ္ပာယ်မပျက်စေဘဲ ပဏ္ဏာဝတ္တာဂါထာ စီကုံးခဲ့ပါ။

၁၀။ ။အမှတ်(၉)ပါ စကားရပ်၌ န ဂဏှာတိ-၏အရ တရားကိုယ် ကောက်ယူလျက် ဌာယီဘာဝစသည် ထုတ်ပြခဲ့ပါ။

---

၁၉၈၈ (၁၃၅၀) ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ [ ဋ္ဌ၊၁၆၂။ ဋ္ဌသျ၊ ၂၊၁၁၄။ ဋ္ဌသျသစ်၊ ၂၊၁၃၆။ ]

---

၂။ ။(ဃ)အမှတ်ပြပါကျ သာဘောဂဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ)အမှတ်ပြပါကျဖြင့် "ရှင်ရဟန်း အဖြစ်သည် မကပ်ငြိတတ်သော အနက်သဘောသတ္တိကြောင့် လွန်တီးခေါင်နှင့် တူသည်၏အဖြစ်ကြောင့် အဗ္ဗောကာသမည်၏"ဟု ဆိုတော်မူ၏(ဋ္ဌပနာ)။ ရှင်,ရဟန်းသည် ပိတ်အပ်ပြီးသော တံခါးမ, လေသာပြူတင်း, တံခါးရွက်ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်ပြီးသော စုလစ်မွန်ချွန် အထွဋ်ရှိသောကျောင်း,ရတနာပြာသာဒ်, နတ်ဗိမာန်အစရှိသည်တို့၌ နေရသည်မဟုတ်ပါလော(အာဘောဂ)။ အဘယ်သို့ အဘယ်ပုံ လွန်တီးခေါင်နှင့်တူပါသနည်း(စောဒနာ)။ လွန်တီးခေါင်နှင့်တူပုံကို မပြဆိုက ဆရာ၌ စကားမပြန့်နှံ့သော အဗျာပိတဒေါသရောက်ရာ၏(ဒေါသ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)အမှတ်ပြပါကျကို မိန့်၏။

[သျှတက်ပုံ။ ။"အဘယ်သို့လျှင် ရဟန်း၏အဖြစ်သည် ငြိစွန်းခြင်း မရှိသည်ဖြစ်၍ လွန်တီးခေါင်နှင့်တူသနည်း"ဟု သူ့စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို ဖြေတော်မူလို၍ ပဗ္ဗဇိတောဟိ-အစရှိသော ပါဌ်ကို မိန့်သတည်း။ ဟိ-ကား ဝိတ္ထာရ ဇောတကတည်း။ သျှ။]

http://www.dhammadownload.com



ဝါကျတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ)အမှတ်ပြဝါကျဖြင့် သခေ်ပကို ဆိုတော်မူ၏(ဋ္ဌပနာ)။ သခေ်ပသည် ဝိတ္ထာရနှင့် မကင်းကောင်းသည် မဟုတ်ပါလော (အာဘောဂ)။ ဝိတ္ထာရကား အဘယ်ပါနည်း(စောဒနာ)။ ဝိတ္ထာရကို မပြဆိုက ဆရာ၌ သခေ်ပ,ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသရောက်ရာ၏(ဒေါသ)။ ဤသို့ စောဒနာဖွယ် ရှိ၍ ထိုစောဒကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)အမှတ်ပြ ဝါကျကို မိန့်။

---

၃။ ။ စောဒကာဘောဂါဒိစတုက္က

(၁) နနု ပဗ္ဗဇိတော ကူဋ္ဌာဂါရရတနပါသာဒဒေဝဝိမာနာဒီသု ပိဟိတ ဒွါရဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တော ဟောတိ (စောဒကာဘောဂ)။

(၂) အထ ကသ္မာ "အဗ္ဘောကာသော ပဗ္ဗဇ္ဇာ"တိ ဝုတ္တံ (စောဒနာ)။

(၃) နနု နေဝ လဂ္ဂတိ န သဇ္ဇတိ နဗဇ္ဈတိ (ပရိဟာရာဘောဂ)။

(၄) တသ္မာ "အဗ္ဘောကာသော ပဗ္ဗဇ္ဇာ"တိ ဝုတ္တံ (ပရိဟာရ)။

---

၄။ ။ အစိတ်ဝိဂ္ဂဟ

ရဇ္ဇန္တိတိ ရဇာနိ။ ရဇာနိ ဝိယာတိ ရဇာနိ။ အာပထတိ ဧတ္ထ, ဧတေနာတိ ဝါ အာပထော။

အပေါင်းဝိဂ္ဂဟ။ ။ ရဇာနံ အာပထော ရဇောပထော။

ဝစနာဒိဆက္က

(၁) ရဇောပထော-ဟူသော နိပ္ဖန္နသည် ဝစန။

(၂) ရဇာနံ အာပထော-ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

(၃) ရာဂအစရှိကုန်သော (ရာဂ, ဒေါသ, မောဟ) မြူတို့၏ ထရာ လာရောက်ရာ လာရောက်ကြောင်း အိမ်ဟူသောနေရာနှင့် ဌာနီ,ဌာန, အကျိုးအကြောင်း၏ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု။

(၄) ဝစနဟေတု ဓာတက မရ။

(၅) အိမ်ဟူသော နေရာဒြပ်သည် ဝစနီယ။

(၆) ရေဇာမင်္ဂေါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

[ထောက်ဖွယ်။ ။ ရဉ္ဇ ရာဂေ၊ရဇောမနောဂဏောပိ နပုံသကေ။ (ဓာန်၊ဋီ၊၃၉၅။) ရဉ္ဇတိတိ ရဇော၊ရဉ္ဇ ရာဂေ၊န-လောပေါ။ (ဓာတုပစ္စယဒီပနီ။ ၂၆၅။)ပထတိ ယာတျနေနာတိ ပထော။ (ဓာန်၊ဋီ၊၁၉၀။)ပထတိ ဂစ္ဆတိ ဧတ္ထာတိ ပထော။ (သုစိ၊၃၂၉။)တို့ကိုထောက်။ (နီတိ၊ဓာတု၊၇၃)၌ ကမ္မသာဓန ပြုသေး သည်။ ဤရဇောပထော-ပုဒ်နှင့်စပ်၍ သိဖွယ်ရာများကို နံပါတ်(၆)အဖြေ၌ ရှု]

---

၅။ ။ သမ္ဗန်ပုဒ်

အလဂ္ဂနဋ္ဌေန-ဟူသော ဟိတ်ပါဌ်ကို "အလဂ္ဂ နတ္ထေန"ဟု ဘာဝတဒ္ဓိတ်ပုဒ် ပြင်လျှင် ဖြစ်သင့်သောသမ္ဗန်ပုဒ်မှာ ပဗ္ဗဇ္ဇာယ-ဖြစ်ပါသည်။

34A

http://www.dhammadownload.com



ရသင့်တိုင်းစာစပ်

ပဗ္ဗဇ္ဇာယ–ကား "၏"ဟူ၍ အနက်ပေးသောကြောင့် အလဂ္ဂနတ္တေန–ဝယ် တ္တ–ပစ္စည်း၌ သမ္ဗန်,သတ္တိမန္တ၊တ္တ–ပစ္စည်းကား သမ္ဗန္ဓိ,သတ္တိ။

ပဗ္ဗဇ္ဇာယ–ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် အလဂ္ဂနတ္တေန–ဝယ် အလဂ္ဂန–ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ,တုလျတ်၊အလဂ္ဂန–ဟူသော ဘာဝ ယောဂပုဒ်ကား ဝါစက,လိင်္ဂတ်။

[ထောက်ဖွယ်။ ။ အဗ္ဘောကာသော ပဗ္ဗဇ္ဇာ–ပါဠိတော်ကို ထောက်၍ သမ္ဗန်ခဲ့သည်။ အလဂ္ဂနတ္တေန–ကို "မငြိကပ်တတ်သည်၏အဖြစ်ကြောင့်။ ဝါ၊ငြိကပ်ခြင်း မရှိသည်၏အဖြစ်ကြောင့်"ဟု ပေး။ ယင်းကို ထောက်က ပဗ္ဗဇ္ဇာယ–ဟူသော သမ္ဗန် ကတ္တားအနက်ပြန်သည်မှာ သိသာပါ၏။]

---

၆။ ။(က)အမှတ်ပြဝါကျ အံဘောဝဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျဖြင့် "ရဇောပထ"ဟူသည် ရာဂတည်းဟူသော မြူ အစရှိသည်တို့၏ ထရာအရပ်ပေတည်း။ ဤသို့ မဟာအဋ္ဌကထာ၌ ဆိုအပ်ပြီးသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

[သဒ္ဒတ္ထ အဖွင့်။ ။ ရာဂရဇာဒီနံ ဥဋ္ဌာနဋ္ဌာနံ–ဟူသော မဟာအဋ္ဌကထာ၏ အဖွင့်မှာ အဓိပ္ပါယ်ဖွင့် ဖြစ်သည်။ သဒ္ဒတ္ထအဖွင့်ကို မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ (၃၁၀)၌ "ရဇာပထောတိ ရာဂဒေါသမောဟရဇာနံ အာပထော၊အာဂမနဋ္ဌာနန္တိ အတ္ထော"ဟု လာသည်။ ဤသံယုတ်အဋ္ဌကထာဝါဒကို ရည်၍ "အာဂမနပထောတိပိ ဝဒန္တိ"ဟု ဆိုသည်။ သီလက္ခန္ဓဋီကာဟောင်း,သစ်တို့က "အဖွင့်နှစ်ရပ် သဘောအားဖြင့် အတူတူပင်၊သဒ္ဒါမျှသာ ထူးသည်"ဟု ဆိုကြကုန်၏။

ရဇောပထော, ရဇာပထော။ ။ပါဠိ, အဋ္ဌကထာ,ဋီကာတို့၌ ပါဌ် ၂–မျိုး ရှိသည်။ ရဇာပထော–ပါဌ် အရှိများသည်။ သျှ၊ သျှသစ်တို့၌လည်း အာ–နှင့်ပါဌ်ပင် ရှိသည်။ "ရဇော–ပုဒ်က မနောဂဏာဒိဂိုဏ်းဝင် ဖြစ်သောကြောင့် (သမာသ်တဒ္ဓိ၊လယ်ဩ–ရှိ–ဥပဒေအရ)ရဇောပထော–ပါဌ်သာ ရှိသင့်သည်"ဟု ဆရာတို့ ဆိုကြ၏။

သို့သော် ရဇောကိဏ္ဏာ။ (စူဠဝဂ္ဂ၊၄၄၂၊၄၇၆။ အင်္ဂုတ္တရ၊၃၊၁၀၂။)ရဇောဇလ္လ။ (ပါရာဇိကကဏ္ဍ၊၁၊၈၈။ ဒီဃနိကာယ မဟာဝဂ္ဂ၊ ၁၅။) မနောဓာတု။ (ဓာတုယမက) ပုဒ်တို့ကဲ့သို့ အစ၌ ဖျည်းရှိသော နောက်ပုဒ်နှင့်စပ်သည့် သမာသ်ပုဒ်တို့၌ သမာသ် အလယ်မှာ ဩ–နှင့် ရှိသည်ကို တွေ့ရသည်။ ရဇောနကိဏ္ဏာ။ (ဥဒါန၊၁၆၇။ နေတ္တိ၊ ၁၅၀။)ရဇာပဂတာ။ (စူဠနိဒ္ဒေသ၊၁၉၇။ စူဠနိဒ္ဒေသ၊၄၊၄၄။)ရဇုဋ္ဌာနဋ္ဌာန (ဓမ္မသင်္ဂဏီ၊၄၊၁၈၈။) မနာယတန။ (အာယတနယမက။)ပုဒ်တို့ကဲ့သို့ အစ၌ သရရှိသော နောက်ပုဒ်နှင့်စပ်သည့် သမာသ်ပုဒ်တို့၌ကား ဩ–နှင့် မရှိ၊ အာ–နှင့်ရှိသည်ကို တွေ့ရသည်။ ဤကိုထောက်က အာ–နှင့် ရဇာပထပါဌ်သာ ရှိသင့်သည် ထင်သည်။ "ပထ–ပုဒ်ဖြစ်က ဩ–နှင့်အာပထပုဒ်ဖြစ်က အာ–နှင့်ရှိသင့်သည်"ဟု ဆိုလိုပေသည်။ သံယုတ်အဋ္ဌကထာကို ထောက်က အာပထ–ပုဒ်ဖြစ်သည်။ ပထ–ပုဒ်ဖြစ်ကြောင်း တိုက်ရိုက်အဖွင့်ကိုမူကား မတွေ့ရ။

http://www.dhammadownload.com



သမာသ်တဒ္ဒိ၊လယ်ညြ-ရှိ-ဥပဒေသည် ရဇဂ္ဂ။ (အင်္ဂုတ္တရ၊ ၂၊၇၈။ ပုဂ္ဂလပညတ္တိ၊၁၇၅။)ရဇမလိ။ (မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၃၅၁။)ရဇမိဿ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၃၇) ရဇဝိရဟိတ။ (ဝိဘင်္ဂ၊ ဋ္ဌ၊ ၆၇။)ရဇရေဏု။ (ဇာတက၊၁၊၁၀၄။ ဇာတက၊ ဋ္ဌ၊ ၄၊ ၃၆၃)တို့ကိုထောက်က ယေဘုယျသာ။]

---

၇။ ။ နိရုတ္တိနည်းဖြင့် ရုပ်ဖြစ်လာပုံ

ပိဟိတ-၌ အပိ-ပုဗ္ဗ ဓာ-ဓာတ်, တ-ပစ္စည်း။ "အပိ ဓာ တ"ဟု ဆိုလိုလျက် အ-ကို ချေခြင်း ဝဏ္ဏလောပ,ဓာတ်၏အစိတ် အာ-ကို ဣ-ပြုခြင်း, ဓိ-ကို ဟိ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းတို့ဖြင့် "ပိဟိတ"ဟု ရုပ်ဖြစ်လာပါသည်။

(တစ်နည်း) "အပိ ဓာ တ"ဟု ဆိုလိုလျက် အ-ကို ချေခြင်း ဝဏ္ဏလောပ, ဓာ-ကို ဟိ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းတို့ဖြင့် "ပိဟိတ"ဟု ရုပ်ဖြစ်လာပါသည်။

[ထောက်ဖွယ်။ ။ဓာ-အပိ-ပုဗ္ဗော အစ္ဆာဒနေ။ (ဓာတွတ္ထသင်္ဂဟ၊ ၂၀၁) အပိ-ပုဗ္ဗော တဿ "တေသုဝုဒ္ဓိ"တိ အာဒိနာ အ-ကာရလောပေါ။ ပိဒဟတိ၊ (ရူ၊၅၀၈။)ကွစိဓာတုတိ အာဒိနာ ဓာတွန္တဿိကာရော။ ပိဒဟိတွာ။ (ရူ၊၆၄၁) နိဓိယိတ္ထာတိ နိဟိတော။ "ကွစိဓာတု"တိ အာဒိနာ ဓိဿ ဟိ,တ-ပစ္စယေ။ (ရူ၊ ၆၃၃။)တို့ကိုထောက်၍ ရှေ့နည်းကို ဆိုသည်။

ဓာဿ ဟိ၊ နိဟိတော။(မောဂ်၊၅၊၁၀၈။)မြန်မာမှု၌"ဓိဿဟိ, တ ပစ္စယေ" ဟုရှိသည်။ဤမောဂ္ဂလာန်နှင့် သီဟိုဠ်မူ ရူတို့ကိုထောက်၍ နောက်နည်းကို ဆိုသည်။ ဓိ-ကို ဟိ-ပြုသည်နှင့် ဓာ-ကို ဟိ-ပြုခြင်းသည် နည်းနှစ်ပါးထူးခြားချက်တည်း။]

---

၈။ ။လူ့ဘောင်သည် ကျဉ်းမြောင်း၍ ရဟန်းဘောင်သည် လွင်ပြင်ကျယ်နှင့် တူခြင်းအကြောင်း

အတောင်ခြောက်ဆယ်အတိုင်းအရှည်ရှိသော အိမ်၌သော်လည်းကောင်း, မယားလင်တို့၏အကြား ယူဇနာတစ်ရာခြားသော အရပ်၌သော်လည်းကောင်း, မယားလင်နှစ်ယောက်တို့သည် အကယ်၍ပင် နေကြရစေကုန်ဦးလော့၊ ထိုသို့ပင် နေကြရစေကာမူ ထိုမယားလင်တို့အား ဖိစီးနှိပ်စက်တတ်သော ရာဂအစရှိသော အန္တရာယ်,ထက်ဝန်းကျင်မှ ညှင်းဆဲတတ်သော လယ်, ယာ, ကိုင်း, ကျွန်းအစရှိသော အန္တရာယ်နှင့်တကွဖြစ်သော အနက်သဘောသတ္တိကြောင့် အိမ်ဟူသောနေရာသည် (တစ်နည်း) အိမ်ရာထောင်သူ လူ့အဖြစ် (လူ့ဘောင်)သည် ကျဉ်းမြောင်းပါသည်။

ရှင်, ရဟန်းသည် ပိတ်အပ်ပြီးသော တံခါးမ, လေသာပြူတင်း, တံခါးရွက်ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်ပြီးသော စုလစ်မွမ်းချွန်အထွဋ်ရှိသောကျောင်း, ရတနာပြာသာဒ်, နတ်ဗိမာန်အစရှိသည်တို့၌ နေပင်နေရစေကာမူ ကပ်ငြိနှောင်ဖွဲ့သည် မဟုတ်။ ထို့ကြောင့် ရှင်, ရဟန်းအဖြစ်သည် လွင်ပြင်ကျယ်နှင့် တူပါသည်။

(တစ်နည်း)ကုသိုလ်ကို ပြုခြင်းငှါ (တစ်နည်း) ကုသိုလ်ပြုခြင်း၏ အခွင့်မရှိသည်၏ အဖြစ်ကြောင့် (ကုသိုလ်ပြုခွင့်မရသောကြောင့်)အိမ်ဟူသောနေရာသည် (တစ်နည်း)အိမ်ရာထောင်သူ လူ့အဖြစ် (လူ့ဘောင်)သည် ကျဉ်းမြောင်းပါသည်။

http://www.dhammadownload.com



ရှင်,ရဟန်း၏အဖြစ်၌ ကုသိုလ်ပြုခြင်း၏အလိုရှိတိုင်း အခွင့်ထင်ရှားသည်၏ အဖြစ်ကြောင့် (ကုသိုလ်အလိုရှိတိုင်း ပြုခွင့်ရသောကြောင့်)ရှင်,ရဟန်းအဖြစ်သည် လွှင်ပြင်ကျယ်နှင့်တူပါသည်။ (ဠ၊၁၆၂။)

[စကားထပ်။ ။ပုဏ္ဏ၌ "အဘယ်ကြောင့် လွှင်ပြင်ကျယ်နှင့် တူသည်ကို ယုတ္တိ ပြ၍"ဟု သုံးထားသည်မှာ မကောင်း။စကားထပ်နေသည်။ အဘယ့်ကြောင့်–စကားနှင့်ယုတ္တိပြ၍–စကားသဘောတူဖြစ်၍ တစ်ခုခုပါလျှင် ပြီးသောကြောင့်တည်း]

---

၉။ ။ ပဏ္ဍုဝတ္တဂါထာစိ

အာစရိယေဟိ ဥပဇ္ဈာဟိ၊သမာနော အနုသာသိတော။

ဩဝါဒံ စိတ္တဗျာပန္နော၊ န,ဂဏှာတိ ဝိဘာဝမတိ။

မှတ်ချက်။ ။စရိ–၌ လဟုနှစ်လုံးကို ဂရုတစ်လုံး ယူပါသည်။ ဘာ၌ ဆန်းကြောင့် ဒွေးဘော်မရောက်၊ဒီဃရောက်နေရပါသည်။ (ဠ၊၁၉၁။)

---

၁၀။ ။ ဘာဝါလင်္ကာရ

(၁) နဂဏှာတိ–အရ အကျိုးစီးပွားကို အလိုရှိကုန်သော ဆရာ, ဥပဇ္ဈာယ် တို့သည် ဆုံးမအပ်သည်ရှိသော် အဆုံးအမကို မခံယူသောဒေါသဖြင့် ဖောက်ပြန်ခြင်းသို့ ရောက်သော စိတ်ရှိသောရဟန်း၏သန္တာန်၌ ခက်ထန်ကြမ်းတမ်းသော အခြင်းအရာ အားဖြင့်ဖြစ်သော ဒေါသပြဓာန်းသော စိတ္တုပ္ပါဒ်သည် ကောဓဒွေယီဘာဝ, ရုဒ္ဒရသ။

(၂) အကျိုးစီးပွားကို အလိုရှိကုန်သော ဆရာ,ဥပဇ္ဈာယ်တို့၏ အဆုံးအမ ဩဝါဒသည် အာရမ္ဘဏဝိဘာဝ။

(၃) အယောနိသောမနသိကာရသည် ဥဒ္ဒီပနဝိဘာဝ။

(၄) အတ္တာနုဝါဒဘေး,ပရာနုဝါဒဘေး,ဒဏ္ဍဘေး,ဒုဂ္ဂတိဘေးတို့နှင့် တွေ့ကြုံရခြင်းသည် အနုဘာဝ။

[ထောက်ဖွယ်။ ။ သုတ္တန္တိကမာတိကာ ဒေါဝစဿတာဒုက်၌ ဒေါဝစဿ တာ–အရ "ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရိုမသေပြုသောအခါ ဒေါသမူဒွေး၊စေတသိက်ဇာဝိသရ၏"ဟု ကောက်သည်ကို ထောက်။]

သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ မေးခွန်းအဖြေ ပြီး၏။

http://www.dhammadownload.com



## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ
## မေးခွန်းအဖြေ

### ၁၉၇၄ (၁၃၃၆) ခုနှစ် ဓမ္မာစရိယတန်း
### ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ ယံ တသ္မိံ သမယေ ဟိရီယတိ ဟိရီယိတဗ္ဗေန ဟိရီယတိ ပါပကာနံ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ-ကို အနက်မှန်မှန် ယောဇနာခဲ့ပါ။

၂။ ။ ယာ ကုသလစိတ္တဿ ဝါ အကုသလစိတ္တဿ ဝါ အဗျာကတစိတ္တဿ ဝါ ဝါစာ ဂိရာ ဗျပ္ပထော ဥဒီရဏံ ဃောသော ဃောသကမ္မံ ဝါစာ ဝစီဘေဒေါ-ကို ဝိညတ္တိသမုဋ္ဌာနကစိတ် သရုပ်ထင်စေလျက် အနက်ယောဇနာခဲ့ပါ။

၃။ ။ သပ္ပီတိကဘူမိယံ ကာမာဝစရေ ရူပါဝစရေ အပရိယာပန္နေ ပီတိံ ဌပေတွာ တံ သမ္ပယုတ္တော၊ဝေဒနာက္ခန္ဓော။ ပ။ ဝိညာဏက္ခန္ဓော-ကို ထည့်သင့်သော ပါဌသေသ ထည့်လျက် အနက်ယောဇနာခဲ့ပါ။

၄။ ။ စတူသု ဘူမိသု ဝိပါကော၊ ယဥ္စ ရူပံ ကမ္မဿ ကတတ္တာ။ ဣမေ ဓမ္မာ သိယာ ဥပ္ပန္နာ သိယာ ဥပါဒိနော၊န ဝတ္တဗ္ဗာ အနုပ္ပန္နာတိ-ကို ပါဌသေသနှင့်တကွ စ-သဒ္ဒါကို ယှဉ်သင့်သမျှ ယှဉ်လျက် အနက်ယောဇနာခဲ့ပါ။

၅။ ။ မဟာပုရိသဿ ယက္ခံ ဩလောကေတွာ ဝိဝဋ္ဋမတ္တေ အင်္ဂဇာလံ ဝိယ လောဟိတဇာလံ ဥဂ္ဂိရမာနံ တဿ မုခံ ဒိသွာပိ ကေသဂ္ဂမတ္တမ္ပိ ဒေါမနဿံ နုပ္ပဇ္ဇိ-ကို လက္ခဏဝန္တ ကံ ထည့်လျက် အနက်ယောဇနာခဲ့ပါ။

၆။ ။ အဗျာပဇ္ဇေ လောကေ ဥပ္ပန္နဿ ဝါပိ တဿ တတ္ထ သုခိနော ဓမ္မပဒါ ပိလဝန္တိ-ကို တ-၏အစွဲ ထင်စေလျက် အနက်ယောဇနာခဲ့ပါ။

၇။ ။ ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊သဗ္ဗံ အာရမ္ဘပစ္စယာ။ အာရမ္ဘာနံ နိရောဓေန၊နတ္ထိ ဒုက္ခဿ သမ္ဘဝေါ-ကို အနက်မှန်ကန်စွာ ယောဇနာခဲ့ပါ။

၈။ ။ သာ စ ကိဥ္စာပိ တံ နိမိတ္တံ ဥဂ္ဂါဠှေတိ၊သယံ ပန နိမိတ္တဓမ္မေသု စရတီတိ သနိမိတ္တာဝ ဟောတိ-ကို သာ-၏အစွဲထင်အောင် အနက်ယောဇနာခဲ့ပါ။

၉။ ။ အဋ္ဌဝိဂတံ ပေါထေတွာ ပထဝိယံ ပါတနပစ္စာမိတ္တာသဒိသာ ရော, နိဗ္ဗတ္တက္ခန္ဓာနံ ဒုဗ္ဗလပရာဓီနမဋ္ဌပရာယဏဘာဝကရဏတော-ကို ဟိတ်၏သမ္ဗန် ခံလျက် အနက်ယောဇနာခဲ့ပါ။

http://www.dhammadownload.com



၁၀။ ။ ပရေသံ ဥပကာရကရဏေ ဒါနာဒိနာ အာကာရေန ယထာ န သမ္ဘာရိယတိ၊ဇဝံ အာဝရိတွာ ဂဟိတဘာဝေါ စိတ္တသကို ရှေးနိယ်များနှင့်အညီ ပြင်၍ ထည့်သင့်သည်ကို ထည့်၍ အနက်ယောဇနာခဲ့ပါ။

---

၁၉၇၄ (၁၃၃၆) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။[ပါ၊ ၂၂။ ပါ·သျှ၊၅၂။ ၁၃၂၇၊၁၃၃၆–ခုနှစ်များကလည်း မေးခဲ့ပြီ]

---

၂။ ။ [သျှအတိုင်း ယောဇနာ။ ပါ၊၆၀။ ပါသျှ၊ ၂၆၇။၁၃၁၅–ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၃။ ။ [ဝေဒနာက္ခန္ဓော–နှင့် ဝိညာဏက္ခန္ဓော–နောင် ဟောတိထည့် ယောဇနာ။ ပါ၊ ၂၅၂။ ပါသျှ၊၄၂၇။]

---

၄။ ။ ["ဝိပါကော စ ဝိပါတ်သည်လည်းကောင်း"ဟု ဝိပါကောနှင့်လည်း ယှဉ်ယောဇနာ။ ပါ၊ ၂၇၂။ ပါသျှ၊၄၇၂။]

---

၅။ ။ [သျှအတိုင်း မုခေ–ကို ထည့်ယောဇနာ။ ဋ္ဌ၊၅၈။ ဋ္ဌသျှ၊၁၊ ၂၀၉]

---

၆။ ။ [သျှအတိုင်း ယောဇနာ။ ဋ္ဌ၊၁၁၈။ဋ္ဌသျှ၊၁၊၄၇၆။]

---

၇။ ။ [ဋ္ဌ၊၁၉၀။ ဋ္ဌသျှ၊ ၂၊၁၆၈။]

---

၈။ ။ [သျှအတိုင်း ယောဇနာ။ ဋ္ဌ၊ ၂၆၇။ဋ္ဌသျှ၊ ၂၊၄၉၅။]

---

၉။ ။ ဟိတ်၏သမ္ဗန်ခံလျက် အနက်
["ဇရာယ၊ ဇရာ၏"ဟု သမ္ဗန်ခံ။ ဟိတ်ဆိုက်လေရာ ကြိယာ၏ ကတ္တားမှာ ဇရာ–ဖြစ်သည်ကို သတိပြု။ ဋ္ဌ၊၃၆၅။ ဋ္ဌသျှ၊၃၊ ၂၈၂။]

---

၁၀။ ။ရှေးနိယ်များနှင့်အညီ ပြင်၍ ထည့်သင့်သည်ကို ထည့်၍အနက်
ပရေသံ၊တစ်ပါးကုန်သော သူတို့အား။ ဥပကာရ ကရဏေ၊ကျေးဇူးပြုခြင်း၌။ ဒါနာဒိနာ၊ အလှူအစရှိသော။ အာကာရေန၊အခြင်းအရာဖြင့်။ ယထာ ယေန အာကာရေန၊ အကြင်အခြင်းအရာဖြင့်။ (ဂဟိတမာနေ၊ ယူအပ်သည်ရှိသော်) န သမ္ဘာရိယတိ၊ မပြန့်။ ဇဝံ–တထာ–တေန–အာကာရေန၊ ထိုအခြင်းအရာဖြင့်။ စိတ္တဿ၊ စိတ်၏။ အာဝရိတွာ၊ပိတ်ပင်၍။ ဂဟိတဘာဝေါ၊ယူအပ်သည်၏ အဖြစ်တည်း။ [ဋ္ဌ၊ ၄၀၇။ ဋ္ဌသျှ၊၃၊၄၀၉။]

http://www.dhammadownload.com



[ရည်ညွှန်းသည့် နိယံ။ ။ ယထာ တထာ၊ဥပမာမဟုတ်၊ယင်းသို့ ထုတ်မှု–အစရှိသော နိယံ,ယထာ တထာ၊ တွေ့လေရာ၌၊ ပမာမဟုတ်၊ ကာရထုတ်မှု အစရှိသော နိယံ များကို ရည်မေးသည်။ ယင်းနိယံများကို ၁၉၈၁ (၁၃၄၂) ခုနှစ် သီလက္ခန်အဖြေ၌ ဖော်ပြခဲ့ပြီ။]

---

## ၁၉၇၄ (၁၃၃၆) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) အရိယာနံ အဒဿာဝီတိ အာဒီသု အရိယာတိ အာရကတ္တာ ကိလေသေဟိ အနယေ န ဣရိယနတော အယေ ဣရိယနတော သဒေဝကေန လောကေန စ အရဏီယတော။

(ခ) ဗုဒ္ဓါ စ ပစ္စေကဗုဒ္ဓါ စ ဗုဒ္ဓသာဝကာ စ ဝုစ္စန္တိ။

(ဂ)ဗုဒ္ဓါ ဧဝ ဝါ ဣဓ အရိယာ။ ယထာဟ"သဒေဝကေ ဘိက္ခဝေလောကေ ။ပ။ တထာဂတော အရိယော"တိ ဝုစ္စတိ။

(ဃ)သပ္ပုရိသာတိ ဧတ္ထ ပန ပစ္စေကဗုဒ္ဓါ တထာဂတသာဝကာ စ သပ္ပုရိသာတိ ဝေဒိတဗ္ဗာ။ တေ ဟိ လောကုတ္တရဂုဏယောဂေန သောဘနာ ပုရိသာတိ သပ္ပုရိသာ။

(င)သဗ္ဗေဝ ဝါ ဧတေ ဒွေဓာပိ ဝုတ္တာ။

၁။ ။(က)(ဂ)အမှတ်ပြ ပါဠိကျ သံဝဏ္ဏနာတို့ကိုရှုလျက် အရိယာနံ အဒဿာဝီ–ကို အနက်ယောဇနာခဲ့ပါ။

၂။ ။(ခ)အမှတ်ပြ ပါဠိကျကို ပါဠိနာဒိကျမ်းရိုးတက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန် မလိုပါ။)

၃။ ။(ဂ)အမှတ်ပြ ပါဠိကျ၌ပါသော ဝါ–သဒ္ဒါ,(င)အမှတ်ပြ ပါဠိကျ၌ပါသော ဝါ–သဒ္ဒါတို့ကို သဒ္ဒါ, နက်, ကြောင်း, ကျိုးတို့တွင် အဘာယ်ကို လဲလို၍ ထားသည်ကို သေချာစွာ ဖြေပါ။

၄။ ။(က)အမှတ်ပြ ပါဠိကျ၌ ပါသော သဒေဝကေန လောကေန စ အရဏီယတော–ဟူသော သံဝဏ္ဏနာကို ရှု၍ သံဝဏ္ဏေတဗ္ဗပုဒ်ကို ဝစနတ္ထပြလျက် ဗျုပ္ပတ္တျာဒိစတုက္က ထုတ်ပြပါ။

၅။ ။(ခ)အမှတ်ပြ ပါဠိကျရှိပုဒ်,(င)အမှတ်ပြ ပါဠိကျရှိပုဒ်တို့ကို သမာသ်ပုဒ် စသည်တို့ စိစစ်ပြပါ။

http://www.dhammadownload.com



၆။ ။(ဃ)အမှတ်ပြဝါကျကို အဋ္ဌကထာဘောဂ ဖော်ပြလျက် (င)အမှတ်ပြဝါကျကို အကြောင်းပြ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။

၇။ ။(ဂ)အမှတ်ပြဝါကျ၌ပါသော ဓဝ-သဒ္ဒါ, (င)အမှတ်ပြဝါကျ၌ပါသော ဓဝ-သဒ္ဒါတို့၏ ဂဟေတဗ္ဗတ္ထ,နိဝတ္တေတဗ္ဗတ္ထတို့ကို ဖြေလျက် (င)အမှတ်ပြဝါကျ၌ပါသော စတေ-သဒ္ဒါသည် ပဏ္ဏတ္တိဝိသယ-စသည်တို့တွင် အဘယ် ဖြစ်ပါသနည်း။

၈။ ။(ဂ)အမှတ်ပြဝါကျ၌ပါသော အာဟ-အရကို ကြိယာငါးတန် ထုတ်လျက် (ဂ)အမှတ်ပြဝါကျ၌ ယထာဟ သဒ္ဒေဝကော-အစရှိသည်၌ အဘယ်သိဒ္ဓိ ဖြစ်ပါသနည်း။

၉။ ။(ဂ)အမှတ်ပြဝါကျ၌ပါသော အာဟ-၏အရကို လက္ခဏာဒိစတုက္က ထုတ်ပြပါ။

၁၀။ ။(က)(ဂ)အမှတ်ပြဝါကျတို့ကို ရှမ္ဘော်လျက် (င)အမှတ်ပြဝါကျ၌ ပါသော စတေ-အရ ဖြစ်သင့်သော ပစ္စည်းတရား,ဝုတ္တာ-အရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားတို့ကိုဖော်ပြလျက် ကျေးဇူးပြုသော ပစ္စယသတ္တိနှင့်ပြိုင်နိုင်သော ပစ္စည်းများ ဖြေပါ။

---

၁၉၇၄ (၁၃၃၆) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။အရိယာနံ အဒဿာဝီ-ကို သံဝဏ္ဏနာတို့ကို ရှုလျက်အနက်
အရိယာနံ(၁)ကိလေသာတို့မှ ဝေးတော်မူသော,(၂)(ဝါ)အစီးအပွား မဟုတ်သောအကျင့်၌,(ဝါ)ကြီးပွားကြောင်း မဟုတ်သောအကျင့်၌ သတ္တလောကကို မဖြစ်စေတတ်မကျင့်စေတတ်သော,(၃)(ဝါ) အစီးအပွားဖြစ်သောအကျင့်၌,(ဝါ)ကြီးပွား ကြောင်းဖြစ်သော အကျင့်၌ ဖြစ်စေတတ်ကျင့်စေတတ်သော,(၄)(ဝါ)နတ်နှင့်တကွသော သတ္တလောကသည် ဆည်းကပ်အပ်သော-ဘုရားရှင်တို့ကို။ အဒဿာဝီ၊ ဉာဏ်မျက်စိဖြင့် ဖူးမြင်ခြင်းအလေ့မရှိသော။ (ပုထုဇ္ဇနော-၌ စပ်။) [ဋ္ဌ၊၃၈၄။ ဋ္ဌသျ၊၃၊၃၃၈]

[ထောက်ဖွယ်။ ။ အနယေတိ အဝုမိယံ, အနုပါယေဝါ။ န ဣရိယန တောတိ လောကဿ အပ္ပဝတ္တာပနတော။ အယေ ဝုမိယံ,ဥပါယေ ဝါ၊အရဏီ ယတောတိ ပယိရုပါသိတဗ္ဗတော။ (ယောဇနာ။ ၂၀၁။)

"ဝုစ္စတိတိ"ဟု ရှိရမည်။ ။ (ဂ)အမှတ်ပြဝါကျ၌ "ဝုစ္စတိတိ"ဟု ဣတိ-ပါ ရှိရမည်။ အဋ္ဌကထာ၌ ဣတိ-ပါ ရှိသည်။ မေးခွန်း စာကူးကျဟန်ရှိသည်]

http://www.dhammadownload.com



၂။ ။(ခ)အမှတ်ပြဝါကျ ပါပနာဒိကျမ်းရိုးတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် အရိယပုဒ်၏ အဘိဓာနတ္ထကို ဆိုတော်မူ၏(ဌပနာ)။ ယင်းသို့ အဘိဓာနတ္ထကိုသာဆိုသည်ရှိသော် အဘိဓာနတ္ထသာရှိ၏ သရုပ်ကြားအဘိဓေယျတ္ထ(အဓိပ္ပေတတ္ထ)မရှိ-ဟူသော အနက်သည် ရောက်၏(အနုလောမပါပနာ)။ စင်စစ်တမူကား သရုပ်ကြားအဘိဓေယျတ္ထသည် ရှိ၏(ပဋိလောမပါပနာ)။ ထိုသို့ရှိသောကြောင့် သရုပ်ကြားအဘိဓေယျတ္ထကိုလည်း ဆိုသင့်၏ (အနုလောမရောပနာ)။ အဘိဓာနတ္ထကိုသာမဆိုသင့် (ပဋိလောမရောပနာ)။ မဆိုသင့်ဘဲလျက် ဆိုချေသော် ဆရာ၌ အဗျာပိတဒေါသရောက်ခဲ့ရာ၏(ဒေါသာရောပန)။ သရုပ်ကြားအဘိဓေယျတ္ထကား အဘယ်ပါနည်း(စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

[ကျက်။ ။မေး, ဖြေ စ၍၊ မဆွရှေးဖြား၊ သူ့စကားကို၊ ကိုင်ထား ဌပနာ၊ ပြုပြီးခါမှ၊ ရောက်ရာပြစ်စု၊ အနု, ပဋိ၊ တင်ဘိ ပါပန၊ တဝရောပနာ၊ တင်ပါ လဒ္ဓ၊ ပြင်ဒေါသသည်၊ စုဒ်ကြ ငါးဖြာ၊ ကျမ်းရိုးတည်း။(ပေါရာဏ။)]

---

၃။ ။ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း

(ဂ)အမှတ်ပြဝါကျ၌ ပါသော ဝါ-သဒ္ဒါကို သဒ္ဒါ, အနက်, ကြောင်,ကျိုးတို့တွင် အရိယ-သဒ္ဒါ၏ ဗုဒ္ဓ,ပစ္စေကဗုဒ္ဓ,ဗုဒ္ဓသာဝက-ဟူသော အနက် (သရုပ်ကြားအဘိဓေယျတ္ထ)မှတစ်ပါး ဗုဒ္ဓ-ဟူသောအနက် (သရုပ်ကြားအဘိဓေယျတ္ထ)တစ်ပါးကို လဲလို၍ ထားပါသည်။ [ရှေ့နည်း၌ ရသင့်တိုင်းယူသည်။ နောက်နည်း၌ ရသင့်တိုင်း မယူဘဲ အတိသယနည်းအားဖြင့် ဗုဒ္ဓကိုသာ ယူသည်။]

(င)အမှတ်ပြဝါကျ၌ ပါသော ဝါ-သဒ္ဒါကို,သဒ္ဒါ,နက်,ကြောင်း,ကျိုးတို့တွင် သပ္ပုရိသ-သဒ္ဒါ၏ ပစ္စေကဗုဒ္ဓ,ဗုဒ္ဓသာဝက-ဟူသောအနက် (သရုပ်ကြားအဘိဓေယျတ္ထ)မှတစ်ပါး ဗုဒ္ဓ,ပစ္စေကဗုဒ္ဓ,ဗုဒ္ဓသာဝက-ဟူသော အနက် (သရုပ်ကြားအဘိဓေယျတ္ထ)တစ်ပါးကိုလဲလို၍ ထားပါသည်၊ [ရှေ့နည်း၌ အရိယ-၏အရ ဗုဒ္ဓကို ယူပြီးဖြစ်သောကြောင့် ပါရိသေသနည်းအားဖြင့် ပစ္စေကဗုဒ္ဓနှင့်ဗုဒ္ဓသာဝက-ကိုသာ ယူသည်။ နောက်နည်း၌ ရသင့်တိုင်း ယူသည်။]

[သဒ္ဒါ,အနက်,အကြောင်း,အကျိုး ယူပုံ။ ။ သံဝဏ္ဏေတဗ္ဗဖြစ်သော သဒ္ဒါ (သံဝဏ္ဏေတဗ္ဗ)ကို "သဒ္ဒါ"ဟုယူ။ သံဝဏ္ဏနာဖြစ်သောအနက် (သံဝဏ္ဏနာ)ကို "အနက်"ဟု ယူ။ သံဝဏ္ဏနာ၌ ပြသောအကြောင်း (သံဝဏ္ဏနာပြအကြောင်း)ကို "အကြောင်း"ဟု ယူ။ သံဝဏ္ဏနာ၌ ပြသောအကျိုး (သံဝဏ္ဏနာပြအကျိုး)ကို "အကျိုး"ဟု ယူ။ ဤသို့အားဖြင့် သံဝဏ္ဏေတဗ္ဗ၌ သဒ္ဒါ ၁-မျိုး,သံဝဏ္ဏနာ၌ အနက်,အကြောင်း, အကျိုး ၃-မျိုးဖြစ်သင့်၏။ ထိုတွင် အကြောင်းပြသံဝဏ္ဏနာ အကျိုးပြသံဝဏ္ဏနာမှ ကြွင်းသော သံဝဏ္ဏနာကို "အနက်"ဟုယူ။ ကျယ်ကို ၁၃၁၅-ခုနှစ် အဖြေ၌ရှု]

---

၄။ ။ ဝစနတ္ထ

သဒေဝကေန လောကေန အရဏီယာ (အရဏီယာ) ဥပဂန္တဗ္ဗာတိ အရိယာ။ (ဂဏ္ဌိ။ ၄၇၇။)

http://www.dhammadownload.com



ဗျပ္ပတ္တျာဒိစတုက္က
အဘိဓာန်ဋီကာအလို အားဖြင့် –
(၁) အ–ဟူသော, ရိ–ဟူသော, ယ–ဟူသော အစိတ်စိတ်သော ပရမတ္ထသဒ္ဒါ သည် ဗျပ္ပတ္တိ။
(၂) အရ–ဓာတ်,ဏျ–ပစ္စည်းသည်လည်းကောင်း (ဣ–ကား အာဂုံတည်း), အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော ဆည်းကပ်ခြင်းကြိယာသည် လည်းကောင်း ဗျပ္ပတ္တိနိမိတ်။
(၃) အရိယာ–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။
(၄) အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဆည်းကပ်ခြင်း ကြိယာသည် ပဝတ္တိနိမိတ်။
သောဒစိန္တာဒီပနီ အလိုအားဖြင့်–
(၁) သဒေဝကေန လောကေန အရဏီယာ (အရဏိယာ)ဥပဂန္တဗ္ဗာ–ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျပ္ပတ္တိ။
(၂) တူ၏။
(၃) အရိယာ–ဟူသော နိပ္ဖန္နသည် ပဝတ္တိ။
(၄) တူ၏။
ဟကျက်။ ။ပရမတ္ထောဝ ဗျုပ္ပတ္တိ၊ တံ နိမိတ္တံ တု ဓာတွာဒိ။
ပဝတ္တိ ဟောတိ ပညတ္တိ၊တံနိမိတ္တံ တု ဓာတျာဒိ။
ဝိဂ္ဂဟော ဧဝ ဗျုပ္ပတ္တိ၊ နိပ္ဖန္နော ပဝတ္တိ မတော။
ဒွေ နိမိတ္တာနိ ဘိဓာန၊ ဋီကာယံ ဝုတ္တသဒိသာ။
(အကျယ်ကို ၁၃၁၅–ခုနှစ် အဖြေ၌ ရှု။)]

---

၅။ ။ သမာသပဒါဒိဝိဘာဂ (သမာသာဒိပဒဝိဘာဂ)
ဗုဒ္ဓါ–ကား ကိတ်သုဒ္ဓနာမ်ပုဒ်။
စ (၃–လုံး)–ကား နိပါတ်ပုဒ်။
ပစ္စေကဗုဒ္ဓါ–ကား သမာသ်သုဒ္ဓနာမ်ပုဒ်။
ဗုဒ္ဓသာဝကာ–ကား သမာသ်နာမ်ပုဒ်။
ဝုစ္စန္တိ–ကား အာချာတ်ပုဒ်။
သဗ္ဗေ–ကား သဗ္ဗနာမ်ပုဒ်။
ဝေ–ကား နိပါတ်ပုဒ်။
ဝါ–ကား နိပါတ်ပုဒ်။
ဧတေ–ကား သဗ္ဗနာမ်ပုဒ်။
ဒွေဓာ–ကား တဒ္ဒိတ်နာမ်ပုဒ်။
ပိ–ကား နိပါတ်ပုဒ်။ (တစ်နည်း)
အပိ–ကား ဥပသာရပုဒ်။
ဝုတ္တာ–ကား ကိတ်နာမ်ပုဒ်။
[နာမပဒ–နှင့် သုဒ္ဓနာမပဒ ထူးခြားချက်။ ။ ပုဒ်အချင်းချင်း ချဉ်း၍ သမာသ်ပြီးလတ်သော် ဝါကျအနက်အတွင်းမငုပ်လျှင် သမာသနာမပဒမည်၏။ ငုပ်လျှင်

http://www.dhammadownload.com



သမာသသုဒ္ဓနာမပဒ မည်၏။ ပုဒ်နှင့်ပစ္စည်းချဉ်း၍ တဒ္ဓိတ်ပြီးလတ်သော် ဝါကျအနက်အတွင်းမငုပ်လျှင် တဒ္ဓိတနာမပဒမည်၏။ ငုပ်လျှင် တဒ္ဓိတသုဒ္ဓနာမပဒမည်၏။ ဓာတ်နှင့်ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ဝါကျအနက်အတွင်းမငုပ်လျှင် ကိတနာမပဒမည်၏။ ငုပ်လျှင် ကိတသုဒ္ဓနာမပဒမည်၏။ (အကျယ်ကို ပုဒ်စစ်ကျမ်း၌ ရှု။)

ဒွိဓာ-ကား နိပါတ်။ ။ဓာ-ပစ္စည်းအဆုံးရှိသော ပုဒ်များကို (နီတိ,ရူ) တို့၌ အဝိဘတ္တိယုတ္တနိပါတ်များတွင် အောက်ပါအတိုင်းဖော်ပြထား၍ ဒွိ-ဓာပုဒ်ကို "နိပါတ်ပုဒ်"ဟု သိရာ၏။

ဓာ-ဣတိ ဝိဘာဂတ္ထေ။ ဧကဓာ၊ဒွိဓာ။ (နီတိ၊သုတ္တ၊နှာ၊၃၉၀။) ဓာ, ကွတ္တုံ,သကိဥ္စ သချာဝိဘာဂေ။ ဇဝံ နာမချာတောပသဂ္ဂဝိနိမုတ္တံ ယဒ ဗျယလက္ခဏံ၊ တံ သဗ္ဗံ နိပါတပဒန္တိ ဝေဒိတဗ္ဗံ။ (ရူ၊နှာ၊၁၃၅၊၆။)တို့ကို ထောက်။

တုန, တွာန, တဝေ, တွာ, တုံ၊ဓာ, သော, ထာကွတ္တုမေဝစ။ ပ။ ယာဒေသောစာ ဗျယံ ဘဝေ။ (ဓာန်၊၁၂၀၃။)ကိုလည်း ထောက်။

ပိ-နှင့် အပိ-ထူးခြားချက်။ ။ ဓနေတွာပီတိ ဧတ္ထ ပိ-သဒ္ဒေါ, အပိသဒ္ဒေါ ဝါ သမ္ဘာဝနတ္ထော။ (သီဋီသစ်၊၁၊၁၄၆။)ကိုထောက်၍ ဒွေဓာပိ-ကို "ဒွေဓာ+ပိ၊ဒွေဓာ+အပိ"ဟု နှစ်နည်း ပုဒ်ဖြတ်။

သေယျထာတိ ဩပမ္မတ္ထေ နိပါတော၊ပီတိ သမ္ဘာဝနတ္ထေ (နိပါတော)။ ဥဘယေနာပိ ယထာ နာမ ဗြာဟ္မဏာတိ ဒဿေတိ။ (ပါရာဇိကကဏ္ဍဋ္ဌ၊၁၊ ၁၀၈။ )အဋ္ဌကထာနရူပေန ပိ-သဒ္ဒေါပိ နိပါတော သု ဣစ္ဆိတဗ္ဗော။ (နီတိ၊ သုတ္တ၊ နှာ၊၃၉၃။)အပိ-သဒ္ဒေါ ဝိယ သမ္ဘာဝနတ္ထော နိပါတဘူတော ပိ-သဒ္ဒေါပိ အတ္ထီတိ ကတွာ ဝုတ္တံ"အဋ္ဌပီတိ၊ပိသဒ္ဒေါ"တိ၊ကေစိ ပန အကာရလောပံ ကတွာ ပိသဒ္ဒေါတိ၊ ဝုတ္တန္တိ ဝဒန္တိ၊တံ န ယုဇ္ဇတိ,နိပါတာနံ အနေကတ္တတာ နိပါတဘူတဿ ပိသဒ္ဒဿပိ ဝိဇ္ဇမာနတ္တာ၊ဧဝဥ္စ ကတွာ ပါရာဇိကေ ကဏ္ဍဋီကာယံ (သာရတ္ထ၊၁၊၃၅၀။)"အပိ"တိ အဝတွာ"ပိ"တိ ဝဒန္တော"ပိ-သဒ္ဒေါ ဝိသုံ အတ္ထိ နိပါတောတိ ဒဿေတိ"တိ ဝုတ္တံ (မဏိမဥ္ဇူ၊၁၊၁၇၁။)တို့ကိုထောက်၍ နိပါတ် ပိ-သဒ္ဒါရှိသည်ကို (ပိ-သဒ္ဒါနိပါတ်ဖြစ်သည်ကို)သိရာ၏။အပိ-သဒ္ဒါ ဥပသာရ ဖြစ်သည်မှာ ထင်ရှား၏။ "ပိသည် နိပါတ်ပုဒ်၊အပိ-ကား ဥပသာရပုဒ်"ဟုအထူးမှတ်။

နိပါတ်ပုဒ်သာ ထိုက်သည်အားလျော်စွာ ပုဒ်တို့၏ အစ,အလယ်,အဆုံးတို့၌ ကျရောက်နိုင်၏။ အပိဓာတိ(ပိတ်၏)အပိဓာန(အပိတ်)စသည်ကဲ့သို့ အာချာတ်ကိရိယာ ကိတ်ကိရိယာ၏ရှေ့၌နေသော အပိဥပသာရပုဒ်မှတပါးသော ဥပသာရပုဒ်ကား ပုဒ်တို့၏အစ၌ မကျရောက်နိုင်၊ထို့ကြောင့်"အပိ ဒိဗ္ဗေသု ကာမေ သုစသည်၌ အပိကား နိပါတ် အပိသာတည်း၊နိပါတ် အပိလည်းရှိသည်ဟုသိရာ ၏၊ပိသည် နိပါတ်ပုဒ်၊ပုဒ်တို့၏အလယ်,အဆုံးတို့၌ ကျရောက်၏ အပိကား ဥပသာရပုဒ်လည်း ရှိ၏၊နိပါတ်ပုဒ်လည်းရှိ၏ ပုဒ်တို့၏အစ,အလယ်,အဆုံးတို့၌ကျရောက်၏ ဤသို့ ပိနှင့်အပိ အထူးကိုသိရာ၏၊ ပိနိပါတ်နှင့်အပိနိပါတ် အထူးကို ဤပုဒ်တို့၏အလယ်, အဆုံးတို့၌ ကျရောက်မှုနှင့်အစ,အလယ်,အဆုံးတို့၌ ကျရောက်မှု"ဟုသိရာ၏။ အပိသဒ္ဒေါပိ စနိပါတပက္ခိကော ကာတဗ္ဗော၊ယတ္ထ ကိရိယာဝါစကပဒတော၊ပုဗ္ဗော

http://www.dhammadownload.com



န ဟောတိ တံ ယထာ? အပိဒိဗ္ဗေသု ကာမေသု ရတိံ သော နာဓိဂစ္ဆတိ။ တေသု ပိသဒ္ဒေါ ပဒမဇ္ဈေ ပဒါဝသာနေစ နိပတတိ အပိသဒ္ဒေါ ပန ပဒါဒိမှိ ပဒမဇ္ဈေ ပဒါဝသာနေစ နိပတတိ။ (နီတိသုတ္တ၊နှာ၊ ၃၉၃။)

---

ဖ။ ။(ဃ)အမှတ်ပြဝါကျ အာဘောဂ

(ဃ)အမှတ်ပြဝါကျရှိ ပန-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သံဝဏ္ဏေတဗ္ဗပုဒ် တစ်ပါးကို ပြောင်းလဲဖွင့်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

သမ္ပုရိသာတိ ဧတ္ထ ပစ္စေကဗုဒ္ဓါ တထာဂတသာဝကာစ သမ္ပုရိသာတိ ဝေဒိတဗ္ဗာ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သမ္ပုရိသ-၏အရ (အရိယ၏ အရ ဗုဒ္ဓကို ယူပြီးဖြစ်သောကြောင့် ပါရိသေသနည်းအားဖြင့်)ပစ္စေကဗုဒ္ဓ,ဗုဒ္ဓသာဝကတို့ကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

သောဘနာ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သံ-ဥပသာရ၏သောဘန အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

သောဘနာ ပုရိသာတိ သမ္ပုရိသာ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သမ္ပုရိသာ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ပါဒိပုဗ္ဗပဒကမ္မဓာရယ် သမာသ်ပုဒ်၏အဖြစ်,ယင်းပါဒိ ပုဗ္ဗပဒကမ္မဓာရယ် သမာသ်ပုဒ်၏ တုလျအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ (တစ်နည်း)သမ္ပုရိသာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "သောဘနာ ပုရိသာ သမ္ပုရိသာ"ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ် သမာသ်ဝိဂ္ဂဟပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

တေ ဟိ လောကုတ္တရဂုဏယောဂေန သောဘနာ ပုရိသာတိ သမ္ပုရိသာ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် လောကုတ္တရာဂုဏ်ကျေးဇူးတို့နှင့် ယှဉ်ခြင်းကြောင့် ကျေးဇူးဂုဏ်ဖြင့် တင့်တယ်ကုန်သောယောကျ်ားမြတ်တို့ဖြစ်သောကြောင့် ထိုပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့သည် "သမ္ပုရိသမည်ကုန်၏"ဟု သမ္ပုရိသမည်ခြင်း၏ အကြောင်း၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

[သမ္ပုရိသ-၌ သ-အဆန်း။ ။ အများအားဖြင့် သမ္ပုရိသ-ပုဒ်ကို "သန္တော ပုရိသော သမ္ပုရိသော"ဟု သန္တ-ပုဒ်ဖြင့် ဖွင့်ကြ ဝိဂ္ဂဟပြုကြသည်။ ဤ၌ကား "သောဘနာ ပုရိသာ သမ္ပုရိသာ"ဟု သံ-ပုဒ်ဖြင့် ဝိဂ္ဂဟပြုထားသည်မှာ ဆန်းလှ (ငတ်လှ)အတွေ့အကြုံနည်းလှသည်။ သံ-ပုဒ်,ပုရိသ-ပုဒ်၊သံ-၌ရှိသော နိဂ္ဂဟိတ်ကို ပ-ပြု၍ ပြီးနေသည်။ သံ-သည် သဋ္ဌိ ကတွာတိ သောဘနဋ္ဌိ ကတွာ။ (သာရတ္ထ၊၁၊၄၅၀။)၌ကဲ့သို့ သောဘနအနက်ကို ဟောသည်။

သောဘနော ပုရိသော သမ္ပုရိသော။ ဧတ္ထ စ သံ-သဒ္ဒဿ အတ္ထံ ဂဟေတွာ ဓဝံ အတ္ထော ဝုစ္စတိ။ ဧတ္ထ ဟိ နိဂ္ဂဟိတံ ပ-ကာရေ ပရေ ပ-ကာရတ္တမာပဇ္ဇတိ "စိရပ္ပဝါသိံ၊ ဟတ္ထိပ္ပဘိန္နံ ဝိယ အင်္ကုသဂ္ဂဟောတိ ပါဠေသု ဝိယ။ ယထာ ပန "သဒ္ဓါ သဒ္ဒဟနာ"တိ အာဒိသု နိဂ္ဂဟိတံ ဓ-ကာရ, ဒ-ကာရေသု ပရေသု ဒကာရတ္တမာပဇ္ဇတိ၊ဓဝံ "သမ္ပုရိသော"တိ ဧတ္ထာပိ နိဂ္ဂဟိတံ ပ-ကာရေ ပ-ကာရ တ္တမာပဇ္ဇတိ။ (နီတိ၊သုတ္တ၊၇၀၂။)

http://www.dhammadownload.com



သန္တ-ပုဒ်ဖြင့် ပြီးရာ၌ ရှုအလို သန္တ-ကို သ-ပြု၊ပ-ဒွေဘော်ဆောင်။ နိတိအလို သန္တ-၌ န္တ-ကို အံ-ပြု၊ အံ-ကို ပ-ပြု၊သန္တော စ သော ပုရိသောစာတိ သပ္ပုရိသော၊"သန္တ-သဒ္ဒဿ သော ဘော ဗော စန္တေ" တိ ဧတ္တ စ-သဒ္ဒေန သန္တ-သဒ္ဒဿ သမာသေ အဘကာရေပိ သာဒေသော။ (ရူ၊ ၃၄၁။) သန္တ-သဒ္ဒါဒေသာဒိပရဏ္ဍ (ဒွေဘာဝံ)။ (ရူ၊၄၀။)ပညတ္တိယံ ဝတ္တမာနဿ သန္တ-သဒ္ဒဿ န္တ-သဒ္ဒေါ အ-မာပဇ္ဇတိ သိမှိ။ သံ၊ သပ္ပုရိသော။ (နိတိ၊သုတ္တ။ ၃၈၂။)]

(င)အမှတ်ပြဝါကျ အကြောင်းပြ၍ သံဝဏ္ဏနာအမည်

(င)အမှတ်ပြဝါကျရှိ ဝါ-ဟူသော သံဝဏ္ဏနာသည် သပ္ပုရိသ-၏အရကို တစ်နည်းတစ်ဖုံအားဖြင့် ကောက်သည်၏အဖြစ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ သံဝဏ္ဏနာမည်၏။

သဗ္ဗေဝဧတေ ဒွေဓာပိဝုတ္တာ-ဟူသော သံဝဏ္ဏနာသည် "သပ္ပုရိသ"ဟူသည် "ဗုဒ္ဓ,ပစ္စေကဗုဒ္ဓ,ဗုဒ္ဓသာဝကတို့ပင်တည်း"ဟု သရုပ်ကြားအနက်ကို ဖွင့်သောကြောင့် သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာမည်၏။ [အကြောင်းပြ၍ သံဝဏ္ဏနာအမည်ပေး ခဲ့ပါ-ဟူသော ဤမေးခွန်းမျိုး၌ သံဝဏ္ဏနာ စစ်ဆိုရိုးသွားဖြင့် ဖြေပါ။]

---

၇။ ။ ဓဝ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ,နိဝတ္တေတဗ္ဗတ္ထ

(ဂ)အမှတ်ပြဝါကျ၌ ဗုဒ္ဓါ-နောင်ပါသော ဓဝ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထကား ဗုဒ္ဓဖြစ်ပါသည်။ နိဝတ္တေတဗ္ဗတ္ထကား ပစ္စေကဗုဒ္ဓ,ဗုဒ္ဓသာဝကတို့ ဖြစ်ပါသည်။

(င)အမှတ်ပြဝါကျ၌ သဗ္ဗေ-နောင်ပါသော ဓဝ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထကား ဗုဒ္ဓ,ပစ္စေကဗုဒ္ဓ,ဗုဒ္ဓသာဝကအပေါင်း (အားလုံး)ဖြစ်ပါသည်။ နိဝတ္တေတဗ္ဗတ္ထကား အစိတ် (အချို့)ဖြစ်ပါသည်။

[ကျက်။ ။ဒြပ်နောင်ပေ၊ ဓဝ-နေ၊ ကန့်လေ ဒြပ်ချင်း။ (တောင်တွင်းနိယံ။ ၁၃၂။)

ဓဝ-သဒ္ဒါ၊ကန့်လေရာလည်း၊ကံမှာ ကံချင်း၊ကတ္တားချင်း။
(ဘုရားကြီးနိယံ။ ၉၂။)

အပေါင်းနောင်ထိုင်သည့် ဓဝ-သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ။ ။ အပေါင်းဟော သကလ,သဗ္ဗ-စသော သဒ္ဒါနောင်ထိုင်သော စ, ပိ-သဒ္ဒါတို့သည် အစိတ်ကို ဆည်းသည်။ အပေါင်းနောက်ယှဉ်၊ ထိုင်သည့် စ, ပိ၊ ရှုသည့်သဒ္ဒါ၊ ဆည်းရာကြောင်း ဟိတ်၊ ခတ်ကြိတ်ကြိတ်၊ အစိတ်အစိတ်နေ။ (တောင်တွင်း နိယံ၊၅၆။)ကို ထောက်။

ထို့အတူ အပေါင်းဟောသဒ္ဒါနောင် ထိုင်သော ဓဝ-သဒ္ဒါလည်း "အစိတ်ကို ကန့်သည်"ဟု သိအပ်၏။ အဘယ်ကြောင့်နည်း ဟူမူ-စ,ပိသဒ္ဒါတို့ ဆည်းရာနှင့် ဓဝ-သဒ္ဒါ ကန့်ရာသည် သဘောတူသောကြောင့်တည်း။ စ,ပိ-သဒ္ဒါတို့ ဆည်းရာနှင့် ဓဝ-သဒ္ဒါ ကန့်ရာသည် သဘောတူသည်ကို စ,ပိ-သဒ္ဒါ၊ဆည်းလေရာ၊ကံမှာ ကံချင်း၊ကတ္တားချင်း။ ဓဝသဒ္ဒါ၊ကန့်လေရာလည်း၊ကံမှာကံချင်း၊ကတ္တားချင်း။ (ဘုရားကြီးနိယံ။ ၉၁၊ ၉၂။)တို့ကို ထောက်။

ပါဠိသာဓကမှာ-သဗ္ဗေသမ္ပိ ဇုတိစိတ္တာ ရူပံ န သမုဋ္ဌာပေတိ။ (အဘိဓမ္မတ္ထ ဝိဘာဝိနီ၊၁၉၁။) သဗ္ဗေသမ္ပိ ပုထုဇ္ဇနသေက္ခာသေက္ခသင်္ခါတာနံ နိရဝသေသာနံ သတ္တာနံ။ ပိ-သဒ္ဒေါ အဝယဝတ္ထသမ္ပိဏ္ဍနတ္ထော။ ပုထုဇ္ဇနာနမ္ပိ သေက္ခာနမ္ပိ

http://www.dhammadownload.com



အသေက္ခာနမ္ပိတိ အတ္ထော။ အ၀ဓာရဏတ္ထော၀ါ ပိ-သဒ္ဒေါ,နိပါတာနမနေကတ္ထတ္တာ။ သဗ္ဗေသမေ၀ သတ္တာနံ၊န ဧကစ္စာနမေ၀ါတိ အတ္ထော။(မဏိမဥ္ဇူ ၂၊၁၈၆။)ဖြစ်၏။

ယင်းသို့ အပေါင်းဟောသဒ္ဒါနောင် ထိုင်သော စ၀-သဒ္ဒါ၏ နိ၀တ္တေတဗ္ဗတ္ထမှာ အစိတ်ဖြစ်သောကြောင့် အပေါင်းဟောသဒ္ဒါနောင် ထိုင်သော စ, ပိ-သဒ္ဒါတို့ ဆည်းရာ၌ ဖေါ်ပြပါနိယံကို အတုယူ၍ "အပေါင်းနောက်ယိုင်၊ ထိုင်သည့် စ၀၊ ရှိသည့် သဒ္ဒါ၊ ကန့်ရာ ကြောင်းဟိတ်၊ခတ်ကြိတ်ကြိတ်၊ အစိတ် အစိတ်နေ"ဟု စပ်ဆိုမှတ်သားရာ၏]

တေ-သဒ္ဒါ၏ အမျိုးအစ

(၄)အမှတ်ပြ၀ါကျ၌ပါသော တေ-သဒ္ဒါသည် ရှေ့ ၂-၀ါကျမှ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ,ဗုဒ္ဓသာ၀ကဒြပ်ကို စွဲသောကြောင့် ပက္ကန္တ၀ိသယတေ-ဖြစ်ပါသည်။

ကျက်။ ။(၁) ရှေ့ ၀ါကျမှ၊စွဲဒဗ္ဗ၊ပက္ကန္တ၀ိသယာ။

(၂) အစွဲ တင်းလင်း၊ရှိတုံလျှင်း၊မှတ်သွင်း ပသိဒ္ဓါ။

(၃) ပုဗ္ဗ၀ါကျ၊ ကြိယာ့၊ စွဲရ နုဘူတာ။

(၄) အနိယတ်, ယ၊ စွဲသမ္ဗန္ဓ၊ထို ယ-ကြိယာ၊ ယင်းနှစ်ဖြာ ကို၊ ဆောင်ကာစွဲရ၊တ-သဒ္ဒ၊မှတ်ကြနိယမာ။

(သမ္ဗန္ဓစိန္တာ ဂဏ္ဌိသစ်၊ဂါထာ၊၃။ နှာ၊၉၆။)"တ-နှင့် တေ-အတူတူ"ဟု ယူ။ [အကျယ်ကို ၁၃၁၇-ခုနှစ် အဖြေ၌ရှု]

---

၈။ ။ အာဟ-၏အရ ကြိယာ ၅-တန်

(၁) အာဟ-၏အရ ဒေသနာဉာဏ်တော်သည် (မုချအားဖြင့်ပြအပ်သော) ဒဿနတ္ထ။

(၂) မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည်(ပထမ) ဖလူပစာရအားဖြင့်ပြအပ်သော ဒီပကတ္ထ။

(၃) သဒေ၀ကေ ဘိက္ခ၀េ လောကေ-စသော ၀စီဘေဒသဒ္ဒါသည်(ပထမ) ကာရဏူပစာရအားဖြင့်ပြအပ်သော ပကာသနတ္ထ။

(၄) ပါရမီဉာဏ်, ၀ိပဿနာ ဉာဏ်တော်တို့သည် (ဒုတိယ)ဖလူပစာရ အားဖြင့်ပြအပ်သော ၀ိဘာ၀တ္ထ။

(၅) ၀ေနေယျတို့၏ ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ-စသော နိဗ္ဗာန်တိုင်အောင်သော အကျိုးသည် (ဒုတိယ)ကာရဏူပစာရအားဖြင့်ပြအပ်သော အနုဘာ၀တ္ထ။

[ဓာတ်၏အရကို ရည်သည်။ ။ ပုစ္ဆာ၌ "အာဟ-၏အရကို"ဟု သာမန်ဆိုသော်လည်း "ဓာတ်၏အရကို ရည်သည်"ဟု မှတ်။ "အာဟ-၌ ဓာတ်၏ အရကို"ဟု မေးလျှင် ကောင်းသည်။ ၁၃၁၅-ခုနှစ် ပါရာဇိကဏ်အဖြေ ပဒ္ဓာနုဟာရ နေတ္တိ၌ အကြောင်းအကျိုးဆက်ပုံကို ကြည့်ပါ။ ဤကြိယာ ၅-တန်ထုတ်ပုံကို သဘောကျပါလိမ့်မည်။

ကျက်။ ။ ဆက်ဆက်မုချ၊ တိုက်ရိုက်ပြက၊ ဒဿနဆို။
အကြောင်းကိုပြ၊ ဒီပကမျိုး။
ကျိုးပကာသန။
မူလကြောင်းမှာ၊ ၀ိဘာ၀မှန်။
ကျိုးပရမ္ပရာ၊ နုဘာ၀ါ။
ကြိယာငါးတန်၊ ထုတ်နည်းတည်း။
(အကျယ်ကို ၁၃၁၅-ခုနှစ် အဖြေ၌ ရှုပါ။)]

http://www.dhammadownload.com



(ဂ)အမှတ်ပြဝါကျ၌ ဖြစ်သင့်သော သိဒ္ဓိ

ဘုရားရှင်တို့ကိုသာလျှင် "အရိယာ"ဟူ၍ ဆိုအပ်ကုန်၏-ဟူသော အနက်ကို သဒေဝကေ ဘိက္ခဝေ လောကေ။ ပ။ တထာဂတော အရိယောတိ ဝုစ္စတိ-ဟူသော အာဂမ, သာဓက, ဉာပက, ကာရဏကိုထောက်၍ သိရသောကြောင့် (ဂ)အမှတ်ပြဝါကျ၌ သိဒ္ဓေယျသိဒ္ဓိ ဖြစ်သင့်ပါသည်။ (တွင်းကြီးနိယံအဖြေအလို)

(တစ်နည်း) ဘုရားရှင်တို့ကိုသာလျှင် "အရိယာ"ဟူ၍ ဆိုအပ်ကုန်၏-ဟူသော အနက်သည် သဒေဝကေ ဘိက္ခဝေ လောကေ။ ပ။ တထာဂတော အရိယောတိ ဝုစ္စတိ-ဟူသော အာဂမ,သာဓက,ဉာပက,ကာရဏဖြင့် ပြီးသောကြောင့် (ဝါ)ထင်ရှားသောကြောင့် (ဂ)အမှတ်ပြဝါကျ၌ သိဒ္ဓေယျသိဒ္ဓိ ဖြစ်သင့်ပါသည်။

(တစ်နည်း)ဘုရားရှင်တို့ကိုသာလျှင် "အရိယာ"ဟူ၍ ဆိုအပ်ကုန်၏-ဟူသော အနက်ကို သဒေဝကေ ဘိက္ခဝေ လောကေ။ ပ။ တထာဂတော အရိယောတိ ဝုစ္စတိ-ဟူသော အာဂမ,သာဓက,ဉာပက,ကာရဏဖြင့် သိအပ်သောကြောင့် (ဂ)အမှတ်ပြဝါကျ၌ သိဒ္ဓေယျသိဒ္ဓိ ဖြစ်သင့်ပါသည်။ (အတ္တနောမတိ။)

[သိဒ္ဓေယျသိဒ္ဓိ ပုဒ်ပြီးပုံနှင့် အဓိပ္ပာယ်။ ။ သိဒ္ဓေယျ-၌ သိဓ-ဓာတ်, ဏေယျ-ပစ္စည်း၊ဓ,ဃ,ဘ,ဟေတိ ဓ, ဟ စ-သုတ်ဖြင့် တ-ကို ဓ-ပြု၊ဟ, စတုတ္ထာနမန္တာနံ ဒေါ ဓေ-သုတ်ဖြင့် ဓ-ကို ဒ-ပြု၍ "သိဒ္ဓေယျ"ဟု ပြီးသည်။ "သာဓေတီတိ သိဒ္ဓေယျံ၊သိဇ္ဈတိ ဧတေနာတိ ဝါ သိဒ္ဓေယျံ"ဟု ဝိဂ္ဂဟပြု။ ပြီးစေတတ်,ထင်ရှားစေတတ်,သိစေတတ်သောကြောင့် (ဝါ)ပြီးကြောင်း, ထင်ရှားကြောင်း,သိကြောင်းဖြစ်သောကြောင့် သဒေဝကေ။ ပ။ ဝုစ္စတိ-ဟူသော အာဂမ,သာဓက,ဉာပက,ကာရဏသည် သိဒ္ဓေယျမည်၏။

သဒေဝကေ။ ပ။ဝုစ္စတိ-ဟူသော အာဂမ, သာဓက, ဉာပက, ကာရဏသည် ဘုရားရှင်တို့ကိုသာလျှင် "အရိယာ"ဟူ၍ ဆိုအပ်ကုန်၏-ဟူသော အနက်ကို ပြီးစေသည်၊ထင်ရှားစေသည်၊သိစေသည်။ "ယထာဟာ"တိ အာဒိနာ ခန္ဓကပါဠိ ဝသေန တဒတ္ထံ သာဓေတိ။ (သီဋီသစ်၊ ၂၊ ၅။)နှင့် သဘောတူသည်။ ဟေတုကတ္တုသာဓန၊ ရလတ်က၊ကရဏသတ်၊ရမြဲမှတ်-ဆိုသည် အတိုင်း ဟေတုကတ္တုသာဓနရက ကရဏသာဓနရမြဲဖြစ်၍ ပြီးကြောင်း, ထင်ရှားကြောင်း, သိကြောင်းလည်း ရတော့သည်သာ။ သိဓ သံသိဒ္ဓိယံ၊သိဇ္ဈတိ။ ပ။ ကာရိတေ မဟာဝုတ္တိနာ ဣသ အာတ္တံ၊သာဓေတိ။ (နိရုတ္တိဒီပနီ၊ ၆၆၄။)ကို ထောက်၍ ဟေတု ကတ္တုသာဓနဝိဂ္ဂဟ၌ "သာဓေတိ"ဟု ဆိုသည်။ သိဒ္ဓိ-၌ကား သိဓ-ဓာတ်,တိ-ပစ္စည်း၊ "သိဇ္ဈတီတိ သိဒ္ဓိ" ဟု ဝိဂ္ဂဟပြု၊ ရုပ်ကို ရှေးအတူပြီး။ သိဒ္ဓေယျ-နှင့် သိဒ္ဓိ-ကို "သိဒ္ဓေယျေန သိဒ္ဓိ သိဒ္ဓေယျသိဒ္ဓိ"ဟု တတိယာတပ္ပုရိသ်သမာသ်တွဲ။

သိဓ သံသိဒ္ဓိမှိ။ (ရူ၊ ၆၁၄။)ကို ထောက်၍ ပြီးခြင်းအနက်ကို ဆိုသည်။ ဝိကပ္ပိတ္တာစိတ္တာနံ သမ္ပုရိသေ ပယိရုပါသနာဘာဝသ္မ အတ္တတော သိဒ္ဓတ္တာ။ အတ္တဝသေ နေဝ ဟိ သော ပါကဋောတိ န ဝုတ္တော။ (သီဋီသစ်၊၁၊၁၅၈။)၌ သိဒ္ဓ-သဒ္ဒါ ပါကဋအနက်ဟောသည်ကိုလည်းကောင်း,အသာမဂ္ဂိယံ အဟောတူနမ္ပိ စ သာမဂ္ဂိယံ ဟေတုဘာဝေါ သိဒ္ဓေါ။ပ။ ပစ္စက္ခသိဒ္ဓေါ လောကဿာတိ။ (ဋ္ဌ၊ ၁၀၂။)၌ ရှိသော

http://www.dhammadownload.com



သိဒ္ဓေါ-ကို "ထင်ရှားခြင်း"ဟု နိဿယ (၁၊ ၃၈၇။)အနက် ပေးသည်ကိုလည်းကောင်း ထောက်၍ ထင်ရှားခြင်းအနက်ကိုဆိုသည်။ သိဒ္ဓေါတိ။ ပ။ သိဒ္ဓေါ ဉာတော ဝိဒိတောတိ အတ္ထော။ (ဓမ္မသင်္ဂဏီအနုဋီ။ ၄၄)ကို ထောက်၍ သိခြင်းအနက်ကို ဆိုသည်။ ပြီးခြင်းအနက်သာ သဒ္ဒတ္ထ၊ထင်ရှားခြင်း,သိခြင်းအနက်များကား အဓိပ္ပာယတ္ထတည်း။ ဓာတူနံ အနေကတ္ထတ္တာ ပရိဘာသာ,အနေကတ္ထာဟိ ဓာတဝေါ ပရိဘာသာတို့အရ "သဒ္ဒတ္ထ"ဟု ဆိုလျှင်လည်း မငြင်းသာ။

ဓမ္မသင်္ဂဏီအနုဋီကာ (၆၀), မူလပဏ္ဏာသဋီကာ (၂၊ ၃၀၃။)တို့၌ "သန္ဒေယျ သိဒ္ဓိ"ဟု ဆိုသည်။ သဒ္ဒန္တရိတ်မြကိုတ်အာဂုံတွေ့ကြီးဉာပက၊သိဒ္ဓေယျ - ဟူသော တွင်းကြီးနိယံ(၄၆)၏အဖြေကို အားရပုံမပေါ်၍ မေးခွန်းထုတ်စည်းမျဉ်း အဖြေဆရာ သိဒ္ဓေယျသိဒ္ဓိ၏အဓိပ္ပာယ်ကို ကြံ၍ဆိုလေသည်။ သို့သော် ထိုဆရာလည်း "ပြီးစေကြောင်း,သိကြောင်းသည် သိဒ္ဓေယျသိဒ္ဓိမည်၏"ဟု အဓိပ္ပာယ်ပေါ်၍ ဥဒါဟရဏ် ထုတ်ရှင်းသောအခါ "ယုံကြည်စေအပ်,ပြီးစေအပ်သောကြောင့် သိဒ္ဓေယျ သိဒ္ဓိ(ဝါ)သဒ္ဓေယျသိဒ္ဓိမည်၏"ဟု ရှေးစကားနှင့်မညီသော နောက်စကားကို ဆိုလေသည်။ တိတိကျကျ ပြတ်ပြတ်သားသား မဆိုရဲဘဲ ရှိခဲ့လေသည်။ သဒ္ဒယုတ္တိလည်း ရှိ၊အတ္ထယုတ္တိလည်းမိသောကြောင့် ဖေါ်ပြပါပုဒ်ပြီးပုံနှင့် အဓိပ္ပာယ်ကိုသာ သာရအားဖြင့် မှတ်အပ်၏။ ပုစ္ဆာ၌ ယထာဟ သဒ္ဒေဝကေ-အစရှိသည်၌-ဟူသော စကား မပါသင့်၊မပါမှ အချိုးကျသည်၊မှန်သည်။ ပါရန်မလို။

၁၃၂၈-ခုနှစ်အဖြေ သိဒ္ဓေယျသိဒ္ဓိ၌ နိယံအဖြေအလိုသာ ရေးခဲ့သည်။ အတ္တနောမတိကို ဤနည်းအတူ သိရာ၏။ မှန်၏-အာဂမ,သာကေ,ဉာပကကာရဏဖြင့် ပြီးစေရာ၌ အထောက်အထား ဖြစ်သော "ယထာဟာ"တိ အာဒိနာ ခန္ဓကပါဠိဝသေန တမတ္ထံ သာဓေတိ။ ဣဒါနိ ယထာဝုတ္တမတ္ထံ သင်္ဂီတိကွန္ဓကပါဠိယာ သာဓေန္တော အာဟ "ယထာဟာ" တိ အာဒိ။ (သီဋီသစ်၊၁၊၅၃။)တို့နှင့် အလားတူ ဥပမာနဖြင့် သိစေရာ၌လည်း "ဣဒါနိ တမတ္ထံ ဥပမာယ သာဓေန္တော "သေယျထာပိ"တိ အာဒိမာဟ။ (သီလက္ခန္ဓဝဂ္ဂ၊ဋ္ဌ၊၁၈၆။)"ဟု ရှိသည် မဟုတ်ပါလော။ ဂမ္ဘီရမိဒံ ဌာနံ သုဋ္ဌု၊ ဂမ္ဘီရညာဏေဟိ စိန္တိတဗ္ဗံ။]

---

၉။ ။ ပညာ၏လက္ခဏာဒိစတုက္က

သြဘာသနလက္ခဏာ စ ပညာ,ပဇာနနလက္ခဏာစ။

အပရော နယော-ယထာသဘာဝပဋိဝေဓလက္ခဏာ ပညာ။

ဝိသယောဘာသရသာ။

အသမ္မောဟပစ္စုပဋ္ဌာနာ။

ယောနိသောမနသိကာရပဒဋ္ဌာနာ။ (ဋ္ဌ၊၁၆၅၊၆။)

[ဓာတ်၏အရကို ရည်သည်။ ။ အာဟ-၏အရကို-ဟူသော စကားကို ကြည့်သော် (ဝိဘတ်၏အရသည် ပဓာနဖြစ်၍ "ဝိဘတ်၏အရ"ဟု ဆိုအပ်သော) အာဟ-ပုဒ်လုံး၏အရကို ဘုရားကို ကောက်ယူရမည်ကဲ့သို့ ဖြစ်နေသည်။ မဟုတ်ပါ။ "အာဟ-၏အရကို"ဟု သာမန်ဆိုသော်လည်း ဓာတ်၏အရတရားကို ယူထုတ်ရမည်။ ဘာကြောင့်နည်း? ဓာတ်၏အရကိုယူမှ ဒေသနာဉာဏ်-ဟူသောပညာကို ရသည်

http://www.dhammadownload.com



(ဉာဏ်, အမောဟ,ပညာအတူတူသာ။) အာဟ-၏ အရကို ယူက ပညာကို မရ၊ "ဘုရား"ဟု ခေါ်ဝေါ်ပညတ်အပ်သော ခန္ဓပဥ္စကကို ရသည်။ ထို့ကြောင့်တည်း။ ဤနေရာမျိုး၌ ယခုလို ဓာတ်၏အရကို ယူထုတ်ရသည်မှာ ထုတ်ရိုးထုတ်စဉ်ပင် ဖြစ်သည်-ဟူလို။

ဤမေးခွန်းသည် ဓာတ်၏အရကို ရည်၍ မေးသည့်မေးခွန်းဖြစ်သော်လည်း မကျွမ်းကျင်သေးသည့်နသူများအဘို့ ဧဝေဓဝါဖြစ်သည်။ ထို့ကြောင့် "အာဟ-၌ ဓာတ်၏အရကို ယူ၍"ဟု အသေအချာ မေးသင့်သည်။]

---

၁၀။ ။ ဓာေ-၏အရ ဖြစ်သင့်သော ပစ္စည်းတရား။ ။ ဓာေ-၏ အရ ဖြစ်သင့်သောပစ္စည်းတရားကား ဘုရားရှင်တို့၏ခန္ဓပဥ္စက ဖြစ်ပါသည်။

ဝုတ္တာ-၏အရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရား။ ။ ဝုတ္တာ-၏အရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားကား ဒေသနာဉာဏ် ပြဓာန်းသော မဟာကြိယာဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

ကျေးဇူးပြုသော ပစ္စယသတ္တိ။ ။ ကျေးဇူးပြုသော ပစ္စယသတ္တိကား အာရမ္မဏပစ္စယသတ္တိ ဖြစ်ပါသည်။

ပြိုင်နိုင်သော ပစ္စည်း။ ။ ပြိုင်နိုင်သော ပစ္စည်းများကား အာရမ္မဏ, အဓိပတိ,ဥပနိဿယ,ပုရေဇာတ,အတ္ထိ,အဝိဂတ (ယထာရဟ) ၆-ပစ္စည်းဖြစ်ပါသည်။

မှတ်ချက်။ ။"ဓာတ်၏အရ,ပစ္စည်း၏အရ"ဟု အထူးမ,မ "ဝုတ္တာ-အရ"ဟု သာမညမေးသောကြောင့် ဓာတ်၏အရကိုယူ၍ ဖြေပါသည်။ ပစ္စည်း၏အရ ဘုရားရှင်တို့၏ခန္ဓပဥ္စကကိုယူ၍လည်း ဖြေနိုင်ပါသည်။

[မှတ်ချက် ရေးဘို့မမေ့ပါနှင့်။ ။ အခြားနည်းဖြင့် အဖြေထွက်နိုင်သည့် မေးခွန်းတို့ကိုဖြေရာ၌ "အခြားနည်းဖြင့်လည်း ဖြေနိုင်၏"ဟု အခြားနည်းကို သိစေကာမူ အခြားနည်းကို သေသေချာချာ မသိ၍ ဖြစ်စေ,သေသေချာချာ သိစေကာမူ သဘောမကျ မဖြေလို၍ဖြစ်စေ,အချိန်မရ၍ဖြစ်စေ အခြားနည်းဖြင့် မဖြေလျှင် မှတ်ချက် မရေးဘဲမနေပါနှင့်၊မှတ်ချက်ရေးဖြစ်အောင် ရေးပါ။]

ပစ္စည်း,ပစ္စယုပ္ပန်,ခန္ဓပဥ္စကချင်း ကျေးဇူးပြုပုံ။ ။ "ဝုတ္တာ-အရ"ဟု သာမညမေးသောကြောင့် ပစ္စည်း၏အရကို ရည်၍ ဝုတ္တာ-၏ အရကို ဘုရားရှင်တို့၏ ခန္ဓပဥ္စကကိုလည်း ကောက်ယူနိုင်သည်။ ယင်းသို့ ကောက်ယူလျှင် ဓာေ-၏အရနှင့် ဝုတ္တာ-၏အရသည် ခန္ဓပဥ္စကချည်းဖြစ်၍ ပစ္စည်း, ပစ္စယုပ္ပန်, ကျေးဇူးပြုသော ပစ္စယသတ္တိ, ပြိုင်နိုင်သောပစ္စည်းများကို အောက်ပါအတိုင်း သိအပ်၏။

နာမ်သည် နာမ်အား

ဓာေ-၏အရကို ဘုရားရှင်တို့၏ ၃-ပါး, ၁-ပါး, ၂-ပါးသော နာမက္ခန္ဓာကို ယူ၍ ဝုတ္တာ(ပစ္စည်း)၏အရကို ၁-ပါး, ၃-ပါး, ၂-ပါးသော နာမက္ခန္ဓာကိုယူ၍ ဓာေ-၏အရ ပစ္စည်းတရားသည် ဝုတ္တာ (ပစ္စည်း)၏အရ ပစ္စယုပ္ပန်တရားအား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ(ယထာရဟ)ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြုသည်။ [ဝိပါတ်နာမက္ခန္ဓာဖြစ်က ဝိပါက ထည့်၍ (ယထာ ရဟ) ၇-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။နောက်၌လည်းနည်းတူသိ](စတုက္ကနည်း)

http://www.dhammadownload.com



[ကျေးဇူးပြုသော ပစ္စယသတ္တိမှာ သဟဇာတပစ္စယသတ္တိ ဖြစ်သည်။ ပြုင်နိုင်သော ပစ္စည်းများမှာ ၆-ပစ္စည်း၊ဝိပါက်နာမက္ခန္ဓာဖြစ်က ၇-ပစ္စည်း ဖြစ်သည်။ နောက်၌လည်း နည်းတူသိ။ စာပိုက် နည်းစေရန် သိလောက်ရုံ လိုရင်း အတိုကောက် ရေးသည်။]

ဧကကနည်း ၄-ဝါရ

အစိတ်အစိတ်ခွဲသော်-ဓတေ-၏အရကို ဝေဒနာက္ခန္ဓာကို ယူ၍ ဝုတ္တာ ၏အရကို ကြွင်းနာမက္ခန္ဓာ ၃-ပါးကို ယူ၍ ဓတေ-၏အရ ပစ္စည်းတရားသည် ဝုတ္တာ-၏အရ ပစ္စယုပ္ပန်တရားအား သဟဇာတ, အညမည, နိဿယ, ဣန္ဒြိယ, ဈာန, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ-၈-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။

ဓတေ။ ပ။ သညာက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ ကြွင်းနာမက္ခန္ဓာ ၃-ပါး။ ပ။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ-၆။ ပ။သည်။

ဓတေ။ ပ။ သင်္ခါရက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ ကြွင်းနာမက္ခန္ဓာ ၃-ပါး။ ပ။ ဟေတု,အဓိပတိ,သဟဇာတ,အညမည,နိဿယ,ကမ္မ,အာဟာရ,ဣန္ဒြိယ,ဈာန, မဂ္ဂ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၁၃။ ပ။ သည်။

ဓတေ။ ပ။ ဝိညာဏက္ခန္ဓာ။ ပ။ ကြွင်းနာမက္ခန္ဓာ ၃-ပါး။ ပ။ အဓိပတိ, သဟဇာတ,အညမည,နိဿယ,အာဟာရ,ဣန္ဒြိယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၉။။ပ။ သည်။

ဒွိကနည်း ၄-ဝါရ

ဓတေ၊ ပ။ ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ။ ပ။ဝုတ္တာ။ပ။ဝိညာဏက္ခန္ဓာ။ ပ။ သဟဇာတ,အညမည,နိဿယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၆။ပ။သည်။

ဓတေ။ ပ။ သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ ဝေဒနာက္ခန္ဓာ။ ပ။ သဟဇာတ,အညမည,နိဿယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၆။ ။ပ။ သည်။

ဓတေ။ ပ။ သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာ,ဝေဒနာက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ သညာက္ခန္ဓာ။ ပ။သဟဇာတ,အညမည,နိဿယ,ဣန္ဒြိယ,သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ၇။ ပ။ သည်။

ဓတေ။ ပ။ ဝိညာဏက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ။ ပ။ ဝုတ္တာ, ပ။ သင်္ခါရက္ခန္ဓာ။ ပ။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ၆။ ပ။ သည်။

ဒုကနည်း ၆-ဝါရ

ဓတေ။ ပ။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ။ ပ။ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ၆။ ပ။ သည်။

ဓတေ။ ပ။ ဝေဒနာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာ။ ပ။ သဟဇာတ, အညမည, နိဿယ, ဣန္ဒြိယ, ဈာန, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ၈။ ပ။ သည်။

ဓတေ။ ပ။ ဝေဒနာက္ခန္ဓာ, ဝိညာဏက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ။ ပ။ သဟဇာတ,အညမည,နိဿယ,ဣန္ဒြိယ,သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ၇။ ပ။ သည်။

http://www.dhammadownload.com



ဓေ။ ပ။ သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ။ ပ။ ဝတ္ထာ။ ပ။ ဝိညာဏက္ခန္ဓာ, ဝေဒနာက္ခန္ဓာ။ ပ။ သဟဇာတ,အညမည,နိဿယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၆။ ပ။ သည်။

ဓေ။ ပ။ သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာ, ပ။ ဝတ္ထာ။ ပ။ ဝေဒနာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ။ ပ။ ဟဇာတ,အညမည,နိဿယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၆။ ပ။ သည်။

ဓေ။ ပ။ သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာ။ ပ။ ဝေဒနာက္ခန္ဓ,သညာက္ခန္ဓာ။ ပ။ အဓိပတိ,သဟဇာတ,အညမည,နိဿယ,အာဟာရ,ဣန္ဒြိယ,သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ၉။ ပ။ သည်။

နာမ်သည် ရုပ်အား

ဓေ-၏အရကို နာမက္ခန္ဓာ၄-ပါးကို ယူ၍ ဝတ္ထာ-၏အရကို စိတ္တဇရုပ်ကို ယူ၍ ဓေ-၏အရ ပစ္စည်းတရားသည် ဝတ္ထာ-၏အရ ပစ္စယုပ္ပန်တရားအား သဟဇာတ,နိဿယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ (ယထာရဟ)၅-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။ [ဝိပါက်နာမက္ခန္ဓာဖြစ်က ဝိပါကထည့်၍ ၆-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။] (စတုက္ကနည်း)

ဧကနည်း ၄-ဝါရ

အစိတ်အစိတ်ခွဲသော်-ဓေ။ ပ။ ဝေဒနက္ခန္ဓာ။ ပ။ ဝတ္ထာ။ ပ။ စိတ္တဇရုပ်။ ပ။ သဟဇာတ,နိဿယ,ဣန္ဒြိယ,ဈာန,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၇။ ပ။ သည်။

ဓေ။ ပ။ သညာက္ခန္ဓာ။ ပ။ ဝတ္ထာ။ ပ။ စိတ္တဇရုပ်။ ပ။ သဟဇာတ, နိဿယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၅။ ပ။ သည်။

ဓေ။ ပ။ သင်္ခါရက္ခန္ဓာ။ ပ။ ဝတ္ထာ။ ပ။ စိတ္တဇရုပ်။ ပ။ ဟေတု, အဓိပတိ,သဟဇာတ,နိဿယ,ကမ္မ,အာဟာရ,ဣန္ဒြိယ,ဈာန,မဂ္ဂ,ဝိပ္ပယုတ္တ,အတ္ထိ, အဝိဂတ ၁၂။ ပ။ သည်။

ဓေ။ ပ။ ဝိညာဏက္ခန္ဓာ။ ပ။ ဝတ္ထာ။ ပ။ စိတ္တဇရုပ်။ ပ။ အဓိပတိ, သဟဇာတ, နိဿယ, အာဟာရ, ဣန္ဒြိယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၈။ ပ။သည်။

(တိကနည်း ၄-ပါရ,ဒုကနည်း ၆-ဝါရတို့ကိုလည်း နည်းမှီးထုတ်လေဦး။)

နာမ်သည် နာမ်ရုပ်အား

ဓေ-၏အရကို ၃-ပါး,၁-ပါး,၂-ပါးသော နာမက္ခန္ဓာကို ယူ၍ ဝတ္ထာ-၏အရကို ၁-ပါး,၃-ပါး,၂-ပါးသော နာမက္ခန္ဓာ,ထိုနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်ကို ယူ၍။ ပ။ သဟဇာတ,နိဿယ,ဣန္ဒြိယ, ဈာန,အတ္ထိ,အဝိဂတ (ယထာရဟ) ၆။ ပ။ သည်။

ဧကနည်း ၄-ဝါရ

အစိတ်စိတ်ခွဲသော်- ဝေဒနာက္ခန္ဓာက သဟဇာတ, နိဿယ, ဣန္ဒြိယ, ဈာန,အတ္ထိ,အဝိဂတ ပစ္စယ,သညာက္ခန္ဓာက သဟဇာတ,နိဿယ,အတ္ထိ,အဝိဂဟ ၄-ပစ္စယ, သင်္ခါရက္ခန္ဓာက ဟေတု,အဓိပတိ,သဟဇာတ,နိဿယ,ကမ္မ, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, အတ္ထိ, အဝိဂတ ၁၁-ပစ္စယ, ဝိညာဏက္ခန္ဓာက အဓိပတိ,

http://www.dhammadownload.com



သဟဇာတ,နိဿယ,အာဟာရ,ဣန္ဒြိယ,အတ္ထိ,အဝိဂတ ၇-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူး ပြုသည်။ တိက နည်း ၄-ဝါရ,ဒုကနည်း ၆-ဝါရတို့ကိုလည်း နည်းမှီးထုတ်လေဦး။

မဟာဘုတ်သည် မဟာဘုတ်အား

စေတေ-၏အရကို ၃-ပါး,၁-ပါး,၂-ပါးသော မဟာဘုတ်ကို ယူ၍ ဝုတ္တာ၏အရကို ကြွင်း ၁-ပါး,၃-ပါး,၂-ပါးသော မဟာဘုတ်ကို ယူ၍။ ပ။ သဟဇာတ, အညမည,နိဿယ,အတ္ထိ,အဝိဂတ (ယထာရဟ)၅။ ပ။ သည်။ ကေက,တိက, ဒုကဝါရတို့ကိုလည်း ထုတ်လေဦး။

မဟာဘုတ်သည် ဥပါဒါရုပ်အား

စေတေ-၏အရကို မဟာဘုတ်ကို ယူ၍ ဝုတ္တာ-၏အရကို ဥပါဒါရုပ်ကို ယူ၍။ ပ။ သဟဇာတ,နိဿယ,အတ္ထိ,အဝိဂတ ၄။ ပ။ သည်။ ကေက,တိက, ဒုကဝါရတို့ကိုလည်း ထုတ်လေဦး။

မဟာဘုတ်သည် မဟာဘုတ်ဥပါဒါရုပ်အား

စေတေ-၏အရကို ၃-ပါး,၁-ပါး, ၂-ပါးသော မဟာဘုတ်ကို ယူ၍ ဝုတ္တာ-၏ အရကို ၁-ပါး,၃-ပါး, ၂-ပါးသောမဟာဘုတ်,ဥပါဒါရုပ်ကို ယူ၍ စေတေ-၏အရ မဟာဘုတ်သည် ဝုတ္တာ-၏အရ မဟာဘုတ်အားလည်းကောင်း, ဥပါဒါရုပ်အား လည်းကောင်း သဟဇာတ,နိဿယ,အတ္ထိ,အဝိဂတ ၄။ ပ။ သည်။ ကေက,တိက,ဒုကဝါရတို့ကိုလည်း ထုတ်လေဦး။

အနန္တရ, ပုရေဇာတမျိုးလည်း ရ။ ။ "ကတ္တားနှင့်ကြိယာ၊ စပ်ပါကြသ, နန်, ပု"ဟု ဆိုသည့်အတိုင်း ဝုတ္တကတ္တားနှင့် ဝုတ္တကြိယာ၏အရ အနန္တရ, ပုရေဇာတမျိုးတို့ဖြင့်လည်း ပဋ္ဌာန်းနည်း ထုတ်နိုင်သည်။

အပေါင်းအားဖြင့် ဖြေနိုင်အောင် လေ့လာထားသင့်။ ။ ပစ္စည်း, ပစ္စယုပ္ပန် ခန္ဓ ပဥ္စကချင်း ပဋ္ဌာန်းနည်းထုတ်ရာ၌ အစိတ်စိတ်မခွဲဘဲ အပေါင်းအားဖြင့် ဖြေနိုင်လျှင် အမှတ်ပြည့်ရနိုင်လောက်ပါ၏။ ထို့ကြောင့် အစိတ်စိတ်ခွဲ၍ မဖြေနိုင် စေကာမူ အပေါင်းအားဖြင့် ဖြေနိုင်အောင်လေ့လာထားသင့်၏။ ယင်းသို့ အပေါင်း အားဖြင့် ဖြေနိုင်လျှင် အမှတ်ပြည့်ရနိုင်သော်လည်း ပဋ္ဌာန်းပါဠိ နည်းနာနယ ရကြစေရန် အစိတ်စိတ်ပါ ဖော်ပြရခြင်းဖြစ်၏။ ထို့ကြောင့် အစိတ်စိတ်ကိုပါ ဖော်ပြသည့်အတွက် "ဂန္ထာဂရုဒေါသသင့်သည်"ဟု ဂန္ထာဂရုဒေါသပုဒ်မဖြင့် မစွတ်စွဲအပ်။

"ဓာတ်၏အရ"ဟု,သို့မဟုတ် "ပစ္စည်း၏အရ"ဟု ဝိသေသ, မ, မေးသင့်။ ။ ကတ္တားပုဒ်သည် ဝုတ္တကတ္တားဖြစ်က ကြိယာပုဒ်ဝယ် ဓာတ်၌လည်း စပ်နိုင်သည်။ ပစ္စည်း၌လည်း စပ်နိုင်သည်။ ဝုတ္တကံပိုလည်း ဓာတ်,ပစ္စည်း ၂-မျိုးလုံး ၌ပင် စပ်နိုင်သည်။ ကတ္တားပုဒ် ကံပုဒ်သည် အဝုတ္တဖြစ်က ကြိယာပုဒ်ဝယ် ဓာတ်၌သာ စပ်နိုင်သည်။ ပစ္စည်း၌ မစပ်နိုင်။

ဤ၌ စေတေ-ဟူသော ကံပုဒ်သည် ဝုတ္တကံပုဒ်ဖြစ်၍ ဝုတ္တာ-ဟူသော ကြိယာပုဒ်ဝယ် ဓာတ်၌လည်း စပ်နိုင်၏ ပစ္စည်း၌လည်း စပ်နိုင်၏။ သို့ဖြစ်၍ ဓာတ်၏အရကိုလည်း ကောက်ယူနိုင်၏။ ပစ္စည်း၏ အရကိုလည်း ကောက်ယူနိုင်၏။

http://www.dhammadownload.com



ဓာတ်၏အရကို ကောက်ယူ၍လည်းဖြေနိုင်၏။ ပစ္စည်း၏အရကို ကောက်ယူ၍လည်း ဖြေနိုင်၏။ ထို့ကြောင့် ဝုတ္တာ-၌ "ဓာတ်အရ"ဟု, သို့မဟုတ် "ပစ္စည်းအရ"ဟု သေသေချာချာ ဝိသေသ, မ မေးသင့်သည်။ မေးရမည်။ သို့မဟုတ်က ဖြေရာမှာရော စစ်ရာမှာပါ အချိန်ကုန်လှသည်။ အမှန်မှာ ဤမေးခွန်းသည် ဓာတ်၏အရကို ရည်မေးသည့်မေးခွန်း ဖြစ်သည်။ သို့သော် ပစ္စည်း၏အရကိုလည်း ယူ၍ ဖြေနိုင်သောကြောင့် ဓာတ်၏အရကိုယူ၍ ဖြေသူကဖြေ, ပစ္စည်း၏အရကို ယူ၍ ဖြေသူက ဖြေ, ၂-မျိုး ၂-နည်းလုံး ဖြေသူက ဖြေဖြင့်ဖြေရာမှာရော စစ်ရာမှာပါ အချိန်ကုန်သည်။

ဘဂဝတာ ဝုတ္တာ၊ ကတမေ ဓမ္မာ ကုသလာတိအာဝဒိ အာဟ-မျိုးကဲ့သို့ အဝုတ္တကတ္တားပုဒ်၏အရနှင့် ကြိယာပုဒ်၏အရ ပဋ္ဌာန်းပစ္စည်းမေးရာ၌လည်းကောင်း, အဝုတ္တကံပုဒ်အရနှင့် ကြိယာပုဒ်၏အရ ပဋ္ဌာန်းပစ္စည်းမေးရာ၌ လည်းကောင်း "ဝုတ္တာ ၏အရ။ အာဟ-၏အရ" ဟု ဓာတ်၏အရ ပစ္စည်း၏အရ ဝိသေသမ၍ မမေးဘဲ မေးလိုသော် မေးနိုင်ပါ၏။ မေးသော် သင့်ရာပါသေး၏။ အဘယ်ကြောင့်နည်းဟူမူ ကတ္တားပုဒ် ကံပုဒ်တို့သည် အဝုတ္တ ဖြစ်သည့်အလျောက် ပစ္စည်း၌ မစပ်နိုင်၊ ဓာတ်၌သာစပ်နိုင်၍ ပစ္စည်းအရကို ယူမဖြေနိုင်၊ ဓာတ်၏အရကိုသာ ယူဖြေရမည် ဖြစ်သောကြောင့်တည်း။ ပစ္စည်းအရကို လျှဉ်းပါးဖွယ်ရာမလိုသောကြောင့်-ဟူလို။ ဓာတ်၏အရကို "အနက္တတ္ထ"ဟု, ပစ္စည်း၏အရကို "ဗာဟျတ္ထ"ဟုလည်း သုံးကြသည်။ "ပုဒ်လုံး၏အရ"ဟု မေးရာ၌ ပုဒ်တစ်ပုဒ်ဝယ် ပစ္စယတ္ထသည်သာ ပဓာနဖြစ်၍ ပစ္စည်း ၏အရကိုပင် ကောက်ရသည်။ ပစ္စည်း၏အရ-ဟူသောစကားနှင့် ပုဒ်လုံး၏အရဟူသောစကားမှာ အတူတူသာ။

[ကျက်။ ။ကတ္တားဝုတ္တ။ ပစ္စယ, ဓာတု၊ နှစ်ခုစပ်ရ၊ အဝုတ္တမှာ၊ ဓာတ်တွင်သာ၊ ကံမှာ ၄င်းနည်းပင်တည်း။
(ဘုရားကြီးနိယံ။ ၁၃၈။]

---

၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

အောက်ပါ ပါဠိတော်တို့ကို အနက်မှန်မှန် သမ္ဗန်ပါ။

၁။ ။ ယာ တသ္မိံ သမယေ တဇ္ဇာမနောဝိညာဏဓာတုသမ္ဘဿဇာ စေတနာ သဉ္စေတနာ စေတယိတတ္တံ၊ အယံ တသ္မိံ သမယေ စေတနာ ဟောတိ။

၂။ ။ယော တသ္မိံ သမယေ လောဘော လုဗ္ဘနာ လုဗ္ဘိတတ္တံ သာရာဂေါ သာရဇ္ဇနာ သာရဇ္ဇိတတ္တံ အဘိဇ္ဈာ လောဘော အကုသလမူလံ၊ အယံ တသ္မိံ သမယေ လောဘော ဟောတိ။

၃။ ။ ယံ တံ ရူပံ ဥပါဒါ တံ အတ္ထိ ဥပါဒိဏ္ဏံ၊ အတ္ထိ အနုပါဒိဏ္ဏံ၊ ယံ တံ ရူပံ နော ဥပါဒါ တံ အတ္ထိ ဥပါဒိဏ္ဏံ၊ အတ္ထိ အနုပါဒိဏ္ဏံ။

http://www.dhammadownload.com



၄။ ။ ယေ တေ ပုဂ္ဂလာ အဿဒ္ဓါ ဒုဿီလာ အပ္ပဿုတာ မစ္ဆရိနော ဒုပ္ပညာ။ ယာ တေသံ သေဝနာ နိသေဝနာ သံသေဝနာ ဘဇနာ သမ္ဘဇနာ ဘတ္တိ သမ္ဘတ္တိ တံ သမ္ပဝင်္ကတာ။ အယံ ဝုစ္စတိ ပါပမိတ္တတာ။

၅။ ။ ယဒါ ပနဿ ဗြာဟ္မဏဝဏ္ဏေန အာဂန္တွာ သက္ကော ဒေဝရာဇာ အက္ခိနိ ယာစိ။ တဒါ တာနိ ဥပ္ပါဋေတွာ ဒဒမာနဿေဝ ဟာသော ဥပ္ပဇ္ဇိ-ကို ရှေးဝါကျ၌ အပဓာနကံစွက်၍ အနက်ပေးခဲ့ပါ။

၆။ ။ ကုစ္ဆိတာနံ ဝါ သာနတော တနုကရဏတော ဩသာနကရဏတော ဉာဏံ ကုသံ နာမ။ တေန ကုသေန လာတဗ္ဗာတိ ကုသလာ၊ ဂဟေတဗ္ဗာ ပဝတ္တေတဗ္ဗာတိ အတ္ထော-၌ အတ္ထော-၏သမ္ဗန်ခံလျက် အနက်ပေးခဲ့ပါ။

၇။ ။ ပဗ္ဗဇိတာနံ အပ္ပကမ္ပိ တေလံ ဝါ သပ္ပိံ ဝါ လဘိတွာ ဟာသာဓိပ္ပာယေန "အဇ္ဇ ဂါမေ တေလံ နဒီ မညေ သန္ဒတိ" တိ ပူရဏကထာနယေန ပဝတ္တော အပ္ပသာဝဇ္ဇော-၌ တုလျတ်, လိင်္ဂတ်နည်းဖြင့် အနက်ပေးခဲ့ပါ။

၈။ ။ အာဠာရော စ ကာလာမော အာရုပ္ပသမာပန္နော ပဉ္စမတ္တာနိ သကဋသတာနိ နိဿာယ နိဿာယ အတိက္ကန္တာနိ နေဝ အဒ္ဒသ၊ န ပန သဒ္ဒံ အဿောသိ-၌ ပဉ္စမတ္တာနိ သကဋသတာနိ-ကို သဒ္ဒတ္ထ၊ အဓိပ္ပာယတ္ထ ပေါ်လွင်စေလျက် အနက်ပေးခဲ့ပါ။

၉။ ။ သုသုမာရာဒယော ဝိယ ပုရိသံ အာရမ္မဏံ ဒဠှံ ဂဏှာတီတိ ဂါဟော-၌ ဥပမာကို နောက်ထားလျက် အနက်သွားခဲ့ပါ။

၁၀။ ။ ဒုရုဂ္ဃါဋနဋ္ဌေန ဝါ လင်္ဂီ။ ယထာ ဟိ မဟာပလိဃသင်္ခါတာ လင်္ဂီ ဒုရုဂ္ဃါဋာ ဟောတိ၊ ဧဝမယမ္ပိ လင်္ဂီဝိယာတိ လင်္ဂီ-ကို အနက်ပေးခဲ့ပါ။

---

## ၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ၊ အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ [ပါ၊ ၁၈။ ပါသျှ၊ ၃၈။]

---

၂။ ။ [ပါ၊ ၉၄။ ပါသျှ၊ ၁၄၈။]

---

၃။ ။ [ပါ၊ ၁၅၂။ ပါသျှ၊ ၂၂၈။]

---

http://www.dhammadownload.com



၄။ ။ [ပါ၊ ၂၅၈။ ပါသျှ၊ ၄၃၉။]

---

၅။ ။ [သျှအတိုင်း နံ-စွက်ပေး။ ဋ္ဌ၊ ၆၀။ ဋ္ဌသျှ၊ ၁၊ ၂၁၆။ ၁၃၁၇-နှစ်ကလည်း မေးခဲ့ပြီ။]

---

၆။ ။ [သျှအတိုင်း ပေး။ ဋ္ဌ၊ ၈၁။ ဋ္ဌသျှ၊ ၁၊ ၂၇၆။]

---

၇။ ။ [သျှအတိုင်း အပ္ပသာဝဇ္ဇော-ကို "၏"ဟု ပေး။ ဋ္ဌ၊ ၁၄၂။ ဋ္ဌသျှ၊ ၁၊ ၅၇၂။]

---

၈။ ။ ပဋ္ဌမတ္တာနိ သကဋ္ဌသတာနိ-၌ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ ပေါ်လွင်စေလျက် အနက်

[ပဋ္ဌမတ္တာနိ၊ ငါးလီအတိုင်း အရှည်ရှိကုန်သော။ သကဋ္ဌသတာနိ၊ လှည်းတို့၏ အရာတို့ကို။ (သဒ္ဒတ္ထ)(တစ်နည်း) ပဋ္ဌမတ္တာနိ သကဋ္ဌသတာနိ၊ငါးရာသောလှည်းတို့ ကို။ ဝါ၊ လှည်းငါးရာတို့ကို (အဓိပ္ပာယတ္ထ။) ကြွင်းပေးလေ။ လှည်းငါးရာတို့ကို အနက်ကို ဝေါဟာရတ္ထယူလျှင် ကောင်းသည်။ ဋ္ဌ၊၂၄၇။ ဋ္ဌသျှ၊၂၊၄၁၄။]

---

၉။ ။ ဥပမာကို နောက်ထားလျက် အနက်

အာရမ္မဏ၊အာရုံကို။ ဒင်္ဂုံ၊မြဲမြဲစွာ၊ဂဏှာတိ၊ဖမ်းယူတတ်၏။ (ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။)သုသုမာရာဒယော၊ မိကျောင်းစသောသတ္တဝါတို့သည်။ ပုရိသံ၊ ယောကျ်ားကို။ (ဒင်္ဂုံ၊မြဲမြဲစွာ။ ဂဏှန္တိ) ဝိယ၊ ဖမ်းယူကုန်သကဲ့သို့တည်း။ တတော-တသ္မာ တို့ကြောင့်။ ဂါဟော၊ ဂါဟမည်၏။ (ဋ္ဌ၊ ၂၉၅။ဋ္ဌသျှ၊၃၂၃။)

[၂-မည်ရ အနက်ပေးနည်း။ ။ ဤအနက်ပေးနည်းမှာ ဝါကျအပြန်အလှန် အနက်ပေးနည်းလည်း မည်၏။ ဥပမာနှ အပြင်ထုတ်၍ အနက်ပေးနည်းလည်းမည်၏။ ဥပမာနှ-ကို "ဥပမာ"ဟု ဆိုသည်။]

---

၁၀။ ။ [ဋ္ဌ။ ၂၉၆။ ဋ္ဌသျှ၊ ၃၊ ၂၉။]

---

http://www.dhammadownload.com



## ၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က)ကုသလဒါနိ ယထာ နိက္ခိတ္တာယ မာတိကာယ သင်္ဂဟိတေ ဓမ္မေ ပဘေဒတော ဒဿေတုံ "ကတမေ ဓမ္မာ ကုသလာ"တိ ကုသလပဒဘာဇနီယံ အာရဒ္ဓံ။

(ခ)တတ္ထ ယဒေတံ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတီတိ ပဌမံ ကာမာဝစရကုသလံ ဒဿိတံ။

(ဂ)တဿ တာဝ နိဒ္ဒေသေ ဓမ္မဝဝတ္ထာနဝါရော သင်္ဂဟဝါရော သုညတဝါရောတိ တယော မဟာဝါရာ ဟောန္တိ။

၁။ ။(က)အမှတ်ပြဝါကျ၌ ဒဿေတုံ-၏ကရိုဏ်းကိုထည့်၍ ကုတိသဒ္ဒါ၏ အာကာရတ္ထ,နိဒဿနတ္ထ,အာဒျတ္ထ ပေါ်လွင်စေလျက် အနက်ယောဇနာပါ။

၂။ ။ (ခ)အမှတ်ပြဝါကျကို ဌပနာဒိပဉ္စကစောဒနာ တက်ပြပါ။ (အဓိပ္ပာယ် ပြန်ရန် မလို။)

၃။ ။ ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ အတ္ထေဟိ ကုသလံ။ အပိစ အာရောဂျဋ္ဌေန အနဝဇ္ဇဋ္ဌေန ကောသလ္လသမ္ဘူတဋ္ဌေန စ ကုသလံ၌ အပိစထားရခြင်း၏အကြောင်းကို ရေး၍ (ခ)အမှတ်ပြဝါကျဖြင့် ပယ်အပ်သောဒေါသကို ဖော်ပြပါ။

၄။ ။ ပဒဘာဇနီယံ-ကို အစိတ်, အပေါင်းဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟကို သာ ဗျူပ္ပတ္တိစတုက္ကခွဲပြပါ။

၅။ ။ကုသလဒါနိ ပဘေဒတော ဒဿေတုံ အာရဒ္ဓံ-တို့၏ ပဒ, လိင်္ဂ, ဂဏ, အန္တ-တို့ကို ခွဲပြပါ။

၆။ ။ အပိစ ကာမဘဝသင်္ခါတေ ကာမေ ပဋိသန္ဓိ အဝစာရေတီတိ ပိ ကာမာဝစရံ-၌ အဋ္ဌကထာဆရာ၏အာဘောဂနှင့် သံဝဏ္ဏနာအမည်တို့ကို ဖော်ပြပါ။

၇။ ။ (ဂ)အမှတ်ပြဝါကျ၌ တ-၏စွဲရာ ဝိသယကို ဖော်ပြ၍ ကုသလန္တိ နာမံ လဘတိ၊ ဉာဏဝိပ္ပယုတ္တံ ဒုဝိဓေနေဝ-၌ ဧဝ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ, နိဝတ္တေ တဗ္ဗတ္ထတို့ကို ထုတ်ပြပါ။

၈။ ။ (က)အမှတ်ပြဝါကျပါ အာရဒ္ဓံ-ပုဒ်၏ ဗာဟျတ္ထအရကို ယူ၍ ကြိယာငါးတန် ထုတ်ပြပါ။

၉။ ။ ပဒဘာဇနီ၌ မာတိကာ၌ကဲ့သို့ "ကုသလာဓမ္မာ"ဟု မဟောဘဲ "ဓမ္မာ ကုသလာ"ဟု အဘယ်ကြောင့် ဟောတော်မူပါသနည်း။ ?ဖြေဆိုပြီးလျှင် ဓမ္မဝဝတ္ထာန ဥဒ္ဒေသဝါရ၏ပရိစ္ဆေဒလေးပါးကို ဖော်ပြ၍ အစဖြစ်သောပရိစ္ဆေဒကို ပိုင်းခြားပြပါ။

http://www.dhammadownload.com



၁၀။ ။(ဖ)နံပါတ်အမှတ်ပြဝါကျ၌ အဝစာရေတိ–အရ ဖြစ်သင့်သော ပစ္စည်း တရား,ပဋိသန္ဓိအရ ဖြစ်သင့်သောပစ္စယုပ္ပန်တရားတို့ကို ဖော်ပြ၍ ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ထုတ်ပြပါ။

---

## ၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ ဒသေဟုံ–၏ ကရိုဏ်းထည့်၍ ဣတိ–၏ အာကာရတ္ထ, နိဒဿနတ္ထ, အာချတ္ထ ပေါ်လွင်စေလျက် အနက်

ဣဒါနိ၊မာတိကာကို ဟောပြီးသည်၏ အခြားမဲ့ဖြစ်သော ဤအခါ၌။ ယထာနိက္ခိတ္တာယ၊အကြင်အကြင်ထားအပ်ပြီးသော။ ဝါ။ အကြင်အကြင်ထားအပ်ပြီးသော အပြားရှိသော။ မာတိကာယ၊မာတိကာဖြင့်။ သင်္ဂဟိတေ၊ပေါင်း၍ယူအပ်ကုန်သော။ ဓမ္မေ၊တရားတို့ကို။ ပဘေဒတော၊အထူးအားဖြင့်။ (ကတမေဓမ္မာ ကုသလာတိ၊ ကတမေဓမ္မာ ကုသလာ–ဟူသော။ ဝါ၊ကတမေဓမ္မာ ကုလော–အစရှိသော။ ဣမိနာ ပဒဘာဇနီယေန၊ဤပဒဘာဇနီဖြင့်။)ဒသေတုံ၊ပြခြင်းငှါ။ ဝါ၊သောတုဇနတို့အား သိစေခြင်းငှါ။ကတမေဓမ္မာ ကုသလာတိ၊ကတမေ ဓမ္မာကုသလာ–ဟူ၍(အာကာရတ္ထ)။ ဝါ၊ ကတမေဓမ္မာ ကုသလာ–ဟူသော (နိဒဿနတ္ထ)။ ဝါ၊ကတမေ ဓမ္မာ ကုသလာ–အစရှိသော(အာချတ္ထ)။ ဣဒံ ပဒဘာဇနီယံ၊ဤပဒဘာဇနီကို။(ဘဂဝတာ၊ သည်။ ) အာရဒ္ဓံ၊အားထုတ်တော်မူအပ်ပြီ။ [ဋ္ဌ။ ၉၇။ ဋ္ဌသျ၊၁၊၁၅၈]

ဣတိ ၁–လုံးအကျေကြ်၍ အနက်။ ။ "ကတမေဓမ္မာကုသလာ ဤသို့ အစရှိသော"ဟု ပေးသည်မှာ နိဒဿနတ္ထဣတိ "အာချတ္ထဣတိ"ဟု ဣတိ ၂–လုံးတို့တွင် အတွင်း ဖြစ်သော နိဒဿနတ္ထဣတိ ၁–လုံးအကျေကြ်၍ပေးခြင်းဖြစ်သည်။

[ဒဿနကရိုဏ်းထည့်နည်း။ ။ ဒဿနကရိုဏ်းထည့်နည်းကို ၁၉၈၇ (၁၃၄၈)ခုနှစ် ပါရာဇိကဏ်အဖြေ၌ ဖော်ပြခဲ့ပြီး။]

---

၂။ ။(ခ)အမှတ်ပြဝါကျ ဋ္ဌပနာဒီပဥ္စကစောဒနာတက်သခင်ပ, ဝိတ္ထာရ ယူ၍ အဓိပ္ပာယ်တက် တက်ပုံ

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "မာတိကာကို ဟောပြီးသည်၏အခြားမဲ့ဖြစ်သော ဤအခါ၌ အကြင်အကြင်ထားပြီးအပ်သော မာတိကာဖြင့်ပေါင်း၍ ယူအပ်ကုန်သောတရားတို့ကို အထူးအားဖြင့်ပြခြင်းငှါ (ဝါ)သောတုဇနတို့အား သိစေခြင်းငှါ ကတမေ ဓမ္မာ ကုသလာ–အစရှိသော ဤပဒ ဘာဇနီကို ဘုရားရှင် အားထုတ်တော်မူအပ်၏"ဟု ဆိုတော်မူ၏(ဋ္ဌပနာ)။ ဤပဒ ဘာဇနီသည် ကုသိုလ်,အကုသိုလ်,အဗျာကတအားဖြင့် ၃–ပါးအပြားရှိပြီး, ထိုတွင် ကုသိုလ်သည်လည်း ကာမာဝစရ,ရူပါဝစရ,အရူပါဝစရ,လောကုတ္တရအားဖြင့် ၄–ပါးအပြားရှိသည် မဟုတ်ပါလော(အာဘောဂ)။ ထိုသို့ ဤပဒဘာဇနီသည် ကုသိုလ်,အကုသိုလ်,အဗျာကတအားဖြင့် ၃–ပါးအပြားရှိပြီး, ထိုတွင် ကုသိုလ် သည်လည်း ကာမာဝစရ,ရူပါဝစရ,အရူပါဝစရ,လောကုတ္တရ အားဖြင့် ၄–ပါးအပြား

http://www.dhammadownload.com



ရှိသောကြောင့် (အာဘောဂဟေတု)။ "မာတိကာကို ဟောပြီးသည်၏အခြားမဲ့ဖြစ်သော ဤအခါ၌ အကြင်အကြင်ထားပြီးအပ်သော မာတိကာဖြင့် ပေါင်း၍ ယူအပ်ကုန်သော တရားတို့ကို အထူးအားဖြင့်ပြခြင်းငှါ (ဝါ)သောတုစနေတို့အား သိစေခြင်းငှါ ကတမေ ဓမ္မာ ကုသလာ-အစရှိသော ဤပဒဘာဇနီကို ဘုရားရှင် အားထုတ်တော်မူအပ်၏"ဟု သာမဆိုသင့်(ဠပနာပဋိက္ခေပ)။ ရှေးဦးစွာ ပြတော်မူအပ်သောကုသိုလ်ကား အဘယ် ကုသိုလ်ပါနည်း(စောဒနာ)။ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

[အနုညာတကို ဆောင်သိ။ ။ "ရှေးဦးစွာ ပြတော်မူအပ်သော ကုသိုလ်ကို လည်း ပြဆိုသင့်၏"ဟု ဌပနာပဋိက္ခေပနောင် အနုညာတကို ဆောင်သိ၊သို့မှ အစိပ္ပာယ်ပေါ်သည်။]

ဝါကျတက် တက်ပုံ

အရှင်အဋ္ဌကထာဆရာ ဆရာသည်(က)အမှတ်ပြဝါကျဖြင့် "မာတိကာကို ။ပ။ အားထုတ်တော်မူအပ်၏"ဟု အကျဉ်းသဒ္ဒေပကို ဆိုတော်မူ၏(ဌပနာ)။ အကျဉ်းသဒ္ဒေပသည် အကျယ်ဝိတ္ထာရနှင့်မကင်းကောင်းသည် မဟုတ်ပါလော (အာဘောဂ)။ ထိုသို့မကင်းကောင်းသောကြောင့်(အာဘောဂဟေတု)။ အကျဉ်းသဒ္ဒေပကိုသာ မဆိုသင့် (ဌပနာပဋိက္ခေပ)။ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း(စောဒနာ)။ ဤသို့စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာ သည် (ခ)အမှတ်ပြဝါကျကို မိန့်။

သမုဒါယတ္ထ,အဝယဝတ္ထ ယူ၍ တက်ပုံ

(တစ်နည်း) အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် သမုဒါယတ္ထကို ဆိုတော်မူ၏(ဌပနာ)။ သမုဒါယတ္ထသည် အဝယဝတ္ထနှင့် မကင်းကောင်းသည် မဟုတ်ပါလော(အာဘောဂ)။ ထိုသို့မကင်းကောင်းသောကြောင့် (အာဘောဂဟေတု)။ သမုဒါယတ္ထကိုသာ မဆိုသင့်(ဌပနာပဋိက္ခေပ)။ အဝယဝတ္ထ ကား အဘယ်ပါနည်း(စောဒနာ)။ ဤသို့။ ပ။ (ခ)အမှတ်ပြဝါကျကို မိန့်။

[သမုဒါယတ္ထ,အဝယဝတ္ထ ယူပုံ

သမူဟာဝယဝတ္ထာနံ၊ဝသေန ဒုဝိဓော အတ္ထော၊

သမူဟတ္ထော တု သမ္ဗန္ဓော၊ဝိဂ္ဂဟောဝယဝေါ မတောတိ။

ဝဒန္တာနံ ပေါရာဏာစရိယာနံ မတေန သမ္ဗန္ဓော သမုဒါယတ္ထော နာမ။ ဝိဂ္ဂဟော, တဒတ္ထော ဝါ အဝယဝတ္ထော နာမာတိ ဝိညာယတိ။ ကော သမ္ဗန္ဓော နာမာတိ။ အနုသန္ဓိ ဝါ ပုဗ္ဗာပရပဒသမ္ဗန္ဓော ဝါ သမ္ဗန္ဓော နာမာတိ ဝိညာယတိ။

. ဝိနယာဘိဓမ္မတ္ထသင်္ဂဟနုဒ္ဒသိက္ခာသံဝဏ္ဏာဒိကာရာနံ ပန အာစရိယာနံ မတေန တေန တေန နိဒ္ဒေသေန နိဒ္ဒိဋ္ဌတ္ထော, ပုဗ္ဗာပရပဒသမ္ဗန္ဓေန ဝုတ္တတ္ထော, ဝိဂ္ဂဟတ္ထောစ အဝယဝတ္ထော နာမ။ ဣမေဟိ ပန တီဟိ အတ္ထေဟိ အညော ဣမေသံ ဝစနတော ပုဗ္ဗဘာဂေ အနုသန္ဓိဒဿနဝစနာဒီဟိ ဝစနေဟိ ဝုတ္တော သဗ္ဗော အတ္ထော သမူဟတ္ထော နာမာတိ ဝိညာယတိ။

အနုဋီကာစရိယမတေန ပန တံ တံ နိဒ္ဒေသေန နိဒ္ဒိဋ္ဌတ္ထောယေဝ သမူဟတ္ထော နာမ။ ဝိဂ္ဂဟတ္ထောယေဝ အဝယဝတ္ထောနာမာတိ ဝိညာယတိ။ (မဏိဒီပ၊၁၊၈၃။)

http://www.dhammadownload.com



(ခ)အမှတ်ပြဝါကျကို ဒုတိယနည်းအရ အဝယဝတ္ထုယူ၍ တက်သည်။ မှန်၏-ရှေးနိုသယ,ဂဏ္ဌိဆရာကြီးများသည် အနုသန္ဓေနောင် တတ္ထရှိလျက်တက်သော ဤဝါကျမျိုးကိုလည်း အဝယဝတ္ထုယူ၍ တက်လေ့ရှိကြသည်သာ၊ ၁၃၂၁-ခုနှစ်က ဖော်ပြခဲ့သော အနုသန္ဓေနောင် တတ္ထရှိလျက်တက်သော တတ္ထ ဥပါဒိယတိတိ-စသောဝါကျမျိုးကိုသာ အဝယဝတ္ထုယူ၍ တက်လေ့ရှိသည်သာ မဟုတ်-ဟူလို။]

---

၃။ ။ အပိစ-သဒ္ဒါ ထားရခြင်း အကြောင်း

ကုသလ-သဒ္ဒါ၏ စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်အားဖြင့် တုန်လှုပ်စေခြင်း,ဝိက္ခမ္ဘနပဟာန်အားဖြင့် ပြင်းစွာတုန်လှုပ်စေခြင်း, သမုစ္ဆေဒပဟာန်အားဖြင့် ဖျက်ဆီးပယ်ဖျောက်ခြင်းအနက်တို့မှတစ်ပါး အနာကင်းသည်၏အဖြစ်တည်းဟူသောအနက်,အပြစ်ကင်းစင်သည်၏ အဖြစ်တည်းဟူသော အနက်, သမ္မယုတ်ပညာကြောင့် ဖြစ်သည်၏အဖြစ်ဟူသော အနက်တို့ကို လဲလှယ်ပြလိုသောကြောင့် အပိစသဒ္ဒါကို ထားရပါသည်။

[အတ္ထချင်း မတူပုံ။ ။ ရှေ့အတ္ထ (အနက်)မှာ အဘိဓာနတ္ထ (ဝိဂြိုဟ်၏ အနက်)ဖြစ်သည်။ နောက်အတ္ထ-မှာ သဒ္ဒါဟောအဘိဓေယျတ္ထ (သဒ္ဒါ၏ အနက်) ဖြစ်သည်။]

(ခ)အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသ

(ခ)အမှတ်ပြဝါကျဖြင့် ပုနရုတ္တိဒေါသ, (တစ်နည်း)ဝိရောဓိဒေါသကို ပယ်ပါသည်။

မှတ်ချက်။ ။ ရှေ့နည်းမှာ "ဝိတ္ထာရ,သံခိပ်,ဥဒ်,နိဒ်,နိဂမ၊စုဏ္ဏိယ (နိဂမနိယ)၊ ပုနရုတ္တိထင်"ဟု မိန့်သောဆရာတို့အလိုဖြစ်သည်။ နောက်နည်းမှာ "ဝိတ္ထာ,သခိပ်၊ ဥဒ်,နိဒ်,နိဂမ၊စုဏ္ဏိယ၊ဒေါသဝိရောတင်"ဟု မိန့်သောဆရာတို့အလို ဖြစ်သည်။

[ဝိတ္ထာရဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်ပုံ။ ။(က)အမှတ်ပြ ရှေ့ဝါကျနှင့် (ခ)အမှတ်ပြ နောက်ဝါကျတို့၏အနက်အဓိပ္ပာယ်မှာ ကုသိုလ် ပဒဘာဇနီ ချည်းဖြစ်၍ အတူဖြစ်နေသော်လည်း (ခ)အမှတ်ပြနောက်ဝါကျကို မရေးက "ရှေးဦးစွာ ကာမဝစရကုသိုလ်ကို ပြသည်"ဟု မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့ မသိနိုင်၊ယင်းမန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် (ခ)အမှတ်ပြဝိတ္ထာရဝါကျကို ကျမ်းဆရာရေးရသောကြောင့် ပုနရုတ္တိဒေါသ မရောက်ရကား (ခ)အမှတ်ပြဝါကျဖြင့် ယင်းပုနရုတ္တိဒေါသကို ပယ်သည်။

ဝိတ္ထာဝါကျဖြင့် ဝိရောဓိဒေါသကို ပယ်ပုံ။ ။ သခေ်ပဝါကျနှင့် ဝိတ္ထာရဝါကျသည် ဒုကဝါကျဖြစ်သည်။ သခေ်ပ (က)အမှတ်ပြဝါကျကိုသာ ဆိုသည်ရှိသော် (ဝိတ္ထာရမရှိဟူသော အနက်အဓိပ္ပာယ်ရောက်ရကား)သခေ်ပ,ဝိတ္ထာရ ဆန့်ကျင်သည်ဖြစ်၍ ဝိရောဓိဒေါသ ရောက်ရာသောကြောင့် (ခ)အမှတ်ပြဝါကျကို ကျမ်းဆရာရေးရကား (ခ)အမှတ်ပြဝါကျဖြင့် ယင်းဝိရောဓိဒေါသကို ပယ်သည်။

ဝိတ္ထာရဝါကျဖြင့် "ဝိရောဓိဒေါသကို ပယ်သည်"ဟု ကျွန်ုပ်တို့ ယူသည်။ ဝိတ္ထာရဝါကျသည် သခေ်ပဝါကျနှင့် တွဲသော အစုံ (ဒုက)ဝါကျဖြစ်၍ ဝိတ္ထာရရှိက သခေ်ပ ရှိရသည်။ သခေ်ပရှိက ဝိတ္ထာရ ရှိရသည်။ မရှိက သခေ်ပ,

http://www.dhammadownload.com



ဝိတ္ထာရ ဆန့်ကျင်သည့်ဝိတ္ထာရကိုပြသဖြင့် ယင်းဒေါသမှလွတ်သည်။ ထို့ကြောင့် "ဝိတ္ထာရဝါကျကို ဝိရောစိဒေါသတင် တက်ရသည်။ ဝိတ္ထာရဝါကျဖြင့် ဝိရောစိဒေါသကို ပယ်သည်"ဟု ဝါကျအမည်အမျိုးအစားကို ကြည့်၍ ကျွန်ုပ်တို့ ယူသည်။ နိယံကိုလည်း "ဝိတ္ထာ, သံခိပ်၊ ဥဒ်, နိဒ်, နိဂမ၊ စုဏ္ဏိယ၊ ဒေါသဝိရောတင်"ဟု စပ်ဆိုသည်။ ရှေးဆရာတို့ကား အဓိပ္ပာယ်ကို ကြည့်၍ "ဝိတ္ထာရဝါကျကို ပုနရုတ္တိဒေါသတင် တက်ရသည့်ဝိတ္ထာရဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်သည်"ဟု ယူကြသည်။ နိယံကိုလည်း "ဝိတ္ထာ, သံခိပ်၊ ဥဒ်, နိဒ်, နိဂမ၊ စုဏ္ဏိယ၊ ပုနရုတ္တိတင်" ဟု စပ်ဆိုကြသည်]

---

၄။ ။ အစိတ်ဝိဂ္ဂဟ

ပဇ္ဇတိ အတ္ထော ဧတေဟီတိ ပဒါနိ(သာရတ္ထ) ပဇ္ဇတေ ဂမျတေ အတ္ထော ဧတေဟီတိ ပဒါနိ(ဘောဓိစိန္တာဋီကာ။)ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေတိဟိ ပဒါနိ(ပုဒ်စစ်။)ဘာဇေတိ ဝိဘဇတိ ဧတေနာတိ ဘာဇနီယံ (ဥပရိပဏ္ဏာသဋီကာ)

အပေါင်းဝိဂ္ဂဟ။ ။ ပဒါနံ ဘာဇနီယံ ပဒဘာဇနီယံ။

ဈူပ္ပတ္တိစတုက္က

အဘိဓာန်ဋီကာအလိုအားဖြင့်–

(၁) ပ–ဟူသော,ဒ–ဟူသော,ဘာ–ဟူသော,ဇ–ဟူသော,နီ–ဟူသော,ယံ–ဟူသောအစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဈူပ္ပတ္တိ။

(၂) ပဒ–ပုဒ်,ဘာဇနီယ–ပုဒ်သည်လည်းကောင်း,ကုသလာဓမ္မာအစရှိသော မာတိကာပုဒ်တို့၏ အကျယ်ဝေဖန်ကြောင်းဖြစ်သော ကတမေ ဓမ္မာ ကုသလာ–အစရှိသောဘာဇနီစကားနှင့် အကျိုးအကြောင်း၏အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်လည်းကောင်း ဈူပ္ပတ္တိနိမိတ်။

(၃) ပဒဘာဇနီယံ–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) ပုဒ်တို့ကို အကျယ်ဝေဖန်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဘောဓိစိန္တာဒီပနီ အလိုအားဖြင့်–

(၁) ပဒါနံ ဘာဇနီယံ–ဟူသော ဝိဂ္ဂဟသည် ဈူပ္ပတ္တိ။

(၂) တူ၏။

(၃) ပဒဘာဇနီယံ–ဟူသော နိပ္ဖန္နသည် ပဝတ္တိ။

(၄) တူ၏။

[ပဒ–ဝိဂ္ဂဟ အထောက်။ ။ ဝိဘတ္တိယန္တံ အတ္ထသာ ဉာပနတော ပဒံ။ ပဇ္ဇတိ အတ္ထော ဧတေနာတိ ပဒံ။ (သာရတ္ထ၁၊၃၂၉။) ပဇ္ဇတေ ဂမျတေ အတ္ထော အနေနာတိ ပဒံ။ (ဘောဓိစိန္တာဋီကာ၁၀။) ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ (နာမ်ပုဒ်စစ်။)

ဘာဇနီယ–ဝိဂ္ဂဟ အထောက်။ ။ဘိက္ခဝေ ဥဒ္ဒေသဉ္စ ဝိဘင်္ဂဉ္စ ဒေသေဿာမိ။ ပ။ ဘာဇိဿာမိတိ။ (ဥပရိပဏ္ဏာသ၂၂၆။) ဥဒ္ဒေသန္တိ မာတိကံ၊ ဝိဘင်္ဂန္တိ ဝိတ္ထာရဘာဇနီယံ။ (ဥပရိပဏ္ဏာသ၊ ၄၊ ၁၇၀။) ဥဒ္ဒိဋ္ဌမတ္ထံ ဝိဘဇတိ

http://www.dhammadownload.com



ဓေတာ။ ပ။ သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ ဝိညာဏက္ခန္ဓာ, ဝေဒနာက္ခန္ဓာ။ ပ။ သဟဇာတ,အညမည,နိဿယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၆။ ပ။ သည်။

ဓေတာ။ ပ။ သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာ, ပ။ ဝုတ္တာ။ ပ။ ဝေဒနာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ။ ပ။ ဟဇာတ,အညမည,နိဿယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၆။ ပ။ သည်။

ဓေတာ။ ပ။ သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာ။ ပ။ ဝေဒနာက္ခန္ဓ,သညာက္ခန္ဓာ။ ပ။ အဓိပတိ,သဟဇာတ,အညမည,နိဿယ,အာဟာရ,ဣန္ဒြိယ,သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ၉။ ပ။ သည်။

နာမ်သည် ရုပ်အား

ဓေတာ-၏အရကို နာမက္ခန္ဓာ၄-ပါးကို ယူ၍ ဝုတ္တာ-၏အရကို စိတ္တဇရုပ်ကို ယူ၍ ဓေတာ-၏အရ ပစ္စည်းတရားသည် ဝုတ္တာ-၏အရ ပစ္စယုပ္ပန်တရားအား သဟဇာတ,နိဿယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ (ယထာရဟ)၅-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။ [ဝိပါက်နာမက္ခန္ဓာဖြစ်က ဝိပါကထည့်၍ ၆-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။] (စတုက္ကနည်း)

ကေကနည်း ၄-ဝါရ

အစိတ်အစိတ်ခွဲသော်-ဓေတာ။ ပ။ ဝေဒနက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ စိတ္တဇရုပ်။ ပ။ သဟဇာတ,နိဿယ,ဣန္ဒြိယ,ဈာန,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၇။ ပ။ သည်။

ဓေတျာ။ ပ။ သညာက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ စိတ္တဇရုပ်။ ပ။ သဟဇာတ, နိဿယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၅။ ပ။ သည်။

ဓေတာ။ ပ။ သင်္ခါရက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ စိတ္တဇရုပ်။ ပ။ ဟေတု, အဓိပတိ,သဟဇာတ,နိဿယ,ကမ္မ,အာဟာရ,ဣန္ဒြိယ,ဈာန,မဂ္ဂ,ဝိပ္ပယုတ္တ,အတ္ထိ, အဝိဂတ ၁၂။ ပ။ သည်။

ဓေတာ။ ပ။ ဝိညာဏက္ခန္ဓာ။ ပ။ ဝုတ္တာ။ ပ။ စိတ္တဇရုပ်။ ပ။ အဓိပတိ, သဟဇာတ, နိဿယ, အာဟာရ, ဣန္ဒြိယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၈။ ပ။သည်။

(တိကနည်း ၄-ပါရ,ဒုကနည်း ၆-ဝါရတို့ကိုလည်း နည်းမှီးထုတ်လေဦး။)

နာမ်သည် နာမ်ရုပ်အား

ဓေတာ-၏အရကို ၃-ပါး,၁-ပါး,၂-ပါးသော နာမက္ခန္ဓာကို ယူ၍ ဝုတ္တာ-၏အရကို ၁-ပါး,၃-ပါး,၂-ပါးသော နာမက္ခန္ဓာ,ထိုနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်ကို ယူ၍။ ပ။ သတဇာတ,နိဿယ,ဣန္ဒြိယ, ဈာန,အတ္ထိ,အဝိဂတ (ယထာရဟ) ၆။ ပ။ သည်။

ကေကနည်း ၄-ဝါရ

အစိတ်စိတ်ခွဲသော်- ဝေဒနာက္ခန္ဓာက သဟဇာတ, နိဿယ, ဣန္ဒြိယ, ဈာန,အတ္ထိ,အဝိဂတ ပစ္စယ,သညာက္ခန္ဓာက သဟဇာတ,နိဿယ,အတ္ထိ,အဝိဂဟ ၄-ပစ္စယ, သင်္ခါရက္ခန္ဓာက ဟေတု,အဓိပတိ,သဟဇာတ,နိဿယ,ကမ္မ, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, အတ္ထိ, အဝိဂတ ၁၁-ပစ္စယ, ဝိညာဏက္ခန္ဓာက အဓိပတိ,

http://www.dhammadownload.com



သဟဇာတ,နိဿယ,အာဟာရ,ဣန္ဒြိယ,အတ္ထိ,အဝိဂတ ၇–ပစ္စယသတ္တိတို့ဖြင့် ကျေးဇူး ပြုသည်။ တိက နည်း ၄–ဝါရ,ဒုကနည်း ၆–ဝါရတို့ကိုလည်း နည်းမှီးထုတ်လေဦး။

မဟာဘုတ်သည် မဟာဘုတ်အား

စေတ–၏အရကို ၃–ပါး,၁–ပါး,၂–ပါးသော မဟာဘုတ်ကို ယူ၍ ဝုတ္တာ၏အရကို ကြွင်း ၁–ပါး,၃–ပါး,၂–ပါးသော မဟာဘုတ်ကို ယူ၍။ ပ။ သဟဇာတ, အညမည,နိဿယ,အတ္ထိ,အဝိဂတ (ယထာရဟ)၅။ ပ။ သည်။ ဧကက,တိက, ဒုကဝါရတို့ကိုလည်း ထုတ်လေဦး။

မဟာဘုတ်သည် ဥပါဒါရုပ်အား

စေတ–၏အရကို မဟာဘုတ်ကို ယူ၍ ဝုတ္တာ–၏အရကို ဥပါဒါရုပ်ကို ယူ၍။ ပ။ သဟဇာတ,နိဿယ,အတ္ထိ,အဝိဂတ ၄။ ပ။ သည်။ ဧကက,တိက, ဒုကဝါရတို့ကိုလည်း ထုတ်လေဦး။

မဟာဘုတ်သည် မဟာဘုတ်ဥပါဒါရုပ်အား

စေတ–၏အရကို ၃–ပါး,၁–ပါး, ၂–ပါးသော မဟာဘုတ်ကို ယူ၍ ဝုတ္တာ–၏ အရကို ၁–ပါး,၃–ပါး, ၂–ပါးသောမဟာဘုတ်,ဥပါဒါရုပ်ကို ယူ၍ စေတ–၏အရ မဟာဘုတ်သည် ဝုတ္တာ–၏အရ မဟာဘုတ်အားလည်းကောင်း, ဥပါဒါရုပ်အား လည်းကောင်း သဟဇာတ,နိဿယ,အတ္ထိ,အဝိဂတ ၄။ ပ။ သည်။ ဧကက,တိက,ဒုကဝါရတို့ကိုလည်း ထုတ်လေဦး။

အနန္တရ, ပုရေဇာတမျိုးလည်း ရ။ ။ "ကတ္တားနှင့်ကြိယာ၊ စပ်ပါကြ သ, နန်, ပု"ဟု ဆိုသည့်အတိုင်း ဝုတ္တကတ္တားနှင့် ဝုတ္တကြိယာ၏အရ အနန္တရ, ပုရေဇာတမျိုးတို့ဖြင့်လည်း ပဋ္ဌာန်းနည်း ထုတ်နိုင်သည်။

အပေါင်းအားဖြင့် ဖြေနိုင်အောင် လေ့လာထားသင့်။ ။ ပစ္စည်း, ပစ္စယုပ္ပန် ခန္ဓ ပဥ္စကချင်း ပဋ္ဌာန်းနည်းထုတ်ရာ၌ အစိတ်စိတ်မခွဲဘဲ အပေါင်းအားဖြင့် ဖြေနိုင်လျှင် အမှတ်ပြည့်ရနိုင်လောက်ပါ၏။ ထို့ကြောင့် အစိတ်စိတ်ခွဲ၍ မဖြေနိုင် စေကာမူ အပေါင်းအားဖြင့် ဖြေနိုင်အောင်လေ့လာထားသင့်၏။ ယင်းသို့ အပေါင်း အားဖြင့် ဖြေနိုင်လျှင် အမှတ်ပြည့်ရနိုင်သော်လည်း ပဋ္ဌာန်းပါဠိ နည်းနာနယ ရကြစေရန် အစိတ်စိတ်ပါ ဖော်ပြရခြင်းဖြစ်၏။ ထို့ကြောင့် အစိတ်စိတ်ကိုပါ ဖော်ပြသည့်အတွက် "ဂန္ထာဂရုဒေါသသင့်သည်"ဟု ဂန္ထာဂရုဒေါသပုဒ်မဖြင့် မစွတ်စွဲအပ်။

"ဓာတ်၏အရ"ဟု,သို့မဟုတ် "ပစ္စည်း၏အရ"ဟု ဝိသေသ, မ, မေးသင့်။ ။ ကတ္တားပုဒ်သည် ဝုတ္တကတ္တားဖြစ်က ကြိယာပုဒ်ဝယ် ဓာတ်၌လည်း စပ်နိုင်သည်။ ပစ္စည်း၌လည်း စပ်နိုင်သည်။ ဝုတ္တကံပိုလည်း ဓာတ်,ပစ္စည်း ၂–မျိုးလုံး ၌ပင် စပ်နိုင်သည်။ ကတ္တားပုဒ် ကံပုဒ်သည် အဝုတ္တဖြစ်က ကြိယာပုဒ်ဝယ် ဓာတ်၌သာ စပ်နိုင်သည်။ ပစ္စည်း၌ မစပ်နိုင်။

ဤ၌ စေတ–ဟူသော ကံပုဒ်သည် ဝုတ္တကံပုဒ်ဖြစ်၍ ဝုတ္တာ–ဟူသော ကြိယာပုဒ်ဝယ် ဓာတ်၌လည်း စပ်နိုင်၏ ပစ္စည်း၌လည်း စပ်နိုင်၏။ သို့ဖြစ်၍ ဓာတ်၏အရကိုလည်း ကောက်ယူနိုင်၏။ ပစ္စည်း၏ အရကိုလည်း ကောက်ယူနိုင်၏။

http://www.dhammadownload.com



ဓာတ်၏အရကို ကောက်ယူ၍လည်းဖြေနိုင်၏။ ပစ္စည်း၏အရကို ကောက်ယူ၍လည်း ဖြေနိုင်၏။ ထို့ကြောင့် ဝုတ္တာ-၌ "ဓာတ်အရ"ဟု, သို့မဟုတ် "ပစ္စည်းအရ"ဟု သေသေချာချာ ဝိသေသ, မ မေးသင့်သည်။ မေးရမည်။ သို့မဟုတ်က ဖြေရမှာရော စစ်ရမှာပါ အချိန်ကုန်လှသည်။ အမှန်မှာ ဤမေးခွန်းသည် ဓာတ်၏အရကို ရည်မေးသည့်မေးခွန်း ဖြစ်သည်။ သို့သော် ပစ္စည်း၏အရကိုလည်း ယူ၍ ဖြေနိုင်သောကြောင့် ဓာတ်၏အရကိုယူ၍ ဖြေသူကဖြေ, ပစ္စည်း၏အရကို ယူ၍ ဖြေသူက ဖြေ, ၂-မျိုး ၂-နည်းလုံး ဖြေသူက ဖြေဖြင့်ဖြေရမှာရော စစ်ရမှာပါ အချိန်ကုန်သည်။

ဘဂဝတာ ဝုတ္တာ၊ ကတမေ ဓမ္မာ ကုသလာတိအာဝဒိ အာဟ-မျိုးကဲ့သို့ အဝုတ္တကတ္တားပုဒ်၏အရနှင့် ကြိယာပုဒ်၏အရ ပဋ္ဌာန်းပစ္စည်းမေးရာ၌လည်းကောင်း၊ အဝုတ္တကံပုဒ်အရနှင့် ကြိယာပုဒ်၏အရ ပဋ္ဌာန်းပစ္စည်းမေးရာ၌ လည်းကောင်း "ဝုတ္တာ ၏အရ။ အာဟ-၏အရ" ဟု ဓာတ်၏အရ ပစ္စည်း၏အရ ဝိသေသမ၍ မမေးဘဲ မေးလိုသော် မေးနိုင်ပါ၏။ မေးသော် သင့်ရာပါသေး၏။ အဘယ်ကြောင့် နည်းဟူမူ ကတ္တားပုဒ် ကံပုဒ်တို့သည် အဝုတ္တ ဖြစ်သည့်အလျောက် ပစ္စည်း၌ မစပ်နိုင်၊ ဓာတ်၌သာစပ်နိုင်၍ ပစ္စည်းအရကို ယူမဖြေနိုင်၊ ဓာတ်၏အရကိုသာ ယူဖြေရမည် ဖြစ်သောကြောင့်တည်း။ ပစ္စည်းအရကို လျှင်းပါးဖွယ်ရာမလိုသောကြောင့်- ဟူလို။ ဓာတ်၏အရကို "အန္တတ္ထ"ဟု, ပစ္စည်း၏အရကို "ဗာဟျတ္ထ"ဟုလည်း သုံးကြသည်။ "ပုဒ်လုံး၏အရ"ဟု မေးရာ၌ ပုဒ်တစ်ပုဒ်ဝယ် ပစ္စယတ္ထသည်သာ ပဓာနဖြစ်၍ ပစ္စည်း ၏အရကိုပင် ကောက်ရသည်။ ပစ္စည်း၏အရ-ဟူသောစကားနှင့် ပုဒ်လုံး၏အရဟူသောစကားမှာ အတူတူသာ။

[ကျက်။ ။ကတ္တားဝုတ္တ။ ပစ္စယ, ဓာတု၊ နှစ်ခုစပ်ရ၊ အဝုတ္တမှာ၊
ဓာတ်တွင်သာ၊ ကံမှာ ၄င်းနည်းပင်တည်း။
(ဘုရားကြီးနိယံ။ ၁၃၈။]

---

## ၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

အောက်ပါ ပါဠိတော်တို့ကို အနက်မှန်မှန် သမ္ဗန်ပါ။

၁။ ။ ယာ တသ္မိံ သမယေ တဇ္ဇာမနောဝိညာဏဓာတုသမ္ဘဿဇာ စေတနာ သဥ္စေတနာ စေတယိတတ္တံ၊ အယံ တသ္မိံ သမယေ စေတနာ ဟောတိ။

၂။ ။ယော တသ္မိံ သမယေ လောဘော လုဗ္ဘနာ လုဗ္ဘိတတ္တံ သာရာဂေါ သာရဇ္ဇနာ သာရဇ္ဇိတတ္တံ အဘိဇ္ဈာ လောဘော အကုသလမူလံ၊ အယံ တသ္မိံ သမယေ လောဘော ဟောတိ။

၃။ ။ ယံ တံ ရူပံ ဥပါဒါ တံ အတ္ထိ ဥပါဒိဏ္ဏံ၊ အတ္ထိ အနုပါဒိဏ္ဏံ၊ ယံ တံ ရူပံ နော ဥပါဒါ တံ အတ္ထိ ဥပါဒိဏ္ဏံ၊ အတ္ထိ အနုပါဒိဏ္ဏံ။

http://www.dhammadownload.com



၄။ ။ ယေ တေ ပုဂ္ဂလာ အသဒ္ဓါ ဒုဿီလာ အပ္ပဿုတာ မစ္ဆရိနော ဒုပ္ပညာ။ ယာ တေသံ သေဝနာ နိသေဝနာ သံသေဝနာ ဘဇနာ သမ္ဘဇနာ ဘတ္တိ သမ္ဘတ္တိ တံ သမ္ပဝင်္ကတာ။ အယံ ဝုစ္စတိ ပါပမိတ္တတာ။

၅။ ။ ယဒါ ပနာယံ ဗြာဟ္မဏာဝဏ္ဏေန အာဂန္ဘာ သဏ္ဌော ဒေဝရာဇာ အဂ္ဂိနိ ယာစိ၊ တဒါ တာနိ ဥပ္ပါဠေတွာ ဒဒမာနသောဝ ဟာသော ဥပ္ပဇ္ဇိ-ကို ရှေးဝါကျ၌ အပဓာနကံစွက်၍ အနက်ပေးခဲ့ပါ။

၆။ ။ ကုဏ္ဍိတာနံ ဝါ သာနတော တနကရဏတော ဩသာနကရဏတော ဉာဏံ ကုသံ နာမ။ တေန ကုသေန လာတဗ္ဗာတိ ကုသလာ၊ ဂဟေတဗ္ဗာ ပဝတ္တေတဗ္ဗာတိ အတ္ထော-၌ အတ္ထော-၏သမ္ဗန္ဓံဝလျက် အနက်ပေးခဲ့ပါ။

၇။ ။ ပဗ္ဗဇိတာနံ အပ္ပကမ္ပိ တေလံ ဝါ သပ္ပိ ဝါ လဘိတွာ ဟသာဓိပ္ပာယေန "အဒ္ဓ ဂါမေ တေလံ နဒီ မညေ သန္ဒတိ" တိ ပူရဏကထာနယေန ပဝတ္တော အပ္ပသာဝဓမ္မော-၌ တုလျတ်, လိင်္ဂတ်နည်းဖြင့် အနက်ပေးခဲ့ပါ။

၈။ ။ အာဠွာရော စ ကာလာမော အာရုပ္ပသမာပန္နော ပဋ္ဌမတ္တာနိ သကဋသတာနိ နိဿာယ နိဿာယ အတိက္ကန္တာနိ နေဝ အဒ္ဒသ၊ န ပန သဒ္ဒံ အဿောသိ-၌ ပဋ္ဌမတ္တာနိ သကဋသတာနိ-ကို သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ ပေါ်လွင်စေလျက် အနက်ပေးခဲ့ပါ။

၉။ ။ သုသုမာရာဒယော ဝိယ ပုရိသံ အာရမ္မဏံ ဒဠှံ ဂဏှာတီတိ ဂါဟော-၌ ဥပမာကို နောက်ထားလျက် အနက်သွားခဲ့ပါ။

၁၀။ ။ ဒုရုဋ္ဌါဠ္ငနဋ္ဌေန ဝါ လင်္ဂီ။ ယထာ ဟိ မဟာပလိဃသင်္ခါတာ လင်္ဂီ ဒုရုဋ္ဌါဠ္ငာ ဟောတိ၊ ဧဝမယမ္ပိ လင်္ဂီဝိယာတိ လင်္ဂီ-ကို အနက်ပေးခဲ့ပါ။

---

၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏိ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ [ပါ၊ ၁၈။ ပါသျှ၊ ၃၈။]

---

၂။ ။ [ပါ၊ ၉၄။ ပါသျှ၊ ၁၄၈။]

---

၃။ ။ [ပါ၊ ၁၅၂။ ပါသျှ၊ ၂၂၈။]

---

http://www.dhammadownload.com



၄။ ။ [ပါ၊ ၂၅၀။ ပါသျှ၊ ၄၃၉။]

---

၅။ ။ [သျှအတိုင်း နံ-စွက်ပေး။ ဋ္ဌ၊ ၆၀။ ဋ္ဌသျှ၊ ၁၊ ၂၁၆။ ၁၃၁၇-နှစ်ကလည်း မေးခဲ့ပြီ။]

---

၆။ ။ [သျှအတိုင်း ပေး။ ဋ္ဌ၊ ၈၁။ ဋ္ဌသျှ၊ ၁၊ ၂၇၆။]

---

၇။ ။ [သျှအတိုင်း အပ္ပသာဝဇ္ဇော-ကို "၏"ဟု ပေး။ ဋ္ဌ၊ ၁၄၂။ ဋ္ဌသျှ၊ ၁၊ ၅၇၂။]

---

၈။ ။ ပဥ္စမတ္တာနိ သကဋသတာနိ-၌ သဒ္ဒတ္တ၊ အဓိပ္ပာယတ္တ ပေါ်လွင်စေလျက် အနက်

[ပဥ္စမတ္တာနိ၊ ငါးလီအတိုင်း အရှည်ရှိကုန်သော၊ သကဋသတာနိ၊ လှည်းတို့၏ အရာတို့ကို။ (သဒ္ဒတ္တ)(တစ်နည်း) ပဥ္စမတ္တာနိ သကဋသတာနိ၊ငါးရာသောလှည်းတို့ကို။ ဝါ၊ လှည်းငါးရာတို့ကို (အဓိပ္ပာယတ္တ။) ကြွင်းပေးလေ။ လှည်းငါးရာတို့ကို အနက်ကို ဝေါဟာရတ္တယူလျှင် ကောင်းသည်။ ဋ္ဌ၊၂၄၇။ ဋ္ဌသျှ၊၂၊၄၁၄။]

---

၉။ ။ ဥပမာကို နောက်ထားလျက် အနက်

အာရမ္မဏံ၊အာရုံကို။ ဒဠှံ၊မြဲမြံစွာ၊ဂဏှာတိ၊ဖမ်းယူတတ်၏။ (ကိမိဝ၊ အဘာယ်ကဲ့သို့နည်း၊ဟူမူကား။)သုသုမာရာဒယော၊ မိကျောင်းစသောသတ္တဝါတို့သည်။ ပုရိသံ၊ ယောကျ်ားကို။ (ဒဠှံ၊မြဲမြံစွာ။ ဂဏှန္တိ) ဝိယ၊ ဖမ်းယူကုန်သကဲ့သို့တည်း။ ဣတိ-တသ္မာ တို့ကြောင့်။ ဂါဟော၊ ဂါဟမည်၏။ (ဋ္ဌ၊ ၂၉၅။ဋ္ဌသျှ၊၃၂၃။)

[၂-မည်ရ အနက်ပေးနည်း။ ။ ဤအနက်ပေးနည်းမှာ ဝါကျအပြန်အလှန် အနက်ပေးနည်းလည်း မည်၏။ ဥပမာန အပြင်ထုတ်၍ အနက်ပေးနည်းလည်းမည်၏။ ဥပမာန-ကို "ဥပမာ"ဟု ဆိုသည်။]

---

၁၀။ ။ [ဋ္ဌ။ ၂၉၆။ ဋ္ဌသျှ၊ ၃၊ ၂၉။]

---

http://www.dhammadownload.com



၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က)ကတ္ထဒါနိ ယထာ နိက္ခိတ္တာယ မာတိကာယ သင်္ဂဟိတေ ဓမ္မေ ပဘေဒတော ဒဿေတုံ“ကတမေ ဓမ္မာ ကုသလာ”တိ ဣဒံပဒဘာဇနီယံ အာရဒ္ဓံ။

(ခ)တတ္ထ ယဒေတံ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပန္နံ ဟောတီတိ ပဌမံ ကာမာဝစရကုသလံ ဒဿိတံ။

(ဂ)တဿ တာဝ နိဒ္ဒေသေ ဓမ္မဝဝတ္ထာနဝါရော သင်္ဂဟဝါရော သုညတဝါရောတိ တယော မဟာဝါရာ ဟောန္တိ။

၁။ ။(က)အမှတ်ပြပါကျ၌ ဒဿေတုံ-၏ကရိုထ်ားကိုထည့်၍ ဣတိသဒ္ဒါ၏ အာကာရတ္ထ,နိဒဿနတ္ထ,အာဒျတ္ထ ပေါ်လွင်စေလျက် အနက်ယောဇနာပါ။

၂။ ။ (ခ)အမှတ်ပြပါကျကို ဌပနာဒိပဒ္ဓကစောဒနာ တက်ပြပါ။ (အဓိပ္ပာယ် ပြန်ရန် မလို။)

၃။ ။ ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ အတ္ထေဟိ ကုသလံ။ အပိစ အာရောဂျဋ္ဌေန အနဝဇ္ဇဋ္ဌေန ကောသလ္လသမ္ဘူတဋ္ဌေန စ ကုသလံ၌ အပိစထားရခြင်း၏အကြောင်းကို ရေး၍ (ခ)အမှတ်ပြပါကျဖြင့် ပယ်အပ်သောဒေါသကို ဖော်ပြပါ။

၄။ ။ ပဒဘာဇနီယံ-ကို အစိတ်, အပေါင်းဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟကို သာ ဗျုပ္ပတ္တိစတုက္ကခွဲပြပါ။

၅။ ။ဣဒါနိ ပဘေဒတော ဒဿေတုံ အာရဒ္ဓံ-တို့၏ ပဒ, လိင်, ဂဏ, အန္တ-တို့ကို ခွဲပြပါ။

၆။ ။ အပိစ ကာမဘဝသင်္ခါတေ ကာမေ ပဋိသန္ဓိံ အဝစာရေတီတိ ပိ ကာမာဝစရံ-၌ အဋ္ဌကထာဆရာ၏အာဘောဂနှင့် သံဝဏ္ဏနာအမည်တို့ကို ဖော်ပြပါ။

၇။ ။ (ဂ)အမှတ်ပြပါကျ၌ တ-၏ခွဲရာ ဝိသယကို ဖော်ပြ၍ ကုသလန္တိ နာမံ လဘတိ၊ ဉာဏဝိပ္ပယုတ္တံ ဒုဝိဓေနေဝ-၌ ဧဝ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ, နိဝတ္တေ တဗ္ဗတ္ထတို့ကို ထုတ်ပြပါ။

၈။ ။ (က)အမှတ်ပြပါကျပါ အာရဒ္ဓံ-ပုဒ်၏ ဗာဟုလ္လတ္ထအရကို ယူ၍ ကြိယာငါးတန် ထုတ်ပြပါ။

၉။ ။ ပဒဘာဇနီ၌ မာတိကာ၌ကဲ့သို့ “ကုသလာဓမ္မာ”ဟု မဟောဘဲ “ဓမ္မာ ကုသလာ”ဟု အဘယ်ကြောင့် ဟောတော်မူပါသနည်း။ ?ဖြေဆိုပြီးလျှင် ဓမ္မဝဝတ္ထာန ဥဒ္ဒေသဝါရ၏ပရိစ္ဆေဒလေးပါးကို ဖော်ပြ၍ အစဖြစ်သောပရိစ္ဆေဒကို ပိုင်းခြားပြပါ။

http://www.dhammadownload.com



၁၀။ ။(ဖ)နံပါတ်အမှတ်ပြဝါကျ၌ အဝစာရေတိ–အရ ဖြစ်သင့်သော ပစ္စည်း တရား,ပဋိသန္ဓိအရ ဖြစ်သင့်သောပစ္စယုပ္ပန်တရားတို့ကို ဖေါ်ပြ၍ ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ထုတ်ပြပါ။

---

## ၁၉၇၅ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ ဒသေတုံ–၏ ကရိုဏ်းထည့်၍ ပဒတိ–၏ အာကာရတ္ထ, နိဒဿနတ္ထ, အာချတ္ထ ပေါ်လွှင်စေလျက် အနက်

ဣဒါနိ၊မာတိကာကို ဟောပြီးသည်၏ အခြားမဲ့ဖြစ်သော ဤအခါ၌။ ယထာနိက္ခိတ္တာယ၊အကြင်အကြင်ထားအပ်ပြီးသော။ ဝါ။ အကြင်အကြင်ထားအပ်ပြီးသော အပြားရှိသော။ မာတိကာယ၊မာတိကာဖြင့်။ သင်္ဂဟိတေ၊ပေါင်း၍ယူအပ်ကုန်သော။ ဓမ္မေ၊တရားတို့ကို။ ပဘေဒတော၊အထူးအားဖြင့်။ (ကတမေဓမ္မာ ကုသလာတိ၊ ကတမေဓမ္မာ ကုသလာ–ဟူသော။ ဝါ၊ကတမေဓမ္မာ ကုလော–အစရှိသော။ ဣမိနာ ပဒဘာဇနီယေန၊ဤပဒဘာဇနီဖြင့်။)ဒသေတုံ၊ပြခြင်းငှါ။ ဝါ၊သောတုဇနတို့အား သိစေခြင်းငှါ။ကတမေဓမ္မာ ကုသလာတိ၊ကတမေ ဓမ္မာကုသလာ–ဟူ၍(အာကာရတ္ထ)။ ဝါ၊ ကတမေဓမ္မာ ကုသလာ–ဟူသော (နိဒဿနတ္ထ)။ ဝါ၊ကတမေ ဓမ္မာ ကုသလာ–အစရှိသော(အာချတ္ထ)။ ဣဒံ ပဒဘာဇနီယံ၊ဤပဒဘာဇနီကို။(ဘဂဝတာ၊ သည်။ ) အာရဒ္ဓံ၊အားထုတ်တော်မူအပ်ပြီ။ [ဋ္ဌ။ ၉၇။ ဋ္ဌသျ၊၁၊၁၅၈]

ပဒတိ ၁–လုံးအကျေကြ၍ အနက်။ ။ "ကတမေဓမ္မာကုသလာ ဤသို့ အစရှိသော"ဟု ပေးသည်မှာ နိဒဿနတ္ထပဒတိ "အာချတ္ထပဒတိ"ဟု ပဒတိ ၂–လုံးတို့တွင် အတွင်းဖြစ်သော နိဒဿနတ္ထပဒတိ ၁–လုံးအကျေကြ၍ပေးခြင်းဖြစ်သည်။

[ဒဿနကရိုဏ်းထည့်နည်း။ ။ ဒဿနကရိုဏ်းထည့်နည်းကို ၁၉၈၇ (၁၃၄၈)ခုနှစ် ပါရာဇိကဏ်အဖြေ၌ ဖော်ပြခဲ့ပြီး။]

---

၂။ ။(ခ)အမှတ်ပြဝါကျ ဋ္ဌပနာဒီပဋ္ဌကစောဒနာတက်သခေ်ပ, ဝိတ္ထာရ ယူ၍ အဓိပ္ပာယ်တက် တက်ပုံ

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "မာတိကာကို ဟောပြီးသည်၏အခြားမဲ့ဖြစ်သော ဤအခါ၌ အကြင်အကြင်ထားပြီးအပ်သော မာတိကာဖြင့်ပေါင်း၍ ယူအပ်ကုန်သောတရားတို့ကို အထူးအားဖြင့်ပြခြင်းငှါ (ဝါ)သောတုဇနတို့အား သိစေခြင်းငှါ ကတမေ ဓမ္မာ ကုသလာ–အစရှိသော ဤပဒ ဘာဇနီကို ဘုရားရှင် အားထုတ်တော်မူအပ်၏"ဟု ဆိုတော်မူ၏(ဋ္ဌပနာ)။ ဤပဒ ဘာဇနီသည် ကုသိုလ်,အကုသိုလ်,အဗျာကတအားဖြင့် ၃–ပါးအပြားရှိပြီး, ထိုတွင် ကုသိုလ်သည်လည်း ကာမာဝစရ,ရူပါဝစရ,အရူပါဝစရ,လောကုတ္တရအားဖြင့် ၄–ပါးအပြားရှိသည် မဟုတ်ပါလော(အာဘောဂ)။ ထိုသို့ ဤပဒဘာဇနီသည် ကုသိုလ်,အကုသိုလ်,အဗျာကတအားဖြင့် ၃–ပါးအပြားရှိပြီး, ထိုတွင် ကုသိုလ်သည်လည်း ကာမာဝစရ,ရူပါဝစရ,အရူပါဝစရ,လောကုတ္တရ အားဖြင့် ၄–ပါးအပြား

http://www.dhammadownload.com



ရှိသောကြောင့် (အာဘောဂဟေတု)။ "မာတိကာကို ဟောပြီးသည်၏အခြားမဲ့ဖြစ်သော ဤအခါ၌ အကြင်အကြင်ထားပြီးအပ်သော မာတိကာဖြင့် ပေါင်း၍ ယူအပ်ကုန်သော တရားတို့ကို အထူးအားဖြင့်ပြခြင်းငှါ (ဝါ)သောတုဇနတို့အား သိစေခြင်းငှါ ကတမေ ဓမ္မာ ကုသလာ–အစရှိသော ဤပဒဘာဇနီကို ဘုရားရှင် အားထုတ်တော်မူအပ်၏"ဟု သာမဆိုသင့်(ဠပနာပဋိက္ခေပ)။ ရှေးဦးစွာ ပြတော်မူအပ်သောကုသိုလ်ကား အဘယ် ကုသိုလ်ပါနည်း(စောဒနာ)။ဤသို့စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဇနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

[အနုညာတကို ဆောင်သိ။ ။ "ရှေးဦးစွာ ပြတော်မူအပ်သော ကုသိုလ်ကို လည်း ပြဆိုသင့်၏"ဟု ဠပနာပဋိက္ခေပနောင် အနုညာတကို ဆောင်သိ၊သို့မှ အဓိပ္ပာယ်ပေါ်သည်။]

ဝါကျတက် တက်ပုံ

အရှင်အဋ္ဌကထာဆရာ ဆရာသည်(က)အမှတ်ပြဝါကျဖြင့် "မာတိကာကို ။ပ။ အားထုတ်တော်မူအပ်၏၊"ဟု အကျဉ်းသခ်ေပကို ဆိုတော်မူ၏(ဠပနာ)။ အကျဉ်း သခ်ေပသည် အကျယ်ဝိတ္ထာရနှင့်မကင်းကောင်းသည် မဟုတ်ပါလော (အာဘောဂ)။ ထိုသို့မကင်းကောင်းသောကြောင့်(အာဘောဂဟေတု)။ အကျဉ်းသခ်ေပကိုသာ မဆိုသင့် (ဠပနာပဋိက္ခေပ)။ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း(စောဒနာ)။ ဤသို့စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဇနာတော်မူလိုသော အဋ္ဌကထာဆရာ သည် (ခ)အမှတ်ပြဝါကျကို မိန့်။

သမုဒါယတ္ထ,အဝယဝတ္ထ ယူ၍ တက်ပုံ

(တစ်နည်း) အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် သမုဒါယတ္ထကို ဆိုတော်မူ၏(ဠပနာ)။ သမုဒါယတ္ထသည် အဝယဝတ္ထနှင့် မကင်း ကောင်းသည် မဟုတ်ပါလော(အာဘောဂ)။ ထိုသို့မကင်းကောင်းသောကြောင့် (အာဘောဂဟေတု)။ သမုဒါယတ္ထကိုသာ မဆိုသင့်(ဠပနာပဋိက္ခေပ)။ အဝယဝတ္ထ ကား အဘယ်ပါနည်း(စောဒနာ)။ ဤသို့။ ပ။ (ခ)အမှတ်ပြဝါကျကို မိန့်။

[သမုဒါယတ္ထ,အဝယဝတ္ထ ယူပုံ

သမူဟာဝယဝတ္ထာနံ၊ဝသေန ဒုဝိဓော အတ္ထော၊

သမူဟတ္ထော တု သမ္ဗန္ဓော၊ဝိဂ္ဂဟောဝယဝေါ မတောတိ။

ဝဒန္တာနံ ပေါရာဏာစရိယာနံ မတေန သမ္ဗန္ဓော သမုဒါယတ္ထော နာမ။ ဝိဂ္ဂဟော, တဒတ္ထော ဝါ အဝယဝတ္ထော နာမာတိ ဝိညာယတိ။ ကော သမ္ဗန္ဓော နာမာတိ။ အနုသန္ဓိ ဝါ ပုဗ္ဗာပရပဒသမ္ဗန္ဓော ဝါ သမ္ဗန္ဓော နာမာတိ ဝိညာယတိ။

ဝိနယာဘိဓမ္မတ္ထသင်္ဂဟာဒုဒ္ဒသိက္ခာသံဝဏ္ဏာဒိကာရာနံ ပန အာစရိယာနံ မတေန တေန တေန နိဒ္ဒေသေန နိဒ္ဒိဋ္ဌတ္ထော, ပုဗ္ဗာပရပဒသမ္ဗန္ဓေန ဝုတ္တတ္ထော, ဝိဂ္ဂဟတ္ထောစ အဝယဝတ္ထော နာမ။ ဣမေဟိ ပန တီဟိ အတ္ထေဟိ အညော ဣမေသံ ဝစနတော ပုဗ္ဗဘာဂေ အနုသန္ဓိဒဿနဝစနာဒီဟိ ဝစနေဟိ ဝုတ္တော သဗ္ဗော အတ္ထော သမူဟတ္ထော နာမာတိ ဝိညာယတိ။

အနုဋီကာစရိယမတေန ပန တံ တံ နိဒ္ဒေသေန နိဒ္ဒိဋ္ဌတ္ထောယေဝ သမူဟတ္ထော နာမ။ ဝိဂ္ဂဟတ္ထောယေဝ အဝယဝတ္ထောနာမာတိ ဝိညာယတိ။ (မဏိဒီပ၊၁၊၅၃။)

http://www.dhammadownload.com



(ခ)အမှတ်ပြပါဠိကို ဒုတိယနည်းအရ အဝယဝတ္တယူ၍ တက်သည်။ မှန်၏–ရှေးနိဿယ,ဂဏ္ဌိဆရာကြီးများသည် အနုသန္ဓေနောင် တတ္ထရှိလျက်တက်သော ဤပါဠိကျမျိုးကိုလည်း အဝယဝတ္တယူ၍ တက်လေ့ရှိကြသည်သာ၊ ၁၃၂၁–ခုနှစ်က ဖော်ပြခဲ့သော အနုသန္ဓေနောင် တတ္ထရှိလျက်တက်သော တတ္ထ ဥပါဒိယတိတိ– စသောပါဠိကျမျိုးကိုသာ အဝယဝတ္တယူ၍ တက်လေ့ရှိသည်သာ မဟုတ်–ဟူလို။]

---

၃။ ။ အပိစ–သဒ္ဒါ ထားရခြင်း အကြောင်း

ကုသလ–သဒ္ဒါ၏ စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်အားဖြင့် တုန်လှုပ်စေခြင်း,ဝိက္ခမ္ဘနပဟာန်အားဖြင့် ပြင်းစွာတုန်လှုပ်စေခြင်း, သမုစ္ဆေဒပဟာန်အားဖြင့် ဖျက်ဆီးပယ်ဖျောက်ခြင်းအနက်တို့မှတစ်ပါး အနာကင်းသည်၏အဖြစ်တည်းဟူသောအနက်,အပြစ်ကင်းစင်သည်၏ အဖြစ်တည်းဟူသော အနက်, သမ္မယုတ်ပညာကြောင့် ဖြစ်သည်၏အဖြစ်ဟူသော အနက်တို့ကို လဲလှယ်ပြလိုသောကြောင့် အပိစသဒ္ဒါကို ထားရပါသည်။

[အတ္ထချင်း မတူပုံ။ ။ ရှေ့အတ္ထ (အနက်)မှာ အဘိဓာနတ္ထ (ဝိဂြိုဟ်၏ အနက်)ဖြစ်သည်။ နောက်အတ္ထ–မှာ သဒ္ဒါဟောအဘိဓေယျတ္ထ (သဒ္ဒါ၏ အနက်) ဖြစ်သည်။]

(ခ)အမှတ်ပြပါဠိကျဖြင့် ပယ်အပ်သော ဒေါသ

(ခ)အမှတ်ပြပါဠိကျဖြင့် ပုနရုတ္တိဒေါသ, (တစ်နည်း)ဝိရောဓိဒေါသကို ပယ်ပါသည်။

မှတ်ချက်။ ။ ရှေ့နည်းမှာ "ဝိတ္ထာ,သံခိပ်ဥဒ်,နိဒ်,နိဂမ၊စုဏ္ဏိယ (နိဂမနိယ)၊ ပုနရုတ္တိထင်"ဟု မိန့်သောဆရာတို့အလိုဖြစ်သည်။ နောက်နည်းမှာ "ဝိတ္ထာ,သခိပ်၊ ဥဒ်,နိဒ်,နိဂမ၊စုဏ္ဏိယ၊ဒေါသဝိရောတင်"ဟု မိန့်သောဆရာတို့အလို ဖြစ်သည်။

[ဝိတ္ထာရပါဠိကျဖြင့် ပုနရုတ္တိဒေါသကို ပယ်ပုံ။ ။(က)အမှတ်ပြ ရှေ့ပါဠိကျနှင့် (ခ)အမှတ်ပြ နောက်ပါဠိကျတို့၏အနက်အဓိပ္ပာယ်မှာ ကုသိုလ် ပဒဘာဇနီ ချည်းဖြစ်၍ အတူဖြစ်နေသော်လည်း (ခ)အမှတ်ပြနောက်ပါဠိကျကို မရေးက "ရှေးဦးစွာ ကာမဝစရကုသိုလ်ကို ပြသည်"ဟု မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့ မသိနိုင်၊ယင်းမန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် (ခ)အမှတ်ပြဝိတ္ထာရပါဠိကျကို ကျမ်းဆရာရေးရသောကြောင့် ပုနရုတ္တိဒေါသ မရောက်ရကား (ခ)အမှတ်ပြပါဠိကျဖြင့် ယင်းပုနရုတ္တိဒေါသကို ပယ်သည်။

ဝိတ္ထာပါဠိကျဖြင့် ဝိရောဓိဒေါသကို ပယ်ပုံ။ ။ သခ်ေပပါဠိကျနှင့် ဝိတ္ထာရပါဠိကျသည် ဒုကပါဠိကျဖြစ်သည်။ သခ်ေပ (က)အမှတ်ပြပါဠိကျကိုသာ ဆိုသည်ရှိသော် (ဝိတ္ထာရမရှိဟူသော အနက်အဓိပ္ပာယ်ရောက်ရကား)သခ်ေပ,ဝိတ္ထာရ ဆန့်ကျင်သည်ဖြစ်၍ ဝိရောဓိဒေါသ ရောက်ရာသောကြောင့် (ခ)အမှတ်ပြပါဠိကျကို ကျမ်းဆရာရေးရကား (ခ)အမှတ်ပြပါဠိကျဖြင့် ယင်းဝိရောဓိဒေါသကို ပယ်သည်။

ဝိတ္ထာရပါဠိကျဖြင့် "ဝိရောဓိဒေါသကို ပယ်သည်"ဟု ကျွန်ုပ်တို့ယူသည်။ ဝိတ္ထာရပါဠိကျသည် သခ်ေပပါဠိကျနှင့် တွဲသော အစုံ (ဒုက)ပါဠိကျဖြစ်၍ ဝိတ္ထာရရှိက သခ်ေပ ရှိရသည်။ သခ်ေပရှိက ဝိတ္ထာရ ရှိရသည်။ မရှိက သခ်ေပ,

http://www.dhammadownload.com



ဝိတ္ထာရ ဆန့်ကျင်သည်၊ဝိတ္ထာရကိုပြသဖြင့် ယင်းဒေါသမှလွတ်သည်။ ထို့ကြောင့် "ဝိတ္ထာရဝါကျကို ဝိရောဓိဒေါသတင် တက်ရသည်။ ဝိတ္ထာရဝါကျဖြင့် ဝိရောဓိဒေါသကို ပယ်သည်"ဟု ဝါကျအမည်အမျိုးအစားကို ကြည့်၍ ကျွန်ုပ်တို့ ယူသည်။ နိယံကိုလည်း "ဝိတ္ထာ, သံဒိပ်၊ ဥဒ်, နိဒ်, နိဂမ၊ စုဏ္ဏိယ၊ ဒေါသဝိရောတင်"ဟု စပ်ဆိုသည်။ ရှေးဆရာတို့ကား အဓိပ္ပာယ်ကို ကြည့်၍ "ဝိတ္ထာရဝါကျကို ပုနရုတ္တိဒေါသတင် တက်ရသည်၊ဝိတ္ထာရဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်သည်"ဟု ယူကြသည်။ နိယံကိုလည်း "ဝိတ္ထာ, သံဒိပ်၊ ဥဒ်, နိဒ်, နိဂမ၊ စုဏ္ဏိယ၊ ပုနရုတ္တိတင်" ဟု စပ်ဆိုကြသည်]

---

၄။ ။ အစိတ်ဝိဂ္ဂဟ

ပဇ္ဇတိ အတ္ထော ဧတေဟီတိ ပဒါနိ(သာရတ္ထ) ပဇ္ဇတေ ဂမျတေ အတ္ထော ဧတေဟီတိ ပဒါနိ(ဘောဓိစိန္တာဋီကာ။)ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေဟိ ပဒါနိ(ပုဒ်စစ်။)ဘာဇေတိ ဝိဘဇတိ ဧတေနာတိ ဘာဇနိယံ (ဥပရိပဏ္ဏာသဋီကာ)

အပေါင်းဝိဂ္ဂဟ။ ။ ပဒါနံ ဘာဇနိယံ ပဒဘာဇနိယံ။

ဗျုပ္ပတ္တိစတုက္က

အဘိဓာန်ဋီကာအလိုအားဖြင့်-

(၁) ပ-ဟူသော,ဒ-ဟူသော,ဘာ-ဟူသော,ဇ-ဟူသော,နီ-ဟူသော,ယံ-ဟူသောအစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

(၂) ပဒ-ပုဒ်,ဘာဇနိယ-ပုဒ်သည်လည်းကောင်း,ကုသလာဓမ္မာအစရှိသော မာတိကာပုဒ်တို့၏ အကျယ်ဝေဖန်ကြောင်းဖြစ်သော ကတမေ ဓမ္မာ ကုသလာ-အစရှိသောဘာဇနီစကားနှင့် အကျိုးအကြောင်း၏အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

(၃) ပဒဘာဇနိယံ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) ပုဒ်တို့ကို အကျယ်ဝေဖန်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဘောဓိစိန္တာဒီပနီ အလိုအားဖြင့်-

(၁) ပဒါနံ ဘာဇနိယံ-ဟူသော ဝိဂ္ဂဟသည် ဗျုပ္ပတ္တိ။

(၂) တူ၏။

(၃) ပဒဘာဇနိယံ-ဟူသော နိပ္ဖန္နသည် ပဝတ္တိ။

(၄) တူ၏။

[ပဒ-ဝိဂ္ဂဟ အထောက်။ ။ ဝိဘတ္တိယန္တံ အတ္ထသာ ဉာပကတော ပဒံ။ ပဇ္ဇတိ အတ္ထော ဧတေနာတိ ပဒံ။ (သာရတ္ထ၊၁၊၃၂၉။) ပဇ္ဇတေ ဂမျတေ အတ္ထော အနေနာတိ ပဒံ။ (ဘောဓိစိန္တာဋီကာ၊၁၀။) ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ (နာမ်ပုဒ်စစ်။)

ဘာဇနိယ-ဝိဂ္ဂဟ အထောက်။ ။ဘိက္ခဝေ ဥဒ္ဒေသဉ္စ ဝိဘင်္ဂဉ္စ ဒေသေဿာမိ။ ပ။ ဘာဇိဿာမီတိ။ (ဥပရိပဏ္ဏာသ၊၂၂၆။) ဥဒ္ဒေသန္တိ မာတိကံ၊ ဝိဘင်္ဂန္တိ ဝိတ္ထာရဘာဇနိယံ။ (ဥပရိပဏ္ဏာသ၊ ၄၊ ၁၇၀။) ဥဒ္ဒိဋ္ဌမတ္ထံ ဝိဘဇတိ

http://www.dhammadownload.com



ဓေတနာတိ ဝိဘင်္ဂေါ၊ဝိတ္ထာရဒေသနာ။ တေနာဟ "ဝိတ္ထာရဘာဇနီယံ"န္တိ "ယထာ ဥဒ္ဒိဋ္ဌမတ္တံ ဝိတ္ထာရတော ဘာဇေတိ ဝိဘဇတိ စေတနာတိ"ကတွာ။ (ဥပရိပဏ္ဏာသ၊ ဋီ၊ ၃၃၆။)

ပဒဘာဇနီယ–ဝိဂ္ဂဟ အထောက်။ ။ ကရဏ, အဓိကရဏ၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့် ဆဋ္ဌီတွဲမြဲ (ဘုရားကြီးနိယံ။ ၂၀၁။)ကို ထောက်၍ ဆဋ္ဌီ (သမ္ဗန္ဓတ္ထဆဋ္ဌီ, သို့မဟုတ် ကမ္မတ္ထဆဋ္ဌီ)တပ္ပုရိသ်သမာသ်ဝိဂ္ဂဟပြုသည်။ တေ (အဘိဓမ္မတ္ထာ)သင်္ဂယှန္တိ တ္ထေ,စေတနာတိဝါ အဘိဓမ္မတ္ထသင်္ဂဟန္တိ လ္လာမိနာ အဘိဓမ္မတ္ထာနံ သင်္ဂဟံ အဘိဓမ္မတ္ထသင်္ဂဟန္တိ ဆဋ္ဌီတပ္ပုရိသံ ဒဿေတိ။ (မဏိမဥ္ဇူ၊ ၁၊၁၁၈။)ကိုလည်း ထောက်။

"ဝိဂြိုဟ်"ဟူသည် "ကြံစည်သူတို့၏ဉာဏ်ရည်သာ ပဓာန"ဟု သဒ္ဒဝိဒူတို့ ဆိုကြသော်လည်း တိုက်ရိုက်ဖြစ်စေ အလားတူအားဖြင့် သွယ်ဝိုက်၍ဖြစ်စေ ထောက်ထားဖွယ်ရာရှိမှသာ စိတ်ချယုံကြည်ထိုက်၍ ကောင်းသည်။

မဓုအလို ဝိဂ္ဂဟ။ ။ ပဒဘာဇနီယန္တိ ပဒဘာဇနာဝသေန ပဝတ္တာဝစနံ။ (ဓမ္မသင်္ဂဏီ မဓုဋီ၊၁၂၄။) ဤအလို သံဝဏ္ဏနာ၊ဖွင့်ဆိုရာ၌၊ပါဠိရင်းမှာ၊မရှိတာပြ၊ တဒ္ဓိတ၊လောပသမာသ်ကြံ–နိယံနှင့်အညီ ပဝတ္တာဝစနံ–ကို ထောက်၍ "ပဒဘာဇနေန ပဝတ္တံပဒဘာဇနီယံ"ဟု ပဝတ္တတဒ္ဓိတ်ဝိဂ္ဂဟပြု။ ဣက–ပစ္စည်း (က–ကို ယ–ပြု)သို့မဟုတ် ဣယ–ပစ္စည်း ပဝတ္တအနက်၌ သက်။ ပဒဘာဇန–ကို "ဘာဇီယတေ ဘာဇနံ၊ပဒါနံ ဘာဇနံ ပဒဘာဇနံ"ဟု ပြု။

ပဒဘာဇနီယနှင့် ပဒဘာဇနီယ။ ။ ဥပရိပဏ္ဏာသဋီကာအလို ဘာဇဓာတ်,အနီယ–ပစ္စည်းဖြင့် "ဘာဇနီယ"ဟု ကိတ်ပြီးမှ ပဒ–နှင့် ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲ၍ ပြီးသော သမာသ်ပုဒ်ဖြစ်သောကြောင့် "ပဒဘာဇနီယ"ဟု ဤ–ဒီဃနှင့် ပါဌ်ရှိရမည်။ အနက်ကိုလည်း "လ္လာဒံ ပဒဘာဇနီယံ၊ဤပုဒ်တို့၏ (ဝါ)ဤပုဒ်တို့ကို အကျယ်အားဖြင့် ဝေဘန်ကြောင်းစကားကို"ဟု ကိတ်ပစ္စယတ္ထထင်စေလျက် သဒ္ဒတ္ထပေးရမည်။

မဓုဋီကာအလို ဘာဇ–ဓာတ်,ယု–ပစ္စည်းဖြင့် "ဘာဇန"ဟု ကိတ်ပြီးမှ ပဒနှင့် ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ်တွဲ၍ ပဒဘာဇန–ပုဒ် ဖြစ်ပြီးနောက် ဣက–ပစ္စည်း, သို့မဟုတ် ဣယ–ပစ္စည်းသက်၍ ပြီးသောတဒ္ဓိတ်ပုဒ်ဖြစ်သောကြောင့် "ပဒဘာဇနိယ"ဟု ဣ–ရဿနှင့် ပါဌ်ရှိရမည်။ အနက်ကိုလည်း "လ္လာဒံ ပဒဘာဇနိယံ၊ ဤပုဒ်တို့ကို အကျယ်ဝေဘန်ခြင်းအားဖြင့် ဖြစ်သောစကားကို"ဟု တဒ္ဓိတ်ပစ္စယတ္ထထင်အောင် ပေးရမည်။

အလားတူပုဒ်။ ။ သမ္မောဒံ ဇနေနတော, သမ္မောဒိတုံ ယုတ္တဘာဝတော စ သမ္မောဒနီယံ။ (ပါရာဇိကကဏ္ဍ၊ဋ္ဌ၊၁၊၁၀၀။) သမ္မောဒံ ဇနေတိ ကရောတီတိ သမ္မောဒနိကံ၊တဒေဝ သမ္မောဒနိယန္တိအာဟ "သမ္မောဒဇနနတော"တိ။ သမ္မောဒိတဗ္ဗတော သမ္မောဒနီယန္တိ လ္လာဒံ ပန အတ္ထံ ဒဿေန္တော "သမ္မောဒိတုံ ယုတ္တ ဘာဝတော" တိ အာဟ။ (သာရတ္ထ၊၁၊၃၃၇။)

"သမ္မောဒံ ဇနေတီတိ သမ္မောဒနိကံ"ဟု ဇနေတိတဒ္ဓိတ်မှု၊ထိကပစ္စည်း၊ က–ကို ယ–ပြု၍ သမ္မောဒနိယံ–ဟူသည်။ နောက်နည်း၌ သမ္မောဒိတဗ္ဗန္တိ သမ္မောဒနီယံပြု။ (ပါရာဇိကဏ် ဂဏ္ဌိသစ်၊ ၂၉၀။)

http://www.dhammadownload.com



ဤ၌ တဒ္ဓိတ်ပုဒ်ယူလျှင် "သမ္မောဒနီယံ" ဟု ဏ္ဍ-သရနှင့် ကိတ်ပုဒ်ယူလျှင် "သမ္မောဒနီယံ"ဟု ဤ-ဒီဃနှင့် ရှိရမည်။ ဤပုဒ်ကဲ့သို့မှတ်။ ဤမေးခွန်း၌ကား "ပဒဘာဇနီယံ" ဟု ဒီဃနှင့် ရှိသောကြောင့် မဝှနည်း ဖြေရန်မလို။]

---

၅။ ။ ပဒါဒိဝိဘာဂ

ဣဒါနိ-ကား နိပါတပဒ,အလိင်္ဂ,ဂဏဝိမုတ္တ,အ-ကာရန္တ။

ပဘေဒတော-ကား နိပါတပဒ,အလိင်္ဂ,ဂဏဝိမုတ္တ,အ-ကာရန္တ။

ဒဿေတုံ-ကား နိပါတပဒ,အလိင်္ဂ,ဂဏဝိမုတ္တ,နိဂ္ဂဟိတန္တ။

အာရဒ္ဓံ-ကား ကိတနာမပဒ,နပုံသက,စိတ္တာဒိဂဏ,အ-ကာရန္တ။

[ဣဒါနိကို "အ-ကာရန္တ"ဟု ယူရပုံ။ ။ တေသံ (ဝိဘတ္တိပစ္စယန္တာနံ) ပနာလိင်္ဂတ္တာ နိပါတတ္တာ စ တိလိင်္ဂေ ဝစနဒွယေ စ သမာနံ ရူပံ။တေ ပစ္စယာ ဝိဘတ္တိ သညာ ဟောန္တိ။တေန တဒန္တာနမ္ပိ ဝိဘတျန္တတာ ပဒတ္တံ သိဒ္ဓံ ဟောတိ။(ရူ၊၂၆၁)

တော-စသော ဝိဘတ်ပစ္စည်းများကား သူတို့ကိုယ်တိုင် ဝိဘတ်အမည် ရကြသောကြောင့် ထိုပစ္စည်းအဆုံးရှိသော သဒ္ဒါများလည်း ဝိဘတ်အဆုံးရှိရာရောက်သောကြောင့် ပုဒ်အဖြစ်ပြီးတော့သည်။ ထို့ကြောင့် ထပ်၍ ဝိဘတ်သက်ဖွယ်မလို။ ယင်းတို့ပင် ဝိဘတ်-ဟူလို။ ယင်းတို့ပင် ဝိဘတ်ဖြစ်၍ ဣမ-သည် တည်ပုဒ်ဖြစ်သောကြောင့် ဣဒါနိ-ကို "အ-ကာရန္တ"ဟု ယူသည်။ ပဘေဒတော-ကိုလည်း ပဘေဒ-သည် တည်ပုဒ်ဖြစ်သောကြောင့် "အ-ကာရန္တ"ဟုပင် ယူသည်။

ဒဿေတုံ-ကို "နိဂ္ဂဟိတန္တ"ဟု ယူရပုံ။ ။ နိပါတတ္တာ တဝေတုန မန္တတော "သဗ္ဗာသမာဝုသော"တိ အာဒိနာ ဝိဘတ္တိလောပေါ။ (ရူ၊၆၃၇။)တုနေ "တဝေတုနာ ဒိသုကာ"တိ ကာဒေသော၊နိပါတတ္တာ သိလောပေါ၊ကာတုန ကမ္မံ ဂစ္ဆတိ။(ရူ၊ ၆၄၀။)တို့ကိုထောက်၍ တဝေ,တုန,တုံ,တွာန,တွာ-ပစ္စည်းများနောင် ဝိဘတ်သက်ရဦးမည်။ ယင်းပစ္စည်းများဆုံးသော သဒ္ဒါနောင် ဝိဘတ်သက်ရလျှင် ယင်းပစ္စည်းများအဆုံးရှိသောသဒ္ဒါသည် တည်ပုဒ်ဖြစ်သောကြောင့် တုံ-ပစ္စည်း အဆုံးရှိသော ဒဿေတုံ-ကို "နိဂ္ဂဟိတန္တ"ဟုယူသည်။

ကာရန် ၂-မျိုး။ ။ ကာရန် (ကာရန္တ)သည် အတွင်းကာရန်, အပြင်ကာရန်အားဖြင့် ၂-မျိုး ရှိသည်။ ထိုတွင် ပုရိသော-၌ ပုရိသ-ဟူသော အ-ကာရန်သည် အတွင်းကာရန် မည်၏။ ပုရိသော-ဟူသော ဩ-ကာရန်သည် အပြင်ကာရန်မည်၏။ ဤကာရန်ခွဲသည့်နေရာ၌ အတွင်းကာရန်ကို ဆိုသည်။ အတွင်းကာရန် အပြင် ကာရန်ကိုပင် "ပုဒ်တည်ကာရန် ပုဒ်ပြီးကာရန်,ရုပ်တည်ကာရန် ရုပ်ပြီးကာရန်"ဟုလည်း ခေါ်ကြသည်။]

---

၆။ ။ အာဘောဂနှင့်သံဝဏ္ဏနာ

အပိစ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် တစ်နည်းတစ်ဖုံအားဖြင့် ဝစနတ္ထပြုသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ကာမဘာဝတော-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ကာမေ-၌ ကာမ-၏အရ ကာမဘာဝကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ။

http://www.dhammadownload.com



ပဋိသန္ဓိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဝစာရေတိ (အဝစာရေ)၌ "ကျင်လည်စေခြင်း, ဖြစ်စေခြင်း"ဟု ပဋိသန္ဓေကို ကျင်လည်စေခြင်း, ဖြစ်စေခြင်းပင် တည်းဟူသောအဓိပ္ပာယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ကာမေ အဝစာရေတီတိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကာမာဝစရ-ဟူသောသံဝဏ္ဏေတဗ္ဗပုဒ်၏ ကိတန္တသတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်, ယင်းကိတန္တသတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏ အာစာရအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။အဝစရ-၌ ဏ-ပစ္စည်း၏ ဟေတုကတ္တားအနက်ယော၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။[ကိတန္တသမာသ်ပုဒ်၌ သမာသ်ရော ကိတ်ပါ ၂-မျိုး ဖော်ရသည်။] (တစ်နည်း) ကာမာဝစရ-ဟူသော သံဝဏ္ဏေနေတဗ္ဗပုဒ်ကို "ကာမေ အဝစာရေတီတိ ကာမာဝစရံ"ဟု ကိတန္တသတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည့်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ "ကာမာဝစာရံ"ဟုဆိုလိုလျက် စာ-၌ အာ-ကို ရဿပြု၍ "ကာမာဝစရံ"ဟု နေသည်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။ ["ကာမေ အဝစာရေတီတိ ကာမာဝစရန္တိ ဝတ္တဗ္ဗေ စာ-သဒ္ဒဿ ရဿတ္တံ ကတံ။ ဓမ္မသင်္ဂဏီ မူလဋီ၊၆၄။]

(တစ်နည်း) ကာမေ အဝစာရေတီတိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကာမာဝစရ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ဝယ် အဝစရ-၌ ဏ-ပစ္စည်း၏ ဟေတုကတ္တားအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။ (တစ်နည်း) အဝစရ-သဒ္ဒါကို "အဝစာရေတီတိ အဝစရံ"ဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ "အဝစာရံ"ဟု ဆိုလိုလျက် စာ-၌ အာ-ကို ရဿပြု၍ "အဝစရံ"ဟု နေသည်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ကာမေ အဝစာရေတိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကာမာဝစရ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ သတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်,ယင်းသတ္တမီသပ္ပုရိသ် သမာသ်ပုဒ်၏ အာစာရ အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ကာမာဝစရ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ကာမေ အဝစရော ကာမာဝစရော"ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

ပိ-သို့မဟုတ် အပိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဆိုအပ်ပြီးသော ဝစနတ္ထများကြောင့်သာ ကာမာဝစရမည်သည် မဟုတ်သေး၊ ဤဝစနတ္ထကြောင့်လည်း ကာမာဝစရ မည်သေး၏ဟူသော အဓိပ္ပာယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

[၂-နည်းဖော်ရာ၌ အထောက်။ ။ အာရမ္မဏကရဏဝသေန။ပ။ ကာမာဝစရာဒယောတိ ဣဒံ လဟုကနယဝသေန ဝုတ္တံ။ ဂရုကနယေန ပန အာရမ္မဏကရဏဝသေန ကာမော ဧတ္ထ အဝစရတီတိ ကာမာဝစရာ။ကေစိ ပန အဝစရတိ ဧတ္ထာတိ အဝစရာ။ ကာမဿ အဝစရာ တထာတိ ဝစနတ္ထံ ဝဒန္တိ။ နာမသဒ္ဒေါ ပန ကိတန္တသမာသော ဝ ဒဋ္ဌဗ္ဗော။ယထာ ကုမ္ဘကာရောတိ ဝိညူဝဒန္တိ။ (ဓမ္မသင်္ဂဏီမဓုဋီ။၁၂၀။)ကို ထောက်၍ ကိတန္တသမာသ်,ရိုးရိုးသမာသ် ၂-နည်း ဖေါ်သည်။ ရှေ့နည်း၌ဖွင့်ဆိုသော်လည်း ဤနည်း၌လည်း အတူတူပင်။]

http://www.dhammadownload.com



၇။ ။ တ-၏စွဲရာ ဝိသယ။ ။ (ဂ)အမှတ်ပြဝါကျ၌ တ-၏စွဲရာ ဝိသယကား ကာမာဝစရကုသိုလ်ဟူသော အနက်ဖြစ်ပါသည်။

ဒုဝိဓေနေဝ-၌ ဓေဝ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ။ ။ ကုသလန္တိ နာမံ လဘတိ၊ဉာဏဝိပ္ပယုတ္တံ ဒုဝိဓေနေဝ-၌ ဓေဝ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထကား အာရောဂျ္ဍ အနာကင်းသည်၏ အဖြစ်တည်းဟူသောအနက်, အနဝဇ္ဇ-အပြစ်ကင်းသည်၏ အဖြစ်တည်းဟူသောအနက် ဖြစ်ပါသည်။

နိဝတ္တေတဗ္ဗတ္ထ။ ။ နိဝတ္တေတဗ္ဗတ္ထကား ကောသလ္လသမ္ဘူတဋ္ဌသမ္ပယုတ် ပညာကြောင့် ဖြစ်သည်၏အဖြစ်ဟူသောအနက် ဖြစ်ပါသည်။

---

၈။ ။ အာရဒ္ဓ-၏ ဗာဟျတ္ထအရ ကြိယာ ၅-တန်

(၁) အာရဒ္ဓ-ပုဒ်၏ ဗာဟျတ္ထအရ ကတမေ ဓမ္မာ ကုသလာ-အစရှိသော ပဒဘာဇနီဝစီဘေဒသဒ္ဒါသည် (မုချအားဖြင့်ပြအပ်သော) ဒဿနတ္ထ။

(၂) ဝီရိယ ရှေ့ရှိသော ဒေသနာဉာဏ်တော်သည် (ပဌမ)ဖလူပစာရအားဖြင့် ပြအပ်သော ဒီပကတ္ထ။

(၃) တရားနာရခြင်း,ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်းသည် (ပဌမ)ကာရဏူပစာရအားဖြင့် ပြအပ်သော ပကာသနတ္ထ။

(၄) မဂ်ဉာဏ်,ဖိုလ်ဉာဏ်,သဗ္ဗညုတဉာဏ်တော်တို့သည် (ဒုတိယ)ဖလူပစာရအားဖြင့်ပြအပ်သော ဝိဘာဝတ္ထ။

(၅) ဝေနေယျတို့၏ ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ-စသော နိဗ္ဗာန်တိုင်အောင်သော အကျိုးသည် (ဒုတိယ)ကာရဏူပစာရအားဖြင့်ပြအပ်သော အနုဘာဝတ္ထ။[ပစ္စည်းအရကို "ဗာဟျတ္ထအရ"ဟု ဆိုသည်။]

[ဥပစာနှင့်ဥပစာရ။ ။ ရှေးဆရာတို့ မြန်မာပြန်ရိုး ပြုခဲ့ကြသော ပါဠိသတ်မြန်မာဝေါဟာရအားဖြင့် (ဖလူပစာ)စသည်ဖြင့် (ရ)ဖျောက်၍ ဉာဏ်ကောက်,နယ့ူပစာစသည်တို့၌ သုံးခဲ့သည်။ ဤ၌ပါဠိဝေါဟာရအားဖြင့် (ဖလူပစာရ)စသည်ဖြင့် (ရ)မဖျောက်ဘဲသုံးသည်။ ကြိုက်ရာသုံး ပါဠိသတ်မြန်မာနှင့် ပါဠိမျှသာကွဲသည်။အမှန်ချည်း။ ]

---

၉။ ။ပဒဘာဇနီ၌ "ဓမ္မာကုသလာ"ဟု ဟောတော်မူခြင်းအကြောင်း

ကုသိုလ်စသော အထူးအားဖြင့် သဘာဝဓမ္မတို့ကို ဟောတော်မူခြင်းကို (ဝါ)ဟောတော်မူကြောင်းဖြစ်သော မာတိကာကိုပြ၍ ကုသိုလ်ဟူသော အထူးရှိသောဓမ္မကို ပြလိုခြင်းဟူသောအကြောင်းကြောင့် (ဝါ)ပြလိုသောကြောင့် ပဒဘာဇနီ၌ မာတိကာ၌ကဲ့သို့ "ကုသလာဓမ္မာ"ဟု ဟောတော်မမူဘဲ "ဓမ္မာကုသလာ"ဟု ဟောတော်မူပါသည်။

ပရိစ္ဆေဒ ၄-ပါး။ ။ ဓမ္မဝဝတ္ထာန ဥဒ္ဒေသဝါရ၏ ပရိစ္ဆေဒ ၄-ပါးကား ပုစ္ဆာ,သမယနိဒ္ဒေသ,ဓမ္မုဒ္ဒေသ,အပ္ပနာ (နိဂုံး)ဖြစ်ပါသည်။

အစဖြစ်သော ပရိစ္ဆေဒကို ပိုင်းခြားပုံ။ ။ အစဖြစ်သော ပရိစ္ဆေဒကို ပိုင်းခြားပုံကား ကတမေ ဓမ္မာ ကုသလာ-ဖြစ်ပါသည်။

http://www.dhammadownload.com



["ဓမ္မာ ကုသလာ"ဟုဟောတော်မူကြောင်း၌အထောက်။ ကသ္မာ ပနေတ္ထ မာတိကာယံ ဝိယ"ကုသလာဓမ္မာ"တိ အဝတွာ "ဓမ္မာ ကုသလာ"တိ ပဒါနုက္ကမော ကတောတိ။ပဘေဒတော ဓမ္မာနံ ဒေသနံ ဒီပေတွာ ပဘေဒဝန္တဒဿ နတ္ထံ(ဋ္ဌ၊၉၈)

တ္ထံ-ဆုံးသည့်ပုဒ် အနက်ပေးနည်း။ ။ ဤပဘေဒဝန္တဒဿနတ္ထံ ပုဒ်ကဲ့သို့ တ္ထံ-ဆုံးသောပုဒ်ကို ပဘေဒဝန္တဒဿနတ္ထံ၊ကုသိုလ်ဟူသော အထူးရှိသော ဓမ္မကိုပြခြင်းငှါ။ ဝါ၊ကု။ ပ။ ပြခြင်းအကျိုးငှါ။ ဝါ၊ကု။ ပ။ ပြလိုခြင်းဟူသော အကြောင်းကြောင့်။ ဤသို့ ၃-နည်း ယောဇနာနိုင်သည်။

ပထမနည်း၌ ပဘေဒဝန္တဒဿန-ပုဒ်, သ-ဝိဘတ်၊ အာယစတုတ္ထေက ဝစနဿ တုံ-သုတ်၌ တုံ-သဒ္ဒါဖြင့် သ-ဝိဘတ်ကို တ္ထံ-ပြုသည်။ ဒုတိယနည်း၌ ပဘေဒဝန္တဒဿနတ္ထ-ပုဒ်,သ-ဝိဘတ်၊သ-ဝိဘတ်ကို ယင်းတုံ-သဒ္ဒါဖြင့် အံ-ပြုသည်။ အတ္ထ-သဒ္ဒါ ဖလဟော။ သ-ဝိဘတ် သမ္ပဒါန်အနက်၌ပင်သက်။ တတိယနည်း၌ ပဘေဒဝန္တဒဿနတ္ထ-ပုဒ် ပထမာသိ-ဝိဘတ်။ သိ-ဝိဘတ်ကို အံ-ပြု၊ အတ္ထ သဒ္ဒါ ကာရဏဟော၊သိ-ဝိဘတ် ဟိတ်အနက်၌ သက်သည်။

ဤသို့ ပထမာဝိဘတ် ဟိတ်အနက်၌ဖြစ်သည်ကို ဆဏတ္ထန္တိ ဆဏနိမိတ္တံ၊ ဆဏဟေတူတိ အတ္ထော။ (သာရတ္ထ၊၁၊၁၅၄။)ကိဿာတိ ကသ္မာ။ ဩကာသ ကရဏတ္ထန္တိ ဩကာသကရဏနိမိတ္တံ ဩကာသဟေတု။အတ္ထ-သဒ္ဒေါ တိ"ဆဏတ္ထဠ နုဂရတော နိက္ခမိတွာ မိဿကပဗ္ဗတံ အဘိရုဟာတူ"တိ အာဒီသု ဝိယ ကာရဏဝစနော။ "ကိဿ ဟေတူ"တိ အာဒီသု ဝိယစ ဟေတွတ္ထေ ပစ္စတ္တဝစနံ။တထာဟိ ဝဏ္ဏယန္တိ" ဆဏတ္ထ"န္တိ ဆဏနိမိတ္တံ ဆဏဟေတူတိ အတ္ထော"တိ။ ဧဝ္စ သတိ ပုစ္ဆာသဘာဂတာ ဝိဿဇ္ဇနာယ ဟောတိ၊သေ နယော ဤဒိသေသု။ (သီဋ္ဌိသစ်၊၁၊၅၇။)တို့ကို ထောက်။

အမေးနှင့်လိုက်လျောညီထွေ အနက်ပေး။ ။ ယင်းသို့ ၃-နက်ပေးနိုင်သော်လည်း ပုစ္ဆာ,ဝိဿဇ်၊ဇနာဖြစ်က၊သချာ,လိင်္ဂ,ဝိဘတ္တ၊တူမျှ ရမည်သာ ဟူသည့် အတိုင်း ပုစ္ဆာနှင့်ဝိဿဇ္ဇနာ တူမျှရမည်ဖြစ်သောကြောင့် အကျိုးနှင့်မေးလျှင် အကျိုးနှင့်ဖြေရမည်။ အကြောင်းနှင့်မေးလျှင် အကြောင်းနှင့်ဖြေရမည်။ ဤ၌ အကြောင်းနှင့် မေးသောကြောင့် အကြောင်းနှင့်ဖြေရမည်ဖြစ်၍ အကြောင်းအနက် ပေးရမည်။

တ္ထံ-အနက် ၅မျိုး။ ။ စတုတ္ထီ သ-ဝိဘတ်၏ ကာရိယဖြစ်သော တ္ထံသဒ္ဒါသည် တဒတ္ထသမ္ပဒါန်,တုမတ္ထသမ္ပဒါန်,ကြိယာဝိသေသန,ဟိတ်, ပိသဒ္ဒါ၏အနက်(လည်း)ဖြင့် ပေါင်းအပ်သောလက္ခဏာအနက်၊ဤ ၅-နက်ကို ထွန်းပြကြောင်းကို ရွှေရေးဆောင်နိယံ(၁၆၃)၌ "တဒတ္ထငှာ၊တုံ-ငှာတထွေ၊ဝိသေသန၊ ဟိတ်လည်းရ၊ထွန်းပြ တ္ထံနက်တည်း"ဟု ဆို၏။

ဤအလို ပဘေဒဝန္တဒဿနတ္ထံ၊ ကုသိုလ်ဟူသော အထူးရှိသော ဓမ္မကို ပြလို၍(ကြိယာဝိသေသန)။ ဝါ၊ပြလိုသောကြောင့်(ဟိတ်)။ ဝါ၊ပြလိုသည်ရှိသော် (လက္ခဏ)။ ဤသို့လည်း ပေးနိုင်သည်။ ဤနေရာ၌ အကြောင်းနှင့်မေးသောကြောင့် "ပြလိုသောကြောင့်"ဟုသာ ပေးရမည်။ တဒတ္ထသမ္ပဒါန်နှင့် တုမတ္ထသမ္ပဒါန် အထူးကို ယင်းနိယံအဖြေ၌ ရှု။

ဟိတ်ပြင်၍လည်း ပေးနိုင်။ ။ "သဒ္ဒယုတ္တိ၊ မရှုပစေ၊ ရှုပ်စေဟု၊ သဗ္ဗေဝါကျ၊ ဟူသမျှဝယ်၊ အတ္ထယုတ္တိ၊ အကယ်ရှိ ပြင်ဘိ ကြောင်းနှင့်ကျိုး"ဟု မိန့်ဆိုသော ဆရာတို့အလို "ပဘေဒဝန္တဒဿနတ္ထံ-ပဘေဒဝန္တဒဿနတော"ဟုဟိတ်ပြင်ပေး။

http://www.dhammadownload.com



ပရိစ္ဆေဒ ၄-ပါးနှင့်ပိုင်းခြားပုံ၌ အထောက်။ ။ ဓမ္မဝဝတ္ထာနဝါရော ဥဒ္ဒေသနိဒ္ဒေသဝသေန ဒွိဓာ ဌိတော၊ တေသု ဥဒ္ဒေသဝါရဿ ပုစ္ဆာ,သမယနိဒ္ဒေသော, ဓမ္မုဒ္ဒေသော,အပ္ပနာတိ စတ္တာရော ပရိစ္ဆေဒါ။ တေသု "ကတမေ ဓမ္မာ ကုသလာ"တိ အယံ ပုစ္ဆာ နာမ၊ (ဋ္ဌ၊၉၇။)

အဋ္ဌကထာ၏ အာဘော်နှင့် အံဝင်ခွင်ကျ အမေး။ ။ "အစဆုံးဖြစ်သော ပရိစ္ဆေဒ၏အပိုင်းအခြားကို ပြပါ"ဟုမေးလျှင် ပိုကောင်းသည်။ "အစဆုံးဖြစ်သော ပရိစ္ဆေဒ၏အပိုင်းအခြားကား ကတမေ ဓမ္မာ ကုသလာ-ဖြစ်ပါသည်"ဟု ဖြေ၊ဤသို့မေးမှ အဋ္ဌကထာ၏အာဘော်နှင့် အံဝင်ခွင်ကျသည်။]

---

၁၀။ ။ ပဋ္ဌာန်းပစ္စည်း

အဝစာရေတိ-၏အရ ကုသိုလ်,အကုသိုလ်ကံ စေတနာပစ္စည်းတရားသည် ပဋိသန္ဓိ-၏အရ ကာမပဋိသန္ဓေနာမက္ခန္ဓာ,ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား နာနာက္ခဏိကကမ္မ,ပကတူပနိဿယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

[အမေးကြည့်ဖြေ။ ။ "ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိနှင့် ပြိုင်နိုင်သော ပစ္စည်းများကို ထုတ်ပြပါ"ဟုမေးလျှင် နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်နိုင်သောပစ္စည်းများမှာ နာနာက္ခဏိကကမ္မ, ပကတူပနိဿယပစ္စည်းများ ဖြစ်ပါသည်" ဟု အမေးကြည့်ဖြေ။

"ပဋ္ဌာန်းပစ္စည်း"ဟု ခေါင်းစည်းတတ်ပုံ။ ။ ပဋ္ဌာန်းပစ္စည်းကျေးဇူးပြုပုံ, ပဋ္ဌာန်းပစ္စည်းပြိုင်ပုံ,ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန်အရကောက်ပုံ-စသော စကားရပ်များ၌ရှိသော အစအမည်ကိုယူ၍ ပဋ္ဌာန်းအဖြေများ၌ "ပဋ္ဌာန်းပစ္စည်း"ဟု အတိုကောက် ခေါင်းစည်းတတ်သည်။ ထို့ကြောင့် ပဋ္ဌာန်းပစ္စည်းကျေးဇူးပြုပုံ,ပဋ္ဌာန်းပစ္စည်းပြိုင်ပုံ,ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန်အရကောက်ပုံ-စသည်ဖြင့် ဆိုလိုရင်းမှတ်ပါ။ အဖြေနှင့် လိုက်လျောစွာလည်း ဆိုလိုရင်းကို သိပါ။ ၂-မျိုးဖြေလျှင် ၂-မျိုး,၃-မျိုးဖြေလျှင် ၃-မျိုး သိပါ။

တစ်နည်းအားဖြင့်ဆိုသော် ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုပုံစသော ပဋ္ဌာန်းပစ္စည်းနှင့်စပ်ဆိုင်သမျှကို ရည်ညွှန်း၍ အတိုချုပ်အားဖြင့် ခေါင်းစည်းတတ်သည်။ မှန်၏ ပဋ္ဌာန်းပစ္စည်းကျေးဇူးပြုပုံ-စသောအချက်များသည် ဟေတုပစ္စည်းစသော ပဋ္ဌာန်းပစ္စည်းနှင့် ဆက်စပ်ဖြစ်ပေါ်လာကြသောအချက်များ ဖြစ်ကြလေသည်။ ပဋ္ဌာန်းပစ္စည်းများနှင့်စပ်ဆိုင်သမျှကို ရည်ညွှန်း၍တက်သော်လည်း အဓိပ္ပာယ်ကိုမူ အဖြေအားလျော်စွာ သိရာ၏။]

---

၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ အောက်ပါအမှတ်ပြပါဠိတော်ပုဒ်တို့ကို ပုစ္ဆာ (၇၊၈၊၉၊ ၁၀)လာ အဋ္ဌကထာဖွင့်များကိုရှု၍ အပြည့်အစုံ အနက်ပေးပြပါ။

(က) ဗာလာ ဓမ္မာ။

http://www.dhammadownload.com



(ခ) ပဏ္ဍိတာ ဓမ္မာ။
(ဂ) ကဏှာ ဓမ္မာ။
(ဃ) သုက္ကာ ဓမ္မာ။
(င) ယာ-ပုစ္ဆဒ္ဓိကတာ။
(စ) ယံ-တဏှာ ဂဒ္ဒုလ်။

အောက်ပါ ပါဠိတော်များကို အနက်ပေးပါ။

၂။ ။ ကတမာ တသ္မိံ သမယေ စိတ္တလဟုတာ ဟောတိ။ ယာ တသ္မိံ သမယေ ဝိညာဏက္ခန္ဓဿ လဟုတာ လဟုပရိဏာမတာ အဒန္ဓနတာ အဝိတ္ထာနတာ။ အယံ တသ္မိံ သမယေ စိတ္တလဟုတာ ဟောတိ။

၃။ ။ ယသ္မိံ သမယေ ရူပါဝစရံ ဈာနံ ဘာဝေတိ ကိရိယံ နေဝကုသလံ နာကုသလံ န စ ကမ္မဝိပါကံ ဒိဋ္ဌဓမ္မသုခဝိဟာရံ။

၄။ ။ ယံ ဝါ ပနညမ္ပိ အတ္ထိ ရူပံ ယမှိ ယမှိ ဒေပဒေ ဘေသံ ဘေသံ သတ္တာနံ မုခါသိယံ ဒန္တဝိခါဒနံ ဂလဇ္ဈောဟရဏီယံ ကုစ္ဆိဝိတ္ထမ္ဘနံ ယာယ ဩဇာယ သတ္တာ ယာပေန္တိ။ ဣဒံ တံ ရူပံ ကဗဠီကာရော အာဟာရော။

၅။ ။ ရတနယရံ နာမ နေဝ သတ္တရတနမယံ ဂေဟံ၊ သတ္တန္နံ ပန ပကရဏာနံ သမ္မသိတဋ္ဌာနံ "ရတနယရ" န္တိ ဝေဒိတဗ္ဗံ-ဝါကျကို ဝေဒိတဗ္ဗံ-၏ ကတ္တားကို ထည့်၍ ပန-၏ ဇောတကတ္ထကို ပေါ်လွင်စေလျက် အာကာရကို အပြင်သို့ ထုတ်ပြီးလျှင် အနက်ပေးပါ။

၆။ ။ အောက်ပါ ဂါထာကို အနပ္ပကံ, ရူပ-တို့၌ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ ဖော်လျက် အနက်ယောဇနာခဲ့ပါ။
သုသာနေ သေယျံ ကပ္ပေမိ၊ဆဝဋ္ဌိကံ ဥပနိဓာယဟံ။
ဂါမဏ္ဍလာ ဥပါဂန္ဘာ၊ရူပံ ဒဿေန္တိ နပ္ပကံ။

၇။ ။ ဗာလေသု ဋ္ဌိတတ္တာ ယတ္ထ ဋ္ဌိတာ တဒုပစာရေန ဗာလာ။ ပဏ္ဍိ တေသု ဋ္ဌိတတ္တာ ပဏ္ဍိတာ။ ဗာလကရတ္တာ ဝါ ဗာလာ။ ပဏ္ဍိတကရတ္တာ ပဏ္ဍိတာ ဝါကျကို သဗ္ဗနာမ်အစွဲကို ထင်စေလျက် လိုက်သင့်ရာပုဒ်များကိုလိုက်၍ အနက် ယောဇနာပါ။

၈။ ။ ကဏှာတိ ကာဠကာ၊ စိတ္တဿ အပဘဿရဘာဝကရဏာ။ သုက္ကာတိ ဩဒါတာ၊စိတ္တဿ ပဘဿရဘာဝကရဏာ၊ကဏှာဘိဇာတိဟေတုတော ဝါ ကဏှာ။ သုက္ကာဘိဇာတိဟေတုတော သုက္ကာ-ကို ထည့်ရမည့် ဝိသေသျနှင့် ကြိယာပုဒ်များ ထည့်၍ အနက်ပေးခဲ့ပါ။

http://www.dhammadownload.com



၉။ ။ ပုစ္ဆိဒ္ဓိကတာတိ ယာယ တဏှာယ လာဘဠ္ဌာနေသု ပုစ္ဆိ စာလယမာနာ သုနခါ ဝိယ ကမ္မမာနာ ဝိစရန္တိ၊ တံ တဿာ ကမ္မနတဏှာယ နာမံ–ဝါကျကို ဥပမာ အတွင်းပြု၍ အနက်ပေးပါ။

၁၀။ ။ ယထာ သုနခါ ဂဒ္ဒုလဗဒ္ဓါ ယဒိစ္ဆကံ နီယန္တိ၊ ဇဝံ တဏှာဗဒ္ဓါ သတ္တာပိတိ ဒဋ္ဌဗန္ဓနဋ္ဌေန ဂဒ္ဒုလံ ဝိယာတိ ဂဒ္ဒုလံ။ တဏှာ၀ ဂဒ္ဒုလံ တဏှာဂဒ္ဒုလံ ဝါကျကို နီယန္တိ–ဟူသော ကြိယာ၏ကတ္တားများကို ဥပမာန, ဥပမေယျဘက် အားလျော်စွာ ထည့်၍ အနက်ယောဇနာပါ။

---

၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ ဗာလာ,ပဏ္ဍိတာ,ကဏှာ,သုက္ကာ,ပုစ္ဆိဒ္ဓိကတာ,တဏှာ ဂဒ္ဒုလံ–တို့၌ အဋ္ဌကထာဖွင့်ကိုရှု၍ အနက်

ဗာလာ၊သူမိုက်တို့၌ တည်ကုန်သော။ ဝါ၊မိုက်သည်၏အဖြစ်ကို ပြုတတ်ကုန်သော။ ဝါ၊မိုက်ခြင်းကို ပြုတတ်ကုန်သော။ ဓမ္မာ၊သဘောတရား တို့သည်။ (သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

ပဏ္ဍိတာ၊ ပညာရှိတို့၌ တည်ကုန်သော။ ဝါ၊ပညာရှိသည်၏အဖြစ်ကို ပြုတတ်ကုန်သော။ ဝါ၊ပညာရှိခြင်းကို ပြုတတ်ကုန်သော။ ဓမ္မာ၊တို့သည်။ (သံဝိဇ္ဇန္တိ၊ ကုန်၏။) [အဖြစ်နှင့်ခြင်းကား တဒ္ဓိတ်သောနှင့်ကိတ်သောသာ ထူးသည်။ သဘော အဓိပ္ပာယ်အားဖြင့်ကား အတူတူပင်။]

ကဏှာ၊မည်းညစ်ကုန်သော။ ဝါ၊မည်းညစ်သော ဇာတ်၏အကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။ (သံဝိဇ္ဇန္တိ၊ကုန်၏။)

သုက္ကာ၊ဖြူစင်ကုန်သော။ ဝါ၊ဖြူစင်သော ဇာတ်၏အကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။ (သံဝိဇ္ဇန္တိ၊ကုန်၏။)' (ပါ၊၁၃။ ပါသျှ၊ ၂၅။)

ယာပုစ္ဆိဒ္ဓိကတာ၊အကြင်အမြီးကို လှုပ်စေကုန်သော (ဝါ) အမြီးတန့်နံ့ပြုကုန်သော ခွေးတို့နှင့်တူသူတို့၏ ဖြစ်ရာဖြစ်ကြောင်း တဏှာသည်။(ပါ၊၂၁၅။ ပါသျှ၊ ၃၄၇)

ယံ တဏှာဂဒ္ဒုလံ၊ အကြင်တောက်နှင့်တူသော တဏှာသည်။ ဝါ၊ တဏှာသာလျှင်ဖြစ်သော တောက်သည်။ [ပါ၊၂၁၆။ ပါသျှ၊၃၄၉။]

---

၂။ ။ [ပါ၊ ၂၄။ ပါသျှ၊ ၅၇။]

---

၃။ ။ [ပါ၊ ၁၄၂။ ပါသျှ၊ ၂၁၃။]

---

၄။ ။ [ပါ၊ ၁၆၉။ ပါသျှ၊ ၂၇၁။ (၁၃၁၉၊ ၁၃၃၇–ခုနှစ်များကလည်း မေးခဲ့ပြီ။)]

---

http://www.dhammadownload.com



၅။ ။ကတ္တားထည့်၍ ပန–၏ ဓာတုကတ္တ (ဓာတေတဗ္ဗတ္ထ)ကို ပေါ်လွင်စေလျက် အာကာရအပြင်ထုတ်ပြီး အနက်

ရတနယရံ့ နာမ၊ရတနယရမည်သည်။ သတ္တရတနမယံ၊ ရတနာခုနစ်ပါးဖြင့် ပြီးသော။ ဂေဟံ၊ အိမ်သည်။ နေဝ(ဟောတိ)မဟုတ်သည်သာတည်း။ ပန၊အဟုတ်ကား။ ဝါ၊အနွယကား။ သတ္တန္နံ၊ခုနစ်ကျမ်းကုန်သော။ ပကရဏာနံ၊အဘိဓမ္မာတို့ကို။ (တစ်နည်း:)သတ္တန္နံ ပကရဏာနံ၊အဘိဓမ္မာခုနစ်ကျမ်းတို့ကို။ သမ္မသိတဋ္ဌာနံ၊ သုံးသပ်ရာအရပ်ကို။ (ပဏ္ဍိတေဟိ၊ပညာရှိတို့သည်။)ဝေဒိတဗ္ဗံ၊သိအပ်၏။(ကိံ၊ အဘယ်သို့။ ဝေဒိတဗ္ဗံ၊သိအပ်သနည်း။)ရတနယရန္တိ၊"ရတနယရ"ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်သတည်း။) [ဋ္ဌ၊၁၃။ ဋ္ဌသျှ၊၁၅၈။]

မှတ်ချက်။ ။ မေးခွန်း၌ "ဓာတုကတ္တ"ဟု ရှိသည်မှာ မကောင်း၊ "ဓာတေတဗ္ဗတ္ထ"ဟု ရှိသင့်သည်။

[ထောက်ဖွယ်။ ။ အဘိဓမ္မိကတ္ထေရာ သတ္တပ္ပကရဏာနံ သမ္မသိတဋ္ဌာနံ ရတနယရန္တိ ဝဒန္တိ၊တသ္မာ တေသံ မတေန အဋ္ဌသာလိနိယံ သတ္တပ္ပကရဏာနံ သမသိတဋ္ဌာနံ ရတနယရန္တိ ဝုတ္တံ။ (ယောဇနာ၊ ၂၀။)

"ရတနယရ"ဟူသည် ရတနာခုနစ်ပါးဖြင့် ပြီးသောကြောင့် ရတနယရလော၊ ရတနယရံ့ နာမ န သတ္တရတနံ–မိန့်။ ထိုသို့လျက် အဘယ့်ကြောင့် "ရတနယရ"ဟု သိအပ်လေသနည်း၊သတ္တန္နံ–စသည်တို့ မိန့်။ (ဂဏ္ဌိသစ်၊၈၆။)တို့ကို ထောက်၍ ဝေ, ပိ–အကျေမကြဲဘဲ ပေးသည်။ ဤအဋ္ဌသာလိနီအဋ္ဌကထာ၌ အဘိဓမ္မာခုနစ်ကျမ်းကို သုံးသပ်ရာအရပ်ကိုသာ "ရတနယရ"ဟု ဆိုအပ်ပါ၏–ဟူလို။

ကေမေကသ္မိံ ဌာနေ စတုဗ္ဗိဓောပိ ဓမ္မတ္ထဒေသနာပဋိဝေဓဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော။ (ဋ္ဌ၊ ၂၃။)–၏အဖွင့် ဧတ္ထ–ဧတေသု ပိဋကေသု ဧကမေကသ္မိံ ပိဋကေစ စတုဗ္ဗိဓောပိ ဂမ္ဘီရဘာဝေါ ပဏ္ဍိတေန ဝေဒိတဗ္ဗောတိ သမ္ဗန္ဓော. (ယောဇနာ၊ ၂၈)ကိုထောက်၍ "ပဏ္ဍိတေန"ဟု ကတ္တားထည့်သည်။]

---

၆။ ။ အနပ္ပကံ, ရူပ်–တို့၌ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထဖော်လျက် အနက်

အနပ္ပကံ (န+အပ္ပကံ)အနည်းငယ်မဟုတ်သော (သဒ္ဒတ္ထ)။ ဝါ၊များစွာသော (အဓိပ္ပာယတ္ထ)။ ရူပ်(ဝိပ္ပကာရံ၊ဝိ+ပ+ကရ+ဏ)၊ဖောက်ပြန်သော ပြုခြင်းကို (သဒ္ဒတ္ထ)။ ဝါ၊တုံ့တွေးထွေးခြင်း ကျင်ငယ်ပန်းခြင်းစသောအမူအရာကို (အဓိပ္ပာ ယတ္ထ)။ ကြွင်း ယောဇနာလေ။ [ဋ္ဌ၊၇၅။ ဋ္ဌသျှ၊၁၊ ၂၅၄။]

---

၇။ ။ [သျှအတိုင်း ယောဇနာ။ ဋ္ဌ၊၉၃။ ဋ္ဌသျှ၊၁၊၃၃၉။]

---

၈။ ။ ဝိသေသျှနှင့် ကြိယာပုဒ် ထည့်၍ အနက်

ကဏှာဘိ၊ကား။ ကာဠကာ၊ကုန်သော။ စိတ္တဿ၊၏။ အပဘဿရ ဘာဝကရဏာ၊ကုန်သော။ (ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။)သုက္ကာတိ၊ကား။ ဩဒါတာ၊ကုန်သော။ စိတ္တဿ၊၏။ ပဘဿရဘာဝကရဏာ၊ကုန်သော။ (ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။) ဝါ၊ကား။ ကဏှာဘိဇာတိဟေတုတော၊ကြောင့်။

http://www.dhammadownload.com



ကဏှာ၊ကဏှမည်ကုန်သော။ (ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။) ဝါ၊ ကား။ကဏှာ ဘိဇာတိဟေတုတော၊ ကြောင့်။ ကဏှာ၊ ကဏှမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။) သုက္ကာဘိဇာတိဟေတုတော၊ကြောင့်။ သုက္ကာ၊ သုက္ကမည်ကုန်သော။ (ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။) [သျှအတိုင်း ဖေါ်။ ဋ၊၉၃။ ဋသျှ၊၁၊၃၄၀။]

---

၉။ ။ [သျှအတိုင်း ပေး။ ဋ၊ ၃၉၈။ ဋသျှ၊ ၃။ ၃၇၈။]

---

၁၀။ ။ဥပမာန, ဥပမေယျဘက် အားလျော်စွာ ကတ္တားများထည့်၍ အနက်

[ယဒိစ္ဆိတံ ဓနေဟိ နိယန္တိ။ (ယောဇနာ။ ၂၁၁။)ကို ထောက်၍ ကတ္တားကို ဥပမာနဘက်၌ ဓနေဟိ-ထည့်။ ဥပမေယျဘက်၌ တဏှာယထည့်။ ဋ၊၃၉၉။ ဋသျှ၊၃၊၃၈၂။]

---

၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း

ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) သေက္ခတ္တိကေ တီသု သိက္ခာသု ဇာတာတိ သေက္ခာ။

(ခ) သတ္တန္နံ သေက္ခာနံ ဧတေတိပိ သေက္ခာ။

(ဂ) အပရိယောသိတသိက္ခတ္တာ သယမေဝ သိက္ခန္တီတိပိ သေက္ခာ။

(ဃ) ဥပရိ သိက္ခိတဗ္ဗာဘာဝတော န သေက္ခာတိ အသေက္ခာ။

(င) ဝုမ္မိပ္ပတ္တာ ဝါ သေက္ခာတိပိ အသေက္ခာ။

၁။ ။ (က)(ခ)အမှတ်ပြပါဠ်ကျတို့၌ ဇာတာ, ဧတေ-တို့၏ တုလျတ္ထဖြစ်သော ပုဒ်တို့ကိုလည်းကောင်း, (ဂ)အမှတ်ပြပါဠ်ကျ၌ သိက္ခန္တိ-၏ ကတ္တားကို လည်းကောင်း ထည့်စွက်၍ အနက်ယောဇနာခဲ့ပါ။

၂။ ။ (ဃ)အမှတ်ပြပါဠ်ကျကို ပါပနာဒိကျမ်းရိုးငါးချက်ဖြင့် ဓာဒနာ တက်ပြပါ။ (အဓိပ္ပါယ်ပြန်ရန် မလို။)

၃။ ။ (င)အမှတ်ပြပါဠ်ကျပါ ဝါ-သဒ္ဒါဖြင့် သဒ္ဒါ,အနက်, အကြောင်း,အကျိုးတို့တွင် အဘယ်ကို လဲလှယ်ကြောင်းနှင့်တကွ (ဃ)အမှတ်ပြပါဠ်ကျဖြင့် ပယ်အပ်သော ဒေါသကိုလည်း အကြောင်းပြဖြေဆိုပါ။

၄။ ။ သိက္ခာသု-၌ သိက္ခာ-ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတ်စတုက္က ထုတ်ပြပါ။

http://www.dhammadownload.com



၅။ ။(ဂ)အမှတ်ပြဝါကျရှိပုဒ်တို့၏ လိင်္ဂ,ဂဏ,အန္တ, ပဒ-တို့ကို အသီးအသီး ခွဲခြားပြဆိုပါ။

၆။ ။(က)(ခ)အမှတ်ပြဝါကျတို့၌ အဋ္ဌကထာဆရာ၏အာဘော်နှင့်တကွ သံဝဏ္ဏနာအမည်များကို ဖေါ်ပြပါ။

၇။ ။ (ဂ)အမှတ်ပြဝါကျ၌ ဝေ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ,နိဝတ္တေတဗ္ဗတ္ထ, အနုညာတတ္ထတို့ကို ထုတ်ပြပါ။

၈။ ။ အသေက္ခာ-ပုဒ်ကို ဒသနုတ္တစသော ကြိယာငါးတန် ထုတ်ပြပါ။

၉။ ။ နသေက္ခာတိ အသေက္ခာ-ဟူသော ဝစနတ္ထအရ လောကီ သိက္ခာသုံးပါးနှင့်နိဗ္ဗာန်တရားများသည် အသေက္ခဓမ္မ မည်ထိုက်,မမည်ထိုက် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၁၀။ ။ တီသု သိက္ခာသု-အရ တရားသည် ဓာတာ-အရ တရားအား မည်သည့် ပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို ဖေါ်ပြ၍ ပြိုင်နိုင်သောပစ္စည်းများကိုလည်း ရေတွက်၍ ပြပါ။

---

၁၉၇၆ (၁၃၃၇) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ တုလျတ္ထဖြစ်သောပုဒ်နှင့် ကတ္တားထည့်စွက်၍ အနက်

[ဓာတာ,စတေ-တို့၏တုလျတ္ထဖြစ်သောပုဒ်နှင့်, သိက္ခတ္တိ-၏ကတ္တားကို "သိက္ခာ, သိက္ခသမ္ပယုတ္တာ ဃမ္မော"ဟု သျှအတိုင်း ၃-ဝါကျလုံး၌ ထည့်ယောဇနာ။ ဓာတာ-ပုဒ်,ဇတေ-ပုဒ်တို့၌ တုလျအဖြစ်ဖြင့်စပ်ရသောကြောင့် ယင်း၊တို့ကို "တုလျတ္ထပုဒ်"ဟု ဆိုရသည်။ သိက္ခတ္တိ-၌ ကတ္တားအဖြစ်ဖြင့် စပ်ရသောကြောင့် "သိက္ခတ္တိ-၏ကတ္တား"ဟု ဆိုရသည်။ ဋ္ဌ၊ ၈၆။ ဋ္ဌသျှ၊၁၊၃၀၄။]

---

၂။ ။ (ဃ)အမှတ်ပြဝါကျကို ပါပနာဒိကျမ်းရိုးငါးချက်ဖြင့် စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)(ခ)(ဂ)အမှတ်ပြဝါကျတို့ဖြင့် သေက္ခာ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ဆိုတော်မူ၏(ဋ္ဌပနာ)။ ယင်းသို့ သေက္ခာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုသာ ဆိုသည်ရှိသော် အသေက္ခာ ပုဒ်ကို ဘုရားရှင် မဟောဟူသောအနက်သည် ရောက်၏ (အနုလောမ ပါပနာ)။ စင်စစ်တမူကား အသေက္ခာ-ပုဒ်ကို ဘုရားရှင်ဟောတော်မူ၏ (ပဋိလောမ ပါပနာ)။

http://www.dhammadownload.com



ထိုသို့ဟောတော်မူသောကြောင့် အသေက္ခာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုလည်းဆိုသင့်၏(အနုလောမရောပနာ)။ သေက္ခ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုသာ မဆိုသင့်(ပဋိလောမရောပနာ)။ မဆိုသင့်ဘဲလျက်ဆိုချေသော် ဆရာ၌ အဗျာပိပါတဒေါသ ရောက်ရာ၏(ဒေါသာ ရောပန)။ အသေက္ခာဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း(စောဒနာ) ဤသို့စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)အမှတ်ပြဝါကျကို မိန့်။

---

၃။ ။ ဝါ-သဒ္ဒါဖြင့် လဲလှယ်ကြောင်း(ပုံ)

(င)အမှတ်ပြဝါကျ ဝါ-သဒ္ဒါဖြင့် သဒ္ဒါ,အနက်,အကြောင်း, အကျိုးတို့တွင် အသေက္ခာ-၌ အ-သဒ္ဒါ၏ ပဋိသေဓအနက်မှတစ်ပါး ဝုမိုအနက်ကို လဲလှယ်ပါသည်။

[အသေက္ခာ-၌ အ-၏အနက် ဝါဒစုံ။ ။ အသေက္ခာတိ ယတ္ထ သေက္ခဘာဝါသင်္ကာ အတ္ထိ၊တတ္ထာယံ ပဋိသေဓောတိ လောကိယနိဗ္ဗာနေသု အသေက္ခဘာဝါနာပတ္တိ ဒဋ္ဌဗ္ဗာ။ (ဓမ္မသင်္ဂဏီ၊မူလဋီ၊၄၃။) တဒါသင်္ကနိဝတ္တနတ္ထံ "အသေက္ခာ"တိ ယထာဝုတ္တသေက္ခဘာဝပဋိသေဓော ကတော (ဓမ္မသင်္ဂဏီ၊မူလဋီ၊ ၄၄။)ကိုထောက်၍ ရှေ့နည်း၌ အ-သဒ္ဒါ "ပဋိသေဓအနက်ဟော"ဟု မှတ်။

ဝုမိုပ္ပတ္တာ ဝါ-စသော နောက်နည်း၌ "စတေန စ သေက္ခသဒိသာ အသေက္ခာ ယထာ "အမနုဿော" တိ ဝုတ္တံ ဟောတိ အဓေ္ဓ"ဟု အ-သဒ္ဒါ သဒိသအနက်ဖြစ်ကြောင်းကိုလည်း အဓေ္ဓဆရာတို့အလိုအားဖြင့် ဓမ္မသင်္ဂဏီအနုဋီကာ (၄၇) ဆရာ ဖွင့်ဆိုသေး၏။ ယင်းအဆိုကို ဓမ္မသင်္ဂဏီ မဝုဋီကာ (၁၀၃)ဆရာက "စတေန သဒိသူ ပစာရဝသေန အသေက္ခသဒ္ဒဿ ပဝတ္တိံ ဒဿေတိ၊န အ-ကာရဿ သဒိသတ္ထတာ၊ယံ ပန အနုဋီကာယံ စတေနစ။ ပ။ "အမနုဿော"တိ ဝုတ္တံ၊ ဝိစာရေတဗ္ဗမေတံ"ဟု ပယ်သည်။ သေက္ခတရား ၇-ပါးတွင် အကြီးဆုံးဖြစ်၍ အရဟတ္တဖိုလ်ကို "အသေက္ခ"ဟု ခေါ်၏။ သို့သော် ဤနေရာ၌ အရဟတ္တမဂ်နှင့် စျာန်အင်္ဂါယှဉ်ပုံချင်းစသည်အားဖြင့် တူသောကြောင့် သဒိသူပစာအားဖြင့် အရဟတ္တဖိုလ်ကိုသာ"အသေက္ခ"ဟု ခေါ်ရ၏။ဤသို့ သဒိသူပစာအားဖြင့် ဖြစ်ပုံကို သိရာ၏။

ဂဏ္ဌိ(၂၀၄)ဆရာက "ပဋိသေဓနတ္တမှတစ်ပါး ဝုမိုတ္တကို နီတတ္ထ, သဒိသတ္တကို နေယျတ္ထ,သာမျတ္ထအားဖြင့် ပြလိုသောအဋ္ဌကထာဆရာသည် ဝုမိုပ္ပတ္တာ ဝါ-စသည် မိန့်သော်"ဟု ကျမ်းတက်၏။ ဝုမိုအနက်သာ အများစုလက်ခံ၍ ဝုမိုအနက်သာ ကောင်းသည်။

(သျှ၊ ၁၊ ၃၀၈။) ဆရာကမူကား "ပဌမဝိကပ်၌ အ-သဒ္ဒါသည် အဗြာဟ္မဏော-၌ကဲ့သို့ သဒိသဟော၊ဒုတိယဝိကပ်၌ ကမ္မာကမ္မံ ဖလာဖလံ-တို့၌ကဲ့သို့ ဝုမိုအနက်ဟော" ဟူ၏။

(ဃ)အမှတ်ပြဝါကျဖြင့် ပယ်အပ်သောဒေါသ အကြောင်းပြ

ပက္ခန္တရဝါကျကို မပြဆိုဘဲ (က)(ခ)(ဂ)အမှတ်ပြ ပက္ခဝါကျတို့ကိုသာ ပြဆိုသည်ရှိသော် စကားမပြန့်နှံ့သည်ဖြစ်၍ အဗျာပိတဒေါသ ယင့်ရောက်ရာသောကြောင့် (ဃ)အမှတ်ပြဝါကျကို ကျမ်းဆရာရေးရကား (ဃ)အမှတ်ပြဝါကျဖြင့် ယင်းအဗျာပိတဒေါသကို ပယ်ပါသည်။

http://www.dhammadownload.com



[တင်အပ်သောဒေါသသည်ပင် ပယ်အပ်သောဒေါသ ဖြစ်သည်။ (ဃ)အမှတ်ပြပါဠိကျသည် သေက္ခ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အဖွင့် သံဝဏ္ဏနာမှ တစ်ပါး အသေက္ခ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြသောကြောင့် ပက္ခဝါကျဖြစ်သည်။ ပက္ခန္တရဝါကျဖြစ်၍ ပက္ခန္တရဟူလကၡအဗျာပိတတင်နှင့်အညီ ပက္ခန္တရဝါကျကို အဗျာပိတဒေါသတင်၍ တက်ရသည်။ အဗျာပိတဒေါသ တင်၍ တက်ရသောကြောင့် ယင်းပက္ခန္တရဝါကျဖြင့် "အဗျာပိတဒေါသကို ပယ်သည်"ဟု သိရသည်။ ဤသို့ "တင်အပ်သောဒေါသသည်ပင် ပယ်အပ်သောဒေါသ"ဟု သင်္ကေတအားဖြင့် မှတ်သားရာ၏။]

---

၄။ ။ ဝိဂ္ဂဟ။ ။ သိက္ခိတဗ္ဗာတိ သိက္ခာ။

ဗျုပ္ပတ္တိစတုက္က

အဘိဓာန်ဋီကာအလိုအားဖြင့်-

(၁) သိ-ဟူသော, က္ခာ-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

(၂)သိက္ခ-ဓာတ်, အ-ပစ္စည်း,အာ(ဣတ္ထိလိင်ဇောတက)ပစ္စည်းသည်လည်းကောင်း, အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော အတက်ကိုကပ်၍ယူခြင်း (သိက္ခ ဝိဇ္ဇောပါဒါနေ)ကျင့်ခြင်း (အဓိပ္ပာယတ္ထ) ကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

(၃) သိက္ခာ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

(၄) အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော အတတ်ကို ကပ်ယူ၍ယူခြင်း ကျင့်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

သောဒစိန္တာဒီပနီအလိုအားဖြင့်-

(၁) သိက္ခိတဗ္ဗာတိ-ဟူသော ဝိဂ္ဂြဟ်ဝါကျသည် ဗျုပ္ပတ္တိ။

(၂) တူ၏။

(၃) သိက္ခာ-ဟူသော နိပ္ဖန္နသည် ပဝတ္တိ။

(၄) တူ၏။

[ထောက်ဖွယ်။ ။ သိက္ခိတဗ္ဗာဘာဝတော-၌ သိက္ခိတဗ္ဗ-ကို ထောက်၍ ကမ္မသာဓနပြု။ သိက္ခိတဗ္ဗာတိ သိက္ခာ။ ယောဇနာ။ ၆၉။ ပါရာဇိကကဏ္ဍ၊ ၃၊ ၁၁၀၈။)-တို့ကိုလည်း ထောက်။]

---

၅။ ။ လိင်္ဂါဒိဝိဘာဂ

အပရိယောသိတသိက္ခတ္တာ-ကား နပုံသက, စိတ္တာဒိဂဏ, တဒ္ဓိတနာမပဒ,အ-ကာရန္တ။

| | |
|---|---|
| သယ်-ကား | အလိင်္ဂ,ဂဏဝိမုတ္တ,နိပါတပဒ,နိဂ္ဂဟိတန္တ။ |
| ဝေ-ကား | အလိင်္ဂ,ဂဏဝိမုတ္တ,နိပါတပဒ,အကာရန္တ။ |
| သိက္ခတ္တိ-ကား | အလိင်္ဂ,ဘူဝါဒိဂဏ,အာချာတပဒ,အ-ကာရန္တ။ |
| ဣတိ-ကား | အလိင်္ဂ,ဂဏဝိမုတ္တ,နိပါတပဒ ဣ-ကာရန္တ။ |
| ပိ-ကား | အလိင်္ဂ,ဂဏဝိမုတ္တ,နိပါတပဒ,ဣ-ကာရန္တ။ |
| (တစ်နည်း)အပိ-ကား | အလိင်္ဂ, ဂဏဝိမုတ္တ,ဥပသဂ္ဂပဒ,ဣ-ကာရန္တ |
| သေက္ခာ-ကား | ဣတ္ထိလိင်္ဂ, ကညာဒိဂဏ, ကိတသုဒ္ဓနာမပဒ, အာကာရန္တ။ |

http://www.dhammadownload.com



[တ္တာ-ပစ္စည်း နပုလ္လိင်။ ။ တဒ္ဓိတ် ဏျ,တ္တ,တ္တန-ပစ္စည်းတို့သည် နပုလ္လိင်ဖြစ်၍ ယင်းပစ္စည်းအဆုံးရှိသော ပုဒ်များကို နပုလ္လိင် ခွဲ၊တာ-ပစ္စည်းသည် ဣတ္ထိလိင်ဖြစ်၍ တာ-ပစ္စည်းအဆုံးရှိသောပုဒ်ကို ဣတ္ထိလိင်ခွဲ။

ကျက်။ ။ ဏျ,တ္တ-နှင့်၊ တ္တန-ပေါင်းရုံး၊သုံးပစ္စည်းမှာ၊နပုန်းသာ၊ တာ-မှာ ဣတ္ထိလိင် ကေန်မြဲသတည်း။ (ဘုရားကြီးနိယံ၊ ၂၂၂။)

အာချတ်ပုဒ်များ၌ ဂဏ,အန္တ။ ။ အာချတ်ပုဒ်များ၌ အာချာတဂဏကို "ဂဏ"ဟု၊ဓာတွန္တသရကို "အန္တ"ဟု ယူ။]

---

၆။ ။(က)(ခ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ တီသု-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သိက္ခာသု-ဝယ် သိက္ခာ-၏အရ အဓိသီလ, အဓိစိတ္တ, အဓိပညာ ၃-ပါးကို ယူရမည်၏အဖြစ်ကို အဌကထာဆရာ သိစေပါသည်။ သရုပ်ကြား၊အဘိဓေယျတ္ထသံဝဏ္ဏနာ။

သိက္ခာသု ဓာတာတိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သေက္ခာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ဏ-ပစ္စည်း၏ဓာတ-အနက်ဟော၏အဖြစ်ကို အဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသံဝဏ္ဏနာ။ (တစ်နည်း)သေက္ခာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "သိက္ခာသု ဓာတာ သေက္ခာ"ဟု ဓာတတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကို အဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

(ခ)အမှတ်ပြဝါကျရှိ သတ္တာနံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သေက္ခာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အရ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်ကို ယူရမည်၏အဖြစ်ကို အဌကထာ ဆရာ သိစေပါသည်။ သရုပ်ကြား၊အဘိဓေယျတ္ထသံဝဏ္ဏနာ။

သေက္ခာနံ ဧတေဟိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သေက္ခာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ဏ-ပစ္စည်း၏ ဧတေ-အနက်ဟော၏အဖြစ်ကို အဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသံဝဏ္ဏနာ။ (တစ်နည်း) "သေက္ခာနံ ဧတေ သေက္ခာ"ဟု ဧတေ-တဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကို အဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

ပိ-သဒ္ဒါဖြင့် (တစ်နည်း) အပိ-သဒ္ဒါဖြင့် "သိက္ခာသု ဓာတာ သေက္ခာ" ဟုသာ ဝစနတ္ထပြုရသည် မဟုတ်သေး၊"သေက္ခာနံ ဧတေ သေက္ခာ"ဟုလည်း ဝစနတ္ထပြုရသေး၏-ဟူသောအဓိပ္ပာယ်ကို အဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

[ကျေသောပုဒ်ကို စွဲ၍ တဒ္ဓိတ်အမည်ရ။ ။ ဏ-စသော ပစ္စည်းကို "တဒ္ဓိတ်"ဟု ခေါ်သည်။ "ထိုတဒ္ဓိတ်"ဟူသည် ကျေလေသောပုဒ်၏ အနက်ကို ဟောသည်ဖြစ်ရာ ထိုကျေလေသောပုဒ်ကို စွဲ၍ တဒ္ဓိတ်နာမည်ပေးရသည်။ ထို့ကြောင့် "ဧတေ-တဒ္ဓိတ်"ဟု ဆိုသည်။ ကျေလေသော ပုဒ်၏အနက်ကို ဟောသောကြောင့် "ဧတေ-အနက်ဟော"ဟုဆိုသည်။ သဒ္ဒါကျမ်းတို့၌ကား ဧကဝုစ် ဣဒံ-ကို မှတ်၍ ဥပလက္ခဏနည်းအားဖြင့် "ဣဒံတဒ္ဓိတ်"ဟု ဆိုသည်။]

---

http://www.dhammadownload.com



၇။ ။ (ဂ)အမှတ်ပြဝါကျ၌ ဓဝ–သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ။ ။ (ဂ) အမှတ်ပြဝါကျရှိ သယမေဓဝ–၌ ဓဝသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထကား အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ္တုပ္ပါဒ်ဒြပ် ဖြစ်ပါသည်။

နိဝတ္တေတဗ္ဗတ္ထ။ ။ နိဝတ္တေတဗ္ဗတ္ထကား ပုဂ္ဂိုလ်ဒြပ်ဖြစ်ပါသည်။

အနုညာတတ္ထ။ ။ အနုညာတတ္ထကား အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာ စိတ္တုပ္ပါဒ်တို့၏သိက္ခာသုံးပါးတို့၌ ယှဉ်ခြင်း၏အစွမ်းဖြင့် ဖြစ်သည်၏ အဖြစ်ဟူသော ဂုဏ်,သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ဥစ္စာဖြစ်သည်၏အဖြစ်ဟူသော ဂုဏ်တို့သည် အနုညာတတ္ထဖြစ်ပါသည်။

[ဒြပ်နောက် ဓဝ၊ဒြပ်ကို ကန့်၊ဂုဏ်ကို ခွင့်ပြု။ ။ သယမေဝ၌ ဓဝဖြင့် ပထမဝိကပ်၌ကဲ့သို့ ပုဂ္ဂိုလ်ကတ္တားကို နှစ်စေသည်–ဟူသော (သျှ၊၁၊၃၀၈)စကားကို ထောက်၍ ပုဂ္ဂိုလ်ကို နိဝတ္တေတဗ္ဗတ္ထ ထုတ်သည်။ တိသော ဓဝ ဓနဓရော– တိသ သည်သာ လေးအတတ်ကို ဆောင်၏ တတ်၏–၌ ဓဝ–ဖြင့် မိတ္တ,ဒတ္တဒြပ်ကို ကန့်သည်။ တိဿ၏ ဆင်အတတ် မြင်းအတတ်စသည်ကို တတ်သည့်ဂုဏ်ကို ခွင့်ပြုသည်ကိုလည်း ထောက်။]

---

၈။ ။ ကြိယာ ၅–တန်

(၁) အသေက္ခာ–ပုဒ်၏အရ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်သည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထ။

(၂) အရဟတ္တမဂ်စိတ္တုပ္ပါဒ်သည် (ပထမ) ဖလူပစာအားဖြင့်ပြအပ်သော ဒီပကတ္ထ။

(၃) ပစ္စဝေက္ခဏာဉာဏ်သည် (ပထမ) ကာရဏူပစာအားဖြင့်ပြအပ်သော ပကာသနတ္ထ။

(၄) အောက်မဂ်အောက်ဖိုလ်စိတ္တုပ္ပါဒ်သည် (ဒုတိယ) ဖလူပစာရအားဖြင့် ပြအပ်သော ဝိဘာဝတ္ထ။

(၅) အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးသည် (ဒုတိယ) ကာရဏူပစာရအားဖြင့်ပြအပ်သော အနုဘာဝတ္ထ။

---

၉။ ။လောကီသိက္ခာနှင့် နိဗ္ဗာန်တရားများ အသေက္ခဓမ္မ မည်,မမည်

အကြင်အရတ္တဖိုလ်၌ သေက္ခ၏အဖြစ် ယုံမှားဖွယ်ရှိ၏။ ထိုယုံမှားဖွယ်ရှိရာ အရဟတ္တဖိုလ်၌သာ ဤ န–သဒ္ဒါဖြင့် တားမြစ်ခြင်းဖြစ်သောကြောင့် န သေက္ခာတိ အသေက္ခာ–ဟူသော ဝစနတ္ထအရ လောကီသိက္ခာသုံးပါးနှင့် နိဗ္ဗာန်တရားများသည် အသေက္ခဓမ္မ မမည်ထိုက်ပါ။

[ထောက်ဖွယ်။ ။ န သေက္ခာတိ ယတ္ထ (အရဟတ္တဖလေ) သေက္ခဘာဝါ သင်္ကာ အတ္ထိ၊တတ္ထာယံ ပဋိသေဓောတိ လောကိယနိဗ္ဗာနေသု အသေက္ခဘာဝါ နာပတ္တိ ဒဋ္ဌဗ္ဗာ။ (ဓမ္မသင်္ဂဏီမူလဋီ၊၄၃။)]

http://www.dhammadownload.com



ဟိ၊ဆက်၍ ဆိုဦးအံ့။ (အရိယမဂ္ဂေါ၊အရိယမဂ်သည်။အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသည်။ ဟောတိ နနု၊ဖြစ်သည်မဟုတ်ပါလော။ အထ၊ထိုသို့ ဖြစ်ပါလျက်။ ကသ္မာ၊အဘယ်ကြောင့်။ ပဉ္စင်္ဂိကောတိ၊ "ပဉ္စင်္ဂိက"ဟူ၍။ ဝုတ္တော၊ဟောတော်မူအပ်ပါသနည်း။ ဣတိ အယံ၊ဤသည်ကား။ စောဒနာ၊စောဒနာခြင်းတည်း။) အရိယမဂ္ဂေါ၊အရိယမဂ်သည်။ အဋ္ဌင်္ဂိကော၊အင်္ဂါရှစ်ပါးရှိသည်။ ကိဉ္စာပိ ဟောတိ၊ အကယ်၍ကား ဖြစ်၏ရှင့်။ ပန-တထာပိ၊ထိုသို့ပင် ဖြစ်ပါသော်လည်း။ လောကိယ စိတ္တေ၊လောကီစိတ်၌။ ဧကက္ခဏေ၊တစ်ပြိုင်နက်သောခဏ၌။ တိဿော၊သုံးပါး ကုန်သော။ ဝိရတိယော၊ဝိရတီတို့ကို။ န လဗ္ဘန္တိ၊မရအပ်ကုန်။ တသ္မာ၊ထို့ကြောင့်။ ပဉ္စင်္ဂိကောတိ၊ "ပဉ္စင်္ဂိက"ဟူ၍။ ဝုတ္တော၊ဟောတော်မူအပ်သတည်း။ (ဣတိ-အယံ၊ ဤသည်ကား၊သောဓနာ၊သောဓနာခြင်းတည်း။)[ ဋ္ဌ၊၁၉၇။ ဋ္ဌသျ၊ ၂။ ၂၀၃။]

[မှိုင်ငြမ်းဖွယ်။ ။ နနု တေသံ အာဃာတောယေဝ နတ္ထိ ဝုဏ္ဏမဟတ္တတာ၊ အထကသ္မာ ဇဝံ ဝုတ္တန္တိ စောဒနာလေသံ ဒဿေတွာ တဒပနေတိ "ကိဉ္စာပိ" တိ အာဒိနာ။ (သိင်္ဂီသစ်၊၁၊ ၂၂၁။)]

---

၈။ ။ ဗေတ္တ-စပ်ရာပုဒ် ထည့်၍ အနက်

["ဥပေက္ခကော စ ဝိဟရတီတိ ဗေတ္တ၊ဥပေက္ခကော စ ဝိဟရတိဟူသော ဤပါဠ်၌။အဝယဝတ္ထော၊အစိတ်ဖြစ်သောအနက်ကို။ ဝါ၊အစိတ်ဖြစ်သောပုဒ်၏ အနက်ကို။ ဇဝံ-ဣမိနာဝုစ္စမာနနယေန၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဝေဒိ တဗ္ဗော၊သိအပ်၏"ဟုထည့် ယောဇနာ။

ဗေတ္တ-၏စပ်ရာ ထည့်ကြပုံ

ဤအဋ္ဌသာလိနီ၏အဖွင့် ယောဇနာ (၆၁)၌ "ဗေတ္တ ကုသလာတိ အာဒိ ပဒေသု ဝစနတ္ထော ပဏ္ဍိတေန ဝေဒိတဗ္ဗော"ဟု,(၆၆)၌ "ဝိပါကတ္တိကေ ဝိနိစ္ဆယော ပဏ္ဍိတေန ဝေဒိတဗ္ဗော"ဟု(၁၃၈)၌ "ဗေတ္တာတိ တေသိံ ဝစနေ ဝိနိစ္ဆယော ဝေဒိတဗ္ဗော"ဟုထည့်သည်ကို တွေ့ရသည်။

ပါရာဇိကဏ်ယောဇနာ (၅၆)၌ "နဠေရုပုစိမန္ဒမူလေတိ ဗေတ္တဝစနေ ဝိနိစ္ဆယော ဝေဒိတဗ္ဗော"ဟု (၈၀) ၌ "ဝိဓေကကဇန္တိ ဗေတ္တ ပဒေ ဝိနိစ္ဆယော၊ ပီတိသုခန္တိ

http://www.dhammadownload.com



ဧတ္ထ ပဒေ ဝိနိစ္ဆယော" ဟု ထည့်သည်ကို တွေ့ရသည်။

မဇ္ဈိမဋ္ဌ (၁၊၁၄၀။)၌ "တတ္ထာတိ တသ္မိံကာမာဝစရနိ္တ အာဒိနိဒ္ဒေသေ အတ္ထော မယာ ဝုစ္စတေတိ ဝါ,အတ္ထော ဧဝံ ဝေဒိတဗ္ဗော တိ ဝါ သေသော"ဟု ထည့်သည်ကို တွေ့ရသည်။

ဤအင်္ဂုတ္တရသာလိနီနိသယ (၁။ ၂၇၅)၌ "ဧတ္ထ ဝစနတ္ထော ဧဝံ ဝေဒိတဗ္ဗော"ဟု (၂၊ ၂၅၀)၌ "ဝိဝေကဇန္တိ ဧတ္ထ အတ္ထော ဧဝံ ဝေဒိတဗ္ဗော"ဟု(၂၊ ၂၉၂)၌ "သုခဉ္စ ကာယေန ပဋိသံဝေဒေတီတိ ဧတ္ထ ဝိနိစ္ဆယော ဝေဒိတဗ္ဗော"ဟုထည့်သည်ကို တွေ့ရသည်။

ပါရာဇိကဏ်နိသယသစ် (၂၊ ၂၈၅)၌ "ဝိဝေကဇန္တိ ဧတ္ထ ပဒေ အတ္ထော ဧဝံ ဝေဒိတဗ္ဗော"ဟု (၂၊၃၁၈)၌ "ဥပက္ခကောစ ဝိဟာသိန္တိ ဧတ္ထ ပဒေ အဝယဝတ္ထော ဧဝံ ဝေဒိတဗ္ဗော"ဟု (၂၊၃၉၈)၌ "သော ဒိဗ္ဗေန။ ပ။ ပဿာမီတိ ဧတ္ထ ပဒေသု ဝိနိစ္ဆယော ဧဝံ-ဣမိနာ ဝုစ္စမာနနယေန ဝေဒိတဗ္ဗော"ဟု (၂၊၄၁၂။)၌ "ကာယဒုစ္စရိတေနာတိ အာဒီသု ပဒေသု ဝစနတ္ထော ဧဝံ-ဣမိနာ ဝုစ္စမာနနယေန ဝေဒိတဗ္ဗော"ဟု (၂၊၄၃၈။)၌ "အယံ ခေါ။ ပ။ အဟောသီတိ ဧတ္ထ ပဒေသု ယောဇနာ ဧဝံ ဝေဒိတဗ္ဗာ"ဟုထည့်သည်ကို တွေ့ရသည်။

သီလက္ခန်နိသယသစ်(၁၊ ၂၅၄)၌"ပဌမတ္တောဟိ ဘိက္ခုသတေဟီတိ ဧတ္ထ ဝစနတ္ထော ဧဝံ ဝေဒိတဗ္ဗော"ဟု (၁၊ ၂၅၆။)၌ "သဒ္ဓိံ အဍ္ဎတေဠသေဟိ ဗြဟ္မဒတ္တေန မာဏဝေနာတိ ဧတ္ထ အဝယဝတ္ထော ဧဝံ ဝေဒိတဗ္ဗော"ဟု (၁၊၄၀၈။)၌ "ဒါသိဒါသပဋိဂ္ဂဟဏာတိ ဧတ္ထ ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော"ဟုထည့်သည်ကို တွေ့ရသည်။

ဤသို့ အမျိုးမျိုးထည့်ကြသော်လည်း ယေဘုယျသဘောသို့ လိုက်ကာ ညို၍ အချုပ်အားဖြင့် ယခုဆိုအပ်လတ္တံ့အတိုင်း ကြံသင့် ယူသင့်၏။

ဝိဘတျန္တပုဒ် တစ်ပုဒ်ထည်းတည်၍ အဘိဓာနတ္ထ (ဝစနတ္ထ)ကို အဓိက ထားဖွင့်ရာ၌ ဝစနတ္ထော-ကိုထည့်။ "ဝစနတ္ထော၊ဝစနတ္ထကို။ ဝါ၊သဒ္ဒါ၏ အနက်ကို" ဟုပေး။ သဒ္ဒါဟော အဘိဓေယျတ္ထ ကိုဖြစ်စေ,ပရိယာယ်အဘိဓေယျတ္ထကို ဖြစ်စေ, သရုပ်ကြားအဘိဓေယျတ္ထကိုဖြစ်စေ,ဘာဝတ္ထကိုဖြစ်စေ အဓိကထားဖွင့်ရာ၌ အတ္ထော ကိုထည့်။ အတ္ထော-ကို သဒ္ဒါဟောအဘိဓေယျတ္ထကို,ပရိယာယ် အဘိဓေယျတ္ထကို စသည်ဖြင့် အဖွင့်အားလျော်စွာ ပေး။

ဝိတျန္တပုဒ် ၂-ပုဒ် စသည်တည်၍ အဘိဓာနတ္ထစသည်တို့တွင် မည်သည့် အတ္ထကို အဓိကထားဖွင့်ဖွင့် ပုဒ်တိုင်းပုဒ်တိုင်း အကုန်မဖွင့်ဘဲ အချို့ပုဒ် (တစ်စိတ်) ကိုသာ ဖွင့်ရာ၌လည်းကောင်း,ပုဒ်တိုင်းပုဒ်တိုင်း အကုန်ဖွင့်ရာ၌ လည်းကောင်း အဝယဝတ္ထော-ကိုထည့်။ အဝယဝတ္ထော-ကို "အစိတ်ဖြစ်သောအနက်ကို။ ဝါ၊ အစိတ်ဖြစ်သော ပုဒ်၏အနက်ကို"ဟုပေး။ အစိတ်အစိတ် ပုဒ်တိုင်းပုဒ်တိုင်း အကုန် ဖွင့်လျှင် အဝယဝတ္ထော-ကို "အစိတ်အစိတ်ဖြစ်သော အနက်ကို။ ဝါ၊အစိတ် အစိတ်ဖြစ်သော ပုဒ်တို့၏အနက်ကို"ဟု ပေး။

တစ်ပုဒ်ဖြစ်စေ,ပုဒ်အများကိုဖြစ်စေ တည်၍ ဝိနိစ္ဆယကို အဓိကထားဖွင့်ရာ၌ ဝိနိစ္ဆယော-ကို ထည့်။ ယောဇနာကို အဓိကထားဖွင့်ရာ၌ ယောဇနာ-ကို ထည့်။ ဤကား ဤကျမ်းပြုသူ၏ သုတေသနပြုချက်အရ အယူအဆ မျှသာတည်း။]

http://www.dhammadownload.com



အတ္တော-၏သမ္ဗန်ထည့်၍ အနက်

[အတ္တော-၏သမ္ဗန်ကို "သမံ ပဿတီတိ ပဒဿ၊သမံ ပဿတိ-ဟူသော ပုဒ်၏"ဟုထည့်။ အပက္ခပတိတာ-စသည်မှာ သမံ ဿတိ-၏အဖွင့်ဖြစ်သည်ကို သတိပြု။ ကြွင်း ယောဇနာလေ။ ၄၊ ၂၆။ ၄သျ၊ ၂၊ ၂၇၈]

---

၉။ ။ ဓဝ-၏ နိဝတ္တေတဗ္ဗကို ထုတ်လျက် အနက်

သော-ဓမ္မဇာတိ၊ ဤတရားသဘောသည်။ အဘိဇ္ဈာမတ္တမေဝ၊ သူတစ်ပါး စည်းစိမ်သို့ ရှေးရှုကြံခြင်းသည်သာလျှင်။ (ဟောတိ၊ဖြစ်၏။ တဒညော၊ထို သူတစ်ပါး စည်းစိမ်သို့ ရှေးရှုကြံခြင်းမှတစ်ပါးသော။ ကရဏကတ္တာ၊သူတစ်ပါးစည်းစိမ်သို့ ရှေးရှုကြံကြောင်းဖြစ်သော ကရဏသတ္တိ,သူတစ်ပါးစည်းစိမ်သို့ ရှေးရှုကြံတတ်သော ကတ္တုသတ္တိသည်။ နတ္ထိ၊မရှိ။) ဣတိ-တသ္မာ၊ထို့ကြောင့်။ အဘိဇ္ဈာမည်၏။ [ကြွင်း ယောဇနာလေ။ ၄၊ ၂၉၁။ ၄သျ၊၃၊၁၀။]

[နိဝတ္တေတဗ္ဗ ထုတ်ရာ၌ ထောက်ဖွယ်။ ။ စိန္တနမတ္တန္တိ အာရမ္မဏ- ဝိဇာနနမတ္တံ။ မတ္တ-သဒ္ဒေါ။ အဝဓာရဏတ္ထော။ တေန ကတ္တုကရဏာနိ နိဝတ္တေတိ။ ဧဝ-သဒ္ဒေန မတ္တ-သဒ္ဒဿ တဒေဝတ္ထံ ဝိဘာဝေတိ။ အထဝါ မတ္တ-သဒ္ဒေန ကတ္တု- ကရဏနိဝတ္တနမေဝ ဒဠှံ ကရောတိ။ (မဏိမဥ္ဇူ၊၁၊၁၂၆။)ကို ထောက်၍ နိဝတ္တေတဗ္ဗ ထုတ်သည်။

နိဝတ္တေတဗ္ဗအချို့ ဆရာတို့ အယူအဆ။ ။ အချို့ဆရာတို့က "န ဝသဝတ္တိ၊အလိုသို့ မလိုက်တတ်,မလိုက်စေတတ်"ဟု နိဝတ္တေတဗ္ဗ ထုတ်ကြသည်။ ဝိတက္ကန္တိ ဘာဝနိဒ္ဒေသော ဝသဝတ္တိဘာဝနိဝါရဏာယ ဟောတိ။ (ဓမ္မသင်္ဂဏီမူလဋီ၊ ၉၄။) ဧတေန စ (စိန္တနမတ္တန္တိ)ဘာဝနိဒ္ဒေသေန စိတ္တဿ ဝသဝတ္တိဘာဝနိဝါရေတိ။ (မဏိမဥ္ဇူ၊၁၊၁၂၆။)တို့ကို ထောက်၍ န ဝသဝတ္တိ-မှာ ဘာဝသာဓနပြုရကျိုးသာ ဖြစ်သည်။ ဓဝ-၏ နိဝတ္တေတဗ္ဗ မဟုတ်သောကြောင့် ကောင်းမည်မထင်ပါ။

အချို့ဆရာတို့ကလည်း ကမ္မသာဓန,သမ္ပဒါနသာဓန,အပါဒါနသာဓန, အဓိကရဏသာဓနတို့ကို နိဝတ္တေတဗ္ဗ ထုတ်ကြသည်။ ယင်းသို့ ထုတ်ကြသည်မှာ ဘာဝသာဓနကို ဂဟေတဗ္ဗ ထုတ်၍ ကာရဏသာဓန,ကတ္တုသာဓနတို့ကို အနုညာတ ထုတ်ပြီး သာဓန ၇-ပါးကို ၃-မျိုးရအောင် ထုတ်သောဆရာတို့အလိုသို့ လိုက်၍ထုတ်ကြခြင်းဖြစ်သည်။ ဤကတ္တုကရဏာနိ နိဝတ္တေတိ-ဟူသော မဏိမဥ္ဇူနှင့် "မညီ"ဟု မှတ်။ မှန်၏-ကမ္မသာဓနစသော၄-ပါးမှာ အစကထိက ဝိဂ္ဂဟမပြုရ၍ တားမြစ်ဖို့ မလို၊ကရဏသာဓန,ကတ္တုသာဓန ၂-ပါးသာ ဝိဂ္ဂဟပြုရ၍ တားမြစ်ဖို့လိုသည်။

မတ္တ,ဧဝ ၂-ပါးပြရာ၌ သဒ္ဒါငယ်ဆရာတို့ အယူအဆ။ ။ မတ္တ မေဝါတိ ပနေတ္ထ၊မတ္တ-သဒ္ဒေါ ဝဓာရဏော၊ဧဝ-သဒ္ဒေါ သန္နိဋ္ဌာနေ။ (ဂန္ထာဘရဏ၊ ၄၄။)ဤကို ကြည့်၍ "မတ္တ,ဧဝ၊နှစ်ပါးပြုက၊မတ္တ-မြစ်ကန့်၊ဧဝသန္နိဋ္ဌာန်"ဟု တွင်းကြီးနိယံ။ (၆၈)စပ်ဆိုသည်။

မတ္တမေဝါတိ စေတ္ထ မတ္တ-သဒ္ဒေါ ဝိသေသနိဝတ္တနဝါစကော။ ဧဝသဒ္ဒေါ သန္နိဋ္ဌာနကရဏတ္ထော၊နိဝတ္တနတ္ထော ဝါ။ (ဂန္ထဋ္ဌိပကရဏ။ ၉၆။) ဤ ဂန္ထဋ္ဌိပကရဏ၌

http://www.dhammadownload.com



"ဝိသေသနိဝတ္တန"ဟူသည် နိဝတ္တာပနာဝဓာရဏပင်တည်း။ ဤဂန္ထဋ္ဌိပကရဏာ၌ ရှေ့နည်းသည် မဏိမဉ္ဇူ နောက်နည်းပင်ဖြစ်သည်။ နောက်နည်းသည် မဏိမဉ္ဇူ ရှေ့နည်း ပင်ဖြစ်သည်။ မှန်၏-မဏိမဉ္ဇူ ရှေ့နည်း၌ မတ္တ-သဒ္ဒါ အဝဓာရဏတ္ထ၊ ဧဝ-သဒ္ဒါသည် ထို အဝဓာရဏအနက်ကိုပင်ထင်ရှားပြသည်။ (အဝဓာရဏအနက်၌ ဖြစ်သည်ကို ဖွင့်သည်။)သို့မဟုတ် ထွန်းပြသည်။ သို့ဖြစ်၍ မတ္တ-နှင့်အနက်တူပင်။ နောက်နည်း၌ ဧဝ-သဒ္ဒါသည်။ မတ္တ-သဒ္ဒါ၏ကတ္တု,ကရဏသာဓနာကို နှစ်စေမှုကို သာလျှင် မြဲမြဲခိုင်မြဲသည်ကို ပြသည်။ သန္နိဋ္ဌာနံ ပြသည်။ "ဧကန်"ဟု ဆုံးဖြတ်ချက်ချသည်။ သို့ဖြစ်၍ သန္နိဋ္ဌာနာဝဓာရဏ အနက်ဖြစ်သည်။

ဧဝ-ကို မတ္တနှင့် အနက်တူယူသည့်နည်းအရသာ "ဧဝ-၏နိဝတ္တေတဗ္ဗကို ထုတ်လျက်"ဟု မေးလို့ရသည်။ ဧဝ-ကို သန္နိဋ္ဌာနာဝဓာရဏတ္ထယူလျှင် ထိုသို့ မေးလို့မရ။ "မတ္တ-၏နိဝတ္တေတဗ္ဗကို ထုတ်လျက်" ဟု မေးမှရသည်။ နှစ်နည်းလုံး၌ အဘိဗ္ဗာမတ္တမေဝ-ကို "သူတစ်ပါးစည်းစိမ်သို့ ရှေးရှုကြံခြင်းမျှသည်သာလျှင်"ဟု အနက်ပေး။ သာ-ဟူသော ဝေါဟာရသည် အဝဓာရဏအနက်တစ်ခု ဖြစ်သကဲ့သို့ မျှ-ဟူသောဝေါဟာရသည်လည်း အဝဓာရဏအနက်တစ်ခုပင်ဖြစ်သည်။ မိမိ အနက်ကို ဆုံးဖြတ်ချက်ချသော (ခိုင်မြဲစေသော)သန္နိဋ္ဌာနာဝဓာရဏ,မလိုရာ အနက်ကို နှစ်စေသော (တားမြစ်သော၊ကန့်သော) နိဝတ္တာပနာဝဓာရဏအားဖြင့် အဝဓာရဏ ၂-မျိုး ရှိသည်ကို မှတ်သားရာ၏။

ဋီကာကြီးများ အယူအဆ။ ။ မတ္တ-သဒ္ဒေါ စေတ္ထ ဝိသေသနိဝတ္တိ အတ္ထော၊ဧဝ-သဒ္ဒေါ ပဒပူရဏမတ္တံ၊မတ္တ-သဒ္ဒေန ဝါ ယထာဝုတ္တတ္ထသာဝဓာရဏံ ကရောတိ။ ဧဝ-သဒ္ဒေန အစာရသီလမေဝ ဝတ္တုံ သက္ကောတီတိ သန္နိဋ္ဌာနံ။ ဧဝမိဒံ သေသု။ (အစာရသီလမတ္တကမေဝ-၏အဖွင့်၊သီဋီသစ်၊၁၊၃၂၉။) ဤအလို ရှေ့နည်း၌ မတ္တ-သဒ္ဒါ နိဝတ္တာပနာဝဓာရဏတ္ထ၊ဧဝ-သဒ္ဒါ ပဒပူရဏမတ္ထ၊အဘိဇ္ဈာမတ္တမေဝကို "သူတစ်ပါးစည်းစိမ်သို့ ရှေးရှုကြံခြင်းသည်သာလျှင်"ဟု ပေး။ နောက်နည်း၌ မတ္တ-သဒ္ဒါ နိဝတ္တာပနာဝဓာရဏတ္ထ၊ဧဝ-သဒ္ဒါ သန္နိဋ္ဌာနာဝဓာရဏတ္ထ။ "သူတစ်ပါး စည်းစိမ်သို့ ရှေးရှုကြံခြင်းမျှသည်သာလျှင်"ဟု ပေး။

ပယောဇနမတ္တမေဝါတိ ဒိဋ္ဌိယာ ကရဏဘူတဝေဒနာဝသေန ဧကဒေသ မတ္တံ ပယောဇနမေဝ။ "မတ္တမေဝါ"တိ ဟိ အဝဓာရဏတ္ထေ ပရိယာယဝစနံ "အပ္ပံ ဝဿသတံ အာယု၊ဣဒါနေတရဟိ ဝိဇ္ဇတီ"တိ အာဒီသု ဝိယ အညမညတ္တာဝ ဗောဓနဝသေန သပယောဇနတ္တာ၊မတ္တသဒ္ဒေါ ဝါ ပမာဏေ၊ပယောဇနေသင်္ခါတံ ပမာဏမေဝ၊န တဒုတ္တရိတိ အတ္ထော။ "မတ္တ-သဒ္ဒေါ အဝဓာရဏေ,ဧဝ-သဒ္ဒေါ သန္နိဋ္ဌာနေ" တိပိ ဝဒန္တိ။ ဧဝံ သဗ္ဗတ္ထ။ ဟောတိ စေတ္ထ-

မတ္တမေဝါတိ ဧကတ္တံ၊ မတ္တပဒံ ပမာဏကေ။

မတ္တာဝဓာရဏေဝါ၊သန္နိဋ္ဌာနမှိ စေတရံ။ (သီဋီသစ်၊၁၊၄၆၅။) ဤအလို ပထမနည်း၌ မတ္တ,ဧဝ-၂ ခုလုံး အဝဓာရဏတ္ထချည်း ဖြစ်သည်။ "သူတစ်ပါး စည်းစိမ်သို့ ရှေးရှုကြံခြင်းမျှသည်သာလျှင်"ဟု ပေး။ ဒုတိယနည်း၌ မတ္တ-သဒ္ဒါ ပမာဏတ္ထ,ဧဝ-သဒ္ဒါ အဝဓာရဏတ္ထ။ "သူတစ်ပါးစည်းစိမ်သို့ ရှေးရှုကြံခြင်းဟူသော

http://www.dhammadownload.com



အတိုင်းအရှည်သည် သာလျှင်"ဟု ပေး။ တတိယနည်း၌ "သူတစ်ပါး စည်းစိမ်သို့ ရှေးရှုကြံခြင်းမျှသည်သာလျှင်"ဟု ပေး။

မတ္တ–သဒ္ဒေါစေတ္တ ဝိသေသနိဝတ္တိ အတ္ထော၊တေနသာ အနတ္ထန္တရ ဒီပနတံ ဒသေတိ၊ဧဝ–သဒ္ဒေန ပန ဗျဥ္ဇနသိလိဋ္ဌတာယ ဧေတ္တကတံ။ (ဗျဥ္ဇနသိလိဋ္ဌတာ မတ္တမေဝ၏–အဖွင့်–သာရတ္ထ၊၁၊ ၂၁၂။ သီဋီ၊၁၊ ၂၉၀။ သီဋီသစ်၊ ၂၊ ၂၁၅) "ဧေတ္တကတံ"ဟူသည် သန္နိဋ္ဌာနာဝဓာရဏတ္ထပင်။ မတ္တ–သဒ္ဒေါ ဝိသေသနိဝတ္တိ အတ္ထော၊ဧဝ–သဒ္ဒါသန္နိဋ္ဌာနတ္ထော။ (ပါရာဇိကဏ်ယောဇနာ။ ၅၇။)

မတ္တ–သဒ္ဒါ၏ မျှ–ဟူသော ဝေါဟာရသည် အဋ္ဌကထာအလို အဝဓာရဏ အနက်,ဋီကာသစ်အလို အပ္ပအနက် ဖြစ်သည်။ မတ္တသဒ္ဒါ အဝဓာရဏအနက်ကို ဟောရာ၌ နပုလ္လိင်၊ပမာဏ,အပ္ပအနက်ကို ဟောရာ၌ နပုလ္လိင်,တ္တိလိင်။ သီဋီသစ်၊ ၁၊ ၂၃၂။) အဘိဓာန်ဆရာကား။ ပမာဏ,အပ္ပ–အနက်ကိုဟောရာ၌ "ပမာဏိသရိယေ မတ္တာ၊အက္ခရာဝယဝေပ္ပကေ (၈၇၈)"ဟု တ္တိလိင်ဖြစ်ကြောင်းဖြင့် ဆို၏၊အပ္ပ, အဝဓာရဏအနက်ကို ဟောရာ၌ "သွပ္ပေဝဓာရဏေ မတ္တံ (၁၁၁၈)"ဟု နပုလ္လိင် ဖြစ်ကြောင်းဖြင့် ဆို၏။

ရွှေရေးဆောင်နိယံ (၃၅၆–၇)၌ကား–

"မတ္တ,ဧဝ၊ ဤနှစ်ဝတွင်၊မတ္တ–ကန့်ပြ၊ဧဝ သန္နိဋ္ဌာန်။

တစ်နည်းမှတ်ကြ၊မတ္တ–အထူး၊ဧဝ–ကြူးပြန်၊ယှဥ်တက်လှန်"ဟု တစ်နည်းပေါ်ပြသေးသည်။ ယင်း၌ ရှုလေတော့။]

---

၁၀။ ။[သျှအတိုင်း ယောဇနာ။ ။ပုစ္ဆာ၌ "ဓောတကတ္တတိုကို"ဟု မေးသည်မှာ မကောင်း "ဓောတေတဗ္ဗတ္တတို့ကို"ဟု မေးရမည်။ ဋ၊၃၃၉။ ဋသျှ၊၃၊၁၆၈။]

---

၁၉၇၉ (၁၃၄၀) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) သဒ္ဒဟန္တိ တောယ, သယံ ဝါ သဒ္ဒဟတိ, သဒ္ဒဟနမတ္တမေဝ ဝါ ဧသာတိ သဒ္ဓါ။

(ခ) သာဝ အသဒ္ဓိယသ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(ဂ) အဓိမောက္ခလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သဒ္ဓါဝ ဣန္ဒြိယံ သဒ္ဓိန္ဒြိယံ။

၁။ ။ (ခ)(ဂ)အမှတ်ပြပါဝါကျတို့ကို ကာရေတိ–ဟူသော ကြိယာပုဒ်၏ ကံကို ထည့်၍ အနက်ယောဇနာပါ။

http://www.dhammadownload.com



၂။ ။ (ခ)အမှတ်ပြဝါကျ၌ ပစာနကို ကောက်ပြီးလျှင် ၄င်းမှ ၄င်း၏ ဟိတ်ကို ဌပနာ,အာဘော်,အာဘောဂဟိတ်,ဌပနာပဋိက္ခေပ,စောဒနာ–ဟူသော ဌပနာ ပဥ္စကနည်းဖြင့် ထွက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃။။ (ဂ)အမှတ်ပြဝါကျ၌ အဘာယ်ကို လဲလှယ်လို၍ ဝါ–ကို ထားပါသနည်း၊ ရှင်းလင်းဖော်ပြပြီးလျှင် ယင်းဝါကျဖြင့် ပယ်အပ်သော ဒေါသကိုလည်း ပြဆိုပါ။

၄။ ။ (ဂ)အမှတ်ပြဝါကျ၌ ဣန္ဒြိယ–ဝယ် ဣန္ဒ–ပုဒ်ကို ဝစနတ္ထပြပြီးလျှင် ဗျုပ္ပတျာဒိစတုက္ကကိုလည်း ထုတ်ပြပါ။

၅။ ။ သဒ္ဒဟတိ, အဓိပတိ–ပုဒ်တို့ကို လိင်,ဂဏ,ပဒ,အန္တ စိစစ်ပြပါ။

၆။။ ဉာဏသမ္ပယုတ္တန္တိ ဉာဏေန သမ္ပယုတ္တံ၊သမံ ဧကုပ္ပါဒါဒိပ္ပ ကာရေဟိ ယုတ္တန္တိ အတ္ထော–၌ အဋ္ဌကထာဆရာ၏အာဘောဂနှင့်သံဝဏ္ဏနာများကို ထုတ်ပြပါ။

၇။ ။ (က)အမှတ်ပြဝါကျ၌ မတ္တမေဝ–ဝယ် မတ္တ–သဒ္ဒါ,ဧဝ သဒ္ဒါတို့၏အနက်များနှင့် ဂဟေတဗ္ဗတ္ထ,နိဝတ္တေတဗ္ဗတ္ထများကို ပြဆိုပါ။

၈။ ။ သဒ္ဒါကိုကိုယ်ပြု၍ ဒဿနတ္တစသော ကြိယာငါးတန် ထုတ်ပြပါ။

၉။ ။ သမထော–ဟူသောပုဒ်၌ သမထ–၏အပြားကို အရတရားကိုယ်နှင့်တကွ ဖော်ပြပါ။

၁၀။ ။သဒ္ဒဟန္တိ တောယ–၌ တောယ–ပုဒ်၏အရဖြစ်သောတရားက သဒ္ဒဟန္တိ–ပုဒ်၏အရဖြစ်သော တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းများကို ထုတ်ပြပါ။

---

## ၁၉၇၉ (၁၃၄၀) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။ ကာရေတိ–ကြိယာ၏ကံ (ကာရိတ်ကံ)ထည့်၍ အနက်

[ကာရေတိ–ကြိယာ၏ကံကို ဣန္ဒြိယံ ကာရေတီတိ။ ပ။ အတ္တာနံ အနုဝတ္တေတိ သမ္ပယုတ္တဓမ္မေ။ (ဓမ္မသင်္ဂဏီ၊မူလဋီ၊၈၉။)ကို ထောက်၍ သမ္ပယုတ္တဓမ္မေ–ထည့်၍ သမ္ပယုတ္တဓမ္မေ၊တို့ကို (ကာရိတ်ကံ)။ ဣန္ဒြိယံ၊ကို (ဓာတ်ကံ)စသည်ဖြင့် ယောဇနာ။ (ဋ္ဌ၊၁၆၂၊ဋ္ဌသျှ၊ ၂။ ၅၄။)

ကံ–၂–မျိုး။ ။ ကံသည် ကာရိတ်ကံ, ဓာတ်ကံအားဖြင့် ၂–မျိုး ရှိ၏။ ထိုတွင် ကာရိတ်ပစ္စည်း၌ စပ်ရသောကံသည် ကာရိတ်ကံမည်၏။ ဓာတ်၌ စပ်ရသော

http://www.dhammadownload.com



ကံသည် ဓာတ်ကံမည်၏။ ဤ၌ သမ္ပယုတ္တစေမ္ဘ-သည် ကာရေတိ-ဝယ် ကာရိတ် ဏာပေပစ္စည်း၌ စပ်ရသောကြောင့် ကာရိတ်ကံမည်၏။ သမ္ပယုတ်တရားတို့ကို+စေ ဟူသော မြန်မာစကားကို သတိပြု။ ဣန္ဒြိယ်-သည် ကာရေတိ-ဝယ် ကရ-ဓာတ်၌ စပ်ရသောကြောင့် ဓာတ်ကံမည်၏။ မိမိအစိုးရသည်၏အဖြစ်ကို+ပြု-ဟူသော မြန်မာစကားကို သတိပြု။ဤသို့ ကံ ၂-မျိုးရှိရာ ဓာတ်ကံမှာပါပြီးဖြစ်၍ ကာရိတ်ကံသာ ထည့်ရမည်ဖြစ်သောကြောင့်"ကာရိတ်ကံကို ထည့်၍"ဟု မေးသင့်သည်]

---

၂။ ။ ပဓာနကို ကောက်၍ ၄င်းမှ ဟိတ်ကို ဌပနာပဋ္ဌကနည်းဖြင့် ထွက် (ခ)အမှတ်ပြဝါကျ၌ ပဓာနကား ဣန္ဒြိယ်ဟူသည်တည်း-

အဓိပ္ပါယ်ကား ။ ။ ဣန္ဒြေမည်၏ ဟူလိုသော်။

အရှင်အဋ္ဌကထာဆရာ ဆရာသည် ဣန္ဒြိယ်-ဟူသောပါဌ်ဖြင့် ဟိတ်ဖိုလ်ကို ဆိုတော်မူ၏(ဌပနာ)။ ဟိတ်ဖိုလ်သည် ဟိတ်နှင့်မကင်းကောင်းသည် မဟုတ်ပါလော (အာသောင)။ ထိုသို့ မကင်းကောင်းသောကြောင့်(အာသောဂဟေတု)။ ဟိတ်ဖိုလ်ကိုသာ မဆိုသင့်(ဌပနာပဋိက္ခေပ)။ ဟိတ်ကား အဘယ်ပါနည်း(စောဒနာ)။ ဤသို့ စောဒနာ ဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် အဓိပတိ ယဋ္ဌေန-ဟူသော ဟိတ်ကို မိန့်။

မှတ်ချက်။ ။ သာမန်မေးခွန်းဖြစ်၍ သဒ္ဒါ,ပညတ်,ပရမတ် ၃-နည်း ထွက်နိုင်သော်လည်း သဒ္ဒါနည်းသာ ထွက်လိုက်ပါသည်။သဒ္ဒါထွက် ထွက်ခဲ့ပါ-စသည်ဖြင့် ဖေါ်မေးသင့်သည်။

[ပရံပရဟိတ်သာ။ ။ နာမကရဏဋ္ဌေန,နမနဋ္ဌေန,နာမနဋ္ဌေန စ နာမံ (၉၄)ကဲ့သို့ ဟိတ်နောင် စ-မပါ၍ နာနာဟိတ် မဟုတ်။ သောမနဿပစ္စယတ္တာ ဝိတ္တိသရိက္ခတာယ (၁၈၇)ကဲ့သို့ ပရံပရဟိတ်ဖြစ်သည်။ ပရံပရဟိတ်ဖြစ်၍ အဘိဘဝ-နတော-ကို အဓိပတိယဋ္ဌေန-၌သာ စပ်နိုင်သည်။ ဣန္ဒြိယ်-၌ မစပ်နိုင်၊ မစပ်နိုင်သော ကြောင့် ထွက်ရာမှ စပ်၊ စပ်ရာမှ ထွက်-ဥပဒေအတိုင်း အဘိဘဝန တော-ကိုဣန္ဒြိယ်-မှမထွက်နိုင်။ ဤမေးခွန်း ၁၃၂၉-ခုနှစ်ကမေးခွန်းနှင့် သဘောတူသည်။]

---

၃။ ။ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း

ဣန္ဒြိယ-သဒ္ဒါ၏ အဓိပတိအနက်မှတစ်ပါး။ ပရမိဿရိယအနက်ကို လဲလှယ်လို၍ (ဂ)အမှတ်ပြဝါကျ၌ ဝါ-သဒ္ဒါကို ထားပါသည်။

ပယ်အပ်သော ဒေါသ။ ။(ဂ)အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသကား အဗျာပိတဒေါသဖြစ်ပါသည်။

မှတ်ချက်။ ။ (ဂ)အမှတ်ပြဝါကျ ပက္ခန္တရဝါကျ ဖြစ်သည်။
[ဤမေးခွန်းလည်း ၁၃၂၉-ခုနှစ်ကမေးခွန်းနှင့် သဘောတူပင်။]

---

၄။ ။ ဝစနတ္ထ

ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြော။ (ကစ္စည်း။)

http://www.dhammadownload.com



ဖျုပ္ပတ္တျာဒိစတုက္က

အဘိဓာန်ဋီကာအလိုအားဖြင့်-

(၁)ဣ-ဟူသော,န္တော-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဖျုပ္ပတ္တိ။

(၂) ဣဒိ-ဓာတ် က-ပစ္စည်း (ရူပသိဒ္ဓိ)(တစ်နည်း)ဒ-ပစ္စည်း (ကစ္စည်း၊ သဒ္ဒနီတိ)သည်လည်းကောင်း,အစိတ်ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏အကြောင်းဖြစ်သော လွန်စွာအစိုးရခြင်းကို ပြုခြင်းကြိယာသည်လည်းကောင်း ဖျုပ္ပတ္တိနိမိတ်။

(၃) ဣန္ဒော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄)အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော လွန်စွာအစိုးရခြင်းကို ပြုခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဘာဒစိန္တာ ဒီပနီအလိုအားဖြင့်-

(၁) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဖျုပ္ပတ္တိ။

(၂) တူ၏။

(၃) ဣန္ဒော-ဟူသော နိပ္ဖန္နသည် ပဝတ္တိ။

(၄) တူ၏။

[ဤမေးခွန်းကား ၁၃၂၉-ခုနှစ်က မေးခွန်းအတိုင်းပင်။]

[ဣန္ဒ-၏. ဝစနတ္ထများ။ ။ ဣန္ဒတ္တံ အဓိပတိဘာဝံ ကရောတီတိ ဝါ ဣန္ဒော။ (ကစ္စည်း။ ၆၆၁။)ဣန္ဒတိ ပရမိဿရိယေန ယုဉ္ဇတေတိ ဣန္ဒော။ (ဓာန်ဋီ၊ ၂၀။)ဣန္ဒောတိ အဓိပတိဘူတော ယောကောစိ။ သော ဟိ ဣန္ဒကိ ပရေသု ဣဿရိယံ ပါပုဏာတီတိ ဣန္ဒောတိ ဝုစ္စတိ။ (နီတိ၊ဓာတု၊၈၇။)]

---

၅။ ။ လိင်္ဂါဒိဝိဘာဂ

သဒ္ဒဟတိ-ကား အလိင်္ဂ,ဘုဝါဒိဂဏ,အာချာတပဒ,အာကာရန္တ။

အဓိပတိ-ကား ပုလ္လိင်္ဂ,ရုတ္တာဒိဂဏ,သမာသသုဒ္ဓနာမပဒ,ဣကာရန္တ။

[အဓိပတိ-ပုဒ်ကား ၁၃၂၉-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၆။ ။ အာဘောဂနှင့်သံဝဏ္ဏနာ

ဉာဏေန သမ္ပယုတ္တံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဉာဏသမ္ပယုတ္တံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ တတိယာတပ္ပုရိသမသ်ပုဒ်၏အဖြစ်,ယင်းတတိယာတပ္ပုရိသ် သမာသ်ပုဒ်၏ သဟာဒိယောဂအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဉာဏသမ္ပယုတ္တံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဉာဏေနသမ္ပယုတ္တံ ဉာဏသမ္ပယုတ္တံ"ဟု တတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

သမံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သမ္ပယုတ္တံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ သံ-သဒ္ဒါ၏ သမံ-အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။

http://www.dhammadownload.com



ပကာရေဟိ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ယင်းသံဝဏ္ဏေတဗ္ဗပုဒ်၌ ပ–သဒ္ဒါ၏ ပကာရအနက်ဟောဧ၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ။

ကေပ္ပါဒါဒိ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပကာရ–၏အရ ကေပ္ပါဒစသည်ကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

ပကာရေဟိ ယုတ္တံ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပယုတ္တံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ တတိယာတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်,ယင်းတတိယာ တပ္ပုရိသ်သမာသ်ပုဒ်၏ သဟာဒိယောဂအနက်ဟောဧ၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ပယုတ္တံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ပကာရေဟိ ယုတ္တံ ပယုတ္တံ"ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

သမံ ယုတ္တံ–ဟူသောသံဝဏ္ဏနာပါဌ်ဖြင့် သမာနဝိ ဘတ္တိဖွင့်လျက်ရှိ၊ မှတ်သိ ကမ္မဓာရယာ–ဟူသည်နှင့်အညီ သမ္မယုတ္တံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်ပုဒ်၏အဖြစ်,ယင်းပါဒိပုဗ္ဗကမ္မဓာရယ်သမာသ်ပုဒ်၏ တုလျ အနက်ဟောဧ၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထ သံဝဏ္ဏနာ။ (တစ်နည်း)သမ္မယုတ္တံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "သမံ ပယုတ္တံ သမ္မယုတ္တံ"ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ [ပကာရေဟိ–ဖြင့် ပယုတ္တံ ပုဒ်၏ တတိယာတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်ကိုသာ ပြသည်။ သမ္မယုတ္တံ–ပုဒ်၏ ကမ္မဓာရယ် သမာသ်ပုဒ်၏အဖြစ်ကို မပြ။]

ဣတိ အတ္ထော–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် "ဤ သမံ ကေပ္ပါဒိပ္ပကာရေဟိ ယုတ္တံ–ဟု ဖွင့်ဆိုခဲ့သည့်အနက်ကား သမ္မယုတ္တံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အနက်တည်း"ဟု အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။ [အတ္ထော အဆုံးသတ်သော သမံ–စသောနောက်ဝါကျဖြင့် ဉာဏသမ္မယုတ္တံ–တစ်ပုဒ်လုံးကို ဖွင့်သည်မဟုတ်၊သမ္မယုတ္တ–ဟူသော ပုဒ်တစ်စိတ်ကိုသာ ဖွင့်သည်။](ဋ္ဌ၊ ၁၁၂။)

---

၇။ ။ မတ္တ–သဒ္ဒါ၏အနက်

(က)အမှတ်ပြဝါကျ၌ မတ္တမေဝဝယ် မတ္တ–သဒ္ဒါ၏အနက်ကား နိဝတ္တာပနာဝဓာရဏတ္ထ ဖြစ်ပါသည်။

ဧဝ–သဒ္ဒါ၏အနက်

ဧဝ–သဒ္ဒါ၏အနက်ကား သန္နိဋ္ဌာနာဝဓာရဏတ္ထဖြစ်ပါသည်။

ဂဟေတဗ္ဗတ္ထ။ ။ ဂဟေတဗ္ဗတ္ထကား ယုံကြည်ခြင်းကြိယာ (ဘာဝတ္ထ) ဖြစ်ပါသည်။

နိဝတ္တေတဗ္ဗတ္ထ။ ။ နိဝတ္တေတဗ္ဗတ္ထကား ကရဏဗျာပါရ (ကရဏတ္ထ ကရဏသတ္တိ),ကတ္တုဗျာပါရ (ကတ္တုတ္ထ–ကတ္တုသတ္တိ)ဖြစ်ပါသည်။ [၁၃၂၉–ခုနှစ်က မေးခွန်းအတိုင်းပင်။]

http://www.dhammadownload.com



၈။ ။ ကြိယာ ၅-တန်

(၁) သဒ္ဓါသည် (မုချအားဖြင့် ပြအပ်သော)ဒဿနတ္ထ။

(၂) သဒ္ဒေယျဝတ္ထု (ရတနတ္တယ,ကမ္မ,ကမ္မဖလ-ဟူသော ယုံကြည်အပ်သော ဝတ္ထု)သည် (ပဌမ)ဖလူပစာရအားဖြင့် ပြအပ်သော ဒီပကတ္ထ။

(၃) နီဝရဏတရားတို့ ကွာခြင်း,ကိလေသာတို့ ဆုတ်နစ်ခြင်း,စိတ်ကြည်လင်ခြင်း,မနောက်ကျုခြင်းသည် (ပဌမ)ကာရဏူပစာရအားဖြင့် ပြအပ်သော ပကာသနတ္ထ။

(၄) ယောနိသောမနသိကာရ,သဒ္ဓမ္မသဝန,သပ္ပုရိသူပနိဿယ စသည်သည် (ဒုတိယ)ဖလူပစာရအားဖြင့် ပြအပ်သော ဝိဘာဝတ္ထ။

(၅) စိတ်ကြည်ကြည်လင်လင်ဖြင့် ဒါနပြုခြင်း,သီလဆောက်တည်ခြင်း စသောအကျိုးသည် (ဒုတိယ)ကာရဏူပစာရအားဖြင့် ပြအပ်သော အနုဘာဝတ္ထ။

---

၉။ ။ တရားကိုယ်နှင့်တကွ သမထအပြား

(၁) "စိတ္တေကဂ္ဂတာ"ဟု ဆိုအပ်သော စိတ္တသမထ။

(၂) "သမ္မုခါဝိနည်းအစရှိသော ခုနစ်ပါးအပြားရှိသော ဝိနည်း"ဟု ဆိုအပ်သော အဓိကရဏသမထ။

(၃) "နိဗ္ဗာန်"ဟု ဆိုအပ်သော သဗ္ဗသင်္ခါရသမထအားဖြင့် သမထအပြား ၃-ပါးရှိပါသည်။ (ဋ္ဌ၊၁၈၈။)

---

၁၀။ ။ ပဋ္ဌာန်းပစ္စည်း

သဒ္ဓဟတ္ထိ တောယ-၌ တောယ-ပုဒ်၏အရဖြစ်သော သဒ္ဓါတရားက သဒ္ဓ ဟတ္ထိ-ပုဒ်၏အရဖြစ်သော သမ္ပယုတ်တရားအား သဟဇာတ,အညမည, နိဿယ,ဣန္ဒြိယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၇-ပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

မှတ်ချက်။ ။ ကုသိုလ်စိတ်အဖွင့်ဖြစ်သောကြောင့် အရာအားလျော်စွာ ဝိပါကပစ္စည်း မရနိုင်။

[၁၃၂၉-ခုနှစ်ကမေးခွန်းနှင့် သဘောတူသည်။ သဒ္ဓါနှင့်သတိသာကွာသည်။]

[ဤကျမ်းကို လေ့လာရန် မမေ့သင့်။ ။ ၁၃၂၉-ခုနှစ် မေးခွန်းအဖြေကို လေ့လာထားမိလျှင် ဤနှစ်မေးခွန်းကို အောင်မှတ်ရအောင် ဖြေနိုင်ဖို့မခက်ပါ။ ထိုသို့ အလွယ်တကူ အောင်မှတ်ရနိုင်သောကြောင့်လည်း (နည်းစနစ်စသည်ကို ရသောကြောင့်သာ မဟုတ်။) ဤကျမ်းကို လေ့လာရန် မမေ့သင့်။ မမေ့ထိုက်။]

---

## ၁၉၈၀ (၁၃၄၁) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

အောက်ပါ ပါဠိတော်များကို အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

၁။ ။ ယော တသ္မိံ သမယေ တက္ကော ဝိတက္ကော သင်္ကပ္ပော အပ္ပနာ ဗျပ္ပနာ စေတသော အဘိနိရောပနာ သမ္မာသင်္ကပ္ပေါ။ အယံ တသ္မိံ သမယေ ဝိတက္ကော ဟောတိ။

http://www.dhammadownload.com



၂။ ။ ယော ရူပဿ ခယော ‘ဝယော ဘေဒေါ ပရိဘေဒေါ အနိစ္စတာ အန္တရဓာနံ။ ဣဒံ တံ ရူပံ ရူပဿ အနိစ္စတာ။

၃။ ။ ယာ ခန္တိ ခမနတာ အဓိဝါသနတာ အစဏ္ဍိက္ကံ အနသုရောပေါ အတ္တမနတာ စိတ္တဿ။ အယံ ဝုစ္စတိ ခန္တိ။

၄။ ။ ယာ အသတိ အနနုဿတိ အပ္ပဋိဿတိ အသတိ အသရဏတာ အဓာရဏတာ ပိလာပနတာ သမ္မုဿနတာ။ ဣဒံ ဝုစ္စတိ မုဋ္ဌဿစ္စံ။

၅။ ။ သံကိလိဋ္ဌသံကိလေသိကတ္တိကေ သံကိလေသေတီတိ သံကိလေသော၊ ဝိဗာဓေတိ ဥပတာပေတီစာတိ အတ္ထော-ဟူသော ဝါကျကို သံကိလေသေတိ-၏ ကတ္တားထည့်စွက်၍ အတ္ထော-၏သမ္ဗန်ခံလျက် အနက်ပေးခဲ့ပါ။

၆။။ ကမ္မတော ဥပပတ္တိတော ဣန္ဒြိယပရိပါကတော ကိလေသဒူရီ ဘာဝတောတိ ဣမေဟိ ပနေတ္ထ ကာရဏေဟိ ဉာဏသမ္ပယုတ္တတာ ဝေဒိတဗ္ဗာဟူသော ဝါကျကို ပန-၏ဓာတကတ္တ ထင်ရှားစွာနှင့် ဧတ္ထ-၏အစွဲ မလွဲစေမူ၍ အနက်ပေးခဲ့ပါ။

၇။ ။ မနတီတိ မနော၊ဝိဇာနာတီတိ အတ္ထော။အဋ္ဌကထာစရိယာ ပနာဟု “နာဠိယာ မိနမာနော ဝိယ မဟာတုလာယ ဓာရယမာနော ဝိယ စ အာရမ္မဏံ မိနတိ ပဇာနာတီတိ မနော”တိ။ဤပါဠိဝါကျဝယ် မနတိ-၏ကတ္တားထည့်၍ အနက်ပေးခဲ့ပါ။

၈။ ။ အောက်ပါပါဠိဂါထာကို အနက်ပေးရာဝယ် ဝါ-သဒ္ဒါကို ဥပမာ ဇောတကတ္ထ ယူ၍ အနက်ပေးခဲ့ပါ။

ပတ္တဒွေါ ဘဝတိ ကာယော၊ဒဗ္ဗော ကဋ္ဌမုခေန ဝါ။
ပထဝီဓာတုပ္ပကောပေန၊ဟောတိ ကဋ္ဌမုခေဝ သော။

၉။ ။ ပုထု ပဉ္စဟိ နီဝရဏေဟိ အာဝုတာ နိဝုတာ ဩဝုတာ ပိဟိတာ ပဋိစ္ဆန္နာ ပဋိကုဇ္ဇိတာတိ ပုထုဇ္ဇနာ။ ဤအဋ္ဌကထာဝါကျကို အနက်ပေးခဲ့ပါ။

၁၀။ ။ ရူပံ အတ္တတော သမနုပဿတီတိ ဣဓေကစ္စော ရူပံ အတ္တတော သမနုပဿတိ၊“ယံ ရူပံ၊သော အဟံ။ ယော အဟံ၊တံ ရူပန္တိ” ရူပဉ္စ အတ္တာနဉ္စ အဒွယံ သမနုပဿတိ။ ဤဝါကျ၌ ဣဓ-၏အစွဲနှင့် အဒွယံ-ဝယ် အ-သဒ္ဒါ၏ရဟိတတ္ထကိုလည်း ပေါ်လွင်စေလျက် အနက်ပေးခဲ့ပါ။

http://www.dhammadownload.com



၁၉၈၀ (၁၃၄၁) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ [ပါ၊၁၈။ ပါသျှ၊၃၉။]

---

၂။ ။ [ပါ၊၁၆၉။ ပါသျှ၊ ၂၇၁။]

---

၃။ ။ [ပါ၊ ၂၆၀။ ပါသျှ၊၄၄၅။]

---

၄။ ။ [ပါ၊ ၂၆၂။ ပါသျှ၊၄၅၁။]

---

၅။ ။ [အနက်အားဖြင့်လည်း သမ္မန်ခံနိုင်သည်ဖြစ်၍ သျှအတိုင်း အနက် သမ္မန်ခံ၊သျှအတိုင်း ကတ္တားထည့်ပေး။ ဋ္ဌ၊၈၅။ ဋ္ဌသျှ၊၁။ ၂၉၆။ (၁၃၁၉-ခုနှစ်ကလည်း မေးခဲ့ပြီ။)]

---

၆။ ။["ပန၊ သောဝမနဿဖြစ်ခြင်း၏ အကြောင်းမှတစ်ပါး "ဉာဏသမ္ပယုတ် ဖြစ်ခြင်း၏အကြောင်း"ဟု ဆိုအပ်သောအဖို့တစ်ပါးကို ဆိုဦးအံ့"ဟု ပန-ကိုပေး။ "စတ္တ-စိတ္တေ၊ဤပုထုမ မဟာကုသိုလ်စိတ်၌"ဟုစွဲ။ ကြွင်း သျှအတိုင်းပေး။ ပုစ္ဆာ၌ "ပန-၏ဓောတကတ္တ"ဟုရှိသည်မှာ မကောင်း၊ "ဓောတေတဗ္ဗတ္တ"ဟု ရှိရမည်။ ဋ္ဌ၊၁၁၇။ ဋ္ဌသျှ၊၁၊၄၇၅။]

---

၇။ ။ [သျှအတိုင်း ပေး။ ဋ္ဌ၊ ၁၆၆။ ဋ္ဌသျှ၊ ၂၊၇၁။]

---

၈။ ။ [သျှရှေ့နည်းအတိုင်းပေး။ ပုစ္ဆာ၌ "ဉပမာဓောတကတ္တ"ဟု တ္တ ပါနေသည်။ တ္တ-မပါသင့်။ ဋ္ဌ၊၃၃၉။ ဋ္ဌသျှ၊၃၊၁၉၆။ (၁၃၃၁-ခုနှစ်ကလည်း မေးခဲ့ပြီ။)]

---

၉။ ။ [ဋ္ဌ၊၃၈၄။ ဋ္ဌသျှ၊၃။ ၃၃၇။]

---

၁၀။ ။ [သျှအတိုင်း ပေး။ ဋ္ဌ၊၃၈၇။ ဋ္ဌသျှ၊၃။ ၃၄၉။]

---

၁၉၈၀ (၁၃၄၁) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ကိံ ပနေတေန နိယမတော ရူပဘာဝေ ဉပပတ္တိ ဟောတီတိ?
(ခ) န ဟောတိ။

http://www.dhammadownload.com



(ဂ) သမာဓိ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ယထာဘူတံ ပဇာနာတိ ပဿတီတိ ဧဝံ ဝုတ္တာန ဟိ နိဗ္ဗာနာဂိယာန ရူပာဝါတိက္ကန္တမေဝ ယောဘတိ။
(ဃ) ရူပူပပတ္တိယာ ပန ဣတော အညော မဂ္ဂေါ နာမ နတ္ထိ။
(င) တေန ဝုတ္တံ "ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတီ" တိ။
(စ) ဘာဝေတီတိ ဇနေတိ ဥပ္ပါဒေတိ ဝဍ္ဎေတိ။

၁။ ။ (ဂ)အမှတ်ပြပါကျကို ဘာဝေထ-၏ ကတ္တား,နိဗ္ဗာ-၏ ကံပုဒ်တို့ကို ထည့်စွက်၍ အနက်ယောဇနာခဲ့ပါ။

၂။ ။ (ဃ)အမှတ်ပြပါကျကို ပါပနာဒိကျမ်းရိုးငါးချက်ဖြင့် စာဒနာ တက်ပြခဲ့ပါ။ (အဓိပ္ပာယ်ပြန်ရန်မလို။)

၃။ ။ (ဃ)အမှတ်ပြပါကျဖြင့် ပယ်အပ်သောဒေါသကို ပြ၍ (င)အမှတ်ပြ ပါကျ၌ တေန ဝုတ္တံ-ထားရှိခြင်း၏အကြောင်းကို ပြခဲ့ပါ။

၄။ ။ သမာဟိတော-ပုဒ်ကို အစိတ်,အပေါင်းဝိဂ္ဂဟပြ၍ အပေါင်း ဝိဂ္ဂဟကိုသာ ဗျုပ္ပတ္တိစတုက္က ထုတ်ပြခဲ့ပါ။

၅။ ။ ရူပဘဝေ,ဥပပတ္တိ,သမာဓိ-ပုဒ်တို့၏ လိင်,ဂဏ,ပဒ, အန္တတို့ကို စိစစ်ပြခဲ့ပါ။

၆။ ။ (ဃ)(စ)အမှတ်ပြပါကျတို့၌ အဋ္ဌကထာဆရာ၏အာဘောဂနှင့် သံဝဏ္ဏနာအမည်များကို ပြခဲ့ပါ။

၇။ ။ (က)(ဃ)အမှတ်ပြပါကျတို့၌ ပန, ဣတိ-နိပါတ်ပုဒ်တို့၏ အနက်များကို ဖော်ပြ၍ (ဂ)အမှတ်ပြပါကျ၌ အပိ-နိပါတ်၏ ပေါင်းပုံကိုလည်း ထင်ရှားအောင် ပြခဲ့ပါ။

၈။ ။ (ဂ)အမှတ်ပြပါကျလာ ယထာဘူတံ ပဇာနာတိ-အရ တရားကို ကိုယ်ပြ၍ ဒဿနတ္တစသော ကြိယာငါးတန် ထုတ်ပြခဲ့ပါ။

၉။ ။ သမာဓိ ဘိက္ခဝေ ဘာဝေထ-၌ သမာဓိကို လက္ခဏာဒိစတုက္က ထုတ်ပြခဲ့ပါ။

၁၀။ ။ သမာဟိတော ပဇာနာတိ-၌ ကတ္တားပုဒ်၏ အန္တတ္ထအရ ပစ္စည်းတရားသည် ကြိယာပုဒ်ဓာတ်အရ ပစ္စယုပ္ပန်တရားအား အဘာယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။ ရထာရဟ ကျေးဇူးပြုနိုင်သော ပစ္စည်းများကိုလည်း ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com



၁၉၈၀ (၁၃၄၁) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။ (ဂ)အမှတ်ပြဝါကျ ကတ္တား, ကံ ထည့်စွက်၍ အနက်
(ကသ္မာ၊အဘယ်ကြောင့်။ န ဟောတိ၊ မဖြစ်သနည်း။)ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဘိက္ခဝေ၊ရဟန်းတို့။ (တုမှေ၊ သင်တို့သည်။)သမာဓိ၊ သမာဓိကို။ ဘာဝေထ၊ ပွားစေကုန်လော့။ သမာဟိတော၊ တည်ကြည်သောသူသည်။ ဝါ၊ သမာဓိဖြင့် အညီအညွတ်ကောင်းစွာ အာရုံ၌ ထားအပ်သော စိတ်ရှိသောသူသည်။ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ ပဇာနာတိ၊ သိ၏။ ပဿတိ၊ မြင်၏။ ဣတိ-ဧဝံ၊ ဤသို့။ ဝုတ္တေန၊ ဟောတော်မူအပ်သော။ (ရူပဘာဝဿ၊ရူပဘာဝကို။) နိဗ္ဗေဓဘာဂိ-ယေန၊ ဖောက်ခွဲ ဖျက်ဆီးခြင်းအဘို့၌ဖြစ်သော။ (မဂ္ဂေန၊ "ဈာန်"ဟု ဆိုအပ်သော အကြောင်းဖြင့်။) ရူပဘာဝါတိက္ကမောပိ၊ ရူပဘဝကို လွန်မြောက်ခြင်းသည်လည်း။ ဟောတိ၊ဖြစ်၏။ (တသ္မာ၊ထို့ကြောင့်။ န ဟောတိ၊မဖြစ်သတည်း။)
[ဋ္ဌ။ ၂၀၇။ ဋ္ဌသျ၊ ၂၊ ၂၃၃။]

မှတ်ချက်။ ။ ဤအနက်မှာ (ဂ)အမှတ်ပြဝါကျကို ကာရဏဝါကျ ယူပေးသည့် ဂဏ္ဌိသစ်(၄၈၅)အလို ဖြစ်သည်။ နိဿယ၌ကား "ဟိသဒ္ဒ"ဟု ဒဋ္ဌိပေးသည်။ နိဗ္ဗေဓဘာဂိယေနာတိ ရူပဘဝဿ,နိဗ္ဗိန္ဒနဘာဂေ ပဝတ္တနေန။ (ယောဇနာ၊၁၁၇)ကို ထောက်၍ နိဗ္ဗေဓ-၏ကံကို ရူပဘဝဿ-ထည့်သည်။

---

၂။ ။(ဃ)အမှတ်ပြဝါကျ ပါပနာဒိကျမ်းရိုး ၅-ချက် စောဒနာတက်
အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် "ဤဈာန်ဟူသော အကြောင်းဖြင့် အမြဲအားဖြင့် ရူပဘုံ (ရူပဘဝ)၌ ဖြစ်ခြင်းသည် မဖြစ် (ဤဈာန်သည် နိယမအားဖြင့် ရူပဘုံ၌ဖြစ်ခြင်း၏အကြောင်းမဟုတ်)"ဟု ဆိုတော်မူ၏(ဌပနာ)။ ယင်းသို့သာဆိုသည်ရှိသော် ရူပဘုံ၌ဖြစ်ခြင်း၏ ဤဈာန်မှ တစ်ပါးသောအကြောင်း မည်သည်ရှိ၏ဟူသောအနက်သည် ရောက်၏ (အနုလောမပါပနာ)။ [န-ရှိက န-ကို ပယ်မြဲ-အရ န-ကို ဖြုတ်သည်။] စင်စစ်တမူကား ရူပဘုံ၌ ဖြစ်ခြင်း၏ ဤဈာန်မှ တစ်ပါးသောအကြောင်းမည်သည် မရှိသင့်(ပဋိလောမပါပနာ)။ ထိုသို့ မရှိသင့်သောကြောင့်"ရူပဘုံ၌ ဖြစ်ခြင်း၏ ဤဈာန်မှတစ်ပါးသော အကြောင်းမည်သည် မရှိ"ဟု ဆိုသင့်၏(အနုလောမရောပနာ)။"ဤဈာန်ဟူသော အကြောင်းဖြင့် အမြဲအားဖြင့် ရူပဘုံ၌ဖြစ်ခြင်းသည် မဖြစ်"ဟုသာ မဆိုသင့်(ပဋိလောမရောပနာ)။ မဆိုသင့်ဘဲလျက် ဆိုချေသော် ဆရာ၌ အဗ္ဗာပိတဒေါသ ရောက်ရာ၏(ဒေါသာရောပန)။ ရူပဘုံ၌ဖြစ်ခြင်း၏ ဤဈာန်မှတစ်ပါးသောအကြောင်းမည်သည် ရှိ, မရှိကို အဘယ်သို့ သိအပ်ပါသနည်း (စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)အမှတ်ပြဝါကျကို မိန့်၏။

မှတ်ချက်။ ။ (ခ)အမှတ်ပြဝါကျ၌ စောဒနာဖွယ်ရှိ၍ (ဃ)အမှတ်ပြဝါကျကို ကျမ်းဆရာရေးရသောကြောင့် (ခ)အမှတ်ပြဝါကျကို ဌပနာထားသည်။

---

http://www.dhammadownload.com



၃။ ။ (ဃ)အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသ

(ဃ)အမှတ်ပြဝါကျဖြင့် ပယ်အပ်သောဒေါသကား ဝိရောဓိဒေါသဖြစ်ပါသည်။ ဟသမ္ဘာဝနာဝါကျ ယူရပုံ။ ။ ပန-စပ်ရာသည် မြတ်သောသဘောရှိ၍ (ဃ)အမှတ်ပြဝါကျကို သမ္ဘာဝနာယူသည်။

ကျက်။ ။ ပန-စပ်ရာ၊ယုတ်,နည်းပါ၊ဂရဟာ မှတ်ယူရာ။
ယင်းသို့စပ်ရာများ,မြတ်ပါ၊သမ္ဘာဝနာ သာ။
(ရွှေရေးဆောင်နိယံ။ ၃၁၂။)

သမ္ဘာဝနာဝါကျဖြင့် ပယ်အပ်သော ဒေါသ။ ။ သမ္ဘာဝနာ ရှိက ဂရဟာ ရှိမြဲ၊ဂရဟာရှိက သမ္ဘာဝနာရှိမြဲ ဖြစ်သောကြောင့် ဂရဟာကိုသာပြ၍ သမ္ဘာဝနာကို မပြက ဂရဟာ,သမ္ဘာဝနာဆန့်ကျင်သည်ဖြစ်၍ ဝိရောဓိဒေါသရောက်သည်။ (ဃ)အမှတ်ပြ သမ္ဘာဝနာဝါကျကို ပြလိုက်သဖြင့် ယင်းဒေါသမသင့်ရကား ယင်းသမ္ဘာဝနာဝါကျဖြင့် ဝိရောဓိဒေါသကို ပယ်သည်။

တေန ဝုတ္တံ-ထားရခြင်းအကြောင်း။ ။ လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် (တစ်နည်း)နိဂုံးကိုပြလိုသောကြောင့် (င)အမှတ်ပြဝါကျ၌ တေနဝုတ္တံ-သဒ္ဒါ ထားရပါသည်။

[ကျက်။ ။တေန ဝုတ္တံ၊ တည့်ပါ၌ပြန်ပြ၊ ထားကုန်ကြမှု၊
လဒ္ဓဂုဏ်ပြ၊ ဆိုကုန်ကြ၏။ နိဂုံးထင်လှ၊ နောတက္က။
(ရွှေရေးဆောင်နိယံ။ ၃၂၈)။]

---

၄။ ။ အစိတ်ဝိဂ္ဂဟ။ ။ သမ္မာ အာဓိယတိ ဌပိယတိတိ သမာဟိတံ။
အပေါင်းဝိဂ္ဂဟ။ ။ သမာဟိတံ အဿ အတ္ထီတိ သမာဟိတော။
ဗျုပ္ပတ္တိစတုက္က
အဘိဓာန်ဋီကာအလိုအားဖြင့်-

(၁) သ-ဟူသော, မာ-ဟူသော, ဟိ-ဟူသော, တော-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

(၂) သမာဟိတ-ပုဒ် ထာ-ပစ္စည်းသည်လည်းကောင်း,ကောင်းစွာ အာရုံ၌ထားအပ်သောစိတ်၏ ယင်းစိတ်ရှိသူနှင့် ဌာနီဌာန၏အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

(၃) သမာဟိတော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) ကောင်းစွာအာရုံ၌ ထားအပ်သောစိတ်ဒြပ်သည် ပဝတ္တိနိမိတ်။

[ဝိသာဓနီ-ကဲ့သို့ ဒဗ္ဗသဒ္ဒါဖြစ်သည်ကို သတိပြု၊သဒ္ဒါ ၅-မျိုးကို သဒ္ဒါစစ်၌ ရှု]

ဘေဒစိန္တာဒီပနီအလိုအားဖြင့်-

(၁) သမာဟိတံ အဿ အတ္ထီတိ-ဟူသော ဝိဂ္ဂြဟ်ဝါကျသည် ဗျုပ္ပတ္တိ။

(၂) တူ၏။

(၃) သမာဟိတော-ဟူသော နိပ္ဖန္နသည် ပဝတ္တိ။

(၄) တူ၏။

http://www.dhammadownload.com



၅။ ။ လိင်္ဂါဒိဝိဘာဂ

ရူပဘဝေ–ကား ပုလ္လိင်,ပုရိသာဒိဂဏ,သမာသနာမပဒ,အ–ကာရန္တ။

ဥပပတ္တိ–ကား ဣတ္ထိလိင်,ရတ္တာဒိဂဏ,ကိတနာမပဒ,ဣကာရန္တ။

သမာဓိ–ကား ပုလ္လိင်,ရတ္တာဒိဂဏ,ကိတသုဒ္ဓနာမပဒ,ဣကာရန္တ။

---

၆။ ။ အာဘောဂနှင့်သံဝဏ္ဏနာ

(ဃ)အမှတ်ပြဝါကျရှိ ရူပူပပတ္တိယာ ပန ဣတော အညော မဂ္ဂေါနာမ နတ္ထိ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ထိုသို့နိယမအားဖြင့် ရူပဘုံ၌ ဖြစ်ခြင်း၏အကြောင်း မဟုတ်သော်လည်း ရူပဘုံ (ရူပဘဝ)၌ ဖြစ်ခြင်း၏ ဤဈာန်မှ တစ်ပါးသော အကြောင်းမည်သည် မရှိသည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ဣတိ–ဟူသောသံဝဏ္ဏနာပါဌ်ဖြင့် ဤသို့မှတ်အပ်သည်၏အဖြစ်ကို အဋ္ဌကထာသိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

(စ)အမှတ်ပြဝါကျရှိ ဓနေတိ ဥပ္ပါဒေတိ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဘာဝေတိ–ဟူသောသံဝဏ္ဏေတဗ္ဗပုဒ်၌ ဘူ–ဓာတ်၏ ဘူ သတ္တာယံ–ဟူသော ဓာတ်ကျမ်း နှင့်အညီ သတ္တာ–ဟူသော ဓနန,ဥပ္ပါဒနအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဓာတွတ္ထသံဝဏ္ဏနာ။

ဝဍ္ဎေတိ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ယင်းဘူ–ဓာတ်၏ ဝဍ္ဎနအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဓာတွတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ ဤအာဘောဂ်မှ "ဘာဝေတိ ဓနေတိ၊ဖြစ်စေ၏၊ ဝဍ္ဎေတိ၊ပွားစေ၏၊"ဟုအနက်ပေး၍ အရာခပ်သိမ်း၌ပင် ဤဥပ္ပါဒန,ဝဍ္ဎနသည် သာဖြစ်ကစသည်ဖြင့် တက်သော ဂဏ္ဌိသစ် (၄၈၆)အလို ဖြစ်သည်။

(တစ်နည်း:)(စ)အမှတ်ပြဝါကျရှိ ဓနေတိ–ဟူသော သံဝဏ္ဏာပါဌ်ဖြင့် ဘာဝေတိ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ဘူ–ဓာတ်၏ သတ္တာ–ဟူသော ဓနနအနက် ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဓာတွတ္ထသံဝဏ္ဏနာ။

ဥပ္ပါဒေတိ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဓနေတိ–၌ ဓန–ဓာတ်၏ ဓန ဓနေ–ဟူသော ဓာတ်ကျမ်းနှင့်အညီ ဓနနအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဓာတွတ္ထသံဝဏ္ဏနာ။

ဝဍ္ဎေတိ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဓနေတိ–၌ "ဖြစ်စေခြင်း"ဟူသည် "ပွားစေခြင်းပင်တည်း"ဟု အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ ဤအာဘောဂ်မှာ "သလယတ္တိ စလယတ္တိ ကမ္ပေတ္တိ ဝိဒ္ဓံသေန္တိတိ တ္တော ပုရိမဿ ပုရိမဿ ပစ္ဆိမံ ပစ္ဆိမံ အတ္ထဝစနံ"ဟု ဆိုသော မူလဋီကာ(၁၊ ၂၈) အလိုဖြစ်သည်။ဤအလို ဓနေတိ–နှင့် ဥပ္ပါဒေတိ–ကို ခွဲပေး။

---

၇။ ။ ပန,ဣတိ–နိပါတ်ပုဒ်တို့၏ အနက်

(က)အမှတ်ပြဝါကျရှိ ပန–နိပါတ်ပုဒ်၏အနက်ကား ပက္ခန္တရဖြစ်ပါသည်။ ဣတိ–နိပါတ်၏အနက်ကား နိဒဿနဖြစ်ပါသည်။

http://www.dhammadownload.com



(ဃ)အမှတ်ပြဝါကျရှိ ပန-နိပါတ်ပုဒ်၏အနက်ကား သမ္ဘာဝနာ ဖြစ်ပါသည်။ ဣတိ-နိပါတ်၏အနက်ကား ပရိသမာပနဖြစ်ပါသည်။

[ပဏ္ဍိတ္တရအနက် ယူပုံ။ ။ (က)အမှတ်ပြဝါကျရှိ ပန-နိပါတ်ဖြင့် ဝစနတ္ထ,ပိဏ္ဍတ္ထမှတစ်ပါး "စောဒနာ သောဓနာ"ဟုဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ယင်းပန-နိပါတ်၏အနက်ကို ပဏ္ဍိတ္တရယူသည်။

နနု စ သကလနဝင်္ဂသတ္ထုသာသနပရိယတ္တိဓရော ခီဏာသဝါ အနေက သတာ,အနေကသဟဿာစ၊ကသ္မာ ထေရော ဧကော္ဝမကာသီတိ စောဒနံ ဥဒ္ဒရိတွာ ဝိသေသကာရဏာဒဿနေ တံ ပရိဟရိတုံ "ကိဉ္စပနာ" တိ အာဒိ ဝုတ္တံ။ တတ္ထ ကိဉ္စာပိ ကသ္မာ။ ပဏ္ဍိတ္တရဓောကကော ပန-သဒ္ဒေါ (သီဋီသစ်၊၁၊ ၅၇) ကို နည်းယူထောက်ထားသည်။

ဣဒံ-အနက်လည်း ဖြစ်သင့်။ ။ ဣတိ-သဒ္ဒေါ ကမနိဒဿနတ္ထောတိ အာဟ "ဣတိတိ ဣမိနာ အနက္ကမေနာ"တိ။ အထဝါ ဣတိ-သဒ္ဒေါကမတ္ထောတိ အာဟ "ဣတိတိ ဣမိနာ အနက္ကမေနာ"တိ။ ဣတိသဒ္ဒေါ ဣဒမတ္ထောတိ အာဟ "ဣတိတိ ဣမိနာ" တိပိ ဝတ္တဗ္ဗံ။ ဣဒံ-သဒ္ဒေန ပန ဂဟိတတ္ထံ ဒဿေတုံ အနက္က မေနာတိဝုတ္တန္တိ ဒဋ္ဌဗ္ဗံ (မဏိဒီပ၊၁။ ၂၃၃။)ကို နည်းယူထောက်ထားက (က)အမှတ်ပြဝါကျရှိ ဣတိ-နိပါတ်ပုဒ်အနက်ကို "(တစ်နည်း) ဣဒံအနက်ဖြစ်ပါသည်"ဟု တစ်နည်းပေါက်၍ ဖြေနိုင်သည်သာ။

နိဒဿနသည် ဆိုအပ်ပြီးသည်ကို ညွှန်ပြသော နိဒဿန, ဆိုအပ်လတ္တံ့ သည်ကို ညွှန်ပြသော နိဒဿနအားဖြင့် နိဒဿန ၂-မျိုးရှိ၏။ ထိုတွင် (က)အမှတ်ပြ ဝါကျရှိ ဣတိ-၏နိဒဿနကား ဆိုအပ်ပြီးသည်ကို ညွှန်ပြသော နိဒဿနတည်း]

အပိ-နိပါတ်၏(ဖြင့်) ပေါင်းပုံ

(ဂ)အမှတ်ပြဝါကျရှိ အပိ-နိပါတ်ဖြင့် "သက်သက် 'ဤဈာန်'ဟု ဆိုအပ်သော အကြောင်းဖြင့် ရူပဘုံ(ရူပဘဝ)၌ ဖြစ်ခြင်းသည်သာ ဖြစ်သည် မဟုတ်သေး၊ စင်စစ်သော်ကား ရူပဘဝကို လွန်မြောက်ခြင်းသည်လည်း ဖြစ်သည်"ဟု ပေါင်းသည်။

မှတ်ချက်။ ။ အပိ-သည် ဥပသာရပုဒ်ဖြစ်၍ "နိပါတ်" ဟု ပုစ္ဆာ၌ သုံးသည်မှာ အမှားသာ။

[ပါဠိလို ပေါင်းပုံ။ ။ ပါဠိလို "န ကေဝလံ ဧတေန ရူပဘဝေ ဥပပတ္တိ ဧဝ ဟောတိ၊အထခေါ ရူပဘဝါတိက္ကမောပိ ဟောတိ"ဟု ပေါင်း။

ပေါင်းပုံ နည်းတူဖွယ်နှင့် ပေါင်းပုံ ၃-မျိုး။ ။ ပေါင်းပုံနိယံကို "ကေဝလ-ပုဒ်၊မြစ်န-ထုတ်၊သမုစ္စည်းဓိပ္ပါ။

(ပါရာဇိကဏ်အဋ္ဌကထာ နိဿယသစ်၊၁၊ ၂၂၆)"ဟုလည်းကောင်း၊

"ဧဝ-ပဒ န-မြစ်က၊သမုစ္စယအဓိပ္ပါယ်ရောက်ဖြ။

(ဘုရားကြီးနိယံ။ ၁၀၆)"ဟုလည်းကောင်း စပ်ဆိုကြ၏။

ရှေ့နိယံသည် န ကေဝလံ အယံ ဝဏ္ဏနာ ဟောဿတိ၊အထခေါ အနုသိက္ခိ-တဗ္ဗာပိတိ ဣမမတ္ထံ သမ္ပိဏ္ဍေတိတိ အဓိပ္ပာယော။(သာရတ္ထ၊၁၊ ၂၄ )စသည်နှင့်ညီသည်။

ဤအလို "န ကေဝလံ ဧတေန ရူပဘဝေ ဥပပတ္တိဟောတိ၊အထခေါ ရူပဘဝါတိက္ကမောပိ ဟောတိ"ဟု ပေါင်း။

http://www.dhammadownload.com



နောက်နိယံသည် အပိ–သဒ္ဒေါ သမ္ပိဏ္ဍနတ္ထော။ တေန "န ဓာတိက္ခဏေ ယေဝ အနုပ္ပါဒေတဗ္ဗစက္ခုကော သတ္တော ဓစ္စန္ဓော နာမာ၊အထခေါ စက္ခာဒိ။ ပ။ ကာလေပိ အနုပ္ပါဒေတဗ္ဗစက္ခုကော သတ္တော ဇစ္စန္ဓော နာမာ"တိ အတ္ထံ သမ္ပိဏ္ဍေတိ။ (မဏိမဉ္ဇူ၊ ၂၊၁၃။)စသည်နှင့်ညီသည်။

ဤအလို "န စေတေန ရူပဘဝေ ဥပပတ္တိ ဓဝ ဟောတိ၊ အထခေါ ရူပဘဝါတိက္ကမောပိ ဟောတိ"ဟု ပေါင်း။

ဤအဖြေ၌ကား ဤ ၂–နည်းလုံး ၂–မျိုးလုံးကို ယူ၍ ပေါင်းသည်။ ဤပေါင်းပုံသည် န ကေဝလံ ဘိက္ခုသံဃေန သဒ္ဓိံ ဘဂဝါယေဝ၊အထခေါ သုပ္ပိယောပိ ပရိဗ္ဗာဇကောဗြဟ္မဒတ္တေန မာဏဝေန သဒ္ဓိံ ပုဂ္ဂလံ သမ္ပိဏ္ဍေတိ။ (သီဋီသစ်၊ ၁၊ ၁၈၃။) စသည်နှင့် ညီသည်။ အဋ္ဌကထာ, ဋီကာတို့၌လည်း ဤ ၂–နည်းလုံး ၂–မျိုးလုံး ပါဝင်သည့်နည်းဖြင့် ပေါင်းသည်သာ များသည်။

"သမ္ပိဏ္ဍနံ သမုစ္စယော"ဟု (သာရတ္ထ၊၁၊၃၆၉။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ ၁၊၁၈၄။)စသော ဋီကာကြီးတို့ အဆိုအတိုင်း "သမ္ပိဏ္ဍနနှင့် သမုစ္စည်း အတူတူ"ဟု ယူ၍ "သမုစ္စည်း"ဟု လည်းကောင်း "သမုစ္စယ"ဟု လည်းကောင်း နိယံဆရာတို့ စပ်ဆိုကြသည်။]

---

၈။ ။ ကြိယာ ၅–တန်

(၁) (၈)အမှတ်ပြဝါကျလာ ယထာဘူတံ ပဇာနာတိ–အရ ယထာဘူတဉာဏ် (ပညာ)သည် (မုချအားဖြင့် ပြအပ်သော)ဒသနတ္ထ။

(၂) သမာဓိသည် (ပဌမ)ဖလူပစာရအားဖြင့်ပြအပ်သော ဒီပကတ္ထ။

(၃) နိဗ္ဗိဒာဉာဏ်သည် (ပဌမ)ကာရဏူပစာရအားဖြင့် ပြအပ်သော ပကာသနတ္ထ။

(၄) သုခသည် (ဒုတိယ)ဖလူပစာရ အားဖြင့် ပြအပ်သော ဝိဘာဝတ္ထ။

(၅) ဝိရာဂ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန,အနုပါဒိသေသတိုင်အောင်သော အဆက်အဆက်သောအကျိုးသည် (ဒုတိယ)ကာရဏူပစာရ အားဖြင့် ပြအပ်သော အနုဘာဝတ္ထ။

[ပဒဋ္ဌာနဟာရနေတ္တိနည်းကို သတိပြု။ ။၁၃၁၅–ခုနှစ် ပါရာဇိကဏ်အဖြေ၌
"စင်ကျယ်သီလ၊ပါမောဇ္ဇ၊ပီတိ,ပဿဲ,သု,ဓိ။
ယထာဘူတာ၊နိဗ္ဗိဒာ၊ဝိရာ,ဝိမုတ္တိ။
ဝိမုတ္တိဉာ၊အနုပါ၊မှတ်ပါစဉ်တိုင်းသိ"ဟုဖော်ပြခဲ့သော ပဒဋ္ဌာနဟာရနေတ္တိနည်းကို သတိပြု။]

---

၉။ ။ သမာဓိ၏ လက္ခဏာဒိစတုက္က

ပါမောက္ခလက္ခဏော စ သမာဓိ,အဝိက္ခေပလက္ခဏောစ။
အပရော နယော အဝိသာရလက္ခဏော,အဝိက္ခေပလက္ခဏော ဝါ။
သဟဇာတဓမ္မာနံ သမ္ပိဏ္ဍနရသော။

http://www.dhammadownload.com



ဥပသမပစ္စုပဋ္ဌာနော,ဉာဏပစ္စုပဋ္ဌာနော ဝါ။
ဝိသေသကော သုခပဒဋ္ဌာနော။ [ဋ္ဌ၊၁၊၁၆၁၊၂။]

---

၁၀။ ။ ပဋ္ဌာန်းပစ္စည်း

သမာဟိတော ပဓာနာတိ-၌ ကတ္တားပုဒ်၏အန္တတ္ထအရ သမာဓိဖြင့် အာရုံ၌ ကောင်းစွာထားအပ်သော ရူပါဝစရကျွန်စိတ် ပစ္စည်းတရားသည် ကြိယာပုဒ်ဓာတ်အရ သမ္မယုတ်ဖြစ်သော ဉာဏ် (ပညာ)ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ယထာရဟာကျေးဇူးပြုနိုင်သော ပစ္စည်းများကား အဓိပတိ,သဟဇာတ, အညမည,နိဿယ,အာဟာရ,ဣန္ဒြိယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၉-ပစ္စည်း ဖြစ်ပါသည်။

[အန္တတ္ထ အရကောက်ပုံ]။ ။ "အန္တ"ဟူသည် သမာသ်, တဒ္ဓိတ်တို့၌ သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ်တည်း။ အာချာတ်, ကိတ်တို့၌ ဓာတ်တည်း။ "အန္တတ္ထ"ဟူသည် ယင်းပုဒ်,ဓာတ်တို့၏အနက်တည်း။ "ဗာဟိရ"ဟူသည် သမာသ်,တဒ္ဓိတ်တို့၌ ယဿ စသော အညပုဒ်တည်း။ အာချာတ်၌ ဝိဘတ်တည်း။ ကိတ်၌ ပစ္စည်းတည်း။ "ဗာဟိရတ္ထ" ဟူသည် ယင်းအညပုဒ်,ဝိဘတ်,ပစ္စည်းတို့၏သမ္ဗန်, ကတ္တားစသောအနက်တည်း။ (ဘောဓိစ္စာ အနုဒီပနီ။ ၁၇၃-လည်းရှု။)

[ဤ၌ သမာဓိဖြင့် ကောင်းစွာအာရုံ၌ ထားအပ်သော စိတ် (ရူပါဝစရကျွန်စိတ်) သည် အန္တတ္ထတည်း။ ယင်းစိတ်ရှိသူသည် ဗာဟိရတ္ထတည်း။ သမ္မာ အာဓိယတိ ဋ္ဌပိယတီတိ သမာဟိတံ။ (ပါရာဇိကကဏ္ဍ၊ဋ္ဌ၊၁၊၁၁၂။ လည်း ရှု။) ယင်းစိတ်ရသည်။ သမာဟိတံ အဿ အတ္ထိတိ သမာဟိတော။ (ကွစိဓာတု-ဖြင့် ဓ-ကို ဟ-ပြု) ယင်းစိတ်ရှိသူ ရသည်။

ပုစ္ဆကအကြိုက်အလိုက်သင့်ဖြစ်အောင်သာ။ ။ ဗာဟိရဖြစ်သော သမာဟိတော-ဟူသော တဒ္ဓိတ်ကတ္တားပုဒ်သည် ဝုတ္တဖြစ်၍ ယင်းပုဒ်က ပဓာနာတိ၌ ဓာတ်မှာရောပစ္စည်းမှာပါ စပ်နိုင်သည်မှာ အထူးပြောဖွယ်ရာမလို။ ယင်းကတ္တားပုဒ်၏ အန္တဖြစ်သော သမာဟိတံ-ဟူသော ကိတ်ပုဒ်ကမူ ကြိယာပုဒ်၏ဓာတ်၌ စပ်၍ လည်းမကောင်း၊စပ်ရိုးလည်း မရှိ။ ပဋ္ဌာန်းမေးခွန်း၌ "ကြိယာပုဒ်၏အန္တတ္ထ"ဟုသာ မေးလေ့ရှိပြီး "ကတ္တားပုဒ်၏ အန္တတ္ထ"ဟု မေးရိုးမေးထ မေးလေ့လည်း မရှိ။ ထို့ကြောင့် ဤမေးခွန်း မကောင်းလှ။ သို့သော် "အိုးရှဲ့နှင့် စလောင်းရှဲ့"ဟူ၏သို့ ပုစ္ဆာက၏အကြိုက် အလိုက်သင့်ဖြစ်အောင်သာ ဖြေလိုက်ရပါ၏။ အန္တတ္ထအရကို သမာဓိကိုလည်း ကောက်ကြသေးသည်၊ ဂမ္ဘီရဋ္ဌာနံ ဝိစာရေတဗ္ဗံ ဂဟေတဗ္ဗံ။]

---

http://www.dhammadownload.com



## ၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

အောက်ပါ ပါဠိ, အဋ္ဌကထာများကို ညွှန်ကြားချက်နှင့်အညီ အနက် ယောဇနာပါ။

၁။ ။ ကတမာ တသ္မိံ သမယေ သမ္မာဝါစာ ဟောတိ၊ ယာတသ္မိံ သမယေ စတူဟိ ဝစီဒုစ္စရိတေဟိ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ အကိရိယာ အကရဏံ အနဇ္ဈာပတ္တိ ဝေလာ အနတိက္ကမော သေတုဃာတော သမ္မာဝါစာ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ အယံ တသ္မိံ သမယေ သမ္မာဝါစာ ဟောတိ။

၂။ ။ ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတိ နိယျာနိကံ အပစယဂါမိံ ဒိဋ္ဌိဂတာနံ ပဟာနာယ ပဌမာယ ဘူမိယာ ပတ္တိယာ ဝိဝိစ္စေဝ ကာမေဟိ။ ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ သုညတံ၊တသ္မိံ သမယေ ဖဿော ဟောတိ။ .

၃။။ယော ဝါ ပန ညောပိ အတ္ထိရသော စတုန္နံ မဟာဘူတာနံ ဥပါဒါယ အနိဒဿနော သပ္ပဋိဃော၊ယံ ရသံ အနိဒဿနံ သပ္ပဋိဃံ ဇိဝှါယ အနိဒဿနာယ သပ္ပဋိဃာယ သာယိံဝါ သာယတိဝါသာယိဿတိဝါ သာယေဝါ၊ရသော ပေသော ရသာယတနံ ပေတံ ရသဓာတု ပေသာ၊ဣဒံ တံ ရူပံ ရသာယတနံ။

၄။ ။ ယာ ဓဝရူပါ ကင်္ခါ ကင်္ခာယနာ ကင်္ခါယိတတ္တံ ဝိမတိ ဝိစိကိစ္ဆာ ဒွေဠှကံ ဒွေဓာပထော သံသယော အနေကံသဂ္ဂါဟော အာသပ္ပနာ ပရိသပ္ပနာ အပရိ ယောဂါဟနာ ထမ္ဘိတတ္တံ စိတ္တဿ မနောဝိလေခေါ ဣဒံ ဝုစ္စတိ ဝိစိကိစ္ဆာ သညောဇနံ။

၅။ ။ ဒယာယတာယ သတ္တေသု၊သမုဿာဟိတမာနသော။
ပါဋိဟီရာဝသာနမှိ၊ဝသန္တော တိဒသာလယေ–၌ အနိယတ်ထည့်၍ တိဒသာလယေ–ကို သဒ္ဒါနက် ပေါ်လွင်စေလျက် အနက်ပေးပါ။

၆။ ။ ကိံ ပနတေ အညမညံဝါ တံသမုဋ္ဌာနရူပဿဝါ ပစ္စယာ န ဟောန္တီတိ။ နော န ဟောန္တိ၊ ဣမေ ပန တထာစ ဟောန္တိ အညထာ စာတိ သမာနေပိ ပစ္စယတ္တေ အတိရေကပစ္စယာ ဟောန္တိ၊တသ္မာအာဟာရာတိ ဝုတ္တာ–၌ လိုက်သင့်သည့်ပုဒ်များ လိုက်ထည့်၍ ဓာတ–အစွဲမလွဲအောင် သမ္ဗန်ပါ။

http://www.dhammadownload.com



၇။ ။ ကာမစ္ဆေတေ ဝိတက္ကဝိစာရာ ဒုတိယဈ္ဈာနေယေဝ ဝူပသန္တာ။ ဣမဿ ပန ဈာနဿ မဂ္ဂပရိဒီပနတ္ထံ ဝဏ္ဏာဘာဏနတ္ထဉ္စေတံ ဝုတ္တံ–၌ ကိစ္စာပိ(ကာမစ္ဆ)၏ ပါဌ်တိုင်ရုံကား–စသော နိယံများနှင့်အညီ ဓာဒကာသောဂစသည် ပေါ်လွင်စေလျက် ဓာဒက,ပရိဟာရပက္ခအားလျော်စွာ ဝုတ္တံ–၏ကတ္တားထည့်၍ အနက်ပေးပါ။

၈။ တတ္ထ ယထာ အဇ္ဈေဝုတ္တတ္တာ ယာဝုယာ သဒ္ဒိ အကပ္ပိယစ္ဆေန တေလံ အတ္ထီတိ ဟောတိ၊နာဠိပူရဏာဒိနံ အဘာဝဝသေန နတ္ထီတိ ဟောတိ၌ တ္တသမ္ဗန္ဓ်၍ အဇ္ဈေဝုတ္တ–ကို သဒ္ဒါနက်ထင်ဆေလျက် ထည့်သင့်ရာပါဌ်များ ထည့်ပြီး အနက်သမ္ဗန်ပါ။

၉။ ။ (က)ကေဝို စက္ကဝါဠ္ဌ အာယာမတောစ ဝိတ္ထာရတောစ ယောဇနာနံ ဒွါဒသသတသဟဿာနိ တီဏိသဟဿာနိ စတ္တာရိသတာနိ ပညာသဥ္စ ယောဇနာနိ။

(ခ) ပရိက္ခေပတော–သဗ္ဗံ သတသဟဿာနိ၊ဆတ္တိံသ ပရိမဏ္ဍလံ။
ဒသ၊စေဝ သဟဿာနိ၊ အဍ္ဍုဍ္ဍာနိ သတာနိစ။

(က)ကို ဝါစကော ပကတိသင်္ချ၊ဂဏာတိဿာပဓာနတော–ဟူသော သဒ္ဒါငယ်နှင့်ညီအောင် ကြိယာထည့်၍ လည်းကောင်း,(ခ)ကို ဗျတိရေကထည့်၍ လည်းကောင်း အနက်ပေးပါ။

၁၀။ ။ တတ္ထ အာဟရဟတ္ထကော အလံသာဋကော တတ္ထဝဋ္ဋကော ကာကမာသကော ဘုတ္တဝမိတကောတိ ဣမေသံ ပဉ္စန္နံ ဗြာဟ္မဏာနံ ဘောဇနံ န ဟာသုဝိဟာရေနာမ၊တေသုဟိ အာဟရဟတ္ထကော နာမ ဗဟုံ ဘုဉ္ဇိတွာ အတ္တနော ဓမ္မတာယ ဥဋ္ဌာတုံ အသက္ကောန္တော အာဟရဟတ္ထကန္တိ ဝဒတိ–၌ အာကာရကို အနက်အားဖြင့်အပြင်ထုတ်၍ ယောဇနာပါ။

---

၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ [ပါ။ ၇၆။ ပါသျှ၊ ၁၃၀။]

---

၂။ ။ [ပါ၊ ၁၂၀။ ပါသျှ၊ ၁၇၈။]

---

၃။ ။ [ပါ၊ ၁၆၅။ ပါသျှ၊ ၂၉၂။]

---

၄။ ။ [ပါ၊ ၂၂၅။ ပါသျှ၊ ၃၇၃။]

---

၅။ ။ တိဒသာလယေ–၌ သဒ္ဒါနက် ပေါ်လွင်စေလျက် အနက်
[တိဒသာလယေ၊ သုံးယောက်တို့ဖြင့် လွန်သော သုံးဆယ်သောနတ်တို့၏ နေရာအရပ်၌။ ဝါ၊သုံးပါးကုန်သော အခိုက်အတန့်တို့ရှိကုန်သော နတ်တို့၏နေရာ အရပ်၌ (သဒ္ဒတ္ထ။) ကြွင်း သျှအတိုင်း ပေးလေ။ ဋ္ဌ၊ ၁။ ဋ္ဌသျှ၊ ၁၊ ၁၅။

http://www.dhammadownload.com



ထောက်ဖွယ်။ ။ ဒသစ ဒသစ ဒသစ ဒသ၊တီဟိ အဓိကာ ဒသ တိဒသ။ တိတိဒသာတိ ဝတ္တဗ္ဗေ တိ-သဒ္ဒလောပေါတိပိ ဝဒန္တိ။ (ဓမ္မသင်္ဂဏီ၊ မဓုဋီ၊၃၂။ မူလပဏ္ဏာသ၊ဋီ၊၁၊၃၁။)

ဇာတိ သတ္တာ ဝိနာသသင်္ခါတာ တီသော ဒသာ ဓရိမာဏာ (အဝတ္ထာ) ဧတေသန္တိ တိဒသာ၊တိဒသာနံ ဒေဝါနံ အာလယော ဌာနန္တိ တိဒသာလယော။ (ဓာန်၊ဋီ၊ ၁၁။ ယောဇနာ၊ ၂။)

"လူစသည်တို့၌ မွေးဖွားခိုက်-ဇာတိ, ကြီးပွားခိုက်-ဝုဒ္ဓိ, ရပ်တည်ခိုက် သတ္တာ, ဖေါက်ပြန်ပြောင်းလဲခိုက်-ဝိပရိဏာမ,ကုန်လွန်ခိုက်-ခယ,သေခိုက် ဝိနာသ"ဟု အခိုက်အတန့် ၆-မျိုးရှိသော်လည်း နတ်တို့၌ "ဇာတိ,သတ္တာ,ဝိနာသ"ဟု အခိုက် အတန့် ၃-မျိုးသာ ရှိသည်။ "လူစသည်ကဲ့သို့ တဖြည်းဖြည်းကြီးရခြင်း,ဖောက်ပြန် ယိုယွင်းရခြင်း,ကုန်ခန်းရခြင်းတို့မရှိဘဲ ဖြစ်ခိုက်,တည်ခိုက်,ပျက်ခိုက် သုံးပါးလုံး၌ ၂၅-နှစ်အရွယ်သာ ရှိကြရသည်"ဟု အဘိဓာန်ဋီကာ ဆို၏။

သာမညသဒ္ဒါဖြစ်သော်လည်း အထူးကိုဟောနိုင်။ ။ ဒေဝလောကော ဒိဝေါ သဂ္ဂေါ၊တိဒိဝေါ တိဒသာလယော။ အဘိဓာန် (၁၀)အလို တိဒသာလယ-သဒ္ဒါသည် နတ်ပြည် ၆-ထပ်လုံးကို ဟောသည်။ သို့သော် မြတ်စွာဘုရား အဘိဓမ္မာတရားဟောတော် မူရာအရပ်မှာ တာဝတိံသာ နတ်ပြည်သာဖြစ်၍ ဤနေရာ၌ သမုဒါယူပစာအားဖြင့် တာဝတိံသာ နတ်ပြည်ကိုသာ တိဒသာလယ-သဒ္ဒါဟောသည်။ တာဝတိံသာ နတ်ပြည်ကို "တိဒသာလယ"ဟု ယူရမည်။

ကျက်။ ။ သာမညသဒ္ဒါ၊ဖြစ်ပါငြားလည်း ထည့်ရာဌာန၊ထူးပြားက၊ ဝိသေသတ္ထဟောသတည်း။]

---

၆။ ။ လိုက်ထည့်၍ တေ-အစွဲ မလွဲအောင် အနက်

တေ-အဝသေသဓမ္မာ၊ထိုသုံးပါးမှ ကြွင်းကုန်သော ငါးဆယ့်သုံးပါးသော တရားတို့သည်။ အညမညသဘာဝ၊အချင်းချင်းအားလည်းကောင်း။တံသမုဋ္ဌာန-ရူပသဘာဝ၊ထိုတရားတို့သည် ဖြစ်စေတတ်သော ရုပ်အားလည်းကောင်း။ ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်သည်။ န ဟောန္တိ ကိံ ပန၊မဖြစ်ကုန်သလော။ ဣတိ-အယံ၊ ဤသည်ကား။ (ပုစ္ဆာ၊အမေးတည်း။ တေ-အဝသေသဓမ္မာ၊တို့သည်။ အည-မညသဘာဝ၊ကောင်း။ တံသမုဋ္ဌာနရူပသဘာဝ၊ကောင်း။ ပစ္စယာ၊ကုန်သည်။) နဟောန္တိ၊ မဖြစ်ကုန်သည်ကား။ နော၊မဟုတ်ကုန်။ (ဟောန္တိ ဧဝ၊ဖြစ်ကုန်သည် သာလျှင်တည်း။ ဣတိ-အယံ၊ဤသည်ကား။ ဝိဿဇ္ဇနာ၊အဖြေတည်း။)ပန၊အထူးကို ဆိုဦးအံ့။ ဣမေ-တယော ဓမ္မာ၊ဤသုံးပါးကုန်သော ဖဿ စေတနာ ဝိညာဏ်တရားတို့သည်။ တထာစ၊သဟဇာတစသောအခြင်းအရာအားဖြင့်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။ အညထာစ၊တစ်ပါးသော ဥပ္ပတ္ထမ္ဘန အခြင်းအရာအားဖြင့်လည်း။ (ဟောန္တိ၊ကုန်၏) ဣတိ တသ္မာ၊ထို့ကြောင့်။ ပစ္စယတ္တေ၊ပစ္စည်း၏အဖြစ်သည်။ သမာနေပိ၊ တူသော်လည်း။ အတိရေကပစ္စယာ၊ငါးဆယ့်သုံးပါးထက် လွန်ကဲသောအားဖြင့် ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တသ္မာ၊ထို့ကြောင့်။ (တယော ဓမ္မာ၊သုံးပါးကုန်သော ဖဿ စေတနာ ဝိညာဏ်တရားတို့ကိုသာလျှင်) အာဟာရာတိ၊

http://www.dhammadownload.com



အာဟာရတို့ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။ [ဋ္ဌ၊၁၉၇။ ဋ္ဌသျှ၊ ၂၊၁၉၉။ (၁၃၂၃-ခုနှစ်ကလည်း ဒုတိယနေ့တွင် မေးခဲ့ပြီ။)]

[ထောက်ဖွယ်။ ။ ဓတေ-၏အစွဲကို ဓတေတိ အဝသေသဓမ္မာ-ဟူသော ယောဇနာ (၁၁၅)ကို ထောက်။]

---

၇။ ။စောဒကာဘောဂ-စသည်ပေါ်လွင်စေလျက် စောဒက,ပရိဟာရ ပက္ခအားလျော်စွာ ကတ္တားထည့်၍ အနက်

(ဓတေ ဝိတက္ကဝိစာရာ၊ဤဝိတက်ဝိစာရတို့သည်။ ဒုတိယဈာနေယေဝ၊ ဒုတိယဈာန်၌ပင်လျှင်။ ဝူပသန္တာ နန၊ငြိမ်းကုန်သည်မဟုတ်ကုန်လော။ အထ၊ ထိုသို့ငြိမ်းပါကုန်လျက်။ ကိမတ္ထံ၊အဘယ်အကျိုးငှာ။ ဇတ်-ဝစနံ၊ဤစသဒ္ဒါဖြင့်ပေါင်းအပ်သော ဝိတက္ကဝိစာရာနဉ္စ ဝူပသမာ-ဟူသော စကားကို (ဘဝတာ၊ အရှင်သည်။ ဝုတ္တံ၊ဆိုအပ်ပါသနည်း။ ဣတိ အယံ၊ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။)ဓတေ ဝိတက္ကဝိစာရာ၊တို့သည်။ ဒုတိယဈာနေယေဝ၊လျှင်။ ကာမဥ္စ ဝူပသန္တာ၊အကယ်၍ကား ငြိမ်းကုန်၏ရှင့်။ ပန-တထာပိ၊ထိုသို့ပင် ငြိမ်းပါကုန်သော်လည်း။ ဣမဿ ဈာနဿ၊ဤတတိယဈာန်၏။ မဂ္ဂပရိဒီပနတ္ထဥ္စ၊ အကြောင်းဥပါယ်ကို ပြခြင်းငှာလည်းကောင်း။ ဝဏ္ဏဘဏနတ္ထဥ္စ၊ ကျေးဇူးကို ချီးမွမ်းခြင်းငှာလည်းကောင်း။ ဇတ်-ဝစနံ၊ကို။ (မယာ၊ငါသည်။)ဝုတ္တံ၊ဆိုအပ်သတည်း။ (ဣတိ အယံ၊ဤသည်ကား။ သောဓနာ။ သောဓနာခြင်းတည်း) [ဋ္ဌ၊ ၂၁၆။ ဋ္ဌသျှ၊ ၂၊ ၂၇၇။ ပါရာဇိကဏ် အဋ္ဌကထာနိဿယအသစ် (၂။၃၀၆)လည်း ရှု။]

[ကျက်။ ။ ကိဉ္စာပိ-ငုံ၊ ပါဌ်တိုင်ရုံကား၊တင်တုံအပြစ်၊စိစစ် စောဒက၊ ဆရာပြသည့်အာဘော်တည်း။ (ရှင်တိပိဋကနာဂနိယ်၊၁၃။)

စောဒနာကို ပါပြ။ ။ "ကိဉ္စာပိ-သဒ္ဒါ ငုံရာ ဆိုက်ရာ စပ်ရာ ကြိယာပါဌ် တိုင်အောင်သောစကားရပ်ဖြင့် အပြစ်တင်သော စောဒကဆရာ၏ "နလုံးသွင်း"ဟု ဆိုအပ်သော အာဘော်ကို ပြသည်"ဟု နိယံဆိုသော်လည်း စောဒကဆရာ၏အာ ဘော်ကိုသာ ပြသည်မဟုတ်။

ကိဉ္စာပိ,ယဒိပိ,ယတ္တ၊ကာမဥ္စာတိ သဒ္ဒေါ ဘဝေ။

ပုစ္ဆာစ,စောဒကာဘောဂေါ၊ ဓာနိတမ္ဗော တဟိံ သဒါ-(ဂန္ထာ-ဘရဏ။ ၆၁။)ကိုထောက်၍ "ပုစ္ဆာ(စောဒနာ)ကိုလည်း ပြသည်"ဟု သိအပ်၏။ နေယျတ္ထအားဖြင့်ပင် ပြသည်။ နိယံ၌ ဥပလက္ခဏနည်းအားဖြင့် ကိဉ္စာပိ-သဒ္ဒါကိုသာ ဆိုခြင်းဖြစ်သောကြောင့် ယဒိပိ-သဒ္ဒါစသည်ကိုပါ ယူအပ်၏။]

---

၈။ ။ တ္တ-သမ္ဗန်ခံ၍ အဋ္ဌောဝုတ္တ-ကို သဒ္ဒါနက် ထင်စေလျက် ထည့်သင့်ရာပါဌ်များ ထည့်ပြီး အနက်

တတ္ထ၊ထိုဥပမာစကား၌။ (ဥပမာသန္တနံ၊ဥပမာနနှင့် ဥပမေယျ နီးနှောခြင်းကို။ ဇဝံ၊ဤဆိုအပ်လတ္တံသောနည်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။)တေလပတ္တဿ၊ဆီသုတ်ထားသော သပိတ်၏။ (တ္တ-သမ္ဗန်)အဋ္ဌောဝုတ္တတ္တာ၊မအပ်သော ကုဋိအတွင်း၌

http://www.dhammadownload.com



ထားအပ်သည်၏အဖြစ်ကြောင့်(သန္ဒတ္တ)။ ယာဂုယာ၊ယာဂုနှင့်။ သဒ္ဒိ၊တကွ။ အကမ္မိယဋ္ဌေန၊မအပ်သည်၏အဖြစ်ကြောင့်။ တေလံ အတ္ထီတိ၊"ဆီရှိပါသည်"ဟူ၍။ (ဝစနံ၊လျှောက်ခြင်းသည်။)ဟောတိ ယထာ၊ဖြစ်၏သို့။ နာဠိပူရဏာဒိနံ၊ဆီကျည် ထောက်ပြည့်လောက်အောင်သော ဆီအစရှိသည်တို့၏။ အဘာဝေန၊မရှိခြင်းကြောင့်။ နတ္ထီတိ၊"မရှိပါ"ဟူ၍။ (ဝစနံ၊လျှောက်ခြင်းသည်။)ဟောတိ (ယထာ)၊ဖြစ်၏သို့။ [ဋ္ဌ၊ ၂၅၁။ ဋ္ဌသျ၊ ၂။ ၄၃၆။]

[သမ္ပန်နှင့် ပါဠသေသ၌ ထောက်ဖွယ်။ ။ တတ္ထာတိ တသ္မိံ ဝစနေ၊ ဥပမာသံသန္ဒနံ ဒဋ္ဌဗ္ဗံ။ အန္ဓောဝုတ္တတာယာတိ တေလပဏ္ဍော အန္ဓော ဝုတ္တတာယ။ တေလံ အတ္ထိ ဣတိ ဝစနံ ဟောတိ၊ နတ္ထီတိဝစနံ ဟောတိ။(ယောဇနာ၊ ၁၃၇)

သန္ဒတ္တ၌ ထောက်ဖွယ်။ ။ ယဒပိ အာနန္ဒ အန္ဓောဝုဋ္ဌံ (ဝုတ္တံ)၊ တဒပိ အကပ္ပိယံ။ (ဝိနယ မဟာဝဂ္ဂ၊၃ဝ၄။) အန္ဓောဝုတ္တန္တိ အကပ္ပိယ ကုဋိယံ ဝုတ္ထံ။ (ပါစိတျာဒိ၊ ဋ္ဌ၊ ၃၊ ၃၇၅။)ယံ ပန အကပ္ပိယဘူမိယံ သဟသေယျပ္ပဟောနကေ ဂေဟေ ဝုတ္ထံ သံဃိကံ ဝါ ပုဂ္ဂလိကံ ဝါ ဘိက္ခုဿဝါဘိက္ခုနိယာ ဝါ သန္တကံ ကေရုဏ္ဍမ္ပိ ဌပိတံ တံ အန္ဓောဝုတ္ထံ။ (ပါစိတျာဒိ၊ဋ္ဌ၊၃၈၁။) အကပ္ပိယဘူမိယံ သဟသေယျပဟောနကေ ဂေဟေ ဝုတ္ထံ ဌပိတန္တိ သမ္ဗန္ဓော။ (ပါစိတျာဒိယောဇနာ) အန္ဓောဝုတ္ထေတိ အကပ္ပိယ ကုဋိယာ ဆဒနဗ္ဘန္တရေ ဝုတ္ထေဟိ အတ္ထော။ (ခုဒ္ဒသိက္ခာဋီကာသစ်။ ၃၁၁။)တို့ကို ထောက်၍ အန္ဓောဝုတ္တတ္တာ–ကို အနက်ပေးသည်။

ဥပသဂ္ဂနိပါတာ စ၊ဓာတဝေါ ပစ္စယာစိမေ။

နေကေ နေကတ္ထဝိသယာ၊ ဣတိ နေရုတ္တိကာ ဖြဝုံ။ (ဝါစ္စဝါစက ဋီကာ ဟောင်း။ ၆။)

ဣဒ္ဓိဝ ဣဒ္ဓိမန္တာနံ၊ ဓာတွတ္ထောယံ ပကာသတိ။

နာနာအတ္ထေသု ဓာယန္တိ အနေကတ္ထာ ဟိ ဓာတဝေါ။

အတ္ထာတိသယ ယုတ္တာပိ၊ ဓာတူဟောန္တိယတော တတော။

ပယောဂတော အနုဂန္တဗ္ဗာ၊အနေကတ္ထာ ဟိ ဓာတဝေါ။ (နီတိ၊ဓာတု။ ၃၉၀) တို့ကိုထောက်၍ "ဤ၌ ဝသ–ဓာတ်သည် ဌပနအနက်ကို ဟောသည်"ဟု ယူ။ "အတွင်း၌ သိုမှီးခြင်းရှိသည်၏အဖြစ်ကြောင့်"ဟု, ဂဏ္ဌိသစ် (၅၅၂)ပေးသည်မှာ "အဓိပ္ပာယတ္ထ"ဟု ယူ။]

---

၉။ ။ ဝါစကော ပကတိသဉ္ဇာ ဂဏှာတိဿာပဓာနတော–သဒ္ဒါငယ် နှင့်ညီအောင် ကြိယာထည့်၍ အနက်

[(က)အမှတ်ပြုဝါကျ၌ စက္ကဝါဠ–သည် ပကတိကတ္တားဖြစ်သည်။ ဒွါဒသ သတသဟဿာနိ,တီဏိသဟဿာနိ,စတ္တာရိသတာနိ,ပညာသဥ္စယောဇနာနိ တို့ကား ဝိကတိကတ္တားများ ဖြစ်ကြသည်။ ထိုပကတိကတ္တား,ဝိဂတိကတ္တားတို့တွင် အာချာတ်, ကိတ်ကြိယာ ဝါစကသည် ပကတိကတ္တား၏သချာကို ယူသည်။ အဘယ် ကြောင့်နည်းဟူမူ–ထိုပကတိသချာ၏ ပြဓာန်းခြင်းကြောင့်တည်းဟူသော ကစ္စာယန သာရ(၇)အရ စက္ကဝါဠ–ဟူသော ပကတိကတ္တားကို ငဲ့၍ အဆုံး၌ "ဟောတိ"ဟု

http://www.dhammadownload.com



ဓကောဝုစ်ထည့်ပေး။ သျှဋ္ဌကား အယ်ပနဂါထာ ယေဘုယျေနဝါစကေသ ပကတိ သရိုဂ္ဂဟဏံ သန္ဓာယဝုတ္တာတိ ဝေဒိတဗ္ဗာ-ဟူသော မဏိမဥ္ဇူ (၂၊၁၆၆)ကို ထောက်၍ ဝိကတိကတ္တားကို ငဲ့၍ ဟောန္တိ-ထည့်ပေးသည်။]

ဇျတိရေက ထည့်၍ (ခ)အမှတ်ပြပါကျအနက်

["ပရိမဏ္ဍလံ-ပရိမဏ္ဍလသဏ္ဍာနံ၊ ဝန်းသောသဏ္ဍာန်ရှိ၏။ ဝါ၊စက်ဝန်း သဏ္ဍာန်ရှိ၏။ ကုက္ကုဋ္ဋဏ္ဍသဏ္ဍာနံ၊ကြက်ဥသဏ္ဍာန်ရှိသည်။ (ကြက်ဥကား ခပ်ယားယားဝိုင်းသည်။)နှမပေတုတ်"ဟု ဇျတိရေကထည့်ပေး။ ဋ္ဌ၊၃၃၆။ ဋ္ဌသျ၊၃၊၁၅၇]

---

၁၀။ ။ အာကာရကို အနက်အားဖြင့် အပြင်ထုတ်၍ အနက်

[အသင်္ကေတာဝ္သောမစွမ်းနိုင်သည်ဖြစ်၍။ ဝဒတိ၊ဆိုရ၏။(ကိံ၊အဘယ်သို့။ ဝဒတိ၊ဆိုရသနည်း။)ဟတ္ထံ၊လက်ကို။ အာဟာရာတိ၊ဆွဲငင်ပါဟူ၍။(ဝဒတိ၊ ဆိုရသတည်း။)ကြွင်း ယောဇနာလေ။ အဋ္ဌကထာ၌ "အာဟာရဟတ္ထန္တိ"ဟုသာ ရှိသည်။ ပုဏ္ဏာ၌ "အာဟာရဟတ္ထကန္တိ"ဟု ရှိနေသည်။ ဋ္ဌ၊၄၃၂။ ဋ္ဌသျ၊၃၊၄၇၈]

---

၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က)အာရမ္မဏာရသံ အနုဘဝိတ္ဝာ နိရုဒ္ဓံ အနုဘူတာပဂတသင်္ခါတံ ကုသလာ ကုသလံ။

(ခ) ဥပ္ပါဒါဒိတ္တယံ အနုပ္ပတွာ နိရုဒ္ဓံဘူတာပဂတသင်္ခါတံ သေသသင်္ခတဥ္စ ဘူတာပဂတုပ္ပန္နံနာမ။

(ဂ) ဘူမိလဒ္ဓံ နာမ တေသု ခန္ဓေသု ဥပ္ပတ္တာရဟံ ကိလေသဇာတံ။

(ဃ)တေနဟေသာ ဘူမိ လဒ္ဓါနာမ ဟောတိ၊တသ္မာ ဘူမိလဒ္ဓန္တိ ဝုစ္စတိ။

၁။ ။ စ-သဒ္ဒါ၏သမုစ္စေတဗ္ဗတ္ထ-ကို ထည့်စွက်၍ (ခ)အမှတ်ပြပါကျ ကိုသာ အနက်ယောဇနာခဲ့ပါ။

၂။ ။ "ဋ္ဌပနာပြ၊ ဒေါ်သလက္ခဏာ၊အာဘောဂါနှင့်၊ဟိတ်ဖြာ ရှေ့ဝယ်၊ နှယ-ဆွယ်၊မေးဖွယ်ပဥ္စက"ဟူသည်နှင့်အညီ (ခ)အမှတ်ပြပါကျကို ဋ္ဌပနာပဥ္စကနည်းအရ စောဒနာတက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃။ ။(ဃ)အမှတ်ပြပါကျဖြင့် ပယ်အပ်သော ဂဏ္ဌိဒေါသကို အကြောင်းပြ၍ ဖြေဆိုပြီး ၄င်းဝါကျ၌ တသ္မာ-ထားရခြင်းအကြောင်းကို သိသာရုံ ရှင်းပြပါ။

http://www.dhammadownload.com



၄။ ။ ဘူဘာပဂတုပ္ပန္န-၌ (ခ)အမှတ်ပြဝါကျသံဝဏ္ဏနာနှင့်အညီ အပဂတပုဒ်ကိုသာ ဝိဂ္ဂဟပြု၍ ၎င်း၌ ဗျုပ္ပတျာဒိစတုက္ကနယဖြင့် ဝေဖန်ပြပါ။

၅။ ။ (ဃ)အမှတ်ပြဝါကျ တေန ဟေသာ ဘူမိ လဒ္ဓါ-၌ ပါဝင်သော ဝိဘတျန္တပုဒ်တို့ကို လိင်္ဂ,ပဒ,အတ္ထ ခွဲခြားပြပါ။

၆။ ။ (က)အမှတ်ပြဝါကျပါ အနုဘဝိတွာ နိရုဒ္ဓ-ဟူသော သံဝဏ္ဏနာဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏အာဘောဂနှင့် သံဝဏ္ဏနာအမည်များကို တွဲစပ်ဖြေဆိုပါ။

၇။ ။(က)အမှတ်ပြဝါကျပါ အနုဘူတာပဂတ-၌ အနု,အပ-တို့၏အနက်ကို အသီးသီးပြ၍ (ဃ)အမှတ်ပြဝါကျပါ တေန-၏ဇွဲရာအနက်ကို ဖော်ပြပါ။

၈။ ။ (ဂ)အမှတ်ပြဝါကျပါ ကိလေသဇာတံ-အရကို ကိုယ်ပြ၍ ဒသသနတ္တ-စသည် ကြိယာ ၅-တန် ထုတ်ပြပါ။

၉။ ။ ဝိစိကိစ္ဆာစေတသိက်၏လက္ခဏာဒိစတုက္ကကို ထုတ်ပြခဲ့ပါ။

၁၀။ ။ တေန ဟေသာ ဘူမိလဒ္ဓါ နာမ ဟောတိ-၌ အဋ္ဌကထာနှင့် မဆန့်ကျင်စေရန် ဘူမိလဒ္ဓါ-အရ အကောက်ပြ၍ ၎င်းတရားစုက တေနအရ တရားစုအား ကျေးဇူးပြုနိုင်သမျှ ပစ္စယသတ္တိများကို ရေတွက်ပြပါ။

---

၁၉၈၁ (၁၃၄၂) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။စ-သဒ္ဒါ၏ သမုစ္စေတဗ္ဗတ္ထကိုထည့်၍ (ခ)အမှတ်ပြဝါကျအနက်
["ကုသလာကုသလဥ၊ကောင်း။ သေသသစ်တဥ၊ကောင်း"ဟု သျှအတိုင်း
ယောဇနာ။ ဋ္ဌ၊၁၀၈။ ဋ္ဌသျှ၊၁၊၄၃၀။

စ-သဒ္ဒါ အနုကမ္မန။ ။ "ပစ္ဆိမနယေ ပန စ-သဒ္ဒေန ကုသလာကုသလဥ အာကမ်ိတွာ သဗ္ဗံ သစ်တံ ဝုတ္တံ"ဟု ဓမ္မသင်္ဂဏီ မူလဋီကာ(၆၇)ဆရာ,"စ-သဒ္ဒေန ကုသလာကုသလံ အာကမ္မတိ"ဟု ယောဇနာ(၈၄)ဆရာတို့က စ-သဒ္ဒါကို အာကမ္မန (အနုကမ္မန)ဆိုကြသည်။ နိဿယ,ဂဏ္ဌိဟောင်း,သစ်ဆရာတို့ကလည်း နည်းတူပင် ဆိုသည်။ သို့ဖြစ်၍ "စ-သဒ္ဒါ၏အာကမ်ိတဗ္ဗတ္ထကို ထည့်စွက်၍" မေးသင့်သည်။

သဒ္ဒါဆရာတို့အလို။ ။ လိင်္ဂဥ နိပ္ပဇ္ဇတေ-သုတ်၌ ဓာတု-ကို ဆည်းသော သမုစ္စယတ္ထ စ-သဒ္ဒါကို "လိင်္ဂဥ၊ ကောင်း။ ဓာတုစ၊ကောင်း။"ဟုပေးသည်ကိုလည်းကောင်း အာဒိတောဩစ-သုတ်၌ အံ-ကိုငင်သော အနုကမ္မနတ္ထ စ-သဒ္ဒါကို "ဩစ၊ကောင်း။ အံစ၊ ကောင်း။"ဟုပေးသည်ကိုလည်းကောင်း ထောက်က "သေသသစ်တဥ၊ ကောင်း။

http://www.dhammadownload.com



ကုသလာကုသလဥ္စ၊ ကောင်း။"ဟု အာကမိုတဗ္ဗတ္တဖြစ်သော သို့မဟုတ် သမုစ္စေ–တဗ္ဗတ္တဖြစ်သော ကုသလာ ကုသလဉ္စ–ကို နောက်မှပေးသင့်သည်။]

[(က)(ခ)အမှတ်ပြဝါကျတို့မှာ ၁၃၂၂–ခုနှစ်က ဒုတိယနေ့တွင် မေးခဲ့သည့် ဝါကျများဖြစ်သည်။]

---

၂။ ။ (ခ) အမှတ်ပြဝါကျ ဌပနာမစ္ဆကနည်းအရ စောဒနာတက်,

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "အာရုံ၏ အရသာကို ခံစားပြီး၍ ကင်းပြီးချုပ်ပြီး" ဟုဆိုအပ်သော ကုသိုလ်အကုသိုလ်သည် ဘူတာပဂတုပ္ပန္နမည်၏။"ဟု ဆိုတော်မူ၏(ဌပနာ)။ ယင်းသို့သာဆိုသည်ရှိသော် (ဒေါသလက္ခဏာ)။ "အာရုံ၏အရသာကို ခံစားပြီး၍ ကင်းပြီးချုပ်ပြီး ဟု ဆိုအပ်သော ကုသိုလ်အကုသိုလ်သည်သာ "ဘူတာပဂတုပ္ပန္န" မည်ရာသည် မဟုတ်ပါလော (အာဘောဂ)။ ထိုသို့ "အာရုံ၏အရသာကို ခံစားပြီး၍ ကင်းပြီးချုပ်ပြီး"ဟု ဆိုအပ်သော ကုသိုလ်အကုသိုလ်သည်သာ "ဘူတာပဂတုပ္ပန္န"မည်ရာသောကြောင့်(အာဘောဂဟေတု)။ "အာရုံ၏အရသာကို ခံစားပြီး၍ ကင်းပြီးချုပ်ပြီး"ဟု ဆိုအပ်သော ကုသိုလ်အကုသိုလ် သည်သာ "ဘူတာဂပတုပ္ပန္န"မည်၏ဟု(ပဌမဝိကပ်ကို)သာ မဆိုသင့် (ဌပနာပဋိက္ခေပ)။ ကုသိုလ် အကုသိုလ်မှ အကြွင်းသောသခ်တတရားလည်း ဘူတာပဂတုပ္ပန္န မည်သော တစ်ဝိကပ် (ဒုတိယဝိကပ်)ကိုလည်း ပြဆိုသင့်၏ (အနွယ)။ ကုသိုလ်အကုသိုလ်မှ ကြွင်းသော သခ်တတရားလည်း ဘူတာပဂတုပ္ပန္နမည်သော တစ်ဝိကပ် (ဒုတိယဝိကပ်)ကား အဘယ်ပါနည်း(စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

မှတ်ချက်။ ။ "ဌပနာပြ၊ဒေါသလက္ခဏာ၊အာဘောဂနှင့် ဟိတ်ဖြာ ရှေ့ဝယ်၊နွယ–ဆွယ်၊မေးဖွယ်ပဉ္စက" ဟူသည်နှင့်အညီ အတက် ခိုင်းသည့်အတိုင်း တက်သည့်အတက် ဖြစ်သည်။

---

၃။ ။ (ဃ)အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသ

(ဃ)အမှတ်ပြဝါကျကို မရေးက "ဘူမိလဒ္ဓ"ဟူ၍ ဆိုရခြင်း၏အကြောင်းကို မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့ မသိနိုင်၊ယင်းမန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် (ဃ)အမှတ်ပြ ဝိတ္ထာရဝါကျကို ကျမ်းဆရာ ရေးရသောကြောင့် ပုနရုတ္တိဒေါသမရောက်ရကား (ဃ)အမှတ်ပြဝါကျဖြင့် ယင်းပုနရုတ္တိဒေါသကို ပယ်ပါသည်။

၁၉၈၄ (၁၃၄၅) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ [ဋ္ဌ၊ ၂၄၆။ ဋ္ဌသျ၊ ၂၊၄၁၂။]

---

၂။ ။ '(ခ)အမှတ်ပြဝါကျ ဋ္ဌပနာပဋ္ဌကနည်းဖြင့် စောဒနာတက်
အရှင်အဋ္ဌကထာဆရာမြတ်စွာဘုရားသည် ပဋိဃသညာတို့ကို ဤအာကာ-
သာနဉ္စာယတနဈာန်၌ ဟောတော်မူ၏(ဋ္ဌပနာ)။ ယင်းသို့ ဟောတော်မူပါသော်လည်း (ဒေါသလက္ခဏာ)။ ထိုပဋိဃသညာတို့သည် ပဉ္စမဈာန်စသည်တို့ကိုဝင်စား၍ နေသူအား ... (...ဘာဂ)။ ထိုသို့မရှိသောကြောင့် (အာ...

http://www.dhammadownload.com



ပဋိဃသညာတို့ကို ဤအာကာသာနဉ္စာယတနစျာန်၌ဟောတော်မမူသင့် (ဥပနာပဋိက္ခေပ)။ ရူပသညာတို့ကိုသာ ဟောတော်မူသင့်၏(အနွယ) အဘယ်၏ အစွမ်းဖြင့် (တစ်နည်း)အဘယ်ကြောင့် ပဋိဃသညာတို့ကို ဤအာကာသာနဉ္စာယတနစျာန်၌ ဟောတော်မူပါသနည်း(စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

[ထောက်ဖွယ်။ ။ (အတ္ထင်္ဂမာတိ အာဒီသု ပုရိမံ ပုရိမံ ပစ္ဆိမဿ ပစ္ဆိမဿ အတ္ထဝဏ္ဏနံ၊တသ္မာ ပဋိဃသညာနံ အတ္ထင်္ဂမော ရူပါနသမင်္ဂိကာလေ အနုပ္ပတ္တိတိ)တဿ ဣဓဝေ ဂဟဏေ ကာရဏံ အနုယောဂမုခေန ဒဿေတုံ "ကာမဉ္စေတာ"တိ အာဒိ ဝုတ္တံ။ (ဝိသုဒ္ဓိမဂ် မဟာဋီကာ။ ၁၊၃၉၇။)

ကာမဉ္စ–ဝါကျ တက်ရာ၌ ဒေါသလက္ခဏာနှင့် အနွယ မပါမှ အချိုးကျ။ ဤအတက်သည် "ဥပနာပြ၊ ဒေါသလက္ခဏာ၊အာဘောဂါနှင့်၊ ဟိတ်ဖြာရှေ့ပယ်ဖွယ်ဆွယ်၊ မေးဖွယ်ပဉ္စက–နှင့်အညီ ဥပနာပဉ္စကနည်းဖြင့် စောဒနာ တက်ခဲ့ပါ"ဟု မေးသည့် အမေးလိုက်၍ မဖြစ်ဖြစ်အောင် တက်သည့်အတက်ဖြစ်သည်။ ဒေါသလက္ခဏာနှင့် အနွယတို့မှာ အံဝင်ခွင်ကျမဖြစ်၊ဤကိဉ္စာပိ၊ကာမဉ္စ–စသော စောဒနာဝါကျမျိုး၌ ဥပနာ၊ အာဘောဂ်၊ ဟိတ်ဖော်၊ ဥဖျက်၊ အမေး စွက်၊ ငါးချက် ကျမ်းရိုးလာနှင့် အညီတက်မှ အံဝင်ခွင်ကျဖြစ်သည်။

ဒေါသလက္ခဏာကို "ယင်းသို့ ဟောတော်မူအပ်သည်ရှိသော်"ဟု ထုံးတန်းစဉ်လာအတိုင်းထည့်လျှင် အာဘောဂနှင့် လုံးဝဆက်စပ်၍ မရ၊အဓိပ္ပာယ်မကိုက်။ ယင်းသို့ ဟောတော်မူအပ်သော်လည်း"ဟု ထည့်ခြင်းက အံဝင်ခွင်ကျမဟုတ်စေကာမူ အဓိပ္ပာယ်အနည်းငယ်ဆက်စပ်ရသေး၍ ယင်းကို ထည့်သည်။ ဥပနာဘောဂါဒိတက်၌ ဒေါသလက္ခဏာထည့်က အဓိပ္ပာယ်မကိုက်သည်က များသည်။ အချို့အနည်းငယ်သော အတက်၌သာ အဓိပ္ပာယ်ကိုက်သည်။ဒေါသလက္ခဏာကို ထည့်လျှင် ဓဝဉ်–စ၊စပ်ရာရှု၊အနုပါပန–ဟူသော ရှေးရေးဆောင် နိယံ (၁၇၄)အဆိုအတိုင်း အနုလောမပါပနာဘက်သို့ ယိုင်သွားသည်။ ဒေါသလက္ခဏာသည် အနုလောမပါ ပနာ၏ ရှေ့၌သာ လိုအပ်သောအဓိပ္ပာယ်ရ၍ ကောင်းသည်။ အာဘောဂ၏ရှေ့၌ကား အဓိပ္ပာယ်မကိုက်၍ မကောင်း။ ထို့ကြောင့် ဥပနာ အနုလောမာဒိတက်၌သာ ထည့်သင့်သည်။ ဥပနာ ဘောဂါဒိတက်၍ မထည့်သင့်။ (ပရမ္မရာဘာတဝိနိစ္ဆယညွှလဒွေါ ပဒေသ)

အနွယလည်း ထုံးတန်းစဉ်လာအရ မဟုတ်၊အံ့ဝင်ခွင်ကျမဖြစ်နိုင်စေကာမူ ဆက်စပ်၍ အဓိပ္ပာယ်ရနိုင်ဆုံး ရှာဖွေထည့်သည်။

(ဂ)အမှတ်ပြဝါကျကိုပါ ငဲ့တက်။ ။ (ခ)အမှတ်ပြဝါကျကိုသာ အတက်ခိုင်းသော်လည်း ဤဝါကျမျိုး ဤအမေးမျိုး၌ (ဂ)အမှတ်ပြဝါကျကိုပါ ငဲ့တက်မှ တက်လို့ရသည်။ ထို့ကြောင့် (ဂ)အမှတ်ပြဝါကျကိုပါ ငဲ့တက်သည်။ အမှန်မှာ ဤဝါကျမျိုး၌ (ခ)နှင့်(ဂ)ခွဲ၍ ၂–ဝါကျမပိုင်းရ။ ၂–ဝါကျခွဲပိုင်းခြင်းကြောင့် စာပါးမဝသေးသူများ အူကြောင်ကြောင်ဖြစ်ရခြင်းမှအပ ဘာမျှအကျိုးလည်း မရ။ ဝါကျပိုင်းရာ၌ အချိုးအဆစ်ကျဖို့လည်း လိုအပ်လှသည်။]

http://www.dhammadownload.com



၃။ ။ အထဝါ-သဒ္ဒါ ထားရခြင်းအကြောင်း

သဒ္ဒါ,အနက်,အကြောင်း,အကျိုး ၄-မျိုးတို့တွင် ပဋိဃသညာတို့ကို ဤအာကာသာနဉ္စာယတနစျာန်၌ ဟောတော်မူခြင်း၏ အရူပစျာန်အား (ဝါ) အရူပစျာန်ကို ချီးမွမ်းတော်မူလိုခြင်းဟူသောအကြောင်းမှတစ်ပါး "ထိုပဋိဃ သညာတို့ကို ဤအာကာနဉ္စာယတနစျာန်၌ ပယ်အပ်ကုန်၏"ဟူ၍ ဟောတော်မူ သင့်ခြင်းဟူသော အကြောင်းတစ်ပါးကို လဲလှယ်လို၍ (ဃ)အမှတ်ပြဝါကျ၌ အထဝါ သဒ္ဒါကို ထားပါသည်။ [ချီးမွမ်းတော်မူလိုခြင်းကြောင့်သာ ဟောတော်မူရသည် မဟုတ်၊ ဟောတော်မူသင့်ခြင်းကြောင့်လည်း ဟောတော်မူရသည်-ဟုလို။]

[ထောက်ဖွယ်။ ။ ကိံ ဝါ ပသံသာကိတ္တနေန,ပဋိဃသညာနံ ပန အတ္ထင်္ဂမော ဣဓေဝ ဝတ္တဗ္ဗတ္တာ ဝုတ္တောတိ ဒဿေတုံ "အထဝါ"တိ အာဒိ ဝုတ္တံ။ (ဝိသုဒ္ဓိမဂ်မဟာဋီကာ၊၁၊၃၉၇။)]

---

၄။ ။ ဝိဂ္ဂဟ။ ။ ပဟီယိံသူတိ ပဟီနာ။

ဏျပ္ပစ္စယာဒိစတုက္က

အဘိဓာန်ဋီကာအလိုအားဖြင့်-

(၁) ပ-ဟူသော, ဟီ-ဟူသော, နာ-ဟူသော အစိတ်အစိတ်သော ပရမတ္ထ သဒ္ဒါသည် ဏျပ္ပစ္စတ္ထိ။

(၂) ပ-ပပုဗ္ဗ, ဟာ-ဓာတ်,တ-ပစ္စည်းသည်လည်းကောင်း, အစိတ်ပရ မတ္ထသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော စွန့်ပယ်ခြင်းကြိယာသည်လည်းကောင်း ဏျပ္ပစ္စတ္ထိနိမိတ်။

(၃) ပဟီနာ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော စွန့်ပယ်ခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

သောဒစိန္တာ ဒီပနီ အလိုအားဖြင့်-

(၁) ပဟီယိံသူတိ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဏျပ္ပစ္စတ္ထိ။

(၂) တူ၏။

(၃) ပဟီနာ-ဟူသော နိဗ္ဗန္တသည် ပဝတ္တိ။

(၄) တူ၏။

[ထောက်ဖွယ်။ ။ ဟာ စာဂေ၊ "ကွစိဓာတု"တိ အာဒိနာ ဟာဒိတော ဤဏာဒေသေ ဏ-ကာရဿ နတ္တံ။ ပဟီယိတ္ထာတိ ပဟီနော၊ ကိလေသော။ (ရူ။ ၆၃၁။) ဤပဟီနတ္တာ-၌ကား ဗဟုဝစ်ဖြစ်၍ အဇ္ဈတ္တနိ အတ္တနောပုဒ် ပဌမပုရိသ ဗဟုဝုစ် ဥဝိဘတ်ကို ပရဿပုဒ် ပဌမပုရိသ် ဗဟုဝုစ် ဥံ-ဝိဘတ် ပြန်ကာ ဥံဝိဘတ်ကို ဣံ သု-ပြု၍ "ပဟီယိံသု"ဟု ဆိုသည်။]

---

၅။ ။ ပဒါဒိဝိဘာဂ

သဏ္ဌာယ-ကား သမာသသုဒ္ဓနာမပဒ,ပုလ္လိင်္ဂ,ပုရိသာဒိဂဏ,အကာရန္တ။

ပဟီန (ပဟီနာ)-ကား ကိတနာမပဒ,ဣတ္ထိလိင်္ဂ,ကညာဒိဂဏ,အာ-ကာရန္တ။

http://www.dhammadownload.com



[သင်္ကာယ လိင်–ထောက်ဖွယ်။ ။ သန္တော သံဝိဇ္ဇမာနော ကာယော ဓမ္မသမူဟောတိ သက္ကာယော၊ဥပါဒါနက္ခန္ဓပဉ္စကံ။ (အင်္ဂုတ္တရဋီ၊၃၊ ၂၈။) သန္တော ပရမတ္ထတော ဝိဇ္ဇမာနော ကာယော ဓမ္မသမူဟောတိ သက္ကာယော၊ပဉ္စုပါဒါနက္ခန္ဓာ။ (အင်္ဂုတ္တရဋီ၊၃၊၁၃၅။)တို့ကိုထောက်၍ သက္ကာယ–ကို ပုလ္လိင်ခွဲသည်။

"ပဟီနာပုဒ်"ဟု မေးသင့်။ ။ ပဟီနတ္တာ–ဟိတ်၏ သမ္ဗန်ကို ခံလျှင် ပဟီန (ပယ်အပ်)၏အရလည်းဖြစ်,န သတ္တိ–၏ကတ္တားလည်းဖြစ်သော ပဋိဃသညာ–ကို ခံရမည်။ ပဟီန–ဟူသော ဘာဝယောဂပုဒ်သည် ဟိတ်၏သမ္ဗန်နှင့် လိင်တူရမည် ဖြစ်သောကြောင့် ပဋိဃသညာပုဒ်နှင့် လိင်တူရမည်။ ထို့ကြောင့် ပဟီန (ပဟီနာ)ပုဒ်ကို ဣတ္ထိလိင် ခွဲသည်။ ယင်းသို့ ပဟီနတ္တာ–၌ ဘာဝယောဂပုဒ်သည် ဣတ္ထိလိင်ဖြစ်သောကြောင့် "ပဟီန–ပုဒ်"ဟု မမေးသင့်။ "ပဟီနာ–ပုဒ်"ဟု မေးသင့်သည်]

---

၆။ ။ (က)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ ပဋိဃာတေန–ဟူသော သံဝဏ္ဏပါဌ်ဖြင့် ပဋိဃသညာနံ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ပဋိက–သဒ္ဒါ၏ ပဋိဃာတ–သဒ္ဒါ၏ ပရိယာယ်အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပရိယာယ် အဘိဓေယျတ္ထသံဝဏ္ဏနာ။

ပဋိဃာတေန သမုပ္ပန္နာ သညာ ပဋိဃသညာ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပဋိဃသညာနံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်,ယင်း မဇ္ဈေလောပီတတိယာတပ္ပုရိသ် သမာသ်ပုဒ်၏ကရိယာထားအနက်ဟော၏အဖြစ်ကို (ဋ္ဌ၊သျှ)ဟိတ်အနက်ဟော၏အဖြစ်ကို (ပါ၊သျှ) အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း:)ပဋိဃသညာနံ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ပဋိဃေန သမုပ္ပန္နာသညာ ပဋိဃသညာ"ဟု မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါ သည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

စက္ခာဒီနံ ဝတ္ထူနံ ရူပါဒီနံ အာရမ္မဏာနဉ္စ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပဋိဃာတေန–၌ "အချင်းချင်း ထိပါးခြင်း"ဟူသည် "စက္ခု–အစရှိကုန်သော ဝတ္ထုတို့၏လည်းကောင်း,ရူပါရုံ အစရှိကုန်သော အာရုံတို့၏လည်းကောင်း အချင်းချင်း ထိပါးခြင်းပင်တည်း"ဟု အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

---

၇။ ။ အပိ–သဒ္ဒါ၏ အတ္ထုဒ္ဓါရ။ ။ (ခ)အမှတ်ပြဝါကျရှိ သမာပန္နဿာပိ–၌ အပိ–သဒ္ဒါ၏အတ္ထုဒ္ဓါရ (ရနိုင်သမျှအနက်ကို ထုတ်ခြင်း)ကား သမ္ဘာဝန,ဂရဟာ,အပေက္ခာ,သမုစ္စယ,ပဉှာ,သံဝရဏ,အာသီသ–၇–နက် ဖြစ်ပါသည်။

[ထောက်ဖွယ်။ ။ သမ္ဘာဝနေစ ဂရဟာ၊ပေက္ခာသု စ သမုစ္စယေ။ ပဉှေ သံဝရဏေစေဝ၊အာသီသတ္ထေ အပီရိတံ။ (ဓာန်၊၁၁၈၃။)]

အတ္ထာဓိပ္ပေတ။ ။ အတ္ထာဓိပ္ပေတ (အလိုရှိအပ်သောအနက်)ကား သမ္ဘာဝန ဖြစ်ပါသည်။

http://www.dhammadownload.com



မှတ်ချက်။ ။ အပိ–သဒ္ဒေါ သမ္ဘာဝနေ၊ပဂေဝ အရူပသမာပန္နဿာတိ အဓိပ္ပာယော–ဟူသော ယောဇနာ (၁၃၄)အလိုဖြစ်သည်။ ဤအလို သမာပန္နဿာမိကို "ဝင်စား၍ နေသူအားသော်လည်း"ဟု ပေးရပါမည်၊ "ဝင်စား၍ နေသသူအားလည်း"ဟု ပေးသော နိဿယအလို သမုစ္စယ ဖြစ်ပါသည်။

["ဂရဟာ"ဟုလည်း ဆိုနိုင်။ ။ "သမ္ဘာဝန"ဆိုသည်မှာ ယောဇနာကို ထောက်၍ ဆိုခြင်းသာဖြစ်သည်။ "ဂရဟာ"ဟုလည်း ဆိုနိုင်ပုံ၊ဆိုလို့ရပုံကို ၁၉၇၈ (၁၉၃၉)ခုနှစ် နံပါတ် (၇)အဖြေ၌ ဖေါ်ပြခဲ့သည့်အတိုင်း သိပါ။]

တောသံ–၏ ခွဲရာအနက်။ ။ တောသံ–၏ ခွဲရာအနက်ကား ပဋိဃသညာ ဖြစ်ပါသည်။

မှတ်ချက်။ ။ "ကောသံ ပဋိဃသညာနံ"ဟု ခွဲ၊အချို့ကား "ရူပါဝစရ ဘာဝနာတို့၏"ဟု,အချို့ကား "ရူပသညာတို့၏"ဟု ခွဲကုန်၏။ မသင့်။ (ဂဏ္ဌိ။ ၃၉၂။) နိဿယ,ယောဇနာ,ဂဏ္ဌိသစ်,ဝိသုဒ္ဓိမဂ် မဟာဋီကာတို့လည်း ပဋိဃသညာကိုပင် ခွဲကြသည်။

ဧတ္ထ–၏ ခွဲရာအနက်။ ။ ဧတ္ထ–၏ ခွဲရာအနက်ကား အာကာသနဉ္စာယတနဈာန်, (တစ်နည်း)အရူပကထာ ဖြစ်ပါသည်။

မှတ်ချက်။ ။ "ဧတ္ထာတိ အာကာသာနဉ္စာယတနေ"ဟု ယောဇနာ (၁၃၄)ခွဲသည်။ ဂဏ္ဌိသစ် (၅၄၅)လည်း ယင်းကိုပင် ခွဲသည်။ "ဧတ္ထပဌမာရုပ္ပကထာယံ"ဟု ဝိသုဒ္ဓိမဂ်မဟာဋီကာ။ (၁၊၃၉၇)ခွဲသည်။ နိဿယလည်း ယင်းကိုပင်ခွဲသည်။

---

ဂ။ ။ ကြိယာ ၅–တန်

ပဋိဃသညာ–၏အရ ပဥ္စဝတ္ထု,ပဉ္စာရုံတို့၏ အချင်းချင်းပေါင်းဆုံထိပါးခြင်းကြောင့်ဖြစ်သော ဒွေပဉ္စဝိညာဏ်နှင့်ယှဉ်သော သညာတို့သည် (မုချအားဖြင့် ပြအပ်သော)ဒဿနတ္ထ။

(၂) ဥပစာရဘာဝနာသည် (ပဌမ)ဖလူပစာရအားဖြင့် ပြအပ်သော ဒီပကတ္ထ။

(၃) အာကာသာနဉ္စာယတနဈာန်သည် (ပဌမ)ကာရဏူပစာရအားဖြင့် ပြအပ်သော ပကာသနတ္ထ။

(၄) ပရိကမ္မဘာဝနာသည် (ဒုတိယ)ဖလူပစာရအားဖြင့် ပြအပ်သော ဝိဘာဝတ္ထ။

(၅) အာကာသာနဉ္စာယတနဘုံ၌ ပဋိသန္ဓေနေရခြင်းသည် (ဒုတိယ)ကာရဏူပစာရအားဖြင့် ပြအပ်သော အနုဘာဝတ္ထ။

---

ဃ။ ။ ရူပ–အရ တရား၏ လက္ခဏာဒိစတုက္က

စက္ခုပဋိဟနနလက္ခဏံရူပံ၊
စက္ခုဝိညာဏဿဝိသယဘာဝရသံ၊
တဿေဝ ဂေါစရပစ္စုပဋ္ဌာနံ၊
စတုမဟာဘူတပဒဋ္ဌာနံ။ (ဋ္ဌ၊၃၅၅။)

---

http://www.dhammadownload.com



၁၀။ ။ ပဋ္ဌာန်းပစ္စည်း

(က)အမှတ်ပြဝါကျ၌ ဖြစ်သင့်သည်အားလျော်စွာ ပစ္စည်းတရားကို စက္ခု စသော ပသာဒဝတ္ထုရုပ် ၅-ပါးကို ယူ၍ ပစ္စယုပ္ပန်တရားကို ဒွေပဉ္စဝိညာဏ်တစ်ဆယ်နှင့်ယှဉ်သောသညာကိုယူ၍ ပစ္စည်းတရားက ပစ္စုပ္ပန်တရားအား ကျေးဇူးပြုသော ပစ္စယသတ္တိကား ဝတ္ထုပုရေဇာတသတ္တိ ဖြစ်ပါသည်။ ရနိုင်သောပစ္စည်းသရုပ်ကား နိဿယ,ပုရေဇာတ,ဣန္ဒြိယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၆-ပစ္စည်းဖြစ်ပါသည်။

(က)အမှတ်ပြဝါကျ၌ ဖြစ်သင့်သည်အားလျော်စွာ ပစ္စည်းတရားကို ရူပါရုံ အစရှိသောအာရုံ ၅-ပါးကိုယူ၍ ပစ္စုပ္ပန်တရားကို ဒွေပဉ္စဝိညာဏ်နှင့်ယှဉ်သော သညာကိုယူ၍ ပစ္စည်းတရားသည် ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိကား အာရမ္မဏပစ္စယသတ္တိ ဖြစ်ပါသည်။ ရနိုင်သော ပစ္စည်းသရုပ်ကား အာရမ္မဏ,ပုရေဇာတ,အတ္ထိ,အဝိဂတ ၄-ပစ္စည်း ဖြစ်ပါသည်။

[ပစ္စည်း ၂-မျိုးယူရာ၌ ထောက်ဖွယ်။ ။ စက္ခုသန္နိဿိတရူပဝိဇာနနလက္ခဏံ စက္ခုဝိညာဏံ။ (ဋ္ဌ၊၃၀၃။)စက္ခု,ရူပဂ္ဂဟဏေန နိဿယတော အာရမ္မဏတော စ စိတ္တံ ဝိဘာဝေတိ ဥဘယာဓိနဝုတ္တိကတ္တာ။ (မဏိမဉ္ဇူ၊၁၊၁၈၈)

စက္ခုဝိညာဏ်သည် စက္ခုဝတ္ထုကို မှီခြင်း,ရူပါရုံကို သိခြင်း (ဝါ)စက္ခုဝတ္ထုကို မှီ၍ ရူပါရုံကို သိခြင်းလက္ခဏာ ရှိသည်ကိုလည်းကောင်း,စက္ခုဝတ္ထု,ရူပါရုံ ၂-မျိုးနှင့် စပ်၍ ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် စက္ခုပသာဒသည် နိဿယအားဖြင့် ရူပါရုံသည် အာရမ္မဏအားဖြင့် စက္ခုဝိညာဏ်စိတ်ကို ကျေးဇူးပြုလျက်ရှိသည်ကိုလည်းကောင်း ထောက်၍ ရသင့်သည်အားလျော်စွာ ဝတ္ထုပုရေဇာတ,အာရမ္မဏ,ပုရေဇာတ ၂-မျိုးယူသည်။ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ (သံယုတ္တ၊၁၊၃၀၀။) ပဋိစ္စာတိ နိဿယဝသေန စေဝ အာရမ္မဏဝသေနေစ ပစ္စယံ ကတွာ။ (သံယုတ္တ၊ ဋ္ဌ၊ ၂၊၆၉)တို့ကိုလည်း ထောက်။

သညာ၏အရ ယူရာ၌ ထောက်ဖွယ်။ ။ ပဋိဃသညာတိ စက္ခွာဒီနံ,ရူပါဒီနံ အာရမ္မဏာနဉ္စ ပဋိဃာတေန ပဋိဃာနနေန ဝိသယိဝိသယသမောဓာနေန သမုပ္ပန္နာ ဒွိပဉ္စဝိညာဏသဟဂတာ သညာ။ (သီ၊ ဋီ၊ သစ်၊ ၁၊ ၃၁၈။)ကို ထောက်၍ ဒွေပဉ္စဝိညာဏ်နှင့်ယှဉ်သော သညာကို ယူသည်။]

---

၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁။ ။ သရဏာ ဓမ္မာ၊ အရဏာ ဓမ္မာ-ဟူသော ပါဠိတော်ကို (၅) နံပါတ် နှင့်အညီ အနက်ယောဇနာပါ။

၂။ ။ ယာ တသ္မိံ သမယေ ပီတိ ပါမောဇ္ဇံ အာမောဒနာ ပမောဒနာ ဟာသော ပဟာသော ဝိတ္တိ ဩဒဂျံ အတ္တမနတာ စိတ္တဿ၊ အယံ တသ္မိံ သမယေ ပီတိ ဟောတိ-ဟူသော ပါဠိတော်ကို အနက်ယောဇနာခဲ့ပါ။

http://www.dhammadownload.com



၃။ ။ ယော ရသော စတုန္နံ မဟာဘူတာနံ ဥပါဒါယ အနိဒဿနော သပ္ပဋိဃော။ ပ။ အမ္ဗိလံ မဓုရံ တိတ္တကံ ကဋုကံ လောဏိကံ ခါရိကံ လမ္ဗိလံ ကသာဝေါ သာဒု အသာဒု-ဟူသော ပါဠိတော်ကို အနက်မှန်ကန်စွာ ယောနေခဲ့ပါ။

၄။။ ယာ ကုသလစိတ္တဿဝါ အကုသလစိတ္တဿ ဝါ အဗျာကတစိတ္တဿ ဝါ ဂိရာ ဗျပ္ပထော ဥဒီရဏံ ဃောသော ဃောသကမ္မံ ဝါစာ ဝစီဘေဒေါ အယံ ဝုစ္စတိ ဝါစာ-ဟူသော ပါဠိကို ကုသလ,အကုသလ,အဗျာကတ-တို့၏သရုပ် ဖော်လျက် အနက်ပေးခဲ့ပါ။

၅။ ။ ရဏန္တိ ဧတေဟီတိ ရဏာ၊ယေဟိ အဘိဘူတာ သတ္တာ နာနပ္ပကာရေန ကန္ဒန္တိ ပရိဒေဝန္တိ၊တေသံ ရာဂါဒီနံ ဧတံ အဓိဝစနံ-ဟူသော အဋ္ဌကထာ ပါဌ်ကို ရဏန္တိ-၏ကတ္တားကို ထည့်စွက်လျက် ယ,တေ-သဗ္ဗနာမ်ပုဒ် တို့၏ အစွဲ မလွဲစေဘဲ အနက်ပေးပါ။

၆။ ။ ဥပ္ပန္နံ ဂမိယစိတ္တံ ဒုပ္ပဋိဝိနောဒနီယံ၊ဥပ္ပန္နုပ္ပန္နေ ပါပကေ အကုသလေ ဓမ္မေ ဌာနံသော အန္တရဓာပေတိ-ဟူသော ဝါကျတို့ကို ဥပ္ပန္နသဒ္ဒါ၏ သဒ္ဒတ္ထ,အဓိပ္ပာယတ္ထများကို ပေါ်လွင်စေလျက် အန္တရဓာပေတိ၏ ကတ္တားပါ ထည့်စွက်ကာ အနက် ယောနေခဲ့ပါ။

၇။ ။ အလောဘော စေတ္ထ အာရောဂျဿ ပစ္စယော ဟောတိ၊ အလုဒ္ဓေါ ဟိ လောဘာနီယမ္ပိ အသပ္ပါယံ န သေဝတိ။ တေန ခေါ အရောဂေါ ဟောတိ-ဟူသော အဋ္ဌကထာဝါကျကို အနက်မှန်အောင် ပေးခဲ့ပါ။

၈။ ။ ယသ္မာ ပန ဈာနစေတနာ ပဋိသန္ဓိံ အာကမုတိ၊ တသ္မာ စေတနာပိ စေတနာသမ္ပယုတ္တဓမ္မာပိ ဝဋ္ဋန္တိယေဝ-ဟူသော ဝါကျများကို အပြည့်အစုံထည့်၍ အနက်ပေးပါ။

၉။ ။ ဒဟနကိစ္စမ္ပိ ဟိ သုခေါဒကေ တေဇောဓာတု သဉ္ဇာနနကိစ္စမ္ဘေသာ ပဏ္ဍိ ကာတုံ နသက္ကောတိ-ဟူသောဝါကျကို ဝါကျအပြန်အလှန် အနက်ပေးခဲ့ပါ။

၁၀။ ။ အာရမ္ဘထ ကရောထေဝ၊အညာဘာဝေန တံ ဣဒံ။
ဒိဋ္ဌေဒါသမ္ပိ ရာဇာနံ၊ဝုတ္တိဟောတု ယထာ ဓနော-ဟူသော ဂါထာကို တံ,ဣဒံ-ပုဒ်များ၏ သရုပ်ကို ဖော်၍ အနက်ယောနေခဲ့ပါ။

http://www.dhammadownload.com



## ၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ အဋ္ဌကထာနှင့်အညီ အနက်

သရဏာ၊ငိုကြွေးကြောင်းဖြစ်သော ရာဂအစရှိသော ကိလေသာနှင့်တကွ ဖြစ်ကုန်သော။ ဓမ္မာ၊သဘောတရားတို့သည်။ (သံဝိဇ္ဇန္တိ၊ရှိကုန်၏။)

အရဏာ၊ ငိုကြွေးကြောင်းဖြစ်သော ရာဂအစရှိသော ကိလေသာ မရှိကုန်သော။ ဓမ္မာ၊သဘောတရားတို့သည်။ (သံဝိဇ္ဇန္တိ၊ရှိကုန်၏။)

[ပါ၊၁၃။ ပါသျှ၊ ၂၄။ မာတိကာအရကောက်လည်း ရှ။]

---

၂။ ။ [ပါ။ ၁၈။ ပါသျှ၊၃၉။ ၁၃၁၈။ ၁၃၂၇။ (၁၃၃၁–ခုနှစ်များကလည်း မေးခဲ့ပြီ။)]

---

၃။။ [ပါ။ ၁၆၇။ ပါသျှ၊ ၂၆၁။ (၁၃၂၅–ခုနှစ်ကလည်း မေးခဲ့ပြီ။)]

---

၄။ ။ [သျှအတိုင်းပေး။ ပါ၊၁၆၈။ ပါသျှ၊ ၂၆၇။ ၁၃၁၅၊ (၁၃၃၆–ခုနှစ် များကလည်း မေးခဲ့ပြီ။)]

---

၅။ ။ [သျှအတိုင်း ပေး။ ဋ္ဌ၊ ၉၃။ ဋ္ဌသျှ၊ ၁၊ ၃၃၆။ (၁၉၇၇ (၁၃၃၉) ခုနှစ်ကလည်း ဒုတိယနေ့တွင် မေးခဲ့ပြီ။)]

---

၆။ ။ ဥပ္ပန္န–သဒ္ဒါ၏ သဒ္ဒတ္ထ,အဓိပ္ပာယတ္ထ ထင်စေလျက် ကတ္တား ထည့်ကာအနက်

ဥပ္ပန္နံ၊ ဖြစ်သော (သဒ္ဒတ္ထ)၊ဝါ၊(ဂမိယစိတ်၏ဆန့်ကျင်ဘက်ဖြစ်သော ကမ္မဋ္ဌာန်းကို ဆင်ခြင်ခြင်းဖြင့် မခွါအပ်သေးသော (အဓိပ္ပာယတ္ထ)။ ဂမိယစိတ္တံ၊ ခရီးသွားလိုသူ၏စိတ်ကို။ ဒုပ္ပဋိဝိနောဒနီယံ၊ဆင်းရဲသဖြင့်ပျောက်အပ်၏။ ဝါ၊ ပျောက်နိုင်ခဲ၏။ ဥပ္ပန္နုပ္ပန္နေ၊ဖြစ်ပြီး ဖြစ်ပြီးကုန်သော (သဒ္ဒတ္ထ)။ ဝါ၊ မခွါအပ် မခွါအပ်ကုန်သေးသော (အဓိပ္ပာယတ္ထ)။ အကုသလေ ဓမ္မေ၊အကုသိုလ်တရားတို့ကို။ (ဝိက္ခမ္ဘိတာ၊ ခွါတတ်သော၊ အာနာပါနဿတိ၊ အာနာပါနလျှင် အာရုံရှိသော သတိ သည်။) ဌာနသော၊ ခဏချင်းအားဖြင့်။ အန္တရဓာပေတိ၊ ကွယ်ပျောက်စေ၏။

[ ဋ္ဌ၊၁၀၉။ ဋ္ဌသျှ၊၁၄၃၅။]

---

၇။ ။ [ ဋ္ဌ၊၁၇၂။ ဋ္ဌသျှ၊ ၂၊၉၃။]

---

၈။ ။ [ သျှအတိုင်းပေး။ ဋ္ဌ။ ၂၀၇။ ဋ္ဌ သျှ၊ ၂၊ ၂၃၄။]

---

http://www.dhammadownload.com



၉။ ။ ဝါကျအပြန်အလှန်အနက်

ဟိ–တံ ပါကဋံ့ ကရောမိ၊ ထိုစကားကိုထင်ရှားသည်ကို ပြုအံ့။ သော သညာ၊ဤသညာသည်။ သဥ္ဇာနနကိစ္စမ္ဗိ၊အမှတ်ပြု၍ သိခြင်းကိစ္စကိုလည်း၊ ပဋ္ဌျ၊ ထင်စွာ၊ကာတုံ၊ပြုခြင်းငှာ။ န သက္ကောတိ၊မတတ်နိုင် (ကိမိဝ၊အဘယ်ကဲ့သို့ နည်းဟူမူကား။) သုခေါဒကေ၊ရေအေး၌။ တေဓောဓာတု၊တေဇောဓာတ်သည်။ ဒဟနကိစ္စံ၊လောင်ခြင်းကိစ္စကို။ န သက္ကောတိ ဣဝ၊မတတ်နိုင်သကဲ့သို့တည်း။ [ ဋ္ဌ၊ ၂၅၃။ ဋ္ဌ၊သျှ၊ ၂၊၄၃၄။]

---

၁၀။ ။[သျှအတိုင်း ယောဇနာ။ ။ဋ္ဌ။ ၂၅၆။ ဋ္ဌသျှ၊ ၂၊၄၄၇။ (၁၃၂၀ ခုနှစ်ကလည်း မေးခဲ့ပြီ။)]

---

၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) တတ္ထ ဖုဒ္ဓါနံ့ ပုရိမာ တိဿော ပုစ္ဆာ နတ္ထိ၊ ကသ္မာ?

(ခ)ဖုဒ္ဓါနည့် တိသု အဒ္ဓါသု ကိဥ္စိ သခ်တံ အဒ္ဓါဝိမုတ္တံ ဝါ အသခ်တံ အဒိဋ္ဌံ အနညာတံ အဓောတိတံ အတုလိတံ အတီရိတံ အဝိဘူတံ အဝိဘာဝိတံ နာမ နတ္ထိ။

(ဂ) တေန တေသံ အဒိဋ္ဌဇောတနာ ပုစ္ဆာ နတ္ထိ။

(ဃ) ယသ္မာ ပနေသ အကထံကထီ တိဏ္ဏဝိစိကိစ္ဆော သဗ္ဗဓမ္မေသု ဝိဟတသံသယော။

(င) တေနဿ ဝိမတိစ္ဆေဒနာ ပုစ္ဆာ နတ္ထိ။

(စ) ဣတရာ ပန ဒွေ ပုစ္ဆာ ဘဂဝတော အတ္ထိ၊တာသု အယံ"ကထေတုကမျတာ ပုစ္ဆာ" တိ ဝေဒိတဗ္ဗာ။

၁။ ။ (က)(ခ)(ဂ)အမှတ်ပြဝါကျတို့ကိုသာ နိဿယနည်းကျ အနက်မှန်စွာ သမ္ဗန်ခဲ့ပါ။

၂။ ။ (စ)အမှတ်ပြဝါကျကို ဌပနာဘောဂါဒိပဥ္စက စောဒနာနည်း ဒေါသ တင်၍ ကျမ်းတက်ရုံသာ တက်ပြခဲ့ပါ။

၃။ ။ (ခ)အမှတ်ပြဝါကျကို ဆိုခြင်းဖြင့် ကင်းပျောက်စေနိုင်သော ဒေါသများကို အကြောင်းနှင့်တကွ ပြဆိုပြီးလျှင် (စ)အမှတ်ပြဝါကျ၌ ဝေဒိတဗ္ဗာ–သဒ္ဒါထားခြင်းဖြင့် သိစေလိုသော အဓိပ္ပာယ်ကိုလည်းဖြေဆိုခဲ့ပါ။

၄။ ။ အကထံကထီ–ပုဒ်ကို အစိတ်အပေါင်းဝိဂ္ဂဟပြု၍ အပေါင်း၌ ဘာဒိတ္တာ ဒိပနိနည်းအရ ဗျုပ္ပတ္တိစတုက္က ခွဲပြခဲ့ပါ။

၅။ ။ အကထံကထီ–ပုဒ်၌ ပါဝင်သော ကထံ ကထာ–ပုဒ်,ကထံ–ကထီ ပုဒ်အကထံကထီ ပုဒ်တို့ကို ပဒ, အတ္ထ–စသည် ဝေဖန်ပြပါ။

http://www.dhammadownload.com



၆။ ။ (စ)အမှတ်ပြ ပါဠိကျဉ်း၌ အဋ္ဌကထာဆရာ၏အာဘောဂကို ဗျတိရေက, အမှတ်ပြအနွယအားဖြင့် ပြဆိုပြီးလျှင် သံဝဏ္ဏနာအမည်ကိုလည်း ပေးခဲ့ပါ။

၇။ ။ (ခ)(ဃ)(စ)အမှတ်ပြပါဠိကျတို့၌ ဟိ-သဒ္ဒါ, ပန-သဒ္ဒါတို့၏ ဇောတကတ္တကို ဖြစ်ထိုက်သမျှ အကြောင်းနှင့်တကွ ပြဆိုပြီးလျှင် (င) ဝါကျလာ တေန-၌ တ-၏ အာမာသနတ္တကိုလည်း ဖြေဆိုခဲ့ပါ။

၈။ ။ (ဃ)(င)အမှတ်ပြပါဠိကျတို့အရ ဖြစ်ထိုက်သော ဒဿနတ္တစသည် ကြိယာ ၅-တန် ထုတ်ခဲ့ပါ။

၉။ ။ဝိမတိစ္ဆေဒနာ-ပုဒ်၌ ဝိမတိ-အရတရား၏ လက္ခဏာဒိစတုက္ကထုတ်ပြခဲ့ပါ။

၁၀။ ။ ယံ ပန ဘဂဝတာ အတ္တနော ဉာဏေန ပဋိဝိဒ္ဓံ-၌ ပစ္စယ, ပစ္စယုပ္ပန္န ဓမ္မတို့ကို ပြပြီးလျှင် ဉာဏေန-အရ ပစ္စည်းတရားက ပဋိဝိဒ္ဓံ-အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကို စုံလင်စွာ ထုတ်ပြခဲ့ပါ။

---

၁၉၈၅ (၁၃၄၆) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏိ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ [ ဋ္ဌ။ ၉၈။ ဋ္ဌ၊ သျှ၊ ၁၊ ၃၆၃။]

---

၂။ ။ ဠပနာဘောဂါဒိပဥ္စကစောဒနာနည်းဒေါသတင်၍ကျမ်းတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြပါဠိကျရှိ ကသ္မာ (ဗုဒ္ဓါနံ ပုရိမာ တိသော ပုစ္ဆာ နတ္ထိ)ဟူသောဝါကျဖြင့် ပုစ္ဆာကိုဆိုတော်မူ၏(ဠပနာ)။ ပုစ္ဆာသည် ဝိဿဇ္ဇနာနှင့် မကင်းကောင်းသည်မဟုတ်ပါလော(အာဘောဂ)။ ထိုသို့ မကင်းကောင်းသောကြောင့်(အာဘောဂဟေတု)။ ပုစ္ဆာကိုသာ မဆိုသင့် (ဠပနာပဋိက္ခေပ)။ ဝိဿဇ္ဇနာကား အဘယ်ပါနည်း(စောဒနာ)။ ပုစ္ဆာကိုသာဆို၍ ဝိဿဇ္ဇနာကို မဆိုသည်ရှိသော် ဆရာ၌ အဗျာပိတဒေါသ ရောက်ရာ၏(ဒေါသ) ဤသို့စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြပါဠိကျကို မိန့်။

မှတ်ချက်။ ။ (က)အမှတ်ပြပါဠိကျရှိ နတ္ထိ-တိုင်အောင်သော ရှေ့ဝါကျကို ထောက်က (ခ)အမှတ်ပြပါဠိကျသည် ဝိတ္ထာရဝါကျဖြစ်သည်။ ကသ္မာ(ဗုဒ္ဓါနံ ပုရိမာ တိသော ပုစ္ဆာ နတ္ထိ)(လိုက်)ဟူသော နောက်ဝါကျကိုထောက်က ဝိဿဇ္ဇနာဝါကျ ဖြစ်သည်။ထို(က)အမှတ်ရှိ ၂-ဝါကျတွင် ပုစ္ဆာဝါကျသည် (ခ)အမှတ်ပြပါဠိကျနှင့် အခြားမရှိ ဆက်စပ်လျက်ရှိသည့်ပြင် ယင်း(က)အမှတ်ပြပါဠိကျ၌ လိုရင်းမှာ ပုစ္ဆာဝါကျသာဖြစ်သည်။ ထို့ကြောင့် ပုစ္ဆာ ဝိဿဇ္ဇနာဝါကျအနေ ဖြင့်တက်သည်။ အမှန်မှာ ကသ္မာဝါကျကိုခွဲ၍ပင် ပိုင်းသင့်သည်။ ခွဲပိုင်းလျှင် ရှင်းသည် သခေပ,ဝိတ္ထာရဝါကျအနေဖြင့် တက်လျှင်လည်း ရနိုင်ပါ၏။သို့သော် သဘာဝကျသော အံဝင်ခွင်ကျသော အတက်ကား မဖြစ်ပါ။

http://www.dhammadownload.com



အဋ္ဌကထာ,ဋီကာသုံးအားဖြင့် ပုစ္ဆာ, ဝိဿဇ္ဇနာဝါကျများသည် ဂန္ထာဘရဏာ သုံးအားဖြင့် ပက္ခ,ပက္ခန္တရဝါကျများ ဖြစ်သောကြောင့် အဗျာပိတဒေါသတင်သည်။

[အတုယူဖွယ်ရာ။ အဓိဂမံ ဒီပေတိ။ ကထံ ဝိဝိစ္စေဝ ကာမေဟီတိ ဧဝံ ဟိ နိ ယမေ ကရိယမာနေ ဣဒံ ပညာယတိ။ (ပါရာဇိကကဏ္ဍ၊ဋ္ဌ၊၁၊၁၁၂။ဓမ္မသင်္ဂဏီ၊ဋ္ဌ၊ ၂၀၈)ဝါကျကို"ကထံ၊သို့။ ဒီပေတိ၊နည်း။ဟိ၊အဖြေကိုဆိုဦးအံ့"ဟု အနက်ပေး၍"ပုစ္ဆာကို ပြလို၍ကထံ–ကိုမိန့်။ ဝိဿဇ္ဇနာကိုပြလို၍ ဝိဝိစ္စေဝ–အစမိန့်"ဟုတက်သော ယင်းသျှသစ် (၂။၂၆၂)နှင့်---

ပသံသတ္တိတိ အဓိပ္ပာယော။ကိတ္တိ ဥပက္ခကော သတိမာ သုခဝိဟာရီတိ။ (ပါရာဇိက ကဏ္ဍ၊ဋ္ဌ၊၁၊၁၂၂။ ဓမ္မသင်္ဂဏီ၊ဋ္ဌ၊ ၂၁၉)ဝါကျ၌ "ပသံသနာကာရပုစ္ဆာကို ပြလို၍ ကိတ္တိ– ကိုမိန့်။ ဝိဿဇ္ဇနာကို ပြလို၍ ဥပက္ခကော–အစမိန့်"ဟုတက်သော ယင်းသျှသစ် (၂၊၃၃၃)ကိုအတုယူသည်။ထောက်ထားမှိုင်ငြမ်းသည်။ သဘာဝကျလှသောကြောင့် အတုယူဖွယ်ရာသာတည်း။

ငဲ့တက်သည်။　　။"(ခ)အမှတ်ပြဝါကျ"ဟုဆိုသော်လည်း ဝိဿဇ္ဇနာသည် (င)အမှတ်ပြဝါကျဆုံးမှဆုံးသည်ဖြစ်၍ မေးသူကလည်း" (င)အမှတ်ပြဝါကျတိုင်အောင် ငဲ့မေးသည်။ တက်သူကလည်း (င)အမှတ်ပြဝါကျတိုင်အောင် ငဲ့တက်သည်"ဟု သဘောပေါက်ပါ။　သို့မဟုတ် "ဥပလက္ခဏနည်း၊နိဒဿနနည်းအားဖြင့် (ခ)အမှတ်ပြဝါကျကို ဆိုသည်"ဟုယူပါ။ သို့ယူမှ သဘာဝကျမည်။ ဤနေရာမျိုးတိုင်း၌ ဤနည်းအတူသိပါ။]

---

၃။　။ ကင်းပျောက်စေနိုင်သော ဒေါသ

ဝိဿဇ္ဇနာဝါကျကို မပြဆိုဘဲ ကသ္မာ (ဇုဒ္ဒါနံ ပုရိမာ တိသော ပုစ္ဆာနတ္ထိ)ဟူသော ပုစ္ဆာဝါကျကိုသာ ဆိုသည်ရှိသော် စကားမပြန့်နှံ့သည်ဖြစ်၍ အဗျာပိတဒေါသရောက်ရာ သောကြောင့် (ခ)အမှတ်ပြ ဝိဿဇ္ဇနာဝါကျကို ကျမ်းဆရာ ရေးရကား (ခ)အမှတ်ပြ ဝိဿဇ္ဇနာဝါကျကိုဆိုခြင်းဖြင့် ယင်းအဗျာပိတဒေါသကို ပျောက်ကင်းစေပါသည်။

မှတ်ချက်။　　။ ပုစ္ဆာမှတစ်ပါး "ဝိဿဇ္ဇနာ" ဟုဆိုအပ်သော အဖို့ တစ်ပါးကိုပြသောကြောင့် (ခ)အမှတ်ပြဝါကျကို ပက္ခန္တရဝါကျယူသည်။

(ခ)အမှတ်ပြဝါကျကိုမရေးက ဘုရားရှင်တို့အား ရှေးဖြစ်ကုန်သော အဒိဋ္ဌ– ဇောတနာပုစ္ဆာ,ဒိဋ္ဌသံသန္ဒနာပုစ္ဆာ,ဝိမတိစ္ဆေဒနာ–ပုစ္ဆာတို့၏အစွမ်းဖြင့် သုံးပါးကုန်သော ပုစ္ဆာတို့မရှိခြင်း၏အကြောင်းနှင့်တကွအကျယ်ကို မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့မသိနိုင်၊ ယင်းမန္ဒဗုဒ္ဓိ ပုဂ္ဂိုလ်တို့အတွက်(ခ)အမှတ်ပြဝါကျကို ကျမ်းဆရာရေးရသောကြောင့် ပုနရုတ္တိဒေါသ မရောက်ရကား(ခ)အမှတ်ပြဝါကျကိုဆိုခြင်းဖြင့် ယင်းပုနရုတ္တိဒေါသကို ပျောက်ကင်း စေပါသည်။

(တစ်နည်း)သခေပဝါကျနှင့် ဝိတ္ထာရဝါကျသည်။ ကျဉ်း, ကျယ်, ကြောင်း, ကျိုး၊ အရိုး၊ အထူး၊ ချီးကျူး၊ ပစ်တင်၊ လျော့၊ ဆန့်ကျင်၊ ငါးအင်ဒုက်ဝါကျ ဟူသည်နှင့်အညီ ဒုက (အစုံ)ဝါကျဖြစ်သည်။ သခေပ(က)အမှတ်ပြဝါကျကိုသာ (က–အမှတ်ပြဝါကျရှိ ဗုဒ္ဓါနံ ပုရိမာ တိသောပုစ္ဆာနတ္ထိ–ကိုသာ)ဆိုသည်ရှိသော် (ဝိတ္ထာရမရှိဟူသော အနက်အဓိပ္ပာယ် ရောက်ရကား)သခေပဝိတ္ထာရဆန့်ကျင်သည် ဖြစ်၍ ဝိရောဓိဒေါသရောက်ရာသောကြောင့် (ခ)အမှတ်ပြဝါကျကို ကျမ်းဆရာ

http://www.dhammadownload.com



ရေးရကား (ခ)အမှတ်ပြဝါကို ကျမ်းဆရာဆိုခြင်းဖြင့် ယင်းဝိရောဓိဒေါသကို ပျောက်ကင်းစေပါသည်။

မှတ်ချက်။ ။ ဤအလို (ခ)အမှတ်ပြဝါကျကို ဝိတ္ထာရဝါကျယူသည်။ (ခ)အမှတ်ပြဝါကျသည် (နောက်ဝါကျမှ တေန-ပါယူ)တေသံ-အစရှိသော နောက်ဝါကျကိုထောက်က ကာရဏဝါကျဖြစ်သည်။ သို့သော် ပယ်အပ်သော ဒေါသကိုထုတ်ရာ၌ နောက်ဝါကျကိုထောက်၍ ရအပ်သောဝါကျအမည် တစ်မျိုးဖြင့် ထုတ်ရိုးမရှိ၊ထုတ်ရန်မလို၊ထို့ကြောင့် နောက်ဝါကျကိုထောက်၍ ရအပ်သော ကာရဏ-ဝါကျအနေဖြင့် ပယ်အပ်သောဒေါသကို မထုတ်ပါ။

ဝေဒိတဗ္ဗာ-သဒ္ဒါထားခြင်းဖြင့် သိစေလိုသောအဓိပ္ပာယ်။ ။ (ခ)အမှတ်ပြဝါကျ၌ ဝေဒိတဗ္ဗာ-သဒ္ဒါ ထားခြင်းဖြင့်အယ် "ကထေတု-ကမျတာပဋ္ဌာ"တိ ဝေဒိတဗ္ဗာ-ဟူသောစကားရပ်သည် ပါဠိတော်တိုက်ရိုက်မဟုတ်၊ရသင့်သည် အားလျော်စွာ ဆုံးဖြတ်ဆိုသောစကားဖြစ်သောကြောင့် "သံသယအားဖြင့် ရအပ်သော အနက်သဘောကိုပြသောစကားဖြစ်သည်" ဟုသိစေလိုပါသည်။

ကျက်။ ။ ဒဠှမ္ဘ-ကား သန္နိဋ္ဌာန်၊ဝေဒိတဗ္ဗ-ကား သံသယ၊
သိဒ္ဓရိုက စကားကျ။ (ရှင်တိပိဋကနာဂနိယ်။၈၄)

---

၄။ ။ အစိတ်ဝိဂ္ဂဟ

ကထံ-ကား နိပါတ်ပုဒ်ဖြစ်သော ကြောင့် ဝိဂ္ဂဟ မပြုကောင်း။ ကထံ က္လတိ ကထယတိ စေတာယာတိ ကထံကထာ။ (တနည်း)ကထ္ထ ကထ္ထ ကထံ ကထံ၊ကထံ ကထံ က္လတိ ပဝတ္တတီတိ ကထံကထာ၊ ကထံ ကထာ စေတသ အတ္ထီတိ ကထံကထိ။

အပေါင်းဝိဂ္ဂဟ။ ။ န ကထံကထီ အကထံကထီ။

ဘေဒစိန္တာဒီပနီနည်းအရ ဗျုပ္ပတ္တိစတုက္က

(၁) န ကထံကထီ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ၊

(၂) န-ပုဒ်, ကထံကထီ ပုဒ်သည်လည်းကောင်း ပဋိသေဓဘော ဂုဏ်၏ ယုံမှားတွေးတောခြင်း ရှိသူနှင့် ဂုဏ်ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

(၃) အကထံ ကထီ- ဟူသော နိပ္ဖန္နသည် ပဝတ္တိ။

(၄) ပဋိသေဓဘောဂုဏ်သည် ပဝတ္တိနိမိတ်။

[ကထံကထာ-ပုဒ်ပြီးပုံ ၂-မျိုး။ ။ရှေ့နည်း၌ ကထံ-သဒ္ဒူပပဒ ကထ-ဓာတ်,အ-ပစ္စည်း၊ဣတ္ထိလိင်ဇောတက အာ-ပစ္စည်း၊"(ဤသည်ကား) အဘယ်နည်း"ဟုပြောဆိုကြောင်း ဝိစိကိစ္ဆာ"ဟု အနက်ပေး။ ကထမိဒမိတိ ကထယတိ ယာယ သာ ကထံကထာ။ (ဓာန်၊ဋီ၊၁၇၀)

နောက်နည်း၌ ကထံ ကထံ-ပုဒ်(ဒွန်တွဲထားသည်)ဏ-ပစ္စည်း(တဒ္ဓိတ်ပုဒ်)။ "(ဤသည်ကား)အဘယ်နည်း၊ (ဤသည်ကား)အဘယ်နည်း"ဟု ဖြစ်သော (ယုံမှားတွေးတောသော)ဝိစိကိစ္ဆာ"ဟုပေး။ "ကထမိဒံ ကထမိဒ"န္တိ ပဝတ္တတီတိ ကထံကထာ၊ဝိစိကိစ္ဆာ၊သာ စေတသ အတ္ထီတိ ကထံကထီ၊န ကထံ ကထီ အကထံ

http://www.dhammadownload.com



ကထိ။ (သီ၊ ဋီ၊ သစ်၊ ၂၊ ၁၂၇။)ဂဏ္ဌိသစ်(၃၃၅) ၌ကား အကထံ ကထိ-ကို "သို့လော သို့လောဟုတွေးတောခြင်းမရှိ"ဟုအနက်ယူ၍ ကထဉ္စ ကထဉ္စ ကထံကထံ၊ကထံကထံ တေသသ အတ္ထိတိ ကထံကထီ၊နကထံ ကထီ အကထံကထီပြုဟူ၏။

ကထံသည်နိပါတ်သာလော။ ။ ကထံ-ကို နိပါတ်အဖြစ် ဖော်ပြသည်မှာ "ကထံ,ကိ ံ သု,နနု,ကစ္စိ၊နု၊ကိ၊သမာ" ဟု ကထံ-ကို ပုစ္ဆနတ္ထနိပါတ်ဆိုသော အဘိဓာန် (၁၃၃၉)အလိုဖြစ်သည်။ ကစ္စည်းအလို ကိမိမေဟိထံ သုတ် အရ ကိံ-ပုဒ်, ထံ-ပစ္စည်းဖြင့်ပြီးသော အဗျယတဒ္ဓိတ်ပုဒ်ဖြစ်သည်။ "ကော ပကာရော ကထံ"ဟုပြု၍ "အဘယ်သို့သောအပြားနည်း" ဟုပေးရမည်။ သို့မဟုတ် "ကေန ပကာရေန ကထံ"ဟု ပြု၍ "အဘယ်သို့သောအပြားဖြင့် ဖြစ်လေသနည်း"ဟု ပေးရမည်။ ကစ္စည်းအတူ မောဂ္ဂလာန်,ဗာလာဝတာရတို့ကလည်း တဒ္ဓိတ်အဗျယဆိုသည်။ ရူပသိဒ္ဓိ, သဒ္ဒနီတိ သုတ္တမာလာတို့အား ၂-မျိုးလုံးပင်ဆိုသည်။ နိပါတ်အဗျယ, တဒ္ဓိတ်အဗျယ ၂ မျိုးလုံးသင့်သည်-ဟူလို။]

---

၅။ ။ ပဒါဒိဝိဘာဂ

ကထံကထာ-ကား ကိတန္တသမာသနာမပဒ, (တစ်နည်း)တဒ္ဓိတနာမပဒ,အာကာရန္တ ,ဣတ္ထိလိင်္ဂ,ကညာဒိဂဏ။

ကထံကထီ-ကား သမာသနာမပဒ, ဤ-ကာရန္တ၊ ပုလ္လိင်္ဂ၊ ရတ္တာဒိဂဏ။

နကထံကထီ- ကား သမာသနာမပဒ၊ ဤ ကာရန္တ၊ ပုလ္လိင်္ဂ၊ ရတ္တာဒိဂဏ။

---

၆။ ။ (ခ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(စ)အမှတ်ပြဝါကျပါ ပန-ဟူသောသံဝဏ္ဏနာပါဌ်ဖြင့် ဘုရားရှင်အား မရှိသည်မှ တစ်ပါးရှိသည်ကို ပြသည်၏အဖြစ်ကို အဋ္ဌကထာဆရာသိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ပန-မှတစ်ပါးသော (စ)အမှတ်ပြတစ်ဝါကျလုံးဖြင့် ဘုရားရှင်အား အဒိဋ္ဌ-ဇောတနာပုစ္ဆာ,ဒိဋ္ဌသံသန္ဒနာပုစ္ဆာ,ဝိမတိစ္ဆေဒနာပုစ္ဆာတို့သည်မရှိကုန်၊ဤပုစ္ဆာတို့မှ တစ်ပါးကုန်သော နှစ်ပါးကုန်သော အနုမတိပုစ္ဆာ,ကထေတုကမျတာပုစ္ဆာတို့သည် ရှိကုန်၏။ထိုအနုမတိပုစ္ဆာ,ကထေတုကမျတာပုစ္ဆာတို့တွင် ဤကတမေ ဓမ္မာကုသလာ -ဟူသောပုစ္ဆာကို "အနုပတိပုစ္ဆာ"ဟူ၍မသိအပ်၊ "ကထေတုကမျတာပုစ္ဆာ"ဟူ၍ သိအပ်၏ဟူသောအဓိပ္ပာယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ

---

၇။ ။ ဟိ,ပန-တို့၏ ဇောတကတ္ထ (ဇောတေတဗ္ဗတ္ထ)

(ခ)အမှတ်ပြဝါကျရှိ ဟိ-နိပါတ်၏ဇောတကတ္ထ (ဇောတေတဗ္ဗတ္ထ) သည် (က)အမှတ်ပြဝါကျရှိ ကသ္မာ (ဗုဒ္ဓါနံ ပုရိမာ တိသော ပုစ္ဆာ နတ္ထိ)ဟူသော ပုစ္ဆာဝါကျကို ထောက်က ယင်းပုစ္ဆာ၏ဝိသဇ္ဇနာကို ပြသောကြောင့် ဝိသဇ္ဇနတ္ထဖြစ်ပါသည်။

(က)အမှတ်ပြဝါကျရှိ ဗုဒ္ဓါနံ ပုရိမာ တိသော ပုစ္ဆာ နတ္ထိ-ဟူသောရှေ့ဝါကျ ကိုထောက်က ယင်းဝါကျကိုအကြောင်းဖြင့် ချဲ့ပြသောကြောင့် ဝိတ္ထာရတ္ထ ဖြစ်ပါသည်။

http://www.dhammadownload.com



(ဂ)အမှတ်ပြဝါကျရှိ တေသံအဒိဋ္ဌဓောတနာ ပုစ္ဆာ နတ္ထိ–ဟူသော ဖလဝါကျကို ထောက်က ယင်းအကျိုးဖလ၏အကြောင်းကိုပြသောကြောင့် ကာရဏတ္ထဖြစ်ပါသည်။

(ဃ)အမှတ်ပြဝါကျရှိ ပန–သဒ္ဒါ၏ဓောတကတ္ထ(ဓောတေတဗ္ဗတ္ထ)ကား ဒိဋ္ဌ သံသန္ဒနာ ပုစ္ဆာမရှိခြင်း၏အကြောင်းမှတစ်ပါး ဝိမတိစ္ဆေဒနာ ပုစ္ဆာမရှိခြင်း၏ အကြောင်းဟု ဆိုအပ်သောအဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရတ္ထ ဖြစ်ပါသည်။ [ပုစ္ဆာ၌ ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာမရှိခြင်း၏အကြောင်းပြဝါကျကို မြှုပ်ထားသည်]

(စ)အမှတ်ပြဝါကျရှိ ပန– သဒ္ဒါ၏ဓောတကတ္ထ (ဓောတေတဗ္ဗတ္ထ)ကား အလျော်ဖြစ်သောစကားကိုပြသောကြောင့် အနုယတ္ထ ဖြစ်ပါသည်။

မှတ်ချက်။ ။မေးခွန်း၌ "ဓောတကတ္ထ"ဟု ရှိသည်။ "ဓောတေတဗ္ဗတ္ထ"ဟု ရှိမှုမှန်သည်။

တ၏ အာမသနတ္ထ

(င)အမှတ်ပြဝါကျလာ တေန–၌ တ– ၏အာမသနတ္ထကား "သို့လောသို့လော"ဟု တွေးတောယုံမှားခြင်းမှ ကင်းတော်မူသည်,ကူးခပ်အပ်ပြီးသော ဝိစိကိစ္ဆာရှိတော်မူသည်,အလုံးစုံသောတရားတို့၌ ပျောက်အပ်ပြီးသော ယုံမှားခြင်း ရှိတော်မူသည်၏ အဖြစ် (အကထံကထိတိဏ္ဏ ဝိစိကိစ္ဆ သဗ္ဗဓမ္မဝိဟတ သံသယဘာဝ) ဟူသောအနက် ဖြစ်ပါသည်။

---

၈။ ။ ကြိယာ ၅–တန်

(၁) (ဃ)(င)အမှတ်ပြဝါကျတို့အရ ဖြစ်ထိုက်သော ဒဿနတ္ထစသည့် ကြိယာ ၅–တန်ကား ဝိစိကိစ္ဆာကို ပယ်သတ်သော သောတာပတ္တိမဂ်ဉာဏ်သည် (မုချအားဖြင့် ပြအပ်သော)ဒဿနတ္ထ။

(၂) မဟာဝဇိရဉာဏ်သည် (ပဌမ)ဖလူပစာရအားဖြင့် ပြအပ်သော ဒီပကတ္ထ။

(၃) ဝိစိကိစ္ဆာမရှိခြင်းသည် (ပဌမ)ကာရဏူပစာရအားဖြင့် ပြအပ်သော ပကာသနတ္ထ။

(၄) အာနုပါနစတုတ္ထဈာန်သည် (ဒုတိယ)ဖလူပစာရအားဖြင့် ပြအပ်သော ဝိဘာဝတ္ထ။

(၅) ဝိမတိစ္ဆေဒနာ ပုစ္ဆာမရှိခြင်းသည် (ဒုတိယ)ကာရဏူပစာရ အားဖြင့် ပြအပ်သော အနုဘာဝတ္ထ။

[သောတာပတ္တိမဂ်ဉာဏ်ကို ကောက်ရာ၌ ထောက်ဖွယ်။ ။

သောတာပတ္တိမဂ်ဉာဏ်ကို ကောက်ယူရာ၌ ဓီနာလင်္ကာရဋီကာ ဘုရားဖြစ်တော်မူခဏ်း (၂၆၉)၌ လာသော –သော ဉာဏပဋိပါဋိယာ အာဂတောပရိကမ္မောပစာရာနုလောမသင်္ခါတေဟိ အညာဘိတနေဟိ တီဟိ သစ္စာနုလောမဉာဏေဟိ သစ္စပဋိစ္ဆာဒကတမေ ဝိဟတေ ဝိသုဒ္ဓေ နဘောစန္ဒံ ဩလောကေန္တော ဝိယ ဂေါတြဘု အနန္တရံ သောတာပတ္တိမဂ္ဂဉာဏေန နိဗ္ဗာနံ ပဿိ။ တေနဿ သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသေတိက္ကမေ တယော ကိလေသာပဟီနာ ဟောန္တိ။ပ။ ဒဿဖလ

http://www.dhammadownload.com



စတုဝေသာရဇ္ဇါဒိဂုဏာ သိဒ္ဓါ။ အရဏာဂုဏမနုဋ္ဌ သဗ္ဗညုတညာဏပဋိလာဘာဠ ကောဏ္ဍဝ အဟောသီတိ–ကိုထောက်သည်။ သောတာ ပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေ–ဟူသော သင်္ဂဟကမ္မဋ္ဌာန်းပိုင်းကိုလည်း ထောက်သည်။

သောတာပတ္တိမဂ်ဉာဏ်၏အကြောင်းနှင့် ယင်း၏အကြောင်းကို ထုတ်ပုံ

၁၃၁၅–ခုနှစ် ပါရာဇိကထာ ပဒဋ္ဌာနာဟာရနေတ္တိနည်း၌ "အာစတုဈာန်၊ဝိဇ်ရဲ၊ အောက်ဉာဏ်မဂ်ဖိုလ်ပြ"ဟု ဆိုခဲ့သော ပဒဋ္ဌာနာဟာရနေတ္တိနည်းအရ သောတာပတ္တိမဂ်ဉာဏ်၏အကြောင်းကို မဟာဝိဇ္ဇာဏ် ယင်း၏အကြောင်းကို အာနာပါနစတုတ္ထဈာန်ကို ထုတ်သည်။ ဝိပဿနာဉာဏ် ပါရမီဉာဏ်တို့ကို ထုတ်လျှင်လည်းရသည်သာ]

---

၉။ ။ ဝိမတိ–အရ လက္ခဏာဒိစတုက္က

သံသယလက္ခဏာ ဝိစိကိစ္ဆာ။

ကမ္မန ရသာ၊

အနိစ္ဆယပစ္စုပဋ္ဌာနာ,အနေကံသဂါဟပစ္စုပဋ္ဌာနာဝါ။

အယောနိသောမနသိကာရပဒဋ္ဌာနာ ။ (ဋ္ဌ။၃၀၀)

[ထောက်ဖွယ်။ ။ဝိမတိ အရဝိစိကိစ္ဆာကို ယူရာ၌

မနောဝိလေခသန္တေဟာ၊ သံသယော စ ကထံကထာ။

ဒွေဠ္ဍကံ ဝိစိကိစ္ဆာစ၊ ကင်္ခါ သင်္ကာ ဝိမတျပိ။ (တန်း။ ၁၇၈) အရဝိမတိနှင့် ဝိစိကိစ္ဆာ ပရိယာယ်ဖြစ်သည်ကို ထောက်။

အမေးများသော လက္ခဏာဒိစတုက္က။ ။ဤဝိစိကိစ္ဆာ၏ လက္ခဏာဒိစတုက္က မှာ (၁၃၂၀၊၁၃၂၈၊၁၃၄၂–ခုနှစ်များကလည်း မေးခဲ့ပြီဖြစ်၍ အမေးများသော လက္ခဏာဒိစတုက္ကဖြစ်သည်ကို သတိပြုပါ။)]

---

၁၀။ ။ ပဋ္ဌာန်းပစ္စည်း

ယံပန ဘဂဝတာ အတ္တနော ဉာဏေန ပဋိဝိဒ္ဓံ၌ ပစ္စယဓမ္မကား မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄–ခုရှိသော ဉာဏ် (သီလက္ခန်အဋ္ဌကထာ)(တစ်နည်း)သောမနဿ သဟဂုတ် မဟာကြိယာဉာဏ–သမ္ပယုတ် အသင်္ခါရိကစိတ်၌ရှိသောဉာဏ်(မိုနောလင်္ကာရ ဋီကာ)"ဟု ဆိုအပ်သော သဗ္ဗညုတဉာဏ် ဖြစ်ပါသည်။ ပစ္စယုပ္ပန္နဓမ္မကား ယင်းဉာဏ်နှင့် ယှဉ်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄–ခု (တစ်နည်း)သောမနဿသဟဂုတ် မဟာကြိယာဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊ အညသမာန်းစေတသိက် ၁၃၊ ဝိရတီ, ဉာဏ်ကြဉ်သော သောဘဏစေတသိက် ၂၁၊ ပေါင်း၃၄ခုဖြစ်ပါသည်။

ဉာဏေန–အရ "မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်၄–ခု ၌ရှိသောဉာဏ်, (တစ်နည်း)သောမနဿသဟဂုတ် မဟာကြိယာဉာဏသမ္ပယုတ်အသင်္ခါ ရိကစိတ်၌ ရှိသောဉာဏ်"ဟု ဆိုအပ်သော သဗ္ဗညုတဉာဏ်ပစ္စည်းတရားက ပဋိဝိဒ္ဓံ–အရ (ပဋိဝိဒ္ဓံ–၌ ဝိဓ–ဓာတ်အရ)ယင်းဉာဏ်နှင့်ယှဉ်သော မဟာကြိယာဉာဏသမ္ပယုတ် စိတ် ၄–ခု၊(တစ်နည်း)သောမနဿသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ် အသင်္ခါ ရိကစိတ် ၁–ခု၊အညသမာန်းစေတသိက် ၁၃၊ဝိရတီ,ဉာဏ်ကြဉ်သော သောဘဏ

http://www.dhammadownload.com



စေတသိက် ၂၁၊ပေါင်းစေတသိက် ၃၄–ခု ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကား ဟေတု,အဓိပတိ,သဟဇာတ,အညမည,နိဿယ,ဣန္ဒြိယ, သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၉–ပစ္စယသတ္တိတို့ဖြစ်ပါသည်။

["ပဋိဝိဒ္ဓ–အရ"ဟု ဆိုသော်လည်း ဓာတ်၏အရကိုသာ ရည်သည်။ "ပဋိဝိဒ္ဓ–အရ"ဟူသောအမေးအရဆိုလျှင် "ပစ္စည်း၏အရ"ဟူ ဆိုအပ်သော ပုဒ်လုံး၏အရကို ကောက်ယူရမည်။ "ပစ္စည်း၏အရ"ဟုဆိုအပ်သောပုဒ်လုံး၏အရကို ဟုဆိုအပ်သောပုဒ်လုံး၏အရကိုကောက်ယူလျှင် ယံ၏အရဖြစ်သော သဗ္ဗဓမ္မ ကိုကောက်ယူရတော့မည်။ ယင်းကိုကောက်ယူလျှင် အာရမ္မဏပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုရတော့မည်။ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျှင် ပဋိဝိဒ္ဓ၏ အရကပစ္စည်းတရား,ဉာဏေန–၏အရက ပစ္စယုပ္ပန်တရားဖြစ်ရတော့မည်။ သို့သော် "ဉာဏေန–၏ အရပစ္စည်းတရားက ပဋိဝိဒ္ဓ–အရ ပစ္စယုပ္ပန်တရားအား"ဟု မေးပြန်သဖြင့် ယင်းစကားအရဆိုလျှင် ပဋိဝိဒ္ဓ–၏အရ ပုဒ်လုံး၏အရကို ကောက်ယူလျှင် ပဋိဝိဒ္ဓ၏ အရသည် ပစ္စယုပ္ပန်မဖြစ်နိုင်တော့ချေ။ထို့ကြောင့် ပဋိဝိဒ္ဓ–၏အရကို ပဋိဝိဒ္ဓ–၌ရှိသော ဓာတ်၏အရကိုသာ ကောက်ယူရတော့သည်။ ဓာတ်၏အရကိုယူမှ ဉာဏေန–အရက ပစ္စည်းတရား,ပဋိဝိဒ္ဓ–၏အရက ပစ္စယုပ္ပန်တရားဖြစ်နိုင်သောကြောင့် "ဓာတ်၏ အရ"ဟု ဖော်မေးလျှင် ကောင်းသည်။

ဉာဏေန–အရ သဗ္ဗညုတဉာဏ်ကို ကောက်ယူရပုံ။ ။ ဉာဏေန–၏ ကံဖြစ်သော ယံကို ယံပနာတိ ဓမ္မဇာတံ" ဟုယောဇနာ (၇၈) ဆရာဖွင့်၏။ ပဒေသဂ္ဂ ဟဏေ အသတိ ဂဟေတဗ္ဗဿ နိပ္ပဒေသတာ ဝိညာယတိ။ (သာရတ္ထ၊ ၁။၂၂၉၊သီဋီသစ်၊၁၊၁၇။ ဝိသုဒ္ဓိမဂ္ဂ၊ဋီ၊၁၊ ၂၂၈)ပရိဘာသာအရ ယံ၏အရကို အစိတ်ကို ယူခြင်းမရှိသဖြင့်ယူအပ်သောအနက်၏ အလုံးစုံ၏အဖြစ်ကိုသာ သိရသောကြောင့် သိအပ်သောတရားမှန်သမျှ (သိစရာမှန်သမျှ)အားလုံး(သဗ္ဗဓမ္မ)ကို ယံ၏အရ ယူရမည်ကို သိအပ်၏။

ယံ–၏အရ–ကို သဗ္ဗဓမ္မကို ယူသဖြင့် ဉာဏေန၏အရ သဗ္ဗညုတဉာဏ်ကို ယူရမည်ကိုလည်း သိရပြန်သည်။ မှန်၏ သဗ္ဗညုတဉာဏ်သည်သာလျှင် သိစရာ မှန်သမျှအားလုံးကို သိနိုင်သည်မဟုတ်ပါလော။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်(၁၂၅)၌ သဗ္ဗံ သင်္ခတမသင်္ခတံ အနဝသေသံဇာနာတီတိ သဗ္ဗညုတညာဏံ"ဟု သဗ္ဗံကို ကံပုဒ် အဖြစ်ထား၍ ဒုတိယတပ္ပုရိသ်သမာသ် ဝိဂ္ဂဟလုစ်သည်။ (ဝိသုဒ္ဓိမဂ္ဂ၊ဋီ ၊၁။၂၃၀) စသည်၌လည်း နည်းတူပင်။ ဂဏ္ဌိသစ် (၃၃၅)၌လည်း ဉာဏေန–ကို "သဗ္ဗညုတဉာဏ်ဖြင့်"ဟု ပေးသည်။

ပစ္စယေဟိ သင်္ဂမ္မ ကတန္တိ သင်္ခတံ၊ခန္ဓပဉ္စကံ။ တထာ န သင်္ခတန္တိ အသင်္ခတံ၊ နိဗ္ဗာနံ။ အနေကဘေဒါပိ ပညတ္တိ ပစ္စယေဟိ အကတတ္တာအသင်္ခတပက္ခံ ဘဇတိ၊ သဗ္ဗညုတညာဏံ ဟိ သဗ္ဗာပိ ပညတ္တိယော အနေကဘေဒတော ဇာနာတိ။ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ၂၊ ၃၆။) ကိုထောက်၍ ပညတ်လည်း အသင်္ခတအရတွင် ပါဝင်သည်ကို သိအပ်၏။ အချုပ်အားဖြင့်မူ သဗ္ဗညုတ ဉာဏ်သည် "ယာဝတကံ နေယျံ၊ တာဝတကံ ဉာဏံ"ဟု ပဋိသမ္ဘိဒါမဂ် (၃၇၆)အဆိုအတိုင်း "သိအပ်သောတရားရှိသရွေ့ (သိစရာ မှန်သမျှ) ဘာတစ်ခုမျှမကျန် အကုန်လုံးသိ၏"ဟု မှတ်အပ်၏။

http://www.dhammadownload.com



ကံပုဒ်လိုက်၍ ဓာတ်၏အရ ထုးပုံ။ ။သစ္စာ ၄-ပါးကို ကံခံလျှင် ဗုဓ ဓာတ်အရကို အရဟတ္တမဂ်ဉာဏ်ကို ကောက်ရသည်။ သဗ္ဗဓမ္မကိုကံခံလျှင် ဗုဓ-ဓာတ်၏ အရကို သဗ္ဗညုတဉာဏ်ကို ကောက်ရသည်။ သစ္စာ ၄-ပါးကို သိလျှင် အရဟတ္တမဂ် ဉာဏ်နှင့်ဆိုင်သည်။ အလုံးစုံကို သိလျှင်သဗ္ဗညုတဉာဏ်နှင့် ဆိုင်သည်။ သဗ္ဗညုတ ဉာဏ်အရသာဖြစ်သည်။ သိခြင်းအနက်ဟော ဝိဒ-စသော ဓာတ်များ၌လည်း နည်းတူ ပင်။ သမ္မာ အဝိပရီတေနာကာရေန သယမေဝ စတ္တာရိ သစ္စာနိ ဗုဇ္ဈတိ ပဋိဝိဇ္ဈတီတိ သမ္မာသမ္ဗောဓိတိ မဂ္ဂေါဝုစ္စတိ။ သဗ္ဗဓမ္မေ၊ သဗ္ဗာကာရတော ဗုဇ္ဈတိ ပဋိဝိဇ္ဈတီတိ သဗ္ဗညုတညာဏံ ဗောဓိ။ (သာရတ္ထ၊ ၁၊ ၃၅၁) ဗောဓိသဒ္ဒေါ သဗ္ဗညုတဏာဒိသု၊ အတ္တေသု ဣဓ သဗ္ဗညုတညာဏာရဟတ္တမဂ္ဂဉာဏေသု ပဝတ္တတိ၊ တတ္ထ ပဋ္ဌမံ သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ, ဒုတိယံ စတ္တာရိသစ္စာနိဗုဇ္ဈတီတိ ဗောဓီတိ ဝုစ္စတိ။ (မဏိဒီပဋီ၊ ၁၊ ၁၃၈။) စတ္တာရိသစ္စာနိ ဗုဇ္ဈတီတိ ဗောဓိ၊ မဂ္ဂဉာဏံ။ သဗ္ဗံ ဉေယျံ ဗုဇ္ဈတီတိ ဗောဓိ၊ သဗ္ဗညုတညာဏံ။(မဏိမဥ္ဇူ။ ၁၊ ၉၄။)တို့ကိုထောက်။

သဗ္ဗညုတဉာဏ်၏အရကောက်၌ ထောက်ဖွယ်။ ။ကတမေစ ပန တေ ဓမ္မာ ဘဂဝတာ ဓဝံ ထောမိတာတိ သဗ္ဗညုတညာဏံ။ ယဒိ ဓဝံ ကသ္မာ ဗဟုဝစနနိဒ္ဒေသော ကတောတိ? ပုထုစိတ္တသမာယောဂတော စေဝ ပုထုအာရမ္မဏ တော စ၊တဉ္စိ စတူသု ဉာဏသမ္ပယုတ္တမဟာကြိယစိတ္တေသု လဗ္ဗတိ၊န စဿ ကောစိ ဓမ္မော အာရမ္မဏံ နာမနဟောတိ။ (သီလက္ခန္ဓဝဂ္ဂ၊ဋ္ဌ၊၉၃)

သဗ္ဗညုတဉာဏံ နာမ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါ ရိကံ ကာမာဝစရကြိယစိတ္တံ။ (ဓိနာလင်္ကာရဋီကာ၊၃၀၈။) တို့ကိုထောက်၍ သဗ္ဗညုတ ဉာဏ်၏အရကို ၂-နည်းကောက်သည်။]

---

## ၁၉၈၆ (၁၃၄၇) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ်(၁)-မေးခွန်း

---

၁။ ။ ယော တေသံ အရူပိနံ ဓမ္မာနံ အာယု ဋ္ဌိတိ ယပနာ ယာပနာ ဣရိယနာ ဝတ္တနာ ပါလနာဇီဝိတံ ဇီဝိတိန္ဒြိယံ-ကို ပါဠ္ဍာနုသာရီနည်းအားဖြင့်အနက်ယောဇနာပါ။

၂။ ။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ဝိဝိစ္စေဝ ကာမေဟိ။ ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ အပ္ပမာဏံ ပရိတ္တာရမ္မဏံ ပထဝီကသိဏံ-ကို ကတ္တားစွက်၍ နိဿယည်းကျကျ ယောဇနာပါ။

၃။ ။ ယာ တေသံဓမ္မာနံ အနညာတာနံ အဒိဋ္ဌာနံ အပ္ပတ္တာနံ အဝိဒိတာနံ အသစ္ဆိကတာနံ သစ္ဆိကိရိယာယ ပညာ-ကို ဓမ္မာနံ၌ သရူပတ္ထထင်စေလျက် အနညာတာနံ စသောပုဒ်တို့၌ ကရိဏ်းနှင့်ကမ္မိပုဒ်များ အသီးအသီးထည့်စွက်၍ ယောဇနာပါ။

http://www.dhammadownload.com



၄။ ။ ယော အာကာသော အာကာသဂတံ အဃံ အဃဂတံ ဝိဝရော ဝိဝရဂတံ အသမ္ဖုဋ္ဌံ စတူဟိ မဟာဘူတေဟိ–ကို ပါဌာနုသာရီနည်းအားဖြင့် ယောဇနာပါ။

၅။ ။ တိသုပိ စေတေသု စေတော ဓမ္မတ္တဒေသနာပဋိဝေဓာ ယသ္မာ သသာဒီဟိ ဝိယ မဟာသမုဒ္ဒေါ မန္ဒဗုဒ္ဓီဟိ ဒုက္ခောဂါဟာ အလဗ္ဘနေယျ ပတိဋ္ဌာစ–ကို ဒုက္ခောဂါဟာ၌ သဒ္ဒတ္ထ,အဓိပ္ပါယတ္ထထင်စေလျက် ဥပမာ,ဥပမေယျကွဲပြားအောင် ယောဇနာပါ။

၆။ ။ ယဒိ ဗုဒ္ဓဿ သောဓေယ်၊ ကောကာသံ ဒဒါထ မေ။ အဟမ္ပိ သောဓယိဿာမိ၊ အဉ္ဇသံ ဝဋုမာယနံ ဂါထာ–ကို ပုဗ္ဗ၌ ကတ္တား, ကံထည့်စွက်၍ အနက်ယောဇနာပါ။

၇။ ။ ယထာ ပန ရညော စက္ကဝတ္တိဿ ပရိဏာယကရတနံ ရညော အဟိတေစ ဟိတေစ ဉတွာ အဟိတေ အပယာပေတိ၊ဟိတေ ဥပယာပေတိ–ကို ပါဌာနုသာရီနည်းအားဖြင့် ယောဇနာပါ။

၈။ ။ ဝိဝေကဇန္တိ ဧတ္ထ ဝိဝိတ္တိ ဝိဝေကော၊နီဝရဏဝိဂမောတိအတ္ထော။ ဝိဝိတ္တောတိ ဝါ ဝိဝေကော၊နီဝရဏဝိဝိတ္တော ဈာနသမ္ပယုတ္တဓမ္မရာသီတိ အတ္ထောကို ဝိဝိတ္တော–၌ ယထာသမ္ဘာအားဖြင့် ကတ္တား,ကံထည့်စွက်၍ နှစ်နည်းပြုကာ အနက် ယောဇနာပါ။

၉။ ။အာဒိဝေါ စ နာမေသ ပါဠိယက္ကော နတ္ထိ။ဝါစာကမ္မေသု ဂဟိတေသု ဂဟိတော ဟောတိ တပ္ပက္ခိကတ္တာ ရူပပဋိသေဓ န ဝသေန ပနာယံ တတော နီဟရိတွာ ဒဿိတော–ကို နိပါတ်,သဗ္ဗနာမ်အစွဲမှန်စေလျက် အနက်ယောဇနာပါ။

၁၀။ ။ သမ္မာဒိဋ္ဌိယာ ဝိနိဝိဋ္ဌနဋ္ဌေန ဝိလောမနဋ္ဌေနစ ဒိဋ္ဌိဝိသူကာယိကံ။ မိစ္ဆာဒဿနဉ္ဟိ ဥပ္ပဇ္ဇမာနံ သမ္မာဒဿနံ ဝိနိဝိဇ္ဈတိစေဝ ဝိလောမေတိစ–ကို ပုရိမဝါကျ၌ ပကတိကတ္တားနှင့် ကြိယာထည့်စွက်၍ အနက်ယောဇနာပါ။

---

၁၉၈၆ (၁၃၄၇) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ်(၁) အဖြေ

---

၁။ ။ [ပါ။ ၂၀။ ပါသျှ၊ ၄၅။]

---

၂။ ။ ကတ္တားစွက်၍ အနက်

["ယောဂါဝစရော" ဟု, သို့မဟုတ် "ယောဂီ"ဟု ကတ္တားထည့်။ ။ပါ။ ၅၁။ ပါသျှ၊၁၀၄။]

http://www.dhammadownload.com



[ကတ္တားစွက်ရာ၌ ယောက်ဖွယ်။ ။ ယောဂါဝစရော အာရမ္မဏံ ဝိတက္ကာဟတံ ဝိတက္ကပရိယာဟတံ ကရောတီတိ ဝုစ္စတိ။ (အဘိ၊ ဋ္ဌ၊ ၁၊ ၁၅၇။ ဝိသုဒ္ဓိ၊ ၁၊ ၁၃၈)။ တသ္မိံ ဥပန္နေ ယောဂါဝစရော" န ဝတ မေ ဣတော ပုဗ္ဗေ ဧဝရူပေါ ဩဘာသော ဥပ္ပန္နပုဗ္ဗော၊အဒ္ဓါ မဂ္ဂပ္ပတ္တောသ္မိ ,ဖလပ္ပတ္တောသ္မိ" တိ အမဂ္ဂမေဝ "မဂ္ဂေါ"တိ အဖလမေဝ "ဖလ"န္တိ ဂဏှာတိ။ (ဝိသုဒ္ဓမဂ္ဂ၊ ၂၊ ၂၇၀။) ပြဟ္မာနော နိဒ္ဒေါသစိတ္တာ ဧတေဟိ သမ္မယုတ္တာ ယောဂိနော ပြဟ္မသမာဝ ဟုတွာ ဝိဟရန္တိ။ (ဓမ္မသင်္ဂဏီ၊ဋ္ဌ၊ ၂၄၀။)တတြာယံ ယောဂီ ဧတေသံ ဒသကာနံ ဝသေန ဝယောဝုဍ္ဎတ္ထင်္ဂမတော လက္ခဏံ အာရောပေတုံ ဣတိ ပဋိသဉ္စိက္ခတိ။ (ဝိသုဒ္ဓိမဂ္ဂ၊ ၂၊ ၂၅၅။) အာယတနဥ္စ ယောဂိနော သုခဝိသေသာနံ အဓိဋ္ဌာနဘာဝတော မနာယနစ္စေဝ ယတနဘာဝတော စာတိပိ သသမ္ပယုတ္တံ ဈာနံ အဘိဘာယတနံ (ဓမ္မသင်္ဂဏီမူလဋီ၊၁၊၁၀၅။)]

---

၃။ ။ သရူပတ္ထ ထင်စေလျက် ကရိုဏ်း,ကမ္မီများထည့်၍အနက်

(ပညာစက္ခုနှာ၊ပညာစက္ခုဖြင့်။)အညာတာနံ၊မသိအပ်ဘူးကုန်သော။ တေသံ ဓမ္မာနံ၊ထိုသစ္စာလေးပါးတရားတို့ကို။ (ဉာဏာယ၊သိခြင်းငှာ။)(ပညာစက္ခု နှာ၊ဖြင့်) အဒိဋ္ဌာနံ၊မမြင်အပ်ဘူးကုန်သော။ (တေသံဓမ္မာနံတို့ကို။ ဒဿနာယ၊မြင်ခြင်းငှာ) (အဓိဂမဝသေန၊ရသည်၏အစွမ်းဖြင့်။) အပ္ပတ္တာနံ၊မရောက်ဘူးကုန်သော (တေသံ ဓမ္မာနံ၊တို့ကို။ ပတ္တိယာ၊ရောက်ခြင်းငှာ။)(ဉာဏေန၊ဉာဏ်ဖြင့်)အဝိဒိတာနံ၊ ထင်ရှားမပြုအပ်ဘူးကုန်သော (တေသံ ဓမ္မာနံ၊တို့ကို။ ဝေဒါယ၊ထင်ရှား ပြုခြင်းငှာ၊) (ဉာဏေန၊ဖြင့်။) အသစ္ဆိကတာနံ၊မျက်မှောက်မပြုအပ်ဘူးကုန်သော (တေသံ ဓမ္မာနံ၊ တို့ကို။ သစ္ဆိကိရိယာယ၊မျက်မှောက်ပြုခြင်းငှာ။) ယာ ပညာ၊အကြင် ပညာသည်။ [ပါ။ ၇၅။ ပါ၊သျ၊၁၃၀၊ဋ္ဌ၊ ၂၆၂။]

---

၄။ ။[ပါ။ ၁၆၉။ ပါ၊သျ။ ၂၆၈ ။ ။(၁၃၁၈၊၁၃၃၄–ခုနှစ်များကလည်း မေးခဲ့ပြီး)]

---

၅။ ။ ဒုက္ခောဂါဟော–၌ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထထင်စေလျက် ဥပမာန,ဥပမေယျ ကွဲပြားအောင်အနက်

စ၊ဆက်။ တီသုပိ၊သုံးပုံလည်းဖြစ်ကုန်သော။ ဧတေသု ပိဋကေသု၊ ဤပိဋကတို့၌။ ဧတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ၊ဤဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓတို့ကို။ ဝါ၊ဤဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓတို့သည်။ ယသ္မာ၊အကြင့်ကြောင့်။ မန္ဒဗုဒ္ဓီဟိ၊ နုံ့သောပညာရှိကုန်သောပုဂ္ဂိုလ်တို့သည်။ ဒုက္ခောဂါဠှာစဆင်းရဲသဖြင့်သက်ဝင်အပ်ကုန်သည်လည်းကောင်း။ ဝါ၊ဆင်းရဲသော သက်ဝင်ခြင်းရှိသည်လည်းကောင်း (သဒ္ဒတ္ထ။) ဝါ၊သက်ဝင်နိုင်ခဲကုန်သည်လည်းကောင်း (အဓိပ္ပာယတ္ထ)၊အလဗ္ဘနေယျပတိဋ္ဌာစ၊ မရအပ်သော ထောက်ရာတည်ရာရှိကုန်သည်လည်းကောင်း။(ဟောန္တိ၊ ဖြစ်ကုန်၏။) ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား၊မဟာသမုဒ္ဒေါ၊မဟာသမုဒ္ဒရာကို။ ဝါ၊မဟာသမုဒ္ဒရာသည်။ သသာဒိဟိ၊ယုန်သားငယ်အစရှိကုန်သောသတ္တဝါတို့သည်။ (ဒုက္ခောဂါဠှော)ဝိယ (စ) ၊ဆင်းရဲသဖြင့် သက်ဝင်အပ်၏သို့လည်းကောင်း။ ဝါ၊ဆင်းရဲသော

http://www.dhammadownload.com



သက်ဝင်ခြင်းရှိ၏သို့လည်းကောင်း။ဝါ၊ သက်ဝင်နိုင်ခဲ့၏သို့လည်းကောင်း။ (အလဗ္ဘနေယျတိဋ္ဌောဝိယစ၊မရအပ်သော ထောက်ရာတည်ရာရှိ၏သို့ လည်းကောင်းတည်း) တသ္မာ၊ထိုသို့ ဆင်းရဲသဖြင့် သက်ဝင်အပ်သည်၏အဖြစ်။ ဝါ၊ဆင်းရဲသောသက်ဝင်ခြင်းရှိသည်၏အဖြစ်။ ဝါ၊သက်ဝင်နိုင်ခဲသည်၏အဖြစ်,မရအပ်သော ထောက်ရာတည်ရာရှိသည်၏အဖြစ်ကြောင့်။ ဂမ္ဘီရာ နက်နဲကုန်၏။ [ ဋ္ဌ။ ၂၃။ ဋ္ဌသျ၊၁၊၈၉။ အလားတူဝါကျကို (၁၉၇၈ (၁၃၃၉)ခုနှစ်ကလည်း မေးခဲ့ပြီ။)]

[သဒ္ဒတ္ထ,အဓိပ္ပါယတ္ထ၌ ထောက်ဖွယ်။ ။ ဒုက္ခေန ဩဂယှန္တိ, ဒုက္ခော ဝါ ဩဂါဟော အဋ္ဌော ပဝိသနမေတေသူတိ ဒုက္ခော ဂါဟာ။(သီဋီသစ်၊၁၊ ၁၀၅။) ပါရာဇိကဏ် ဂဏ္ဌိသစ် (၁၆၄)လည်း ရှု။]

---

၆။ ။ [သျှအတိုင်း ယောဇနာ။ ။ ဋ္ဌ၊၄၂။ ဋ္ဌသျ၊၁၊၁၅၅။]

---

၇။ ။ [ ဋ္ဌ၊၁၆၅။ ဋ္ဌသျ၊ ၂၊၆၅။]

---

၈။ ။ ဝိဝိတ္တော၌ ကတ္တား,ကံထည့်စွက်၍ နှစ်နည်းပြုကာ အနက်

(ယာစျာနသမ္ပယုတ္တဓမ္မရာသိ၊အကြင်ဈာန်နှင့် ယှဉ်သောတရားအစုသည်။ နီဝရဏေဟိ၊နီဝရဏတို့မှ။)ဝိဝိတ္တော၊ကင်းဆိတ်တတ်၏။ ဣတိတသ္မာ၊ထိုသို့ နီဝရဏတို့မှ ကင်းဆိတ်တတ်သည်၏အဖြစ်ကြောင့်။ (သောဈာနသမ္ပယုတ္တဓမ္မရာသိ၊ ထိုဈာန်နှင့်ယှဉ်သောတရားအစုသည်။)ဝိဝေကော၊ဝိဝေကမည်၏။ (တစ်နည်း)(ယော ဈာနသမ္ပယုတ္တဓမ္မရာသိ၊အကြင်ဈာန်နှင့်ယှဉ်သော တရားအစုကို။ ဈာနေန၊ဈာန်သည်။ နီဝရဏေဟိ၊နီဝရဏတို့မှ။)ဝိဝိတ္တော၊ကင်းဆိတ်စေအပ်၏။ ဣတိ တသ္မာ၊ထိုသို့ နီဝရဏတို့မှ ဈာန်သည် ကင်းဆိတ်စေအပ်သည်၏ အဖြစ်ကြောင်း။ (သောဈာနသမ္ပယုတ္တဓမ္မရာသိ၊ထိုဈာန်နှင့်ယှဉ်သော တရားအစုသည်။)ဝိဝေကော၊ ဝိဝေကမည်၏။ ။[ကြွင်း သျှအတိုင်း ယောဇနာ။ ဋ္ဌ၊ ၂၁၁။ ဋ္ဌ၊သျ၊ ၂၊ ၂၅၀ ]

မှတ်ချက်။ ။နောက်နည်း၌ဖော်ပြခဲ့သည်မှာ ဝိဝိတ္တောကို ကာရိတလောပ ဟေတုကမ္မသာဓန ယူ၍ ဈာန်ကို ကတ္တား,သမ္ပယုတ္တဓမ္မကို ကံထည့်သော ပါရာဇိက ကဏ္ဍအဋ္ဌကထာနိဿယသစ် (၂၊ ၂၈၂။)ပါရာဇိကဏ်ဂဏ္ဌိသစ် (၂၊၁၇၄။)တို့အလို ဖြစ်သည်။ အဋ္ဌသာလိနီနိဿယဆရာလည်း ဟေတုကမ္မသာဓနပင်ယူသည်။ ပါရာဇိကဏ် ဂဏ္ဌိ (၂၄၃)အဋ္ဌသာလိနီဂဏ္ဌိ (၁၅၈)ဂဏ္ဌိသစ် (၄၉၂)တို့၌ကား သုဒ္ဓကမ္မသာဓန ယူ၍ "နီဝရဏေဟိ၊တို့သည်။ ဝိဝိတ္တော၊ ကြဉ်အပ်၏"ဟု နီဝရဏတို့ကို ကတ္တားပြုသည်။ သုဒ္ဓကတ္တုသာဓနပေးသောရှေ့နည်း၌ အကမ္မကဖြစ်၍ ကံထည့်ရန် မလိုပါ။

[ထောက်ဖွယ်။ ။ ၂–နည်းပေးရာ၌ ဝိဝိတ္တောတိ ဟိ ဣမိနာ နီဝရဏေဟိ ဝိနာဘူတော (သုဒ္ဓကတ္တုသာဓနေ)၊တေဟိ ဝိဝေစိတော (ဟေတုကမ္မသာဓနေ)တိစ သာဓနဒွယမ္ပိ သင်္ဂဟိတမေဝ။ (သာရတ္ထ၊၁၊၃၆၁။)ကိုထောက်၊နိဿယဟောင်း, သစ်ဆရာ,ဂဏ္ဌိဟောင်း,သစ်ဆရာကြီးများသည် ဤသာရတ္ထကို ထောက်၍ ဆိုကြသည်ချည်းဖြစ်သည်။ သို့သော်တေဟိ ဝိဝေစိတော၌ အယူအဆ ကွဲလွဲကြသည်]

---

http://www.dhammadownload.com



၉။ ။ [ ဋ္ဌ၊ ၂၆၄။ ဋ္ဌသျ၊ ၂၊ ၄၈၄။]

---

၁၀။ ။ ပကတိကတ္တားနှင့် ကြိယာထည့်စွက်၍ အနက် ["မိစ္ဆာဒိဋ္ဌိ၊မိစ္ဆာဒိဋ္ဌိသည်။ ပ။ ဒိဋ္ဌိဝိသုကာယိကံ၊ ဒိဋ္ဌိဝိသုကာယိက မည်သည်။ ဟောတိ၊ဖြစ်၏။"ဟု မိစ္ဆာဒိဋ္ဌိနှင့် ဟောတိထည့်ယောဇနာ။ ။ ဋ္ဌ၊ ၂၉၅၊ဋ္ဌသျ၊၃၊ ၂၂။]

---

၁၉၈၆ (၁၃၄၇) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ်(၂) မေးခွန်း

---

(က) ယံ တသ္မိံ သမယေတိ ဧတ္ထ ကိဉ္စာပိ ကတမာ တသ္မိံ သမယေ ဝေဒနာ ဟောသီတိအာရဒ္ဓံ၊ သာတပဒေန ပန ယန္တိ ဝုတ္တံ။
(ခ) တစ္ဆာမနောဝိညာဏဓာတုသမ္ဘဿဇန္တိ ဧတ္ထ တစ္ဆာ ဝုစ္စတိ တဿ သာတသုခဿ အနုစ္ဆဝိကာ သာရုပ္ပာ။
(ဂ) အနုစ္ဆဝိကတ္တာပိ ဟိ အယံ တစ္ဆာသဒ္ဒေါ ဟောတိ။ ယထာဟ 'တစ္ဆံ တဿာရုပ္ပံ ကထံ မန္တေတီ"တိ။
(ဃ) တေဟိ ဝါ ရူပါဒီဟိ အာရမ္မဏေဟိ ဣမဿ စ သုခဿ ပစ္စယေဟိ ဓာတာတိပိ တစ္ဆာ။

၁။ ။ ဖော်ပြပါဝါကျတို့တွင် (က)(ဃ)အမှတ်ပြဝါကျတို့ကိုသာ ကတ္တားပုဒ်အသီးသီးထည့်၍ အနက်ယောဇနာခဲ့ပါ။

၂။ ။ (ဂ)အမှတ်ပြဝါကျကိုသာ ဋ္ဌပနာပဥ္စကသုဒ္ဓဓောဒနာ ကျမ်းတက်ပြပါ။ (အဓိပ္ပါယ်ပြန်ရန် မလို)။

၃။ ။ (ဃ)အမှတ်ပြဝါကျ (ဝဒန္တိပက္ခ)၌ သဒ္ဒါ,အနက်, အကြောင်းအကျိုးလေးမျိုးတို့တွင် အဘယ်ကို လဲလှယ်လို၍ ဝါသဒ္ဒါ ထားရကြောင်းကိုရှင်းပြပါ။

၄။ ။ တစ္ဆာပုဒ်ကို ဝိဂ္ဂဟပြု၍ ဘာဒစိန္တာ ဒီပနီနည်းဖြင့် ဗျုပ္ပတ္တိစသည်ခွဲဝေပြပါ။

၅။ ။ တစ္ဆာ,မနော,ဝိညာဏ,ဓာတု,သမ္ဘဿဇဟူသော ၅-ပုဒ်တို့ကို လိင်,ဂဏ,အန္တတို့ကို ညွှန်းလျက် သမာသပဒစသည်ဝေဖန်ခဲ့ပါ။

http://www.dhammadownload.com



၆။ ။ (ခ)(ဃ)အမှတ်ပြဝါကျတို့၌ ကျမ်းဆရာ၏ နှလုံးသွင်းအာဘောဂများကို သံဝဏ္ဏနာအမည်နှင့်တကွ ဖော်ညွှန်းခဲ့ပါ။

၇။ ။ (က)အမှတ်ပြဝါကျပါ ပန နိပါတ်ပုဒ်၏ ဤနေရာ၌ လိုအပ်သောအနက်ကို အကြောင်းပြ၍ ဖြေခဲ့ပါ။

၈။ ။ (ခ)အမှတ်ပြဝါကျပါ သံဝဏ္ဏောတဗ္ဗပုဒ်အရ တရားကို ယူ၍ ကြိယာ ၅–တန်ထုတ်ပြခဲ့ပါ။

၉။ ။ ယင်း (ခ)အမှတ်ပြဝါကျ သံဝဏ္ဏောတဗ္ဗပုဒ်အရ တရားကိုပင် လက္ခဏာ,ရသစသည် ပြည့်စုံအောင် ရေးခဲ့ပါ။

၁၀။ ။တစ္ဆာပုဒ်၌ တ–အရ ပစ္စည်းတရားနှင့် ဓာ–အရ ပစ္စယုပ္ပန်တရားများကို အသီးသီးအရကောက်၍ ပြိုင်ပစ္စည်းနှင့်တကွ ပဋ္ဌာန်းနည်းဖြင့် ကျေးဇူးပြုပုံကို ဖော်ပြခဲ့ပါ။

---

၁၉၈၆ (၁၃၄၇) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁။ ။ ကတ္တာပုဒ်အသီးအသီး ထည့်၍အနက်

[(က)အမှတ်ပြဝါကျ၌ ကတ္တားပုဒ်ကို ဘဂဝတာထည့်။ (ဃ)အမှတ်ပြဝါကျ၌ "ယာမနောဝိညာဏဓာတု၊ သည်။ ပ။ ဓာတာ၊ဖြစ်သည်တည်း။ ဣတိပိ၊ လည်း။ သာမနောဝိညာဏဓာတု၊သည်။ တစ္ဆာ၊ တစ္ဆာမည်၏"ဟု ထည့်ယောဇနာ။ ၄၊ ၁၈၃ ၊ဋ္ဌသျ၊ ၂၊ ၁၄၅။]

---

၂။ ။ (ဂ)အမှတ်ပြဝါကျ ဥပနာပဥ္စက သုဒ္ဓစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် "တံ သမ္မဂ်ပုဂ္ဂလ, သမ္ပယုတ္တဓမ္မတို့ကို မိမိ၌သာယာစေတတ်သော ထိုသုခ(သာတသုခ)အား သင့်လျော်လျောက်ပတ်သော (သင့်လျော်နှင့်လျောက်ပက်ကား ပရိယာယ်သာ) မနောဝိညာဏဓာတ်ကို တစ္ဆာဟူ၍ ဆိုအပ်၏"ဟု ဒဠှီယကို ဆိုတော်မူ၏(ဥပနာ)။ ဒဠှီယသည် ဒဠှီ ကရဏနှင့်မကင်းကောင်းသည် မဟုတ်ပါလော(အာဘောဂ)။ ထိုသို့မကင်းကောင်းသောကြောင့်(အာဘောဂဟေတု)။ဒဠှီယကိုသာ မဆိုသင့်။ (ဥပနာ ပဋိက္ခေပ)။ ဒဠှီ–ကရဏကား အဘယ်ပါနည်း(စောဒနာ)။ဤသို့စောဒနာဖွယ်ရှိ၍ ထို စောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကိုမိန့်။

မှတ်ချက်။ ။(ဂ)အမှတ်ပြဝါကျသည် ယုတ္တိဒဠှီကရဏ, အာဂမဒဠှီကရဏ ၂–ဝါကျဖြစ်၍ ၂–ဝါကျလုံးကိုရည်၍ ၂–ဝါကျလုံးပါဝင်နိုင်စေရန် ဒဠှီယ, ဒဠှီကရဏ သာမန်တက်သည်။ [ဒေါ်သမတင်စေလို၍ သုဒ္ဓစကားလုံး သုံးသည်။]

---

http://www.dhammadownload.com



၃။ ။ဝါ–သဒ္ဒါ ထားရခြင်းအကြောင်း

သဒ္ဒါ, အနက်, အကြောင်း, အကျိုး ၄ မျိုးတို့တွင် သာတသုခအား သင့်လျော်လျောက်ပတ်ခြင်းအနက်မှတစ်ပါး သာတသုခ၏လည်း အကြောင်းပစ္စည်း ဖြစ်ကုန်သော ရူပါရုံ အစရှိကုန်သော အာရုံတို့ကြောင့် ဖြစ်ခြင်းအနက်ကို လဲလှယ်လို၍ (ဃ)အမှတ်ပြဝါကျ (ဝဒန္တုပက္ခ)၌ ဝါ–သဒ္ဒါထားရပါသည်။

မှတ်ချက်။ ။(ဃ)အမှတ်ပြဝါကျ၌ "ဣမဿ စ သုခဿ"ဟု အချို့မူ၌ စ ပါသည်။ အချို့မူ၌ မပါ နိဿယ,ဂဏ္ဌိဆရာတို့က စ–ကိုမပေး။ ဂဏ္ဌိသစ်ဆရာကမူ "ဣမဿစ သုခဿ၏လည်း"ဟု စ–ကိုပေးသည်။

[ဝဒန္တုပက္ခ–စကားမလို။ ။ နွားစသော အနက်ဒြပ်ကို အာရုံပြု၍ (အာရုံပြုပြီးမှစိတ်ရောက်ပြီးမှ)ဂေါ စသောသဒ္ဒါကို ဆိုသောကြောင့်ဝဒန္တုအဘို့၌အနက်က အကြောင်း,သဒ္ဒါက အကျိုး။ ဂေါ စသောသဒ္ဒါကိုကြား၍(ကြားပြီးမှ)နွားစသော အနက်ဒြပ်ကိုသိသောကြောင့် သုဏန္တုအဘို့၌ သဒ္ဒါကအကြောင်း, အနက်ကအကျိုး။ ဤသို့ သဒ္ဒါအနက်နှစ်မျိုးကို အကြောင်း,အကျိုးယူပုံမှာ ဝဒန္တု သုဏန္တု လိုက်၍ ထူးခြားကွဲပြားလျက်ရှိသည်။ ထို့ကြောင့် ဝဒန္တု, သို့မဟုတ် သုဏန္တုစကားလုံး မ၍ အုတ်ကြားမျက်ပေါက် မပြောပလောက်သော ပုဂ္ဂိုလ်အနည်းငယ်သာ အချို့နေရာ၌ ဖြေသူကို ငဲ့ညှာသည့်အနေဖြင့် မေးတတ်ကြလေသည်။ အချို့နေရာ၌ဆိုသည်မှာ အကြောင်း,အကျိုး ၂–မျိုးကိုသာယူ၍ မေးသည့်နေရာဖြစ်သည်။ဤ၌ကား သဒ္ဒါ, အနက်,အကြောင်းအကျိုး ၄–မျိုးကိုယူ၍ မေးထားသောကြောင့် ဝဒန္တုပက္ခ ဟူသော ဝိသေသန ထည့်ဖွယ် မ,ဖွယ် မလိုပါ။အမှန်မှာ အနက်သည်အကြောင်း သဒ္ဒါသည် အကျိုးဖြစ်၍ မည်သည့်နေရာမှ ဝဒန္တု,သို့မဟုတ်သုဏန္တုစကားလုံးမ,ဖွယ်မလိုပါ။ မလိုသောကြောင့် ပုဂ္ဂိုလ်အနည်းငယ်သာ မေးခြင်းဖြစ်ပါသည်။]

---

၄။ ။ ဝိဂ္ဂဟ။ ။တေဟိ ဓာတာ တဇ္ဇာ။

ဘေဒစိန္တာဒီပနီနည်းဖြင့် ဗျုပ္ပတ္တိစတုက္က

(၁) တေဟိ ဓာတာဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

(၂) တ–ပုဒ်,ဓ–ပုဒ်, အာပစ္စည်းသည်လည်းကောင်း၊ဤသာတသုခ၏လည်း အကြောင်းပစ္စည်းဖြစ်ကုန်သော ရူပါရုံအစရှိကုန်သော အာရုံတို့၏ မနောဝိညာဏဓာတ်နှင့် အကြောင်းအကျိုး၏အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

(၃) တဇ္ဇာဟူသော နိပ္ဖန္နသည် ပဝတ္တိ။

(၄) ဤသာတသုခ၏လည်း အကြောင်းပစ္စည်းဖြစ်ကုန်သော ရူပါရုံအစရှိသော အာရုံတို့ကြောင့် ဖြစ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

[ ကြိယာကို ပဝတ္တိနိမိတ် ခွဲရခြင်းအကြောင်း။ ။ တဇ္ဇာ–သဒ္ဒါသည် သွားခြင်းကြိယာကို အကြောင်းပဝတ္တိနိမိတ်ပြု၍ နွားဒြပ်ကို ဟောသောဂန္တာ ဂစ္ဆတိ–၌ ဂန္တာ–ဟူသော ကြိယာသဒ္ဒါ သဘောမျိုးဖြစ်သည်။ ထိုအာရုံတို့ကြောင့် ဖြစ်ခြင်း ကြိယာ ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ တဇ္ဇာ–သဒ္ဒါသည် မနောဝိညာဏဓာတ်ကို ဟောသည် ဟူလို။ ထို့ကြောင့် ကြိယာကို ပဝတ္တိနိမိတ်ခွဲသည်။

52A

http://www.dhammadownload.com



ဋီကာနည်း ဝိဂ္ဂဟ။ ။ဓမ္မသင်္ဂဏီမူလဋီကာ (၉၅)၌ အဋ္ဌကထာနည်းမှ တစ်ပါး မိမိစိတ်ကြိုက် "တဿာတာ တဇ္ဇာ"ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ပြုသေးသည်။ ဋီကာအလို ဝိဂ္ဂဟလည်းရှိသောကြောင့် "အဋ္ဌကထာအလိုကျ"ဟု မေးသင့်သည်။ ယင်းသို့မမေးခြင်းကြောင့် ဘယ်နည်းဖြင့် ဖြေဖြေအမှတ်ပေးရမည်သာ။

တဇ္ဇာ ပုဒ်ပြီးပုံ။ ။ တဇ္ဇာ၌ တပုဒ်,ဇပုဒ်,အာပစ္စည်း၊ ယ,တနှင့်စပ်သည့် သမာသ်မှာ နောက်ပုဒ်၌သော်လည်း ဒွေဘော်လာ။ ရုံခါရှေ့ ယ,တ၌သော်လည်း နိဂ္ဂဟိတ်လာရမည်ဖြစ်သောကြောင့် ဤ၌ နောက်ပုဒ်၌ ဒွေဘော်လာ၊မနောဝိညာဏဓာတု–ကိုရသောကြောင့် ဣတ္ထိလိင်ဖြစ်၍ ဣတ္ထိလိင်ဇောတက အာပစ္စည်းသက်၍ "တဇ္ဇာ"ဟုပြီးသည်။

ကျက်။ ။ ယ,တနှင့်စပ်၊ ထိုသမာသ်မှာ၊ ဒွေဘော်လာ၊ ရုံခါရှေ့ဝယ်ဗိန္ဒု စီးသတည်း။ (ပေါရာဏ)

ယ,တ သဒ္ဒသမာသမှိ၊ သဒ္ဒိ ပရပဒေန စေ။

နိဂ္ဂဟီတာဂမော ပုဗ္ဗေ၊ ဒွေဘာဝေါ ဝါပရော သိယာ။

(ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ (၁၂၃)၌ တေန ဝုတ္တံဖြင့်ပြသော ဂါထာ ဖြစ်သည်။ သဒ္ဒနီတိပဒမာလာ (၃၆၃–၆)၌ ၂–ဂါထာဖြင့် လာသည်။)]

---

၅။ ။ လိင်္ဂါဒိဝိဘာဂ

တဇ္ဇာ–ကား ဣတ္ထိလိင်္ဂ, ကညာဒိဂဏ, အာ–ကာရန္တ။

မနော–ကား ပုလ္လိင်္ဂ, မနောဂဏ, အ–ကာရန္တ

ဝိညာဏ–ကား နပုံသကလိင်္ဂ, စိတ္တာဒိဂဏ, အ–ကာရန္တ။

ဓာတု–ကား ဣတ္ထိလိင်္ဂ, ရတ္တာဒိဂဏ, ဥ–ကာရန္တ။

သမ္ဘဝံ–ကား နပုံသကလိင်္ဂ, စိတ္တာဒိဂဏ, အ–ကာရန္တ။

မှတ်ချက်။ ။ ရှေ့နည်းအလို တဇ္ဇာ–သဒ္ဒါ အနိပ္ဖန္နပါဋိပဒိကပုဒ်တည်း။ အနိပ္ဖန္နပါဋိပဒိကပုဒ်၌ ဓာတ်,ပစ္စည်းခွဲဖွယ်မလို။သို့သော် လိင်္ဂတ္ထံ ပါဋိပဒိကံ။(ရူ၊ ၆၁)။လိင်္ဂ ပါဋိပဒိကန္တိ နာမဿေဝ ပရိယာယော။(ရူဋီ၊၆၁။)တို့အရ ပါဋိပဒိကသည် လိင်္ဂ,နာမတို့နှင့်အတူပင်ဖြစ်သည်ကို သိအပ်၏ထို့ကြောင့် လိင်အားဖြင့်ဖြစ်သင့်သည် အားလျော်စွာ ခွဲအပ်၏။ ဤတဇ္ဇာ၌ ရှေ့နည်းအလိုအားဖြင့်လည်း ဣတ္ထိလိင်ပင်။

[ပါဋိပဒိက မည်ပုံ။ ။ ပဒံ ပဒံ ပဋိ ပဋိပဒံ၊ ပဋိပဒမေဝ ပါဋိပဒိကံအရ ပုရိသစသောပုဒ်သည် ပုရိသော ပုရိသံ,ပုရိသေနစသောပုဒ်တိုင်းပုဒ်တိုင်းကို စွဲမှီ (ပုဒ်တိုင်းပုဒ်တိုင်း၌ပါဝင်)သောကြောင့် ပုရိသစသော လိင်သည်ပင် ပါဋိပဒိက မည်လေသည်။ နာမလည်း မည်လေသည်။

မန သဒ္ဒါ ဤ၌ ပုလ္လိင်။ ။"စိတ္တံစေတော မနော နိတ္ထီ"ဟု (ဓာန်၊ ၁၅၂) ဆိုသော်လည်း ဤ၌ကား မနသဒ္ဒါ ပုလ္လိင်ဖြစ်သည်။မနောစဝ ဝိညာဏံ မနောဝိညာဏံ၊တမေဝ ဓာတု မနောဓာတု။ အထဝါ ဝိညာဏဉ္စ တံ ဓာတုစာတိ ဝိညာဏဓာတု၊မနောယေဝ ဝိညာဏဓာတု မနောဝိညာဏဓာတု။(မဏိမဉ္ဇူ၊၁၊၄၂၂။) ကိုထောက်၍ "ပုလ္လိင်"ဟုသိအပ်၏။ ကေစိ ဩကာရန္တော မနောဣတိ သဒ္ဒေါ

http://www.dhammadownload.com



နပုံသကလိင်္ဂေါ်တိဝဒန္တိ။ပ။ မနောသဒ္ဒေါ ပုလ္လိင်္ဂေါ်ယေဝါတိ သာရတော ပစ္စေတဗ္ဗောတိ။ (နီတိပဒ၊၁၃၇။)ကိုလည်း ထောက်။ မနော-၌ ဩသည် သမာသ်, တဒ္ဓိ၊လယ်ဩရှိ-ဥပဒေအရသမာသ် အလယ်ဩ ဖြစ်သည်။ သို့ဖြစ်၍ "မနပုဒ်"ဟု သာမေးသင့်သည်။ သို့ပါလျက် "မနောပုဒ်"ဟု မေးသည်မှာ "သမာသ်အနိုက်ကို ရည်၍မေးသည်"ဟု တည့်အောင်ယူရာ၏။

စေတု သဒ္ဒါ ဤ၌ ကတ္တိလိင်

"စေတု သဒ္ဒေါ ဇိနမတေ၊ကတ္တိလိင်္ဂတ္တနေ မတော။

သတ္တေ ပုလ္လိင်္ဂဘာဝသ္မိံ၊ကစ္စာယနမတေ ဒွိသု"ဟု (နီတိပဒ၊၃။) ဆိုသော်လည်း ဤ၌ မနောဝိညာဏစေတု၏ဝိသေသနဖြစ်သော တဇ္ဇာကို (ဝိသေသနပုဒ်က ဝိသေသျပုဒ်နှင့် လိင်တူရမည့်ယေဘုယျ စည်းကမ်းအရ "တဇ္ဇာ"ဟု ကတ္တိလိင်နှင့် ရှိနေသည်ကိုထောက်၍ "ကတ္တိလိင်"ဟု သိအပ်၏။]

---

၆။ ။(ခ)(ဃ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

(ခ)အမှတ်ပြဝါကျရှိ အနုစ္ဆဝိကာ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တဇ္ဇာဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ရှုဦး အနိပ္ဖန္နပါဋိပဒိကပုဒ်၏အဖြစ် ယင်းရှုဦး အနိပ္ဖန္နပါဋိပဒိကပုဒ်၏ အနုစ္ဆဝိကအနက် ဟော၏အဖြစ်ကို အဋ္ဌကထာအရာ သိစေပါသည်။ နာမလိင်္ဂပဒတ္ထ သံဝဏ္ဏနာ။

တဿ သာတသုခဿ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အနုစ္ဆဝိကာ၌ "သင့်လျော်လျောက်ပတ်"ဟူသည် "တံသမင်္ဂီပုဂ္ဂလ,သမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သော ထိုသုခအား သင့်လျော်လျောက်ပတ်ခြင်းပင်တည်း"ဟု အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ အနုစ္ဆဝိကာ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တဇ္ဇာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ဝယ် ဇာတ-သဒ္ဒါ၏အနုစ္ဆဝိကအနက်ဟော၏အဖြစ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ နာမလိင်္ဂတ္ထသံဝဏ္ဏနာ။ သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာ။

တဿ အနုစ္ဆဝိကာဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တဇ္ဇာဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ စတုတ္ထီတပ္ပုရိသ် သမာသ်ပုဒ်၏ အဖြစ် ယင်းစတုတ္ထီတပ္ပုရိသ် သမာသ်ပုဒ်၏ သမ္ဗန္ဓအနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာသိစေပါသည်။ သမာသလိင်္ဂ ပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း:)တဇ္ဇာဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "တဿ ဇာတာ တဇ္ဇာ"ဟု စတုတ္ထီတပ္ပုရိသ်သမာသ်ဝဇနတ္ထ ပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

သာတသုခဿ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တဿ၌ တ-သဒ္ဒါဖြင့် သာတ သုခ-ကို စွဲရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။သဗ္ဗနာမလိင်္ဂတ္ထ သံဝဏ္ဏနာ။ ဤသို့လည်း ဖော်ကြသည်။

[ဤနည်းမှာဖော်ရိုးဖော်စဉ်အရ သင့်သော်လည်း အဋ္ဌကထာဋီကာတို့အာ ဘော်ကျအား မဟုတ်သောကြောင့် မကောင်း။ ဆရာအများစုလည်း လက်မခံခဲ့ကြ။ အလားတူဝါကျကို ၁၃၂၅-ခုနှစ်ကမေးခဲ့သည်။]

http://www.dhammadownload.com



သာရုပ္ပါ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အနုသန္ဓိက သဒ္ဒါ၏ သာရုပ္ပ (သင့်လျော် လျောက်ပတ်)အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာသိစေပါသည်။ နာမလိင်္ဂတ္ထ သံဝဏ္ဏနာ၊သဒ္ဒါဟောအဘိဓေယျတ္ထသံဝဏ္ဏနာ။

တဏှာ ဝုစ္စတိ တဿ သာတတသုခဿ အနုသန္ဓိကာ သာရုပ္ပါ-ဟူသော သံဝဏ္ဏနာပါဌ်အားလုံးဖြင့် တဏှာ-၏အရ အထင်ရှား်သမုဒါယူပစာအားဖြင့် တံသမင်္ဂီ ပုဂ္ဂလ, သမ္ပယုတ္တဓမ္မတို့ကို မိမိ၌သာယာစေတတ်သော ထိုသုခအား သင့်လျော်လျောက်ပတ် သော မနောဝိညာဏဓာတ်ကိုယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။ [ဝုစ္စတိ, ဝုတ္တံ, နာမံ ရှိရာ၊ ဥပစာ၊ ကျမ်းလာ မြွေ်ထောက်ရှု (တောင်တွင်းနိယံ၊၆၂။)ကို သတိပြု]

(ဃ)အမှတ်ပြဝါကျရှိ ဝါ-ဟူသောသံဝဏ္ဏနာပတ်ဖြင့်တစ်နည်းတစ်ဖုံအားဖြင့် ဖွင့်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

တေဟိ ဓာတာတိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တဏှာ-ဟူသောသံဝဏ္ဏ- ဘဗ္ဗပုဒ်၏ တတိယာတပ္ပုရိသ်ပုဒ်၏အဖြစ် ယင်းတတိယာတပ္ပုရိသ်သမာသ်ပုဒ်၏ ဟိတ်အနက် ဟော၏အဖြစ်ကို အဋ္ဌကထာဆရာသိစေပါသည်။ သမာသလိင်္ဂပဒတ္ထ သံဝဏ္ဏနာ။ (တစ်နည်း:)တဏှာ-ဟူသော သံဝဏ္ဏနာတဗ္ဗပုဒ်ကို "တေဟိဓာတာ တဏှာ" ဟု တတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေ ပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

ရူပါဒီဟိ အာရမ္မဏေဟိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တဏှာ, တေဟိတို့၌ တ-ဖြင့် ရူပါရုံ အစရှိသောအာရုံတို့ကို ခွဲရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ။

ဣမဿ စ သုခဿ ပစ္စယေဟိ-ဟူသော သံဝဏ္ဏပါဌ်ဖြင့် ရူပါရုံအစရှိသော အာရုံတို့သည် ဤသာတသုခ၏လည်းအကြောင်းပစ္စည်းများဖြစ်သည်၏အဖြစ်ကို အဋ္ဌကထာဆရာသိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

အပိ-သို့မဟုတ် ပိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သက်သက်အနုစ္စဝိက အနက်ကြောင့်သာ တဏှာမည်သည် မဟုတ်သေး။ စင်စစ်သော်ကား တေဟိဓာတာ ဟူသော အနက်ကြောင့်လည်း တဏှာမည်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

---

၇။ ။ ပန-နိပါတ်ပုဒ်၏အနက်

(က)အမှတ်ပြဝါကျရှိ ပန-နိပါတ်ပုဒ်၏ ဤနေရာ၌ လိုအပ်သောအနက်ကား သမ္ဘာဝနာ (အနုဂ္ဂဟ)ဖြစ်ပါသည်။

မှတ်ချက်။ ။ ပုစ္ဆာပိုင်းကို အယုတ်, ဝိဿဇ္ဇနာပိုင်းကို အမြတ်ယူသည်။ ကိံ ပန ပဥ္စဿ ပုစ္ဆံ ဘာရိယံ၊ဥဒါဟု ဝိဿဇ္ဇနန္တိ။ဥဂ္ဂဟေတွာ ပုစ္ဆံ နော ဘာရိယံ၊ ဝိဿဇ္ဇနံ ပန ဘာရိယံ။ (မူလပဏ္ဏာသ၊ ၄၊ ၂၊ ၆၅။)ကိုထောက်သည်။ "အမေးနွား ကျောင်း၊ အဖြေဘုရားလောင်း"ဟုလည်း လောကဝေါဟာရ ရှိသည်မဟုတ် ပါလော။

http://www.dhammadownload.com



[ပါဠိတော်ဝါကျ။ ။ ကတမာ တသ္မိံ သမယေ ဝေဒနာဟောတိ။ ယံ တသ္မိံ သမယေ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ စေတသိကံသာတံ စေတသိကံ သုခံ။ (ပါ၊၁၈။)ပုစ္ဆာဝါကျ၌ ဣတ္ထိလိင်၏အစွမ်းဖြင့် ဟောသည်။ ဝိဿဇ္ဇနာဝါကျ၌ နပုံလိင်၏အစွမ်းဖြင့် ဟောသည်။]

---

၈။ ။ ကြိယာ ၅-တန်

(၁)(ခ)အမှတ်ပြဝါကျပါ သံဝဏ္ဏနာတဗ္ဗပုဒ်အရ တံသမ္ပယုတ္တ ဓမ္မတို့ကို မိမိ၌ သာယာစေတတ်သော သုခဝေဒနာသည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထ။

(၂) မနောဝိညာဏဓာတုသမ္ဖဿ (ဖဿ)သည် (ပဌမ)ဖလူပစာရအားဖြင့် ပြအပ်သော)ဒီပကတ္ထ။

(၃) တံသမ်ဂ်ီပုဂ္ဂလ,သမ္ပယုတ္တဓမ္မတို့၏ မိမိ၌သာယာခြင်းသည် (ပဌမ) ကာရဏူပစာရအားဖြင့် ပြအပ်သော ပကာသနတ္ထ။

(၄) ဣဋ္ဌဖြစ်သော ရူပါရုံစသောအာရုံတို့သည် (ဒုတိယ)ဖလူပစာရ အားဖြင့် ပြအပ်သော ဝိဘာဝတ္ထ။

(၅) တဏှာသည် (ဒုတိယ)ကာရဏူပစာရအားဖြင့် ပြအပ်သော အနုဘာဝတ္ထ။

မှတ်ချက်။ ။ဤကြိယာ ၅-တန်မှာ ဤနေရာအဋ္ဌကထာအဖွင့်အရထုတ်သည့် ကြိယာ ၅တန်ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်နည်းအရ ထုတ်မူဖော်ပြလတ္တံ့အတိုင်း ထုတ်အပ်၏။

(၁) သုခဝေဒနာသည် (မုချအားဖြင့် ပြအပ်သော)ဒဿနတ္ထ။

(၂) ဖဿသည် (ပဌမ)ဖလူပစာရအားဖြင့် ပြအပ်သော ဒီပကတ္ထ။

(၃) တဏှာသည် (ပဌမ)ကာရဏူပစာရအားဖြင့် ပြအပ်သော ပကာသနတ္ထ။

(၄) သဠာယတနသည် (ဒုတိယ)ဖလူပစာရအားဖြင့် ပြအပ်သော ဝိဘာဝတ္ထ။

(၅) ဥပါဒါန်သည် (ဒုတိယ)ကာရဏူပစာရအားဖြင့် ပြအပ်သော အနုဘာဝတ္ထ။

ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိ, ယထာဘူတဉာဏ်, နိဗ္ဗိဒါ, ဝိရာဂ စသည်ဖြင့် အကြောင်းအကျိုးဆက်သော ပဒဋ္ဌာနဟာရနေတ္တိ နည်းအရထုတ်မူ ဖော်ပြလတ္တံ့အတိုင်း ထုတ်အပ်၏။

(၁) သုခဝေဒနာသည် (မုချအားဖြင့် ပြအပ်သော)ဒဿနတ္ထ။

(၂) ပဿဒ္ဓိသည် (ပဌမ)ဖလူပစာရအားဖြင့် ပြအပ်သော ဒီပကတ္ထ။

(၃)သမာဓိသည် (ပဌမ)ကာရဏူပစာရအားဖြင့် ပြအပ်သော ပကာသနတ္ထ။

(၄) ပီတိသည် (ဒုတိယ)ဖလူပစာရအားဖြင့်ပြအပ်သော ဝိဘာဝတ္ထ။

(၅) ယထာဘူတဉာဏ်သည် (ဒုတိယ)ကာရဏူပစာရအားဖြင့် ပြအပ်သော အနုဘာဝတ္ထ။

---

၉။ ။ လက္ခဏာဒိစတုက္က

(ခ)အမှတ်ပြဝါကျပါ သံဝဏ္ဏေတဗ္ဗပုဒ်အရ တရားကိုယ်မှာ သုခဝေဒနာဖြစ်သည်။ ယင်း သုခဝေဒနာ၏ လက္ခဏာ, ရသစသည်မှာ ဖော်ပြလတ္တံ့အတိုင်းဖြစ်ပါသည်။

http://www.dhammadownload.com



ဝေဒယိတလက္ခဏာ သုခဝေဒနာ။
အနုဘဝနရသာ၊ ဣဋ္ဌာကာရသမ္ဘောဂရသာ ဝါ။
စေတသိက အဿာဒပစ္စု ပဋ္ဌာနာ၊
ပဿဒ္ဓိ ပဒဋ္ဌာနာ။ (ဋ္ဌ၊၁၅၂)

မှတ်ချက်။ ။ "ဣဋ္ဌာနုဘဝနလက္ခဏာ သုခါ။ အနိဋ္ဌာနုဘဝနလက္ခဏာ ဒုက္ခာ"ဟု အဋ္ဌကထာ (၈၄)၌ဆိုသောကြောင့် ဝေဒယိတ,အနုဘဝနတို့၌ "ဣဋ္ဌာရုံ၏အရသာကို ခံစားသည်"ဟုမှတ်အပ်၏။

(တစ်နည်း:)အပရော နယော သာတလက္ခဏံ သုခံ၊
သမ္ပယုတ္တာနံ၊ ဥပဗြူဟနရသံ၊
အနုဂ္ဂဟဏပစ္စုပဋ္ဌာနံ၊
ပဿဒ္ဓိပဒဋ္ဌာနာ။ (ဋ္ဌ၊ ၁၆၀)၊
[(၁၃၁၆-ခုနှစ်ကလည်း မေးခဲ့ပြီ။)]

---

၁၀။ ။ ပဋ္ဌာန်းပစ္စည်း

တစ္ဆာပုဒ်၌ တ-အရ ပစ္စည်းတရားကို သာတသုခ၏အကြောင်း ဖြစ်ကုန်သော ဣဋ္ဌဖြစ်သော ရူပါရုံအစရှိသော အာရုံတို့ကို ကောက်၍ ဓာ-အရ ပစ္စယုပ္ပန်တရားကို ကာမာဝစရကုသိုလ် သောမနဿသဟဂုတ်တိဟိတ် အသင်္ခါရိက မဟာစိတ်-ဟူသော မနောဝိညာဏဓာတ်ကိုကောက်၍ တ-အရ ပစ္စည်းတရားသည် ဓာ-အရ ပစ္စယုပ္ပန် တရားအား အာရမ္မဏ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ အတ္ထိ, အဝိဂတ ၈-ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသည်။

[ရူပါဒီဟိ အာရမ္မဏေဟိ-အရ။ ။ ပဌမမဟာကုသိုလ်စိတ်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော အလုံးစုံသော အာရုံကိုပြုသောကြောင့် ရူပါဒီဟိ အာရမ္မဏေဟိအရကို ယင်းအရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်အပ်သော အလုံးစုံသော အာရုံကို ယူရမည်။

အဋ္ဌကထာ ဒုတိယနည်း အလိုသာဖြေရပုံ။ ။ပဌမနည်းအရ စသည်ဖြင့် ဝိသေသန မှ,မမေးဘဲ သာမန်မေးသောကြောင့် တဿ သာတသုခဿ အနုစ္ဆဝိကာ ဟူသော အဋ္ဌကထာ ပဌမနည်း တဿ-ဝါ ဓာတာကာရဏဘာဝေန ဖဿတ္တံ ပဝတ္တာတိ တစ္ဆာ-ဟူသော ဋီကာနည်းတို့အလိုအားဖြင့်လည်း ဖြေခွင့်ရှိလေသည်။ သို့သော် "တ-အရ ပစ္စည်းတရားနှင့် ဓာ-အရ ပစ္စယုပ္ပန်တရား"ဟု ဆိုသောကြောင့် ယင်းနည်းတို့မှာ တ-အရ သာတသုခ ပစ္စယုပ္ပန် ဓာ-အရ မနောဝိညာဏဓာတ်ကပစ္စည်းဖြစ်၍ ယင်းနည်းတို့အလို မဖြေနိုင်တော့။ ထိုသို့မဖြေနိုင်သောကြောင့် ပုစ္ဆကဆရာ သာမန်မေးခြင်း ဖြစ်သည်။ တ-အရ ပစ္စည်းတရားနှင့် ဓာ-အရ ပစ္စယုပ္ပန်တရားဟူသောစကားဖြင့် ယင်းနည်းတို့ကို ကန့်ပြီး ဖြစ်တော့သည်-ဟူလို။ ထိုကြောင့် တေဟိ အစရှိသော အဋ္ဌကထာဒုတိယနည်းအလိုသာ ဖြေရတော့သည်]

---

http://www.dhammadownload.com



## ၁၉၈၇ (၁၃၄၈) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ်( ၁) မေးခွန်း

---

၁။ ။အောက်ဖော်ပြပါ ပါဠိများကို သဒ္ဒတ္ထပေါ်လွင်အောင် အနက်သမ္ဗန် ပြုပါ။

(က) ပရာမာသော စေဝ ဓမ္မာ ပရာမဋ္ဌာ စ။

(ခ) ပရာမဋ္ဌာ စေဝ ဓမ္မာ နော စ ပရာမာသာ။

၂။ ။ အောက်ဖော်ပြပါ ပါဠိများကို အနက်ယောဇနာသောအခါ ရူပါရမ္မဏံ ဝါ-စသော ၃-ပုဒ်တို့ကို ဝိသေသနပုဒ်, ကံပုဒ်နှစ်နည်းကြံ၍ ယောဇနာပါ။

ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ ဂန္ဓာရမ္မဏံ ဝါ။

၃။ ။ အောက်ဖော်ပြပါပါဠိကို သဒ္ဒါအားဖြင့် အာကာရအပြင်ထုတ်၍ ယောဇနာပါ။

ယံ တံ အရိယာ အာစိက္ခန္တိ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ။

၄။ ။ အောက်ဖော်ပြပါပါဠိများကို ပယောဂပုဒ်များ၏သဒ္ဒတ္ထ ပေါ်လွင်စေလျက် အနက်ယောဇနာပါ။

ယာ တသ္မိံ သမယေ စတူဟိ ဝစီဒုစရိတေဟိ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ အကိရိယာ အကရဏံ အနဇ္ဈာပတ္တိ။

၅။ ။ အောက်ဖော်ပြပါဂါထာကို နိယတ်,အနိယတ် ပြည့်စုံအောင်ထည့်စပ် ယောဇနာပါ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

၆။ ။အောက်ဖော်ပြပါ ပါဠိ၌ ဝိကိရိယန္တိ ဝိဒ္ဓံသိယန္တိ-ပုဒ်များကို ကတ္တုရုပ်, ကမ္မရုပ်, နှစ်နည်းကြံ၍ ကုန်စင်အောင် ယောဇနာပါ။

ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖါနိ န ဝိကိရိယန္တိ န ဝိဒ္ဓံသိယန္တိ၊ ဧဝမေတေန သင်္ဂဟိတာ အတ္ထာ။

၇။ ။အောက်ဖော်ပြပါ ပါဠိများကို အနက်မှန်မှန် သမ္ဗန်ပါ။

ယထာ ပန အနိစ္စာဒိဘေဒါနံ ဓမ္မာနံ ရောမရဏတ္တာ "ရောမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတ"န္တိ အာဒိဝုတ္တံ၊ဧဝံ စိတ္တသမုဋ္ဌာနံ ရူပါနံ။ ဝိညတ္တိတာယ သာပိ စိတ္တသမုဋ္ဌာနာ နာမ ဟောတိ။

http://www.dhammadownload.com



၈။ ။ အယံ ပန သောမနဿပစ္စယတ္တာ ဝိတ္တိသရိက္ခတာယ ဝိတ္တိ။ ယထာ ဟိ ဓနိနော ဓနံ ပဋိစ္စ သောမနဿံ ဥပ္ပဇ္ဇတိ ဧဝံ ပီတိ မတောပိ ပီတိံ ပဋိစ္စ သောမနဿံ ဥပ္ပဇ္ဇတိ၊တသ္မာ "ဝိတ္တိ"တိ ဝုတ္တာ။

၉။ ။ ကောဝ ဣစ္ဆာယ ဌတွာ လာဘာဂရုကော ဟုတွာ ဒေသေတိ၊ တံ န မဟာဖလံ။ ကောဝ အတ္တနော ပဂုဏံ ဓမ္မံ အပစ္စာသီသမာနော ဝိမုတ္တာယတနသိ သေန ပရေသံ ဒေသေတိ၊ ဣဒံ ဒေသနာမယံ ပုညကိရိယဝတ္ထု နာမ။

၁၀။ ။ ကသ္မာ ပနာယံ နယော ဒေသိတောတိ? ဈာနပ္ပတ္တိကာရဏာတ္တာ သမ္မာသမ္ဗုဒ္ဓေန ဟိ ပထဝီကသိဏေ သုဒ္ဓိကဈာနံ စတုက္ကနယဝသေန ပဉ္စကနယဝ သေနစ ဒဿိတံ။

---

၁၉၈၇ (၁၃၄၈) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ သဒ္ဒတ္ထ ပေါ်လွင်အောင် အနက်

ပရာမာသာစေဝ၊အနိစ္စစသော ဟုတ်မှန်သော သဘောမှတစ်ပါး နိစ္စစသော မဟုတ်မမှန်သော သဘောအားဖြင့် သုံးသပ်တတ်သည်လည်းဖြစ်ကုန်သော။ ပရာမဋ္ဌာစ၊ အနိစ္စစသော ဟုတ်မှန်သော သဘောမှတစ်ပါး နိစ္စစသော မဟုတ်မမှန်သော သဘော အားဖြင့် သုံးသပ်အပ်သည်လည်း ဖြစ်ကုန်သော။ ဓမ္မာ၊ မိမိ၏သဘောကို ဆောင်တတ် ကုန်သော။ ဝါ၊မိမိ၏အကြောင်းတရားတို့သည် ဆောင်အပ်ကုန်သော တရားတို့သည် (သံဝိဇ္ဇန္တိ၊ရှိကုန်၏)။

ပရာမဋ္ဌာစေဝ၊ အနိစ္စစသော ဟုတ်မှန်သော သဘောမှတစ်ပါး နိစ္စစသော မဟုတ်မမှန်သော သဘောအားဖြင့် သုံးသပ်အပ်သည်လည်း ဖြစ်ကုန်သော။ နောစ ပရာမသာ။ အနိစ္စစသော၊ ဟုတ်မှန်သောသဘောမှတစ်ပါး နိစ္စစသော မဟုတ်မမှန် သောသဘောအားဖြင့် မသုံးသပ်တတ်သည်လည်း ဖြစ်ကုန်သော။ ဓမ္မာ၊ မိမိ၏ သဘောကို ဆောင်တတ်ကုန်သော။ ဝါ၊ မိမိ၏အကြောင်းတရားတို့သည် ဆောင်အပ်ကုန် သော တရားတို့သည် (သံဝိဇ္ဇန္တိ၊ရှိကုန်၏)။ ။[ပါ။ ၉။ ပါဒ၊ ၁၉၊ ၄၊ ၉၂။)]

[ဝိဂ္ဂဟ ။ ။"အာမသန္တီတိ အာမာသာ၊ပရတော အာမာသာ ပရာမာသာ။ အာမသီယန္တီတိ အာမဋ္ဌာ၊ပရတော အာမဋ္ဌာ ပရာမဋ္ဌာ"ဟုပြု။ ပရ–သဒ္ဒါ အညအနက် ဟော။ ဤအနက်မှာ သဒ္ဒတ္ထသက်သက်မဟုတ်၊အဓိပ္ပာယန္တောဂသဒ္ဒတ္ထတည်း။ ဤအဓိပ္ပာယန္တောဂသဒ္ဒတ္ထကိုပင် ရည်မေးသည်]

---

၂။ ။ [သျှအတိုင်း ယောဇနာ။ ။ပါ။ ၁၇။ ပါဒ၊၃၃။]

---

http://www.dhammadownload.com



၃။ ။ သဒ္ဒါအားဖြင့် အာကာရအပြင်ထုတ်၍ အနက်

ယံ ဈာနဟေတု အကြင်တတိယဈာန်ဟူသော အကြောင်းကြောင့်။ တံတတိယဈာနသမင်္ဂီပုဂ္ဂလံ၊ ထိုတတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရား အစရှိကုန်သော အရိယာတို့သည်။ အာစိက္ခန္တိ၊ ချီးမွမ်းကြကုန်၏။ (ကိန္တိ၊ အသို့လျှင်။ အာစိက္ခန္တိ ချီးမွမ်းကြကုန်သနည်း။) "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ။ "ဥပေက္ခကော သတိမာသုခဝိဟာရီ"ဟူ၍ (ပသံသန္တိ၊ ချီးမွမ်းကြကုန်သတည်း) ဥပေက္ခကော၊ လျစ်လျူရှုနိုင်ပေသသူ။ သတိမာ၊ သတိကောင်းပေသသူ။ သုခဝိဟာရီ၊ ချမ်းသာစွာနေလေ့ ရှိပေသသူ။ [ပါ၊ ၄၅။ ပါ၊ သျှ၊ ၁၀၁။ ဋ္ဌ၊ ၂၁၉။ ။(၁၃၁၈၊ ၁၃၂၅၊ ၁၃၃၀၊ ၁၃၄၄ ခုနှစ်များကလည်းမေးခဲ့ပြီ။)]

---

၄။ ။ ပယောဂပုဒ်များ၏ သဒ္ဒတ္ထ ပေါ်လွင်စေလျက်အနက်

စတူဟိ၊လေးပါးကုန်သော။ ဝစီဒုစ္စရိတေဟိ၊ဝစီဒုစရိုက်တို့မှ။ ယာ အရတိ၊ အကြင်ဝေးစွာမွေ့လျော်တတ်သော သဘောတရားသည်။ ယာ ဝိရတိ၊အကြင်ကင်း၍ မွေ့လျော်တတ်သော သဘောတရားသည်။ ယာ ပဋိဝိရတိ၊ အကြင် ဆုတ်နစ်သည် ဖြစ်၍ မွေ့လျော်တတ်သောသဘောတရားသည်။ ယာ ဝေရမဏိ၊ အကြင် ဝစီဒုစရိုက် တည်းဟူသော ရန်ကိုဖျက်ဆီးတတ်သောသဘောတရားသည်။ ယာ အကိရိယာ၊ အကြင်မုသာဝါဒစသောအမှုကိုပြုခြင်း၏ အကြောင်းဖြစ်သောစေတနာ၏ ဆန့်ကျင်ဘက်ဖြစ်သော သဘောတရားသည်။ ယံ အကရဏံ၊ အကြင် မုသာဝါဒစသောအမှုကို ပြုခြင်း၏အကြောင်းဖြစ်သော စေတနာ၏ဆန့်ကျင်ဘက်ဖြစ်သော သဘောတရားသည်။ ယာ အနဇ္ဈာပတ္တိ၊ အကြင် လွန်ကျူး၍ရောက်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သဘောတရားသည်။ (အတ္ထိ၊ ရှိ၏) (ပါ၊၇၆။ ပါသျှ၊၁၃၀၊ဋ္ဌ၊ ၂၆၃။)

[ရမုဓာတ် ကီဠာ အနက်ဟော။ ။ အာရတိ, ဝိရတိ, ပဋိဝိရတိ တို့၌ အာ ရှေး, ဝိ ရှေး, ပဋိ ရှေးရှိသော ရမု ဓာတ်သည် ကီဠာ (မွေ့လျော်)အနက်ကို ဟော၏ ရမု ကီဠာယံ။ ရမတိ၊ဝိရမတိ၊ ပဋိဝိရမတိ၊ဉပရမတိ၊အာရတိ၊ဝိရတိ၊ပဋိဝိရတိ။ (နီတိ၊ဓာတု၊၁၃၄)။ ရမု ကီဠာယံ၊အာရတိ ဝိရတိ ပါပါ။ (ဓာတွတ္ထ သင်္ဂဟ။ ၃၁၁)တို့ကိုထောက်။ "ကြဉ်တတ်သော"ဟု ပေးရိုးအနက်ကို "ဝေါဟာရတ္ထ"ဟုယူ။

ဆန်းတိုင်းမကောင်း။ ။ ပယောဂပုဒ်များ၏ သဒ္ဒတ္ထပေါ်လွင်စေလျက် ဟူသောစကားလုံးသည် ငုတ်လွန်းသည်။ အာဘော်မှာ အာရတိ စသော ပုဒ်များ၏ သဒ္ဒတ္ထကို ပေါ်လွင်စေလျက် ယောဇနာစေလိုခြင်းပင်ဖြစ်သည်။ သို့သော် ထိုဆိုလိုရင်းသို့ မရောက်။ အဆန်းထွင် မေးတိုင်းမကောင်း။ ဝိသဇ္ဇကတို့၏အသိဉာဏ်ကို ဆိုလိုရင်းသို့ ရောက်စေနိုင်မှသာ ကောင်းသည်။]

---

၅။ ။ နိယတ်,အနိယတ်ပြည့်စုံအောင် ထည့်စပ်၍ အနက်

အာတာပိနော၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိသော။ ဈာယတော၊ မကောင်းမှုကိုဖုတ်မြိုက်တတ်သော။ ဝါ၊အာရမ္မဏူပနိဇ္ဈာန်,လက္ခဏူပနိဇ္ဈာန်ဖြင့် ရှုတတ်သော။ (ယဿ)ဗြာဟ္မဏဿ၊အကြင်မကောင်းမှုကို အားပြုပြီးသော ရဟန္တာပုဂ္ဂိုလ်အား။ ယဒါ၊အကြင်အခါ၌။ ဟဝေဧကန္တေန၊စင်စစ်အားဖြင့်။ ဓမ္မာ၊သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့သည်။ ဝါ၊ သစ္စာလေးပါးတရားတို့သည်။

http://www.dhammadownload.com



ပါတ ဘဝန္တိ၊ထင်ရှားဖြစ်ကုန်၏။ အထ တသ္မိံ ကာလေ၊ထိုအခါ၌ (အာတာ ပိနော၊ သော။ ရျာယတော၊ သော။ ဝါ၊သော။)အဿဗြာဟ္မဏဿ၊အား။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ကခါ၊ရှုစ်ပါးသောယုံမှားခြင်း,တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့သည်။ ဝပယန္တိ၊ကင်းကုန်၏။ (ကသ္မာ၊ အဘယ်ကြောင့်။ ဝပယန္တိ၊ ကင်းကုန်သနည်း။) ယတော၊ အကြင်ကြောင့်။ အာတာပိ၊ သော။ ရျာယိ၊ သော၊ ဝါ၊ သော။ ဗြာဟ္မဏော၊ သည်။ ပစ္စယာနံ၊ အကြောင်းတရားတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို။ အဝေဒိ၊ သိပြီ။ (တတော၊ ထို့ကြောင့်။ ဝပယန္တိ၊ကင်းကုန်သတည်း။[ဋ္ဌ၊ ၁၈။ ဋ္ဌ၊ သျ၊ ၁၊ ၇၁။ ။ယောဇနာ။ ။၂၂။ ပါရာဇိကဏ် အဋ္ဌကထာနိဿယသစ်။ ၁၊ ၁၃၉၊ ကိုလည်းရှု၊ ရှင်းပေါ်အောင် ဟိတ်အတွင်းမသွင်းဘဲ ယောဇနာသည်။]

---

၆။ ။ ဝိကိရိယန္တိ,ဝိဒ္ဓံသိယန္တိ တို့ကို ကတ္တာရုပ်ကြံ၍ အနက်

စ၊ တစ်နည်းကား။ ဝါ၊ .သုတ္တသဘာဂ၏အဖြစ်ကို တစ်ပါးသော ဥပမာဖြင့် ပြဦးအံ့။ သုတ္တေန၊ ပန်းသီချည်ဖြင့်။ သင်္ဂဟိတာနိ၊ ပေါင်းယူအပ်ကုန်သော။ ဝါ၊ သီအပ်ကုန်သော။ ပုပ္ဖာနိ၊ ပန်းတို့သည်။ (ဝါတေန၊ ပြကတေ့သောလေကြောင့်။) န ဝိကိရိယန္တိ ယထာ၊ ဖရိုဖရဲမကြဲကုန်၏သို့။ နဝိဒ္ဓံသိယန္တိ ယထာ၊မပျက်စီးကုန်၏သို့။ ဧဝံ၊ဤအတူ။ ဧတေန သုတ္တေန၊ဤသုတ်ဖြင့်။ သင်္ဂဟိတာ၊ ပေါင်း၍ယူအပ်ကုန်သော။ ဝါ၊သီအပ်ကုန်သော။ (အတ္တတ္ထပရတ္ထာဒိဘေဒါ၊ မိမိအကျိုး သူတစ်ပါးအကျိုး စသည်အပြားရှိကုန်သော။)အတ္ထာ၊အကျိုးတို့သည် ။(မိစ္ဆာဝါဒေန (သီ၊ ဋီ၊ သစ်)မိစ္ဆာဝါဒ ဝါတေန (ပါရာဇိကဏ်နိဿယသစ်,အဋ္ဌသာလိနီဂဏ္ဌိသစ်)မိစ္ဆာအယူဟု ဆိုအပ်လေ သောကြောင့်။)န ဝိကိရိယန္တိ၊ ဖရိုဖရဲမကြဲကုန်။ န ဝိဒ္ဓံသိယန္တိ၊မပျက်စီးကုန်။

ကမ္မရုပ်ကြံ၍ အနက်

စ၊ကား။ ဝါ၊အံ့။ သုတ္တေန၊ဖြင့်။ သင်္ဂဟိတာနိ၊ကုန်သော။ ဝါ၊ကုန်သော။ ပုပ္ဖာနိ၊ပန်းတို့ကို။ (ဝါတေန၊သည်။)န ဝိကိရိယန္တိယထာ၊ဖရိုဖရဲမကြဲအပ်ကုန်၏သို့။ နဝိဒ္ဓံသိယန္တိ ယထာ၊မဖျက်ဆီးအပ်ကုန်၏သို့။ ဧဝံ၊ဤအတူ။ ဧတေန–သုတ္တေန၊ ဖြင့်။ သင်္ဂဟိတာ၊ကုန်သော။ ဝါ၊ကုန်သော်။ (အတ္တတ္ထပရတ္ထာ ဒိဘေဒါ၊ကုန်သော) အတ္ထာ၊တို့ကို။ (မိစ္ဆာဝါဒေန–မိစ္ဆာဝါဒဝါတေန၊သည်။)န ဝိကိရိယန္တိ၊ဖရိုဖရဲ မကြဲအပ်ကုန်။ န ဝိဒ္ဓံသိယန္တိ၊မဖျက်ဆီးအပ်ကုန်။ [ဋ္ဌ၊ ၂၀။ ဋ္ဌသျ၊ ၁၊ ၇၉။ သျ၊ ဂဏ္ဌိ။ ၉၄။ ဂဏ္ဌိသစ်၊ ၁၁၀။ ပါရာဇိကဏ်၊ ဋ္ဌ၊ သျ၊ သစ်၊ ၁၊ ၁၅၅ ယင်းဂဏ္ဌိသစ်၊ ၁၊ ၁၄၆။ သီ၊ ဋီ၊ သစ်၊၁၊၉၃။ တို့ကိုစုပေါင်း ညှိရေးသည်။]

---

၇။ ။ [ဋ္ဌ၊ ၁၂၅။ ဋ္ဌသျ၊၁၊၄၉၉။ ။၁၃၃၁–ခုနှစ်က ဒုတိယနေ့တွင် မေးခဲ့သည်။]

---

၈။ ။ [ဋ္ဌ၊ ၁၈၇။ ဋ္ဌသျ၊ ၂၊၁၅၉။ ။၁၃၂၂–၁၃၃၃–ခုနှစ်များက လည်းမေးခဲ့ပြီး။]

---

http://www.dhammadownload.com



၉။ ။ [ ဋ္ဌ၊ ၂၀၃။ ဋ္ဌသျ၊ ၂၊ ၂၁၉။ ]

၁၀။ ။ [ ဋ္ဌ၊ ၂၃၀။ ဋ္ဌသျ၊ ၂၊ ၃၃၀။ ]

၁၉၈၇ (၁၃၄၈) ခုနှစ် ဓမ္မစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ရထာန္တိ ဧတေဟိတိ ရထာ။

(ခ) ယေဟိ အဘိဘူတာ သတ္တာ နာနပ္ပကာရေန ကန္ဒန္တိ ပရိဒေဝန္တိ၊ တေသံ ရာဂါဒီနံ ဧတံ အဓိဝစနံ။

(ဂ) သမ္ပယောဂဝသေန ပဟာနေကဋ္ဌတာဘာဝသေန စ သဟ ရထေဟီတိ သရထာ။

(ဃ) တေနာကာရေန နတ္ထိ ဧတေသံ ရထာတိ အရထာ။

၁။ ။ အထက်ပါ (က)(ခ)အမှတ်ပြပါဠိတို့ကိုသာ နိဿယနည်းကျကျ အနက်မှန်မှန် ယောဇနာခဲ့ပါ။

၂။ ။ (ခ)အမှတ်ပြပါဠိကိုသာ ဌာပနာပဒကနည်းအရ ဆောဒနာတက်ပြခဲ့ပါ (အဓိပ္ပါယ်ပြန်ရန်မလို)။

၃။ ။ (ခ)အမှတ်ပြပါဠိကိုဆိုခြင်းဖြင့် ပယ်နိုင်သောဒေါသကို အကြောင်းသွင်း၍ ဖြေရှင်းခဲ့ပါ။

၄။ ။ ပဟာနေကဋ္ဌတာ ပုဒ်ကို အစိတ်,အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝိဂ္ဂဟကိုသာ ဘေဒစိန္တာဒီပနီနည်းအရ ဗျုပ္ပတ္တိစတုက္ကခွဲပြခဲ့ပါ။

၅။ ။ (က)အမှတ်ပြပါဠိပါပုဒ်တို့ကို လိင်္ဂ, ဂဏ, ပဒ, အတ္ထ-တို့ဖြင့် အသီးသီး ဝေဖန်ပြခဲ့ပါ။

၆။ ။ (ဂ)(ဃ)အမှတ်ပြပါဠိတို့၌ အဋ္ဌကထာဆရာ၏အာဘောဂနှင့် သံဝဏ္ဏနာအမည်များကို ဖော်ညွှန်းခဲ့ပါ။

၇။ ။ ပရိဒေဝန္တိ၌ ပရိ သဒ္ဒါ သရထာ ၌ သ-သဒ္ဒါ, အာရထာ ၌ အ-သဒ္ဒါတို့၏ ဓာတွတ္ထတာဗ္ဗတ္ထတို့ကို အသီးသီးဖော်ပြခဲ့ပါ။

၈။ ။ ရထာ-ပုဒ်၏အရ တရားကိုယ်ကိုယူ၍ ကြီးယာငါးတန်ထုတ်ခဲ့ပါ။

http://www.dhammadownload.com



၉။ ။ (ခ)အမှတ်ပြဝါကျရှိ ပရိဒေဝတ္တိယုဒ်၌ ပရိဒေဝ၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြခဲ့ပါ။

၁၀။ ။(က)အမှတ်ပြဝါကျ၌ တေဟိအရ ပစ္စည်းတရားက ရဏန္တိအရ ပစ္စယုပ္ပန် တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတရားများကို ညွှန်းပြခဲ့ပါ။

---

၁၉၈၇(၁၃၄၈) ခုနှစ် ဓမ္မစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ်(၂) အဖြေ

---

၁။ ။ [ ဋ္ဌ၊၉၃။ ဋ္ဌသျှ၊၁၊၃၃၆]

---

၂။ ။ (ခ)အမှတ်ပြဝါကျ ဥပနာပဠကနည်းအရ ဓောဒနာတက်
[ဤဥပနာပဠကဓောဒနာတက်မှာ၊ ၁၉၇၇-(၁၃၃၉)ခုနှစ်က အတက် အတိုင်းပင် ဖြစ်သည်။ ယင်း၌ ရှု။]

---

၃။ ။ (ခ) အမှတ်ပြဝါကျကို ဆိုခြင်းဖြင့် ပယ်နိုင်သောဒေါသ
ရဏ ၏အရ ငိုကြွေးမြည်တမ်းကြောင်းဖြစ်သောတရားများသည် အကုသိုလ်စိတ္တုပ္ပါဒ်အားလုံးနှင့်ဆိုင်နေရာ ဤ၌ အလိုမရှိအပ်သော ရာဂ,ဒေါသ,မောဟမှ ကြွင်းသောအကုသိုလ်စိတ္တုပ္ပါဒ် တို့၌လည်း အလွန်ပြန့်နှံ့သည်ဖြစ်၍ အတိဗျာပိတဒေါသသင့်ရောက်ရာသောကြောင့် (ခ)အမှတ်ပြဝါကျကို ကျမ်းဆရာရေးရကား(ခ) အမှတ်ပြဝါကျကိုဆိုခြင်းဖြင့် ပယ်နိုင်သောဒေါသမှာ ယင်းအတိဗျာပိတ ဒေါသဖြစ်ပါသည်။

(တစ်နည်း)သရုပ်ကြားအဘိဓေယျတ္ထကို မပြဆိုဘဲ အဘိဓာနတ္ထ (က) အမှတ်ပြဝါကျကိုသာ ပြဆိုသည်ရှိသော် စကားမပြန့်နှံ့သည်ဖြစ်၍ အဗျာပိတဒေါသ သင့်ရောက်ရာသောကြောင့် (ခ)အမှတ်ပြဝါကျကို ကျမ်းဆရာရေးရကား (ခ)အမှတ်ပြဝါကျကိုဆိုခြင်းဖြင့် ပယ်နိုင်သောဒေါသမှာ ယင်းအဗျာပိတဒေါသဖြစ်ပါသည်။

မှတ်ချက်။ ။ (ခ)အမှတ်ပြဝါကျသည် အတ္ထုဒ္ဒေသ၊အဓိပ္ပေတတ္ထကိုပြသော လက္ခဏ အမှတ်အသားပါသောဝါကျနှင့် အလားတူသည်။ ထို့ကြောင့် ယင်းဝါကျဖြင့် "အတိဗျာပိတဒေါသ၊အဗျာပိတဒေါသ ၂-မျိုးကို ပယ်သည်"ဟု ယူသည်။ [အကျယ်ကို ၁၉၇၇ (၁၃၃၉)ခုနှစ်အဖြေ၌ ရှု။ ဤမေးခွန်းလည်း ယင်းနှစ်မေးခွန်းနှင့်စကားသုံးပုံအနည်းငယ်သာ ကွဲသည်။ သို့ဖြစ်၍ အဖြေမှာလည်း စကားအဆုံးသတ်ပုံအနည်းငယ်သာကွဲသည်။ ကျန်အားလုံး အတူတူပင်။]

---

၄။ ။ အစိတ်ဝိဂ္ဂဟ
ပဟီယတီတိ ပဟာနော၊ ပဟာနဿ ဘာဝေါ ပဟာနော (ဘာဝလောပ) ကေသို့ (ပုဂ္ဂလေ)တိဋ္ဌန္တီတိ ကေဋ္ဌာ၊ ပဟာနေန ဧကဋ္ဌာ ပဟာနေကဋ္ဌာ။
အပေါင်းဝိဂ္ဂဟ။ ။ ပဟာနေကဋ္ဌာနံ ဘာဝေါ ပဟာနေကဋ္ဌတာ။

http://www.dhammadownload.com



ဘောဒစိန္တာဒီပနီနည်းအရ ဗျုပ္ပတ္တိစတုက္က

(၁) ပဟာနေကဋ္ဌာနံ ဘာဝေါ ဟူသော ဝိဂ္ဂဟသည် ဗျုပ္ပတ္တိ။

(၂) ပဟာနေကဋ္ဌ ပုဒ်, တာ-ပစ္စည်းသည်လည်းကောင်း၊ ပယ်အပ်သည်၏ အဖြစ်ဖြင့် တစ်ဦးတည်းသောပုဂ္ဂိုလ်၌တည်သော ရာဂ, ဒေါသ, မောဟ, တို့မှ ကြွင်းသော ကိလေသာတို့၏ ပယ်အပ်သည်၏အဖြစ်ဖြင့် တစ်ဦးတည်းသောပုဂ္ဂိုလ်၌ တည်သည် အဖြစ်ဟူသောဂုဏ်နှင့်ဂုဏေ, ဂုဏ်, နိဿယ, နိဿိတအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

(၃) ပဟာနေကဋ္ဌတာ-ဟူသော နိပ္ဖန္နသည် ပဝတ္တိ။

(၄) ပယ်အပ်သည်၏ အဖြစ်ဖြင့် တစ်ဦးတည်းသော ပုဂ္ဂိုလ်၌ တည်သည်၏ အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

[ဝိဂ္ဂဟ အထောက်။ ။ ပဟာနေန ဧကသ္မိံ ပုဂ္ဂလေ တိဋ္ဌန္တီတိ ပဟာနေ-ကဋ္ဌာ၊ ပဟာနေကဋ္ဌာနံ ဘာဝေါ ပဟာနေကဋ္ဌတာ။ (ယောဇနာ၊၇၄။)

"ပဟာနေကဋ္ဌ"ဟူသည်။ ။ "ပဟာနေကဋ္ဌ"ဟူသည် ပယ်အပ်သည်၏အဖြစ် (ပယ်ဖက်၏အဖြစ်)အားဖြင့် တစ်ဦးတည်းသောပုဂ္ဂိုလ်၌တည်သော တရားများတည်းသောတာပတ္တိမဂ်က အပါယဂမနီယဖြစ်သော ရာဂ,ဒေါသ,မောဟတို့ကို ပယ်သော အခါ ထိုပုဂ္ဂိုလ်သန္တာန်၌ အပါယဂမနီယဖြစ်သော ကျန်ကိလေသာတို့ကိုလည်း ပယ်၏။ အထက်မဂ်တို့ကပယ်ရာ၌လည်း နည်းတူပင်။ ဤသို့ ကျန်ကိလေသာတို့သည် ရဏာမည်သောရာဂ,ဒေါသ,မောဟတို့နှင့်ပယ်ဖက်အားဖြင့် တစ်ဦးတည်းသော ပုဂ္ဂိုလ်၌ တည်သောကြောင့် ကျန်ကိလေသာတို့ကို "ပဟာနေကဋ္ဌ"ဟုဆိုသည်။]

---

၅။ ။ လိင်္ဂါဒိဝိဘာဂ

ရဏန္တိ -ကား အလိင်္ဂ, ဘူဝါဒိဂဏ, အာချာတပဒ, အ-ကာရန္တ။

ဧတေဟိ-ကား ပုလ္လိင်၊ ပုရိသာဒိဂဏ, သဗ္ဗနာမပဒ, အ-ကာရန္တ။

လ္လုတိ -ကားအလိင်၊ ဂဏဝိမုတ္တ(အဂဏ), နိပါတပဒ, လ္လ-ကာရန္တ။

ရဏာ -ကား ပုလ္လိင်၊ ပုရိသာဒိဂဏ, ကိတနာမပဒ, အ-ကာရန္တ။

---

၆။ ။ (ဂ)(ဃ)အမှတ်ပြဝါကျ အာဘောဂနှင့်သံဝဏ္ဏနာ

[(ဂ)အမှတ်ပြဝါကျ၌ အာဘောဂနှင့် သံဝဏ္ဏနာများကို ၁၉၇၇ (၁၃၃၉) ခုနှစ် အဖြေ၌ ရှုပါ။]

[(ဃ)အမှတ်ပြဝါကျရှိ နတ္ထိဟူသောသံဝဏ္ဏနာပါဌ်ဖြင့် အရဏာ ၌ န-သဒ္ဒါ ၏ ကာရိယဖြစ်သော အ-သဒ္ဒါ၏ ပဋိသေဓ(တစ်နည်း) ဝိရဟအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ။

နတ္ထိ ဧတေသံ ရဏာတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အရဏာ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏အဖြစ် ယင်းစတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ သမ္ပဒါန်အနက်ဟော၏အဖြစ်ကို အဋ္ဌကထာဆရာသိစေပါသည်။ သမာ သလိင်္ဂပဒတ္ထသံဝဏ္ဏနာ။

http://www.dhammadownload.com



(တစ်နည်း) အရဏာ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "နတ္ထိ ဧတေသံ ရဏာတိ အရဏာ"ဟုစတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပစနတ္ထပြုရမည့်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

ဧတေနာကာရေန-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် နတ္ထိ ဧတေသံ ရဏာ၌ "ငိုကြွေးကြောင်းဖြစ်သော ရာဂစသောတရားတို့ မရှိ"ဟူသည် "ထိုဆိုအပ်ပြီးသော သမ္ဗယောဂ၊ ပဟာနေကဋ္ဌတာသဘောအားဖြင့် မရှိခြင်းပင်တည်း"ဟု အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။]

---

၇။ ။ ပရိ, သ, အ-တို့၏ ဓာတွေတဗ္ဗတ္ထ

ပရိဒေဝန္တိ ၌ ပရိ-သဒ္ဒါ၏ဓာတွေတဗ္ဗတ္ထကား ငိုကြွေးမြည်တမ်းခြင်း (ဒေဝ) အနက် ဖြစ်ပါသည်။

သရဏာ ၌ (သဟ-သဒ္ဒါ၏ကာရိယ)သ-သဒ္ဒါ၏ ဓာတွေတဗ္ဗတ္ထကား အတူ-တကွ (သမကြိယာ-သဟ-တုလျယောဂ)အနက်ဖြစ်ပါသည်။

အရဏာ-၌ အ-သဒ္ဒါ၏ ဓာတွေတဗ္ဗတ္ထကား တားမြစ်ခြင်း (ပဋိသေဓ) တစ်နည်း)ကင်းခြင်း (ဝိရဟ)အနက်ဖြစ်ပါသည်။

မှတ်ချက်။ ။ ပရိ-၏အနက်ကို "ဓာတွတ္ထာနုဝတ္တကအနက်"ဟုလည်း ဆိုကြ၏။ ဓာတွတ္ထာနုဝတ္တက ၏အဓိပ္ပါယ်ကို "ဓာတ်၏အနက်သို့အစဉ်လိုက်သော (ဥပသာရသည် ဓာတွတ္ထာနုဝတ္တက ဥပသာရမည်၏)"ဟုလောက်သာ ယူက ဥပသာရ ဝိသေသလက္ခဏာ,ဥပသာရအမျိုးအစားလောက်သာ အဓိပ္ပါယ်ရ၍ ဒေဝ-အနက်ဟူသော အဆိုနှင့်ဓာတွတ္ထာနုဝတ္တကအနက်-ဟူသော အဆိုနှစ်မျိုးဆန့်ကျင်ရုံ သာမက-

ဓာတွတ္ထံ ဗာဓတေ ကောစိ။ တောစိ တမနုဝတ္တတေ။

တမေဝညော ဝိသေသေတိ၊ ဥပသဂ္ဂဂတိ တိဓာ။ (ရူ၊ နာ၊ ၁၃၂) ဂါထာ၌ ဥပသဂ္ဂဂတိ တိဓာ-ကို "ဣတိ ဥပသဂ္ဂါနံ ဂတိ အတ္ထေသု ပဝတ္တိ တိဓာ တိပ္ပကာရာတိ အတ္ထော"ဟုဖွင့်သော (ရူ၊ ဋီ)နှင့်လည်းကောင်း, "ဥပသာရပုဒ်၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကို သိစေ၏"ဟု အာဘော်ဖော်ရာ၌ ဆရာစဉ်ဆက် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ အမည်ပေးခဲ့ကြသည်နှင့်လည်းကောင်း မညီညွတ်ဘဲ ရှိပေမည်။

"ဓာတ်၏အနက်သို့ အစဉ်လိုက်သည်ဖြစ်၍ ဓာတ်၏အနက်ကို ဟောသော (ဥပသာရသည် ဓာတွတ္ထာနုဝတ္တကဥပသာရ မည်၏)"ဟု အထိယူပါ။ သို့ယူပါမှ ယင်းအဆို ၂-မျိုး အချင်းချင်း မဆန့်ကျင်သည့်ပြင်။ ရူ၊ဋီ၊စကားနှင့်လည်းကောင်း, ဆရာစဉ်ဆက် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာအမည်ပေးခဲ့ကြသည်နှင့်လည်းကောင်း ညီပေမည်။ ဤသို့ ညှိယူရပါမည်။

["ဒေဝအနက်"ဟု ဆိုရပုံ။ ။ ဒေဝု-ဒေဝ ဒေဝနေ (ငိုကြွေးခြင်း မြူးပျော်ကစားခြင်း၌)။ ဒေဝတိ၊ အာဒေဝတိ၊ပဋိဒေဝတိ၊အာဒေဝေါ၊ပရိဒေဝေါ (နီတိ၊ ဓာတု၊၁၇၁။)ကိုထောက်၍ ဒေဝု ဓာတ်ကပင် ဒေဝအနက်ဟောသည်ဖြစ်၍ ပရိ-သဒ္ဒါ ဓာတွတ္ထာနုဝတ္တက ဖြစ်သည်ကို သိအပ်၏။

http://www.dhammadownload.com



ကမ္မံ-ကြိယံ ပဝုတ္တံဝဒ္ဓေါတိ ကမ္မပ္ပဝစနီယာ။ ကမ္မံ-ကြိယံ၊ ကြိယာကို။ ပဝုတ္တံဝဒ္ဓေါ၊ဥပသဂ္ဂသညာကို ရစဉ်က ထွန်းပြဘူးကုန်ပြီ။ ဣတိ၊ ကြောင့်။ ကမ္မပ္ပဝစနီယာ၊မည်၏။ (ကမ္မ-သဒ္ဒူပပဒ ပ-ပုဗ္ဗ ဝစ ဓာတ်အနီယပစ္စည်း)။

အတိတေတိ ဇာတေန ဥပသဂ္ဂတာဒသာယံ အဘျာဒယော ကြိယာဓောတကာ၊တသ္မာ သမ္မတိ ကမ္မပ္ပဝစနီယတာဒသာယံ န ကြိယံ ပတိပါဒ ယန္တိ အဘိ-စသော ဥပသာရုပ်ဒ်တို့သည် ဥပသဂ္ဂသညာအခိုက်၌ ကြိယာကိုထွန်းပြဘူးကုန်၏။ ယခုအခါ ကမ္မပ္ပဝစနီယံသညာက ဥပ္ပသဂ္ဂသညာကိုတားမြစ်သောကြောင့် ကြိယာကို မထွန်းပြကုန်၊ (သက္ကတ၊ မောဂ်၊ သျ၊ ၂။ စ-သုတ် ကြည့်။)

ပရိ-စသောဥပသာရုပ်ဒ်တို့သည် ပရိဘဝတိ၊ အဘိဘဝတိ (လွှမ်းမိုး၏) အနုဘဝတိ (ခံစား၏)စသည်ဖြင့် ဓာတ်နှင့်တွဲဖက်၍ ဥပသာရအမည်ရခိုက်တုန်းက လွှမ်းမိုးခြင်း၊ခံစားခြင်းစသောကြိယာကို ဟောခဲ့ဘူး ထွန်းပြခဲ့ဘူးကုန်၏။ ရုက္ခမတိ(သစ်ပင်ပေါ်၌)ဝိဇ္ဇောတတေ စန္ဒော၊ရုက္ခံပရိ+ဝိဇ္ဇောတတေ စန္ဒော စသည်ဖြင့် ကြိယာနှင့်မတွဲရသာအခါ ဓာတ်နက်ကို မထွန်းပြနိုင်သောကြောင့် ဓာတွတ္ထံ ဥပေစ္စ သမဇ္ဇန္တိတိ ဥပသဂ္ဂါ ဟူသောဝိဂြိုလ်အရ ဥပသာရအမည်မရနိုင်ကြတော့ဘဲ ကမ္မံ ကြိယံ ပဝုတ္တံဝဒ္ဓေါတိ ကမ္မပ္ပဝစနီယာ-ဟူသော ဝိဂြိုလ်အရ ကမ္မပ္ပဝစနီယအမည်သာ ရကြတော့သည်-ဟုလို။

ဤစကားအရ ပရိသဒ္ဒါ၏ ဓောတေတဗ္ဗတ္ထကို "ဒေဝအနက်"ဟုဆိုသည်။ ပရိဝသတိ-၌ ပရိ-သဒ္ဒါ နိဝါသအနက်ဟောသကဲ့သို့ မှတ်။ ပရိ-နိဝေါသေ (ဝတ်ရုံ ခြင်း၌)။ ဝတ္ထံ(ကို)ပရိဝသတိ (ဝတ်ရုံ၏)။ (နီတိ၊သုတ္တာ၊နှာ၊၃၆၃။) နိဝါသ အစ္ဆာဒနေ၊ဝတ္ထံ နိဝါသေတိ။ (နီတိ၊ဓာတု၊၃၄၇။)တို့ကိုထောက်၍ ပရိဝသတိကို ဥဒါဟရုဏ်အဖြစ်ထုတ်ပြသည်။

ပကရောတိ စ နံ ကတ္တုံ အာရဘတိ၊ကရောတိယေဝ ဝါ။ (ပါရာဇိက ကဏ္ဍ၊ဋ္ဌ၊၁၊၁၈၅။)ပ-သဒ္ဒေါ အာရမ္ဘဝစနောတိအာဟ "ကတ္တုံ အာရဘတိ"တိ၊ ကတ္ထစိ ဥပသဂ္ဂေါ ဓာတုအတ္ထမေဝ ဒဒတိ၊ န ဝိသေသတ္တဓောတကောတိ အာဟ" ကရောတိယေဝဝါ"တိ။ (သာရတ္ထ၊ ၂၊ ၂၁။)ကို ထောက်၍လည်း ပရိ-သဒ္ဒါ ဒေဝအနက် ဟောသည့်ကို သဘောကျပါ။ ၁၉၈၁ (၁၃၄၂)ခုနှစ် (၇)နံပါတ် အဖြေလည်းရှုပါ။

"သမကြိယာ-သဟ-တုလျယောဂအနက်"ဟု ဆိုရာ၌ ထောက်ဖွယ်။ သဟ, သဒ္ဓိံ, သမံ, အမာ, ဣတိ သမကြိယာယံ (ညီမျှသော ကြိယာအနက်၌)။ (ရူ၊ နာ၊ ၁၃၅။)သဟ, သဒ္ဓိံ, အမာဣစ္စေတေ သမကြိယာယံ။ ဝေဒေဟော သဟ မစ္စေဟိ၊ မယာသဒ္ဓိံ ဂမိဿတိ။ အမာဝါသီ ဒိဝသော။ (နီတိ၊သုတ္တာ၊နှာ၃၈၇) သဟ၊ သဒ္ဓိံ, သမံ, အမာ။ (ဓာန်၊ ၁၁၃၆။)သဟာဒယောပိ စတ္တာရော သဟတ္ထာ။ (ယင်းဋီကာ) ယသခ်ါရန္တိ တွေ သဟ-သဒ္ဒသ တုလျယောဂတ္ထဝါစ ကတ္တာ သဟ သခ်ါရေန ဝတ္တတိတိ သသခ်ါရန္တိ အတ္ထော။ (မဏိ-မဥ္ဇူ၊၁၊၁၅၉။)တို့ကို ထောက်၍ သ၏ဓောတေတဗ္ဗတ္ထကို ဆိုသည်။ ၃-မျိုးအဆိုသာ ကွဲသည်။ အနက်သဘောအရ ကားမကွဲ၊အတူတူသာတည်း။

http://www.dhammadownload.com



"ပဋိသေဓ ဝိရဟာအနက်"ဟု ၂-မျိုးဆိုရုံ။ ။ န, နော,မာ,အ,အလံ, ဟလံ,ဣစ္စေတေ ပဋိသေဓနတ္ထေ။ (ရူ၊နှာ၊၁၃၂။) နိသေဓေ န အ နော မာလံ၊ နဟိ။ (ဓာန်၊၁၁၄၇။) န အ နော မာ အလံ နဟိ-ဣစ္စေတေ ဆ နိသေဓေ၊ (ယင်းဋီကာ)တို့၌ အ-သဒ္ဒါ၏အနက်ကို ပဋိသေဓအနက်ကိုသာ ဆိုသည်။

နီတိ၊သုတ္တ(နှာ၊၃၇၂။)၌"န နော မာ အ အလံ ဟလံ ဣစ္စေတေ ပဋိသေဓ နတ္ထေ"ဟုရှေးဦးစွာဆို၍ထို့နောက် "အ ဣတိဝုဒ္ဓိတဗ္ဗာဝါဒိသုပိ ဒိဿတိ။ ဝုတ္တဉ္စ-

"ပဋိသေဓေ ဝုဒ္ဓိတဗ္ဗာဝေ၊အညတ္ထေ သဒိသေပိစ။

ဝိရုဒ္ဓေ ဂရဟေ သုညေ၊အကာရော ဝိရဟပ္ပကေ"ဟု (၁၀)နက် ထပ်ထုတ် ပြလေသည်။ ကေကဓရကောသ (၁၃)၌ကား

"ဝုမိုတဗ္ဗာဝသဒိသ၊နိသေဓအညပ္ပကေ ရဓေ၊

နိန္ဒာဝိရုဒ္ဓဝိရဟာ၊သုညေ အပဒပူရဏေ"ဟု ရဓအနက်ပါထည့်၍ (၁၁)နက် ထုတ်သည်။

"ပဋိသေဓအနက်"ဟု သာမန်ဆိုသော ဆရာတို့အလိုမှု "မရှိခြင်း၊ကင်းခြင်းစသော အနက်များလည်း သဘောအားဖြင့် မြစ်ခြင်းပင်ဖြစ်၍ ပဋိသေဓပင်"ဟု ယူလိုကြသည်။

ဤသို့ယူလျှင် "ပဋိသေဓ တစ်နက်တည်း ယူသည့်နည်းက တစ်မျိုး(၁၀) နက်ယူသည့်နည်းက တစ်မျိုးအားဖြင့် ၂-မျိုး၊ ၂-နည်းရှိသည်"ဟု ယူရပေမည်။ မှန်၏ န တုလော အတုလော၊သီလာဒီဟိ ဂုဏေဟိကေနစိ အသဒိသော။ နတ္ထိ ဧကဿ ဓာ တုလော သဒိသောတိအတုလော။ (အဘိဓမ္မတ္ထဝိဘာဝိနီ၊၄။) ၏ အဖွင့် မဏိမဉ္ဇူ (၁၊၈၅-၆)၌ "အယဉ္စ အကာရော ပသဇ္ဇပဋိသေဓဝါစီ,ပရိယုဒါ သဝါစီဝသေန ဒုဝိဓော၊ ဣဓပေန ပရိယုဒါသဝါစီ အဓိပ္ပေတော။ ဒသသု အ ကာ-ရတ္ထေသု စ အညတ္ထေ ပဝတ္တတီတိ ဒဋ္ဌဗ္ဗော။ ဝါ အထဝါ တုလောသဒိသော ကောစိ ပုဂ္ဂလော ဧကဿ ဘဂဝတော ယသ္မာ နတ္ထိ၊ဣတိ တသ္မာ သော ဘဂဝါ အတုလော နာမာတိ အတ္ထော။ အကာရော စေတ္ထ ဝိရဟတ္ထေ ဝတ္တတီ"ဟု ပဋိသေဓအနေဖြင့် တစ်မျိုး (၁၀)နက်အနေဖြင့် တစ်မျိုး၊ ၂-မျိုး ခွဲဆိုထားလေသည်။ ဤသို့ ၂ မျိုးယူ၍ "ပဋိသေဓ,ဝိရဟာအနက်"ဟု ၂-မျိုးဆိုသည်။

အရဏာ ၌ အ၏ဓောတေဗ္ဗတ္ထကို "ဝိရဟာအနက်"ဟု ဆိုရာ၌ ယခင် ဝါ အထဝါဖြင့် တက်သော မဏိမဉ္ဇူအပြင် အပုတ္တကံ သာပတေယျန္တိ အာဒီသု ဝိရဟေ။ (နီတိ၊သုတ္တ၊နှာ၊၃၇၄။)နှင့်သော (သခ်ီရော)ယဿ နတ္ထိ တံ အသခ်ီရံ၊ တဒေဝ အသခ်ီရိကံ။ (အဘိဓမ္မတ္ထဝိဘာဝိနီ၊ ၁၁။)၏အဖွင့် အသခ်ီရန္တိ စတ္ထ အကာရော ဝိရဟတ္ထော ဟူသော (မဏိမဉ္ဇူ ၁၊ ၁၅၉။)တို့ကိုလည်း ထောက်။

ပဋိသေဓ ၂-မျိုး

တဒဘာဝါဒိနာ လဗ္ဘော၊ပသဇ္ဇပဋိသေဓနော။

တဿဒိသေန လဗ္ဘောပ၊ရိယုဒါသောတိ ဒုဗ္ဗိဓော။

(သောဒစိန္တာ။ ၂၄၇)

အကတွာ-စသော ပြယုဂ်၌ မြစ်အပ်သော ပြုခြင်းကြိယာစသော အနက်၏ မရှိခြင်းစသည်ဖြင့် မှတ်အပ်သော ပဋိသေဓသည် ပသဇ္ဇပဋိသေဓမည်၏။ အဗြာဟ္မဏော,

http://www.dhammadownload.com



အကုသလာ စသော ပြယုဂ်တို့၌ ဖြစ်အပ်သော ပုဏ္ဏား, ကုသိုလ်စသော အနက်တို့နှင့် တူခြင်းဆန့်ကျင်ခြင်းစသည်ဖြင့် မှတ်အပ်သော ပဋိသေဓသည် ပရိယုဒါသပဋိသေဓ မည်၏။

တဒဘာဝါဒိနာ ၌ အာဒိ-ဖြင့် ဝိရဟိတ, သုည စသော အနက်ကိုယူ။ တဿဒိသေနဖြင့် ပဋိပက္ခ, ဝိရုဒ္ဓ, အည, အပ္ပက စသောအနက်တို့ကိုလည်း ယူ။

ကြိယာကို မြစ်သည်ကား ပသဇ္ဇပဋိသေဓ,ဒြပ်ကိုမြစ်သည်ကား ပရိယုဒါသ ပဋိသေဓ။ (တစ်နည်း)ကြိယာနှင့်ယှဉ်သည်ကား ပသဇ္ဇပဋိသေဓ။ နာမ်ပုဒ်နှင့် ယှဉ်သည်ကား ပရိယုဒါသပဋိသေဓ။ ဤသို့ အထူးကိုလည်း ဆို၏။ ဤကိုရည်၍ "ပသဇ္ဇမှာကြိယာ၊ ကြွင်းမှာ ဒြပ်မြစ်"ဟု စပ်ဆိုကြသည်။ အကျယ်ကို ဆောဒစိန္တာ အနုဒီပနီ (၂၄၇။)၌ရှု။

"အဘာဝ,ဝိရဟ,သုည-စသောအနက်ကို ပသဇ္ဇပဋိသေဓ၊သဒိသ,ပဋိပက္ခ, ဝိရုဒ္ဓ, အည,အပ္ပက စသောအနက်ကို ပရိယုဒါသ,ပဋိသေဓ"ဟု ဤဆောဒစိန္တာအနုဒီပနီ ဆိုလိုသည်ကို ထောက်ကလည်း(မဏိမဉ္ဇူကို ထောက်၍သာမဟုတ်)။ ဤဆောဒစိန္တာ- အနုဒီပနီအဆိုအတိုင်း(၁၀)နက်ကို ပသဇ္ဇ, ပရိယုဒါသ ပဋိသေဓ ၂-မျိုးတွင် ထိုက်သလို သွင်းယူလျှင်ပါဝင်နိုင်သောကြောင့် ပဋိသေဓ တစ်နက်တည်းယူသည့်နည်းက တစ်မျိုး။ (၁၀)နက်ယူသည့်နည်းက တစ်မျိုးအားဖြင့် ၂-မျိုး၊ ၂-နည်းရှိသည်"ဟု ယူသင့် သည်မှာ ထင်ရှားသည်သာ။

ယင်းသို့ ၂-မျိုး။ ၂-နည်း ယူသင့်သောကြောင့်။ ၂-မျိုး ၂-နည်းဖြေသည်]

---

၈။ ။ ကြိယာ ၅ တန်

[ရဏာ ပုဒ်၏အရ တရားကိုယ်ကို ယူ၍ ကြိယာ ၅-တန်ကို ၁၉၇၇ (၁၃၃၉)ခုနှစ်အဖြေ၌ ရှု။]

---

၉။ ။ ပရိဒေဝ၏ လက္ခဏာဒိ စတုက္က

သောကပဋိဟနနလက္ခဏော သဒ္ဒေါ၊
သောတစိညာဏာဿ ဝိသယဘာဝရသော၊
တဿေဝ ဂေါစရပစ္စုပဋ္ဌာနော၊
စတုမဟာဘူတပဒဋ္ဌာနော။ (ဋ္ဌ၊ ၃၅၆။)

---

၁၀။ ။ ပဋ္ဌာန်းပစ္စည်း

(က)အမှတ်ပြဝါကျ၌ ဓောဟိ-အရ ရာဂ,ဒေါသ,မောဟ-ပစ္စည်းတရားက ရဏန္တိ-အရ ပရိဒေဝစိတ္တဇသဒ္ဒအားကျေးဇူးပြုနိုင်သော သတ္တိများကား ဟေတု, သဟဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ၆-ပစ္စယသတ္တိ ဖြစ်ပါသည်။

(တစ်နည်း)ဓောဟိ-အရ ရာဂ စသော ကိလေသာ(၁၀)ပါးပစ္စည်းတရားက ရဏန္တိ အရ ပရိဒေဝစိတ္တဇသဒ္ဒအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကား ဟေတု, သဟဇာတ, နိဿယ, မဂ္ဂ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ, ၇-ပစ္စယသတ္တိ ဖြစ်ပါသည်။

[မှတ်ချက်။ ။ ရှေ့နည်းမှာ ရဏ ၏အရကိုပြသော (ခ)အမှတ်ပြဝါကျရှိ ရာဂါဒီနံ-၌ အာဒိ-ဖြင့် ဒေါသ,မောဟ, ကိုသာယူသောအဋ္ဌကထာအလိုဖြစ်သည်။ နောက်နည်းမှာ အာ-ဒိဖြင့် ကျန်ကိလေသာ ၉-ပါးကိုယူသော မူလဋီကာအလိုဖြစ်သည်။

54A

http://www.dhammadownload.com



(အစိတ်အစိတ်။ ။အစိတ်အစိတ်ခွဲသော် ဓာတေဟိ–အရ ရာဂ,ဒေါသ, မောဟကို ယူလျှင် မဂ္ဂကြဉ် ၆–ပစ္စည်းဖြင့် ကျေးဇူးပြုသည်။ ဒိဋ္ဌိကို ယူလျှင် ဟေတု ကြဉ် ၆–ပစ္စည်းဖြင့် ကျေးဇူးပြုသည်။ကျန်ကိလေသာ ၆–ပါးကိုယူလျှင် ဟေတုမဂ္ဂ ကြဉ် (၅) ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

"ဓာတ်အရ"ဟုမေးဘို့ မလို။ ။ ဓာတေဟိ က ရဏန္တိ ဝယ်ဓာတ်၌သာ စပ်နိုင်သောကြောင့်"ရဏန္တိ–အရ"ဟု သာမန်ဆိုသော်လည်း"ဓာတ်–အရကိုရည်သည်၊ ဓာတ်၏အရကို ကောက်ရသည်"ဟုမှတ်။ ဤနေရာမျိုးကဲ့သို့ သံသယဖြစ်ဖွယ်ရာ မရှိသည့်နေရာမျိုး၌ "ဓာတ်အရ(အနုတ္တ–အရ)"ဟု ဝိသေသ မ,မေးဘို့ မလို။ မလို၍ သာမန်မေးသည်။

မမေးသင့်။ ။၁၉၇၇ (၁၃၃၉) ခုနှစ်မေးခွန်းအဖြေကို လေ့လာထားပါက ဒီနှစ်မေးခွန်းကို ကြောက်ဖွယ်ရာမလို၊ အောင်မှတ်တော့သေချာလျက်သာ ရှိသောကြောင့် ဤကျမ်းကို လေ့လာရန်မမေးသင့်။]

---

### ၁၉၈၈ (၁၃၅၀) ခုနှစ် ဓမ္မာစရိယတန်း
### ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁။ ။ အောက်ပါပုဒ်တို့ကို နိဿယည်းကျကျ အနက်သမ္ဗန်ပါ။

(က) သမ္မတ္တနိယတာ။

(ခ) ဥပ္ပါဒိနော။

(ဂ) ဥပါဒါ။

(ဃ) အစိဝစနာ။

(င) ဝိပဿနာ

၂။ ။ ယာ တသ္မိံ သမယေ စိတ္တဿ ဌိတိ သဏ္ဌိတိ အဝဋ္ဌိတိ အဝိသာ ဟာရော အဝိက္ခေပေါ အဝိသာဟဋမာနသတာ သမထောကို သံ,အဝ ဥပသာဂ ပုဒ်တို့၏အနက် ထင်စေလျက် အနက်ယောဇနာခဲ့ပါ။

၃။ ။ ယသ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတိ နိယျာနိကံ အပစယဂါမိံ ဒိဋ္ဌိဂတာနံ ပဟာနာယ ပဌမာယ ဘူမိယာ ပတ္တိယာ–ကို ဘူမိယာ–၌ သရူပတ္တ ထင်စေလျက်အနက်ယောဇနာပါ။

၄။ ။ ယာ ရူပဿ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော–ကို နိဿယည်းကျကျယောဇနာပါ။

၅။ ။ အဘိဓမ္မေ သုပ္ပဋိပန္နေ ပညာသမ္ပဒံ နိဿယ စတသော ပဋိသမ္ဘိဒါ ပါပုဏာတိ၊တာသဥ္စ တတ္ထေဝ ပဘေဒဝစနတော–ကို ဝါကျအပြန်အလှန် အနက် ယောဇနာပါ။

http://www.dhammadownload.com



၆။ ။ ယေကေစိ တေန သမယေန၊ ဟေတ္တိ မာနသံ ဘဝံ။
အပ္ပတ္တမာနသာ သေက္ခာ၊ဂရုဟိတာ ဘဝန္တိ တေ ကို နိဿယည်းကျကျ ယောဇနာပါ။

၇။ ။ ယဒါ ပန အဘိဇ္ဈာသဟဂတေန စေတသာ ဝါစင်္ဂ စောပေန္တော "အဟော ဝတ ယံ ပရဿ၊တံ မမဿာ"တိ ပရဝိတ္တူ ပကာရဏံ အဘိဇ္ဈာယတိ-ကို အနက်အားဖြင့် အာကာရအပြင်ထုတ်၍ ယောဇနာပါ။

၈။ ။ ဣမသ္မိံ ပန ဈာနေ ဝိတက္ကဝိစာရပလိဗောဓာဘာဝေန လဒ္ဓါကာသာ ဗလဝတီ သဒ္ဓါ၊ ဗလဝသဒ္ဓါ သဟာယပဋိလာဘေနေဝ သမာဓိပိ ပါကဋော-ကို ဣမသ္မိံ ဈာနေ ၌ ဈာနသရုပ်ထင်စေလျက် အနက်ယောဇနာပါ။

၉။ ။ မေတ္တာဖြဟ္မဝိဟာရဿ ဟိ "သမိပစာရော ဝိယ ပုရိသဿ သပတ္တော" ဂုဏဒဿနသဘာဂတာယ ရာဂေါ အသန္နပစ္စတ္ထိကော ကို ဥပမာအပြင် ထုတ်၍ အနက်ယောဇနာပါ။

၁၀။ ။ လောကုတ္တရမဂ္ဂေါ ဟိ အဇ္ဈတ္တံ အဘိနိဝိသိတွာ အဇ္ဈတ္တံ ဝုဋ္ဌာတိ၊ အဇ္ဈတ္တံ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ဝုဋ္ဌာတိ ကို ဝိဘတျတ္တထင်စေလျက် အနက်ယောဇနာပါ။

---

၁၉၈၈ (၁၃၅၀) ခုနှစ်ဓမ္မစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ,အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁။ ။ [(က)(ခ) ပါ၊၃။ ပါသျ၊၁၀။ (ဂ) ပါ၊ ၁၀။ ပါသျ၊ ၂၁။ (ဃ)ပါ၊၁၃။ ပါသျ၊ ၂၅။ (င)ပါ၊၁၅။ ပါ သျ။ ၂၀။]

---

၂။ ။ [သျ နောက်နည်းအတိုင်း မေးသည်။ အဋ္ဌကထာ (၁၈၈)၌လည်း ဖွင့်သည်။ ။ပါ၊၁၉။ ပါသျ၊၄၀။ ။၁၃၁၅ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၃။ ။ [သျအတိုင်း ယောဇနာ။ ။ ပါ၊၇၂။ ပါသျ၊၁၂၂။ ။ ၁၃၂၀၊၁၃၂၃။ ၁၃၂၈၊၁၃၃၉ (၁၉၇၇)ခုနှစ်များကလည်း မေးခဲ့ပြီ။]

---

၄။ ။ [ပါ၊၁၆၉။ ပါသျ၊ ၂၇၀။ ။ (၁၃၃၃)ခုနှစ်ကလည်း မေးခဲ့ပြီ]

---

၅။ ။ ဝါကျအပြန်အလှန်အနက်
တတ္ထေဝ၊ထိုအဘိဓမ္မာပိဋကတ်၌သာလျှင်။ တာသဥ္စ၊ထိုလေးပါးသော ပဋိသမ္ဘိဒါတို့၏လည်း။ ပဘေဒဝစနတော၊အပြားကို ဟောတော်မူခြင်းကြောင့်။ အဘိဓမ္မေ၊ အဘိဓမ္မာပိဋကတ်၌။ သုပ္ပဋိပန္နော၊ ကောင်းသောအကျင့်ရှိသော။ (ဘိက္ခု၊

http://www.dhammadownload.com



ရဟန်းသည်။) ပညာသမ္ပဒ်၊ပညာနှင့် ပြည့်စုံခြင်းကို။ နိဿယ၊ မှီ၍။ စတသော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါ၊ပဋိသမ္ဘိဒါတို့သို့။ ပါပုဏာတိ၊ရောက်၏။ (ဋ္ဌ၊ ၂၄။ ဋ္ဌသျ၊၁၊၉၈။)

၆။ ။[ ဋ္ဌ၊၅၆။ ဋ္ဌသျ၊၁၊၁၉၇။]

၇။ ။ အနက်အားဖြင့် အာကာရအပြင်ထုတ်၍ အနက်

ပန၊ ထိုမှတစ်ပါး။ ယဒါ၊အကြင်အခါ၌။ အဘိဇ္ဈာသဟဂတေန၊ အဘိဇ္ဈာနှင့်တကွဖြစ်သော။ စေတသာ၊စိတ်ဖြင့်။ ဝါစင်္ဂ၊နှုတ်အင်္ဂါကို။ စောပေန္တော၊ လှုပ်စေလျက်။ ပရဝိတ္တူပကရဏံ၊သူတစ်ပါးဥစ္စာအသုံးအဆောင်ကို။ အဘိဇ္ဈာယတိ၊ တပ်သောအားဖြင့် မိမိသို့ ရှေးရှုကြံ၏။ (ကိံ၊အဘယ်သို့။ အဘိဇ္ဈာယတိ၊တပ်သော အားဖြင့် မိမိသို့ရှေးရှုကြံသနည်း။) ပရဿ၊သူတစ်ပါး၏။ ယံ–သန္တကံ၊အကြင် ဥစ္စာသည်။ (အတ္ထိ၊ရှိ၏။)တံ–သန္တကံ၊ ထိုဥစ္စာသည်။ မမ၊ငါ့အား။ အဿဘဝေယျ၊ ဖြစ်မူ။ အဟောဝတ၊ကောင်းလေစွ သြော်။ ဣတိ၊ဤသို့။ (အဘိဇ္ဈာယတိ၊တပ်သော အားဖြင့် မိမိသို့ရှေးရှုကြံသတည်း။ (ဋ္ဌ၊ ၁၃၆။ ဋ္ဌသျ၊၁၊၅၄၆။)

၈။ ။ [သျှအတိုင်း ယောဇနာ။ ဋ္ဌ၊ ၂၁၄။ ဋ္ဌသျ၊ ၂၊ ၂၇၀။]

၉။ ။ ဥပမာ အပြင်ထုတ်၍ အနက်

ဟိ၊ချဲ့အံ့။ မေတ္တာဖြဟ္မဝိဟာရဿ၊မေတ္တာဖြဟ္မဝိဟာရ၏။ ရာဂေါ၊ ရာဂသည်။ ဂုဏဒဿနသဘာဂတာယ၊ဂုဏ်ကို ရှုခြင်း သဘောတူသည်၏ အဖြစ် ကြောင့်။ အာသန္နပစ္စတ္ထိကော၊နီးသော ရန်သူမည်၏။ (ကိမိဝ၊အဘယ်ကဲ့သို့နည်း ဟူမူကား။)ပုရိသဿ၊ယောကျာ်း၏။ သမီပစာရော၊အနီး၌ ကျင်လည်သော။ သပတ္တောဝိယ၊ရန်သူကဲ့သို့တည်း။ [သျှအတိုင်းလည်း ယောဇနာနိုင်သည်။ ဋ္ဌ၊ ၂၃၈။ ဋ္ဌသျ၊ ၂၊၃၆၈။]

၁၀။ ။ [သျှအတိုင်း ယောဇနာ။ လောကုတ္တရမဂ္ဂေါ–ကို "သည်"ဟု ယောဇနာ။ ဋ္ဌ၊ ၂၇၀။ ဋ္ဌသျ၊ ၂၊၅၀၄။]

၁၉၈၈ (၁၃၅၀) ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

---

(က) အနုပဝိသနသင်္ခါတေန ဩဂါဟနဋ္ဌေန အပိလာပနဘာဝေါ အပိလာပနတာ။
(ခ) တထာ ဟိ လာဗုကဋ္ဋာဟာဒီနိ ဥဒကေပ္လဝန္တိ န အနုပဝိသန္တိ။
(ဂ) န တထာ အာရမ္မဏေ သတိ။

http://www.dhammadownload.com



(ဃ) အာရမ္မဏာဓိပတိသာ အနုပဝိသတိ။
(င) တသ္မာ အဝိလာပနတာတိ ဝုတ္တာ။

၁။ ။ အထက်ပါ (ခ)(ဂ)အမှတ်ပြဝါကျတို့ကို (ဂ)အမှတ်ပြဝါကျ၌ ထည့်သင့်ရာ ပါဋ္ဌသေသ ထည့်စွက်၍ အနက်သမ္ဗန်ပါ။

၂။ ။ (ဃ)အမှတ်ပြဝါကျကို ဌာပနာပဉ္စကစာဒနာတက် တက်ရုံမျှတက်ပြပါ။

၃။ ။ (ဃ)အမှတ်ပြဝါကျဖြင့် အဘယ်ဂန္ထဒေါသကို ပယ်ပါသနည်း။ အကြောင်းနှင့်တကွ ရှင်းပြပါ။

၄။ ။ အပိလာပနတာ-ကို အစိတ်, အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝိဂ္ဂဟ၌ ဘေဒစိန္တာဒီပနီနည်းအရ ဗျုပ္ပတ္တိစတုက္က ခွဲဝေထုတ်ပြပါ။

၅။ ။ (ခ)အမှတ်ပြဝါကျပါ လာဗု-ပုဒ်ကို လိင်-ဂဏ, အန္တအားဖြင့် ညွှန်းပြ၍ လာဗုကဋာဟ-ပုဒ်၏ သမာသ်အမည်ကိုလည်း ညွှန်းပြပါ။

၆။ ။ (က)အမှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာသော်ကို အနွယ, ဗျတိရေကအားဖြင့် ဖော်ပြ၍ သံဝဏ္ဏနာ အမည်များကိုလည်း ဖော်ပြခဲ့ပါ။

၇။ ။ (ခ)(ဃ)အမှတ်ပြဝါကျတို့၌ ပါသော ဟိ-သဒ္ဒါတို့၏ ဓာတော တဗ္ဗတ္ထ အသီးသီးကို အကြောင်းနှင့်တကွ ဖော်ပြပါ။

၈။ ။ (က)အမှတ်ပြဝါကျ၌ အပိလာပနတာ-၏အရ တရားကို ကောက်ယူ၍ ဒသနတ္တစသည် ကြိယာငါးတန် ဆက်စပ်ဟန်ကို မှန်ကန်စွာ ထုတ်ပြပါ။

၉။ ။ (ဂ)အမှတ်ပြဝါကျပါ သတိတရား၏ လက္ခဏ,ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကို ဝေဘန်ထုတ်ပြပါ။

၁၀။ ။ သရန္တိတေနာတိ သတိ-၌တေနယ-အရ ပစ္စည်းတရား,သရန္တိ အရ ပစ္စယုပ္ပန်တရားတို့ကိုဖော်ထုတ်၍ ယင်းပစ္စည်းတရားက ယင်းပစ္စယုပ္ပန်တရားတို့အား ယထာရဟ ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကို စုံလင်စွာ ထုတ်ပြပါ။

http://www.dhammadownload.com



## ၁၉၈၈ (၁၃၅၀) ခုနှစ် ဓမ္မာစရိယတန်း
## ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။ ပါဠိသေသ ထည့်စွက်၍ အနက်

ဟိ–တံ ပါကဋံ ကရောမိ၊ထိုစကားကို ထင်ရှားသည်ကို ပြုဦးအံ့။ လာဗုက–ဃဋာဟာဒိနိ၊ဗူးတောင်းစသည်တို့သည်၊ ဥဒကေ၊ရေ၌။ ပ္လဝတ္တိ ယထာ၊ပေါ်ပေါ်မျော ကုန်၏ သို့၊ နအနုပဝိသန္တိ ယထာ၊မနစ်မငုပ်ကုန်၏သို့၊ တထာ၊ထို့အတူ၊ သတိ၊ သတိသည်။ အာရမ္မဏေ၊အာရုံ၌။ န (ပ္လဝတိ)မလွတ်သောအားဖြင့် ပေါ်ပေါ်မျော သည်မဟုတ်။ န (န အနုပဝိသတိ)၊ မနစ်မငုပ် စုပ်စုပ်မဝင်သည် မဟုတ်။ (တစ်နည်း)ပ္လဝတိ၊ မလွတ်သောအားဖြင့် ပေါ်ပေါ်မျောသည်ကား။)န မဟုတ်။ (န အနုပဝိ သတိ၊ မနစ်မငုပ် စုပ်စုပ် မဝင်သည်ကား။)န၊မဟုတ်။ (ဋ္ဌသာ၉၁၊ ဋ္ဌသျ၊ ၂၁၇၄။)

---

၂။ ။ (ဃ)အမှတ်ပြဝါကျ ဌပနာပဋိက္ခေပစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ)အမှတ်ပြဝါကျဖြင့် "သတိသည်အာရုံ၌ မလွတ်သောအားဖြင့် ပေါ်ပေါ်မျောသည် မဟုတ်၊ မနစ်မငုပ် စုပ်စုပ်မဝင်သည်မဟုတ်"ဟု ယုတ္တိဒဋ္ဌိယကို ဆိုတော်မူ၏(ဌပနာ)။ ယုတ္တိဒဋ္ဌိယသည် ယုတ္တိဒဋ္ဌိကရဏနှင့် မကင်းကောင်း သည် မဟုတ်ပါလော(အာဘောဂ)။ ထိုသို့ မကင်းကောင်းသောကြောင့် (အာဘောဂ ဟေတု)။ ယုတ္တိဒဋ္ဌိယကိုသာ မဆိုသင့်(ဌပနာပဋိက္ခေပ)။ ယုတ္တိဒဋ္ဌိကရဏကား အဘယ်ပါနည်း(စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော် မူလိုသော အဋ္ဌကထာဆရာသည် (ဃ)အမှတ်ပြဝါကျကို မိန့်၏။

[ဟိ–ကား ဒဋ္ဌိ။ ။ဝိတ္ထာရ–မှာ၊ကြောင်း,ခြင်း,သာ၊ပါကဋီ–မှာ၊ဥပမာ–ဟူသောဝါကျလက္ခဏာပြနိယံအရ (ဃ)အမှတ်ပြဝါကျသည်(ဂ)အမှတ်ပြ ဝါကျကို အကြောင်း, သို့မဟုတ် အခြင်းအရာ, သို့မဟုတ် သရုပ်တို့ဖြင့် ချဲ့ခြင်းမဟုတ် သောကြောင့် ဝိတ္ထာရဝါကျ မဖြစ်နိုင်။ ဥပမာန, ဥပမေယျဖြင့် ချဲ့ခြင်းမဟုတ် သောကြောင့် တပ္ပါကဋီကရဏဝါကျလည်း မဟုတ်နိုင်။ သန္နိဋ္ဌာန်နှောင်၊ ဟိနှင့် ဆောင်မူ၊ မြဲခေါင်ဒဋ္ဌိ၊ စောတပြီ–ဟူသောဝါကျလက္ခဏာပြ ရှင်တိပိဋကနာဂနိယံ (၅၄)အရ ထို့အတူ သတိသည် အာရုံ၌ မလွတ်သောအားဖြင့် ပေါ်ပေါ်မျောသည်မဟုတ်, မနစ် မငုပ် စုပ်စုပ်မဝင်သည် မဟုတ်–ဟူသော သန္နိဋ္ဌာန်ကျ အနက်သဘောရှိသော(ဂ) အမှတ်ပြရှေ့ဝါကျစကားရပ်ကို မြဲမြဲခိုင်ခန့်အောင် ပြုလို၍ ဟိ–နိပါတ်နှင့်တကွ(ဃ) အမှတ်ပြဝါကျကို ကျမ်းဆရာထုတ်ဆောင်ပြသောကြောင့် (ဃ)အမှတ်ပြ ဝါကျသည် ယုတ္တိဒဋ္ဌိကရဏဝါကျသာ ဖြစ်သင့်သည်။ ထို့ကြောင့် (ဃ)အမှတ်ပြ ဝါကျရှိ ဟိ–ကို နိဿယဆရာ အနက်မပေးသော်လည်း "ယုတ္တိဒဋ္ဌိ ကရဏဝါကျ"ဟု သိအပ်၏။ သဘာဝ ယုတ္တိဒဋ္ဌိကရဏ, ဗျတိရေကယုတ္တိဒဋ္ဌိကရဏ ဝါကျတို့တွင် (ဂ)အမှတ်ပြ ဝါကျကို ယင်း(ဂ)အမှတ်ပြဝါကျအားလျော်စွာဖြစ်သော အသင့်ယုတ္တိဖြင့် မြဲမြဲ ခိုင်ခန့်အောင်ပြုသောကြောင့် သဘာဝယုတ္တိဒဋ္ဌိကရဏဝါကျဖြစ်သည်။]

---

http://www.dhammadownload.com



၃။ ။ (ဃ)အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသ

ယုတ္တိဒဋ္ဌိကရဏဝါကျကို မပြဆိုဘဲ ယုတ္တိဒဋ္ဌိယာ (ဂ)အမှတ်ပြဝါကျကိုသာ ပြဆိုသည်ရှိသော် ယုတ္တိဒဋ္ဌိယ, ယုတ္တိဒဋ္ဌိကရဏ ဆန့်ကျင်သည်ဖြစ်၍ ဝိရောဓိဒေါသ ရောက်ရာသောကြောင့် (ဃ)အမှတ်ပြဝါကျကို ကျမ်းဆရာရေးရကား (ဃ)အမှတ်ပြဝါကျဖြင့် ယင်းဝိရောဓိဒေါသကို ပယ်ဝါသည်။

(တစ်နည်း) (ဂ)အမှတ်ပြဝါကျကိုသာ ဆိုသည်ရှိသော် ထိုအတူ သတိသည် အာရုံ၌ မေ့လွတ်သောအားဖြင့် ပေါ်ပေါ်မျောသည် မဟုတ်,မနစ်မငုပ် စုပ်စုပ်မဝင်သည် မဟုတ်-ဟူသော ယင်း(ဂ)အမှတ်ပြဝါကျစကားသည် အသင့်ယုတ္တိမရှိ၍ ဩစိတျ-ဟီနဒေါသ သင့်ရောက်ရာသောကြောင့် (ဃ)အမှတ်ပြဝါကျကို ကျမ်းဆရာရေးရကား (ဃ)အမှတ်ပြဝါကျဖြင့် ယင်းဩစိတျဟီနဒေါသကို ပယ်ပါသည်။

မှတ်ချက်။ ။ (ဃ)အမှတ်ပြဝါကျသည် ယုတ္တိဒဋ္ဌိကရဏဝါကျဖြစ်၍ ယင်းဝါကျဖြင့် ဝိရောဓိဒေါသ, (တစ်နည်း)ဩစိတျဟီနဒေါသကို ပယ်သည်။

ကျက်။ ။ ဝါကျဒဋ္ဌိ၊ ဝိရောဓိ၊ သတိမြဲမြဲယှဉ်။

ယုတ္တိအဋ္ဌိကရဏ၊ ယင်းဝါကျဩစိတျဟီနတင်။(ပေါ်ရာထားနိုယ်။)

---

၄။ ။ အစိတ်ဝိဂ္ဂဟ

ပိလာပေတီတိ ပိလာပနံ၊န ပိလာပနံ အပိလာပနံ။

အပေါင်းဝိဂ္ဂဟ။ ။ အပိလာပနဿ ဘာဝေါ အပိလာပနတာ။

ဘာဒစိန္တာဒီပနီနည်းအရ ဗျုပ္ပတ္တိစတုက္က

(၁) အပိလာပနဿ ဘာဝေါ-ဟူသော ဝိဂ္ဂဟသည် ဗျုပ္ပတ္တိ။

(၂) အပိလာပန-ပုဒ်,တာ-ပစ္စည်းသည်လည်းကောင်း,အာရုံကို မပေါ်မမျော မလွတ်စေတတ်သော သတိ၏အာရုံကို မပေါ်မမျော မလွတ်စေတတ်သည်၏ အဖြစ်-ဟူသော ဂုဏ်နှင့်ဂုဏေ ဂုဏ်, နိဿယ, နိဿိတ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

(၃) အပိလာပနတာ-ဟူသော နိပ္ဖန္နသည် ပဝတ္တိ။

(၄) အာရုံကို မပေါ်မမျောမလွတ်စေတတ်သည်၏အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

[ထောက်ဖွယ်။ ။ ဝေမေဝ ခေါ မဟာရာဇ သတိ ကုသလေ ဓမ္မေ အပိလာပေတိ။ ပ။ ဧဝံ ခေါ မဟာရာဇ အပိလာပနလက္ခဏာ သတိ။ (ဋ္ဌ၊ ၁၆၄)အပိလာပနလက္ခဏာ သတီတိ ဥဒကေ လာဗုဝိယ ယေန စိတ္တံ အာရမ္မဏေ ပိလဝိတွာ ဝိယ တိဋ္ဌတိ၊န ဩဂါဟတိ၊ တံ ပိလာပနံ။ န ပိလာပနံ အပိလာပနံ။ တံ လက္ခဏံ သဘာဝေါ ဧတိဿာတိ အပိလာပန လက္ခဏာ။ (အင်္ဂုတ္တရ၊ဋီ။ ၃၊၆၅။)တို့ကို ထောက်၍ အစိတ်ဝိဂ္ဂဟ ပြုသည်။ ပိလာပန-၌ ပလု-ဓာတ်။ (ဂတ္ထိသစ်၊၄၄၁။) ပ္လဝုဂတိယံ (ပေါ်လောပေါ်သွားခြင်း အနက်၌။) (နီတိ၊ဓာတု၊ ၂၀၉။)ဏာပေ-ပစ္စည်း။ ယု-ပစ္စည်း။]

---

http://www.dhammadownload.com



၅။ ။ လိင်္ဂါဒိဝိဘာဂ

လာဗု–ကား ဣတ္ထိလိင်,ရတ္တာဒိဂဏ,ဥ–ကာရန္တ။

မှတ်ချက်။ ။ တုမ္ဗာလာဗု စ လာဗုသာ။ (ဓာန်၊၅၉၆။)ကို ထောက်၍ ဣတ္ထိလိင် ဆိုသည်။ မဟာသုပိနဇာတ် (ဇာတက၊၄၊၁၊၃၅၅။ ၃၆၅–၆)၌ကား "လာဗူနိ သီဒန္တိ သိလာ ပလဝန္တိ"ဟု နပုလ္လိင် ဖြင့်ရှိသည်။ သာရတ္ထ။ (၂၊၃၀၄။)၌လည်း နပုလ္လိင်ဖြင့်ပင် ရှိသည်။

သမာသ်အမည်။ ။ လာဗုကဋာဟ–ပုဒ်၏သမာသ်အမည်ကား ဆဋ္ဌီတပ္ပုရိသ်သမာသ် ဖြစ်ပါသည်။

[ထောက်ဖွယ်။ ။ တုမ္ဗကဋာဟန္တိ လာဗုကဋာဟံ ဝုစ္စတိ။ (စူဠဝဂ္ဂါဒိ၊ ၄၊၄၈။) လာဗုကဋာဟန္တိ လမ္ဗတီတိ လာဗု၊လာဗုယာ ကဋာဟံ လာဗုကဋာဟံ။ (ပါစိတျာဒိ ယောဇနာ။ ၄၅၅။)

ကဋာဟ–သဒ္ဒါ အခွံဟော။ ။ ကပိတ္ထဖလာဒီနံ အန္တော မိဉ္ဇံ ကဋာဟံ မုစ္စိတွာ သဥ္ဇရတိ၊ဘိန္ဒာပေတွာ ကပ္ပိယံ ကာရေတဗ္ဗံ။ (ကင်္ခါ။ ၁၉၉။ ပါစိတျာဒိ၊ ၄၊၃၊၃၃။) ဘိန္ဒာပေတွာ ကပ္ပိယံ ကာရာပေတဗ္ဗန္တိ ဗီဇတော မုတ္တဿ ကဋာဟဿ ဘာဇနဂတိကတ္တာ ဝုတ္တံ။ (ကင်္ခါ၊ဋီ၊သစ်။ ၃၆၀။ သာရတ္ထ၊၃၊ ၂၂။) ကဋာဟောပိ ကာတုံ ဝဋ္ဋတီတိ ဝုတ္တတ္တာ ကဋာဟတော နိဟတာယ မိဉ္ဇာယ ဝါ ဗီဇေ ဝါ ယတ္ထကတ္ထစိ ဝိဇ္ဈိတုံ ဝဋ္ဋတိ ဧဝ။(ဝိမတိ၊ ၂၊၁၂။)တို့ကိုထောက်၍ ကဋာဟ–သဒ္ဒါ"အခွံဟော"ဟု သိအပ်၏၊အထဲ၌ အသားအဆံမရှိသောဘူးသီး၏အခွံ,ဘူးသီး၏အခွက်,ဘူးခွံ,ဘူးခွက်ကို တောင်းနှင့်တူသောကြောင့် "ဘူးတောင်း"ဟု ဆိုသည်။

စည်းမျဉ်းကျော်နေ။ ။ စည်းမျဉ်းဘောင်ကို ကျော်လွန်နေသောကြောင့် သမာသ်အမည်မေးသည့် ဤမေးခွန်း မမေးသင့်သည့်မေးခွန်း ဖြစ်သည်။]

---

၆။ ။ အန္ဒယ, ဗျတိရေကအားဖြင့် အာဘောဂနှင့်သံဝဏ္ဏနာ

(က)အမှတ်ပြဝါကျရှိ ဩဂါဟနစ္ဆေန–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သတိသည် အာရုံ၌ ပေါ်ပေါ်မျောတတ်,မသက်ဝင်တတ်သော အနက်သဘောကြောင့် အပိလာပနတာ မည်သည် မဟုတ်,အာရုံ၌ သက်ဝင်တတ်သော အနက်သဘောကြောင့် အပိလာပနတာ မည်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

အနုပဝိသနသင်္ခါတေန–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဩဂါဟနစ္ဆေန၌ "သက်ဝင်"ဟူသည် "အစဉ်မဟုတ်သောအားဖြင့် သက်ဝင်သည်မဟုတ်,အစဉ်အတိုင်း သက်ဝင်ခြင်းပင်တည်း"ဟု အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။ [ငဲ့၍ထည့်ပြ၊ဘာဝတ္ထ၊မှည့်ကြ၊ သံဝဏ္ဏနာ–ဟူသော လင်္ကာပဒေသအရ ဖြစ်သည်]

(တစ်နည်း)ဩဂါဟနစ္ဆေန–၌ ဩဂါဟ (သက်ဝင်)အရ (ဓာတ်–အရ)အစဉ်မဟုတ်သောအားဖြင့် သက်ဝင်ခြင်းကို မယူရ,အစဉ်အားဖြင့် သက်ဝင်ခြင်းကို ယူရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။[သင်္ခါတ, သဒ္ဒါ၊ရှိလေရာ၊သရုပ်သာ မှတ်လေ–ဟူသော လင်္ကာပဒေသအရ ဖြစ်သည်]

http://www.dhammadownload.com



မှတ်ချက်။ ။ ဤအာဘော်သည် "အနုပဝိသနသင်္ခါတေန၊ "အစဉ်အတိုင်း သက်ဝင်ခြင်း"ဟု ဆိုအပ်သော။ သြဂါဟနဋ္ဌေန။ သက်ဝင်တတ်သော အနက်သဘော ကြောင့်"ဟုပေးသော ဂဏ္ဍိသစ် (၄၆၉) အနက်သို့လိုက်၍ ပေါ်သည့် အာဘော်ဖြစ်သည်။

(တစ်နည်း)အနုပဝိသနသင်္ခါတေန-ဟူသော သံဝဏ္ဏနာပါဠိဖြင့် သြဂါဟ-နဋ္ဌေန-၌ အဝ-ပုဗ္ဗ-ဂါဟု (နီတိ),ဂါဟူ (သင်္ဂဟ)ဓာတ်၏ ဝိလောဠန (မွှေနှောက်ခြင်း) အနက်ဟော မဟုတ်,အနုပဝိသန (သက်ဝင်ခြင်း)အနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယဓာတွတ္ထသံဝဏ္ဏနာ။ အဝဥပသာရပုဒ်၏ ဓာတွတ္ထနုဝတ္တကဥပသာရပုဒ်,ဓာတွတ္ထဗာဓက ဥပသာရပုဒ် မဟုတ်,ဓာတွတ္ထ နုဝတ္တက ဥပသာရပုဒ်,ဓာတွတ္ထဗာဓက ဥပသာရပုဒ် မဟုတ်,ဓာတွတ္ထဝိသေသက ဥဂသာရပုဒ်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ။

မှတ်ချက်။ ။ ဤအာဘော်မှာ ထုံးတန်းစဉ်လာ မရှိ။ သွားရိုးသွားစဉ် မဟုတ်၊လဒ္ဓေါပဒေသနှင့် မလျော်၊အနုပဝိသနသင်္ခါတေန-ကို "အာရုံသို့ သက်ဝင်ခြင်းဟု ဆိုအပ်သော်"ဟု ပေးသော နိဿယအလိုသို့ လိုက်၍ ပေါ်ခြင်းဖြစ်သည်။

---

၇။ ။ ဟိ-သဒ္ဒါတို့၏ ဇောတေတဗ္ဗတ္ထ

(ဂ)အမှတ်ပြဝါကျနှင့်တကွသော (ခ)အမှတ်ပြဝါကျသည် (က)အမှတ်ပြဝါကျကို ဥပမာဖြင့်ထင်ရှားသည်ကို (ဝါ)ထင်ရှားအောင် ပြုသောကြောင့် ယင်း(ခ)အမှတ်ပြဝါကျရှိ ဟိ-သဒ္ဒါ၏ ဇောတေတဗ္ဗတ္ထသည် တပ္ပါကဋီကရဏ ဖြစ်ပါသည်။

(ဃ)အမှတ်ပြဝါကျသည် (ဂ)အမှတ်ပြဝါကျကို ယုတ္တိအားဖြင့် မြဲမြဲနိုင်ခန့်သည်ကို (ဝါ)မြဲမြဲနိုင်ခံ့အောင် ပြုသောကြောင့် (ဃ)အမှတ်ပြဝါကျရှိ ဟိ-သဒ္ဒါ၏ ဇောတေတဗ္ဗတ္ထသည် ယုတ္တိဒဠှီကရဏ ဖြစ်ပါသည်။

---

၈။ ။ ကြိယာ ၅-တန်

(၁) အပိလာပနတာ-၏အရ သတိသည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထ။

(၂) ထိရသညာသည် (ပဌမ)ဖလူပစာရအားဖြင့် ပြအပ်သော ဒီပကတ္ထ။

(၃) စိရကတစသောအာရုံ၏ မပျောက်ပျက်ခြင်းသည် (ပဌမ)ကာရဏူပစာရအားဖြင့် ပြအပ်သော ပကာသနတ္ထ။

(၄) ယောနိသောမနသိကာရသည် (ဒုတိယ)ဖလူပစာရအားဖြင့် ပြအပ်သော ဝိဘာဝတ္ထ။

(၅) သီလသမ္ပတ္တိစသော အဆက်အဆက်သော အကျိုးသည် (ဒုတိယ) ကာရဏူပစာရအားဖြင့် ပြအပ်သော အနုဘာဝတ္ထ။

[၁၃၂၉-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

http://www.dhammadownload.com



၉။ ။ သတိ၏ လက္ခဏာဒိစတုက္က
အပိလာပနလက္ခဏာ စ သတိ,ဥပဂ္ဂဏှနလက္ခဏာ စ။
အသမ္မောသနရသာ။
အာရက္ခပစ္စုပဋ္ဌာနာ,ဝိသယာဘိမုခိဘာဝပစ္စုပဋ္ဌာနာ ဝါ၊
ထိရသညာပဒဋ္ဌာနာ,ကာယာဒိသတိပဋ္ဌာနပဒဋ္ဌာနာ ဝါ။
(ဋ္ဌ၊၁၆၄-၅။)[၁၃၂၉-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၁၀။ ။ ပဋ္ဌာန်းပစ္စည်း

သရန္တိ တေနာတိ သတိ-၌ တေန-အရ ပစ္စည်းတရားကား သတိဖြစ်ပါသည်။ သရန္တိ-အရ ပစ္စုပ္ပန်တရားတို့ကား ပထမမဟာကုသိုလ်စိတ် (သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ်) ၁-ခု၊အညသမာန်းစေတသိက် ၁၃၊သတိကြဉ်သော သောဘဏစေတသိဏ် (အများဆုံး) ၂၃- ဖြစ်ပါသည်။

ယင်းပစ္စည်းတရားက ယင်းပစ္စုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိကား သဟဇာတ,အညမည,နိဿယ,ဣန္ဒြိယ,မဂ္ဂ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၈-ပစ္စယသတ္တိတို့ ဖြစ်ပါသည်။

မှတ်ချက်။ ။ ပထမမဟာကုသိုလ်စိတ်၏ အဖွင့်ဖြစ်သောကြောင့် အရာအားလျော်စွာ ဝိပါကပစ္စည်း မရနိုင်။

[(၁၃၂၉-ခုနှစ်ကလည်း မေးခဲ့ပြီ။)]

ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ မေးခွန်းအဖြေ
ပြီး၏။

---

ဤကျမ်းပြီးလစ် သက္ကရာဇ်

ရန်ကုန်မြို့၊ပါရမီရိပ်သာ၊မဥ္ဇူလမ်း၊အမှတ် ၂၀/ဆ အိမ်မှ ၁၃၅၀-ခုနှစ်၊ နယုန်လဆုတ် ၁၂-ရက် (၁၁-၆-၈၈)၊စနေနေ့တွင် ကမ္ဘာအေး၊၉-ရပ်ကွက်။ ညောင်ပင်လမ်း။ အမှတ်၊ ၂၅၃-အိမ်သို့ ပြောင်းရွှေ့နေထိုင်သည်။ ပြောင်းရွှေ့ပြီးနောက် ၇-ရက်မြောက်ဖြစ်သော ပထမဝါဆိုလဆန်း ၄-ရက် (၁၇-၆-၈၈)၊သောကြာနေ့တွင် ဤဒုတိယအုပ်ကို စတင်ရေးသားခဲ့သည်။ ကိုယ့်ထမင်း ကိုယ်ချက်စားရသဖြင့် စားရေးအခက်အခဲ ကိုယ့်အဝတ်ကိုယ်လျှော်ဝတ်ရသဖြင့် ဝတ်ရေးအခက်အခဲ, အိမ်ငှားနေရသဖြင့် နေရေးအခက်အခဲ,ကြာရှည်ထိုင်၍မှ စာမကြည့်နိုင်,မရေးနိုင်သဖြင့် ကျန်းမာရေးအခက်အခဲစသော အခက်အခဲပေါင်းစုံကို ဝါသနာ,ရဟန်းဘဝ ဆုံးရှုံးရစေကာမူ မိမိ ဆင်းဆင်းရဲရဲဖြင့် သင်ယူတတ်ထားသည့်စာပေတော့ မဆုံးရှုံးစေရဘူး-ဟူသော ခံယူချက်,စည်းစနစ်ရှိပြီး ရှင်းလင်းသေချာပြတ်သားတိကျ နည်းပြကောင်းမှု

http://www.dhammadownload.com



တို့ကြောင့် ပထမအုပ်ကို စာချစာသင် အရှင်တို့ အလေးထားကာ ကြည့်ရှုလေ့လာ မှတ်သားကြပါသဖြင့် သာသနာအကျိုးများသည့်အတွက် ဝမ်းမြောက်နှစ်သက်ရသော ပီတိ,သဒ္ဓါ,ဝီရိယစသော မိုလ်တို့ဖြင့် တွန်းလှန်၍ နေ့မအား,ညမလပ် အသက်စွန့်ကာ မငဲ့ညာဘဲ ကြိုးပမ်းရေးသားခဲ့ရာ ၁၃၅၁-ခုနှစ်၊ဝါဆိုလပြည့် (၁၇-၇-၈၉)၊ မွေစကြာနေ့တွင် အဆုံးတိုင်ရောက် ကောင်းမွန်စွာပြီးမြောက်ပါသတည်း။

ပထမအုပ်ကို ရဟန်းဘဝက ရေးသားခဲ့သော်လည်း လူ့ဘောင်ရောက်မှ အပြီးသတ် အချောရေးသားခဲ့သည်။ ၁၃၃၈-ခုနှစ်၊နယုန်လဆုတ် ၁၀-ရက် (၂၀-၆-၆၈)၊ကြာသပတေးနေ့တွင် ရဟန်းဘဝမှ ရွေ့လျောခဲ့သည်။ ရဟန်းဘဝက ရေးသားခဲ့သည့်စာမူကို ၁၃၃၅-ခုနှစ်၊တန်ခူးလဆန်း ၃-ရက်နေ့မှစတင်၍ အချောရေးသားခဲ့သည်။ ၁၃၃၆-ခုနှစ်၊ကဆုန်လပြည့် (၅-၅-၇၄)၊ ဗုဒ္ဓဟူးနေ့တွင် အဆုံးတိုင်ရောက် ကောင်းမွန်စွာပြီးမြောက်သည်။

## စာရှုအရှင်တို့အတွက် တောင့်တချက်

ဓမ္မာစရိယလောင်းလျာတို့သည် ဤကျမ်း၏ အထောက်အကူဖြင့် ဓမ္မာစရိယ အောင်ပန်းကို လွယ်လင့်တကူ အမြန်ဆွတ်ယူ ပန်ဆင်နိုင်ကြပါစေသတည်း။ အဂ္ဂမဟာ အကျော်ပန်း,ဝဋံသကာပန်းများကိုပင် ဆွတ်လှမ်းနိုင် ကြပါစေသတည်း။ ဓမ္မာစရိယ လောင်းလျာတို့ကို သွန်သင်ပြသ ပို့ချလျက်ရှိကြသော စာချအရှင်တို့လည်း ဤကျမ်း၏ အထောက်အကူဖြင့် စနစ်တကျ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား သွက်သွက်လက်လက် ပိုင်ပိုင်နိုင်နိုင် သင်ပြပို့ချနိုင်ကြပါစေသတည်း။

## သာသနာတော်နှင့် ဤကျမ်းအတွက် တောင့်တချက်

ဤကျမ်း၏ အထောက်အကူပေးမှုကြောင့် ပရိယတ္တိသာသနာတော်မြတ်ကြီး တိုးတက်ကာ အစွန့်ရှည့်စွာ တည်ပါစေသတည်း။ ဤနည်းပြ ဓမ္မာစရိယကျမ်းလည်း ပရိယတ္တိသာသနာတော်မြတ်ကြီး တည်ရှိနေသရွေ့ ကာလပတ်လုံး တိမ်မြုပ်ပျောက် ကွယ်ခြင်းမရှိဘဲ ပရိယတ္တိသာသနာတော်မြတ်ကြီး အလယ်တွင် မားမားမတ်မတ် ရပ်တည်လျက် ပရိယတ္တိသာသနာတော်မြတ်ကြီးအကျိုးထိရောက်စွာ ပြုစွမ်းနိုင် ပါစေသတည်း။

## နည်းပြဓမ္မာစရိယကျမ်း ဒုတိယအုပ်
## အလုံးစုံပြီးပြီ

http://www.dhammadownload.com